http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇာဂရာဘိဝံသ

# လယ်တီဒီပဿနာ

အမှတ် (၁)

သာသနာ- ၂၅၄၈   ကောဇာ- ၁၃၆၆   ခရစ်- ၂၀၀၄

ဘဒ္ဒန္တဇာဂရာဘိဝံသ
လယ်တီဒီပဿနာ
အမှတ် (၁)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ


# ဘဒ္ဒန္တဇာဂရာဘိဝံသ

# လယ်တီဒီပသယနာ

အမှတ် (၃)

" ပရိယတ်သည် သာသနာ့ရေသောက်မြစ်
ပဋိပတ်သည် သာသနာတော်၏အနှစ် "
အမြစ်ရေလောင်း အနှစ်သုံးစွဲပါ။

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့
နာဂလှိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်

ဒွိပိဋကဓရ - ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူအပ်သော

# လယ်တီဝိပဿနာ
## အမှတ် (၃)

မိခင်စာအုပ်အမှတ် (၅၂)

| သာသနာသက္ကရာဇ် | ကောဇာသက္ကရာဇ် | ခရစ်သက္ကရာဇ် |
|---|---|---|
| ၂၅၄၆ | ၁၃၆၄ ခုနှစ် | ၂၀၀၃ ခုနှစ် |

http://www.dhammadownload.com

မိခင်သည်လောကကို သိမြင်စေသည်


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၈၉၃ / ၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၄၁ / ၂၀၀၃ (၁၂)
ပထမအကြိမ် - ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ဓမ္မဒါန
စီစဉ်သူ - မိခင်ဧရာဝတီစာအုပ်တိုက်မိသားစု
ကွန်ပျူတာစာစီ - လယ်တီရောင်ခြည်ကွန်ပျူတာ(မဟာလယ်တီ)
မျက်နှာဖုံးအပြင်အဆင် - ကိုဝင်းမွေး (Graphic Design)
အတွင်းအပြင်အဆင် - မိခင်ဧရာဝတီ
အတွင်းဖလင် - ကိုအောင်ခင်ဦး
စာအုပ်ချုပ် - ကိုမောင်မောင်အုန်း
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ရွှေခြည်သွေးပုံနှိပ်တိုက် (မြ - ၀၅၄၁၇)
ထုတ်ဝေသူ - ဒေါ်ချယ်ရီသိန်း (မိခင်ဧရာဝတီစာအုပ်တိုက်)
ယာယီထုတ်ဝေခွင့်အမှတ် (၆၇၇)

တစ်ပြည်လုံး ဖြန့်ချိရေး - မိခင်ဧရာဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊
အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၁၄၃၁

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | (၂၃) ကြိမ်မြောက် လယ်တီဝိပဿနာ | --- | ၁ |
| ၂။ | ၂၀ ရာစုရဲ့နောက်ဆုံးတရားစခန်း | --- | ၁ |
| ၃။ | နောက်ဆုံးမိုး | --- | ၂ |
| ၄။ | ဈေးပေါင်ကျိုး | --- | ၃ |
| ၅။ | ရွှေပန်းတိမ်လို | --- | ၅ |
| ၆။ | ဘုရားလက်သုံးတော် ကမ္မဋ္ဌာန်း | --- | ၇ |
| ၇။ | အာသဝက္ခယဉာဏ် | --- | ၈ |
| ၈။ | ဗောဓိုင်(၇) ပါးသာ | --- | ၉ |
| ၉။ | ဗောဓိုင် | --- | ၁၀ |
| ၁၀။ | သတိသမ္ဗောဇ္ဈင် | --- | ၁၁ |
| ၁၁။ | သတိပညာ နှစ်မျိုးလုံး | --- | ၁၂ |
| ၁၂။ | အမတ်နှစ်ယောက် | --- | ၁၃ |
| ၁၃။ | စကြာမင်းကြီးပေါ်ပေါက်လာမှ | --- | ၁၄ |
| ၁၄။ | ဗောဇ္ဈင်(၇)ပါးတို့ရဲ့ ဂုဏ်အင် | --- | ၁၄ |
| ၁၅။ | ဓမ္မာနုပဿနာ | --- | ၁၅ |
| ၁၆။ | အကြောင်း (၂) မျိုး | --- | ၁၆ |
| ၁၇။ | အကြောင်း (၄) မျိုး | --- | ၁၆ |
| ၁၈။ | သတိသမ္ဗောဇ္ဈင်ကို ဦးစွာဟောရကြောင်း | --- | ၁၉ |
| ၁၉။ | ဗောဇ္ဈင် (၁၄) ပါးပွားပုံ | --- | ၁၉ |
| ၂၀။ | ဘာဝနာပွားများပုံ | --- | ၂၀ |
| ၂၁။ | ဝိဝေက = ကင်းဆိတ်ခြင်း (၅) မျိုး | --- | ၂၀ |
| ၂၂။ | ဝိဝေက (၃) မျိုး | --- | ၂၁ |
| ၂၃။ | စွန့်လွှတ်ခြင်း (၂) မျိုး | --- | ၂၁ |
| ၂၄။ | ဓမ္မဝိစယ သမ္ဗောဇ္ဈင် | --- | ၂၂ |
| ၂၅။ | ဓမ္မဝိစယ သမ္ဗောဇ္ဈင် (၂) မျိုး | --- | ၂၂ |

http://www.dhammadownload.com

၂၆။ ဓမ္မဝိစယ အရကောက် --- ၂၂
၂၇။ ဓမ္မာနုပဿနာရှုနည်း --- ၂၃
၂၈။ အကြောင်း ၂ မျိုး --- ၂၃
၂၉။ အသိဉာဏ်ပညာရကြောင်း အကြောင်း(၈)မျိုး --- ၂၄
၃၀။ တရားတစ်ပါး အရင်းတည် --- ၂၇
၃၁။ အရိယာတို့ရဲ့နေခြင်း --- ၂၈
၃၂။ အားလုံးပုဂ္ဂိုလ်တွေ အသုံးချ --- ၂၈
၃၃။ ရည်ရွယ်ချက် (၂) မျိုး --- ၂၉
၃၄။ ဝီရိယသမ္ဗောဇ္ဈင် --- ၂၉
၃၅။ ဓမ္မာနုပဿနာရှုနည်း --- ၃၀
၃၆။ အကြောင်း (၃) မျိုး --- ၃၁
၃၇။ အကြောင်း (၁၁) မျိုး --- ၃၂
၃၈။ အယျမိတ္တထေရ်၏ဆွမ်းကျေးဖူးဆပ်ပုံ --- ၃၄
၃၉။ ပီတိသမ္ဗောဇ္ဈင် --- ၄၀
၄၀။ အာမိသ (၃) မျိုး --- ၄၀
၄၁။ ဓမ္မာနုပဿနာ --- ၄၂
၄၂။ ပီတိသမ္ဗောဇ္ဈင်ရဲ့ အကြောင်းတရား --- ၄၂
၄၃။ ၁၁ မျိုး --- ၄၃
၄၄။ ပီတိ --- ၄၅
၄၅။ စာဂါနုဿတိ --- ၄၆
၄၆။ ဒေဝတာနုဿတိ --- ၄၇
၄၇။ ဗောဇ္ဈင်ကိုဖြစ်စေတတ်သောပီတိ --- ၅၁
၄၈။ ပဿဒ္ဓိ သမ္ဗောဇ္ဈင် --- ၅၂
၄၉။ မဟာကပ္ပိနထေရ် --- ၅၂
၅၀။ ပဿဒ္ဓိ သမ္ဗောဇ္ဈင် --- ၅၅
၅၁။ ဓမ္မာနုပဿနာ ရှုပွားနည်း --- ၅၆

http://www.dhammadownload.com


၅၂။ အကြောင်း (၂) ပါး --- ၅၇

၅၃။ အကြောင်း (၇) မျိုး --- ၅၇

၅၄။ အသုံးချပုံ အမျိုးမျိုး --- ၆၀

၅၅။ ဝဋ်နှင့်ကြမ္မာ မလွတ်သာ
ကြမ္မာနှင့်ဝဋ် ပြေးမလွတ် --- ၆၃

၅၆။ တရားပြောင်းပေး --- ၆၅

၅၇။ သမာဓိ (၂) မျိုး (၄) မျိုး --- ၆၆

၅၈။ ဓမ္မာနုပဿနာရှုနည်း --- ၆၇

၅၉။ အကြောင်း (၂) မျိုး --- ၆၇

၆၀။ ဥပေက္ခာ သမ္ဗောဇ္ဈင် --- ၇၂

၆၁။ ဓမ္မာနုပဿနာ --- ၇၃

၆၂။ အကြောင်း (၂) မျိုး --- ၇၅

၆၃။ တစ်နည်း (၅) မျိုး --- ၇၅

၆၄။ ရည်ရွယ်ချက် --- ၇၇

၆၅။ အမြွတ်ဆုံး ပူဇော်မှု --- ၇၉

၆၆။ (၂၁) ရာစု ပူဇော်ပွဲ --- ၈၄

၆၇။ ၂၄ ကြိမ်မြောက် လယ်တီဝိပဿနာ --- ၈၈

၆၈။ ၂၁ ရာစု --- ၈၈

၆၉။ ၂၄ ပစ္စည်း ဘုရားရှိခိုး --- ၈၉

၇၀။ ဆုတောင်းဂါထာ --- ၉၆

၇၁။ တံတိုင်းကြီး (၂၄) ထပ် --- ၉၆

၇၂။ နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင် --- ၉၇

၇၃။ ဖွင့်တယ်ဆိုရင် ပွင့်မှ --- ၉၈

၇၄။ သုဓမ္မာနတ်သဘင် --- ၁၀၁

၇၅။ မဟာဂေါဝိန္ဒပုရောဟိတ် --- ၁၀၂

၇၆။ ဂုဏ်ရဘို့ထက် ထိန်းဘို့ခက် --- ၁၀၃

၇၇။ ဗြဟ္မာပြည်ရောက်ရန် နည်းလမ်းပေး --- ၁၀၅

၇၈။ ဗြဟ္မာ့ပြည်ရောက်ရန်ဖြေ --- ၁၀၆

http://www.dhammadownload.com


၇၉။ ညှိပုတ်တဲ့ တရားဆိုးတွေ --- ၁၀၇

၈၀။ ပန်ကြားခန်း --- ၁၁၃

၈၁။ လမ်းဖြောင့် --- ၁၁၅

၈၂။ မေးပြီ --- ၁၁၉

၈၃။ နိဗ္ဗာန်ရဲ့ အခြေခံဝိပဿနာဉာဏ်ပင်
ဖြစ်ခွင့်မရကြ --- ၁၂၀

၈၄။ ပညတ်ကို ကျော်လွန် --- ၁၂၄

၈၅။ အချီးနှီး မဖြစ် --- ၁၂၅

၈၆။ သာသနာတွင်း အကျင့်မြတ် --- ၁၂၅

၈၇။ ထူးခြားတဲ့ အကျိုးရနိုင် --- ၁၂၆

၈၈။ မဂ္ဂ + အစဉ် --- ၁၂၇

၈၉။ သမ္မာသင်္ကပ္ပ --- ၁၂၈

၉၀။ သမ္မာဝါစာ --- ၁၂၉

၉၁။ သမ္မာဝါယာမ --- ၁၃၁

၉၂။ သာသနာတွင်း သာသနာပ --- ၁၃၃

၉၃။ အဘိဉာဏ်ငါးပါး --- ၁၃၄

၉၄။ အခြေခံသမ္မာဒိဋ္ဌိ --- ၁၃၆

၉၅။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိ --- ၁၃၇

၉၆။ သမ္မာဒိဋ္ဌိ --- ၁၃၈

၉၇။ ဓမ္မာနုပဿနာ --- ၁၃၈

၉၈။ ၂၅ ကြိမ်မြောက် လယ်တီဝိပဿနာ --- ၁၄၄

၉၉။ စိတ် --- ၁၄၄

၁၀၀။ စေတသိတ် --- ၁၄၅

၁၀၁။ မိထွေးတော် ဂေါတမီ --- ၁၅၀

၁၀၂။ အခက်လေးမျိုး --- ၁၆၀

၁၀၃။ သူကန်းသွားသလို --- ၁၆၁

၁၀၄။ မူငါးချက် --- ၁၆၅

၁၀၅။ အဝိဇ္ဇာ --- ၁၇၀

http://www.dhammadownload.com


| | | | |
|---|---|---|---|
| ၁၀၆။ | ပန်းချီကျော်ဆရာကြီး | --- | ၁၈၀ |
| ၁၀၇။ | သင်္ဂဇာဆရာတော် | --- | ၁၈၃ |
| ၁၀၈။ | အရှယ် (၁၀) ပါး | --- | ၁၈၄ |
| ၁၀၉။ | လေးမျိုးမသိလို့လည်တာ | --- | ၁၈၆ |
| ၁၁၀။ | ပုဂ္ဂိုလ်(၃)မျိုးနှင့် ဝိပဿနာဉာဏ် | --- | ၁၉၁ |
| ၁၁၁။ | နိဗ္ဗိန္ဒဉာဏ်(၃) | --- | ၁၉၃ |
| ၁၁၂။ | မထေရ်ကြီး (၂) ပါး တရားဆွေးနွေး | --- | ၂၀၀ |
| ၁၁၃။ | နည်းမျိုးစုံ | --- | ၂၀၄ |
| ၁၁၄။ | သတ္တမနေ့ဟောစဉ် | --- | ၂၁၂ |
| ၁၁၅။ | ဓာတ်ကမ္မဋ္ဌာန်း | --- | ၂၁၄ |
| ၁၁၆။ | ဓာတ်ကြီးလေးပါးကို တစ်နည်းတစ်ဖုံ ရှုနည်း | --- | ၂၁၆ |
| ၁၁၇။ | သစ္စာနဲ့ ရှုနည်း | --- | ၂၁၇ |
| ၁၁၈။ | စခန်းသိမ်းအောင်ပွဲ | --- | ၂၁၉ |
| ၁၁၉။ | (၂၆) ကြိမ်မြောက် လယ်တီဝိပဿနာ | --- | ၂၂၂ |
| ၁၂၀။ | တပို့တွဲလပြည့် | --- | ၂၂၂ |
| ၁၂၁။ | နေရာယူမှန်ဘို့ | --- | ၂၄၄ |
| ၁၂၂။ | အဝိမာန ရနိုးစိတ် | --- | ၂၅၅ |
| ၁၂၃။ | အနာနှင့်ဆေး သင့်အောင်ပေး | --- | ၂၅၆ |
| ၁၂၄။ | ပိဋကတ်တော်ကပြ | --- | ၂၅၈ |
| ၁၂၅။ | သမားတော်ကြီးဟူသော နာမည်တော်သည် | --- | ၂၅၉ |
| ၁၂၆။ | အနှစ်သာရ | --- | ၂၆၂ |
| ၁၂၇။ | (၂၈) ကြိမ်မြောက် လယ်တီဝိပဿနာ | --- | ၂၆၆ |
| ၁၂၈။ | မဟာဝေသောရဇ္ဇဉာဏ်တော် | --- | ၂၇၅ |
| ၁၂၉။ | (၂၉) ကြိမ်မြောက် လယ်တီဝိပဿနာ | --- | ၂၈၀ |
| ၁၃၀။ | ရပ်ပြစ်ရှစ်ပါး | --- | ၂၈၀ |
| ၁၃၁။ | တရားအားထုတ်လို့ အကောင်းဆုံးအချိန် | --- | ၂၈၃ |
| ၁၃၂။ | တောနက်ကြီးပမာ | --- | ၂၈၈ |
| ၁၃၃။ | တန်ခိုးပြ ရဟန်းတော်တစ်ပါး ခန့်ထားရန် | --- | ၂၉၀ |

http://www.dhammadownload.com


၁၃၄။ တန်ခိုးပြာဋိဟာ သုံးမျိုး --- ၂၉၂

၁၃၅။ အဂ္ဂသာဝကကြီး (၂) ပါး --- ၂၉၄

၁၃၆။ ဂန္ဓာရီဝိဇ္ဇာ --- ၂၉၈

၁၃၇။ အရှင်ပိလိန္ဒဝစ္ဆထေရ် --- ၃၀၀

၁၃၈။ ရေမြေလေမီး ချုပ်ရာရှာ --- ၃၀၂

၁၃၉။ မဟာဗြဟ္မာကြီးဆီ --- ၃၀၆

၁၄၀။ ဘုရားထံပြန်ရောက် --- ၃၀၇

၁၄၁။ မြွေကြီးလေးကောင် --- ၃၁၂

၁၄၂။ ကမ်းခြေကြည့်ငှက်ပမာ --- ၃၁၄

၁၄၃။ မေးခွန်းမှန် --- ၃၁၆

၁၄၄။ အဖြေမှန်ထွက်ပြီ --- ၃၁၇

၁၄၅။ နိဗ္ဗာန်ရဲ့ဂုဏ် --- ၃၂၀

၁၄၆။ အရှင်ဂိရိမာနန္ဒ --- ၃၂၅

၁၄၇။ ဓမ္မစွမ်းအား --- ၃၂၇

၁၄၈။ ရန်သူကြီးသုံးယောက် --- ၃၃၅

၁၄၉။ မီးပုံကြီးများလို --- ၃၃၇

၁၅၀။ အံတုရင်ဆိုင်နိုင်ရန် --- ၃၃၇

၁၅၁။ သက္ကာယဒိဋ္ဌိ ဖြိုခွင်းနည်း --- ၃၃၉

၁၅၂။ သူ့တာဝန် ကိုယ့်တာဝန် --- ၃၄၁

၁၅၃။ သုံးမျိုးပယ်နိုင်မှ --- ၃၄၂

၁၅၄။ အဲဒီသုံးမျိုးကလဲ --- ၃၄၃

၁၅၅။ အရင်းခံအကျဆုံး အကြောင်းသုံးရပ် --- ၃၄၃

၁၅၆။ ပြဿနာ ဖြေရှင်းနည်း --- ၃၄၅

၁၅၇။ သစ္စာပဋ္ဌနာ --- ၃၄၇

၁၅၈။ အကြောင်းတစ်မျိုး --- ၃၅၁

၁၅၉။ (၃၂) ကြိမ်မြောက် လယ်တီဝိပဿနာ --- ၃၅၄

၁၆၀။ ပထမနေ့ဟောစဉ်၊ အကြောင်းပြ (၆)မျိုး --- ၃၆၆

၁၆၁။ အပ္ပမာဒဥပမာ --- ၃၆၇

http://www.dhammadownload.com

၁၆၂။ ဝမ်းမြောက်ဝမ်းသာ --- ၃၆၉
၁၆၃။ အိုးနှစ်လုံး --- ၃၇၀
၁၆၄။ မငြိမ်ရင်မငြိမ်းပါဘူး --- ၃၇၂
၁၆၅။ ဒုတိယနေ့ဟောစဉ်၊ တာကြီး (၆) မျိုး --- ၃၇၆
၁၆၆။ ပင်မရုပ် ၁-၂-၄ --- ၃၇၈
၁၆၇။ စတုတ္ထနေ့ဟောစဉ်၊ အံ့ဖွယ်နန္ဒမာတာ --- ၃၈၇
၁၆၈။ ပဥ္စမနေ့ဟောစဉ်၊ ရေမြှုပ်ပမာ --- ၃၉၅
၁၆၉။ တရားသိသူ (၂) မျိုး --- ၄၀၀
၁၇၀။ ခြသေ့်မင်းကြီးလို --- ၄၀၁
၁၇၁။ ပညာရှိ --- ၄၀၂
၁၇၂။ ဆဋ္ဌမနေ့ဟောစဉ်၊ အကၡရာလုံးရေ --- ၄၀၅
၁၇၃။ ငါဘုရားနဲ့ငြင်းခုံနေကြ --- ၄၀၅
၁၇၄။ နွားချေးတုံး --- ၄၀၇
၁၇၅။ အစစ် --- ၄၁၀
၁၇၆။ သတ္တမနေ့ဟောစဉ်၊ ဉပမာအမျိုးမျိုး --- ၄၁၂
၁၇၇။ အောင်ပွဲအခမ်းအနား --- ၄၁၉
၁၇၈။ (၃၃) ကြိမ်မြောက် လယ်တီဝိပဿနာ --- ၄၂၃
၁၇၉။ အရှက်အကြောက်မဲ့ရင် --- ၄၂၃
၁၈၀။ လိပ်နှင့် မြေခွေး --- ၄၂၅
၁၈၁။ ဆွဲရာပါ --- ၄၂၇
၁၈၂။ ခိုင်မြဲတဲ့တိုင် --- ၄၂၉
၁၈၃။ ပထမနေ့ဟောစဉ်၊ ဉာဏ်အမြင်စင်ကြယ်မှု
လေ့လာဆန်းစစ် --- ၄၃၁
၁၈၄။ ရုပ်တစ်စိပ်၊ နာမ်တစ်စိပ် --- ၄၃၂
၁၈၅။ သစ္စာ (၅) ပါး --- ၄၃၃
၁၈၆။ ပေါက်ပွင့် --- ၄၃၅
၁၈၇။ အားလုံးအဖြေမှန်ချည်း --- ၄၃၆
၁၈၈။ သတ္တမနေ့ဟောစဉ် --- ၄၃၉

http://www.dhammadownload.com


၁၈၉။ ဘုရားထံရောက် --- ၄၄၀

၁၉၀။ ပေါက်ပင်ဥပမာကိုဆောင်တော်မူသည်မှာ --- ၄၄၁

၁၉၁။ တရားနာပါရစေတော့ --- ၄၄၄

၁၉၂။ သင်္ကြန်တရားတော် --- ၄၄၈

၁၉၃။ အမြင်နှစ်ဝယှဉ်မရ --- ၄၆၄

၁၉၄။ မြန်မာ့နှစ်ဆန်း(၁)ရက်နေ့၊ သင်္ကြန်တရားတော် --- ၄၈၁

၁၉၅။ စစ်တွင်းဒုက္ခ ညည်းချင်းလင်္ကာကြီး --- ၄၉၃

၁၉၆။ တရားနဲ့နေနည်း --- ၄၉၉

၁၉၇။ သမုတိသစ္စာ လောကစကားများကို
ဟောကြားတော်မူရခြင်းရဲ့ ရည်ရွယ်ချက်(၈)မျိုး --- ၅၀၁

၁၉၈။ ၁၃၆၄ - ခု၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊
၁၅-၄-၂၀၀၃ (အင်္ဂါနေ့)၊ နံနက်(၈)နာရီအချိန်၊
နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၊ ကလေးဝတောရ၊
သင်္ကြန်အခါ စတုတ္ထအကြိမ် အထူးကျင်းပသောလယ်တီ
ဝိပဿနာ ဘာဝနာကူးပြောင်းသည့် အခမ်းအနား --- ၅၀၅

၁၉၉။ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်းဖွင့်ပွဲ --- ၅၃၈

၂၀၀။ မုံရွာမြို့ မဟာလယ်တီတိုက် အဂ္ဂမဟာပဏ္ဍိတ၊
နဝမ လယ်တီ ဆရာတော်ကြီး၏ ဩဝါဒကထာ --- ၅၃၉

၂၀၁။ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ပဓါန နာယကဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလမဟာထေရ်၏
ဩဝါဒကထာ --- ၅၄၄

၂၀၂။ ကောင်းစွာနေသည်မည် --- ၅၆၁

၂၀၃။ ဓမ္မဝိဟာရီ တရားဖြင့်နေလေ့ရှိသူ --- ၅၇၂

၂၀၄။ ရှုစားခြင်း --- ၅၇၈

၂၀၅။ အချိန်ကောင်း --- ၅၈၀

၂၀၆။ ဗုဒ္ဓတရားတော်က ချမ်းသာစစ်၊
ချမ်းသာမှန်ကိုပေးနိုင်၊ --- ၅၉၂

၂၀၇။ ဝိပဿနာကူးပြီး ညတရား --- ၅၉၄

http://www.dhammadownload.com


| | | | |
|---|---|---|---|
| ၂၀၈။ | တောကလာတာတောပို့ | --- | ၅၉၅ |
| ၂၀၉။ | ပရိသတ် | --- | ၅၉၈ |
| ၂၁၀။ | အမြတ်ဆုံးပရိသတ် | --- | ၆၀၁ |
| ၂၁၁။ | ဘုရားဖူး ဝိပဿနာ | --- | ၆၀၄ |
| ၂၁၂။ | ရောင်ခြည်တော်စက်ဝိုင်း | --- | ၆၀၅ |
| ၂၁၃။ | ဂေါသင်္ဂအင်ကြင်းတောက တရားဆွေးနွေးပွဲ | --- | ၆၀၉ |
| ၂၁၄။ | ပေတဂ္ဂိဓမ္မကထိက | --- | ၆၁၅ |
| ၂၁၅။ | အရှင်မဟာကဿပ | --- | ၆၁၇ |
| ၂၁၆။ | ဘုရားရှင်၏ဆုံးဖြတ်ချက် | --- | ၆၂၀ |
| ၂၁၇။ | မုချစကား | --- | ၆၂၁ |
| ၂၁၈။ | မုံရွာမြို့၊ လယ်တီကမ္မဋ္ဌာနာစရိယ၊ ဦးပညာဝံသဟောကြားသောတရားတော် | --- | ၆၂၄ |
| ၂၁၉။ | လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်းအောင်ပွဲ | --- | ၆၂၇ |
| ၂၂၀။ | မုံရွာမြို့၊ အရှေ့လယ်တီတိုက်၊ ပဓါနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလမဟာထေရ်၏ ဩဝါဒကထာ | --- | ၆၂၉ |
| ၂၂၁။ | ပထမ (၁) နံပါတ် | --- | ၆၃၃ |
| ၂၂၂။ | ရန်ကုန်မြို့၊ ကလေးဝတောရစာသင်တိုက်၊ပဓါနနာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတလယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ် အရှင်မြတ်၏ ဩဝါဒတရား | --- | ၆၄၁ |
| ၂၂၃။ | လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး၏ ဝမ်းမြောက်စကား | --- | ၆၄၈ |
| ၂၂၄။ | တရားအားထုတ်၍ ချမ်းသာထူး၊ ချမ်းသာမြတ် ရှာဖွေပုံ တရားတော် | --- | ၆၅၁ |
| ၂၂၅။ | စိတ်ရဲ့ကရွတ်ခွေ | --- | ၆၅၂ |
| ၂၂၆။ | လေ့ကျင့်ပျိုးထောင်အားထုတ်နည်း | --- | ၆၅၅ |
| ၂၂၇။ | ချမ်းသာထူး ချမ်းသာမြတ် | --- | ၆၅၆ |


***

http://www.dhammadownload.com

ပရိယတ်သည် သာသနာ့ရေသောက်မြစ်

ပဋိပတ်သည် သာသနာတော်၏အနှစ်

အမြစ်ရေလောင်း

အနှစ်သုံးစွဲပါ။

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာစခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီးနောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲကျင့်သုံးတော်မူခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ်ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ်ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော်အသစ် တီထွင်သော ဝိပဿနာဟူ၍ကား အမိပ္ပါယ် မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးများမှလည်းကောင်း၊ အလားတူပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာမှန်ကန်သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့်ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင်ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါလိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်းနည်းဟောင်း

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင် ထပ်၍ဆိုပါဦးမည်။ **"လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။"**

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာ ကိစ္စသို့ ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည်-

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်းကို ကြားရုံမျှဖြင့် လောကကြီးကို ဖြဟ္မာဖန်ဆင်းသည်။ သို့မဟုတ် အကြောင်းမဲ့အလိုလိုဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော့။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကို ရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလော့။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်း တစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမဝိပဿနာကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်

http://www.dhammadownload.com



စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တစ်ထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသော အချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်- ဝီရိယ- ဣန္ဒြေ- ဗိုလ်- ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဂရီမီတာ အရှိန်မကျ ခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ- ဣန္ဒြေ-ဗိုလ်- ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်းရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- **"ဤမြန်မာပြည်သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ နိဗ္ဗာန်သွားသော နည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ**

http://www.dhammadownload.com



**တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏။**”ဟူ၍ အာသဘီဝါစာထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋ္ဌိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက်ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးဂိုအင်ဂါ၏ လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္မဋ္ဌာန်ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျက် ထိုဆရာကြီးကို အမှီပြု၍ ကမ္မဋ္ဌာနသူ ကမ္မဋ္ဌာနသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်း ပြု၍ လယ်တီဝိပဿနာ ပဋ္ဌိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့ ကလေးဝတောရ စာသင်တိုက် ပဓာနနာယကဆရာတော်၊ ရန်ကုန်မြို့ ပြည်လမ်း အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရိဟိတ သာသနာပြုဆရာတော် ဖြစ်ပေသော ဒွိပိဋကဓရ ပုဗ္ဗဘာဂ အာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်္ဂတမြောက် ရောက်ရှိ ရရှိတော်မူလေသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသသည် ဒွိပိဋကဓရ အရည် အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန် ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေး ကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် **"သူမတူ"**တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် (၇)ရက် တရား စခန်းများ (၆၆)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင် တို့အား နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာ ဖြင့် ဘန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ **"သူမတူ"** တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ် ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေး ပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၃၇/က) လယ်တီမူကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပ ရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်ဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇) ရက် တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီးဖြစ်သည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ယခုတစ်ဖန် (၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျှော့လာတတ်၏။ ဝိပဿနာပညာ အရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ် ဝီရိယဓာတ်ပညာ အရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရား အားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြှင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓါန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကို လည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိယတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်း ဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာ ဉာဏ်စဉ်အဆင့်ဆင့် မြှင့်တက်လာ ရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်-

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရသည်။

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကိုဖေါ်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွား အောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး နှစ်မျိုးယှဉ်တွဲပြ၍ အကုသိုလ်နှင့် အကုသိုလ် အပြစ်မှလွတ်ရန် ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်မြင့် တက်အောင် လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာသည် မြင်းတို့ကို ဆုံးမ သင်ကြားသော မြင်းမှူးဆရာကြီးကေသီကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်-

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓါတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန် အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာတွေ့ရှိရပါသည်။

**နောက်ဆုံးမိုး**

**ဈေးပေါင်ကျိုး**

**ရွှေပန်းတိမ်လို**

**ဘုရားလက်သုံးတော်ကမ္မဋ္ဌာန်း**

**အာသဝက္ခယဉာဏ်**

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဗောဇ္ဈင် (၇) ပါး အကျယ်တဝင့် ဟောကြားချက်များ

စိတ်

မိထွေးတော်ဂေါတမီမှု (၅) ချက်

အခက်လေးမျိုး

သူကန်းသွားသလို

အဝိဇ္ဇာ

ပန်းချီကျော်ဆရာကြီး

အရှယ် ၁၀ ပါး

လေးမျိုးမသိလို့လည်တာ

ပုဂ္ဂိုလ်သုံးမျိုးနဲ့ ဝိပဿနာဉာဏ်

မထေရ်ကြီး ၂ပါး တရားဆွေးနွေး

ခေတ်ကမ္ဘဋ္ဌာန်း

တံတိုင်းကြီး ၂၄ ထပ်

ဖွင့်တယ်ဆိုရင်ပွင့်မှ

သုဓမ္မာနတ်သဘင်

မဟာဂေါဝိန္ဒပုဏ္ဏား

ဂုဏ်ရဘို့ထက် ထိမ်းဘို့ခက်

ဗြဟ္မာ့ပြည်ရောက်ရန် နည်းလမ်း

ညှိုပုတ်တဲ့တရားဆိုးတွေ

နိဗ္ဗာန်ရဲ့အခြေခံဝိပဿနာဉာဏ်ပင်ဖြစ်ခွင့်မရ

ပညတ်ကို မကျော်လွှန်

သာသနာတွင်း အကျင့်မြတ်

ထူးခြားတဲ့ အကျိုးရရှိနိုင် စသည်စသည်ဖြင့် အလွန်

http://www.dhammadownload.com



လေးနက်နူးညံ့သိမ်မွေ့ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသောတရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံ နာထံ**

**ဉေယျသာဂရ ပါရဂုံ**

**ဝန္ဒေ နိပုဏ ဂမ္ဘီရံ**

**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်း အဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို-

(၁) နိပုဏနယ သိမ်မွေ့သောနည်း။

(၂) ဂမ္ဘီရနယ နက်နဲသောနည်း။

(၃) ဝိစိတြနယ ဆန်ကြယ်သောနည်း။

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော။

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင်နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထိုပြင် လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္ထ - အနက်အဓိပ္ပါယ် ကောင်းပါရှိခြင်း။

(၂) သဗျဉ္ဇ ချောမောပြေပြစ်ကျစ်လစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း။

(၃) ကေဝလပရိပုဏ္ဏ ပယ်နှုတ်စရာ မရှိအောင် ဘက်စုံပြည့်ဝခြင်း။

(၄) ပြဟ္မစရိယပ္ပကာသက မြတ်သော ပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း။

ဤတရားကောင်းအင်္ဂါ လက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြုဟောကြားထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင်-

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၁) အာဒိကလျာဏ- ပထမပိုင်းနိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားသာ နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီမူဝိပဿနာ ကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓါတ်ကြီးပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကိုပြသဖြင့် ထပ်ဆင့် ကောင်းမြတ်လှပါသည်။

ဤသို့လည်းကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဝါကျတ္ထဒီပကကျမ်းပြုမုံရွာမြို့သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိကတပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုးသာမညဝိသေသ၊ သာချ သာဓက စသော စကားဝါကျအသွားအလာ၌ အလွန် နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက်ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာ ပုဒ်မှာ ပုဒ်ထပ် ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓ ယောဇနာ နည်းစနစ် (၆)မျိုးကို ကျမ်းရိုးကျနတတ်သိက္ခမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံးပတ္တမြားကုံး များကဲ့သို့ အနေအထားခွဲခြား စေ့စပ်သပ်ယပ် မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်းရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖေါ်ပြကာ ဟောကြားနိုင်ပါပေသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်မွယ် အမှာစကား

ဉာဏ်ကောက် အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက်စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကျုံးပိုင်ပိုင် ဆွဲဆောင်နိုင်အောင် လိုရင်းအကျဉ်းအကျယ်မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာနည်းနာနိဿသကို ကောင်းစွာ အာဂုမ်ရမိသိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင်ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာပြု၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ ပါဠိအဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကစရခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်သား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ် ထပ်၍ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထက်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမတော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာတစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကိုဟောကြားတော်မူသည်။

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

မီးပူဇော်သောရသေ့များအား မီးလောင်ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေး ဥပမာပြ၍ သင်ပုဏ္ဏား ဆဲသမျှ လက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေရော့ဟု ပြောဆိုပြီး တရားကိုဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်သွားရလေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီတို့အား သူတို့ထက်လှသူကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမများအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဝိနည်းအကျင့် (၂၂၇)သွယ် ကုဋေကိုးထောင်ကျော်ကို ကျင့်ရန်ကြောက်ရွံ့သော ရဟန်းအား ကိုယ်နဲ့နှုတ် (၂)မျိုးသာ ရှောင်ပါဟု ဟောကြားတော်မူသဖြင့် ထိုရဟန်းလူမထွက်ပဲ တရားကျင့်၍ ရဟန္တာဖြစ်လေသည်။

(၈) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်းပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်)သုတ်တယ်လို့ နှုတ်သွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူလေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းငယ်သည်-

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန့်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

http://www.dhammadownload.com



- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။
ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓိကိုမှီအောင် မလိုက်နိုင်သဖြင့် ရဟန်းရပ်လော့ဟု ဆို၏။
ဗုဒ္ဓသည် ရပ်လော့ဟူသော စကားကိုအခြေခံ၍ 'ဟဲ့- အင်္ဂုလိမာလ သင်သာမရပ် ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ။ ထာဝရရပ်တန့်နေပြီ'ဟု စကားအကျဉ်းမိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏သံသရာ၌ ပြေးသွားနေပုံ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ ရဟန္တာကြီး ဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါနသီလဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။
(၁) ဒါနဆိုတာ ဘာတဲ့လဲ စည်းစိမ်ချမ်းသာ ရှာတာဘဲ။
(၂) သီလဆိုတာ ဘာတဲ့လဲ ဘဝကောင်းကို ရှာတာဘဲ။
(၃) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ နိဗ္ဗာန်ချမ်းသာ ရှာတာဘဲ။
ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီသူတော်စင်ဖြစ်အောင် ဟောကြားတော်မူသည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင်ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲဆန်းကြယ် ကြည်ညိုမှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တ ဉာဏရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာ ယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့အစဉ် ရှုမှတ်ဖတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားထုတ်ရန်အနားမှ တိုက်တွန်းနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောနေပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တ ဉာဏရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသတည်း။

**ဧကမူလာ ဧကက္ခန္ဓော၊ တထောသာခါ ပဘိဇ္ဇရေ**
**တတောပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ပလဖွာ ဖြာကွဲထွက်ကုန်၏။

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူလအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာဖြစ်လေ၏။

သာသနာနောက်ဖျားဌ်မူကား-

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့ကား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ပလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + သြနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွှတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲ ဆည်းကပ်ကျင့်သုံးရာ၏။

သောဂတ + အည + သြနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွှတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ်နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသတိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်**
**မုံရွာမြို့။**

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

ဇာဂရာဘိ ဇာဂရန္တံ၊
ဇာဂရတ္တာယ ဝါစကံ။
ဇာဂရံ ဇာဂရာဘိဝံသံ၊
ဇာဂရတ္တံ နမေ အဟံ။ ။

အဟံ- ဆရာ့နှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် "ဇာဂရ" ဟူသော အကျွန်ုပ်သည်။ ဇာဂရတ္တာယ- မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ။ ဝါစကံ- သနားခြင်းကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူးသိမြင် ဟောကြားတော်မူတတ်ပါသော၊ ဇာဂရာဘိ ဇာဂရန္တံ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူတတ်သော ဘုရားရှင်ကိုလည်းကောင်း၊ ဇာဂရံ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်းကောင်း၊ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း၊ ဝါ၊ စံညာဂုနန် ဆင့်ရန် တတွေ သူဌေ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူဆရာတော်၊ ရွှေရေးဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွှာသိရီမင်္ဂလာကျောင်းဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္တံ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျလွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းအကျိုးငှါ၊ နမေ- ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ဘုရား။

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်
လယ်တီမူဝိပဿနာ လယ်တီတောရတရားရိပ်သာ
ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊
မူလအာတိခမ်ိက

# ဘဒ္ဒန္တဇာဂရာဘိဝံသ

၏

# ဘဝဖြစ်စဉ်

## ဇာတိဋ္ဌာန မွေးရပ်မြေ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ-မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

## ကျောင်းအပ်ပညာသင်ခြင်း

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော်ဦးစန္ဒိမာ၊ ဆရာတော်ဦးကုမုဒ၊ ဆရာတော်ဦးဉာဏဝံသတို့ထံ အပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

## ရှင်သာမဏေဘဝ

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ- အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင်- အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော်

http://www.dhammadownload.com



မယ်တော်တို့က ရှင်ဒါယကာ- ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော်ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော်ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်၌ မဟာနာယက ပထမဆရာတော် ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တကုမုဒနှင့် စာချ ဆရာတော်များ ဖြစ်ကြသော-

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ် ဓမ္မိကာရုံဆရာတော်)
- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို၊ ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသိရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယက)
- အရှင်ပညာသိရီ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက်၊ တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီမ ဓမ္မာစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

- စာချဆရာတော် ဘဒ္ဒန္တမာလာသိရီ (ယခု နိုင်ငံတော်သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီတိုက်ပဓာနနာယကဆရာတော်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှအဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ် အသုံးပြုတော်မူသော ထွေးခံကြီး နှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြုဆောင်ရွက်ခဲ့သည်မှာ ရိုးမြေကျသည်အထိပင် ဖြစ်သည်။

## ရဟန်းဒါယကာ ဒါယိကာမများ

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက် တနင်္လာနေ့တွင် မုံရွာမြို့ တရုတ်တန်း ဇေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ-ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်း ဒါယကာ၊ ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၀)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်း၍ ဒါယကာခံယူကြသည်။

## ပခုက္ကူစာသင်နည်း

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီ"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒဆရာတော်နှင့် ဂဏဝါစကဆရာတော်များထံတော်တွင် နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံကို အဋ္ဌကထာ, ဋီကာများနှင့်တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက် ဖြေဆိုနိုင်ရန် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေး ချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

## မန္တလေးစာသင်နည်း

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍိဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တ အာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရ ကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း ရွှေရေးဆောင်နည်းကို သင်ယူခဲ့သည်။

## လားရှိုးမြို့

၁၃၂၁ ခု၊ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်း တိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ၊ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြို့လယ်ကျောင်းဆရာ တော်)၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် "ပထမ"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမငယ် တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမလတ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမကြီးတန်း"ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမဆင့်ပထမ၊ ဒုတိယဆင့် ဒုတိယ၊ တတိယဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့်အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း (၁)ဝါရတွင် "ပါရာဇိကဏ်"ကျမ်းကို အောင်မြင်ခဲ့၍ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း "ပါဠိဘာသာ"ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာဖြင့်) ရခဲ့သည်။

ရဟန်း (၂)ဝါအရတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဒီဃဘာဏက"ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း (၄)ဝါအရတွင် "မဟာဝဂ္ဂါဒိ"မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် "သာသနဓဇ သီရိပဝရ ဓမ္မာစရိယ"ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း (၅)ဝါအရတွင် "သုတ္တန္တ ပိဋက ဒီဃနိကာယ်" ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသောသာသနာ့အောင်လံတော် "ဒီဃနိကာယ ကောဝိဒ"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကုမုဒတို့က ဦးဆောင်လျက်တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပပေးခဲ့သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

ရဟန်း (၁၀)ဝါအရတွင် စာမျက်နှာ (၂၂၆၀)ပါရှိသော ဝိနယ ပိဋက တော်ကို အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဝိနယဓရ"ဘွဲ့လက်မှတ်ကို ရရှိတော် မူခဲ့သည်။

ရဟန်း (၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင် တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံ တော် "ဝိနယကောဝိဒ"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် "ဂုဏ်ပြုပူဇော်ပွဲ"ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီ နိကာယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကေသရ သပြေပင်တောရ ဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ စစ်ကိုင်တိုင်းကောင်စီ ဉက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဉက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း (၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝအဘိုးဆရာတော် ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ ကျရှုံးခြင်းမရှိ အောင်မြင် ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိ မှုန်ဝါး ဖြစ်ခဲ့ငြားလည်း-

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"
"လူအည့်စား ကိုယ့်အားမပိုင်"
"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"
"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့် ပေးတော်မူခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

## ဂုဏ်ပြုဘွဲ့တံဆိပ်တော်များ

ပရိယတ္တိစာပေများကို (၃၅)နှစ်ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့်-

၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊

၁၃၅၈ ခုနှစ်တွင် ပခုက္ကူနိကာယ ရာပြည့်အထိမ်းအမှတ် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဂဏအနုနာယက၊

၁၃၆၀ ပြည့်နှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့်အထိမ်းအမှတ် ပရိယတ္တိ သာသနဟိတဓရ ဘွဲ့ပုံလက်မှတ်၊

၁၃၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ခံယူရရှိတော်မူသည်။

## ကျမ်းဂန်ရေးသားပြုစုခြင်း

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရ ဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့ပြီး။

## ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော် ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထား ကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့ နာဂလိုဏ်ဂူကလေး၀ တောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍-

- မုံရွာ သပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့ မြသိန်းတန် စာသင်တိုက်၊
- ဒဂုံမြို့သစ်မြောက်ပိုင်း မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့ မဟာဇေယျာမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း ဃောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် ပရိယတ္တိ စာသင်တိုက်တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း (၄)ဝါရမှစ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ(၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com

# နာဂလိုဏ်ဂူ ကလေးဝဆရာတော် ယနေ့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၅ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာစသော ပညာရပ်များ (အခမဲ့)သင်ပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မျှမတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ်တွင် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ "ကျောင်း" အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

၁။ တရားရိပ်သာကျောင်း၊
၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၊
၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်း၊
၄။ အကြည်ညိုခံသာသနာပြုကျောင်း
၅။ ကလေးသူငယ်များအား စာပေပညာ သင်ပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရှိရသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## သာသနာပြုစခန်း (၄)မျိုး

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင်ဘာဝနာတရားကို ဟောကြား၍ ကျမ်းအဖြစ်သို့ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ် ၁-၃-၄-၅ အမျိုးအစားကျောင်းများစွာတို့ကို ဦးဆောင်ဖွင့်လှစ်၍ မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျက် ရှိသည်။

## နံပါတ်(၅)အမျိုးအစားကျောင်း

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်း ဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသား ကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ဘောလ်ပင်၊ ခဲတံ စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်လာလေပြီ။ ကျေးဇူးရှင်မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော လက်ရှိကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားကလေးသူငယ်များအား "စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ" ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျက် ရှိသည်။

## နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော ဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌ မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီ

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

ကျမ်းပေါင်း တစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာဓာတ်အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတောရရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၅၅)ကြိမ်၊ အခြားတရားဌာနပေါင်း (၂၀) ကျောင်းတို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးကူညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းဘိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားရတနာရယူရာ ဖြစ်သည်။

### နံပါတ်(၄)အမျိုးအစားစာသင်တိုက်

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

### ပြည်ပသာသနာပြုလုပ်ငန်း

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်း သင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူသည်။

### သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်

နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင် ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ ကိုယ်စားလှယ်

http://www.dhammadownload.com

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် ၁၆-၆-၉၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တာဝန်ထမ်းဆောင် တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်၊ တနင်္လာနေ့ ၅-၃-၂၀၀၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် တာဝန်များ ထမ်းဆောင်လျက်ရှိသည်။

## လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တော တောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံဒိပ် ကျမ်း၊ ပါဠိကျမ်းပေါင်း (၁၀၀) ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခတ် အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါ ကျမ်းပေါင်းများစွာကို မူကောင်း မူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့် ရှောက်လျက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ယူလျက်ရှိသည်။

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွား ရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၅၀) ကျော်တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအားသင်တန်းပေး၍ လယ်တီကမ္မ ဋ္ဌာနာစရိယအဖွဲ့ကိုဖွဲ့စည်းလျက်ဝိပဿနာပြန့်ပွားရေးဆောင်ရွက်ရာတွင် လယ်တီ ကမ္မဋ္ဌာနာစရိယအဖွဲ့၌ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

## အနွယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများ ထိန်းသိမ်း စောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင် တောရကျောင်း စာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျတ္ထဒီပကာဒိ

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

ကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ၊ မဟာထေရ် ဒုတိယမြောက် ပဓာန နာယက အရညဝါသီ ဓုတင်ဓရ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြု ပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ၁၉-၁၁-၂၀၀၂ နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျှက် သာသနာတော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

## စွယ်စုံသာသနာပြု

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်၍ လက်ခံရယူခဲ့သော ကျောင်းတိုက်များကို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိတရားရိပ်သာအဖြစ် ရောက်ရှိအောင် ဆောင်ရွက်၍ ဖော်ပြပါအတိုင်း စွယ်စုံသာသနာပြုတော်မူသည်။ ရရှိထားသော ကျောင်းတိုက်များကိုလည်း သင့်လျော်ရာပုဂ္ဂိုလ်များအား လွှဲအပ်လှူဒါန်းတော်မူသည်။

၁။ ကျေးဇူးတော်ရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ပေးသနားတော်မူခဲ့သော နာဂလိုဏ်ဂူကလေးဝတောရကျောင်းကို ရဟန်း သာမဏေ သီလရှင် တစ်ထောင့်သုံးရာကျော် (၁၃၀၀)ကျော် သီတင်းသုံး၍ ပညာရင်နို့သောက်စို့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ သာသနာ့နွယ်ဝင်သီလရှင်များ နေထိုင်ပညာသင်ယူရာ စာသင်တိုက်ကြီး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန္ဒမူရိပ်သာအဖြစ်ရောက်အောင် ဆောင်ရွက်၍ စာချနာယကအဖွဲ့၊ ဘကအုပ်ချုပ်ရေး နာယကအဖွဲ့၊ ရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့အား လွှဲအပ်ထားပြီး ဖြစ်သည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ ဓမ္မာစရိယအားလွှဲအပ်၍ ကျောင်းသား (၅၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

http://www.dhammadownload.com

၄။ ပဲခူးမြို့ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀) ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့ မင်းကြီးတောင်တန်း ဗေဒါရိဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်လိုက်ပါသည်။

၇။ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးတောင်ကျောင်းတိုက် သုဋ္ဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာမဟာထေရ်ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုခဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀) ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃) ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂) ပါးတို့ကို တာဝန်ပေးခါ စာချစာသင် (၅၀) ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင်စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ စည်းကား (၂) ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇) စုံညီ၏ သြဝါဒကို ခံယူ၍ အပ်နှံလှူဒါန်းသည်ကို လက်ခံလျက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် (၄၇) စုံညီတို့ဖြင့်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

သန့်စင်အောင် ရှင်းလင်းသုတ်သင်၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ (၁၉-၁၂-၂၀၀၂)နေ့၌ လယ်တီဝိပဿနာ (၆၄)ကြိမ်မြောက် တိုင်ရှိခဲ့ပြီ။ အဆိုပါ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်ပြီး လယ်တီနာယကအဖွဲ့အား လွှဲအပ်ထားပြီဖြစ်သည်။ အနွယ် တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျက် ရှိသည်။

ဤသို့လျှင် ကလေးဝဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန် သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပစေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော "စွယ်စုံသာသနာပြု"အရှင်မြတ်တစ်ပါးဖြစ်တော်မူသည်။

### ဆရာတော်အစိဋ္ဌာန်(၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေသော်။ ။

### ဆရာတော်အစိဋ္ဌာန်(၂)

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။ ။

လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့

http://www.dhammadownload.com

# လယ်တီဝိပဿနာ
# နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာအားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၆-တာ ကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်, နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့ နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ပဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူယူ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန် ကြည့်ရှုလိုသူများအတွက် အသံမှ တစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်ရန် စီစဉ်ရပါသည်။

## ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း, လဝန်း, ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါသည်။ သာသနာတော် တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုး

http://www.dhammadownload.com



နိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလ အမြစ် ကြီးပွားနိုင်ပါမည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

## အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား, ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ နာကြားခွင့်ရပါမှ တိုးပွားနိုင် ဖြစ်ပွားနိုင်သည်။

ဘုရား, ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ, ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလို မရှင်သန် မကြီးထွားနိုင်ပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒ အမျိုးမျိုးတို့ကို ဆရာ အမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ် ကမ္ဘာ့လူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏မျက်နှာကို မော်ကြည့်နေရသော နာနာသတ္ထာရဥလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျက်နေရပေသည်။ အယူမှန်၊ အမြင်မှန်ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော် ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံ မှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ပင် အင်မတန် ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင် မှန်နိုင်ပေ သည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်း မပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြ ရသည်။

ဘုန်းကြီးတို့ရဲ့ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နားမျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး

http://www.dhammadownload.com



ပြန်ဆို၍ ဘာသာခြားတို့၏ နားမျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ (၃) ကို ဟောအပ် ရေးသားအပ်ပါသည်။

မိလိန္ဒပဉှာလာ ယောဂီ၏ ဖော်ပြပါ ခုနစ်ဝဂုဏ် နေမင်းပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင်ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသတည်း။

> ယထာပိသူရိယော ဥဒယန္တော၊
> ရူပံ ဒဿေတိ ပါဏီနံ။
> သုစိဉ္စ အသုစိ ဉ္စာပိ၊
> ကလျာဏဉ္စာပိ ပါပကံ။ ။
> တထာဘိက္ခု ဓမ္မဓရော၊
> အဝိဇ္ဇာ ပိဟိတံ ဇနံ။
> ပထံ ဒဿေတိ ဝိဝိဓံ၊
> အာဒိစ္စော ဥဒယံ တထာ။ ။

ယထာပိ သူရိယော ဥဒယန္တာ မိန့်ဟောအလာ ဒေသနာ၏ နေ၏ပုံသွင် ပြည့်စုံလျင်သား ယောဂီများသည်-

> ရေများခြောက်သွေ့ ကိလေဠွေ့ကို ခြောက်သွေ့ထွန်းပြောင် (၁)။
> အမိုက်မှောင်ရှင်း ကိလေသင်းကို ပယ်ရှင်းတုံလတ် (၂)။
> ချိန်မပြတ်လှည့် ယောနိသောနှလုံး (၃)။
> ရောင်ပန်းကုံးသို့ ပန်းကုံးအာရုံ (၄)။

http://www.dhammadownload.com

# နိဒါန်း

နွေးငွေ့ထုံပေး (၅)။
ရာဟုဘေးမှ ကင်းဝေးစေကြောင်း (၆)။
ကောင်း, မကောင်းပြ (၇)။
ခုနစ်ဝဂ်ဂုဏ် နေမင်းပုံ ကျင့်တုံလင်းစေသော်။

ဘဒ္ဒန္တဇာဂရာဘိဝံသ

http://www.dhammadownload.com

# စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့
# ကျီကုန်းကျောင်းသစ်ဆရာတော်
# ဘဒ္ဒန္တဇဝန

၏

## ပန်းခင်းမယ်အပြည့် (ပြေ.)

တေးထပ်

စိမ်းစိုစိုတောင်တစ်တန်း မှောင်မသန်းစေချင်

နာဂစန်းထေရ်အရှင်မှာ ရှေအစဉ်မျှော်၍

ပညာရေးမီးတန်ဆောင်ကို ထိန်ညီးအောင် ထွန်းညှိပါပေ့

ပြည်မနှင့်ပြည်နယ်ကို ပန်းခင်းမယ်အပြေ့ (ပြည့်)

ပန်းပင်ငယ်မှန်သရွေ့ကိုလ အရာမ်ပြေ့ (ပြည့်) ပျိုးမယ်

ပြည့်ဥသျှောင် သမ္မတတွေတို့ ကူညီကြအားရစဖွယ်

မျိုးဆက်သစ် ပျိုးပင်ငယ်တွေ တိုးတွင်ကျယ် စည်ကားလို့

ပြည်တစ်လွှား စား-ဝတ်-နေ ချမ်းသာဘို့ပေ

နာဂစန်း မေတ္တာရေသည် ပျိုးပင်တွေစည်ကြောင်း ဘုရာ့လေး။

http://www.dhammadownload.com

ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

# (၂၃)ကြိမ်မြောက် လယ်တီဝိပဿနာ

## ၂၀–ရာစုရဲ့ နောက်ဆုံးတရားစခန်း

သာသနာတော်နှစ် ၂၅၄၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၁၄)ရက်နေ့၊ ခရစ်နှစ် ၂၀၀၀၊ ဒီဇင်ဘာလ (၂၄)ရက်နေ့၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဖွင့်လှစ်အပ်တဲ့ (၂၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း ယနေ့ဖွင့်လှစ်တဲ့ ယောဂီသူတော်စင်များ စတင်ပြီးတော့ အားထုတ်ရမဲ့ (၇)ရက်တရားစခန်းဟာ (၂၀)ရာစုရဲ့ နောက်ဆုံး ခုနစ်ရက်မှာ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမည့် ခုနစ်ရက်တရားစခန်း ဖြစ်ပါတယ်။ (၂၀)ရာစု နှစ်ပေါင်း (၂၀၀၀)ပြည့်တော့မှာ ခုနစ်ရက်ပဲ လိုပါတော့တယ်။ ခရစ်နှစ် (၂၀၀၀)ပြည့်မည့် ခုနစ်ရက် တစ်ပတ်အလို နှစ်ပေါင်း နှစ်ထောင်ပြည့်ခါနီး ခုနစ်ရက်အလိုမှာ မိမိတို့လဲပဲ ခုနစ်ရက်တရားစခန်း အားထုတ်ဖြစ်တာလေးနဲ့ တိုက်တိုက်ဆိုင်ဆိုင်ရှိလှတယ်နော်။

http://www.dhammadownload.com



## နောက်ဆုံးမိုး

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပြီးနေတော်မူချိန် ဝိသာခါကျောင်းအမကြီးကလဲ ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာ ဆွမ်းဘုဉ်းပေးပင့်ထားတယ်။ အဲဒီအချိန် မနက်ဖြန် ဆွမ်းဘုန်းပေးပင့်ထားတယ်ဆိုတော့ ဒီနေ့လိုနေ့ညဥ့်မိုးအကြီးအကျယ် ရွာတာပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတိုက်ထဲမှာ ရှိနေကြတဲ့ သံဃာတော်တွေကို ဘယ်လိုမိန့်သလဲဆိုတော့-

**ဩဝဿာပေထ ဘိက္ခဝေ ကာယံ၊**

**အယံ ပစ္ဆိမကော စာတုဒ္ဒီပိကော မဟာမေဃော။**

ဘိက္ခဝေ= ရဟန်းတို့၊ ကာယံ= ကိုယ်ကို၊ ဩဝဿာပေထ= ရေချိုးကြကုန်လော့။ ရဟန်းတို့ ရေချိုးကြတဲ့။ ဘာကြောင့် မြတ်စွာဘုရား ရေချိုးဖို့ တိုက်တွန်းသလဲဆိုတော့- အယံ= ဤနေ့ ဤညဥ့်ရွာတဲ့မိုးကြီးသည်၊ စာတုဒ္ဒီပိကော= ကျွန်းကြီးလေးကျွန်းအနှံ့အစပ်ရွာသော၊ ပစ္ဆိမကော= နောက်ဆုံးဖြစ်သော၊ မဟာမေဃော= မိုးကြီးပါပေတည်း။ ရဟန်းတို့ ဒီနေ့ညဥ့်ရွာတဲ့မိုးကြီးက အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် တစ်ကမ္ဘာလုံးအနှံ့ရွာတဲ့ မိုးကြီး။ ကျွန်းကြီးလေးကျွန်း၊ စကြာဝဠာကြီးတစ်ခုလုံး အနှံ့ရွာတဲ့ မိုးဟာ ဒါနောက်ဆုံးရွာတဲ့မိုးကြီးပဲ။ ဒါကြောင့် ရေချိုးကြလို့၊ အဲသလို မိန့်ကြားတယ်။ မြတ်စွာဘုရား စကြာဝဠာတစ်ခုလုံး၊ ကျွန်းကြီးလေးကျွန်း အနှံ့ရွာတဲ့မိုး။ ဒါနောက်ဆုံးမိုးတဲ့။ ချိုးကြ၊ ချိုးကြ၊ ရေချိုးကြလို့ မြတ်စွာဘုရား ရေချိုးဖို့ တိုက်တွန်းတော်မူတယ်။ ဘုန်းကြီးတို့ ယောဂီသူတော်စင်များဟာလဲပဲ (၂၀)ရာစုရဲ့ နောက်ဆုံးရက်တစ်ပတ် နောက်ဆုံးမိမိတို့ရဲ့ ခန္ဓာကိုယ်ကို တရားရေအေး အမြိုက်ဆေးနဲ့ တရားရေအေး အမြိုက်ဆေး သောက်သုံးပြီးတော့ တရားရေအေး အမြိုက်ဆေး ချိုးပြီးတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကိလေသာအညစ်အကြေးများကို ဆေးကြောကြပါလို့ တိုက်တွန်းသင့်ပါတယ်။ နှစ်ပေါင်း

http://www.dhammadownload.com



နှစ်ထောင် လူ့ဘဝနဲ့ ပြောမယ်ဆိုရင် တစ်ရာတန်းမှာ ပြောမယ်ဆိုရင် ဘဝနှစ်ဆယ်ပေ့ါ။ ဒီထက်လျှော့မယ်ဆိုရင် ဘဝပေါင်း (၂၅)ဘဝလောက် ဆိုပါစို့ လူအဖြစ် ဘယ်နှစ်ခါကြုံခဲ့သလဲ။ ဒီနှစ်ပေါင်းနှစ်ထောင်အတွင်းမှာ လူ့ဘဝ(၂၅)ဘဝဖြစ်တယ် ဆိုပါစို့။ သို့မဟုတ် ရာတန်းမှာဆိုတော့ တစ်ရာနေရတဲ့ပုဂ္ဂိုလ်ဆိုရင် ဘဝပေါင်းနှစ်ဆယ်ဖြစ်တယ်ဆိုပါစို့။ ဤသမထဝိပဿနာတရားတွေကို အားထုတ်နိုင်တဲ့ ဘဝဟာ ဘယ်နှစ်ဘဝ ကြုံနိုင်မလဲ။

**"ကာလော ဃသတိ ဘူတာနိ"** ဆိုတဲ့စကားအတိုင်း အချိန်အခါက သတ္တဝါတွေကို ဝါးမျိုတယ်တဲ့။ ဝါးမျိုနိုင်လိုက်တာ။ ခရစ်နှစ်နှစ်ထောင်၊ နှစ်ပေါင်းနှစ်ထောင် အချိန်ကာလ ဒီကာလအတွင်းမှာ ဖြစ်နေတဲ့ သတ္တဝါတွေကို ဝါးမျိုတယ်ဆိုတော့ မိမိတို့လဲပဲ အချိန်ကာလက ဝါးမျိုတာကို ခံခဲ့ကြရ။ အဲဒီတော့ ယနေ့အချိန်ကာလက ဝါးမျိုတာ ခံပြီးတော့လာခဲ့တာ နှစ်ပေါင်းနှစ်ထောင် ဆိုကြပါစို့။ အဲဒီတော့ မြတ်စွာဘုရားရှင်က ဆက်ပြီးတော့ **"မောဃကာလံ နခေပယေ"**တဲ့။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများရဲ့ နှုတ်ထဲမှာရနေကြတယ်။ မောဃကာလံ= အချည်းနှီးသော အချိန်ကာလကို၊ နခေပယေ= မကုန်စေရာ။ အချိန်ကို အလကား မဖြုန်းရဘူးတဲ့။ ဒါဘုရားရှင်စကားတော်အချိန်ကို အလကား မဖြုန်းရဘူး။ အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ အချိန်ဖြုန်းလာလိုက်ကြတာ။ မမှတ်မိကြလို့။ ဖြုန်းလာလိုက်ကြတာ။ ဒီနှစ်ဆယ်ရာစု မကပါဘူးတဲ့။ ဖြုန်းပြီးတော့ လာကြတာ။

## ဈေးပေါင်ကျိုး

အဲဒီလို အချိန်ခါကာလတွေထဲမှာ ဒီအချိန်လေးဟာ ပစ္စုပ္ပန်အချိန်လေးဟာ အကောင်းဆုံးအချိန်ပဲ။ ရပ်ပြစ်ရှစ်ပါး လွတ်တဲ့အချိန်။ ဗုဒ္ဓုပ္ပါဒ နဝမခဏ- ဘုရားရှင်ရဲ့ အဆုံးအမများ ထင်ရှားရှိပြီးတော့ မွန်မြတ်တဲ့ ဗြဟ္မစရိယအကျင့်များ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တဲ့

http://www.dhammadownload.com



အချိန်ခါကာလ ဒီအချိန်ခါကာလလေး လွန်သွားလို့ရှိရင် ခဏာတီတာဟိ သောစရေ- အချိန်ကောင်း အခွင့်ကောင်းလေး လွန်သွားလို့ရှိရင် စိုးရိမ်ပူပန်ကြရမှာပဲ။ ဒါကြောင့်မို့ ကြည့်မယ်ဆိုရင် ခရစ်နှစ်နဲ့ ကြည့်တဲ့ အခါကျတော့ နှစ်ထောင်ပြည့်တော့မှာ တစ်ပတ်လိုတော့ သာသနာတော် သက်တမ်းနဲ့ ပြန်ကြည့်မယ်ဆိုရင် သာသနာတော်ရဲ့သက်တမ်းဟာ မြတ်စွာဘုရား အနှစ်ငါးထောင်လို့။ အဲဒီ အနှစ်ငါးထောင်ကို ကြည့်လိုက် ပြန်တော့ ယနေ့နှစ်ပေါင်း နှစ်ထောင့်ငါးရာလေးဆယ့်လေးနှစ်ထဲ ရောက်လာပြီ။

နောက်ငါးလလောက်ဆိုရင် နှစ်ပေါင်း နှစ်ထောင့်ငါးရာ လေးဆယ့်လေးနှစ် ပြည့်တော့မှာ။ အချိန်အခါက ပြောမယ်ဆိုရင် ဈေးပေါင်ကျိုးအချိန် ရောက်နေပြီ။ ဘုရားပွဲဈေးတွေ ရောင်းကြတဲ့အခါ ဈေးပေါင်ကျိုးအချိန်လေး သွားသွားပြီးတော့ ဈေးချိုမယ်ဆိုပြီး ဝယ်ကြ တာကိုး။ ဈေးကလဲ သိမ်းတော့မယ်။ ဒီအချိန်အခါလေးတော့ ဈေးလဲ ချိုတယ် ဝယ်ကြစို့။ ဈေးပေါင်ကျိုးအချိန်ကလေးမှာ ကိုယ်လိုချင်တဲ့ အသုံးအဆောင်ကလေးတွေဝယ်ကြ၊ မဝယ်လိုက်မိလို့ရှိရင် ပွဲသိမ်းသွား မယ်ဆိုရင် ခက်တာကိုး။ ပွဲသိမ်းသွားမယ်ဆိုရင် ခရီးကလဲ ခပ်လှမ်းလှမ်း မှာ သွားဝယ်ရမယ်။ အခုလိုလဲ ဈေးချိုမှချိုမယ်။ ဒါကြောင့်မို့ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရဲ့ သာသနာ့ပွဲသဘင်ကြီးဟာလဲပဲ ဈေးပေါင်ကျိုး အချိန် ရောက်နေတယ်။ အဲဒီတော့ ဒီအချိန်ခါကာလဟာ ဈေးပေါင်ကျိုး အချိန်ကာလ ဖြစ်တယ်။ အဲသလို အချိန်အခါမျိုးမှာ မဝယ်လိုက်ရ၊ မသုံးစွဲလိုက်ရလို့ ရှိရင် ခဏာတီတာဟိ သောစရေ၊ အခွင့်ကောင်း အခါကောင်း အချိန်ကောင်းကိုလွန်လို့ လွန်သွားမယ်ဆိုရင် စိုးရိမ်ပူဆွေး ကြရမှာ သေချာပါတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ ဒီသာသနာ့သက်တမ်း၊ သာသနာ့နယ်ပယ် ကြည့်မယ်ဆိုရင်လဲ သာသနာနှစ်ကို ထောက်ဆ ပြီးတော့ ကြည့်မယ်ဆိုရင်လဲ ဈေးပေါင်ကျိုးအချိန် ရောက်နေပြီ။

http://www.dhammadownload.com



**"ဆယ်တန်တစ်ဆယ်၊ ရာတန်တစ်ဆယ် ပေးလို့ဝယ်၊ မင်းဘုရားဈေးဆိုင်နည်း"**လို့ မေးခွန်းထုတ်ကြတယ်။ **"ဘုရားကြီးဈေး ဆစ်တိုင်းပေး အလေးမမှန် ဝယ်သူ့ကံတဲ့၊ နှစ်ထောင်ကျော်ဟိုး ဈေးပေါင်ကျိုး တိုးလို့ ဝယ်လိုက်ပါ"**လို့သာ ပြောချင်ပါတယ်။ အဲဒီတော့ မြတ်စွာဘုရားဝိသာခါကျောင်းအမကြီးရဲ့ ဆွမ်းကျွေးပွဲပင့်ထားတဲ့ညဥ့်မှာ ရွာသွန်းတဲ့မိုးကြီးဟာ ကမ္ဘာအနှံ့၊ ကျွန်းကြီးတွေအနှံ့ရွာတဲ့ နောက်ဆုံးမိုးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘုရားရှင်က ရေချိုးကြ။ မိမိတို့ ခန္ဓာကိုယ်အညစ်အကြေးစင်အောင် ရေချိုးကြ။ အဲသလို မိန့်ကြားသလိုပဲ။

## ရွှေပန်းတိမ်လို

**အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ၊**
**ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလ မတ္တနော။**

မေဓာဝီ= ပညာရှိသောပုဂ္ဂိုလ်သည် ပညာရှင်သည်၊ အနုပုဗ္ဗေန= အစဉ်အားဖြင့်၊ ထောကံ ထောကံ= အနည်းငယ် အနည်းငယ်၊ ခဏေ ခဏေ= ခဏတိုင်း ခဏတိုင်း၊ အတ္တနော= မိမိ၏၊ မလံ= အညစ်အကြေးကို၊ နိဒ္ဓမေ= လွှင့်ထုတ်ရာ၏။ ပညာရှင်များဟာ နည်းနည်းချင်း နည်းနည်းချင်း အချိန်အခါမရွေး ခဏတိုင်း ခဏတိုင်း မိမိရဲ့ကိလေသာအညစ်အကြေးကို ဆေးကြောပေးရမယ်။ ဥပမာ ဘယ်လိုမိန့်သလဲဆိုတော့-

**ကမ္မာရော ရဇတဿေဝ။**

ကမ္မာရော= ငွေပန်းတိမ်သည်၊ ရဇတဿ= ငွေ၏၊ မလံ= အညစ်အကြေးကို၊ နိဒ္ဓမတိ ဣဝ= လွှင့်ထုတ်သကဲ့သို့၊ မှုတ်ထုတ်သကဲ့သို့တည်း။ ငွေပန်းတိမ်သည်, ရွှေပန်းတိမ်သည်များဟာ ရွှေငွေတို့ရဲ့ အညစ်အကြေးကို လွှင့်ထုတ်၊ မှုတ်ထုတ်သကဲ့သို့ ပညာရှိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဟာလဲ မိမိတို့ရဲ့ သန္တာန်မှာရှိတဲ့ လောဘကိလေသာ အညစ်အကြေးများ၊ ဒေါသကိလေသာ အညစ်အကြေးများ၊ မောဟကိလေသာအညစ်အကြေးများ၊ အကျဉ်းအားဖြင့် ဆယ်ပါး၊

http://www.dhammadownload.com



အကျယ်အားဖြင့် တစ်ထောင့်ငါးရာသော ကိလေသာအညစ်အကြေး တို့ကို တဖြည်းဖြည်း တဖြည်းဖြည်း နည်းနည်းချင်း နည်းနည်းချင်း အချိန်တိုင်း အချိန်တိုင်း ဒီအညစ်အကြေးကို ဆေးကြောသုတ်သင်ရ မယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ ဩဝါဒစကားတော်အတိုင်း ယနေ့ နှစ်ပေါင်းနှစ်ထောင်နှစ်ဆယ်ရာစုရဲ့ နောက်ဆုံးတရားစခန်းမှာ လာရောက်ပြီးတော့ တရားဝင်ကြတဲ့ ယောဂီသူတော်စင်တို့ဟာ မြတ်စွာ ဘုရား လေးကျွန်းအနှံ့ရွာတဲ့ မိုးရေချိုးဖို့ရာ တိုက်တွန်းသကဲ့သို့ နှစ်ဆယ်ရာစုရဲ့ နောက်ဆုံးတရားစခန်းပွဲမှာ မိမိတို့သန္တာန်မှာရှိတဲ့ ကိလေသာအညစ်ကြေးတို့ကို ဆေးကြောသုတ်သင်နိုင်ကြပါစေ၊ ဆေးကြောသုတ်သင်ကြပါလို့ တိုက်တွန်းစကားပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်ပါတယ်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဘုရားလက်သုံးတော်ကမ္မဋ္ဌာန်း

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၁)ရက်နေ့၊ ယောဂီသူတော်စင်များ ခုနစ်ရက်တရားစခန်း ဝင်ပြီးတော့ အာနာပါနဿတိကမ္မဋ္ဌာန်း အားထုတ်ပြီးတော့နေကြတဲ့အချိန်၊ အာနာပါနဿတိကမ္မဋ္ဌာန်းဟာ မြတ်စွာဘုရားရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ဘာကြောင့်လဲလို့ မေးစရာရှိတယ်။ မြတ်စွာဘုရား ဘုရားအဖြစ်ရောက်တော်မူတယ်။ အဘယ်ကမ္မဋ္ဌာန်းများ များများအားထုတ်လို့ ဘုရားဖြစ်ပါသလဲတဲ့။ အထွဋ်အထိပ်ဘုရားဖြစ်ပါသလဲဆိုတော့-

**အဟမ္ပိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ**
**ဗောဓိသတ္တောဝ သမာနော ဣမိနာဝိဟာရေန ဗဟုလံဝိဟရာမိ၊**

ဘိက္ခဝေ= ရဟန်းတို့၊ အဟံ= ငါဘုရားသည်၊ ပုဗ္ဗေဝ သမ္ဗောဓာ= သစ္စာလေးပါးတရားကို မသိမီ၊ အနဘိသမ္ဗုဒ္ဓေါ= ဘုရားမဖြစ်သေးမီ၊ ဗောဓိသတ္တောဝ သမာနော= အလောင်းတော် ဘုရားလောင်းဖြစ်လျက်သာလျှင်၊ ဣမိနာ ဝိဟာရေန= ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်၍ နေခြင်းဖြင့်၊ ဗဟုလံ= အချိန်များစွာ၊ ဝိဟရာမိ= နေခဲ့ပေ၏။ ရဟန်းတို့ ဘုရားမဖြစ်ခင်က သစ္စာလေးပါးတရားမသိမီ၊ အလောင်းတော်ဘဝက ဤအာနာပါနဿကမ္မဋ္ဌာန်းကို အားထုတ်ပြီးတော့နေခြင်းဖြင့်ပဲ အချိန်များစွာ နေခဲ့ပါတယ်။ မှန်ပါတယ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ်အခါက သပြေပင်အရိပ်ကလေးမှာ နေပြန်တော့လဲ အလောင်းတော်လေးဟာ ဒီအာနာပါန ဿတိကမ္မဋ္ဌာန်းပဲ အားထုတ်ပြီးတော့ ဈာန်ပျံပြီးတော့နေတာ၊ နောက်ဘုရားအဖြစ်သို့ ရောက်တော်မူခါနီးတဲ့အခါ အခု ဗုဒ္ဓဂါယာ အပရာဇိတ အောင်ပလ္လင်မှာ-

**တဿ မယှံ ဘိက္ခဝေ ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရတော၊ နစကာယော ကိလမတိ၊ နစ စက္ခူနိ၊ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၊**

http://www.dhammadownload.com



ရဟန်းတို့။ အဲသလို အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ပဲ အချိန်များစွာနေတဲ့ ငါဘုရားခန္ဓာကိုယ်ဟာ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်နေတဲ့အတွက် မပင်ပန်းဘူးတဲ့။ မျက်စိတွေဟာလဲ မပန်းဘူးတဲ့။ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၊ စွဲလမ်းမှုမရှိပဲနဲ့ အာသဝေါတရားတို့မှ စိတ်ဟာလွတ်ခဲ့ပြီတဲ့။ ဤကမ္မဋ္ဌာန်းနဲ့ပဲ အာသဝက္ခယဉာဏ်ရခဲ့တာ။

## အာသဝက္ခယဉာဏ်

**အာသဝါနံ ခယေနေဝ ဝိမုတ္တိက မနာသဝံ။**
**ဝိဟရံ ဥပသမ္ပန္န သီဟနာဒံ နဒီ ဇိနော။**

ဇိနော= အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်၊ အာသဝါနံ= ခန္ဓာကိုယ်ဆိုး အရက်အိုး၌ အခိုးပျင်းစွာ တဏှာသဘော အာသဝေါတို့၏၊ ခယေနေဝ= အရဟတ္တမဂ်ခဏ၌ မုချဧကန် ကုန်ခမ်းခြင်းကြောင့်သာလျှင်၊ အနာသဝံ= အာသဝေါအနံ့စိမ်းဖန့်ဖန့်နှင့် မသန့်မရှင်းအားလုံးကင်းသော၊ ဝိမုတ္တိကံ= ဝိမုတ္တိခေါ်ဆို အရဟတ္တဖိုလ်သို့ ဥပသမ္ပန္န= ကောင်းစွာပိုင်ပိုင် ပြည့်စုံစေနိုင်၍၊ ဝိဟရံ ဝိဟရန္တော= နိဗ္ဗာန်ကိုမှတ် စိတ်တော်မြတ်ဖြင့် မပြတ်နေနိုင်တော်မူသည်ဖြစ်၍၊ သီဟနာဒံ= မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို၊ နဒီ= ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။ သီဟနာဒံ= မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကြီးကို၊ နဒန္တံ= ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော၊ ဇိနံ= ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို၊ မယံ= အကျွန်ုပ်တို့သည်၊ ဝန္ဒာမ= ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။ မြတ်စွာ ဘုရားဟာ ခြင်္သေ့ဟောက်သကဲ့သို့ အာဝက္ခယဉာဏ်ကြီးကိုရပြီး အဲသလို ကြွေးကြော်နိုင်တာဟာ ဒီအာနာပါနဿတိ ကမ္မဋ္ဌာန်းတစ်ခု

4(B)

http://www.dhammadownload.com



အားထုတ်တာနဲ့ပဲ သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်၊ ဗောဇ္ဈင် ခုနစ်ပါး ပွားများရာရောက်၊ ဝိဇ္ဇာဉာဏ်လေးပါးခေါ် မဂ်ဉာဏ်လေးပါး၊ ဝိမုတ္တိဉာဏ်လေးပါးခေါ် ဖိုလ်ဉာဏ်လေးပါး မျက်မှောက်ပြုရာလဲ ရောက်တယ်လို့ ဆိုတဲ့အတိုင်း ဒီအာနာပါနသတိကမ္မဋ္ဌာန်း အားထုတ် တာနဲ့ သတိပဋ္ဌာန်လေးပါးလဲ စုံပြီးတော့သွားမယ်။ ဗောဇ္ဈင်ခုနစ်ပါးလဲ ပွားများပြီးသားဖြစ်မယ်။ အဲဒီတော့ တရားအားထုတ်တယ်။ တရားပွား များတယ်ဆိုတဲ့စကားကို ပြန်ကြည့်မယ်ဆိုရင် တရားအားထုတ်တယ် ဆိုတာ တရားပွားများတာ။ တရားကိုပွားတာ၊ ပွားတယ်ဆိုတာ ဘာလဲလို့ ဆိုတော့ ဖြစ်စေတာကို ပွားတယ်တဲ့။ ဘာဝေတိ= ဖြစ်စေ၏၊ တရားကို ဖြစ်စေတာကိုပဲ ပွားတယ်။ အဲသလို ပွားတဲ့အခါကျတော့ မိမိသန္တာန်မှာ တရားတွေများပြီးတော့ လာတယ်။ အဲဒီတော့ တရားအားထုတ်တယ်။ တရားပွားများတယ်။ သတိပဋ္ဌာန်တရားပွားတယ်ဆိုတာ သတိပဋ္ဌာန် တရားကို ဖြစ်စေတယ်။ အဲဒီလို ဖြစ်စေတဲ့အခါကျတော့ ပွားလာတယ်။ ပွားတယ်ဆိုတာ များဆိုတဲ့စကားနဲ့ အတူတူပါပဲ။ အဲဒီတော့ ဘုရားရှင် လက်သုံးတော်ကမ္မဋ္ဌာန်းကြီး ယောဂီများ အခုအားထုတ်ပြီးတော့ နေကြရတယ်။

## ဗောဇ္ဈင်(၇)ပါးသာ

အဲဒီ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများခြင်းဆိုတဲ့ သတိ၊ ဒီကမ္မဋ္ဌာန်းအားထုတ်လိုက်တာနဲ့ ဗောဇ္ဈင်ခုနစ်ပါးလုံးလဲ ပြည့်စုံ၊ သတိပဋ္ဌာန်လေးပါးလုံးလဲ ပြည့်စုံတယ်။ ဗောဇ္ဈင်ခုနစ်ပါးလုံး ဘယ်လို ပြည့်စုံသလဲ ဗောဇ္ဈင်တရားခုနစ်ပါး ဗောဇ္ဈင်တရားဟာ ခုနစ်ပါးရှိတယ်။ အာရုံကတော့ ဒီထွက်လေ ဝင်လေဆိုတဲ့ အာရုံတစ်ခုတည်း။ အဲဒီ အာရုံ တစ်ခုတည်းမှာပဲ သတိသမ္ဗောဇ္ဈင်ဖြစ်တော့ သတိရဲ့ကိစ္စ၊ ဝီရိယ သမ္ဗောဇ္ဈင်ကျတော့ ဝီရိယရဲ့ကိစ္စ၊ အဲသလို ကိစ္စတွေ ကွဲပြားခြားနား ပြီးတော့ ဗောဇ္ဈင်ဟာ ခုနစ်မျိုးဖြစ်ပြီးတော့ သွားတယ်။ ဗောဇ္ဈင်ခုနစ်ပါး

http://www.dhammadownload.com



ဆိုတော့ ဗောဇ္ဈင်ဟာ ခုနစ်ပါးအောက်လဲ မလျော့ဘူး။ ခုနစ်ပါးထက်လဲ မပိုဘူး။ ဘာကြောင့်လဲ-

**လီနုဒ္ဓစ္စ ပဋိပက္ခတော သဗ္ဗတ္ထိကတောစ**

စိတ်ဟာ နှစ်မျိုးရှိပါတယ်။ ပျံ့လွင့်တဲ့စိတ်၊ ဆုတ်နစ်တဲ့စိတ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များဟာ တစ်ခါတစ်ရံကျတော့ စိတ်ကလေးဟာ ဆုတ်နစ်ပြီးတော့ နေတတ်ပါတယ်။ တစ်ခါတစ်ရံကျတော့ စိတ်ဟာပျံ့လွင့်ပြီးတော့ နေတတ်ပါတယ်။ ဆုတ်နစ်ပြီးတော့ နေတဲ့ အခါမျိုးကျတော့ ဝီရိယသမ္ဗောဇ္ဈင်များများ ဖြစ်အောင်ကြိုးစားကြရတာ။ ပီတိသမ္ဗောဇ္ဈင် များများဖြစ်အောင် ကြိုးစားရတာ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်များများ ဖြစ်အောင်ကြိုးစားကြရတာ။ စိတ်ကလေးပျံ့လွင့်ပြီးတော့နေတဲ့အခါမျိုးကျတော့ သမာဓိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဒီဗောဇ္ဈင်သုံးပါးနဲ့ ပျံ့လွင့်တဲ့ စိတ်ကို ငြိမ်အောင်ထိန်းကြရတယ်။ အဲဒီတော့ ဆုတ်နစ်တဲ့စိတ်ရဲ့ ဆန့်ကျင်ဘက်က ဗောဇ္ဈင်သုံးပါး ပျံ့လွင့်တဲ့စိတ်ရဲ့ ဆန့်ကျင်ဘက်က ဗောဇ္ဈင်သုံးပါး၊ ဆုတ်နစ်တဲ့စိတ်နဲ့ လျော်တဲ့ဗောဇ္ဈင်ကသုံးပါး၊ ပျံ့လွင့်တဲ့စိတ်နဲ့လျော်တဲ့ ဗောဇ္ဈင်ကသုံးပါး၊ အဲသလို ပျံ့လွင့်တဲ့စိတ်၊ ဆုတ်နစ်တဲ့စိတ်တွေနဲ့ ပတ်သက်ပြီးတော့ ပွားများရတဲ့ဗောဇ္ဈင်၊ မပွားများရတဲ့ဗောဇ္ဈင်လို့ အဲသလို ပြဆိုလိုတဲ့အတွက်ကြောင့် ဗောဇ္ဈင်ဟာ ခြောက်ပါးဖြစ်သွားတယ်။ အဲဒီ ခြောက်ပါးပွားများတဲ့နေရာမှာ ဘယ်ဗောဇ္ဈင်ကိုပဲ ပွားများပွားများ သတိသမ္ဗောဇ္ဈင်ကတော့ အရာခပ်သိမ်းမှာ အကျိုးများတဲ့အတွက်ကြောင့် သတိသမ္ဗောဇ္ဈင်ကို ထည့်ပေါင်းရတော့ ဗောဇ္ဈင် (၇)ပါး ဖြစ်လာတယ်။

## ဗောဇ္ဈင်

ဗောဇ္ဈင်ဆိုတဲ့စကားဟာ- ဗောဇ္ဈင်= ဗောဓိ+အင်္ဂ၊ သမ္ဗောဇ္ဈင်ဆိုတာလဲ သံ + ဗောဓိ + အင်္ဂ။ ဗောဓိက ဘာကိုခေါ်သလဲ။ ဗောဓိဆိုတာ ကိလေသာဆိုတဲ့ အိပ်ပျော်ခြင်းမှ နိုးတတ်တဲ့ပုဂ္ဂိုလ်၊ ကိလေသာ

http://www.dhammadownload.com



ဆိုတဲ့ အိပ်ပျော်ခြင်းမှ နိုးလတ္တံ့ဖြစ်တဲ့ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် သစ္စာလေးပါးကို သိလတ္တံ့၊ သစ္စာလေးပါးကို သိတဲ့ပုဂ္ဂိုလ်၊ ကောင်းစွာသိ သမ္ဗောဓိ၊ ကောင်းစွာဆိုတဲ့ စကားလေး မပါတော့ ဗောဓိ၊ အဲဒီ ဗောဓိ-သမ္ဗောဓိတို့ရဲ့ အစိတ်အပိုင်းတွေကို အင်္ဂ- ရထားများမှာ ရထားရဲ့ အစိတ်အပိုင်းတွေကို အင်္ဂလို့ ခေါ်သလိုပဲ။

သတိဆိုတဲ့ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ ကောင်းစွာနိုးတဲ့ပုဂ္ဂိုလ်၊ နိုးလတ္တံ့ပုဂ္ဂိုလ်၊ သစ္စာလေးပါးတရားကို ကောင်းစွာသိလတ္တံ့ ပုဂ္ဂိုလ်၊ သိနေတဲ့ပုဂ္ဂိုလ်ရဲ့ အစိတ်အပိုင်း အချက်အလက်တွေကို သတိသမ္ဗောဇ္ဈင်္ဂလို့ ခေါ်ရတယ်။ အဲဒီတော့ သတိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်ဟာမျိုးခေါ်သလဲ။

## သတိသမ္ဗောဇ္ဈင်

**ကတမော သတိသမ္ဗောဇ္ဈင်္ဂေါ**- သတိဆိုတဲ့ သမ္ဗောဇ္ဈင်က ဘယ်ဟာမျိုးကိုခေါ်ပါသလဲ။

**ဣဓ ဘိက္ခု သတိမာ ဟောတိ၊ ပရမေန သတိနေပက္ကေန သမ္မန္နာဂတော စိရကတမ္ပိ၊ စိရဘာသိတမ္ပိ၊ သရိတာ အနုဿရိတာ၊ အယံ ဝုစ္စတိ သတိသမ္ဗောဇ္ဈင်္ဂေါ။**

တာဝတိံသာနတ်ပြည်မှာ မြတ်စွာဘုရားဟောတော့ ဒီစကားတော်လေးလဲပါတယ်။ ဣဓ= ဤသာသနာတော်၌၊ ဘိက္ခု= ရဟန်းသည်၊ ဘိက္ခု= ယောဂီသူတော်စင်သည်၊ သတိမာ= သတိရှိသည်။ ပရမေန= မြတ်သော၊ သတိနေပက္ကေန= သတိပညာနှင့်၊ သမ္မန္နာဂတော= ပြည့်စုံ၏။ စီရကတမ္ပိ= ကြာမြင့်စွာကာလက ပြုအပ်တဲ့ အချက်အလက်ကိုလည်း ကောင်း၊ စိရဘာသိတမ္ပိ= ကြာမြင့်စွာကာလက ပြောဆိုခဲ့တဲ့ တရားစကားကိုလည်းကောင်း၊ သရိတာ= အောက်မေ့တတ်၏။ အနုဿရိတာ= အဖန်ဖန် အထပ်ထပ် အောက်မေ့နိုင်၏။ အယံ= ဤတရားကို၊ သတိသမ္ဗောဇ္ဈင်္ဂေါ= သတိသမ္ဗောဇ္ဈင်ဟူ၍၊ ဝုစ္စတိ= ဆိုအပ်ပါ၏။

http://www.dhammadownload.com



သတိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်လိုဟာလဲ။ သတိသမ္ဗောဇ္ဈင်ရှိသူဆိုတာ ဘယ်လိုဟာလဲ။ ဤ သာသနာတော်မှာ ယောဂီရဟန်းဟာ ယောဂီဖြစ်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟာ သတိနှင့်ပြည့်စုံတယ်။

ထွက်လေ ဝင်လေကို အာရုံထားပြီးတော့ ရှုမှတ်ပြီးတော့ နေတော့ သတိမာဆိုတဲ့ စကားနဲ့အံကိုက်ပဲ။ ပရမေန= မြတ်သော၊ သတိနေပက္ကေန= သတိပညာနှင့်၊ သမန္နာဂတော= ပြည့်စုံ၏။ မြတ်သော သတိပညာနှင့်ပြည့်စုံတယ်။ အဲဒါကို သတိသမ္ဗောဇ္ဈင် မြတ်သော ဝိပဿနာဉာဏ် မဂ်ဉာဏ်အားလျော်တဲ့အတွက်ကြောင့်မို့ မြတ်သော ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ သတိနဲ့ပညာကို ဝိသေသနပြုရတယ်။ ပရမေန= ဝိပဿနာဉာဏ် မဂ်ဉာဏ်အားလျော်သည်ဖြစ်၍ မြတ်သော၊ အခုယောဂီ များ အားထုတ်နေတဲ့ သတိသမ္ဗောဇ္ဈင်ဆိုတဲ့တရားဟာ မဂ်ဉာဏ်အား လည်း လျော်ပါတယ်။ ဝိပဿနာအားလည်း လျော်ပါ တယ်။ ဒါကြောင့်မို့ မြတ်တယ်။ အဲဒီ သတိသမ္ဗောဇ္ဈင်ထဲမှာ ဘာထည့်ပြီးတော့ မြတ်စွာ ဘုရား ဟောသလဲလို့ဆိုတော့ သတိနေပက္ကေန သမန္နာဂတော။ သတိက= သတိ၊ နေပက္က= ပညာ၊ သတိပညာနှင့် ပြည့်စုံတယ်။ ဟောတော်မူတာက သတိသမ္ဗောဇ္ဈင်။

## သတိပညာ နှစ်မျိုးလုံး

သတိရော၊ ပညာရော နှစ်မျိုးလုံး။ သတိသမ္ဗောဇ္ဈင်ထဲမှာ စာရင်းဝင်တယ်။ ဘာပြုလို့ သတိသမ္ဗောဇ္ဈင်နေရာမှာ ပညာဉာဏ်ကို ထည့်ပါသလဲ။ ပညာဉာဏ်နဲ့ပြည့်စုံတာကို သတိသမ္ဗောဇ္ဈင်ရှိသူလို ဘာလို့ခေါ်ရသလဲ။ ဘာလို့ ဒီလိုဟောရသလဲဆိုတော့-

**ဗလဝ ဘာဝ ဒဿနတ္ထံ၊**

ဒီသတိလေးရဲ့ အားကောင်းပုံကို ပြလိုတော်မူတဲ့အတွက်ပါပဲ။ သတိချည်း မဟုတ်ဘူးဟေ့။ ဒီသတိက သာမန်သတိမဟုတ်ဘူး။ အသိဉာဏ်ပညာနဲ့ ထိန်းကွပ်ထားတဲ့ သတိ။ ဥပမာအားဖြင့် ဘယ်လို ပြောမလဲလို့ဆိုတော့။

http://www.dhammadownload.com



## အမတ်နှစ်ယောက်

အမတ်ကြီးနှစ်ယောက်ကိုကြည့် မင်းရဲ့အမတ်ကြီးနှစ်ယောက် ဟိုဘက် ဒီဘက်ရပ်ပြီးတော့နေကြတယ်။ အမတ်ကြီးတစ်ယောက်ကတော့ သူ့တစ်ယောက်ထဲ တစ်ကိုယ်တည်းရပ်ပြီးတော့နေတယ်။ နောက်မင်းအမတ်ကြီး တစ်ယောက်ကတော့ ရှင်ဘုရင်သားကို ခေါ်ပြီးတော့ ရပ်တည်တယ်။ သူချည်းပဲ ရပ်နေတာမဟုတ်ဘူး။ ရှင်ဘုရင်သားနဲ့တကွ သူကအတူတူ ရပ်နေတယ်။ ဘယ်ဘက်က အားကောင်းမလဲ။ အမတ်ကြီးတစ်ယောက်ထဲ ရပ်ပြီးတော့နေတာက ထီးထီးချည်း။ အမတ်ကြီးရဲ့အင်အားတစ်ခုပဲ ရှိတယ်။ ဟိုတစ်ဖက်က အမတ်ကြီးကတော့ ရှင်ဘုရင်သားတော် အဖေါ်လုပ်ပြီးတော့ ရပ်တည်နေတယ်။ ရှင်ဘုရင်သားတော် အဖေါ်လုပ်ပြီးနေတဲ့ မင်းအမတ်ကြီးက ပိုပြီးတော့ အားကောင်းတယ်။ အဲသလို ပါပဲတဲ့။ သတိသမ္ဗောဇ္ဈင်ဆိုရာမှာ သတိနဲ့သာ ပြည့်စုံတာမဟုတ်ဘူး။ သတိဉာဏ်ပညာ နှစ်မျိုးနဲ့ပြည့်စုံတဲ့ တရားသည် သတိသမ္ဗောဇ္ဈင် သတိဉာဏ်ပညာ နှစ်မျိုးနဲ့ပြည့်စုံတဲ့ ယောဂီသည် သတိသမ္ဗောဇ္ဈင်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဆက်ပြီးတော့ a [ mw mu ]**စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ**" အချိန်ကြာကြာက ပြုထားတဲ့ ပြုဖွယ်ကိစ္စတွေ အချိန်ကြာကြာက ဟောတရားနဲ့ ပတ်သက်တဲ့စကားတွေ၊ သမထဝိပဿနာနဲ့ ပတ်သက်တဲ့ တရားစကားတွေ ပြောဆိုထားတာ။ အဲဒါတွေ အောက်မေ့နိုင်ခြင်း၊ အောက်မေ့နိုင်တဲ့ပုဂ္ဂိုလ်ကို သတိနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် သတိသမ္ဗောဇ္ဈင်ရှိတဲ့ပုဂ္ဂိုလ်လို့ ဒီလိုခေါ်ရတယ်။

ဆက်ပြီးတော့ သတိသမ္ဗောဇ္ဈင်ကိုပဲ မြတ်စွာဘုရားက တတ္ထကတမော သတိသမ္ဗောဇ္ဈင်္ဂေါ- သတိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်ဟာမျိုးလဲ။ နောက်တစ်နည်းဆက်ပြီးတော့ ဟောပြန်တယ်။ အတ္ထိ စအဇ္ဈတ္တံ ဓမ္မေသု။ အဇ္ဈတ္တတရားတို့မှာ အဇ္ဈတ္တတရားတွေအပေါ်မှာ သတိမပြတ်ရှုမှတ်ပြီးတော့နေတဲ့ အချက်ဟာလဲပဲ သတိသမ္ဗောဇ္ဈင်ပဲတဲ့။ အဇ္ဈတ္တ

http://www.dhammadownload.com



သန္တာန်မှအပဖြစ်တဲ့ ဗဟိဒ္ဓသန္တာန်မှာ ဖြစ်တဲ့တရားတွေ အဲဒီ တရားတွေ အပေါ်မှာ သတိမပြတ် ရှုမှတ်ပြီးတော့နေလို့ရှိရင်လဲ သတိသမ္ဗောဇ္ဈင် ဖြစ်နေတာပဲ။ ယောဂီသူတော်စင်များ မိမိအဇ္ဈတ္တသန္တာန်မှာ ထွက်လေ ဝင်လေ ထုတ်မှတ်ပြီးနေတာကို သတိမပြတ် ရှုမှတ်ပြီးတော့နေတာကို အဲသလို သတိမပြတ် ရှုမှတ်ပြီးနေတော့ အဇ္ဈတ္တတရားတို့အပေါ်မှာ သတိမပြတ် ရှုမှတ်ပြီးတော့နေတာဟာ သတိသမ္ဗောဇ္ဈင်ပါပဲတဲ့။ ယောဂီများသန္တာန်မှာ သတိသမ္ဗောဇ္ဈင်ဖြစ်နေတယ်။ ဘုရားရှင်ရဲ့စကားတော် အရ ဗဟိဒ္ဓတရားတို့မှာ သတိမပြတ် ရှုမှတ်ပြီးတော့နေရင်လဲပဲ သတိသမ္ဗောဇ္ဈင်ပါပဲတဲ့ ဒီစကားနှစ်ရပ်မှာတော့ ယောဂီများဟာ အဇ္ဈတ္တ သန္တာန်မှာ ဖြစ်တဲ့ ထွက်လေ ဝင်လေ ဝါယောဓါတ်ကို ရှုမှတ်ပြီးတော့ နေကြတဲ့အတွက် ပထမစကားတော်နဲ့အညီ သတိသမ္ဗောဇ္ဈင် ဖြစ်ပြီး တော့နေတာပါပဲ။

## စကြာမင်းကြီးပေါ် ပေါက်လာမှ

အဲဒီတော့ သတိသမ္ဗောဇ္ဈင် ဖြစ်ပွားနေတော့ အဲဒီ သတိသမ္ဗောဇ္ဈင် အပါအဝင် ဗောဇ္ဈင်ခုနစ်ပါး။ အဲဒီ ဗောဇ္ဈင်ခုနစ်ပါး ဆိုတဲ့ တရားတော်တွေဟာ စကြာမင်းကြီးပေါ် ပေါက်လာမှ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ ဆိုတဲ့ ရတနာခုနစ်ပါး ပေါ်ထွန်းလာသလို ဖြစ်ပေါ်လာသလို ဘုရားရှင်ပွင့်ပေါ်လာမှ ဗောဇ္ဈင်(၇)ပါးဆိုတဲ့ တရား ရတနာတွေဟာလဲ ဖြစ်ပေါ်ပါတယ်။

## ဗောဇ္ဈင်(၇)ပါးတို့ရဲ့ဂုဏ်အင်

အဲဒီ ဗောဇ္ဈင်တရား ခုနစ်ပါးဆိုတဲ့ တရားတော်တွေရဲ့ ဂုဏ်အင်ကို မြတ်စွာဘုရားက ဘယ်လိုဟောသလဲ၊

**သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ စက္ကဝတ္တိရတနာ။**

http://www.dhammadownload.com



စသည်ဟောပါတယ်။ ဘိက္ခဝေ= ရဟန်းတို့၊ သတ္တ= ခုနစ်ပါးကုန်သော၊ ဣမေဗောဇ္ဈင်္ဂါ= ဤဗောဇ္ဈင်တရားတို့သည်၊ စက္ခုကရဏာ= ဉာဏ်မျက်စိကို ပြုတတ်ပါ ကုန်၏။ မိမိတို့ အားထုတ်နေတဲ့ ဗောဇ္ဈင်တရားတွေဟာ သတိ သမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရားတွေဟာ ဉာဏ်မျက်စိကို ဖြစ်စေတတ်တယ်။ ပြီးတော့ ဉာဏကရဏာ= ဉာဏ်ကိုပြုတတ်ပါကုန်၏။ အသိဉာဏ်ကိုလဲ ဖြစ်စေတတ်တယ်။ ပညာဝုဒ္ဓိယာ= အသိဉာဏ်ပွားများခြင်းငှာလဲ ဖြစ်ပါတယ်တဲ့။ အဝိဃာတ ပက္ခိယာ= မပင်ပန်းခြင်းရဲ့အဖို့လဲ ဖြစ်ပါတယ်။ နိဗ္ဗာနသံဝတ္တနိကာ= နိဗ္ဗာန် ငြိမ်းချမ်းမှုကိုလဲ ဖြစ်စေတတ်ပါတယ်။ အဲဒါတွေက ခုနစ်ပါးလုံးရဲ့ ဂုဏ်အင်တွေပါပဲ။ အဲဒီ ခုနစ်ပါးထဲက သတိသမ္ဗောဇ္ဈင်တစ်ခုကိုပဲ စောစောပိုင်းက ဘယ်လိုဟာ သတိသမ္ဗောဇ္ဈင်လဲဆိုတာ ပြောခဲ့ပြီ။

**ဓမ္မာနုပဿနာ**

မိမိသန္တာန်မှာ သတိသမ္ဗောဇ္ဈင် ဖြစ်နေပုံကို ပြောခဲ့ပြီ။ သတိပဋ္ဌာန်လေးပါးဟောရာ ဓမ္မာနုပဿနာ အခန်းမှာ မြတ်စွာဘုရား ဘယ်လိုဟောခဲ့ပါသလဲ။

**သန္တံ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂ အတ္ထိမေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊**

မိမိသန္တာန်မှာ ယခုလို အားထုတ်လို့ ရရှိထားတော့ ထင်ရှားရှိတယ်။ ထင်ရှားရှိနေတဲ့ သတိသမ္ဗောဇ္ဈင်ကို ငါ့သန္တာန်မှာ ဖြစ်နေပါတယ်လို့။ အဲသလိုလဲ သိရမယ်။ သတိလွတ်သွားတဲ့အခါမျိုးကျတော့ -

**အသန္တံ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂ၊ နတ္ထိမေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

သတိလက်လွတ်ဖြစ်နေတဲ့ အခါကျတော့လဲ ငါ့သန္တာန်မှာ သတိသမ္ဗောဇ္ဈင် မဖြစ်ဘူးလို့ သိရမယ်။

http://www.dhammadownload.com



**ယထာစ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါဟောတိ တဉ္စ ပဇာနာတိ။**

မိမိသန္တာန်မှာ မဖြစ်ဘူးသေးတဲ့။ မဖြစ်ပေါ်လာတဲ့ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းကိုလဲ သိရမယ်။

**ယထာစ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိ ဟောတိ၊ တဉ္စ ပဇာနာတိ။**

မိမိသန္တာန်မှာဖြစ်ပေါ်နေတဲ့ သတိသမ္ဗောဇ္ဈင် များသည်ထက်များအောင် ပွားများမှု၊ ပြည့်စုံသည်ထက် ပြည့်စုံအောင်ပွားများမှု၊ အဲဒီအချက်ကိုလဲပဲ သိရမယ်။ အဲသလိုသိခြင်းဟာ ဓမ္မာနုပဿနာ တရားကို သိမြင်ခြင်း၊ တရားကို အဖန်ဖန် အထပ်ထပ် ရှုမြင်ခြင်းပါပဲ။ မဖြစ်ပေါ်သေးတဲ့ သမ္ဗောဇ္ဈင်၊ မဖြစ်ပေါ်ခြင်းရဲ့အကြောင်းကိုလဲ သိရမယ်။ ဖြစ်ပေါ်လာတဲ့ သမ္ဗောဇ္ဈင် ဖြစ်ပေါ်ခြင်းရဲ့အကြောင်းကိုလဲ သိရမယ်။

## အကြောင်း(၂)မျိုး

ဘာကြောင့် ဖြစ်ပေါ်သလဲ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းကတော့ သတိပါပဲ။ အဲဒီ သတိလေးကို ယောနိသော မနသိကာရ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများတဲ့ သတိကို သင့်တင့်အောင် နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသော မနသိကာရ ဒီလိုပေါင်းစပ်လိုက်လို့ရှိရင် သတိသမ္ဗောဇ္ဈင်ဖြစ်တယ်။ အဲသလို သတိ ယောနိသော မနသိကာရ မရှိဘူးဆိုရင် သတိသမ္ဗောဇ္ဈင် မဖြစ်နိုင်ဘူး။

## အကြောင်း(၄)မျိုး

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဲဒီ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်း ရဲ့ အကြောင်းဟာ လေးမျိုးရှိပါတယ်။ ဘာတွေလဲလို့ဆိုတော့ ပြဋ္ဌာန်းသတိ၊ သတိပြဋ္ဌာန်းရတယ်။ သတိဦးစီးပြီးနေခြင်းဟာ သတိ

http://www.dhammadownload.com



သမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းပါပဲ။ ပြဋ္ဌာန်းသတိ ဉာဏ်မြင်ရှိ၍ သတိပြဋ္ဌာန်းတဲ့ ဉာဏ်အမြင်ရှိခြင်းပါပဲ။ စောစောက ပြောသလို သတိသမ္မောဇ္ဈင်ကို သတိဆိုတဲ့စကားလုံးလေးချည်း ကြားမယ်ဆိုရင် ဉာဏ်မပါဘူးလိုလို မှတ်ထင်ရတယ်။ သတိပြဋ္ဌာန်းတဲ့ ဉာဏ်အမြင်ရှိခြင်း ဟာ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတစ်မျိုး၊ ပြဋ္ဌာန်းသတိ ဉာဏ်မြင်ရှိ၍ သတိကင်းရှောင်၊ သတိကင်းတဲ့ ပုဂ္ဂိုလ်များရှောင်ရမှာ။ မုဋ္ဌသတိ- လွတ်တဲ့သတိရှိတဲ့ ပုဂ္ဂိုလ်များနဲ့ မဆက်ဆံနဲ့။ သတိ ဆောင်ကပ် သတိရှိတဲ့ သတိကောင်းတဲ့ ပုဂ္ဂိုလ်များ ချဉ်းကပ်ရတယ်။ စိတ်ညွတ်လတ် လေးရပ်သတိ သမ္မောဇ္ဈင် ဖြစ်ကြောင်းတည်း။ "ပြဋ္ဌာန်းသတိ ဉာဏ်မြင်ရှိ၍ သတိကင်းရှောင် သတိဆောင်ကပ် စိတ်ညွတ်လတ်" ထိုင်တဲ့နေရာမှာလဲပဲ ဒီစိတ်ပဲ။ စိတ်ကလေးက ဒီသတိလေးမပြတ်အောင် သတိကို ချွတ်ချော်မသွားအောင် စိတ်ကလေး က ညွတ်ပြီးတော့နေရမယ်။ ကိုင်းပြီးတော့နေ၊ ရှိုင်းပြီးတော့နေ၊ ညွတ်ကိုင်းရှိုင်းပြီးတော့နေတဲ့ စိတ်ရှိခြင်းဟာလဲ သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း။ အဲဒီတော့ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း တရား လေးမျိုး။ အဲဒီ အကြောင်းတရားလေးမျိုးကိုလဲ သိရမယ်။ ဖြစ်ပေါ်လာမယ့် သတိသမ္မောဇ္ဈင် ပွားများပြီးတော့ ပြီးပြည့်စုံတာကိုလဲ သိရမယ်။ အဲဒီ သတိသမ္မောဇ္ဈင် ပြီးပြည့်စုံတာကတော့ အရဟတ္တမဂ် ရောက်တဲ့ အခါကြမှ ပိုပြီးတော့ ပြီးပြည့်စုံပါတယ်။ အဲဒီတော့ ဒီသတိ သမ္မောဇ္ဈင်နဲ့ ပတ်သက်လို့ သတိ၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် သတိနဲ့ဉာဏ်ကို သတိသမ္မောဇ္ဈင်။ ဘာကြောင့် ဉာဏ်ကိုထည့်ထားရ သလဲဆိုတော့ စောစောကပြောတဲ့ ဥပမာလိုပဲ။ မင်းအမတ်ကြီး(၂)ဦး ထဲက တစ်ဦးက တစ်ယောက်တည်းရပ်နေတာ။ တစ်ဦးက ရှင်ဘုရင်သား နဲ့ တစ်ဖက်မှာ ရပ်နေတာ မတူဘူး။ အားကောင်းတယ်။ အဲဒါကြောင့် မြတ်စွာဘုရားဟာ သတိသမ္မောဇ္ဈင် ဟောတဲ့အခါမှာ သတိနေပက္ခေန သမ္ပဇာနတော၊ သတိဉာဏ်ပညာနဲ့ ပြည့်စုံခြင်း။ အဲဒီ သတိဉာဏ်ပညာ

http://www.dhammadownload.com



နှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို သတိသမ္ဗောဇ္ဈင်ရှိတဲ့ ပုဂ္ဂိုလ်။ အဲသလို ဟောကြားထားတော်မူပါတယ်။ အဲဒီတော့ စကြာမင်းကြီးများ ပေါ်လာမှ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သားကြီးရတနာ၊ သူကြွယ်ရတနာ၊ ရတနာခုနစ်မျိုး ပေါ်သလို အရဟံအစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့နဲ့ ပြည့်စုံတော်မူတဲ့ ဗုဒ္ဓဘုရားပွင့်တော်မူလာတဲ့အခါကျမှ သတိသမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်ခုနစ်ပါးတရားရတနာတွေဟာလဲ ပေါ်ပေါက်လာပြီးတော့ လာတဲ့အတွက် မိမိတို့ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနှင့် ရင်ဆိုင်တွေ့ကြုံ ဆုံဆည်းပြီးတော့နေခိုက်မှာ ဘုရားပွင့်လာမှ ပေါ်ပေါက်ပြီးတော့လာတဲ့ ဗောဇ္ဈင်ခုနစ်ပါးရတနာတွေကို မိမိတို့သန္တာန်မှာ ဆင်မြန်းနေကြရပြီ။ ဆင်မြန်းနေကြရပါပကော။ စိတ်ထဲမှာ ဝမ်းမြောက်ဖွယ်လဲဖြစ်၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် မြတ်စွာဘုရားရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်း၊ ဘုရားမဖြစ်မီကလဲ ဒီအာနာပါနကမ္မဋ္ဌာန်းပဲ။ ဘုရားဖြစ်ပြီး ပြန်တော့လဲ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဒီကမ္မဋ္ဌာန်းကြီးကိုပဲ လက်သုံးထားပြီးတော့အမြဲမပြတ် အသုံးချပြီးတော့ သွားပါတယ်။ ဒါကြောင့် အလောင်းတော်ကြီးရဲ့ လက်သုံးကမ္မဋ္ဌာန်း၊ ဘုရားရှင်ရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်းကြီးမိမိတို့တစ်တွေ အားထုတ်နေရတယ်။ ဒီလို စိတ်ထဲက အာရုံထားပြီးတော့ရှေ့ဆက်ပြီးတော့ ကြိုးစားအားထုတ်နိုင်ကြရစေလို့ တိုက်တွန်းဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတိသမ္ဗောဇ္ဈင်ကို ဦးစွာဟောရကြောင်း

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၂)ရက်နေ့ လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား ဗောဇ္ဈင်ခုနစ်ပါးထဲက မနေ့ညက သတိသမ္ဗောဇ္ဈင်။ သတိသမ္ဗောဇ္ဈင် တောင်မှ ပြည့်ပြည့်စုံစုံကြီးတော့ မဟုတ်ပါဘူး။ ဗောဇ္ဈင်ခုနစ်ပါးထဲမှာ သတိသမ္ဗောဇ္ဈင်ဆိုတာ သတိဆိုတဲ့ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတဲ့ပုဂ္ဂိုလ်ရဲ့ အစိတ်အပိုင်း အချက်အလက်တစ်ခုပါပဲ။ ဗောဇ္ဈင်ခုနစ်ပါးထဲမှာ သတိသမ္ဗောဇ္ဈင်ကို ဘာကြောင့်ရှေးဦးစွာ ဟောသလဲလို့ ဆိုတော့-

**သဗ္ဗေသံ ဗောဇ္ဈင်္ဂါနံ ဥပကာရတ္တာ၊ ပဌမံ ဝုတ္တော။**

သဗ္ဗေသံ= အလုံးစုံကုန်သော၊ ဗောဇ္ဈင်္ဂါနံ= ဗောဇ္ဈင်တို့အား၊ ဥပကာရတ္တာ= ကျေးဇူးများသည်၏အဖြစ်ကြောင့်၊ ပဌမံ= ရှေးဦးစွာ၊ သတိသမ္ဗောဇ္ဈင်္ဂေါ= သတိသမ္ဗောဇ္ဈင်ကို၊ ဝုတ္တော= ဟောတော်မူအပ်ပါပေပြီ။ ဗောဇ္ဈင်ခုနစ်ပါးထဲမှာ သတိသမ္ဗောဇ္ဈင်က ဗောဇ္ဈင်ခုနစ်ပါးလုံးအတွက် ကျေးဇူးများတယ်တဲ့။ ကျေးဇူးပြုနိုင်တယ်။ ဒါကြောင့် ရှေးဦးစွာ ဟောပါတယ်။

## ဗောဇ္ဈင်(၁၄)ပါး ပွားပုံ

အဲသလို ဟောကြားတဲ့အခါ ပဌမဗောဇ္ဈာင်ခုနစ်ပါး နောက် ဒုတိယနည်းရောက်တဲ့အခါကြတော့ ဗောဇ္ဈင်ခုနစ်ပါး နှစ်လီ ဗောဇ္ဈင်ကို ဆယ့်လေးပါးထား ပွားနိုင်ပုံ ဟောပြတော်မူပါတယ်။ အဇ္ဈတ္တတရားတွေပေါ် မှာ သတိပြုရှုမှတ်ခြင်း၊ ဗဟိဒ္ဓတရားတွေကို သတိပြု ရှုမှတ်ခြင်းဆိုတဲ့ သတိသမ္ဗောဇ္ဈင်ကို နှစ်မျိုး၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် စသည်ကိုလဲ နှစ်မျိုး၊ နှစ်မျိုးစီဆိုတော့ ဗောဇ္ဈင်ခုနစ်ပါးက တစ်ဆယ့်လေးပါးဖြစ်လာတယ်။

http://www.dhammadownload.com



**ဘာဝနာပွားများပုံ**

တတိယနည်းရောက်တဲ့ အခါကြတော့ ဘာဝနာ ပွားများပုံ၊ သတိသမ္ဗောဇ္ဈင် ဘယ်လိုပွားများရမလဲလို့ ဆိုတော့-

**ဝိဝေက နိဿိတံ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။**

ဝိဝေက နိဿိတံ= ကင်းဆိတ်ခြင်းကိုမှီသော၊ သတိသမ္ဗောဇ္ဈင်္ဂံ= သတိသမ္ဗောဇ္ဈင်ကို၊ ဘာဝေတိ= ပွား၏၊ ဘာဝေတိ= ဖြစ်စေ၏။ ဝါ= မိမိသန္တာန်၌ အဖန်ဖန်အထပ်ထပ် တိုးပွားစေ၏။ သတိသမ္ဗောဇ္ဈင်ကို ပွားများတဲ့အခါ ဘယ်လိုပွားများရမလဲလို့ဆိုတော့ ကင်းဆိတ်ခြင်းကို မှီအောင် မှီပြီးတော့၊ ဝိရာဂ နိဿိတံ= ရာဂကင်းခြင်းကိုမှီတဲ့ သတိသမ္ဗောဇ္ဈင်၊ နိရောဓ နိဿိတံ= ကိလေသာတို့ ချုပ်ငြိမ်းခြင်းကို မှီတဲ့ သတိသမ္ဗောဇ္ဈင်၊ ဝေါဿဂ္ဂ ပရိဏာမိံ= စွန့်လွှတ်ခြင်းသို့ ညွတ်စေနိုင်၊ စွန့်လွှတ်ခြင်းကို ရစေနိုင်တဲ့ သတိသမ္ဗောဇ္ဈင်ကို ပွားများရမယ်။

**ဝိဝေက= ကင်းဆိတ်ခြင်း (၅)မျိုး**

ဝိဝေက နိဿိတံမှာ ဝိဝေက= ကင်းဆိတ်ခြင်းဆိုတာ ဘယ်နှယ်မျိုးရှိသလဲဆိုတော့ ကင်းဆိတ်ခြင်းဟာ ငါးမျိုးရှိ။ ကင်းဆိတ်ခြင်းငါးမျိုးက ဘာတွေလဲလို့ဆိုတော့ တဒင်္ဂဝိဝေက ဝိပဿနာဉာဏ်၊ တဒင်္ဂအားဖြင့် ကိလေသာတို့မှ ကင်းဆိတ်မှု ဝိပဿနာဉာဏ်နဲ့ ဒီကင်းဆိတ်မှု ရရှိနိုင်ပါတယ်။ ဝိက္ခမ္ဘနဝိဝေက= သမာပတ်နဲ့ကိလေသာတို့ကို ခွာပြီးတော့ ကိလေသာတို့မှ ကင်းဆိတ်မှု၊ သမုစ္ဆေဒဝိဝေက= မဂ်ဉာဏ်၊ မဂ်ဉာဏ်နဲ့ ကိလေသာတို့ကို ခွာပြီးတော့ ဖြတ်တောက်ပြီးတော့ ကိလေသာတို့မှ ကင်းဆိတ်မှု၊ ပဋိပဿဒ္ဓိ ဝိဝေက= ဖိုလ်ဉာဏ်၊ ငြိမ်းပြီးတော့ ကိလေသာတို့မှ ကင်းဆိတ်မှု၊ နိဿရဏ ဝိဝေက= နိဗ္ဗာန်၊ ကျွတ်ကျွတ်လွတ်လွတ် လွတ်မြောက်ပြီးတော့ ကိလေသာတို့မှ ကင်းဆိတ်မှု နိဗ္ဗာန်နဲ့ ပတ်သက်ပါတယ်။

http://www.dhammadownload.com



အဲဒီတော့ ဝိပဿနာအခိုက်မှာ တဒင်္ဂဝိဝေက၊ သမာပတ်ရှစ်ပါး နဲ့ ကိလေသာတွေကို ခွာပြီးတော့ ထားတဲ့အခါမျိုးမှာ ဝိက္ခမ္ဘနဝိဝေက၊ မဂ်နဲ့ကိလေသာတို့ကို ခွာပြီးတော့ထားတော့ သမုစ္ဆေဒဝိဝေက၊ ဖိုလ်တရားများမှာ ပဋိပဿဒ္ဓိ ဝိဝေက၊ နိဗ္ဗာန်ကတော့ နိဿရဏ ဝိဝေကလို့။ အဲဒီ ဝိဝေကကိုမှီတဲ့ သတိသမ္ဗောဇ္ဈင် ပွားများရမယ်။ တဒင်္ဂဝိဝေက၊ တဒင်္ဂဝိဝေကဆိုတာ တခဏ။ တခဏတွေများများ များများပြီးသွားတဲ့အခါ အဆင့်မြင့် ဝိဝေကတွေ ဖြစ်ပွားလာနိုင်တယ်။

## ဝိဝေက (၃)မျိုး

တစ်နည်းအားဖြင့် ဝိဝေကက သုံးမျိုးပါ။ ကာယဝိဝေက= ကိုယ်ရဲ့ ဆိတ်ငြိမ်မှုရရှိ နေကမ္မဘိရတစိတ်= နေကမ္မမှာ မွေ့လျော်တဲ့စိတ်၊ စိတ္တ ဝိဝေက= သမာပတ်ရှစ်ပါး၊ ဥပဓိဝိဝေကဆိုတာ ဥပဓိအားလုံးမှ ချုပ်ငြိမ်း တာ။ အဲဒီ ဝိဝေကသုံးမျိုးက တစ်နည်းပေါ့။ အခု ဝိဝေက နိဿိတံဆိုတဲ့ ကင်းဆိတ်ခြင်းကို မှီတယ်ဆိုတဲ့ ဝိဝေကငါးမျိုး၊ ဝေါဿဂ္ဂ ပရိဏာမိံ= စွန့်လွှတ်ခြင်းကိုညွတ်သော ရင့်ကျင့်တဲ့စွန့်လွှတ်ခြင်း၊

## စွန့်လွှတ်ခြင်း (၂)မျိုး

အဲဒီ စွန့်လွှတ်ခြင်းဆိုတာက နှစ်မျိုးရှိပါတယ်။ အဲဒီ နှစ်မျိုးက ဘာလဲလို့ဆိုတော့ ပရိစာဂ ဝေါဿဂ္ဂ= ကိလေသာတို့ကို ဖယ်ရှားသော အားဖြင့် စွန့်လွှတ်ခြင်း၊ ပက္ခန္ဒနဝေါဿဂ္ဂ= နိဗ္ဗာန်သို့ပြေးဝင်ပြီးတော့ စွန့်လွှတ်ခြင်း၊ အဲဒီ စွန့်လွှတ်ခြင်းများ တစ်ဖြည်းဖြည်း တစ်ဖြည်းဖြည်း ရင့်သန်လာအောင် ရင့်သန်စေနိုင်တဲ့ သတိသမ္ဗောဇ္ဈင်ကို ပွားများရ မယ်လို့။ အဲသလို ဟောကြားတော်မူတာပါ။

http://www.dhammadownload.com



## ဓမ္မဝိစယသမ္ဗောဇ္ဈင်

သတိသမ္ဗောဇ္ဈင်ပြီးတဲ့အခါကြတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာ တရားတွေကို ဝေခွဲသိမြင်ခြင်းဆိုတဲ့ သမ္ဗောဇ္ဈင်ပါပဲ။

သောတထာ သတော ဝိဟရန္တောတံဓမ္မံ ပညာယ ပဝိစိနတိ၊ ပဝိစရတိ။ ပရိဝီမံသမာပဇ္ဇတိ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ ဘယ်လိုဟာလဲလို့ဆိုတော့ ကြာမြင့်စွာကာလကပြုခဲ့တဲ့ ကသိုဏ်းဝန်း စသည် ကြာမြင့်စွာကာလကပြောခဲ့တဲ့ ကမ္မဋ္ဌာန်းတရား။ အဲဒီ တရားတွေကို အဖန်ဖန် အထပ်ထပ် အောက်မေ့ခြင်း၊ အောက်မေ့ပြီးတော့နေတဲ့ ပုဂ္ဂိုလ်မှာဆိုရင် အဲဒီတရားတွေနဲ့ ပတ်သက်ပြီးတော့ ပညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဝေခွဲနိုင်တယ်။ စူးစမ်းနိုင်တယ်။ အဲဒါကို ဓမ္မဝိစယ သမ္ဗောဇ္ဈင်။

## ဓမ္မဝိစယသမ္ဗောဇ္ဈင် (၂)မျိုး

အဲဒီ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဟာလဲ နှစ်မျိုးတဲ့။ အဇ္ဈတ္တ= မိမိ အဇ္ဈတ္တမှာရှိနေတဲ့ ရုပ်တရား နာမ်တရားတွေကို ပညာနဲ့ဆင်ခြင်ပွားများခြင်း၊ သိမြင်ခြင်း၊ ပညာနဲ့ ခွဲခြားစိတ်ဖြာပြီးတော့ သိခြင်း၊ ဗဟိဒ္ဓသန္တာန်မှာရှိတဲ့ သင်္ခါရတရားတွေကို ပညာနဲ့ ခွဲခြားစိတ်ဖြာသိမြင်ခြင်း ဆိုပြီးတော့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုလဲပဲ အဲဒီလို နှစ်မျိုးခွဲခြားရပါတယ်။

## ဓမ္မဝိစယအရကောက်

အဲဒီမှာ ဓမ္မဝိစယဆိုတော့ တရားတွေ ခွဲခြားပြီးတော့ သိနိုင်တဲ့ ဗောဇ္ဈင်တရားမျိုး၊

**ဗောဇ္ဈင် သမုဋ္ဌာပကံ ဝိပဿနာဉာဏံ ဓမ္မဝိစယော၊**

ဘာကိုအရကောက်ရမလဲဆိုတော့ ဗောဇ္ဈင် သမုဋ္ဌာပကံ= ဗောဇ္ဈင်ကို ဖြစ်စေတတ်သော ကိလေသာတို့မှ နိုးကြား၊ ကိလေသာတည်း

http://www.dhammadownload.com



ဟူသော အိပ်ပျော်ခြင်းမှ နိုးကြားလတ္တံ့ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့အချက်အလက် အစိတ်အပိုင်းကို ဖြစ်စေတတ်သော သစ္စာလေးပါးကို သိလတ္တံ့သော ပုဂ္ဂိုလ်ရဲ့ အစိတ်အပိုင်းကို ဖြစ်စေတတ်သော ဝိပဿနာ ဉာဏ်= ဝိပဿနာဉာဏ်သည်၊ ဓမ္မဝိစယော= ဓမ္မဝိစယ မည်၏။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရဲ့ အရကတော့ ဝိပဿနာဉာဏ်ပါပဲ။ အဲဒီ ဝိပဿနာဉာဏ် ကိုပဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ တရားတွေဝေခွဲပြီး သိမြင်နိုင်တဲ့ဉာဏ်၊ သိမြင်နိုင်တဲ့ဉာဏ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါပဲ။

## ဓမ္မာနုပဿနာရှုနည်း

အဲဒါကို ဓမ္မာနုပဿနာအပိုင်းမှာ ရှုနည်းရှိသေးတယ်။ အဲဒီ ဝိပဿနာဉာဏ်ကို မိမိသန္တာန်မှာ ထင်ရှားရင် ထင်ရှားရှိတယ်။ ဒီလိုလဲ သိရမယ်။ ထင်ရှားမရှိရင် မရှိဘူးလို့ ဒီလိုလဲ သိရမယ်။ မဖြစ်ပေါ်သေးတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ခေါ် ဝိပဿနာဉာဏ် ဖြစ်ပေါ်ဖို့အကြောင်းအချက် တွေကိုလဲ သိရမယ်။ ဖြစ်ပေါ်ပြီးဖြစ်တဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပြန့်ပြော အောင်, ပြီးပြည့်စုံအောင် ဘယ်လိုလုပ်ရမလဲလို့ ဒီအချက်ကိုလဲ သိရမယ်။

## အကြောင်း(၂)မျိုး

အဲဒီတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ဖို့နဲ့ ပတ်သက်ပြီးတော့ ဣမေ ဓမ္မာကုသလာ၊ ဒီတရားတွေက ကောင်းတဲ့တရားတွေ၊ ဣမေ ဓမ္မာ အကုသလာ= ဒီတရားတွေက မကောင်းတဲ့တရားတွေပဲ။ ကောင်းတဲ့ တရားတွေ၊ မကောင်းတဲ့အကုသိုလ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ယောနိသောမနသိကာရ လမ်းရိုး လမ်းမှန်အတိုင်း နှလုံးသွင်းမှု ရှိမယ်ဆိုရင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်နိုင်တယ်။ အပြစ်ရှိတဲ့ တရား၊ မရှိတဲ့တရား၊ မည်းညစ်တဲ့တရား၊ ဖြူစင်တဲ့တရား၊ မည်းညစ်တဲ့အဖို့ရှိတဲ့ တရား၊ ဖြူစင်တဲ့အဖို့ရှိတဲ့တရားတွေနဲ့ ပတ်သက်ပြီးတော့ ယောနိသော မနသိကာရ= မမြဲတဲ့တရားတွေကို မမြဲဘူး။ ဆင်းရဲတဲ့တရားတွေကို

6(A)

http://www.dhammadownload.com



ဆင်းရဲတယ်။ မတင့်တယ်တဲ့တရားတွေကို မတင့်တယ်ဘူးလို့၊ အတ္တမဟုတ်တဲ့တရားတွေကို အတ္တမဟုတ်ဘူးလို့။ အဲသလို အမှန်အတိုင်း နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ ရှိမယ်ဆိုရင် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ပါတယ်။

## အသိဉာဏ်ပညာရကြောင်း အကြောင်း(၈)မျိုး

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းရှာမယ်ဆိုရင် ရှစ်မျိုးတွေ့ရပြန်တယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ ဘာတွေလုပ်ရမလဲ ပရိပုစ္ဆာကတာ ခန္ဓာအာယတနဓာတ်သစ္စာ တရားတွေ မေးရမြန်းရ သင်ရကြားရမယ်။ မေးနိုင်မြန်းနိုင် သင်နိုင်ကြားနိုင်လို့ ရှိရင်လဲပဲ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပွားနိုင်ပါတယ်တဲ့။ ပြီးတော့ အဇ္ဈတ္တ ဗဟိဒ္ဓ ဝတ္ထုသန့်ရှင်းရမယ်။ အဲသလိုဆိုလို့ရှိရင်လဲ တရားမြင်နိုင်တယ်။ မိမိခန္ဓာကိုယ်မှာ အညစ်အကြေးတွေ ညစ်ထေးနေမယ်။ လက်သည်း ခြေသည်းတွေ ရှည်နေမယ်။ ဆံပင်တွေ မသန့်မရှင်းဖြစ်နေမယ်ဆိုရင် ဆီမီးခွက်ကလဲ မသန့်ရှင်းဘူး။ ဆီကလဲ မသန့်ရှင်းဘူး။ မီးစာကလဲ မသန့်ရှင်းဘူးဆိုရင် ဆီမီးရောင်ဟာ မသန့်ရှင်းဘူးတဲ့။ ဆီမီးခွက်ကလေးကလဲ သန့်ရှင်းရမယ်။ ဆီကလဲ သန့်ပြန့်ရမယ်။ မီးစာလေးကလဲ သန့်ပြန့်မယ်ဆိုရင် မီးရောင်ဟာ သန့်ရှင်းသလို အတွင်းသန္တာန်၊ အပြင်သန္တာန် သန့်သန့်ပြန့်ပြန့် ဖြစ်နေခြင်းဟာလဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းပဲ။ မိမိတို့ အားထုတ်တဲ့ နေထိုင်တဲ့ကျောင်း ပတ်ဝန်းကျင် အမှိုက်သရိုက်ရှိနေမယ်ဆိုရင် ဒါမသန့်ရှင်းဘူး။ အမှိုက်သရိုက်လေး ရှင်းလင်းထားလိုက်မယ် ဆိုလို့ရှိရင် တရားတွေ ဝေခွဲသိမြင်ခြင်းရဲ့အကြောင်းပဲ။ ဒါကြောင့် မေး၊ မြန်း၊ သန့်စေ ညီမျှစေ၍ ဆိုတဲ့အတိုင်း ညီမျှစေရမယ်။ ဘာတွေကို ညီမျှစေရမလဲ။ သဒ္ဓါနဲ့ပညာ ညီမျှအောင်ထား၊ ယုံကြည်မှုနဲ့ အသိဉာဏ် ညီမျှစေရမယ်။ အသိဉာဏ်မပါတဲ့ ယုံကြည်မှုဆိုရင် မုဓပ္ပသန္န= အလဟဿ ကြည်ညိုမှုတွေ ဖြစ်နိုင်တယ်။ သဒ္ဓါတရားမပါတဲ့

http://www.dhammadownload.com



ပညာဆိုရင် ကောက်ကျစ်တတ်တယ်။ သဒ္ဓါလွန်သော် ဆွံ့၊ ပညာလွန်သော် ကွန့်ဆိုသလိုပါပဲ။

ဝီရိယနဲ့ သမာဓိလဲ ဒီအတိုင်းဘဲ ညှိပေးရတယ်။ ဝီရိယလွန်လို့ ရှိရင် စိတ်ဟာပြန့်လွင့်တတ်တယ်။ သမာဓိများပြန်ရင်တော့လဲ ပျင်းရိတတ်တယ်။ ဒါကြောင့် ဝီရိယနဲ့ သမာဓိလဲ ညှိပေးရတယ်။ ဝီရိယလွန်သော် ပျံ့၊ သမာဓိများ ပျင်းရိပွား၏လို့ ဆိုကြတယ်။ ဣန္ဒြေငါးပါးထဲမှာ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဒီဣန္ဒြေတွေကို ညှိပေးရတယ်။ အဲဒီတော့ ယခုလို သမာဓိရဖို့ အားထုတ်နေတဲ့အခါမျိုးမှာ သဒ္ဓါတရားအားကောင်းဖို့ လိုတယ်။ ဧကဂ္ဂတာ ခေါ်တဲ့ တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှုဟာ သဒ္ဓါအားကောင်းဖို့လိုတယ်။ ဝိပဿနာပိုင်းရောက်တဲ့အခါမှာ ပညာအားကောင်းဖို့ လိုပြန်တယ်။ သမထပိုင်းမှာတော့ သဒ္ဓါတရား အားကောင်းဖို့လိုတယ်။ ဧကဂ္ဂတာ အားကောင်းဖို့လိုတယ်။ ဒါမှ ဒီသမာဓိဟာ အပ္ပနာအထိ ဆိုက်ရောက်နိုင်ပါတယ်။ ဝိပဿနာအားထုတ်ပြီဟေ့ဆိုတဲ့အခါမျိုးမှာ ပညာအားကောင်းဖို့လိုတယ်။ ဒါမှ တရားတွေဝေခွဲပြီး သိမြင်နိုင်လိမ့်မယ်တဲ့။ "မေးမြန်းသန့်စေ ညီမျှစေ၍ မဲ့လေပညာ ရှောင်လွှဲကာဖြင့်" ခန္ဓာအာယတန ဓါတ်သစ္စာ တရားတွေကို ဘာမှမသိတဲ့ ပုဂ္ဂိုလ်ကိုရှောင်ရမယ်။ ပညာရှိမြတ် ချဉ်းကပ်နက်နဲ ဒီတရားတွေကို နားလည်တဲ့ပုဂ္ဂိုလ်၊ သိတဲ့ပုဂ္ဂိုလ်များကို ချဉ်းကပ်ရမယ်တဲ့။ ချဉ်းကပ်နက်နဲ ဆင်ခြင်မြဲသည် ဩတ်ကဲဓမ္မဖြစ်ကြောင်းတည်း။ နက်နဲတဲ့တရားတွေကို ဆင်ခြင်ရမယ်။ နက်နဲတဲ့တရားတွေ ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် တရားတွေကို ဆင်ခြင်မှုများပွားရမယ်။ ဆင်ခြင်မြဲသည် ဓမ္မ ဖြစ်ကြောင်းတည်း။ ထိုင်နေတဲ့နေရာ၊ သွားနေတဲ့နေရာ၊ အိပ်နေတဲ့နေရာ ဣရိယာပုထ်တိုင်း၊ ဣရိယာပုထ်တိုင်းမှာ ဒီတရားမြင်ဖို့ပဲ စိတ်ကညွတ်ပြီးတော့နေမယ်။ ကိုင်းပြီးတော့နေမယ်၊ ရှိုင်းပြီးတော့နေမယ်ဆိုရင်လဲ ဓမ္မဝိစယတရားတွေ ခွဲခြားသိမြင်တဲ့ သမ္ဗောဇ္ဈင်ဖြစ်ပွားနိုင်တယ်။ ဒါကြောင့် "မေးမြန်းသန့်စေ

http://www.dhammadownload.com



ညီမျှစေ၍ မဲ့လေပညာ ရှောင်လွှဲကာဖြင့် ပညာရှိမြတ် ချဉ်းကပ်နက်နဲ ဆင်ခြင်မြဲသည် ညွတ်ကဲဓမ္မ ဖြစ်ကြောင်းတည်း"။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း ရှစ်မျိုးတဲ့။ အဲသလို ရှစ်မျိုး ရှိပါတယ်။ အဲဒီ ဓမ္မဝိစယတရားတွေ ဝေခွဲတော့ အတွင်းသန္တာန်မှာဖြစ်တဲ့တရားတွေ ဝေခွဲသိမြင်ခြင်း၊ အပြင်သန္တာန်ဖြစ်တဲ့ တရားတွေ ဝေခွဲသိမြင်ခြင်း၊ နှစ်မျိုး၊ အဲသလို ဝေခွဲသိမြင်မှုကိုမှ တတိယနည်း ရောက်တဲ့အခါမှာ ဝိဝေကကို မှီတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရမယ်။ ဆိတ်ငြိမ်ခြင်းကိုမှီတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရာဂကင်းခြင်းကိုမှီတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ကိလေသာတို့မှ ချုပ်ငြိမ်းခြင်းကိုမှီတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ စွန့်လွှတ်ခြင်း ကိုမှီတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရမယ်တဲ့။ ဖြစ်စေရမယ်ဆိုတာ ဘာလဲဆိုတော့ ပွားများရမယ်၊ ပွားများရမယ်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ဆိုတော့ မိမိသန္တာန်မှာ အဖန်ဖန် အထပ်ထပ် ဖြစ်စေရမှာပါပဲ။

အဲဒီတော့ ယောဂီသူတော်စင်များ သတိသမ္ဗောဇ္ဈင် ထွက်လေ ဝင်လေကို ရှုမှတ်၊ ထွက်လေ ဝင်လေကို အစဉ်မပြတ်ရှုမှတ်ခြင်းဆိုတဲ့ သတိသမ္ဗောဇ္ဈင် ဖြစ်ပွားအောင်အားထုတ်ရာမှ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓ သန္တာန်မှာရှိတဲ့ တရားတွေကို ဝေခွဲသိမြင်ခြင်းဆိုတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟာလဲပဲ ဖြစ်ပွားပြီးတော့ လာနိုင်ပါတယ်။ ဒါကြောင့် ဗောဇ္ဈင်ခုနစ်ပါး အဆင့်ဆင့် ဖြစ်ပွားခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ သတိသမ္ဗောဇ္ဈင် ကစပြီးတော့ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းဆု တောင်းရင်း ဘုန်းကြီးရဲ့စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## တရားတစ်ပါး အရင်းတည်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၃)ရက်နေ့ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန် အရှင်အာနန္ဒာမထေရ် မြတ်စွာဘုရားအထံ ရောက်ပြီးတော့ မြတ်စွာဘုရားအဘယ်တရားကို ပွားများခဲ့လို့ရှိရင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်ပါသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားရာရောက်ပါသနည်း၊ တရားနှစ်မျိုးကို ပွားရာရောက်ပါသနည်း။ ဒီမေးခွန်း အရှင်အာနန္ဒာက မေးတယ်။ မေးတဲ့အခါကျတော့ အာနန္ဒာ! ထွက်လေ ဝင်လေကို ရှုမှတ်၊ သတိမပြတ် ရှုမှတ်ပွားများပြီးနေရင် သတိပဋ္ဌာန်လေးပါးလုံး ပွားရာရောက်တယ်။ ဗောဇ္ဈင်ခုနစ်ပါးလဲ ပွားရာရောက်တယ်။ တရားနှစ်မျိုးကိုလဲ ပြီးပြည့်စုံတယ်။ ပြီးပြည့်စုံရာရောက်တယ်။ တရားနှစ်ပါး၊ တရားနှစ်မျိုးဆိုတာ ဘာလဲလို့ဆိုတော့ ဝိဇ္ဇာလေးပါး၊ ဝိမုတ္တိလေးပါး၊ ဝိဇ္ဇာလေးပါးဆိုတာ မဂ်ဉာဏ်လေးပါးပါပဲ။ ဝိမုတ္တိလေးပါးဆိုတာ ဖိုလ်ဉာဏ်လေးပါးပါပဲ။

ဒါကြောင့် မိမိတို့အားထုတ်နေတဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများနေတဲ့ အာနာပါနသတိကမ္မဋ္ဌာန်းတစ်မျိုးထဲ။ ပွားများနေရင်းကနေပြီးတော့ တစ်မျိုးပွားများလိုက်တာနဲ့ လေးပါး၊ လေးပါး ပွားများလိုက်တာနဲ့ ခုနစ်ပါး၊ ခုနစ်ပါးပွားများလိုက်တာနဲ့ ဆင့်ကဲ ဆင့်ကဲ ဝိဇ္ဇာဉာဏ်လေးပါး၊ ဝိမုတ္တိလေးပါး ရောက်ရှိနိုင်တယ်။ တစ်ပါး အရင်းတည်ပြီးတော့ လေးပါး၊ လေးပါးအရင်းတည်ပြီးတော့ ဗောဇ္ဈင်ခုနစ်ပါး၊ ဗောဇ္ဈခုနစ်ပါး အရင်းတည်ပြီးတော့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဝိမုတ္တိလေးပါး၊ တရားတွေလဲပဲ ပြီးပြည့်စုံနိုင်တယ်။ ဘာကြောင့်လဲလို့ဆိုတော့ ဒီထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်းဟာ ကာယအပေါင်းထဲက ထုတ်နှုတ်ပြီးတော့ ဝါယောကာယ၊ ကာယာနုပဿနာသတိပဋ္ဌာန်မှာ ကာယေသုကာယာနုပဿီဆိုတဲ့ စကားတော်မှာ ကာယတွေအများကြီး ရှိတာထဲက အစုအပေါင်းတွေ၊ ရုပ်အစုအပေါင်း၊ နာမ်အစုအပေါင်းတွေ အများကြီးရှိတာထဲက ဝါယော ကာယ ဝါယောရုပ်တဲ့။

http://www.dhammadownload.com



## အရိယာတို့ရဲ့နေခြင်း

ဒါဖြင့် အဲဒီအာနာပါနဿတိခေါ်တဲ့ ကမ္မဋ္ဌာန်း အာနာပါနဿတိခေါ်တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ခြင်း၊ တစ်နည်းအားဖြင့် ဝါယောရုပ်ကို မပြတ်ရှုမှတ်ပြီးတော့နေခြင်းနဲ့ ပတ်သက်လို့ မြတ်စွာဘုရားကို အမေးလေးတစ်ခု ထပ်ပြီးတော့မေးတယ်။ ဘယ်လို နေထိုင်တဲ့ပုဂ္ဂိုလ်ရဲ့ နေခြင်းမျိုးကို အရိယဝိဟာရ- အရိယာတို့ရဲ့ နေခြင်းမျိုး၊ ဗြဟ္မဝိဟာရ- မြတ်သောနေခြင်းမျိုး၊ တထာဂတဝိဟာရ- ဘုရားရှင်တို့ရဲ့နေခြင်းမျိုးနဲ့ နေသည်မည်ပါသလဲလို့ မေးခွန်းထုတ်တော်မူပြီးတော့ ဖြေတဲ့အခါကျတော့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးနေတဲ့ အာနာပါနဿတိ ဒီကမ္မဋ္ဌာန်းကို ပွားများမယ်၊ အားထုတ်မယ်၊ အားထုတ်နေမယ်ဆိုလို့ရှိရင် အရိယာတို့ရဲ့ နေခြင်းမျိုးနဲ့နေတယ်လို့ ပြောနိုင်ပါတယ်တဲ့။ မြတ်သောနေခြင်းနဲ့ နေတယ်လို့လဲ ပြောနိုင်ပါတယ်။ မြတ်စွာဘုရားတို့ရဲ့ နေခြင်းမျိုးနဲ့ နေတယ်လို့လဲ ပြောနိုင်ပါတယ်တဲ့။ အဲသလိုဆိုတော့ မြတ်သောနေခြင်း၊ အရိယာတို့ရဲ့နေခြင်း၊ မြတ်စွာဘုရားတို့ရဲ့နေခြင်းမျိုးနဲ့နေခြင်းဟာ အင်မတန် မွန်မြတ်တဲ့ နေခြင်းမျိုး ဖြစ်နေတယ်။ စောစောက ပြောသလိုပဲ ဒီတရားတစ်ပါးကို အားထုတ်လိုက်တာနဲ့ သတိပဋ္ဌာန် လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဝိဇ္ဇာ၊ ဝိမုတ္တိတရား နှစ်ပါးပါ ပြီးပြည့်စုံတယ်တဲ့။

## အားလုံးပုဂ္ဂိုလ်တွေ အသုံးချ

အားထုတ်တာကတော့ တစ်ပါးပဲတဲ့။ သို့သော်လဲပဲ ပြန့်ပွားပြီးတော့လာတဲ့ တရားတော်တွေက မြင့်မြတ်တဲ့တရားတွေကိုး။ အကယ်၍ များ ပုထုဇဉ် အပါအဝင် သေက္ခပုဂ္ဂိုလ်များက ဤထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်ကြတယ်ဆိုရင် အာသဝေါတို့၏ ကုန်ရာ၊ အာသဝေါတရားတို့ကို ကုန်စေတတ်တဲ့ အာသဝက္ခယဉာဏ်တရား ရောက်ဖို့ရန် ဖြစ်ရတယ်တဲ့။ တစ်ချို့တစ်ချို့ပုဂ္ဂိုလ်များကြတော့ ပြုအပ် ပြီးသောကိစ္စ ရှိပြီးသားပုဂ္ဂိုလ်တွေ၊ ရဟန္တာအရှင်မြတ်ကြီးတွေ၊

http://www.dhammadownload.com



ဘဝသံယောဇဉ် ကုန်ပြီးသားအရှင်မြတ်ကြီးတွေ၊ ချထားအပ်သော ခန္ဓာဝန်ရှိကြပြီးသားပုဂ္ဂိုလ်တွေ အဲဒီ ရဟန္တာအရှင်မြတ်ကြီးတွေ ကျပြန်တော့လဲ ဒီထွက်လေ ဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်းအသုံးချကြပြန်တယ်။

## ရည်ရွယ်ချက် (၂)မျိုး

အဲဒီအရှင်မြတ်ကြီးတွေ ရည်ရွယ်ချက်နှစ်မျိုးနဲ့ အသုံးချတော်မူကြတယ်။ နံပါတ်(၁)က ဘာလဲဆိုတော့ ဒိဋ္ဌ ဓမ္မ သုခ ဝိဟာရာယ မျက်မှောက်ထင်ထင် ရှုမြင်အပ်သောဘဝမှာ ချမ်းချမ်းသာသာနေဖို့အတွက် ဒီကမ္မဋ္ဌာန်းကို အားထုတ်ကြတယ်။ နံပါတ်(၂) ရည်ရွယ်ချက်က ဘာလဲလို့ဆိုတော့ သတိသမ္ပဇဉ် ဖြစ်ပွားဖို့ရာအတွက် အရှင်မြတ်ကြီးများ ပြုဖွယ်ကိစ္စ ပြီးပြည့်စုံပြီးသား အရှင်မြတ်ကြီးများလဲ ဒီကမ္မဋ္ဌာန်းကို အသုံးချတော်မူကြတယ်။ သုံးစွဲတော်မူကြတယ်။ အဲဒီတော့ စောစောက ပြောသလို အာနာပါနဿတိကမ္မဋ္ဌာန်း အားထုတ်တာနဲ့ သတိပဋ္ဌာန်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဝိဇ္ဇာ၊ ဝိမုတ္တိနှစ်ပါး ပြီးပြည့်စုံနိုင်တယ်လို့ဆိုတော့ အခုယောဂီသူတော်စင်များ အားထုတ်နေတဲ့ ထွက်လေဝင်လေကို ရှုမှတ်ပွားများနေတဲ့ ကမ္မဋ္ဌာန်းကြီးသည် ဘယ်လောက်အရေးပါတယ်ဆိုတာ သိကြပြီးသားဖြစ်တယ်။ အဲဒီတော့ ဗောဇ္ဈင်ခုနစ်ပါးကို ဖြစ်ပွားစေနိုင်တယ်လို့ ဆိုတဲ့နေရာမှာ ညဥ့်စဉ်ညဥ့်စဉ် ဟောပြီးတော့လာတာက ဗောဇ္ဈင်ခုနစ်ပါးကိုး။

## ဝီရိယသမ္ဗောဇ္ဈင်

ဒီနေ့ ဝီရိယသမ္ဗောဇ္ဈင်အလှည့် ဝီရိယသမ္ဗောဇ္ဈင်ဆိုတာ ဘာကိုခေါ်ပါ သလဲ။ ဗောဇ္ဈင်ကိုဖြစ်ပွားစေနိုင်တဲ့ ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ ဝီရိယကို ဝီရိယသမ္ဗောဇ္ဈင်။

http://www.dhammadownload.com



**တဿ တံဓမ္မံ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ၊ အယံ ဝုစ္စတိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ။**

ဓမ္မဝိစယသမ္ဗောဇ္ဈင်တုန်းက ပြထားတဲ့အတိုင်းပဲတဲ့။ အတွင်းသန္တာန်မှာရှိတဲ့ တရားတွေ၊ အပြင်သန္တာန်မှာရှိတဲ့ သင်္ခါရတရားတွေ၊ တစ်နည်းအားဖြင့် ရှေးက မြင်ဘူးတဲ့၊ ကြားဘူးတဲ့တရားတွေ၊ သိဘူးတဲ့တရားတွေ၊ အဲဒီ တရားတွေကို စဉ်းစားပြီးတော့ ဆင်ခြင်ပြီးတော့ အားကြိုးမာန်တက် ပွားများပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဟာဆိုရင် ဘာဖြစ်သလဲလို့ဆိုတော့ ဝီရိယဖြစ်ပေါ်တယ်။ မတွန့်ဆုတ်တဲ့ ဝီရိယဖြစ်ပေါ်တယ်။ အဲဒါ ဝီရိယသမ္ဗောဇ္ဈင်ပါပဲတဲ့။ အဲဒီ ဝီရိယသမ္ဗောဇ္ဈင် အပါအဝင် ဗောဇ္ဈင်ခုနစ်ပါး၊ ခုနစ်ပါးကို ဆယ့်လေးပါး ပွားလာတဲ့နည်းအရ ဟောတဲ့အခါ ဝီရိယသမ္ဗောဇ္ဈင်ဟာ ကာယိကဝီရိယ- စင်္ကြံလျှောက်ခြင်း အစရှိသည်ဖြင့် အားထုတ်ခြင်း ကာယိကဝီရိယ၊ စေတသိကဝီရိယ- စိတ်နဲ့ ကြိုးစားအားထုတ်နေတဲ့ ဝီရိယမျိုး၊ အဲဒီ နှစ်မျိုးကို ဝီရိယသမ္ဗောဇ္ဈင်လို့ ဒီလိုခေါ်ရတယ်။ အဲဒီ ဝီရိယသမ္ဗောဇ္ဈင်ကိုပဲ ကင်းဆိတ်ခြင်းကိုမှီ၊ စွန့်လွှတ်ခြင်းကိုမှီ၊ ချုပ်ငြိမ်းခြင်းကိုမှီ၊ စွန့်လွှတ်ခြင်းကို ညွတ်ကိုင်းပြီးတော့ ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများမယ်ဆိုရင် ဘာဝနာဖြစ်တယ်။

**ဓမ္မာနုပဿနာရှုနည်း**

အဲဒီ ဝီရိယသမ္ဗောဇ္ဈင်နဲ့ ပတ်သက်ပြီးတော့ ဓမ္မာနုပဿနာရှုနည်းက-

**သန္တံ ဝါ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂံ အတ္ထိမေ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ ဝီရိယတွေ ထင်ရှားဖြစ်နေပြီဆိုရင် ငါ့သန္တာန်မှာ ဝီရိယသမ္ဗောဇ္ဈင်တွေ ဖြစ်နေပြီလို့ သိရတယ်။ မိမိသန္တာန် ဝီရိယ

http://www.dhammadownload.com



သမ္မောဇ္ဈင် မဖြစ်ပါဘူး၊ မရပါဘူးလို့ ဆိုလို့ ရှိရင် မိမိသန္တာန်မှာ ဝီရိယသမ္မောဇ္ဈင် မဖြစ်ဘူးလို့ ဒီလိုလဲသိရတယ်။

**အသန္တံ ဝါ အဇ္ဈတ္တံ ဝီရိယသမ္မောဇ္ဈင်္ဂံ နတ္ထိမေ အဇ္ဈတ္တံ ဝီရိယသမ္မောဇ္ဈင်္ဂေါ တိ ပဇာနာတိ၊**

လို့ ဟောပါတယ်။

**ယထာစ အနုပ္ပန္နဿ ဝီရိယ သမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ။**

မိမိသန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ ဝီရိယသမ္မောဇ္ဈင် မဖြစ်တာကို လဲသိ၊ ယထာစ ဥပ္ပန္နဿ= ဝီရိယသမ္မောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စပဇာနာတိ။ ဖြစ်ပေါ်နေတဲ့ ဝီရိယ သမ္မောဇ္ဈင် ပွားများမှု ပြီးပြည့်စုံမှု ဖြစ်တယ်လို့ဆိုတာ ဒီလိုလဲပဲသိ။ အဲသလိုလဲပဲ မိမိသန္တာန်မှာ ဖြစ်နေတဲ့ ဝီရိယသမ္မောဇ္ဈင် ဖြစ်တာကိုလဲ သိရမယ်။

## အကြောင်း(၃)မျိုး

ဒါဖြင့် ဝီရိယသမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းကိုရှာတဲ့အခါ ဓါတ်သုံးမျိုးရှိတယ်။ ဓါတ်သုံးမျိုး ဆိုတာကတော့ ဝီရိယဓါတ်တွေပါပဲ။ အာရမ္ဘဓာတ် အစရှေ့ဖျား လုံ့လထားပြီးတော့ ကြိုးစားအားထုတ်အပ်တဲ့ အာရမ္ဘဓာတ်၊ စတင်ပြီးတော့ ခုနစ်ရက်တရားစခန်း ဝင်တဲ့နေ့က စပြီးတော့ ယောဂီသူတော်စင်များ ကြိုးစားအားထုတ်ရတာ အစဆုံး ကြိုးစားအားထုတ်ခြင်း အဲဒီ ဝီရိယဓာတ်က တစ်မျိုး။ နိက္ကမဓာတ်-ပျင်းရိခြင်းမှ ထွက်မြောက်ပြီးတော့ ကြိုးစားအားထုတ်ရတဲ့ဓာတ်မျိုးက နိက္ကမဓာတ်။ ပရက္ကမဓာတ်ဆိုတာက ဆင့်ကဲ ဆင့်ကဲ ဝီရိယတိုးတက် တိုးတက်ပြီးတော့လာတဲ့ဓာတ်မျိုးက ပရက္ကမဓာတ်။ အဲဒီ ဝီရိယဓာတ် သုံးမျိုးအပေါ်မှာ ယောနိသော မနသိကာရ လမ်းရိုး လမ်းမှန်အတိုင်း နှလုံးသွင်းဆင်ခြင်ခြင်းနဲ့ ပေါင်းစပ်လိုက်လို့ရှိရင် ဝီရိယသမ္မောဇ္ဈင် ဖြစ်ပွားနိုင်ပါတယ်။

http://www.dhammadownload.com



## အကြောင်း(၁၁)မျိုး

အဋ္ဌကထာ ဆရာကြီးများကတော့ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းကို ဆယ့်တစ်မျိုး ဖွင့်ဆိုကြ ပါတယ်။ ဘယ်လိုဖွင့်ဆိုကြသလဲ **"ဝီရိယစွမ်း တဲ့ပြန်ဆွမ်းနှင့် သွားလမ်း ပါယ်ဘေး မွေးမြတ်ပေးတည်၊ မြတ်ရေးဆရာ၊ ပြဟ္မစာနဲ့ မျိုးပါဆင်ခြင် ရှောင်လျှင်အပျင်း အားထုတ် ချဉ်းကပ် ညွတ်ကိုင်းလတ် ဆယ့်တစ်ရက် ဝီရိဖြစ်ကြောင်းတည်း"**။ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း ဆယ့်တစ်မျိုး။ အဲဒီတော့ ဝီရိယစွမ်းတဲ့ လောကုတ္တရာတရားကိုးပါးဟာ ပျင်းရိဖျင်းနွဲ့တဲ့ ပုဂ္ဂိုလ်များ မရနိုင်ဘူး။ ဝီရိယရှိမှ ရနိုင်တယ်။ အဲဒီလို ဝီရိယရဲ့အကျိုးအာနိသင်ကို နားလည်ရမယ်။ အဲသလို ဝီရိယရဲ့အကျိုး အာနိသင်ကို ကြည့်တတ်လို့ ရှိရင်လဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်။ တဲ့ပြန်ဆွမ်းနှင့် ဆွမ်းကျေးဇူး ဆပ်လိုတဲ့ အခါမျိုးလဲပဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်။ ဒီအကြောင်း အရာကတော့ အကျယ်တဝင့် နောက်ဆုံးမှာ ဟောကြားရအောင်။ သွားလမ်းပါယ်ဘေး ဂမနဝီထိ ပစ္စဝေက္ခဏတာ ဂမနဝီထိဆိုတာ သွားလမ်း။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော် ကောင်းတို့ရဲ့ သွားလမ်းတဲ့။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာ အပေါင်း သူတော်ကောင်းကြီးတို့ လောင်းလျာများ ဝီရိယကြိုးစား အားထုတ်ခဲ့ကြတယ်။ အကုသိုလ်ရှောင် ကုသိုလ်ဆောင်တဲ့ လုပ်ငန်းကြီး တွေနဲ့ ပတ်သက်ပြီးတော့ ကြိုးစားအားထုတ်ခဲ့တယ်။ အဲသလို အရိယာ အရှင်မြတ်ကြီးတွေရဲ့ သွားလမ်းကို ဆင်ခြင်လို့ရှိရင်လဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်။ ပြီးတော့ အပါယ်ဘေးကို ဆင်ခြင်။ အပါယ်ဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ငါးပါးသော နှောင်ဖွဲ့ညှင်းဆဲ ခြင်းတို့ဖြင့် ညှင်းဆဲခံရတဲ့ ငရဲသူ ငရဲသားတွေ၊ တိရစ္ဆာန်ကျပြန်တော့လဲပဲ သူတစ်ပါး တို့ရဲ့ အစေအပါးဖြစ်ပုံ။ ငါးတို့ ဖားတို့ကျပြန်တော့လဲ မြှုံးနဲ့ ပိုက်ကွန်နဲ့ အဖမ်းခံရပုံ၊ တိရစ္ဆာန်ဘဝမှာ ကျွဲတို့၊ နွားတို့ကျပြန်တော့လဲ အမျိုးမျိုးဝန်တွေ ထမ်းဆောင်ရပုံတွေ၊ ရုန်းကန်ရပုံတွေ၊ ပြိတ္တာများ

http://www.dhammadownload.com



ကျပြန်တော့လဲ နှစ်ပေါင်းများစွာ အစာရေစာမရ၊ ငတ်ပြီးတော့ နေကြရပုံတွေ။ အဲဒါတွေကို ဆင်ခြင်ကြရမှာ။ အဲဒါတွေ ဆင်ခြင်လိုက်တဲ့ အခါ ကြိုးစားဖြစ်တယ်။ အဲဒီ အပါယ်လေးဘုံများ အကယ်၍ ရောက်သွားလို့ရှိရင် တရားဆိုတာ ဝေးရော။ သူ့ဘဝရပ်တည်ရုံလေး တောင်မှ ဆင်းဆင်းရဲရဲ ရပ်တည်ကြရတာကိုး။ ဒါကြောင့် မြတ်စွာဘုရားက ပုဂ္ဂိုလ်တစ်ယောက်ဟာ တိရစ္ဆာန်ဖြစ်သွားတယ်တဲ့။ တိရစ္ဆာန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ဟာ သေသွားလို့ရှိရင် လူဖြစ်တဲ့တိရစ္ဆာန်၊ နတ်ဘဝရောက်တဲ့ တိရစ္ဆာန် အင်မတန်ရှားတယ်။ တိရစ္ဆာန်ကနေ တိရစ္ဆာန်ဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ် ငရဲရောက်ချင် ရောက်မယ်။ အဲဒီလို ပုဂ္ဂိုလ်တွေသာ များပါ တယ်တဲ့။ ဆက်ပြီးတော့ မွေမြတ်ပေးတည့် မြတ်စွာဘုရားရဲ့အမွေကို စဉ်းစားကြရအောင်။

ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏာ= မြတ်စွာဘုရားရဲ့အမွေ မြင့်မြတ်ပုံကို ကြည့်ရမယ်။ မြတ်စွာဘုရားရဲ့ အမွေကဘာလဲလို့ဆိုတော့ အရိယမန= အရိယာတို့ရဲ့ဥစ္စာ၊ အရိယာတို့ရဲ့ဥစ္စာဆိုတာ ဘာလဲလို့ ဆိုတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် လောကုတ္တရာတရားကိုးပါး အဲဒီ အမွေပစ္စည်းဟာ စဉ်းစားကြည့်မယ်ဆိုရင် ကမ္ဘာ့လူထုကြီး သန်းပေါင်းခြောက်ထောင်သုံးရာကျော်ရှိကြ။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ဆိုတဲ့ အသံလေးကြားရုံတောင်မှ ကြားခွင့်ရတဲ့ပုဂ္ဂိုလ် နည်းပါးလှ ပါတယ်၊ သန်းခြောက်ထောင်သုံးရာကျော်ထဲက တစ်ထောင်ရှိဖို့ အင်မတန်ခက်ပါတယ်။ အဲသလို မိမိတို့ရရှိထားတဲ့ သာသနာတော် တွေ့ကြုံနေရတဲ့သာသနာတော်၊ ထိုသာသနာတော်ကြီးကို တည်ထောင် တော်မူတဲ့ မြတ်စွာဘုရားရဲ့ အမွေတော်ကြီးက အင်မတန်များပြားတယ်၊ မြင့်မြတ်တယ်။ ဒါကြောင့် ကြိုးစားရမယ်လို့ စဉ်းစားလိုက်တဲ့အခါ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်။ မြတ်ရေးဆရာ ဘုန်းကြီးတို့ ယောဂီ သူတော်စင်တို့ အားလုံးဟာ မိမိတို့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ မြင့်မြတ်ပုံ၊ ဘုရားအလောင်း ဖွားမြင်တော်မူတဲ့အခါ၊ တောထွက်တော်

http://www.dhammadownload.com



မူတဲ့အခါ၊ ဘုရားအဖြစ်သို့ရောက်တော်မူတဲ့အခါ၊ ဓမ္မစကြာတရား ဟောတော်မူတဲ့ အခါ၊ အာယုသင်္ခါရလွှတ်တော်မူတဲ့အခါ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ အခါတွေမှာ စကြာဝဠာတစ်သောင်း တုန်လှုပ်ခဲ့တာ။ မြေကြီးတုန်လှုပ်ခဲ့တာ။ အဲသလောက်တောင် ကြီးကျယ်ခမ်းနားတဲ့ ဆရာ့အထံမှာ တပည့်ဖြစ်ပြီးတော့ နေကြရတယ်။ ဒါကြောင့် မိမိတို့ ကိုးကွယ်အားထားရာဖြစ်တဲ့ ဆရာဖြစ်တဲ့ မြတ်စွာဘုရားသည် အင်မတန် ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ ဒီလို ကြီးကျယ်မြင့်မြတ်တဲ့ ကိုးကွယ်အားထားရာ ဗုဒ္ဓဘုရားနဲ့တွေ့တဲ့အခါ ဗုဒ္ဓဘုရားရဲ့ အဆုံးအမနဲ့ တွေ့ကြုံဆုံဆည်းတဲ့အခါ ကြိုးစားရမယ်လို့ ဆိုပြီးတော့ စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း ဝီရိယအားတွေဟာ တက်ပြီးတော့လာတယ်။ ဗြဟ္မစာနဲ့ ဗြဟ္မစရိယ မဟတ္တ ပစ္စဝေက္ခဏတာ၊ သီတင်းသုံးဖော်ဖြစ်ကြတဲ့ ရဟန်းတော်များကို ပြောမယ်ဆိုရင် သီတင်းသုံးဖော် ဖြစ်ကြတဲ့ ဆရာတော်ကြီးတွေ၊ ထေရ်ကြီးဝါကြီးတွေ၊ အဂ္ဂသာဝက၊ မဟာသာဝက ကြီးတွေ၊ ပကတိသာဝကအရှင်မြတ်ကြီးတွေ စဉ်းစားလိုက်တဲ့အခါ မြင့်မြတ်တာကို တွေ့ရတယ်။ ငါတို့ သီတင်းသုံးဖော်တွေဟာ မြင့်မြတ်တဲ့ သီတင်းသုံးဖော်တွေလို့ ရဟန်းတော်များနဲ့ ပတ်သက်ပြီးလို့ စဉ်းစားလိုက်တဲ့အခါမှာ ဝီရိယတွေ အားတွေတက်ပြီးတော့လာနိုင်တယ်။ မျိုးပါ ဆင်ခြင်တဲ့ ရဟန်းတော်များအတွက် အထူးအားဖြင့်တော့ တို့ရဲ့ မြတ်စွာဘုရားက အဖဖြစ်တဲ့ မြတ်စွာဘုရားက သာကီဝင်မင်းမျိုး တို့လဲ သာကီဝင်မင်းမျိုးပဲ။ တို့ရဲ့ နောင်တော်ကြီးက ရှင်ရာဟုလာ၊ ရှင်အာနန္ဒာ အစရှိသည်ဖြင့် အမျိုးအနွယ်နဲ့ ပတ်သက်ပြီးတော့ မြင့်မြတ်ပုံကို စဉ်းစားလိုက်လို့ရှိရင်လဲပဲ ကြိုးစားမှပဲလို့ အားတက်လာတယ်။

### အယျမိတ္တထေရ်၏ ဆွမ်းကျေးရှုးဆပ်ပုံ

အဲဒီအကြောင်းတွေထဲက ဆွမ်းကျေးဇူး တုန့်ပြန့်တဲ့အနေအား ဖြင့် တုန့်ပြန်ဖို့စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း ဝီရိယတွေဖြစ်တယ်

http://www.dhammadownload.com



ဆိုတာ အကျယ်တဝင့်ပြောကြရအောင်။ အယျမိတ္တာမထေရ် ကဿက လိုဏ်မှာ သီတင်းသုံးပြီးနေတယ်။ အရှင်မြတ်ကလဲ နံနက် သင်္ကန်းလေးရုံ သပိတ်လေးပိုက်ပြီး ဆွမ်းခံကြွသွား၊ ဆွမ်းခံကြွသွားတယ်ဆိုတဲ့ တစ်နေရာ သင်္ကန်းရုံတဲ့ နေရာလေးမှာ ရပ်ပြီးတော့ သင်္ကန်းလေးရုံနေ ရထားတဲ့ အဘိညာဏ်ကလဲ ဒိဗ္ဗသောတအဘိညာဏ်တဲ့။ နတ်နားလိုပဲ အဝေးက အသံတွေကိုလဲ ကြားနိုင်တယ်။ ဘယ်လို အကွယ်အကာတွေရှိရှိ ကြားနိုင်တယ်။ ဒိဗ္ဗသောတအဘိညာဏ်ကို အရှင်မြတ် ရထားတာ။ ဆွမ်းအစ်မ အဖွားအိုကြီးကလဲ သူတို့သားအမိ နှစ်ယောက်နေကြတာ။ အမေက သူ့သမီးကိုမှာနေတာကိုး။ သမီးရေ ဟိုနားမှာ နှစ်ချို့ဆန်လေးရှိလေရဲ့။ ဟိုနားမှာထောပတ်၊ ဟိုနားမှာတင်လဲ၊ ဟိုနားမှာနွားနို့၊ အဲဒါတွေ နွားနို့ထမင်းလေးချက်ပြီးတော့ ရိုရိုသေသေ အယျမိတ္တာမထေရ် ဆွမ်းခံကြွလာတဲ့အခါလောင်းလိုက်တဲ့။ သမီးက အမေရော ဘာစားမလဲလို့ သမီးက မေးလိုက်တဲ့အခါ အမေကတော့ ပုန်းရည်လေးနဲ့ ညကကျန်တဲ့ ထမင်းကြမ်းကလေး စားပြီးပြီတဲ့။ အဲသလို ပြောပြီးတော့ သူက တောသွားမှာကိုး။ လုပ်ငန်းကိုင်ငန်း သွားပြီးတော့ ပြန်လာတော့ ဘာစားမလဲလို့ မေးလိုက်တဲ့အခါ ပြန်လာတဲ့အခါကျတော့ ဆန်ကွဲလေးကို ကြိုလို့၊ ဟင်းရွက်ကလေးထည့်၊ ဖြုန်းစပ်ယာဂုလို့ ခေါ်တာပေါ့။ အဲဒီ ယာဂုလေးပဲ သောက်မယ်လို့ပြောတယ်။ အဲသလို သမီးလေး မှာနေတဲ့အချိန်မှာ အယျမိတ္တာမထေရ် ဒိဗ္ဗသောတအဘိညာဏ်ရထားလို့ ကြားတော့ ဆင်ခြင်စဉ်းစားတော်မူတယ်တဲ့။ ဩော်- ဒီဒါယိကာမကြီး ဆွမ်းအမကြီး သူ့သမီးလေးကို မှာနေပုံက နှစ်ချို့ဆန်လေးတွေ၊ ထောပတ်တွေ၊ ဆီဦးတွေ၊ တင်လဲတွေနဲ့ ငါ့လောင်းလှူဖို့တဲ့။ ဒီဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟတန်းလန်းနဲ့တော့ မစားချင်ဘူး။ ငါ့သန္တာန်မှာ ရာဂတွေ၊ ဒေါသတွေ၊ မောဟတွေရှိနေရင် ရှိနေတုန်းတော့ မစားသင့်ဘူး။

ဒီကိလေသာတွေကုန်အောင် အားထုတ်ပြီးမှ စားမှတော်မှာပဲ ဆိုပြီးတော့ သင်္ကန်းရုံလေးပြန်ဖြိပြီးတော့ သီတင်းသုံးတော်မူတဲ့

http://www.dhammadownload.com



ကဿပလိုဏ်ဂူကိုပြန်၊ ပြန်ပြီးတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မရမချင်း မထဘူးဆိုပြီးတော့ အားထုတ်တယ်။ နှစ်ပေါင်းများစွာကလဲ အားထုတ်ပြီးတော့ လာတာဆိုတော့ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ပြီးတော့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်ပြီးတော့ ထိုင်လျက်နဲ့ တရားထူး၊ တရားမြတ်ရတော့ ပြုံးပြီးတော့နေတာ။ အဲသလို အချိန်အခါမှာ ကဿပလိုဏ်ဂူမှာရှိတဲ့ သစ်ပင်မှာနေတဲ့ ရုက္ခစိုးက-

**နမော တေ ပုရိသာဇည နမောတေ ပုရိသုတ္တမ။**

**ယဿ တေ အာသဝါ ခီဏာ၊ ဒဝံ ဇာနာဟိ မာရိသ။ ။**

မာရိသ= အကျွန်ုပ်အလား ချမ်းသာများလျက် ရှုစားအပ်ပါသော အရှင်မြတ်ဘုရား၊ ယဿတေ= အကြင်အရှင်ဘုရားအား၊ အာသဝါ= ခန္ဓကိုယ်ဆိုး အရက်အိုး၌ အခိုးပျင်းစွာ တဏှာသဘော အာသဝေါတရားတို့သည်၊ ခီဏာ= အရဟတ္တမဂ်ခဏ၌ လုံးဝကုန်ခမ်းကြပါကုန်ပြီဘုရား။

အရှင်ဘုရား- အရှင်ဘုရားသန္တာန်မှာ အာသဝေါတရားတွေ ခန္ဓာကိုယ်ဆိုး အရက်အိုးမှာ အခိုးပျင်းစွာ တဏှာသဘော အာသဝေါ တရားတွေ ကုန်ခမ်းကုန်ပါပြီဘုရား။ ပုရိသာဇည= တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ပါး၊ ထွန်းပေါက်ဖြစ်ပေါ်တော်မူသော အို အာဇာနည် အရှင်မြတ်ဘုရား၊ တေ= အရှင်မြတ်ဘုရားအား၊ နမော= ရှိခိုးပါ၏ဘုရား၊ တစ်ရာမှာတစ်ယောက်၊ တစ်ထောင်မှာတစ်ယောက် ထွန်းတောက်ပြီးတော့ လာတဲ့ ယောကျ်ားအာဇာနည် ဖြစ်တော်မူတဲ့ အရှင်မြတ်ဘုရားကို တပည့်တော်ရှိခိုးပါတယ်ဘုရား။ ပုရိသုတ္တမ= တစ်ရာမှာတစ်ယောက် တစ်ထောင်မှာတစ်ယောက် မြင့်မြတ်စွာ ပေါ်ပေါက်တော်မူသော အရှင်မြတ်ဘုရား၊ တေ= အရှင်မြတ်ဘုရားအား၊ နမော= ရှိခိုးပါ၏။ ဧဝံ= ဤသို့၊ ဇာနာဟိ= သိတော်မူပါတော့ ဘုရား။ ကဿကလိုဏ်ဝမှာရှိတဲ့ သစ်ပင်စောင့်နေတဲ့ ရုက္ခစိုးက ဟောဒီဂါထာလေးနဲ့ ကန်တော့တယ်။ ကန်တော့လဲ ပြီးရော အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ဆွမ်းခံချိန်လဲ

http://www.dhammadownload.com



ရှိပါသေးတယ်ဘုရား။ အချိန်လေးရှိပါသေးတယ်ဘုရား။ အရှင်ဘုရားကို ဆွမ်းလောင်းဖို့ ဆွမ်းအမကြီးတွေ စောင့်နေပါတယ် ဘုရား။ အရှင်ဘုရားကို ဆွမ်းလှူပြီးတော့ ဒီအဖွားအိုကြီးများ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းပါလိမ့်မည် ဘုရား။ အဲသလို လျှောက်ထားလို့ ကြည့်လိုက်ပြန်တော့လဲ အချိန်လေး ရှိတာနဲ့ သက်န်းလေးရုံ သပိတ်လေးလက်စွဲ ထွက်သွားပြီးတော့ ဆွမ်းခံနေကျအိမ်ပဲရောက်။ သမီးလေးကလဲ ဆွမ်းတွေ တရိုတသေနဲ့လောင်း၊ လောင်းပြီးတော့ အယျမိတ္တ မထေရ်ကို ဖူးမျှော်လိုက်တဲ့အခါ အခါတိုင်းနဲ့ မတူဘူးတဲ့။ ဆဝိဝဏ္ဏော= အရေအဆင်းဟာလဲ၊ ပရိသုဒ္ဓေါ= ကြည်လင်တယ်။ ဣန္ဒြေတွေဟာလဲ သန့်ရှင်းတယ်တဲ့။ ဒီနေ့ အခါတိုင်းနေ့တွေနဲ့ မတူဘူးဆိုပြီးတော့ ကြည့်ပြီးတော့၊ ဖူးပြီးတော့၊ ကြည်ညိုပြီးတော့ ရှိခိုးဦးချ။ ဆွမ်းလေး လောင်း၊ ညနေပိုင်းကျတော့ အမေကြီးကပြန်လာ၊ ပြန်လာပြီးတော့ သမီးရေ ဒီနေ့ ဒို့ကိုယ်တော်လေးကြွလာလားဆိုတော့ သမီးလေးက ဆွမ်းခံကြွလာတယ်။ အခါတိုင်းနဲ့မတူဘူး။ အရေအဆင်းတွေလဲပဲ ကြည်လင်တယ်။ ဣန္ဒြေတွေလဲ သန့်ရှင်းတယ်။ ဖူးရတာ အခါတိုင်းရက်နဲ့ မတူဘူး။ ဒီနေ့ ဖူးမျှော်လိုက်ရတာ အင်မတန် ကြည်ညိုဖွယ်ကောင်းတဲ့အကြောင်း သမီးလေးက ပြောပြတဲ့အခါ ဆွမ်းအမကြီးက အကဲခတ်တယ်။

## အဇ္ဇ မေ မမ ပုတ္တဿ ပဗ္ဗဇိတ ကိစ္စံ မတ္တကံ မတ္တံ

ငါ့သားဖြစ်တဲ့ ရဟန်းတော်လေး ဒီနေ့ ရဟန်းကိစ္စ အထွဋ်အထိပ်ရောက်ပြီ။ ရဟန်းကိစ္စ အထွဋ်အထိပ်ရောက်ပြီ။ ခန့်မှန်းလိုက်တာ။ ဗုဒ္ဓသာသနေ အဘိရမိဿတိ= ငါ့သားဖြစ်တဲ့ ရဟန်းတော် အရှင် အယျမိတ္တဟာ သာသနာတော်မှာ ပျော်ပိုက်ပြီးတော့ပဲ နေတော့ လိမ့်မယ်။ န ဥက္ကဏ္ဌိဿတိ= ငြီးငွေ့တော့မှာမဟုတ်ဘူး ဆိုပြီးတော့ အရှင်မြတ်ရဲ့ တရားဂုဏ် တရားသားတက်ပုံကို ဆွမ်းအမကြီး အကဲခတ်။ အဲသလို အယျမိတ္တမထေရ် အရှင်မြတ်က ဆွမ်းကျေးဇူးဆပ်။ ဆွမ်းအမကြီးများကို ကျေးဇူးဆပ်တယ်။ ယောဂီသူတော်စင်များလဲပဲ

http://www.dhammadownload.com



အလားတူပါပဲ။ သူ့နေ့နဲ့ သူ့နေ့နဲ့ သူ့အချိန်နဲ့သူ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ယမကာစသည် ဆက်ကပ်လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေရှိနေကြ။ အဲဒီ အာဟာရတွေနဲ့ ပတ်သက်ပြီးတော့ ယောဂီသူတော်စင်များ အားထုတ်တဲ့ တရားအာရုံ၊ တရားအသားတက်လေ ကုသိုလ်ရှင်များ ဆွမ်းကုသိုလ်ရှင်များမှာ ပိုပြီးတော့အကျိုးများလေ။ အဲသလို ဆွမ်း ဒါယိကာမတွေရဲ့ ကျေးဇူးကို တုန့်ပြန့်လိုတဲ့ အခါမျိုးမှာလဲပဲ ကျေးဇူး တုန့်ပြန်လိုတဲ့စိတ် ဖြစ်ပေါ်လို့ရှိရင်လဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တတ်ပါ တယ်တဲ့။

ပျင်းသူကိုရှောင် အားထုတ်သူကို ချဉ်းကပ်၊ စိတ်ညွတ် နေမည်ဆိုရင် ဝီရိယအားတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်ဖို့ရာနဲ့ ပတ်သက်ပြီးတော့ **"ဝီရိယစွမ်း၊ တုန့်ပြန်ဆွမ်း နှင့် သွားလမ်းပါယ်ဘေး မွေမြတ်ပေးတည့် မြတ်ရေးဆရာ ပြဟ္မစာနဲ့ မျိုးပါဆင်ခြင် ရှောင်လျှင်အပျင်း အားထုတ်ချဉ်းကပ် ညွတ်ကိုင်းလတ် ဆယ့်တစ်ရပ် ဝီရိဖြစ်ကြောင်းတည်း။"** ဘုန်းကြီးတို့ လင်္ကာလေး လုပ်ပြီးတော့ထားတာ။ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်းဟာ ဆယ့်တစ်မျိုး ရှိတယ်လို့ ရှေးအဋ္ဌကထာ ဆရာကြီးတွေက ဖွင့်ဆိုတော် မူကြတယ်။ ဒါကြောင့်မို့ အဲဒီ ဝီရိယသမ္ဗောဇ္ဈင်ဟာ ဒီလိုဟောမှ ဖြစ်နေတာ မဟုတ်ဘူး။ ယောဂီသူတော်စင် တို့သန္တာန်မှာ စပြီးတော့ တရားအားထုတ်ပြီ။ ဒီတရား အားထုတ်တာ တရားယူပြီဆိုတဲ့ အချိန်က စပြီးတော့ ကာယိကဝီရိယ၊ စေတသိကဝီရိယတွေဟာ ပါပြီးတော့လာ ခဲ့တယ်။ တရားယူလို့ မိမိတို့ အားထုတ်ရမယ့်တရားကို ယူ။ ယူပြီးတော့ အားထုတ်တဲ့အချိန် ကစပြီးတော့ ဝီရိယသမ္ဗောဇ္ဈင်ဟာ ဖြစ်ပွားပြီးတော့ နေပါတယ်။ အဲသလို ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပွားတယ်ဆိုတာ စောစောက အရှင်အာနန္ဒာမထေရ်မြတ် မေးလျှောက်သလိုပဲ။ အဘယ်တရား တစ်ပါးကို ပွားများခဲ့ပါလျှင် သတိပဋ္ဌာန်လေးပါးလုံး အားထုတ်ရာ ရောက်ပါသနည်း။ သတိပဋ္ဌာန်လေးပါး ပွားများခဲ့လို့ရှိရင် အဘယ်

http://www.dhammadownload.com



ခုနစ်ပါးပွားများရာရောက် ပါသနည်း။ အဘယ်ခုနစ်ပါး ပွားများပါလျှင် တရားနှစ်ပါးရနိုင်ပါ သနည်းလို့ မေးမြန်းတော်မူတော့ မြတ်စွာဘုရားက အာနာပါနဿတိတဲ့။ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများတဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းတစ်မျိုး အားထုတ်လို့ရှိရင် သတိပဋ္ဌာန် လေးပါး၊ သတိပဋ္ဌာန်လေးပါး ပြည့်စုံလို့ရှိရင် ဗောဇ္ဈင်ခုနစ်ပါး။ ဗောဇ္ဈင် ခုနစ်ပါး ပြည့်စုံလို့ရှိရင်ဖြင့် ဝိဇ္ဇာဉာဏ်လေးပါး၊ ဝိမုတ္တဉာဏ်လေးပါး ပြီးပြည့်စုံနိုင်တယ်လို့ဆိုတဲ့ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် ဓမ္မစက် တရားဒေသနာတော်ကို ယုံကြည်ကိုးစား အားထားကြသဖြင့် ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်ကြောင်း ကောင်းမြတ်တဲ့ လုံ့လဝီရိယများ ရှေ့ထားပြီးတော့ လက်တွေ့အသုံးချပြီးတော့ ဆက်လက်ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းဆုတောင်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါ သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပီတိသမ္ဗောဇ္ဈင်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၄)ရက်နေ့ ဤတရားစခန်းမှာ တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များ အဓိကအားဖြင့် ဗောဇ္ဈင် ခုနစ်ပါး အကြောင်းဆက် အကျိုးဆက် ဆက်နွယ်ပုံ ဖြစ်ပွားပုံ ဟောကြား ပြီးတော့လာခဲ့တာ။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်လို့ သုံးမျိုးပြီးခဲ့ပြီ။ ယနေ့ည ပီတိသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင် ဘယ်လိုပုဂ္ဂိုလ်အားဖြစ်ပါသလဲဆိုတော့-

**အာရဒ္ဓ ဝီရိယဿ ပီတိ ဥပ္ပဇ္ဇတိ နိရာမိသာ။**
**အယံ ဝုစ္စတိ ပီတိသမ္ဗောဇ္ဈင်္ဂေါ။**

အာရဒ္ဓ ဝီရိယဿ= အားထုတ်ကြိုးစား ဝီရိယများသူအား၊ နိရာမိသာ= အာမိသကင်းသော၊ ပီတိ= ပီတိသည်၊ ဥပ္ပဇ္ဇတိ= ဖြစ်၏။ အယံ= ဤအာမိသကင်းသော ပီတိကို၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ= ပီတိ သမ္ဗောဇ္ဈင်ဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏။ ပီတိသမ္ဗောဇ္ဈင် ဆိုတာ ဘယ်ဟာမျိုး ခေါ်သလဲလို့။ ဘယ်ပုဂ္ဂိုလ်အား ဖြစ်တတ်ပါသလဲလို့ ဆိုတော့ အာရဒ္ဓ ဝီရိယဿ= အားထုတ်ကြိုးစားသူအား ဖြစ်ပါတယ်။ တရားအာရုံမပြတ် ရှုမှတ်ပွားများနေတဲ့ပုဂ္ဂိုလ်အား ပီတိဖြစ်၊ အဲဒီ ပီတိလေးဟာ သမ္ဗောဇ္ဈင် ပဲတဲ့။ သို့သော်လဲပဲ အဲဒီပီတိဟာ ရိုးရိုးသာမန် အဝတ်စားလေးတစ်ခုကို မြင်လို့ သဘောကျလို့ ပီတိတွေဖြစ်နေတာတို့၊ မိမိသဘောကျတဲ့ စကားလေးကြားရလို့ ပီတိဖြစ်နေတာတို့၊ အဲသလို ဟာမျိုးတွေတော့ မဟုတ်ဘူး။ နိရာမိသာတဲ့။ အာမိသကင်းရမယ်။

## အာမိသ(၃)မျိုး

အာမိသဆိုတာ ဘာလဲလို့ဆိုတော့ ကာမာမိသ၊ လောကာမိသ၊ ဝဋ္ဋာမိသ။ ကာမာမိသဆိုတာ အာရုံငါးပါးနဲ့ပတ်သက်တဲ့ ပီတိမျိုး ရဟန်း တော်များမှာဆိုရင် ဆွမ်းရလို့ ပီတိဖြစ်တာတို့၊ သင်္ကန်းရလို့ ပီတိဖြစ်တာ တို့၊ ကျောင်းရလို့ ပီတိဖြစ်တာတို့၊ ဆေးရလို့ ပီတိဖြစ်တာတို့။ လူပုဂ္ဂိုလ်

http://www.dhammadownload.com



များကျတော့လဲပဲ အဲသလိုပဲတဲ့။ မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါ စီးပွားရေးတွေ အဆင်ပြေလို့ ပီတိဖြစ်တာမျိုး၊ ဒီနေရာမှာ အဲဒီ ပီတိမျိုးတော့ မဟုတ်ဘူးတဲ့။ အဲဒီ ပီတိမျိုးက ကာမာမိသလို့ ဒီလိုခေါ်ရတယ်။ လောကာမိသ= လောကာမိသ ဆိုတာ လောကမှာ ရာထူးဂုဏ်သိမ်တွေရရှိ၊ ရဟန်းတော်များမှာဆိုလို့ရှိရင် မင်းဆရာ၊ စိုးဆရာ အစရှိသည်ဖြင့် အဲဒါတွေအခြေခံပြီး ပီတိဖြစ်တာမျိုးကျတော့ လောကာမိသ လူများမှာဆိုလို့ရှိရင်တော့ဖြင့် ဆင်စီးမြင်းရံ သားသမီးတွေကြည့်ပြီး ပီတိဖြစ်တာ။ သားသမီးတို့ရဲ့ ဂုဏ်ကျက်သရေ သားသမီးများ ဘယ်ဘွဲ့ရတယ်။ ဘယ်ဂုဏ်ရတယ် စသည်ဖြင့်ပေါ့။ အဲသလို အာမိသတွေကျတော့ လောကာမိသ၊ ဝဋ္ဋာမိသဆိုတာက မိမိတို့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ ဘဝကောင်းကောင်းနဲ့ ပြည်စုံဖို့၊ ရာထူးဂုဏ်သိရ် စည်းစိမ်ချမ်းသာနဲ့ပြည့်စုံဖို့ အဲသလို ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိများနဲ့ ပတ်သက်ပြီးတော့နေတဲ့ အာမိသမျိုး။ အဲဒီ အာမိသ(၃)မျိုးနဲ့ယှဉ်တဲ့ ပီတိမျိုးကျတော့ ပီတိသမ္ဗောဇ္ဈင်ထဲမှာ ဗောဇ္ဈင် မထိုက်ဘူးတဲ့။ ဒါကြောင့် ဒီနေရာပီတိက နိရာမိသာ အာမိသကင်းတော့ အာရုံငါးပါးနဲ့လဲ မစပ်ဘူး။ လောကဂုဏ်ကျက်သရေတွေနဲ့လဲ မစပ်ဘူးတဲ့။ ခနဂုဏ်၊ ရာထူးဂုဏ်သိရ်၊ ဒီလိုဂုဏ်တွေနဲ့လဲ မဆက်စပ်တဲ့ပီတိမျိုး။ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိနဲ့ မဆက်စပ်တဲ့ပီတိမျိုး၊ တရားကို အာရုံပြုပြီးတော့ ရှုမှတ်ပွားများ ကြိုးစားတဲ့ ပုဂ္ဂိုလ်အားဖြစ်တဲ့ ပီတိမျိုး၊ အာမိသသုံးမျိုးမှ ကင်းတဲ့ပီတိမျိုးတဲ့။ အဲဒီ ပီတိမျိုးဟာ ပီတိသမ္ဗောဇ္ဈင်ပဲ။ ယောဂီသူတော်စင်များ မိမိတို့ရဲ့သန္တာန်မှာ ဖြစ်ပွားပြီးတော့နေတဲ့ ဝါယောကာယ ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်အပေါင်းကို ရှုမှတ်ပြီးတော့ သတိမလစ်အောင် သတိမလပ်အောင် ကွပ်လပ်မရှိအောင် ရှုမှတ်ပွားများ ကြိုးစားပြီးတော့နေတဲ့အခါ မိမိရည်မှန်းတဲ့အတိုင်း အောင်မြင်တယ်တဲ့။ အဲသလို အောင်မြင်လို့ ဖြစ်ပေါ်လာတဲ့ ပီတိမျိုး၊ အဲဒီ ပီတိမျိုးကို ပီတိသမ္ဗောဇ္ဈင်။ ဗောဇ္ဈင်ခုနစ်ပါးကနေ ဆယ့်လေးပါးဖြစ်ပုံမှာ ဗောဇ္ဈင်

http://www.dhammadownload.com



တစ်ပါးတစ်ပါးကို နှစ်မျိုး၊ နှစ်မျိုးစီ အဲသလိုပွားတော့ ပီတိသမ္ဗောဇ္ဈင် ကျပြန်တော့လဲပဲ ပီတိဟာနှစ်မျိုးရှိ။ သဝိတက္က သဝိစာရ။ အာရုံတစ်ခုကို ကြံစည်တယ်။ သုံးသပ်တယ်ဆိုတဲ့ ဝိတက္က ဝိစာရနှင့်တကွ ဖြစ်တဲ့ ပီတိက တစ်မျိုး၊ အဲသလို အာရုံတစ်ခုကို ကြံစည်ခြင်း၊ သုံးသပ်ခြင်း ဝိတက် ဝိစာရကင်းတဲ့ ပီတိ၊ အဲသလို ပီတိနှစ်မျိုး၊ အဲဒီ နှစ်မျိုးကို အခြေခံပြီး ရရှိတဲ့သမာဓိဟာ သစ္စာတရားသိဖို့ရာ ဖြစ်တယ်။

**ဓမ္မာနုပဿနာ**

**သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိမေ အဇ္ဈတ္တံ ပီသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ရရှိနေတဲ့ ပီတိသမ္ဗောဇ္ဈင်ကို ငါ့သန္တာန်မှာ ပီတိသမ္ဗောဇ္ဈင် ဖြစ်နေတယ်။ မိမိသန္တာန်မှာ မဖြစ်တဲ့ ပီတိသမ္ဗောဇ္ဈင်ကိုတော့ မိမိသန္တာန်မှာ ပီတိသမ္ဗောဇ္ဈင် မဖြစ်ဘူးလို့ အဲသလို သိရမယ်။ မိမိသန္တာန်မှာ မဖြစ်ပေါ်သေးသော ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းကိုလဲ သိရမယ်။ ဖြစ်ပေါ်လာတဲ့ ပီတိသမ္ဗောဇ္ဈင်ရဲ့ ပွားများပြီးပြည့်စုံမှုကိုလဲ သိရမယ်တဲ့။

**ပီတိသမ္ဗောဇ္ဈင်ရဲ့ အကြောင်းတရား**

ပီတိဘာကြောင့်ဖြစ်သလဲ ပီတိသမ္ဗောဇ္ဈင် ဘာကြောင့်ဖြစ်သလဲ ဆိုတော့ နောက်နောက်ဖြစ်တဲ့ ပီတိတွေဖြစ်ပေါ်ဖို့အတွက် ရှေးရှေးက ဖြစ်တဲ့ ပီတိများဟာ ပီတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရဲ့ အကြောင်းပါပဲတဲ့။ နောက်နောက်၌ဖြစ်တဲ့ ပီတိရဲ့အကြောင်းဖြစ်တဲ့ ရှေးရှေးပီတိ အဲဒီပီတိကို အခြေခံပြီးတော့ ယောနိသောမနသိကာရ သင့်တင့်အောင် နှလုံးသွင်းလို့ ရှိရင်တဲ့ ပီတိသမ္ဗောဇ္ဈင် ဖြစ်နိုင်တယ်။

http://www.dhammadownload.com



(၁၁)မျိုး

ရှေးရှေး အဋ္ဌကထာဆရာကြီးတွေက ဆက်ပြီးတော့ ဘယ်လိုဖွင့်သလဲတဲ့။ ပီတိသမ္ဗောဇ္ဈင် ပီတိဖြစ်ခြင်းရဲ့အကြောင်းဆယ့်ဆစ်မျိုး။ အဲဒီဆယ့်တစ်မျိုးက ဘာတွေလဲလို့ဆိုတော့ ဘုရားဂုဏ်တော်ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ရွတ်ပွားများပြီးတော့ နေလို့ရှိရင်လဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်တဲ့။ ဘယ်လို အခြေအနေအထိ ပွားများရမလဲလို့ဆိုတော့ ဥပစာရသမာဓိ၊ ဥပစာရသမာဓိရပြီးတော့ စိတ်ထဲမှာနှစ်သိမ့်ပြီးတော့နေတဲ့ ပီတိမျိုး၊ တရားဂုဏ်၊ သံဃာဂုဏ်၊ ဒီဂုဏ်တော်တွေကို အာရုံပြုပြီးတော့ မိမိသန္တာန်မှာ ပီတိဖြစ်ပေါ်၊ တစ်ခါတစ်ရံ ဘုရားဂုဏ်တော်ပွားများ၊ တရားဂုဏ်တော်ပွားများ၊ သံဃာဂုဏ်တော်ပွားများ၊ ဘုရားဂုဏ်တော်တွေ ဂုဏ်တော်တစ်ခုခြင်းရဲ့အဓိပ္ပါယ်တွေ ရှင်းအောင်လင်းအောင် လေ့လာပြီးတော့မှ ပွားများလိုက်တဲ့ အခါကျတော့ တစ်ခါတည်း ဘုရားဂုဏ်တော် အာရုံပြုပြီးတော့ ပီတိက မိမိသန္တာန်မှာ ဖြစ်တာ။ ဥပမာအားဖြင့် သတ္ထာဒေဝမနုဿာနံ ဆိုတဲ့ ဂုဏ်တော်ဆိုကြပါစို့။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ရဲ့ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့ နိဗ္ဗာန်လမ်းပြတော်မူတယ်။ အဲဒီတော့ မြတ်စွာဘုရား နိဗ္ဗာန်လမ်းပြပုံ၊ နိဗ္ဗာန်လမ်းပြ မြတ်ဗုဒ္ဓ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နှစ်ဆယ့်လေးသင်္ချေကုဋေ့ခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းတို့၏ ဆရာဖြစ်တော်မူသောမြတ်စွာဘုရား၊ လောကမှာရှိတဲ့ ဆရာတွေဆိုတာ ရှိတယ်။ သို့သော်လဲပဲ လူအနည်းငယ်တို့ရဲ့ ဆရာသာ ဖြစ်ကြတယ်။ မြတ်စွာဘုရားကတော့ လူများစွာတို့ရဲ့ ဆရာလဲဖြစ်၊ နတ်များစွာတို့ရဲ့ ဆရာလဲဖြစ်၊ ပြဟ္မာများစွာတို့ရဲ့ ဆရာလဲဖြစ်တော်မူတယ်။

အဲသလို ဘုရားဂုဏ်တော်တွေ ပွားများတာတို့၊ တရားဂုဏ်တော်တွေ ပွားများတာတို့၊ သံဃာတော်များရဲ့ဂုဏ်တွေ ပွားများပြီးတော့ ကြည့်မယ်ဆိုရင် ဘုန်းကြီးတို့အရှင်မဟာကဿပတို့၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် အစရှိတဲ့ အရှင်မြတ်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးတွေ

http://www.dhammadownload.com



ဘုရားရှင် ပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့ပြီ။ အဲသလို ကျော်ခဲ့သော်လဲပဲ ဆရာတော်၊ သံဃာတော် အရှင်မြတ်တွေက ထိန်းသိမ်းလာကြ။ ထိန်းသိမ်းလာတယ်ဆိုတဲ့ နေရာမှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေကို ကောင်းကောင်းမွန်မွန်လဲ ကျင့်ကြတယ်။ ဖြောင့်ဖြောင့် မှန်မှန်လဲ ကျင့်ကြတယ်။ လျော်ကန်အောင်လဲ ကျင့်ကြတယ်။ သင့်မြတ် အောင်လဲ ကျင့်တော်မူကြတယ်။ ဒီလို အကြောင်းဂုဏ်လေးမျိုးနဲ့ ပြည့်စုံတဲ့အတွက် ကြောင့်မို့-

(၁) အဝေးကဆောင်ပြီးတော့ ပစ္စည်းဝတ္ထုလှူဒါန်းရင်လဲ ခံယူထိုက်တယ်။

(၂) လက်ဆောင်အကျိုးငှါ စီမံထားတာလဲ အလှူခံထိုက်တယ်။

(၃) တမလွန်ဘဝ ကောင်းကျိုးရဖို့ ရည်သန်ပြီးလှူတဲ့ အလှူဝတ္ထုလဲ ခံထိုက်တယ်။

(၄) လက်အုပ်ချီမိုး ရှိခိုးလဲ ခံထိုက်တယ်။

(၅) အတုမရှိမြတ်တဲ့ ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာလဲ ဖြစ်တယ်။

ဘာကြောင့် ဒီအကျိုးဂုဏ်ငါးပါး သံဃာတော်များ ရတော်မူကြရသလဲလို့ဆိုတော့ ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရိုသေလေးစားအပ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ ရှိကြလို့ပါပဲ။

ဒီဗုဒ္ဓသာသနာတော်မှာသာ ဒီပြည့်စုံမှုက ရှိတာ။ တပည့်သာဝကတို့ရဲ့ ကောင်းစွာ ဒီကျင့်ကြံကြိုးကုတ် အားထုတ်မှုဟာ ရှိတာ။ ဘုန်းကြီးတို့ မြန်မာပြည်မှာဆိုရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့နေတဲ့ ဆရာတော်တွေ၊ သံဃာတွေ မြောက်မြားစွာရှိတယ်။ အဲဒီတော့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို အာရုံပြုပြီးတော့ မိမိသန္တာန်မှာ ပီတိဖြစ်နေတယ်။ ဘုန်းကြီးတို့ ရဟန်းတစ်ဝါရက ဒီဃနိကာယ်ဆိုတဲ့

http://www.dhammadownload.com



ပိဋကတ်တော်ကို ရွတ်ဖတ်ကျက်မှတ်ပြီးတော့ အာဂုံရသွားတဲ့အခါ တစ်နေ့ တစ်နေ့မှာ သုတ္တန်ကြီးတွေ ငါးခု၊ ခြောက်ခု အစရှိသည်ဖြင့် ဘုရားရှေ့မှာ ထိုင်ပြီးတော့ ပူဇော်ရတယ်။ စိတ်ထဲမှာ ကျေနပ်လိုက်တာ။ ကျေနပ်ပြီးတော့နေတာ။ နှစ်သိမ့်ပြီးတော့ နေတဲ့အခါတွေ တစ်ခါတစ်ရံ ကြက်သီးမွေးညင်းထလောက်အောင် ဖြစ်တယ်။ တစ်ချို့ ဒေသနာတော်တွေ ရွတ်ဖတ်ရင်းနဲ့ တစ်ခါတစ်ရံ ဘုရားရှင်ရဲ့ အကြောင်းအရာတွေကို ရွတ်ရင်းဖတ်ရင်းနဲ့ ပီတိတွေ သိပ်ပြီးတော့ဖြစ်ခဲ့ဘူးတာပါပဲ။

## ပီတိ

အဲဒီလို ပီတိမျိုး မည်သည့်ပုဂ္ဂိုလ် သန္တာန်မှာပဲဖြစ်ဖြစ် တန်ဘိုးကြီးတာပါပဲ။

**ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ၊**
**ဝရ မေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗူဒီပဿ။ ။**

ဘုရားဂုဏ်တော် ကျေးဇူးတော်၊ တရားဂုဏ်တော် ကျေးဇူးတော်၊ သံဃာဂုဏ်တော် ကျေးဇူးတော်တွေကို ရွတ်ဖတ်ပွားများပြီးနေတဲ့ ပုဂ္ဂိုလ်၏သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ပီတိသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ စည်းစိမ်ချမ်းသာတို့ကို ရခြင်းထက်ကဲလွန်ပိုမောက် တန်ခိုးတောက်နိုင်တယ်။ ဟော- ဒီပီတိလေးရဲ့ တန်ဖိုး၊ ဘုရားဂုဏ်ကို အာရုံပြု ရွတ်ဖတ်ပွားများ၊ တရားဂုဏ် အာရုံပြု၊ သံဃာဂုဏ် အာရုံပြု ရွတ်ဖတ်ပွားများတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်တဲ့ပီတိ ဂုဏ်တော်ပွားလို့၊ တရားအားထုတ်လို့ ရရှိတဲ့ပီတိ။ အဲဒီ ပီတိဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ စည်းစိမ်ချမ်းသာတို့ကို ရရှိခြင်းထက် အဖိုးများစွာ ထိုက်တန်တယ်။ အဲဒီလို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် အာရုံပြုလို့ရှိရင်လဲပဲ ပီတိသမ္မောဇ္ဈင် ဖြစ်တတ်တယ်။

မိမိရဲ့သီလဟာ မကျိုးမပေါက်ဘူး။ မပြောက်ဘူး။ မကြားဘူး။ တဏှာ-ဒိဋ္ဌိ အစွန်းလွတ်တယ်။ အခု ယောဂီသူတော်စင်များ ဆောက်တည်ကြတဲ့ ရှစ်ပါးသီလ၊ တရားစခန်းဝင်နေတဲ့ အချိန်လို့ဆိုတော့

http://www.dhammadownload.com



ဒီသီလတွေဟာ ကျိုးတာလဲမရှိဘူး။ ပေါက်တာလဲမရှိဘူး။ ပြတ်တာလဲ မရှိဘူး။ ဒါကြောင့် မကျိုးမပေါက် မပြောက်မကြားတဲ့ သီလတွေ ငါ့သန္တာန်မှာ ဖြစ်နေပါပြီလို့ မိမိရဲ့သီလကို ဆင်ခြင်။ အဲသလို ဆင်ခြင်ရင်လဲ ပီတိ ဖြစ်တတ်တာပဲ။ ပြီးတော့ စာဂါနုဿတိ= စွန့်ကြဲပေးကမ်း လှူဒါန်းမှုနဲ့ ပတ်သက်ပြီးတော့လဲ ပစ္စည်းတစ်ခုခု လှူဒါန်းပြီးတဲ့အခါ သြော်- ဒီပစ္စည်းကို လှူဒါန်းမှုဟာ သာမန်မဟုတ်ဘူး။ မစ္ဆရိယ သူပုန်ရန်သူကို နိုင်ခြင်းပဲ။ မိမိပစ္စည်းဝတ္ထုကို မလှူလိုတဲ့ မစ္ဆရိယ၊ မစ္ဆရိယဆိုတဲ့ သူပုန်သူကန်ရန်မှ လွတ်မြောက်လာတာပဲ။ လွတ်မြောက်လို့သာ လှူဒါန်းနိုင်တာပဲ။

## စာဂါနုဿတိ

**မနုဿတ္တံ သုလဒ္ဓံ မေ၊ ယွာဟံ စာဂေ သဒါ ရတော။**
**မစ္ဆေရ ပရိယုဋ္ဌာယ၊ ပဇာယ ဝိဂတော တတော။ ။**

ယွာဟံ ယောဟံ= သံသာရာနောင်ရေး မျှော်ခေါင်တွေးက လေးလေးပင်ပင် ဆင်ခြင်လေ့လာ အကြင်ငါသည်၊ မစ္ဆေရပရိယုဋ္ဌာယ= မိမိပစ္စည်းကို မပေးလှူလို နှမြောဝန်တိုခြင်းဆိုတဲ့ သူပုန်သူကန် ထကြွသောင်းကျန်း၍နေသော၊ ပဇာယ= ဝတ်မှု စားမှု အကြွားမှု၌ အားပြုငံ့စောင်း လူအပေါင်းတွင်၊ ဝိဂတော= ရှေးရှေးဝါသနာ အထုံပါခဲ့သဖြင့် ကောင်းစွာလွတ်ကင်း သန့်ရှင်းသည်ဖြစ်၍၊ တတော= ထိုမစ္ဆေရသူပုန်ရန်မှ၊ ဝိဂတော= လွတ်ကင်းသည်ဖြစ်၍၊ စာဂေ= စွန့်ကြဲပေးကမ်း လှူဒါန်း၍နေရခြင်း၌၊ ရတော= ရှေးရှေးဝါသနာ အထုံပါသဖြင့် ကောင်းစွာမွေ့လျော် အပျော်ကြီးပျော်နိုင်ခဲ့ပေပြီ။ တသာ မေ= ရှေးရှေးဝါသနာ အထုံပါသဖြင့် ကောင်းစွာမွေ့လျော် ပျော်၍နေနိုင်သော ငါ့အဖို့၊ မနုဿတ္တံ ပတိရူပ= ဤဒေသ၌ဖြစ်ရ စင်စစ်လူ့အဖြစ်ကို၊ သုလဒ္ဓံ သုလဒ္ဓံဝတ= အရတော်လေစွတကား။ ဆွမ်းလေး တစ်ဇွန်းကစပြီးတော့ လှူဒါန်းမှုနဲ့ ပတ်သက်ပြီးတော့ ပြန်ပြီး စဉ်းစားပြီးတော့ ဝမ်းမြောက်တာ။

http://www.dhammadownload.com



အဲဒါကို စာဂါနုဿတိတဲ့။ စာဂါနုဿတိ= မိမိစွန့်ကြဲ ပေးကမ်း လှူဒါန်းပြီးတဲ့ ဒါနနဲ့ပတ်သက်ပြီးတော့လဲ ပြန်လည်အောက် မေ့လို့ရှိရင် ပီတိသမ္ဘောဇ္ဈင် ဖြစ်တတ်တယ်။

## ဒေဝတာနုဿတိ

နတ်ဘုံ နတ်နန်း နတ်စခန်း ရောက်ကြသူတွေဟာ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတပ္ပဲခေါ်တဲ့ သူတော်ကောင်းဥစ္စာ ရတနာ ဥစ္စာတွေနဲ့ ဂုဏ်တွေနဲ့ ပြည့်စုံလို့ရောက်ကြတယ်။ အဲဒီဂုဏ်တွေဟာ ငါ့မှာလဲရှိသားပဲလို့ စဉ်းစားလိုက်လို့ရှိရင် စဉ်းစားလိုက်တိုင်း စဉ်းစား လိုက်တိုင်း ငါ့မှာသဒ္ဓါတရားရှိတယ်။ သီလလဲရှိတယ်။ သုတ အသင် အကြားအမြင်များမှုလဲ ရှိတယ်။ စွန့်ကြဲပေးကမ်း လှူဒါန်းမှုလဲ ရှိတယ်။ အသိလိမ္မာဉာဏ်ပညာတွေ ဝိပဿနာဉာဏ်ပညာတွေရှိတယ်။ မကောင်းမှုပြုရမှာလဲ ရှက်တယ်။ မကောင်းမှုပြုရမှုလဲ ကြောက်တယ်လို့ ဆိုတဲ့ သူတော်ကောင်းတရားတွေ ငါ့မှာလဲရှိသားပဲ သူတော်ကောင်း တရားတွေ နတ်တွေ၊ ဗြဟ္မာတွေမှာ ရှိနေသလို မိမိသန္တာန်မှာလဲ ရှိသားပဲလို့ ဆင်ခြင်စဉ်းစားလိုက်တဲ့ အခါမှာလဲ ပီတိသမ္ဘောဇ္ဈင် ဖြစ်တတ်တယ်။

**ယေဟိ သဒ္ဓါဒိ ဂုဏေဟိ၊ ဒေဝတာ ဒေဝတ္တံဂတာ၊**
**မယှမ္ပိတေ သံဝိဇ္ဇန္တိ၊ အဟော မေ ဂုဏ ဝန္တတာ။**

ဒေဝတာ= ထက်ဘုံနတ်နန်း နတ်စခန်း ဗြဟ္မာဘုံနန်း ဗြဟ္မာ စခန်းသို့ ရောက်ကြကုန်သော နတ်ဗြဟ္မာတို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ= အကြင် သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတပ္ပဟု ခုနစ်လီ ရတနာ သူတော်ကောင်းဥစ္စာ မြတ်ဓနတို့ကြောင့်၊ ဒေဝတ္တံ= စားဝတ်နေရေး နေထိုင်ရေးနှင့် မင်းဘေးစိုးတာ ကင်းစင်ကွာလတ် ဗြဟ္မာနတ်၏ အဖြစ်သို့၊ ဂတာ= ဤလူ့ပြည်က စုတေကြလျှင် ခဏမသွေ ရောက်ကြပေကုန်၏။ နတ်တွေ ဗြဟ္မာတွေဟာ သဒ္ဓါအစရှိတဲ့ ဂုဏ်

http://www.dhammadownload.com



ကျေးဇူးတွေကြောင့် စားဝတ်နေရေးလဲ အခက်အခဲမရှိဘူး။ မင်းဘေးစိုးတာလဲ မရှိဘူး။ ပြဿနာအရှုပ်အထွေး အင်မတန်နည်းပါးတဲ့ နတ်ဘုံနတ်နန်း နတ်စခန်း၊ ဗြဟ္မာဘုံ ဗြဟ္မာစခန်းသို့ ရောက်ကြတယ်တဲ့။ တေပိ= သဒ္ဓါ သီလ သုတ စာဂါ ပညာ ဟိရီ ဩတပ္ပဟု ခုနစ်လီဥစ္စာ ရတနာသာရ မြတ်ဓနတို့သည်၊ မယှမ္ပိ= ဘုရားအကြိုက် တရားလိုက်၍နေသော ငါ့အား ဘုရားအကြိုက် တရားလိုက်၍နေသော ငါ့မှာလဲ၊ သံဝိဇ္ဇန္တိ= ထင်ရှားမသေ့ ရှိကြပါကုန်၏။ မေ= ငါ၏၊ ဂုဏာဝန္တတာ= သဒ္ဓါ သီလ စသည်လောက်လုံ ကျေးဇူးဂုဏ်တို့ ရှိနေသည်၏အဖြစ်သည်၊ အဟော= ဩော်အားရကျေနပ်ဖွယ်တကား။ နတ်တွေ ဗြဟ္မာတွေကိုကြည့်။ အဲဒီ နတ်တွေ ဗြဟ္မာတွေက သဒ္ဓါ သီလအစရှိတဲ့ ဂုဏ်ကျေးဇူးတွေ ကြောင့် နတ်ဘုံ နတ်နန်း နတ်စခန်း ရောက်ကြတယ်။ ဗြဟ္မာဘုံ ဗြဟ္မာနန်း ဗြဟ္မာစခန်း ရောက်ကြတယ်။ အဲဒီ ဂုဏ်ကျေးဇူးတွေ ငါ့မှာလဲ ရှိသားကိုးပဲလို့။ သဒ္ဓါ သီလ အစရှိတဲ့ သူတော်ကောင်းတရားတွေ ပြန်လည်စဉ်းစား ဆင်ခြင်ပွားများတဲ့ အခါမှာလဲပဲ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်တတ်ပါတယ်။ ဥပသမာနုဿတိ တရားဘာဝနာများ ပွားများတဲ့ အတွက်ကြောင့် တရားတန်ခိုးတော်ကြောင့် မိမိသန္တာန်မှာ လောဘအစ ရှိတဲ့ ကိလေသာတွေ အချိန်တော်တော်ကြာကြာ ဆယ်နှစ်ဆယ်မိုး လောဘဖြစ်တာလဲ မတွေ့ရဘူး။ ဒေါသဖြစ်တာလဲ မတွေ့ရဘူး။ မောဟ ဖြစ်တာလဲ မတွေ့ရဘူး။ အဲသလိုဆိုရင် တရားတန်ခိုးတော်ကြောင့် ခွါပြီးတော့ထားတဲ့ ကိလေသာတွေငြိမ်းပြီးတော့နေတော့ မိမိသန္တာန်မှာ ငြိမ်းနေတာကို အဖန်ဖန်အထပ်ထပ် ပွားများလို့ရှိရင်လဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်တတ်တယ်။ နိဗ္ဗာန်ရဲ့ငြိမ်းချမ်းပုံ ဆင်ခြင်လျှင်လဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်တတ်တယ်။

နောက်တစ်မျိုးက ဘာလဲလို့ဆိုတော့ လူခြောက်ကိုရှောင်ကြဉ်ရမှာ။ လူအခြောက်ဆိုတာ ဘာလဲလို့ဆိုတော့ သဒ္ဓါတရားခြောက်ခန်းတဲ့ ပုဂ္ဂိုလ်၊ သဒ္ဓါတရားခြောက်ခန်းတဲ့ပုဂ္ဂိုလ်များကို ရှောင်ကြဉ်ရမယ်။ ဘုရားဖူးတဲ့အခါ၊ တရားနာတဲ့အခါ၊ မထေရ်မြတ်ကြီးတွေ ချဉ်းကပ်တဲ့

http://www.dhammadownload.com



အခါ စိတ်မပါ လက်မပါ သဒ္ဓါတရားအားနည်း တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေ ရှောင်ရမှာ။ အဲဒီ ပုဂ္ဂိုလ်တွေ ရှောင်ပြီးတော့ သဒ္ဓါတရား အားကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့၊ တစ်နည်းအားဖြင့် နူးညံ့တဲ့ပုဂ္ဂိုလ်တွေ၊ ရတနာသုံးပါးကို ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ၊ ပြေပြစ်တဲ့ပုဂ္ဂိုလ်တွေ အဲဒီ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရမှာ အဲသလို ဆက်ဆံလို့ရှိရင်လဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်တယ်။ နောက်တစ်မျိုး ဘာလဲလို့ဆိုတော့ ကြည်ညိုဖွယ်ကောင်းတဲ့ သုတ္တာန်ဒေသနာတော်များ နာကြားလို့ရှိရင်လဲ ပီတိဖြစ်တတ်တယ်။ ဘုန်းကြီးတို့ စောစောကပြောသလိုပဲ။ ရဟန်းဖြစ်ခါစက ရဟန်းတစ်ဝါ ရက မဟာပရိနိဗ္ဗာနသုတ္တန်ဒေသနာတော်ကြီးတွေ ရွတ်ဖတ်ပြီး နေရတဲ့အခါမျိုး၊ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီးပြီဆိုတော့ ဘာကို များများဟောသလဲလို့ဆိုတော့-

**သီလ ပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။ သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။**

ရဟန်းတို့ သီလနဲ့ ထုံမွှမ်းထားတဲ့ သမာဓိ၊ သီလကနေ တွန်းအားပေးတဲ့ သမာဓိ၊ အကျိုးများတယ်။ သမာဓိက တွန်းအားပေးတဲ့ ပညာ၊ အကျိုးများတယ်လို့ မကြာမကြာ မိန့်ကြားတော်မူတာ။ ဒီစကား မျိုးတွေ-

**အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ၊**
**သုသမာဟိတ သင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ၊**

ဘိက္ခဝေါ= ရဟန်းတို့သည်၊ အပ္ပမတ္တာ= မမေ့မလျော့ကြကုန် သည်၊ သတိမန္တော= သတိရှိကြကုန်သည်။ သုသီလာ= ကောင်းသော သီလရှိကြကုန်သည်။ ဟောထ= ဖြစ်ကြကုန်လော့။ သုသမာဟိတ သင်္ကပ္ပါ= ကောင်းစွာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်သော အကြံ အစည်ရှိကြကုန်သည်ဖြစ်၍၊ သစိတ္တံ= မိမိတို့ရဲ့စိတ်ကို၊ အနုရက္ခထ= အစဉ်စောင့်ရှောက်ကြပါကုန်လော့။ ဒီလို ဂါထာလေးတွေများ ရွတ်ပြီး

http://www.dhammadownload.com



တော့ အနက်အဓိပ္ပါယ်လေး စဉ်းစား ပြီးတော့နေရတဲ့အခါ အင်မတန် စိတ်ကျေနပ်မှုဖြစ်တာပဲ။ ပြီးတော့ ဟိုငယ်ငယ်က ရှင်သာမဏေဘဝက ရဟန်းဖြစ်ခါစက စာပေတွေ သင်ကြားပြီးနေရသော်လဲပဲ ဒီလိုအချက် အလက်တွေ မသိရပဲကိုး။ ဒီလို အချက်အလက်တွေက ပိဋကတ်တော် ကြီးတွေ ကျက်မှတ်တဲ့အခါမှ သိရတာ။ သိရတော့ သိပ်ပြီးတော့ စိတ်ကကျေနပ်တာ။ ဒါကြောင့်မို့ ကြည်ညိုဖွယ်ဖြစ်တဲ့ သုတ္တန်ဒေသနာ တော်များကို နာကြားရလို့ရှိရင်လဲပဲ ပီတိဖြစ်ပါတယ်။ နောက်တစ်မျိုး ဘာလဲလို့ဆိုတော့ **"တဒ ဓိမုတ္တတာ"**၊ တဒ ဓိမုတ္တတာ ဆိုတာက ဒီပီတိ သမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ စိတ်ကကိုင်းတယ်၊ စိတ်ကညွတ်တယ်၊ စိတ်က ရှိုင်းတယ်။ အဲသလို ညွတ်ကိုင်းပြီးတော့ ပီတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ပဲ စိတ်က ညွတ်ကိုင်းရှိုင်းပြီး နေမယ်ဆိုရင် ပီတိ သမ္ဗောဇ္ဈင် ဖြစ်တတ်တယ်။ "ဗုဒ္ဓ ဓမ္မံ သံဃ, သီလ စာဂ, ဒေဝ သမာနုဿတိ ကြဉ်ဘိခြောက်လူ၊ ကြည်သူဆက်ဆံ ဆင်ခြင်ပြန် ညွတ်ဟန်ပီတိ ဖြစ်ကြောင်းတည်း"လို့။ ပီတိဖြစ်ခြင်းရဲ့ အကြောင်းဆယ့်တစ်မျိုး။ အထူးသဖြင့်ကတော့ အာရဒ္ဓဝီရိယဿ အားထုတ်ကြိုးစား ဝီရိယများ သောပုဂ္ဂိုလ်အား နိရာမိသာ= အာမိသကင်းသော၊ ပီတိ= ပီတိသည်၊ ဥပ္ပဇ္ဇတိ= ဖြစ်တတ်၏။ တရားကို အဖန်ဖန် အထပ်ထပ် ရှုပွားဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာ ပီတိ ဖြစ်တတ်တယ် ပီတိသမ္ဗောဇ္ဈင်နဲ့ ပတ်သက်လို့ တော်တော်လေး စုံစုံ လင်လင်ရှိသွားပါပြီ။ ဒီပီတိသမ္ဗောဇ္ဈင်ဟာ လောကဖြစ်နေကြ ပီတိမျိုးနဲ့ မတူဘူး။ ပီတိဆိုတာ ကောင်းဆိုးနှစ်တန် ခပ်တိုင်းငန် သမန်အည တေရသဆိုတဲ့ စေတသိက်တွေ အမျိုးအစားတွေ ရှိတာထဲက အညသမာန်း စေတသိက်ထဲမှာ ဒီပီတိကပါတာ။ အဲဒီတော့ ကောင်းတဲ့နေရာမှာလဲ ဒီပီတိ ဖြစ်ပေါ်တယ်။ မကောင်းတဲ့ နေရာမှာလဲဖြစ်တာ။ ဒါကြောင့် ကောင်းဆိုးနှစ်တန် ခပ်တိုင်းငန် သမန်အညတေရသ၊ ကောင်းတဲ့စိတ် တွေနဲ့လဲယှဉ်တယ်။ မကောင်းတဲ့ စိတ်တွေနဲ့လဲ ယှဉ်တယ်။ ခက်တိုင်း

http://www.dhammadownload.com



ငန်တယ်။ အဲဒီတော့ ပီတိဟာ ကောင်းတဲ့နေရာမှာလဲဖြစ်တတ်တယ်။ မကောင်းတဲ့နေရာမှာလဲ ဖြစ်တတ်တယ်။

## ဗောဇ္ဈင်ကို ဖြစ်စေတတ်သောပီတိ

ကောင်းတဲ့နေရာမှာ ဖြစ်မှ ဗောဇ္ဈင် သမုဋ္ဌာပကံ ဗောဇ္ဈင်ကို ဖြစ်ပွားစေတတ်သော ဝိပဿနာသမ္ပယုတ္တံ= ဝိပဿနာနှင့်ယှဉ်သော၊ ပီတိ= ပီတိသည်၊ ပီတိသမ္ဗောဇ္ဈာင်္ဂေါ= ပီတိသမ္ဗောဇ္ဈင် မည်၏။ ဗောဇ္ဈင်ကို ဖြစ်ပွားစေတတ်တဲ့ ဝိပဿနာနဲ့ယှဉ်တဲ့ ပီတိသာ ပီတိသမ္ဗောဇ္ဈင်။ ဗောဇ္ဈင်ကို ဖြစ်ပွားစေတတ်တဲ့ ဝိပဿနာနဲ့ယှဉ်တဲ့ ပီတိဆိုတာက အားထုတ်မှရတာ။ သာမန်နဲ့ မဖြစ်နိုင်ဘူး။ အဲဒီတော့ ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေတတ်တဲ့ ဝိပဿနာနဲ့ယှဉ်တဲ့ ပီတိမျိုး ရရှိပြီးတော့ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်လှမ်းနိုင်ကြပါစေ။ တက်လှမ်းနိုင်အောင် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပဿဒ္ဓိသမ္ဗောဇ္ဈင်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၅)ရက်နေ့ ယောဂီသူတော်စင်များ တရားအားထုတ်ပြီးတော့ လာတာဟာ သမထပိုင်းကနေ ဝိပဿနာပိုင်း ကူးပြောင်းပြီးတော့ လာခဲ့ပြီ။ အဲသလို ဝိပဿနာအပိုင်း ကူးပြောင်းပြီးလာခဲ့သော်လဲ ဘုန်းကြီးတို့ကတော့ ဒီဗောဇ္ဈင်ခုနစ်ပါးလုံး ခုနစ်ရက်စခန်းမှာ ပြည့်အောင် ဟောမှာလို့ဆိုတော့ ဒီနေ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် စေတသိက်တို့ရဲ့ ငြိမ်းချမ်းခြင်း၊ စိတ်ရဲ့ငြိမ်းချမ်းခြင်း၊ ကိုယ်ရဲ့ ငြိမ်းချမ်းမှု၊ စိတ်ရဲ့ငြိမ်းချမ်းမှုဆိုတဲ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဒီနေ့ ဟောမှာပါ။

## မဟာကပ္ပိနထေရ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးပြီးတော့နေတဲ့အခါ မြတ်စွာဘုရားရဲ့ အနီးနားမှာ မဟာကပ္ပိန မထေရ်ကြီးဆိုတာ ရှိတယ်။ ဒီမဟာကပ္ပိနမထေရ်ကြီး ဆိုတာက မဟာကပ္ပိနမင်းကြီးပါပဲ။ မဟာကပ္ပိနမင်းကြီး မြတ်စွာဘုရားရှိရာသို့ သွားတဲ့အခါ ရဟန်းပြုဖို့ သွားတဲ့အခါ လမ်းမှာအဆီးအတားတွေ မြစ်ကြီးတွေ၊ မြစ်ကြီးတွေ ဆီးတားပြီးတော့နေတယ်။ ပထမမြစ်ကြီး တစ်ခုကို ကျော်လွှားဖို့ရာနဲ့ ပတ်သက်ပြီးတော့-

**ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ၊**

**ဧတေန သစ္စဝဇ္ဇေန ဂမနံ မေ သမိဇ္ဈတု။**

ဘဝရေအယဉ် လွှန်မြောက်တော်မူသည်ဖြစ်၍ လောက၏ အဆုံး နိဗ္ဗာန်ချမ်းသာသို့ရောက်တော်မူသော ဗုဒ္ဓဘုရား မှန်ပါပေ၏။ ဤသို့ ဘုရားရှင်နှင့်စပ်၍ မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့် ငါ၏ခရီးစဉ် ဘဝခရီးစဉ် သံသရာခရီးစဉ်ကြီးသည် ခလုတ်မထိ ဆူးမငြိပဲ ဖြောင့်ဖြူးသာယာပါစေသတည်းလို့ ဘုရားကို အာရုံပြုပြီး သစ္စာဆိုလိုက်တာ မြစ်ကြီးတစ်ခုကို အလွယ်တကူ ဖြတ်သန်းပြီးတော့ သွားနိုင်တယ်။ ထို့နောက် ဒုတိယမြစ်ကိုကျော်ဖို့-

http://www.dhammadownload.com



**ယဒိ သန္တိ ဂမောမဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ၊**
**ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

မဂ်ဉာဏ်လေးပါး မြတ်တရားသည် အေးငြိမ်းရာမှန် အေးနိဗ္ဗာန်သို့ ရောက်စေတတ်ပါ၏။ မဂ်ဉာဏ်လေးပါးဖြင့် ရောက်အပ်တဲ့ နိဗ္ဗာန်သည် စင်စစ်ချမ်းသာလှပါပေ၏။ ဤသို့ မဂ်ဉာဏ်လေးပါး နိဗ္ဗာန်တရားနှင့်ပတ်သက်၍ မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့် ငါ၏ခရီးစဉ် ဘဝခရီးစဉ် သံသရာခရီးစဉ်ကြီးသည် ခလုတ်မထိ ဆူးမငြိဘဲ ဖြောင့်ဖြူးသာယာပါစေသတည်းလို့ သစ္စာပြုပြန်တော့ မဂ်ဉာဏ်လေးပါး နိဗ္ဗာန်ရဲ့ဂုဏ်ကို အာရုံပြုပြီး အလွယ်တကူ ဒုတိယမြစ်ကြီးကို ဖြတ်ကျော်ပြီး တတိယတွေ့တဲ့ မြစ်ကြီးကို ဖြတ်ကျော်ဖို့ရာနဲ့ ပတ်သက်လို့-

**သံဃောဝေ တိဏ္ဏော ကန္တာရော ပုညက္ခေတ္တောအနုတ္တရော၊**
**ဧတေန သစ္စဝဇ္ဇေန ဂမနံ မေ သမိဇ္ဈတု။**

အရိယာရှစ်ပါး သံဃာတော်အရှင်မြတ်များသည် ဘဝခရီးခဲ အခက်အခဲဟူသမျှကို ကျော်လွန်ပြီးသည်ဖြစ်၍ အတုမရှိမြတ်သော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။ ဤသို့ အရိယာသံဃာတော်မြတ်များနှင့် ပတ်သက်၍ မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့် ငါ၏ခရီးစဉ် ဘဝခရီးစဉ် သံသရာခရီးစဉ်ကြီးသည် ခလုတ်မထိ ဆူးမငြိဘဲ ဖြောင့်ဖြူးသာယာပါစေသတည်းလို့ အရိယာသံဃာတော်မြတ်များရဲ့ ဂုဏ်ကျေးဇူးကိုသစ္စာပြုလို့ တတိယမြစ်ကိုလဲ အလွယ်တကူ ကျော်လွှားနိုင်ပြီးတော့ ဘုရားထံမှောက်ရောက်ပြီးတော့ သာဝတ္ထိပြည်မွန် အသရေချွန်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတော်မူတယ်။ မြတ်စွာဘုရား သာသနာတော်မှာ မြတ်စွာဘုရား၊ အဲဒီနောက် အဂ္ဂသာဝကကြီးနှစ်ပါး အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် ဒီနောက်မှ မဟာထေရ်ကြီးလေးပါး။ ရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်မဟာကစ္စာန၊ အရှင်မဟာကပ္ပိန ဆိုတဲ့ မဟာထေရ်ကြီးလေးပါး။ ဒီနောက်မှ မထေရ်တွေ၊ မဟာသာဝကကြီးတွေ အဆက်

http://www.dhammadownload.com



အဆက် ဒီလိုအနိမ့်အမြင့် ခွဲခြားထားတာ ရှိပါတယ်။ အဲသလို ခွဲခြားထားတာဆိုတော့ ဘုရားကနေပြီးတော့ ဘုရား၊ အဂ္ဂသာဝက၊ အဂ္ဂသာဝကနောက် မဟာထေရ်ကြီးလေးပါးထဲမှာ စာရင်းဝင်တော်မူတဲ့ မဟာကပ္ပိနမထေရ်မြတ်ကြီး ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးပြီး နေတော့ မြတ်စွာဘုရားနဲ့ မနီးမဝေးမှာ မဟာကပ္ပိန မထေရ်မြတ်ကြီး ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီးတော့ ကမ္မဋ္ဌာန်းရှေးရှု ထွက်လေဝင်လေကို သတိမပြတ်ရှုမှတ်ပြီးတော့ ငြိမ်သက်ပြီးတော့ နေတော့ မြတ်စွာဘုရားက ရဟန်းတို့- မဟာကပ္ပိန ငါ့သားတော်ကြီး မဟာကပ္ပိနရဲ့ မတုန်မလှုပ်နေပုံကို ကြည့်ကြစမ်း။ မြင်ကြရဲ့နော်။ မြင်ကြရဲ့လား။ မတုန်မလှုပ် တရားရှုမှတ်ပြီးနေတာကို မြင်ကြရဲ့လားလို့ဆိုတော့ ရဟန်းတော်များက မြင်ပါတယ်ဘုရားတဲ့။ ဒီမထေရ်ကြီးဟာ သံဃာ အလယ်မှာရော ဆိတ်ငြိမ်တဲ့နေရာမှာ တစ်ပါးတည်း သီတင်းသုံးတဲ့ အချိန်အခါ မှာရော မထေရ်မြတ်ကြီးရဲ့ ခန္ဓာကိုယ်ဟာ တုန်လှုပ်မှုမရှိဘူး။ ခြောက်ခြားမှုမရှိပါဘူး ဘုရား။ အဲဒီတော့ မြတ်စွာဘုရားက ဘာမိန့်သလဲ ဆိုတော့ သမာဓိတစ်မျိုးရှိတယ်တဲ့။ အဲဒီ သမာဓိတစ်မျိုးကို ပွားများခြင်း ကြောင့် အကြိမ်များစွာပြုတဲ့အတွက်ကြောင့်မို့ သားတော်ကြီးဖြစ်တဲ့ မဟာကပ္ပိနရဲ့ကိုယ်ဟာ တုန်လှုပ်မှုမရှိဘူး။ စိတ်ဟာလဲ တုန်လှုပ်မှု မရှိဘူး။ အဲဒီသမာဓိကို သားတော်ကြီး မဟာကပ္ပိနဟာ နိကာမလာဘီတဲ့။ အဲဒီ သမာဓိ အလိုရှိတိုင်းရ သံဃာအလယ်မှာဖြစ်စေ၊ တစ်ပါးထဲနေတဲ့ အခါဖြစ်စေ ဒီသမာဓိပွားလိုက်တယ်ဆိုရင် အလိုရှိတဲ့အခါမှာ အလိုရှိ သလိုပဲ။ ဒီသမာဓိရတော်မူတယ်။ ချက်ခြင်းရတယ်။ အကိစ္ဆလာဘီ= မငြိုငြင် မပင်ပန်းပဲရတာ။ အကသိရလာဘီ= မဆင်းရဲပဲနဲ့ ဒီသမာဓိရနိုင် တယ်။ အဲဒီလို ကိုယ်ရောစိတ်ပါ မတုန်မလှုပ် ငြိမ်သက်ပြီးတော့ နေလောက်အောင်ဖြစ်တာ ဘယ်သမာဓိကိုပွားလို့လဲ။ ဒီမထေရ်မြတ်ကြီး ဟာ အာနာပါနဿတိ သမာဓိဿ ဘာဝိတတ္တာ ဗဟုလီကတတ္တာ။ မဟာကပ္ပိန မထေရ်ကြီးဟာ ထွက်လေဝင်လေကို ရှုမှတ်ပွားများပြီးရရှိတဲ့

http://www.dhammadownload.com



သမာဓိကို ပွားများလို့ အကြိမ်ဖန်များစွာပြုတဲ့အတွက်ကြောင့်မို့ ကိုယ်ရဲ့တုန်လှုပ် ချောက်ခြားမှုလဲ မရှိဘူး။ စိတ်ရဲ့တုန်လှုပ် ချောက်ခြားမှုလဲ မရှိဘူး။ အဲဒီတော့ မဟာကပ္ပိနမထေရ်မြတ်ကြီးဟာ အာနာပါနဿတိ သမာဓိ အသုံးချပြီးတော့ ပရိသတ်အလယ်မှာဖြစ်စေ၊ အခြားနေရာမှာဖြစ်စေ ဒီမဟာကပ္ပိနမထေရ်မြတ်ကြီးဟာ သမာဓိကို အလွယ်တကူ ရရှိနိုင်တာ။ ထွက်လေ ဝင်လေကို ပွားများလို့ပါပဲ။ အဲဒီတော့ ယောဂီသူတော်စင်များဟာလဲပဲ အဲသလို အရှင်မြတ်ကြီးများ ပွားများအားထုတ်တဲ့ ထွက်လေဝင်လေကို သတိမပြတ်ရှုမှတ်ပြီး ရရှိတဲ့ သမာဓိမျိုးတို့တစ်တွေ ထိုက်တန်သလောက် ရရှိပြီ။ အရှင်မြတ်ကြီး ကတော့ နိကာမလာဘီ အလိုရှိတိုင်း အလိုရှိတဲ့ အခါမှာ ဒီသမာဓိကို ရရှိနိုင်တယ်။ အကိစ္ဆလာဘီ မငြိုငြင် မပင်ပန်းပဲ ရရှိနိုင်တယ်။ အကသိရလာဘီ= မဆင်းရဲဘဲ ရရှိနိုင်တယ်။ အဲဒီ သမာဓိမျိုး မိမိသန္တာန်မှာ ထိုက်တန်သလောက် ရရှိခဲ့ကြပြီ။

## ပဿဒ္ဓိသမ္ဗောဇ္ဈင်

တရားအချီးအနေအားဖြင့် ပြောကြားပြီးတဲ့အခါ ဟောစဉ် ပြောစဉ်အတိုင်းသွားမယ်ဆိုရင် ပဿဒ္ဓိသမ္ဗောဇ္ဈင် ရောက်ပြီ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးအား ဖြစ်ပါသလဲ။ ဘယ်လိုပုဂ္ဂိုလ်မျိုးအား ဖြစ်ပါသလဲဆိုတော့-

**ပီတိမနဿ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ။**

ပီတိမနဿ= ပီတိ လွှမ်းတဲ့စိတ် ရှိသောပုဂ္ဂိုလ်အား၊ ကာယောပိ= စေတသိက်ခန္ဓာများဟာလဲပဲ၊ ပဿမ္ဘတိ= ငြိမ်းအေးပြီ။ စိတ္တမ္ပိ= စိတ်ကလေးဟာလဲပဲ၊ ပဿမ္ဘတိ= ငြိမ်းအေးပြီ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်ပုဂ္ဂိုလ်မျိုးမှာ ဖြစ်သလဲဆိုတော့ ပီတိမနဿ= ပီတိသမ္ဗောဇ္ဈင်ဖြစ်မှ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်မယ်။ ငြိမ်းပြန်တော့လဲ ကိုယ်၏ငြိမ်းချမ်းမှု၊ စိတ်၏ငြိမ်းချမ်းမှု၊ ပဿဒ္ဓိ။ အဲဒီ ပဿဒ္ဓိဟာ နှစ်မျိုး။ ကာယပဿဒ္ဓိ=

http://www.dhammadownload.com



စေတသိက်ခန္ဓာတို့ရဲ့ ငြိမ်းအေးမှု၊ စိတ္တသဿပဿဒ္ဓိ= ဝိညာဏက္ခန္ဓာခေါ်တဲ့ စိတ်ရဲ့ငြိမ်းအေးမှု။ အဲဒီ နှစ်မျိုးလုံးဟာ အဘိညာဏ် ဉာဏ်ထူး ဉာဏ်မြတ်ရဖို့ရာလဲ ဖြစ်တယ်။ သမ္ဗောဓာယ= သစ္စာတရား သိဖို့ရာလဲ ဖြစ်တယ်။ နိဗ္ဗာနာယ= နိဗ္ဗာန်ရောက်ဖို့ရာလဲ အမှန်ပါပဲတဲ့။ အဲဒီ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဝိပဿနာနဲ့ယှဉ်စပ်ပြီးတော့နေတဲ့ ငြိမ်းအေးမှု။ ကိုယ်ရဲ့ ငြိမ်းအေးမှု၊ စိတ်ရဲ့ငြိမ်းအေးမှုဟာ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ပဲတဲ့။ အဲဒီ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို စိတ်ငြိမ်းမှုကိုမှီအောင် ရာဂကင်းခြင်းနှင့် ဆက်နွယ်မိအောင် တဏှာချုပ်ငြိမ်းမှုနှင့် ယှဉ်စပ်အောင် စွန့်လွှတ်မှုနဲ့ ချိပ်ဆက်မိအောင် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများရမယ်။

## ဓမ္မာနုပဿနာ ရှုပွားနည်း

**သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိမေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ကိုယ်ရဲ့ငြိမ်းအေးမှု၊ စိတ်ရဲ့ ငြိမ်းအေးမှု ဖြစ်နေလို့ရှိရင် ငါ့သန္တာန်မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နေပြီလို့ ဒီလိုသိလို့ရှိရင် ဓမ္မာနုပဿနာပါပဲ။

**အသန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ၊ နတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ မရရှိသေးတဲ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် မိမိသန္တာန်မှာ မရရှိသေးဘူး။ မရှိသေးဘူးလို့ ဒီလိုလဲ သိရမယ်။ ယထာစ အနုပ္ပန္နဿ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။ မိမိသန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ ဒီလိုလဲ သိရမယ်။

**ယထာစ ဥပ္ပန္နဿ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိ ဟောတိ တဉ္စ ပဇာနာတိ။**

http://www.dhammadownload.com



ဖြစ်ပေါ်ပြီးတော့နေတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဘာဝနာ ပြည့်ပြည့်စုံစုံ ပွားများမှု၊ အပြည့်အစုံဖြစ်အောင် ဘယ်လိုများလုပ်ရမလဲ။ ဒီလိုလဲ သိရမှာတဲ့။

## အကြောင်း (၂)ပါး

ဆက်ဟောကြစို့။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း ကိုယ်ရဲ့ငြိမ်းအေးမှု၊ စိတ်ရဲ့ငြိမ်းအေးမှုဆိုတာ ဘယ်လို ဖြစ်နိုင်သလဲ။ ကိုယ်ရဲ့ငြိမ်းအေးမှုနဲ့ ပတ်သက်လို့ စေတသိက်ခန္ဓာတို့ရဲ့ ငြိမ်းအေးမှု ဖြစ်လာပြီဆိုရင် အဲဒီမှာ ယောနိသောမနသိကာရ လိုက်ပေးရမယ်။ စိတ်ရဲ့ငြိမ်းအေးမှု စိတ်ရဲ့ငြိမ်းအေးမှု ဖြစ်လာပြီဆိုရင် အဲဒီမှာ ယောနိသောမနသိကာရ လိုက်ပေးလို့ရှိရင် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်တာပါပဲ။

## အကြောင်း (၇)မျိုး

ရှေးအဋ္ဌကထာဆရာကြီးများတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ဖို့ရာ အကြောင်းခုနစ်မျိုး ပဿဒ္ဓိငြိမ်းအေးမှု၊ ကိုယ်ရဲ့ငြိမ်းအေးမှု၊ စိတ်ရဲ့ငြိမ်း အေးမှု ဖြစ်ပေါ်ဖို့ရန် အကြောင်းခုနစ်မျိုးတဲ့။ မွန်မြတ်တဲ့ဘောဇဉ်ကို သုံးဆောင်ရလို့ရှိရင်လဲပဲ ကိုယ်ရဲ့ငြိမ်းအေးမှု၊ စိတ်ရဲ့ငြိမ်းအေးမှု ဖြစ်နိုင်တယ်။

မွန်မြတ်တဲ့ ဥတု၊ မိမိနဲ့သင့်တော်တဲ့ ဥတု၊ တစ်ချို့ပုဂ္ဂိုလ်များက တော့ ဘယ်ဥတုဖြစ်ဖြစ် ခံနိုင်ရည်ရှိတယ်။ တစ်ချို့ပုဂ္ဂိုလ်များကြတော့ ဥတုအေးမှ တစ်ချို့က ပူမှ။ အဲဒီတော့ မိမိနှင့်သင့်တော်တဲ့ ဥတုနဲ့ နေရလို့ရှိရင်လဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နိုင်တာပဲ။ နောက်တစ်မျိုးကြ တော့ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါး။ မိမိနေလိုတဲ့ ဣရိယာပုတ်ကလေးနဲ့ နေရလို့ရှိရင်လဲ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပါတယ်။ ပြီးတော့ လျစ်လျူရှုတတ်တဲ့ အလေ့အလာနဲ့ ပြည့်စုံလို့ရှိရင်လဲပဲ

http://www.dhammadownload.com



ငြိမ်းအေးမှု ရနိုင်ပါတယ်။ မိမိ သူတစ်ပါး နှစ်ဦးသားတို့ရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်မျိုးရှိတယ်။ အဲဒီ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်မျိုး သည်သာလျှင် မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ အဲသလို ဆင်ခြင်နိုင်လို့ရှိရင်လဲပဲ ငြိမ်းအေးမှုဖြစ်နိုင်ပါတယ်။ ပြီးတော့ ကြမ်းတမ်း တဲ့ပုဂ္ဂိုလ်တွေ၊ ရိုက်လိုက် ပုတ်လိုက်၊ ထုလိုက်၊ နှက်လိုက်နဲ့ အဲသလို ပုဂ္ဂိုလ်မျိုးတွေကို ရှောင်ရှားရမယ်တဲ့။ ပြီးတော့ နူးညံ့တဲ့ပုဂ္ဂိုလ်တွေ၊ နူးညံ့တဲ့ပုဂ္ဂိုလ်တွေဆိုတာ လက်နက်မကိုင်စွဲဘူး။ ဒုတ်, ဓါး မကိုင်စွဲဘူး။ ကိုယ်ရော, လက်ရော ထိန်းသိမ်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေ။ အဲသလို ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံလို့ရှိရင် ချဉ်းကပ်မယ်ဆိုလို့ရှိရင်လဲပဲ။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ငြိမ်းအေးမှု ဖြစ်နိုင်တယ်။ သွားတဲ့အခါမှာ၊ နေတဲ့ အခါမှာ၊ ရပ်တဲ့အခါမှာ၊ ဣရိယာပုတ်တိုင်း၊ ဣရိယာပုတ်တိုင်း စိတ်က ညွတ်ကိုင်းပြီးနေလို့ ရှိရင်လဲပဲ ပဿဒ္ဓိသမ္ဗောဇ္ဈင် ငြိမ်းအေးမှုဖြစ်နိုင်ပါတယ်။ အဲဒီတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ခုနစ်မျိုး။

**“ဘောဇဉ်ဥတု သွားလာမှုနဲ့ သုခဉာဏ်မြင် ကြမ်းလျှင်ဖယ်ရှား နူးညံ့အားကို ချဉ်းကပ်ခို ငြိမ်းလိုပဿဒ္ဓိ ဖြစ်ကြောင်းတည်း။”**

ငြိမ်းလို ပဿဒ္ဓိ ကိုယ်ရောစိတ်ပါ ငြိမ်းချင်တယ်၊ ငြိမ်းလာတယ်။ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်ပွားချင်တယ်ဆိုလို့ရှိရင် သွားရပ်ထိုင်လျောင်း ဣရိယာပုတ်အားလုံးမှာ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရဖို့ချည်းထဲပဲ စိတ်က ညွတ်ကိုင်းပြီး တော့နေလို့ရှိရင်လဲပဲ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပါတယ်။ အခု ယောဂီသူတော်စင်များ ယနေ့ဆို (၅)ရက်တိုင်တိုင် မိမိတို့ ထွက်လေ ဝင်လေကို နှာသီးဖျားကနေပြီးတော့ ထွက်ခိုက် ဝင်ခိုက် အဲဒီအချိန် ကလေး နှာသီးဖျားမှာ ဝါယောကာယခေါ်တဲ့ ထွက်လေ ဝင်လေ၊ ထွက်လေ ဝင်လေခေါ်တဲ့ ဝါယောကာယ ဝါယောရုပ်၊ ဝါယောရုပ်ရဲ့ ထိုးထွက်တာကိုလဲ သိ၊ တိုးဝင်တာကိုလဲ သိ၊ အဲဒါလေးကို တစ်နေ့ တစ်နေ့ဆိုလို့ရှိရင်တော့ အကြိမ်ပေါင်းများစွာပေ့ါ။ တစ်နာရီပဲ ဆိုကြပါစို့။ ဒီထွက်လေ ဝင်လေရဲ့ ထုတ်ချိန် မှုတ်ချိန်ဟာ ထုတ်တဲ့အချိန်၊

http://www.dhammadownload.com



မှတ်တဲ့အချိန် အကြိမ်ပေါင်းက တစ်ထောင်ပတ်ဝန်းကျင်လောက်မှာ ရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူကြဘူး။ အဲဒီတော့ တစ်နာရီမှာ တစ်ထောင်နဲ့ပဲ ဆိုကြပါစို့။ တွက်လို့လွယ်အောင် နှစ်ဆယ့်လေးနာရီဆိုရင် တစ်ရက်ဆိုတော့ ထွက်လေဝင်လေကို အသုံးချပြီးနေကြတာ နှစ်သောင်းနဲ့လေးထောင်။ အဲဒီ နှစ်သောင်းလေးထောင်မှာ ရှေးရှေးအခါတုန်းက အလွတ်သဘောနဲ့ နေကြတုန်းကတော့ အကြိမ်ပေါင်းနှစ်သောင်းနဲ့လေးထောင် အသုံးချနေတဲ့ ထွက်လေဝင်လေကို တစ်ရာတောင်မှ မှတ်မိလိုက်ဖို့ခက်တယ်။ တစ်ရာတောင်မှ သတိပြုမိလိုက်ဖို့ ခက်ပါတယ်။ မိမိတို့ ခုနစ်ရက်တရားစခန်း ဝင်ပြီးတော့ ထွက်လေဝင်လေကို မပြတ်ရှုမှတ် ပွားများပြီးနေတဲ့ အခါကျတော့ တစ်နေ့ဆယ့်တစ်ချိန်၊ တစ်နာရီ ဆိုကြပါစို့။ ထွက်လေဝင်လေ အကြိမ်ပေါင်း တစ်ထောင်၊ ဆယ့်တစ်ချိန်ဆိုတော့ သောင်းတစ်ထောင်လောက် ရှုမှတ်ကြ။ အဲဒီ သောင်းတစ်ထောင်လောက် ရှုမှတ်ပြီးတော့နေကျတော့ ထွက်လေ ဝင်လေကို သတိမပြတ်ရှုမှတ်ပြီးနေတဲ့ အခါကျတော့ ရာပေါင်းများစွာ သတိပြုမိလိုက်ကြ။ ဒါက တစ်ရက်တာ ကာလအတွင်း နှစ်သောင်းလေးထောင်၊ တစ်လဆိုရင် သိန်းချီပြီးတော့ သွားမှာကို ရုပ်တရား၊ နာမ်တရားတွေထဲက ရုပ်ကမ္မဋ္ဌာန်း ရုပ်ကလဲပဲ နှစ်ဆယ့်ရှစ်မျိုး ရှိတာထဲက ပင်မရုပ်ကြီးလေးခုကတော့ ပိုပြီးတော့ မြင်လွယ် ထင်လွယ်တာပါ။ မြတ်စွာဘုရားက ဓာတုဝိဘင်းဆိုတာ ဟောတဲ့အခါမှာလဲပဲ ဒီဓာတ်ကြီးလေးပါးကို အခြေခံပြီးတော့ အာကာသဓါတ်၊ ဝိညာဏဓာတ် ထည့်ဟောတော်မူတာ။ အဲဒီတော့ အဲဒီဓာတ်ကြီးခြောက်ပါးထဲမှာလဲပဲ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါး။

http://www.dhammadownload.com



**အသုံးချပုံအမျိုးမျိုး**

ဂန္ဓာရီဝိဇ္ဇာဆရာများကတော့ အဲဒီ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ပဲ ဓာတ်တွေကစားကြပြီတော့ ဂန္ဓာရီဝိဇ္ဇာ ဖြစ်ကြတယ်။ သိပ္ပံပညာရှင်တွေကတော့ ဒီဓာတ်ကြီးလေးပါးကိုပဲ အသုံးချပြီးတော့ ဆေးလမ်း၊ စက်ကိရိယာလမ်းတွေ ထွင်ကြ။ ဒီဓာတ်ကြီး လေးပါးပါပဲ ကောင်းကင်ပျံ သန်းနေကြတဲ့ ဒုံးပျံကြီးတွေ၊ လေယာဉ်ကြီး တွေအားလုံးဟာ ဒီဓာတ်ကြီး လေးပါးကို နိုင်နင်းအောင် အသုံးချပြီးတော့ ကောင်းကင်ပျံသန်းကြတာပါပဲ။ အဲဒီတော့ သိပ္ပံပညာရှင်တွေဟာ ဆေးလမ်း၊ စက်ကိရိယာလမ်းမှာ သူတို့လဲ ဓာတ်ကြီးလေးပါး အခြေခံ ပြီးတော့ အထွင့်အထိပ်ရောက်ကြ။ ဗုဒ္ဓဘုရားကတော့ မိမိရဲ့ခန္ဓာကိုယ်မှာ အမြဲတန်းအသုံးချပြီးတော့နေတဲ့ ဓာတ်ကြီးလေးပါး။ အဲဒီ ဓာတ်ကြီး လေးပါးထဲမှာလဲပဲ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးထဲမှာ မြေဓာတ်ကလဲ ဓာတ်အငြိမ်ပဲ။ ရေဓာတ်ကလဲ ငြိမ်ပါတယ်။ မီးဓာတ်ကလဲ ဓာတ်ငြိမ်ပဲ။ ဝါယောဓာတ်တစ်ခုကတော့ လှုပ်ရှားတဲ့ဓာတ်ကိုး။ လေဓာတ်လို့လဲ ခေါ်ပါတယ်။ အင်အားကောင်းတယ်။ သူက အင်အား ကောင်းတဲ့အတွက်ကြောင့်မို့ သူဟာ ရေမြေကို လှုပ်စေနိုင်တယ်။ မီးကိုလဲ လှုပ်စေနိုင်တယ်။

ဘုန်းကြီးတို့ တစ်ခါတစ်ရံ မီးတောင်ကြီးတွေ ပေါက်တာ တွေ့ရတယ်။ သူ့ဟာသူဆိုရင်တော့ မီးတောင်ဟာ မပေါက်ဘူး။ အဲဒီမှာ မီးတောင်မှာရှိနေတဲ့ လေက တစ်ဖြည်းဖြည်း တစ်ဖြည်းဖြည်းနဲ့ သူက နေပြီးတော့ လေကလှုပ်လှုပ် လှုပ်လှုပ်ပေးတဲ့အခါကျတော့ ကြာသွားတဲ့ အခါ မီးတောင်ကြီးတွေ ပေါက်ကြတယ်။ အဲဒီတော့ ဒီလေဓာတ်ဟာ အင်မတန်အသုံးလဲတွင်ကျယ် အရေးပါတယ်။ အဲဒီတော့ ဘုန်းကြီးတို့ တစ်တွေ ဒီဝါယောလေဓာတ်ကို အသုံးချတာက ဒီထွက်လေ ဝင်လေ အသုံးချလာလိုက်တာ တစ်သက်တာကာလပတ်လုံး အဲဒီတော့ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းနှစ်မျိုးရှိတာထဲက တစ်ချို့ပုဂ္ဂိုလ်များကျတော့

http://www.dhammadownload.com



ရုပ်ကမ္မဋ္ဌာန်းက ထင်ရှားတယ်။ တစ်ချို့ပုဂ္ဂိုလ်များမှာ နာမ်ကမ္မဋ္ဌာန်းက ထင်ရှားတယ်။ ဩော်- တစ်ရက်ကနေပြီး နှစ်ရက်၊ သုံးရက်၊ လေးရက်၊ လေးရက် ခွဲလောက် အားထုတ်လိုက်တဲ့အခါ စိတ်ကလေးဟာ သမာဓိရတယ်။ အဲသလို သမာဓိရလာတဲ့အခါကျတော့ ရုပ်ကိုဖြစ်စေ၊ နာမ်ကို ဖြစ်စေ အကဲခတ်ပေတော့။ မိမိသန္တာန်မှာ ဖြစ်နေတဲ့ရုပ်၊ မိမိသန္တာန်မှာ ဖြစ်နေတဲ့နာမ်၊ အကုန်လုံး အကဲခတ်ပြီးတော့ သူတို့ရဲ့ဖြစ်စဉ်အမှန်ကို အဲဒီ တည်ကြည်တဲ့စိတ်ရတဲ့အခါကျမှ သိနိုင်တာကိုး။ အဲဒီလို တည်ကြည်မှု ရတဲ့အခါကျတော့ ကြည့်ပေတော့။ စိတ်ကလေး တည်ကြည်လာပြီ၊ ငြိမ်သက်လာပြီ၊ မလှုပ်ယှက်တော့ဘူးဆိုရင် တရားတွေ ကြည့်ပေတော့။ အဲသလို ကြည့်နိုင်အောင်ဆိုပြီးတော့ တဖြည်းဖြည်းချင်းလေး တဖြည်းဖြည်းချင်းလေး အားထုတ်လာခဲ့ကြတာ။ ဗောဇ္ဈင်တရားတွေ မိမိတို့သန္တာန်မှာ ဖြစ်ပွားခဲ့ကြပါတယ်။ မိမိတို့သန္တာန်မှာ ဝီရိယသမ္ဗောဇ္ဈင်တွေလဲ ပြောစရာမလိုဘူး ဖြစ်ခဲ့ကြပြီ။ သတိသမ္ဗောဇ္ဈင် အားထုတ်စကတည်းက ဒီဗောဇ္ဈင်တွေနဲ့ စခဲ့ကြရတာကိုး။

ဝီရိယသမ္ဗောဇ္ဈင်လဲ ဖြစ်ခဲ့ပြီ။ ဓမ္မဝိစယသမ္ဗောဇ္ဈင် တရားတွေ ခွဲခြမ်းပြီးတော့ သိနိုင်တယ်။ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်တော့ သမာဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပြီဆိုတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ပိုပြီးတော့အားကောင်းသွားတယ်။ ဥပေက္ခာသမ္ဗောဇ္ဈင်လဲ ဖြစ်ခဲ့ကြပြီ။ အဲဒီတော့မှ ပိုပြီးတော့ ကောင်းပါတယ်။ အားကောင်းပါတယ်။ ဒါကြောင့်မို့ မိမိတို့အားထုတ်လာတဲ့ လမ်းစဉ်ကြီး သည် သုံးလောကထွဋ်ထား မြတ်ဘုရားကို ဘုရားအဖြစ်သို့ ရောက်အောင်ပို့တဲ့ အာနာပါနဿတိကမ္မဋ္ဌာန်း။ ဘုရားဖြစ်ပြီးပြန်သော်လဲပဲ အချိန်များများ လက်သုံးထားပြီးတော့ အသုံးပြုတော်မူတဲ့ အာနာပါန ဿတိကမ္မဋ္ဌာန်း မဟာကပ္ပိနမထေရ်မြတ်ကြီးတို့ အစရှိတဲ့ မထေရ်မြတ်ကြီးတွေ အစဉ်ထာဝရ အသုံးချအားထုတ်ပြီးနေတဲ့ အာနာပါနဿတိကမ္မဋ္ဌာန်းကို တို့တစ်တွေ အားထုတ်ရတယ်လို့

http://www.dhammadownload.com



စိတ်ထဲမှာ အာရုံထားပြီးတော့ ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒကို နိဂုံးချုပ်အပ်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဝင့်နှင့်ကြမ္မာ မလွတ်သာ၊ ကြမ္မာနှင့်ဝင့် ပြေးမလွတ်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၆)ရက်နေ့၊ ယနေ့ ဟောမည့် တရားက သမာဓိသမ္ဗောဇ္ဈင် ထိုက်တန်သလောက် ထင်ရှားအောင် ဟောရမည့်နေ့ ဘုန်းကြီးတို့ မြတ်စွာဘုရား ဝေသာလီပြည်၊ မဟာဝုန် တော စုလစ်မွန်းချွံ အထွဋ်တင်တဲ့ ကျောင်းတိုက်ကြီးမှာ သီတင်းသုံး နေတဲ့အချိန်၊ မြတ်စွာဘုရားက ရဟန်းတော်တို့အား ကမ္မဋ္ဌာန်းပေးတော် မူတယ်။ ဘာကမ္မဋ္ဌာန်းပေးသလဲဆိုတော့ အသုဘကမ္မဋ္ဌာန်းများများ ပေးတော်မူတယ်၊ ခန္ဓာကိုယ်ကြီး စက်ဆုပ်ရွံ့ရှာဖွယ်တွေ ထုတ်ပြတယ်။ တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ အစရှိသည်ဖြင့် ဒီခန္ဓာကိုယ်မှာ ရွံ့စဖွယ် အချက်အလက်တွေကို ရှုပွားဖို့ အသုဘကမ္မဋ္ဌာန်း ဟောကြားတော် မူပါတယ်။ အဲသလို အသုဘကမ္မဋ္ဌာန်းပေးတော်မူတဲ့ အခါကြတော့ ရဟန်းတော်အရှင်မြတ်တွေဟာ ခန္ဓာကိုယ်ကြီးကို ငြီးငွေ့လို့ စက်ဆုပ်လို့ ရွံ့ရှာလို့ အဲသလိုဖြစ်တဲ့အချိန် မြတ်စွာဘုရားက "ရဟန်းတို့ ငါဘုရား တစ်ပါးတည်း အေးအေးဆေးဆေး သီတင်းသုံးဦးမယ်။ ဆွမ်းပို့တဲ့ ကိုယ်တော်တစ်ပါးပဲ ငါဘုရားထံ လာပါစေတော့"လို့ မှာတော်မူတယ်။ မြတ်စွာဘုရား ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်း သီတင်းသုံးပြီး နေတဲ့အချိန်ကိုး။ ရဟန်းတော် အရှင်မြတ်တွေကလဲပဲ အစုံပါပဲ။ ပုထုဇဉ်ရဟန်းတွေလဲ ပါတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရှင်မြတ်ကြီးတွေလဲ ပါတယ်။ အဲဒီရဟန်းတော် အရှင်မြတ် တွေဟာ ရှေးဘဝက ဘဝတစ်ခုက မုဆိုးငါးရာဖြစ်ကြဖူးတော့ ဂျိုငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ် အစရှိတဲ့ သတ္တဝါတွေ သတ်ဖြတ်ပြီးတော့ စားကြသောက်ကြ နဲ့ အဲသလို နေခဲ့ကြဖူးတဲ့ ပုဂ္ဂိုလ်တွေ။ တစ်စုတစ်စည်း တည်း အပရာပရိယ ဘဝအအဆက်ဆက်မှ အကျိုးပေးမည့် အကုသိုလ်ကံက ရှိနေကြတာ။ ရှိနေကြတော့ ဒီဘဝလဲပဲ ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရှင်မြတ်တွေ

http://www.dhammadownload.com



အသီးအသီး ဖြစ်ကြပေမယ်လို့ ဒီရဟန်းတွေရဲ့ ဝိပါကဝဋ်ကြွေးက မကင်းကြဘူး။ အဲသလို မကင်းကြလို့ မြတ်စွာဘုရားက အသုဘကမ္မဋ္ဌာန်း ပေးပြီးတော့ ဒီရဟန်းတွေဟာ ခန္ဓာကိုယ်ကို စက်ဆုပ်ရွံ့ရှာပြီးတော့ အကြောင်းတစ်ခုခုကြောင့် ဥပစ္ဆေဒကကံကြောင့် ပျံလွန်တော်မူကြသော်လဲ ခန္ဓာကိုယ်ကို စက်ဆုပ်ရွံ့ရှာတဲ့ အသိဉာဏ်လေးနဲ့ ပျံတော်မူသွားရင် တန်ဘိုးကြီးတယ်လို့ မြင်တော်မူပြီးတော့ မြတ်စွာဘုရားက အသုဘကမ္မဋ္ဌာန်းပေးပြီးတော့ထားတာ။ တစ်ခါတည်း သူ့အရင်သေမယ်။ ငါအရင်သေမယ်ဆိုတာမျိုးလို ဖြစ်ပြီးတော့ ရဟန်းရှင်ယောင်အသွင်ဆောင်တဲ့ ပုဂ္ဂိုလ်ကို သတ်ခိုင်းတယ်ဆိုကြပါစို့။ သူ့အရင်သတ်ပါ၊ ငါ့အရင်သတ်ပါတဲ့။ အဲသလို အဲသလိုနဲ့ ရဟန်းငါးရာသေကြတယ်။ ပျံတော်မူကြတယ် ဆိုကြပါစို့။ မြတ်စွာဘုရားက သီတင်းဝါလကျွတ်တော်မူတဲ့အခါကြတော့ အာနန္ဒာ ရဟန်းတွေ နည်းသွားသလိုပဲလို့ မိန့်ဆိုတော့မှ အရှင်အာနန္ဒာက အကျိုးအကြောင်း လျှောက်ထားတယ်။ အဲဒီနေရာမှာ-

**ကမ္မဝိပါကော နာမ ကေနစိ ပဋိဗာဟိတုံ နသက္ကာ။**

ကမ္မဝိပါကော နာမ= ကံမကောင်းကျိုးဖြစ်စေ၊ ကောင်းကျိုးဖြစ်စေ၊ ကေနစိ= တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်၊ ပဋိဗာဟိတုံ= တားမြစ်ခြင်းငှါ၊ နသက္ကာ= မတတ်နိုင်။ ဘုရားရှင်ဟာလဲပဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဝိပါကဝဋ်ကြွေးကိုတော့ မတားဆီးနိုင်ဘူး။ ဝိပါကဝဋ်ကြွေးရဲ့ အကြောင်းဖြစ်တဲ့ ကံကိုသာကောင်းအောင် ဟောကြားတော်မူတာကိုး။ ဆိုကြပါစို့လေ။ အဲသလိုနဲ့ပဲ ရဟန်းတော်တွေ အများအစား ပျံလွန်တော်မူကြတယ်။ ဝဋ်နှင့်ကြမ္မာ မလွတ်သာသာ၊ ကြမ္မာနှင့်ဝဋ် ပြေးမလွတ် ဆိုသလိုပါပဲ။

http://www.dhammadownload.com



**တရားပြောင်းပေး**

အဲဒီတော့မှ အသုဘကမ္မဋ္ဌာန်းကနေ ပြောင်းပြီးတော့ ကမ္မဋ္ဌာန်း ပေးတော်မူတယ်။ ဘာကမ္မဋ္ဌာန်းပေးသလဲလို့ဆိုတော့ အာနာပါနာဿတိ ကမ္မဋ္ဌာန်း ပေးတော်မူတယ်။ အာနာပါန ထွက်လေ ဝင်လေကို သိမ်းဆည်းတဲ့ သတိ။ အဲဒီ သတိကြောင့် ဖြစ်ပေါ်တဲ့သမာဓိ၊ အာနာပါနဿတိ သမာဓိ ထွက်လေ ဝင်လေကို သိမ်းဆည်းတတ်တဲ့ သတိကြောင့် ဖြစ်ပေါ်တဲ့ သမာဓိ။ အဲဒီ သမာဓိရဲ့တန်ဖိုးကြီးပုံကို-

**အာနာပါနဿတိ သမာဓိ ဘိက္ခဝေ သန္တောစေဝ ပဏီတောစ အသေစနကောစ၊ သုခေါစ ဝိဟာရော။ ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ။**

ရဟန်းတို့ ထွက်လေ ဝင်လေကို သိမ်းဆည်းတဲ့ သတိကြောင့် ဖြစ်ပေါ်တဲ့သမာဓိ။ ယောဂီသူတော်စင်များမှာ ဖြစ်ပေါ်ခဲ့တဲ့ သမာဓိ ထွက်လေ ဝင်လေကို ရှုမှတ်။ ထွက်လေ ဝင်လေကို သိမ်းဆည်း တတ်တဲ့ သတိကြောင့်ဖြစ်ပေါ်တဲ့ သမာဓိ။ အဲဒီ သမာဓိဟာ သန္တောစေဝ= နူးလဲ့ နူးညံ့ပါတယ်။ ပဏီတောစ= မြတ်လည်းမြတ်တယ်။ အသေစနကောစ= နောက်ထပ်ဖြည့်စွက်စရာ ချမ်းသာမလိုဘူးတဲ့။ သုခေါစ ဝိဟာရော= မျက်မှောက်ဘဝမှာလဲ ချမ်းချမ်းသာသာ နေနိုင်တဲ့သမာဓိမျိုး ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ။ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းကုန်သော ယုတ်မာညစ်ညမ်း အကုသိုလ်တရားဆိုးတွေကို တခဏခြင်း ကွယ်ပစေနိုင်တယ်။ ပပျောက်စေနိုင်တယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင်-

**သေယျထာပိ နာမ ဂိမှာနံ ပစ္ဆိမေ မာသေ ဥဟတံ ရဇောဇလ္လံ မဟာ အကာလ မေဃော အန္တရဓာပေတိ။**

နွေလတို့ရဲ့ နောက်ဆုံးလ ဝါဆိုလ။ အဲဒီ ဝါဆိုလမှာ မြူမှုန်တွေ ထပြီးတော့နေတော့ အဲဒီ မြူမှုန်တွေ နွားတွေ ကျွဲတွေသွားတဲ့

http://www.dhammadownload.com



အတွက်ကြောင့်မို့ မြေကြီးတွေဟာလဲပဲ အမှုန့်အမှုန့် ဖြစ်ပြီးတော့ နေတယ်။ မြူမှုန်တွေကို အခါမဲ့ရွာတဲ့မိုးကြီး ရွာသွန်းချလိုက်တဲ့အခါ တစ်ခါတည်း မြူမှုန်တွေဟာ၊ ဖုန်တွေဟာ သိပ်ပြီးတော့ သွားတယ်။ အဲသလိုပါပဲတဲ့ ဒီထွက်လေ ဝင်လေကို သိမ်းဆည်း၍ ရတဲ့ သတိကြောင့် ဖြစ်ပေါ်တဲ့သမာဓိ စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှုဟာ မကောင်းညစ်ဆိုး အကုသိုလ်တရားဆိုး တရားပျက်တွေကို တခဏချင်း ငြိမ်းစေနိုင်ပါတယ်တဲ့။

## သမာဓိ (၂)မျိုး၊ (၄)မျိုး

ဝိပဿနာနဲ့ ယှဉ်တွဲတဲ့ သမာဓိမျိုးကို သမာဓိသမ္ဗောဇ္ဈင်တဲ့။ ဘယ်လိုပုဂ္ဂိုလ်မျိုးမှာ ဖြစ်သလဲဆိုတော့ ပဿဒ္ဓ ကာယဿ သုခိနော သမာဓိသမ္ဗောဇ္ဈင်္ဂေါ။ ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသည်ဖြစ်၍ ချမ်းချမ်း သာသာနေတဲ့ပုဂ္ဂိုလ်မှာ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပါတယ်။

**ပဿဒ္ဓ ကာယဿ သုခိနော စိတ္တံ သမာဓိယတိ။**

ပဿဒ္ဓကာယဿ= ငြိမ်းချမ်းသောကိုယ်စိတ်ရှိသော၊ သုခိနော= ချမ်းသာသောပုဂ္ဂိုလ်၏၊ စိတ္တံ= စိတ်သည်၊ သမာဓိယတိ= တည်ကြည်၏။ ငြိမ်းချမ်းတဲ့ကိုယ်၊ ငြိမ်းချမ်းတဲ့စေတသိက်၊ ငြိမ်းချမ်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်, ချမ်းသာတဲ့ပုဂ္ဂိုလ်မှ စိတ်ကလေးက တည်ကြည်ငြိမ်သက်ပါတယ်။ အဲဒီ ငြိမ်သက်တဲ့သမာဓိ။ အဲဒီ သမာဓိဟာ ဘယ်နှစ်မျိုးရှိသလဲလို့ဆိုတော့ ဝိတက် ဝိစာရ ကြံစည်မှု၊ သုံးသပ်မှုနဲ့တကွဖြစ်တဲ့ သမာဓိ ဝိတက် ဝိစာရ ကင်းတဲ့ သမာဓိ၊ နှစ်မျိုး။ တစ်နည်းအားဖြင့်ဆိုရင် သမာဓိဟာ လေးမျိုး။ အဲဒီလေးမျိုးဟာ ဘာလဲလို့ဆိုတော့ ဟာနဘာဂိယ သမာဓိ= ယုတ်ညံ့တဲ့ ယုတ်လျော့တဲ့အဖို့ရှိတဲ့ သမာဓိ၊ ဌိတိဘာဂိယ သမာဓိ= တည်တံ့တဲ့အဖို့ ရှိတဲ့ သမာဓိ၊ နိဗ္ဗေဒဘာဂိယသမာဓိ= ငြီးငွေ့ခြင်း အဖို့ရှိတဲ့ သမာဓိ၊ ဝိသေသ ဘာဂိယသမာဓိ= ထူးခြားတဲ့အဖို့ရှိတဲ့ သမာဓိ၊ ထူးခြားတဲ့အဖို့ ရှိတဲ့ သမာဓိဆိုတာ ဘယ်လိုဟာမျိုးလဲ။ ဝိပဿနာဉာဏ် အမြင်ကို ကျေးဇူးများစွာ ပြုနိုင်တဲ့သမာဓိမျိုး။

http://www.dhammadownload.com



**ဓမ္မာနုပဿနာရှုနည်း**

**သန္တံ ဝါ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂံ၊ အတ္ထိ မေ အဇ္ဈတ္တံ၊ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိ သန္တာန်မှာ သမာဓိသမ္ဗောဇ္ဈင်ဖြစ်နေပြီဆိုရင် မိမိသန္တာန်မှာ သမာဓိသမ္ဗောဇ္ဈင် ဖြစ်နေသားပဲလို့ ဒီလိုလဲသိရမယ်။ မိမိသန္တာန်မှာ သမာဓိသမ္ဗောဇ္ဈင် မဖြစ်ပါဘူးဆိုရင် မိမိသန္တာန်မှာ သမာဓိသမ္ဗောဇ္ဈင် မဖြစ်ဘူးလို့ ဒီလိုသိရမယ်။

**ယထာ စ အနုပ္ပန္နဿ သမာဓိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ။**

မဖြစ်ပေါ်သေးတဲ့ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းကိုလဲ သိတယ်။ ဖြစ်ပေါ်ပြီးသား သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းကိုလဲ သိတယ်။ ဖြစ်ပေါ်ပြီးသား သမာဓိသမ္ဗောဇ္ဈင်ရဲ့ ပွားများမှုရဲ့ ပြည့်စုံမှုကိုလဲပဲ သိတယ်။

**အကြောင်း (၂)မျိုး**

သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း သမာဓိသမ္ဗောဇ္ဈင် ဘာကြောင့်ဖြစ်သလဲလို့ဆိုတော့ နောက်နောက်သောသမာဓိရဲ့ အကြောင်းဖြစ်တဲ့ ရှေးရှေးသောသမာဓိ၊ အဲဒီ သမာဓိနိမိတ်ကို အခြေခံပြီးတော့ ယောနိသော မနသိကာရ သင့်တင့်အောင် နှလုံးသွင်းမယ်ဆိုရင်တဲ့။ သင့်တင့်အောင် နှလုံးသွင်းမယ်ဆိုလို့ရှိရင် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပါတယ်တဲ့။ ပျံ့လွင့်ခြင်းကင်းတဲ့ သမာဓိ၊ အဲဒီ ပျံ့လွင့်ခြင်းကင်းတဲ့ ရှေးရှေးသောသမာဓိ ရှိတယ်။ အဲဒီ သမာဓိအပေါ်မှာ ယောနိသော မနသိကာရ သင့်တင့်အောင်နှလုံးသွင်းရမှာ။ အဲသလို သင့်တင့်အောင် နှလုံးသွင်းလို့ရှိရင် သမာဓိသမ္ဗောဇ္ဈင် ဖြစ်တယ်။

http://www.dhammadownload.com



## (၁၁)မျိုး

တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဟာ ဆယ့်တစ်မျိုးရှိပါတယ်။ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဆယ့်တစ်မျိုးက ဘာတွေလဲဆိုတော့ **"သန့်ရှင်းမှုစေ ကျွမ်းကျင်လေ၍ စိတ်တင်နှိမ်မြှောက်မှု လျစ်လျူရှုကာ စိတ်ဖွာရှောင်ကြဉ် တည်ကြည်လျှင်ကပ် မြင့်မြတ်ဆင်ခြင် ညွတ်ကိုင်းလျှင် ဆယ့်တစ်အင် သမာဓိဖြစ်ကြောင်းတည်း။"** သန့်ရှင်းမှုစေ မိမိရဲ့ အဇ္ဈတ္တသန္တာန် မိမိပတ်ဝန်းကျင် ဗဟိဒ္ဓသန္တာန်မှာ သန့်ရှင်းမှု၊ သန့်ရှင်းမှု ရှိလို့ရှိရင်လဲ သမာဓိ ရတတ်တယ်။ ပြီးတော့ သဒ္ဓါနဲ့ပညာ သမာဓိနဲ့ဝီရိယ မျှပြီးတော့ ဣန္ဒြေကိုမျှအောင် ထားနိုင်မယ်ဆိုရင်လဲပဲ။ သမာဓိ သမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။ ကျွမ်းကျင်လေ၍ ဆိုတာကတော့ သမာဓိ သမ္ဗောဇ္ဈင်ဖြစ်အောင် ဘယ်လိုပွားရမလဲ၊ ဘယ်လိုအားထုတ်ရမလဲ ဆိုတာ ကျွမ်းကျင်လိမ္မာဖို့ လိုတယ်။ စိတ်နှိမ်မြှောက်မှု။ လျစ်လျူရကာ စိတ်ကလေးက တစ်ခါတစ်ရံကျတော့ စိတ်ကလေးက တက်ကြွနေတတ် တယ်။ အဲသလို စိတ်ကလေးတက်ကြွနေလို့ရှိရင် နှိမ်ပေးရမှာ၊ နှိပ်ကွပ် ပေးရမှာ၊ ဘာနဲ့ နှိပ်ကွပ်ရမလဲ။ ဘာနဲ့နှိပ်ကွပ်ရမလဲလို့ ဆိုတော့ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တွေ ပွားများပြီး တော့ စိတ်ကလေးကို နှိပ်ကွပ်ပေးရမှာ။ တစ်ခါတစ်ရံ စိတ်ကလေးဟာ နိမ့်ကျနေ တတ်တယ်။ စိတ်ကလေးဟာ အောက်တန်းကျနေတယ်။ စိတ်ကလေး ဟာ တွန့်ဆုတ်နေတယ်ဆိုလို့ရှိရင်တော့ အဲဒီစိတ်ကလေးကို မြှောက်ပင့်ချီပင့် ပြီးပေးရမယ်။ အဲဒီကျတော့ ဘယ်ဗောဇ္ဈင်တွေ ပွားရ မလဲဆိုတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်။ ဒီသမ္ဗောဇ္ဈင်တွေ ပွားများကြရမှာ အကယ်၍များ စိတ်ကလေးဟာ စိတ်ကို လျစ်လျူရှုဖို့ လိုအပ်နေမယ်ဆိုရင် လျစ်လျူရှုထားရတယ်။ စိတ်ဖွာရှောင်ကြဉ် စိတ်ဟာ ဗလဗွာကြဲပြီးတော့ စိတ်ကလေးဟာ သမာဓိမရ။ အဲသလို ဖြစ်နေတဲ့ ပုဂ္ဂိုလ်များကျတော့ ရှောင်ကြဉ်ရမှာ။

http://www.dhammadownload.com



တည်ကြည်လျှင်ကပ် စိတ်တည်ကြည်တဲ့ ပုဂ္ဂိုလ်များဆိုလို့ရှိရင်တော့ ချဉ်းကပ်ရမှာ။ မြင့်မြတ် ဆင်ခြင် ဈာန်တရား ဝိမောက္ခရားတွေကိုတော့ ဆင်ခြင်ရမှာ။ ညွတ်ကိုင်းလျှင် သွားတဲ့နေရာ၊ လာတဲ့နေရာ၊ အားထုတ်တဲ့ နေရာတွေမှာ သမာဓိရအောင် ကြိုးစားပြီးတော့ အားထုတ်နေမယ် ဆိုလို့ရှိရင် သမာဓိသမ္ဗောဇ္ဈင် ဖြစ်နိုင်တယ်။ ဒါကြောင့် **"သန့်ရှင်းမှုစေ ကျွမ်းကျင်လေ၍ စိတ်တင်နှိမ်မြှောက်မှု လျစ်လျူရှုကာ စိတ်ဖွာရှောင်ကြဉ် တည်ကြည်လျှင်ကပ် ဈာန်မြတ်ဆင်ခြင် ညွတ်ကိုင်းလျှင် ဆယ့်အင် သမာဓိ ဖြစ်ကြောင်းတည်း"**။

သမာဓိဖြစ်ကြောင်း ဆယ့်တစ်မျိုး။ ဒီဆယ့်တစ်မျိုး အသုံးချ ပြီးတော့ မိမိတို့ယောဂီသူတော်စင်များဟာ သမာဓိရအောင် အားထုတ် လာတဲ့ အချိန်က ပိုပြီးတော့များတယ်။ လေးရက်ခွဲတိတိဟာ သမာဓိ လုပ်ငန်းပဲ လုပ်ခဲ့ကြတာ။ အဲသလို သမာဓိစိတ်ရဲ့ တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှုရပြီဆိုတဲ့အခါကျမှ ဒီခန္ဓာကိုယ်ကြီးက ပြောတာတွေပြတာ ကြည့်ရမှာ။ ခန္ဓာကိုယ်ကြီးက ပြောတာတွေမြင်လာတယ်။ ခန္ဓာကိုယ်က ပြတာကို မြင်လာတယ်။ ခန္ဓာကိုယ်ကပြောတာကို မိမိကသိတာ၊ သိအောင် အားထုတ်တာ။ ဒါတရား အားထုတ်တာပါပဲ။ ခန္ဓာကိုယ်ကနေ အနိစ္စ အချက်ကို ပြောလိမ့်မယ်။ ဒုက္ခအချက်ကို ပြောလိမ့်မယ်။ အနတ္တ အချက် ပြောလိမ့်မယ်။ အသုဘအချက် ပြောလိမ့်မယ်။ စိတ်ကလေးဟာ သမာဓိရပြီ။ ဗောဇ္ဈင်တွေအသုံးချ သတိသမ္ဗောဇ္ဈင်က စပြီးတော့ ဗောဇ္ဈင်တွေ အသုံးချစိတ်ကလေး သမာဓိရလာပြီဆိုတဲ့ အခါကျတော့ ဓမ္မဝိစယအပိုင်းရောက်လာပြီ။ ဝိပဿနာပိုင်းဆိုတာ တရားတွေကို ခွဲခြားဝေဖန်ပြီး သိနိုင်တဲ့အပိုင်း၊ သမာဓိရတယ်ဆိုတာ နီဝရဏကင်း တာပဲ၊ နီဝရဏကင်းတဲ့အခါကျတော့ ရေပြည့်နေတဲ့ ရေခွက်ကလေး တစ်ခုလိုပဲတဲ့။ ရောင်စုံဆိုးထားတဲ့ ရေလဲမဟုတ်ဘူး။ ပွက်ပွက်ဆူ နေတာလဲ မဟုတ်ဘူး။ ပြီးတော့ လှိုင်းတွေ ထနေတာလဲ မဟုတ်ဘူးတဲ့။ ညွန်တွေနဲ့ပေတေနေတဲ့ ရေမျိုးလဲ မဟုတ်ဘူး၊ နောက်ကျူနေတဲ့ရေလဲ

http://www.dhammadownload.com



မဟုတ်ဘူးတဲ့။ အဲဒီတော့ ရေခွက်ကလေးထဲကရေဟာ အဲသလို အပြစ်ကင်းတဲ့ အခါကျတော့ မိမိရဲ့မျက်နှာရိပ် ရေမှန်ကြည့် လိုက်တဲ့အခါ မိမိရဲ့မျက်နှာရိပ် ရေခွက်ကလေးထဲ သေသေချာချာ ထင်တယ်။ ဘာကြောင့်ထင်သလဲ။ စောစောကပြောသလိုပဲ ရေကလေးဟာ အရောင်စုံကလဲမရှိဘူး။ ညိုတဲ့အရောင်၊ နီတဲ့အရောင် စသည့်ဆိုး ထားတဲ့ ရေလဲမဟုတ်ဘူး။ ပွက်ပွက်ဆူနေတာလဲ မဟုတ်ဘူး။ လှိုင်းဂယက်လဲ ကင်းတယ်။ ညှိန်လဲကင်းတယ်။ နောက်ကျုမှုလဲမရှိဘူး ဆိုတော့ ရေခွက်ကလေးထဲ မိမိမျက်နှာရိပ် ကြည့်လိုက်တဲ့အခါ ရေမှန် ကြည့်လိုက်တဲ့အခါ ထင်ထင်ရှားရှားမြင်ရတယ်။ အဲသလို ထင်ထင် ရှားရှားမြင်သလိုပဲတဲ့။ စိတ်ကလေးဟာ နီဝရဏကင်းတဲ့စိတ်၊ သမာဓိ ရှိတဲ့စိတ်၊ အဲသလို ဖြစ်လာပြီဆိုတဲ့အခါ ကြည့်တော့ ရူပါရုံကိုမြင်လို့ရှိရင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ရူပါရုံကိုမြင်လို့ရှိရင် အဆင်းကိုမြင်လို့ရှိရင်၊ အဆင်းနဲ့ပတ်သက်ပြီးတော့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ မပိုင်တဲ့သဘော၊ အသံကိုကြားလို့ ရှိရင်၊ အဲဒီ အသံကိုကြည့် အသံကိုလဲပဲ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောနဲ့ ရှုလို့ရတာကိုး။ အဲသလို ရှုပွားမြင်နိုင်တာက ဘာကြောင့် လဲလို့ဆိုတော့ ရေခွက်ကလေးထဲမှာ ရေတွေကြည်နေတော့ မိမိရဲ့ မျက်နှာရိပ် ရေမှန်ကြည့်လိုက်တဲ့အခါ မျက်နှာရိပ်ပေါ်သလိုပဲတဲ့။ စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်ဖြစ်တဲ့အခါ တည်ကြည် ငြိမ်သက် မလှုပ်ယှက် တိုးတက်သမာဓိ။ သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ။ သမာဓိတည်ကြည်သွားတော့ စိတ်ကစင်ကြယ်၊ စိတ် စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍ သိ။ စိတ်စင်ကြယ်သွားမယ်ဆိုရင် ရုပ်တွေ၊ နာမ်တွေ ပိုင်းခြား၍၊ ခွဲ၍သိတော့တာပဲ။ အဲဒီ ရုပ်တွေ၊ နာမ်တွေ ပိုင်းခြား၍ ခွဲခြား၍သိတဲ့အချိန်ကစပြီးတော့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်နိုင်ပြီး ဒီဉာဏ်စဉ်အဆင့်ဆင့် တက်နိုင်ဖို့ရာအတွက် သမာဓိစခန်း စောစောက သတိသမ္ပဇဉ်ကစပြီးတော့ ဇောဈင်တရား

http://www.dhammadownload.com



တွေ အသုံးချပြီးတော့ အားထုတ်လာခဲ့ကြတာကိုး။ ဒါကြောင့် ရေခွက်ကလေးထဲက ရေကလေးဟာ စောစောကပြောသလိုပဲ။ ရောင်စုံဆိုးတာလဲမဟုတ်ဘူး။ ပွက်ပွက်ဆူနေတာလဲ မဟုတ်ဘူး။ နောက်ကျုနေတာလဲမဟုတ်ဘူး။ လှိုင်းဂယက်တွေထနေတာလဲ မဟုတ်ဘူး ဆိုတဲ့အခါ ရေကလေးဟာ ကြည်ပြီးတော့နေသလို။ စိတ်ကလေးဟာ ကြည်လင်ပြီးတော့နေတယ်။ အဲဒီတော့ ရူပါရုံကိုပဲ မြင်ရမြင်ရ၊ သဒ္ဒါရုံကိုပဲ ကြားရကြားရ၊ ဂန္ဓာရုံကိုပဲ နမ်းရှုမိ နမ်းရှုမိ၊ ရသာရုံကိုပဲ လျက်ရ လျက်ရ၊ ဖောဋ္ဌဗ္ဗာရုံကိုပဲ တွေ့ထိ တွေ့ထိ၊ ဓမ္မာရုံကိုပဲ ကြံသိ ကြံသိ၊ ဒီမြင်၊ ကြား၊ နံ၊ လျှက်၊ သိ၊ ထိသိအားလုံးဟာ ဆံခြည်တစ်မျှင်စာမျှ မရွေ့ပဲ ပျက်တဲ့ အနိစ္စသဘောတွေပဲ၊ ဒုက္ခအချက်တွေ၊ အနတ္တ အချက်တွေပဲ။ ဒီလို မြင်ပြီးတော့လာတာကို သမ္မသနဉာဏ်။ သမ္မသနဉာဏ်ကနေ အထက်အထက်ကို တက်တက် တက်တက်ပြီးတော့ သွားနိုင်တာကိုး။ အဲသလို အဆင့်ဆင့်ဉာဏ်ရောက် ကောင်းမြတ်တဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့်တို့ကို ကောင်းမွန်စွာ ရရှိနိုင်ကြပါစေ။ ရရှိအောင် အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၆၂ ခု၊ ပြာသိုလဆန်း (၇)ရက်နေ့ ခရစ်နှစ် နှစ်ထောင်ရဲ့နောက်ဆုံးနေ့။ ခရစ်နှစ် နှစ်ထောင်နဲ့ ပြောလို့ရှိရင်တော့ နောက်ဆုံး တရားပွဲပါပဲ။ ယောဂီသူတော်စင်များ ဝိပဿနာတရား အားထုတ်တာလဲပဲ ခရစ်နှစ် နှစ်ထောင်ရဲ့ နောက်ဆုံးနေ့ အားထုတ်ခြင်းပါပဲ။

ယနေ့ ဗောဇ္ဈင်ခုနစ်ပါးထဲမှာ ဥပေက္ခာသမ္ဗောဇ္ဈင်။ ဥပေက္ခာဆိုတဲ့စကားဟာ တော်တော်လေး အသုံးတွင်ကျယ်ပါတယ်။ မိမိတို့ ပြောမရ ဆိုမရတဲ့ သားသမီးများကိုလဲ ဥပေက္ခာပြုတယ်။ ပြောမရ ဆိုမရတဲ့ တပည့်များကိုလဲ ဥပေက္ခာပြုတယ်လို့ ဆိုတဲ့အသုံးလေးတွေဟာ အသုံးတွင်ကျယ်ပါတယ်။ ဥပေက္ခာက ဆယ်မျိုးရှိတာကိုး။ ဒီဆယ်မျိုးထဲ တော့ မပါဝင်ဘူး။

## ဥပေက္ခာသမ္ဗောဇ္ဈင်

အဲဒီတော့ ဗောဇ္ဈင်ခုနစ်ပါးမှာပါရှိတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာက ဘယ်လိုဟာလဲလို့ ဆိုတော့-

**သော တထာ သမာဟိတံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။**

သော= ထိုယောဂီရဟန်းသည်, ယောဂီအမျိုးသားကောင်း, အမျိုးကောင်းသမီးသည်၊ တထာ= ထိုအခြင်းအရာအားဖြင့်၊ သမာဟိတံ= တည်ကြည်သော၊ စိတ္တံ= စိတ်ကို၊ သာဓုကံ= ကောင်းစွာ၊ အဇ္ဈုပေက္ခိတာ= လျစ်လျူရှုတတ်သည်၊ ဟောတိ= ဖြစ်၏။ အဲဒီ တည်ကြည်နေတဲ့ စိတ်ကလေးကို လျစ်လျူရှုတတ်တဲ့တရားကို ဥပေက္ခာသမ္ဗောဇ္ဈင်လို့ ဒီလိုခေါ်ရတယ်။ ဘယ်လိုသဘောရှိသလဲလို့ဆိုတော့-

**အယံ ဆန္နံ ဗောဇ္ဈင်္ဂါနံ အနောသက္ကန အနတိက္ကမ န ဘာဝ သာဓကော မဇ္ဈတ္တာကာရော ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ။**

အယံ= ဤဥပေက္ခာသမ္ဗောဇ္ဈင်သည်၊ ဆန္နံ= ခြောက်ပါးကုန်သော၊ ဗောဇ္ဈင်္ဂါနံ= ရှေးရှေးကဆိုခဲ့ပြီးသော ဗောဇ္ဈင်တို့၏၊ အနောသက္ကန

http://www.dhammadownload.com



အနတိက္ကမန သာဓကော= မယုတ်လျော့ခြင်း၊ မလွန်ခြင်းကို ပြီးစေတတ်သော၊ မဇ္ဈတ္တာကာရော= အလယ်အလတ်ဖြစ်တဲ့ အခြင်းအရာသည်၊ ဥပေက္ခာသမ္ဘောဇ္ဈင်္ဂေါ= ဥပေက္ခာသမ္ဘောဇ္ဈင်တည်း။ ရှေးဇောဇ္ဈင်ခြောက်ပါးတို့ ယုတ်လျော့ပြီးတော့ မသွားအောင်၊ လွန်ကဲပြီး မသွားအောင် ထိန်းသိမ်းပြီးတော့ထားတဲ့ တရားဟာ ဥပေက္ခာသမ္ဘောဇ္ဈင်ပါပဲ။

**ဓမ္မာနုပဿနာ**

အဲဒီ ဥပေက္ခာသမ္ဘောဇ္ဈင်ဟာ-

**သန္တံ့ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဘောဇ္ဈင်္ဂ အတ္ထိမေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဘောဇ္ဈင်္ဂေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ ဥပေက္ခာသမ္ဘောဇ္ဈင်ဖြစ်နေတယ်ဆိုရင် မိမိသန္တာန်မှာ ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်နေတာပဲလို့သိ။ မိမိသန္တာန်မှာ ဥပေက္ခာသမ္ဘောဇ္ဈင် မဖြစ်ပါဘူးဆိုရင် မိမိသန္တာန်မှာ ဥပေက္ခာသမ္ဘောဇ္ဈင် မဖြစ်ဘူးလို့ ဒီလိုသိရမယ်။ ဥပေက္ခာသမ္ဘောဇ္ဈာင် မဖြစ်ပေါ်သေးတဲ့ ဥပေက္ခာသမ္ဘောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းရင်းကိုလဲ သိရမယ်။ ဖြစ်ပေါ်ပြီးသား ဥပေက္ခာသမ္ဘောဇ္ဈင်ရဲ့ ပွားများပြည့်စုံမှုကိုလည်း သိရမယ်။

စက္ခုပသာဒနဲ့ ရူပါရုံနဲ့ တွေ့ထိလို့ မြင်သိစိတ်ကလေး ပေါ်လာတယ်။ အဲဒီ မြင်သိစိတ်ကလေး ပေါ်လာတဲ့အခါမှာ နေဝ သုမနော ဟောတိ။ န ဒုမ္မနော= ဝမ်းပန်းတသာလဲ မရှိလှဘူးတဲ့။ န ဒုမ္မနော= စိတ်မသက်သာ နှလုံးနာတာလဲ မရှိလှပါဘူး။ နားနဲ့ကြားပြီးတော့လဲ ဝမ်းမြောက်တယ်ဆိုတာ မရှိဘူးတဲ့။ စိတ်မသက်သာတာလဲ မရှိပါဘူးတဲ့။ နှာခေါင်းနဲ့ နမ်းရှူမိပြန်တော့လဲ ဒီအတိုင်းပဲ။ ဝမ်းမြောက်တယ်ဆိုတာ မရှိဘူးတဲ့။ စိတ်မသက်သာတာဆိုတာလဲ မရှိဘူး။ လျှာနဲ့လျက်ပြီးတော့ စားပြီးတော့ သောက်ပြီးတော့လဲ ဝမ်းမြောက်တယ်ဆိုတာ မရှိဘူးတဲ့။

http://www.dhammadownload.com



ဝမ်းနည်းတယ်ဆိုတာ မရှိဘူး။ ကိုယ်နဲ့တွေ့ထိပြီးတော့ ဝမ်းသာတယ် ဆိုတာလဲ မရှိဘူး။ ဝမ်းနည်းတယ်ဆိုတာလဲ မရှိဘူး။ စိတ်နဲ့ကြံစည်ပြီးတော့ ဝမ်းသာတယ်ဆိုတာလဲ မရှိဘူးတဲ့။ ဝမ်းနည်းတယ်ဆိုတာလဲ မရှိဘူးတဲ့။ ဝမ်းသာဝမ်းနည်း မရှိပဲနဲ့ အာရုံခြောက်ပါး တွေ့ကြုံဆုံဆည်းလို့ မြင်သိစိတ်တွေ, ကြားသိစိတ်တွေ, နံသိစိတ်, လျှက်သိစိတ်, ထိသိစိတ်, ကြံသိစိတ်ဖြစ်သောလဲပဲ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းမရှိဘူးတဲ့။ အဲဒါကို ဆဠင်္ဂုပေက္ခာ ခေါ်တယ်။ နောက် ဗြဟ္မာစိုရ်တရားလေးပါး ထဲမှာပါတဲ့ ဥပေက္ခာကြတော့ ဗြဟ္မဝိဟာရုပေက္ခာတဲ့။ ချစ်ခြင်း၊ မုန်းခြင်းကို ပယ်ရှားပြီးတော့ အလယ်မှာရပ်တည်နိုင်တဲ့ ဥပေက္ခာ ကတော့ စောစောကပြောသလိုပဲ။ ဆိုခဲ့ပြီး ဗောဇ္ဈင်ခြောက်ပါးတို့ ယုတ်လျော့မှုတို့ မယုတ်လျော့အောင် မပိုအောင် ဖန်တီးနိုင်တဲ့ အလယ် အလတ်ဖြစ်တဲ့ ဖြစ်ခြင်းအခြင်းအရာရှိတဲ့တရားကို ဗောဇ္ဈင်္ဂုပေက္ခာ။ တတြမဇ္ဈတ္တုပေက္ခာတဲ့။ စေတသိက်ပိုင်း သောဘနစေတသိက်ထဲမှာ ပါတယ်။ ဈာနုပေက္ခာ= ဈာန်တည်းဟူသော ဥပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ= သန့်ရှင်းစင်ကြယ်ခြင်းတည်းဟူသော ဥပေက္ခာ၊ ဝီရိယုပေက္ခာ= ဝီရိယ တည်းဟူသော ဥပေက္ခာ၊ သင်္ခါရုပေက္ခာ= ဝိပဿနုပေက္ခာ သင်္ခါရုပေက္ခာ နဲ့ ဝိပဿနုပေက္ခာကတော့ ဝိပဿနာဉာဏ်ပါပဲ။ သင်္ခါရတရားတွေကို လျစ်လျူပြုပြီးတော့ ထားနိုင်တယ်။ ဝိပဿနာနုပေက္ခာဟာလဲပဲ သင်္ခါရတရားတွေကို လျစ်လျူရှုပြီးတော့ ထားနိုင်တဲ့ဥပေက္ခာမျိုးပါ။ ဝေဒနာနုပေက္ခာနဲ့။ ပေါင်းလိုက်တော့ ဥပေက္ခာဆယ်မျိုး။ အခုတော့ ဗောဇ္ဈင်္ဂုပေက္ခာခေါ်တဲ့ ဗောဇ္ဈင်ခုနစ်ပါးမှာပါတဲ့ ဥပေက္ခာ။ ယောဂီတို့ သန္တာန်မှာတော့ အဲသလောက်တင်မကဘူး။ သင်္ခါရုပေက္ခာခေါ်တဲ့ သင်္ခါရတရားတွေကို လျစ်လျူရှုတဲ့ဥပေက္ခာမျိုး။ ဝိပဿနာနုပေက္ခာ ခေါ်တဲ့ သင်္ခါရတရားတွေကို ခွဲခြားစိတ်ဖြာပြီးတော့ လျစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာမျိုး။ ဒါတွေဖြစ်ခွင့်ရတယ်။

http://www.dhammadownload.com



## အကြောင်း(၂)မျိုး

ဒါဖြင့် ဥပေက္ခာဖြစ်ခြင်းရဲ့အကြောင်းကဘာလဲလို့ ဆိုတော့ ဥပေက္ခာဖြစ်ခြင်းရဲ့အကြောင်းကတော့ ဥပေက္ခာ လျစ်လျူရှုမှုပါပဲ။ အဲဒီ လျစ်လျူရှုမှုအပေါ်မှာ ယောနိသောမနသိကာရ ခေါ်တဲ့ လမ်းရိုးလမ်းမှန် အတိုင်း နှလုံးသွင်း ဆင်ခြင်ပြီး အသုံးချမယ်ဆိုရင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

## တစ်နည်း(၅)မျိုး

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဟာ (၅)မျိုးရှိတယ်။ အဲဒီ (၅)မျိုးကဘာလဲလို့ ဆိုတော့ **"သတ္တဝါ သင်္ခါရ လျစ်လျူရှု၍ သတ္တဝါသင်္ခါရ ချစ်ခင်သူရှောင် လျစ်လျူရှုတတ် ညွတ်ကိုင်းလတ် ငါးရပ်ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းတည်း"**။ သတ္တဝါကိုလဲ လျစ်လျူရှု၊ သင်္ခါရကိုလဲ လျစ်လျူရှု၊ အဲသလိုဆို ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်နိုင်တယ်။ သတ္တဝါအပေါ်မှာ လျစ်လျူရှုတယ်ဆိုတာဟာ မိမိတို့သားသမီးများရှိသော်လဲပဲ သူလဲသူ့ကံနဲ့ သူလာတာပဲ။ သူ့ကံအား လျော်စွာပဲ ဖြစ်လိမ့်မယ်လို့ သားသမီးရဲ့ကံကို ဆင်ခြင်လိုက်လို့ရှိရင်လဲပဲ သတ္တဝါအပေါ်မှာ လျစ်လျူရှုမှု ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်နိုင်တယ်။ ဆရာသမားများဆိုရင်လဲ တပည့်တွေ အပေါ်မှာ အဲသလိုပဲ သူလဲ သူ့ကံနဲ့သူလာတာပဲလို့ သွားတော့လဲ သူ့ကံနဲ့သူသွားလိမ့်မယ်။ ကံကိုဆင်ခြင်နိုင်လို့ရှိရင် သတ္တဝါကို လျစ်လျူ ရှုတာ။ သင်္ခါရဆိုတာ ဘာလဲလို့ဆိုတော့ အသုံးအဆောင်။ အဲဒီ အသုံး အဆောင်နဲ့ ပတ်သက်ပြီးတော့ လျစ်လျူရှုတာ။ အသုံးအဆောင်တွေနဲ့ ပတ်သက်ပြီးတော့ လျစ်လျူရှုတယ်ဆိုတော့ အသုံးအဆောင်များ သူတို့ပျက်သုဉ်းချိန်ရောက်လို့ရှိရင် သူ့အလိုလျောက် သူတို့ပျက်သုဉ်း ပြီးတော့ သွားမှာပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မိမိရဲ့ အသုံး အဆောင်တွေဟာ တာဝဘာလိက တစ်ခဏမျှသာ တည်နိုင်တယ်လို့

http://www.dhammadownload.com



အဲသလို စဉ်းစားမယ်ဆိုရင်လဲ မိမိရဲ့အသုံးအဆောင်ပစ္စည်း ပစ္စယတွေနဲ့ ပတ်သက်ပြီးတော့ လျစ်လျူရှုလို့ ရတတ်ပါတယ်။ သတ္တဝါကိုဖြစ်စေ၊ သင်္ခါရခေါ်တဲ့ အတွင်းအပအသုံးအဆောင်ကိုဖြစ်စေ သိပ်ပြီးတော့ ခင်မင်တွယ်တာသူကို ရှောင်ရမှာ။

သတ္တဝါကိုဖြစ်စေ၊ သင်္ခါရကိုဖြစ်စေ၊ သတ္တဝါကိုဖြစ်စေ၊ အသုံးအဆောင်ကိုဖြစ်စေ၊ ခင်မင်တွယ်တာမှု လျစ်လျူရှုမှုများတဲ့ ပုဂ္ဂိုလ်များကိုချဉ်းကပ်ရမှာ။ သွားတဲ့နေရာ၊ နေတဲ့နေရာ၊ ထိုင်တဲ့နေရာ၊ အားလုံးမှာ လျစ်လျူရှုဖို့ပဲ ကြိုးစားတာ။ အဲသလို ကြိုးစားတဲ့ပုဂ္ဂိုလ်မှာလဲ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်နိုင်တယ်တဲ့။ ဥပေက္ခာသမ္ဗောဇ္ဈင်ဟာ အင်မတန်ငြိမ်းချမ်းတဲ့သဘောရှိတယ်။ အေးချမ်းတဲ့သဘောရှိတယ်။ အဲဒီတော့ အခု ဝိပဿနာပိုင်းမှာတော့ ဥပေက္ခာသမ္ဗောဇ္ဈင်၊ တစ်နည်းအားဖြင့် သင်္ခါရုပေက္ခာ သင်္ခါရတရားတွေကို လျစ်လျူရှုခြင်း ဝိပဿနုပေက္ခာ ရုပ်တရား, နာမ်တရားတွေကို အထူးဂရုစိုက်ပြီးတော့ မြင်တဲ့အတွက် လျစ်လျူရှုနိုင်ခြင်း၊ ဒီဥပေက္ခာတွေဖြစ်ပွားကြ အဲဒီတော့ ဥပေက္ခာသမ္ဗောဇ္ဈင်ပြီးပြီ။ အားလုံးခြုံပြီးတော့ ပြောမယ်ဆိုရင် ဗောဇ္ဈင် ခုနစ်ပါးလုံး စုံပြီးတော့လာခဲ့ပြီ။ ယနေ့ ခရစ်နှစ် နှစ်ထောင်ရဲ့ နောက်ဆုံးနေ့မကြာခင်ပဲ အခုနောက်ထပ် သုံးနာရီလောက်ဆိုရင် ခရစ်နှစ် နှစ်ထောင်ဟာ ကုန်တော့မှာ။ ခရစ်နှစ် နှစ်ထောင် ရာစုနှစ်ရဲ့ နောက်ဆုံးနေ့လေး ရာစုနှစ်ရဲ့ နောက်ဆုံးအချိန် (၂၁)ရာစုကို ကြိုဆိုနေကြတယ်။ ကိုယ့်သဘောကလေးနဲ့ကိုယ် တစ်ချို့တော့လဲ ပျော်ဖို့ပါးဖို့ စီမံနေကြတာ၊ ပျော်ပါးနေကြတာ၊ ယောဂီတို့ အနေနဲ့တော့ ဒီနောက်ဆုံးအချိန်လေးကို တန်ဖိုးရှိရှိ အသုံးချပြီးတော့ ဝိပဿနာနဲ့ အနားကပ်၊ ဝိပဿနာဆိုတဲ့ သူသိ ငါသိ ကမ္ဘာသိနဲ့မတူတဲ့ အင်မတန် ထူးခြားမြင့်မြတ်တဲ့အသိ၊ 'Dçó emu ĶJ0ØÆ 'Ð Ķ Jac:&ygw , ₤ ]**အသိအလိမ္မာ ဉာဏ်ပညာ၊ ဝိဇ္ဇာအမေဟ**" ဆိုတဲ့အတိုင်း အသိဓာတ်ကလေး အလိမ္မာဓာတ်ကလေး ဉာဏ်ပညာ။ ဒါကို ဝိဇ္ဇာလို့ ခေါ်ကြရ။ အဲဒီတော့-

http://www.dhammadownload.com



**အဝိဇ္ဇာ မုဒ္ဓါတိဇာနာဟိ၊ ဝိဇ္ဇာ မုဒ္ဓါတိပါတိနီ။**

အဝိဇ္ဇာ မိုက်မဲစွာလှ မှောင်ကြီးကျ၊ မောဟ အဝိဇ္ဇာခေါ်တဲ့ အဝိဇ္ဇာ အဝိဇ္ဇာကို မုဒ္ဓါတိ= အကုသိုလ်တရားတို့ရဲ့ ဦးထိပ်၊ အကုသိုလ်တရားတို့ရဲ့ ခေါင်းဆောင်ဟူ၍၊ ဇာနာဟိ= သိပါလော။ အဝိဇ္ဇာ အကုသိုလ်တရားတို့ရဲ့ ခေါင်းဆောင်တဲ့။ ဝိဇ္ဇာ မုဒ္ဓါတိ ပါတိနီ= ဝိဇ္ဇာဆိုတဲ့ အသိဓာတ်၊ အလိမ္မာဓာတ်ဟာ အဲဒီ အကုသိုလ်တရားတို့ရဲ့ ဦးထိပ်၊ အကုသိုလ်တရားတို့ရဲ့ ခေါင်းဆောင်ကို ပျက်စီးသွားအောင် ဆောင်ရွက်နိုင်တယ်။ ဒါကြောင့် မိမိတို့အားထုတ်တဲ့ ဝိဇ္ဇာဓာတ်, အသိဓာတ်, အလိမ္မာဓာတ်သည် အကုသိုလ်တရားတို့ရဲ့ ဦးထိပ်သဖွယ်ဖြစ်တဲ့ အကုသိုလ်မှန်သမျှတို့ရဲ့ ဦးထိပ်သဖွယ်ဖြစ်တဲ့ အဝိဇ္ဇာကို နှိပ်နင်းနိုင်တယ်။ ဒို့တတွေဟာ ခရစ်နှစ် နှစ်ထောင်ရဲ့ နောက်ဆုံးအချိန်ကလေး နောက်ဆုံးရက်ကလေးမှာ (၂၁)ရာစုကို အကောင်းဆုံးကြိုဆိုမှု ဖြစ်ရအောင် အကုသိုလ်တရားတို့ရဲ့ ဦးထိပ်ဖြစ်တဲ့ အဝိဇ္ဇာကိုနိုင်အောင် ဝိဇ္ဇာဉာဏ်ရအောင် ကြိုးစားနေရတာပါလားလို့ စိတ်ထဲမှာ အသီးသီးအာရုံထားပြီးတော့ ခရစ်နှစ် နှစ်ထောင်ရဲ့ နောက်ဆုံးနေ့၊ တစ်နည်း နှစ်ထောင်ရဲ့ နောက်ဆုံးတစ်ပါတ်။ ဒီအချိန်အခါလေးမှာ ဗောဇ္ဈင်ခုနစ်ပါးကို အကျိုးတွေ အကြောင်းတွေနဲ့ အကျိုးတွေ အကြောင်းတွေ ဆက်နွယ်နှီးနှောတဲ့ သဘောအချက်အလက်တွေ ထုတ်ပြီးတော့ပြောခဲ့ကြ၊ ဟောခဲ့ကြပြီ။

## ရည်ရွယ်ချက်

မြတ်စွာဘုရား ရည်ရွယ်ချက်ထားပြီးတော့ ဟောတာကိုက ရည်ရွယ်ချက်နှစ်မျိုး၊ မြတ်စွာဘုရား စကားပြောတဲ့အခါ တရားဟောတဲ့အခါမှာ ရည်ရွယ်ချက်နှစ်မျိုး ရှိတယ်။

**ယံ ဗုဒ္ဓေါ ဘာသတေ ဝါစံ ခေမံ နိဗ္ဗာနံ ပတ္တိယာ**
**ဒုက္ခဿန္တ ကိရိယာယ သာ ဝေ ဝါစာန မုတ္တမာ။**

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့စကားတော်ဟာ အမြတ်ဆုံးလို့ ပြောနေကြတယ်။ ဘာကြောင့်မြတ်သလဲ ရည်ရွယ်ချက်ကောင်းလို့ပါပဲ။

နိဗ္ဗာနပတ္တိယာ= ဒုက္ခခပ်သိမ်း ငြိမ်းရာရောက်ဖို့ရာ ဟောပါတယ်။ ဒုက္ခဿ= ဆင်းရဲဒုက္ခဟူသမျှ၏၊ အန္တကိရိယာယ= နိဂုံးကမ္ပတ်အဆုံးသတ်ဖို့ရာလဲ ဟောပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ စကားတော်ဟာ မြတ်ပါတယ်တဲ့။ နိဗ္ဗာန်ကိုလဲ ရောက်စေနိုင်တယ်။ ဝဋ်ဒုက္ခလဲပဲ နိဂုံးကမ္ပတ် အဆုံးသတ်နိုင်တယ်။ ဒါကြောင့်-

**ယံ ဗုဒ္ဓေါ ဘာသတေ ဝါစံ ခေမံ နိဗ္ဗာန ပတ္တိယာ**
**ဒုက္ခဿန္တ ကိရိယာယ သာ ဝေ ဝါစာန မုတ္တမာ။**

ဗုဒ္ဓေါ= ဘုရားရှင်သည်၊ နိဗ္ဗာနပတ္တိယာ= နိဗ္ဗာန်ရောက်ရန်အကျိုးငှါလည်းကောင်း။ နိဗ္ဗာနပတ္တိယာ= ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန်နိဗ္ဗာန်သို့ရောက်ဖို့ရာ အကျိုးငှါလည်းကောင်း၊ ဒုက္ခဿ= စက်သံသာရဝဋ်ဒုက္ခ၏၊ အန္တကိရိယာယ= နိဂုံးကမ္ပတ် အဆုံးသတ်ဖို့ရာ အကျိုးငှါလည်းကောင်း၊ ယံဝါစံ= အကြင်စကားတော်ကို၊ ဘာသတေ= ဟောကြားတော်မူခဲ့ပါ၏။ မြတ်စွာဘုရား တရားဟောတာက ရည်ရွယ်ချက်နှစ်မျိုးရှိတယ်။ အဲသလို နှစ်မျိုး ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဟောတော်မူတဲ့အတွက် သာ= ထိုစကားသည်၊ ဝေ= စင်စစ်ကေန် အမှန်အားဖြင့်၊ ဝါစာနံ= လောကသားအားလုံး ပြောဆိုနေကြတဲ့ စကားဟူသမျှတို့တွင်၊ ဥတ္တမာ= အမြတ်ဆုံး အမြင့်ဆုံး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## အမြတ်ဆုံးပူဇော်မှု

ယနေ့ ခရစ်နှစ် (၂၁)ရာစုနှစ်ထဲရောက်လာပြီ။ နှစ်ထောင့်တစ်ခုနှစ်၊ သာသနာတော်နှစ်အနေနဲ့ ဆိုရင်တော့ နှစ်ထောင့်ငါးရာလေးဆယ့်လေးခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်နေ့၊ ခရစ်နှစ် နှစ်ထောင့်တစ်ခု ဇန်နဝါရီ (၁)ရက်နေ့။ ဘုန်းကြီးတို့ လယ်တီဝိပဿနာကျောင်းတိုက်မှာ ခုနစ်ရက်တရားစခန်း ခရစ်နှစ် နှစ်ထောင်ပြည့် နောက်ဆုံးခုနစ်ရက် တရားစခန်းပါပဲ။ လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်ရာစုက ဘီစီ ခြောက်ရာစုက ပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရား၊ ထင်ရှားအောင် ပြောမယ်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်ရာစုက ပွင့်တော်မူတဲ့ ဗုဒ္ဓဘုရားဟာ ရာစုနှစ်အသီးအသီး ဖြစ်နေကြတဲ့ သတ္တဝါအားလုံးတို့ရဲ့ သတ္တဝါအားလုံးတို့သန္တာန်မှာ ရှိနေကြတဲ့ ဆုံးသွမ်းယုတ်မာလှတဲ့ ကိလေသာအညစ်အကြေးတို့ကို ပပျောက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ပုံနည်းနာနိဿယများ ကမ္ဘာသူ ကမ္ဘာသားတို့အား ဖြန့်ဝေတော်မူခဲ့တယ်။ သုံးဆယ့်တစ်ဘုံသားတို့အား ဖြန့်ဝေတော်မူခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးဆယ်ကျော်က ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကလဲပဲ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို လက်ဆင့်ကမ်း ပြီးတော့ ဖြန့်ဝေတော်မူခဲ့တယ်။ အဲသလို ဖြန့်ဝေတော်မူခဲ့တဲ့ နည်းနာနိဿယမှာ မပျောက်မပျက် တည်ရှိနေပါတယ်။ ယနေ့ နှစ်ထောင့်တစ်ခုနှစ် နှစ်ဆန်းတစ်ရက်နေ့လို့လဲ ပြောလို့ရပါတယ်။ သို့မဟုတ် ရာစုဆန်း တစ်ရက်နေ့ ရာစုတစ်ခု၊ တစ်ခုဆိုတာ အင်မတန်တော့ ကြုံခဲပါတယ်။ ရာစုတစ်ခု တစ်ခုဆိုတာ ကြုံခဲတော့ ဒီရာစုမှာ ဘာတွေဆောင်ရွက်မလဲ။ ဘာတွေအကျိုးများအောင် လုပ်ကြမလဲလို့ ဒီလိုစဉ်းစားမိကြလိမ့်မယ်။ အဲသလို စဉ်းစားမိတဲ့အခါကျတော့ ရာစုဆန်းဆစ်ရက်နေ့၊ တစ်နည်းအားဖြင့် နှစ်ထောင့်တစ်ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ ဒီနေ့မှာ ယောဂီသူတော်စင်များ ခုနစ်ရက်တရားစခန်း အောင်ပွဲခံနိုင်တဲ့နေ့။ တရားစခန်းတစ်ခု အောင်ပွဲခံနိုင်တယ်

http://www.dhammadownload.com



ဆိုတာ အောင်ပွဲရဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်နဲ့ပြုတဲ့အမှု၊ နှုတ်နဲ့ပြုတဲ့အမှုဆိုတာ ထိုက်တန်သလောက် လွယ်ကူပေတယ်လို့ စိတ်နဲ့ပြုတဲ့ကုသိုလ်မျိုးဆိုတော့ မမြင်ရတဲ့စိတ်၊ အကောင်အထည်မရှိတဲ့စိတ်ကို ထိန်းသိမ်းပြီးတော့ နေကြရတာဆိုတော့ အင်မတန်ခက်ခဲတဲ့အလုပ်။ အဲဒီတော့ မိမိတို့ ရာစုနှစ်ဆန်းတစ်ရက် နေ့မှာ ပူဇော်ရတာ၊ ခုနစ်ရက်တာကာလ သမထဝိပဿနာများ အားထုတ်ပြီးတော့ ပူဇော်ရတာ၊ ခရစ်နှစ် နှစ်ထောင် နောက်ဆုံးပတ်မှာ မြတ်စွာဘုရားအား မြတ်တဲ့အကျင့်နဲ့ ပူဇော်ရတာ အမြတ်ဆုံးပူဇော် ခြင်းပါပဲ။

**သာ ဟိတေန ပတ္တိတာ စေဝ သက္ကောတိ စ သာသနံ ဓာရေတုံ။**

သာ= ထိုအကျင့်မြတ် ပဋိပတ်ကို၊ တေန= ထိုဘုရားမြတ်စွာ သည်၊ ပတ္တိတာ စေဝ= တောင့်လဲ တောင့်တတော်မူခဲ့ပါပေ၏။ မြတ်တဲ့ အကျင့် မြတ်စွာဘုရား တောင့်တတော်မူခဲ့တယ်။ သာသနံ= သာသနာ တော်ကို၊ ဓာရေတုံစ= တည်စေခြင်းငှါလဲ၊ သက္ကောတိ= စွမ်းနိုင်ပါ၏။ သာသနာတော်ကို တည်စေနိုင်တဲ့စွမ်းအားလဲ ရှိပါတယ်။ ဘယ်လို အကျင့်မျိုးလဲ ဓမ္မာနုဓမ္မ။ ဓမ္မ= မဂ်လေးတန် ဖိုလ်လေးတန်နဲ့ နိဗ္ဗာန်ဆိုတဲ့ တရားအား အနုဓမ္မ= လျော်တဲ့အကျင့်၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်အားလျော်တဲ့အကျင့်ဆိုတာ ဘာကိုခေါ်သလဲလို့ ဆိုတော့ သီလ မူတင်အကျင့်၊ သမထ ဝိပဿနာဉာဏ်အဆင့်ဆင့် သွားတဲ့အခါကျတော့ ဂေါတြဘူဉာဏ်ထိအောင် အဲဒါတွေ ရှေ့ပြေးအကျင့် တွေပါပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့အတွက် ရှေ့ပြေးအကျင့်များ၊ အဲဒီ အကျင့်တွေဟာ ရဟန်းတော်များမှာလဲ ရဟန်းတော်များ သီလ၊ လူပုဂ္ဂိုလ် များမှာလဲပဲ လူပုဂ္ဂိုလ်များရဲ့သီလ ငါးပါးသီလ, ဆယ်ပါးသီလ, ကုသလကမ္မပထ တရားဆယ်ပါး, အာဇီဝဋ္ဌမကသီလ, အာဇဝဋ္ဌမကသီလကတော့ ပိဋကတ်တော်မှာလဲပဲ စောင့်ထိန်းကြတဲ့ ပုဂ္ဂိုလ်တွေ အမြောက်အများ

http://www.dhammadownload.com



တွေ့ရတယ်။ အထူးသဖြင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက အာဇီဝဋ္ဌမကသီလဟာ အိမ်ရာထောင်သူ လူတို့နှင့် အင်မတန်လျော်တဲ့ သီလပဲတဲ့။ အာဇီဝဋ္ဌမကသီလ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊ အာဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း၊ ကာယဒုစရိုက်သုံးပါးလုံး လုံပြီးတော့သွားတယ်။ မုသားဆိုပြော ဂုန်းချော ရန်တိုက်၊ အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အပြိန်းစကား။ ဝစီဒုစရိုက် လေးပါးမှရှောင်ကြဉ်ခြင်း၊ နောက်ပြီးတော့ ထပ်ပြီးတော့ ထည့်လိုက်တာက မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပြီးတော့ သမ္မာအာဇီဝနဲ့ အသက်မွေးခြင်း၊ ဒါ အတော်ခက်တယ်။ မနေ့ကပဲ အတော်အသင့် ချမ်းသာတဲ့ ပုဂ္ဂိုလ် တစ်ယောက် သူ့စက်ရုံပရိတ်ရွတ်သွားတော့ လမ်းမှာ သူက ဘာဆွေးနွေး သလဲဆိုတော့ တပည့်တော်တဲ့ သစ်သားသွားပြီးတော့ ဝယ်တယ်။ ဝယ်တဲ့အခါကျတော့ ပေတစ်သောင်းဆိုပြီး ဝယ်ခဲ့တာဘုရား။ စစ်ဆေး ကြည့်လိုက်တဲ့အခါကြတော့ ပေနှစ်ရာလောက်က လျော့နေတယ်။ တပည့်တော်တို့လဲ ဆီအရောင်းအဝယ် လုပ်ပါတယ်တဲ့။ ပါကင် ကိုက်ထုတ်တာဆိုတော့ တစ်ပိဿာဆိုတဲ့ပုံးဟာ တပည့်တော် ရှစ်ဆယ် သားပဲ ထည့်ရတယ်။ အဲဒါ ငရဲများကြီးသလား မသိဘူး။ ဒါပေတယ်လို့ တပည့်တော် တစ်ပိဿာဆိုပြီးတော့ ရောင်းတဲ့ပုံးဟာ ရှစ်ဆယ်သား မထည့်လို့ရှိရင် သူများနဲ့ တန်းတူရောင်းနိုင်မှာ မဟုတ်ဘူးတဲ့။ ဒါသတိပြု စရာလေးပါပဲလေ။ အဲဒီတော့ တစ်ပိဿနာရောင်းရင် တစ်ပိဿာပြည့်မှ သမ္မာအာဇီဝဖြစ်ပါတယ်လေ။ ခက်တာပဲလို့ ကားစီးရင်းနဲ့ စဉ်းစားမိ တယ်။ တို့ဗုဒ္ဓဘာသာတွေတောင် သမ္မာအာဇီဝဖြစ်ဖို့ ခက်ပါလားလို့။ ဒါကြောင့် ဆရာတော်ဘုရားကြီးက အာဇီဝဋ္ဌမကသီလကို သိပ်တိုက် တွန်းတာ။ အဲဒီတော့ လက်နက်အရောင်းအဝယ်လုပ်ခြင်း၊ လက်နက်ကုန် ကူးပြီးတော့ စားမယ်, သောက် မယ်ဆိုရင် ဘယ်လောက်ချမ်းသာ ချမ်းသာ မိစ္ဆာဇီဝဖြစ်တယ်။ ချမ်းသာတာလဲ အဲဒီဟာမှ ချမ်းသာတာ ရနိုင်တာဆိုတော့ ခက်နေတယ်။ သန်းပေါင်းများစွာကို လက်နက်ထုတ်

http://www.dhammadownload.com



နိုင်တဲ့ ပုဂ္ဂိုလ်တွေက အမြတ်အစွန်းရရှိနိုင်တယ်။ အဲဒီတော့ ကမ္ဘာမှာ စွမ်းအား ရှိတဲ့ပုဂ္ဂိုလ်တွေလဲပဲ သမ္မာအာဇီဝမဖြစ်ကြဘူး။ အဲဒီတော့ ကာမေသုမိစ္ဆာစာရမှာ ယစ်မျိုးငါးပါးနှင့်တကွ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ဖို့ ဖွင့်ဆိုထားပါတယ်။ ယစ်မျိုးငါးပါး ဆိုပြန်တော့လဲ ဒီမူးယစ်ဆေးဝါးတွေဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဝင်ငွေအများဆုံး ဈေးအကောင်းဆုံးလို ဖြစ်နေတယ်။ ဒါတွေဟာ မြတ်စွာဘုရား တပည့်သားသာဝကဖြစ်တဲ့ ဥပါသကာ၊ ဥပါသိကာများမှာ အဲဒီလို လက်နက်တို့, မူးယစ်ဆေးဝါးတို့, လူကုန်ကူးတာတို့နဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်ရတာကိုး။ အကယ်၍ ဒါတွေမရှောင်ကြဉ်နိုင်ပါဘူး ဆိုလို့ရှိရင် အာဇီဝဝိပတ္တိ အသက်မွေးဝမ်းကျောင်းပျက်ပြီ။ အဲဒီတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်တစ်ခု ရရှိထားတော့ ဒီခန္ဓာကိုယ်ကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် လူနဲ့သူနဲ့တူအောင်လို့ ဆိုပြီးတော့ နည်းမျိုးစုံနဲ့ အသက်မွေးဝမ်းကျောင်း ရှာကြ ဖွေကြရတာ။ အဲသလို ရှာကြဖွေကြတော့ ဒီခန္ဓာကိုယ် အတ္တဒိဋ္ဌိကို အခြေခံပြီးတော့မှ လိမ်ဖို့လဲ မခက်ဘူး။ ညာဖို့လဲ မခက်ဘူး။ တောင်းစဉ်းလဲတို့၊ ချိန်စဉ်းလဲတို့၊ အသပြာစဉ်းလဲတို့ စဉ်းလဲမှုတွေဟာ အများကြီးပါပဲ။ အတ္တဒိဋ္ဌိရှိနေလျှင် ဘာမဆိုပြုဝံ့မှာပါပဲ။ **"အဲဒီ အတ္တဒိဋ္ဌိပျောက်အောင် တရားအားထုတ်ကြရတာပါပဲ"**။

အဲဒီတော့ ကြည့်မယ်ဆိုရင် ကမ္ဘာ့လူထုကြီးမှာ အသက်မွေးဝမ်းကျောင်းစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဟာ အတော်ရှားပါတယ်။ အင်မတန်ရှားပါတယ်တဲ့။ ဒါကြောင့် မြတ်စွာဘုရားရှိစဉ်က ဘုရားရှင်ကို လျှောက်ကြတယ်။ အချို့ပုဂ္ဂိုလ်တွေက မြတ်စွာဘုရား- တပည့်တော်တို့ဟာ လူ့လောကမှာ သူများတကာလိုပဲ ဖီးလိမ်းပြင်ဆင်ပြီးတော့ လူ့လောက လူလိုနေချင်တယ်ဘုရားတဲ့။ ကွယ်လွန်ပြီးတဲ့ခါ သေသွားတဲ့အခါလဲပဲ ငရဲကလွတ်မြောက်ပြီးတော့ နတ်ပြည်ရောက်ချင်တယ်တဲ့။ အဲဒီတော့ ဘယ်လိုအကျင့်မျိုး ကျင့်ရပါ့မလဲလို့ဆိုတော့ မြတ်စွာဘုရားက ဒီအာဇီဝဋ္ဌမကသီလပဲ ဟောတာပဲ။ ဒုစရိုက်တွေရှောင်၊ ကာယဒုစရိုက်

http://www.dhammadownload.com



ရှောင်၊ ဝစီဒုစရိုက်ရှောင်၊ မိစ္ဆာဇီဝရှောင်၊ အဲဒီတော့ ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှရှောင်ကြဉ်ခြင်း မိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းဆိုတဲ့ သီလအကျင့်မြတ်ဟာလဲပဲ မြတ်စွာဘုရားကို ပူဇော်ရာရောက်တတ်တယ်။ အဲဒီထက် တစ်ဆင့်တက်ပြီးတော့ သမထတရားများ အားထုတ်၊ ယောဂီသူတော်စင်များလက်တွေ့ မိမိတို့ရဲ့စိတ်ကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာချည်၊ သတိဆိုတဲ့ ကြိုးနဲ့ချည်ပြီးတော့ ထားခဲ့တာဟာ။ ချည်ပြီးတော့ ထားနိုင်ခဲ့တာ။ အဲသလို စိတ်ကလေးကိုတည်ငြိမ်အောင် အားထုတ်ပြီးတဲ့အခါမှာ အသိထူး၊ အမြင်ထူးရအောင်လို့ ဝိပဿနာဉာဏ်တက်၊ ဝိပဿနာအကျင့်မျိုးစုံနဲ့လဲပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ ပူဇော်ခဲ့တယ်။ အဲဒီတော့ အဲဒါ အမြတ်ဆုံး ပူဇော်ခြင်းတဲ့။

**ယော ခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မာနု ဓမ္မ ပဋိပန္နော ဝိဟရိသတိ သာမိစိပဋိပန္နော အနုဓမ္မစာရီ။**

အာနန္ဒာ ရဟန်းဖြစ်စေ, လူဖြစ်စေ၊ ဘိက္ခု= ဘိက္ခုနီ၊ ဥပါသကာ= ဥပါသိကာ ပရိသတ်လေးပါးအားလုံးဟာ လောကုတ္တရာတရား ကိုးပါးအားလျော်တဲ့သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တွေ ရှိမယ်ဆိုရင် ငါဘုရားကို၊ သက္ကတော= အရိုအသေပြုရာ ရောက်တယ်။ ဂရုကတော= အလေးအမြတ်ပြုရာ ရောက်တယ်။ မာနိတော= မြတ်နိုးရာလဲရောက်တယ်တဲ့။ ပူဇိတော= ပူဇော်ရာလဲ ရောက်ပါတယ်။ အဲသလို မိန့်ကြားတဲ့စကားအရဆိုရင် ဘုန်းကြီးတို့ ယောဂီသူတော်စင်များ သီလဖြင့်ပူဇော်ခြင်း၊ သမာဓိတရားဖြင့်ပူဇော်ခြင်း၊ ဝိပဿနာတရားဖြင့် ပူဇော်ခြင်းလို့ဆိုတဲ့ မြတ်တဲ့ပူဇော်ခြင်းနဲ့ ပူဇော်လို့ ပူဇော်ရပါတယ်။ ခရစ်နှစ် နှစ်ထောင် နောက်ဆုံးပတ် ခုနစ်ရက်တာကာလ ပူဇော်ခဲ့ပြီ။

http://www.dhammadownload.com



## (၂၁)ရာစု ပူဇော်ပွဲ

တစ်နည်းအားဖြင့်ပြောမယ်ဆိုရင်လဲ နှစ်ထောင်တစ်ခုနှစ် နှစ်ဆန်း သို့မဟုတ် ရာစုဆန်း တစ်ရက်နေ့မှာ မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်မယ်။ ဘုန်းကြီးတို့ ဒီရာစုနှစ်ဆန်း ရာစုဆိုတာ ကြုံခဲလွန်းလို့ ဆိုပြီးတော့ ဘုန်းကြီးတို့ ယနေ့ ရာစုဆန်းတစ်ရက်နေ့ နှစ်ဆန်းတစ်ရက်နေ့မှာ ဘုန်းကြီးတို့ကို ပညာသင်ပေးခဲ့တဲ့ ကျောင်းတိုက်ကြီး အသီးသီးရှိ မုံရွာမြို့ လယ်တီကျောင်းတိုက်၊ သပြေပင်တောရကျောင်းတိုက်၊ ကနီမြို့ ကုန်းသာရွာကျောင်းတိုက်၊ ပခုက္ကူမြို့ အလယ်တိုက်ကြီး၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်၊ ဒီလို ကျောင်းတိုက်ကြီးအသီးသီးမှာ မိမိတို့နေထိုင်ရာဖြစ်တဲ့ ကျောင်းတိုက်အသီးသီးမှာ စာသင်ခဲ့တဲ့ ကျောင်းတိုက်အသီးသီးမှာ အာရုံဆွမ်း၊ နေ့ဆွမ်း၊ မုံရွာမြို့ကတော့ သံဃာ ခြောက်ရာ့ငါးဆယ်လောက် ရှိပါတယ်။ ဒီနေ့ အာရုံဆွမ်းဆက်ကပ်ပါ တယ်။ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်မှာတော့ ကျောင်းတိုက် ရယ်လို့ မဟုတ်တော့ဘူး။ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ်ကနေ သံဃာငါးရာကျော်လောက် အရုံဆွမ်းလောင်းလှူပါတယ်။ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်ကြီး ရှေးဟောင်းနှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော် မြတ်များ အောင်သိဒ္ဓိစေတီတော်၊ အဲဒီ စေတီတော်ကြီးများလဲပဲ ယနေ့ အထူးတစ်လည်အားဖြင့် ရာစုဆန်းတစ်ရက်နေ့မှာ ပူဇော်မှာပါပဲ။ အထူးအားဖြင့်တော့ ဘုန်းကြီးတို့ ဝမ်းမြောက်စရာ ဘုန်းကြီးစိတ်ထဲမှာ ဝမ်းမြောက်နေတာ ရှိပါတယ်။ ဝမ်းသာနေတာ ဘာလဲလို့ဆိုတော့ ဘုန်းကြီးကို ကျောင်းသားဘဝ၊ ရှင်သာမဏေဘဝ၊ ရဟန်းဘဝ၊ ရဟန်ငယ်ဘဝက စပြီးတော့ စာပေပို့ချပြီး ပေးတော်မူကြတဲ့ ဆရာတော် သံဃာတော်များ။ အခု ဘုန်းကြီးရဲ့ အသက်ခြောက်ဆယ် အဲဒီအချိန် ထိအောင် ရှစ်ပါးသက်တော်ထင်ရှား ရှိနေသေးတာပါပဲ။ မုံရွာမြို့ အရှေ့ လယ်တီကျောင်းတိုက် ဆရာတော် ဦးကုဏ္ဍလ၊ မုံရွာမြို့ ဓမ္မိကာရုံ ကျောင်းတိုက် ဆရာတော်ဦးဓမ္မိက၊ ချောင်းဦးမြို့ ကြည်ကုန်းရွာ

http://www.dhammadownload.com



ဆရာတော် ဦးမာနိတ၊ ဟုမ္မလင်းမြို့ ဆရာတော်ဦးပညာသီရိ၊ တပ်ကုန်းမြို့ ငွေတောင်တောရ ဆရာတော် ဦးပညာသိရိ၊ လားရှိုးမြို့ မြို့လယ်ကျောင်းဆရာတော် ဦးကဝိန္ဒ၊ မြင်းမူမြို့ဆရာတော် ဦးမာလာသီရိ ဒီဆရာတော်ကြီးတွေဟာ သက်တော်ထင်ရှားရှိ လူအများပြောမယ်ဆိုလို့ ရှိရင်ဖြင့် မိမိတို့ရဲ့ အသက်ခြောက်ဆယ်ထိအောင် အမိအဖ၊ အဘိုးအဘွားတွေ အသက်ရှင်နေတာ ကြုံရခဲ့ပါတယ်။ မနေ့ကပဲ စပ်မိစပ်ရာ ပြောကြတော့ ဘုန်းကြီး အသက်သုံးဆယ့်ငါးနှစ်ထိအောင် အဘိုးအဘွား လေးယောက်လုံးစုံတဲ့ အကြောင်းပြောတော့ ဟာ- စုံခဲတာပဲတဲ့။ အခုတော့ သာသနာနဲ့ပတ်သက်လို့ မိဘသဖွယ်ဖြစ်တော်မူကြတဲ့ ဆရာတော်ကြီးတွေ ပြန်ပြီးတော့စဉ်းစားလိုက်တော့ ဘုန်းကြီးတို့ အသက်ခြောက်ဆယ်ထိအောင် ဆရာတော်တွေဟာ သက်တော်ထင်ရှားရှိနေကြသေးတယ်။ ဒီနေ့ ဘုရား၊ တရား၊ သံဃာ ပူဇော်တဲ့အခါ ဒီဆရာတော်ကြီးများကိုလဲပဲ ညနေ သုံးနာရီလောက်မှာ စတုတ္ထအကြိမ် ပူဇော်မလို့ပါပဲ။ အဲဒီတော့ အားလုံး ယောဂီသူတော်စင်များ ဆိုလိုတာကတော့ ဘာလဲလို့ဆိုတော့ မိမိတို့ ကောင်းမွန်မြင့်မြတ်တဲ့ အကျင့်ဖြင့် ယနေ့ ရာစုဆန်းတစ်ရက်နေ့မှာ ပူဇော်ရပြီ။ တစ်နည်းအားဖြင့် ခရစ်နှစ်နှစ်ထောင် နောက်ဆုံး ခုနစ်ရက်တရားစခန်း ကြိုးစားအားထုတ်ရပြီလို့ ဆိုပြီးတော့ မိမိတို့ အားထုတ်ခဲ့တဲ့ သမထဝိပဿနာ ကမ္မဋ္ဌာန်းများ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ဟိုနေ့က ဟောစဉ် တစ်ခုမှာ ဟောခဲ့ရသလိုပါပဲ။ အထွင်္ခအထိပ် မရောက်ကြသေးတဲ့ ပုဂ္ဂိုလ်များဆိုရင် အာသဝက္ခယဉာဏ်ရဖို့ရာအတွက် အားထုတ်ကြရတာ။ အထွဋ်အထိပ် ရောက်တော်မူပြီးသား ရဟန္တာအရှင်မြတ်ကြီးတွေ၊ ပစ္စေကဗုဒ္ဓါ ဘုရားရှင် အရှင်မြတ်ကြီးတွေတော့ မျက်မှောက်ဘဝမှာ ချမ်းသာစွာနေခြင်းအကျိုးငှါ သတိသမ္ပဇဉ်အလို့ငှါ ထွက်လေ ဝင်လေ ရှုမှတ်ခြင်းဆိုတဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အသုံးချတော်မူကြတယ်။ ဒါကြောင့် ယနေ့ စောစောကပြောသလိုပဲ မြတ်သောပူဇော်

http://www.dhammadownload.com



ခြင်းဖြင့် ရာစုဆန်း တစ်ရက်နေ့မှာ တစ်နည်းအားဖြင့် နှစ်ထောင့်တစ်ခု နှစ်ဆန်းတစ်ရက်နေ့မှာ ပူဇော်ရပြီလို့ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ရှိကြဖို့ ဘုန်းကြီးတို့တစ်တွေ ဆုတောင်းနေကြတာက-

သဒ္ဓါယ= သဒ္ဓါတရားဖြင့်၊ ဒါနံ ဒဒန္တု= အလှူပေးနိုင်ကြပါစေကုန် သတည်း။ သဗ္ဗဒါ= အခါခပ်သိမ်း၊ သီလံ= စောင့်ထိန်းအပ်သောသီလကို၊ ရက္ခန္တု= စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ= ဘာဝနာကမ္မဋ္ဌာန်း၌ မွေ့လျော်ပျော်ပိုက် မြတ်နိုးကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ ဒါက သူတော်ကောင်းတွေ တောင့်တတဲ့ အချက်ပါပဲ။ အဲဒီ တောင့်တတဲ့အချက်အတိုင်း မိမိတို့တစ်တွေဟာ ထိုက်တန်သလောက် ဒါန ပေးလှူကြတယ်။ သီလ စောင့်ထိန်းနိုင်ကြ တယ်။ ဘာဝနာ ပွားများနိုင်ကြတဲ့အတွက် သူတော်ကောင်းကြီးတွေရဲ့ ဆန္ဒလဲပြည့်ဝပါတယ်။ ဒီနေ့ (၂၁)ရာစုဆန်းတစ်ရက်နေ့မှာ မကြာခင်ပဲ ဤလယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာလဲပဲ ပဋ္ဌာန်းတရားများနဲ့ ပူဇော်ပါ့မယ်။ အဲသလို ပူဇော်တဲ့နေရာမှာတော့ ညင်ညင်သာသာနဲ့ သာယာနာပျော်ဖွယ်လဲဖြစ်အောင် ညပိုင်းကျပြန်တော့လဲ သူတစ်ပါးတို့ အနှောက်အယှက်မဖြစ်ရလေအောင် အဲသလို ရွတ်ဖတ်ကြဖို့ စီမံဖို့တော့ လိုတယ်နော်။ ဒါကြောင့် ဒီနေ့ (၂၁)ရာစုဆန်းတစ်ရက်နေ့ နှစ်ထောင့် တစ်ခု နှစ်ဆန်းတစ်ရက်နေ့မှာ-

**ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံရက္ခန္တု သဗ္ဗဒါ၊**
**ဘာဝနာဘိရတာ ဟောန္တု၊ မောဒန္တု သုခိတာ ဇနာ။**

ဘောန္တော= ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ တုမှေ= သင်တို့သည်၊ ဒါနံ ဒဒန္တု= အလှူပေးနိုင်ကြပါစေကုန်သတည်း။ သီလံ ရက္ခန္တု= သီလဆောက်တည်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာ ဘိရတာ= ဘာဝနာကမ္မဋ္ဌာန်း၌ မြတ်နိုးကြခင်မင်ကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ ဇနာ= ပုဂ္ဂိုလ်သတ္တဝါ သုံးဆယ့်တစ်ဘုံသား ပုဂ္ဂိုလ်သတ္တဝါတို့သည်၊ ဇနာ= နှစ်ဆယ့်တစ်ရာစု၌ ဖြစ်ပွားဆဲ ဖြစ်ပွား

13(B)

http://www.dhammadownload.com



လတ္တံ့ ဖြစ်ကြကုန်သော ပုဂ္ဂိုလ်သတ္တဝါတို့သည်၊ သုခိတာ= ချမ်းသာကြကုန်သည်ဖြစ်၍၊ မောဒန္တု= ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။ သုခိတာ= လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်ရာစုက ညွှန်ပြတဲ့ဗုဒ္ဓဘုရား၏ သီလလမ်းစဉ်၊ သမာဓိလမ်းစဉ်၊ ပညာလမ်းစဉ် ကျင့်စဉ်တို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ချမ်းသာသုခ ကိုယ်စီကိုယ်ငှ ရကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

၁၄(၃)

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌
ဟောကြားအပ်သော

# (၂၄)ကြိမ်မြောက် လယ်တီဝိပဿနာ

## (၂၁)ရာစု

ယနေ့ သာသနာတော်နှစ် နှစ်ထောင့်ငါးရာ လေးဆယ့်လေးခုနှစ်၊ ကောဇာသက္ကရာဇ် တစ်ထောင့်သုံးရာ ခြောက်ဆယ့်နှစ်ခု ပြာသိုလပြည့်နေ့၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဖွင့်လှစ်အပ်တဲ့ နှစ်ဆယ့်လေးကြိမ်မြောက် ခုနစ်ရက်တရားစခန်း ဒီတရားစခန်းဟာ နှစ်ဆယ့်တစ်ရာစုရဲ့ ပထမဆုံးကျင်းပတဲ့ ခုနစ်ရက်တရားစခန်း ဖြစ်ပါတယ်။ တရားဝင်ကြတဲ့ ယောဂီသူတော်စင်များဟာလဲပဲ ရာစုတစ်ခုလုံး နေရတယ်ဆိုတာ အင်မတန်ရှားပါတယ်။ တစ်သိန်းမှတစ်ယောက်၊ တစ်သန်းမှတစ်ယောက် ဆိုသလိုပဲရှိတာပါ။ ရာစုသက်တမ်းကုန်အောင် နေရတဲ့လူ၊ နေရတဲ့ ပုဂ္ဂိုလ်ဆိုတာ အင်မတန်ရှားပါးပါတယ်။

http://www.dhammadownload.com



မိမိတို့ နှစ်ဆယ့်တစ်ရာစုရဲ့ ပထမဆုံးခုနစ်ရက် တရားစခန်း နှစ်ဆယ့်လေးကြိမ်မြောက် ခုနစ်ရက်တရားစခန်းမှာ ဝင်ရောက်ပြီးတော့ တရားအားထုတ်ကြတော့ ရှေးဦးစွာ သုံးလောကထွဋ်ထား မြတ်ဘုရားဟာ **"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** အစချီပြီးတော့ နိဗ္ဗာန်လမ်းကိုပဲ **"အယ မေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"** အစရှိသည်ဖြင့် လူသူလေးပါး သိနိုင်မြင်နိုင်အောင် ဓမ္မစကြာသုတ္တန် ဒေသနာတော်က စပြီးတော့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်များ ဟောကြားတော်မူခဲ့ပါတယ်။

## (၂၄)ပစ္စည်းဘုရားရှိခိုး

အဲသလို ဟောကြား တော်မူခဲ့တဲ့နေရာမှာ အထွဋ်ဆုံး အမြတ်ဆုံး အခက်ဆုံး အနေအားဖြင့် နှစ်ဆယ့်လေးပစ္စည်း ဟေတုပစ္စယော အစချီတဲ့ ဥဒ္ဒေသကို ခေါင်းစီးထားပြီးတော့ ဟောကြားတော်မူခဲ့တယ်။ ပဋ္ဌာန်းဒေသနာမြတ်ကြီးကတော့ အမြင့်ဆုံး ပရိယတ္တိဓမ္မ နယ်ပယ်မှာ အမြင့်ဆုံးဖြစ်တဲ့ တရားတော်ကြီး ဖြစ်ပါတယ်။ အဲဒီ ခေါင်းစီးနှစ်ဆယ့် လေးခုထားပြီးတော့ ဟောကြားတော်မူခဲ့တဲ့ တရားတော် ပထမဆုံး ခေါင်းစဉ်က "ဟေတုပစ္စယော= ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရွှင်ညွန့်ဝေ စည်ပင်စေထ ထောက်ပံ့မသို့ သဟဇာတံ ရုပ်နှင့်နာမ်ကို သန္ဓေပဝတ် မလွတ်စေရ သဘာဂတာ ဆယ့်နှစ်ဖြာတွင် ကောင်းစွာခိုင်ကြည် တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟိတ်ခြောက်ပါး ပစ္စည်းတရားလည်းကောင်း"၊ ဟေတုပစ္စယောဆိုတဲ့ စကားလေးရဲ့ စကားတော်ရဲ့အဓိပ္ပါယ်က ကြည့်လိုက်တဲ့အခါ ရေသောက်မြစ်ဟာ သစ်ပင်ကြီးရှင်သန်ရပ်တည်ဖို့ရာနဲ့ ပတ်သက်ပြီးတော့ ကျေးဇူးပြုသလိုပဲတဲ့ ဟိတ်ခြောက်ပါးခေါ်တဲ့ လောဘ, ဒေါသ, မောဟ ဆိုတဲ့ အဆိုးဘက်က အကြောင်းတရား ဟေတု၊ အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ အကောင်းဘက်ကအကြောင်းတရား ဟေတု၊ အဲဒီ

http://www.dhammadownload.com



ဟေတုဆိုတဲ့ တရားတွေဟာ ရေသောက်မြစ်ကြီးများလိုပဲ။ ဒါကြောင့် ရေသောက်မြစ်ကြီးတွေလိုပဲ ပဋိသန္ဓေအခါ ပဝတ္တိအခါ ဘယ်အခါမှ မလပ်ရအောင် ကျေးဇူးပြုလို့ ကျေးဇူးပြုတဲ့အတွက်ကြောင့်မို့ ဒီလို အကြောင်းတွေ အကျိုးတွေ စပ်ပြီးတော့နေပုံ၊ ပစ္စည်းပစ္စယုပ္ပန် အကြောင်းအကျိုးစပ်ပြီးတော့ ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော် မြတ်ကြီး နှစ်ဆယ့်လေးပစ္စည်းကို ခေါင်းစီးထားပြီးတော့ ပဋ္ဌာန်းတရား တော်မြတ်ကြီးကို ဟောကြာတော်မူခဲ့တဲ့ ဘုရားရှင်အား ရှိခိုးပါ၏။ ဟေတုပစ္စယော အစချီတဲ့ နှစ်ဆယ့်လေးပစ္စည်း အဲဒီ နှစ်ဆယ့်လေး ပစ္စည်း ခေါင်းစဉ်ထားပြီးတော့ ဟောကြားတော်မူအပ်တဲ့ ပဋ္ဌာန်းဒေသနာ တော်မြတ်ကြီးကို ဟောကြားတော်မူခဲ့သော ဘုရားရှင်အား နှစ်ဆယ့်လေး ကြိမ်မြောက် ဝိပဿနာတရားစခန်းဖွင့်ပွဲမှာ ပဏာမအနေအားဖြင့် ရှိခိုးကြရတာ။ ဟေတုပစ္စယော စသောအားဖြင့် နှစ်ဆယ့်လေးရပ် ခေါင်းစဉ်တတ်၍ အကျယ်အားဖြင့် ဟောကြားတော်မူအပ်သော ပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို ဟောကြားတော်မူတတ်သော ဘုရားရှင်အား ရှိခိုး၍ မြတ်နိုး၍ နှစ်ဆယ့်လေးကြိမ်မြောက် လယ်တီဝိပဿနာ ခုနှစ်ရက် တရားစခန်းကို ဖွင့်ကြပါ၏။ နှစ်ဆယ့်လေးကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်း နှစ်ဆယ့်လေးပစ္စည်း ခေါင်းစီး တပ်ပြီးတော့ ပဋ္ဌာန်းတရားဒေသနာတော်မြတ်ကြီးကို ဟောကြားတော် မူခဲ့သော ဘုရားရှင်အား ရှိခိုးပါ၏။ ရှိခိုးပြီးတော့ ဖွင့်ပါ၏။

(၁) ဟေတုပစ္စယော - ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့၊ သဟဇာတ်၊ ရုပ်နှင့် နာမ်ကို၊ သန္ဓေ,ပဝတ်၊ မလွတ်စေရ၊ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကျည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com



(၂) အာရမ္မဏပစ္စယော - တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပမ်းရလေ၊ ထိုင်ထစေသို့ စိတ်စေလေးတန်၊ နာမက္ခန်ကို၊ ဖြတ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲငင်ထောက်ရာ အာရုံ၏အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံ ခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

(၃) အဓိပတိပစ္စယော - စကြာဘုန်းငှ၊ များဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့ ဟသိ,မောဟ၊ ကြဉ်ပသည့်ဇော၊ လောဘမူလ၊ အဌပညာ၊ ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်၊ ကြီးမား လွှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဟူသော သဟဇာတာဓိပတိ လေးပါး၊ ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏာဓိပတိ ခြောက်ပါးပစ္စည်းတရားလည်းကောင်း။

(၄) အနန္တရပစ္စယော - ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီး အားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားလည်းကောင်း။

(၅) သမနန္တရပစ္စယော - စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်၊ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရပစ္စည်းတရား လည်းကောင်း။

(၆) သဟဇာတပစ္စယော - အလင်းဖြစ်မှု၊ ဆီမီးပြုသည်၊ တန္တုပမာ၊ သဟဇာတ၊ နာမနှင့်ရုပ်၊ ဘူတုပ္ပါဒ်၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊

http://www.dhammadownload.com



ယင်းခြောက်ခုအား၊ တူပြားအဋ္ဌ၊ သဘာဂတွင်၊ တကွမကွဲ၊ ဖြစ်စေခြင်း ဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ်၊ ဝတ္ထုပါက၊ သဟဇာတခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၇) အညမညပစ္စယော - သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ်မဟာဘုတ်၊ ဝတ္ထုနာမ်အား၊ တူနှစ်ပါးတွင်၊ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်မဟာဘုတ်၊ ဝတ္ထုပါက၊ အညမည သုံးပါးပစ္စည်းတရားလည်းကောင်း။

(၈) နိဿယပစ္စယော - သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေ ရုပ်နာမ်၊ သဟဇာတ်အားလည်းကောင်း၊ စိတ္တကမ္မ၊ ပဋ္ဌပုံဟန်၊ သက်ဝိညာဏ်အားလည်းကောင်း၊ တူမှန်သဘာ၊ ဆယ့်သုံးဖြာတွင်၊ တည်ရာမှီရာဟူသော အဓိဋ္ဌာနာကာရ၊ နိဿယာကာရ၊ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ်၊ ဝတ္ထုပါကဟူသော သဟဇာတ နိဿယခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုရေဇာတ နိဿယခြောက်ပါး၊ ပစ္စည်းတရားလည်းကောင်း။

(၉) ဥပနိဿယပစ္စယော - မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား၊ ဆယ့်လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်း ဟူသော ဥပနိဿယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပ နိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ် စိတ္တုပ်ပညတ်ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်းတရား လည်းကောင်း။

(၁၀) ပုရေဇာတပစ္စယော - အလင်းမှီနေ၊ များဗိုလ်ခြေကို၊ ကပ္ပေစစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်လေ၊ စိတ်နှင့်စေအား၊

http://www.dhammadownload.com



တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ နိပ္ဖန္နရုပ်ဟူသော အာရမ္မဏပုရေဇာတနှစ်ပါး ပစ္စည်းတရား လည်းကောင်း။

(၁၁) ပစ္ဆာဇာတပစ္စယော - ဂိဇ္ဈပေါတက၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ်အာသာ၊ စေတနာသို့၊ ပုရေဇာတ၊ ရုပ်ဓမ္မအား၊ မျိုးလေးပါးတွင်၊ နောက်ပါး၌ဖြစ်သဖြင့် ထောက်ပံ့ခိုင်မာ၊ ပစ္ဆာဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နောက်နောက် ပဉ္စဝေါကာ နာမ်ခန္ဓာ လေးပါး ပစ္စည်းတရားလည်းကောင်း။

(၁၂) အာသေဝနပစ္စယော - နောက်နောက်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာကုသလ၊ ကြိယသဘော၊ နောက်နောက်ဇောအား၊ တူခြောက်ပါးတွင်၊ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ အာသေဝနသုံးပါး ပစ္စည်းတရားလည်းကောင်း။

(၁၃) ကမ္မပစ္စယော - သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ ကြွင်းငြား တူလတ်၊ သဟဇာတ်နှင့် ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တစ်ဆယ့် ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော ကမ္မသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၄) ဝိပါကပစ္စယော - ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကွေ ဖြစ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချိပမ်း၊ ငြိမ်းချမ်း စေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါက ပစ္စည်းတရား လည်းကောင်း။

http://www.dhammadownload.com



(၁၅) အာဟာရပစ္စယော - မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါးသဟဇ် ရုပ်နှင့်နာမ်အားလည်းကောင်း၊ လေးတန်သန္တတိ သမုဋ္ဌာနိက ရုပ်အားလည်းကောင်း၊ ယထာက္ကမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူထောက်ပံ့ခြင်းဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ်ဗဟိ၊ စတုသမုဋ္ဌာနိက ဩဇာဟူသော ရုပ်အာဟာရ ပစ္စည်းတရားလည်းကောင်း။

(၁၆) ဣန္ဒြိယပစ္စယော - တစ်ပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ပဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပဉ္စဝိညာဏ၊ ကမ္မဇရုပ်အား၊ တူဆယ့်ငါးတွင်၊ အခြားမသွေ၊ မိမိသို့လိုက်ခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်က္ခန္ဓာတရား ကိုယ်ရှစ်ပါးဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားလည်းကောင်း။

(၁၇) ဈာနပစ္စယော - သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇ်အား၊ ဆယ့်တစ်ပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝိဉ်ကြဉ် စိတ်မှာယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၈) မဂ္ဂပစ္စယော - ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင် မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၉) သမ္ပယုတ္တပစ္စယော - စတုမခွဲ၊ ရောသည့်တူသို့၊ လေးဆူနာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော

http://www.dhammadownload.com



နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရားလည်းကောင်း။

(၂၀) ဝိပ္ပယုတ္တပစ္စယော - ခြောက်ထွေရသာ၊ ပေါင်းရောပါသို့၊ သဟဇာရုပ်၊ ဝတ္ထုပ်, သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို၊ တူငြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ မယှဉ်ကြခြင်းဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဥ္စဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ, ဟဒယ စသော သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ် သုံးပါးပစ္စည်းတရားလည်းကောင်း။

(၂၁) အတ္ထိပစ္စယော - မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင် အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ ငါးပါး ပစ္စည်းတရားလည်းကောင်း။

(၂၂) နတ္ထိပစ္စယော - မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နတ္ထိပစ္စည်း တရား လည်းကောင်း။

(၂၃) ဝိဂတပစ္စယော - နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်း တရားလည်းကောင်း။

(၂၄) အဝိဂတပစ္စယော - ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်းလင်း မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားလည်းကောင်း။

ဣတိ= ဤသို့၊ စတုဝီသတိပစ္စယာ= နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်၊ မဟာပကရဏေ= အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီး၌၊ ဋ္ဌိတာ= တည်ကုန်၏။

http://www.dhammadownload.com



## ဆုတောင်းဂါထာ

**ဣမိနာနန္တဋ္ဌာနမ္ပိ၊ ဆေကော ဘဝေ'မိ သဗ္ဗဓိ။**
**သိတ္တာ နာဝါဝ နိဗ္ဗာနံ၊ လောကေ ကုဟိဉ္စိ'နာလယံ။**

အဟံ= ငါသည်၊ ဣမိနာ ပုညကမ္မေန= ဤပစ္စယုဒ္ဒေသ နိဿယကို ရွရွနူတ်တက် ဆောင်ရွက်ကျက်မှတ် ရွတ်ဖတ်ဖွေနည် ကြံစည်မြဲမြံ ကုသိုလ်ကံကြောင့်၊ သဗ္ဗေဓိ ဘဝေ= ဘဝတိုင်း၌၊ သဗ္ဗဓိ အနန္တဋ္ဌာနမ္ပိ= ကြွင်းမဲ့ကုန်စင် မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌၊ ဆေကော= တတ်ပွန်သိမြင် ကျွမ်းကျင်လိမ္မာသည်၊ ဇမိ= ဖြစ်ရပါလို၏။ သိတ္တာ= လေးသည့်ရေဝန် ပက်သွန်ပြီးသော၊ နာဝါ= လှေသည်၊ တိတ္ထံ= လိုရာဆိပ်ကမ်းသို့၊ ဇတိက္ကဝ= မတွယ်မတာ လျင်စွာထုတ်ချောက် ရောက်သကဲ့သို့၊ ကုဟိဉ္စိ လောကေ= ရူပသဒ္ဒ စသည်အာရုံတစ်စုံ တစ်ခုသော လောက၌၊ အနာလယံ= မတွယ်မတာ ဆိတ်စာမထောင့် သည်ဖြစ်၍၊ နိဗ္ဗာနံ= အမတမွန် ငြိမ်းရာမှန်သည် နိဗ္ဗာန်ပြည်နန်းသို့၊ ဇမိ= လျင်စွာထုတ်ချောက် ရောက်ရပါလို၏ ဘုရား။ အဲဒီလို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ နိဿယအနက်နဲ့ နှစ်ဆယ့်လေးကြိမ်မြောက်နဲ့ ပတ်သက်ပြီးတော့ အာရုံယူပြီး ကန်တော့ပြီး ဖွင့်ပါတယ်။

## တံတိုင်းကြီး (၂၄)ထပ်

တစ်နည်း အားဖြင့်ပြောမယ်ဆိုရင် ဘုရားရှင်ရဲ့ အရဟံ အစရှိတဲ့ ဂုဏ်တော်ကိုးပါး ဆိုတဲ့ စိန်တံတိုင်းကြီးကိုးထပ်။

တရားတော်ရဲ့ သွာက္ခာတာ အစရှိတဲ့ ရွှေတံတိုင်းကြီးခြောက်ထပ်။ သုပ္ပဋိပန္နတာ အစရှိတဲ့ သံဃာတော်များရဲ့ ဂုဏ်ကိုးပါးတည်းဟူသော ငွေတံတိုင်းကြီးကိုးထပ်။ အဲသလို ဘုရားဂုဏ်တော်ကိုးပါးတည်းဟူသော စိန်တံတိုင်းကြီး၊ တရားဂုဏ်တော်ခြောက်ပါးတည်းဟူသော ရွှေတံတိုင်းခြောက်ထပ်၊ သံဃာဂုဏ်တော်ကိုးပါး တည်းဟူသော

http://www.dhammadownload.com



ငွေတံတိုင်း(၉)ထပ်တို့ကို ခပ်ပြီးတော့ ဤနှစ်ဆယ့်လေးကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖွင့်ပါတယ်။ လိုက်ပြီးတော့ ဆိုကြ။ အရှင်ဘုရား တပည့်တော်များသည် အရဟံအစ၊ ဘဂဝါအဆုံး ကိုးပါးသော စိန်တံတိုင်းကြီး၊ ကိုးထပ်သော စိန်တံတိုင်းကြီးတို့ဖြင့် ကာရံပါ၏။ တရားတော်၏ သွက္ခာတတာ အစရှိသော ရွှေတံတိုင်းကြီး ခြောက်ထပ်တို့ဖြင့် ကာရံပါ၏။ သံဃာတော်အရှင်မြတ်များ၏ ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရိုသေလေးစားအပ်သော သုပ္ပဋိပန္နတာ အစရှိသော ငွေတံတိုင်းကြီးကိုးထပ်တို့ဖြင့် ကာရံပါ၏။ ဘုရား, တရား, သံဃာ ရတနာသုံးဖြာတို့အား နှစ်ဆယ့်လေးကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်ပွဲ၌ ရိုသေစွာရှိခိုးကြပါ၏။

နှစ်ဆယ့်လေးထပ်တံတိုင်းကြီးတွေ ကာရံပြီးတော့ စိန်တံတိုင်းကြီးကိုးထပ်, ရွှေတံတိုင်းကြီးခြောက်ထပ်, ငွေတံတိုင်းကြီးကိုးထပ် ကာရံပြီးတော့ မိမိတို့ အားထုတ်လတ္တံ့ဖြစ်တဲ့ တရားစခန်းကို ဒီတံတိုင်းကြီးတွေနဲ့ ကာရံပြီးတော့ ထားပါတယ်။ တံတိုင်းကြီးတွေ ကာရံပြီးတော့ ဤတရားစခန်းကိုဖွင့်ပါတယ်။

## နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်တဲ့။ ပန်းကသုံးခိုင်ပါ။ တစ်ခိုင်တစ်ခိုင်မှာ ပထမတစ်ခိုင်က ကိုးဆိုင်၊ ဒုတိယ တစ်ခိုင်က ခြောက်ဆိုင်၊ တတိယတစ်ခိုင်က ကိုးဆိုင်။ ဒါကြောင့် နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်နဲ့ အလားတူတဲ့ ဗုဒ္ဓဘုရား၏ ဂုဏ်တော်ကိုးပါးတည်းဟူသော ပန်းကိုးဆိုင်၊ တရားတော်မြတ်၏ သွက္ခာတအစရှိတဲ့ ဂုဏ်တော်ခြောက်ပါး တည်းဟူသော ပန်းခြောက်ဆိုင်၊ သုပ္ပဋိပန္နတာ အစရှိတဲ့ ဂုဏ်တော်ကိုးဆိုင်၊ အဲသလို နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်ကို ပန်ဆင်ပြီးတော့ ဤတရားစခန်းကို ဖွင့်ပါတယ်လို့ မိမိတို့စိတ်ထဲ အာရုံထားပြီးတော့ လိုက်ပြီးတော့ဆိုကြ။ အရှင်ဘုရား

http://www.dhammadownload.com



နှစ်ဆယ့်လေးကြိမ်မြောက် ဤလယ်တီဝိပဿနာ တရားစခန်းဝယ် နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်တို့ကို ပန်ဆင်လျက် ဖွင့်ကြပါ၏။ နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်တို့ကို ပန်ဆင်ပြီးတော့ ဖွင့်ခဲ့ကြပြီ။

## ဖွင့်တယ်ဆိုရင်ပွင့်မှ

အဲဒီ နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်တို့ကို ပန်ဆင်ပြီးတော့ ဖွင့်ကြတော့ ဖွင့်တယ်ဆိုတဲ့ စကားအဓိပ္ပါယ်က ပွင့်အောင်ဆောင်ရွက်ခြင်းပါပဲ။ ဖွင့်တယ် ဆိုရင်လဲ ပွင့်မှကောင်းတာကိုး။ အဲဒီတော့ မိမိတို့ ဤလယ်တီဝိပဿနာ တရားစခန်းဖွင့် ဘာကြောင့်ဖွင့်ရသလဲ။ ပွင့်ဖို့ရာ ဖွင့်ကြတာ။ ဘာတွေ ပွင့်အောင်လဲဆိုတော့ သဒ္ဓါပန်းတွေပွင့်အောင် ရတနာသုံးတန် ကံ, ကံ၏အကျိုးတို့ကို ယုံကြည်မှုသဒ္ဓါတရား အထူးသဖြင့် တရားတော်ရဲ့ ဂုဏ်ကျေးဇူးများကို ထက်ထက်သန်သန်နဲ့ ယုံကြည်မှုသဒ္ဓါပန်းတွေလဲ ပွင့်နိုင်ကြဖို့။ ပွင့်ကြပါစေလို့ ဆိုပြီးတော့ ဒီလို ဖွင့်ကြတာကိုး။ ဝီရိယပန်း မကြာခင် မကြာတော့တဲ့အချိန်ကာလမှာပင် မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ နည်းနာနိဿယ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး လွန်ခဲ့တဲ့ကိုးဆယ့်ခြောက်နှစ်ကျော်က ကင်းဝန်မင်းကြီးအား ဟောကြားတော်မူခဲ့တဲ့ ပြုသတော်မူခဲ့တဲ့ အာနာပါန ကမ္မဋ္ဌာန်း ကာယာနုပဿနာသတိပဋ္ဌာန်ကမ္မဋ္ဌာန်း လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ကျော်က ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက အနာဂါမ်ဆရာသက်ကြီး ဖြစ်လတ္တံ့ဖြစ်တဲ့ သူတော်စင်ကြီးအား ပေးတော်မူခဲ့တဲ့ ကမ္မဋ္ဌာန်း။ ဒီကမ္မဋ္ဌာန်းကို ဆရာနည်းကျကျ အားထုတ်ကြရမှာပဲတဲ့။ အားထုတ်သော်လဲပဲ နည်းနည်းတော့မဟုတ်ဘူး။ တစ်နေ့ ဆယ့်တစ်ချိန်၊ ဆယ့်တစ်ချိန်ဆိုတော့ ဆယ့်တစ်နာရီ။ စောစောကဆိုရင် တစ်နေ့တာကုန်သွားတယ်။ အသက်ရှုကြ ရှိုက်ကြတာဟာ တစ်နာရီ၊ တစ်ထောင်ခန့်ပဲ ဆိုကြပါစို့။ အသက်ရှုတဲ့ ရှိုက်တဲ့ ရှုရှိုက်နှုန်းဟာ တစ်ထောင်ခန့်ထားပြီးတော့ တစ်နေ့တစ်ရက်မှာဆိုရင် နှစ်သောင်း

http://www.dhammadownload.com



လေးထောင်ကျော်လောက် လျော့ရင်နည်းနည်း ပိုရင်နည်းနည်း အသက်ရှုရှိုက်ပြီးတော့ နေကြတာ။ အခုလို တရားစခန်းဝင်ပြီးတော့ ထွက်လေ ဝင်လေ ကို ရှုမှတ်လိုက်တဲ့အခါကြတော့ တစ်နာရီမှာ တစ်ထောင်၊ တစ်ထောင်ခန့် လိုရင်နည်းနည်း ပိုရင်နည်းနည်း ဆိုတာမျိုးလိုမှန်းပြီးတော့ သွားမယ်ဆိုရင် တစ်နေ့ တစ်နေ့ဆိုလျှင် ထွက်လေ ဝင်လေအကြိမ်ပေါင်း သောင်းတစ်ထောင်ခန့်လောက် စိတ်ဟိုဟိုဒီဒီ မပြေးပဲနဲ့မှတ်မယ်ဆိုရင် အကြိမ်ပေါင်း ဒီနှစ်သောင်းလေးထောင်ကျော်မှာ သောင်းတစ်ထောင်ခန့် လောက်ကို ရှုမှတ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။ ဒါ သာမန်ဝီရိယနဲ့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဝီရိယပန်း အဲသလို အားထုတ်နိုင်ကြတဲ့ ဝီရိယပန်းလဲ ပွင့်ကြပါစေ။ သတိဆိုတဲ့ ပန်းများလဲ ပွင့်ကြပါစေ။ သတိ ဆိုတဲ့တရားကတော့ အင်မတန် အရေးကြီးတယ်။ အားထုတ်လတ္တံ့ဖြစ်တဲ့ တရားဘာဝနာမှာ သတိကတော့ အင်မတန်ကို အရေးကြီးတဲ့တရားပါပဲ။ ဒါကြောင့် သတိပန်းများလဲ ပွင့်ကြပါစေ။

သမာဓိပန်းတဲ့။ သဒ္ဓါတရား အခြေခံပြီးတော့ သတိနဲ့ ဝီရိယ အသုံးချပြီးတော့လာတဲ့အတွက် မိမိတို့စိတ်ကလေးဟာ တရားအား မထုတ်မီက ပေါက်လွတ်ပဲစား ဖြစ်နေတတ်တယ်။ ဒီစိတ်ကလေးဟာ ဖွာစာကြဲပြီးတော့ နေတတ်တယ်။ ပရမ်းပတာ ပြေးချင်တိုင်းပြေး၊ သွားချင်တိုင်းသွားပြီးတော့ နေတတ်ပါတယ်။ သဒ္ဓါ အခြေခံပြီးတော့ သဒ္ဓါပန်းပွင့်တာကို အခြေခံပြီးတော့ ဝီရိယပန်း, သတိပန်းတွေနဲ့ ခြယ်လှယ်လိုက်တဲ့ အခါကျတော့ ဒီစိတ်ကလေးဟာ တည်လို့, ကြည်လို့, ငြိမ်သက်လို့ သွားခြင်းဆိုတဲ့ အကျိုးတရား ရရှိကြပါလိမ့်မယ်။ အဲဒီစိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိမျိုး ရရှိလာကြတဲ့အခါ သူသိ ငါသိ ကမ္ဘာသိကို ကျော်လွန်တဲ့ အသိဉာဏ်ပညာ။ ဒီပညာပန်းလဲပဲ ပွင့်ကြပါလိမ့်မယ်။ ဒါကြောင့် ယနေ့ နှစ်ဆယ့်တစ်ရာစုရဲ့ ပထမဆုံးဖွင့်လှစ်တဲ့ လယ်တီဝိပဿနာ တရားစခန်းမှာ နှစ်ဆယ့်လေး ပစ္စည်း အခြေခံပြီးတော့ ပရိယတ္တိဓမ္မနယ်ပယ်မှာ အမြင့်မားဆုံးဖြစ်တဲ့

http://www.dhammadownload.com



ပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့တဲ့ ဘုရားရှင်ကို ရှိခိုးပါ၏။ အရဟံအစရှိတဲ့ စိန်တံတိုင်းကြီးများ၊ သွာက္ခာတ အစရှိတဲ့ ရွှေတံတိုင်းကြီးများ၊ သုပ္ပဋိပ္ပန္န အစရှိတဲ့ ငွေတံတိုင်းကြီး၊ တံတိုင်းကြီး နှစ်ဆယ့်လေးထပ် ကာရံပြီးတော့ ဖွင့်လှစ်ကြတာ။ နှစ်ဆယ့်လေးဆိုင် ပန်းသုံးခိုင်ခေါ်တဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူး၊ ပန်းကိုးဆိုင်၊ ခြောက်ဆိုင်၊ ကိုးဆိုင်၊ နှစ်ဆယ့်လေးဆိုင် ဒီပန်းသုံးခိုင်တို့ကို ပန်ဆင်ပြီးတော့ ဖွင့်ကြ။ အဲသလို ဖွင့်ကြတဲ့အတွက် မိမိတို့သန္တာန်မှာ ယောဂီတို့ သန္တာန်မှာ သဒ္ဓါပန်း၊ ဝီရိယပန်း၊ သတိပန်း၊ သမာဓိပန်း၊ ပညာပန်းတွေ လန်းလန်းဆန်းဆန်း ပွင့်ကြပါစေ။ လန်းလန်းဆန်းဆန်း ပွင့်နိုင်အောင် ကြိုးစားအားထုတ်နိုင်ကြရစေလို့ ဆုတောင်း တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သုဓမ္မာနတ်သဘင်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့၊ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူတယ်။ ပဉ္စသိခဂန္ဓဗ္ဗနတ်သား ဘုရားထံမှောက်ရောက်ပြီးနေတော့ သူရဲ့အတွေ့အကြုံ လျှောက်ထားတယ်။ အတွေ့အကြုံက သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ဉပုသ်နေ့မှာ တာဝတိံသာနတ်ပြည်မှာ နတ်များအစည်းအဝေးကျင်းပကြပါတယ်။ တန်ခိုးကြီးတဲ့ နတ်တွေလဲပဲ တက်ရောက်ကြပါတယ်။ သုဓမ္မာတရားသဘင် သုဓမ္မာဓမ္မသဘင်မှာ သိကြားမင်းက ဒီလိုပြောပါတယ်။

**မောဒန္တိဝတ ဘော ဒေဝါ တာဝတိံသာ သဟိန္ဒကာ၊**

**တထာဂတံ နမဿန္တာ ဓမ္မဿစ သုဓမ္မတံ။ ။**

တာဝတိံသာ နတ်ဘုံနတ်နန်းမှာ ရှိကြတဲ့နတ်တွေ မြတ်စွာဘုရားနှင့်တကွ တရားသံဃာတော်များ ရှိခိုးပြီးတော့ ဝမ်းမြောက်ကြပါတယ်။

**နဝေ ဒေဝေစ ပဿန္တာ၊ ဝဏ္ဏဝန္တေ ယသဿိနေ။**

**သုဂတသ္မိံ ဗြဟ္မစရိယံ၊ စရိတွာန ဣဓာဂတေ။**

မြတ်စွာဘုရား သာသနာတော်မှာ ဗြဟ္မစရိယခေါ်တဲ့ မွန်မြတ်တဲ့ အကျင့်များ ကျင့်သုံးပြီးတော့ နတ်ဘုံနတ်နန်း နတ်စခန်း ရောက်လာတဲ့ နတ်တွေဟာ အခြားနတ်တွေထက် အဆင်းလဲပိုတယ်။ အခြံအရံလဲ များတယ်။ အဲဒီနတ်တွေကို ကြည့်ပြီးတော့ ရောက်သစ်စနတ်သား၊ နတ်သမီးတွေကြည့်ပြီးတော့ ဝမ်းမြောက်ကြတယ်။

**တေ အညေ အတိရောစန္တိ ဝဏ္ဏေန ယသသာ ယုနာ။**

**သာဝကာ ဘူရိပညဿ ဝိသေသူပဂတာ ဣဓ။**

မြတ်စွာဘုရားသာသနာတော်မှာ တရားကျင့်သုံးပြီးတော့ လာကြတဲ့နတ်သား၊ နတ်သမီးတွေက အခြားနတ်တွေထက် အဆင်းလဲသာတယ်။ အခြံအရံလဲသာတယ်။ ဒါကြောင့် မြတ်စွာဘုရားသာသနာနဲ့ တွေ့ကြုံဆုံဆည်းပြီးတော့ ရောက်သစ်စ နတ်ပြည် ရောက်သစ်စဖြစ်တဲ့

http://www.dhammadownload.com



နတ်သား၊ နတ်သမီးတို့ကို ကြည့်ပြီးတော့-

**ဒိဗ္ဗာဝတ ဘော ကာယာ ပရိပူရေန္တိ။**

**ဟာယန္တိ အသူရကာယာ**-တဲ့။

အသုရကာယ်ဘုံသားတွေ လျော့နည်းပြီးတော့ နတ်ဘုံ နတ်နန်း နတ်စခန်းတွေပြည့်နေတာ ဝမ်းသာစရာပဲလို့ ဝမ်းသာကြတယ်။ အဲသလို ဝမ်းသာကြတဲ့ သုဓမ္မာနတ်ပွဲသဘင်မှာ သိကြားမင်းကြီးက မြတ်စွာဘုရားရဲ့ အဋ္ဌယထာဘူတစ္စခေါ်တဲ့ မှန်ကန်တိကျတဲ့ ဂုဏ်သကတ်ကြောင့် အဟုတ်အဟတ် ဂုဏ်သကတ်ကြောင့် ရရှိတော်မူအပ်တဲ့ ဂုဏ်တော်ရှစ်မျိုးတို့ကို သိကြားမင်းကြီးကိုယ်တိုင် သုဓမ္မာသဘင်မှာ ဟောပြောပါတယ်။ အဲသလို ဂုဏ်တော်ရှစ်မျိုးတို့ကို ဟောကြားပြီးတဲ့အခါ သနင်္ကုမာရဗြဟ္မာမင်းကြီး ရောက်ရှိပြီးတော့လာတယ်။ ရောက်ရှိလာပြန်တော့လဲ သနင်္ကုမာရဗြဟ္မာမင်းကြီးက တစ်ခါထပ်မံပြီးတော့ မြတ်စွာဘုရားရဲ့ အဟုတ်အဟတ်ဂုဏ်သကတ်ကြောင့်ရတဲ့ ဂုဏ်တော်ရှစ်မျိုးတို့ကို ဟောကြားတော်မူတယ်။

## မဟာဂေါဝိန္ဒပုရောဟိတ်

အဲသလို ဟောကြားပြီးတဲ့နောက် သမင်္ကုမာရ ဗြဟ္မာမင်းကြီးက ဘုရားအလောင်းတော်ဘဝက ဖြစ်စဉ်တစ်ခုကို ပြန်ပြီးတော့ ပြောကြားဟောကြားတာ။ နတ်ပရိသတ်မှာ ဘယ်လိုဟောကြားသလဲလို့ ဆိုတော့ ဘုရားအလောင်းတော် မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးဖြစ်စဉ်က ပညာရှိပုံကို ဟောကြားတာပါပဲ။ ဒိသမ္ပတိခေါ်တဲ့မင်း ဒိသမ္ပတိရဲ့သားက ရေဏုမင်း၊ ပုရောဟိတ်ပုဏ္ဏားက ဂေါဝိန္ဒ၊ ဂေါဝိန္ဒရဲ့သားက မဟာဂေါဝိန္ဒ။ အတိဇာတသားမျိုးကိုး။ အဲဒီတော့ ဒိသမ္ပတိမင်းကြီး နတ်ရွာစံသွားပြီ။ ဂေါဝိန္ဒပုဏ္ဏားကြီးလဲပဲ စုတိသွားပြီ။ အဲဒီအချိန်မှာ ရေဏုမင်း၊ ရေဏုမင်းရဲ့သူငယ်ချင်းမင်းက ခြောက်ပါး ရှိပါသေးတယ်။ အဲဒီ ရေဏုမင်းနှင့်တကွ မိတ်ဆွေမင်း ခြောက်ပါး။ အဲဒီ မင်ခုနစ်ပါးရှိတဲ့မြေကို

http://www.dhammadownload.com



မင်းခုနစ်ပါးခွဲခြမ်းပြီးတော့ ခုနစ်ပြည်ထောင်တည်ကြတယ်။ အဲဒီ အစီအစဉ်တွေအားလုံးကို မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးကပဲ စီမံပြီးပေးတာ။ ခုနစ်ပြည်ထောင်မင်းတွေ သူ့နေရာနဲ့သူ လှည်းအုတ်ဆုံ ဥပမာထား ပြီးတော့ ခွဲခြားပြီးတော့ ဒီလိုတည်ပြီးတော့ပေးတယ်။ အဲသလို တည်ပြီး တော့ ပေးတဲ့အခါမှာ ဩော်- မဟာဂေါဝိန္ဒပုဏ္ဏားကြီး အင်မတန်ကို ခုနစ်ပြည်ထောင်မင်းတွေက လေးစားသလို ခုနစ်ပြည်ထောင် ပြည်သူ ပြည်သားတွေကလဲ လေးစားကြတယ်။ တစ်ခါတစ်ရံ နှာချေတဲ့အခါတို့ တောင်မှ **"နမတ္ထု မဟာ ဂေါဝိန္ဒဿ"**။ မဟာဂေါဝိန္ဒဿ= မဟာဂေါဝိန္ဒ ပုရောဟိတ်ပုဏ္ဏားကြီးအား၊ နမတ္ထု- နမော အတ္ထု- နမော= ရှိခိုးခြင်း သည်၊ အတ္ထု= ဖြစ်ပါစေသတည်းလို့ အဲသလိုတောင်မှ တိုင်းသူပြည်သား တွေက ရွတ်ဆိုကြတယ်။ အဲဒီတော့ ဘယ်လိုနာမည်ကြီးနေသလဲလို့ ဆိုတော့ မဟာဂေါဝိန္ဒပုဏ္ဏားကြီးဟာ ဗြဟ္မာကြီးများနဲ့ တိုင်ပင်ပြီးတော့မှ ခုနစ်ပြည်ထောင်သောမင်းတွေ အုပ်ချုပ်ပြီးတော့ နေနိုင်တာပဲ။ စီမံ ကွပ်ကဲပြီးတော့ နေနိုင်တာပဲ။ အဲသလို နာမည်ကြီးနေတဲ့အခါမှာ မဟာဂေါဝိန္ဒပုဏ္ဏားကြီးက စဉ်းစားတယ်။

## ဂုဏ်ရဖို့ထက် ထိန်းဖို့ခက်

**ဝဏ္ဏုပ္ပတ္တိ ခေါ ပန န ဘာရိယာ၊**

**ဥပ္ပန္နဿ ဝဏ္ဏဿ ရက္ခဏာ မေဝ ဘာရိယံ။**

ကျေးဇူးဂုဏ်သတင်း ဖြစ်ပေါ်ခြင်းဆိုတာ မခက်ဘူး။ ဖြစ်ပေါ် လာပြီးသားဖြစ်တဲ့ ကျေးဇူးဂုဏ်ကို ထိန်းသိမ်းဖို့ရာ စောင့်ရှောက်ဖို့ရာ တာဝန်ကြီးတယ်၊ ခက်ခဲတယ်။ ဗြဟ္မာမင်းကြီးတွေနဲ့ တွေ့ကြုံဆုံဆည်း ပြီးတော့မှ ဗြဟ္မာမင်းကြီးတွေနဲ့ တိုင်ပင်ပြီးတော့မှ အုပ်ချုပ်တယ်ဆိုတဲ့ နာမည်ကို ထိန်းသိမ်းတဲ့အနေအားဖြင့် ဘာစိတ်ကူးသလဲ။ ရှေးအခါ တုန်းက လူကြီးသူကြီးတွေ ပြောသံဆိုသံ ကြားဖူးတယ်။ လေးလအပေါင်း အဖေါ် ကင်းကွာပြီးတော့ တစ်ယောက်တည်းနေ။ နေပြီးတော့

http://www.dhammadownload.com



သတ္တဝါတို့အပေါ်မှာ သနားခြင်း ကရုဏာ အရင်းခံတဲ့ ကရုဏာစျာန် ပွားများမယ်ဆိုရင် ဗြဟ္မာကြီးများနဲ့ တွေ့နိုင်တယ်။

အဲသလို ကြားဖူးတယ်။ ကြားဖူးတဲ့အတိုင်း ခုနစ်ပြည်ထောင် သောမင်းတို့နှင့်တကွ ပုရောဟိတ် သားမယားများ အကုန်လုံး ပန်ကြား တယ်။ လေးလ တစ်ယောက်တည်းတည်းနေချင်တယ်။ ထမင်းပို့တဲ့လူမှ တစ်ပါး ဒီပြင်လူတွေ မလာပါစေနဲ့လို့ ဆိုပြီးတော့ မြို့ရဲ့အရှေ့ဘက် သခ်န်းကျောင်းသဘောမျိုးပါပဲ။ တရားအားထုတ်တဲ့ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ပြီးတော့ လေးလ။ တစ်ယောက်တည်း ကရုဏာစျာန် အဓိကအားဖြင့် ကရုဏာဗြဟ္မဝိဟာရတရားကိုပဲ ပွားများနေတယ်။ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာစုံအောင် ပွားများ။ သို့သော် ကရုဏာကိုအဦးမူပြီးတော့ တစ်ခါတစ်ရံ မေတ္တာ၊ တစ်ခါတစ်ရံ မုဒိတာ၊ တစ်ခါတစ်ရံ ဥပေက္ခာတို့လဲ ပွားများပါတယ်။ အဲသလို ပွားများပြီးတော့နေလိုက်တဲ့အခါ တစ်နေ့ကျတော့ လေးလလဲ ပြည့်ပြီဆိုတော့ ဗြဟ္မာလဲမတွေ့ရသေးဘူး။ မတွေ့ရသေးတော့ ဗြဟ္မာကိုမြင်လိုတဲ့, တွေ့လိုတဲ့စိတ်က သိပ်ပြီးတော့ ဖြစ်ပေါ်တယ်။ ဗြဟ္မာကိုမြင်လိုတဲ့စိတ်က ဖြစ်ပေါ်တယ်။ ဖြစ်ပေါ်တော့ သနင်္ကုမာရ ဗြဟ္မာမင်းကြီးက ဘုရားလောင်း မဟာဂေါဝိန္ဒ တရားအားထုတ်တဲ့ ကျောင်းကလေးလာပြီ။ လာတယ် ဆိုကြပါစို့။ လာတဲ့အခါ ကျတော့ မဟာဂေါဝိန္ဒပုဏ္ဏားကြီးကလဲ သူ့မှာရှိတဲ့ သောက်ရေတို့၊ ဟင်းရွက်ပြုတ် ကလေးတွေနဲ့ ဧည့်ခံ။ ဧည့်ခံပြီးတဲ့ အခါကျတော့ သနင်္ကုမာရဗြဟ္မာ မင်းကြီးက ဘာပြောသလဲ။ သင်မေးချင်တာကို မေးတော့။ မျက်မှောက် ဘဝမှာ အကျိုးရှိမဲ့ကိစ္စ, တမလွန်ဘဝမှာ အကျိုးများမဲ့ အချက်အလက် တွေနဲ့ ပတ်သက်ပြီးတော့ မေးတော့လို့ ပြောတဲ့အခါ မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးက စဉ်းစားတယ်။ ပစ္စုပ္ပန်ဘဝမှာ ကြီးပွားရေး, ချမ်းသာရေးနဲ့ ပတ်သက်လို့တော့ ငါကတောင်မှ ခုနစ်ပြည်ထောင်မင်းတွေ စီမံပေးနေ တာပဲ။ ပစ္စုပ္ပန်ဘဝ ချမ်းသာရေး, ကြီးပွားရေးတွေတော့ မေးစရာမလိုဘူး။

http://www.dhammadownload.com



နောင်တမလွန်ဘဝနဲ့ ပတ်သက်တာကို မေးမယ်လို့ အဲသလို စဉ်းစားပြီးတော့။

## ဗြဟ္မာပြည်ရောက်ရန်နည်းလမ်းမေး

**ပုစ္ဆာမိ ဗြဟ္မာနံ သနင်္ကုမာရံ၊ ကိံ ဒိ အကခ် ပရဝေဒိယေသု၊**

**ကတ္ထဋ္ဌိတော ကိမှိ သိက္ခမာနော၊ ပပ္ပေါတိ မစ္စော အမတံ ဗြဟ္မလောကံ။**

သနင်္ကုမာရ ဗြဟ္မာမင်းကြီးကို မေးပါရစေ အဘယ်တရားမှာ တည်ပြီးတော့ အဘယ်တရားကို ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့ရှိရင် အမတဗြဟ္မာလောက= မသေတဲ့ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပါသနည်း။ ဗြဟ္မာပြည်ကို အမတလို့ပဲ သုံးပါတယ်။ ဒါဘုရားမပွင့်မီကစကား။ ဘုရားအလောင်းတော် မဟာဂေါဝိန္ဒပုဏ္ဏားကြီးက သနင်္ကုမာရ ဗြဟ္မာမင်းကြီးကို မေးတဲ့အခါ အမတ မသေတဲ့ဗြဟ္မာ့ပြည်တဲ့။ ဗြဟ္မာပြည် ရောက်လို့ရှိရင်တော့ ထာဝရတည်နိုင်တယ်။ အသက်တွေကလဲ ရှည်တာကိုး။ သို့သော်လဲပဲ ဗြဟ္မာတွေမှာ အမှန်တကယ်အားဖြင့်တော့ အာယုပုညခယ နှစ်ဖြာ တစ်ဖြာဖြာကြောင့် ဗြဟ္မာတို့အား စုတိငြား၏။ ဗြဟ္မာမင်းကြီးတွေ အသက်တမ်းကုန်လို့ စုတေတာရှိတယ်။ ကုသိုလ်ကံ ကုန်လို့ စုတေတာ ရှိပါတယ်။ ဒီအကြောင်းနှစ်မျိုးကြောင့် ဗြဟ္မာတွေလဲပဲ စုတေကြတာပါပဲ။ သို့သော် ဘုရားလောင်းထင်နေတာက ဗြဟ္မာ့ပြည် ရောက်လို့ရှိရင်တော့ အမတမသေဘူး။ ဒီလို ထင်နေတာ။ အလားတူပဲ ဗကဗြဟ္မာကြီးတို့ဟာလဲပဲ ဒီလိုထင်တာပဲ။ ဗြဟ္မာတွေ ဗြဟ္မာဘုံရောက် ပြီဆိုရင် တစ်ချို့ ဗြဟ္မာကြီးတွေက မြဲပြီ။ ထာဝရပဲ ယူဆခဲ့ကြတယ်။ ရှေ့ကတည်းကပါ အခုမှမဟုတ်ဘူး။ အဲဒီတော့ နိဗ္ဗာန်ကို ဘယ်လို ရောက်တယ်။ ဒီလိုမေးတာ မဟုတ်ပါဘူး။ ဗြဟ္မာပြည်ကို ဘယ်လို ရောက်နိုင်သလဲ။ ဘယ်တရားကျင့်ရင် ရောက်နိုင်ပါသလဲ။ အဲသလို မေးတဲ့အခါ-

http://www.dhammadownload.com



**ဗြဟ္မာ့ပြည်ရောက်ရန်ဓမ္မ**

**ဟိတွာ မမတ္တံ မနုဇေသုဗြဟ္မေ**
**ဧကောဒိဘူတော ကရုဏောဓိမုတ္တော၊**
**နိရာမ ဂန္ဓော ဝိရတော မေထုနသ္မာ၊**
**ဧတ္ထဋ္ဌိတော ဧတ္ထစ သိက္ခမာနော**
**ပဗ္ဗေါတိ မစ္စော အမတံ ဗြဟ္မလောကံ။**

သနင်္ကုမာရ ဗြဟ္မာမင်းကြီးက ဘယ်လိုဖြေသလဲလို့ဆိုတော့ ဟိတွာမမတ္တံ= မိမိသက်ရှိသက်မဲ့ စည်းစိမ်ဥစ္စာ ဆွေမျိုးအပေါင်းအသင်းများကို ပယ်စွန့်ပါ။ ဧကောဒိဘူတော= သွားလဲတစ်ယောက်ထဲ၊ နေလဲတစ်ယောက်ထဲ၊ ထိုင်လဲတစ်ယောက်ထဲ၊ အဲသလိုနေပါ။ ပြီးတော့ ဆင်းရဲတဲ့သတ္တဝါတို့အပေါ်မှာ သနားခြင်းဆိုတဲ့ ကရုဏာစျာန်ရအောင် ကြိုးစားပါ။ ပြီးတော့ ညှီတဲ့၊ ပုပ်တဲ့အနံ့ကင်းပါစေ။ နောက်တစ်ခုကတော့ အိမ်ရာကိစ္စကင်းပါစေတဲ့။ အဲဒီတရားတွေမှာ တည်ရှိလို့ရှိရင်ဖြင့် အမတ ဗြဟ္မာဘုံကို ရောက်နိုင်ပါတယ်လို့ ဒီလို အကျဉ်းချုပ်ဖြေကြားတော့ ဘုရားအလောင်းတော်ကြီးက ဘာပြန်ပြီးတော့ မေးသလဲလို့ဆိုတော့ သက်ရှိသက်မဲ့တို့အပေါ်မှာ မြတ်နိုးခြင်းဆိုတာရယ်၊ မြတ်နိုးခြင်းကို ပယ်စွန့်ရမယ်ဆိုတာ နားလည်ပါတယ်။

စည်းစိမ်ဥစ္စာ ဆွေမျိုးတွေစွန့်လွှတ်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ သိပါတယ်တဲ့။ ဧကောဒိ ဘူတော ဆိုတဲ့စကား တစ်ယောက်တည်းထိုင်၊ တစ်ယောက်တည်းရပ်၊ တစ်ယောက်တည်းသွား၊ တစ်ယောက်တည်းနေဆိုတာ ဒါလဲသဘောပေါက်ပါတယ်။ ကရုဏော ဓိမုတ္တောခေါ်တဲ့ ကရုဏာစျာန်။ အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အထက် အောက်အရပ်၊ ဝန်းကျင်အရပ်တွေ အားလုံးမှာရှိကြတဲ့ သတ္တဝါတွေအပေါ် သနားခြင်း ကရုဏာထားပြီးတော့ ရန်ကင်းတဲ့ စိတ်ဓာတ်နဲ့ ကရုဏာစျာန် ပွားများပြီးတော့နေတယ်ဆိုတာလဲ နားရှင်းပါတယ်တဲ့။ အိမ်ရာကိစ္စ ရှောင်ကြဉ်ရမယ်ဆိုတာ နားထဲမှာ ရှင်းပါ

http://www.dhammadownload.com



တယ်တဲ့။ သို့သော်လည်း မရှင်းတာကတော့ နိရာမဂန္ဓ ခေါ်တဲ့ ညှီတဲ့ အနံ့ရှိတဲ့တရား, ပုပ်တဲ့အနံ့ရှိတဲ့ တရားတွေကို ပယ်စွန့်ရမယ်ဆိုတဲ့ စကားနဲ့ ပတ်သက်လို့ မရှင်းပါဘူးတဲ့။ အဲဒါကို ဆက်ပြီးတော့ ထပ်ပြီးတော့ မေးပါရစေ။

## ညှီပုပ်တဲ့တရားဆိုးတွေ

**ကော အာမဂန္ဓော မနုဇေသု ဗြူဟိ။**

အာမဂန္ဓ= ညှီတဲ့အနံ့ရှိတဲ့ တရားတွေဆိုတာ တရားဆိုး တရားပျက်တွေဟာ ဘာတွေပါလဲ။ အဲဒီတရားတွေနဲ့ ပိတ်ဆို့ထားမယ် ဆိုရင် သတ္တဝါများဟာ ပုပ်တဲ့အနံ့ရှိတာ။ အဲဒီတရားတွေက ဘာတွေ လဲတဲ့။ ဒီမေးခွန်းပြန်ပြီးတော့ မေးတာ။

အာပါယိကာ နိဝုတ ဗြဟ္မလောကာ= အဲဒီ ညှီတဲ့တရား, ပုပ်တဲ့တရားတွေရှိလို့ရှိရင် အပါယ်တံခါးကြီး ဟင်းလင်းပွင့်ပြီးတော့ ဗြဟ္မာ့ဘုံတံခါးပိတ်သွားတယ်ဆိုတာ ဘယ်တရားတွေလဲလို့ မေးလိုက်တဲ့ အခါ-

**ကောဓော မောသဝဇ္ဇံ နိကတိစ ဒုဗ္ဘော၊**
**ကဒရိယတာ အတိမာနော ဥသုယာ၊**
**ဣစ္ဆာ ဝိဝိစ္ဆာ ပရဟေဋ္ဌနာစ၊**
**လောဘောစ ဒေါသောစ မဒေါစ မောဟော၊**
**ဧတေသုယုတ္တာ အနိရာမဂန္ဓာ၊**
**အာပါယိကာ နိဝုတ ဗြဟ္မလောကာ။**

ညှီတဲ့အနံ့ရှိတဲ့ တရားဆိုးတွေဆိုတာ ဆယ့်လေးမျိုး၊ ပုပ်တဲ့ အနံ့ရှိတဲ့ တရားတွေဆိုတာ ဆယ့်လေးမျိုး၊ ကောဓော= အမျက် ထွက်ခြင်း၊ မောသဝဇ္ဇ= လိမ်ညာ၍ပြောဆိုခြင်း၊ နိကတိ= စဉ်းလဲခြင်း, ချိန်ခွင် စဉ်းလဲတို့, ငွေစဉ်းလဲတို့, အသပြာစဉ်းလဲတို့, တောင်းစဉ်းလဲတို့ အဲသလို စဉ်းလဲမှုမျိုးစုံနဲ့ စဉ်းလဲခြင်း။

http://www.dhammadownload.com



ဒုဋ္ဌော= မိတ်ဆွေကို ဖျက်ဆီးခြင်း၊ ကဒရိယတာ= အလွန် ဝန်တိုခြင်း၊ အတိမာနော= အလွန်မာန်မာနရှိခြင်း၊ ဥသုယာ= ငြူစူခြင်း၊ သူတစ်ပါးစည်းစိမ်ဥစ္စာ ပြည့်စုံတာ စသည်ကို ငြူစူခြင်း၊ ဣစ္ဆာ ဆိုတာကတော့ အာရုံငါးပါးကို ဝတ္ထုအာရုံတွေကို လိုလားခြင်း၊ ဝိဝိစ္ဆာတဲ့ ဒါက ဝန်တိုမှု၊ အသေးစားဝန်တိုမှု၊ ပရဟေဌနာစ= သူတစ်ပါးကို ညှင်းဆဲခြင်း၊ လောဘ ဣစ္ဆာနဲ့တော့ အလားတူပါပဲ။ ဒေါသ= စိတ်ဆိုး ခြင်း၊ မဒ= မန်ယစ်ခြင်း၊ မောဟ= တွေဝေခြင်း သစ္စာတရား အမှန်တရား မသိခြင်း၊ တူတာတွေ ပေါင်းလိုက်မယ်ဆိုရင် ဆယ့်နှစ်မျိုးလောက်ပဲ ရှိပါတယ်။ တစ်ခုစီ ခွဲပြီးတော့ သနင်္ကုမာရ ဗြဟ္မာမင်းကြီးက ဖြေကြား တော့ ဆယ့်လေးမျိုး၊ အဲဒီ ဆယ့်လေးမျိုးတို့မှာ တည်ပြီးတော့နေမယ် ဒီဆယ့်လေးမျိုး ရှိနေမယ်ဆိုရင် အပုပ်နံ့မကင်းဘူး၊ အညှီနံ့မကင်းဘူး။ အာပါယိကာ= အပါယ်တံခါး ဟင်းလင်းပွင့်ပြီးတော့ နေမယ်။ နိဝုတ= ဗြဟ္မလောကာ ဗြဟ္မာဘုံ ဗြဟ္မာနန်းမှာ ရောက်ဖို့ရာ မလွယ်တော့ဘူးတဲ့။ ဒါ မဟာဂေါဝိန္ဒပုဏ္ဏားကြီးအား အဖြေပေးတဲ့စကား။ အဲဒီတော့ ဒီစကားလေးတွေ ပြန်ပြီးတော့ကြည့်မယ် ဆိုရင် ဒီကောင်းကင်ဘုံခေါ်တဲ့ ဗြဟ္မာဘုံ ရှေးယခင်အခါက ဒီထာဝရ ဆိုပြီးတော့ စွဲမြဲခဲ့တဲ့အယူအဆဟာ ဗြဟ္မာကြီးတွေက စပြီးဖြစ်ပေါ်ခဲ့တာ။ ဗြဟ္မာကြီးတွေက ဘယ်လိုဖြစ် ပေါ်သလဲ။ ပထမရောက်နေနှင့်တဲ့ ဗြဟ္မာကြီးတစ်ဦး ရှိတယ်ဆိုပါစို့။ နောက်ထပ် နောက်ထပ် ရောက်လာ ရောက်လာကြတဲ့ ဗြဟ္မာလေးတွေ ဗြဟ္မာငယ်တွေ ရောက်ပြီးတော့ လာတော့ နောက်ထပ် ရောက်သစ်စ ဗြဟ္မာတွေက ဘယ်လိုနားလည် သလဲဆိုတော့ သူတို့ကို ဒီဗြဟ္မာကြီးက ခေါ်ယူတာပဲ။ ဒီဗြဟ္မာကြီး ကတော့ မြဲတယ်။ ဒို့တစ်တွေကတော့ မမြဲဘူး။ ဒီဗြဟ္မာကြီးကတော့ အားလုံးသော သတ္တဝါတို့ရဲ့ ဖခင်ကြီးပဲတဲ့။ ဒီလို အမြင်တစ်ခုမြင်ပြီတော့ လာခဲ့ကြတယ်။ အဲဒီတော့ ကာယကံရှင် ဗြဟ္မာကြီးကလဲပဲ ငါမြဲတယ်။ ဣဿရော ငါအစိုးရသူပဲ၊ ကတ္တာတဲ့ ငါက ဒီဗြဟ္မာတွေကို ဖန်ဆင်းလိုက်တာပဲတဲ့။ အဲသလို ဗြဟ္မာကြီးဟာ

http://www.dhammadownload.com



သူ့ကိုယ်သူမြဲတယ်။ ထာဝရလို့ အဲသလို မြင်ပြီးတော့ မြတ်စွာဘုရားနဲ့ တန်ခိုးပြိုင်ကြတဲ့အခါမှာ တန်ခိုး အမျိုးမျိုးပြိုင်ရာကနေ ဗကဗြဟ္မာကြီး အရှုံးပေးပြီးတော့ အဲဒီ ထာဝရလမ်းစဉ်ကို စွန့်လွှတ်ခဲ့တာ။ ဗြဟ္မာထဲမှာတော့ အကြီးအကဲပေါ့။ဘာကြောင့် ဗြဟ္မာထဲမှာ အကြီးအကဲဖြစ်သလဲ လို့ဆိုတော့ ဗြဟ္မာ ဖြစ်တယ်ဆိုတာကတော့ ဈာန်ကုသိုလ်တွေရမှ ဖြစ်တာကိုး။ ဗြဟ္မလောက ဗြဟ္မာဘုံ အမတ မသေဘူးတဲ့။ ဟိုတုန်းက အယူအဆ။ အဲဒီ ဗြဟ္မာဘုံ ရောက်ဖို့ရာအရေးပဲ စွန့်လွှတ်နိုင်မှတဲ့။ **"ဟိတွာ မမတ္တံ မနုဇေသု ဗြဟ္မေ"**- သက်ရှိသက်မဲ့တွေကို စွန့်ရမှာတဲ့။ ပြီးတော့ တစ်ယောက်ထဲ ထိုင်ခြင်း၊ တစ်ယောက်ထဲသွားခြင်း၊ တစ်ယောက်ထဲနေခြင်းဆိုတဲ့ ဧကောဒိဘူတောဆိုတဲ့ အချက်အလက်နဲ့လဲ ပြည့်စုံရမယ်။ ကရုဏောဓိ မုတ္တောခေါ်တဲ့ ကရုဏာအဦးထားပြီးတော့ ဗြဟ္မာဝိဟာရတရား လေးပါးပါပဲ။ ဗြဟ္မာ့ဝိဟာရတရား လေးပါးနဲ့လဲပဲ အဲဒီလေးပါးဟာလဲ သာမန်မဟုတ်ပဲနဲ့။ ဈာန်ဖြစ်လောက်အောင် ဈာန်အမည်ရလောက် အောင် ဒီဗြဟ္မဝိဟာရတရားတွေ အားထုတ်ရမှာ။ ပြီးတော့ စောစောက ပြောတဲ့ ညှီတဲ့အနံ့ရှိတဲ့တရား၊ ပုပ်တဲ့အနံ့ရှိတဲ့တရား ဒီတရားဆိုး တရားပျက်တွေလဲ ပယ်ရမယ်။ အိမ်ရာကိစ္စလဲ ရှောင်ရမှာတဲ့။

ဒီအချက်အလက်တွေရှိမှ အပါယ်တံခါးပိတ်ပြီးတော့ ဗြဟ္မာ့ပြည် ရောက်နိုင်ပါတယ်တဲ့။ ကောင်းကင်ဘုံရောက်နိုင်တယ်ပေါ့။ ဒီနေရာမှာ ဘာကိုသတိပြုကြရမလဲလို့ဆိုတော့ အဲဒီ သနင်္ကုမာရ ဗြဟ္မာမင်းကြီးဟာ ဘုရားအလောင်းတော် ပါရမီဖြည့်စဉ် မဟာဂေါဝိန္ဒပုဏ္ဏား ဖြစ်စဉ်ကလဲ အဲဒီ သနင်္ကုမာရဗြဟ္မာမင်းကြီးရှိ နောက်အခြားအခြား နေရာတွေမှာ အခုလို ဘုရားဖြစ်တဲ့ အခါမျိုးမှာ ဒီမဟာဂေါဝိန္ဒပုဏ္ဏားအကြောင်းကို ပြောပြန်တော့လဲ ဒီသနင်္ကုမာရဗြဟ္မာမင်းကြီးက ရှိ။ အသက်လဲ ရှည်တယ်။ တရားသဘောတွေနဲ့ ပတ်သက်လို့လဲ နှံ့စပ်သိမြင်တဲ့ သဘောရှိတယ်။ အဲဒီတော့ သနင်္ကုမာရဗြဟ္မာမင်းကြီးက ကောင်းကင်ဘုံနန်း ရောက်ဖို့ရာ လမ်းစဉ်ပေးတာ။ သူကနေပြီးတော့ "မဟာဂေါဝိန္ဒ

http://www.dhammadownload.com



ပုဏ္ဏားမင်း- အသာတာနေတော့။ ငါခေါ်လိုက်မယ် ဆိုပြီးတော့ ဒီလိုပြောလို့လဲရကြစတမ်း မဟုတ်ဘူး။ အဲဒီနည်းမျိုးကိုလဲ သူမကျင့်သုံးဘူး။ လမ်းစဉ်ကိုသာ ပြောတယ်။ ပြဟ္မာပြည် ရောက်ချင်လို့ရှိရင် သက်ရှိသက်မဲ့ စွန့်ပါ။ တစ်ယောက်တည်း နေပါ ထိုင်ပါ။ ကရုဏာစျာန်ပွားများပါ။ ကရုဏာနဲ့ မုဒိတာကတော့ ဆန့်ကျင်ဘက်ပဲ။ ကရုဏာက ဒုက္ခိတ သတ္တဝါတွေ အခြေခံပြီးမှ ကရုဏာဓာတ်က ဖြစ်တယ်။ မုဒိတာကတော့ သုခိတသတ္တဝါတွေ အခြေခံပြီးမှ ဖြစ်ပါတယ်။ အရာခပ်သိမ်းပွားများရမှာကတော့ မေတ္တာပါပဲ။ ဥပေက္ခာကျတော့ မလွယ်ဘူး။ ဥပေက္ခာကျတော့ တစ်ခါတစ်ရံ အရပ်သုံးစကားအနေနဲ့ ဥပေက္ခာရှုလိုက်ပြီ ဆိုတာမျိုးဟာ။ စကားအဖြစ်နဲ့တာ ဥပေက္ခာရှုလိုက်ပြီဆိုတာဖြစ်ပါတယ်။ ပြဟ္မဝိဟာရ မဖြစ်ပါဘူး။

အဲဒီတော့ အဲသလို အချက်အလက်တွေကို ကျင့်နိုင်မှ အမတခေါ်တဲ့ ပြဟ္မာဘုံရောက်နိုင်ပါတယ်။ ပြဟ္မာကြီးတွေက ဆွဲတင်လို့ ပြဟ္မာဘုံမရောက်နိုင်ပါဘူး။ တန်ခိုးရှိတဲ့ ပြဟ္မာကြီးတွေက ဆွဲတင်လို့ ပြဟ္မာဘုံမရောက်နိုင်ပါဘူးဆိုတာလေးကို သဘောပေါက်ပြီး ထားကြရမှာပါပဲ။ တကယ့်ပြဟ္မာကြီးတွေက ဖန်ဆင်းရှင်ဝါဒ မကျင့်သုံးခဲ့ကြပါဘူး။ ပြဟ္မာမင်းကြီးကိုယ်တိုင် အခုနည်းလမ်းပေးနေတာကို ပြဟ္မာဘုံရောက်ဖို့ တစ်နည်းအားဖြင့် ကောင်းကင်ဘုံရောက်ဖို့ အဲဒီတော့ အဲဒီကောင်းကင်ဘုံမှာကိုက တန်ခိုးကြီးတဲ့ ပြဟ္မာကြီးတွေနဲ့, တန်ခိုးငယ်တဲ့ ပြဟ္မာကြီးတွေ ဒီလို ကွာခြားကြတာ။ တန်ခိုးငယ်တဲ့ ပြဟ္မာလေးတွေကလဲပဲ တန်ခိုးကြီးတဲ့ ပြဟ္မာကြီးတွေ မြဲတယ်။ သူတို့ဟာ ထာဝရပဲလို့ ယူဆပြီးလာတတ်ပါတယ်။ ဗကပြဟ္မာ ကြီးဟာလဲပဲ ထာဝရလို့ သူ့ကိုယ်သူ ယူဆပြီးတော့ ထားပါတယ်။ အဲဒီ ဗကပြဟ္မာကြီးရဲ့ အယူဝါဒကနေ ပွားပြီးတော့ ထာဝရဆိုတဲ့ စကားလေး ဟာ ကျယ်ပြန့်ပြီးတော့ ယခုခေတ်ထိအောင် ခေတ်စားပြီးတော့ နေပါတယ်။ သို့သော်လဲပဲ ပင်ရင်းဖြစ်တဲ့ ထာဝရ အယူဝါဒရှင်ဖြစ်တဲ့ ဗကပြဟ္မာကြီးက ဒီအယူဝါဒ စွန့်သွားပါပြီ။

http://www.dhammadownload.com



ဘာကြောင့်စွန့်သလဲလို့ ဆိုတော့ မြတ်စွာဘုရားနဲ့ ပြဟ္မာကြီးတွေလဲ မမြဲဘူး။ ဘုရားရှင်များလဲ မမြဲဘူး။ ကောင်းကင်မှာနေနေ, ပင်လယ်သမုဒ္ဒရာထဲမှာနေနေ, တောင်ခေါင်းတွေမှာနေနေ ဘယ်ပုဂ္ဂိုလ်မှ မမြဲဘူး။ ဒီသေခြင်းသဘောတရားကို ပြေးလို့မရဘူး။ ပုန်းလို့မရဘူးလို့ဆိုတဲ့ သဘောကို သဘောပေါက်နားလည်နေတော့ ဗကပြဟ္မာကြီးဟာ မိမိရဲ့ ထာဝရအယူဝါဒကို ဘုရားရှင်ထံမှာပဲ စွန့်လွှတ်လိုက်ပါပြီတဲ့။

အဲဒီတော့ ပင်ရင်းထာဝရ အယူဝါဒရှင်ဖြစ်တဲ့ ဗကပြဟ္မာကြီးဟာ သူ့အယူဝါဒစွန့်ပြီးသော်လဲပဲ အစွန်အဖျားဖြစ်တဲ့ နောက်လိုက်ခေါင်းရွက်ဗျပ်ထိုးပုဂ္ဂိုလ်များက အဲဒီထာဝရအယူဝါဒ ယူဆဆဲပါပဲ။ ကောင်းကင်ဘုံဆိုတာ မရှိဘူး မဟုတ်ဘူး။ ရှိပါတယ်။ သို့သော် ကောင်းကင်ဘုံရောက်ချင်ရင် ကောင်းကင်ဘုံရောက်ဖို့ရာ နည်းလမ်းစည်းကမ်းတွေ ကျင့်ကြံကြိုးကုတ် အားထုတ်မှရတယ်။ သနင်္ကုမာရပြဟ္မာမင်းကြီးရဲ့ အဖြေစကားက ထင်ရှားပါတယ်။ ဒါကြောင့် မဟာဂေါဝိန္ဒပုဏ္ဏားကြီးဟာ သနင်္ကုမာရပြဟ္မာမင်းကြီးထံကနေပြီးတော့ ညှီတဲ့အနံ့ရှိတဲ့ တရားဆယ့်လေးမျိုး, ပုပ်တဲ့အနံ့ရှိတဲ့ တရားဆယ့်လေးမျိုး။ ဒီတရားဆယ့်လေးမျိုးနဲ့ ပိတ်ဆို့ပြီးတော့ထားတဲ့ ပုဂ္ဂိုလ်များဟာ အပါယ်တံခါးဟင်းလင်းပွင့်ပြီးတော့ ကောင်းကင်ဘုံနန်း ပြဟ္မာဘုံ ပြဟ္မာနန်းသို့ မရောက်နိုင်ဘူး။ အဲသလို နာကြားလိုက်ရရောတဲ့။ အိမ်ရာတည်ထောင်လူ့ဘောင်မှာနေပြီးတော့ ဒီတရားဆယ့်လေးမျိုးကို ပယ်စွန့်ဖို့ဆိုတာ မလွယ်ဘူးလို့ ဘုရားအလောင်းတော် စဉ်းစားတယ်။ ဒီတရားတွေကို ပယ်စွန့်ဖို့ရာအတွက် အိမ်ရာတည်ထောင် လူ့ဘောင်ကထွက်မှ ဖြစ်မယ်လို့ ပြောကြားလိုက်တဲ့အခါ သနင်္ကုမာရပြဟ္မာမင်းကြီးက ကိုယ့်အချိန်အခါကို ကိုယ်တိုင်သိပေတော့။ ရဟန်းပြုရမဲ့အချိန် မိမိကိုယ်တိုင်ပဲ သိပေတော့လို့ ပြဟ္မာမင်းကြီးက ပြန်ပြောတယ်။

သနင်္ကုမာရ ပြဟ္မာမင်းကြီးက မဟာဂေါဝိန္ဒပုဏ္ဏားအား ဟောတဲ့ ပြဟ္မာဘုံရောက်ချင်တဲ့ပုဂ္ဂိုလ်တွေ ရောက်လိုတဲ့ပုဂ္ဂိုလ်တွေ ဘယ်လို

http://www.dhammadownload.com



နေရမယ်။ ဘယ်လိုထိုင်ရမယ်။ အလောင်းတော်ဘဝတုန်းကတော့ အဲဒီဗြဟ္မာဘုံကိုပဲ အမတဗြဟ္မလောက မသေတဲ့ ဗြဟ္မာဘုံလို့ သဘောကျ လက်ခံထားခဲ့ပါတယ်။ အဲဒီမေးခွန်း အမတဗြဟ္မလောက မသေတဲ့ ဗြဟ္မာဘုံကို ဘယ်လိုရောက်နိုင်သလဲ။ အဲဒီမှာ သနကုံမာရဗြဟ္မာ မင်းကြီးက နောက်နားမှာ အပြီးသတ်တာကတော့ ဒီတရားဆယ့်လေးမျိုး ရှိနေခဲ့လို့ရှိရင် အပါယ်တံခါး ဟင်းလင်းပွင့်ပြီးတော့ ဗြဟ္မာ့ဘုံ, ဗြဟ္မာ တံခါးကတော့ ပိတ်ရက်သားဖြစ်တယ်လို့ ဒီလိုပြောပါတယ်။ ဒီအမတ ဗြဟ္မလောကဆိုတဲ့ အသုံးကတော့ ဘုရားမပွင့်မီကပင် ရှိနေတဲ့ အသုံး အနှုံးတစ်ခု ဖြစ်တယ်။ သို့သော်လဲ တကယ်တန်း ဗြဟ္မလောကဟာ အမတလောကတော့ မဟုတ်ဘူး။ အဲသလိုလေး သဏှကုံမာရဗြဟ္မာ မင်းကြီးဆီက နည်းလမ်းစည်းကမ်းရပြီးတဲ့ အခါကျတော့ အလောင်း တော်ကြီးဟာ ရဟန်းပြုဖို့ရာ စဉ်းစားပါတယ်။ ရဟန်းပြုဖို့စဉ်းစားတဲ့အခါ ခုနစ်ပြည်ထောင်မင်းတွေ ပန်ကြားပုံ၊ နောက် ခုနစ်ပြည်ထောင်မင်းတွေ နှင့်တကွ ဗေဒင်မန္တရားတွေ သင်ပြီးတော့နေကြတဲ့ တပည့်တပန်းတွေ ပန်ကြားပုံ၊ အရွယ်တူ သားမယားများကို ပန်ကြားပုံ၊ ရဟန်းပြုပုံ၊ နောက် အဲဒီ ခုနစ်ပြည်ထောင်သောမင်းတွေကနေ တားကြဆီးကြပုံနှင့်တကွ အချက် အလက်တွေကိုတော့ နောက်နေ့ကျမှ ဆက်ပြီးတော့ ဟောကြရအောင်။ ဒီနေ့ ဒီလောက်နဲ့ပဲ ဒီနားမှာ တရားနိဂုံးချုပ်ကြစို့။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပန်ကြားခန်း

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလပြည့်ကျော် (၂)ရက်နေ့၊ မနေ့ညက ဟောခဲ့တဲ့ စကားအစဉ်အတိုင်း ဆက်ပြီးတော့ ဟောကြရမှာ။ သနင်္ကုမာရ ဗြဟ္မာမင်းကြီးက အာမဂန္ဓခေါ်တဲ့ ညှီတဲ့အနံ့ရှိတဲ့ တရားဆယ့်လေးမျိုး၊ တစ်နည်းအားဖြင့် ပုပ်ဆွေးတဲ့အနံ့ရှိတဲ့ တရားဆယ့်လေးမျိုး၊ အဲဒီ တရားဆယ့်လေးမျိုးတို့ဟာ အပါယ်တံခါးကို ဟင်းလင်းပွင့်စေပြီးတော့ ဗြဟ္မာဘုံ ဗြဟ္မာစခန်း ဗြဟ္မာနန်း ပိတ်ပင်တတ်တဲ့ တရားတွေ။ အဲသလိုပဲ သနင်္ကုမာရဗြဟ္မမင်းကြီးက ဟောလိုက်ပြောလိုက်တဲ့အခါမှာ မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးက အိမ်ရာတည်ထောင် လူ့ဘောင်မှာနေပြီးတော့ နေမယ်ဆိုရင် ဒီတရားဆယ့်လေးမျိုးကို ပယ်စွန့်နိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ ဒီတရားတွေ ပယ်စွန့်နိုင်ဖို့ရာ အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွာပြီးတော့ ရဟန်းပြုမယ်။ ရဟန်းပြုမယ်ဆိုပြန်တော့လဲ ရေဏုမင်းနှင့်တကွ ခုနစ်ပြည်ထောင်သောမင်းတွေ ပန်ကြားဖို့လိုလာတာ။ ခုနစ်ပြည်ထောင်သောမင်းတွေ ခုနစ်ပြည်ထောင်သော တိုင်းပြည်ရဲ့ တိုင်းရေးပြည်ရာတွေကို စီမံပြီးတော့ ဆောင်ရွက်ပြီးတော့နေတော့ ပုရောဟိတ်ကြီး ဖြစ်ပြီးတော့နေတော့ ရေဏုမင်းစီ ပထမဆုံး အခြားတိုင်းရေးပြည်ရာ စီမံမဲ့ပုရောဟိတ်ပညာရှိ တစ်ဦးတစ်ယောက်ကို စီမံပါလော့၊ ခန့်ထားပါလော့။ သူတော့ ရဟန်းပြုဖို့ ခွင့်တောင်းပါတယ်ဆိုတော့ ရေဏုမင်းက ဘယ်လိုလဲ **"သစေတေ ဦနံ ကာမေဟိ"** သင့်မှာ အတွင်းအပ အသုံးအဆောင် ဝတ္ထုအာရုံ ကာမဂုဏ်တွေနဲ့ ယုတ်လျော့ပါသလား။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က သင့်ကိုညှင်းဆဲပါသလား။ အဲသလို မေးမြန်းတယ်။

**"တုံပိတာ အဟံ ပုတ္တော မာနောဂေါဝိန္ဒ ပါဇဟိ"**။

ဖခင်အရာမှာ သင်ပုရောဟိတ်ကြီးက တည်ပါတယ်။ ကျွန်တော်မျိုးတို့က သားအရာပါပဲတဲ့။ ကျွန်တော်မျိုးတို့ကို မစွန့်ခွာပါနဲ့လို့။ အဲသလို

http://www.dhammadownload.com



ပြောတဲ့အခါကျတော့-

**"နမတ္ထိ ဦနံ ကာမေဟိ၊ ဟီသိတာမေ နဝိဇ္ဇတိ။**

**အမနုဿဝစော သုတွာ၊ တသ္မာဟံ နဂဟေ ရမေ။ ။**

ဝတ္ထု အာရုံ ကာမဂုဏ်တို့နဲ့လဲ ယုတ်လျော့မှုမရှိပါ။ အကျွန်ုပ်ကို ညှင်းဆဲတဲ့ပုဂ္ဂိုလ်လဲမရှိပါဘူးတဲ့။ သနက်ုမာရဗြဟ္မာမင်းကြီးရဲ့စကားကို ကြားပြီးတော့ အိမ်မှာနေရတာ မပျော်တော့ပါဘူး။ အဲသလိုဆိုတော့ ရေဏုမင်းကလဲပဲ ခွင့်ပြုလိုက်တယ်ဆိုပါစို့။ အဲဒီ သနက်ုမာရဗြဟ္မာ မင်းကြီးဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။ ဘယ်လိုပြောသွားသလဲ အစရှိသည် ဖြင့် မေးပြီးတော့ ခွင့်ပြုလိုက်တယ်။ ရေဏုမင်းက ခွင့်ပြုပြန်တော့ လှည်းအုတ်ဆုံပမာ ဒီခုနစ်ပြည်ထောင်သောမင်းတွေ ရေဏုမင်းနှင့်တကွ ရေဏုမင်းရဲ့အပေါင်းအသင်း ရောင်းရင်းဖြစ်ကြတဲ့ မင်းခြောက်ပါး၊ အဲဒီမင်းခြောက်ပါးစီသွား သွားပြီးတော့ အခြားပုရောဟိတ် တိုင်းရေး ပြည်ရာ စီမံတတ်တဲ့ ပုဂ္ဂိုလ်ကိုစီမံကြပါ။ စီစဉ်ကြပါ။ ကျွန်တော်မျိုး တို့ကတော့ ရဟန်းပြုလိုပါတယ်လို့။ အဲသလို ပန်ကြားလိုက်တဲ့ အခါကျ တော့ ဟိုခြောက်ပြည်ထောင်မှာရှိကြတဲ့ မင်းများက မဟာဂေါဝိန္ဒပုဏ္ဏား ကြီးကို အထင်သေးတဲ့ အကြံအစည်များ အထင်သေးတဲ့ စည်းရုံးမှုတွေနဲ့ စည်းရုံးကြ၊ ပုဏ္ဏားတွေဆိုတာ ဓနလောဘဥစ္စာကို လိုချင်တတ်တဲ့ သဘောရှိတယ်။

ဒါကြောင့် တိုင်းပြည်မှာရှိသမျှ အသုံးအဆောင်အားလုံးလိုသမျှ သုံးပါလို့ ဆိုပြီးတော့ ဥစ္စာနဲ့ဖျားယောင်းကြ၊ ဒါလဲပဲ မလိုချင်ဘူး။ နောက် အမျိုးသမီးများနဲ့ ဖျားယောင်းမှ တော်မှာပဲလို့ဆိုပြီးတော့ အမျိုးသမီးများနဲ့ ဖျားယောင်းကျပြန်တော့လဲပဲ မဟာဂေါဝိန္ဒပုဏ္ဏားက သူ့အရွယ်တူ သက်တူ အမျိုးသမီးလေးဆယ် သူတို့ကိုလဲစွန့်မှာပါလို့ ပြန်ပြီးတော့ ပြောတယ်။ အဲသလို ပြန်ပြီးတော့ပြောလိုက်တဲ့ အခါကျတော့ ကဲ- အဲသလိုဆိုလို့ရှိရင်လဲ ရဟန်းပြုပါတော့။ ပြုလိုက ပြုပါတော့ ကျွန်တော် မျိုးတို့လဲပဲ မဟာဂေါဝိန္ဒပုဏ္ဏားကြီး အတူလိုက်ပြီးတော့ ရဟန်းပြု

http://www.dhammadownload.com



ပါမယ်လို့ ဆိုတဲ့အခါကျတော့ မဟာဂေါဝိန္ဒပုဏ္ဏားက အားပေးစကား ပြောကြားတယ်။

**သစေဇဟာထ ကာမာနိ၊ ယတ္ထ သတ္တော ပုထုဇ္ဇနော။**
**အာရဗ္ဘ ဝေ့ါ ဒဠှာဟောထ၊ ခန္တီ ဗလ သမာဟိတာ။**

ယတ္ထ= အကြင်ဝတ္ထု အာရုံကာမဂုဏ်တို့၌၊ ပုထုဇ္ဇနော= ပုထုဇဉ် ပုဂ္ဂိုလ်သည်၊ သတ္တော= ကပ်ငြိတတ်ပါ၏။ တာနိကာမာနိ= ထိုပုထုဇဉ်တို့ ကပ်ငြိတတ်တဲ့ ဝတ္ထုအာရုံကာမဂုဏ်တို့ကို၊ သစေဇဟာထ= အကယ်၍များ စွန့်လွှတ်နိုင်ကြပါကုန်အံ့။ ခန္တီ ဗလသမာဟိတာ= သည်းခံနိုင်ခြင်းဆိုတဲ့ အင်အားနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊ ဒဠှာ= မြဲမြံကြကုန်သည်၊ ဟောထ= ဖြစ်ကြပါကုန်လော့။ အာရဗ္ဘ ဝေါ= အားထုတ်ကြိုးစားကြပါကုန် လော့လို့ ခြောက်ပြည်ထောင်သောမင်းတွေ ပုထုဇဉ်များ ကပ်ငြိတွယ် တာပြီး နေတတ်တဲ့ ဝတ္ထုအာရုံကာမဂုဏ်တို့ကို အကယ်၍များ ပယ်စွန့် မယ်ဆိုရင် ခန္တီအင်အားနဲ့ ပြည့်ပြည့်စုံစုံ မြဲမြဲမြန်မြန် ကြိုးစားကြ ကုန်ပါလော့လို့ အဲသလို ပဌမစကားနဲ့ တိုက်တွန်းပြီးတော့-

## လမ်းဖြောင့်

**ဧသမဂ္ဂေါ ဥဇုမဂ္ဂေါ ဧသမဂ္ဂေါအနုတ္တရော။**
**သဒ္ဓမ္မော သဗ္ဘိရက္ခိတော ဗြဟ္မလောကူပ ပတ္တိယာ။**

ဗြဟ္မလောကူပတ္တိမာ= ဗြဟ္မာ့ဘုံသို့ရောက်ဖို့ရန်၊ ဧသမဂ္ဂေါ= ဤသမာပတ် ဗြဟ္မဝိဟာရ တရားလမ်းစဉ်သည်၊ ဥဇုမဂ္ဂေါ= ဖြောင့်သော လမ်းခရီးပါပေတည်း။ ဗြဟ္မာ့ဘုံသို့အရောက်ပို့ဖို့ရာနဲ့ ပတ်သက်ပြီးတော့ ဒီဗြဟ္မဝိဟာရတရားလေးပါး အဓိကအားဖြင့် ကရုဏာစျာန်ဝင်စားပြီး တော့ နေတဲ့ဒီလမ်းကြောဟာ ဖြောင့်တဲ့လမ်းကြောကြီးပဲ။ ဖြောင့်တဲ့ လမ်းပဲ။ ဧသမဂ္ဂေါ အနုတ္တရော- ဧသ ဧသော= ဤကရုဏာစျာန်တည်း ဟူသော ဗြဟ္မာ ဝိဟာရလမ်းစဉ်သည်၊ အနုတ္တရော= အတုမရှိမြတ်သော၊ မဂ္ဂေါ= လမ်းစဉ်ကြီးပါပေတည်း။ သဒ္ဓမ္မော= သူတော်ကောင်းတရားတည်း

http://www.dhammadownload.com



ဟူသော ဗြဟ္မဝိဟာရတရားကို၊ သတ္တိ= သူတော်ကောင်းတို့သည်၊ ရက္ခိတော= ကောင်းစွာမသေွ စောင့်ရှောက်အပ်ပါပေ၏။

ဗြဟ္မာ့ဘုံရောက်ဖို့ရာနဲ့ ပတ်သက်လို့ ဤဗြဟ္မဝိဟာရတရား လေးပါး တစ်နည်းအားဖြင့် ကရုဏာစျာန်တဲ့ ဒီတရားဟာ ဖြောင့်မတ်တဲ့ လမ်း, အတုမရှိတဲ့လမ်း ဒီလမ်းစဉ်ကို သူတော်ကောင်းတွေ စောင့်ထိန်း အပ်ပါတယ်လို့ အားပေးစကား အဲသလို ပြောကြားလိုက်တဲ့အခါ ခြောက်ပြည်ထောင်စုအုပ်စိုးပြီးတော့ သမ္မုတိနတ် ဖြစ်ကြတဲ့ မင်းများက အဲသလိုဆိုရင်တဲ့ မဟာဂေါဝိန္ဒပုဏ္ဏားကြီး ခုနစ်နှစ်တော့စောင့်ပါ။ သူတို့လဲ ရဟန်းပြုပါမယ်တဲ့။ အဲဒီတော့ မဟာဂေါဝိန္ဒပုဏ္ဏားကြီးက ဘာပြန်ပြောသလဲလို့ဆိုတော့-

ကော ပန ဇာနာတိ ဇီဝိတံ= အသက်ကို ဘယ်တော့သေမယ် ဆိုတာ ဘယ်သူပြောနိုင်မလဲတဲ့။ ဂမနီယော သမ္ပရာ ယော= နောင် တမလွန်ဘဝ မုချရောက်ကြရမှာပဲတဲ့။ အဲဒီနှစ်မျိုးကိုပဲ မန္တာယ ဗောဒ္ဓဗ္ဗံ= ပညာနဲ့သိဖို့ လိုပါတယ်တဲ့။ ကတ္တဗ္ဗံ ကုသလံ. ကုသလံ= ကုသိုလ်ကို၊ ကတ္တဗ္ဗံ= ပြုသင့်ပါ၏။ ဗြဟ္မစရိယံ= မြတ်သောအကျင့်ကို၊ စရိတဗ္ဗံ= ကျင့်သင့်ပါ၏။ **"နတ္ထိဇာတဿ အမရဏံ"**။ ဇာတဿ= ဖြစ်ပွားလာသော ပုဂ္ဂိုလ်အား၊ အမရဏံ= မသေရခြင်းမည်သည်၊ နတ္ထိ= မရှိရိုးဧကန် အမှန်ဖြစ်ပါပေ၏။ ခြောက်ပြည်ထောင်သောမင်းတွေက ခုနစ်နှစ် လောက် စောင့်ပါတဲ့။ သူတို့လဲလိုက်ပြီး ရဟန်းပြုပါ့မယ်။ အဲဒီတော့ မဟာဂေါဝိန္ဒပုဏ္ဏားက လူတို့ရဲ့အသက်ကို ဘယ်လောက်ရှည်မယ်လို့ ဘယ်သူပြောနိုင်မလဲတဲ့။ တမလွန်လောကရောက်ကြရမှာ။ ဒီအချက်ကို ဉာဏ်ပညာနဲ့သိသင့်ပါတယ်။ အဲသလို ဉာဏ်ပညာနဲ့ သိပြီးတော့မှ ကုသိုလ်ပြုသင့်တယ်။ မြတ်တဲ့အကျင့် ကရုဏာစျာန် အစထားပြီးတော့ ဗြဟ္မဝိဟာရအကျင့်။ ဒီအကျင့်များကို ကျင့်သင့်ပါတယ်လို့ပြောတော့ ဒီလိုဆိုရင် မဟာဂေါဝိန္ဒပုဏ္ဏားကြီး ခြောက်နှစ်စောင့်ပါ။ ခြောက်နှစ်လဲ ကြာလွန်းတယ်။ ဒီလိုဆိုရင် ငါးနှစ်စောင့်ပါ။ လေးနှစ်စောင့်ပါ။ သုံးနှစ်,

http://www.dhammadownload.com



နှစ်နှစ်, တစ်နှစ်၊ ခြောက်လ, အဲဒီက နေပြီးတော့ တစ်လကြာသေးတယ်တဲ့။ လတစ်ဝက်, ဆယ့်ငါးရက် ဆယ့်ငါးရက်လဲပဲ။ အတိစီရံဘောတဲ့ သိပ်ကြာတာပဲတဲ့။ လူတို့ရဲ့အသက်ကို ဘယ်သူသိနိုင်မလဲတဲ့။ တမလွန်ဘဝလဲရောက်ရမှာ အသေအချာ။ ဒါကို ပညာဉာဏ်နဲ့သိသင့်တယ်။ ကုသိုလ်ပြုသင့်တယ်။ မွန်မြတ်တဲ့ ကရုဏာစျာန်အစထား ဗြဟ္မဝိဟာရတရားများ ကျင့်သင့်တယ်။ အဲသလိုနဲ့ ဆယ့်ငါးရက်ကြာလွန်းတယ်ဆိုတော့ ဒီလိုဆိုရင် မဟာဂေါဝိန္ဒပုဏ္ဏားကြီး ခုနစ်ရက်တော့ စောင့်ပါ။

အေး- ခုနစ်ရက်တော့ စောင့်နိုင်မယ်။ ခုနစ်ရက်တော့ သဘောတူကြရ။ ခုနစ်ရက်သဘောတူပြီးတော့ ခုနစ်ရက်စောင့်တယ် ရေဏုမင်းနှင့်တကွ ခုနစ်ပြည်ထောင်သောမင်းတွေ ပန်ကြားလို့ခွင့်ပြုချက်ရပြီးတဲ့နောက် နောက်လိုက်ပုရောဟိတ်ကြီး ခုနစ်ဦးရှိသေးတယ်။ ပြီးတော့ ဗေဒင်မန္တရားတွေ သင်ပြီးတော့နေတဲ့ ငါးရာမျှလောက်ပုဏ္ဏားတွေကလဲရှိ။ သူတို့လဲသွားပြီးတော့ ပန်ကြားဦးမှပဲလို့ ဆိုပြီးတော့ ပန်ကြားတဲ့အခါ သူတို့က ဘာပြောသလဲ ရဟန်းမပြုပါနဲ့တဲ့။

**ပဗ္ဗဇ္ဇာနာမ အပ္ပေသက္ခာစ အပ္ပလာဘာစ။**

ရဟန်းအဖြစ်ဆိုတာ အပ္ပေသက္ခ= အခြံအရံလဲနည်းတယ်တဲ့။ အပ္ပလာဘာ= လာဘ်လာဘလဲ မရှိပါဘူးတဲ့။ နည်းပါတယ်တဲ့။ ဒါကြောင့်မို့လို့ တားပြီးတော့ သူတို့ကိုရဟန်းပြုဖို့ရာ လိုက်နိုင်, မလိုက်နိုင် ပြောတဲ့အခါကျတော့ ဒီပုရောဟိတ်တွေရော ဗေဒင်ပညာသင်ကြားပြီးနေတဲ့ ပုဏ္ဏားတွေရော ရဟန်းပြုပါမယ်ဆိုပြီးတော့ နောက်ကလိုက်ပြီးတော့ ရဟန်းပြုပ့ါမယ်။ မဟာဂေါဝိန္ဒ ပုဏ္ဏားကြီး ရဟန်းပြုတာလဲ ခွင့်ပြုကြ၊ နောက်ကလိုက်ပြီးတော့ ဒီလိုရဟန်းပြုပ့ါမယ်လို့ ဝန်ခံကတိပြုကြ။ ဒါနဲ့ ပန်ကြားရမဲ့လူတွေက မကုန်သေးဘူး။ အမျိုးသမီးလေးဆယ်စီသွားပြီးတော့ ပြောတယ်။ ဘယ့်နှယ့်ပြောသလဲလို့ဆိုတော့ ရဟန်းပြုတော့မလို့ပဲတဲ့။ ဒို့ရဟန်းပြုမလို့။ အာမဂန္ဓ= ခေါ်တဲ့ စိမ်းညှီတဲ့အနံ့ရှိတဲ့ တရားဆိုး တရားပျက်တွေ ပုပ်ဆွေးတဲ့သဘောရှိတဲ့ တရားဆိုး

17(A)

http://www.dhammadownload.com



တရားပျက်တွေကို လူ့ဘဝမှာနေလို့ မပယ်နိုင်ပါဘူး။ ဒါကြောင့် ရဟန်းပြုလိုပါတယ်။ မိမိတို့ သဘောကြသလို စီမံကြ, နေကြ, ထိုင်ကြဖို့ ပြောတဲ့အခါ အမျိုးသမီးတွေက ဆွေမျိုးကိုအလိုရှိကြတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးက ဆွေမျိုးပါပဲတဲ့။ အိမ်ရှင်ကောင်းတစ်ယောက်ကို လိုလားတဲ့ ပုဂ္ဂိုလ်တွေဆိုရင်လဲပဲ အိမ်ရှင်ကောင်းတစ်ယောက်ပါပဲ။ သူတို့လဲပဲ လောကီအိမ်ရာကိစ္စ အသစ်တစ်ဖန် မစီမံချင်ကြတော့ပါဘူးတဲ့။ မဟာဂေါဝိန္ဒပုဏ္ဏားကြီး ရဟန်းပြုမယ်ဆိုရင် သူတို့လဲ ရဟန်းပြုပြီးတော့ လိုက်ပါမယ်ဆိုပြီးတော့ သဘောတူကြ။ သူတို့လဲ ရဟန်းပြုကြမယ်လို့ သဘောတူညီပြီးတော့ အားလုံးခုနစ်ပြည်ထောင်သောမင်းတွေနှင့်တကွ ခုနစ်ပြည်ထောင်လက်ထောက်၊ ပုရောဟိတ်များ၊ သားမယားတွေနှင့်တကွ အကုန်လုံးရဟန်းပြုကြ။ အဲသလို ရဟန်းပြုပြီးတော့ မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးဟာ သက်ရှိသက်မဲ့ မြတ်နိုးဖွယ်တွေကို စွန့်ပြီးတော့ ဗြဟ္မာ့ဝိဟာရတရားကျင့်တာ ဗြဟ္မဝိဟာရတရား မေတ္တာရယ်, ကရုဏာရယ်, မုဒိတာရယ်, ဥပေက္ခာရယ်။ မေတ္တာဆိုလို့ရှိရင်လဲ ရန်မရှိတဲ့စိတ်, အဗျာပဇ္ဇစိတ်= မဆင်းရဲစေလိုတဲ့စိတ်, ချမ်းသာစေလိုတဲ့ စိတ်နဲ့ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာ။ တပြေးတည်းနေကြတဲ့ အရပ်မျက်နှာတွေ အားလုံးရှိသမျှ သတ္တဝါတွေ အပေါ်မှာ မေတ္တာရော, ကရုဏာရော, မုဒိတာရော, ဥပေက္ခာရော။ အဲဒီတရားတွေကို အထွဋ်အထိပ်ရောက်အောင် ကျင့်တယ်။ အထွဋ်အထိပ် ရောက်အောင်ဆိုတာက စျာန်သမာပတ်အဆင့်ရောက်အောင် ပွားများအားထုတ် နောက်လိုက်နောက်ပါ ရေဏုမင်းနှင့်တကွ ခုနစ်ပြည် ထောင်သောမင်းတွေ ရဟန်းအမှုပြုကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးကိုလဲပဲ ဗြဟ္မာပြည်ရောက်ဖို့ နည်းကောင်းလမ်းကောင်းတွေ ဟောကြား။ အဲဒီ မဟာဂေါဝိန္ဒပရိသတ်ထဲမှာ အချို့အချို့ပုဂ္ဂိုလ်တွေက လောကီအဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါး ပြည့်စုံလောက်အောင် အားထုတ်ကြတယ်။ ပြသတဲ့နည်းအတိုင်း အကြွင်း

http://www.dhammadownload.com



အကျန်မရှိ အားထုတ်ကြတယ်။ ထိုပုဂ္ဂိုလ်တွေ အားလုံးဟာ ဗြာဟ္မာ့ဘုံ ရောက်ကြတယ်။ ရည်မှန်းတဲ့အတိုင်း ဒီနေရာမှာ တစ်ခုစဉ်းစားရမှာက ဗြဟ္မာ့ဘုံရောက်တဲ့နည်းလမ်း၊ ဗြာဟ္မဝိဟာရ လေးပါး။ အဲဒီ ဗြဟ္မာ့ဝိဟာရ တရားလေးပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်တော့မယ်ဆိုရင် သက်ရှိသက်မဲ့မြတ်နိုးဖွယ်တွေကို ပယ်စွန့်ရတယ်။ တစ်ယောက်ထီးတည်း နေရထိုင်ရတယ်။ ဗြာဟ္မဝိဟာရလေးပါးကိုလဲပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ရတယ်။ အချို့အချို့ပုဂ္ဂိုလ်များက တစ်စိတ်တစ်ဒေသပဲ အားထုတ်နိုင်ကြတယ်။ ပြည့်ပြည့်ဝဝ အားမထုတ်နိုင်ကြဘူး။ သူတို့ထဲက အချို့အချို့ပုဂ္ဂိုလ်တွေကျတော့ နိမ္မာနရတီဘုံရောက်၊ တစ်ချို့ပုဂ္ဂိုလ်တွေက ပရနိမ္မိတဝသဝတ္တီဘုံ၊ အဲဒီကနေပြီးတော့ တဖြည်းတဖြည်းနဲ့ အောက်ဆင်းအောက်ဆင်းပြီးတော့ တစ်ချို့ပုဂ္ဂိုလ်တွေကျတော့ စာတုမဟာရာဇ်ဘုံ ရောက်ကြတယ်။ ပဥ္စသိခနတ်သားက မြတ်စွာဘုရားကို ဘုရားဖြစ်တဲ့အခါ မဟာဂေါဝိန္ဒပုဏ္ဏားကြီးရဲ့ အကြောင်းကို အဲဒီလို လျှောက်ထားပြီးတဲ့အခါ-

**မေးပြီ**

**သရသိခေါ တံ ဘဂဝါ။**

ဘဂဝါ= ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော၊ အို မြတ်စွာဘုရား တံ= ထိုမဟာဂေါဝိန္ဒပုဏ္ဏား ဘဝကဖြစ်စဉ်ကို၊ သရသိခေါ= အမှတ်ရပါ၏လော့ဘုရား။

မြတ်စွာဘုရား အရှင်ဘုရား မဟာဂေါဝိန္ဒပုဏ္ဏားဘဝဖြစ်စဉ် ခုနစ်ပြည်ထောင်သောမင်းတွေကို လောကီအိမ်ရာတွေနှင့် ပတ်သက်လို့ တိုးတက်ကြီးပွားအောင် ဆောင်ရွက်ပေးပုံ နောက်ပိုင်းကျတော့ ရဟန်းပြုပုံ၊ ရဟန်းပြုပြီးတော့ ဗြဟ္မဝိဟာရတရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပုံ တပည့်သားသာဝကတွေကို ဗြာဟ္မဘုံရောက်ဖို့ လမ်းညွှန်ပြပုံ လမ်းညွှန်မြေပုံ ဆွဲပြခဲ့ပုံ အားလုံးကို သတိတရရှိပါရဲ့လား

http://www.dhammadownload.com



ဘုရားလို့ဆိုတော့ မြတ်စွာဘုရားက-

**သရာ မဟံ ပဥ္စသိခ**

ပဥ္စသိခ= ပဥ္စသိခနတ်သား၊ အဟံ= ငါသည်၊ သရာမိ= အောက်မေ့ပါ၏။ သရာမိ= အမှတ်ရပါ၏။ ဘုရားက ဘုရားဟော သကဲ့သို့ မဟာဂေါဝိန္ဒသုတ္တန်ကြီးတစ်ခုလုံး ဘုရားဟောသကဲ့သို့ အသိအမှတ်ပြုလိုက်ပြီ။ မင်းတံဆိပ်ခတ်နှိပ်လိုက်ပြီ။ သရာမဟံ ပဥ္စသိခ ဆိုတဲ့စကားဟာ အင်မတန် အရေးကြီးတဲ့စကား ဖြစ်သွားတယ်။

## နိဗ္ဗာန်ရဲ့အခြေခံ ဝိပဿနာဉာဏ်ပင် ဖြစ်ခွင့်မရကြ

ဆက်ပြီးတော့ မြတ်စွာဘုရားက ဘာဆက်ဟောသလဲ။

**တံ ခေါပန မေ ပဥ္စသိခ ဗြဟ္မစရိယံ နဧကန္တ နိဗ္ဗိဒါယ နဝိရာဂါယ န နိရောဓာယ န ဥပသမာယ န အဘိညာယ န နိဗ္ဗာနာယ သံဝတ္တတိ။**

ပဥ္စသိခ အဲဒီ မဟာဂေါဝိန္ဒပုဏ္ဏားဘဝတုန်းက ပြောခဲ့တဲ့ ဟောခဲ့တဲ့ ကျင့်ခဲ့တဲ့ ဗြဟ္မာပြည်ရောက်ကြောင်းဖြစ်တဲ့ ကျင့်စဉ်က နနိဗ္ဗိဒါယ= ဝဋ်ဆင်းရဲမှ ငြီးငွေ့ဖို့ရာလဲ မဖြစ်ပါဘူး။ န ဝိရာဂါယ= ရာဂကင်းဖို့မဖြစ်ဘူး။ န နိရောဓာယ= ဝဋ်ဆင်းရဲ ချုပ်ငြိမ်းဖို့လဲ မဖြစ်ဘူး။ န ဥပသမာယ= ကိလေသာ မလိမ်းငြိမ်းဖို့လဲ မဖြစ်ဘူး၊ န အဘိညာယ= သစ္စာလေးပါးတရားကို သိဖို့ရာလဲ မဖြစ်ဘူး။ န နိဗ္ဗာနာယ= နိဗ္ဗာန် ရောက်ဖို့ရာလဲ မဖြစ်ခဲ့ပါဘူး။

အဲဒီတုန်းကကျင့်စဉ်ဟာ သတိထားစရာ။ ဗြဟ္မာ့ဘုံရောက် တာပဲ။ လောကမှာ အမြင့်ဆုံးဘုံရောက်တာ ဗြဟ္မာ့ဘုံဟာ ဘယ် လောက်မြင့်သလဲဘုရား။ ဒီဝိပဿနာဒီပနီ ဓမ္မာရုံကြီးလောက်ရှိတဲ့ ကျောက်တုံးကြီးဆိုကြပါစို့။ အဲဒီ ကျောက်တုံးကြီး ဗြဟ္မာဘုံကနေပြီးတော့ လွှတ်ချလိုက်တယ်ဆိုပါစို့။ လွှတ်ချလိုက်တော့ ကျောက်ကလဲ လေးတာ ဆိုတော့ ဘယ်လောက်မြန်မယ်ဆိုတာကတော့ စဉ်းစားတာကြည့်။ အဲဒီ

http://www.dhammadownload.com



ကျောက်တုံးကြီး လှူပြည်ကို ဘယ်လောက် ကြာတော့ရောက်သလဲ ဆိုတော့ လေးလကြာပါတယ်။ ဒါဖြင့် ဘယ်လောက်ဝေးသလဲဆိုတာ ခန့်မှန်းတာ ကြည့်ကြပေတော့။ လေးလကြာတယ်။ ကျောက်တုံးကြီးဟာ လိမ့်လိမ့်ပြီးတော့ ကျလာတာ။ အချိန်လေးလ ယူရပါတယ်။ အဲဒီ ဗြဟ္မာဘုံကြီးသို့ ခုန်တက်လို့ရသလား ဆိုတော့ ခုန်တက်လို့မရဘူး။ ဒါဖြင့် ဘာနဲ့သွားသလဲ။ ယာဉ်ရထားတွေနဲ့လဲ သွားလို့မရဘူး။ လကမ္ဘာ သွားနေတဲ့ လူတွေ ဗြဟ္မာဘုံ မရောက်ဘူး။ ဒါပေမဲ့-

**ဧသမဂ္ဂေါ ဥဇုမဂ္ဂေါ ဧသမဂ္ဂေါ အနုတ္တရော။**

**သဒ္ဓမ္မော သတ္တိရက္ခိတော ဗြဟ္မလောကူပ ပတ္တိယာ။**

ဗြဟ္မာ့ဘုံရောက်ဖို့ရာအတွက် အဖြောင့်ဆုံးလမ်း၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာခေါ်တဲ့ ဗြဟ္မာဝိဟာရကျင့်စဉ်ဟာ ဗြဟ္မာဘုံရောက်ဖို့ ဖြောင့်တဲ့လမ်းပဲ။ ဒီလမ်းနဲ့မှ မသွားလို့ရှိရင်တော့ မရောက်ဘူး။ ဗြဟ္မဝိဟာရဆိုတဲ့ တရားလေးပါး အားမထုတ်ပဲနဲ့ ဗြဟ္မာဘုံမရောက်နိုင်ဘူး။ ဗြဟ္မာဘုံ ရောက်သော် အမတဗြဟ္မလောက မသေသောဗြဟ္မာဘုံလို့ ပြောနေကြသော်လည်း တကယ်တန်းကျတော့ ဗြဟ္မာများဟာ အသေအပျောက်မလွတ်သေးပါဘူး။ အဲသလို ဗြဟ္မာဘုံရောက်တဲ့ ဗြဟ္မာ့ဝိဟာရ ကျင့်စဉ်တဲ့။ အဲဒီလမ်းစဉ်ဟာ နိဗ္ဗိဒါယ ဆိုတဲ့အတိုင်း ဝိပဿနာဉာဏ်ကို မဖြစ်စေနိုင်ပါဘူးတဲ့။ ဝဋ်ထဲမှာ ငြီးငွေ့ဖို့ရာလဲ မဖြစ်ဘူး။ ရာဂကင်းဖို့လဲ မဖြစ်ဘူးတဲ့။ ဒါကြောင့်မို့ အဲဒီလမ်းစဉ်ကို သတိပြုရမှာ။ ဘာကြောင့်လဲ အခု ဗုဒ္ဓဘာသာတွေထဲမှာ မဟာယာနဗုဒ္ဓဘာသာ, ထေရဝါဒဗုဒ္ဓဘာသာ ရှိတယ်။ ရှိတော့ အထူးသဖြင့် မဟာယာနဗုဒ္ဓဘာသာများက ဒီအခြေခံ မေတ္တာ ကရုဏာမှာပဲ အဆုံးသတ်ပြီးတော့ နေကြတာ။ ကမ္ဘာ့ဘာသာကြီးအသီးသီးဟာလဲပဲ ဒီမေတ္တာ ကရုဏာနားမှာပဲ အဆုံးသတ်ကြတယ်။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတာ သမထကမ္မဋ္ဌာန်းပါပဲ။ ဝိပဿနာဘက်ကို မကူးကြဘူး။ မကြာသေးခင်က ဘုန်းကြီးတို့ဆီမှာ

http://www.dhammadownload.com



ရဟန်းပြုသွားတဲ့ တရုတ်ဘုန်းတော်ကြီးတစ်ပါး သူကဘာပြောသလဲလို့ ဆိုတော့ တပည့်တော်တို့ ဘုန်းကြီးတွေ ကလေးသူငယ်များ စောင့်ရှောက်ခြင်း အစရှိတဲ့ လူမှုရေးများကို ပြုမယ်ဆိုရင်တော့ အင်မတန်ကောင်းမှာပဲတဲ့။ ဒီလို ကလေးသူငယ် လူမမယ်တွေကို စောင့်ရှောက်တဲ့လုပ်ငန်း၊ အဲဒီ လုပ်ငန်းမလုပ်လို့ရှိရင် တရားပျက်ရာရောက်လိမ့်မယ်လို့ ဆိုပြီးတော့ သူ့စိတ်ထဲက ထင်နေတဲ့အတိုင်း သူပြောတာပေ့ါ။ သူကတော့ ကရုဏာကို အဓိကထား ပြောချင်တာပေ့ါ။ ကြက်ခြေနီစိတ်ဓါတ်လို့ ပြောရမှာပေ့ါ။ ကြက်ခြေနီ စိတ်ဓါတ်ရှိခဲ့လို့ရှိရင် သူကတော့ ဘုရားအလိုတော်ကြ အားလုံးပြည့်စုံပြီလို့ သူကယူဆပုံရပါတယ်။ ဒါကြောင့်မို့ မိမိတို့ဟာ ဒီမဟာဂေါဝိန္ဒပုဏ္ဏားကြီး ဖြစ်စဉ်အခါတုန်းက ဗြဟ္မာပြည် ရောက်ဖို့ရာနဲ့ ပတ်သက်လို့ မေတ္တာလမ်းစဉ်, ကရုဏာ, မုဒိတာ, ဥပေက္ခာလမ်းစဉ် ဗြဟ္မဝိဟာရတရားတွေကို အပြည့်အစုံကျင့်ကြ အပြည့်အစုံကျင့်တဲ့ ပုဂ္ဂိုလ်များကြတော့ ဗြဟ္မာဘုံရောက်ကြတယ်။

တစ်ချို့တစ်ဝက် ကျင့်ကြတဲ့ပုဂ္ဂိုလ်များကျတော့ နတ်ဘုံခြောက်ထပ်၊ နတ်ပြည်ခြောက်ထပ် တစ်ဘုံဘုံကိုရောက်ကြ။ အဲဒီ လမ်းစဉ်ကို မြတ်စွာဘုရားက ဘုရားဖြစ်တဲ့အခါကျတော့ ဒီလမ်းစဉ်က နိဗ္ဗာန်ရောက်ဖို့ လမ်းစဉ်မဟုတ်သေးဘူးလို့ ပဉ္စသိခနတ်သားအား မြတ်စွာဘုရားက အတိအလင်းမိန့်ကြားတယ်။ အဲဒီတော့ တစ်ခါတစ်ရံ ကမ္ဘာမှာလဲပဲ ဘာသာအယူဝါဒတွေက အများကြီး ရှိတာကိုး။ တစ်ခါတစ်ရံ မေတ္တာကို သရုပ်ဖေါ် မေတ္တာလက်တွေ့၊ တစ်ခါတစ်ရံ ကရုဏာကို သရုပ်ဖေါ် ကရုဏာကို လက်တွေ့ကျင့်ကြံ ကြိုးကုတ် အားထုတ်တာကိုပဲ ဗုဒ္ဓဘုရားရဲ့သာသနာတော်မှာ အမြင့်ဆုံး အမြတ်ဆုံး လမ်းစဉ်ပဲလို့ ဒီလို ထင်မှတ်တာလေးတွေလဲ ရှိတတ်ပါတယ်။ ဒါကြောင့် ဒီဗြဟ္မာပြည်ရောက်ဖို့ရာလမ်းစဉ်မှာ အဓိကအားဖြင့်တော့ ဗြဟ္မဝိဟာရတရား လေးပါးပါပဲ။ ဗြဟ္မဝိဟာရတရားလေးပါး ကျင့်ကြံရုံနဲ့ ပြည့်ပြည့်စုံစုံ ကျင့်ကြံရုံနဲ့ အားထုတ်ရုံနဲ့ ဗြဟ္မာ့ဘုံ ရောက်နိုင်ပါတယ်။ မပြည့်မစုံ

http://www.dhammadownload.com



အားထုတ်မယ်ဆိုရင် နတ်ပြည်ခြောက်ထပ် ရောက်နိုင်ပါတယ်။ သို့သော် နိဗ္ဗာန်တော့မရောက်နိုင်ပါဘူး။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် နိဗ္ဗာန်ရဲ့အခြေခံဝိပဿနာဉာဏ် မဖြစ်နိုင်ပါဘူး။ ဒါဖြင့် ဝိပဿနာဉာဏ် ဖြစ်နိုင်တာက ဘယ်လို ဗြဟ္မစရိယမျိုးမှ ဘယ်လိုမြတ်တဲ့ အကျင့်မျိုးမှ ဝိပဿနာဖြစ်နိုင်သလဲဆိုတာ နောက်တစ်နေ့ ဆက်ဟောပါ့မယ်။ ဗြဟ္မဝိဟာရတရားနဲ့ နေတာလဲပဲ ဗြဟ္မစရိယပဲ၊ မြတ်သောအကျင့်ပဲ။ မြတ်တဲ့ပုဂ္ဂိုလ်တို့ ကျင့်အပ်တဲ့အကျင့်ပဲ သို့သော် ဆုံးခန်းတိုင်မြောက် မရောက်သေးပါဘူးဘို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့စကားကို အာရုံထားပြီးတော့ နောက်တစ်ရက်မှ ဆက်ပြီးတော့ မြတ်စွာဘုရားက နိဗ္ဗာန်ရောက်မဲ့ လမ်းဆုံးကျင့်စဉ် လမ်းဆုံးရောက်အောင် ဗြဟ္မစရိယဖြစ်တဲ့ အကျင့်ဆိုတာ ဘာလဲဆိုတာ ဆက်ပြီးတော့ မဟာဂေါဝိန္ဒသုတ္တန်မှာ ဆက်ဟောပါလိမ့်မယ်။ အဲဒီ ဟောတဲ့တရားကို နောက်ရက်မှဆက်ပြီးတော့ ဟောကြစို့။ ယနေ့တော့ ဒီလောက်နဲ့ပဲ အပြီးသတ်ကြရအောင်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပညတ်ကို မကျော်လွှန်

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလပြည့်ကျော် (၃)ရက်နေ့။ မနေ့ညက မဟာဂေါဝိန္ဒပုဏ္ဏားကြီး သနင်္ကုမာရ ဗြဟ္မာမင်းကြီးထံကနေ ပြီးတော့ ကောင်းကင်ဘုံ ဗြဟ္မာဘုံရောက်ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်တွေ နာကြားပြီးတော့ ညီတဲ့အနံ့၊ ပုပ်တဲ့အနံ့ရှိတဲ့ တစ်ဆယ့်လေးမျိုးသော တရားတို့ ဖယ်ရှားဖို့ရာလို့ဆိုပြီးတော့ ကြိုးစားပန်းစားရဟန်းပြု ခုနစ်ပြည်ထောင်သောမင်းတို့နှင့်တကွ ပုရောဟိတ်ပုဏ္ဏားကြီးတွေ သားမယားတွေပါမကျန် အင်တိုက်အားတိုက် ရဟန်းပြုကြတဲ့ပွဲကြီး။ အဲသလို ပြုကြသော်လည်းပဲ တစ်ဆယ့်လေးပါးသော စိမ်းညှီတဲ့ အနံ့ရှိတဲ့ တရားဆိုးတရာပျက်တွေ ပုပ်တဲ့အနံ့ရှိတဲ့ တရားဆိုး တရားပျက်တွေ အပြီးသတ်ပယ်ရှားဖို့ရာအတွက် တကယ်တန်းကျင့်စဉ်တော့ လက်တွေ့ မဖြစ်ပါဘူး။ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ မဟာဂေါဝိန္ဒဘုရား အလောင်း ပုဏ္ဏားကြီး ကျင့်ကြံအားထုတ်ခွင့်ရတာက ဗြဟ္မဝိဟာရတရား လေးပါး မေတ္တာ- သတ္တဝါတွေအပေါ်ပဲ အာရုံပြု၊ ကရုဏာ- ဆင်းရဲတဲ့ သတ္တဝါ ပညတ်ကို အာရုံပြု၊ မုဒိတာ- ချမ်းသာတဲ့သတ္တဝါတွေကို အာရုံပြု ပညတ်၊ ဥပေက္ခာ- လျစ်လျူရှုရမဲ့ သတ္တဝါတွေပေါ်မှာပဲ အာရုံပြုနိုင်တဲ့ ဗြဟ္မ ဝိဟာရကျင့်စဉ်။ ဒီကျင့်စဉ်တွေအားလုံးဟာ ပညတ်ကိုပဲ အာရုံပြု ပါတယ်။ သတ္တဝါပညတ်ကိုပဲ အာရုံပြုပြီးတော့ ဗြဟ္မာဝိဟာရကျင့်ထုံး အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရတာလို့ ဆိုတော့ ဝိပဿနာဉာဏ် လဲ မဖြစ်ပါဘူး။ သမထသာ ဖြစ်ပါတယ်။ အဲဒီတော့ ဝိပဿနာဆိုတာ ပညတ်ကိုအာရုံပြုလို့မှ မဖြစ်ပဲကိုး။ ပရမတ်ကို အာရုံပြုရတာ။ ပရမတ် ရုပ်နာမ်ကို အာရုံပြုနိုင်မှ ဖြစ်တာပါ။ အဲဒီတော့ ပညတ်ဆိုတာ ဘာလဲလို့ဆိုတော့ အစဉ် အတန်းကြီး အစဉ်ကြီး အမျှင်မပြတ်ပဲနေရင် ပညတ်ပါပဲ။ တစ်စဆီ တစ်စဆီ၊ တစ်ကန့်ဆီ တစ်ကန့်ဆီ အမျှင်ပြတ် ပြီးတော့ သူ့အပိုင်းလေး နဲ့သူ ပိုင်းပိုင်း, ပိုင်းပိုင်းပြီးတော့မြင်မှ ပညတ်နယ်ပယ် လွတ်နိုင်တဲ့ လွတ်မဲ့ ဝိပဿနာလမ်းစဉ်, ပရမတ်လမ်းစဉ်

http://www.dhammadownload.com



ရောက်ပါတယ်။ ဒါကြောင့် မဟာဂေါဝိန္ဒပုဏ္ဏားကြီးဟာ လောကရေးရာနဲ့ ပတ်သတ်လို့လဲ အင်မတန် ကျွမ်းကျင်လိမ္မာ တမလွန်ဘဝ အကျိုး အာနိသင်တွေ ရရှိဖို့နဲ့ ပတ်သက်ပြီးတော့ သနင်္ကုမာရ ဗြဟ္မာမင်း ကြီးထံမှ နာကြားရသော်လဲပဲ သာသနာပ အခါမို့လို့ ဝိပဿနာတရား မရပါဘူး။ ပညတ်သတ္တဝါကို အာရုံပြုပြီးတော့ ကျင့်ခဲ့တဲ့ အဲဒီ ကျင့်စဉ်ဟာ-

**အချီးနှီးမဖြစ်**

**ဣတိ ခေါ မေ ပဉ္စသိခ ပဗ္ဗဇ္ဇာ အမောဃာ ဟောတိ အဝဉ္ဈာ သဖလာ သဥဒြာ။**

ပဉ္စသိခတဲ့ မဟာဂေါဝိန္ဒပုဏ္ဏားကြီး ဦးဆောင်တဲ့ကျင့်စဉ်ဟာ အမောဃာတဲ့။ အချည်းနှီးမဟုတ်ပါဘူး။ အဝဉ္ဈာ= မမြုံပါဘူး။ သဖလာ= အချို့အချို့ပုဂ္ဂိုလ်တွေ နတ်ပြည်ခြောက်ထပ် ရောက်ကြပါတယ်။ သဥဒြာ= ကြီးပွားတိုးတက်မှုခေါ်တဲ့ အချို့အချို့ပုဂ္ဂိုလ်တွေ ရည်ရွယ်တဲ့ အတိုင်း ဗြဟ္မာ့ဘုံရောက်ကြခြင်းဆိုတဲ့ အကျိုးတွေ ရှိပါတယ်။

**သာသနာတွင်း အကျင့်မြတ်**

သာသနာပအခါ မဟာဂေါဝိန္ဒအလောင်းတော် ပုရောဟိတ် ပုဏ္ဏားကြီးကလဲ အင်မတန်ဉာဏ်ကြီး၊ ဉာဏ်ကြီးပြီးတော့ အသိုင်းအဝိုင်း နှင့်တကွ တောထွက်ကြ၊ ရဟန်းပြုကြ။ သို့သော်လဲပဲ သမထပိုင်းကနေ ဝိပဿနာဘက် မကူးနိုင်ကြပါဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက-

**ဣဒံ ခေါပန မေ ပဉ္စသိခ ဗြဟ္မစရိယံ ဧကန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

ပဉ္စသိခ ယခု ငါဘုရားဖြစ်တဲ့အခါမှာ ဟောကြားပြီးတော့နေတဲ့ သာသနာတွင်း ဗြဟ္မစရိယကျင့်စဉ် မြတ်တဲ့ကျင့်စဉ်လုပ်ငန်းကြီးဟာ

http://www.dhammadownload.com



ဧကေန္တ နိဗ္ဗိဒါယ= စင်စစ်ဝင့်ဆင်းရဲ၌ ငြီးငွေ့ခြင်း ဝိပဿနာဉာဏ် ဖြစ်နိုင်တယ်။ ဧကေန္တ ဝိရာဂါယ= ရာဂကင်းကွာ မဂ်ဉာဏ်လဲဖြစ်နိုင်တယ်။ ဧကေန္တ နိရောဓာယ- စင်စစ်ဝင့်ဒုက္ခ ငြိမ်းရန်၊ ဧကေန္တ ဥပသမာယ= စင်စစ် နိဗ္ဗာန်အကျိုးဌာလဲ ဖြစ်နိုင်တယ်တဲ့။ အဘိညာယ= သစ္စာလေးပါးတရား သိနိုင်တယ်။ မဂ်ဉာဏ်လဲ ရရှိနိုင်တယ်။ သမ္ဗောဓာယ= သစ္စာလေးပါး တရားကို သိမြင်ပြီးတော့ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားဖို့ရာလဲ ဖြစ်တယ်။ နိဗ္ဗာနာယ= ငြိမ်းချမ်းဖို့လဲ ဖြစ်တယ်။ အဲဒီ ဗြဟ္မစရိယ= သာသနာတွင်း မြတ်တဲ့အကျင့်လမ်းစဉ်ဆိုတာ ဘာတွေလဲ ဆိုတော့-

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ**
**သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော**
**သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ**

လမ်းစဉ်ရှစ်မျိုး။ ဘုန်းကြီးတို့တတွေအားလုံးဟာ လမ်းစဉ်ရှစ်မျိုး သမ္မာဒိဋ္ဌိ= နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအသိ၊ သမ္မာသင်္ကပ္ပ= ကောင်းသောအကြံ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အကြံအစည်၊ ကောင်းသံဆိုပြော သမ္မာဝါစာ၊ ကောင်းမှုသောအမှု သမ္မာကမ္မန္တ၊ ကောင်းမှုသက်မွေး သမ္မာအာဇီဝ၊ ကောင်းရေးလုံ့လ သမ္မာဝါယာမ၊ ကောင်းထသတိ သမ္မာသတိ၊ ကောင်းဘိတည်ကြည် သမ္မာသမာဓိ။ ဒီမဂ္ဂင်ရှစ်ပါးဆိုတဲ့ ဗြဟ္မစရိယ မြတ်သောအကျင့် မြတ်ကုန်သောပုဂ္ဂိုလ်တို့ ကျင့်အပ်တဲ့ အကျင့်မြတ်။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့၏ လက်သုံးတော်အကျင့်ရှစ်မျိုး။

## ထူးခြားတဲ့အကျိုးရနိုင်

ဒီရှစ်မျိုးကို ပြည့်ပြည့်စုံစုံ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ မယ်ဆိုရင် အာသဝေါ ကုန်ခမ်း ရဟန္တာဖြစ်နိုင်တယ်။ မပြည့်မစုံ တစ်စိတ် တစ်ဒေသ အားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်များဆိုလို့ရှိရင် အောက်တန်း

http://www.dhammadownload.com



သံယောဇဉ်ငါးမျိုး ဖယ်ရှားပြီးတော့ အနာဂါမ်ဖြစ်နိုင်တယ်။ သို့မဟုတ် သံယောဇဉ်သုံးမျိုးကို ပယ်ခွာပြီးတော့ ရာဂ, ဒေါသ, မောဟတွေ ခေါင်းပါးပြီးတော့ သကဒါဂါမ် ဖြစ်နိုင်တယ်။ သို့မဟုတ် သံယောဇဉ် သုံးမျိုးကို ပယ်ခွာပြီးတော့ အပါယ်တံခါးပိတ်တဲ့ သောတာပန် ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ ငါဘုရားဖြစ်တဲ့ အခါမှာ ညွှန်းပြအပ်တဲ့ ဗြဟ္မစရိယခေါ် သာသနာတွင်း မဂ္ဂင်ရှစ်ပါး တရားတော်ဟာ မဂ္ဂင်ရှစ်ပါး တရားတော်ကို ကျင့်ကြံကြိုးကုတ် အားထုတ် ပြီးတော့ ရှင်ရဟန်းပြုပြီး လိုက်နာပြီးတော့ နေကြခြင်းဟာ အမောဃ= အချည်းနှီးလဲ မဖြစ်ဘူး။ အဝဉ္စ= မြုံလဲမမြုံဘူး။ အကျိုးပေးမယ်။ သဖလ= နည်းနည်းသိတဲ့ ပုဂ္ဂိုလ်တွေ နည်းနည်းချမ်းသာမယ်။ သဉဒြ= အကုန်လုံး ပြည့်ပြည့်စုံစုံ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပြီဆိုရင်တော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင် တယ်တဲ့။ မြတ်စွာဘုရား မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးအား သနင်္ကုမာရ ဗြဟ္မာမင်းကြီးက မိန့်ကြားခဲ့တဲ့ ဗြဟ္မာစရိယ မြတ်သောအကျင့် ယခု ဘုရားဖြစ်တဲ့အခါမှာ ဟောကြားတော်မူခဲ့တဲ့ မြတ်သောအကျင့် ဘယ်လို ကွာခြားသလဲလို့ဆိုတော့ ဒီဘက်သာသနာတွင်းမှာ ဘုရားဖြစ်တော်မူမှ ဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ အကျင့်ဟာ ဧကန္တနိဗ္ဗိဒါယ= ဝိပဿနာလဲ ဖြစ်နိုင်တယ်။ မဂ်ဉာဏ်လဲ ရနိုင်တယ်။ နိဗ္ဗာန်လဲ ရနိုင်တယ်။ သာသနာပ ဗြဟ္မစရိယက မြတ်သောအကျင့်က အဲသလို အခွင့်အလမ်းတွေ မရရှိ နိုင်ဘူး။ ဘာကြောင့်လဲလို့ဆိုတော့ ဒီဘုရားဖြစ်တဲ့အခါမှာ ဟောကြား တော်မူတဲ့ ဗြဟ္မာစရိယ မြတ်သောအကျင့်က ပြည့်စုံတယ်။ သီလလဲ ပါတယ်။ သမာဓိလဲ ပါတယ်။ ပညာလဲ ပါတယ်။

**မဂ္ဂ + အစဉ်**

ဒီရှစ်ပါးထဲက အစဉ်အတိုင်း ပထမဆုံး သမ္မာဒိဋ္ဌိကို ဟောကြား တော်မူခဲ့ရခြင်းကား-

http://www.dhammadownload.com



**ယောဂိနော ဗဟုပကာရတ္တာ ပဌမာ သမ္မာဒိဋ္ဌိ ဒေသိတာ။**

ယောဂိနော= ကြိုးစားအားထုတ် တရားအလုပ်လုပ်သော ယောဂီပုဂ္ဂိုလ်အား၊ ဗဟုပကာရတ္တာ= ကျေးဇူးများသည်၏ အဖြစ်ကြောင့်၊ ပဌမာ= ရှေးဦးစွာ၊ သမ္မာဒိဋ္ဌိ= သမ္မာဒိဋ္ဌိကို၊ ဒေသိတာ= ကောင်းစွာဟော ကြားတော်မူအပ်ပါပေပြီ။ တရားအလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်အား ကျေးဇူးများတဲ့အတွက်ကြောင့်မို့ သမ္မာဒိဋ္ဌိ ကောင်းတဲ့အမြင် ဒီတရား တော်ကို ပထမဆုံး ဒီကျင့်စဉ်ကို ပထမဆုံးဟောတာ မှန်ပါတယ်။ ပညာပဇ္ဇောတ= ပညာမီးရောင်ပါပဲ။ ပညာသတ္ထ= ပညာဟာ လက်နက် ကောင်းတစ်ခုပဲ၊ ဓါးလက်နက်ကောင်းတစ်ခုပဲ။ ဒီ သမ္မာဒိဋ္ဌိ အဆင့် အတန်းမြင့်တဲ့ သမ္မာဒိဋ္ဌိ၊ ပညာနဲ့ ကိလေသာတည်းဟူသော သူခိုးတွေကို သတ်ဖြတ်ပြီးတော့ နိဗ္ဗာန်ကို ရောက်စေနိုင်တယ်။ ဒါကြောင့် ယောဂီ သူတော်စင်များ ကျေးဇူးများတဲ့အတွက် မြတ်စွာဘုရား သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာ ဟောပါတယ်။

## သမ္မာသင်္ကပ္ပ

သမ္မာဒိဋ္ဌိမဂ္ဂင်ပြီးတဲ့အခါ အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်အား ကျေးဇူး များတဲ့အတွက်ကြောင့် သမ္မာသင်္ကပ္ပကို ဒီနောက်မှာ ဟောတော်မူ ပါတယ်။

သမ္မာသင်္ကပ္ပ= ကောင်းမြတ်တဲ့အကြံအစည်၊ ကုသိုလ်ရေးနှင့် ပတ်သက်လို့ ကြံစည်တာတွေ, ရဟန်းပြုဖို့ ကြံစည်တာတွေ, သတ္တဝါတွေ မညှင်းဆဲဖို့ကြံစည်တာတွေ, သတ္တဝါတွေကို မသေစေချင်တဲ့ အကြံ အစည်တွေ သမ္မာသင်္ကပ္ပ၊ အဲဒီတော့ ပန်းတိမ်သည် တစ်ယောက် ဆိုကြပါစို့။ ပန်းတိမ်သည်ဟာ ရွှေတိုင်ငွေစကိုကြည့်ပြီးတော့ ရွှေကိုကြည့်ပြီး ဆိုကြပါစို့။ ဤရွှေကတော့ဖြင့် မမှန်ကန်တဲ့ ရွှေ၊ ဒီရွှေကမှန်ကန်တဲ့ရွှေပဲ ရွှေအစစ်ပဲ။ အဲသလိုလေး ကြည့်ပြီးတဲ့အခါကျမှ သူလုပ်ရမယ့် ရတနာ တန်းဆာတွေကိုလုပ်၊ အဲသလိုပဲတဲ့ သမ္မာသင်္ကပ္ပကနေပြီးတော့ ကောင်း

http://www.dhammadownload.com



ကောင်းမွန်မွန် ကြံစည်မှုလေးရှိတဲ့ အခါကျတော့မှ ဤတရားတွေကား ကာမာဝစရတရားတွေ၊ ဤတရားတွေကား ရူပါဝစရတရားတွေလို့၊ ဤတရားက ရုပ်၊ ဤတရားက နာမ်၊ အဲသလို ခွဲခြားပြီးတော့ သိမြင်နိုင်တာ။ အဲဒီလို သမ္မာဒိဋ္ဌိအား ကျေးဇူးများတဲ့အတွက်ကြောင့်မို့ သမ္မာဒိဋ္ဌိရဲ့ နောက်နားမှာ သမ္မာသင်္ကပ္ပကို ဟောတော်မူပါတယ်။ မိမိတို့ အားထုတ်နေတဲ့ တရားဆိုကြပါစို့။ ထွက်လေ ဝင်လေ ဒီတရားက ဝါယောရုပ်၊ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့စိတ်က နာမ်၊ ဤကား ရုပ်၊ ဤကားနာမ်လို့။ ဒီတရားရဲ့သဘောကို စဉ်းစားရင်း စဉ်းစားရင်းမှ အသိဉာဏ်ပေါ်ပြီးတော့ လာတယ်။ တစ်နည်းအားဖြင့် ပြောမယ် ဆိုရင် သစ်တုံးကြီးတစ်ခုကို ခွဲတော့မယ်ဆိုရင် အဖျားကနေပြီးတော့ သစ်တုံးကို ကိုင်ပြီးတော့ တံမျဉ်းကြိုးလေးချ တံမျဉ်းကြိုးလေး ချထားပြီးတဲ့ အခါကျတော့ အဖျားကဒီသစ်တုံးကို ကိုင်ပြီးတော့ လှည့်လှည့်ပြီးတော့ ပေးတဲ့အခါကျတော့ လက်သမားက လွှနဲ့ ပဲကွပ်နဲ့ဒီသစ်တုံးကြီးကို ရွေလို့ ရတာကိုး။ အဲသလိုပါပဲတဲ့။ သမ္မာသင်္ကပ္ပ= ကောင်းမြတ်တဲ့ အကြံအစည်လေးရှိမှ အကြံအစည်လေးနဲ့ ကြံစည်ပြီးမှ ဒီတရားတွေက ရုပ်တရားတွေ, ဒီတရားတွေက နာမ်တရားတွေ, ဒီတရားတွေက ကာမာဝစရတရားတွေ, ဒီတရားတွေက ရူပါဝစရတရားတွေလို့ ဒီလိုသိနိုင်ပါတယ်။ အဲဒီလို သမ္မာဒိဋ္ဌိအား ကျေးဇူးများတဲ့အတွက်ကြောင့်မို့ သမ္မာဒိဋ္ဌိရဲ့ နောက်နားမှာ သမ္မာသင်္ကပ္ပကို ဟောပါတယ်။

## သမ္မာဝါစာ

ပြီးတော့မှ သမ္မာဝါစာ။ သမ္မာဝါစာ ဆိုပြန်တော့လည်း သမ္မာသင်္ကပ္ပဟာ သမ္မာဝါစာအားလဲ ကျေးဇူးများတယ် ကျေးဇူးပြုပါတယ် ဘာကြောင့်လဲဆိုတော့ လောကကြီးထဲမှာ စကားပြောကြတယ်လေ။ စကားပြောကြတော့ ရှေးဦးစွာ ကြံစည်ပြီးမှ စိတ်အကြံလေးနဲ့ ကြံစည်ပြီးမှ ပြောကြ အကြံကောင်းလျှင် အသံလည်းကောင်းလာတယ်။

http://www.dhammadownload.com



အကြံကောင်းလာတဲ့အခါကျတော့ လိမ်ညာလို့မပြောတော့ဘူး။ အကြံမကောင်းတဲ့အခါကျတော့ လိမ်ညာမှုပဲ ဒီလူလာပစေ လာလို့ရှိ ရင်တော့ လိမ်လိုက်ဦးမှုပဲတဲ့။ အကြံကောင်းတဲ့အခါ ဖရုသဝါသစာ ကြမ်းကြမ်းတမ်းတမ်း ပြောတာမရှိဘူး။ ဂုံးတိုက်စကား ပြောတာမရှိဘူး။ အဲဒီလို သမ္မာသင်္ကပ္ပဟာ သမ္မာဝါစာအားလည်း ကျေးဇူးပြုပါတယ်။ ဒါကြောင့် သမ္မာသင်္ကပ္ပရဲ့ အခြားမဲ့မှာ သမ္မာဝါစာကို မိန့်တော်မူပါတယ်။ မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အငြိမ်းစကားလေးမျိုးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သမ္မာဝါစာဟာ သတ်သတ်ခိုးမှု ကာမေသုတို့မှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သမ္မာကမ္မန္တအားလည်း ကျေးဇူးပြုပါတယ်တဲ့။ လောကလူတွေက ရှေးဦးစွာ စကားကလေးနဲ့ ဘယ်အလုပ်ကို လုပ်မယ်ဟေ့။

ကုဋ္ဌိဒဋ္ဌ ကရိဿမ= ဤမည်ဤမည်တဲ့အလုပ်ကို လုပ်ကြမယ်ဟေ့။ ပြောဆိုပြီးမှ လုပ်ငန်းကိုင်တာများ ဆောင်ရွက်ကြတယ်။ အဲဒါကြောင့် သမ္မာဝါစာသည် သမ္မာကမ္မန္တအား ကျေးဇူးပြုတယ်။ သမ္မာအာဇီဝ= ကောင်းမြတ်တဲ့အသက်မွေးမှု၊ ကောင်းတဲ့အသက်မွေးမှုဆိုတာ သတ်သတ်ခိုးမှု ကာမေသု သုံးခုကာယကံမှ ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်၊ မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲဆဲရေး ခြောက်ခြိမ်း အပြိမ်းစကား နေ့စဉ်ပွား လေးပါးဝစီကံဆိုတဲ့ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်များမှာမှ အသက်မွေးဝမ်းကျောင်းလဲ စင်ကြယ်ပါတယ်။ မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြိမ်းခြောက်လဲ မကင်းဘူး။ သတ်သတ်ခိုးမှု ကာမေသု၊ မူးယစ်ဆေးဝါး သောက်စားရောင်းဝယ်မှုလဲ မကင်းဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ အသက်မွေးဝမ်းကျောင်းဟာ မစင်ကြယ်တော့ပါဘူး။ ဒါကြောင့်မို့ သမ္မာဝါစာ, သမ္မာကမ္မန္တတို့ရဲ့ နောက်နားမှာ သမ္မာအာဇီဝကို မြတ်စွာဘုရား ဆက်ပြီးတော့ ဟောပါတယ်။

http://www.dhammadownload.com



## သမ္မာဝါယာမ

ပြီးတော့ ငါ့မှာ အသက်မွေးဝမ်းကျောင်း စင်ကြယ်သားပဲ။ အသက် မွေးဝမ်းကျောင်းကို အကြောင်းပြုပြီးတော့ လိမ်ညာတာလဲ မရှိဘူး။ ဂုံးတိုက်တာလဲ မရှိဘူး။ ဆဲရေးတာလဲ မရှိဘူး။ အပြိမ်းစကား ပြောတာလဲ မရှိဘူး။ အသက်မွေးဝမ်းကျောင်းကို အကြောင်းပြုပြီးတော့ သူတစ်ပါး အသက်ကိုသတ်တာလဲ မရှိဘူး။ သူတစ်ပါး ဥစ္စာခိုးတာလဲ မရှိဘူး။ သူတစ်ပါးတို့ပိုင်သတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ကျူးကျော် စော်ကားတာလဲ မရှိဘူးတဲ့။ မူးယစ်ဆေးဝါး သောက်စားရောင်းဝယ် တာလဲ မရှိဘူး။ ငါ့မှာ အသက်မွေးမှု စင်ကြယ်သားပဲ ဆိုပြီးတော့ ဒီအတိုင်းအိပ်နေလို့ မတော်သေးဘူး။ သွားရပ်ထိုင်လျောင်းဆိုတဲ့ ဣရိယာပုတ်လေးပါးလုံးဟာ ကြိုးစားမင်းစား အားထုတ်ရမယ်လို့ ပြတော်မူလိုတဲ့အတွက် မြတ်စွာဘုရား သမ္မာဝါယာမမဂ္ဂင်ကို ဆက်ပြီး တော့ဟောတာ။

သတိပဋ္ဌာန်လေးပါးတို့မှာ သတိကလေးထားပြီးတော့ နေပါလို့ ပြတော်မူလိုတဲ့အတွက် မြတ်စွာဘုရားက သမ္မာသတိဆိုတဲ့ မဂ္ဂင်တရားကို ထည့်ဟောပါတယ်။ အဲသလို သတိပဋ္ဌာန်လေးပါးတို့အပေါ်မှာ သတိလေးထားပြီးတော့ ယူထားတဲ့အာရုံတွေကို သိမ်းဆည်းပြီးတော့ မိမိရဲ့စိတ်ကို တစ်ခုတည်းသောအာရုံမှာ ထားခြင်းငှါ စွမ်းနိုင်ဖို့ရာအတွက် သမ္မာသမာဓိကို ဆက်ပြီးတော့ ဟောတော်မူပါတယ်။ အဲဒီ မြတ်စွာဘုရား ပွင့်တော်မူလာမှ ဟောကြားတော်မူခဲ့တဲ့ ညွှန်းပြတော်မူခဲ့တဲ့ ဗြဟ္မစရိယ သည် မြတ်တဲ့အကျင့် မဂ္ဂင်အကျင့်သည် သာသနာပ အကျင့်များနှင့် မတူပဲနဲ့ ဝိပဿနာကိုလဲ ဖြစ်စေနိုင်ပါတယ်။ မဂ်ဉာဏ်ကိုလဲ ဖြစ်စေနိုင် ပါတယ်။ ဖိုလ်နိဗ္ဗာန်လဲ ရောက်စေနိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့က သီလ နယ်ပယ်က မဂ္ဂင်သုံးမျိုး၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့က သမာဓိနယ်ပယ်က မဂ္ဂင်သုံးမျိုး၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့က ပညာ

http://www.dhammadownload.com



နယ်ပယ်က မဂ္ဂင်နှစ်မျိုးဆိုတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ စုံတယ်။ အဲသလိုစုံတဲ့အတွက် မြတ်စွာဘုရား ဘုရားဖြစ်တဲ့အခါ ဟောကြားတော်မူအပ်တဲ့ ယခု ယောဂီသူတော်စင်များ အားထုတ်နေရတဲ့ သီလလမ်းစဉ် ဆောက်တည်ကျင့်သုံး ပြည့်စုံပြီးတော့ နေတဲ့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်တရားတွေ မိမိသန္တာန်မှာ ယောဂီတို့သန္တာန်မှာ ဖြစ်ပွားခွင့်ရခဲ့ကြပြီ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ စပြီးတော့ တရားစခန်းဝင်ပြီဟေ့ ဆိုကတည်းက ဝီရိယကလဲ သမ္မာဝါယာမ ဖြစ်တယ်။ သမ္မာသတိ ဖြစ်တယ်။ သမ္မာသမာဓိဖြစ်နေတယ်။ အဲဒီကနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဖြစ်ဖို့ပဲလိုပါတော့တယ်။ သမ္မာဒိဋ္ဌိ၊ အခြေခံသမ္မာဒိဋ္ဌိ ကမ္မဿကတဉာဏ် သမ္မာဒိဋ္ဌိကတော့ စောစောက ရှိထားရမှာ။ ဝိပဿနာ သမ္မာဒိဋ္ဌိကတော့ သမာဓိမဂ္ဂင်နဲ့ ပြည့်စုံပြီးမှ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်ပွားခွင့်ရှိပါတယ်။ အဲသလို အဆင့်အတိုင်း ကျင့်စဉ်အတိုင်း ကျင့်ပြီးတော့ သွားတဲ့အခါမှာ အာသဝေါကုန်ခမ်းရဟန္တာ အဖြစ် ရောက်ရှိနိုင်တယ်။ မရောက်နိုင်တော့လဲ အနာဂါမ် ဖြစ်နိုင်တယ်။ သကဒါဂါမ်ဖြစ်နိုင်တယ်။ သောတာပန်ဖြစ်နိုင်တယ်။ ဒါကြောင့်မို့-

ယခု ပြောခဲ့တဲ့နည်းလမ်းအတိုင်း ငါဘုရားဖြစ်တဲ့အခါမှာ ဟောကြားတော်မူအပ်တဲ့ ဗြဟ္မစရိယမဂ္ဂအကျင့်ဟာ၊ အမောဃ= အလဟဿ မဖြစ်ပါဘူး။ ယောဂီသူတော်စင်များ ယခုအားထုတ်နေတဲ့ ဗြဟ္မစရိယ မြတ်သောအကျင့် တစ်နည်းအားဖြင့် မဂ္ဂင်အကျင့်ဟာ အမောဃ= အလဟဿ မဖြစ်ပါဘူး။ အဝဉ္ဈ= အကျိုးမပေးပဲနဲ့ မမြုံပါဘူး။ သဖလ= တစ်စိတ်တစ်ဒေသဆိုရင်လဲ အကျိုးခံစားခွင့် အနာဂါမ်, သကဒါဂါမ်, သောတာပန်အဆင့်ကို ရရှိနိုင်တယ်။ သဉဒြ= ရဟန္တာ ဖြစ်နိုင်တယ်လို့ မြတ်စွာဘုရား ညွှန်းပြတော်မူတော့ ပဉ္စသိခက သဘောကျပြီး မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ် စိတ်ထဲ အာရုံထဲမှာထားပြီးတော့ လက်သည်းအပေါင်း လက်ဆယ်ချောင်းကို

http://www.dhammadownload.com



ဦးထိပ်မှာတင်ပြီးတော့ လေးပါးသောအရပ်ဌာနတို့မှာ မြတ်စွာဘုရားကို ရှိခိုးတယ်။ အရပ်လေးမျက်နှာလှည့်ပတ်ပြီးတော့ အဲသလိုရှိခိုးပြီးတော့ သုံးကြိမ်တဲ့ လက်ျာရစ် မြတ်စွာဘုရားကို ဖူးမြော်ပြီးတော့မှ နတ်တို့ စံမြန်းရာ ဘုံနန်းပြန်သွားခဲ့ပါတယ်။ အဲသလို ပဥ္စသိခနတ်သားကို အခြေခံပြီးတော့ ဟောကြားတော်မူအပ်တဲ့ မဟာဂေါဝိန္ဒ သုတ္တန်ဒေသနာ တော်ကြီး ဒီဒေသနာတော်ကြီးကို ကြည့်မယ်ဆိုရင်-

## သာသနာတွင်း သာသနာပ

သာသနာတွင်းကာလ ပြဟ္မစရိယနဲ့ သာသနာပပြဟ္မစရိယ။ သာသနာပ ပြဟ္မစရိယသည် အလွန်ဆုံးရောက်နိုင်မှ ဗြာဟ္မာပြည်၊ ပြည့်ပြည့်စုံစုံ ကျင့်ကြံအားထုတ်နိုင်ရင် ဗြာဟ္မာဘုံရောက်နိုင်ပါတယ်။ ကောင်းကင်ဘုံနန်း ရောက်နိုင်ပါတယ်။ အခုခေတ် ကောင်းကင်ဘုံ ကောင်းကင်ဘုံလို့ ပြောနေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဘုရားအလောင်းတော်ကြီး သာသနာပအခါမှာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့တဲ့ ကောင်းကင်ဘုံ၊ ဗြာဟ္မာဘုံရောက်ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်ကိုတောင် မသိကြပါဘူး။ ယခုခေတ် ကောင်းကင်ဘုံမှာ ထာဝရဗြာဟ္မာကြီးတွေကို အားကိုးနေကြတဲ့ပုဂ္ဂိုလ်များ ဒီကျင့်စဉ်ကို ဒီသာသနာပကျင့်စဉ်ကိုတောင် မှီအောင်ကျင့်နိုင်ဖို့ ခက်ပါတယ်။ မဟာဂေါဝိန္ဒရဲ့ သာသနာပကျင့်စဉ်ကို ကျင့်တဲ့အတွက် အဘိညာဉ်ငါးပါး ရနိုင်ပါတယ်။ သမာပတ်ရှစ်ပါး ရနိုင်တယ်။ အဲဒီအဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်များဟာ ကောင်းကင်ဘုံ၊ ပြဟ္မာဘုံ၊ ပြဟ္မာနန်း စံမြန်းရပါတယ်။ ဘုန်းကြီးတို့ တစ်တွေလဲပဲ ဒီအကျင့်ကို သာသနာပကျင့်စဉ်လို့သာ ပြောရတယ်။ သာသနာပကျင့်စဉ်အတိုင်း ပြဟ္မဝိဟာရ ပေါက်ရောက်အောင် ကျင့်ပြီးတော့ အဘိညာဉ်ငါးပါး ရဖို့တောင်မှ မလွယ်ပါဘူး။

http://www.dhammadownload.com



**အဘိညာဉ်ငါးပါး**

**ဣဒ္ဓိ ဝိဓံ ဒိဗ္ဗသောတံ ပရစိတ္တ ဝိဇာနနံ**
**ပုဗ္ဗေနိဝါသာနုဿတိ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။**

အဘိညာဉ်ငါးပါးဆိုတာ ဘာတွေလဲ။ ဘယ်ဟာတွေလဲလို့ ဆိုတော့ ဣဒ္ဓိဝိဓ= တစ်ယောက်ကတစ်ရာ၊ တစ်ရာကတစ်ထောင် စသည်ဖန်ဆင်းပြီးတော့ ပြနိုင်တယ်။ ဒိဗ္ဗသောတ= ဘယ်လောက်ဝေးဝေး ဘာအဆီးအတားရှိရှိ နတ်နားလိုပဲ ကြားနိုင်တယ်။ ပရစိတ္တဝိဇာနန= သူတစ်ပါးစိတ် အကြံကို သိနိုင်တယ်တဲ့။ ပုဗ္ဗေနိဝါသာနုဿတိ= ရှေး၌နေခဲ့ဖူးတဲ့ ခန္ဓာအစဉ်တွေကို မြင်နိုင်တယ်။ ဘယ်အမျိုးမှာ ဖြစ်ခဲ့တယ်။ ဘယ်အနွယ်မှာ ဖြစ်ခဲ့တယ်။ အစာအာဟာရက ဘယ်လို၊ ရုပ်ရေအဆင်းက ဘယ်လို အဲသလို သိမြင်နိုင်တဲ့ အဘိညာဉ်မျိုး။ ဒိဗ္ဗစက္ခု= နတ်မျက်စိလိုပဲတဲ့။ ဘယ်လောက်ဝေးဝေး ဘယ်လောက် အကာအရံတွေရှိရှိ မြင်နိုင်တယ်။ အဲဒါကို လောကီအဘိညာဉ်ငါးပါး ဒီအဘိညာဉ်ငါးပါးရဖို့တောင်မှ အင်မတန်ခက်တာ။ သမာပတ်ရှစ်ပါး ရူပစျာန်, အရူပစျာန် သမာပတ် ရှစ်ပါးပေါ့။ ဒါလဲပဲခက်တာပဲ။ အဲဒီတော့ သာသနာပကျင့်စဉ် သာသနာပကျင့်စဉ်လို့ ဘုရားရှင်ရဲ့ သာသနာတွင်း ကျင့်စဉ်နဲ့ စာလို့ရှိရင်သာ ခပ်နှိမ်နှိမ်လေးစကားပြောကြရတာ။ သို့သော် ဘုန်းကြီးတို့တစ်တွေဟာ သာသနာပကျင့်စဉ်နဲ့ သာသနာပကျင့်စဉ်ရဲ့ အကျိုးအာနိသင်ဖြစ်တဲ့ လောကီအဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါး တို့ကိုပဲ ရဖို့ရာ အင်မတန်ခက်နေတယ်။ အဲဒီ အဘိညာဉ်ငါးပါး လောကီ အဘိညာဉ်တွေ စျာန်သမာပတ်တွေ မရသော်လဲပဲ ဝိပဿနာဉာဏ်က ဖြစ်ပွားနိုင်ခွင့် ရှိပါတယ်။ လက်တော့မလျှော့ကြနဲ့။ အားတော့ မလျှော့ကြနဲ့။ စိတ်တော့ မလျှော့ကြနဲ့။ ဝိပဿနာဉာဏ် အမြင်ရဖို့ဟာ အရေးကြီးပါတယ်။

ပဉ္စသိခ- ငါဘုရားရဲ့အကျင့်ဟာ ဝိပဿနာဉာဏ် ဖြစ်ပွားနိုင် တယ်နော်။ မဂ်ဉာဏ်လဲ ဖြစ်ပွားနိုင်တယ်။ နိဗ္ဗာန်လဲ ရရှိနိုင်တယ်။

http://www.dhammadownload.com



အဲသလို ညွှန်ကြားချက် မြတ်စွာဘုရားက ပဋ္ဌသိခနတ်သားအား မိန့်ကြားတော်မူခဲ့တဲ့ စကားတော်ကို ယုံကြည်ကိုးစား အားထားပြီးတော့ ဝိပဿနာဉာဏ် အဆင့်ဆင့်ရကြောင်း, မဂ်ဉာဏ်အဆင့်ဆင့်ရကြောင်း, နိဗ္ဗာန်ရကြောင်း ကောင်းမြတ်တဲ့ဗြဟ္မစရိယ သာသနာတွင်း မဂ္ဂင်ကျင့်စဉ်တို့ကို ဆက်လက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အခြေခံသမ္မာဒိဋ္ဌိ**

ယနေ့ ၁၃၆၂ ခု၊ ပြာသိုလပြည့်ကျော် (၄)ရက်နေ့ ဘုန်းကြီးတို့ ဗြာဟ္မစရိယ မြတ်သောအကျင့်။ ဒီဗြာဟ္မစရိယ မြတ်သော အကျင့်ဆိုတာ အမျိုးမျိုးရှိပါတယ်။ အဲဒီအမျိုးမျိုးထဲက နှစ်မျိုးပဲပြောကြပါစို့။ သာသနာ တွင်း ဗြဟ္မစရိယ, သာသနာပ ဗြဟ္မစရိယ၊ သာသနာတွင်း ဗြဟ္မစရိယ ဆိုတာ ဘာလဲလို့ဆိုတော့ မဂ္ဂင်ကျင့်စဉ်ပါပဲ။ မဂ္ဂင်ကျင့်စဉ်ကိုပဲ သာသနာတွင်း ဗြဟ္မစရိယလို့ ခေါ်ပါ တယ်။ မြတ်သောအကျင့် မြတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့အကျင့် မြတ်သောပုဂ္ဂိုလ်တို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သောလမ်းစဉ် အဲဒီမဂ္ဂင်ရှစ်ပါးမှာ ရှေးဦးစွာ သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ဟောကြားတော်မူပါတယ်။ သမ္မာဒိဋ္ဌိ ကောင်းသောအသိ, ဖြောင့်မှန်သောအသိ, ဖြောင့်မှန်သောအယူ, ဖြောင့်မှန်သောအမြင် ဆိုတာ ဘာတွေကိုခေါ်သလဲ။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတာ ကမ္မဿကတ ဉာဏ် ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်း၊ မိမိပြုတဲ့ ကုသိုလ်ကံသည် မိမိတို့ရဲ့ဥစ္စာ၊ မိမိတို့ပြုထားတဲ့ ကုသိုလ်ကံသည် မိမိတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ၊ ကုသိုလ်ကံသည် ကောင်းကျိုးကို ပေးတတ်တယ်။ အကုသိုလ်ကံသည် မကောင်းကျိုးကို ပေးတတ်တယ်။ ကုသိုလ်ကံ, အကုသိုလ်ကံ အခြေခံပြီး တော့ ဘုံဘဝမျိုးစုံမှာ လှည့်ပတ်သွားလာ နေရတာတွေကို ယုံကြည် လက်ခံ သိမြင်နိုင်တဲ့ဉာဏ်ကို ကမ္မဿကတဉာဏ်။ အဲဒီ ကမ္မဿကတ ဉာဏ်ကိုလဲပဲ သမ္မာဒိဋ္ဌိလို့ ခေါ်ဆိုတယ်။ ဆယ်ပါးသောအကြောင်း တွေကို အခြေခံပြီးတော့ ဖြစ်ပွားတဲ့အမြင် အထူးအားဖြင့်-

**အတ္ထိ သုကတ ဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော။**

ပြုသမျှကုသိုလ်, အကုသိုလ်ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးရင်း အကျိုးဆက်တွေရှိတယ်လို့ မြင်ရင် သမ္မာဒိဋ္ဌိ၊ ကုသိုလ်, အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေ မရှိဘူးလို့ ယူဆလို့ရှိရင် မိစ္ဆာဒိဋ္ဌိ၊ အဲဒီ သမ္မာဒိဋ္ဌိ (၁၀)မျိုးထဲက နောက်ဆုံး သမ္မာဒိဋ္ဌိက ဘာလဲလို့ဆိုတော့-

20 (B)

http://www.dhammadownload.com



**အတ္တိ လောကေ သမဏာ ဗြာဟ္မဏာ သံမဂ္ဂတာ သမ္မာပဋိပန္နာ ယေဣမဉ္စလောကံပရဉ္စလောကံသယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

လောကကြီးထဲမှာ မြင့်မြတ်ကောင်းမွန်ပြီးတော့ ကောင်းမွန်မှန်ကန်တဲ့ အကျင့်ရှိတော်မူကြတဲ့ သမဏ= ကိလေသာငြိမ်းပြီးသား၊ ဗြာဟ္မဏ= ကိလေသာကို ခွာထုတ်ပြီးသား ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ရှိတယ်။

အဲဒီ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းကြီးတွေက ဤလောက နောင်လောက သိပြီးတော့ မျက်မှောက်ပြုပြီးတော့ မျက်စိအောက်ရောက်သကဲ့သို့ မျက်မှောက်ပြုပြီးတော့ အသိဉာဏ်တွေ ဟောထားတာတွေ ဟောချက် ပြောချက်တွေ၊ ဟောကွက် ပြောကွက်တွေ အများကြီးရှိတယ်လို့ ဒီလိုယုံကြည်လို့ရှိရင်လဲ သမ္မာဒိဋ္ဌိ။ ယောဂီသူတော်စင်များ ထူးပြီးတော့ ဒီသမ္မာဒိဋ္ဌိရအောင် လေ့ကျင့်ရတာမဟုတ်ပဲနဲ့ မိရိုးဖလာအားဖြင့်ပဲ ရှိနေကြပါတယ်။ ဘုရား, တရား, သံဃာရတနာသုံးဖြာနဲ့ ပတ်သက်လို့လဲပဲ ယုံကြည်မှု မှန်သော အမြင်, ဖြောင့်မှန်တဲ့အမြင်တွေ ရှိနေကြတော့ အခြေခံကမ္မဿကတ သမ္မာဒိဋ္ဌိ ရောက်ရှိပြီးတော့နေကြပြီ။ ရရှိပြီးတော့ နေကြပြီ။

## သစ္စာနုလောမိက သမ္မာဒိဋ္ဌိ

နောက် ဒုတိယတစ်ဆင့်တက်တော့ သစ္စာနုလောမိက ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ။ သစ္စာလေးပါး အားလျော်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိတဲ့ ဒီသမ္မာဒိဋ္ဌိဉာဏ် ရရှိဖို့ရာအတွက် သမ္မာဒိဋ္ဌိရရှိဖို့အတွက် အားထုတ်နေကြရတာပါပဲ။ တစ်နည်းအားဖြင့် မဂ်ဉာဏ်ကိုလဲပဲ သမ္မာဒိဋ္ဌိ၊ ဖိုလ်ဉာဏ်ကိုလဲပဲ သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင် မှန်ကန်တဲ့ အသိ သမ္မာဒိဋ္ဌိဆိုတဲ့ ပုဒ်အရ ကမ္မဿကတဉာဏ်, သစ္စာနုလောမိက ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဒီလေးမျိုးကို အကျဉ်းချုပ်

http://www.dhammadownload.com



အားဖြင့် သမ္မာဒိဋ္ဌိ ခေါ်တယ်။ ကမ္မဿကတဉာဏ် သမ္မာဒိဋ္ဌိကတော့ မိရိုးဖလာအားဖြင့်ပဲ သိမြင်ပြီးတော့နေတော့ တစ်ဆင့်တက် သစ္စာနုလောကမိက ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ။ အဲဒီ သမ္မာဒိဋ္ဌိကို မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးထဲမှာ-

**သမ္မာဒိဋ္ဌိ**

**ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ**

ရဟန်းတို့ သမ္မာဒိဋ္ဌိဆိုတာ ဘယ်လိုတရားမျိုးကို ခေါ်ပါသလဲ လို့ဆိုတော့-

**ဒုက္ခေဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယဉာဏံ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။**

ဒုက္ခ၌ဖြစ်ပေါ်တဲ့ဉာဏ်၊ ဒုက္ခဖြစ်ကြောင်း၌ဖြစ်တဲ့ဉာဏ်၊ ဒုက္ခချုပ်ရာနိဗ္ဗာန်၌ဖြစ်ပေါ်တဲ့ဉာဏ်၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂင်လမ်းစဉ်တွေမှာ ဖြစ်ပေါ်တဲ့ဉာဏ်။ အဲဒီဉာဏ် လေးမျိုးကို သမ္မာဒိဋ္ဌိလို့ ဒီလိုခေါ်ရတယ်။ အဲဒီသစ္စာတရားတွေနဲ့ ပတ်သက်ပြီးတော့ သိအောင်၊ ပယ်နိုင်အောင်၊ ဆိုက်ရောက်နိုင်အောင်၊ ပွားအောင် အားထုတ်ကြည့်ရှုနေမယ်ဆိုရင် သတိပဋ္ဌာန်လေးပါးထဲမှာ ဓမ္မာနုပဿနာသတိပဋ္ဌာန်လဲ ပွားများပြီးသားဖြစ်ပါတယ်။

**ဓမ္မာနုပဿနာ**

**ကထဉ္စ ဘိက္ခဝေ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။**

ဓမ္မာနုပဿနာ ဘယ်လိုပွားများရမလဲလို့ဆိုတော့ -

**ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။**

ရုပ်တရား, နာမ်တရားတွေအားလုံးကို ဒုက္ခလို့သိမြင်ခြင်း၊ သိမြင်အောင် ရှုပွားနေလို့ရှိရင် ဓမ္မာနုပဿနာ ဖြစ်တယ်။

http://www.dhammadownload.com



**အယံ ဒုက္ခ သမုဒယောတိ ယထာဘူတံ ပဇာနာတိ။**

ဒီတဏှာ တစ်နည်းအားဖြင့် တဏှာနှင့်တကွ အခြားအခြား ကိလေသာတရား, အကုသိုလ်တရားတွေ ကုန်အောင်ပြောမယ်ဆိုရင် လောကီကုသိုလ် စသည်တရားတွေအားလုံးကိုလဲပဲ ဒုက္ခဖြစ်ကြောင်းလို့ သိရမယ်။ အဘိဓမ္မာ တရားတော်ကျတော့ တဏှာတစ်မျိုးထဲသာ ဒုက္ခသမုဒယ ဒုက္ခဖြစ်ကြောင်းလို့ မဟုတ်ပဲနဲ့ လောကီကုသိုလ်တရားတွေ အကုသိုလ်တရားတွေအားလုံးဟာ ဒုက္ခဖြစ်ကြောင်းထဲမှာ စာရင်းထည့်ထားတာ။ ဒီလို သိမြင်အောင် ရှုမယ်လို့ဆိုရင် ဓမ္မာနုပဿနာ ဖြစ်တယ်။ နိဗ္ဗာန်တရားသည် တဏှာချုပ်ရာနိဗ္ဗာန်တရားသည် နိရောဓသစ္စာ၊ နိရောဓနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း ရှစ်မျိုး မဂ္ဂင်ရှစ်ပါးသည် မဂ္ဂင်သစ္စာ ဒီလို မြင်အောင်ထင်အောင် ရှုပွားမယ်ဆိုရင် ဓမ္မာနုပဿနာ ဖြစ်ပါတယ်။ ယောဂီသူတော်စင်များ ဤတရားစခန်း စတဲ့နေ့က စပြီးတော့ သစ္စာလေးပါးထဲမှာ ဘာသစ္စာကိုများ ရှုပွားပြီးနေကြသလဲ ဆိုတော့ ရုပ်တရား, နာမ်တရားတွင် ရုပ်၊ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့တွင် ဝါယောရုပ်။ အဲဒီ ဝါယောရုပ်သည် ဒုက္ခသစ္စာ၊ အဲဒီတော့ ဒုက္ခသစ္စာကို မြတ်စွာဘုရားက ပရိညေယျန္တိ မေ ဘိက္ခဝေတဲ့။ ဒုက္ခဟာ ပိုင်းခြားပြီးတော့ သိရမယ်။ ခွဲခြားဝေဖန်ပြီး သိရမယ်။ ဒါကြောင့် ဒီဒုက္ခကို ပိုင်းခြားပြီးတော့ သိနိုင်အောင်လို့ ဝါယောရုပ်တစ်မျိုးထဲ ဖမ်းပြီးတော့ ဝါယောရုပ်တစ်မျိုးထဲ အခြေခံပြီးတော့ သမာဓိရအောင် အားထုတ်နေကြရတာ။ ဒီသမာဓိ ရအောင် အားထုတ်ရတဲ့အပိုင်းမှာ တော်တော်လေး အရေးကြီးပါတယ်။ ဒါကြောင့် ခုနစ်ရက်တရားစခန်းမှာ လေးရက်ခွဲဟာ သမာဓိပိုင်းပါ။ သမာဓိရဖို့ရာ ပလိဗောဓခေါ်တဲ့ အနှောင့်အယှက် အဆီးအတားကြီး ဆယ်မျိုး၊ အဲဒီ ပလိဗောဓကြီးဆယ်မျိုးကို ကင်းနိုင်သလောက် ကင်းနိုင်မှ သမထကမ္မဋ္ဌာန်းအောင်မြင်နိုင်ပါတယ်။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ဝိပဿနာကတော့ သွားရင်း, လာရင်း, စားရင်း, သောက်ရင်းနဲ့ မိမိရဲ့ကိုယ်တွင်းကိုယ်ပြင်၊ အိမ်တွင်းအိမ်ပြင်

http://www.dhammadownload.com



မိမိရဲ့အသိုင်းအဝိုင်း အခြေအနေကိုကြည့်ပြီးတော့ အနိစ္စအချက်တွေ, ဒုက္ခအချက်တွေ, အနတ္တအချက်တွေ ကြည့်တတ်လို့ရှိရင် မြင်နိုင်တယ်တဲ့။ သမထပိုင်းမှာကတော့ ပလိဗောဓ၊ ပလိဗောဓ အထူးသဖြင့် ဉာတိဆွေမျိုးနဲ့ ပတ်သက်ပြီး ကြောင့်ကြမှု၊ အသိုင်းအဝိုင်းနဲ့ ပတ်သက်လို့ ကြောင့်ကြမှု၊ အဲသလို အချက်အလက်တွေကို ဖယ်ရှားပြီးအားထုတ်နိုင်မှ ဒီသမာဓိစခန်းဟာ အောင်မြင်နိုင်ပါတယ်။ ဘာကိုသမ္မာဒိဋ္ဌိ ခေါ်သလဲဆိုတော့ ဒုက္ခကိုသိတဲ့ဉာဏ်ကို သမ္မာဒိဋ္ဌိ၊ ဆင်းရဲကို သိတဲ့ဉာဏ်ကို သမ္မာဒိဋ္ဌိ၊ နိဗ္ဗာန်ကိုသိတဲ့ဉာဏ်ကို သမ္မာဒိဋ္ဌိ၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတွေကို သိတဲ့ဉာဏ်ကို သမ္မာဒိဋ္ဌိ၊ ဒုက္ခကိုမြင်အောင်ကြည့် သမ္မာဒိဋ္ဌိ၊ ဒုက္ခကို မြင်အောင်ကြည့်ဆိုတော့ တစ်ခုခြင်းခွဲခြမ်းစိတ်ဖြာပြီးကြည့်။ ဒုက္ခဆိုတာ ဘာတွေလဲ။ ယောဂီသူတော်စင်များ ဗုဒ္ဓဘာသာဝင်အများစု ရရှိပြီးတော့ထားတဲ့ ပထမဆုံး ဒုက္ခ၊ ထင်ရှားတဲ့ ဒုက္ခတွေ မြတ်စွာဘုရား ပထမဆုံးထုတ်ပြတော်မူတယ်။ ပြီးတဲ့အခါမှ မထင်ရှားတဲ့ ဒုက္ခနဲ့ချိုပြီးတော့ ငုံမိအောင်ပြတဲ့ အဲဒီဒုက္ခဟာ သစ္စာပါပဲတဲ့။ ဒုက္ခသစ္စာဆိုတာ ဒုက္ခအမှန်ပဲ။ မုချဧကန် ဒုက္ခပဲ။ သစ္စာဆိုတာ ဘယ်လောက်မှန်သလဲဆိုတော့ **"အခွန့်ရှည်စွာ ဘယ်မျှကြာလဲ တစ်ခါတစ်ရံ မဖောက်ပြန်ပဲ အစဉ်မြဲကို သစ္စာဆို၏"** ဒုက္ခဟာ ဘယ်တော့မှ သုခမဖြစ်ဘူး။ ဇာတိပိဒုက္ခာ= ဘဝတစ်ခုမှာ အမိဝမ်းမှာ ပဋိသန္ဓေ နေကြရပါတယ်။ အဲဒီ ပဋိသန္ဓေနေရတာကို မြတ်စွာဘုရားက ဒုက္ခလို့ဟောခဲ့တာ။ ဒီပဋိသန္ဓေနေရတာသည် အမိဝမ်းမှာနေရတာသည် ချမ်းသာပါတယ်လို့ ဒီလိုတစ်မျိုးတစ်မည် ပြောင်းမသွားဘူး။ ဇရာပိဒုက္ခာ= ဆွေးမြေ့ယိုယွင်း အိုမင်းရတာလဲ ဒုက္ခ, ပါးရေတွေ နားရေတွေ တွန့်တာလဲ ဒုက္ခပဲ, ဆံဖြူရတာလဲ ဒုက္ခ, သွားကျိုးရတာလဲ ဒုက္ခ၊ တဖြည်းဖြည်း တဖြည်းဖြည်း အိုသွားတာ။ဇရာလူဆိုး နေ့တိုင်းခိုး၏ ဆိုတဲ့အတိုင်း၊ အဲဒီဇရာဟာ ဆင်းရဲပါတယ်တဲ့။ ဗျာဓိပိဒုက္ခော= ကျင်နာကိုက်ခဲ ရောဂါစွဲခြင်းဟာလဲ ဒုက္ခအမှန်ပါပဲ၊ မရဏမ္ပိဒုက္ခံ= ဒီခန္ဓာကိုယ်

http://www.dhammadownload.com



ကြီးကို ပစ်ချရခြင်း၊ ဇီဝိတိန္ဒြေ= ပြတ်တောက်သွားခြင်း၊ ဒီအချက်အလက်တွေ မရဏပဲတဲ့။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော= မချစ်မနှစ်သက်တဲ့ အာရုံ, မချစ်မနှစ်သက်တဲ့ ပုဂ္ဂိုလ်တို့နှင့်ယှဉ်တွဲပြီးတော့ နေရခြင်းဟာလဲ၊ ဒုက္ခော= ဆင်းရဲလှပါ၏။ မိမိသဘောမကျတဲ့ မမြတ်နိုးတဲ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ။ ပြီးတော့ မိမိသဘောမကျပါဘူးဆိုတဲ့ မိမိအကျိုးကို မလိုလားတဲ့ပုဂ္ဂိုလ်တွေ ခုနပြောတဲ့အာရုံတွေနှင့် အဲဒီပုဂ္ဂိုလ်တွေ အဲဒီ အာရုံပုဂ္ဂိုလ် တွေနဲ့ ယှဉ်တွဲပြီးတော့နေရတာလဲ ဒုက္ခ၊ ဘယ်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမှ ဒီဒုက္ခကို ပြောင်းပြန် ပြန်ပြီးတော့ သဘောမကျတဲ့ အာရုံတွေနဲ့ တွေ့ကြုံဆုံဆည်း သဘော မကျတဲ့ပုဂ္ဂိုလ်တွေနဲ့ နေကြ ထိုင်ကြရတာ ချမ်းသာပါတယ်လို့ ဘယ်တော့မှ တစ်မျိုးတစ်မည် ပြောင်းလဲမပစ်နိုင်ဘူး။ **ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။** မိမိလိုလားတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ၊ မိမိရဲ့အကျိုးကိုလိုလားတဲ့ မိမိကိုချမ်းသာအောင် စောင့်ရှောက်ပြီးတော့နေကြတဲ့ အမိ, အဘ, ဆွေမျိုးတွေ ဒကာ ဒကာမ မင်းစိုးရာဇာတွေ အဲဒါတွေနဲ့ကျပြန်တော့လဲ မိမိမျှော်မှန်းသလောက် ကြာရှည်တည်တာ မဟုတ်ပဲနဲ့တဲ့။ သေကွဲရှင်ကွဲ ဘဝကွဲဘုံကွဲ တစ်ခြားစီ ခွဲခွာနေကြရခြင်းဟာ ပိယေဟိ ဝိပ္ပယောဂ ဒုက္ခပါပဲ။ **"ယံ ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ"** မိမိက လိုချင်တာက တစ်မျိုး၊ အဲဒီ လိုတဲ့အတိုင်းမရတာ ဆင်းရဲတော့တာပဲ။ ဘယ်လိုဟာတွေလဲလို့ဆိုတော့ ပဋိသန္ဓေနေခြင်း သဘာတရားရှိတဲ့ သတ္တဝါတွေအဖို့ ဂါဘဝတစ်ခုမှာ သွားပြီးတော့ မဖြစ်ချင်ဘူး။ ကြောက်လိုက်တာ။ ကိုးလ, ဆယ်လ အမိဝမ်းမှာနေရတာ ကြောက်လိုက် တာ မဖြစ်ပါစေနဲ့လို့။ အဲသလို မိမိရဲ့ အလိုဆန္ဒကတော့ ဖြစ်ပေတယ်လို့ ဘယ်တော့မှအလိုမပြည့်ဘူး။ အလိုအတိုင်း မဖြစ်ဘူး။ အိုမင်းရင့်ရော်တဲ့ သဘောရှိကြတဲ့ ပုဂ္ဂိုလ်တွေ အိုမှာကြောက်လိုက်တာ။ ပါးရေ နားရေတွေ တွန့်နေတာကြည့်ပြီးတော့ ဆံဖြူသွားကျိုးတဲ့ အဖိုးအိုတွေ အဖွားအိုတွေ ကြည့်ပြီးတော့ ကြောက်လိုက်တာ

http://www.dhammadownload.com



မဖြစ်ချင်ဘူး။ မအိုချင်ဘူး။ အဲသလို ဘယ်လိုပဲတောင့်တ တောင့်တ အိုခြင်းသဘော တရားကလဲပဲ သူ့သဘာဝအတိုင်း ဖြစ်နေမှာပဲတဲ့။ ဆေးရုံတွေရောက်တဲ့ အခါ ရောဂါမျိုးစုံ ခံစားပြီးတော့နေရတဲ့ ပုဂ္ဂိုလ်တွေကြည့်ပြီးတော့ ငါတော့ အဲဒီရောဂါတွေမဖြစ်ချင်ဘူး။ အို-ရောဂါမဖြစ်ချင်ဘူး။ ဘယ်ရောဂါမှ မဖြစ်ချင်ဘူးလို့။ အလိုဆန္ဒ ဖြစ်ပေတယ်လို့။ မိမိရဲ့တောင့်တချက် မပြည့်စုံနိုင်ဘူး။ အဲဒါကို ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ= သေတာတွေတွေးပြီးတော့ သေတဲ့ပုဂ္ဂိုလ်တွေ ပိုးလောက်ကျနေတာကို မြင်ပြီးတော့ မသေချင်ဘူး။ ငါမသေချင်ဘူး၊ မသေချင်ဘူးလို့ မိမိရဲ့အလိုဆန္ဒ ဖြစ်ပေါ်သော်လဲပဲ သူ့အချိန်ရောက် လို့ရှိရင် ဗြဟ္မာကြီးတွေလဲ အကြောင်းနှစ်မျိုးကြောင့်၊ နတ်တွေလဲ အကြောင်းလေးမျိုးကြောင့် တစ်မျိုးမျိုးနဲ့၊ လူတွေလဲ အကြောင်းလေးမျိုး တစ်မျိုးမျိုးနဲ့ သေကြကြရတော့ အလိုဆန္ဒ မပြည့်ဝနိုင်ဘူး။ သောက ပရိဒေဝ ဒုက္ခဒေါမနဿ စိုးရိမ်ပူဆွေး စိတ်မသက်သာ နှလုံးနာမှု မကင်းနိုင်တဲ့ ဘုန်းကြီးတို့တစ်တွေမှာ ငါသောကမဖြစ်ချင်ဘူး၊ စိုးရိမ်ပူဆွေးမှုတွေ မဖြစ်ချင်ဘူး၊ ငိုကြွေးမှုတွေမဖြစ်ချင်ဘူး၊ စိတ်မသက်သာမှု နှလုံးနာမှုတွေ မဖြစ်ချင်ဘူး။ တွက်ကိန်းမလှ ထိန်းမရလောက်အောင် ဟိန်းချပူဆွေးမှုတွေ မဖြစ်ချင်ဘူး။ အဲသလို တောင့်တပေမယ့်လို့တဲ့ ဉာတိဗျသန အစရှိတဲ့ ဗျသန (၅)မျိုး ညှင်းပန်းနှိပ်စက်ခံလာတဲ့အခါ စိတ်မသက်သာ နှလုံးနာမှု မဖြစ်ချင်ပါဘူးဆိုလဲ ဖြစ်ပြီးတော့ နေကြရတာ။ အဲဒီတော့ ဗျသန(၅)မျိုး ဉာတိဗျသန= ဆွေတွေမျိုးတွေ ပျက်စီးတာ၊ ဘောဗျသန= စည်းစိမ်ဥစ္စာ ပျက်စီးတာ၊ ရောဂဗျသန= အနာရောဂါ ဖိစီးနှိပ်စက်လို့ ပျက်စီးတာ၊ ပျက်စီးခြင်း(၅)မျိုးထဲမှာ အဲဒီသုံးမျိုးကြောင့် သတ္တဝါတွေဟာ အပါယ် လေးဘုံ မရောက်နိုင်ဘူးတဲ့။ သီလဗျသန- ဒိဋ္ဌိဗျသန= သီလပျက်စီးရင် အယူပျက်စီးရင် အယူမှား လို့ရှိရင် သတ္တဝါတွေဟာ အပါယ်လေးဘုံ ရောက်နိုင်တယ်။ အဲဒီတော့ ဉာတိစသော ဗျသနတို့ကြောင့် စိုးရိမ်ပူဆွေးမှုစသည် စိတ်မသက်သာ

http://www.dhammadownload.com



နှလုံးနာမှုစသည့် မဖြစ်ချင်ဘူးလို့ တောင့်တသော်လဲပဲ တွေ့ကြုံလာတဲ့ အခါကျတော့ ရင်ဆိုင်ပြီးတော့ နေကြရတယ်။ အလိုဆန္ဒ တောင့်တချက် မပြည့်စုံနိုင်ကြဘူး။ လောကဓမ္မတစ်မျိုးမျိုးနဲ့လဲ ကြုံကြရတိုင်း **"လောကဓမ္မ ဒုက္ခတွေ့ကြုံ ငိုဖို့ကြုံလဲ ငိုပုံမချဲ့ မဲ့ရုံမဲ့လော့"**။

ရှေးပညာရှင်တွေက လောကဓံ ဉာတိဗျသန အစရှိတဲ့ လောကဓံဆိုးတာတွေနဲ့ တွေ့ကြုံဆုံဆည်းလို့ ငိုစရာကြုံတောင်မှ ငိုတာကို ပုံကြီးမချဲ့ပဲနဲ့ မဲ့ရုံလေးမဲ့တဲ့ ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားကြတယ်။ ဒါတော်တာပဲတဲ့။

**"လောကဓမ္မ သုခတွေ့ကြုံ ရယ်ဖို့ကြုံလဲ ရယ်ပုံမသုံး ပြုံးရုံ ပြုံးလော့"**တဲ့။ အကောင်းလောကဓံနဲ့ကြုံရင်လဲ ဟက်ဟက်ပက်ပက် မရယ်ပဲ ပြုံးရုံပြုံးကြတယ်။ **"ဥုံ ကောင်းဆိုးနှစ်တန် လောကဓံ ခံနိုင်သူမှ လူတော်ကွ"**ဟူ၍လည်း ပညာရှင်များ မိန့်ကြတဲ့အတိုင်း လောကဓံ အဆိုးအကောင်းတွေကို ခံနိုင်ရည်ရှိကြဖို့အရေး တရားအလေးထား အားထုတ်ကြပါဟု ပြောကြားရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

# (၂၅)ကြိမ်မြောက် လယ်တီဝိပဿနာ

## စိတ်

သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ ပြာသိုလပြည့်ကျော် (၁၅)ရက်နေ့။

(၂၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ။ ယနေ့ လယ်တီဝိပဿနာ တရားစခန်းဖွင့်ပွဲမှာ မိမိတို့ ယောဂီသူတော်စင်များသန္တာန်မှာ အဓိကထိမ်းသိမ်းပြီး သန့်စင်ပြီးနေရတဲ့ တရားက ဘာလဲဆိုတော့ စိတ်ပါပဲ။

အဲဒီစိတ်ဟာ **"အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"** ဆိုတဲ့စကားအတိုင်း အဲဒီစိတ်ကလေးဟာ အာရုံကိုယူတတ်တဲ့ အသိကလေးတဲ့။ ဝိညာဏ်လို့လဲ ခေါ်ကြပါတယ်။

http://www.dhammadownload.com



အဲဒီစိတ်ကို ခွဲခြားမယ်ဆိုရင် မတင့်တယ်တဲ့စိတ်၊ တင့်တယ်တဲ့ စိတ်လို့ ဒီလို (၂)မျိုး ခွဲခြားရမှာပါပဲ။ ယောဂီများကြားဘူး နေတဲ့အတိုင်း အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်လို့ ဒီလိုလဲ ခွဲခြားရပါတယ်။ တစ်နည်းအားဖြင့် လောကီစိတ်၊ လောကုတ္တရာစိတ်လို့ ဒီလိုလဲပြောလို့ရပါတယ်။ ယနေ့ အထူးသဖြင့် ပြောချင်တာကတော့ မတင့်တယ်တဲ့စိတ်နဲ့ တင့်တယ်တဲ့စိတ်။ မတင့်တယ်တဲ့စိတ်ဆိုတာ အပြစ် မကင်းဘူး။ အပြစ်မကင်းတဲ့အတွက်ကြောင့်မို့ မတင့်တယ်ဘူး။ တင့်တယ် တဲ့စိတ်ဆိုတာ အပြစ်ကင်းတယ်။ အပြစ်ဆိုတာ ဘာတွေလဲလို့ဆိုရင် လောဘ, ဒေါသ, မောဟ အစရှိတဲ့အပြစ်တွေ၊ အဲဒီအပြစ်တွေကင်းတဲ့ စိတ်တွေကိုတော့ တင့်တယ်တဲ့စိတ်။

အဲဒီစိတ်နဲ့တွဲပြီး ဖြစ်နေတာက စေတသိက် အဓိကအားဖြင့် တော့ စိတ်ကိုဆုံးမကြရတယ်။ အဲဒီစိတ်ကလေးက-

**ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ**

ရဟန်းတို့ ဒီစိတ်ကလေးဟာ အင်မတန်စင်ကြယ်တယ်။ အရောင်များထွက်နေသလိုပါပဲ။ စိတ်ကလေးဟာ စင်ကြယ်တယ်။

**တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကလိဋ္ဌံ၊**

အဲဒီ ဖြူစင်နေတဲ့ အရောင်ထွက်မတတ် ဖြူစင်သန့်ရှင်းနေတဲ့ စိတ်ကလေးဟာ ဧည့်သည်သဖွယ်ဖြစ်တဲ့ ဇောစိတ်တွေကြောင့် ညစ်နွမ်းရ တယ်။ အဲဒီတော့ အာဂန္တု ဧည့်သည်ဖြစ်တဲ့ တရားတွေက လွှမ်းမိုးသွားလို့ စိတ်ကလေးဟာ ညစ်နွမ်း တတ်ပါတယ်။ နဂိုအနေအထားကနေပြီးတော့ ပြောင်းပြီးတော့ သွားတတ်တယ်။

## စေတသိက်

စိတ်နဲ့တွဲပြီးတော့ မှီတွယ်ချယ်လှယ်ပြီးတော့နေတဲ့ တရားတွေ ရှိတယ်။ အဲဒီတရားတွေကို ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက **"စိတ်၌မှီတွယ် စိတ်ကိုချယ် ငါးဆယ်နှင့်ဒွိက် စေတသိက်"**

http://www.dhammadownload.com



စေတသိက်ဆိုတာ စိတ်ကိုမှီပြီး ချယ်လှယ်နေတာပါပဲ။ အဲဒီတရား တွေဟာ (၅၂)မျိုးရှိတယ်။ အဲဒီ (၅၂)မျိုးထဲမှာလဲပဲ မတင့်တယ်တဲ့စိတ် တွေနဲ့ ယှဉ်တွဲပြီးတော့နေတဲ့ တရားဆိုး၊ တရားပျက်က (၁၄)မျိုးရှိတယ်။ အပြစ်ကင်းတဲ့ တင့်တယ်တဲ့ စိတ်တွေနဲ့ တွဲပြီးတော့နေတဲ့ စေတသိက် ကောင်းတွေကလဲ (၂၅)မျိုးရှိတယ်။ **"ကောင်းဆိုးနှစ်တန် ခပ်တိုင်းငန် သမန်အည တေရသ"**။ တင့်တယ်တဲ့စိတ်နဲ့လဲ တွဲလိုက်တာပဲ။ မတင့်တယ်တဲ့စိတ်နဲ့လဲ တွဲလိုက်တာပဲ။ ဆားများလို ခပ်တိုင်းငန်တဲ့ အညသမန်း စေတသိက်က (၁၃)မျိုးရှိတယ်။ အပြစ်ကင်းပြီးတော့ တင့်တယ်ကောင်း မြတ်တဲ့စေတသိက်က ဘယ်လောက်ရှိသလဲဆိုရင် (၂၅)မျိုးရှိတယ်။

ယနေ့ ယောဂီသူတော်စင်များ (၂၅)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း တရားဝင်ကြတယ်ဆိုတာ အဲဒီ အပြစ် ကင်းပြီးတော့ တင့်တယ်တဲ့စိတ်တွေ စေတသိက်တွေ၊ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ တင့်တယ်တဲ့စိတ်နဲ့ ယှဉ်ပြီးဖြစ်တဲ့ စေတသိက် (၂၅)မျိုး မိမိတို့သန္တာန်မှာ အဖန်ဖန်အထပ်ထပ် ဖြစ်ပွားအောင် အားထုတ်ကြတာ ပါပဲ။ အဲဒါကြောင့်မို့ (၂၅)မျိုးသော စိတ်နဲ့တွဲယှဉ်နေတဲ့ စေတသိက် တွေက ဘာတွေလဲ။ နည်းနည်းပါးပါး ထုတ်ကြည့်ရအောင်။ ယောဂီတွေ က သီလယူထားတော့-

(က)သမ္မာဝါစာ စေတသိက်

"မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေး ခြောက်ချိန်း အပြိန်းစကား နေ့စဉ်ပွား"တာကနေ ရှောင် ကြဉ်တဲ့တရား။

( ခ)သမ္မာကမ္မန္တ

"သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ" ဆိုတဲ့ ကာယ ဒုစရိုက် (၃)ပါးတို့မှလဲ ရှောင်ပြီးသားဖြစ်တယ်။

http://www.dhammadownload.com



( ဂ)သမ္မာအာဇီဝ

"အသက်မွေးမှုကို အကြောင်းပြုပြီးတော့ သူများ အသက်သတ်ခြင်း၊ သူများဥစ္စာခိုးခြင်း အစရှိသဖြင့် ကာယ၊ ဝစီဒုစရိုက် (၇)မျိုးမှ ရှောင်ပြီးတော့ နေတဲ့အခါ သမ္မာအာဇီဝ စေတသိက်လဲ မိမိသန္တာန်မှာ ကိန်းဝပ်တယ်။

အခုသီလယူလိုက်တာနဲ့ အလိုလိုကိန်းဝပ်ပြီးတော့ သွားတယ်။ အဲဒီလို ကောင်းတဲ့စေတသိက်တွေရှိဖို့ရန်အတွက် စေတသိက် ကောင်းမွန်တဲ့ **"သဒ္ဓါ"**ဆိုတဲ့ စေတသိက်ကလဲ အရင်းခံရတယ်။ သဒ္ဓါ သည် လက်, မျိုးစေ့, ပတ္တမြားနဲ့ တူတယ်။ ယောဂီသူတော်စင်များ နေ့စဉ်နေ့တိုင်း အကြိမ်ကြိမ် မေတ္တာပွားရတယ်။ အကြိမ်ကြိမ် ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုပြီးတော့ သနားခြင်း **"ကရုဏာ"** ဖြစ်တယ်။ သုခိတသတ္တဝါပညတ်ကို အာရုံပြုပြီးတော့ **"မုဒိတာ"** စေတသိက်တွေလဲ ဖြစ်ပွားတယ်။ အဲဒီတော့ ကမ္မဋ္ဌာန်းပိုင်းမှာတော့ အတိုင်းမရှိ ချမ်းသာတဲ့ သတ္တဝါ၊ ဆင်းရဲတဲ့သတ္တဝါတို့အပေါ်မှာ ဝမ်းမြောက်ခြင်း၊ သနားခြင်းဆိုတဲ့ ဒီတရားတွေ။ ကမ္မဋ္ဌာန်းပိုင်းမှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ရယ်လို့ လေးမျိုး။ ဘုန်းကြီးတို့ တင့်တယ်တဲ့ စေတသိက် (၂၅)မျိုးမှာ ဟောတာကတော့ (၂)မျိုးကို အဓိကထားပါတယ်။ အဲဒီ (၂)မျိုးကလဲ နေ့စဉ်နေ့တိုင်း ကမ္မဋ္ဌာန်းပိုင်းလာတဲ့ အပ္ပမညာလေးမျိုး မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာလဲပဲ နေ့စဉ်နေ့တိုင်း ဖြစ်ပွားခွင့် ရကြပါတယ်။

**"ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ"** စသည် ရွတ်ပွားနေတော့ ကောင်းတဲ့ တင့်တယ်တဲ့တရားတွေ ဖြစ်ပွားပြီးတော့ နေပါတယ်။ အဲဒီလို **"ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"**ဆိုတဲ့ မေတ္တာပွားတာတို့။

**"အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု"** အစရှိသည်ဖြင့် ဗြဟ္မာဝိဟာရ ဗြဟ္မစိုရ်တရားများ ပွားများတာ ဒီလေးမျိုးက ပညတ်ကိုပဲ

http://www.dhammadownload.com



အာရုံပြုပါတယ်။ ပညတ်ကိုပဲ အာရုံပြုတော့ ဝိပဿနာပိုင်း မရောက်ဘူးတဲ့။ သမထပိုင်းမှာပဲ ရှိပါသေးတယ်။ ဒီသမာဓိမျိုးတွေလဲပဲ ဖြစ်ပွားပါလိမ့်မယ်။ အပ္ပမညာ စေတသိက်လို့ သီးခြားခေါ်ရတာ။ တကယ်တော့ အပြစ်ကင်းပြီးတော့ တင့်တယ်တဲ့ စေတသိက်တရား ဖြစ်ပွားပါလိမ့်မယ်။ သဒ္ဓါ၊ ရတနာသုံးပါး၊ ကံ,ကံ၏အကျိုးကို ယုံကြည်တတ်တဲ့ သဒ္ဓါ၊ ဒီသဒ္ဓါတရား အခြေခံပြီးတော့ တရားစခန်း ဝင်ကြတာကိုး။ အထူးသဖြင့် သတိ။ အပြစ်ကင်းပြီးတော့ တင့်တယ်တဲ့ စေတသိက်ထဲမှာ ဟောဒီ "သတိ"။ ယနေ့ တရားအားထုတ်တဲ့အချိန်က စပြီးတော့ ထွက်လေ ဝင်လေကို ရှုမှတ်ရတာ။ နှာသီးဖျားက ထွက်လေ၊ ဝင်လေကို သတိနဲ့ကပ်ပြီး ရှုမှတ်ပြီးတော့ ကာယာနုပဿနာသတိပဋ္ဌာန် အလုပ်အားထုတ်ကြရတာ။ အပြစ်ကင်းပြီး တင့်တယ်တဲ့ သတိခေါ်တဲ့ စေတသိက်တွေ အကြိမ်ပေါင်းများစွာ ဖြစ်ပွားပြီးတော့နေမှာပါပဲ။ အဲဒီတော့ နောက်နားက (၂၅)မျိုးထဲမှာ ကာယပဿဒ္ဓိ စေတသိက်တွေ ငြိမ်းချမ်း၊ စိတ္တ ပဿဒ္ဓိ- စိတ်ငြိမ်းချမ်းမှုတွေ အဲဒီသတိကို အခြေခံပြီးတော့ ရပါလိမ့်မယ်။ အထူးသဖြင့် သမထအပိုင်းပြီးတဲ့အခါမှာ ပညိန္ဒြေခေါ်တဲ့ အပြစ်ကင်းပြီး တင့်တယ်တဲ့ စေတသိက် (၂၅)မျိုးတို့တွင် သိမှု မြင်မှုမှာ အစိုးရတဲ့ စေတသိက်တစ်မျိုး ရှိပါတယ်။ အဲဒီ စေတသိက်ဟာ အင်မတန် အရေးကြီးပါတယ်။ သူ့ကို ရရှိဖို့ရန်အတွက် အားထုတ်ကြရမှာပါပဲ။ အဲဒါကို ပညိန္ဒြေ သိမှု မြင်မှုမှာ အစိုးတရဖြစ်တဲ့ အပြစ်ကင်းပြီး တင့်တယ်တဲ့ သောဘဏစေတသိက် တစ်မျိုးပါပဲ။ ဒါကြောင့်မို့ အပြစ် ရှိပြီး မတင့်တယ်တဲ့ လောဘ, ဒေါသ, မောဟ, အဟိရိက, အနောတ္တပ္ပ အစရှိတဲ့ စေတသိက်တွေကင်းပြီး တစ်နည်းအားဖြင့် လောဘ, ဒေါသ, မောဟ အစရှိတဲ့ အပြစ်တွေကင်းတဲ့ စေတသိက် (၂၅)မျိုး မိမိတို့ရဲ့ စိတ်မှာ အဲဒီစေတသိက် (၂၅)မျိုးနဲ့ တွဲယှဉ်ပြီးတော့ ဖြစ်ပွားအောင် အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပထမနေ့ဟောစဉ်

### မိထွေးတော်ဂေါတမီ

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၁)ရက်။ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ဓမ္မကထာစတင်ပြီးတော့ ဟောကြားပါတယ်။ ယနေ့ ဟောကြားမယ့် ဓမ္မကထာကတော့ မိထွေးတော် ဂေါတမီနဲ့ ပတ်သက်တဲ့ အချက်အလက်တွေပါပဲ။ မြတ်စွာဘုရား ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတိုက်ကြီးမှာ သီတင်းသုံးပြီးနေတော် မူတဲ့အချိန်။ မိထွေးတော် ဂေါတမီကလဲ အခြံအရံမိဖုရားတွေနဲ့ အတူတကွ နန်းဘုံဗိမာန်ကနေ ခုန်ဆင်းပြီးတော့ မြတ်စွာဘုရားဆီ လာရောက်ပြီး ရဟန်းပြုခွင့်တောင်းတယ်။

အဲဒီလို ရဟန်းပြုခွင့်တောင်းတဲ့အခါ မြတ်စွာဘုရား ခွင့်ပြုတော်မမူပဲနဲ့ ကပိလဝတ်ပြည်ကနေ ဝေသာလီပြည် ကြွတော်မူပါတယ်။ ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန် အထွဋ်တင်အပ်တဲ့ကျောင်းမှာ သီတင်းသုံးတော်မူတဲ့အခါ မိထွေးတော် ဂေါတမီတို့ မိဖုရားကြီးတွေ အပင်ပန်းခံပြီး ကပိလဝတ်ပြည်က ဝေသာလီပြည်ကို ခြေလျင်လိုက်ကြတယ်။ အဲလို လိုက်တဲ့အခါကျတော့ ခြေထောက်တွေလဲ သွေးခြေဥလို့ ခန္ဓာကိုယ်ကလဲ ပင်ပန်း၊ စိတ်မသက်သာ နှလုံးမသာဖြစ်ပြီးတော့ မျက်ရည်နဲ့မျက်ခွက် ဆိုပါစို့။ မဟာဝုန်တော စုလစ်မွန်းချွန် အထွဋ်တင်တဲ့ ကျောင်းတံခါးမုခ်ဝမှာ ရပ်ပြီးတော့ နေကြတဲ့အခါ အရှင်အာနန္ဒာနဲ့ တွေ့တယ်။

အရှင်အာနန္ဒာနဲ့ တွေ့တဲ့အခါ "မိထွေးတော် ဘာကြောင့် ဒီတံခါးမုခ်နားမှာ ရပ်နေကြသလဲ"လို့ မေးတော့။ "သားတော်ဘုရားထံ ရဟန်းပြုခွင့်တောင်းတာ မရသေးလို့ မယ်တော်တို့ ဆံပင်ကိုပယ် ဖန်ရေဆိုးတဲ့အဝတ်ကို ဝတ်ပြီး ကပိလဝတ်ပြည်က ဝေသာလီပြည် မဟာဝုန်တောမှာရှိတဲ့ ဒီကျောင်းအရောက် ခြေလျင်လျှောက်ပြီး ပင်ပင်ပန်းပန်းနဲ့ လိုက်လာခဲ့ကြတာပါ"လို့ လျှောက်တယ်။

http://www.dhammadownload.com



"ဒီလိုဆိုရင် မယ်တော်တို့ ဒီအနားမှာပဲ နေကြဦး"လို့မှာခဲ့ပြီး အရှင်အာနန္ဒာက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မိထွေးတော်နှင့်အခြံအရံ (၅၀၀)တို့အား ရဟန်းပြုခွင့်ပေးပါရန် (၃)ကြိမ် (၃)ခါ ခွင့်တောင်းသော်လဲ ခွင့်ပြုတော်မမူဘူး။ ခွင်ပြုချက်မရတဲ့ အခါမှာ အရှင်အာနန္ဒာက ဘာမေးလျှောက်လိုက်သလဲဆိုတော့-

**ဘဗ္ဗောနုခေါ ဘန္တေ မာတုဂါမော အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇိတွာ သောတာပတ္တိဖလံဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံဝါ အရဟတ္တ ဖလံဝါ လဒ္ဓုံ။**

မြတ်စွာဘုရား မာတုဂါမများ ရဟန်းပြုပြီးတော့ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ခေါ်တဲ့ တရားထူးတရားမြတ်များ ရနိုင်ပါသလား ဘုရားလို့ အဲဒီလို မေးလိုက်တဲ့အခါ မြတ်စွာဘုရားက-

"ဘဗ္ဗော အာနန္ဒ= အာနန္ဒာ အမျိုးသမီးများ ရဟန်းဝတ်ပြီးတော့ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်များ ရနိုင်တယ်၊ ရထိုက်တယ်။ အဲဒီလို မာတုဂါမများ တရားထူးရထိုက်တယ်ဆိုရင် ဘုရားမယ်တော်ကြီး မိထွေးတော် ဂေါတမီနှင့် မာတုဂါမများအား ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"လို့ လျှောက်ထားပြန်တယ်။

မြတ်စွာဘုရားက အလေးအမြတ်ထား ကျင့်ကြံလိုက်နာရမည့် ဂရုဓံတရား(၈)ပါး ဟောကြားတော်မူပါတယ်။ အလေးအမြတ်ထားပြီးတော့ လိုက်နာဆောင်ရွက်ရမယ့်တရားမျိုး။ အဲဒီ (၈)မျိုးလိုက်နာမယ်ဆိုရင် မာတုဂါမများ ရဟန်းပြုခွင့်ပေးမယ်ဆိုတော့။ မိထွေးတော်ဂေါတမီက အမျိုးသမီးတစ်ဦးဟာ မြတ်လေးပန်းကိုရတဲ့အခါ အမြတ်တနိုးပန်ဆင်သလို မြတ်စွာဘုရား မိန့်ကြားတော်မူသည့် ဂရုဓံ(၈)မျိုးကို ဦးထိပ်ရွက်ပန်ဆင် ကျင့်သုံးပါမယ်ဘုရားလို့ အဲဒီလို လျှောက်ထားပြီး ရဟန်းပြုခွင့်ရပါတယ်။ ရဟန်းပြုခွင့်ရပြီးတော့ မိထွေးတော်ဂေါတမီက တရားတောင်းပြန်တယ်။ တရားဘယ်လိုတောင်းသလဲဆိုတော့-

http://www.dhammadownload.com



**သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု ယံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။**

ဘန္တေ= ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို- မြတ်စွာဘုရား၊ သာဓု အာယာစာမိ= တရိုတသေ တောင်းပန် လျှောက်ထားပါ၏။ မေ= အကျွန်ုပ်အား၊ သံခိတ္တေန= အကျဉ်းချုပ်အား ဖြင့်၊ ဓမ္မံ= တရားတော်ကို၊ ဒေသေတု= ဟောတော်မူပါဘုရား။

မြတ်စွာဘုရား တောင်းပန်လျှောက်ထားပါတယ် ဘုရား။ တရားအကျဉ်းချုပ် ဟောကြားတော်မူပါ။ ယံ= အကျဉ်းချုပ် ဟောကြား တော်မူသော အကြင်တရားကို၊ သုတွာ= ကြားနာရသည်ရှိသော်၊ ဧကော= ဖေးသူ့မသူ ဘယ်သူမခေါ် အဖေါ်နှင့်ခွဲ တစ်ယောက်ထဲသာလျှင်၊ ဝူပကဋ္ဌော= အာရုံများစွာ ဖဲကြဉ်ခွာ၍ ဆိတ်ငြိမ်ရာသို့ ကပ်၍သာလျှင်၊ မြတ်စွာဘုရား တရားတော် နာကြားပြီးတော့ တစ်ယောက်ထဲ ဆိတ်ဆိတ် ငြိမ်ငြိမ် နေရာလေးမှာနေပြီးတော့ လောကအာရုံတွေနဲ့ ကင်းကွာပြီးတော့ အပ္ပမတ္တော= မမေ့မလျော့၊ ပဟိတတ္တော= ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်မိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍၊ အာတာပီ= ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍၊ ဝိဟရေယျံ= နေနိုင်ရာပါ၏။ တံ= ထိုတရားမျိုးကို၊ ဒေသေတု= ဟောတော်မူပါ၊ ဟောတော်မူစေချင်ပါ၏ဘုရား။

မြတ်စွာဘုရားတရားတော်ကို နာကြားပြီး တစ်ယောက်တည်း တည်း ဆိတ်ငြိမ်တဲ့နေရာလေးမှာ နိဗ္ဗာန်သို့ စေလွှတ်အပ်တဲ့ စိတ်ရှိပြီး လုံ့လဝီရိယနဲ့ ဇွဲသန်သန်နဲ့ နေနိုင်မည့်တရားမျိုးကို ဟောကြားတော်မူ ပါဘုရား။ အဲဒီတော့ မြတ်စွာဘုရားက တရားအကျဉ်းချုပ် ဟောဒီလို ဆက်ဟောပါတယ်။

http://www.dhammadownload.com



**ယေတေ ဂေါတမီ ဓမ္မေ ဇာနေယျာသိ၊**
**ဣမေ ဓမ္မာ သရာဂါယ သံဝတ္တန္တိ နော ဝိရာဂါယ၊**
**နေသော ဓမ္မော နေသော ဝိနယော နေတံ သတ္ထုသာသနံ။**

ဂေါတမီ ဒီတရားတွေဟာ တပ်မက်ခြင်းရာဂဖြစ်ဖို့ရာ ဖြစ်တယ်။ တပ်မက်ခြင်း ကင်းဖို့မဖြစ်ဘူးဆိုရင်- နေသော ဓမ္မော= အဲဒါ ဓမ္မ မဟုတ်ဘူး။ နေသော ဝိနယော= အဲဒါ ဝိနည်းလဲ မဟုတ်ဘူး။ နေတံ သတ္ထုသာသနံ= အဲဒါ ငါဘုရားရဲ့ အဆုံးအမ မဟုတ်ဘူး။ တရားတွေကို အကဲခတ်ကြည့်လိုက်ပါတဲ့။ ဒီတရားတွေဟာ ဝိတရာဂါယ= တပ်မက်ခြင်းရာဂ ကင်းဖို့ဖြစ်တဲ့ တရားတွေဆိုရင်- ဧသော ဓမ္မော= အဲဒါ ဓမ္မ အစစ်ပဲ။ ဧသော ဝိနယော= အဲဒါ ဝိနယအစစ်ပဲ။ ဧတံ သတ္ထုသာသနံ= အဲဒါ ငါဘုရားရဲ့ အဆုံးအမပဲ။

တရားတွေကို အကဲခတ်ကြည့်လိုက်တဲ့။ ဒီတရားတွေဟာ ရာဂခေါ်တဲ့ တပ်မက်ခြင်းကင်းမယ်ဆိုရင် အဲဒီတရားတွေဟာ ငါဘုရားရဲ့ အဆုံးအမမှန်တယ်။ ဝိနယလဲ ဟုတ်တယ်။ ငါဘုရားရဲ့ အဆုံးအမလဲ ဟုတ်တယ်။ နောက်တစ်ဆင့် တက်ပြီးတော့-

**ယေတေ ဂေါတမီ ဓမ္မေ ဇာနေယျာသိ၊ ဣမေ ဓမ္မာ သညောဂါယ သံဝတ္တန္တိ၊ နောဝိသညောဂါယ။**

မယ်တော်ဘုရား နတ်ရွာလားသည့်နောက် သားရင်းပမာ မွေးမြူလာခဲ့တဲ့ မိထွေးတော် ဂေါတမီ၊ တရားတွေကို အကဲခတ်လိုက်တဲ့။ ဒီတရားတွေဟာ သံယောဇဉ်ကြီးဖြစ်ပွားဖို့ဖြစ်ရင် အဲဒါ ဓမ္မလဲ မဟုတ်ဘူး။ ဝိနယလဲ မဟုတ်ဘူး။ ငါဘုရားရဲ့ အဆုံးအမလဲ မဟုတ်ဘူး။ ဒီတရားတွေဟာ သံယောဇဉ်ကြီး ဖြတ်ဖို့အတွက် ဖြစ်တယ်ဆိုရင် အဲဒါ ဓမ္မလဲမှန်တယ်။ ဝိနယလဲ မှန်တယ်။ ငါဘုရားရဲ့ အဆုံးအမလဲ မှန်တယ်။ နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက တရားတွေကို ခန့်မှန်းကြည့်လိုက်။ ဒီတရားတွေဟာ စုတိ, ပဋိသန္ဓေ သို့ရောက်ကြောင်း တရားတွေ ဖြစ်တယ်လို့ဆိုရင် အဲဒါ ဓမ္မဝိနယ မဟုတ်ဘူး။ ငါဘုရားရဲ့ အဆုံးအမ

http://www.dhammadownload.com



မဟုတ်ဘူး။ စုတိပဋိသန္ဓေကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း တရားတွေ တွေ့ပြီဆိုရင် အဲဒီ တရားတွေဟာ ဓမ္မ၊ ဝိနယ ငါဘုရားရဲ့ အဆုံးအမ မှန်တယ်။

ဒီတရားတွေဟာ အလိုကြီးဖို့ဖြစ်တယ်ဆိုရင် အဲဒီတရားတွေဟာ ဓမ္မ၊ ဝိနယ မဟုတ်ဘူး။ ငါဘုရားရဲ့ အဆုံးအမ မဟုတ်ဘူး။ ဒီတရားတွေဟာ အလိုနည်းဘို့ ဖြစ်တယ်ဆိုရင် အဒါ ဓမ္မ၊ ဝိနယ၊ ငါဘုရားရဲ့ အဆုံးအမဖြစ်တယ်။ ဒီတရားတွေဟာ ရောင့်ရဲ တင်းတိမ်ဖို့ဖြစ်တယ် ဆိုရင် အဲဒီတရားတွေဟာ ဓမ္မ၊ ဝိနယ၊ ငါဘုရားရဲ့ အဆုံးအမဖြစ်တယ်။ ဒီတရားတွေဟာ ရောင့်ရဲတင်းတိမ်ဘို့ မဖြစ်ဘူးဆိုရင်တော့ အဲဒါ ဓမ္မ၊ ဝိနယ မဟုတ်ဘူး။ ငါဘုရားရဲ့အဆုံးအမလဲ မဟုတ်ဘူး။ အဲဒီတော့ သန္တုဋ္ဌိ ရောင့်ရဲတယ်၊ ရောင့်ရဲတယ်ဆိုတာ မိမိဥစ္စာဖြင့် ရောင့်ရဲခြင်း၊ ထင်ရှားရှိသောဥစ္စာဖြင့် ရောင့်ရဲခြင်း၊ မိမိဥစ္စာနဲ့ ရောင့်ရဲတာလဲ ရောင့်ရဲတာပါပဲ။ သို့မဟုတ် ထင်ရှားရှိသောဥစ္စာဖြင့် ရောင့်ရဲခြင်းဟာလဲ ရောင့်ရဲခြင်းပါပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် **"ယထာ လာဘသန္တောသ"** မိမိရတာနဲ့ ရောင့်ရဲတယ်။ **"ယထာ ဗလ"**ဆိုတာ မိမိရဲ့အင်အား အားလျော်စွာ မိမိရဲ့ပစ္စည်းပစ္စယ သုံးဆောင်ပြီးတော့ နေတာဟာ ရောင့်ရဲခြင်းတစ်မျိုးဘဲ။ တစ်နည်းအားဖြင့် မိမိနဲ့လျော်တဲ့ တည့်တဲ့ အစာအာဟာရစသည် သုံးဆောင်ပြီးတော့ နေခြင်းဟာလဲ သန္တုဋ္ဌိ တစ်မျိုးပါပဲ။

ဒီတရားတွေဟာ ရောင့်ရဲဖို့မဟုတ်ဘူး ဆိုရင်တော့ဖြင့် အဲဒီတရားဟာ ဓမ္မ၊ ဝိနယလဲ မဟုတ်ဘူး။ ငါဘုရားရဲ့ အဆုံးအမလဲ မဟုတ်ဘူး။ အကယ်၍ မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေဟာ ရောင့်ရဲဖို့ဖြစ်တယ်။ တင်းတိမ်ဖို့ဖြစ်တယ်ဆိုရင် အဲဒါ ဓမ္မ၊ ဝိနယပဲ။ ငါဘုရားရဲ့ အဆုံးမအမှန်ဘဲ။

**"ဣမေ ဓမ္မာ သင်္ဂဏိကာယသံဝတ္တန္တိ"**၊ ဣမေဓမ္မာ= ဤတရားတို့သည်၊ သင်္ဂဏိကာယ= အပေါင်းအဖော် ရဟန်းရှင်လူတွေနဲ့ ဆက်ဆံ

http://www.dhammadownload.com



ပေါင်းသင်းနေရမှ ကျေနပ်တယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကိလေသသင်္ဂဏိက= ကိလေသာ အပေါင်းအလျော်တွေနဲ့နေရမှ လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာအပေါင်းတွေနဲ့နေရမှ နေတတ်တယ်။ အဲဒီလိုဆိုရင် နေသောဓမ္မော= ဓမ္မမဟုတ်ဘူး။ နေသောဝိနယော= ဝိနယလဲ မဟုတ်ဘူး။ နေသံ သတ္ထုသာသန= ငါဘုရားရဲ့အဆုံးအမလဲ မဟုတ်ဘူး။ အကယ်၍များ မိမိသန္တာန်မှာရှိတဲ့ မိမိတွေ့ကြုံနေရတဲ့ တရားတွေဟာ ရဟန်းရှင်လူ ပရိသတ်တွေရဲ့အလယ်မှာ ပရိသတ်တွေနဲ့ ပျော်မွေ့နေတာလဲ မဟုတ်ဘူး။ ပျော်မွေ့ဖို့ရာလဲ မဟုတ်ဘူး။ ကိလေသာတွေနဲ့ ပျော်မွေ့ဖို့ရာလဲ မဟုတ်ဘူး။ အဲလိုဆိုရင်- ဧသော ဓမ္မော= အဲဒါ ဓမ္မပဲ။ ဧသော ဝိနယော= အဲဒါ ဝိနယဘဲ။ ဧသံ သတ္ထုသာသနံ= အဲဒါ ငါဘုရားအဆုံးအမပဲ။

**ဣမေ ဓမ္မာ ဂောသဇ္ဇာယ သံဝတ္တန္တိ၊ နောဝိရိယာရမ္ဘာယ။**

တရားတွေကိုကြည့်လိုက်တဲ့။ ဒီတရားတွေဟာ ပျင်းရိဖို့ရာ ဖြစ်တယ်။ ဝီရိယအတွက် အထောက်အကူမဟုတ်ဘူးဆိုရင် မိမိသန္တာန်မှာဖြစ်နေတဲ့ တရားတွေကိုကြည့်လိုက်တဲ့။ ဝီရိယဖြစ်ဖို့တရားတွေဆိုရင် အဲဒါ ဓမ္မလမ်းကြောင်းအမှန်ပဲ။ အဲဒါ ဝိနယလမ်းကြောင်းအမှန်ပဲ။ အဲဒါ ငါဘုရားရဲ့အဆုံးအမပဲ။ မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေကို အခြေခံပြီးတော့ **"ဒုဗ္ဘရတာယ"** မွေးမြူရတာခက်လို့ရှိရင် အချဉ်လေး ရပြန်တော့ အချိုလေး၊ အချိုလေးရပြန်တော့ အချဉ်အရသာလေးမှ အဲဒီလိုဖြစ်နေရလို့ရှိရင်လဲ မိမိခန္ဓာကိုယ် မွေးမြူရခက်ပြီ။

လွန်ခဲ့တဲ့ (၃)နှစ်လောက်က သကြ်န်တွင်းတရားစခန်း။ အဲဒီတရားစခန်းမှာ ဒကာမကြီးတစ်ယောက်က တရားစခန်းမှာ ကျွေးတဲ့ ဆန်က ကြမ်းတယ်ဆိုပြီးတော့ သူ့အိမ်က ဆန်တစ်အိတ်မှာတယ်။ မှာတော့ ဆန်တစ်အိတ်လာပို့တာ။ ကောင်းပုံရပါတယ်။ ချက်တဲ့ပြုတ်တဲ့ ဝေယျာဝစ္စလုပ်တဲ့လူတွေကအဲဒါကို သတိမထားမိဘူး။ အခါတိုင်းချက်သလိုပဲ ဆန်ကြမ်းပဲချက်ပါတယ်။ အဲဒီတော့ ထမင်းပွဲမှာ မျက်ရည်ပေါက်

http://www.dhammadownload.com



တွေကျပြီးတော့နေတာ ဘာဖြစ်လို့လဲဆိုတော့ ဆန်ကြမ်းလို့တဲ့။ တရားအားထုတ်တဲ့အခါမှာတော့ ဆန်အကြမ်းကြောင့် မိမိကိုယ်ကို မွေးမြူရတာ ခက်လို့ရှိရင်မဖြစ်ပဲကိုး။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မုံရွာဟိုဘက်က ရွှေတောင်ဦးမှာ သီတင်းသုံးပြီးနေတော့ လက်ခုပ်ပင်တို့၊ အောက်မိုးတို့ ရွာတွေမှာ ဆွမ်းခံပြီးတော့ ဘုဉ်းပေးတာ။ နောက်ကလိုက်ပြီးတော့ပြုစုတဲ့ လယ်တီပဏ္ဍိတကိုယ်တော်ကလဲ ပါတယ်။ ဆရာတော်ဘုရားကြီးကတော့ ရွာလေးတွေက ဆွမ်းခံလို့ရသမျှ ပြောင်းဆွမ်းလဲ ဘုဉ်းပေးတယ်။ ဆန်ကြမ်းဆွမ်းလဲ ဘုဉ်းပေးတယ်။ ဦးမောင်ကြီး လယ်တီပဏ္ဍိတ အရှင်ကတော့ ငယ်လဲ ငယ်သေးတာကိုး။ သူကတော့ မုံရွာက ယူသွားတဲ့ နို့ဆီဘူးတို့ ဘာတို့ပေါ့။ ကောင်းနိုးရာရာလေးတွေ ဆရာတော်ဘုရားကြီး ပြုစုရင်းနဲ့ ဘုဉ်းပေးနေတယ်။ ဆရာတော်ဘုရားကြီး သိသွားတော့ "ပဏ္ဍိ- နင့်ဒီကိုခေါ်လာတာ ဒီလိုအစားကောင်း အသောက်ကောင်း စားရအောင်လို့ ခေါ်လာတာမဟုတ်ဘူး"လို့ ဆုံးမတယ်။ ဆရာတော်ဘုရားကြီးကတော့ သန္တုဋ္ဌိသလ္လေခ အရာမှာ ပြောစရာမလိုဘူး။ အားရကြည်ညိုဖွယ် ကောင်းလှပါတယ်။

အဲဒီတော့ မိမိကိုယ်ကို မိမိမွေးမြူလွယ်ဖို့ အတော်အရေးကြီးတာကိုး။ တစ်ခါတစ်ရံ မိမိကစားချင်တာက အချိုလေးစားချင်တာ။ ဒါပေမယ့် အချဉ်ဖြစ်ချင် ဖြစ်နေတတ်တယ်။ မိမိကိုယ်ကို မွေးမြူလွယ်ဖို့က အရေးကြီးတာကိုး။ မိမိကိုယ်ကို မွေးမြူလွယ်မှ ဒီတရားတွေကို မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေဟာ မိမိကိုယ်မွေးမြူဖို့ လွယ်သလား၊ မလွယ်ဘူးလား။ မိမိကိုယ် မွေးမြူဖို့ခက်နေရင် နေသော ဓမ္မော= ဒါဓမ္မလမ်းစဉ် မဟုတ်ပါဘူး။ နေသော ဝိနယော= ဒါဝိနယ လမ်းစဉ် မဟုတ်ပါဘူး။ နေတံ သတ္ထုသာသနံ= ဒါငါဘုရား အဆုံးအမ မဟုတ်ပါဘူး။

http://www.dhammadownload.com



အကယ်၍ မိမိဟာ ချိုတာရသည်ဖြစ်စေ၊ ချဉ်တာရသည်ဖြစ်စေ ချိုတဲ့အစာအာဟာရကို စားချင်တဲ့အချိန်မှာ ချဉ်တာ ရနေရင်လဲ ချဉ်တဲ့အာဟာရနဲ့မျှတနိုင်ပြီဆိုရင် မိမိကိုယ်ကို မွေးမြူနိုင်ပြီ။ မိဘက သားသမီးကို ပြုစုရတာ လွယ်တယ်။ လွယ်သလို သားသမီးက မိဘကိုပြုစုရတာလွယ်သလို ကိုယ့်ကိုယ်ကို ပြုစုရတာ လွယ်ဖို့ပါပဲ။ အဲဒီလိုနဲ့ မြတ်စွာဘုရားက မိထွေးတော်ဂေါတမီကြီးကို (၈)မျိုး (၈)ဌာနနဲ့ ဓမ္မလမ်းကြောင်း ကျ,မကျ၊ ဝိနယလမ်းကြောင်း ကျ,မကျ၊ မြတ်စွာဘုရားရဲ့ အဆုံးအမတော် ဟုတ်,မဟုတ် (၈)မျိုးနဲ့ တိုင်းတာစိစစ်နည်း ပေတံပေးလိုက်တာ။ အဲဒီလို စိစစ်ခိုင်းရင်းနဲ့ အကျဉ်းချုပ်တရားကို ဟောမြွက်တော်မူပါတယ်။ မိထွေးတော် ဂေါတမီကလဲ မြတ်စွာဘုရားရှင်၏ တရားတော်ကိုနာယူပြီး ဝမ်းသာအားရ ကြည်နူးလှသဖြင့် ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် ဧကာ= တစ်ယောက်တည်းတည်း နေပါမယ်ဘုရား၊ ဝူပကဋ္ဌာ= အာရုံများစွာ ဖဲကြဉ်ခွာ၍နေပါမယ်ဘုရား၊ အပ္ပမတ္တာ= မမေ့မလျော့ အားထုတ်ပါမယ်ဘုရား။ အာတာပိနီ= ကိလေသာကို လွန်စွာပူပန်စေတတ်တဲ့ လုံ့လဝီရိယလဲရှိအောင် နေပါမယ်ဘုရား။ ပဟိတတ္တာ= ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်မိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ဖြင့် နေပါမယ်ဘုရားဟု လျှောက်ထားပြီး တရားအားထုတ်လိုက်တာ ရဟန္တာအဖြစ် ရောက်ရှိသွားပါတယ်။ ပရိနိဗ္ဗာန်စံမယ့်နေ့ကျတော့ မြတ်စွာဘုရားက-

**ထီနံ ဓမ္မ ဘိသမယေ၊ ယေ ဗာလာဝိမတိံ ဂတာ၊**
**တေသံ ဒိဋ္ဌိ ပဟာနတ္ထံ၊ ဣဒ္ဓိ ဒဿေဟိ ဂေါတမီ။**

ဂေါတမီ= မိထွေးတော်ဂေါတမီ၊ ထီနံ= အမျိုးသမီးတို့၏၊ ဓမ္မာဘိသမယေ= သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ခြင်း၌၊ ယေဗာလာ= အကြင်လူမိုက်တို့သည်၊ ဝိမတိံ= ယုံမှားသံသယသို့၊ ဂတာ= ရောက်ကြလေကုန်ပြီ။ တေသံ= ထိုအမျိုးသမီးတို့၏ သစ္စာလေးပါးတရား

http://www.dhammadownload.com



ကို ထိုးထွင်းသိမြင်ခြင်းအပေါ် သံသယဝင်ကြသော လူမိုက်တို့၏၊ ဒိဋ္ဌိပဟာနတ္ထံ= အယူအဆကို ပယ်ခြင်းငှာ၊ ဣဒ္ဓိ= တန်ခိုးပြာဋိဟာကို၊ ဒဿေဟိ= ပြပါလော့။

အမျိုးသမီးတွေ တရားထူး တရားမြတ်ရတာနဲ့ ပတ်သက်လို့ ဇဝေဇဝါဖြစ်နေကြတဲ့ လူမိုက်တွေရဲ့အယူအဆကို ရှင်းလင်းပယ်ဖျောက်သွားအောင် တန်ခိုးပြစမ်းပါလော့။ မိထွေးတော် ဂေါတမီဟာ မြတ်စွာဘုရား တိုက်တွန်းချက်ကို ဦးထိပ်ထက်ပန်ဆင်ပြီး မြတ်စွာဘုရားကို ဦးချလိုက်၊ ထန်းတစ်ဖျားလောက်ကောင်းကင်ကို ပျံတက်လိုက် (၇)ကြိမ်တိုင်တိုင် မြတ်စွာဘုရားကို ရှိခိုးပြီး ထန်းပင်(၇)ဆင့်ကနေ တရားဟောတော်မူပါတယ်။ တစ်ခါပြန်ဆင်းလိုက် ဦးချလိုက် တန်ခိုးအမျိုးမျိုးပြပြီးတော့ မြတ်စွာဘုရားရဲ့ စေခိုင်းတိုက်တွန်းချက်အရ မိထွေးတော် ဂေါတမီဟာ တန်ခိုးတော်တွေပြပြီးတော့မှ ပရိနိဗ္ဗာန် စံခဲ့ပါတယ်။ အဲဒီတော့ သစ္စာလေးပါးသိမှု အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဓမ္မာဘိသမယ သစ္စာလေးပါးအမှန်တရားကို ထိုးထွင်း၍သိမှုဟာ အင်မတန်အရေးကြီးပါတယ်။ အဲဒီလို အမှန်တရားကိုသိတဲ့နေ့ဟာ ဒုက္ခချုပ်ငြိမ်းတဲ့နေ့ပါပဲ။ ဒုက္ခဝန်ထုတ်ဝန်ပိုးကြီး ချုပ်ငြိမ်းတဲ့နေ့၊ ပြင်းထန်လှတဲ့ အနာရောဂါကြီး ပျောက်ကင်းတဲ့နေ့ပါပဲ။

မိထွေးတော်နှင့်အတူ ဘိက္ခုနီမငါးရာ ပရိနိဗ္ဗာန်စံကြမှာကို စိုးရိမ်ပူဆွေးနေကြသူများအား ဟောတဲ့ချွေးသိပ်တရားက တပည့်တို့ သစ္စာလေးပါးတရားကို **"သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိစ္စ အပိုင်ရ"** ဆိုတဲ့အတိုင်းပဲ သိ၊ ပယ်၊ ဆိုက်၊ ပွားပြီးတော့ သစ္စာလေးပါး တရားအထွဋ်အထိပ်သို့ရောက်တဲ့နေ့ဟာ ဒုက္ခတုံး၊ ဒုက္ခခဲကြီးတွေ အကုန်လုံး ကုန်ဆုံးသွားတဲ့နေ့ပါပဲ။ တပည့်တို့ တိတ်ကြ-- တိတ်ကြ -- သစ္စာတရား သိတဲ့နေ့ဟာ အောင်စည်အောင်မောင်း တီးရမည့်နေ့ပဲ။ ဒါကြောင့် ယောဂီသူတော်စင်များ မိမိတို့ဉာဏ်ထဲမှာ မှန်ကန်တဲ့သစ္စာတရားကို သိနိုင်၊ မြင်နိုင်အောင် အားထုတ်နိုင်ကြပါစေ။ သိနိုင်၊ မြင်နိုင်

http://www.dhammadownload.com



ကြသဖြင့် ဒုက္ခတုံး၊ ဒုက္ခခဲကြီးကို စွန့်လွှတ်ပြီးတော့ အောင်စည် အောင်မောင်းတီးကာ နိဗ္ဗာနခါတ် အငြိမ်းခါတ်သို့ လျှင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဒုတိယနေ့ဟောစဉ်

### အခက်လေးမျိုး

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၂)ရက်နေ့။ ယောဂီသူတော်စင်များ တရားစခန်း (၇)ရက်တရားစခန်းဝင်ပြီး အားထုတ်နေကြတော့ တရားရသိဖို့ တရားပေါက်ဖို့ တရားရောက်ဖို့ပါပဲ။ တရားရောက်ဖို့ တရားပေါက်ဖို့ တရားသိဖို့ဆိုတော့ ဘုန်းကြီးတို့အနေနဲ့လဲ တရားရောက်အောင် တရားသိအောင် လမ်းပြပြီးတော့ ဟောကြားပြီးနေပါတယ်။ တရားသိဖို့ လမ်းပြတဲ့အခါမှာလဲ သစ္စာတရား အဓိကထားပြီးတော့ ဟောကြားပါတယ်။ မြတ်စွာဘုရားက ငါးရာ့ငါးဆယ်ဇာတ်တော်ကို ဟောကြားတော်မူခဲ့တယ်။ အဲဒီလို ဟောကြားတော်မူခဲ့တဲ့ ငါးရာ့ငါးဆယ် ဒေသနာနိဂုံး အဆုံးသတ်တဲ့အခါမှာလဲပဲ သစ္စာတရားနဲ့ ဒေသနာနိဂုံး ချုပ်တော်မူခဲ့တယ်။ သစ္စာလေးပါးတရား သိဖို့ဆိုတာ အခက်လေးမျိုး ထဲမှာ ပါဝင်ပါတယ်။

**သစ္စံသတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝစ**
**ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။**

သစ္စံ= အရိယာသစ္စာလေးပါးနှင့်စပ်သော တရားစကားလည်းကောင်း၊ သစ္စံ= အရိယာသစ္စာတရား လေးပါးလည်းကောင်း၊ သတ္တော= သတ္တဝါတို့ဖြစ်ပျက်ပုံနှင့်စပ်သော စကားရပ်လည်းကောင်း၊ သတ္တဝါတို့ ဖြစ်ပျက်ပုံလည်းကောင်း၊ ပဋိသန္ဓေ= သတ္တဝါတို့ ဘဝတစ်ခုနဲ့တစ်ခု အဆက်အစပ် ပဋိသန္ဓေဖြစ်ပုံလည်းကောင်း၊ ပစ္စယာကာရမေဝစ= အကြောင်းဆက်အကျိုးဆက် ကွင်းဆက် ပဋိစ္စသမုပ္ပါဒ်တရားလည်းကောင်း၊ ဣတိ= ဤသို့၊ ဧတေ စတ္တာရောဓမ္မာ= ဤတရားလေးမျိုးတို့ကို၊ ဒုဒ္ဒသာ= ခဲယဉ်းသဖြင့် မြင်အပ် ကုန်၏။ ဒုဒ္ဒသာ= မြင်နိုင်ခဲကုန်၏။ ဒေသေတုံစ= ထိုလေးမျိုးတို့ကို ဟောကြားခြင်းငှါတဲ့လဲ၊ သုဒုက္ကရာ= အလွန်ခဲယဉ်းလှပေ၏။

http://www.dhammadownload.com



သိဖို့ရခက်တဲ့ အခက်ကြီးလေးမျိုး၊ ဘာတွေခက်သလဲဆိုတော့ အရိယသစ္စာတရားလေးပါး သိဖို့ခက်ပါတယ်။ ဟောဖို့လဲ ခက်တယ်။ ပြောဖို့လဲခက်တယ်။ သတ္တဝါတို့ရဲ့ဖြစ်စဉ်၊ သတ္တဝါတို့ရဲ့ဖြစ်ပေါ်လာပုံ၊ သတ္တဝါနဲ့ပတ်သက်တဲ့ အချက်အလက်တွေဟာလဲပဲ သိဖို့လဲ ခက်တယ်။ ဟောဖို့လဲခက်တယ်။ ဘဝတစ်ခုနဲ့တစ်ခု အဆက်အစပ် ပဋိသန္ဓေဖြစ်ပုံ၊ ဟောဖို့လဲ ခက်တယ်။ ပြောဖို့လဲခက်တယ်။ သိဖို့လဲ ခက်တယ်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်။ အကျိုးတရားတွေဟာ အကြောင်းတရားကြောင့် ဖြစ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ ဒီတရားနည်းတွေဟာလဲပဲ သိဖို့လဲခက်တယ်။ ပြောဖို့လဲခက်တယ်။ ဟောဖို့လဲခက်တယ်။

## သူကန်းသွားသလို

**ယထာပိနာမ ဇစ္စန္ဓော၊ နရော အပရိနာယကော၊**
**ဧကဒါ ယာတိ မဂ္ဂေန၊ ကုမ္မဂ္ဂေနာ ပိ ဧကဒါ။**

သံသရာခရီးသွားနေကြရတာက မျက်စိမမြင်တဲ့လူ သူကန်းရှေ့က ဒုတ်ဆွဲမပါဘဲနဲ့ လမ်းသွားသလိုပဲ။ တစ်ခါတစ်ရံကျတော့လဲ လမ်းမှန် အတိုင်းသွားမိ၊ တစ်ခါတစ်ရံကျတော့လဲ ကုမ္မဂ္ဂဆိုတဲ့ လမ်းဆိုးလမ်းမ ဟုတ်တဲ့နေရာက သွားမိကြတယ်။

**သံသာရေ သံသရံ ဗာလော၊ နရော အပရိနာယကော။**
**ဧကဒါ ပုညကရောတိ၊ အပုညံ မပိ ဧကဒါ။ ။**

မျက်စိမမြင်တဲ့လူ လမ်းသွားသလို သံသရာမှာ ကျင်လည်ကျက်စားနေကြတဲ့ ပုဂ္ဂိုလ်များဟာလဲ လမ်းညွှန်မပါမရှိတဲ့အခါကျတော့ တစ်ခါတစ်ရံ ကောင်းတဲ့အလုပ်များကိုလုပ်မိ, ပြုမိ၊ တစ်ခါတစ်ရံ မကောင်းတဲ့အလုပ်များကို ပြုမိ။ ကောင်းတဲ့အမှုများ ပြုမိတဲ့အတွက် သုဂတိဘုံနန်းမှာ စံမြန်းကြရပြီးတော့ မကောင်းတဲ့အမှုများပြုမိတဲ့ အခါကျတော့ အပါယ်လေးဘုံမှာ နစ်ကြ၊ မြုပ်ကြ အဲဒီလိုနဲ့ သံသရာ

http://www.dhammadownload.com



ခရီးနှင်နေကြရတယ်။ ယခုတော့ သံသရာခရီးသွားတွေအတွက် လမ်းညွှန်ကြီးရပြီ။ လမ်းညွှန်မြေပုံကြီး ရေးဆွဲပြမည့်ပုဂ္ဂိုလ်ကြီး တွေ့ပြီ။ မြတ်စွာဘုရားတည်းဟူသော သုံးလောကဆီမီး၊ လောကသားအားလုံး တို့အတွက် မျက်စိသဖွယ်၊ လောကသားအားလုံးတို့ရဲ့ လမ်းညွှန်ကြီး ဖြစ်တော်မူသော ဘုရားရှင်တည်းဟူသော ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးကို တွေ့ရှိကြပြီ။ အဲဒီလို တွေ့ရှိကြတဲ့ အခါကျတော့ -

**ယဒါ စတံ ဥတ္တာဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ။**

**တဒါ အဝိဇ္ဇူပသမာ၊ ဥပသန္တော စရိဿတိ။**

ယဒါစ= အကြင်အခါ၌၊ တံ ဓမ္မံ= ထိုတရားကို၊ ဥတ္တာ= သိ၍၊ သစ္စာနိ= သစ္စာတို့ကို၊ အဘိသမေဿတိ= ထိုးထွင်း၍သိအံ့၊ တဒါ= ထိုအခါ၌၊ အဝိဇ္ဇူပသမာ= အဝိဇ္ဇာငြိမ်းခြင်းကြောင့်၊ အဝိဇ္ဇာကင်းခြင်း ကြောင့်၊ ဥပသန္တော= ငြိမ်းအေးည်ဖြစ်၍၊ စရိဿတိ= လှည့်လည်ရလတံ့။

ငြိမ်းချမ်းလိမ့်မယ်တဲ့။ ဘယ်လိုအခြေအနေရမှ ငြိမ်းချမ်းသလဲလို့ ဆိုတော့ အဝိဇ္ဇာပျောက်သွားတဲ့အခါပါပဲ။ အဝိဇ္ဇာဘယ်အချိန် ပျောက်မလဲဆိုတော့ တရားသိပြီးတော့ သစ္စာမြင်မှ အဝိဇ္ဇာပျောက်တယ်။ အဝိဇ္ဇာဆိုတာ (၈)ဌာနမှာ ပိတ်ဖုံးနေတဲ့ တရား၊ (၈)ဌာနမှာမသိတဲ့တရား၊ အဲဒီတရားကို အဝိဇ္ဇာလို့ အသိများနေတဲ့ အဝိဇ္ဇာ။ အဲဒီအဝိဇ္ဇာကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးက **"မိုက်မဲစွာလှ၊ မှောင်ကြီးကျ၊ မောဟအဝိဇ္ဇာ"**၊ မိုက်မဲတယ်၊ မှောင်ကျတယ်၊ တရားကိုယ် ကောက်တော့ မောဟကိုကောက်တယ်။ အဲဒါကို အဝိဇ္ဇာ။ အဲဒီ အဝိဇ္ဇာဟာ သုတ္တန်ဒေသနာတော်နည်းအရ လေးမျိုးမှာ မသိတာ။ ဘယ်လေးမျိုးမှာလဲဆိုတော့ သစ္စာလေးမျိုးမှာ မသိတာ။ သစ္စာလေးပါး မသိအောင် ဖုံးလွှမ်းပြီးတော့ ထားတတ်တဲ့မောဟကို အဝိဇ္ဇာ။ ဒုက္ခေအညာဏံ= ဒုက္ခရုပ်နာမ်ရဲ့သဘောလက္ခဏာကို မသိဘူး၊ မမြင်ဘူး၊ ဒုက္ခရဲ့သဘောလက္ခဏာကို ပိတ်ဆို့ပြီးတော့နေတဲ့တရားကို အဝိဇ္ဇာ။ ဒုက္ခဖြစ်ကြောင်း တရားဆိုး တရားပျက် လက်သည်ကိုမသိတာ အဝိဇ္ဇာ။

http://www.dhammadownload.com



**"ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်၊ ဒုက္ခသစ္စာသာ"** ဆိုတဲ့အတိုင်း ခန္ဓာနာမ်ရုပ်ကို မသိအောင် ဖုံးဖိထားတတ်တဲ့တရားကို အဝိဇ္ဇာ၊ ဖုံးလွှမ်းထားတဲ့တရားကို အဝိဇ္ဇာ၊ ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ လောဘတဏှာကို မသိအောင် ဖုံးဖိပြီးတော့ထားတတ်တဲ့ မောဟတရားကို အဝိဇ္ဇာ။ ဒုက္ခချုပ်ရာနိဗ္ဗာန်ကို မသိတဲ့ မောဟကို အဝိဇ္ဇာ၊ ဒုက္ခချုပ်ကြောင်း နိဗ္ဗာန်ကိုရောက်ကြောင်းဖြစ်တဲ့ လမ်းစဉ်တွေကိုမသိတဲ့ မောဟကို အဝိဇ္ဇာ။ သုတ္တန်နည်းအားဖြင့် လေးမျိုး။ အဘိဓမ္မာဒေသနာတော်ကျတော့ ရှေးအတိတ်ဘဝက ဖြစ်ပေါ်ခဲ့တဲ့ လည်ပတ်ခဲ့တဲ့ ခန္ဓာအာယတနဓာတ်တွေကို မသိအောင် ဖုံးဖိကွယ်ကာပြီးထားတဲ့ တရားဆိုး၊ တရားပျက်ကို အဝိဇ္ဇာ၊ နောင်အနာဂါတ်မှာ လာလတ္တံ့ဖြစ်တဲ့ ခန္ဓာအာယတနဓာတ်တွေကို ဖုံးဖိကွယ်ကာပြီးထားတဲ့မောဟကို အဝိဇ္ဇာ၊ ရှေ့အစွန်း, နောက် အစွန်းမှာရှိတဲ့ ခန္ဓာ အာယတန ဓာတ်တွေကို မမြင်အောင် ဖုံးဖိကွယ်ကာ ပြီးတော့ထားတဲ့ မောဟကို အဝိဇ္ဇာ၊ ပြီးတော့ ဒီအကြောင်းကြောင့်လို့ အကြောင်းမှန်ကို မသိအောင် ဖုံးလွှမ်းပြီးတော့ ထားတဲ့ မောဟကို အဝိဇ္ဇာ၊ အဲဒီ (၈)ဌာနကို ဖုံးလွှမ်းပြီးတော့ထားတဲ့ ကွယ်ကာပြီးတော့ထားတဲ့ မောဟ၊ အမိုက်မှောင်ကို အဝိဇ္ဇာလို့ ခေါ်ရပါတယ်။

**"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"**။ အဲဒီ အဝိဇ္ဇာကင်း ပျောက်အောင် အားထုတ်ကြရတယ်။ တရားရတယ်၊ ရတယ်ဆိုတာ အဝိဇ္ဇာကင်းသွားတာကို ခေါ်တာပါပဲ"။ အဲဒီ (၈)ဌာနမှာ မောဟကင်းအောင် အားထုတ်နိုင်ပြီဆိုရင် တရားရတော့တာပါပဲ။ အဝိဇ္ဇာပျောက်တာနဲ့ ဝိဇ္ဇာဉာဏ်အလင်းဓာတ်က အလိုလိုရောက်ပြီးတော့လာတယ်။ တရားအားထုတ်တယ်ဆိုတာ အဝိဇ္ဇာ ပျောက်ပြီးတော့ ဝိဇ္ဇာဉာဏ်အလင်းဓာတ်ရောက်အောင် ပြုလုပ်တဲ့လုပ်ငန်းပါပဲ။ ဝိဇ္ဇာဆိုတဲ့ တရားကျတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက **"အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"**၊ အလိမ္မာဓာတ်, အသိဓာတ်,

http://www.dhammadownload.com



ဉာဏ်ဓာတ်ကို ဝိဇ္ဇာ။ အပြစ်ကင်းပြီးတော့ တင့်တယ်စေတတ်တဲ့ တင့်တယ်တဲ့စေတသိက်တရား (၂၅)မျိုးထဲမှာ ပညိန္ဒြေ။ အဲဒီတရားဟာ ဝိဇ္ဇာဓာတ် အလင်းရောင်ပါပဲ။ အသိဟာ သုံးမျိုးရှိပါတယ်။

(က) သညာနဲ့တစ်ခုခု မှတ်သားပြီး သိတာမျိုး၊

( ခ) ဝိညာဉ်နဲ့ သိတာမျိုး၊

( ဂ) ပညာနဲ့ သိတာမျိုးလို့ အသိ(၃)မျိုးရှိပါတယ်။

စောစောကသညာသိ၊ ဝိညာဉ်သိတာနဲ့ သိထားတဲ့ အချက်အလက်တွေများစွာရှိပါတယ်။ ယခု တရားအားထုတ်တာဟာ ပညာသိ သိအောင်အားထုတ်တာပါပဲ။ ဥပမာ ဆိုကြပါစို့။ အလုံးလေးတစ်လုံး အရောက်တောက်နေတဲ့ အလုံးလေးတစ်လုံးတွေ့တော့ ကလေးလေး တစ်ယောက်က အရောင်တောက်နေတဲ့ အလုံးကလေးပဲဆိုပြီး ကောက်လာ။ အရောင်တောက်နေတဲ့ အလုံးကလေးလို့ သိနေတဲ့ ကလေးရဲ့အသိဟာ သညာသိပါဘဲ။ ကလေးက သူကောက်လာတဲ့ အလုံးကို မိဘတွေထံ ပေးတယ်၊ ပြတယ်။ ပြတဲ့အခါ မိဘတွေက ဒါရွှေလုံးလေးပဲလို့ သိတယ်။ အဲဒီလို မိဘတို့ရဲ့အသိမျိုး တစ်ဆင့်တက်ပြီးသိလာတဲ့ အသိမျိုးကျတော့ ဝိညာဉ်သိ။ မိဘတွေက ရွှေလုံးမှန်းတော့ သိတယ်။ သို့သော်လဲပဲ ရွှေဘယ်လောက်သားပါတယ်၊ ရွှေကအစစ် လား၊ အတုလား၊ ဘယ်လိုလဲမသိဘူး ဆိုပြီးတော့ ရွှေပန်းတိမ်ကို သွားပြတဲ့အခါ ဒီရွှေကအတု၊ ဒီရွှေကအစစ်လို့ သိတာမျိုးက ပညာသိ။

ဘုန်းကြီးတို့ ဟုမ္မလင်းနယ်မှာ ရွှေဆပ်ကျောက်တုံးကြီးတွေ ရှိတာကိုး။ တစ်ခါတစ်ရံ သစ်ဖေါင်, ဝါးဖေါင်တွေရဲ့ဦးမှာ အဲဒီရွှေတုံးကြီးတင်ပြီးတော့ လာကြတယ်။ တစ်ပေ, နှစ်ပေလောက်ရှိတဲ့ ရွှေတုံးကြီးတွေတင်ပြီးတော့ လာကြတယ်။ မသိတဲ့လူကတော့ ရွှေတုံးကြီးပဲလို့ ပြောကြတယ်။ သိတဲ့ပုဂ္ဂိုလ်ကျတော့ ဒါရွှေတုံးမဟုတ်ဘူး။ ရွှေဆပ်ကျောက်ပဲ။ ရွှေပန်းတိမ်ဆီ ရောက်တဲ့အခါကျမှ ရွှေပန်းတိမ်သည်က ဒီရွှေဟာ ဘယ်လောက်ထိအောင် မှန်တယ်။ ဒီအထဲမှာ ရွှေသားက

http://www.dhammadownload.com



ဘယ်လိုကောင်းတယ်၊ မကောင်းဘူးလို့ ကျကျနနသိတယ်။ အဲဒီလို ရှေ့ပန်းတိမ်သည်ရဲ့ အသိမျိုးကျတော့ ပညာသိဖြစ်တယ်။ ယခု မိမိတို့ တရားအားထုတ်တဲ့အခါကျတော့ သညာသိ, ဝိညာဉ်သိ၊ ဒီအသိနှစ်မျိုးကို ကျော်လွန်ပြီးတော့ ပညာသိခေါ်တဲ့ အသိမျိုး။ အဲဒီအသိမျိုးဟာ ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာသိမျိုးပေါ့။ အဲဒီ အသိမျိုးရောက်အောင် အားထုတ်ကြရတာပါဘဲ။ အဲဒီ အသိမျိုးရောက်အောင် အားထုတ်ပြီး **"အဝိဇ္ဇူပသမာ ဥပသန္တော စရိဿတိ"** အဝိဇ္ဇာအမိုက်မှောင် ကင်းပြီး တော့ ဝိဇ္ဇာဉာဏ် အလင်းဓာတ်ကြီးရောက်လာမှ ဥပသန္တော= ငြိမ်းပါလိမ့်မယ်၊ ငြိမ်းအေးပါလိမ့်မယ်။

## မူ (၅)ချက်

အဲဒီတော့ မိထွေးတော်ဂေါတမီ လျှောက်ထားတဲ့မူ (၅)ချက် ပြန်ကြည့်ကြဦးစို့ရဲ့။

မိထွေးတော် ဂေါတမီက မြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် တရားဟောတော်မူပါ။ တပည့်တော် ဒီအချက်အလက်တွေနဲ့ ကျင့်သုံးပါမယ်ဘုရားလို့ လျှောက်ထားတဲ့မူ (၅)ချက်။ အဲဒီ မူ(၅)ချက်နဲ့ အားထုတ်သွားမယ်ဆိုရင် **စောစောကပြောတဲ့** အဝိဇ္ဇာ၊ "မိုက်မဲစွာလှ မှောင်ကြီးကျမောဟအဝိဇ္ဇာ" ကင်းပျောက်နိုင်ပါတယ်။ အဲဒီ မူ(၅)ချက်က ဘယ်လိုဟာလဲဆိုတော့-

(၁) ဧကာ = အဖော်မပါ တစ်ယောက်တည်းတည်းနေရမယ်လို့ ဆိုတဲ့အတိုင်း အခု (၇)ရက်တရားစခန်း အားထုတ်ကျတော့ ဘယ်ဆွေ, ဘယ်မျိုးမှ မလာနဲ့။ အပေါင်းအသင်းတွေ မလာနဲ့။ အသိုင်းအဝိုင်းတွေ မလာနဲ့။ **"ဧကာ"** ဒီအချက်အလက်နဲ့လဲ ထိုက်တန်သလောက် ပြည့်စုံတယ်။

http://www.dhammadownload.com



(၂) ဝူပကဋ္ဌာ = ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ရမယ်။ ဒါလဲပဲ ထိုက်တန်သလောက် ပြည့်စုံကြတယ်။

(၃) အပ္ပမတ္တာ = မမေ့မလျော့
တစ်နေ့ (၁၁)ချိန် တရားအားထုတ်ရတာ ဆိုတော့ မိမိတို့နေ့စဉ်နေ့တိုင်း တရားအား မထုတ်ပဲနဲ့ အလွတ် နေတဲ့အခါမှာ ဆိုကြပါစို့။ တစ်နာရီလျှင် ထွက်လေ ဝင်လေ အကြိမ်တစ်ထောင်ပတ်ဝန်းကျင် ရှိပါတယ်။ တစ်နေ့တစ်ရက်ဆိုရင် နှစ်သောင်းလေး ထောင်လောက် ထုတ်မှုတ်ပြီးတော့ နေကြရတာ။ အိပ်တဲ့အခါ တောင်မှ မနားပါဘူး။ အကြိမ်ပေါင်း နှစ်သောင်းလေးထောင် ကျော် ထုတ်မှုတ်နေကြတော့ အမှတ်မဲ့ နေတဲ့အခါ တစ်ရာသိဖို့လဲ ခက်တယ်။ နှာသီးဖျားလေးကနေပြီး တိုးထွက်သွားတာ တိုးဝင်လာတာ။ အကြိမ်ပေါင်း ရာဂဏန်း တောင် သိဖို့ရာခက်ပါတယ်။

အခု တရားစခန်းဝင်ပြီးတော အားထုတ်ကြတဲ့အခါမှာ တစ်နာရီဆိုကြပါစို့။ ထွက်လေ ဝင်လေ ထုတ်မှုတ်ချိန်ဟာ အကြိမ်ပေါင်း ဟာ တစ်ထောင်လောက်ရှိ (၁၁)ကြိမ် ဆိုတဲ့အခါကျတော့ တစ်နေ့မှာ နှစ်သောင်းလေးထောင်လောက် အသုံးချပြီးတော့နေတဲ့ ထွက်လေ ဝင်လေကို အကြိမ်ပေါင်း တစ်သောင်း တစ်ထောင်လောက် တစ်ဝက် နီးပါးလောက် သတိပြုမိ သိလိုက် ဖမ်းမိလိုက်ကြတယ်။ အဲလို သတိပြုပြီး တော့နေခြင်းဟာ **"အပ္ပမတ္တာ"** မမေ့မလျော့နေခြင်းတဲ့။

**"ကာယေသု ကာယာနုပဿီ"** ဆိုတဲ့စကားအတိုင်း ရုပ်အပေါင်း ပေါ်မှာ နာမ်အပေါင်းပေါ်မှာ သတိမပြတ် ရှုမှတ်ပြီးတော့နေတယ်။

23(A)

http://www.dhammadownload.com



ဝါယောရုပ်အပေါ်မှာ ဝါယောရုပ်လို့ သတိလေးနဲ့ ထွက်လေ ဝင်လေကို ထုတ်မှုတ်ပြီးတော့နေတာ။ ပထမတစ်ဆင့်-

**သတော၀ အဿသတိ၊ သတော၀ ပဿသတိ။**

နောက်တစ်ဆင့်တက်ပြန်တော့-

**ဒီဃံဝါ အဿသန္တော ဒီဃံဝါ အဿသာမီတိ ပဇာနာတိ။**

သတိလေးနဲ့ ထွက်လေ ဝင်လေကို ထုတ်မှုတ်တယ်။ ဒီထွက်လေ ဝင်လေရဲ့ လမ်းစဉ်ဟာ တိုတယ်, ရှည်တယ်။ ဟောဒီ ကျတော့ သိလာပြီ။ တစ်ဆင့်တက်။ အဲဒီကနေပြီး အဆင့်ဆင့်တက်ပြီးတော့ သွားတော့ **"သိက္ခတိ"** ဆိုတဲ့ ကိရိယာ မြတ်စွာဘုရား ဟောတယ်။ ပထမကတော့- အဿသာမိ၊ ပဇာနာတိ၊ သိက္ခတီတိ တစ်ဆင့်ချင်း တစ်ဆင့်ချင်း တက်လာပြီးတော့ **"အပ္ပမတ္တာ"**လို့ မိဒွေးတော်ဂေါတမီ လျှောက်ထားတဲ့ မှု(၅)ချက်ထဲမှာ **"အပ္ပမတ္တာ"** ဆိုတဲ့အချက်။

ဒီအချက်နဲ့ပတ်သက်ပြီးတော့ ယောဂီသူတော်စင်များ မမေ့မလျော့ ထားပါတော့လေ။ ထွက်လေ ဝင်လေ ထုတ်မှုတ်ချိန်ဟာ တစ်ချို့အချိန်တွေ လွတ်သွားလို့ တစ်သောင်းကျော် တစ်သောင်းမပြည့် စေကာမူ ထောင်ဂဏန်းကတော့ မုချသိကြရတော့မှာ ဖြစ်တယ်။ ဒါ အပ္ပမတ္တာပါပဲတဲ့။ မမေ့မလျော့ ကုသိုလ်တရားဖြစ်ပွားအောင် အာရုံစိုက်ပြီးတော့နေတာကို **"အပ္ပမတ္တာ"**။

(၄) အာတာပိနီ = ကိလေသာကို ပူပန်စေတတ်တဲ့ လုံ့လနဲ့ နေပါ့မယ် ဘုရား။

ကိလေသာကို ပူပန်စေတတ်တယ်ဆိုတော့ ကိလေသာကို နှင်ထုတ်တဲ့လုပ်ငန်း၊ မိမိတို့သန္တာန်မှာ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ အစရှိတဲ့တရားဆိုး တရားပျက်တွေ။ ဒီအတိုင်းသာ ထားမယ်ဆိုရင် ဒလဟောဖြစ်နေတာပဲ။ အဲဒီ တရားတွေ ဖြစ်ပေါ်မလာ အောင် တရားကို အားစိုက်ပြီးရှုမှတ်တဲ့အခါ ဒီတရားတွေဟာ မကပ် နိုင်ဘူး။ အဲဒါကို အာတာပိနီ။

23(B)

http://www.dhammadownload.com



(၅) ပဟိတတ္တာ = ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက် ခိုင်ခံ့ စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိသည်ဖြစ်၍ ဝိဟရေယျံ= နေနိုင်ရာပါ၏။

အခုအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာ မိမိရဲ့စိတ်, မိမိရဲ့ကိုယ်, မိမိရဲ့အသက်, မိမိရဲ့ခန္ဓာကိုယ် ပင်ပန်းတာကိုပင် မငဲ့ညှာပဲနဲ့ အချိန်တိုင်း အချိန်တိုင်း အချိန်ပြည့် သတ်မှတ်ထားသော အချိန်တိုင်း အားထုတ်နေကြတော့ ပဟိတတ္တာဆိုတဲ့ အချက်အလက်နဲ့လဲ ပြည့်စုံတယ်။ အဲဒီ မူ(၅)ချက်နဲ့အညီ အားထုတ်တဲ့အတွက် ဂေါတမီထေရီမကြီးဟာ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးကို ဆိုက်ရောက်ပြီးတော့ သွားခဲ့တာ။

**ပရိညာတံ မယာဒုက္ခံ၊ ဒုက္ခဟေတု ဝိဝဋ္ဋိတော၊**
**နိရောဓောမေ သစ္ဆိကတော၊ မဂ္ဂေါစာပိ ဝိဘာဝိတော။**

တပည့်တော်ဟာ ဒုက္ခရုပ်နာမ်ကိုပိုင်းခြား၍ သိပါပြီ။ ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ လောဘ သမုဒယသစ္စာကိုလဲ ပယ်ပြီးပါပြီ။ နိဗ္ဗာန်သို့လဲ ဆိုက်ရောက်ပါပြီ။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာကျင့်စဉ်ကိုလဲ ပွားများပြီးပါပြီလို့ မိထွေးတော်ဂေါတမီက သစ္စာလေးပါးတရား သိပါပြီတဲ့။ အဲဒီလို သစ္စာလေးပါး တရား သူသိပြီးတဲ့အခါကျတော့ ဘုရားရှင်ကို ဘာထပ်လျှောက်ထား သလဲဆိုရင်-

**ယံ နဒိဋ္ဌ ပုရာဏေဟိ၊ တိတ္ထိကာစရိယေဟိပိ၊**
**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိဝေဒိတံ။ ။**

မြတ်စွာဘုရား ရှေးအခါတုန်းက ဂိုဏ်းဆရာကြီးတွေ ပုရာဏကဿပ၊ မက္ခလိဂေါသာလဆရာကြီးတွေ ဘုရားအမည်ခံလို့ ဂိုဏ်းကြီးတွေသီးခြား သီးခြားထောင်ပြီးတော့ နေလိုက်ကြတာ။ ဂိုဏ်းကြီးတွေ တည်ထောင်ထားကြတဲ့ ဆရာကြီးတွေတောင်မှ သိခွင့်မရတဲ့နိဗ္ဗာန်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်ကြောင့် တပည့်တော်

http://www.dhammadownload.com



တို့ လူကြီးတွေမပြောနဲ့ ခုနစ်နှစ်အရွယ် ငယ်ရှာကြတဲ့ အမျိုးသမီးငယ်တို့ တောင်မှ သစ္စာလေးပါးတရား သိပြီးတော့ နိဗ္ဗာန်ဆိုတဲ့ တရားတော်ကြီးကို မြင်နိုင်ကြပါတယ်ဘုရား။ အဲဒီလို အဓိပ္ပါယ်ဖော်ဆောင် လျှောက်ထားတဲ့ ဂါထာနဲ့ပဲ နိဂုံးချုပ်ပါ့မယ်။

**ယံ နဒိဋ္ဌ ပုရာဏောဟိ၊ တိတ္ထိကာစရိယေဟိပိ၊**

**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။**

ဘန္တေ= ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော အို-မြတ်စွာဘုရား၊ ပုရာဏောဟိ= ဘုရားမပွင့်ခင် ရှေးယခင်က လူတွင်ထင်ပေါ် အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိ= အယူဝါဒကိုယ်တိုင် စ၍ ဂဏဦးစီးတိတ္ထိ ဆရာကြီးတို့သော်မှ၊ ယံ ပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌံ= တွေးလိုက်ကြံလိုက် ဉာဏ်မြင်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့မမြင်ကြပါပေ။ တံ ပဒံ= ရောက်သင့် ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် ထိုနိဗ္ဗာန်ကို၊ သတ္တဿာဟိ= မိဘကိုချစ်နွဲ့တုန်းဖြစ်၍ ခုနစ်နှစ်အရွယ် ငယ်ရှာကြကုန်သော၊ သုကုမာရီဟိ= ရှေးဘုန်း ရှေးကံ ဂုဏ်တန်ရင့်ပြီး အမျိုးသမီးငယ်တို့သော်မှ၊ တံ ပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက် သိရန် ထိုနိဗ္ဗာန်ကို၊ ဝေဒိတံ= သားတော်ဘုရား မိန့်တရားကြောင့် မျက်ဝါးထင်ထင် သိမြင်ခွင့်ရခဲ့ရပါပြီ ဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တတိယနေ့ဟောစဉ်

## အဝိဇ္ဇာ

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၃)ရက်။ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား မနေ့ညက ဟောခဲ့တဲ့ တရားကိုပဲ ဆက်ပြီးတော့ ဟောရမှာပါပဲ။ အဝိဇ္ဇာဆိုတဲ့ ပါဠိစကားဟာ ပါဠိစကားဖြစ်စေကာမူ မြန်မာတို့ရဲ့ခံတွင်းမှာ၊ နားမှာ အင်မတန် အသုံးတွင်ကျယ်တဲ့ အသိများ အကြားများတဲ့စကားတစ်လုံးပါ။ အဲဒီ အဝိဇ္ဇာကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး က **"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"**လို့ တိုတိုရှင်းရှင်းနဲ့ ဖွင့်ဆိုထားပါတယ်။

**"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"** ဆိုတော့ ဘယ်နှစ်ဌာန ဘယ်ဌာနမှာ ဖြစ်သလဲ။ ဇာတိအားဖြင့် သူဖြစ်ရာဌာနက (၈)ဌာန။ သစ္စာလေးပါးမှာလဲ မသိအောင် ဖုံးလွှမ်းထားတယ်။ မသိအောင်ပြုတယ်၊ သိခွင့်မပေးဘူး။ ရှေ့အစွန်း၊ နောက်အစွန်း၊ ရှေ့နောက်အစွန်း ပဋိစ္စ သမုပ္ပါယ်တရားတော်တွေ ဆိုတဲ့ (၈)ဌာနမှာ အဝိဇ္ဇာက ဖုံးကွယ်ထား ပါတယ်။ ကိစ္စအားဖြင့် ပြောမယ်ဆိုရင်တော့ သစ္စာလေးပါးတို့ရဲ့ သဘော အမှန်ကို သိဖို့ရာခွင့်မပေးပဲနဲ့ ဖုံးလွှမ်းပြီးထားတဲ့ ဆောင်ရွက်ဖွယ် ရှိပါတယ်။ ကိစ္စအားဖြင့်တော့ အဝိဇ္ဇာရဲ့ကိစ္စကို အဲလိုသိကြရတယ်။ ဒါဖြင့် အဝိဇ္ဇာရဲ့ကိစ္စနဲ့ အဝိဇ္ဇာရဲ့ဇာတိ။ ဇာတိက ဘာလဲဆိုတော့ အဝိဇ္ဇာ ဖြစ်တာ (၈)ဌာနမှာ အဝိဇ္ဇာ ဖုံးလွှမ်းတယ်၊ သိခွင့်မပေးဘူး။ အဲလိုဆိုတော့ အဝိဇ္ဇာရဲ့ သဘောလက္ခဏာများ ဒါလောက်နဲ့ပြည့်စုံပြီလားဆိုတော့ မပြည့်စုံသေးဘူး။ မပြည့်စုံတဲ့ အတွက်ကြောင့် အဝိဇ္ဇာကို ဇာတိအား ဖြင့်လဲ ပြောခဲ့ပြီ။ ကိစ္စအားဖြင့်လဲ ပြောခဲ့ပြီ။ မပြည့်စုံသေးဘူး။ အဝိဇ္ဇာရဲ့ သဘောလက္ခဏာများကို ပြဖို့ရာအတွက် (၂၅)ပုဒ်၊ မြတ်စွာဘုရား ဆက်ပြီးတော့ ဟောပါတယ်။

http://www.dhammadownload.com



ဥပမာအားဖြင့် ပြောမယ်ဆိုရင် နွားပျောက်လို့ နွားရှာတဲ့ လူတစ်ယောက်၊ နွားပျောက်သွားတဲ့အခါကျတော့ နွားရှာတယ်။ တွေ့တဲ့ လူတွေကို မေးတယ်။ "ငါ့နွားပျောက်သွားတယ်၊ ငါ့နွားများ မတွေ့ကြဘူးလား" လို့မေးတယ်။ အဲဒီလိုမေးတဲ့အခါ လူတွေက "မင့်နွားက ဘယ်အရောင်လဲ"၊ "ဟာ- ငါ့နွားကတော အဖြူရောင်၊ အနီရောင်" အဲဒီလို ပြောတယ်။ ပြောတဲ့အခါ "အဖြူတွေ၊ အနီတွေကလဲ ပြည့်လို့ပဲ နွားဖြူတို့၊ နွားနီတို့ဆိုတာတွေ ပြည့်နေတာပဲ။ ဒါလောက်ပြောရုံနဲ့တော့ ဘယ်လိုမှ မင့်နွားကို ရှာတွေ့ဖို့ မလွယ်ဘူး၊ အဲဒီတော့ ဘယ်နားမှာ အဖြူလဲ၊ ဘယ်နားမှာ အနီလဲ"လို့မေးတော့ "ထမ်းပိုးကတဲ့ နေရာလေးမှာ အနီ၊ ဦးခေါင်းမှာ အညို၊ အမြီးမှာ အဖြူ အစရှိသည်ဖြင့် အဲဒီလို သေသေချာချာပြောမှ မိမိရှာလိုတဲ့နွားရနိုင်သလို။ အဝိဇ္ဇာရဲ့ ဇာတိဖြစ်ရာ ဌာန (၈)မျိုး၊ အဝိဇ္ဇာရဲ့ကိစ္စ၊ သိခွင့်မပေးတဲ့ကိစ္စ၊ အဲဒီလောက်ပြောရုံနဲ့ အဝိဇ္ဇာဟာ မပြည့်စုံသေးပါဘူးတဲ့။ ဒါကြောင့် နွားပျောက်ရှာတဲ့ လူလို နွားဖြူ နွားနီလို့ ပြောရုံနဲ့ မပြည့်စုံသလို ဘယ်နားလေးမှာ အဖြူ ဘယ်နားလေးမှာ အနီ အစရှိသည်ဖြင့် သေသေချာချာ ပြောမှ ရှာလိုတဲ့နွားရှာလို့ ရနိုင်သလို။ အဝိဇ္ဇာရဲ့သဘောလက္ခဏာကို အပိုဒ် (၂၅)ပုဒ်နဲ့ မြတ်စွာဘုရား ဆက်ပြီးဟောတော်မူတယ်။ အဲဒီမှာ အဝိဇ္ဇာရဲ့ သဘောက ဘာတဲ့လဲ။

(၁) အဝိဇ္ဇာသည် "**အညာဏ မည်ပါတယ်**"။ ဉာဏ်ဆိုတာ ဘာလဲဆိုတော့ "**ဝိဇ္ဇာ**"၊ "**ပညာ**" အသိအလိမ္မာ ဉာဏ်ပညာပါပဲ။ အဲဒီ အသိအလိမ္မာဉာဏ်ပညာဟာ သစ္စာလေးပါးတရားကို သိနိုင်၊ မြင်နိုင်တယ်။ ဒီအဝိဇ္ဇာ ဖြစ်ပေါ်နေတဲ့အခါကျတော့ မှောင်ကျလာတဲ့အခါ ကျတော့ အဲဒီ ဉာဏ်အမြင်ဖြစ်ခွင့်မရဘူး။ အဲဒါကြောင့် အဝိဇ္ဇာဟာ "**အညာဏ**" မည်တယ်။

http://www.dhammadownload.com



(၂) တစ်နည်း အဝိဇ္ဇာသည် **"အဒဿန"**၊ **"အဒဿန"**မှ ဒဿနဆိုတာ ပညာပါပဲ။ သစ္စာလေးပါးတရားကို မြင်နိုင်တယ်။ အဝိဇ္ဇာဖြစ်ပေါ်နေတဲ့အခါ သစ္စာလေးပါးကို မမြင်နိုင်ဘူး။ ဒါကြောင့် အဝိဇ္ဇာဟာ **"အဒဿန"**။

(၃) ဆက်ပြီးဟောတာက **"အနဘိသမယော"**၊ အဝိဇ္ဇာဆိုတာ အနဘိသမယ။ အဲဒီ အနဘိသမယပုဒ်မှ **"အဘိသမယ"**။ အဘိသမယဆိုတာ ထိုးထွင်း၍ သိတဲ့ပညာ၊ ထိုးထွင်း၍သိနိုင်တယ် အဘိသမယ။ အဝိဇ္ဇာဖြစ်ပေါ်နေပြီဆိုရင် ထိုးထွင်း၍သိခွင့်မရတော့ဘူး။ မသိအောင် အဝိဇ္ဇာက ပိတ်တယ်၊ ကာပြီး ဆီးပြီးတော့ ထားနိုင်တယ်။ ဒါကြောင့် အဝိဇ္ဇာသည် **"အနဘိသမယ"**။ ရှေ့ဆက်ပြီးဟောတာက-

(၄) အနနုဗောဓ၊

(၅) အသမ္ဗောဓ၊

(၆) အပ္ပဋိဝေဓ၊

အနုဗောဓ၊ သမ္ဗောဓ၊ ပဋိဝေဓဆိုတဲ့ စကားတော်များမှာ အနုဗောဓ ဆိုတာ လောကီဉာဏ်နဲ့ သစ္စာလေးပါးကို သိတဲ့ပညာ။ သမ္ဗောဓဆိုတာ ကောင်းစွာသိခြင်း။ ပဋိဝေဓ ဆိုတာ ထိုးထွင်းသိမှုပဲ။ အဝိဇ္ဇာ ဖြစ်ပေါ်နေပြီဆိုရင် အနုဗောဓဆိုတဲ့ လျော်စွာသိခြင်းဆိုတာ မဖြစ်နိုင်ဘူး။ သမ္ဗောဓ ဆိုတဲ့ ကောင်းစွာသိမှု၊ ပဋိဝေဓဆိုတဲ့ ထိုးထွင်း၍ သိမှုလဲ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် အဝိဇ္ဇာကို **"အနနုဗောဓော"** **"အသမ္ဗောဓော"** **"အပ္ပဋိဝေဓော"** လို့ မြတ်စွာဘုရား ဒီလိုဟောကြားတော်မူပါတယ်။

(၇) q u NyDa [ mw mu ]**အသင်္ဂါဟနာ**"
သင်္ဂါဟနာဆိုတာ တရားတော်ကို ကျကျနန သုံးသပ်နိုင်တဲ့ပညာ၊ တရားတော်ကို ကျကျနန ပွတ်တိုက်ပြီးတော့ ယူနိုင်တဲ့ပညာမျိုး။ ဒီအဝိဇ္ဇာခေါ်တဲ့ အမှောင်ကျနေပြီဆိုရင် တရားတော်ကို သုံးသပ်နိုင်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ အဝိဇ္ဇာဟာ "**အသင်္ဂါဟနာ**"

(၈) ရှေ့ဆက်ပြီး ဘာဟောသလဲဆိုတော့ "**အပရိယောဂါဟန**"
"**ပရိယောဂါဟန**" ဆိုတာ သက်ဝင်ပြီးတော့ သိမြင်နိုင်တဲ့ပညာ။ အဝိဇ္ဇာခေါ်တဲ့ အမှောင်ကျနေပြီဆိုရင် သစ္စာ လေးပါးတရားစီ သက်ဝင်ပြီးတော့ ယူနိုင်ဖို့ မြင်နိုင်ဖို့ မလွယ်ဘူး။ ဒါကြောင့် အဝိဇ္ဇာဟာ "**အပရိယောဂါဟန**"။

(၉) "**အသမပေက္ခန**"
"**သမပေက္ခန**" ဆိုတာက အညီအမျှကြည့်ရှုတဲ့ ဉာဏ်ပညာ။ အဝိဇ္ဇာများ ဖြစ်ပေါ်နေပြီဆိုရင် အညီအမျှကြည့်ရှုဖို့ မဖြစ်နိုင်တော့ဘူး။ အညီအမျှ မကြည့်နိုင်တော့ဘူး။ အဲဒါကြောင့် အဝိဇ္ဇာဟာ "**အသမပေက္ခန**"။

(၁၀) "**အပစ္စဝေက္ခဏာ**"
"**ပစ္စဝေက္ခဏာ**"ဆိုတာ မှန်မှန်ကန်ကန် ဆင်ခြင်တိုင်းထွာနိုင်တာ။ အဝိဇ္ဇာဖြစ်ပေါ်လာပြီဆိုရင် ပစ္စဝေက္ခဏာ ဆင်ခြင်မှုဟာလဲ မဖြစ်နိုင်တော့ဘူး။ အဲဒါကြောင့် အဝိဇ္ဇာဟာ "**အပစ္စဝေက္ခဏာ**"။

http://www.dhammadownload.com



(၁၁) **"အပစ္စက္ခဓမ္မ"**
အဝိဇ္ဇာဆိုတဲ့ မောဟအမှောင်ကျနေပြီဆိုရင် မျက်မှောက်ပြုနိုင်တဲ့ အမှုကိစ္စ၊ တရားတော်နဲ့ ပတ်သက်ပြီး မျက်မှောက် ပြုနိုင်တဲ့ အမှုကိစ္စဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့် အဝိဇ္ဇာသည် အပစ္စက္ခဓမ္မ။

(၁၂) **"ဒုမ္မေဓ"**= ပညာမဲ့ခြင်း
အဝိဇ္ဇာဖြစ်ပေါ်လာပြီဆိုရင် အသိဉာဏ်ပညာမဲ့ပြီး သွားတဲ့အတွက် အဝိဇ္ဇာဟာ **"ဒုမ္မေဓ"**။

(၁၃) **"ဗာလျ"**
အဝိဇ္ဇာဖြစ်ပေါ်လာပြီဆိုင် ကလေးသူငယ်များလို မိုက်မဲတော့တာပါပဲ။ ဒါကြောင့် အဝိဇ္ဇာဟာ **"ဗာလျ"**။

(၁၄) **"မောဟော"**= တွေဝေတတ်တယ်။

(၁၅) **"သမ္မောဟော"**= ပြင်းစွာတွေဝေတတ်တယ်။

(၁၆) **"ပမောဟော"**= အများအားဖြင့် တွေဝေတတ်တယ်။
မြတ်စွာဘုရားက အဝိဇ္ဇာဆိုတဲ့ပုဒ်ကို လူဆိုးများ နာမည်ပေးသလို။ လူတစ်ယောက်ဟာ ဆိုးပြီးနေပြီ ဆိုရင် သူ့နာမည်ဟာ ဆိုးပေဆိုလဲသူပဲ။ တေလေဆိုလဲ သူပဲ။ ဂျပိုးသူခိုးဆိုရင်လဲ သူပဲ။ အဲဒီလိုဘဲ ဒီအဝိဇ္ဇာ ဟာလဲ လူဆိုးများ၊ နာမည်အမျိုးမျိုးရသလို (၂၅)ပုဒ်နဲ့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

ဒါကြောင့်မို့ ဆက်ပြီးတော့ ဘာဟောသလဲဆိုတော့-

(၁၇) **"အဝိဇ္ဇာ"**
အဝိဇ္ဇာဆိုတာ ဘယ်လိုဟာမျိုးလဲဆိုရင် မသိရမည့် ဒုစရိုက်စသည်တို့ကို သိတတ်တယ်။ သိရမည့်သုစရိုက် စသည်ကိုတော့ မသိဘူး။ ဒါကြောင့် **"အဝိဇ္ဇာ"**။
တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ခန္ဓာတို့ရဲ့ အစု

http://www.dhammadownload.com



အပေါင်းအနက် သစ္စာတို့ရဲ့ မဖောက်မပြန် သိရမည့် အနက်ကို မသိတတ်တဲ့ အတွက်ကြောင့်မို့ **"အဝိဇ္ဇာ"**။ ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသဘုံကိုး၀၊ အဲဒီမှာ ပြေးသွားစေ တတ်တဲ့အတွက် **"အဝိဇ္ဇာ"**။ ဟော- ဘုံဘဝတွေမှာ ပြေးစေတတ်တယ်၊ သုံးဆယ့်တစ်ဘုံမှာ ပြေးစေ တတ်သောကြောင့် **"အဝိဇ္ဇာ"**။

(၃၁)ဘုံမှာ ပြေးစေတတ်တယ်တာ ပြောရတာ။ တကယ်တမ်း ကျတော့ **"သုဒ္ဓါဝါသ"** ငါးဘုံမှာမရောက်ဘူးကြပါဘူး။ သတ္တဝါတွေ (၃၁)ဘုံမှာ လည်ပတ်တယ်တာ ပြောရတယ်။ တကယ်တမ်းကျတော့ (၂၆)ဘုံမှာသာ လည်ပတ်ကြတာပါ။ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ ရှင်မောဂ္ဂလာန်ခေါ်ပြီးတော့ တို့သုဒ္ဓါဝါသဘုံကို မရောက်ဖူးဘူး။ ရှည်လျားလှတဲ့ သံသရာကြီးမှာ တို့မရောက်ဘူးတဲ့ ဘုံရှိတယ်။ မနေဘူးတဲ့ နေရာရှိတယ်လို့ မိန့်ပြီးတော့ သုဒ္ဓဝါသဘုံကို ဒေသစာရီကြွချီတော်မူတယ်။ သာမန်အားဖြင့်သာ (၃၁)ဘုံ ကျင်လည် ကြတယ်လို့ ပြောရပေမဲ့ တကယ်တမ်းကျတော့ သုဒ္ဓါဝါသ (၅)ဘုံ မရောက်ဖူးကြပါဘူး။ သုဒ္ဓါဝါသဘုံဆိုတာက သုဒ္ဓ+ အာဝါသ= စင်ကြယ်တဲ့အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ကြီးတွေရဲ့နေရာ ဌာနကိုး။ အဲဒီ ရောက်သွားလို့ရှိရင် သံသရာမှာ အဲဒီမှာပဲ စခန်းသတ်ကြတော့မှာကိုး။ စင်ကြယ်တဲ့အနာဂါမ်ရဟန္တာပုဂ္ဂိုလ်ကြီးများရဲ့ နေရာထူး နေရာမြတ်ပါ။ အဲဒါကြောင့်မို့ (၃၁)ဘုံဆိုတဲ့နေရာမှာ (၂၆)ဘုံမှာ ပြေးသွားနေ ကြတာပါ။ ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး၊ သတ္တာဝါသဘုံကိုး၀တို့မှာ ပြေးစေတတ်တဲ့အတွက်ကြောင့် **"အဝိဇ္ဇာ"**။ အဲဒီ အဝိဇ္ဇာကိုပဲ **"အဝိဇ္ဇောဃော"** အဝိဇ္ဇာဟာ ဩဃလဲ အမည်ရတယ်။ ဘာကြောင့် ဩဃအမည်ရသလဲဆိုရင် ဒီအဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်ဟာ သံသရာမှာ မြုပ်နိုင်မြောနိုင်ပါတယ်။ ဒါကြောင့်မို့ အဝိဇ္ဇာကို

http://www.dhammadownload.com



အဝိဇ္ဇောယောလို့ အမည်ပေးရတယ်။ အဝိဇ္ဇာကိုပဲ **"အဝိဇ္ဇာယောဂေါ"** ဘာကြောင့် အဝိဇ္ဇာကို **"ယောဂ"** ခေါ်သလဲဆိုရင် ဝဋ်ထဲမှာ ယှဉ်စပ်ပြီး တော့ထားတတ်လို့ **"အဝိဇ္ဇာယောဂေါ"**။ ပြီးတော့ မိမိတို့သန္တာန်မှာ အဖန်ဖန်ထပ်ထပ် ကိန်းပြီးဖြစ်ပွားပြီးတော့ နေတတ်တဲ့အတွက်ကြောင့် လဲပဲ **"အဝိဇ္ဇာနုသယ"**လို့ ဒီလိုလဲ ခေါ်နိုင်ပါတယ်။ **"အဝိဇ္ဇာ ပရိယုဋ္ဌာန** အဝိဇ္ဇာကို ပရိယုဋ္ဌာန ဆိုတဲ့ နာမည်ဆိုးတစ်ခုလဲ ပေးထားပါသေးတယ်။ လမ်းခရီးမှာ သူခိုးတွေ ထကြွသောင်းကျန်းသလို အဝိဇ္ဇာဟာလဲ သတ္တဝါတို့သန္တာန်မှာ ထကြွ သောင်းကျန်းတဲ့အတွက်ကြောင့်မို့ **"အဝိဇ္ဇာ ပရိယုဋ္ဌာန**"လို့ အမည်ပေးထားပါတယ်။

**"အဝိဇ္ဇာ လဃီ"** အဝိဇ္ဇာဆိုတဲ့ မင်းတုန်းဂလန့်။ အဝိဇ္ဇာဟာ မင်းတုံးဂလန့်များနဲ့လဲ တူပါတယ်။ မြို့ကြီးတစ်မျို့ ဆိုကြပါစို့။ တံခါး ပိတ်ပြီး မင်းတုံးဂလန့်ထိုး ပိတ်ဆို့ထားမယ်ဆိုရင် အဝင်အထွက်တွေ ပြတ်စဲလို့ မြို့ထဲဝင်မည့်သူတွေလဲ မဝင်နိုင်ဘူး။ မြို့ကထွက်မည့် လူတွေလဲ မထွက်နိုင်ဘူး။ အဲဒီလိုဘဲ ဒီအဝိဇ္ဇာဆိုတဲ့ မင်းတုန်းဂလန့်နဲ့ သက္ကာယ ဆိုတဲ့ မြို့ကြီးမှာ ပိတ်ပြီးထားမယ်ဆိုရင်တော့ နိဗ္ဗာန်ကိုရောက်ဖို့ရာ ဉာဏ်ဟာ တစ်ခါထဲပိတ်မိနေပါတယ်။ **"နိဗ္ဗာန သမ္ပါပကံ ဉာဏံ အစ္ဆိဇ္ဇတိ"** ဆိုတဲ့အတိုင်း နိဗ္ဗာန်ကို ရောက်စေတတ်တဲ့ဉာဏ်ဟာ ပြတ်ပြီး သွားနိုင်ပါတယ်။ အဝိဇ္ဇာကို မင်းတုံးဂလန့်များနဲ့တူတဲ့အတွက်ကြောင့် **"အဝိဇ္ဇ လဃီ"**လို့ ဟောတော်မူပါတယ်။ အဲဒီ အဝိဇ္ဇာဟာ အကုသလ မူလ၊ အကုသိုလ်လဲ မည်တယ်။ အကုသိုလ်တို့ရဲ့ အရင်းအမြစ်လဲ မည်တယ်။ ဒါကြောင့်မို့ အဝိဇ္ဇာဟာ အကုသိုလ်မည်ရုံတင် မဟုတ်ဘူး။ အကုသိုလ်တို့ရဲ့ အမြစ်အရင်းလဲ ဖြစ်တယ်။ အဝိဇ္ဇာဟာ (၈)ပါးသော ဌာနတို့မှာ ဖုံးလွှမ်းတတ်တယ်။ သူရဲ့သဘော လက္ခဏာကိုတော့ (၂၅)ပုဒ် တို့နဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာ။

အဲဒီတော့ (၈)ဌာနမှာ ဖုံးလွှမ်းတတ်တယ်ဆိုတော့ သစ္စာ လေးပါး၊ ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်း **ပဋိစ္စသမုပ္ပါဒ်**၊

http://www.dhammadownload.com



ဒီတရားတွေအပေါ်မှာ ဖုံးလွှမ်းတတ်တဲ့အတွက်ကြောင့်မို့ **"အဝိဇ္ဇာ"**။ သစ္စာလေးပါးတရားကို မသိအောင် ဖုံးလွှမ်းတတ်တာလဲ အဝိဇ္ဇာ၊ ပဋိစ္စသမုပ္ပါဒ်တရားတွေ မသိအောင် ဖုံးလွှမ်းတတ်တာလဲ အဝိဇ္ဇာ။ ဒါလောက် ဆိုးသွမ်းလှတဲ့ အဝိဇ္ဇာပပျောက်ဖို့ရာအတွက် တရားအား ထုတ်နေကြတာပါပဲ။ အဲဒီတော့ သစ္စာလေးပါး မသိဆိုတဲ့နေရာမှာ -

**ဒွေ ဒုဒ္ဒသတ္တာ ဂမ္ဘီရာနိ**

ဒွေ= ဒုက္ခနဲ့သမုဒယနှစ်ပါးတို့သည်၊ ဒုဒ္ဒသတ္တာ= မြင်နိုင်ခဲသည်အဖြစ်ကြောင့်၊ ဂမ္ဘီရာနိ= နက်နဲပါကုန်၏။ ဒုက္ခနဲ့ သမုဒယ မြင်နိုင်ခဲတဲ့ အတွက်ကြောင့်မို့ မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ဒုက္ခကို ဒုက္ခမှန်းသိဖို့ရာကို အင်မတန်ခက်တယ်။ ဒုက္ခအမှန်လို့ သိဖို့ရာ တရားအားထုတ်တာဟာ အဲဒီ ဒုက္ခအမှန်ကို သိဖို့ပါပဲ။ ဒုက္ခအမှန်ကို သိရင် တရားမြင်တော့တာပါဘဲ။ ဒုက္ခနဲ့သမုဒယဟာ မြင့်မိုရ်တောင်နဲ့ ဖုံးဖိထားတဲ့ မုန်ညှင်းစေ့ လေးကြည့်ရမြင်ရ ခက်သလိုပဲ။ မြင်နိုင်ခဲ့တဲ့ အတွက်ကြောင့်မို့ ဂမ္ဘီရာနိ= နက်နက်ပါတယ်။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ (၂)ပါးကျတော့- **"ဂမ္ဘီရတ္တာ ဒုဒ္ဒသာနိ"**= နက်နဲတဲ့အတွက်ကြောင့်မို့ မြင်နိုင်ခဲပါတယ်။ ဘယ်လောက် များ မြင်နိုင်ခဲတယ်။ ဘယ်လောက်များ ခက်သလဲဆိုရင် ပင်လယ်သမုဒ္ဒရာရဲ့ ဩဇာအဆီဓာတ်ကို ထုတ်ယူရ သလိုပဲတဲ့။ တစ်နည်း အားဖြင့် မြင့်မိုရ်တောင်ခြေက သံကိုထုတ်ယူ ရသလိုပါဘဲ။ တစ်မျိုး အားဖြင့် ပြောမယ်ဆိုရင် တောင်ကြီးတစ်ခုကို ကိုင်ပြီး အဲဒီတောင်ရဲ့ အဆီအနှစ်ကို ညှစ်ပြီးထုတ်ယူရသလိုပဲ။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ဖြစ်ဖို့ကျပြန်တော့ အဲဒီလိုမမြင်ရင် အဝိဇ္ဇာ မပျောက်ဘူး။ မြင်သွားရင်လဲ အဝိဇ္ဇာပျောက်သွားပြီ။ အဝိဇ္ဇာပျောက်ရင် ဝိဇ္ဇာဉာဏ်ရောက်တာပါပဲ။

ကျယ်ဝန်းလှတဲ့ မြတ်စွာဘုရား တရားတော်တွေထဲက မိမိတို့ အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်ရောက်အောင် အားထုတ်တဲ့ နေရာမှာတော တစ်စိတ်တစ်ဒေသတရားကို မြင်လျှင်လဲပြီးပါတယ်။ မြတ်စွာဘုရား

http://www.dhammadownload.com



သာသနာတော်မှာ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းလို့ (၂)မျိုးပေးပါတယ်။ အဲသလို ပေးတဲ့နေရာမှာ ယခုယောဂီသူတော်စင်များ အားထုတ်နေတာကတော့ ရုပ်ကမ္မဋ္ဌာန်းပါပဲ။ ရုပ်ကမ္မဋ္ဌာန်းဟာလဲ ရုပ်တွေအမျိုးမျိုး လိုက်လိုက်ကြည့်တာထဲက အခုထွက်လေ ဝင်လေကို ရှုမှတ်ပြီး ပွားများနေတာဟာ ဝါယောရုပ်ဓာတ်တစ်မျိုးပဲ အဓိကထားပြီး ဖမ်းနေတယ်။ ဓာတ်မသိရင် ဘာမဆိုခက်တယ်။ ဓာတ်သိအောင် အားထုတ်နေကြတာပါပဲ။ ဝါယောရုပ်ကလေးရဲ့ အခြေအနေကိုသိပြီး ဝါယောရုပ်ရဲ့ဖြစ်စဉ်ကို ကျကျနနသိပြီဆိုရင် အခြားတရားတွေလဲပဲ ဒီအတိုင်းပဲဆိုပြီး အားလုံးကို မြင်သွားတဲ့နည်းပါ။ အဲဒီ ဝါယောရုပ်ကလေးရဲ့ သဘောသဘာဝလေးက လှုပ်ရှားတဲ့သဘောရှိပါတယ်။ နှာသီးဖျားမှာ တွန်းကန်ပြီးတော့ လှုပ်ရှားပြီးတော့ ထွက်လေ ဝင်လေလို့ မြန်မာလို ပြောကြရတယ်။ သို့သော်လဲ ဝါယောရုပ်ပါပဲ သဘောလေးကြည့်မယ်ဆိုရင် တွန်းကန်လှုပ် ရှားတဲ့သဘော ရှိပါတယ်။ အဲဒါမြင်လျှင် ဓာတ်မြင်တဲ့ ဝိပဿနာပါပဲ။

တွန်းကန်လှုပ်ရှားတဲ့သဘောလေး တစ်နာရီအတွင်းမှာ အကြိမ်ပေါင်းများစွာ ဖြစ်တာကိုလဲ သိလိုက်တယ်။ ပျက်တာကိုလဲ သိလိုက်တယ်။ အခု သမထပိုင်းမှာတော့ ဖြစ်တာ၊ ပျက်တာကို ဦးစားပေးမကြည့်ပဲနဲ့ ထွက်လေ နှာသီးဖျား တိုးထွက်တဲ့အချိန်လေး အဲဒါလေးကို သတိမပြတ်မှတ်နေဖို့ အရေးကြီးပါတယ်။ ဝိပဿနာပိုင်းရောက်တဲ့ အခါကျတော့မှ ထွက်လေဆိုတာ ဝါယောရုပ်၊ ဝါယောရုပ်ရဲ့သဘောက တွန်းကန်လှုပ်ရှားတယ်။ အဲဒီ ဝါယောရုပ်ဟာ သစ္စာနဲ့ပြောရင် ဒုက္ခသစ္စာပါဘဲ။ အဲဒီ ဒုက္ခသစ္စာဖြစ်တဲ့ ဝါယောရုပ်ကို ဖြစ်စေတတ်တဲ့ တဏှာဟာ သမုဒယသစ္စာပါပဲ။ အဲဒီ ဝါယောရုပ်ကို ဖြစ်စေတတ်တဲ့ တဏှာချုပ်သွားတဲ့နေရာသည် တစ်နည်းအားဖြင့် ဝါယောရုပ်ချုပ်ရာသည် နိရောဓသစ္စာပါပဲ။ အဲဒီ ဝါယောရုပ် တဏှာတို့ မဖြစ်ပေါ်တဲ့နေရာဟာ နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာပါပဲ။ ဝါယောရုပ်နဲ့ တဏှာတို့ချုပ်သွားဖို့ရာ

http://www.dhammadownload.com



မဂ္ဂင်လမ်းစဉ်တွေ၊ မဂ္ဂင်(၈)ပါး တစ်နည်းအားဖြင့် သိက္ခာ(၃)ပါး ကျင့်စဉ် တရားများဟာ ဒုက္ခသစ္စာချုပ်ဖို့ရာအတွက် လမ်းကောင်းတွေပါပဲ။ ယခု ယောဂီသူတော်စင်များ အားထုတ်နေကြတဲ့ ထွက်လေ ဝင်လေကို ရှုမှတ် ပြီးတော့နေတဲ့ သတိဟာ ရှေ့ပြေးသမ္မာသတိမဂ္ဂင်ပါပဲ။ မိမိတို့ အာဇီဝဋ္ဌမကသီလ စောင့်ထိန်းတယ်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဒီသီလတွေဟာ လုံခြုံပြီးတော့ နေပါတယ်။ ဒီသီလတွေ လုံခြုံနေတော့ ဝိရတီခေါ်တဲ့ တရားတွေဟာ ဖြစ်ပေါ်ပြီးတော့ နေတယ်။ သမ္မာဝါစာဖြစ်တယ်။ သမ္မာကမ္မန္တ ဖြစ်တယ်။ သမ္မာအာဇီဝဖြစ်တယ်။ အဲဒီ ဝိရတီဟာလဲပဲ သမ္ပတ္တဝိရတီ= လိမ်ညာပြီးပြောစရာ အကြောင်း တွေ ပေါ်လာတယ်။ မပြောဘူး။ သမ္မာဝါစာ သမ္ပတ္တဝိရတီ ဖြစ်ပါတယ်။ သတ်စရာအကြောင်း ကြုံတယ်။ သတ်လဲ သတ်နိုင်တယ်။ မသတ်ဘူး။ သမ္ပတ္တဝိရတီပါပဲ။

မိမိတို့ သီလသိက္ခာတွေ ဆောက်တည်ပြီး သူတစ်ပါးအသက် ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း ဟာ "**သမာဒါနဝိရတီ**"။ ဒီဝိရတီ (၂)မျိုးကတော့ ပုထုဇဉ်တို့ သန္တာန်မှာ ဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ပုဂ္ဂိုလ်တို့သန္တာန်မှာလဲ သမ္မာဝါစာတို့ သမ္မာကမ္မန္တတို့ သမ္မာအာဇီဝတို့ ထိုက်တန်သလောက် ဖြစ်ကြပါတယ်။ သမ္ပတ္တဝိရတီ တွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဗုဒ္ဓဘာသာ မဟုတ်သော်လဲပဲ သူတစ်ပါးဥစ္စာ မခိုးဘူး၊ သီလ မယူသော် လဲပဲ သူတစ်ပါးဥစ္စာ မခိုးဘူး။ ဒါဟာ သမ္ပတ္တဝိရတီကတော့ ဖြစ်ပြီးတော့ နေတာပါဘဲ။ သို့သော် တစ်ခါတစ်ရံ မျက်စိမမြင်တဲ့ လူခရီးသွားသလို၊ တစ်ခါတစ်ရံ သူတော်ကောင်းစိတ်ကလေး ကိန်းဝပ်ပြီးနေတော့ ရှောင်ကြဉ်ဖြစ်တယ်။ တစ်ခါတစ်ရံကျတော့ မရှောင်ဖြစ်ဘူးဆိုတော့ တစ်ခါတစ်ရံလမ်းမှန်အတိုင်း သွားဖြစ်တယ်။ တစ်ခါတစ်ရံ လမ်းဆိုး လမ်းမှားသွားဖြစ်တယ်။ အဲဒါမျိုးလိုဖြစ်နေတော့ လမ်းကမဆုံးနိုင် တော့ဘူး။ သမုစ္ဆေဒ ဝိရတီ= သီလနယ်ပယ်နဲ့ ပတ်သက်ပြီးတော့

http://www.dhammadownload.com



သမုစ္ဆေဒဝိရတီ။ မဂ်ဉာဏ်နဲ့ တစ်ခါထဲဖြတ်တောက်ပြစ်လိုက်တဲ့ အခါမျိုးကျတော့ ဘယ်တော့မှ လိမ်ညာပြောတယ်ဆိုတာ မရှိဘူး။ ဂုံးချောတယ်။ ရန်တိုက်တယ်။ အပြိန်း စကားပြောတယ်ဆိုတာ မရှိဘူး။ ဘယ်တော့မှ သူတစ်ပါး အသက်သတ်တယ်ဆိုတာ မရှိဘူး။ သူတစ်ပါးဥစ္စာခိုးတယ်ဆိုတာ မရှိဘူး။ သူတစ်ပါးပိုင်သတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို မှားမှားယွင်းယွင်း ပြုကျင့်ခြင်းဆိုတာ မရှိဘူး။ သမုစ္ဆေဒဝိရတီ။ သမုစ္ဆေဒဝိရတိဆိုတာ အရိယာတွေမှ ဖြစ်တာကိုး။ ပုထုဇဉ်တွေကျတော့ သီလနဲ့ပတ်သက်ပြီးတော့လဲ အခု လုံခြုံတယ်။ တော်ကြာ မလုံခြုံဘူး။ အခု စောင့်ထိန်းတယ်။ တော်တော်ကြာ စောင့်ထိန်းချင်မှ စောင့်ထိန်းတယ်။ ဒါကြောင့် ပုထုဇဉ်ဘဝဟာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မိန့်ကြားဘူးတယ်။ **"ယနေ့ သမာဓိရှင်ကြီး မနက်ဖြန်ပွဲထဲကလူပျက်ကြီး"**။ ဒီနေ့ သမာဓိရှင် ဖြစ်တယ်။ မနက်ဖြန်ပွဲထဲက လူပျက်ကြီးဖြစ်ချင် ဖြစ်နေတာ။

## ပန်းချီကျော်ဆရာကြီး

ဒါကြောင့်မို့ ပန်းချီကျော် ဆရာကြီးတစ်ယောက်ဟာ သန္တရသ ငြိမ်းအေးတဲ့ ပုံသဏ္ဍာန်ပန်းချီဆွဲချင်တာနဲ့ လိုက်ပြီးတော့ရှာတော့ ကိုရင်လေးတစ်ပါး တွေ့တယ်။ အင်မတန် ငြိမ်သက်တယ်။ အင်မတန် ဣန္ဒြေရတယ်။ ကြည်ညိုစဖွယ် အင်မတန်ကိုငြိမ်သက်တဲ့ပုံလေး။ ကမ္ဘာမှာ ငြိမ်သက်တာတွေ အမျိုးမျိုးရှိတာတွေထဲက ငြိမ်သက်တဲ့မျက်နှာတွေ အမျိုးမျိုးရှိတာတွေထဲက ဒီမျက်နှာလောက် ငြိမ်သက်တာ၊ ငြိမ်းတာ မရှိဘူး။ အရှင်ဘုရား ရပ်ပါအုံးဘုရား ဆိုပြီးတော့ ပန်းချီဆွဲတယ်။ သန္တရသ ပေါ်လွင်အောင် ငြိမ်းအေးတဲ့မျက်နှာပေါ့။ ငြိမ်းအေးတဲ့ မျက်နှာလေး ကြည့်ပြီးတော့ ပန်းချီဆွဲခဲ့တာ။

အဲဒီ ငြိမ်းအေးတဲ့ပန်းချီဆွဲပြီးတော့ ငြိမ်းချမ်းတဲ့ပုံသဏ္ဍာန်လေး ဆွဲပြီးတော့ အင်မတန်ကြမ်းတမ်းတဲ့ **"ရုဒ္ဒ"**ရသ ကြမ်းတမ်းတဲ့ ပုံဆွဲချင်လို့

http://www.dhammadownload.com



လိုက်ရှာတယ်။ (၁၀)နှစ်လောက်ကြာတဲ့အခါကျတော့ ပြောကြပါစို့ မင်းပြစ်မင်းဒဏ်သင့်တဲ့ လူကြမ်းကိုတွေ့တယ်။ သူ့ကိုသတ်ဖို့ ဖြတ်ဖို့ ကြိုးစင်တင်ဖို့ မြို့ကထုတ်ပြီး ခေါ်ဆောင်ပြီးတော့ လာကြတယ်။ ခေါ်လာတဲ့အခါကျတော့ အင်မတန် ကြမ်းတမ်းတဲ့မျက်နှာကိုး၊ ရုဒ္ဒရုသ= အင်မတန်ကြမ်းတမ်းတဲ့မျက်နှာကို တွေ့လိုက်တဲ့အခါကျတော့ ပန်းချီ ကျော်ကြီးက တစ်ခါ- ဟန်ကျပြီ၊ တွေ့ပြီ။ အင်မတန်ကြမ်းတမ်းတဲ့ မျက်နှာတော့ တွေ့ပြီဆိုပြီး ခဏကြည့်ပါရစေအုံး ပန်းချီဆွဲချင်လို့ဆိုပြီး တောင်းပန်ပြီးကြည့်လိုက်တဲ့ အခါကျတော့ အင်မတန်ကိုကြမ်းတမ်းတဲ့ မျက်နှာအနေအထား တွေ့ရတယ်။ အဲဒီတော့ မင်းပြစ်မင်းဒဏ် သင့်နေတဲ့ လူက ဘာပြောသလဲဆိုတော့ "ခင်ဗျား ကျုပ်ပုံကိုဆွဲတာ နှစ်ခါရှိပြီ"လို့ ပြောသတဲ့။ ဟိုတုန်းက ငြိမ်းအေးပါတယ်ဆိုတဲ့ "သန္တရသ"၊ အခုတစ်ခါ ကြမ်းတမ်းပါတယ်ဆိုတဲ့ "ရုဒ္ဒရသ"။ ကြမ်းတမ်းပုံရှာဆွဲပြန် တော့လဲ သူပဲ။ အဲဒီတော့ ပုထုဇဉ်ဘဝဟာ "ယနေ့ သမာဓိရှင်ကြီး နက်ဖြန်ခါ ပွဲထဲကလူပျက်ကြီး"လို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတဲ့စကားလိုပဲ။ ပုထုဇဉ်ဘဝဟာ သမ္မတ္တဝိရတီနဲ့ ပတ်သက် ပြီးတော့ အခုကမ္ဘာမှာ သူတော်ကောင်းတွေ အများကြီးရှိပါတယ်။ သမ္မတ္တဝိရတီ ခိုးရမယ့်ပစ္စည်း တွေအများကြီးတွေ့ပေမယ့် မခိုးဘူး။ သမ္မတ္တဝိရတီ ဖြစ်ပြီးတော့ နေတာကိုး။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများက သီလဆောက်တည်ပြီးတော့ ရှောင်ကြဉ်ကြရတယ်။ ဒါ ပုထုဇဉ်တို့ရဲ့ သီလလုံခြုံတဲ့နည်းပေါ့။ အရိယာပုဂ္ဂိုလ်များကတော့ အခုငြိမ်းအေးတယ်။ တော်ကြာ ပူပန်တယ်ဆိုတဲ့ အဖြစ်မျိုးမရှိပဲ ဘယ်တော့မှ မပူပန်တော့ဘူး။ အခု သန္တရသ၊ အခု ရုဒ္ဒရသ မဖြစ်တော့ဘူးတဲ့။ ဒါကြောင့်မို့ အခု ငြိမ်းအေးလိုက်၊ အခုကြမ်းတမ်းလိုက် ပုထုဇဉ်တို့ရဲ့ဘဝကနဲ့ ပတ်သက်လို့-

**ပုထုဇ္ဇန ဘာဝေါ မဟာသာဝဇ္ဇော။**

(ဝိဘင်းအဋ္ဌကထာ)

http://www.dhammadownload.com



ပုထုဇ္ဇနဘာဝေါ= ပုထုဇဉ်အဖြစ်သည်၊ မဟာသာဝဇ္ဇော= အပြစ်ကြီးလှပါ၏။ ပုထုဇဉ်ဘဝဟာ အမိကိုသတ်တဲ့ကံကြီးတွေလည်း ထိုက်နိုင်တာကိုး။ အဖသတ်တဲ့ကံကြီးတွေလည်း ဖြစ်နိုင်တယ်။ သံဃာသင်းခွဲတဲ့ကံကြီးတွေလည်း ဖြစ်နိုင်တယ်။ ဘုရားသွေးစိမ်း တည်အောင်လည်း ဖြစ်နိုင်တယ်။ နိယတမိစ္ဆာဒိဋ္ဌိတွေလည်း ဖြစ်နိုင်တယ်။ အရိယာဖြစ်သွားတဲ့ အခါကျတော့ "မာတုဃာတက= အမိသတ်တဲ့ကံကြီးတွေ၊ ပိတုဃာတက= အဖသတ်တဲကံကြီးတွေ စသည်မဖြစ်တော့ဘူး။" ဒါကြောင့် အဝိဇ္ဇာအမှောင်ပျောက်ပြီးတော့ ဝိဇ္ဇာဉာဏ် အလင်းရောင်ရောက်ရှိရရှိကြပါစေလို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## စတုတ္ထနေ့ဟောစဉ်

**သင်္ဂဇာဆရာတော်**

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၄)ရက်။

**သာဓုကသဝန မနသီကာရာ ယတ္တာဟိ သာသနပဋိပတ္တိ**

သာသနပဋိပတ္တိ= သာသနာတော်နဲ့ ပတ်သက်တဲ့ကျင့်စဉ် ဟူသမျှဟာ၊ သာဓုကသဝန မနသီကာရာ ယတ္တာ= ရိုသေစွာ တရားနာခြင်း, နှလုံးသွင်းခြင်းနဲ့ ဆက်စပ်ပါ၏။

ဘုန်းကြီးတို့ ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံဆုံစည်းပြီးတော့ ယောဂီသူတော်စင်များ သာသနာကျင့်စဉ်များဖြစ်တဲ့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်။ ဒီကျင့်စဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တာဟာ ရိုသေစွာတရားနာခြင်း၊ နှလုံးသွင်းခြင်းနဲ့ ဆက်စပ်ပါတယ်လို့။ မိန့်ကြားထားတဲ့ စကားတော် ရှိတဲ့အတိုင်း တရားနာခြင်း၊ ဆင်ခြင်ပွားများခြင်း အချက်တွေဟာ သာသနာကျင့်စဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာအတွက် အားထုတ်တဲ့နေရာမှာ အင်မတန်အရေးပါပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ယခုချိန်အခါ ကာလသမယဟာ လူတို့ရဲ့သက်တမ်းတစ်ရာ၊ အရွယ်သုံးပါးနဲ့ပြောမယ်ဆိုရင် (၃၃)နှစ် (၄)လ ပထမအရွယ်၊ နောက်(၃၃)နှစ်နဲ့ (၄)လထပ်ပေါင်း (၆၆)နှစ်နဲ့(၈)လ ဒုတိယအရွယ်၊ နောက်ဆုံး (၃၃)နှစ်နဲ့(၄)လ ထပ်ပေါင်း (၁၀၀)တန်း ကာလ တတိယအရွယ်။ ပထမအရွယ်မှာ အားထုတ်ရမယ်။ ဒါမှမဟုတ် ဒုတိယအရွယ်၊ ဒါမှအားမထုတ်ဖြစ်ရင် တတိယအရွယ်မှာ အားထုတ်ဖြစ်အောင် အားထုတ်ကြရမယ်။ သင်္ဂဇာဆရာတော်ဘုရားကြီး မိန့်ကြားသလို စာမတတ်ခင်တုန်းကလဲ (ဟိုတုန်းက စာအုပ်တွေမရှိဘူး။ ပေစာထုတ်ကိုး)။ စာမတတ်ခင်တုန်းက ပေစာထုတ်တွေထမ်းပြီးတော့ စာသင်ခဲ့ရတယ်။ စာတတ်ပြန်တော့လဲ ဒီပေစာထုတ်တွေထဲက စာတွေကို သူတစ်ပါးအား ပို့ချရတယ်။ နောက်တရားအားထုတ်ဖို့ ပြင်ဆင်လိုက်တဲ့

25(B)

http://www.dhammadownload.com



အခါကျတော့ "ခေါင်းကရှေ့နားရောက်လာပြီ"တဲ့။ စာမတတ်ခင်တုန်းက ပေစာထုတ်တွေထမ်းပြီး စာသင်ရ၊ စာတတ်ပြန်တော့လဲ ပေစာထဲက စာတွေကို ပို့ချရတယ်။ တရားအားထုတ်မယ်ဆိုတော့ ခေါင်းကရှေ့နား ရောက်လာပြီတဲ့။ ဒါကြောင့်မို့ ပထမအရွယ် အားမထုတ်ဖြစ်ရင် ဒုတိယ အရွယ် အားထုတ်ပါ။ ဒုတိယအရွယ် အားမထုတ်ဖြစ်ရင် တတိယအရွယ် အားထုတ်ပါ။ သို့သော်လဲပဲ တကယ်တမ်းအရွယ်ကြီးလာတဲ့ အခါကျ တော့ တရားအာရုံရောက်ဖို့ရာ ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားဟာ သတိကို ရှေ့တန်းပြုပြီး ရှာကြရတယ်။ **"မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော်ကြီး ကြည့်မယ်ဆိုရင် သတိဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ သတိ အင်အားကောင်းတဲ့အချိန်၊ စိတ်အင်အားကောင်းတဲ့အချိန်၊ အသိဉာဏ် အင်အားကောင်းတဲ့ အချိန်မှာ အားထုတ်ကြတာ ပိုပြီးအဆင်ပြေပါတယ်"**။

## အရွယ်(၁၀)ပါး

တစ်နည်းအားဖြင့် အသက်တစ်ရာတမ်း အရွယ်ကိုဆယ်မျိုး ပိုင်းပြီးတော့ ထားကြည့်ကြရအောင်။ ပထမဆယ်နှစ်အတွင်း **"မန္ဒဒသက"** ပုစုသေးကွေးကလေး အရွယ်လူမမယ်ကာလ (၁၀)နှစ်၊ ဒုတိယဆယ်နှစ်အတွင်း **"ခိဍ္ဍာဒသက"** မြူးတူးပျော်ပါးကစားတဲ့အရွယ် (၁၀)နှစ်၊ တတိယဆယ်နှစ်အတွင်း **"ဗလဒသက"** ခွန်အားကောင်းတဲ့ အရွယ် (၁၀)နှစ်၊ စတုတ္ထဆယ်နှစ်အတွင်း **"ဝဏ္ဏဒသက"** အဆင်းပြည် ဖြိုးတဲ့အရွယ် (၁၀)နှစ်၊ ပဉ္စမဆယ်နှစ်အတွင်း **"ပညာဒသက"** အသိဉာဏ် ပြည့်ဖြိုးတဲ့ အရွယ် (၁၀)နှစ်၊ ဆဋ္ဌမဆယ်နှစ်အတွင်း **"ဟာနိဒသက"** အရာခပ်သိမ်း အသွေးအသား အသိဉာဏ်ပညာ ယုတ်လျော့စ၊ ယုတ်လျော့ပြုပြီးလာတဲ့အရွယ် (၁၀)နှစ်၊ သတ္တမဆယ်နှစ်အတွင်း **"ပဗ္ဘာရဒသက"** ခန္ဓာကိုယ်ကိုင်းလာတဲ့အရွယ် (၁၀)နှစ်၊ အဋ္ဌမဆယ်နှစ် အတွင်း **"ဝင်္ကဒသက"** ခါးတွေဘာတွေ ကုန်းကောက်လာတဲ့အရွယ်

http://www.dhammadownload.com



(၁၀)နှစ်၊ နဝမဆယ်နှစ်အတွင်း **"မောမူဟဒသက"** သူငယ်ပြန်တဲ့ အရွယ် (၁၀)နှစ်၊ ဒသမဆယ်နှစ်အတွင်း **"သယနဒသက"** အိပ်ယာထဲလဲလျောင်းတဲ့အရွယ် (၁၀)နှစ်၊

ဆယ်နှစ်၊ ဆယ်နှစ်စီပိုင်းသွားတဲ့အခါ ဟာယနဒသကရဲ့ ဒီဘက်ကျတော့ အစစ အရာရာဆုတ်တဲ့အရွယ် (၆၀)တွင်း၊ ဒီဘက် ကျတော့ သိပ်ပြီးတော့ တရားအားထုတ်လို့မကောင်းတော့ဘူး။ ဟာနိဒသကက နည်းနည်းတော်သေးတယ်။ ပဗ္ဘာရဒသကကျတော့ (၇၀)တွင်းကျတော့ လူတော်တော်များများဟာ တရားအားထုတ်နိုင်တဲ့ အခြေအနေမရှိပါဘူး။ (၈၀)၊ (၉၀) မနက်ကပဲ ဒကာကြီးနဲ့ ဒကာမကြီးနှစ်ယောက်လာကြ။ ဒကာမကြီးက (၈၆)နှစ်၊ ဒကာကြီးက (၈၄)နှစ်က တုတ်ဆွဲလေးတွေနဲ့လာရှာကြ။ ဒကာမကြီးက ဟိုပြော ဒီပြောပဲ သူပြောချင်တာ လှမ်းလှမ်းပြီးပြောနေတာ။ ဒကာကြီးက (၈၄)ဆိုတော့ နည်းနည်းတော်သေးတယ်။ သတိလေး နည်းနည်းကောင်းတဲ့သဘောရှိ၊ မနက်ပိုင်း မနက်ပိုင်း လမ်းလျှောက်တဲ့အခါ အအေးမိလို့ ကောင်းကောင်းနေမကောင်းဘူးတဲ့။ စဉ်းစားပြီးကြည့်လိုက်တဲ့အခါ ဒီအရွယ်မှာ စိတ်အားလဲလျော့သွားပြီ။ သတိအားလည်း နည်းသွားပြီ။ တရားမြင်ဖို့ဆိုတာ အတော်ခက်တယ်။ မနေ့ညက သတင်းလေး နားထောင်မိတဲ့အခါ အမျိုးသမီးလေး တစ်ယောက် ကျောက်ကပ်ရောဂါဖြစ်တော့ အကြိမ်တစ်ရာကျော် သွေးလဲထားတယ်။ မနေ့ကတော့ ကျောက်ကပ်အစားထိုးကု အဲဒီသတင်းလေးနားထောင်မိ။ စဉ်းစားကြည့်တယ်။ အဲဒီလို ဝေဒနာဆိုးတွေ ကပ်ရောက်လာပြီဆိုရင် တရားအာရုံထုံဖို့ ခက်တယ်။ အခု ယောဂီသူတော်စင်များ တစ်နေ့ (၁)နာရီ၊ (၁)နာရီ (၁၁)ချိန် ဘယ်အားထုတ်နိုင်တော့မလဲ။ ဒါကြောင့် **"ယုံကြည်ကျန်းမာ"** တရားအားထုတ်တဲ့အခါ ရှိထားရမည့်အချက် (၅)မျိုးထဲမှာ ကျန်းမာရေးကောင်းဖို့ဟာလဲ အရေးကြီးတာပါပဲ။ ယောဂီသူတော်စင်များ အခုကျန်းမာနေခိုက် မိမိတို့ရဲ့ စိတ်အား, ကိုယ်အား, အသိဉာဏ်အားတွေ ကောင်းခိုက်မှာ **"အပြစ်**

http://www.dhammadownload.com



**ဖုံးကာ အဝိဇ္ဇာ တဏှာညွတ်စေမှု"** အပြစ်အနာအဆာတွေကို ဖုံးတတ်, ကွယ်တတ်တဲ့ အဝိဇ္ဇာ။ **"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"** ခေါ်တဲ့ မြင်သိစိတ်တွေ နေ့စဉ်နေ့တိုင်း မြင်နေပေမဲ့လို့ စိတ်ဝိညာဉ်တွေ ဖြစ်ပေမယ်လို့ မောဟက ဖုံးလွှမ်းထားတယ်။ ကြားသိ စိတ်တွေ ကြားနေတာပဲ။ နေ့စဉ် မြင်နေတာ၊ အမြဲကြားနေတာပဲ။ အနံ့မျိုးစုံလဲ နမ်းရှုနေကြတာဘဲ။ အရသာမျိုးစုံ နေ့စဉ်လျှက်နေကြတာ ပဲ။ အတွေ့အထိမျိုး တွေ့ထိနေကြတာပဲ။ အကြံအစည်မျိုးစုံ နေ့စဉ်ကြံနေပြီ သိနေကြတာပဲ။ သို့သော် မြင်သိစိတ်၊ ကြားသိစိတ် စသည်တို့အပေါ်မှာ တရားဆိုတဲ့ အသိဉာဏ်နဲ့မြင်နိုင် ရှုနိုင်ဖို့ရာ အင်မတန်ခက်ပါတယ်။ အဲလို မမြင်နိုင်အောင် ပိတ်ဆို့ပြီး ထားတာက ဘာလဲဆိုတော့ အဝိဇ္ဇာပါဘဲ။ အဝိဇ္ဇာဆိုတဲ့ အမှောင် တစ်နည်းအားဖြင့် မောဟ၊ အဲဒီ အဝိဇ္ဇာမှောင် ကင်းသွားပြီ ဆိုတဲ့အခါကျတော့ သံသရာစက်ရဟတ် အလည်အပတ် ရပ်ပြီး ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းပြီ။

## လေးမျိုးမသိလို့ လည်တာ

မြတ်စွာဘုရား ရာဇဂြိုလ်ကနေပြီးတော့ **"အာယာမာနန္ဒ ယေန ကောဋိဂါမော"** "အာနန္ဒာ ကောဋိရွာကို သွားကြစို့ရဲ့"။ အရှင်အာနန္ဒာကလဲ "မှန်ပါဘုရား"ဆိုပြီး သံဃာတော် အရှင်မြတ်များနှင့်တကွ ကောဋိရွာကို ကြွသွားတော်မူပါတယ်။ ကောဋိရွာရောက်တော့ မြတ်စွာဘုရားက "လေးမျိုးကိုမသိတဲ့အတွက် ရဟန်းတို့ သင်တို့ရော ငါပါ သံသရာမှာ ပြေးသွားခဲ့ရလှပြီ"။ လေးမျိုးက ဘာလဲဆိုတော့-

**စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။**
**သံသိတံ ဒီဃမဒ္ဓါနံ၊ တာသုတာသွေဝ ဇာတိသု။**

ဘိက္ခဝေ= ရဟန်းတို့၊ စတုန္နံ= လေးပါးကုန်သော၊ အရိယသစ္စာနံ= အရိယာအဖြစ်ကို ပြုတတ်ကုန်သော အမှန်တရားတို့ကို၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ အဒဿနာ= မမြင်မသိခြင်းကြောင့်၊ တာသုတာ သွေဝ

http://www.dhammadownload.com



ဇာတိသု= ထိုထိုဘုံဘဝတို့၌၊ ဒီဃမဒ္ဓါနံ= ရှည်မြင့်စွာသော ကာလပတ်လုံး၊ သံသိတံ= ကျင်လည်ခဲ့ရလေပြီ။

ရဟန်းတို့ အရိယာအဖြစ်ကိုပြုတတ်တဲ့ တရားလေးမျိုး-

(၁) မချွတ်မလွဲ ဧကန်အမှန် ဆင်းရဲတဲ့ တရားတွေကို အမှန် အတိုင်းမမြင်တဲ့အတွက်။

(၂) ဆင်းရဲဖြစ်ကြောင်း တဏှာသမုဒယတရားတွေကို အမှန် အတိုင်းမမြင်လို့။

(၃) ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို အမှန်အတိုင်းမမြင်လို့၊

(၄) ဆင်းရဲချုပ်ကြောင်း အကျင့်ကောင်းတွေကို လမ်းစ မတွေ့နိုင်လို့။

ဘုံဘဝမျိုးစုံမှာ ဘဝတစ်ခုက ဘဝတစ်ခု ပြေးသွားခဲ့ရလေပြီ။ ပဋိသန္ဓေအားဖြင့်လာခြင်း၊ စုတိအားဖြင့် သွားခြင်း။ ပဋိသန္ဓေအားဖြင့် ဘဝတစ်ခုသို့လာခြင်း၊ စုတိအားဖြင့် ဘဝတစ်ခုမှသွားခြင်း။ အသွားအပြန် ပြီးဆုံးတယ်မရှိဘူး။ လှည့်ပတ်သွားနေကြရတယ်။ အဲဒါ ဘာကြောင့်လဲလို့ ဆိုတော့ အမှန်တရားကို မသိလို့ပါပဲ။ အဲဒီ အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ် ရောက်ဖို့ အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အမြင်မှန် ယထာဘူတဉာဏ်၊ အဟုတ်အမှန် အတိုင်းသိနိုင်တဲ့ ဉာဏ်၊ အဲဒီဉာဏ်မရှိတဲ့အတွက်ကြောင့် သံသရာကြီးထဲမှာ မငြိုးငွေ့နိုင်ဘူး။ မငြိုးငွေ့နိုင်တော့ သံသရာဝဋ်စက်က မထွက်နိုင်ဘူး။ ဟုတ်တိုင်းမှန်စွာ သိပြီ၊ ဝိဇ္ဇာဉာဏ်ရပြီ ဆိုရင်တော့-

**တာနိ ဧတာနိဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ။**

**ဥစ္ဆိန္နံ မူလံ ဒုက္ခဿ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။**

မယာ= ငါဘုရားသည်၊ တာနိ ဧတာနိ= ထိုအမှန်တရားလေးမျိုး တို့ကို၊ ဒိဋ္ဌာနိ= မြင်အပ်ကုန်၏။ (အမှန်တရားလေးမျိုးကို မြင်တယ်ဆိုတာ ဝိဇ္ဇာဉာဏ် ပေါ်ပေါက်လာတာပါပဲ။ လောကသတ္တဝါတို့ထဲမှာ ရှေးဦးစွာ ဝိဇ္ဇာဉာဏ်အလင်းဓာတ်ကြီး ရရှိခဲ့တယ်) ဘဝနေတ္တိ သမူဟတာ=

http://www.dhammadownload.com



တစ်ဘဝနှင့်တစ်ဘဝ ဆောင်တတ်တဲ့ ဘဝနှောင်ကြိုးကို ကောင်းစွာ ဖြတ်အပ်ပေပြီ။ (တစ်ဘနှင့်တစ်ဘဝ ဆက်စပ်ပေးတတ်တဲ့ ဘဝ နှောင်ကြိုး တဏှာလောဘကိုလဲ ဖြတ်တောက်အပ်ပြီ) ဒုက္ခဿ= သံသရာဝဋ်ဒုက္ခ၏၊ မူလံ= အမြစ်အရင်းခေါ်တဲ့ အဝိဇ္ဇာနှင့်တဏှာကို၊ ဥစ္ဆိန္နံ= ကောင်းစွာဖြတ်တောက်အပ်ပေပြီ။ စက်သံသရဝဋ်ဒုက္ခရဲ့ အမြစ်အရင်း၊ အဲဒီအမြစ်အရင်းက အဝိဇ္ဇာနဲ့တဏှာပါပဲ။ အဲဒီအဝိဇ္ဇာနဲ့ တဏှာကို အမြစ်ပါမကျန် နှုတ်ပယ်အပ်ပြီ။ အဲဒါကြောင့် ပုနဗ္ဘဝေါ= ဘဝသစ်၌ တစ်ဖန်ဖြစ်ရခြင်းသည်၊ ဒါနိ ဣဒါနိ= ယခုအခါ၌၊ နတ္ထိ= မရှိရိုးအမှန် ဖြစ်ပါသတည်း။

**"ဥပ္ပါဒေါဘယံ"** ဖြစ်ခြင်းဟာ ဘေးကြီးပဲ။ ဖြစ်ပြီးတော့နေတာ ဟာဘေးပဲ။ ဘဝတစ်ခုကစပြီ။ ဘဝတစ်ခုစတော့ နာမ်ကိုအသာထား ရုပ်ကိုကြည့်မယ်ဆိုရင် ပထမဆုံး ကလလရေကြည်လေး၊ ယင်ငယ် တစ်ကောင် သောက်လောက်ရုံမျှ ပမာဏလို့ ဆိုကြပါစို့။ တစ်နည်း အားဖြင့် အင်မတန်နူးညံ့တဲ့ သိုးငယ်လေးတစ်ကောင်ရဲ့အမွေးကို (၁၆)စိတ်စိတ်၊ တစ်စိတ်နဲ့ထောက်ပတ်ဆီကိုယူ အဲဒီမှာ ပါလာတဲ့ ပမာဏမျှလောက်ရှိတဲ့ ကလလရေကြည်နဲ့ ဘဝစခဲ့ကြတယ်။ ရုပ်ဘဝ စခဲ့ကြတယ်။ အဲဒီကနေ (၇)ရက် အမြှုတ်လေးဘဝ၊ နောက်သွေးခဲလေး ဘဝနဲ့ (၇)ရက်၊ အသားတစ်ဘဝနဲ့ (၇)ရက်၊ ဒီနောက်မှ လက်, ခြေ, ခေါင်း ခေါ်တဲ့ ခက်မငါးဖြာ၊ အဲဒီလိုနဲ့ လူ့ဘဝဟာ စပြီးတော့ လာခဲ့ကြ တယ်။ စပြီးတော့ ကလလရေကြည်လေးဘဝမှာလဲ ပျက်စီးသွားနိုင် တာပဲ။ ဒါကြောင့် ဥပ္ပါဒေါ= ဖြစ်ခြင်းသည်၊ ဘယံ= ကြောက်ဖွယ်လိလိ ဘေးအတိဖြစ်ပါပေ၏။ ဖြစ်ခြင်းဟာဘေးပဲ၊ ဖြစ်ခြင်းဟာဘေးပဲ။ ဘာကြောင့်ဆိုရင် ဖြစ်မှတော့ပျက်မှာကိုး။ သစ်သမျှ ဟောင်းရခြင်း၊ ဖြစ်သမျှ ပျက်ရခြင်း ဆိုတာ ထုံးစံပါပဲ။ အဲဒါကြောင့် စောစောက ပြောတဲ့ ဘဝဖြစ်စဉ်ကို ပြန်ကြည့်ရင် ပထမအရွယ်၊ အသက်ရှည်သေးရင် ဒုတိယအရွယ်၊ အသက်ရှည်သေးရင် တတိယအရွယ်၊ ဒီထက်ပိုပြီးတော့

http://www.dhammadownload.com



နေရတာမရှိပါ။ မိမိတို့အရွယ်ကို (၁၀)ပုံပုံပြန်ရင်လဲ ပထမ(၁၀)နှစ်၊ ဒုတိယ(၁၀)နှစ်၊ တတိယ(၁၀)နှစ် စသည်ပုံကြည့်ရမှာပါပဲ။ တကယ်တမ်း တရားအားထုတ်နိုင်တာက နောက်ပိုင်း (၃၀) ဆိုတာက အတော်ရှားပါ တယ်။ လွန်ခဲ့တဲ့ (၂၄)ကြိမ်မြောက် တရားစခန်း မှာတုန်းက ဒကာမကြီး တစ်ယောက် အသက်(၇၄)နှစ် စခန်းဝင်ပြီးတော့ တရားအားထုတ်တာ တွေ့ရတယ်။ ဒါအင်မတန် ကံထူးတဲ့ပုဂ္ဂိုလ်လို့ ပြောရမှာပါပဲ။ ယေဘုယျ အားဖြင့်ပြောမယ်ဆိုရင် အသက်(၇၀)ကျော်ရင် ဒီလိုအချိန်ပြည့် တရားထိုင်နိုင်ဖို့ အင်မတန်ခက်ပါတယ်။ ကျေးဇူးရှင် ကလေးဝ ဆရာတော်ဘုရားကြီးက အမြဲတမ်း မိန့်ကြားတယ်။ အသက်ရှည်ရှည် နေရသော်လဲ အိုဘေးဆိုးကြီးနဲ့ တွေ့ရတယ်ဗျလို့ ငြီးရှာတယ်။ သက်တော် (၉၁)နှစ်မှ လွန်တော်မူတယ်။ အဘိုးအသက်ရှည်တယ်။ အဘိုးအသက် ရှည်လို့ လူတွေကပြောကြတယ်ဗျ။ သူတို့မသိဘူး။ အသက်ရှည်ပြန် တော့လဲ အိုဘေးဆိုးကြီးနဲ့တွေ့ရ၊ အသက်ရှည်လေ အိုဘေးများများ တွေ့ရလေ အဲဒီတော့ မိမိတို့သွားရမယ့်လမ်းစဉ်၊ ဘဝဖြစ်စဉ်ကို သာမန်အားဖြင့် မြင်နေ၊ သိနေကြပြီးသားပါပဲ။ ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ် အရွယ်သုံးပါး တစ်ပါးပါးမှာ ဗုဒ္ဓဘုရားရဲ့ ကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ် အားထုတ် မိအောင် ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြပါစေ။ အသက်တစ်ရာကို (၁၀)ပုံပုံပြီးတော့ တစ်ချို့လဲ တစ်ပုံပြီးတစ်ပုံ လွန်မြောက်ခဲ့ပြီ။ ကျန်ရှိနေတဲ့အပုံတွေကို တစ်ခု တစ်ခုသော (၁၀)နှစ်အတိုင်း အတာကာလမှာတော့ ဗုဒ္ဓဘုရားရဲ့ ကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် အားထုတ်ဖြစ်အောင် အားထုတ်နိုင် ကြပါစေ။ ဘာကြောင့်လဲ သာသနာတော်ကြီးရဲ့ သက်တမ်းကိုကြည့်မယ် ဆိုရင် နှစ်ပေါင်း ၂၅၄၄ ခုနှစ် မြန်မာနိုင်ငံမှာ သာသနာတော်ကြီး တည်ပြီးတော့နေတာ အင်မတန် သက်တမ်းရှည်ပါတယ်။ ရှေးက ဆရာတော်ဘုရားကြီးတွေနဲ့ ရှေးကအဘိုးအဘွား မိဘတွေ ဒီသာသနာ တော်ကြီးကို ထောက်ပံ့လို့ စောင့်ထိန်းလို့ လာခဲ့ကြတယ်။ ဒါကြောင့်

http://www.dhammadownload.com



ဘုရားပွင့်တော်မူရာဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း ၁၂၀၀ လောက်သာ ပြည့်ပြည့်စုံစုံ တည်တံ့ခဲ့ပါတယ်။ မြန်မာနိုင်ငံကတော့ မြတ်စွာဘုရားရဲ့ ပရိနိဗ္ဗာန်စံချိန်မှ စပြီးတော့ ပြောမယ်ဆိုရင် နှစ်ပေါင်း ၂၅၄၄ ခရီးကို ဖြတ်သန်းပြီးလာခဲ့ကြတယ်။ ဘုရားပွင့်ပြီးကာစနဲ့ ဆံတော်ပင့်လာချိန်မှ စ၍ ပြောမယ်ဆိုရင် နှစ်ပေါင်း ၂၅၈၈ နှစ်ကျော်ခရီးကို ဖြတ်သန်းပြီး လာခဲ့ကြရတယ်။ ဒါအင်မတန် သာသနာတည်တံ့တဲ့ သက်တမ်း အင်မတန်ရှည်တဲ့ နိုင်ငံပါပဲ။

သာသနာတော်သက်တမ်းဟာ ၅၀၀၀ လို့ဆိုပါတယ်။ အခု သာသနာတစ်ဝက်ကျော်ခဲ့ကြပြီ။ လူတွေရဲ့ သက်တမ်းက (၁၀၀)တမ်း ဆိုကြပါစို့။ တကယ်တမ်း တစ်ရာနေရတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန် ရှားပါတယ်။ ဒီဘဝသာသနာတော်နဲ့ တွေ့ကြုံဆုံစည်းလို့ သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါး ကျင့်စဉ်တရားများ အားထုတ်ကြရတယ်။ နောက်ဘဝဆိုတာ မသေချာပါဘူး။ နောက်ဘဝ မိမိလူဖြစ်တဲ့အချိန် သာသနာတော်က ရှိချင်မှလဲရှိတော့မယ်။ ဘာကြောင့်လဲဆိုတော့ ကွယ်ပျောက်ချင်ရင် အလွယ်လေး ကွယ်ပျောက်သွားတတ်တဲ့ သဘော တရားကိုး။ ဘုန်းကြီးတို့ အနီးအနားမှာရှိတဲ့ အင်ဒိုနီးရှားနိုင်ငံဆိုရင် ယခင်က ပုဂံနဲ့ခေတ်ပြိုင် သာသနာထွန်းကားခဲ့ပါတယ်။ ယခုအခါမှာ သာမန်လေးလောက်ပဲ ကျန်ပါတော့တယ်။ အိန္ဒိယနိုင်ငံကြီးမှာ သာသနာ ကွယ်ပသွားတာ အင်မတန်ဆန်းကျယ်ပါတယ်။ အဲဒါကြောင့်မို့ သာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ မိမိတို့သာသနာကျင့်စဉ်များကို ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်ပေါက်မြောက်နိုင်ကြပါစေ။ ဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပဉ္စမနေ့ဟောစဉ်

## ပုဂ္ဂိုလ်(၃)မျိုးနှင့် ဝိပဿနာဉာဏ်

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၅)ရက်၊ ယနေ့ ဝိပဿနာပိုင်း ရောက်ပြီးတော့လာ၊ ရောက်လာတော့ သိရမယ့်တရားက (၅)မျိုး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် (၅)မျိုး။ အဲဒီ (၅)မျိုးကို အကျဉ်းချုပ်ပြီးပြောမယ်ဆိုရင် ပရမတ်နဲ့ပညတ်ပါပဲ။ ပရမတ်မှာလဲ ရုပ်နဲ့နာမ် ဒီလို (၂)မျိုး။ အဲဒီတော့ သိရမယ့်တရားက (၅)မျိုး၊ အဲဒီ (၅)မျိုး အကျဉ်းချုပ်လိုက်တော့ ပရမတ်နဲ့ပညတ်၊ အဲဒီ ပရမတ်မှာမှ ရုပ်နဲ့နာမ်။ ရုပ်နဲ့နာမ်ကို သိအောင် အားထုတ်ကြတဲ့အခါမှာ ရုပ်,နာမ်တို့ရဲ့ ဝိသေသလက္ခဏာ၊ ရုပ်,နာမ်တို့ရဲ့ သာမညလက္ခဏာလို့ ဒီလိုရှိတယ်။ ဝိသေသလက္ခဏာ ဆိုတာဘာလဲ။ ရုပ်တွေအများကြီး၊ နာမ်တွေအများကြီး ရှိတာထဲက ရုပ်ပဲပြောကြပါစို့။ မိမိတို့ အားထုတ်လာခဲ့တဲ့ ထွက်လေ၊ ဝင်လေ ပရမတ်နဲ့စကားပြောမယ် ဆိုရင် ပရမတ်နာမည်က ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်ရဲ့ ဖောက်ပြန်ခြင်း လက္ခဏာက သာမညလက္ခဏာ၊ တွန်းကန်လှုပ်ရှားသဘောလေးဟာ ဝါယောရုပ်ရဲ့ ဝိသေသလက္ခဏာပါပဲ။ တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ဝါယောရုပ်ရဲ့ မမြဲတဲ့အချက် အနိစ္စ၊ ဆင်းရဲတဲ့အချက် ဒုက္ခ၊ အနှစ်မပါတဲ့ အချက် အနတ္တလို့ ဆိုတာကတော့ သာမညလက္ခဏာ။ ပရမတ္ထတရား တစ်ပါး, တစ်ပါးမှာ ဝိသေသ လက္ခဏာနဲ့ သာမညလက္ခဏာတွေ ရှိကြပါတယ်။ ဝိသေသလက္ခဏာ ဆိုတာ ထူးခြားတဲ့အမှတ်အသား၊ သာမညလက္ခဏာဆိုတာ အခြားရုပ် နာမ်တွေလိုပဲ မမြဲခြင်း အစရှိတဲ့ အချက်တွေပါပဲ။ မိမိတို့ ပထမဆုံး ရောတည်လာတဲ့ ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်ကို ဝိပဿနာဉာဏ်နဲ့ သွားတဲ့အခါကျတော့ ဉာဏ်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဝိပဿနာ ဉာဏ်ဟာ (၂)ပါး၊ ဘာလဲလို့ ဆိုတော့ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိဒါဉာဏ်။ အမှန်အတိုင်းမြင်တဲ့ ဉာဏ်နဲ့ ငြီးငွေ့တဲ့ဉာဏ်။

http://www.dhammadownload.com



ဉာဏ်အလတ်စား ပုဂ္ဂိုလ်တွေအဖို့ ဝိပဿနာဉာဏ် (၆)ပါး ရှိပါတယ်။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ် = နာမ်,ရုပ်ပိုင်းခြားသိ၊

(၂) ပစ္စယပရိဂ္ဂဟဉာဏ် = နာမ်နဲ့ရုပ် အကြောင်း အကျိုးထောက်ပံ့ သိမ်းဆည်းနေပုံကို သိ၊

(၃) အနိစ္စဉာဏ် = နာမ်ရုပ်တို့မမြဲပုံကို သိ၊

(၄) ဒုက္ခဉာဏ် = နာမ်ရုပ်တို့ဆင်းရဲပုံကို သိ၊

(၅) အနတ္တဉာဏ် = နာမ်ရုပ်တို့အစိုးမရပုံကို သိ၊

(၆) နိဗ္ဗိဒါဉာဏ် = နာမ်ရုပ်တို့ကို ငြီးငွေ့စရာလို့သိ၊

ဉာဏ်အလတ်စားရှိသူများ အဲဒီ ဝိပဿနာဉာဏ် (၆)ပါးသိအောင် ပွားများပါတယ်။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များကျတော့ ဉာဏ်စဉ် (၁၀)ပါးခေါ်တဲ့ သမ္မသနဉာဏ်ကစပြီး ဉာဏ်စဉ် (၁၀)မျိုးလုံး သုံးသပ်ပွားများရတယ်။ (၁၀)မျိုးလုံး ဆင်ခြင်ပွားများမှ ဉာဏ်နုတဲ့ ပုဂ္ဂိုလ်များရနိုင်ပါတယ်။ ဘုန်းကြီးတို့ ပဥ္စဝဂ္ဂီ ရဟန်းတော်အရှင်မြတ်ကြီး (၅)ပါး ဓမ္မစကြာ ဒေသနာတော်ကို နာကြားပြီးတော့ အသီးအသီး သောတာပန်ဖြစ်ကြတယ်။ အထက်မဂ်ဉာဏ်, အထက်ဖိုလ်ဉာဏ်ကို ရဖို့ရာနဲ့ ပတ်သက်ပြီးတော့ အနတ္တလက္ခဏာသုတ် ဒေသနာတော်ကြီးကို မြတ်စွာဘုရား ဆက်ပြီးတော့ဟောတယ်။ အဲဒီလို ဟောတဲ့အခါမှာ ဒီအရှင်မြတ်ကြီးတွေဟာ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိဒါဉာဏ် (၂)မျိုးကနေပြီးတော့ မဂ်ဉာဏ်တက်တော့တာပါပဲ။ ရုပ်နဲ့ပတ်သက်ပြီးတော့ အပြည့်အစုံ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ရဲ့ အနိစ္စဖြစ်ပုံ, ဒုက္ခဖြစ်ပုံ, အနတ္တဖြစ်ပုံ အဲဒီလို ဟောပြီးတော့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု ယုတ်မြတ် အဝေးအနီး

http://www.dhammadownload.com



ဖြစ်ပေါ်နေကြတဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ရဲ့ အနတ္တ ဖြစ်ပုံ၊ အဲဒီလို ဟောကြား တော်မူတဲ့အခါမှာ အရှင်မြတ်ကြီးတွေဟာ ရုပ်နဲ့ပတ်သက်ပြီးတော့ အမြင်မှန် ယထာဘူတဉာဏ်ရတော်မူကြ။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့နဲ့ ပတ်သက်ပြီးတော့ အမြင်မှန် ယထာဘူတဉာဏ်ကို ရတယ်။ အဲဒီ ယထာဘူတဉာဏ်ကနေပြီးတော့ နိဗ္ဗိဒါဉာဏ် ကူးတာပါပဲ။

## နိဗ္ဗိန္ဒဉာဏ် (၃)

မြတ်စွာဘုရားထံက နာကြားရတဲ့ အရိယာသာဝကဟာ အမှန်အတိုင်း အတိတ်, အနာဂါတ်, ပစ္စုပ္ပန်မှာရှိနေကြတဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်၊ အနာဂါတ်, ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု အယုတ်အမြတ် အနီးအဝေး အားလုံး ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တွေဟာ နေတံမမ= ငါ့ဥစ္စာမဟုတ်ဘူး အစရှိသည်ဖြင့် မြင်တော်မူတာ အဲဒါ ယထာဘူတဉာဏ်ပါပဲ။ အဲလိုမြင်ပြီးတော့ နိဗ္ဗိန္ဒဒါဉာဏ် ကူးတာပါပဲ။

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ ။**

ရုပ်အပေါ်မှာလဲ ငြီးငွေ့တယ်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တို့ အပေါ်မှာလဲ ငြီးငွေ့တယ်။ အဲဒီတော့ အရှင်မြတ်ကြီးတွေကတော့ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ်။ နိဗ္ဗိန္ဒဉာဏ်ဆိုတာက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ် (၃)ပါးကို နိဗ္ဗိန္ဒဉာဏ်ထဲရော ရေတွက် ရတယ်။ အဲဒီတော့ ဝိညာဉ်ဆိုတာနဲ့ ပတ်သက်လို့-

**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ**

ဝါယောဓာတ်ကလေး နှာသီးဝ တိုးထွက်တိုးဝင်နေတော့ ထိသိနေတဲ့သဘော။ ကာယဉ္စ= နှာသီးဖျားဆိုတဲ့ ကာယပသာဒကို လည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ= ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ပထဝီ, တေဇော, ဝါယော, ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း၊ ပဋိစ္စ= စွဲ၍၊ ဥပ္ပဇ္ဇတိ= ဖြစ်၏။

http://www.dhammadownload.com



ထိသိစိတ်လေး မိမိတို့သန္တာန်မှာဖြစ်တယ်။ ထိသိစိတ်ဆိုတာ ဝိညာဉ်ပါပဲ။

**"ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ**= ပေါင်းပြီးတော့ ပြောတော့ ဝိညာဏ်စိတ်။ အစိပ်အစိပ်ဆိုရင် ထိသိစိတ်ကလေးဟာ မြဲသလား၊ မမြဲဘူးလား"လို့ မေးတော့၊ **"အနိစ္စံဘန္တေ"**= မမြဲပါဘုရား။

**"ယံ ပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ**= အဲဒီ မမြဲတဲ့ ထိသိစိတ်ကလေးဟာ ဆင်းရဲသလား၊ ချမ်းသာသလား"လို့ မေးတော့၊ **"ဒုက္ခံဘန္တေ"**= ဆင်းရဲပါတယ်ဘုရား။

**ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ။**

ထိသိစိတ်ကလေးဟာ မြဲလဲမမြဲဘူး။ ဆင်းရဲတယ်။ အဲဒီ မြဲလဲ မမြဲဘူး။ ဆင်းလဲဆင်းရဲတဲ့ ထိသိစိတ်ကလေးဟာ **ဧတံမမ**= ငါ့ရဲ့ ထိသိစိတ်၊ **ဧသောဟမသ္မိ**= အဲဒီ ထိသိစိတ်လေးဟာ ငါပဲ၊ **ဧသော မေ အတ္တာ**= အဲဒီ ထိသိစိတ်ကလေး ငါရဲ့အတ္တဘဲ။ ဒီလိုမျှား လွဲလွဲမှားမှား ရှုမှတ်ဖို့သင့်သလား။ နောဟေတံ ဘန္တေ= ဘယ်နည်းနဲ့မှ မတော်ပါဘူး ဘုရား။ မြတ်စွာဘုရားက စိတ်တွေ အကုန်လုံးကို မေးတယ်။ အခုဟာက ထိသိစိတ်ကလေးတစ်မျိုး။ အဲဒီလို ယထာဘူတဉာဏ် အမြင်မှန် ရပြီးတော့ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်။ နိဗ္ဗိန္ဒဉာဏ်ရပြီးတော့၊ နိဗ္ဗိန္ဒာဝိရဇ္ဇတိ= မဂ်ဉာဏ်ရတယ်။ ဝိရာဂါ ဝိမုစ္စတိ= ဖိုလ်ဉာဏ်ဖြစ်သွားတယ်။

**ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။**

ခီဏာဇာတိ= ပဋိသန္ဓေ နောက်ထပ်ဖြစ်စရာမရှိကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ= မြတ်တဲ့အကျင့်ကို ကျင့်ပြီးပြီ။ ကတံ ကရဏီယံ= ပြုဖွယ်ကိစ္စတွေ ပြီးပြီ။ နာပရံ ဣတ္ထတ္တာယ= နောက်ထပ် မဂ်ဉာဏ်ရဖို့ရာအတွက် ပြုဖွယ်ကိစ္စ မရှိပြီ။ အဲဒီလို ပစ္စဝေက္ခဏာဉာဏ် အမြင်တွေ ပေါ်ပေါက်ပြီးတော့ အရှင်မြတ်ကြီးတွေရဲ့စိတ်ဟာ အာသဝေါကုန်ခမ်းပြီးတော့ အာသဝေါတရားတို့မှ စိတ်တော်တွေ ဝေးသွားပြီးတော့ ရဟန္တာဖြစ်တော်မူကြပါတယ်။

http://www.dhammadownload.com



**တေန ခေါပန သမယေနေ ဆလောကေ အရဟန္တော ဟောန္တိ။**

တေနခေါပန သမယေန= ထိုအနတ္တလက္ခဏသုတ်တော်ကို ဟောကြားပြီးသည်၏ အဆုံး၌၊ လောကေ= လောက၌၊ ဆ= ခြောက်ပါး ကုန်သော၊ အရဟန္တော= အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီး တို့သည်၊ ဟောန္တိ= ဖြစ်ကြပေကုန်၏။

ရဟန္တာ(၆)ပါးဖြစ်၊ ဘုရားရယ်, ပဉ္စဝဂ္ဂီငါးဦးရယ်။ အဘယ်ကို မြင်ပြီးတော့ အရိယာဖြစ်ကြသလဲ။ ရုပ်တရား, နာမ်တရားတွေကို မြင်ပြီး တော့ ရဟန္တာဖြစ်တော်မူကြပါတယ်။ အဘယ်ကို သိပြီးတော့ ရဟန္တာ ဖြစ်ကြသလဲ ရုပ်တရား, နာမ်တရား သိပြီးတော့ ရဟန္တာဖြစ်တာ်မူကြ တယ်။ ဆိုကြပါစို့။ ဇနီးမောင်နှံနှစ်ယောက် ထမင်းစားနေစဉ် မြတ်စွာဘုရားက ဆွမ်းခံကြွလာ။ အမျိုးသမီးက ကန်တော့ဆွမ်းပါ ဘုရားလို့ အရိပ်အယောင်ပြလိုက်တော့ ကန်တော့ဆွမ်းပါ တင်မကပဲနဲ့ အရှင်ဘုရား တပည့်တော်တို့ စားနေတုန်းဆိုတော့ အကျန်အကြွင်းလို ဖြစ်နေပါတယ် အရှင်ဘုရားတို့ အလှူခံပါသလားလို့ဆိုတော့၊ မြတ်စွာဘုရားက "တို့ဟာ စားဦးစားဖျား လှူရင်လဲအလှူခံပါတယ်။ အကြွင်းအကျန်လေး လှူရင်လဲရပါတယ်။ လှူမယ်ဆိုရင် အလှူခံ ပါတယ်"လို့ ဆိုတော့- တစ်ဝက်ကျန်တာကို လောင်းလှူတယ်။ အမျိုးသားက ဘာမေးသလဲ "အရှင်ဘုရား ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရုပ်နာမ် တရား ခွဲခြားပြီးတော့ ဖောက်ထွင်းပြီး သိနိုင်တဲ့ပုဂ္ဂိုလ်လို့ ဆိုနိုင်ပါသလဲ" လို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက-

**သဗ္ဗသော နာမရူပသ္မိံ ယဿ နတ္ထိ မာယိတံ။**

အစရှိတဲ့ ဂါထာကို ဟောတော်မူပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ဟာ ရုပ်နာမ်အပေါ်မှာ မြတ်နိုးတွယ်တာမှု မရှိဘူး၊ အဲဒီ ရုပ်နာမ်ကွယ်ပျောက်သွားလို့လဲ စိုးရိမ်မှု မရှိဘူး။ ထိုပုဂ္ဂိုလ်ကို ရုပ်နာမ်တို့ကို ခွဲခြမ်းသိနိုင်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ဆိုနိုင်တယ်။ ပုဂ္ဂိုလ်

http://www.dhammadownload.com



တစ်ယောက်ဟာ ရုပ်နာမ်အပေါ်မှာ မြတ်နိုးတွယ်တာမှု မရှိဘူး။ အဲဒီ ရုပ်နာမ်ကွယ်ပျောက်သွားလို့လဲ စိုးရိမ်မှုမရှိဘူး။ ထိုပုဂ္ဂိုလ်ကို ဘိက္ခု၊ ထိုပုဂ္ဂိုလ်ကို ရုပ်နာမ်တို့ကို ခွဲခြမ်းသိမြင်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ဆိုနိုင်တယ်။ အဲဒီ တရားစကား ဟောကြားလိုက်တဲ့အခါ ဇနီးမောင်နှံ (၂)ယောက်လုံး အရိယာစခန်းသို့ တက်လှမ်းပြီး အဆင့်မြင့်သွားကြတယ်။ အဲဒီ ဇနီးမောင်နှံတို့ဟာလဲ ပဉ္စဝဂ္ဂီငါးဦးတို့လိုပဲ တစ်ဂါထာထဲနဲ့ပဲ ရုပ်နာမ်တွေကို ငြီးငွေ့ပြီး အရိယာစခန်း တက်လှမ်းကြတယ်။ သူတို့က အခြေခံအကြောင်းရှိတယ်။ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတုန်းက ဒါကရုပ်၊ ဒါကနာမ်၊ ဤကားရုပ်၊ ဤကားနာမ်လို့ ဟောတော်မူကြတဲ့ တရားစကား ရုပ်သံ၊ နာမ်သံတွေ ကြားဘူးကြတယ်။ အဲဒီ အရှိန်အဝါ အဲဒီကနေပြီးတော့ တွန်းအားပေးလိုက်တဲ့အတွက် မြတ်စွာဘုရားက **"သဗ္ဗသော နာမရူပသ္မိံ"** ဂါထာတစ်ခုထဲဟောတာနဲ့ပဲ ဇနီးမောင်နှံ (၂)ယောက် အရိယာစခန်း တက်လှမ်းသွားကြတယ်။ အဲဒီ ဇနီးမောင်နှံတို့ဟာလဲ အဆင့်မြင့်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေပဲ ဝိပဿနာဉာဏ် (၂)ဆင့်ထဲနဲ့ပဲ မဂ်ဉာဏ်ရောက်တယ်။ **ယထာဘူတဉာဏ်**= ရုပ်တရား, နာမ်တရားတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကို ပိုင်ပိုင်နိုင်နိုင် မှန်မှန်ကန်ကန် သိပြီးတော့၊ **နိဗ္ဗိန္ဒဉာဏ်**= ငြီးငွေ့တဲ့ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဆိုပြီးတော့ ဒီလိုကူးသွားတယ်။ ဒါက ဉာဏ်အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေ။ ဉာဏ်အလတ်တန်းရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဝိပဿနာဉာဏ် (၆)မျိုးနဲ့ ပွားများကြတယ်။

(၁) နာမရူပပရိစ္ဆေဒဉာဏ် = နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ်

ယောဂီသူတော်စင်များ အသုံးချပြီး ဧရာတည်လာခဲ့တဲ့ ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်နဲ့ ကာယပဿာဒ ကိုယ်အကြည်ဓာတ်ကလေးနဲ့ ထိခိုက်မှုကို အကြောင်းပြုပြီးတော့ "ထိသိစိတ်"။

ရုပ်နဲ့နာမ်နဲ့ မရောဘူး။ တစ်ခြားစီ **"အညံ့ရူပံ၊ အညံ့နာမံ"**= ရုပ်ကတခြား, နာမ်ကတခြား၊ **"အသမ္ဘိသံ"**= ရုပ်နဲ့ နာမ်နဲ့ ရောလို့မရ

http://www.dhammadownload.com



ဘူးတဲ့။ ဒီတိုင်းကြည့်မယ်ဆိုရင်တော့ ရောနေသလိုပဲ။ အဲဒီ ဝါယောရုပ်ကို သတိမပြတ်ပဲနဲ့ မှတ်ပြီးနေတော့ စိတ်ကလေးဟာ ငြိမ်လို့။ အဲဒီစိတ်ကလေးရယ်၊ သတိရယ် နာမ်နာမ်ချင်းကတော့ တွဲယှဉ်လို့ရတယ်။ စောစောက ဝါယောရုပ်နဲ့ တွဲယှဉ်လို့မရဘူး။ ထိသိစိတ်နဲ့ ဝါယောရုပ်နဲ့ တွဲယှဉ်လို့မရဘူး။ တစ်ခြားစီတဲ့၊ တစ်ခြားစီ။ တူတာက အမှတ်တံဆိပ်ချင်း တူကြတယ်။ အဲဒီတော့ နာမ်ရယ်, ရုပ်ရယ်လို့ ခွဲခြားသိတဲ့ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။ ထိသိစိတ် ဘာကိုအခြေခံပြီးတော့ ဖြစ်သလဲ။ ထိသိစိတ်ကလေးရဲ့အကြောင်းက ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ။ မြင်တယ်၊ မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ သာမန်သိအားဖြင့် ပြောမယ်ဆိုရင် "ငါမြင်တယ်"။ တကယ်တမ်း ဉာဏ်အသိနဲ့ အကြောင်းရှာတဲ့ အခါကျတော့ စက္ခုပသာဒရယ်၊ အဆင်း ရူပါရုံရယ်၊ ဝတ္ထုနဲ့အာရုံ ထိခိုက်တာကို အကြောင်းပြုပြီးတော့ မြင်သိစိတ် ဖြစ်ပါတယ်။ အဲဒါကို မသိအောင် ဖုံးလွှမ်းထားတာကို အဝိဇ္ဇာ၊ အဲဒါကို မြင်ပြီဆိုရင် အဝိဇ္ဇာ တိမ်သလာ ကင်းသွားပြီ။ ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်, ကြံသိစိတ်။ အဲဒီလို ရုပ်နာမ်တို့ရဲ့အကြောင်းကို သိတာက ပစ္စယပရိဂ္ဂဟ ဉာဏ်။ ရုပ်နာမ်တို့ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့-

- အနိစ္စအမှတ်တံဆိပ် = အနိစ္စဉာဏ်
- ဒုက္ခအမှတ်တံဆိပ် = ဒုက္ခဉာဏ်
- အနတ္တအမှတ်တံဆိပ် = အနတ္တဉာဏ်

သာမန်အားဖြင့် ပြောမယ်ဆိုရင်တော့ အနိစ္စနဲ့ဒုက္ခ ထင်ရှားတယ်။ အနတ္တမထင်ရှားဘူးလို့ ဆိုကြတယ်။ အနိစ္စနဲ့ဒုက္ခ ထင်ရှားတယ်ဆိုတဲ့နေရာမှာ သတ္တဝါတို့ရဲ့ အနိစ္စ၊ သတ္တဝါတို့ရဲ့ ဒုက္ခဉာဏ်မှာ ထင်ရှားတယ်။ ရုပ်နာမ်တို့ရဲ့ အနိစ္စ၊ ရုပ်နာမ်တို့ရဲ့ ဒုက္ခဉာဏ်မှာ မထင်ရှားဘူး။ ဒီလက္ခဏာယာဉ် (၃)ပါးထဲက တစ်မျိုးသိလို့ရှိရင် ကျန်တဲ့ (၂)မျိုး သိပြီးတော့ သွားတယ်။ အနိစ္စမြင်ရင် ဒုက္ခထင်တယ်။ ဒုက္ခထင်တော့ အနတ္တပေါ်လွင် ထင်ရှားသွားတယ်။ **"အနိစ္စမြင် ဒုက္ခထင် ပေါ်လွင်**

http://www.dhammadownload.com



**အနတ္တ**"။ ရုပ်နာမ်တို့ရဲ့ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက် ကတော့ အကုန်လုံးခက်တာချည်းပါပဲ။ သတ္တဝါတို့ရဲ့ အနိစ္စ၊ ဒုက္ခကတော့ နည်းနည်းပေါ်လွင်ပါတယ်။ ပြီးတဲ့အခါကျတော့ နိဗ္ဗိန္ဒဉာဏ်။ အဲဒီ (၆)မျိုးနဲ့ ပိုင်းပိုင်း ပိုင်းပိုင်းပြီးတော့ ရှုပွားတာကတော့ ဉာဏ်အလတ်စား ရှိတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ဝိပဿနာဉာဏ်စဉ် (၆)မျိုးနဲ့ သွားတယ်။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များကျတော့ သမ္မသနဉာဏ်က စပြီးတော့ ဉာဏ်စဉ် (၁၀)မျိုး ပွားများကြရတယ်။ ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်။ ခန္ဓာစသည်ဖွဲ့ အာယတနတွေ၊ ဓာတ်တွေ၊ သစ္စာတွေ ဖွဲ့ပြီးတော့ အနိစ္စစသည်ဖြင့် အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်။ ဒီလက္ခဏာယာဉ်တွေနဲ့ သုံးသပ်ပြီးတော့ သွားရတဲ့ဉာဏ်မျိုး။ အဲဒီက နေပြီးတော့ ဉာဏ်စဉ် (၁၀)မျိုးနဲ့သွားတဲ့နည်း။ အဲဒါက ဉာဏ်နုတဲ့ ပုဂ္ဂိုလ်တွေသွားတဲ့နည်းတဲ့။ ဒါဖြင့် ယနေ့ပြန်ပြီးတော့ သုံးသပ်လိုက်မယ် ဆိုရင် ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်များ ကျတော့ ဝိပဿနာဉာဏ် (၂)ဆင့်ထဲနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကူးသွား တယ်။ ဉာဏ်အလတ်စားရှိတဲ့ ပုဂ္ဂိုလ်များကျတော့ နာမရူပပရိစ္ဆေဒဉာဏ် ကစပြီး ဉာဏ် (၆)မျိုးနဲ့ ရှုပွားဆင်ခြင်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကူးသွား တယ်။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များကျတော့ သမ္မသနဉာဏ်ကစပြီး ဝိပဿနာ ဉာဏ်စဉ် (၁၀)ပါးက နေပြီးမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကူးသွားတယ်။ ဒါကြောင့် ဝါယောရုပ်ကို အခြေခံပြီးတော့ အားထုတ်လာကြတဲ့ ယောဂီ သူတော်စင်များ မိမိတို့သန္တာန်မှာ ရေခွက်ကလေးထဲ ရေလေးထည့်ပြီး ထားတော့ အဲဒီရေကို ရောင်စုံချယ်ထားမယ်ဆိုရင် မျက်နှာရိပ်ကို မမြင်ဘူး။ ပွက်ဆူနေရင်လဲ မမြင်ဘူး။

- မှော်တွေရှိနေရင်လဲ မမြင်ဘူး။
- လှိုင်းထပြီး လှုပ်နေရင်လဲ မမြင်ဘူး။
- နောက်ကျုနေရင်လဲ မမြင်ဘူး။

http://www.dhammadownload.com



အဲဒီလိုပဲ မိမိတို့စိတ်ကလေးဟာလဲ အာရုံမျိုးစုံနဲ့

(၁) ရောင်စုံသန်း နေရင်၊

(၂) ပွက်ပွက်ဆူနေရင်၊

(၃) မှော်မျက်တွေရှုပ်နေရင်၊

(၄) လှိုင်းထပြီးလှုပ်ရှားနေရင်၊

(၅) နောက်ကျုနေတဲ့စိတ်မျိုးနဲ့ ဆိုရင် ကြည့်လို့မမြင်နိုင်ဘူးတဲ့။ အဲဒါကြောင့် ဒီရုပ်တွေ၊ နာမ်တွေ ခွဲခြားပြီးတော့ ဉာဏ်စဉ်(၂)မျိုးနဲ့ ကြည့်တဲ့နည်း၊ ဉာဏ်စဉ်(၆)မျိုးနဲ့ ကြည့်တဲ့နည်း၊ ဉာဏ်စဉ်(၁၀)မျိုးနဲ့ ကြည့်တဲ့နည်းတို့ဖြင့် ကြည့်နိုင်ဖို့ရာအတွက် စိတ်ကလေးဟာ စောစောက ပြောတဲ့ ရေခွက်ကလေးထဲကရေ၊

(၁) ရောင်စုံဆိုးမထားတဲ့ရေ၊

(၂) ငြိမ်ပြီးတော့နေတဲ့ရေ၊

(၃) မှော်ကင်းတဲ့ရေ၊

(၄) လှိုင်းမထတဲ့ရေ

(၅) ရွံ့ညွန်မရှိတဲ့ရေ ဖြစ်မယ်ဆိုရင်

အဲဒီရေခွက်လေးကို ကြည့်လိုက်လို့ရှိရင် မျက်နှာရိပ်ကို ကျကျနန မြင်နိုင်သလိုဘဲ။ မိမိတို့ရဲ့ စိတ်ကလေးဟာလဲ အဲဒီလိုအညစ်အကြေးတွေက လွတ်ကင်းပြီးတော့ သမာဓိအား ကောင်းလာတဲ့အခါကျတော့ စောစောကပြောတဲ့ ရုပ်တရား၊ နာမ်တရားတို့ကို ကြည့်တဲ့နည်းနဲ့ ရှေးရှေး သူတော်စင်ကြီးများ ကြည့်မြင်ပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းကြသကဲ့သို့ ယောဂီသူတော်စင်များလဲ ရုပ်တရား၊ နာမ်တရားတို့ကို ရှုပွားပြီး ဉာဏ်အဆင့်ဆင့်နဲ့ မြင်သိပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဆဋ္ဌမနေ့ဟောစဉ်

## မထေရ်ကြီး (၂)ပါး တရားဆွေးနွေး

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၆)ရက်၊ (၂၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဝင်ရောက်အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား (၆)ညဉ့်မြောက် တရားဟောကြားပါမယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရှင်သာသနာတော်ကြီးနဲ့ ကြုံကြိုက်ဆုံစည်းပြီးတော့ လာကြတဲ့ ယောဂီသူတော်စင်တို့ ကုသိုလ်နဲ့အကုသိုလ် (၂)မျိုးရှိတယ်။ ကုသိုလ်ထက်ကြီးမားတဲ့ မိတ်ကောင်း၊ ဆွေကောင်းမရှိပါဘူး။ အဲဒီကုသိုလ်မှာလဲ အဆင့်ဆင့်ရှိပါတယ်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်။ တစ်ခုပြီးတစ်ခု မြင့်မြတ်ပြီးတော့သွားပါတယ်။ ဒါနကုသိုလ်ဆိုပြန်တော့ ကိုယ်ရယ်, နှုတ်ရယ်, စိတ်ရယ် ထိန်းသိမ်းမှုအားအပြည့် အလွယ်တကူမရှိပဲနဲ့ ဖြစ်နိုင်တဲ့အတွက်ကြောင့် လူအများမှာဖြစ်ပွားနိုင်တဲ့အတွက်ကြောင့် ဒါနကုသိုလ်ဟာ လူတကာနဲ့ ဆက်ဆံပါတယ်။ ရှေးဦးစွာလဲ ဟောပါတယ်။ သီလကုသိုလ်ကျတော့ ကာယကံ, ဝစီကံ ထိန်းသိမ်းစောင့်ရှောက်ပြီးတော့မှ ရတဲ့ကုသိုလ်ဖြစ်လို့ တစ်ဆင့်သီလကုသိုလ်က မြင့်သွားပါတယ်။ ဘာဝနာကုသိုလ်ဆိုတာကတော့ စိတ်ကိုအဓိက၊ ဉာဏ်အဓိကအားဖြင့် ထိန်းသိမ်းစောင့်ရှောက် ပွားများပြီးပြုရတဲ့ကုသိုလ်မျိုး ဘာဝနာကုသိုလ်မှာလဲ (၂)မျိုးပေါ့။ သမထဘာဝနာကုသိုလ်နဲ့ ဝိပဿနာ ဘာဝနာကုသိုလ်။ သမထဘာဝနာ ကုသိုလ်ဆိုတာ သမာဓိနဲ့ မိမိတို့သန္တာန်မှာရှိတဲ့ စိတ်အညစ်အကြေး ကိလေသာအညစ်အထေးတွေကို တဒင်္ဂအားဖြင့် ပယ်ထုတ်နိုင်တယ်။ တခဏပေါ့။ ဝိက္ခမ္ဘနအားဖြင့် အချိန်ကြာကြာ ပယ်ထုတ်နိုင်တယ်။ ပြောင်စင်သွားအောင်တော့ မဟုတ်ဘူး။ တော်တော်လေး ခပ်ဝေးဝေးမှာ ရောက်သွားအောင် ပြီးတော့လဲ ပြန်လာနိုင်တယ်။ ကိလေသာရန်သူတွေကို မောင်းထုတ်တဲ့နေရာမှာ ဒါန, သီလထက် ပိုပြီးတော့အရေးပါပါတယ်။

http://www.dhammadownload.com



အဲဒီတော့ လောဘ, ဒေါသ အစရှိတဲ့ ဒီကိလေသာရန်သူတွေ၊ ကိလေသာတွေ အဝိဇ္ဇာတဏှာဆိုတဲ့ ဝဋ်မြစ်တွေ အကုန်ပြောင်စင်သွားအောင် မတတ်နိုင်တော့ ဒီထက် တစ်ဆင့်တက်ပြီးတော့ ဝိပဿနာဘာဝနာ ကုသိုလ်ဆိုပြီးတော့ အဆင့်မြင့် ကုသိုလ်များ ပွားများကြရတယ်။ ဝိပဿနာ ဘာဝနာကုသိုလ် အထွဋ်အထိပ် ရောက်ပြီဆိုတဲ့အခါမှ မဂ်ကုသိုလ်ဆိုတာ ရောက်နိုင်တာ။ အဲဒီတော့ ဆိုကြပါစို့။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၄၀၀ ကျော်က ဖြစ်စဉ်လေးတစ်ခု ရှိပါတယ်။ အကြောင်းဝတ္ထု (၁၀)မျိုးကို အခြေခံပြီးတော့ ဒုတိယသံဂါယနာတင်ပွဲကြီး ဆင်နွှဲဖို့ အရှင်မြတ်ကြီးတွေ အားထုတ်နေတဲ့အချိန်။ အဲဒီအချိန်မှာ သက်တော် (၁၀၀)ရှိတဲ့ အရှင်ရေဝတမထေရ်တဲ့။ အရှင်ရေဝတမထေရ်က စည်းရုံးရေးဆင်းတဲ့ အနေအားဖြင့် သံဃာတော်များ စည်းရုံးရင်း ဘယ်ရောက်သွားသလဲဆိုတော့ သဗ္ဗကာမိမထေရ် သီတင်းသုံးတဲ့နေရာ ရောက်သွားတယ်။ ရောက်သွားတော့ ညဥ့်ပိုင်းမှာ အသီးအသီး နေရာယူပြီးတော့ သီတင်းသုံးကြ ကျိန်းကြ စက်ကြတယ်။ မကျိန်းမီလေးမှာ ဆွေးနွေးကြတယ်။ သက်တော် (၁၂၀)ရှည်တော်မူတဲ့ သဗ္ဗကာမိမထေရ်ကြီးက သက်တော် (၁၀၀)ရှိတဲ့ မထေရ်ငယ်အရှင်ရေဝတကို ဘာမေး သလဲ- "ငါ့ရှင်ရေဝတ အရှင် ဘယ်ကမ္မဋ္ဌာန်းနဲ့များ အနေများပါသလဲ"တဲ့။ အချိန်တော်တော်များများ ဘယ်ကမ္မဋ္ဌာန်းကို အားထုတ်နေပါသလဲ လို့ဆိုတော့။ သက်တော် (၁၀၀)ရှိတဲ့ အရှင်ရေဝတက တပည့်တော် မေတ္တာကမ္မဋ္ဌာန်းပဲ အချိန်များစွာ ပွားပြီးတော့နေပါတယ်ဘုရား။ အဲဒီလိုလျှောက်ထားလိုက်တဲ့ အခါကျတော့ သက်တော် (၁၂၀)ရှည်တဲ့ သဗ္ဗကာမိမထေရ်ကြီးက "ငါ့ရှင်က ကလေးနေသလိုနေတာကိုး"တဲ့။ မေတ္တာကမ္မဋ္ဌာန်းဆိုတော့ သတ္တဝါပညတ်ကို အာရုံပြုနေတာကိုး။ သတ္တဝါပညတ်ကို အာရုံပြုပွားများရတဲ့ ဗြဟ္မဝိဟာရ သမထဘာဝနာ ဖြစ်တယ်။ ဒါကြောင့် မထေရ်ကြီးက "ငါ့ရှင် ကလေးနေသလိုနေတာကိုး"။ ကလေးအရွယ် လူမမယ်လေးတွေ နေသလိုပဲ။ အရှင်ရေဝတ မထေရ်က "မှန်ပါဘုရား၊

28(B)

http://www.dhammadownload.com



တပည့်တော် လူ့ဘဝတုန်းက ဒီမေတ္တာကမ္မဋ္ဌာန်း အလေ့အလာများပါတယ်ဘုရား။ ဒါကြောင့် မေတ္တာကမ္မဋ္ဌာန်းနဲ့ပဲ အချိန်များများနေပါတယ်ဘုရား။ သို့သော်လဲ တပည့်တော် အရဟတ္တဖိုလ်ရောက်တာတော့ ကြာပါပြီ"။

**အပိစမယာ စိရပတ္တံ အရဟတ္တံ**

မေတ္တာကမ္မဋ္ဌာန်းနဲ့ အချိန်များများနေတဲ့ ပုဂ္ဂိုလ်ကြီးက ခေတ်ပုဂ္ဂိုလ်တော့ မဟုတ်ဘူး။ ရဟန္တာအရှင်မြတ်ကြီး။ ဒါနဲ့ မထေရ်ငယ်ဖြစ်တဲ့ သက်တော်(၁၀၀)ရှိတဲ့ အရှင်က သက်တော်(၁၂၀)ရှည်တော်မူတဲ့ သဗ္ဗကာမီမထေရ်မြတ်ကြီးကို လက်အုပ်လေးချီလို့ "အရှင်ဘုရားတို့ကကော အဘယ်သို့သောနေခြင်းဖြင့် နေထိုင်ပါသလဲ၊ ဘယ်ကမ္မဋ္ဌာန်းများ အားထုတ်နေပါသလဲဘုရား၊ ဘယ်လိုနေပါသလဲဘုရား"လို့ မေးလိုက်တဲ့အခါ-

**သုညတ ဝိဟာရေန ခေါ အာဝုသော ဗဟုလံ ဝိဟာရာမိ။**

အာဝုသော= ငါ့ရှင် ရေဝတ၊ အဟံ= ငါသည်၊ ဗဟုလံ= အချိန်များစွာ၊ သုညတဝိဟာရေန= သတ္တဇီဝမှ ကင်းဆိတ်သော သုညတကမ္မဋ္ဌာန်းကို ပွားများ၍နေခြင်းဖြင့်၊ ဝိဟာရာမိ= နေပေ၏။

ငါ့ရှင်ရေဝတ ငါကတော့ သတ္တဇီဝမှကင်းဆိတ်တဲ့ သုညတကမ္မဋ္ဌာန်းပဲ ပွားများပြီးတော့နေတယ်။ အဲဒီတော့ မထေရ်ငယ်က ဘာလျှောက်သလဲဆိုတော့ "မှန်ပါတယ်ဘုရား၊ အရှင်မြတ်ကြီးတို့က မြင့်မြတ်ခေါင်ဖျား ယောကျ်ားအာဇာနည်တို့ရဲ့ နေခြင်းမျိုးနဲ အရှင်မြတ်တို့ နေထိုင်တာ မှန်ပါတယ်ဘုရား"။ "ဟုတ်တယ်တဲ့။ ငါတို့ကတော့ သုညတကမ္မဋ္ဌာန်းကို လူ့ဘဝထဲက အလေ့အလာများခဲ့တာ။ သို့သော်လဲ ရဟန္တာဖြစ်တာတော့ ကြာပါပြီငါ့ရှင်"လို့ မထေရ်ကြီးက ပြန်ပြီးတော့မိန့်တယ်။ အဲဒီတော့ မေတ္တာပွားတာ မကောင်းဘူး မဟုတ်ဘူး။ ကောင်းပါတယ်။ သို့သော် သမထ ဘာဝနာ ကုသိုလ်ဖြစ်လို့ သမထကမ္မဋ္ဌာန်းဖြစ်တဲ့ အတွက်ကြောင့်မို့ ကလေးသူငယ် လူမမယ်လေးတွေနေတဲ့နည်းပဲ။

http://www.dhammadownload.com



သုညတကမ္မဋ္ဌာန်း ဆိုတာ ဘာလဲလို့ ဆိုတော့ "ဝိပဿနာ" ကမ္မဋ္ဌာန်းကို ပြောတာပါပဲ။ ဝိပဿနာကမ္မဋ္ဌာန်း (တစ်နည်းအားဖြင့်) သတ္တဇီဝမှ ကင်းဆိတ်တာကို ရှုမှတ်ပြီးတော့နေတဲ့ သုညတကမ္မဋ္ဌာန်းနဲ့ နေခြင်းမျိုး ကတော့ မေတ္တာနဲ့နေတာထက် ပိုပြီးမြင့်မြတ်တဲ့ အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည်တို့ရဲ့နေခြင်းမျိုး၊ လူကြီးသူကြီးတို့ရဲ့နေခြင်းမျိုး။ ဒါနဲ့ပတ်သက်လို့ ဒကာမကြီးတစ်ယောက်က အရှင်နာဂသိန်မထေရ်မြတ် ကြီးထံ ရောက်လာတယ်။ ရောက်လာတော့ "အရှင်ဘုရား တပည့်တော် တော့ အသက်ကြီးပြီ။ တပည့်တော်နဲ့ လျော်ညီတဲ့ကမ္မဋ္ဌာန်း ပေးတော်မူပါ ဘုရား"လို့ လျှောက်တော့ အရှင်နာဂသိန် မထေရ်မြတ်က "သုညတ ကမ္မဋ္ဌာန်း" ပေးတော်မူတယ်။ မြတ်စွာဘုရားကလဲ မောဃရာဇ မထေရ်အား ကမ္မဋ္ဌာန်းပေးတဲ့အခါ-

**သုညတော လောကံ အဝေက္ခဿု။**

**မောဃရာဇ သဒါ သတော။**

မောဃရာဇ= ချစ်သား မောဃရာဇ၊ သဒါ= အခါခပ်သိမ်း၊ လောကံ= လောကကို၊ သုညတော= သုညအနေအားဖြင့်၊ အဝေက္ခဿု= မြင်အောင် ထင်အောင် ရှုစားပါလော့။ အဲဒီလို သုညဆိုက်အောင် ကြည့် နိုင်သူကို သေမင်း မမြင်နိုင်ဘူး။

ချစ်သား မောဃရာဇ ဒီလောကကြီးကို သုညဆိုက်အောင် ကြည့်။ သုညဆိုတာ အားလုံးယောဂီများ သိထားကြတဲ့အတိုင်း ဘာမှ မရှိဘူး။ သုညရှေ့မှာ တစ်ထည့်ရင် (၁၀)ဖြစ်တယ်။ နှစ်ထည့်ရင် (၂၀) ဖြစ်တယ်။ တစ်လုံးထည့်ရင် (၁၀)၊ တစ်နှစ်လုံးထည့်ရင် ရာဂဏန်း ဖြစ်သွားပြီ။ အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ ရုပ်ရဲ့ရှေ့နားမှာ ငါဆိုတဲ့ အမှတ်တံဆိပ်၊ နာမ်ရဲ့ရှေ့နားမှာ ငါတံဆိပ်ခတ်နေကြတာ။ စိတ်ရဲ့ရှေ့နား မှာ ငါ့စိတ်၊ ဉာဏ်ရဲ့ ရှေ့နားမှာ ငါ့ဉာဏ်၊ ငါ့ရုပ်၊ ငါ့ခန္ဓာကိုယ်လို့ သုညရဲ့ ရှေ့နားကနေ အမှတ်တံဆိပ်ကြီးတွေ ရိုက်ထည့်တာ။ ငါဆိုတဲ့ အမှတ် တံဆိပ်ရိုက်တယ်။ သူဆိုတဲ့အမှတ်တံဆိပ် ရိုက်တယ်။ လင်ဆိုတဲ့

http://www.dhammadownload.com



အမှတ်တံဆိပ်၊ ယောကျ်ားဆိုတဲ့ အမှတ်တံဆိပ်၊ မိန်းမဆိုတဲ့ အမှတ်တံဆိပ်၊ အမျိုးသားဆိုတဲ့ အမှတ်တံဆိပ်၊ အမျိုးသမီး ဆိုတဲ့ အမှတ်တံဆိပ် ခပ်နှိပ်လိုက်တယ်။ အဲဒီတော့ ရှုပ်သွားတယ်။ တကယ်တမ်းရှိတဲ့ အမှတ်တံဆိပ်က အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်၊ ဒါတကယ်ရှိတဲ့ အမှတ်တံဆိပ်။ အဲဒီတော့ ရုပ်တရားတွေ အများအပြားရှိတယ်။ နာမ်တရားတွေ အများအပြား ရှိတယ်။ ဒါတွေဟာ ဓာတ်လေးပါးပဲ အခြေခံကြပါတယ်။ အဲဒီလို သုညတကမ္မဋ္ဌာန်းပေးတဲ့ အခါ ဓာတ်လေးပါးအခြေခံပြီး ကြည့်ကြစို့ရဲ့။ ဓာတ်လေးပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်၊ တစ်ခါတစ်ရံကျတော့ မြတ်စွာဘုရားက ဓာတ်(၆)ပါးဖြင့် ပြီးတဲ့ခန္ဓာကိုယ်။ ပြည့်ပြည့်စုံစုံ ပြောမယ်ဆိုရင် သုတ္တန်ဒေသနာတော် နည်းအရ ဓာတ်(၁၈)ပါး၊ (၃)ကြိမ်ဟောကြားတော်မူပါတယ်။ (၆)ပါး (၃)ကြိမ်။ အဘိဓမ္မာဒေသနာတော်အားဖြင့် ဓာတ်(၁၈)ပါး တစ်ခါထဲနဲ့ (၁၈)ပါးဟောတော်မူတယ်။ အဲဒီတော့ ဓာတ်(၆)ပါးဆိုတဲ့နေရာမှာ **"ပ-အာ-တေ-ဝါ"** ပထဝီ, အာပေါ,တေဇော, ဝါယော, အာကာသဓာတ်, ဝိညာဏဓာတ်။ **"ပ-အာ-တေ-ဝါ"**၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ရေ,ေ မြ, လေ, မီး ဓာတ်ကြီးလေးပါး။

## နည်းမျိုးစုံ

သိပ္ပံပညာရှင်များက **"ရေ၊ မြေ၊ လေ၊ မီး"** ဆိုတဲ့ ဓာတ်ကြီးလေးပါးကို အခြေခံပြီးတော့ ဆေးလမ်းတွေ၊ စက်ကိရိယာလမ်းတွေ တီထွင်ကြတယ်။ ကမ္ဘာတစ်ခုလုံး နှံ့စပ်ပြီး သွားနိုင်အောင် ဖန်တီးကြတယ်။ ဆေးလမ်းတွေ ပေါက်မြောက်ကြတယ်။ စက်ကိရိယာလမ်းတွေ ပေါက်မြောက်ကြတယ်။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေကလဲ ဒီမြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကိုပဲ အခြေခံပြီးတော့ ထွက်ရပ်စခန်းထွက်နိုင်အောင် အစီအရင်တွေ ဖန်တီး ဆောင်ရွက်ကြတယ်။ မြတ်စွာဘုရားကတော့ ဒီဓာတ်လေးပါးကို အခြေခံပြီးတော့ အရိယာဝိဇ္ဇာလမ်းပြပြီး

http://www.dhammadownload.com

တော့ သွားခဲ့တယ်။ ဆိုကြပါစို့။ ဓာတ်လေးပါး၊ ဓာတ်ခြောက်ပါး၊ အဲဒီ ဓာတ်လေးပါး၊ ဓာတ်ခြောက်ပါးထဲမှာ ဓာတ်လေးပါးထဲမှာ ပထဝီနဲ့ အာပေါကို မြတ်စွာဘုရားက အထည်ကိုယ်ဒြပ်တွေထုတ်ပြီးတော့ စက်ဆုပ်ရွံ့ရှာဖွယ် ကြည့်ရှုမယ်ဆိုရင် သမထကမ္မဋ္ဌာန်းဖြစ်ပုံ၊ ဓာတ် သဘောကို မြင်အောင်ရှုရင် သုညတဝိပဿနာကမ္မဋ္ဌာန်းဖြစ်ပုံ ဟောပါတယ်။ စက်ဆုပ်ရွံ့ရှာဖွယ်အားဖြင့် ပထဝီဓာတ် (၂၀)၊ မြေဓာတ် ဆိုတာ ခက်မာတဲ့သဘော၊ နူးညံ့တဲ့သဘော ရှိပါတယ်။ ရေဓာတ် (၁၂)မျိုး၊ ရေဓာတ်ဆိုတာ ဖွဲ့စည်းတတ်ပါတယ်၊ ယိုစီးတတ်ပါတယ်၊ ရေရဲ့သဘော။ အဲဒီမှာ ပထမဆုံး မြေဓာတ်၊ ခက်မာတယ်၊ နူးညံ့တယ်၊ အဲဒီမြေဓာတ်ဟာ **"ဒွေဓာ ပထဝီဓာတု"** ခက်မာဖွဲ့စည်းတဲ့ မြေဓာတ်ဟာ (၂)မျိုးရှိပါတယ်။ **"အဇ္ဈတ္တိကာစ ဗဟိဒ္ဓါစ"** အတွင်းမြေဓာတ်၊ အပြင် မြေဓာတ် အဲလို ကွဲပြားလာပါတယ်။ ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ် **"ဥဒ္ဓံပါဒတလာ"** ခြေဖဝါးပြင်ကအထက် **"အဓော ကေသမတ္ထကာ"** ဆံပင်ဖျားအောက်၊ ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်။ ဒီခန္ဓာကိုယ်ထဲမှာပဲ ဓာတ်လေးပါး၊ ဓာတ်ခြောက်ပါး ခွဲကြည့်ရအောင်။ ပထမဆုံး မြေဓာတ်ကို ခွဲကြည့်ရအောင် မြေဓာတ်ခွဲကြည့်တော့ အတွင်းမြေဓာတ်၊ အပြင် မြေဓာတ်။ အတွင်းမြေဓာတ်က ဘယ်နှစ်မျိုးရှိသလဲ။ နှစ်ဆယ် ဘာတွေလဲ။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုပ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်။ ရွံ့စဖွယ် **"ပူရနာနာပကာရဿ အသူစိနော"** ရွံ့စဖွယ်အနေအားဖြင့် ရှုမယ်ဆိုရင် သမထကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ဓာတ်သဘော သုညအနေ ဆိုက်အောင် ရှုမယ်ဆိုရင် ဝိပဿနာဖြစ်ပါတယ်။ ဆံပင်ကို ကွက်ကြည့်။ ထမင်းထဲ, ဟင်းထဲမှာ ဆံပင်လေးတွေ့ခဲ့ရင် တစ်ချို့ရွံ့တတ်တဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ ထမင်းတောင် မစားတော့ဘူး။ မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အရိုး, ရိုးတွင်းချဉ်ဆီ စသည်တို့

http://www.dhammadownload.com



ဟာလဲ အနံ့အားဖြင့်လဲ ရွံ့စရာ။ အဆင်းအားဖြင့်လဲ ရွံ့စဖွယ် **"ရွံ့စဖွယ်-ရွံ့စဖွယ်"**လို့ ထင်အောင်ရှုနိုင်ရင် သမထကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ အဲဒါလေး သေသေချာချာစိစစ်ကြည့်မယ်ဆိုရင် ဆံပင်လေးတစ်ခုဘဲ စိစစ်ကြရအောင်။ တောင်ပို့တစ်ခု တောင်ပို့ပေါ်မှာ မြေဇာမြက်ကလေးတွေ ပေါက်ပြီးတော့နေတော့ တောင်ပို့ကိုမေးလိုက် "အပေါ်မှာ မြေဇာမြက်တွေ ပေါက်နေတာ သိရဲ့လား"လို့ မေးတော့ "ငါ့အပေါ်မှာ မြေဇာမြက်တွေပေါက်နေတာ မသိပါဘူး"တဲ့။ မြေဇာမြက်တွေကို မေးပြန်တော့လဲ "ငါ့အောက်မှာ တောင်ပို့ရှိနေတယ်ဆိုတာ မသိပါဘူး"တဲ့။ အဲဒီလိုဘဲ ဦးခေါင်းပေါ် ဆံပင်တွေနေတာ တောင်ပို့ပေါ် မြက်ပေါက်နေသလိုပါပဲ။ မေးကြည့်။ ဆံပင်တွေပေါက်နေတာ ဦးခေါင်းအနေနဲ့ သိရဲ့လား။ မသိဘူး။ ဆံပင်တွေကလဲ ငါဦးခေါင်း ပေါ်ပေါက်နေတာ သိရဲ့လား။ မသိဘူး။

## အညမည် အာဘောဂ ပစ္စဝေက္ခဏရဟိတာ ဧတေ

ဧတေ= ထိုဆံပင်နှင့်ဦးခေါင်းခွံတို့သည်၊ အညမည်= အချင်းချင်း၊ အာဘောဂ ပစ္စဝေက္ခဏရဟိတာ= နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကြတယ်။ ဘုမသိ၊ ဘမသိနေကြတာပဲ။ တစ်ခုချင်းလေး တစ်ခုချင်းလေး။ မြတ်စွာဘုရားက ပထဝီဓာတ်၊ အာပေါဓာတ် (၂)မျိုး၊ ဝတ္ထုသရုပ် ထုတ်ပြီးတော့ (၃၂)ပုံ ပုံကြည့်တဲ့နည်း။ တရားမြင်အောင် အတော်ကြည့်ယူရတယ်။ ပုံကြည့်။ အခုဆိုရင် ပထဝီဓာတ် ခက်မာ၊ ဖွဲ့စည်းအပုံ (၂၀)ပုံပြတာ။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ (၅)ပုံ၊ အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့ (၅)ပုံ၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ် (၅)ပုံ၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက် (၅)ပုံ။ အဲဒီလို တစ်ခုချင်းလေး တစ်ခုချင်းလေး မေးကြည့်။ အနံ့အားဖြင့်လည်း မကောင်းပါဘူး။ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းပါတယ်။ ဒါဖြင့် အဲဒီ အပုံ (၂၀)ထဲက ဘယ်သူ့ကို လူခေါ်မလဲ။ စောစောကပြောသလိုဘဲ ဆံပင်နဲ့ဦးရေ၊ ဦးရေနဲ့ ဆံပင်၊

http://www.dhammadownload.com



ဆံပင်ကနေပြီး စက်ဆုပ်ဖွယ် ရှုကြည့်မယ်ဆိုရင် သမထဖြစ်တယ်။ "စက်ဆုပ်ဖွယ်လျှင် ဓာတ်ဉာဏ်ယှဉ် ဆင်ခြင်ရှုပွားနည်း" စက်ဆုပ်ရွံ့ရှာဖွယ်နဲ့ ကြည့်မယ်ဆိုရင် သမထကမ္မဋ္ဌာန်းနည်း။ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မှာ **"ပဋိကူလ မနသိကာရ ပဗ္ဗ"** စက်ဆုပ်ရွံ့ရှာဖွယ်နှလုံးသွင်းပုံအပိုင်းကြီး။ ဥပမာကတော့ အိတ်ကြီးတစ်အိတ် အဝနှစ်ခုရှိတဲ့ အိတ်ကြီး စပါးမျိုးစုံထည့်နိုင်တဲ့ အိတ်ကြီးတစ်လုံးထဲထည့်၊ ပဲကြီးကတစ်မျိုး၊ စတော်ပဲကတစ်မျိုး၊ စွံတာနီပဲကတစ်မျိုး၊ ပဲထောပတ်ကတစ်မျိုး၊ သလေးစပါးတွေလဲ တည့်လိုက်၊ ထည့်လိုက်ပြီးတော့ အဲဒီအိတ်ကြီးကို မျက်စိကောင်းတဲ့ လူတစ်ယောက်က ဖြေကြည့်လိုက်တဲ့ အခါ ဒါက သလေးစပါးတွေ၊ ဒါက ပဲကြီးတွေ၊ ဒါက စတော်ပဲတွေ၊ ဒါက စွံတာနီပဲတွေ၊ ဒါက ပဲထောပတ်တွေ၊ ဒါက ပဲနောက်တွေ၊ ဒါက ပဲကြားတွေ၊ ဒါက မတ်ပဲတွေ အစရှိသည်ဖြင့် အဲဒီအိတ်ကြီးကို ဖြေကြည့်တော့ သိမြင်သလိုပဲ။ ဒီခန္ဓာကိုယ်ကြီးထဲမှာ ဘာတွေရှိသလဲလို့ ဖြည်ဖြန့်ပြီးကြည့်တဲ့အခါမှာ အခုအပုံ (၂၀)၊ ပထမတွေ့တယ်။ တွေ့တော့ စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ကြည့်မယ် ဆိုရင်တော့ သမထကမ္မဋ္ဌာန်း။ ဓာတ်ကမ္မဋ္ဌာန်းအနေနဲ့ကြည့်ကြစို့။ ဓာတ်ကမ္မဋ္ဌာန်းအနေနဲ့ ကြည့်တဲ့အခါကျတော့ မြေဇာက တောင်ပို့ပေါ် မြက်ပေါက်တာ မသိသလို၊ မြေဇာမြက်နဲ့တောင်ပို့ အချင်းချင်းမသိသလို ဦးခေါင်းနဲ့ ဆံပင်နဲ့လဲ တစ်ခုနဲ့တစ်ခု နှလုံးသွင်းဆင်ခြင်မှုမရှိပါဘူး။ ပြီးတော့ ဆံပင်ကိုကြည့်လိုက်တဲ့ အခါကျတော့ ခက်မာတဲ့သဘော တွေ့ပါလိမ့်မယ်။ ခက်မာတဲ့သဘော ဟုတ်ပြီ။ ဒါပေမယ့် စိတ်စေတနာရှိသလား ဆိုတော့ **"အစေတနော"** စိတ်စေတနာ မရှိပါဘူး။ ဒါဖြင့် ကုသိုလ်လား၊ အကုသိုလ်လား ဆိုတော့ **"အဗျာကတော"** ကုသိုလ်, အကုသိုလ်လို့ မဆိုရတဲ့ အဗျာကတ ရုပ်တရားတဲ့။ ထဒ္ဓေါ= ခက်မာတယ်၊ သုညော= အဲဒီ ဆံပင်လေးကို မေးကြည့် လူလားဆိုရင် လူမဟုတ်ဘူးလို့ ဖြေမှာပါပဲ။ ငါလားလို့မေးရင် ငါမဟုတ်ဘူး။ သူလားလို့မေးရင် သူမဟုတ်ဘူး။ ဒါဖြင့် ဘယ်သဘောလဲ

http://www.dhammadownload.com



ဆိုတော့ **“ထဒ္ဒါ ပထဝီဓာတု”** ခက်မာတဲ့ ပထဝီဓာတ်ပါပဲ။ ပထဝီဓာတ် ဆိုတော့ ဗဟိဒ္ဓပထဝီလိုပါဘဲ။ ဗဟိဒ္ဓ မြေဓာတ်ကို ကြည့်လိုက်တဲ့အခါ အချို့နေရာတွေမှာ နူးညံ့တယ်။ အချို့မြေတွေက ကြမ်းတမ်းနေတယ်။ ခက်မာတာရှိတယ်။ အခု ဆံပင်ကျတော့ မြေဓာတ်သိပ်အားကောင်းတဲ့ အတွက် ဆံပင်ဟာ ခက်မာတဲ့ သဘောလေးပဲ ရှိတယ်။ အဲဒီလို ဓာတ်ကို မြင်ရမှာ။ ဓာတ်မသိလို့ ခက်နေတာ။ ဓာတ်ဆိုတာ ဘာလဲ။ သဘော လေးပဲ။ သဘောဆိုတာ ဘာလဲဆိုတာ သုညပါပဲ။ သုညဆိုတာ ဘာလဲဆိုတော့ သတ္တဝါလည်း မဟုတ်၊ ဇီဝအသက်လဲ မဟုတ်ပါဘူး။ သတ္တဝါအသက်ရှိတယ် ဆိုတာမှ ကင်းဆိတ်တဲ့သဘောလေးကို သိရမယ်။ အဲဒါကြောင့်မို့ ဒီကမ္မဋ္ဌာန်းကို ဓာတ်ကမ္မဋ္ဌာန်း။ တစ်နည်း အားဖြင့် သုညတကမ္မဋ္ဌာန်း။ မိမိတို့စိတ်ကလေးက ငြိမ်ပြီးတော့နေတဲ့ အခါ ဒီခန္ဓာကိုယ် ဖြိုကြည့်၊ ဖြန့်ကြည့်တဲ့ အခါကျမှ မြင်တယ်။ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော စသည်ကြည့်။

အသားဆိုပြန်တော့လဲ စက်ဆုပ်ရွံ့ရှာဖွယ် လုံးလိုက်မယ်ဆိုရင် ဇီးကင်းလောက်ရှိတဲ့ အရေ၊ အရေပါးလေးရယ် အရေထူရယ် မွမ်းမံထားလို့သာကိုး။ အရိုး၊ အရိုးကျပြန်တော့လဲ ပထဝီဓာတ်ပိုပြီးတော့ ထင်ရှားပါတယ်။ အရိုးတစ်ခုခု၊ လက်ရိုးဖြစ်စေ၊ ခြေရိုးကိုဖြစ်စေ ထုတ်ကြည့်ပြီး သူ့ကိုမေးစိစစ်ကြည့်ပါ။ ငါလား, သူလား အသက် ရှိရဲ့လား။ သတ္တဝါလို့ပြောမလား။ ဒီလိုတစ်ခုချင်းလေး မေးစိစစ်ကြည့်တဲ့ အခါကျတော့ သူကပြန်ပြောပါလိမ့်မယ်။ “ဘာမှမဟုတ်ဘူး။ သုညပါပဲ” လို့ သူအဖြေပေးပါလိမ့်မယ်။ အဲဒီလို တစ်ခုချင်းလေး ဖြိုဖြန့်ပြီးတော့ ကြည့်တဲ့ နည်းမျိုးနဲ့ ကြည့်လိုက်တော့ အတွင်းမြေဓာတ်၊ အပြင်မြေဓာတ်၊ အပြင် မြေဓာတ်ဆိုတဲ့နေရာမှာ ရွှေ, ငွေ, ပုလဲ, ကြောက်မျက်ရွဲနှင့် မြခဲသန္တာန် စိန်ဘဏ္ဍာခေါ်တဲ့ ဒါတွေကလဲ ခက်မာတဲ့သဘောရှိတဲ့ ဗဟိဒ္ဓအပြင် မြေဓာတ်တွေပါပဲ။ ခန္ဓာကိုယ်မှာ ဆံပင်အစရှိတဲ့

http://www.dhammadownload.com



ဓာတ်တွေဟာ၊ ဥပါဒိန္န= တဏှာဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်တဲ့ အချက်အလက်တွေပေါ့ စွဲလမ်းစရာတွေပါ။ အဲဒီလို မြေဓာတ်ကို အတွင်းမြေဓာတ် (၂၀)၊ အဲဒီ (၂၀)ကို စက်ဆုပ်ရွံ့ရှာဖွယ် အဖြစ် ရှုမယ်ဆိုရင် သမထကမ္မဋ္ဌာန်း ဖြစ်မယ်။ သဘောလေး သုညဆိုက်အောင် ကြည့်မယ်ဆိုရင် ဝိပဿနာ ဖြစ်ပါတယ်။ အလားတူပဲ အာပေါဓာတ်၊ အာပေါဓာတ်မှာလဲ အတွင်းရေဓာတ်၊ ရေရဲ့သဘောဟာ ယိုစီးတတ်တယ်၊ ဖွဲ့စည်းတတ်တယ်။ ဖုန်မှုန့်လေးတွေလုံးရအောင်ဆိုရင် ရေလေးနဲ့ ဖျန်းဖျန်းပြီးပေးမှ လုံးလို့ရတယ်။ အဲဒီလိုပဲ အာပေါဓာတ်ဟာ ဖွဲ့စည်းတတ်တယ်၊ ယိုစီးတတ်ပါတယ်။ အတွင်းရေဓာတ်, အပြင်ရေဓာတ်။ အတွင်းရေဓာတ်ဟာ (၁၂)မျိုး ရှိပါတယ်။ မြတ်စွာဘုရားက သရုပ်ထုတ်ပြတာက- သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။ မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂) ပေါင်းလိုက်တော့ (၃၂)ပါး၊ ခန္ဓာကိုယ်ကြီးကို (၃၂)ပုံပုံ။ အဲဒီထဲက ရေဓာတ် (၁၂)ပါး ခတ်ခွဲလိုက်တဲ့အခါကျတော့ အာပေါဓာတ် လွှန်ကဲတယ်။ မိမိရဲ့ တစ်လံမျှလောက်ရှိနေတဲ့ ခန္ဓာကိုယ်မှာရှိတဲ့ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး စတဲ့ ရေဓာတ် (၁၂)ပါးကို တစ်ခုချင်းပုံပုံပြီးတော့ စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်ပုံရှုပါ။ (၆)မျိုးစီ နှစ်တန်းပုံရမှာပေါ့။

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ် (၆)မျိုးတစ်ပုံ၊ (၆)မျိုးတစ်ပုံ ပုံကြည့်။ ခန္ဓာကိုယ်မှာရှိတဲ့ ရေဓာတ်(၁၂)မျိုးကို စက်ဆုပ်ရွံ့ရှာဖွယ်နဲ့ ကြည့်မယ်ဆိုရင် သမထကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ချွေးတဲ့။ မိမိခန္ဓာကိုယ်က အပူငွေ့ရှိရင် ထွက်တဲ့ချွေး၊ အနံ့အသက်အားဖြင့်လဲ စက်ဆုပ်ရွံ့ရှာဖွယ် ချွေးနံ့ပျောက်အောင် ကြိုးစားလိုက်ကြရတာ ခဏပဲပျောက်အောင် မွှမ်းမံနိုင်တယ်။ သလိပ်ဆိုတော့လဲ ရွံ့ရှာဖွယ်၊ တကယ့်ကို ရွံ့ရှာဖွယ်

http://www.dhammadownload.com



သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်တို့ဟာ ရွံ့စဖွယ်၊ စက်ဆုပ်ဖွယ် တို့သာတည်း။ (၃၂)မျိုး အဲဒီအထဲမှာ မြေဓာတ်၊ ခက်မာတဲ့သဘော၊ နူးညံ့တဲ့သဘောရှိတာက (၂၀)၊ ယိုစီးတယ်၊ ဖွဲ့စည်းတဲ့သဘောရှိတာက (၁၂)မျိုး၊ အဲဒီတော့ ဆိုကြပါစို့။ ပေါ်လွင် အောင်ပြောမယ်ဆိုရင်တော့ တံတွေးပဲဆိုကြပါစို့။ အဲဒီတံတွေးကို ကြည့်ပြီးတော့ မေးရမှာဘဲ။ မင်းလား, ငါလား, သူလား, အမျိုးသားလား, အမျိုးသမီးလား စသည်မေးတဲ့အခါ သူ့အဖြေက ဘာလဲဆိုတော့ "မဟုတ်ပါဘူး"လို့ ခေါင်းရမ်းဖြေမှာပါပဲ။ မဟုတ်ပါဘူး။ မဟုတ်ပါဘူးလို့ ဖြေပြောမှာပဲ။ သတ္တဝါလား မဟုတ်ပါဘူးပဲ ပြောမှာပါပဲ။ အသက်လားလို့ မေးရင်လဲ မဟုတ်ဘူးပဲ ဖြေမှာပဲ။ ဒါဖြင့် ဘယ်လိုသဘောရှိတာ လေးလဲလို့ မေးတဲ့အခါ သူဟာ ယိုစီးတဲ့သဘော ရှိပါတယ်။ သတ္တဇီဝမှ ကင်းဆိပ်တဲ့ သုညသဘော ရှိပါတယ်။ **"အစေတန"** သူဟာ စိတ် စေတနာမရှိဘူးလို့ ဖြေပါလိမ့်မယ်။ နောက်ဆုံးတော့ ဖွဲ့စည်းယိုစီးတဲ့ သဘောလေးပဲ ရှိပါတယ်လို့ သူဖြေပါလိမ့်မယ်။ ဓာတ်(၄)ပါးထဲက ဓာတ်(၂)ပါးရှိပါ သေးတယ်။ ဓာတ်(၆)ပါးနဲ့ ပြောမယ်ဆိုရင် လေးပါး ကျန်ပါသေးတယ်။ အဲဒီတော့ ဒီပထဝီနဲ့အာပေါခန္ဓာကိုယ်မှာ စက်ဆုပ် ရွံ့ရှာဖွယ် ကမ္မဋ္ဌာန်းပေးတဲ့ အခါမှာ ပထဝီ(၂၀)နဲ့ အာပေါ (၁၂)မျိုးကိုပဲ ပေးတော်မူပါတယ်။ ဓာတ်ကမ္မဋ္ဌာန်းအနေနဲ့ ဝိပဿနာအဆင့်ရောက်တဲ့ အခါကျတော့ ဒီဓာတ်တွေလဲ ရှုပွားလို့ရပါတယ်။ မီးဓာတ်တို့ လေဓာတ် တို့လဲ ရှုပွားလို့ရပါတယ်။ စက်ဆုပ်ရွံ့ရှာဖွယ်ကျတော့ ပထဝီနဲ့အာပေါကို ဝတ္ထုသရုပ်ထုတ်ပြီးတော့ "ဤကိုယ်ကာယ တစ်လံမျှတွင် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး,

http://www.dhammadownload.com



ကျင်ငယ်၊ "ရွံ့စဖွယ်အနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ရွံ့ရှာဖွယ်တို့သာ ရှိပါကုန်၏"လို့ ဒီလို ဆင်ခြင်ပွားများ လိုက်မယ်ဆိုရင်တော့ သမထကမ္မဋ္ဌာန်း ဖြစ်တယ်။

ဝိပဿနာပိုင်းရောက်ပြီဆိုတော့ တစ်ခုချင်းလေး တစ်ခုချင်းလေး ခက်မာတဲ့သဘော, နူးညံ့တဲ့သဘော, ဖွဲ့စည်းတဲ့သဘော, ယိုစီးတဲ့ သဘော သုညဆိုက်အောင် ကြည့်နိုင်မယ်ဆိုရင် တစ်နည်းအားဖြင့် အဲဒီမြေဓာတ်, ရေဓာတ်တို့ အမှတ်တံဆိပ် အစစ်အမှန် ဖြစ်တဲ့ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်ကြီးများ မြင်အောင် ထင်အောင် ရှုပွားနိုင်မယ် ဆိုရင်တော့ စောစောက သဗ္ဗကာမီမထေရ်မြတ်ကြီး သီတင်းသုံးသလို အမြတ်ခေါင်းများ အမြင့်ဆုံး အမြတ်ဆုံး လူကြီးသူကြီး ယောကျ်ား အာဇာနည်ရဲ့ နေနည်း ထိုင်နည်းနဲ့ နေတယ်လို့ ခေါ်နိုင်ပါတယ်။ ဒါကြောင့် အရှင်နာဂသိန် ဒကာမကြီး တစ်ယောက်ပေးတဲ့ သုညတကမ္မဋ္ဌာန်း တစ်နည်းအားဖြင့် ဓာတ် ကမ္မဋ္ဌာန်းနဲ့ မိမိတို့ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်လှမ်းနိုင်ပြီးတော့ သုညဆိုက်အောင် ကြည့်နိုင်ကြ သိနိုင်ကြ မြင်နိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောခဉ်

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၇)ရက်၊ ယောဂီတို့ကို အာပေါဓာတ်နဲ့ ပထဝီဓာတ်အကြောင်း ပြောခဲ့ပြီ။ နံပါတ် (၃)ကတော့ တေဇောဓာတ်ပါပဲ။ **"ဒွေမာ တေဇော ဓာတု"** အတွင်းတေဇော အပြင်တေဇော (၂)မျိုး။ အပြင်တေဇောက ထင်ရှားပါတယ်။ အတွင်းတေဇောက အစာကို ကျေကျက်စေတတ်တဲ့ ပါစကမီး။ အားကောင်းနဲ့ဝမ်းမီးဆိုတာ ဘာလဲဆိုတော့ အစာအာဟာရစားပြီးတော့လဲ ကျေတယ်။ ထပ်ပြီးတော့လဲ စားချင်စိတ်ပေါ်တယ်။ အဲဒီ ဝမ်းမီးမျိုးမှ အလယ်အလတ်ဖြစ်တဲ့ **"နာတိသီတာယ နစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ ဂဟဏိယာ သမန္နာဂတော"** သိပ်လဲ မပူလွန်းဘူး။ သိပ်လဲ မအေးလွန်းဘူး။ အလယ်အလတ်ဖြစ်တဲ့ အညီအမျှ အာဟာရကို ကျေကျက်စေတဲ့ အလယ်အလတ်ဖြစ်တဲ့ အညီအမျှ အာဟာရကို ကျေကျက်စေတဲ့ ဝမ်းမီးနဲ့ ပြည့်စုံသူဖြစ်တယ်။ နေ့စဉ်နေ့တိုင်း အစာအာဟာရတွေ စားကြသောက်ကြတယ်။ အစာသစ်အိမ်ထဲနေပြီးတော့ တစ်ခါထဲကျေသွားကြတယ်။ တစ်ဦးတစ်ယောက်ကမှ အစာအာဟာရကို ချေတဲ့လူ မရှိပါဘူး။ ဘာက ချေနေသလဲဆိုတော့ ဝမ်းမီးက သူ့ဟာသူ ကြိတ်ချက်ပေးတယ်။ အဲဒီဝမ်းမီးကို **"ဣမသ္မိံ သရီရေ ပါဒိယကော ကောဋ္ဌာသော"** ဘယ်လို နှလုံးသွင်းရမလဲ၊ ဤခန္ဓာကိုယ်မှာ ဒီဝမ်းမီးဟာ သီးခြား ကောဋ္ဌာသတစ်ခု။ ဒီလို ရှုပါ။

အတွင်းတေဇော (၄)မျိုး-

| | | | |
|---|---|---|---|
| ၁။ | ဒဟနတေဇော | = | အပြင်းအထန်ပူတဲ့တေဇော |
| ၂။ | သန္တပ္ပနတေဇော | = | ရက်ခြားဖျားတဲ့တေဇော |
| ၃။ | ဇီရဏတေဇော | = | အိုမင်းရင့်ရော်စေတဲ့တေဇော |
| ၄။ | ပါစကတေဇော | = | အစာကျေချက်တဲ့တေဇော |

http://www.dhammadownload.com



အဲဒီ တေဇောတွေထဲက တစ်ခုခုကို အစေတနော= စိတ်စေတနာမရှိဘူး။ အဗျာကတော= ကုသိုလ်, အကုသိုလ်မဟုတ်တဲ့ အဗျာကတတရားမျိုးပဲ။ နိဿတ္တော= သတ္တဝါလို့လဲပြောလို့ မရဘူး။ နိဇ္ဇီဝေါ= အသက်ရှိတယ်လို့လဲ မပြောပါနဲ့။ သုညော= သတ္တ, ဇီဝမှ ကင်းဆိတ်တယ်။ ဇီရဏတေဇောအတွက် ပရိပါစနာ ကာရော= ကျေကျက်စေတတ်တဲ့ အခြင်းအရာရှိတယ်လို့ ရှု။ တေဇောဓာတု= တေဇောဓာတ်, တေဇောသဘောလေးပါပဲ။ အဖြေထွက်ပါတယ်။ ဒါအဖြေမှန်ပါပဲ။ အဲဒါကို မြင်အောင် ကြည့်ကြရမှာပဲ။ အတွင်းတေဇောလေးမျိုးရှိသလို **"ဗဟိဒ္ဓါစ တေဇောဓာတု"** ပြင်ပတေဇောတွေ အများကြီးရှိပါတယ်။ ထင်းမီးတို့, နေတို့, ပူလောင်စေတတ်တဲ့ အရာဝတ္ထုတွေ ဗဟိဒ္ဓတေဇောတွေလို့ ပြောရပါမယ်။ အေးတာတွေအားလုံးလဲ သီတတေဇောထဲ ထည့်ရပါတယ်။ တေဇောဓာတ်နဲ့ ပတ်သက်လို့ အတွင်းတေဇော, အပြင်တေဇော (၂)မျိုး။ အတွင်းတေဇောက စောစောက ပြောသလို (၄)မျိုး၊ အပြင်တေဇောဓာတ်တွေကတော့ အများကြီးပဲ။

နံပါတ်(၄)ကျတော့ ဝါယောဓာတ်။ ဝါယောဓာတ်ကို မြတ်စွာဘုရားက **"ဒွေဓာ ဝါယောဓာတု"** ဝါယောဓာတ်ဟာ (၂)ပါး။ သူ့လက္ခဏာက ဘယ်လိုလဲဆိုတော့ တွန်းကန်တယ်၊ လှုပ်ရှားတယ်၊ ဒါသူ့သဘောပါပဲ။ ဝါယောဓာတ်ဟာ အတွင်းဝါယော အပြင်ဝါယော အတွင်းလေနဲ့ အပြင်လေ။ အပြင်လေကိုကြည့်မယ်ဆိုရင် ပိုထင်ရှားပါတယ်။ အပြင်လေဟာ တောင်အရပ်ကလာတဲ့ လေ, မြောက်အရပ်ကလာတဲ့လေ ပြီးတော့ ငှက်တွေဘာတွေက အတောင်ပံခတ်လို့ ဖြစ်ပေါ်တဲ့လေ, ပန်ကာလေ, ယပ်တောင်ခတ် လိုက်လို့ ထွက်လာတဲ့လေ, တွန်းကန်တဲ့လေ, လှုပ်ရှားတဲ့လေ, တွန်းကန်လှုပ်ရှား ဒါသူ့သဘောလေး အတွင်းဝါယော အတွင်းလေဓာတ်ဟာလဲပဲ-

| | | |
|---|---|---|
| ၁။ အဓောဂမလေ | = | အောက်စုံဆင်းတဲ့လေ |
| ၂။ ဥဒ္ဓင်္ဂမလေ | = | အထက်ဆန်တက်တတ်တဲ့လေ |

http://www.dhammadownload.com



၃။ အင်္ဂမင်္ဂါနုသာရီလေ = အင်္ဂါကြီးငယ်လှည့်ပတ်တဲ့လေ
၄။ ကုစ္ဆိဋ္ဌလေ = ဝမ်းဗိုက်ထဲကလေ
၅။ ကောဋ္ဌာသယလေ = အကြောအသားစတဲ့ ကောဋ္ဌာသမှာ လှည့်နေတဲ့လေ
၆။ အဿာသ၊ ပဿာသ = ထွက်လေ၊ ဝင်လေ

ဝမ်းဗိုက်ထဲမှာ ကတ်ကြေးနဲ့ထိုးသလိုဆိုတဲ့ လေမျိုး။ ပြီးသင်ခုန်းစက်နဲ့ လှီးဖြတ်နေသလို ထိုးတဲ့လေ၊ လေသင်ခုန်း ခေါ်တဲ့ လေမျိုးတွေ ကြုံကြရတယ်။ တစ်ခါတစ်ရံ အင်မတန် အခံရခက်ပြီး ဘေးထိုးရင်ကြပ်ရောဂါနဲ့သေတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ တစ်ခါတစ်ရံကျတော့ ဒီလေပဲ အထက်ဆန်တဲ့လေ၊ အောက်စုံတဲ့လေဆိုတဲ့နေရာမှာ အထက်ကိုလဲ မဆန်၊ အောက်ကိုလဲ မစုံပဲနဲ့ စည်ပိတ်ဆိုတဲ့ ရောဂါမျိုးတွေလဲ အများကြီးရှိတယ်။ လေကို မိမိပိုင်ပါတယ်၊ အတ္တပါဆိုရင် လေကို အမိန့်ပေးလို့ရမယ်။ သို့သော် မပိုင်တဲ့အတွက် လေဟာ တွန်းကန်လှုပ်ရှားသဘောအတိုင်း သူ့သဘောနဲ့သူ ဖြစ်ပွားပြီး လေရောဂါမျိုးစုံဖြစ်ပြီးတော့ နေပါတယ်။

## ဓာတ်ကမ္မဋ္ဌာန်း

အခုစပြီးတော့ တရားအားထုတ်ခဲ့ကြတာ ထွက်လေ၊ ဝင်လေ။ ပရမတ်နာမည်နဲ့ ပြောရင်တော့ ဝါယောဓာတ်၊ လက္ခဏာနဲ့ပြောရရင် တွန်းကန်လှုပ်ရှားသဘောပါပဲ။ တွန်းကန်လှုပ်ရှားသဘောရှိတဲ့ ဝါယောဓာတ်ဟာ ဒီခန္ဓာကိုယ်မှာ သီးခြားအဖွဲ့အစု တစ်ခု။

အစေတနော= စိတ်စေတနာ မရှိဘူး။ အဗျာကတော= ကုသိုလ်, အကုသိုလ်မဆိုရပဲနဲ့ ရုပ်အဗျာကတ။ နိဿတ္တော= တွန်းကန်လှုပ်ရှားသဘောရှိတဲ့ ဝါယောဟာ သတ္တဝါလဲ မဟုတ်ပါဘူး။ နိဇ္ဇီဝေါ= အသက်ရှိတယ်လို့လဲ မဆိုနိုင်ပါဘူး။ ပြင်ပလေလိုပဲ တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ဓာတ်ကလေးသဘောလေးပါပဲလို့ အဲဒီလို မြင်ရမှာပါပဲ။ အဲဒီလို

http://www.dhammadownload.com



မြင်ရင် သုညတခေါ်တဲ့ ဓာတ်ကမ္မဋ္ဌာန်းပါပဲ။ သုညတကမ္မဋ္ဌာန်း ဆိုတော့ ဝိပဿနာပါဘဲ။ အဲဒီတော့ ဒီဓာတ်လေးပါးထဲမှာ စက်ဆုပ်ဖွယ် အနေအားဖြင့် ရှုမှတ်ရမှာကတော့ ပထဝီဓာတ်ရဲ့ သရုပ်တွေ၊ ဆံပင်, မွေးညှင်းအစရှိတဲ့ (၂၀)။ အာပေါဓာတ်ရဲ့သရုပ် သည်းခြေ, သလိပ် စတဲ့ (၁၂)မျိုး။ အဲဒီ (၃၂)မျိုးကတော့ စက်ဆုပ်ရွံ့ရှာဖွယ် အနေနဲ့လဲ ရှုရတာယ်။ ဓာတ်သဘောအနေနဲ့လဲ ရှုရတယ်။ စက်ဆုပ်ရွံ့ရှာဖွယ် ရှုတဲ့အခါ သမထကမ္မဋ္ဌာန်းဖြစ်ပြီးတော့ ဓာတ်ကမ္မဋ္ဌာန်း ရှုတဲ့အခါ ကျတော့ ဝိပဿနာဖြစ်ပါတယ်။ အဲဒါကို မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်ကြီးမှာတော့ **"ဓာတု မနသိ ကာရပဗ္ဗ"** ဓာတ်လေးပါးကို ဆင်ခြင်တဲ့အပိုင်းတစ်ပိုင်း ထားပြီးတော့ ဒီဓာတ်လေးပါးကိုပဲ ဟောတော်မူပါတယ်။ ဥပမာလေးနဲ့ မြတ်စွာဘုရား ဘယ်လိုပေးသလဲ။ နွားသတ်တဲ့ လူတစ်ယောက် ခေါင်းဆောင်ဖြစ်ဖြစ်၊ သူ့တပည့်ဖြစ်ဖြစ် နွားတစ်ကောင် ကို သတ်တယ်။ အသားတွေကို လေးပုံပုံတယ်။ လေးပုံပုံပြီးတော့ လမ်းလေးဆုံလေးခွမှာ ဒါကတစ်ပုံ၊ ဒါတစ်ပုံဆိုပြီး တစ်ပုံစီပုံတယ်။ အသားတွေ လေးပုံ။ နွားသားတွေကို လမ်းလေးခွမှာ တစ်ပုံစီ တစ်ပုံစီ ခွဲခြားပုံသလိုပဲတဲ့။ နွားသားတွေကို လမ်းလေးခွမှာ တစ်ပုံစီ တစ်ပုံစီ ခွဲခြားပုံသလိုဘဲတဲ့။ မိမိခန္ဓာကိုယ်ကိုလဲ လေးစုံလေးပုံပုံလိုက်။ ဟော- မြေဓာတ်ကတစ်ပုံ၊ ရေဓာတ်ကတစ်ပုံ၊ မီးဓာတ်ကတစ်ပုံ၊ လေဓာတ်က တစ်ပုံ။ အဲဒီလို လေးပုံပုံပြီးတော့ ကြည့်ရမယ်။ ဓာတ်လေးပါး အကုန်လုံး မိမိတို့ရှုပွားနေတဲ့ ထွက်လေ ဝင်လေကစပြီးတော့ ထွက်လေ ဝင်လေအပါ အဝင်ပေါ့။ ဒီဓာတ်လေးပါး ဟာ သစ္စာနဲ့ပြောတဲ့အခါကျတော့ ဒုက္ခသစ္စာ၊ ဒုက္ခအမှန်။ ဟောဒီ ဓာတ်လေးပါးကို မြတ်စွာဘုရား ဘယ်လိုဥပမာ ပေးပြန်သလဲဆိုတော့-

http://www.dhammadownload.com



## ဓာတ်ကြီးလေးပါးကို တစ်နည်းတစ်ဖုံ ရှုနည်း

**စတ္တာရော အာသီဝိသာ၊ ဥဂ္ဂတေဇာ ဃောရဝိသာတိခေါ**
**ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ။**

(သဠာယတနသံယုတ်)

ရဟန်းတို့ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ရဲ့ အမည်က ပြင်းထန်လျှင်မြန်တဲ့ အဆိပ်ရှိတဲ့ မြွေကြီးလေးကောင်တို့ရဲ့ အမည်ပဲ။ မြေဓာတ်လွန်ကဲဖောက်ပြန်မယ်ဆိုရင် ထင်းချောင်းများလို သစ်သား ချောင်းကြီးတွေလို ခန္ဓာကိုယ်ကြီးဟာ မာတောင့်ပြီးသွားပြီ။ ရေဓာတ်လွန်ကဲလာပြီ၊ ဖောက်ပြန်လာပြီ ဆိုရင်လဲ ဒွါရထိုထိုအရည် ယိုလျက် စိုစို့ရွှဲရွှဲ ညှိမဲမည်းမှောင် ညှီဟောင်နံစော်ပြီးတော့ ဒီခန္ဓာကိုယ်ကြီးက သေပျက်သွားတယ်။ ပုပ်သွားတယ်။ တေဇော လွန်ကဲလို့ရှိရင် မခံသာအောင် ပူပြန်တယ်။ ဝါယောလွန်ကဲပြန်ရင် ဒီခန္ဓာကိုယ်ဟာ အပိုင်းအပိုင်းပြတ်သွားတယ်။ မြွေလေးမျိုး။ ပထမ မြွေကိုက်လိုက်လို့ရှိရင် ထင်းတုံးများ သစ်သားချောင်းကြီးများလို ဖြစ်ပြီးတော့သွားတယ်။ ပထဝီဓာတ်တည်းဟူသော ကဋ္ဌမုခမြွေ ကိုက်ပြီဆိုရင် သစ်တုံးသစ်ချောင်းများလို ဖြစ်ပြီးတော့သွားတယ်။ နောက်မြွေတစ်မျိုး ပူတိမုခ ဒီမြွေကိုက်လိုက်ရင် တစ်ခါထဲ ခန္ဓာကိုယ်ပုပ်ပြီးတော့ သွားတယ်။ အဲဒီလိုဘဲ အာပေါ ဆိုတဲ့ ရေဓာတ်၊ ဒီရေဓာတ် လွန်ကဲလာပြန်ရင် ခန္ဓာကိုယ်ပုပ်ပြီး နံစော်ပြီးတော့ ပျက်စီးပြီးသွားတယ်။ နောက်မြွေတစ်မျိုး အဂ္ဂိမုခကျတော့ သူကိုက်လိုက်တာနဲ့ တစ်ခါထဲ မီးလောင်သလို ပူပြင်းသွားတယ်။ အဲဒီလိုပဲတဲ့ တေဇောဓာတ်လွန်ကဲလာရင် မခံသာအောင် ပူတယ်။ တေဇောဓာတ်ပျက်ပြီဆိုရင် မနေနိုင်အောင်ပူတယ်။ နောက်မြွေတစ်မျိုး သတ္ထမုခကတော့ အဲဒီမြွေကိုက်လိုက်ရင် ခန္ဓာကိုယ် အပိုင်း အပိုင်း ဖြစ်သွားသလို ဝါယောဓာတ်လွန်ကဲလာပြီဆိုရင် သူ့ဒုက္ခပေးပြီဆိုရင် ရင်တွင်း ဝမ်းတွင်း နှလုံးတွင်းမှာ အရင်းအမြစ် အဆစ်အစပ် သွေးကြောပြတ်ပြီး မတ်တတ်တိမ်းလဲ ရုတ်ခနဲချင်း သေတုံလျှင်းမယ်။

30 (A)

http://www.dhammadownload.com



ဘုန်းကြီးတို့ အခု လေဖြတ်တယ်။ လေဖြတ်တယ် ဆိုတာ ဝါယောဓာတ် ဖောက်ပြန်တာပါပဲ။ အဲဒီလို ဓာတ်ကြီးလေးပါးတို့ဟာ ပြင်းထန်တဲ့ အဆိပ်ရှိတဲ့ မြွေများနဲ့တူတယ်။ မိမိတို့သန္တာန်မှာ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါး၊ တစ်နည်းအားဖြင့် ခက်မာဖွဲ့စည်း ပူအေးထောက်ကန် လေးတန်သောလက္ခဏာတွေကို အဆိပ်ပြင်းထန်တဲ့ မြွေကြီးများလို ရှုကြရတယ်။

## သစ္စာနဲ့ရှုနည်း

သစ္စာအနေနဲ့ပြောရင် ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး လုံးဟာ ဒုက္ခသစ္စာပါပဲ။ ဒုက္ခအမှန်ပဲ။ အဲဒီ ဒုက္ခကို ဖြစ်စေတတ်တဲ့ တဏှာသည် သမုဒယသစ္စာပါပဲ။ အဲဒီ ဓာတ်ကြီးလေးပါးနှင့်တကွ တဏှာတို့၏ချုပ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာပါပဲ။ ဓာတ်ကြီးလေးပါး နှင့်တကွ တဏှာချုပ်ဖို့ရာ သာသနာ့ကျင့်စဉ်များ ကျင့်တာဟာ မဂ္ဂသစ္စာပါပဲ။ ယခု ယောဂီသူတော်စင်များ ကျင့်ပွားနေတဲ့လမ်းစဉ်သည် ဓာတ်ကြီးလေးပါး ချုပ်ငြိမ်းရာ နိဗ္ဗာနဓာတ် အငြိမ်းဓာတ်သို့ ရောက် ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ် ဖြစ်ပါတယ်။ ဒါကြောင့် ကေဝဋ္ဋသုတ္တန် မှာ မြတ်စွာဘုရား ဟောသလို ဒီဓာတ်ကြီးလေးပါးချုပ်တဲ့နေရာသည် နိဗ္ဗာန်ပဲ။ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါး ညီညွတ်နေရင် နေသာထိုင်သာလေး ရှိတယ်။ အဲဒီ ဓာတ်တစ်ခုခု လွန်ကဲလို့ရှိရင် မနေသာ မထိုင်သာဖြစ်တယ်။ ဘုရားရှင်ကိုပင် ဒီဓာတ်၊ ဒီရုပ်တွေရဲ့ နှိပ်စက်မှုဟာ ကြီးမားတယ်။ သာမန်ပုဂ္ဂိုလ်တွေ မပြောနဲ့ ဒီရုပ်တွေရဲ့ နှိပ်စက်မှု ဒီနာမ်တွေနဲ့နှိပ်စက်မှုဟာ-

**သမ္ဗုဒ္ဓံပိ ဒုက္ခာပေန္တိ၊ နာမရူပါနိ ဓာတုယော။**

နာမရူပါနိ ဓာတုယော= ရုပ်ဓာတ်, နာမ်ဓာတ်တို့သည်၊ သမ္ဗုဒ္ဓံပိ= မြတ်စွာဘုရားကိုသော်မှလည်း၊ ဒုက္ခာပေန္တိ= ဆင်းရဲစေနိုင်ကုန်၏။ ဘုရားကိုပင် ညှင်းဆဲနိုင်တော့ ဒီဓာတ်ကြီးလေးပါး အပါအဝင် ရုပ်ခန္ဓ၊

30 (B)

http://www.dhammadownload.com



နာမ်ဓာတ်တွေဟာ ဘုရားတောင် မညှာဘူး။ လောကသုံးပါး အတုမရှိ မြတ်စွာဘုရားကိုတောင်မှ ညှင်းဆဲကြတယ်။ သာမန်ပုဂ္ဂိုလ်တွေတော့ ပြောစရာမလိုဘူး။ ဒီဓာတ်ကြီးလေးပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်၊ ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခတုံး၊ ဒုက္ခခဲကြီးလို့ မြင်အောင်ကြည့်ကြ။ အဲဒီလို မြင်အောင်ကြည့်ခြင်းဟာ ရှေ့ပြေးမဂ္ဂသစ္စာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းပါပဲ။ ဒါကြောင့်မို့ မိမိရှုပွားနေကြတဲ့ ဝါယောရုပ်ကို အခြေခံပြီးတော့ ဝါယောဓာတ်ကို အခြေခံပြီးတော့ ရှုပွားလာခဲ့ကြတဲ့ ထွက်လေ, ဝင်လေကို ရှုပွားလာတဲ့လမ်းစဉ်သည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တယ် လို့။ မြတ်စွာဘုရား ဒေသနာတော်အရပ်ရပ် အလေးအမြတ်ထား ကိုးစားသောအားဖြင့် ဆက်လက်ပြီးတော့ ကြိုးစား နိုင်ကြပါစေ၊ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းဆုတောင်းရင် ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## စခန်းသိမ်းအောင်ပွဲ

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း (၈)ရက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပပြုလုပ်အပ်သော (၂၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲခံတဲ့နေ့။ ဒီ (၂၅)ကြိမ်မြောက် တရားစခန်းမှာ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များအား လွန်ခဲ့တဲ့ (၇)ရက်၊ (၈)ရက်က (၂၅)ကြိမ်မြောက် ဝိပဿနာ တရားစခန်း ဖွင့်ပွဲမှာ အပြစ်ကင်းပြီးတော့ တင့်တယ်ခြင်းရှိကြတဲ့ (၂၅)မျိုးသောတရားများ မိမိတို့စိတ်နဲ့ တွဲယှဉ်ပြီးတော့ သူတော်စင် သူတော်ကောင်းများ ဖြစ်ကြပါစေလို့ အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းခဲ့တဲ့ အတိုင်းပဲ။

ယနေ့ (၂၅)ကြိမ်မြောက် (၇)ရက်တရားစခန်းမှာ ယောဂီသူတော်စင်များ အပြစ်ကင်းပြီးတော့ တင့်တယ်ကောင်းမွန်တဲ့ တရားတွေ မိမိတို့သန္တာန်မှာ ရရှိအောင် ကြိုးစားခဲ့လို့ (၂၅)ကြိမ်မြောက် တရားစခန်း အောင်မြင်ပြီးမြောက်ခဲ့ပြီ ။ ယောဂီသူတော်စင် တို့သန္တာန်မှာ အပြစ်ကင်းပြီးတော့ တင့်တယ်ခြင်းရှိကြတဲ့ သတိဆိုတဲ့တရား လက်ကိုင်ထားပြီး ရှေးဦးစွာ သီလဆောက်တည်ကြတယ်။ သီလ ဆောက်တည်ကြတော့ အဲဒီသီလတွေဟာ သမ္မတ္တ၊ သမာဒါန ၊ သမုစ္ဆေဒဝိရတိ နာမည်အမျိုးမျိုးနဲ့ လာရှိတော့ သမ္မတ္တဝိရတိ သမာဒါနဝိရတီများ ဖြစ်ပွားခွင့်အကြိမ်ကြိမ် ရခဲ့တယ်။ ဒီနောက် အဒေါသ၊ မေတ္တာရဲ့ကိုယ်စား အဒေါသ ဆိုတဲ့တရား၊ ဥပေက္ခာရဲ့ ကိုယ်စား တတြမဇ္ဈတ္တတာ ဆိုတဲ့တရားနှင့်တကွ ကရုဏာ၊ မုဒိတာဆိုတဲ့ သတ္တဝါပညတ်တို့ကို အာရုံပြုပြီးတော့ အတိုင်းအတာမရှိ ပုဂ္ဂိုလ်အနေနဲ့အတိုင်းအတာမထား၊ နေရာအနေနဲ့လဲ အတိုင်းအတာ မထား၊ အတိုင်းအတာမထားပဲနဲ့ ပွားများပြီးတော့ လာခဲ့တဲ့ သမထ ဘာဝနာ။ အဲဒီ သမထဘာဝနာနေပြီး ဆက်ပြီးတော့ သတိမပြတ် ရှုမှတ်ခြင်းဆိုတဲ့ သတိ၊ သမာဓိဆိုတဲ့ တရား ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ

http://www.dhammadownload.com



အစရှိတဲ့ တရားတော်တွေ အကြိမ်ကြိမ် အခါခါဖြစ်ပွားခွင့်ရခဲ့ကြပြီ။ အဲဒီ တရားတွေထက် မွန်မြတ်တဲ့ အမွန်းတင်တရားဖြစ်တဲ့ အထွဋ်တင်တဲ့ အနေအားဖြင့် ပညိန္ဒြေဆိုတဲ့တရား၊ ပညိန္ဒြေဆိုတာ ဝိပဿနာခေါ်တဲ့ တရား။ အဲဒီတရားကိုလဲပဲ မိမိတို့သန္တာန်မှာ ရရှိအောင် အားထုတ်ခဲ့ကြပြီ။ အဲလို အားထုတ်ခဲ့ကြတဲ့အတွက် ထိုက်တန်သလောက် တဏှာခေါ်တဲ့ လောဘ၊ မောဟခေါ်တဲ့ အဝိဇ္ဇာ၊ ကြောက်စရာကောင်းတဲ့တရားတွေ ဖယ်ထုတ်နိုင်ပြီးတော့ သူ့အဆင့်နဲ့သူ ထိုက်တန်သလောက် မောင်းထုတ်နိုင်ကြပြီ။ တရားဆိုး တရားပျက်တွေကို ပယ်ထုတ်နိုင်ဖို့ဆိုတာ အပြစ်ကင်းပြီးတော့ ကောင်းမွန်တဲ့တရားတွေ, တင့်တယ်တဲ့တရားတွေ မိမိတို့သန္တာန်မှာ ရောက်ရှိမှ ဒီတရားဆိုး တရားပျက်တွေကို ပယ်ထုတ်နိုင်ပါတယ်။ "တဏှာမောဟ ကြောက်အပ်စွ များလှအပြစ်တွေ"ဆိုတဲ့စကား အတိုင်း ဝဋ်ရဲ့အပြစ်ဖြစ်တဲ့အဝိဇ္ဇာ တဏှာ၊ တစ်နည်းအားဖြင့် အဝိဇ္ဇာရဲ့ ကိုယ်စားလှယ် မောဟ၊ တဏှာရဲ့ကိုယ်စားလှယ် လောဘ၊ ဒီတရားတွေ ဟာ အင်မတန်ကြောက်ဖွယ်ကောင်းပြီးတော့ အပြစ် အနာအဆာတွေလဲ အလွန်များပါတယ်။

အဲဒီ အပြစ်အနာအဆာတွေများလှတဲ့ ကြောက်ဖွယ်ကောင်းလှတဲ့ တရားဆိုး တရားပျက်တွေ မိမိတို့သန္တာန်မှ ပျောက်ကင်းပြီး သွားအောင် အပြစ်ကင်းပြီးတော့ တင့်တယ်ခြင်းရှိကြတဲ့ တရား (၂၅)မျိုး ရောက်ရှိဖို့ မိမိတို့ သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ သမထဘာဝနာပွားများခြင်း၊ အားထုတ်ခြင်း၊ ဝိပဿနာ ဘာဝနာပွားများ အားထုတ်ခြင်းနဲ့ ဒီ (၂၅)ပါးသော အပြစ်ကင်းပြီးတော့ တင့်တယ်ခြင်း ရှိကြတဲ့ တရားတွေဟာ မိမိတို့သန္တာန်မှာ ထိုက်တန်သလောက် ရောက်ရှိကြပြီ။ အဲဒီလို ရောက်ရှိတဲ့အတွက် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ တရားဆိုး တရားပျက်တွေ "တဏှာမောဟ ကြောက်အပ်စွ များလှ အပြစ်တွေ" ဆိုတဲ့အတိုင်း ကြောက်စရာကောင်းတဲ့ အဝိဇ္ဇာနဲ့တဏှာ တရားတွေကို ထိုက်တန်သလောက် ဖယ်ရှားနိုင်ကြပြီ။ အဲဒီလို

http://www.dhammadownload.com



ဖယ်ရှားနိုင်ကြတဲ့အတွက် အပြစ်ကင်းပြီး တင့်တယ်ခြင်းရှိကြတဲ့တရား တွေ မိမိတို့သန္တာန်မှာ ရောက်ရှိနိုင်ကြ၊ အဲဒီလို ရောက်ရှိကြတဲ့အတွက် ကြောက်ဖွယ်ကောင်းတဲ့ အပြစ်များတဲ့ တရားတွေ ဖယ်ရှားနိုင်ကြပြီ။ ဒါကြောင့် (၂၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ယောဂီသူတော်စင်များအနေနဲ့ အပြစ်ကင်းပြီးတော့ တင့်တယ်ခြင်း ရှိကြတဲ့ တရား(၂၅)မျိုး စိတ်နဲ့တွဲချိတ်ပြီး အားထုတ်နိုင်သဖြင့် ဝမ်းမြောက်ဖွယ်၊ ကျေနပ်ဖွယ်၊ ဝမ်းသာစရာ ကျေနပ်စရာ ဖြစ်တဲ့အကြောင်း ပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒစကား နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ—ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇာဂရာဘိဝံသ
ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌
ဟောကြားအပ်သော

# (၂၆)ကြိမ်မြောက် လယ်တီဝိပဿနာ

## တပို့တွဲလပြည့်

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် (၃)ရက်။ ယနေ့ အားထုတ်နေတဲ့ တရားစခန်းက (၂၆)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း၊ (၂၆)ကြိမ်မြောက်စခန်းကို တပို့တွဲလပြည့်နေ့က ဖွင့်ခဲ့ကြတယ်။ တပို့တွဲလပြည့်နေ့ဟာ ထူးခြားတဲ့ ရက်တွေထဲမှာ တစ်ရက်အပါအဝင်ဖြစ်ပါတယ်။ ဘုရားဖြစ်ပြီးနောက် (၉)လပြည့်မြောက်တဲ့ တပို့တွဲလပြည့်နေ့မှာ ထူးခြားတဲ့အထိမ်းအမှတ်တွေ ဖြစ်ခဲ့ပါတယ်။ ဂေါတမရှင်တော်မြတ်ဘုရားရဲ့ သာသနာမှာ ထူးခြားတဲ့ ဖြစ်စဉ်တွေ အထိမ်းအမှတ်တွေ ဖြစ်ခဲ့ပါတယ်။ နှစ်ပေါင်း ၂၅၈၈ နှစ်က ဖြစ်ခဲ့တဲ့ဖြစ်စဉ်အထူးတွေပါပဲ။ တစ်နှစ်တာကာလပတ်လုံး မြန်မာနိုင်ငံ ပွဲတော်တွေ ရိုးရာပွဲ, ဘာသာရေးပွဲတွေရှိပါတယ်။

http://www.dhammadownload.com



ရိုးရာပွဲရှိရင် ရှိမယ်။ မရှိရင် ဘာသာသာသနာနဲ့ ပတ်သက်တဲ့ပွဲ ရှိပါတယ်။ တန်ခူးလကစပြီး သင်္ကြန်ပွဲ၊ ကဆုန်လမှာ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ နယုန်လမှာ မဟာသမယနေ့၊ ဝါဆိုလမှာ ဓမ္မစကြာအခါတော်နေ့၊ ဝါခေါင်လမှာ မေတ္တာအခါတော်နေ့၊ တော်သလင်းလမှာ ဂရုဓမ္မ အခါတော်နေ့။ သီတင်းကျွတ်လမှာ အဘိဓမ္မာအခါတော်နေ့ မဟာပဝါရဏာနေ့၊ တန်ဆောင်မုန်းလမှာ သာမညဖလ အခါတော်နေ့, သံဃာတော်များနေ့၊ နတ်တော်လမှာ စာဆိုတော်နေ့၊ ပြာသိုလပြည့်မှာ ရသေ့ညီနောင် ရှင်တစ်ထောင် ကျွတ်တမ်းဝင်တဲ့နေ့။ တပို့တွဲရောက်လာ တော့ ရိုးရာပွဲကတစ်မျိုး၊ "ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"တဲ့။

ပေါက်လဲပွင့်တွေပွင့်၊ ဆူးပန်းတွေပွင့်ပွဲတယ်။ မီးပုံးပျံလွှတ်တဲ့ပွဲနဲ့ ထမနဲပွဲ၊ အဲဒီလို ရိုးရာပွဲနှစ်ခု တပို့တွဲလပြည့်နေ့မှာ ရှိပါတယ်။ပြီးခဲ့တဲ့ တပို့တွဲလပြည့်နေ့ကတော့ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့၊ ကမ္ဗလကုန်းမြေမှာ တည်ထားကိုးကွယ်တဲ့ မဟာရွှေစည်ကြီးစေတီတော် ထီးတော်တင်ပွဲ သွားနေရတော့ တပို့တွဲလပြည့်နေ့ ဟောရမည့်တရား တွေဟာ မပြောမဟောဖြစ်ခဲ့ဘူး။ တပို့တွဲလပြည့်နေ့ဟာ ဘာသာ သာသနာရေးနဲ့ ပတ်သက်ပြီးတော့ ကျင်းပတဲ့ပွဲက ယခုလို တပို့တွဲ လပြည့်နေ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၈ နှစ်က သံဃာတော် (၂၅၀၀)ပါး မပင့်ရပဲနဲ့ စည်းဝေးကြွရောက်လာကြတယ်။ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးက တပို့တွဲလဆန်း(၇)ရက်နေ့ ရဟန္တာဖြစ်ပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တပို့တွဲလပြည့်နေ့မှာ ရဟန္တာ ဖြစ်တော်မူတယ်။ အဲလို အရှင်မြတ်ကြီး(၂)ပါး ရဟန္တာဖြစ်တော်မူ ပြီးတော့ မပင့်ဖိတ်ရပဲနဲ့ ရောက်လာကြတဲ့ ရဟန္တာအရှင်မြတ် (၂၅၀၀)ပါး အစည်းအဝေးမှာ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ မထေရ်မြတ် ကြီးအား ပညာအရာ အဂ္ဂသာဝကဧတဒဂ်ဘွဲ့တံဆိပ်။ အရှင်မောဂ္ဂလာန် အရှင်မြတ်ကြီးအား တန်ခိုးဣဒ္ဓိပါဒ်အရာမှာ အဂ္ဂသာဝကဧတဒဂ် ဘွဲ့တံဆိပ်။ အဲဒီလို ဘွဲ့ထူး ဂုဏ်ထူး ချီးမြှောက်တာဟာ လွန်ခဲ့တဲ့

http://www.dhammadownload.com



နှစ်ပေါင်း ၂၅၈၈ ခုနှစ်က တပို့တွဲလပြည့်နေ့ကပါပဲ။ ပြီးတော့ အဆူဆူ သော ဘုရားရှင်တို့ ဩဝါဒပါတိမောက်ဆိုတဲ့ ဆုံးမစကား ဂါထာတော် (၃)ပုဒ် ဩဝါဒပါတိမောက်ကို သံဃာအလယ်က မြတ်စွာဘုရားက မတ်တတ်ရပ်ပြီးတော့ ဆိုဆုံးမခဲ့တာဟာလဲပဲ တပို့တွဲလပြည့်နေ့။ ယောဂီ သူတော်စင်များ (၂၆)ကြိမ်မြောက် တရားစခန်း စတင်ပြီးတော့ အားထုတ် ရတာ နေ့ထူးနေ့မြတ်အခါကြီး ဒီနေ့မှာ ရိုးရာပွဲအနေနဲ့ မီးပုံးပျံလွှတ်ပွဲ၊ ထမနဲပွဲ၊ ဘာသာသာသနာတော်နဲ့ ဆက်စပ်တဲ့ပွဲမှာ မပင့်မဖိတ်ရဘဲနဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ (၁၂၅၀) ကြွရောက်ပြီးတော့ စုဝေးတော်မူ ကြတယ်။ အင်္ဂါသာဝက(၂)ပါး အရှင်မြတ်ကြီးတို့အား အင်္ဂါသာဝက ဧတဒဂ်ဂုဏ်ထူး ဘွဲ့ထူးကြီးတွေနဲ့ ချီးမြှောက်တော်မူတယ်။ ဩဝါဒ ပါတိမောက် အဆူဆူသော ဘုရားရှင်တို့ ဆိုဆုံးမတဲ့စကားတော်ကိုလဲ ဒီနေ့မှာပဲ မိန့်တော်မူခဲ့ကြတယ်။ ဒီနေရာမှာ သတိပြုရမှာက ဘုရား တစ်ဆူတည်း ဆုံးမတော်မူတဲ့ စကားတော်တွေ သုတ္တန်စကားတော်တွေ များစွာရှိတယ်။

တစ်ဆူ တစ်ဆူသော ဘုရားရှင်တို့ကသာ ဟောတယ်။ အခု ရွတ်လတ္တံ့ဖြစ်တဲ့ တရားတော်ကတော့ အဆူအဆူတော် ဘုရားရှင်တို့ ဟောတဲ့စကားတော်ပါ။ဝိပဿီ မြတ်စွာဘုရားက တရားလည်းများများ မဟောဘူး။ သုတ်, ဝိနည်း, အဘိဓမ္မာ တရားတော်တွေ ယခု ဂေါတမ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ပင်လယ်ရေပြင်ကြီးလို များပြား တယ်။ ဘုန်းကြီးတို့ တစ်သက်လုံးရွတ်၊ တစ်သက်လုံးဖတ်၊ တစ်သက်လုံး ကြည့်သော်လဲပဲ မကုန်နိုင်လောက်အောင် မြတ်စွာဗုဒ္ဓဂေါတမရဲ့ သာသနာတော်မှာ တရားဓမ္မတွေ များပြားစွာ ဟောကြားတော်မူထား ခဲ့တယ်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ သက်တော်ရှည်တော်မူကြတဲ့ ဘုရားရှင် တို့လက်ထက်မှာတော့ သုတ်, ဝိနည်း, အဘိဓမ္မာတရားတော်တွေဟာ နည်းနည်းကလေးပဲ။ သိက္ခာပုဒ်တွေလည်း မများဘူး။ ပညတ်ချက်တွေ လည်း မများဘူး။ သံဃာတော်အရှင်မြတ်များအား (၆)နှစ်မှတစ်ကြိမ်၊

http://www.dhammadownload.com



အရှေ့သမုဒ္ဒရာ, အနောက်သမုဒ္ဒရာ, တောင်သမုဒ္ဒရာ, မြောက်သမုဒ္ဒရာမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းသံဃာတော်များ စည်းဝေးတော့မယ်ဆိုလို့ရှိရင် တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်တော်မူကြတဲ့ အရှင်မြတ်ကြီးများကတော့ မိမိတန်ခိုးနဲ့ တပို့တွဲလပြည့်နေ့မှီအောင် ကြွလာကြတယ်။ တန်ခိုးဣဒ္ဓိပါဒ် မရှိကြသော်လဲပဲ နတ်တို့တန်ခိုးနဲ့ အရှေ့, အနောက်, တောင်, မြောက် သမုဒ္ဒရာ အရပ်ဒေသမှာနေကြတဲ့ သီတင်းသုံးတော်မူကြတဲ့ ဆရာတော် သံဃာတော်တွေဟာ တပို့တွဲလပြည့်အမှီ မြတ်စွာဘုရားထံမှောက် ရောက်ကြတယ်။ ဘုရားဖူးမယ်၊ ဩဝါဒ ခံယူမယ်။ အဲဒီလို စိတ်ကူးနဲ့ ရောက်ကြတော့ (၇)နှစ်မှတစ်ကြိမ်၊ (၆)နှစ်မှတစ်ကြိမ်၊ (၃)နှစ်မှတစ်ကြိမ်။ ကဿပမြတ်စွာဘုရား ပွင့်စဉ်က (၆)လမှတစ်ကြိမ်။ ဒီတရား (၃)ပုဒ်ပဲ။ ဘုန်းကြီးတို့ မြတ်စွာဘုရားကတော့ နှစ်တိုင်း နှစ်တိုင်းပေါ့။ သို့သော် နှစ်တိုင်းနှစ်တိုင်း ဒီဂါထာ (၃)ပုဒ်ကို ဟောတဲ့နေရာမှာ ဝါတော် (၂၀) အထိပဲ ဟောပါတယ်။ ဝါတော်နှစ်ဆယ် တိုင်အောင်ပဲ ဟောပါတယ်။ ဒီဂါထာ (၃)ပုဒ်ကို ချီးမြှောက်ပြီးတော့ ဆိုဆုံးမပြီးတော့ နောက်ပိုင်းမှာ သိက္ခာပုဒ်တွေ အများကြီးပညတ်ပါတယ်။ အာဏာပါတိမောက်ဆိုတဲ့ သိက္ခာပုဒ်တော်တွေ အများကြီး ပညတ်ပါတယ်။ သုတ်, ဝိနည်း, အဘိဓမ္မာတွေဟာလဲ အများကြီး ဟောတော်မူပါတယ်။ ရှေးရှေးဘုရားများနဲ့ မတူပါဘူး။ ဝိပဿီ, သိခီ, ဝေဿဘူ ဘုရား(၃)ဆူကတော့ ခပ်နည်းနည်းပဲ တရားဟောခဲ့တယ်။ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဒီဘုရားရှင်တို့ကတော့ များများစားစား ဟောတော်မူကြပါတယ်။ များများဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ ဒီဂါထာသုံးပုဒ်ကတော့ ဘုရားတိုင်း, ဘုရားတိုင်း ဟောတော်မူလေ့ရှိတယ်။ ဘယ်လိုဟောသလဲ ဆိုတော့-

- **ခန္တီပရမံ တပေါတိ တိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏော ဟောတိပရံ ဝိဟေဌယန္တော**

http://www.dhammadownload.com



- **သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူ ပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**
- **အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။**
**မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာ သနံ။**
**အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

တပို့တွဲလပြည့်နေ့က (၆ း ၄၅)နာရီ လေယာဉ်ထွက်တာဆိုတော့ တပို့တွဲလပြည့်နေ့ ရှေးရှေးဘုရားရှင်အဆူဆူတို့နှင့်တကွ ဂေါတမ ရှင်တော်ဘုရားပါ ဆိုဆုံးမတော်မူတဲ့ ဂါထာတော် (၃)ပုဒ်ကို တောက် လျှောက်အကြိမ်ပေါင်းရာနဲ့ချီပြီး ရွတ်ဖတ်ပူဇော်ပြီးတော့ လိုက်ပါသွားပါ တယ်။ သူနေ့နဲ့သူ ဓမ္မစကြာအခါတော်နေ့ ရောက်ပြန်တော့လဲ ဓမ္မစကြာ ဒေသနာတော်ကို တစ်နေ့လုံးရွတ်ဖတ် ပူဇော်ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ရောက်ပြန်တော့ ဗျာဒိတ်တော်ပန်ဆင်စဉ်က ကျူးရင့်ခဲ့တဲ့စကားတော်။ ဘုရားအဖြစ်ရောက်တဲ့အခါ ကျူးရင့်ခဲ့တဲ့စကားတော်။ ပရိနိဗ္ဗာန်စံတော် မူတဲ့အခါ မိန့်ကြားတော်မူတဲ့စကားတော်၊ တစ်နေကုန် အာရုံပြုပြီးတော့ ရွတ်ဖတ် ပူဇော်မြဲဖြစ်သည့်အတိုင်း။ ယခုနှစ်ပေါင်း ၂၅၈၈ ကြိမ်မြောက် တပို့တွဲလပြည့်နေ့မှာဘဲ ဒီဂါထာ (၃)ဂါထာကို အားလည်းအား အချိန် လဲရ ခရီးသွားရင်းဆိုတော့ ဗာဟီယကိစ္စလည်းနည်းတယ်။ မင်္ဂလာဒုံက တံတားဦးလေဆိပ်ရောက် ကန့်ဘလူထိအောင်လည်း ရွတ်ဖတ်သွား။ ဟိုရောက်တော့လည်း ဘုရားကန်တော့ပြီးတော့ အချိန်ရရင် ရသလို ရွတ်ဖတ်ပူဇော်ခွင့် ရတယ်။ ဒီဂါထာ (၃)ဂါထာကို တပို့တွဲလပြည့်နေ့က စပြီး ဟောဖို့ပါပဲ။ ပထမဆုံးအပိုဒ်လေးတစ်ခုပဲ ရှင်းကြ လင်းကြ ပြောကြ ဆိုကြစို့။ မရှင်းလင်းမီ ဒီ(၃)ဂါထာမှာ မြတ်စွာဘုရား အဆုံးအမ တော်ဖြစ်လို့ သာသနာတော်ရဲ့ ပန်းတိုင်ဖြစ်တဲ့ စကားလည်းပါပါတယ်။

အဲဒီ ပန်းတိုင်ကို ဘယ်လိုသွားမလဲဆိုတဲ့ ကျင့်စဉ်တွေ, လုပ်ငန်း စဉ်တွေလည်း ပါပါတယ်။ ဒီ (၃)ဂါထာထဲမှာ အဲဒီ ကျင့်စဉ်တွေ ကျင့်နိုင်ဖို့ အတွက် အခြေခံတွေလည်းပါတယ်။ အခု ပထမအပိုဒ်ကတော့ သီလ,

http://www.dhammadownload.com



သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား။ အဲဒီ ကျင့်စဉ်တရားတွေကြောင့် ရရှိအပ်တဲ့မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်။ အဲဒီတရားအားလုံးရဲ့ အခြေခံစကားတော်ကို ပထမဆုံးမြတ်စွာဘုရားက **"ခန္တီ ပရမံ တပေါ တိတိက္ခာ"**။

တိတိက္ခာ= တိသိက္ခာဟု ဆိုအပ်သော၊ ခန္တီ= သည်းခံခြင်းသည်၊ ပရမံ= မြတ်သော၊ တပေါ= အကျင့်ထူး, အကျင့်မြတ်ကြီး ဖြစ်ပါပေသတည်း။ ဘုန်းကြီးတို့ မြန်မာစကားမှာ "သည်းညည်းခံ နိဗ္ဗာန်ရောက်" ဆိုတဲ့စကားရှိတယ်။ သည်းခံခြင်းဟာ မြတ်သောအကျင့်ပဲတဲ့။ သည်းခံတော့ အဲဒီသည်းခံတဲ့နေရာမှာ ဘယ်လိုသည်းခံခြင်းမျိုးလဲ။ အဓိဝါသနခန္တီ= ဖြစ်သမျှဂုဏ်အပြစ်တွေ မိမိရဲ့သန္တာန် မိမိရဲ့စိတ်ထဲမှာ အသာတကြည်လေးနေအောင်ပြုတာကိုပဲ သည်းခံတယ်လို့ ဆိုရမှာ။ ရှင်းအောင်ပြောမယ် ဆိုရင်တော့ **"ခမော ဟောတိ သီတဿ ဥဏှဿ"**။ သီတဿ= အအေးဒဏ်ကိုလည်းကောင်း၊ ဥဏှဿ= အပူဒဏ်ကိုလည်းကောင်း၊ ခမော= သည်းခံခြင်းသည်၊ ဟောတိ= ဖြစ်၏။ အအေးအပူကို ခံနိုင်ရည်ရှိရင် အဲဒါ အဓိဝါသနခန္တီပဲ။ ဇိဃစ္ဆာယ= ဆာလောင်မွတ်သိပ်မှုကို သည်းခံနိုင်ရမယ်။ ပိပါသာယ= မွတ်သိပ်မှုကို သည်းခံနိုင်ရမယ်။

**ခမော ဟောတိ သီတဿ ဥဏှဿ ဇိဃစ္ဆာယ ပိပါသာယ ဒုရုတ္တာနံ ဒုရာဂတနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ။**

ခရာနံ= ကြမ်းတမ်းကုန်သော၊ ကဋုကာနံ= ခါးစပ်ကုန်သော၊ အမနာပါနံ= စိတ်နှလုံးကို မပွားစေနိုင်ကုန်သော၊ ဒုရုတ္တာနံ= မကောင်းသဖြင့်ဆိုအပ်ကုန်သော၊ ဒုရာဂတ နာနံ= မကောင်းသဖြင့် ပြောအပ်ကုန်သော၊ အသာတာနံ= သာယာဖွယ်မဟုတ်ကုန်သော၊ ဝစနာနံ= စကားတို့ကို၊ ခမော= သည်းခံနိုင်သည်၊ ဟောတိ= ဖြစ်၏။ အဓိဝါသနခန္တီဆိုတာ ဥတုရာသီကိုလည်း သည်းခံနိုင်ရမယ်။ ဆာလောင်မွတ်သိပ်မှုလည်း

http://www.dhammadownload.com



သည်းခံနိုင်ရမယ်။ ကြမ်းတမ်းတဲ့စကားတွေ, ခါးစပ်တဲ့စကားတွေ, စိတ်နှလုံးကို မပွားစေ နိုင်တဲ့စကား, မသာယာတဲ့စကားတွေ, နားထဲမှာ တံကျင်နဲ့ထိုးသကဲ့သို့ စိတ်ထဲမှာ သဘောမကျတဲ့စကားတွေ အဲဒါတွေကို သည်းခံနိုင်ရမယ်။ ဆိုလိုတာကတော့ လောကဓံတွေ သည်းခံနိုင်ရမယ်။ အဲဒီလို လောကဓံ များကို သည်းခံနိုင်ခြင်းသည် နိဗ္ဗာန်ရဖို့ရာအတွက် အကျင့်ကြီးတစ်ခုပဲ။ ဒါကြောင့် "သည်းညည်းခံ နိဗ္ဗာန်ရောက်"။ ဦး-ကောင်းဆိုးနှစ်တန် လောကဓံ ခံနိုင်သူမှ လူတော်ကွဟု ရှေးပညာရှင်များ မိန့်တော်မူကြတယ်။ ယောဂီသူတော်စင်များ (၂၆)ကြိမ်မြောက် တရားစခန်း ဝင်တယ်။ ဥပုသ်စောင့်ထားတာဆိုတော့ ဆာချင်ဆာမယ်။ မွတ်သိပ်ချင် မွတ်သိပ်မယ်။ ညောင်းမယ်။ စကားမပြောရတော့ သူတစ်ပါးတွေရဲ့ မိမိသဘောမကျတဲ့ စကားပြောသံ, ဆိုသံကတော့ ငြိမ်းသွားတယ်။ ဥတုရာသီ ပူချင်ပူတယ်။ အေးချင်အေးမယ်။ ထိုင်လိုက်လို့ မိမိခန္ဓာကိုယ်မှာ ပူချင်ပူလာမယ်။ အဲဒါတွေကို သည်းခံနိုင်တာကို အဓိဝါသနခန္တီလို့ ခေါ်တယ်။ အဲဒီ အဓိဝါသနခန္တီရှိတာကို မြတ်သော အကျင့်။ ဒါကြောင့်-

**သီလ သမာဓိ ပညာနံ၊**

**ခန္တိ ပဓာန ကာရဏံ။**

သီလ သမာဓိ ပညာနံ= သီလ သမာဓိ ပညာတို့၏၊ ခန္တီ= အရာရာကို သည်းခံခြင်းဟု ဆိုအပ်သော ခန္တီတရားသည်၊ ပဓာန ကာရဏံ= အရေးအကြီးဆုံး အကြောင်းအရာပါပေတည်း။ သီလ, သမာဓိ, ပညာ ရဖို့ရန်နဲ့ ပတ်သက်ပြီး အရေးအကြီးဆုံး အကြောင်းအရာ။ ဥပမာ- သီလစောင့်ထားတယ်။ ဆာလောင်မွတ်သိပ်မှုကို သည်းမခံနိုင်ရင် ထမင်းစားလိုက်ရင် ဥပုသ်ကျိုးပျက်သွားမှာပေါ့။ သီလပျက်သွားမယ်။ မိမိတို့ သမာဓိရအောင် အားထုတ်နေတယ်။ အခုတော့ ခြင်ထောင်နဲ့ ဆိုတော့ အရေးမကြီးဘူး။ ခြင်လေးတစ်ကောင်လာကိုက်လို့ သည်းမခံနိုင်ဘူးဆိုရင် မိမိအားထုတ်နေတဲ့ သမာဓိပျက်သွားမှာ။ အဲဒီတော့ သီလ,

http://www.dhammadownload.com



သမာဓိ, ပညာရခြင်းရဲ့အကြောင်းဟာ အခြေခံအရင်းမူလပဘဝ အကြောင်းက အမိဝါသနခန္တီပဲ။

**သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဎရေ။**

သဗ္ဗေပိ= အလုံးစုံလဲဖြစ်ကုန်သော၊ ကုသလာဓမ္မာ= ကုသိုလ်တရားတို့သည်၊ ခန္တျာယတ္တာဝ= သည်းခံခြင်းခန္တီနှင့် စပ်ကုန်မှသာလျှင်၊ ဝဍ္ဎရေ= တိုးတက်ကြကုန်၏။ ကုသိုလ်အားလုံး ခန္တီတရားနဲ့ ဆက်စပ်မှသာ တိုးတက်ပါတယ်။ ဘုရားလက်ထက်က ဒကာကြီးတစ်ယောက် တရားနာနေတော့ သူ့ကိုဘေးနားကနေ တစ်ယောက်က ဆဲနေတာကိုး။ လူတစ်ယောက်က ဆဲနေတော့ ဘုရားရှင်က-

**နပရေသံ ဝိလော မာနိ၊ န ပရေသံ ကတာကတံ၊**

**အတ္တနောဝ အဝေက္ခေယျ၊ ကတာနိစ အကတာနိစ။**

သူတစ်ပါးတို့ မလျှော်တာတွေ ပြောတာတွေ မစဉ်းစားနဲ့။ ကိုယ်ပြုရမယ့်လုပ်ငန်း, မပြုသင့်တဲ့လုပ်ငန်း ဒါကိုသာကြည့်ရမယ်လို့ ဘုရားရှင်က ဆိုဆုံးမသည့်အတိုင်း မိမိတို့တရားအားထုတ်ကြတဲ့ အခါမှာပဲဖြစ်ဖြစ်၊ အခြားအခြာကုသိုလ်ပြုကြတဲ့ အခါပဲဖြစ်ဖြစ် အမိဝါသခန္တီခေါ်တဲ့ ကောင်းဆိုး (၂)တန်ကို သည်းခံနိုင်တဲ့ မိမိရဲ့ စိတ်ထဲမှာ အသာတကြည်ထားနိုင်တဲ့ ခန္တီဟာ ကုသိုလ်အားလုံးတို့ရဲ့ ပဓာနအရင်းခံဖြစ်ပါတယ်။ အဲဒီလို အရင်းခံဖြစ်တဲ့ အမိဝါသနခန္တီနဲ့ စပ်မှသာလျှင် မိမိတို့ရဲ့ သီလ, သမာဓိ, ပညာ များလဲပဲ တိုးတက်စည်ပင်နိုင်ပါတယ်။ ယခု ယောဂီသူတော်စင်များ အားထုတ်နေကြတဲ့ ထွက်လေဝင်လေကို ရှုမှတ်ခြင်းဆိုတဲ့ ဒီအာနာပါနသတိရအောင် အားထုတ်ကြတဲ့ အခါမှာ ဒီအမိဝါသနခန္တီဟာ တော်တော်ကိုအရေးပါပါတယ်။ ဒါကြောင့် မြတ်စွာဘုရား တစ်ဆူသာမက အဆူဆူသော ဘုရားရှင်တို့ ဆိုဆုံးမတော်မူခဲ့တဲ့ စကားတော်တွေထဲမှာ ပထမဆုံးအပိုဒ်ကလေး။ ဒီအပိုဒ်ကလေးဟာ အင်မတန်အရေးပါပါတယ်။ ဒါကြောင့် "ခန္တီပရမံ တပေါတိတိက္ခာ"။ တိတိက္ခာ= တိတိက္ခာဟု ဆိုအပ်သော၊ ခန္တီ= ကောင်းဆိုးနှစ်တန်

http://www.dhammadownload.com



ဂုဏ်အပြစ်တို့ကို သည်းခံနိုင်သော အဓိဝါသနခန္တိသည်။ ပရမံ= မွန်မြတ်သော၊ တပေါ= အကျင့်ကြီးဖြစ်ပါသတည်းလို့။

ဆိုဆုံးမတော်မူတဲ့စကားတော်ကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ရဲ့ အောင်မြင်ခြင်း အကြောင်းဖြစ်တဲ့ အဓိဝါသနခန္တီ၊ ဆာလောင်မွတ်သိပ်မှု ချိုးဖဲ့နှိပ်စက် ကဲ့ရဲ့ပြစ်တင် ဆိုချင်ရာဆို စကားအမျိုးမျိုး, ကြမ်းတမ်းတဲ့စကားအမျိုးမျိုး တို့ကို ခံနိုင်ရည်ရှိရှိ၊ အဓိဝါသနခန္တီကို လက်သုံးပြုပြီးတော့ (၂၆)ကြိမ် မြောက် တစ်နည်းအားဖြင့် (၂၅၈၈)ကြိမ်မြောက် သြဝါဒပါတိမောက် အခါတော်နေ့က ဖွင့်လှစ်ခဲ့တဲ့ (၂၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ၂၅၈၈ နှစ်က ဆိုဆုံးမတော်မူတဲ့ ဒေသနာတော် ကို ဦးထိပ်ရွက်ပန်ဆင်ပြီး မိမိတို့အလိုရှိအပ်တဲ့ သီလမှ တစ်ဆင့် သမာဓိ၊ သမာဓိမှတစ်ဆင့် ပညာ၊ သိက္ခာ (၃)ပါး တရားတို့ကို ကိုယ်စီကိုယ်ငှ ရရှိအောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် (၄)ရက်နေ့။ တပို့တွဲလပြည့်နေ့က ဩဝါဒ ပါတိမောက် အခါတော်နေ့ဆိုတော့ ဒီဒေသနာတော် သုံးပုဒ်ကိုပဲ ဦးတည်ပြီးတော့ (၂၆)ကြိမ်မြောက် တရားစခန်းမှာ ဟောကြ ပြောကြ ရမှာပါပဲ။ ဒါကြောင့် ပဌမဂါထာမှာ-

**ခန္တီ ပရမံ တပေါတိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**
**နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏော ဟောတိ**
**ပရဝိဟေဌ ယန္တော။**

တိတိက္ခာခေါ်တဲ့ အရာရာကို သည်းခံနိုင်မှုသည် မြတ်သော အကျင့်၊ နိဗ္ဗာနဓာတ် အငြိမ်းဓာတ်ကြီးကို အမြတ်ဆုံးလို့ ဘုရားရှင်တိုင်း, ဘုရားရှင်တိုင်း ဟောကြားတော်မူကြတယ်။ နဟိ ပဗ္ဗဇိတော ပရူပဃာတီ= သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်တတ်သောသူသည် ကိလေသာကို ငြိမ်းစေတတ်သော သူတော်စင်မဟုတ်။ ရဟန်းမဟုတ်။

**နသမဏော ဟောတိ၊ ပရံဝိဟေဌ ယန္တော။**

သူတစ်ပါးကို ညှင်းဆဲနှိပ်စက်တတ်သော သူသည် ကိလေသာကို ငြိမ်းစေတတ်သော သူတော်စင်မဟုတ်။ ဒီစကား (၄)ပိုဒ်ကို ဟောတော်မူတယ်။ အဲဒါကြောင့် ပဌမတစ်ပိုဒ်က တိတိက္ခာခေါ်တဲ့ သည်းခံခြင်းသည် အရာရာကို သည်းခံနိုင်တဲ့အင်အား၊ သည်းခံခြင်းဟာ မြတ်သောအကျင့်။ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကြီးကိုလဲပဲ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းက အမြတ်ဆုံးဖြစ်တယ်လို့ ဟောတော်မူတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ **"နိဗ္ဗာနမဂ္ဂဒီပနီကျမ်း"**ဆိုပြီးတော့ တစ်ခါထဲ နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ သိဖွယ် မှတ်ဖွယ်တွေ အပြည့်အစုံရေးသားပြီးတော့ ထားခဲ့တယ်။ ရဟန်းငယ် ရှင်ငယ် ကလေးသူငယ် လူမမယ်တွေကစပြီးတော့ သိနိုင်ဖို့ရာနဲ့ ပတ်သက်ပြီးတော့ ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ကို ဘယ်လိုဖွင့်ဆိုသလဲ။

31(B)

http://www.dhammadownload.com



- ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်။ ဒုက္ခတွေငြိမ်းပြီးတော့ ဇာတ်သိမ်းသွားတာကကို နိဗ္ဗာန်။
- ဘေးပေါင်းတယံ မဆက်ဆံ နိဗ္ဗာန်မြတ်ချမ်းသာ။ (၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၁၆)ပါးသော ဥပဒ္ဒဝေါ၊ အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုး, အပါယ်ဘေးဆိုး အဆိုးဟူသမျှ ဘေးဟူသမျှ ဘယ်ဘေးနဲ့မှ မဆက်ဆံတာကို နိဗ္ဗာန်။
- တောင့်တပူပန် ကင်းဆိပ်ညံ နိဗ္ဗာန်မြတ်ချမ်းသာ။ တောင့်တခြင်း, ပူပန်ခြင်း မရှိတာကို နိဗ္ဗာန်၊ တောင့်တခြင်း, ပူပန်ခြင်း ဘာမှမရှိတာ နိဗ္ဗာန်။

အဲဒီ နိဗ္ဗာန်ကို ဘုရားရှင်တိုင်း, ဘုရားရှင်တိုင်း အမြတ်ဆုံးလို့ ဟောတော်မူကြတယ်။ **"န သမဏော ဟောတိ ပရူပဃာတီ"** = သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲတတ်သော ပုဂ္ဂိုလ်သည် ကိလေသာကို ငြိမ်းစေတတ်သော သူတော်စင်မဟုတ်။ သူတစ်ပါးကို သတ်ဖြတ်တယ်ဆိုတော့ မနေ့ညက ဟောသလိုဘဲ။ သည်းခံခြင်း အဓိဝါသနခန္တီက ကုသိုလ်အားလုံးတို့ရဲ့ အရင်းခံ။ ကုသိုလ်အားလုံးတို့ရဲ့ အရင်းခံဖြစ်တဲ့ အဓိဝါသနခန္တီ ကင်းသွားပြီဆိုမှတော့ သူတစ်ပါးကို သတ်ဖြတ်မှု ဖြစ်နိုင်တယ်။ အဓိဝါသနခန္တီရဲ့ တန်ဖိုးဟာ အင်မတန်အရေးကြီးပါတယ်။

ဘုရားအလောင်းတော်ကြီးက "ခြပုန်း ပိုးရွ စသည်မကြွင်း၊ သတ်ဖြတ်ခြင်းကို အလျှဉ်းမပြု ဤကောင်းမှုကြောင့် ဖနောင့်လက်ချောင်း ခြေချောင်းသွယ်ရှိ ရှည်၊ ဖြောင့်သည်ကိုယ်မှာ လက္ခဏာဖြင့် မေတ္တာမပွား တစ်ဖက်သားကို ဒုတ်ဓားဆောင်ယူ သတ်လိုမှုလည်း ဘယ်သူမစွမ်း ဘေးဘျမ်းမရှိ ပကတိအသက်ရှည်တော်မူပါသော မြတ်စွာဘုရား"။ ဒါဟာ အလောင်းတော်ကြီးရဲ့ကျင့်ထုံးပဲ။ ရှေးရှေးဘဝများစွာ သံသရာတုန်းက ခြပုန်းပိုးရွလေးကစပြီး သတ်ဖြတ်ခြင်း မပြုခဲ့တဲ့အတွက် ပါဏာတိပါတသိက္ခာပုဒ်ကို လုံခြုံတဲ့အတွက် ဘုရား

32(A)

http://www.dhammadownload.com



အလောင်းတော်လေးရဲ့ သန္တာန်မှာ ဖနောင့်ရှည်တယ်။ လက်တော်ခြေချောင်းတော်လေးတွေ သွယ်သွယ်ရှည်ရှည်လေးနဲ့ ခန္ဓာကိုယ်ကလဲ ဖြောင့်တယ်။ ဒီလက္ခဏာသုံးရပ် ဘုရားအလောင်းတော်သန္တာန်မှာ ပေါ်ပေါက်ခဲ့တယ်။ အဲဒီ လက္ခဏာကို ကြည့်ပြီးတော့ ဒီပုဂ္ဂိုလ်ဟာ ဘုရားဖြစ်လိမ့်မယ်။ ဒီပုဂ္ဂိုလ် စကြာမင်းလောင်းလျာပဲလို့ လက္ခဏာဖတ်ကြတယ်။ အဲဒီ လက္ခဏာသုံးရပ် ရရှိတဲ့အတွက်ကြောင့်မို့ "မေတ္တာမပွား တစ်ဖက်သားကို ဒုတ်ခားဆောင်ယူ သတ်လိုမှုလဲ ဘယ်သူ မစွမ်းဘေးဘျမ်းမရှိ ပကတိအသက်ရှည်တော်မူပါသော မြတ်စွာဘုရား"။ မြတ်စွာဘုရားကို သတ်ဖို့ဖြတ်ဖို့ သတ်လိုတဲ့ လူတွေကတော့ ရှိတာပဲ။ သတ်ဖို့ ဖြတ်ဖို့ ကြိုးစားတဲ့သူတွေလဲ ရှိတာပဲ။ ပထမမာရ်နတ်သားကလဲ သတ်ဖို့ ဖြတ်ဖို့ ကြိုးစားတာပဲ။ ဒေဝဒတ်ကြီးကဆိုရင် အဇာတသတ်နဲ့ ပေါင်းပြီးတော့ ဂိဇ္ဈကုဋ်တောင်ခြေမှာ မြတ်စွာဘုရား တောင်အရိပ်ကလေးမှာ သမာပတ်ဝင်စားနေတော့ တောင်ပေါ်က ကျောက်တုံးကြီး လှိမ့်ချ သတ်တော့သတ်တာပဲ။ သာမန်ပုဂ္ဂိုလ်များဆိုရင် ကြွေမွသွားမှာပေါ့။ သေကျေပျက်စီးသွားနိုင်ပါတယ်။ မာရ်နတ်မင်းကလဲ ဒီလိုပဲ လေမိုးကျောက်သဲ ညွန်မီးခဲနဲ့ ပြာမွဲမိုက်မှောင် ပြောင်တလက်လက် ရောင်ပြိုးပြက်ဟု ကိုးချက်သော လက်နက်အန္တရာယ်တွေနဲ့ မာရ်နတ်မင်းကြီးကလဲ အကြီးအကျယ်ပဲ အနှောင့်အယှက် အဆီးအတားလုပ်ခဲ့တယ်။ ဘုရားပရိနိဗ္ဗာန်မစံဘူး။

ဒါကြောင့် ဘုရားရှင်တို့နဲ့ ပတ်သက်လို့ အန္တရာယ်မပြုနိုင်တဲ့ အချက်ကြီးလေးချက်။ သစ္စာပြုလောက်အောင် မှန်ကန်တယ်။ ဘုရားရှင်တို့ရဲ့ အသက်တော်ကို ဘယ်သူမှမသတ်နိုင်ဘူး။ နာဠာဂီရိဆင်ကြီးနဲ့ တိုက်တဲ့အခါ သေပြီ။ ရဟန်းဂေါတမတော့ ပရိနိဗ္ဗာန်စံတော်မူပြီဆိုပြီးတော့ ရာဇဂြိုလ်မြို့ထဲမှာ ရှိကြတဲ့လူတွေဟာ အိမ်ခေါင်မိုးပေါ်မှာ တက်နေကြတယ်။ နာဠာဂီရိဆင်ကြီးက လိုက်နင်းပြီးတော့ သေတော့မယ်။ ပရိနိဗ္ဗာန် စံတော့မယ်လို့ ထင်ကြေးပေးနေတဲ့အချိန် ဘုရားရှင်က

http://www.dhammadownload.com



နာဠာဂီရိဆင်ကို လက်နက်မပါ၊ ချွန်းမပါပဲနဲ့၊ ဒုတ်မပါ၊ ဓားမပါပဲနဲ့ နာဠာဂီရိဆင်ကြီးကို ဆုံးမနိုင်ခဲ့တယ်။ အဲဒီကျတော့မှ အိမ်ခေါင်မိုးတွေ ပေါ်ကနေပြီးတော့-

**ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိစ။**

**အဒဏ္ဍေန အသတ္ထေန၊ နာဂေါ ဒန္တော မဟေသိနာ။**

လောကကြီးထဲမှာ အချို့ပုဂ္ဂိုလ်တွေက ဒုတ်နဲ့၊ အချို့ပုဂ္ဂိုလ်တွေက ဓားနဲ့ကြိမ်နဲ့ ဆုံးမကြတယ်။

**အဒဏ္ဍေန အသတ္ထေန၊ နာဂေါ ဒန္တော မဟေသိနာ။**

ဒုတ်လဲမပါဘူး။ ဓားလဲမပါဘူး။ ဘုရားရှင်က နာဠာဂီရိဆင်ကြီးကို အောင်မြင်တယ်။ စောစောကပြောတဲ့ မာရ်နတ်မင်းကို အောင်မြင်ပြန်တော့လဲ လေမိုးကျောက်သဲ ညွန်မီးခဲနှင့် ပြာမွဲမိုက်မှောင် ပြောင်တလက်လက် ရောင်ပြိုးပြက်သည့် ကိုးချက်သော လက်နက်အန္တရာယ်တွေနဲ့ ပစ်သော်လဲပဲ ဘုရားရှင်ခြေတော်ရင်းမှာ ပန်းပေါက်ပေါက်အသွင်နဲ့ ထက်မြက်တဲ့ လက်နက်တွေလဲတုံးလို့ အစွမ်းမထက်တော့ဘူး။ လက်နက်တွေဟာ ပန်းပေါက်ပေါက်အသွင်နဲ့ဘုရား ခြေတော်ရင်းမှာ ညွတ်လို့ ရှိခိုးနေသလိုပဲ။

**မာရာတိဗလ ဝိဿဋ္ဌာ၊ ကုဏ္ဍာနာနာဝိဓာ ယုဓာ၊**

**လဋ္ဌမာနညဝေသေန၊ ဇိနပါဒေ နတာတဝ။**

ဘန္တေ= ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ မာရာတိဗဗလ ဝိဿဋ္ဌာ= မာရ်နတ်မိစ္ဆာ အယုတ်တမာက ကျိန်းကာဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော၊ နာနာဝိဓာ= အထူးထူး အပြားပြား များလှစွာကုန်သော၊ အာယုဓာ= လေမိုးကျောက်သဲ ညွန်မီးခဲ နှင့် ပြာမွဲမိုက်မှောင် ပြောင်တလက်လက် ရောင်ပြိုးပြက်ဟု ကိုးချက်သော လက်နက်အန္တရာယ်တို့သည်၊ ကုဏ္ဍာ= အစွမ်းမထက် တုန်းကြကုန်သည် ဖြစ်၍၊ လဋ္ဌမာနာ= ရှက်နိုးကြကုန်သည်ဖြစ်၍ ရှက်နိုးကြလေသယောင် ယောင်၊ အညဝေသေန= ဒုတ်ဓားလက်နက် အသွင်ကိုဖျောက် ပန်းပေါက်

http://www.dhammadownload.com



ပေါက်အသွင်ဖြင့်၊ တဝ= ရှင်တော်မြတ်ဘုရား၏၊ ဇိနပါဒေ= မြတ်စွာဘုရား ခြေတော်ရင်း၌၊ နတာ= ကိုင်းညွတ်ကြလေကုန်ပြီ။

လေမိုးကျောက်သဲ ညွှန်မိုးခဲနှင့် ပြာမွဲမိုက်မှောင် ပြောင်တလက်လက် ရောင်ပြိုးပြက်ဟု ကိုးချက်သော လက်နက်အန္တရာယ်တွေ မာရ်နတ်မင်းကြီးက ပစ်လိုက်ပေမယ့်လို့ မြတ်စွာဘုရားရဲ့ ထံတော်ပါး ရောက်တော့ ရှက်သယောင်ယောင်ပြုပြီးတော့ လက်နက်တွေက ပန်းပေါက်ပေါက်အသွင်နဲ့ မြတ်စွာဘုရား ခြေတော်ရင်းမှာ ညွတ်ကိုင်းပြီး ဦးချနေသလိုပဲတဲ့။ ဒါကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓါဘိသေက မင်္ဂလာသဘင်ပွဲ ဆင်နွဲကြတဲ့အခါမှာ ဟောဒီ ပန်းပေါက်ပေါက်ကလေးတွေ ဘုရားထံ နားမှာ ကြဲကြရတယ်။ အဲဒီ ပန်းပေါက်ပေါက်တွေဟာ မာရ်နတ်မင်းရဲ့ လက်နက်တွေပဲတဲ့။ ဤမှန်ကန်သောသစ္စာစကားကြောင့် ယောဂီသူတော်စင်အပေါင်းတို့ အောင်မြင်ချမ်းသာကြပါစေ။

ဘုရားရှင်တော်၏ အသက်ကို နတ်လူပြဟ္မာသတ္တဝါတို့ ဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါကမှ သတ်ဖြတ် ခြင်းငှါမစွမ်းနိုင်။ ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်ကြီးကို ဘယ်လူ ဘယ်နတ် ဘယ်သူကမှ ပျက်စီးအောင် မစွမ်းနိုင်။ ဘုရားရှင် တို့အတွက် ဆောင်ယူအပ်တဲ့ ဆွမ်းသက်န်း ကျောင်းဆေးတို့ကိုလဲ ဘယ်သူကမှ နှောင့်ယှက်တားဆီးခြင်းငှါ မစွမ်းနိုင်။ ဘုရားရှင်တို့ရဲ့ ယောက်ျားမြတ်လက္ခဏာတော် (၃၂)ပါး၊ တစ်လံမျှ လောက်သော ရောင်ခြည်တော် လက္ခဏာတော်ငယ် (၈၀)တို့ကို မည်သူကမှ ပျက်စီးအောင် မစွမ်းနိုင်ဘူး။ ဤမှန်ကန်သော သစ္စာစကားကြောင့် အားလုံးသော ယောဂီအပေါင်းတို့အား ချမ်းသာသုခ ရရှိကြပါစေသတည်း။

အဲဒီတော့ မြတ်စွာဘုရားရဲ့ လက္ခဏာတော်ကိုက သတ်လို့ မရတဲ့လက္ခဏာ။ အဲဒီတော့ နာဠာဂီရိဆင်ကြီးနဲ့ အရက်တွေတိုက်ပြီး သတ်ပြန်လဲ သတ်လို့မရဘူး။ နောက် ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ပေါ်က ဘုန်းကြီးတို့ ဂိဇ္ဈကုဋ်တောင်ရောက်စဉ်က သေသေချာချာ အဲဒီနေရာမှာ

http://www.dhammadownload.com



ဦးချရှိခိုးပြီးတော့ အာရုံယူဘူးပါတယ်။ နာဋာဂီရိဆင်ကြီးနဲ့ လိုက်တဲ့နေရာကိုလဲ မှန်းပြီးတော့ အာရုံယူကြည်ညိုခဲ့ဘူးပါတယ်။ မေတ္တာမပွား တစ်ဖက်သားကို ဒုတ်ခားဆောင်ယူ သတ်လိုမူလဲ ဘယ်သူမစွမ်း ဘေးဘျမ်းမရှိ ပကတိအသက်ရှည်တော် မူပါပေသော မြတ်စွာဘုရား။ မြတ်စွာဘုရားဟာ သက်တော် (၁၀၀)တန်းမှာ ပွင့်တယ်။ အဲဒီ အသက်တော်ကို (၅)ပုံပုံ၊ (၄)ပုံ အသက်ရှည်ရိုးထုံးစံ ရှိပါတယ်။ တစ်သောင်းတန်းမှာ ပွင့်တဲ့ ဘုရားရှင်များက အနှစ်ရှစ်ထောင် သီတင်းသုံးပါတယ်။ တစ်သိန်းတန်းမှာ ပွင့်တဲ့ ဘုရားများကျတော့ ရှစ်သောင်း သီတင်းသုံးတော်မူပါတယ်။ မြတ်စွာဘုရားတို့မည်သည် တစ်ရာတန်း၏ အထက်၊ တစ်သိန်းတန်း၏အောက် အဲဒီအချိန်ကာလလေးမှာ ဘုရားရှင်တို့ ပွင့်ကြရိုးထုံးစံ ရှိပါတယ်။ တစ်သိန်းရဲ့အထက်မှာ ဘုရားပွင့်ရင် လူတွေက အိုတာ, နာတာ, သေတာက သိပ်ပြီးတော့မရှိဘူး။ အဲဒီအခါ မြတ်စွာဘုရား တရားဟောရတာခက်တယ်။ အဲဒါကြောင့် တစ်သိန်းတန်း အထက်မှာလဲ ဘုရားမပွင့်ဘူး။ တစ်ရာတန်းအောက်မှာလဲ မပွင့်ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ရာတန်းအောက်ကျတော့ ဆိုဆုံးမတဲ့ စကားတော်တွေ မတည်ဘူး။ ဒုတ်ကလေးနဲ့ ရေထဲခြစ်လိုက်သလိုပဲတဲ့ ဆိုဆုံးမဩဝါဒ စကားတွေဟာ ခဏလေးပျောက်သွားတယ်။ မနာယူကြ၊ နားမထောင်ဘူးတဲ့။ ဒါကြောင့် ဘုန်းကြီးတို့ မြတ်စွာဘုရား တစ်ရာတန်းမှာ ပွင့်တာ။ တစ်ရာတန်းအောက်မှာ မပွင့်ပါဘူး။ တစ်ရာတန်းမှာလဲပဲ သက်တော် (၈၀)ပဲ သီတင်းသုံးတော်မူတာ။ ဒါကတော့ ဘုရားရှင်တို့ရဲ့ ထုံးစံပါပဲ။

"မေတ္တာမပွား တစ်ဖက်သားကို ဒုတ်ခားဆောင်ယူ သတ်လိုမူလဲ ဘယ်သူမစွမ်း ဘေးဘျမ်းမရှိ ပကတိအသက်ရှည်တော် မူပါပေ သော မြတ်စွာဘုရား"။ သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲတတ်သော ပုဂ္ဂိုလ်သည် အသက်တိုမယ်။ သူတစ်ပါးကို သတ်ဖြတ်မှုကင်းတဲ့ အတွက်ကြောင့် ဘုရားအလောင်းတော်ကြီးရဲ့သန္တာန်မှာ ဖနောင့်လဲ ရှည်တယ်။

http://www.dhammadownload.com



လက်ချောင်းတော်, ခြေချောင်းတော်လေးတွေ သွယ်တယ်။ ခန္ဓာကိုယ်ကြီးဟာ ဖြောင့်ဖြောင့်ရှိတယ်။ အဲဒီ လက္ခဏာ(၃)ရပ် ပေါ်လာတယ်။ ဒီလက္ခဏာသုံးရပ်လဲ ပေါ်လာရော မြတ်စွာဘုရားတို့ သက်တမ်းစေ့ သီတင်းသုံးတော်မူရတယ်။ ခြားခုလတ်မှာ ဘယ်သူမှ အနှောင့်အယှက် အဆီးအတား မပြုနိုင်ပါ။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ညှင်းဆဲလို့ သတ်ဖြတ်လို့ ပရိနိဗ္ဗာန်စံတယ်ဆိုတာ မရှိပါဘူး။

နာဠာဂီရိဆင်နဲ့တိုက်လိုက်၊ ဒေဝဒတ်က ကျောက်တုံးကြီးတွေနဲ့ လှိမ့်ချလိုက်ဆိုတော့ ရဟန်းတော်များက စိတ်မချကြဘူး။ အဲဒီတော့ မြတ်စွာဘုရားကျောင်းတော်ကို ဝန်းရံပြီးတော့ ညတိုင်းကင်းလှည့်ပြီး နေကြတယ်။ မီးဒုတ်တွေနဲ့ကင်းလှည့်၊ အဲဒီမှာ မြတ်စွာဘုရားက-

**အရက္ခိယာ ဘိက္ခဝေ တထာဂတာ။**

ဘိက္ခဝေ= ချစ်သားရဟန်းတို့၊ တထာဂတာ= ဘုရားရှင်တို့ကို၊ အရက္ခိယာ= လုံခြုံရေးမလိုအပ်ဘူး။ တို့ဘုရားရှင်တို့မည်သည် လုံခြုံရေး မလိုပါဘူး။

**အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။**

ရဟန်းတို့ ဘုရားရှင်ကို တစ်စုံတစ်ယောက်သောသူက အသက် သေအောင် ဇီဝိတိန္ဒြေကို ချတယ်။ ချွေတယ်ဆိုတာ ထုံးစံမဟုတ်ဘူးတဲ့။ သူများလုံ့လမပါပဲ ပရိနိဗ္ဗာန်စံတော်မူကြတာပဲ။ **"ဂစ္ဆထ ဘိက္ခဝေ ယထာဝိဟာရံ"**= ရဟန်းတို့ ကိုယ့်ကျောင်းကိုပြန်ကြ။ လုံခြုံရေးမလိုဘူး။ **"အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ တထာဂတံ ပရူပက္ကနေ ဇီဝိတာ ဝေါရောပေယျ"**= ဒီဒေသနာတော်လေးကို အန္တရာယ်ကင်း အဖြစ် ရွတ်ဖတ်ပြီးတော့ နေကြပါတယ်။ ဒီအပိုဒ်မှာပဲ ပြန်ပြီးတော့ နည်းတစ်မျိုး ပြောမယ်ဆိုရင်တော့-

http://www.dhammadownload.com



### နသမဏော ဟောတိ ပရူပဃာတီ။

ပရအရ သီလကိုကောက်ယူပြီးတော့ သီလကိုဖျက်ဆီးသော ပုဂ္ဂိုလ်သည် ကိလေသာကို ဖျက်ဆီးတတ်သောသူတော်စဥ်မဟုတ်။ သီလပျက်တဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာကိုငြိမ်းစေတတ်တဲ့ သူတော်စင် မဟုတ်ဘူး။ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ မြတ်စွာဘုရား မိန့်ကြား တော်မူသော စကားတော်နှင့် တိုက်ဆိုင်ကြည့်မယ်ဆိုရင် သီလလဲ မပျက်ဘူး။ မိမိသီလကို မဖျက်ဆီးဘူး။ တစ်နည်းအားဖြင့် သူတစ်ပါးကို သတ်ဖြတ်ဖို့ ညှင်းပန်းဖို့ မရှိဘူးဆိုရင် ဘုရားစကားကို လိုက်နာရာ ရောက်တယ်။ တစ်ဆူသော ဘုရားရှင်ရဲ့ ဩဝါဒကိုသာမက အဆူဆူ သော ဘုရားရှင်တို့ရဲ့ ဩဝါဒကို အဆိုအမိန့်ကို လိုက်နာရာရောက်တယ်။

### နသမဏော ဟောတိ၊ ပရံဝိဟေဌယန္တော။

သူတစ်ပါးကို ဒုတ်ဓားလက်နက်တို့ဖြင့် ညှင်းပန်းခြင်းမျိုးတို့ နှုတ်ပေါက်ထုခွဲ အုတ်ကျောက်ခဲနှင့် ကိုင်ဆွဲရိုက်ပုတ် ထုနှက်ခြင်းတို့ အဲဒါတွေပြုတဲ့ပုဂ္ဂိုလ်ဟာ ကိလေသာကို ငြိမ်းစေတတ်တဲ့ သူတော်စင် မဟုတ်။ ညှင်းပန်းတတ်တဲ့ ပုဂ္ဂိုလ်ဟာ အခုယောဂီသူတော်စင်များ အသွားအတိုအရှည်လွှတ်အပ်, မလွှတ်အပ် နှစ်ရပ်သော လက်နက်တို့ဖြင့် သူတစ်ပါးကိုနှိပ်စက်တာ ဘာမှမရှိတော့ ဘုရားရှင်ရဲ့ အဆုံးအမတွေဟာ မိမိတို့သန္တာန်မှာ တည်နေတယ်။ အဲဒီအဆုံးအမတည်တာနဲ့ တစ်ပြိုင်နက် ထဲ မိမိသန္တာန်မှာ သာသနာတည်နေတယ်။ သူတစ်ပါးကို မညှင်းဆဲဘူး။ သက်သေထူရမှာကတော့ အမွန်မြတ်ဆုံးဖြစ်တဲ့ အလောင်းတော်ကြီး များကို သက်သေထူရမှာဘဲ။ "သတ္တဝါခပင်း မညှင်းဆဲရှောင် ကုသိုလ်ဆောင်၍"- သတ္တဝါအများကို မညှင်းဆဲဘူး။ ပရွက်ဆိတ်ကလေး ကအစ မညှင်းဆဲဘူး၊ သတ်ဖြတ်ဖို့ဝေးစွ။ ဂျပိုးလေးကအစ မညှင်းဆဲဘူး၊ သတ်ဖြတ်ဖို့ဝေးစွ။

"သတ္တဝါခပင်း မညှင်းဆဲရှောင် ကုသိုလ်ဆောင်၍"- အဲဒီ မညှင်းဆဲတဲ့ကုသိုလ်ကြောင့် "ခုနစ်ထောင်သော ရသာကြောများ

http://www.dhammadownload.com



အဖျားချင်းအပ် လယ်မှာစွပ်၍”- ခုနစ်ထောင်သော အရသာကြောတွေ လည်ပင်းမှာစွပ်။ “မီးခတ် ဂဟဏီ ဇီရဏီလည်း အညီချက်ချေ အစာကျေသဖြင့် ထွေထွေရောဂါ ကင်းရှင်းကွာ၍ ကျန်းမာတော်မူ ပါသော မြတ်စွာဘုရား”။ သက်တော်(၈၀) သီတင်းသုံးသွားတယ်။ မကျန်းမာလဲ သာမန်လေးပဲ။ ကျန်းကျန်းမာမာနဲ့။ ဘာကြောင့် ကျန်းမာ တာလဲ။ ကျန်းမာတယ်။ သက်တော်က (၈၀)၊ အနှစ် (၁၀၀)တန်းမှာ စဉ်းစားကြည့်တော့ သက်တော်(၈၀)ဆိုတာ အပြောတာလွယ်တာ။ ရှေးအခါတုန်းက ကုဋေ (၈၀)ကြွယ်ဝတဲ့ သူဌေးသား။ ဒီသူဌေးသားလဲ ဖြစ်ဖို့ရာခက်တယ်။ ကုဋေ(၈၀)ကြွယ်ဝတဲ့ သူဌေးကြီး၊ ပြောဖို့လွယ်တာ တကယ် ဖြစ်ဖို့ခက်တယ်။ နောက် မဟာသာဝကကြီး (၈၀)ရှစ်ကျိပ်။ အဲဒီအထဲမှာ စာရင်းဝင်ဖို့ကလဲ ခက်တယ်။ နောက်လက္ခဏာတော်ငယ် (၈၀)။ ဒီလက္ခဏာတော် (၈၀)နဲ့ ပြည့်စုံတဲ့ ဘုရားဖြစ်ဖို့ကလဲ ခက်တယ်။ အခု အသက် (၁၀၀)တန်းမှာလဲ အသက်(၈၀)ရှည်ဖို့ကလဲ ခက်တယ်။ ရှားပါတယ်။ နာရေးသတင်းကိုကြည့်ရင် သိနိုင်ပါတယ်။ နာရေးသတင်း မှာ အပေါ်နားလေးမှာ (၇၀)ကျော်တွေရေးပြီး အောက်ပိုင်းမှာ (၃၀)(၄၀)(၅၀)(၆၀)တွေပါပဲ။

ဘုရားရှင်က (၈၀)မျှမက အာယုကပ်ကျော်အောင် နေနိုင်ပါ တယ်။ သို့သော်လဲဘဲ ဘုရားရှင်တို့ရဲ့ထုံးစံ သက်တော် (၅)ပုံပုံ (၄)ပုံ သီတင်းသုံးရတယ်။ “သတ္တဝါခပင်း မညှင်းဆဲရှောင် ကုသိုလ်ဆောင်၍ ခုနစ်ထောင်သော ရသာကြောများ အဖျားချင်းအပ် လည်မှာစွပ်၍ မီးခတ် ဂဟဏီ ဇီရဏီလည်း အညီချက်ချေ အစာကြေသဖြင့်” အစာကျေဖို့ကလဲ သိပ်အရေးကြီးတာပဲ။ အစာကျေမှ ကျန်းမာတာ။ ဝမ်းတစ်လုံးကောင်းက ခေါင်းတစ်လုံးမခဲတဲ့။ တစ်ခါတစ်ရံ မြတ်စွာ ဘုရားက ဒီလိုအစာကျေဖို့ရာအတွက် ဆေးလဲပေးတော်မူတာရှိတယ်။ ဘာဆေးလဲ ယာဂုဆိုတဲ့ ဆေး၊ ဆန်ပြုတ်ဆိုတဲ့ဆေး။

http://www.dhammadownload.com



ယာဂုအကျိုး (၁၀)ပါး။ ဟောတဲ့အခါမှာ အစာအိမ်လဲ သန့်ရှင်းစေတယ်။ အစာလဲကျေညက်စေတယ်။ ဆီးကိုလဲ ကောင်းစေတယ်။ လေကိုလဲ စုန်စေတယ်။ အဲဒီယာဂုကို မြတ်စွာဘုရားက ဆေးတဲ့။ အစာကျေဖို့က သိပ်ပြီးတော့ အရေးကြီးတာ။ အလယ်အလတ် ဝမ်းမီးရှိဖို့ လိုပါတယ်။ သိပ်ပြီးတော့ ဝမ်းမီးနဲ့နေတဲ့သူများနဲ့ ပတ်သက်ပြီးလဲ "ယုံကြည်ကျန်းမာ ဖြောင့်စင်းစွာနဲ့" နံပါတ် (၂)အချက်မှာ အရေးကြီးပါတယ်။ ကျန်းမာရေးဆိုတဲ့နေရာမှာ ဝမ်းမီးခေါ်တဲ့ မီးဓာတ်၊ အလယ်အလတ်တန်းစား မီးဓာတ် ရှိဖို့လိုပါတယ်။ ဝမ်းမီးနဲ့ပြန်တော့လဲ စားပြီးတော့ ထမင်းထုပ်ထုပ်ထားသလိုပဲ။ ဝမ်းမီးသိပ်ပြီး ပြင်းပြန်တော့လဲ စားပြီးဘာမှ မကျန်ဘူး။ ဝမ်းမီးအလတ်အလတ်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ အခုထမင်းစားတယ်။ တော်တော်ကြာ ထပ်စားလို့ရတယ်။ အဆန်းအကျယ်တွေ တစ်ခါတစ်ရံတွေ့ရတယ်။ ရေခဲမုန့် အခွက် (၂၀)စားတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်။ ဟိုဘုန်းကြီးတို့ ဆရာသမားလိုပဲ ဒဂုံမြို့သစ်မြောက်ပိုင်း ဘုန်းကြီးတို့ကျောင်းကပဲ ဦးစီးပြီးတော့ စာသင်တိုက် ဖွင့်ပေးထားတဲ့ အဲဒီဆရာတော်ကြီး (၉၀)ကျော် သက်တော်ရှည် ဆွမ်းဝိုင်းထိုင်လိုက်ငါးသလောက်တို့, ဝက်သားတို့ကို ဘုဉ်းပေးတာ။ ရေခဲမုန့်ဆိုရင် (၄)(၅)ခွက်ဘုဉ်းပေးတာ ဘာမှမဖြစ်ဘူး။ အဲဒီလို ကံတွေက အင်မတန်ဆန်းကျယ်ပါတယ်။

အဲဒါ ဘာကြောင့်လဲလို့ဆိုတော့ "သတ္တဝါခပင်း မညှင်းဆဲရှောင်ကုသိုလ်ဆောင်၍" သူတစ်ပါးကို မညှင်းဆဲဘူး။

**နသမဏော ဟောတိ၊ ပရံ ဝိဟေဌယန္တော။**

ပရံ= သူတစ်ပါးကို၊ ဝိဟေဌယန္တော= ညှင်းဆဲသောသူသည်၊ နသမဏောဟောတိ= ကိလေသာကို ငြိမ်းစေတတ်သော သူတော်စင်မဟုတ်၊ အခုယောဂီသူတော်စင်များဟာလဲ သူတစ်ပါးကို မညှင်းဆဲဘူး။ မြတ်စွာဘုရား အဆုံးအမကို လိုက်နာရာ ရောက်ပါတယ်။ ဒုတိယဂါထာ-

http://www.dhammadownload.com



**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပ သမ္ပဒါ။**
**သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

မကောင်းမှုဟူသမျှ ရှောင်ကြ။ ဘာကြောင့်လဲ။ မကောင်းမှု လောက်ကြီးကျယ်တဲ့ ရန်သူမရှိဘူး။ ကုသိုလ်ဟူသမျှပြုကြ။ ဘာကြောင့် လဲ။ ကုသိုလ်ထက်ကြီးမားတဲ့ မိတ်ဆွေမရှိပါဘူး။ **"သစိတ္တ ပရိယောဒပနံ"**= မိမိစိတ်ကို ဖြူစင်အောင်ထား။ အဲဒါ ဘုရားရှင်တို့ရဲ့ အဆုံးအမ။ ဒါဖြင့် အခုယောဂီသူတော်စင်များ တရားအားထုတ်နေတော့ အကုသိုလ် လဲရှောင်ပြီးသား ဖြစ်တယ်။ ကုသိုလ်လဲ ပြည့်စုံစေပြီးသား ဖြစ်တယ်။ ဒါနကုသိုလ်, သီလကုသိုလ်တွေလဲ "ထွန်နောက်ရေပါ" ဆိုသလို ပါပြီး တော့ သွားတယ်။ ဘာဝနာကုသိုလ်တွေ ဖြစ်ကြတယ်။ သမထဘာဝနာ ကုသိုလ်၊ တစ်ဆင့်မြင့် ဝိပဿနာဘာဝနာကုသိုလ်တွေ ဖြစ်ကြလိမ့်မယ်။ "မိမိစိတ်ကို ဖြူစင်အောင်ထား" ဆိုတော့ ဒါနနဲ့မိမိစိတ်ကလေးဟာ ထိုက်တန်သလောက် ဖြူစင်ပါတယ်။ သို့သော် မပြည့်စုံသေးဘူး။

သီလနဲ့လဲ ထိုက်တန်သလောက် ဖြူစင်တယ်။ မပြည့်စုံသေးဘူး။ သမာဓိနဲ့ စိတ်ကလေးဟာ ထိုက်တန်သလောက် ဖြူစင်တယ်။ မပြည့်စုံသေးဘူး။ ဝိပဿနာဉာဏ်အဆင့်ဆင့်တက် မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါး, အရဟတ္တဖိုလ်ရောက်တဲ့အခါကျမှ စိတ်ကလေးဟာ တကယ်ဖြူစင်ပါတယ်။ အဲဒီကျမှ တကယ်ဖြူစင်တဲ့ စိတ်လို့ခေါ်ရပါ တယ်။ ဒါန, သီလ, သမထ ဘာဝနာကုသိုလ်၊ ဝိပဿနာဉာဏ်ကုသိုလ် ဆိုတဲ့ လောကီဘက်မှာတော့ တကယ်တမ်းစိတ်က မဖြူစင်သေးပါဘူး။ အဲဒီတော့ အဖြူစင်ဆုံးဖြစ်အောင် ကြိုးစားကြရမယ်။ တတိယဂါထာ-

**အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။**
**မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။**
**အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။ ။**

သူတစ်ပါးကို နှုတ်နဲ့မကဲ့ရဲ့ရဘူး။ သူတစ်ပါးကို ကိုယ်နဲ့ မညှင်းဆဲ ရဘူး။ ပါတိမောက္ခသံဝရသီလ လုံခြုံရမယ်။ လူများမှာဆိုရင်

http://www.dhammadownload.com



(၅)ပါးသီလ၊ (၈)ပါးသီလ လုံခြုံရမယ်။ တတ်နိုင်ရင် (၁၀)ပါးသီလ။ စားတဲ့သောက်တဲ့အခါ အတိုင်းအရှည်သိရမယ်။ တောကျောင်းတို့လို ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ရမယ်။ **"အဓိစိတ္တေစ အာယောဂေါ"**= လွန်မြတ်တဲ့စိတ်၊ လွန်မြတ်တဲ့ စိတ်ရဖို့ရာ ကြိုးစားရမယ်။ လွန်မြတ်တဲ့ စိတ်ဆိုတာ သမာပတ်(၈)ပါးနဲ့ယှဉ်တဲ့စိတ်။ ယခု အားထုတ်နေကြတာ အဲဒီ အဓိစိတ္တ၊ စိတ်ကလေး တည်ကြည်ငြိမ်သက်ပြီးတော့ မလှုပ်ယှက်တဲ့ အဆင့်ရောက်အောင် အားထုတ်နေကြရတာပါပဲ။ ဒီအချက်တွေဟာ မြတ်စွာဘုရားအဆူဆူတို့ရဲ့ အဆုံးအမတော်တွေ။ ဘုရားအဆူဆူတို့ရဲ့ အဆုံးအမ။ ဂေါတမ ရှင်တော်ဗုဒ္ဓရဲ့လက်ထက် ဝါတော် (၂၀)အထိ ဒီဂါထာ(၃)ပုဒ်နဲ့ မြတ်စွာဘုရား ဆိုဆုံးမတော်မူခဲ့တယ်။ ဒီဒေသနာ တော်ဟာ ပိဋကတ်(၃)ပုံကို ခြုံမိတယ်၊ ငုံမိတယ်။ အဲဒီ ပိဋကတ် (၃)ပုံ ခြုံမိ ငုံမိအောင် ဘုရားရှင် အဆူဆူတို့ ဆိုဆုံးမတဲ့ဩဝါဒတိုင်း ကျင့်ကြံကြိုးထုတ် အားထုတ်နေရတဲ့ အတွက် မိမိတို့ကို မိမိကျေနပ်စရာ၊ အားရစရာ စိတ်ကို အဖြူဆုံးဖြစ်အောင်, အသန့်ဆုံးဖြစ်အောင် အသန့်စင်ဆုံးဖြစ်အောင်, အကောင်းဆုံးစိတ်ဖြစ်အောင် သမာဓိရအောင် အားထုတ်နေတဲ့အချိန်။ ထိုသမာဓိ အဆင့်ဆင့်က တက်ပြီးတော့ ဉာဏ်အဆင့်ဆင့်နဲ့သွားရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် ရောက်ရင် စိတ်ဟာ အဖြူစင်ဆုံးဖြစ်ပါတယ်။

ထိုအရဟတ္တဖိုလ်စိတ်ကို ရည်မှန်းပြီးတော့ အာရုံထားပြီးတော့ အားထုတ်သွားရမယ် အဲဒီစိတ်ကလေး မိမိတို့သန္တာန်မှာ ဖြစ်ပြီဆိုရင် မြတ်စွာဘုရား အဆုံးအမတစ်ခါထဲ ရာနှုန်းပြည့် နားထောင်ပြီးသား ဖြစ်သွားတယ်။ အဲဒီလို အဆူဆူသော ဘုရားရှင်တို့ရဲ့အဆုံးအမ ဂေါတမ ရှင်တော် ဗုဒ္ဓဝါတော် (၂၀)ထိအောင် မပြတ်မလတ်ဆိုဆုံးမတဲ့ အဆုံးအမ တော်ကြီးနှင့်အညီ အားထုတ်ကြိုးစားနေရသဖြင့် စောစောကပြောသလို မိမိတို့ဘဝရကျိုးနပ်တယ်။ စောစောကပဲ ဒကာကြီးတစ်ယောက် ရာထူး ကြီးကြီး၊ အသက်လဲပဲ ဘုန်းကြီးတို့နဲ့မတိမ်းမယိမ်းပါပဲ။ တရားအားထုတ်

http://www.dhammadownload.com



ချင်တယ်ဘုရား။ အားထုတ်ချင်တယ်။ သို့သော် ဘယ်လို အားထုတ်ရမယ်ဆိုတာ လမ်းစဉ်သိဖို့ လိုပါတယ်။ အခွင့်သာဖို့ရာလဲ အင်မတန်လိုပါတယ်တဲ့။ အားထုတ်ချင်နေတာတော့ အမှန်ပဲ။ သို့သော်လဲ သူ့တာဝန် ကိုယ့်တာဝန်၊ နိုင်ငံတာဝန်တွေကြောင့် အားမထုတ်ဖြစ်ဘူး။ ယခု အားထုတ်ဖြစ်နေတဲ့အတွက် ယောဂီသူတော်စင်များဟာ မိမိတို့ဘုရားရှင်အဆူဆူတို့ရဲ့အဆုံးအမ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးနေရတဲ့အတွက် အားရစရာ ကျေနပ်စရာလို့ စိတ်ထဲမှာထားပြီးတော့ ရှေ့ဆက်ပြီး သမထခရီးစဉ်ကနေပြီး ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့် တက်လှမ်းနိုင်အောင် ကြိုးစားပြီး အားထုတ်နိုင် ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## နေရာယူမှန်ဖို့

ယနေ့ ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် (၆)ရက်နေ့၊ တပို့တွဲလပြည့်နေ့ စတင်ပြီး ဖွင့်ခဲ့တဲ့တရားစခန်းဆိုတော့ ဩဝါဒ ပါတိမောက် ဒေသနာတော်(၃)ပုဒ်နဲ့ ပတ်သက်ပြီးတော့ ဟောကြ ပြောကြရတယ်။ ဒီဩဝါဒဒေသနာတော်ကို ခြုံငုံပြီးတော့ ကြည့်မယ် ဆိုရင် သီလနဲ့ ပတ်သက်တဲ့ စကားတော်လဲပါတယ်။ သမာဓိနဲ့ပတ်သက်တဲ့ စကားတော် လဲပါတယ်။ ပညာနဲ့ပတ်သက်တဲ့ စကားတော်တွေလဲ အစုံပါတယ်။ ပြီးတော့ အဲဒီ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ကို ရခြင်းရဲ့ အကြောင်း အစားအသောက် နေရာထိုင်ခင်း ကစပြီးတော့ မြတ်စွာဘုရား ညွှန်းပြတော်မူပါတယ်။ နေရာထိုင်ခင်းနဲ့ပတ်သက်လို့ **"ပန္တဉ္စ သယနာ သနံ"**= အစွန်အဖျား အနားကျတဲ့ ကျောင်းအိပ်ရာနေရာကို ချဉ်းကပ်ရမယ်။ နေထိုင်ရမယ်လို့ ညွှန်းပြပြီးတော့ ထားတယ်။ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကြီးမှာလဲ သတိပဋ္ဌာန် တရား အားထုတ်ကြတဲ့ပုဂ္ဂိုလ်များအဖို့ နေရာ (၃)မျိုး။

(၁) အရညဂတောဝါ - တောတောင်စခန်း သွားပြီးတော့ အားထုတ်ပါ။

(၂) ရုက္ခမူလဂတောဝါ - သစ်ပင်ရင်းမှာ ချဉ်းကပ်ပြီးတော့ အားထုတ်ပါတဲ့။

(၃) သုညာဂါရဂတောဝါ - ဆိတ်ငြိမ်တဲ့အရပ်ဒေသမှာ နေပြီးတော့ အားထုတ်ပါတဲ့။

နေရာ(၃)မျိုး။ အဲဒီ နေရာ(၃)မျိုးကို ညွှန်းပြတော်မူတဲ့ ဗုဒ္ဓဘုရားသည် ဘာနဲ့တူသလဲဆိုတော့- **"ဝတ္ထု ဝိဇ္ဇာစရိယော ဝိယ ဘဂဝါ"**။ ဘဂဝါ= မြတ်စွာဘုရားသည်၊ ဝတ္ထု ဝိဇ္ဇာစရိယောဝိယ= အိမ်ရာမြေကြံအတတ်ကို တတ်သိသော ပုဂ္ဂိုလ်နှင့်တူ၏။ အိမ်ရာမြေကြံ အတတ်ကို တတ်သိနားလည်တဲ့ ဝတ္ထုဝိဇ္ဇာစရိယနဲ့ တူတယ်။ အိမ်ရာ မြေခြံအတတ်ကို တတ်သိနားလည်တဲ့ ဝတ္ထုဝိဇ္ဇာဆရာကြီးဟာ

http://www.dhammadownload.com



ဘယ်နေရာမှာ အိမ်ဆောက်၊ ဘယ်နေရာမှာ အိမ်ဆောက်ရင် ဒီအိမ်နေလူတွေ တိုးတက်မယ်၊ ချမ်းသာမယ်၊ ကြီးပွားမယ်လို့ အိမ်ရာမြေကြံ့ အတတ်ကို သိတဲ့အတိုင်းပြောတယ်။ သူညွှန်ပြတဲ့အတိုင်း အဲဒီနေရာလေးမှာ အိမ်ဆောက်လိုက်တဲ့အခါ အိမ်တို့ ကျောင်းတို့ နန်းတော်တို့ အစုံပါတာပေါ့လေ။ အဲဒီလို နေရာရွေးပြီးတော့ ပေးတဲ့နေရာလေးမှာပဲ အိမ်ဆောက်လိုက်၊ အိမ်ဆောက်လိုက်တော့ ကြီးပွားတိုးတက်လာတာပေါ့လေ။ အိမ်ရာမြေကြံ့အတတ်ကို တတ်တဲ့ပုဂ္ဂိုလ်ကြီးရဲ့ ပြောဟောမှုတွေ မှန်တယ်။ ညွှန်ပြချက်တွေ မှန်တယ်ဆိုပြီးတော့ အိမ်ရာမြေကြံ့ အတတ်ကို တတ်သိနားလည်တဲ့ဆရာကြီးကို အိမ်ရှင်, ကျောင်းရှင်များ, နန်းတော်ရှင်များက ပူဇော်ကြတယ်။

အဲဒီလို ပူဇော်ကြရတာလိုပဲ။ မိမိတို့အလိုရှိအပ်တဲ့ တိုးတက်မှု, ကြီးပွားမှု, ချမ်းသာမှု ရရှိလို့ရှိရင် ပူဇော်ကြသလိုပဲ။ ဘုန်းကြီးတို့ယောဂီသူတော်စင်တို့အတွက် မြတ်စွာဘုရားက သတိပဋ္ဌာန်တရားအားထုတ်မယ်ဆိုရင် နေရာ (၃)နေရာ ညွှန်းပြတယ်။ အဲဒီနေရာ (၃)နေရာမှာ တောတောင်စခန်း မြန်းနိုင်ရင်လဲမြန်း၊ မမြန်းနိုင်ရင်လဲ သစ်ပင်ရင်း၊ အဲဒီနှစ်နေရာမှ မသွားနိုင်ပါဘူးဆိုရင် ဆိတ်ငြိမ်တဲ့ အရပ်ဒေသတဲ့။ မိမိတို့အိမ်, မိမိတို့ကျောင်း လူခြေတိတ်ဆိတ်တဲ့ အချိန်အခါတွေမှာလဲ တရားအားထုတ်လို့ ဖြစ်နိုင်ပါတယ်။ အခု ဘုန်းကြီးတို့ ပြည်လမ်း၊ လယ်တီမူကမ္မဋ္ဌာန်းကျောင်းတိုက်ဟာ ရှေးဆရာတော်ကြီး ဦးဇာဂရ နေရာယူထားတာ အင်မတန်မှန်ပါတယ်။ ပြည်လမ်းကြီးဘေးတာ ပြောရတယ်။ ပြည်လမ်းကြီးဘေး တစ်ခြံကျော်၊ ကျွန်းတောလမ်းရဲ့ဘေး ဆိုစေကာမူ ကျောင်းတိုက်ကြီးတွေခြားကနေတော့ ခြံကျယ်ကြီးတွေရဲ့ အတွင်းရောက်နေတယ်။ ပြည်လမ်း, ကျွန်းတောလမ်း ဒီလမ်းကြီး (၂)လမ်းတို့ရဲ့ အလယ်စပ်ကြားမှာ တည်ရှိနေပါတယ်။ လမ်းနဲ့လဲ သိပ်ပြီးမကပ်ဘူး။ မနီးဘူး။ ကျွန်းတောလမ်းက ကားသံတွေလဲ သိပ်ပြီးတော့ မကြားရဘူး။ ဒါကြောင့် သုညာဂါရ= ထိုက်တန်သလောက်

http://www.dhammadownload.com



တော့ ဆိတ်ငြိမ်တဲ့အရပ်ဒေသပါပဲ။ အဲဒီလို နေရာ(၃)မျိုးကို မြတ်စွာဘုရား ညွှန်းပြတော်မူတော့ ညွှန်းပြတော်မူတဲ့နေရာအတိုင်း နေထိုင်ပြီးတော့ အားထုတ်ကြလို့ မိမိတို့အလိုရှိအပ်တဲ့ သမာဓိ။

ထွက်လေ ဝင်လေကို အခြေခံပြီးတော့ ရှုမှတ်ပွားများလာတဲ့ သမာဓိ၊ ဧကဂ္ဂတာ စိတ်ရဲ့တည်ငြိမ်မှု ရပြီ။ အဲဒီစိတ်ရဲ့ တည်ငြိမ်မှုရလို့ နီဝရဏတွေ ထိုက်တန်သလောက် ကင်းရှင်းလို့ စိတ်ကလေးဟာ စင်ကြယ်သန့်ရှင်းသလောက် ထိုက်တန်သလောက် သန့်ရှင်းလာပြီ၊ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်နာမ်၊ ဤကား ရုပ်၊ ဤကား နာမ်။ ရုပ်နဲ့နာမ် (၂)မျိုးထဲသာ ဖြစ်နေပါသလားလို့ အဲဒီလို အမြင်ထူးတွေမြင်ပြီးတော့ ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိတဲ့အခါ ကြော် - **"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ"**။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်၊ သမ္မာသမ္ဗုဒ္ဓေါ ဝတ= ကိုယ်တိုင်ကိုယ်ကျ ဆရာမရှိ မှန်မှန်ကန်ကန် သစ္စာတရားတို့ကို သိတော်မူသော ဗုဒ္ဓဘုရားမှန်လှပါပေသည်တကားလို့။ မိမိတို့ တရားညွှန်ပြတဲ့ ဤမဟာသတိပဋ္ဌာနသုတ္တန် တရားတော်ကြီးကို ဟောတော်မူခဲ့တဲ့ ဗုဒ္ဓဘုရားအပေါ်မှာ သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်တယ်လို့ ဆိုတဲ့ အိမ်ရာမြေကြီးအတတ် တတ်သိနားလည်တဲ့ဆရာကြီးကို ပူဇော်သလို အဲဒီလို ဂုဏ်အင်နဲ့ပူဇော်ကြရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဩဝါဒပါတိမောက်ထဲမှာပါတဲ့ **"ပန္တဉ္စ သယနာသနံ"**= အစွန်အဖျား အနားကျတဲ့ကျောင်း, အစွန်အဖျား အနားကျတဲ့အရပ် ပျော်ခဲ့တယ်။ တရားအာရုံမှာ ပျော်ခဲ့တယ်။ ဒီနေ့ စာလေးတစ်ခု ကြည့်လိုက်တဲ့ အခါကျတော့ ရတနာမျိုးစုံဟာ သားသမင်များအဖို့တော့ ဘယ်လောက်တွေ့တွေ့ ရတနာတွေဟာ သူတို့အတွက် အကျိုးမများဘူး။ တရားမလေးစား တရားအားမထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေအတွက် တရားစကား, တရားတော်များဟာလဲ အကျိုး မသက်ရောက်ဘူးတဲ့။ အသိဉာဏ်ကို အလေးမထားကြတဲ့ ပုဂ္ဂိုလ်တို့အတွက် ဗဟုသုတတွေဟာလဲ အကျိုးမသက်ရောက်နိုင်ဘူးတဲ့။ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တို့အတွက်

http://www.dhammadownload.com



တစ်နည်းအားဖြင့် သီလ, သမာဓိ, ပညာ ကျင့်စဉ်တရားကို လေးစား အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တို့အတွက် ဟောရတဲ့တရားစကားဟာ အကျိုးသက်ရောက်တယ်။ နေရာထိုင်ခင်းနဲ့ ပတ်သက်လို့ အဲဒီလို မြတ်စွာဘုရား ဩဝါဒပါတိမောက်မှာ ထည့်သွင်းဟောကြားထားသလို။ စားရေးသောက်တာနဲ့ ပတ်သက်ပြီးတော့ **"မတ္တညုတာစ ဘတ္တသ္မိံ"**= စားတဲ့သောက်တဲ့နေရာ အတိုင်းအရှည်သိပြီးတော့ စားရမယ်။ အဲဒီလို အတိုင်းအရှည်သိပြီးတော့ စားတဲ့နည်းက ဘယ်လိုနည်းလဲလို့ ဆိုတော့-

**စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။**

ထမင်းစားတဲ့အခါမှာ လေးလုတ်, ငါးလုတ် ချန်ထားပြီးတော့ အဲဒီ လေးလုတ်, ငါးလုတ်စာအတွက် ရေသောက်ရမယ်တဲ့။

**စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။**
**အလံ ဖာသုဝိဟာရာယ၊ ပဟိတ္တဿ ဘိက္ခုနော။**

ပဟိတ္တဿ= ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်မိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော၊ ဘိက္ခုနော= ရဟန်းအား (ယောဂီသူတော်စင်အား)၊ ဖာသုဝိဟာရာယ= ချမ်းသာစွာ နေခြင်းငှါ၊ အလံ= လျော်ကန်လျှောက်ပတ် သင့်မြတ်လှပါပေ၏။

ထမင်းစားတဲ့အခါ တစ်ခါထဲပြည့်သွားအောင် မစားဘဲနဲ့ ထမင်းလေးလုတ်, ငါးလုတ်စာ ချန်ပြီးတော့ ရေသောက်ပါတဲ့။ အဲဒီလို စားသုံးမယ်ဆိုရင် အစာအာဟာရရဲ့အတိုင်းအရှည်ကို သိသူဖြစ်ပါ တယ်တဲ့။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအဖို့ ချမ်းသာစွာ နေထိုင်ဖို့ရာလဲ ဖြစ်တယ်။ အဲဒီလို အစားအသောက်နဲ့ ပတ်သက်ပြီးတော့လဲ မြတ်စွာ ဘုရား ဩဝါဒပါတိမောက် ဒေသနာတော်ထည့်သွင်းပြီး ဟောကြားတော် မူတယ်။ ဒါ အခြေခံတွေပါပဲ။ စားရေးလဲ ညွှန်ကြားချက်ပါတယ်။ နေရေးလဲပါတယ်။ ဒါဖြင့် ဒီအစားအသောက် အနေအထိုင်တို့နဲ့ ပတ်သက်ပြီး စားရေးသောက်တာ နေရေးထိုင်ရေး အဆင်မပြေဘူးဆိုပြန် တော့လဲ **"ခန္တီပရမံ တပေါတိတိက္ခာ"**= အဓိဝါသနခန္တီခေါ်တဲ့

http://www.dhammadownload.com



ဒီလမ်းစဉ်ကို ကျင့်သုံးပါ။ အဲဒီ အဓိဝါသနခန္တီကတော့ စားရေး သောက်တာနဲ့လဲ ဆိုင်တယ်။ နေရေးထိုင်ရေးနဲ့လဲ ဆိုင်တယ်။ သီလစခန်း ပြတော်မူတဲ့ စကားတော်တွေ၊ သမာဓိစခန်းပြတဲ့ စကားတော်တွေ၊ ပညာစခန်းပြတဲ့ စကားတော်တွေ။ သီလစခန်းနဲ့ ပတ်သက်လို့-

**နသမ ဏောဟောတိ ပရူပဃာတီ။**

**နသမဏော ဟောတိ ပရံဝိဟေဌယန္တော။**

သူတစ်ပါးကို သတ်ဖြတ်နေတဲ့ပုဂ္ဂိုလ်ဟာ သူတော်စင်မဟုတ်ဘူး။ သူတစ်ပါးကို ညှင်းဆဲတဲ့ပုဂ္ဂိုလ်သည် သူတော်ကောင်း ရဟန်းမဟုတ်ဘူး။ သူတစ်ပါးကို သတ်ဖြတ်မှတော့ သီလပျက်သွားတာကိုး။ သူတစ်ပါးကို ညှင်းပန်းနှိပ်စက်နေရင်လဲ သီလပျက်တယ်။ နောက်ပြီးတော့ **"အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော"**။ နှုတ်နဲ့ သူတစ်ပါးကို မစွပ်စွဲနဲ့။ ကိုယ်နဲ့သူတစ်ပါးကို မညှင်းဆဲနဲ့။ ပါတိမောက္ခ သံဝရသီလများ လုံခြုံပါစေလို့။ သီလနဲ့ပတ်သက်ပြီးတော့လဲ ဩဝါဒ ဒေသနာတော်မှာ ပါဝင်ပါတယ်။ သမာဓိနဲ့ပတ်သက်ပြီးတော့လဲ အဓိက အားဖြင့် **"အဓိစိတ္တေစ အာယောဂေါ"**။ အဓိစိတ္တ= သာမန်စိတ် မဟုတ်ဘူး။ စိတ်ထဲမှာ လွန်ကဲတဲ့စိတ်၊ သာမန်စိတ်မဟုတ်ဘူး။ လွန်ကဲ တဲ့စိတ်ဆိုတာ ဘာလဲ။ သမာဓိရနေတဲ့စိတ်ပါဘဲ။ အဲဒီစိတ်ကလေး ရရှိအောင် အားထုတ်ပါ။ ဘာပြုလို့လဲဆိုတော့ ဘုန်းကြီးတို့ ယောဂီ သူတော်စင်များ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ မြဲမြဲခိုင်ခိုင်လေး ချီပြီးတော့ စိတ်ကိုငြိမ်အောင်ထားပြီးတော့ အားထုတ်။ အားထုတ်ခဲ့တော့ ထိုက်တန်သလောက် သမာဓိရကြပြီ။ အဲဒီ သမာဓိရင့်သန်လေ အဓိစိတ္တ ဖြစ်လေ၊ လွန်ကဲတဲ့စိတ် မြတ်တဲ့စိတ် ဖြစ်လေပါပဲ။ အဲဒီလို အားထုတ် နေခြင်းဟာလဲ မြတ်စွာဘုရားရဲ့ ဩဝါဒပါတိမောက် ဒေသနာတော်နဲ့ လျော်ညီပါတယ်။ သီလ, သမာဓိ, ပညာရယ်လို့ အမည်တတ်မဟောပဲနဲ့ ရိုးရိုးကလေး သာမန်အားဖြင့် အားလုံးခြုံမိ ငုံမိအောင် ဟောကြားတော် မူတဲ့ ဒေသနာတော်ကလဲ ပါတယ်။ အဲဒါ ဘာလဲလို့ဆိုတော့-

http://www.dhammadownload.com



**သဗ္ဗပါ ပဿအကရဏံ၊ ကုသလဿူပ သမ္ပဒါ။**

**သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

ဒီစကားတော်က မကောင်းမှုအကုသိုလ်တွေကို ရှောင်၊ မကောင်းမှုအကုသိုလ်တွေ ပယ်နိုင်အောင်ကြိုးစား။ ကောင်းတဲ့ကုသိုလ်တွေကို ပွားရမယ်။ ပြည့်စုံစေရမယ်။ မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်လို့ဆိုတာ ဒီအပိုဒ်(၃)ပိုဒ်။ မကောင်းတဲ့အကုသိုလ်တွေ ဖယ်ရှားဆိုတဲ့နေရာမှာ သီလနဲ့ဖယ်ရှားရတာ ရှိတယ်။ သမာဓိနဲ့ဖယ်ရှားရတာ ရှိတယ်။ အဆင့်မြင့်ပညာနဲ့ ဖယ်ရှားရတာလဲ ရှိတယ်။ ကုသိုလ်တွေကို ပြည့်စုံစေရမယ်ဆိုတာလဲ ကုသိုလ်က ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်။ တစ်နည်းအားဖြင့် သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်။ တစ်နည်းအားဖြင့် ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်, လောကုတ္တရာကုသိုလ် အဆင့်ဆင့်ရှိတဲ့ ကုသိုလ်တရားတွေကို ပြည့်စုံစေရမယ်။ အကုသိုလ်ကို ဖယ်ရှားဖို့ ကြိုးစားလိုက်လို့ရှိရင် ကုသိုလ်တရားတွေလဲ အလိုလိုပြည့်ပြီးတော့လာတယ်။ ပြီးတော့ မိမိစိတ်ကို ဖြူစင်စွာထားဆိုတဲ့နေရာမှာ ဖြူစင်အောင် ထားစေကာမူ သာမန်အားဖြင့် အရပ်အနေနဲ့ သူတော်ကောင်းလို့ ပြောရစေကာမူ တကယ်တမ်းကျတော့ ဘုရားရှင်နဲ့နည်းနာနိဿယနဲ့ ညွှန်းပြတော်မူချက်။ အဲဒီ ညွှန်းပြတော်မူချက်အတိုင်း အားထုတ်ခွင့်မရ, သိခွင့်မရလို့ရှိရင် အထွဋ်အထိပ်မရောက်နိုင်ဘူး။ အထွဋ်အထိပ်ဆိုတာ အရဟတ္တဖိုလ်ရောက်မှ အထွဋ်အထိပ်ရောက်တာကိုး။ အဲဒီရောက်မှ တကယ်တမ်းစိတ်ကို ဖြူစင်စေတယ်။ အစောဦးဆုံး ဖြူစင်တဲ့စိတ် ရောက်ရှိဖို့ရာအတွက် တဖြည်းဖြည်းခြင်း အညစ်အကြေးကို ဖယ်ရှားဖယ်ရှားပြီးတော့ သွားရမယ်။ ဒါကြောင့်-

**အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေခဏေ။**

**ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလ္လမတ္တနော။**

မေဓာဝီ= ပညာရှိသည်၊ ထောကံ ထောကံ= အနည်းငယ်စီ အနည်းငယ်စီ၊ ခဏေ ခဏေ= ခဏတိုင်း ခဏတိုင်း၊ အတ္တနော= မိမိ၏၊

http://www.dhammadownload.com



မလံ= အညစ်အကြေးကို၊ နိဒ္ဓမေ= နှင်ထုတ် သုတ်သင်ရာ၏။ ကမ္မာရော= ရွှေပန်းတိမ်သည်, ငွေပန်းတိမ်သည်သည်၊ ရဇတဿ= ငွေ၏၊ မလံ= အညစ်အကြေးကို၊ နိဒ္ဓမတိက္ကဝ= နှင်ထုတ်သုတ်သင်သကဲ့သို့ အတ္တနော= မိမိ၏၊ မလံ= အညစ်အကြေးကို၊ နိဒ္ဓမေ= သုတ်သင်ဖယ်ရှား လွှင့်ထုတ်ရာ၏။

ရွှေငွေပန်းတိမ်သည်ဟာ ရွှေငွေရဲ့အညစ်အကြေးကို တဖြည်းဖြည်း သန့်စင်သလို။ ယောဂီသူတော်စင်တို့ဟာလဲ မိမိတို့ရဲ့ စိတ်အညစ်အကြေးကို တဖြည်းဖြည်း သန့်စင်ပြီးတော့ လာခဲ့ကြတယ်။ အစဉ်အတိုင်း အနည်းငယ်ချင်း အနည်းငယ်ချင်း ရပ်နေရမှာလားဆိုတော့ မပြတ်မလတ်တော့ သုတ်သင်ဖို့လိုပါတယ်။ အဲဒီလို အစဉ်အတိုင်း သီလနဲ့ သုတ်သင်တယ်။ သမာဓိနဲ့သုတ်သင်တယ်။ အညစ်အကြေးကို ပညာနဲ့ သုတ်သင်ရှင်းလင်းတယ်။ အဲဒီ သီလ, သမာဓိ, ပညာ သိက္ခာ (၃)ပါး ကျင့်စဉ်တရားတွေနဲ့ ဒီကျင့်စဉ်တရားတွေရရှိမှု။ အဲဒီကျင့်စဉ်တရားတွေဟာ ဘုရားပွင့်လာမှ ရရှိပါတယ်။ ဒါကြောင့် "ဗုဒ္ဓရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်းထားလည်း ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိကြ များလှအပြစ်တွေ"။ ဘုရားရှင် မပွင့်ပေါ်ဘူး။ တရားဟောတော်မမူဘူးဆိုရင် လူတော်လူကောင်းတွေ ရှိပါတယ်။ စိတ်ကောင်းထားတဲ့လူတွေ ကမ္ဘာ့လူထုကြီး အတွင်းမှာ များစွာရှိပါတယ်။

အဲဒီလို ရှိသော်လဲပဲ ဤတရားကကုသိုလ်, ဤတရား အကုသိုလ်, ဤတရားကရုပ်, ဤတရားကနာမ်, ဤတရားက အပြစ်ရှိတဲ့ တရား, ဤတရားက အပြစ်မရှိတဲ့တရားလို့ အဲဒီလို မသိကြတဲ့အခါ အပြစ်တွေ များလှပါတယ်။ "ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့် ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးတွေ"။ ဗုဒ္ဓရှင်တော်ဘုရား လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၈ နှစ် ကျော်က ပွင့်ခဲ့တယ်။ အဲဒီလို ပွင့်ပေါ်တော်မူပြီးသွားလဲ ဗုဒ္ဓဘုရားရဲ့

http://www.dhammadownload.com



ဟောဖော်ညွှန်ကြားချက်တွေဟာ ကွယ်ပျောက်မသွားဘဲနဲ့ တည်ရှိပြီးတော့ နေတဲ့အချိန်မှာ အခိုက်အတန့်အားဖြင့် လူဖြစ်လာတာနဲ့ ဘုရားရှင်ရဲ့ အဆုံးအမတော်တွေရှိနေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်ကြီး ဆုံဆည်းလိုက်တာ၊ ကြုံလိုက်ကြိုက်လိုက်တာ။ ကြုံတော့ ကြုံတယ်၊ မကြိုက်ဘူး၊ မကြိုက်ဘူးဆိုတာ သဘောမကျဘူး။ မနှစ်သက်ဘူးဆိုရင်လဲ အလကားပဲ။ ဒါကြောင့် "ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့်" မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော်တွေကိုကြည့်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ နာယူမှတ်သားပြီးတော့မှ "ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးတွေ"။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များအရ ဒီတရားတွေက အကုသိုလ်၊ ဒီတရားတွေက ကုသိုလ်၊ ဒီတရားတွေက ရုပ်၊ ဒီတရားတွေက နာမ်လို့ သိကြရတယ်။ ထိုထိုဘုံဘဝတွေလဲ သိကြရတယ်။ (၃၁)ဘုံရှိတော့ ဘုန်းကြီးတို့ တစ်တွေက လူ့ဘုံသိတယ်။ တိရစ္ဆာန်ဘုံ သိတယ်။ (၂)ဘုံဘဲသိတယ်။ မြတ်စွာဘုရားက (၃၁)ဘုံ ငရဲရှိတယ်။ ပြိတ္တာရှိတယ်။ အသူရကာယ်ရှိတယ်။ နတ်ရှိတယ်။ ပြဟ္မာ့ဘုံရှိတယ်လို့ ဟောတော်မူတယ်။ (၃၁)ဘုံရှိပေမယ့် ဘုန်းကြီးတို့ သိနေတာက (၂)ဘုံပဲ သိတယ်။

(၃၁)ဘုံသားတွေကျတော့လဲ ဘယ်နှစ်ဘုံသားလောက် သိသလဲ ဆိုရင် လူ့ဘုံလူသားတွေကို သိတယ်။ တိရစ္ဆာန်ဘုံ, တိရစ္ဆာန်သားတွေကို သိတယ်။ အခြားငရဲသူ ငရဲသားတွေကို မသိဘူး။ မမြင်ဘူး။ နတ်ဘုံ နတ်နန်း နတ်စခန်းမှာရှိကြတဲ့နတ်တွေကို မသိဘူး။ မမြင်ဘူး။ အခုတော့ မြတ်စွာဘုရား ဟောကြားထားတဲ့အတွက် နတ်တွေရှိတယ်။ ဒေဝတာနုဿတိ ပွားလို့ရတယ်။ နတ်တွေရှိတယ်။ ပြဟ္မာတွေရှိတယ်။ ဒါကြောင့် "ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့် ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးတွေ" အဲဒီလို ကျေးဇူးတွေရှိတဲ့ အတွက်ကြောင့် မြတ်စွာဘုရားကို

http://www.dhammadownload.com



ကျေးဇူးဆပ်နိုင်ဖို့။ ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားကို ကျေးဇူးဆပ်နိုင်ဖို့ ကိုယ်နိုင်တဲ့နေရာကနေထမ်းပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာတော်မြတ်ကြီး ကြာရှည်စွာတည်တန့်၍ ကမ္ဘာသူ ကမ္ဘာသား တို့အား ချမ်းသာသုခ ပေးပါစေသတည်း။ ပေးပါ စေသားလို့ ဆိုပြီးတော့ အာရုံထားပြီး သင်တဲ့ပုဂ္ဂိုလ်တွေက သင်ကြ၊ ဟောတဲ့ပုဂ္ဂိုလ်တွေက ဟောကြ, ပြောကြ၊ ရေးတဲ့ပုဂ္ဂိုလ်တွေက ရေးကြ၊ အားထုတ်နည်းပြတဲ့ ပုဂ္ဂိုလ်တွေက အားထုတ်နည်းပြကြတယ်။ အဲလို အားထုတ်ကြတဲ့ အခါကျတော့ မိမိတို့ရဲ့အကုသိုလ် ဖယ်ရမယ်ဆိုတော့ အကုသိုလ် ဖယ်ရှားတဲ့နည်း။ ကုသိုလ်ပြည့်စုံစေရမယ်ဆိုတော့ ကုသိုလ်ပြည့်စုံစေတဲ့ နည်း။ စိတ်ကိုဖြူစင်အောင်ထားရမယ်ဆိုတော့ ဖြူစင်အောင်ထားတဲ့ နည်း။ အဖြူဆုံး အကောင်းဆုံးဖြစ်အောင် အားထုတ်တဲ့နည်းတွေ ရှိပြီးတော့နေတယ်။ အဲဒီ နည်းနာနိဿယ တွေနဲ့ အစုံအလင်ပြည့်စုံမှ **"နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ"** ဆိုတဲ့ နိဗ္ဗာန်ကိုရနိုင်တယ်။ အဲဒီဒေသနာတော် အရ နိဗ္ဗာန်ဟာ အမွန်ဆုံး အမြတ်ဆုံးဟု ဘုရားရှင်တွေ ချီးမွမ်းကြတယ်။ ဟောတော်မူကြတယ်။ အဲဒါ သာသနာ့ပန်းတိုင်ပဲ။ အဲဒီ သာသနာ့ပန်း တိုင်ကြီးသို့ အလိုလိုရောက်နိုင်တာ မဟုတ်ဘူး။ ကျင့်စဉ်တွေမှန်လို့ ကျင့်ကြံကြိုးကုတ် အားထုတ်မှရောက်နိုင်တဲ့အတွက် ယောဂီသူတော်စင် များ အားလုံး သီလ ကနေ သမာဓိ၊ သမာဓိကနေပြီးတော့ ပညာ။ ပညာမှာလဲ ဝိပဿနာဉာဏ်အဆင့်ဆင့် ဝိပဿနာဉာဏ်(၂)ပါး၊ ဝိပဿနာဉာဏ်(၆)ပါး၊ ဝိပဿနာဉာဏ်(၁၀)ပါး၊ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါးဆိုတဲ့ အဆင့်ဆင့် ဝိပဿနာဉာဏ် ပညာ အဆင့်ဆင့်၊ ပညာသိက္ခာ, အဓိပညာသိက္ခာအဆင့်ဆင့် ရရှိအောင် ဆက်လက် ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ယနေ့ ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် (၇)ရက်နေ့။ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား တရားဓမ္မများ ဟောကြားဖို့အချိန်ရောက်လာပြီ။ ရောက်လာတော့ မြတ်စွာဘုရားရဲ့ ဩဝါဒပါတိ ဒေသနာတော် အဆုံးအမတော်ကြီး။ ဒီအဆုံးအမတော်ကြီးရဲ့ နံပါတ်(၂)ဒေသနာတော်မှာ-

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပ သမ္ပဒါ။**

**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

အကုသိုလ်မှန်သမျှ မပြုပါနဲ့။ အကုသိုလ်တွေကို ပယ်ပါ။ အကုသိုလ်တွေကို ရှောင်ပါ။ အကုသိုလ်တွေကို ပယ်နိုင်အောင် ကြိုးစားပါ။ ကုသိုလ်တွေကို ပြည့်စုံစေပါ။ မိမိစိတ်ကို ဖြူစင်အောင် ထားပါလို့ဆိုတော့ ဒီစကားတော်က တစ်ပိုဒ်ကိုလိုက်နာလိုက်ရင် အားလုံးလိုက်နာပြီးသား ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အကုသိုလ်တွေကို မပြုနဲ့။ အကုသိုလ်တွေကို ဖယ်ရှားလို့ဆိုတော့ အကုသိုလ်တွေကို ဖယ်ရှားနိုင်ရင် ကုသိုလ်ကလဲ ပြည့်စုံပြီးသားဖြစ်စိတ်ကလဲ ဖြူစင်ပြီးသား ဖြစ်တာကိုး။ ကုသိုလ်တွေကို ပြည့်စုံ စေရမယ်ဆိုတော့ ကုသိုလ်တွေ အဆင့်ဆင့် ကုသိုလ်တွေပြုပြီလို့ဆိုရင် အကုသိုလ်တွေဟာလဲ လျော့နဲ့ လျော့နဲ့သွားတယ်။ မိမိစိတ်ကို ဖြူစင်အောင်ထားရမယ်ဆိုတော့ စိတ်ကိုဖြူစင်အောင်ဆိုတဲ့နေရာမှာ အဆင့်ဆင့်စိတ်ကို ဖြူစင်အောင် လုပ်ကြရတော့ အကုသိုလ်တွေကို ပယ်ပြီးသားဖြစ်တယ်။ ကုသိုလ်တွေကို ပွားများပြီးသားဖြစ်တယ်။ ဒါကြောင့် ဒီစကားတော် (၃)ပိုဒ်၊ ဩဝါဒ ဒေသနာ အပိုဒ် (၃)ပိုဒ်က တစ်ခုကိုပြည့်စုံအောင် ကြိုးစားလိုက်လို့ ရှိရင် ကျန်တဲ့ (၂)ခုဟာလဲ အလိုအလျောက်ပြီးစီးပြီးသား ဖြစ်ပါတယ်။

သို့သော်လဲ မြတ်စွာဘုရားကတော့ ပြည့်စုံအောင် ပြည့်ပြည့်စုံစုံ ဆုံးမတော်မူခဲ့တယ်။ အဲဒီတော့ အကုသိုလ်တွေကိုပယ်၊ အကုသိုလ်ဆိုတာ ဘာလဲလို့ဆိုရင် အပြစ်ရှိပြီးတော့ မကောင်းကျိုးပေးတတ်တဲ့

http://www.dhammadownload.com



သဘောရှိတယ်။ အကုသိုလ်တွေဟာ စိတ်ကလေးနဲ့ တွဲပြီးတော့ ဖြစ်နေတဲ့ အကုသိုလ်စေတသိက်။ ဒီစိတ်ကလေးဟာ အကုသိုလ် စေတသိက် တစ်ဆယ့်လေးခုနဲ့ တွဲမိတဲ့အခါမှာ အကုသိုလ်စိတ်။ တစ်နည်းအားဖြင့် လောဘနဲ့တွဲရင် လောဘစိတ်၊ ဒေါသနဲ့တွဲတော့ ဒေါသစိတ်၊ မောဟနဲ့တွဲတော့ မောဟစိတ်။ ကိလေသာဆိုတဲ့ တရားတွေဟာလဲ အခေါ်အဝေါ်တာလွဲသွားတာ။ ဒီအကုသိုလ်ထဲက တရားတွေပဲ။ ကိလေသာကိုပယ်အောင် ဖယ်ရှားနိုင်အောင် ကြိုးစား တယ်ဆိုရင်လဲ အကုသိုလ်ကိုဖယ်ရှားနိုင်အောင် ကြိုးစားခြင်းပါပဲ။ အဲဒီတော့ ကိလေသာနဲ့ စကားပြောမယ်ဆိုရင် နာမ်တေပည် ရုပ်နိပ္ဖန် လက္ခဏာရုပ်လေး သန္တာန်နှစ်ဝ မြှောက်ဆင့်က တစ်ရာ့ငါးဆယ်လေး၊ ဆယ်ကိလေသာ မြှောက်ဆင့်ကာ ငါးရာတစ်ထောင် တွေးဆိုတဲ့အတိုင်း နာမ် (၅၃)၊ နိပ္ဖန္နရုပ် (၁၈)၊ လက္ခဏာရုပ် (၄)ပါးကို သန္တာန် (၂)ပါးနဲ့ မြှောက်၊ အဲဒါကို ကိလေသာ (၁၀)နဲ့ မြှောက်ပွားလိုက်ရင် လောဘ, ဒေါသ အစရှိတဲ့ ကိလေသာ(၁၀)မျိုးက နေပြီးတော့ (၁၅၀၀) ဖြစ်လာ တယ်။ ကိလေသာ (၁၅၀၀)ကို အကျဉ်းချုပ်လိုက်ရင် အခိုက်အတန့် အားဖြင့် (၃)မျိုး။ အဲဒီ (၃)မျိုးက ဘာလဲလို့ဆိုတော့ "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"။ လွန်ကျူးခြင်း ကာယကံ, ဝစီကံနဲ့ လွန်ကျူးခြင်း ဒေါသကိလေသာတစ်ခု ဆိုကြပါစို့။ ကာယကံနဲ့ ကိုယ်တိုင် ကိုယ်ကျ သတ်ဖြတ်ခြင်း၊ ဝစီကံနဲ့ သူတစ်ပါးကို အသတ်ခိုင်းခြင်း အဲဒါ လွန်ကျူးတဲ့ ဝီတိက္ကမကိလေသာ၊ ဒေါသကိလေသာ ဝီတိက္ကမဖြစ်ပြီ။ ဒေါသရဲ့ ဝီတိက္ကမအခိုက်။ ဒေါသပဲ။ ကိုယ်တိုင်လဲ မသတ်ပါဘူး၊ သူတစ်ပါးကိုလဲ အသတ်မခိုင်းပါဘူး။ သို့သော်လဲပဲ စိတ်ထဲက သတ်ချင်စိတ်တွေ တဖွားဖွားဖြစ်တယ်။ မခံချင်စိတ်တွေ တဖွားဖွား ဖြစ်တယ်။ အဲဒီအခိုက်မှာတော့ ပရိယုဋ္ဌာနကိလေသာ၊ ဒေါသပရိယုဋ္ဌာန ကိလေသာ။ နောက်ကိုယ်တိုင်လဲ သတ်တဲ့အမှု မပြုပါဘူး။ သူတစ်ပါး ကိုလဲ အသတ်မခိုင်းပါဘူး။ ကာယကံမှု၊ ဝစီကံမှု လုံခြုံပြီးတော့ နေပါ

http://www.dhammadownload.com



တယ်။ စိတ်ထဲမှာလဲပဲ ထကြွသောင်းကျန်းပြီး သတ်လိုစိတ်, ဖြတ်လိုစိတ်, သတ်ခိုင်းလိုစိတ်, ဖြတ်ခိုင်းလိုစိတ်တွေ မပေါ်ပါဘူးတဲ့။ မဖြစ်ပါဘူးတဲ့။

**အခိမာန– ရန်းစိတ်**

သို့သော်လဲပဲ ရေအိုးများ ကရွတ်ခွေပေါ် တင်ထားတော့ အထဲမှာ ရေအပြည့်ထည့်ထား။ အနယ်လေးတွေ ရှိပေမယ်လို့ အနယ်ထိုင်နေပါတယ်။ ရေအိုးကို မလှုပ်မချင်းဟာ အနယ်လေးတွေဟာ ငြိမ်ပြီးတော့ အပေါ်ယံက ခပ်ပြီးသောက်လို့ရှိရင် ကြည်ကြည်လင်လင်လေး သောက်ရတယ်။ လှုပ်လိုက်မယ်ဆိုရင်တော့ အနယ်ကထပြီးတော့လာတယ်။ အဲဒီလိုပဲ ဒေါသကိလေသာ မရှိဘူးလို့ ထင်ရလောင်အောင် ငြိမ်ပြီးတော့ နေပါတယ်။ ဒါနဲ့ပတ်သက်လို့ အခိမာနစိတ်အကြောင်း ပြောကြရအောင်။ ရှေးအခါက သာသနာတော်မှာ ဝိပဿနာတရား ကြိုးစားအားထုတ်တော်မူကြတဲ့ ဆရာတော်, သံဃာတော်ကြီးတွေ ရှိပါတယ်။ ယခုအခါမှာလဲပဲ ရှိနိုင်ပါတယ်။ မိမိသန္တာန်မှာ လောဘမဖြစ်တာလဲ ကြာပြီ။ ဒေါသမဖြစ်တာလဲ ကြာပြီဆိုတော့ "ရဟန္တာများ ဖြစ်လေသလား၊ အနာဂါမ်များ ဖြစ်နေသလား"လို့။ တစ်ခါတစ်ရံကျတော့ "ငါ ရဟန္တာ ဖြစ်နေပြီ"တဲ့။ မိမိသန္တာန်မှာ လောဘ, ဒေါသကိလေသာဖြစ်တာ ထင်ထင်ရှားရှား မတွေ့ပဲကိုး။ ငြိမ်ပြီးတော့ အဲဒီလို ထင်ရလောက်အောင် ငြိမ်ပြီးတော့နေတာမျိုး။ ကိန်းတော့ ကိန်းနေတာပဲ။ သို့သော်လဲ တစ်စုံတစ်ယောက်သွားပြီး မလှုပ်တဲ့အတွက် အနယ်ထိုင်ပြီးတော့နေတဲ့ အနယ်ထပြီးတော့ မလာအောင် ထိန်းထားတဲ့ အဲဒီကိလေသာမျိုးက "အနုသယကိလေသာ"လို့ ဒီလိုခေါ်ရတယ်။ ဒေါသရဲ့ အနုသယအခိုက်။ ဆိုကြပါစို့။ မိုးညှင်းဆရာတော်ဘုရားကြီးက မိန့်ကြားဘူးတယ်။ ဆယ်နှစ်ဆယ်မိုး ဆယ်နှစ်တာကာလအတွင်း ဘယ်သူ့ကိုမှ စိတ်မဆိုးဖူးဘူးတဲ့။ စိတ်မကွက်ဘူး။ အမိဋ္ဌာန်နဲ့ မေတ္တာကမ္မဋ္ဌာန်း ပွားပြီး နေလိုက်တာ။ ဆယ်နှစ်တာကာလအတွင်း အဲဒီအချိန်မှာ မြွေပွေး

http://www.dhammadownload.com



တစ်ကောင်က ဆရာတော်ဘုရားကြီး ဆောင့်ကြောင့်ထိုင် ဘုရားရှိခိုး နေတဲ့အခါ အောက်ကနေပြီးသွားတယ်။ ကိုက်လဲ မသွားဘူး။ သူ့ဟာနဲ့သူ သွားတာ။ အဲဒီနေရာမှာ ဒေါသကိလေသာ မရှိဘူးလို့ ထင်ရအောင် ငြိမ်ပြီးတော့နေတယ်။ အဲဒီတော့ "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"။ ဒေါသကိလေသာလဲ အခိုက်အတန့်အားဖြင့် ပြောရင် (၃)မျိုး။ လောဘကိလေသာလဲ အခိုက်အတန့်အားဖြင့် (၃)မျိုး။ မောဟလဲ (၃)မျိုး။ ဝိစိကိစ္ဆာလဲ (၃)မျိုး။ မိစ္ဆာဒိဋ္ဌိလဲ (၃)မျိုး။ အဲဒီလိုပဲ သွားရမှာပါ။ အဟိရိက (၃)မျိုး၊ အနောတ္တပ္ပ (၃)မျိုး၊ ဥဒ္ဓစ္စ (၃)မျိုး၊ ထိနမိဒ္ဓ (၃)မျိုး၊ မာန (၃)မျိုး။ ဒါကြောင့် "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"။ လွန်ကျူးတယ်ဆိုတာ ကာယကံနဲ့ ဝစီကံနဲ့။ လူသိရှင်ကြား ကျူးလွန်တာ။ ဆူပွက်တယ်ဆိုတာကတော့ ဘယ်သူမှ မသိဘူး။ မိမိကိုယ်တိုင်ပဲ သိတယ်။ မျိုးမပျက်တဲ့ အနုသယ ကိလေသာမျိုးကျတော့ မိမိသန္တာန်မှာ ကိန်းနေတဲ့ကိလေသာ။ ထင်ရှား အောင်ပြောရရင် ဒေါသရှိတယ်လို့ မသိနိုင်လောက်အောင်ဖြစ်တာ။

## အနာနှင့်ဆေး သင့်အောင်ပေး

ဒါဖြင့် လွန်ကျူးတဲ့ ဝီတိက္ကမကိလေသာကို ဘယ်သူကနိုင်အောင် သတ်နိုင်သလဲ။ ဒီအကုသိုလ် အတုံးအခဲကို ဘယ်သူဖြိုဖျက်နိုင်သလဲ။ ဘယ်တရားက ဖြိုဖျက်နိုင်သလဲ။ ဘယ်လူစွမ်းကောင်းကမှ မဖြိုဖျက်နိုင် ပါဘူး။ စိတ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ သတ်လိုစိတ်၊ ဖြတ်လိုစိတ်၊ ပြောလိုစိတ်၊ ဆဲလိုစိတ်တွေ။ သူတစ်ပါးကို အသတ်ခိုင်းချင်တဲ့ စိတ်တွေ။ အဲဒီ ကိလေသာမျိုး အလတ်စားပေါ့လေ။ အဲဒီ ကိလေသာကို ဘယ်တရားက ဖယ်ရှားနိုင်သလဲ။ အနုသယကိလေသာ ခေါ်တဲ့ ရေအိုးထဲ အနယ်ထိုင်သလို ကိန်းပြီးတော့နေတဲ့ ကာယကံရှင်တောင် မသိသာ တဲ့ကိလေသာမျိုး၊ အဲဒီ ကိလေသာမျိုးကို ဘယ်တရားက ဖယ်ရှားနိုင်ပါ သလဲ။ သုံးမျိုး အခိုက်အတန့်အားဖြင့် "လွန်ကျူးဆူပွက် မျိုးမပျက်

http://www.dhammadownload.com



သုံးချက်ကိလေသာ"။ "သီလသမာဓိပညာ သတ်ရာသုံးသိက္ခာ"။ ဒေါသကိလေသာတစ်ခုကိုပဲ ပြောကြပါစို့။ မိမိတို့ အာဇီဝဋ္ဌမကသီလ ဆောက်တည်ထားတယ် ဆိုကြပါစို့။ အဲဒီ သီလထဲမှာ "ပါဏာတိပါတာ ပါတယ်။ ဖရုသဝါစာ ပါတယ်"။ သီလဆောက်တည်ထားတော့ သူတစ်ပါးအသက်ကို မသတ်ဖြစ်ဘူးတဲ့။ ကာယကံမြောက် မသတ်ဖြစ်ဘူး။ သူတစ်ပါးကိုလဲ အသတ်မခိုင်းဘူး။ ဝစီကံနဲ့ ဆဲရေးခြင်း ဆယ်ပါးနဲ့ ဆဲဆိုပြီးတော့လဲ ကြမ်းကြမ်းတမ်းတမ်း မပြောဘူး။ ယောဂီသူတော်စင်များရဲ့ သီလတရားက သီလသိက္ခာက နိုင်ပါတယ်။ အဲဒီ သီလသိက္ခာမှာလဲ သီလသိက္ခာရှိတယ်။ အဓိသီလသိက္ခာ ရှိတယ်။ ပုထုဇဉ်တို့ရဲ့ သီလရှိတယ်။ အရိယာအရှင်မြတ်ကြီးတွေရဲ့ သီလရှိတယ်။ ပုထုဇဉ်တို့ရဲ့ သီလသိက္ခာကတော့ စောစောကပြောတဲ့ လွန်ကျူးမဲ့ လွန်ကျူးနိုင်တဲ့ လွန်ကျူးတယ်လို့ ပြောရတဲ့ အသတ်ခိုင်းမှု၊ ဆဲရေးခြင်း ဆယ်ပါးနဲ့ ဆဲရေးမှု၊ အဲဒါကို ပုထုဇဉ်များက တဒင်္ဂအားဖြင့် ပုထုဇဉ်တို့ရဲ့ သီလက ဖယ်ရှားဖို့စွမ်းအားရှိပါတယ်။ အရိယာအရှင်မြတ်ကြီးတို့ရဲ့ သီလကတော့ ဘယ်တော့မှမသတ်တော့ဘူး။ မသတ်ခိုင်းတော့ဘူး။ မဆဲတော့ဘူး။ အဲဒီလို ကွာခြားပါတယ်။ ဝီတိက္ကမကိလေသာ လွန်ကျူးတဲ့ ကာယကံ၊ ဝစီကံ လွန်ကျူးခြင်းဆိုတဲ့ ကိလေသာကိုတော့ သီလတရားအဆင့်ဆင့်က နိုင်နိုင်တယ်။ ဒါကြောင့် ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားက ဒီသီလလမ်းစဉ်ကြီးကို ဟောကြားပြီးတော့ ထားခဲ့တာ။ အဲဒီ သီလလမ်းစဉ်ကြီးဟာ သတ္တဝါတို့သန္တာန်မှာ ဖြစ်ပွားတတ်တဲ့ ကာယကံလွန်ကျူးမှု, ဝစီကံ လွန်ကျူးမှုမှ ဒီဝီတိက္ကမကိလေသာကို ဖယ်ရှားနိုင်ပါတယ်။ ကာယကံ, ဝစီကံ လွန်ကျူးမှု မဟုတ်ပဲ။ စိတ်ထဲမှာ သတ်ချင်လိုက်တာ၊ ဖြတ်ချင် လိုက်တာ၊ အသတ်ခိုင်းချင်လိုက်တာ၊ ဖြတ်ခိုင်းချင်လိုက်တာ၊ ဆဲချင် လိုက်တာ၊ အဲဒီ ထကြွပြီးတော့နေတဲ့ ပရိယုဋ္ဌာနကိလေသာကိုတော့ ဘယ်သူကနိုင်သလဲ ဘယ်တရားက နိုင်သလဲလို့ဆိုတော့ သမာဓိတရား က နိုင်တယ်။ ယောဂီသူတော်စင်များ (၂၆)ကြိမ်မြောက် တရားစခန်း

http://www.dhammadownload.com



တပို့တွဲ လပြည့် နေ့ ည(၇)နာရီ အချိန်ကစပြီးတော့ သမာဓိ စခန်းတရားဝင်ခဲ့ကြတာ။ အဲဒီလို တရားဝင်လို့ ထိုက်တန်သလောက် မိမိတို့စိတ်ကလေး ငြိမ်သက်ပြီး မလှုပ်မယှက်လေးဖြစ်ပြီ၊ သမာဓိရပြီ ဆိုတာနဲ့ စိတ်ထဲက သတ်ချင်တဲ့စိတ်တွေ, ဖြတ်ချင်တဲ့စိတ်တွေ, အသတ် ခိုင်းချင်တဲ့စိတ်တွေ, ဆဲရေးချင်တဲ့စိတ်တွေ, ဆဲရေးခိုင်းချင်တဲ့ စိတ်တွေ အဲဒါတွေဟာ ငြိမ်ပြီးတော့နေတယ်။ ထကြွသောင်းကျန်းမှု မဖြစ်ဘူး။ အဲဒါကြောင့် သမာဓိကစိတ်ထဲမှာဖြစ်နေတဲ့ သောင်းကျန်းနေတဲ့ ကိလေသာတွေကို သမာဓိကပယ်သတ်နိုင်တယ်။ မျိုးမပျက်တဲ့ ကိလေသာ၊ မျိုးမပျက်တဲ့ ကိလေသာဆိုတာက စောစောကပြောသလို ရေအိုးထဲ ရေအနယ်ထိုင်သလိုပေ့ါ။ အာရုံတစ်ပါးနဲ့ မတွေ့သေးဘူး ဆိုရင်တော့ဖြင့်၊ ဒေါသဖြစ်စရာနဲ့ မတွေ့သေးဘူးဆိုရင် ငြိမ်နေတယ်။ မာနဖြစ်စရာနဲ့ မတွေ့သေးဘူးဆိုရင် ငြိမ်လို့ အရက်အိုးမှာကပ်နေတဲ့ အရက်ချိုးလို ရေအိုးမှာအနယ်ထိုင်ပြီးတော့ နေသလို။ လောဘ, ဒေါသ အစရှိတဲ့ ကိလေသာတွေ၊ အဲဒီ ကိလေသာမျိုးတွေကိုတော့ ပညာသိက္ခာ နဲ့မှ သတ်နိုင်တယ်။ ပညာသိက္ခာဆိုတာ ဝိပဿနာဉာဏ်ပညာ မဂ်ပညာ၊ အဲဒီပညာနဲ့မှ ဖယ်ရှားနိုင်တယ်။ ဒါဖြင့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေဟာ ကိလေသာတို့ရဲ့ အခိုက်အတန့် သောင်းကြမ်းမှု(၃)မျိုးကို အစဉ်အတိုင်း ဖယ်ရှားနိုင်ပါတယ်။

## ပိဋကတ်တော်ကပြ

ဒီသီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေကို ဘယ်ကပြပါသလဲလို့ မေးစရာရှိတယ်။ ပိဋကတ်သုံးပုံနဲ့ စကား ပြောမယ်ဆိုရင် ဝိနည်းပိဋကတ်က သီလကိုပြပါတယ်။ သုတ္တန်ပိဋကတ် က သမာဓိနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ပြပါတယ်။ အဘိဓမ္မာ ပိဋက ကတော့ ပညာစခန်း ပညာသိက္ခာကိုပြပါတယ်။ "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ၊ သီလသမာ ဓိပညာ သတ်ရာ သုံးသိက္ခာ၊

http://www.dhammadownload.com



ကိုယ့်ကိလေသာ ကိုယ့်အနာ ကိုယ်သာသိကြပါ၊ အနာနှင့်ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါ”လို့ ဆိုတဲ့အတိုင်း ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ လောဘ, ဒေါသ, မောဟ ကိလေသာအနာတွေ ကိုယ်တိုင်သိဖို့ ဆိုလိုပါတယ်။ အနာနဲ့ဆေး သင့်အောင်ပေးလိုက်နိုင်ရင် ပျောက်ဖို့ လွယ်ပါတယ်။ အနာတစ်ခြား ဆေးတစ်ခြား ဆိုရင်တော့ ဘယ်ပျောက် နိုင်မလဲ။ အဲဒီတော့ ဒီဆေးမျိုးဟာ ဗုဒ္ဓသာသနာတော်ရဲ့ ပြင်ပမှာမရှိဘူး။ ကိလေသာရောဂါကို ပျောက်စေနိုင်တဲ့ တရားဆေးက ဗုဒ္ဓဘာသာမှာပဲ ရှိပါတယ်။ “ကိုယ့်ကိလေသာ ကိုယ့်အနာ ကိုယ်သာသိကြပါ၊ အနာနှင့် ဆေး သင့်အောင်ပေး ပျောက်ရေး မခက်ပါ”လို့ ဆိုတဲ့အတိုင်း ဒီကိလေသာအနာတို့ကို ပျောက်ဖို့ရာအတွက် သီလတရား, သမာဓိ တရား, ပညာတရားတွေကို ရအောင်ကြိုးစားကြ။ အဲဒီလို ကြိုးစားလို့ရှိရင် ပုဏ္ဏားကိုမေးမနေပါနဲ့။ ဆန်ကုန်ရုံပါပဲ။ အဲဒီတော့ ကိလေသာဆိုတာ အကုသိုလ်တရားတွေပါ။ အဲဒီ အကုသိုလ်တရားတွေကို ဖယ်ရှား နိုင်အောင် ကြိုးစားပြီး ဖယ်ရှားသုတ်သင်နိုင်တာကတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ၊ ကုသိုလ်တရားတွေပါပဲ။ ကုသိုလ်တရားတွေက ပယ်တတ်တဲ့တရားတွေ၊ အကုသိုလ်တရားတွေက အပယ်ခံတရားတွေပါ။ အဲဒီ တရားဆေးတွေဟာ ဒီကိလေသာရောဂါ တွေကို ပျောက်ကင်းစေနိုင်ပါတယ်။ ဒါကြောင့်-

**သမားတော်ကြီးဟူသော နာမည်တော်သည်**
**တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။**

ဘိက္ခဝေ= ရဟန်းတို့၊ တိကိစ္ဆကောတိ ဧတံ အဓိဝနံ= ဆေးဆရာ ကြီးဟူသော ဤအမည်သည် သမားတော်ကြီးဟူသော အမည်သည်၊ တထာဂတဿ= မြတ်စွာဘုရား၏၊ အဓိဝစနံ= အမည်တော်ပါပေတည်း။

ရဟန်းတို့ သမားတော်ကြီးဆိုတဲ့အမည်ဟာ အခြားမဟုတ်ဘူး။ ငါဘုရားရဲ့အမည်ပဲ။ သတ္တဝါတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ကိလေသာ

http://www.dhammadownload.com



အနာရောဂါမျိုးစုံကို ဘုရားကကုသပြီးပေးနိုင်တယ်။ ဒါကြောင့်-

**ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာဗဟူ၊**

**ဓမ္မောသဓ သမံနတ္ထိ၊ ဧတံ ပဝတ ဘိက္ခဝေါ။**

လောကေ= လောက၌၊ ဝိဝိဓာ= အထူးထူး အပြားပြား များစွာ ကုန်သော၊ ယေကေစိ ဩသဓာ= အလုံးစုံသောဆေးတို့သည်၊ သန္တိ= ရှိကြလေ ကုန်၏။ ဓမ္မောသဓ သမံ= တရားဆေးနှင့်တူသော ဆေးသည်၊ နတ္ထိ= မရှိတော့ချေ။ တသ္မာ= ထို့ကြောင့်၊ ဘိက္ခဝေါ= ရဟန်းတို့၊ တုမှေ= သင်သူတော်ကောင်း ရဟန်းတို့သည်၊ ဧတံ= ထိုမြတ်စွာဘုရား၏ သီလ သမာဓိ ပညာ သိက္ခာသုံးပါး တည်းဟူသော ဆေးတော်ကြီးကို၊ ပိဝထ= သောက်ကြ သုံးကြပါကုန်လော့။

လောကကြီးထဲမှာ ဆေးတွေ အများကြီးရှိကြတာပဲ။ ရောဂါ ဖြစ်ပွားတဲ့အခါ ကုသဖို့ဆေးတွေကတော့ ပေါပါတယ်။ ကိုယ်၌ဖြစ်ပွားတဲ့ ရောဂါတွေ ကုသဖို့ တိုင်းရင်းဆေးတွေ, အနောက်တိုင်းဆေးတွေ, နိုင်ငံတကာက ထုတ်လုပ်နိုင်ပါတယ်။ စိတ်၌ဖြစ်ပွားတဲ့ ကိလေသာ အနာရောဂါ ကုသဖို့ကျပြန်တော့ ဘုရားရှင်မှတစ်ပါး ကျန်တဲ့သမားတော် တွေ ဆေးဆရာတွေ စိတ်၌ ဖြစ်ပွားနေတဲ့ လောဘ, ဒေါသ အစရှိတဲ့ ကိလေသာအနာရောဂါတွေ ကုဖို့ကျတော့ ဘုရားရှင်မှတစ်ပါး ကျန်တဲ့ ပုဂ္ဂိုလ် ထုတ်စွမ်းနိုင်ခြင်း၊ ကုစွမ်းနိုင်ခြင်း မရှိကြပါဘူး။ ဖေါ်စပ်နိုင်တဲ့ ဆေးအမြင် မရှိကြပါဘူး။ ဒါကြောင့် ဘုန်းကြီးတို့ သုံးလောကထွဋ်ထား မြတ်ဘုရားကိုယ်တော်တိုင် ဖေါ်စပ်ပြီးတော့ထားတဲ့ သီလဆေးတော်, သမာဓိဆေးတော်, ပညာဆေးတော်ကို ယခုလို အချိန်ယူပြီး သောက်သုံး ပြီးတော့ နေကြရတယ်။ စားသုံးပြီးတော့ နေကြရတဲ့အတွက် ဝမ်းမြောက် ဖွယ်ဖြစ်ပါတယ်။ မိမိတို့အတွက် ရကျိုးနပ်တယ်။ အားရကျေနပ်စရာလဲ ဖြစ်ပါတယ်။

မြတ်စွာဘုရား ပေးသနားတော်မူခဲ့တဲ့ ကိလေသာ အနာရောဂါ တို့ ပျောက်ကြောင်း ကောင်းမြတ်တဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး

http://www.dhammadownload.com



ကျင့်စဉ်တရားတို့ကို ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေ။ အားထုတ်ခွင့်ရကြပါစေ။ အားထုတ် ကြိုးစားနိုင်ကြသဖြင့် အထွဋ်အထိပ်သို့ ရောက်ရှိပြီးတော့ ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းပါစေသော်လို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့ တရား စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အနှစ်သာရ**

ယနေ့ ၁၃၆၂ ခု၊ တပို့တွဲလပြည့်ကျော် (၈)ရက်၊ (၂၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ တပို့တွဲလပြည့်နေ့က စတင်ပြီးတော့ ဖွင့်လှစ်ပြီး အားထုတ်ပြီးလာကြတာ ယနေ့ တရားစခန်း အောင်ပွဲ ကျင်းပနေတဲ့အချိန် ဖြစ်ပါတယ်။ မြတ်စွာဘုရား (၄၅)ဝါ ကာလ ပတ်လုံး ဟောကြားတော်မူတဲ့ ဒေသနာတော်တွေထဲမှာ စကားလုံးကြီး (၆)လုံးကတော့ အနှစ်သာရ အဖြစ်နဲ့ တည်ရှိတယ်။

(၁) ဗုဒ္ဓဆိုတဲ့ စကားလုံး

(၂) ဓမ္မဆိုတဲ့ စကားလုံး

(၃) သံဃဆိုတဲ့ စကားလုံး

(၄) အနိစ္စဆိုတဲ့ စကားလုံး

(၅) ဒုက္ခဆိုတဲ့ စကားလုံး

(၆) အနတ္တဆိုတဲ့ စကားလုံး

ဤစကားကြီး (၆)လုံးက ပိဋကတ်တော်မှာ အနှစ်သာရအဖြစ် တည်ရှိပါတယ်။ အဲဒီလို အနှစ်သာရအဖြစ်နဲ့ တည်ရှိတဲ့ စကားကြီး (၆)လုံး။

(၁) ဗုဒ္ဓဂုဏ်တော်ပွားများခြင်း

(၂) ဓမ္မဂုဏ်တော်ပွားများခြင်း

(၃) သံဃဂုဏ်တော်ပွားများခြင်း

(၄) အနိစ္စဉာဏ်ရအောင် အားထုတ်ခြင်း

(၅) ဒုက္ခဉာဏ်ရအောင် အားထုတ်ခြင်း

(၆) အနတ္တဉာဏ်ရအောင် အားထုတ်ခြင်း

အဲလို ကြိုးစားအားထုတ်လိုက်ရသဖြင့် ပိဋကတ်သုံးပုံမှာ အနှစ်သာရအနေနဲ့ တည်ရှိတဲ့ စကားလုံး (၆)မျိုး။ မိမိတို့သန္တာန်မှာ ရရှိအောင် ကြိုးစားခဲ့ရပြီ။ အဲလို ကြိုးစားခဲ့ရတော့ မနေ့ညက စကား ဆက်မယ်ဆိုရင် မြတ်စွာဘုရားတည်းဟူသော သမားတော်ကြီး။

http://www.dhammadownload.com



အဲဒီတော့ အနာရောဂါဖြစ်ပွားပြီးနေတဲ့ ပုဂ္ဂိုလ်မှာ အားကိုးစရာ လေးမျိုးရှိတယ်။

(၁) သမားတော်ကြီးကလဲ အားကိုးစရာ၊
(၂) လက်ထောက်ဆရာတွေလဲ အားကိုးစရာ၊
(၃) ဆေးဝါးခတ်စာများလဲ အားကိုးစရာ၊
(၄) လူမမာရဲ့ ရှောင်သင့် ရှောင်ထိုက်တဲ့ အစာအာဟာရတွေရှောင်၊ စားသင့်စားထိုက်တဲ့ အစာအာဟာရတွေစား၊ သုံးစွဲသင့် သုံးစွဲထိုက်တဲ့ ဆေးဝါးများကို သုံးစွဲခြင်းဆိုတဲ့ မိမိရဲ့ဆောင်ရွက်ချက်ဟာလဲ အားကိုးစရာပါပဲ။

အဲဒီ လေးမျိုးပြည့်စုံလို့ရှိရင် မိမိမှာစွဲကပ်နေတဲ့ အနာရောဂါ ပျောက်ဖို့ သေချာသလောက် ဖြစ်ပါတယ်။ အဲဒီတော့ လောကမှာ အနာရောဂါမျိုးစုံရှိတော့ အဲဒီအနာရောဂါမျိုးစုံ ပျောက်ကင်းမှုနဲ့ ပတ်သက်ပြီးတော့ အားကိုးဖွယ်ရာ (၄)မျိုးရှိသလို။ ဘုန်းကြီးတို့ ကိလေသာအနာရောဂါ စွဲကပ်ပြီးတော့နေကြတဲ့ သတ္တဝါတိုင်း, သတ္တဝါတိုင်း၊ ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်း ကိလေသာအနာရောဂါတွေက ရှိပြီးတော့နေတယ်။ လောဘနာ, ဒေါသနာ, မောဟနာ, မာနနာ အစရှိသည် ဖြင့် ဒီအနာရောဂါတွေဟာ ဘဝတိုင်း, ဘဝတိုင်းကပ်ပြီးတော့ ပါနေပါတယ်။ ဒီအနာရောဂါတွေ ပျောက်ဖို့နဲ့ပတ်သက်ပြီးတော့ အားကိုးဖွယ်ရာ (၄)မျိုး။ မြတ်စွာဘုရားတည်းဟူသော အားကိုးဖွယ်ရာ ကြီးတစ်ခု၊ မြတ်စွာဘုရားရဲ့ အနာပျောက်ကြောင်း ကောင်းမြတ်တဲ့ ဆေးဝါးခတ်စာ အားကိုးဖွယ်ရာတစ်ခု။ အဲဒီ ဆေးဝါး ခတ်စာတွေကို ကျွေးမွေးနေကြတဲ့ ဒီဆေးကောင်း ဝါးကောင်းတွေ၊ နည်းကောင်း စည်းကောင်းတွေ ပျောက်ပျက်တိမ်ကောမှု မရှိအောင် ကိလေသာ အနာရောဂါများ ကုသဖို့ ဆေးဝါးခတ်စာ တရားတော်များကို မပျောက်အောင် စောင့်ထိန်းတော်မူကြတဲ့ အနီးကပ်အားဖြင့် သံဃာတော်များ (ဒီနေရာမှာ တရားခတ်စာကို ထိန်းသိမ်းကြတဲ့

35(B)

http://www.dhammadownload.com



နေရာမှာ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ (၄)မျိုးပဲ။ ဒီလို ပြောရမှာပါ။) ပြီးတော့ မိမိတို့ရဲ့ ဆောင်ရွက်ချက်၊ ရှောင်သင့် ရှောင်ထိုက်တဲ့ ဒုစရိုက်တရားတွေ အကုသိုလ်တရားတွေ **"သဗ္ဗပါပဿ အကရဏံ"** ဆိုတဲ့ ရှောင်ရှားပြီး ဆောင်သင့်ဆောင်ထိုက်တဲ့ ဆေးဝါး ခတ်စာတွေ စားသုံးသကဲ့သို့ ကုသိုလ်တရားတွေ ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ ဘာဝနာကုသိုလ်။ သီလကုသိုလ်၊ သမာဓိကုသိုလ်၊ ပညာ ကုသိုလ် အဲဒီ ကုသိုလ်တရားအဆင့်ဆင့်ဟာ ဆောင်သင့် ဆောင်ထိုက် တဲ့တရားတွေ။ ဒါကြောင့် မိမိတို့ရဲ့ဆောင်ရွက်ချက် မိမိတို့ဆောင်ရွက်ရမဲ့ အချက်တို့ကို ဆောင်ရွက်ခြင်း၊ သုံးစွဲသင့် သုံးစွဲထိုက်တာတွေကိုသုံးစွဲခြင်း၊ ရှောင်သင့်ရှောင်ထိုက်တဲ့ တရားတွေကို ရှောင်ရှားခြင်းဆိုတဲ့ မိမိတို့ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုဟာလဲ အားကိုးစရာတစ်ခုပဲ။

- ဘုရားတည်းဟူသော သမားတော်ကြီး
- တရားတော်တည်းဟူသော ဆေးဝါးခတ်စာ
- ထိုတရားတော်ကို လိုက်နာကျင့်သုံး လက်ဆင့်ကမ်း ပုခုံး ပြောင်းသယ်ဆောင်လာကြတဲ့ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ အစဉ်အဆက် လက်ထောက်ဆရာများ

အဲလို အားကိုးစရာသုံးမျိုး ပြည့်စုံစေကာမူ မိမိကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်မှုက အရေးကြီးပြန်တယ်။ မိမိရဲ့လုပ်ငန်းက အရေး ကြီးပါတယ်။ ယခုအခါမှာ ဘုရားလဲရှိတယ်။ တရားလဲရှိတယ်။ သံဃာလဲ ရှိတယ်။ မိမိတို့အား တရားနည်းလမ်းပြမယ့် ပုဂ္ဂိုလ်တွေလဲ ရှိတယ်။ အဲဒီ အချိန်အခါမျိုးမှာ မိမိတို့ရဲ့အားထုတ်မှုကို ရယူလိုက်ဖို့အားကိုးဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် အားကိုးဖွယ်ဖြစ်တဲ့အတိုင်း ယောဂီသူတော်စင် များလဲ သာသနာတော်နှစ် ၂၅၄၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့။ အဲဒီနေ့က စတင်အားထုတ်လာခဲ့ကြတဲ့ (၂၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း။ ဒီတရားစခန်းမှာ မိမိတို့ရဲ့ ကိသောရောဂါ

36(A)

http://www.dhammadownload.com



ပျောက်ဖို့ရာအတွက် ရှောင်သင့် ရှောင်ထိုက်တဲ့ ဒုစရိုက်တရားတွေ ရှောင်လို့၊ ဆောင်သင့်ဆောင်ထိုက်တဲ့ တရားတွေလဲပဲ မိမိတို့သန္တာန်မှာ ရရှိအောင် အထူးသဖြင့် သီလဆောက်တည်ပြီး သမာဓိရအောင်လဲပဲ ဆောင်ခဲ့ကြပြီ။ ထိုမှတစ်ဆင့်တက်ပြီးတော့ ဝိပဿနာများလဲရအောင် ဆောင်ရွက်ခဲ့ကြပြီ။ အဲဒီလို အားကိုးစရာတွေ အပြည့် အစုံ ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်များဟာ ဒီသံသရာကြီးက လွတ်မြောက်ပြီးတော့ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ရောက်နိုင်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရွှေမြို့တော်သို့ ရောက်ကြောင်း ကောင်းမြတ်တဲ့ အားကိုးဖွယ်ရာလေးခု-

- ဘုရားတည်းဟူသော အားကိုးဖွယ်
- တရားတည်းဟူသော အားကိုးဖွယ်
- သံဃာတည်းဟူသော အားကိုးဖွယ်
- တရားလမ်းညွှန်တဲ့ ပုဂ္ဂိုလ်တည်းဟူသော အားကိုးဖွယ်

တွေ ရရှိပြီး မိမိတို့ကိုယ်တိုင်လဲ ကိလေသာအနာရောဂါ ပျောက်ကြောင်း ကောင်းမြတ်တဲ့ဆောင်ရွက်ချက်များကို ဆောင်ရွက်ပြီးတဲ့အတွက် ဆောင်ရွက်ခဲ့ရတဲ့အတွက် အားရစရာ ကျေနပ်စရာဖြစ်ပြီး မိမိတို့သန္တာန်မှာ လောဘအစရှိတဲ့ ကိလေသာအနာရောဂါ တို့ ပျောက်ကင်းကြောင်း ကောင်းမြတ်တဲ့နည်းနာနိဿယအတိုင်း ဆက်လက်ပြီးတော့ အပြီးတိုင် အားထုတ်နိုင်ကြပါစေကုန်သတည်းလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတော ရကျောင်းစာ သင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ—ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌
ဟောကြားအပ်သော

# (၂၈)ကြိမ်မြောက် လယ်တီဝိပဿနာ

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့။ ဘုန်းကြီးတို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က (၂၈)ကြိမ်မြောက် ကျင်းပပြုလုပ်အပ်တဲ့ (၇)ရက်တရားစခန်း။ ဒီတရားစခန်းမှာ လာရောက်ပြီး အားထုတ်ကြတဲ့ ယောဂီသူတော်စင်များအား စောစောရက်တွေက မိမိတို့ရဲ့ကျေးဇူးရှင် ဆရာတော် ဖြစ်တော်မူတဲ့ ဒီလယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်ရဲ့ ဩဝါဒါစရိယလဲဖြစ်၊ လယ်တီနိကာယကြီးရဲ့ အကျိုးတော်ဆောင် မုံရွာမြို့၊ အရှေ့လယ်တီတိုက်ရဲ့ ပဓာနနာယကဆရာတော် ဦးကုဏ္ဍလက ထိုက်တန်သလောက် တရားဓမ္မချီးမြှင့်တော်မူခဲ့ပါတယ်။ ယနေ့ (၂၈)ကြိမ်မြောက်တရားစခန်းမှာ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရဲ့သမိုင်းကြောင်းကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် (၇)ဆူသော ဘုရားရှင်များ၊ (၂၈)ဆူသော ဘုရားရှင်များ၊ ဂင်္ဂါဝါဠုသဲစု

http://www.dhammadownload.com



အသွင် ပွင့်တော်မူကြတဲ့ဘုရားရှင်များ။ အဲဒီအထဲမှာ ဂေါတမဗုဒ္ဓ ဘုရားရှင် ကိုယ်တော်မြတ်က (၇)ဆူသော ဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကိုလဲ ဟောတော်မူတယ်။ (၂၈)ဆူသော ဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကိုလဲ ဟောတော်မူတယ်။ (၂၈)ဆူကုန်သော ဘုရားရှင်တို့က-

**တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော၊**
**ဒီပင်္ကရောစ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒိပဒုတ္တမော။**

တဏှင်္ကရာ မြတ်စွာဘုရား၊ မေဓင်္ကရာ မြတ်စွာဘုရား၊ သရဏင်္ကရာ မြတ်စွာဘုရား၊ ဒီပင်္ကရာ မြတ်စွာဘုရား၊ ကောဏ္ဍည မြတ်စွာဘုရား။

**မင်္ဂလောစ သုမနောစ၊ ရေဝတော သောဘိတော မုနိ၊**
**အနောမဒဿီ ပဒုမော၊ နာဒရော ပဒုမုတ္တရော။**

မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာ ဘုရား၊ သောဘိတမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား။

**သုမေဓောစ သုဇာတောစ၊ ပိယဒဿီ မဟာယသော၊**
**အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။**

သုမေဓာမြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရား။

**တိဿော ဖုဿောစ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။**
**ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာတိ ဂေါတမော။**

တိဿမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာ ဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား။

http://www.dhammadownload.com



**ဧတေ အဟေသုံသမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ၊**

**အနန္တဂုဏာ သမ္ပန္နေ၊ ဝန္ဒာမေတေ ဒွိပဒုတ္တမေ။**

ဧတေ= ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓါ= ဘုရားရှင်တို့သည်၊ ဝီကရာဂါ= ရာဂကင်းတော်မူကြကုန်၏။ ဒေါသကင်းတော်မူ ကြတော်မူကုန်၏။ မောဟကင်းတော်မူကြကုန်၏။ သမာဟိတာ= မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ တည်ကြည်သော သမာဓိ ရှိတော်မူကြကုန်၏။ အနန္တဂုဏသမ္ပန္နေ= အဆုံးအပိုင်းအခြား မရှိသော ဂုဏ်တော်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူကြကုန်သော။ ဒွိပဒုတ္တမေ= အခြေနှစ်ချောင်းရှိသော ပုဂ္ဂိုလ်သတ္တဝါတို့တွင် အမြတ်ဆုံးဖြစ်ကုန်သော နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို၊ ဝန္ဒာမိ= ရှိခိုးပါ၏။ ဝန္ဒာမ= နှစ်ဆယ်ရှစ်ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း၌ ကြိုးပမ်းအားထုတ်နေကြကုန်သော တပည့် တော်တို့က ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကြပါကုန်၏ဘုရား။

နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်များ ပွင့်တော်မူခဲ့ကြပြီ။ ခုနစ်ဆူကုန်သော ဘုရားရှင်တွေ၊ မဟာပဒာနသုတ္တန်ကြီးမှာ ခုနစ်ဆူသောဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ဘာကြောင့် (၇)ဆူကုန်သော ဘုရားရှင်တို့ကိုသာ ဟောကြားတော်မူသလဲဆိုတော့ (၇)ဆူသော ဘုရားရှင်တို့ရဲ့ သာသနာမှာ သမထဘာဝနာ, ဝိပဿနာဘာဝနာ တရားတော်များကို အားထုတ်ပြီး အရိယာစခန်းတက်လှမ်းပြီးနေကြတဲ့ သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီးတွေက ထင်ရှားရှိပြီးတော့ နေတယ်။ ဒါကြောင့် (၇)ဆူသော ဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကိုသာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။ တစ်ခါတစ်ရံကျတော့ (၂၈)ဆူကုန်သော ဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကိုလဲ ဟောကြားတော်မူတယ်။ ဒါကြောင့် (၂၈)ဆူကုန်သော ဘုရားရှင်တို့ထဲက (၂၄)ဆူသော ဘုရားရှင်တို့ထံမှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် ဗျာဒိတ်တော်ပန်ဆင်ခဲ့တယ်။ ရဟန်းဘဝ အနည်းငယ် ရရှိခဲ့တယ်။ ဒါကြောင့်

http://www.dhammadownload.com



(၂၈)ဆူကုန်သော ဘုရားရှင်တို့ရဲ့ ဗုဒ္ဓဝင်ကိုလဲ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ဂေါ်ဝါဠှ သဲထုမက ပွင့်တော်မူသွားကြတဲ့ ဗုဒ္ဓဝင်ကိုတော့ အကျယ်တဝင့် ဟောကြားတော်မမူခဲ့ပါဘူး။ အဲဒီအထဲမှာ ဘုရားရှင်တိုင်း ဘုရားရှင် တိုင်းမှာ ထူးတဲ့အချက်တွေ ရှိတယ်။ တူတော်မူတဲ့အချက်တွေလဲ ရှိတယ်။ ဘုန်းကြီးတို့ အာဋ္ဌာနာဋိယသုတ် ပရိတ်တရားတော်မှာ-

**သဗ္ဗေ ဗုဒ္ဓါသမသမာ၊ သဗ္ဗေ ဗုဒ္ဓါမဟိဒ္ဓိကာ။**

အလုံးစုံသော ဘုရားရှင်တို့ဟာ အလွန်တူတော်မူကြကုန်တယ်။ အလုံးစုံသော ဘုရားရှင်တို့ဟာ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်တော်မူကြတယ်။

**သဗ္ဗေဒသ ဗလူပေတာ၊ ဝေသာရဇ္ဇေဟု ပါဂတာ။**

အလုံးစုံသော ဘုရားရှင်တို့ဟာ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနဲ့ ပြည့်စုံတော်မူကြတယ်။ ဝေသာရဇ္ဇဉာဏ်လေးပါးနဲ့လဲ ပြည့်စုံတော်မူကြတယ်။

**သီဟနာဒံ နဒန္တေတေ၊ ပရိသာသု ဝိသာရဒါ။**
**ဓမ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပဋိ ဝတ္တိယံ။**

ဘုရားရှင်တို့ဟာ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသော စကားကို ဆိုတော်မူကြတယ်။ လောကသားအားလုံးက နတ်တွေ, လူတွေ, ဗြဟ္မာတွေက မှားပါတယ်လို့ အံမတုနိုင်တဲ့ ဓမ္မစကြာဒေသနာ တရားတော်ကိုလဲ ဟောကြားတော်မူပါတယ်။ ဒီဂုဏ်တော်တွေဟာ အားလုံး အတူတူပါပဲ။ ထူးခြားတဲ့အချက်တွေလဲ ရှိပါသေးတယ်။ တစ်ပါးနဲ့တစ်ပါး, တစ်ဆူနဲ့တစ်ဆူ မတူတဲ့ အချက် (၅)မျိုးရှိပါတယ်။ အဲဒါတွေက ဘာလဲဆိုတော့-

(၁) အာယုဝေမတ္တ = သက်တမ်းမတူကြပါဘူး။

ဒီပင်္ကရာမြတ်စွာဘုရား လူတို့ရဲ့သက်တမ်း အနှစ်တစ်သိန်း တမ်းမှာ ပွင့်တော်မူတယ်။ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား အနှစ်တစ်ရာတမ်းမှာ ပွင့်တော်မူပါတယ်။ တစ်သိန်းတမ်းရဲ့အထက်မှာလဲ ဘုရားမပွင့်ဘူးတဲ့။ ဘာကြောင့်လဲလို့ဆိုတော့ တစ်သိန်း တမ်းအထက်မှာ

http://www.dhammadownload.com



အိုနာသေဆိုတာကို တော်တော်နဲ့မတွေ့ရဘူး။ အိုတဲ့ပုဂ္ဂိုလ်တွေ့ဖို့လဲ ခက်တယ်။ နာတဲ့ပုဂ္ဂိုလ်တွေဖို့လဲ ခက်တယ်။ မသာတစ်ခုတွေ့ဖို့ရာ အင်မတန်ခက်တယ်။ မသာတစ်ခုကြည့်ဖို့ ထမင်းထုပ်နဲ့ သွားကြရတယ်။ ဒါကြောင့် တစ်သိန်းတမ်း ဟိုဘက်မှာ မြတ်စွာဘုရား ပွင့်တော်မမူဘူး။ ဘုရားရှင်တို့ဟာ အိုနာသေတရားတွေနဲ့ ဒုက္ခသစ္စာကိုပြပြီးတော့မှ တရားဟောတော်မူကြတယ်။ အနှစ်တစ်ရာ တမ်းအောက်မှာလဲ အခုအချိန်မှာ ဘုရားမပွင့်ဘူး။ ဘုရားပွင့်တော်မူတဲ့ အချိန်က လူတို့ရဲ့သက်တမ်းက တစ်ရာမှာ ပွင့်ပါတယ်။ အနှစ်တစ်ရာ တမ်းအောက်မှာ ဘာကြောင့် မပွင့်ပါသလဲဆိုရင် မြတ်စွာဘုရားရှင်တို့ရဲ့ အဆုံးအမများဟာ ကြာရှည်စွာမတည်တန့်နိုင်ဘူး။ ရေထဲမှာ ဒုတ်နဲ့ရေးသားလိုက်သလို ချက်ခြင်းပဲ ပျောက်ကွယ်ပြီးတော့ သွားတတ်တယ်။ ဒါကြောင့်မို့ ပွင့်တော်မမူကြဘူး။ အဲဒီလို သက်တမ်းတစ်ဆူနဲ့တစ်ဆူ မတူကြဘူး။

(၂) မြတ်စွာဘုရားတို့ရဲ့ အရပ်တော်ပမာဏ မတူကြဘူး။

ဒီပင်္ကရာမြတ်စွာဘုရားရဲ့ အရပ်တော်ဟာ အတောင် (၈၀)။ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားရဲ့ အရပ်တော် (၁၈)တောင်။

(၃) ကုလဝေမတ္တ = အမျိုးအနွယ်အားဖြင့်လဲ မတူကြဘူး။ ဟိုအခါတုန်းက အမျိုးအနွယ်က (၄)မျိုး ရှိတာကိုး။

ယခုအခါမှာတော့ အမျိုးအနွယ်တွေဟာ မြောက်များစွာရှိနေကြတယ်။ ကမ္ဘာဦးအခါ ထင်ရှားရှိနေတဲ့အမျိုးကြီး လေးပါးထဲက မင်းမျိုးနဲ့ ပုဏ္ဏားမျိုး။ အဲဒီ (၂)မျိုးကသာ ဘုရားဖြစ်ပါတယ်။ ဒါကြောင့် ကုလဝေမတ္တ အမျိုးအနွယ်လဲ မတူကြဘူး။

(၄) ပဓာနဝေမတ္တ = ဘုရားဖြစ်ဖို့ရာ တရားအားထုတ်ချိန်ဟာ မတူကြဘူး။

ကဿပမြတ်စွာဘုရား ခုနစ်ရက်လေးတရားအားထုတ်တာနဲ့ ခုနစ်ရက်လေးနဲ့ ဘုရားဖြစ်ပါတယ်။ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား

http://www.dhammadownload.com



ပါရမီတရားတော်တွေ ဖြည့်ကျင့်လာခဲ့ပါသော်လဲ (၆)နှစ် ဒုက္ကရစရိယ ကျင့်ပြီး တော့မှ ဘုရား ဖြစ်ပါတယ်။ အဲလို တရားအားထုတ်ချိန်ဟာ တစ်ဆူနဲ့တစ်ဆူ မတူပါဘူး တဲ့။ ဘုရားဖြစ်ခါနီး တရားအားထုတ်ချိန် မတူတာကို ပြောတာပါ။

(၅) ရသ္မိဝေမတ္တ = ရောင်ခြည်တော်နယ်ပယ် မတူ။

အချို့ဘုရားရှင်တို့ရဲ့ ရောင်ခြည်တော်ဟာ အတောင်(၈၀)။ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ဟာ တစ်လံမျှသာ ရှိပါတယ်။ သို့သော်လဲ မြတ်စွာဘုရားရဲ့ အလိုဆန္ဒအတိုင်း ဒီရောင်ခြည် တော်ဟာ အမြဲတမ်းဖြစ်ပေါ်ပြီးတော့ နေပါတယ်။ အကယ်၍ တစ်လောကလုံးကို ရောင်ခြည်တော်လင်းစေလိုလျှင်လဲ ဂေါတမမြတ်စွာ ဘုရားရဲ့ ရောင်ခြည်တော် လင်းနိုင်ပါတယ်။ သို့သော် ဘုရားရှင်တို့ရဲ့ အဇ္ဈာသယတစ်ပါးနဲ့တစ်ပါး, တစ်ဆူနဲ့တစ်ဆူ အဇ္ဈာသယ အလိုဆန္ဒ တော်ကို အခြေခံပြီးတော့ တစ်ပါးနဲ့ တစ်ပါး ရောင်ခြည်တော် ကွန့်မြူး ပုံချင်း ပမာဏချင်း မတူကြဘူး။ အဲဒီ အချက်အလက်တွေကတော့ တစ်ဆူနဲ့တစ်ဆူ ခြားနားပါတယ်။ သို့သော်လဲပဲ အခြားအခြား ဘုရားဂုဏ်တော်တွေက အရဟံအစရှိသော ဂုဏ်တော်တွေကတော့ မထူးပါဘူး။ ဒါဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရား သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးပေါင်းပြီး ခေါ်တော့ မဂ္ဂင်(၈)ပါး။ အခု ယောဂီ သူတော်စင်များ အားထုတ်နေကြတဲ့ သမထဝိပဿနာတရား၊ သီလ အခြေခံပြီး သမထတရား, ဝိပဿနာတရား။ အဲဒီ သမထတရား, ဝိပဿနာတရား, သီလသမာဓိပညာ ကျင့်ကြံကြိုးကုတ် အားထုတ်ပုံ ညွှန်ကြားချက်တွေဟာ တစ်ဆူနဲ့တစ်ဆူ အတူတူပါပဲ။ ဒါကြောင့် သဟမ္ပတိ ဗြဟ္မာမင်းကြီးက "ရှေးအခါတုန်းက ဘုရားရှင်များလဲပဲ ဒီသတိပဋ္ဌာန်လမ်းစဉ်နဲ့ သံသရာဝဲသြဃရေအယဉ်မှ ထွက်မြောက်ကြပြီး ယခု ပစ္စုပ္ပန်ဘုရားရှင်များလဲ ဤသတိပဋ္ဌာန်လမ်းစဉ်နဲ့ပဲ သံသရာ ဝဲသြဃရေအယာဉ်မှ လွတ်မြောက်ဆဲ နောင်ပွင့်တော်မူလာကြမည့်

http://www.dhammadownload.com



ဘုရားရှင်တို့ဟာလဲ သတိပဋ္ဌာန်လမ်းစဉ်နဲ့ပဲ သံသရာဝဲဩဃ ရေအယာဉ်က လွတ်မြောက်တော်မူကြမှာပါပဲလို့ လျှောက်ထားခဲ့တယ်။ အဲဒီတော့ ယနေ့ (၂၈)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များလဲ ဂေါတမရှင်တော်ဘုရားကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်မြတ်ကြီးအတိုင်း အားထုတ်ပြီး နေကြတယ်။ ဂေါတမမြတ်စွာဘုရား တစ်ဆူထဲ ပြသတော်မူတဲ့ နည်းနိဿယဆိုတော့ မဟုတ်ပါဘူးတဲ့။ (၇)ဆူသော ဘုရားရှင်တို့ကလဲ ဒီအတိုင်းပဲ။ ဟော- (၂၈)ဆူသော ဘုရားရှင်တို့ရဲ့လမ်းစဉ်တော်ကလဲ ဒီအတိုင်းပဲ။

(၁) ကာယာနုပဿနာသတိပဋ္ဌာန်

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်

အဲဒီလေးမျိုးကနေပြီးတော့ ကာယာနုပဿနာ ရုပ်အပေါင်း နာမ်အပေါင်းကိုလဲ အစိတ်စိတ် အမွှာမွှာ မြတ်စွာဘုရား မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်ကြီးမှာ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီဟောကြားတော်မူခဲ့တဲ့ နည်းနိဿယတွေထဲက အာနာပါနပဗ္ဗကထာဒေသနာတော်လာအတိုင်း ထွက်လေ ဝင်လေကို အခြေခံပြီးတော့ မိမိတို့ရဲ့စိတ် တည်ကြည်မှုရအောင် အားထုတ်ခဲ့ကြတယ်။ အဲဒီကနေပြီးတော့ တစ်ဆင့်တက်ပြီး စိတ်လေးတည်ကြည်လို့ စိတ်ကလေးရှင်းလို့ လင်းလို့ ဖြစ်တဲ့အခါ မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်။ အဲဒီ ဝါယောရုပ်ကို ရှုမှတ်နေတဲ့စိတ်။ အခြားအခြားမိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ပူအေး တေဇောရုပ်၊ ပူတယ်, အေးတယ်လို့ ခေါ်တဲ့ တေဇောရုပ်၊ တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်။ အဲဒီရုပ်တွေနဲ့တွဲစပ်ပြီးဖြစ်ပေါ်နေတဲ့ နာမ်တရားတွေ တစ်ပိုင်းခြင်း တစ်ပိုင်းခြင်း၊ တစ်ကန့်ခြင်း တစ်ကန့်ခြင်း ဤကားရုပ်, ဤကားနာမ်၊ ဤရုပ်, ဤနာမ်

http://www.dhammadownload.com



တို့ရဲ့ အမှတ်တံဆိပ်၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဆိုတဲ့ အမှတ်တံဆိပ်တွေကို မြင်အောင် ထင်အောင်ကြည့်တဲ့နည်း။ ဤဒီသမထနည်းရယ်၊ ဝိပဿနာနည်းရယ် ဒီနည်းတွေဟာဖြင့် အဆူဆူသော ဘုရားရှင်တို့ရဲ့ နည်းနိဿယတွေ အတူတူပဲ။ တစ်ပါးနဲ့ တစ်ပါး တစ်ဆူနဲ့တစ်ဆူ မထူးပါဘူး။ ဒါကြောင့်မို့ (၂၈)ကြိမ်မြောက် တရားစခန်းမှာ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ မိမိတို့သည် ရှေးရှေးပွင့်တော်မူကြတဲ့ တဏှင်္ကရာ အစရှိသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ရဲ့နည်း။ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ ဟောကြားတော်မူတဲ့ သမထနည်း၊ ဝိပဿနာဘာဝနာ အားထုတ်နည်း။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က ကင်းဝန်မင်းကြီးရဲ့အိမ်မှာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ ဒကာ ဒကာမတွေ သမထဘာဝနာတရား, ဝိပဿနာဘာဝနာတရား အားထုတ်တတ်ကြဖို့ (၃)ညဥ့်တိုင်တိုင် ဟောကြားတော်မူခဲ့တဲ့နည်း။

လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်က အနာဂါမ်ဆရာသက်ကြီး လူသူတော်စင်ကြီး တရားရှာပြီးနေတော့ ဆရာရှာနေတဲ့အခါ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးနဲ့ တွေ့တဲ့အခါမှာ အနာဂါမ် ဆရာသက်ကြီးအား ဆရာတော်ကြီးက ဒီလိုအားထုတ်, ဒီနည်းနဲ့ အားထုတ်လို့ ဆိုပြီးတော့ ညွှန်းပြတော်မူခဲ့တဲ့ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ အားထုတ်နည်း။ အဲဒီနည်းတွေကို ဆက်လက်ပြီးတော့ လက်ဆင့်ကမ်းပုခုံးပြောင်းပြီးတော့ (၂၈)ဆူကုန်သော ဘုရားရှင်တို့ ဟောကြားတော်မူခဲ့တဲ့နည်း။ ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီ ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့နည်း။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက အနာဂါမ်ဆရာသက်ကြီးအား သာမန်ပုထုဇဉ်လူသားဘဝမှ အနာဂါမ်ဘဝရောက်အောင် ညွှန်းပြတော်မူ ခဲ့တဲ့ နည်းနာနိဿယအတိုင်း မိမိတို့အားထုတ်ရတယ်။ အားထုတ် ကြိုးစားလို့ (၂၈)ကြိမ်မြောက် (၇)ရက်တရားစခန်း သမထ ဘာဝနာ,

http://www.dhammadownload.com



ဝိပဿနာဘာဝနာ စခန်းတွေမှာ မိမိတို့ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြိုးစားရတဲ့အတွက် "လူ့ဘဝရကျိုးနပ်ပေစွ"၊ "သာသနာတော်ကြီးနဲ့တွေ့ရကျိုးနပ်ပေစွ"လို့ စိတ်ထဲမှာ အားရကျေနပ်ပြီး ဆက်လက်ပြီးတော့ အရဟတ္တဖိုလ် မရောက်မချင်း အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် မရောက် မချင်း ဆက်လက်ပြီး အားထုတ်နိုင်ကြပါစေဟု တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါပေတသည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## မဟာဝေသာရဇ္ဇဉာဏ်တော်

ယနေ့ ၁၃၆၂ ခု၊ တပေါင်းလပြည့်ကျော် (၈)ရက်နေ့။ လောက သားအားလုံးတို့အား ချမ်းသာသုခပေးတတ်သော ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါး ဦးထိပ်ထားပြီး (၂၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲခံ သောနေ့ (၂၈)ကြိမ်မြောက် တရားစခန်းမှာ ယောဂီသူတော်စင်များ အောင်ပွဲခံသောနေ့။ ယောဂီသူတော်စင်များ သီလကို အခြေခံပြီးတော့ သမထဘာဝနာ, ဝိပဿနာဘာဝနာများ အားထုတ်ခဲ့ကြပြီ။ (၂၈)ဆူ သော ဘုရားရှင်တို့၏ ဉာဏ်တော်တွေ, တန်ခိုးတော်တွေထဲက မဟာ ဝေသာရဇ္ဇဉာဏ်တော် လေးပါးဆိုတာ ရှိတယ်။ မဟာဝေသာရဇ္ဇဉာဏ် တော်ဆိုတာ ပရိသတ်(၄)ပါး၊ ပရိသတ်(၈)ပါး အလယ်မှာ မြတ်စွာဘုရား ရဲရဲတင်းတင်း ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာ မိန့်ကြားတော်မူခဲ့တဲ့ အရာဌာနလေးခု။

**အန္တရာယေစ နိယျာနေ၊ ဗုဒ္ဓတ္တေ အာသဝက္ခယေ။**
**စတူသွေ တေသု ဌာနေသု၊ ဝန္ဒေ ဗုဒ္ဓံ ဝိသာရဒံ။**

အန္တရာယေစ= ကံ, ကိလေသ, ဝိပါကနှင့် ဝါဒ, တိက္ကမာ ဉာဏ်ငါးဖြာတို့၏ မဂ်ဖိုလ်နိဗ္ဗာန် ဖီဆန်နှောင့်ယှက်တတ်သည့် အဖြစ်၌ လည်းကောင်း၊ (မြတ်စွာဘုရား ရဲရဲတင်းတင်း မိန့်ကြားတော်မူတဲ့ စကားတော်တွေ ဘယ်လိုနေရာမှာလဲလို့ဆိုတော့ မဂ်ဖိုလ် နိဗ္ဗာန်ကို အန္တရာယ်ပြုတတ်တဲ့ တရားတွေနဲ့ပတ်သက်ပြီးတော့ ရဲရဲတင်းတင်းပဲ မိန့်ကြားတော်မူတယ်။) ကံ, ကိလေသ, ဝိပါကနှင့် ဝါဒ, တိက္ကမာ ဉာဏ်ငါးဖြာ၊ ကံ = ပဉ္စာနန္တရိယ ကံကြီးငါးပါး ထိုက်နေပြီဆိုရင်ဖြင့် မာတုဃာတကအစရှိတဲ့ ကံကြီးတွေထိုက်နေပြီ ဆိုရင် ဒီဘဝမဂ်ဖိုလ် နိဗ္ဗာန် မရနိုင်ဘူး။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ရနိုင်ပါတယ်ဆိုရင် မှားယွင်းတဲ့ပြောဆိုချက်ပဲ။ ငါဘုရားကတော့ မုချမရနိုင်ဘူးလို့ ပြောရဲတယ်။

http://www.dhammadownload.com



ကိလေသာ= နိယတမိစ္ဆာဒိဋ္ဌိ= မိစ္ဆာဒိဋ္ဌိ အယူမြဲနေတဲ့ ပုဂ္ဂိုလ်များလဲ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး။ ဝိပါက= အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေ တည်နေတဲ့ ပုဂ္ဂိုလ်များလဲ ဒီဘဝမဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး။ အရိယူပဝါဒ= အရိယာများကို စွပ်စွဲကဲ့ရဲ့တဲ့ ပုဂ္ဂိုလ်များလဲ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးတဲ့။ အာဏာဝီတိက္ကမ= မြတ်စွာဘုရားရဲ့ အာဏာဒေသနာတော်ဖြစ်တဲ့ သိက္ခာပုဒ်တော်များ ကျူးလွန်ပြီးတော့ နေမယ်ဆိုရင်လဲ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး။

အဲဒီ (၅)မျိုးနဲ့ပတ်သက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အန္တရာယ်ပြုတတ်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတဲ့နေရာမှာ ကြောက်ရွံ့ခြင်းကင်းရဲတင်းတော်မူတယ်။ နိယျာနေ= မဂ္ဂင်(၈)ပါးတို့၏ သံသရာဝဋ်စက်မှ ထွက်မြောက်တတ်သည်၏ အဖြစ်၌လည်းကောင်း၊ အခု ယောဂီသူတော်စင်များ ကျင့်သုံးကြတဲ့ သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါး ကျင့်စဉ်တရား၊ အကျယ်အားဖြင့်တော့ မဂ္ဂင်(၈)ပါး၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဟာသတိပဋ္ဌာန်တရား၊ အဲဒီလမ်းစဉ်ကြီးဟာ သံသရာဝဋ်စက်က ထွက်မြောက်နိုင်တယ်။ မုချဧကန် ထွက်မြောက်နိုင်တယ်လို့ ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာမိန့်ကြားတော်မူနိုင်တဲ့ဉာဏ်တော်။

အခု ယောဂီသူတော်စင်များ (၂၈)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်းဝင်ပြီးတော့ တရားအားထုတ်ကြတယ်။ မိမိတို့ စောင့်ထိန်းတဲ့ သီလ, သမာဓိ, ပညာသည် သံသရာဝဋ်စက်မှ မုချထွက်မြောက်ကြောင်း ဧကန်လို့ယုံကြည်ပြီးတော့လဲ အားထုတ်ကြတယ်။ သံသရာဝဋ်စက်က မလွတ်မချင်းလဲ ဒီတရားပဲ အားထုတ်ကြရမှာလဲ ဒီလမ်းစဉ်ပဲ။ ဒီလမ်းစဉ်ဟာ "နိယျာနိက" သာသနာတော်က ပေးတော်မူတဲ့ "စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"ဆိုတဲ့ စကားတော် အတိုင်း ဒီတရားတော်ကို ကျင့်ပါ။ ကျင့်လို့ရှိရင် ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းနိုင်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူချက်ဟာလဲ မမှားဧကန် စစ်စစ် မှန်တဲ့စကားတော်ပါပဲ။

http://www.dhammadownload.com



ဗုဒ္ဓတ္တေ = သစ္စာလေးပါးတရားကို သိမြင်တော်မူသည်၏အဖြစ်၌လည်းကောင်း၊ သစ္စာလေးပါး သိတော်မူသည့် နေရာမှာလဲ ရဲရဲတင်းတင်းပဲ "ငါသစ္စာတရားတွေ သိပြီ၊ သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရပြီ"လို့ မိန့်တော်မူတယ်။ အာသဝက္ခယေ= အာသဝေါလေးတန်တို့ကို ကုန်စေတတ်သည့် မဂ်ဉာဏ်၊ အာသဝေါလေးတန်တို့ ကုန်ပြီးတဲ့ ဖိုလ်ဉာဏ်၊ အာသဝေါတရားတို့၏ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်၊ အဲဒီအာသဝက္ခယဉာဏ်နဲ့ ပတ်သက်ပြီးတော့လဲပဲ မြတ်စွာဘုရား ရဲတင်းတော်မူတယ်။ ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာပဲ မိန့်ကြားတော်မူတယ်။ ဧတေသု စတူသုဌာနေသု= ဤလေးပါးသော အရာဌာနတို့၌၊ ဝိသာရဒံ= ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူသော၊ ဗုဒ္ဓံ= မြတ်စွာဘုရားကို၊ မယံ= အကျွန်ုပ်တို့သည်၊ ဝန္ဒေ- ဝန္ဒာမ= ရှိခိုးကြပါကုန်၏။

ဒီဉာဏ်တော်လေးပါးဟာ မဟာဝေသာရဇ္ဇဉာဏ်တော်လေးပါး။ (၇)ဆူသော ဘုရားရှင်တို့မှာလဲ ဒီဉာဏ်တော်တွေ ရှိတာပဲ။ (၂၈)ဆူသော ဘုရားရှင်တို့လဲ ဒီဉာဏ်တော်တွေရှိတာပဲ။ ဂင်္ဂါဝါဠုသဲစုအသွင် ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့မှာ ဒီဉာဏ်တော်တွေ ရှိတာပဲ။ အဲဒီတော့ (၂၈)ဆူသော ဘုရားရှင်တို့ သံသရာဝဋ်စက်မှ ထွက်မြောက်ကြောင်းကောင်းမြတ်တဲ့ မဂ္ဂင်လမ်းစဉ်ကို ချမှတ်ပြီး တော့ထားတယ်။ (၇)ဆူသော ဘုရားရှင်တို့ကလဲဒီလမ်းစဉ်ကိုပဲ ချမှတ်လို့ထားခဲ့တယ်။ ဒီလမ်းစဉ်အတိုင်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လို့ရှိရင် သံသရာဝဋ်စက်က ထွက်မြောက်နိုင်တယ်။ နိဗ္ဗာန်လမ်းပြထားခဲ့တယ်။ အထူးအားဖြင့် ဂေါတမရှင်တော် မြတ်ဘုရား (၂၄)သင်္ချေ၊ ကုဋေ (၆၀)၊ ဗိုလ်ခြေတစ်သိန်းတို့ကို နိဗ္ဗာန်လမ်းပြပြီးတော့ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ ဆောင်ယူပြီးတော့ ကြွတော်မူသွားခဲ့တယ်။ အဲဒီလို နိယျာနိက သာသနာတော်က သံသရာဝဋ်စက်မှ ထွက်မြောက်ကြောင်းဖြစ်တဲ့ လမ်းစဉ်ကို ပေးတော်မူခဲ့သော်လဲပဲ မိမိတို့ လူတိုင်း, လူတိုင်းတော့လဲ အားထုတ်ဖြစ်တာမဟုတ်ဘူး။ တစ်ရာမှာတစ်ယောက်၊ တစ်ထောင်မှာတစ်ယောက်၊

http://www.dhammadownload.com



တစ်သောင်းမှာတစ်ယောက်ဆိုသလို ဒီလိုနိယျာနိကဓမ္မ သံသရာဝဋ္ဋ်စက်မှ ထွက်မြောက်ကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ အားထုတ်ဖြစ်တာ။ မိမိတို့ ဘုရားသာသနာအတွင်း ကြုံကြိုက်ခြင်းရှိကြပြီး သက်တမ်းအားဖြင့် (၇၅)(၈၀)၊ ဒီကာလလေးမှာ တစ်ကြိမ်တစ်ခါလောက် အားထုတ်ဘူးတယ် လို့ဆိုရင် မိမိတို့အိမ် မိမိတို့ဌာနအသီးအသီးမှာ နေကြထိုင်ကြတဲ့အခါမှာ ဆက်အားထုတ်ကြပါ။ တရားနိဂုံးအနေနဲ့-

**စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။**

**ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။**

**ဧတေန သစ္စဝဇ္ဇေန၊ ဟောတု ဝေါ ဇယမင်္ဂလံ။**

နာယကော= လူသုံးပါးတို့၏ လမ်းပြဖြစ်တော်မူသော၊ မဟာဝီရော= မကြောက်မရွံ့ နောက်မတွန့်ပဲ ရဲဝင့်ကြီးမား လုံ့လများတော်မူသော မြတ်ဘုရားသည်၊ ဂမ္ဘီရေ= နက်ရှိုင်းလှစွာသော၊ သံသာရဏ္ဏဝေ= သံသရာတည်းဟူသော ပင်လယ်သမုဒ္ဒရာကြီး၌၊ စတုရောဃေဟိ= ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဟုဆိုအပ်သော ရေအယဉ်ကြီးတို့ဖြင့်၊ ဝုယှန္တေ= မြုတ်မျော၍နေကြကုန်သော သူတို့ကို၊ ဓမ္မနာဝါယ= တရားတည်းဟူသော လှေသင်္ဘောဖြင့်၊ ဥတ္တာရေသိ= သံသရာဝဲဩဃထဲမှ ထုတ်ဆွဲ ကယ်တင်တော်မူပါပေပြီ။ တံ= ထိုသံသရာ ဝဲဩဃ ရေအလျင်မှ နည်းပေးလမ်းပြ၍ ထုတ်ဆယ်ကယ်တင်တော်မူတတ်တဲ့ မြတ်ဘုရားကို၊ မယံ= အကျွန်ုပ်တို့သည်၊ ဝန္ဒာမ= ရှိခိုးကြပါကုန်၏။ ဧတေနသစ္စဝဇ္ဇေန= သံသရာဝဲဩဃ ရေအလျင်မှ နည်းပေးလမ်းပြ၍ ထုတ်ဆယ်ကယ်တင်တော်မူတတ်သော ဗုဒ္ဓဘုရားမှန်ပါပေ၏။ ဤသို့ မှန်ကန်သော သစ္စာစကားပြောဆိုရခြင်း ကြောင့်၊ ဝေါ တုမှာကံ= (၂၈)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းတွင် ကြိုးပမ်းအားထုတ်ပြီးကြကုန်သော သင်ယောဂီ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား၊ ဇယံမင်္ဂလံ= အောင်ခြင်း မင်္ဂလာအဖြာဖြာသည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။

37(A)

http://www.dhammadownload.com



ဘုန်းကြီးတို့ အခုရှိနေတဲ့ ပင်လယ်သမုဒ္ဒရာတွေ ပေပေါင်းရာနဲ့ ထောင်နဲ့ချီပြီးတော့ နက်ရှိုင်းကြတယ်။ အဲဒီ နက်ရှိုင်းတာထက် ပိုပြီးတော့ သံသရာတည်းဟူသော ပင်လယ်သမုဒ္ဒရာကြီးက ပိုနက်ရှိုင်းပါတယ်။ အဲဒီ နက်ရှိုင်းလှတဲ့ သံသရာသမုဒ္ဒရာကြီးထဲမှာ **"ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ"**ခေါ်တဲ့ ကာမအာရုံတည်းဟူသော ရေအလျဉ်ကြီး၊ ဘဝတည်းဟူသော ရေအလျဉ်ကြီး၊ မိစ္ဆာဒိဋ္ဌိဆိုတဲ့ ရေအလျဉ်ကြီး၊ အဝိဇ္ဇာမောဟဆိုတဲ့ ရေအလျဉ်ကြီး၊ အဲဒီ ရေအလျဉ်ကြီးလေးမျိုးတို့မှာ မြုပ်မျောပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို မြတ်စွာဘုရားက တရားတည်းဟူသော လှေဖောင်ကြီးဖြင့် နည်းပေးလမ်းပြ၍ ကယ်တင်တော်မူတယ်။

အဲဒီ ကယ်တင်တော်မူတဲ့ လှေဖောင်နဲ့တူတဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး၊ တစ်နည်းအားဖြင့် မဂ္ဂင် (၈)ဖြာ၊ တစ်နည်းအားဖြင့် မဟာသတိပဋ္ဌာန်။ မိမိတို့ အားထုတ်ခဲ့ကြတဲ့ တရားတော်ဟာ ဒီသံသရာ ရေအလျဉ်က ထွက်မြောက်ဖို့ရန်အတွက် ဒီတရားယာဉ်ကြီးကို စီးပြီးမှ ထွက်မြောက်နိုင်ကြ။ အဲဒီလို တရားယာဉ်ကြီးကို စီးနိုင်ခွင့်ရဖို့ဆိုတာ လူတိုင်း, လူတိုင်း မဖြစ်နိုင်ဘူး။ ဒါကြောင့် မိမိတို့ အကြောင်းအား လျော်စွာ အချိန်လဲရလို့၊ အားထုတ်ချင်တဲ့ စိတ်လဲရှိလို့ အားထုတ်ခဲ့ကြပြီ။ အဲဒီလို အားထုတ်ခဲ့ကြတော့ စောစောကပြောတဲ့အတိုင်း ဘုရားရှင်တို့ရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်းကြီးကို နေရာဌာန အသီးသီးမှာ ဆက်လက်ပြီးတော့ ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။ အားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ—ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

# (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ

## ရပ်ပြစ်ရှစ်ပါး

ယနေ့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပေါင်းလကွယ်နေ့ဆိုတော့ ၁၃၆၂ ခုနှစ်ရဲ့ နောက်ဆုံးလ။ ရန်ကုန်တိုင်း၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်မှာ ဖွင့်လှစ်အပ်တဲ့ (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ ဒီတရားစခန်းမှာ လာရောက်ပြီးတော့ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ မိမိတို့ ရှေးအစဉ်အလာအားဖြင့် ဆုတောင်းပြီးလာကြတဲ့ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး စသည်တို့မှ လွတ်ပါရစေလို့ ဆုတောင်းပြီး နေကြတယ်။ ဆုတောင်းတဲ့အတိုင်းလဲ ယခုလက်ရှိဘဝဟာ အပါယ်လေးပါးမှလဲလွတ်နေ၊ ကပ်သုံးပါးကလဲ လွတ်နေ၊ ရပ်ပြစ်ရှစ်ပါးကလဲ လွတ်ကင်းနေ၊ လက်ရှိဘဝဟာ အချို့ဆုတောင်းပြည့်နေတဲ့ ဘဝပါပဲ။ ရပ်ပြစ်ရှစ်ပါးဆိုတာ ဘာလဲဆိုတော့-

38(A)

http://www.dhammadownload.com



အခဏ = အချိန်အခါမဟုတ်ဘူး။

အသမယ = မွန်မြတ်တဲ့အကျင့်များကို ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ အခွင့်မသာတဲ့အချိန်။
တစ်နည်းအားဖြင့် အခါဆိုး အခါကြမ်းကြီး အခါပျက်တွေ (၈)မျိုး။

အဲဒီ အခါဆိုး အခါကြမ်း အခါပျက် (၈)မျိုးကို လွန်မြောက်နိုင်မှ (၉)ခု မြောက် အချိန်ကောင်း အခါကောင်းနဲ့ တွေ့ကြရမှာ။ ယခု စောစောကပြောတဲ့ အချိန်ဆိုး အခါဆိုးကြီး အခါပျက်တွေ (၈)မျိုးကို လွန်မြောက်ပြီးတော့ (၉)ခုမြောက်ဖြစ်တဲ့ အချိန်ကောင်း အခါကောင်း အခွင့်ကောင်း ကြုံနေကြပြီ။ အချိန်ဆိုး အခါဆိုး (၈)မျိုးကိုပဲ ရပ်ပြစ် (၈)ပါးလို့ ခေါ်ကြရတယ်။ အဲဒီ ရပ်ပြစ်(၈)ပါးကို စဉ်းစားကြည့်လိုက်တဲ့ အခါ ရပ်ပြစ်(၈)ပါးအတွင်းမှာ ရပ်ပြစ်(၈)ပါးနဲ့ ကြုံတွေ့နေကြရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒုနဲ့ဒေးပါလားလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ “ဘုရားပွင့်စဉ် ပါယ်သုံးခွင် နတ်လျှင်သက်တမ်းရှည်” ဘုရားပွင့်တဲ့ အချိန်မှာ ဘုရားသာသနာ ပွင့်လင်းစည်ပင်နေတဲ့ အချိန်မှာ အချို့ပုဂ္ဂိုလ်တွေက ငရဲရောက်နေတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက တိရစ္ဆာန် ဖြစ်နေတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ပြိတ္တာဖြစ်နေတယ်။ ဘုရားကတော့ ပွင့်ပါရဲ့။ သို့သော် မိမိက တိရစ္ဆာန်ဖြစ်နေရင် ဒါဟာ အချိန်ဆိုး အခါဆိုးပဲ။ i&U a&mu a&e&ifaymp&mrv W 1/i&q W pu m,u ]**နိရယ**”ဆိုတဲ့ စကားလေးက လာတာကိုး။ နိရယ= နိ-အယ၊ အယဆိုတာ တိုးတက်ကြီးပွားခြင်း၊ နိ- မရှိဘူး။ တိုးတက်ကြီးပွားခြင်း လုံးဝမရှိတဲ့နေရာသည် နိရယ= ငရဲ။ ဒီလို ခေါ်ရတယ်။

အကယ်၍ တိရစ္ဆာန်ဘုံရောက်နေတယ်ဆိုရင်လဲ အခါဆိုး အခါပျက်နဲ့ကြုံတယ်လို့ ခေါ်ရတယ်။ ပြိတ္တာဘုံရောက်နေရင်လဲ အခါဆိုး အခါပျက်နဲ့ကြုံတယ်။ ဘုရားကတော့ ပွင့်ပါရဲ့။ ပွင့်ပေမယ့် ဒီအပါယ် လေးဘုံထဲက (၃)ဘုံကို ရောက်နေရင် ဒါအခါဆိုး အခါပျက်။ အပါယ်

38(B)

http://www.dhammadownload.com



ဆိုတာ "အပါယ" ကလာတာ။ အပါယဆိုတာ ကြီးပွားချမ်းသာကင်းတဲ့ နေရာပါပဲ။ "နတ်လျှင် သက်တမ်းရှည်" ဘုရားကတော့ ပွင့်ပါရဲ့။ ပွင့်သော်လဲ သက်တမ်းရှည်တဲ့ ဗြဟ္မာကြီးတွေ ဖြစ်နေပြန်လျှင်လဲ အခါဆိုး အခါပျက်ပါပဲ။ အသညတ်သတ်ဗြဟ္မာတို့, အရူပဗြဟ္မာကြီးတွေလိုပေါ့။ ဒေဝီလရသေ့ကြီး ဘုရားအလောင်းတော်လေးမြင်ပြီးတော့ စိတ်မကောင်း ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူကဗြဟ္မာပြည်ရောက်မှာ။ သက်တမ်းရှည်တဲ့ အရူပဗြဟ္မာဘုံ ရောက်မှာဆိုတော့ ဘုရားနဲ့လွဲပြီ ဆိုပြီးတော့ စိတ်မကောင်းဖြစ်တယ်။ ဘုရားကတော့ ပွင့်ပါရဲ့။ မိမိက သက်တမ်းရှည်တဲ့ ဗြဟ္မာဘဝမှာ ရောက်ပြီးနေပြန်ရင်လဲ ဒါအခါဆိုး အခါပျက်နဲ့ ကြုံတယ်။ "တောစွန်တောင်ဖျား ရောက်တုံငြား ယူမှား ဒိဋ္ဌိတွေ" ဘုရားကတော့ ပွင့်ပါရဲ့။ ဒါပေမဲ့ တောင်စွန်တောင်ဖျား အစွန်အဖျားအနားကျတဲ့ ဘုရားစကားတော်ကို နားမလည်နိုင်တဲ့ ပစ္စန္တရစ်အရပ်မှာ မိမိက လူဖြစ်နေတယ်ဆိုရင်တော့ အခါဆိုး အခါပျက်နဲ့ ကြုံတယ်။ ဘုရားပွင့်တဲ့ နေရာမှာ မိမိကလူတော့ ဖြစ်ပါတယ်။ ဒါပေမယ့် "နတ္ထိ ဒိန္နံ" အစရှိသည်ဖြင့် အလှူပေးခြင်းဟာ အကျိုးမရှိ အစရှိသဖြင့် မိစ္ဆာဒိဋ္ဌိ မရှိ(၁၀)မျိုး အယူဝါဒက လွှမ်းမိုးပြီးတော့နေမယ်ဆိုရင် ဘုရားဘယ်လိုပဲပွင့်ပွင့် မိမိကအယူမှားနေပါတယ်ဆိုရင် အခါဆိုး အခါပျက်နဲ့ကြုံတယ်။ "ဉာဏ်မရှိညား ဉာဏ်ရှိသား ဘုရားမပွင့်ပေ"။ ဘုရားတော့ပွင့်ပါရဲ့ ဒါပေမဲ့ မိမိက ဉာဏ်မရှိဘူးတဲ့။ ဆွံ့အ,နေမယ်၊ ဖျင်းနေမယ်၊ နားတွေမကြားဘူး၊ မြတ်စွာဘုရား ဟောတဲ့တရားကို မိမိဉာဏ်က မယူနိုင်ဘူး။ ဘုရားကတော့ ပွင့်ပါရဲ့ မိမိကဉာဏ်မရှိဘူး။ ဒါလဲပဲ အခါဆိုး အခါပျက်နဲ့ကြုံတာပဲ။

ဘုရားပွင့်တဲ့အခါမှာ အခါဆိုး အခါပျက်နဲ့ကြုံတတ်တဲ့အဖြစ် (၈)မျိုးထဲမှာ နောက်တစ်ခုကတော့ "ဉာဏ်မရှိညား ဉာဏ်ရှိသား ဘုရားမပွင့်ပြီ"။ လောကမှာ ဘုရားမပွင့်ဘူးတဲ့။ ဘုရားသာသနာမရှိဘူး။ သို့သော် မိမိဉာဏ်က ကြီးမားလိုက်တာ။ အခုကမ္ဘာမှာ အချို့ အချို့

http://www.dhammadownload.com



ပညာရှင်ကြီးတွေဟာ သိပ်ပြီးတော့ ညဏ်ကြီးမားပါတယ်။ သို့သော် ဘုရားသာသနာမရှိတဲ့ နေရာမှာ သွားပြီးတော့ ညဏ်ကြီးမားနေတယ်။ ဘုရားသာသနာ မပွင့်တဲ့နေရာ၊ ဘုရားသာသနာ မပွင့်လင်းတဲ့ နေရာ၊ ဘုရားသာသနာ မတည်တဲ့နေရာမှာ လူရယ်လို့သွားဖြစ်ပြီးတော့ ကြီးမားလိုက်တဲ့ညဏ်တွေ။ လောကနဲ့ပတ်သက်လို့ကတော့ မဖြစ်ဘူး ဆိုတာ မရှိရလေအောင် တည်ထွင်နိုင်ကြတဲ့ ညဏ်ကြီးရှင်တွေ ရှိတယ်။ သူတို့ ဘယ်လောက်ညဏ်ကြီးရှင်ဖြစ်ဖြစ် ဘုရားမပွင့်တဲ့အခါမှာ တစ်နည်းအားဖြင့် ဘုရားသာသနာ မပွင့်လင်း မစည်ပင်တဲ့နေရာမှာ သွားပြီးတော့ ညဏ်ကြီးရှင်တွေ ဖြစ်နေပြန်တော့ နှမြောစရာ။ နှမြောစရာ အခါဆိုး အခါပျက်နဲ့ကြုံတယ်လို့ ဒီလိုခေါ်ရမယ်။ "အက္ခဏမှု ရှစ်မျိုးဟူ မှတ်ယူညဏ်ခွဲဝေ" အက္ခဏတဲ့ ပြောခဲ့တဲ့ (၈)မျိုးဟာ ရပ်ပြစ် ရှစ်မျိုး အခါဆိုး အခါပျက်ကြီးတွေ။ ဘာကြောင့် အခါဆိုး အခါပျက် ခေါ်သလဲ။ "ဗြဟ္မစရိယဝါသာယ အသမယော" မြတ်တဲ့အကျင့်ကို ကျင့်ဖို့ရာ အခါမဟုတ်လို့ပါပဲ။ ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အားလုံးဟာ အဲဒီလို အခါဆိုး အခါပျက်ကြီး (၈)မျိုးမှ လွတ်မြောက်ပြီးလာတယ်။ ဘုရားပွင့်တယ်၊ ဘုရားသာသနာတော်ရှိတယ်။ မိမိတို့က လူလဲဖြစ်တယ်။ ညဏ်ကလဲ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များကို သိရှိနားလည်နိုင်တဲ့ညဏ်လဲ ရှိတယ်။ အဲဒီအချိန်မှာ "**နဝမော ခဏော သမယော ဗြဟ္မစရိယ ဝါသာယ**" မြတ်တဲ့အကျင့်ကို ကျင့်ဖို့ရာ ကိုးခုမြောက်၊ ရှစ်ခုလွန်မြောက် ကိုးခုမြောက်ဖြစ်တဲ့ အချိန်ကောင်း အခါကောင်း အခွင့်ကောင်းပဲ။ ဒီထက် အခွင့်ကောင်းတာတော့ မရှိဘူး။ အခုအင်မတန် အခွင့်ကောင်းရနေတဲ့အချိန်။

## တရားအားထုတ်လို့ အကောင်းဆုံးအချိန်

ယနေ့ မကြာမီမှာပဲ ယောဂီသူတော်စင်များ သုံးလောက မြတ်ဘုရားရဲ့ ဘာဝနာ(၂)မျိုးထဲက သမထဘာဝနာကမ္မဋ္ဌာန်းကို

http://www.dhammadownload.com



မိမိတို့ကြိုးစားအားထုတ်ကြရတော့မယ်။ အဲဒါဟာ ရပ်ပြစ်(၈)ပါးက လွတ်လို့ပါပဲ။ ရပ်ပြစ် (၈)ပါးကလွတ်လာတော့ အခွင့်ကောင်း အခါကောင်းရတယ်။ အဲဒီ အခွင့်ကောင်းဟာ ရခဲလွန်းလို့ မြတ်စွာဘုရားက ဒီအခွင့်ကောင်းကို လက်မလွတ်စေနဲ့။ အဲဒီလို ဘုရားလဲ ပွင့်လို့ မိမိကလဲလူဖြစ်လို့ မိစ္ဆာဒိဋ္ဌိမဖြစ်ပဲနဲ့ အရှိ(၁၀)မျိုးရှိတဲ့ သမ္မာဒိဋ္ဌိ အယူမှန်ကလဲရှိလို့။ မိမိတို့ အသိဉာဏ်ကလဲ မြတ်စွာဘုရား ဟောတဲ့ တရားများကို လက်ခံနိုင်တဲ့ အသိဉာဏ်၊ အစစ အချက်အလက်တွေ ပြည့်စုံပြန်တော့လဲပဲ တရားအားထုတ်ဖို့ အခွင့်သာတဲ့အချိန်ဟာ (၅)မျိုးရှိပြန်တယ်။ **"နုပျိုခန့်ကျန်း ရလွယ်ဆွမ်းနှင့် ငြိမ်းချမ်းပြည်ရွာ များသံဃာ ညီညာခါကောင်းပေ"**လို့ ဆိုတဲ့စကားအတိုင်း-

(၁) အရွယ်ကောင်းဖို့လိုတယ်။ အရွယ်လွန်ပြီး (၈၀)ကျော် (၉၀)ဆိုရင်လဲ အားထုတ်နိုင်ဖို့ မလွယ်ဘူး။ အဲဒီတော့ အရွယ်ကောင်းဖို့ လိုပါတယ်။

(၂) ကျန်းမာဖို့လိုတယ်။ မနေ့ကပဲ ဒကာမကြီးတစ်ယောက် ကျောင်းရောက်လာတော့ "တပည့်တော် ဟိုတုန်းကတော့ တရားထိုင်နိုင်ပါတယ် ဘုရား။ (၇)ရက်စခန်းလဲ ဝင်နိုင်တယ်။ (၁၀)ရက်စခန်းလဲ အားထုတ်နိုင်တယ်။ အခု ဒီနှစ်တော့ တရားအားမထုတ်နိုင်တော့ဘူး။ (၇)ရက်တရားစခန်းလဲ မဝင်နိုင်တော့ဘူး။ (၁၀)ရက်တရားစခန်းဆို ဝေးရော့၊ ဘာကြောင့်လဲဆိုတော့ ကျန်းမာရေး ချို့တဲ့လို့ပါဘုရား"လို့ လက်တွေ့ လျှောက်ထားပါတယ်။ မိမိ ကိုယ်တိုင်လဲ ဒီလိုပဲ တရားနှလုံးသွင်းဖို့ဆိုရင် ကျန်းမာနေမှ ဖြစ်ပါတယ်။

(၃) ရလွယ်ဆွမ်း။ စားရေးသောက်တာလဲ ပြည့်စုံမှ။ ဒါကတော့ ပြောစရာမလိုဘူး။ ထိုက်တန်သလောက် ပြည့်စုံကြတယ်။

http://www.dhammadownload.com



(၄) ငြိမ်းချမ်းပြည်ရွာ။ တိုင်း, ခရိုင်, နိုင်ငံများ ငြိမ်းချမ်းပြီး တော့နေမှ မှန်ပါတယ်။ ဘုန်းကြီးတို့ စစ်တွင်းကာလ ကြုံခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ လယ်တီဆရာတော်ဘုရား ကြီးရဲ့တပည့် ပထမကျော်ဦးကော စစ်တွင်းကာလ မှာကြုံတော့ ငြီးတွားပြီး ရေးသားထားတဲ့ ဂါထာတွေ တွေ့ရတယ်။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး ရေးသားတော် မူခဲ့တဲ့ "စစ်တွင်းဒုက္ခငိုချင်းကြီးတွေ" တွေ့ရတယ်။ အဲဒီကာလမှာ တိုင်း, ခရိုင်, ပြည်, ရွာတွေ မငြိမ်းချမ်း တော့ အခုလို (၇)ရက်တရားစခန်း ဝင်ဖို့ရာ မလွယ်ကူ ပါဘူး။ ငြိမ်းချမ်းနေမှသာလျှင် တရားအားထုတ် နိုင်ပါတယ်။

(၅) သံဃာတော်အရှင်မြတ်များ ဝိနည်းဟုတ်သည်, မဟုတ် သည်၊ ဓမ္မဟုတ်သည်, မဟုတ်သည် အစရှိသည်ဖြင့် အငြင်းပွားပြီး ကွဲပြားနေကြမယ်ဆိုရင် တရားအား ထုတ်ရန် အခွင့်မသာတတ်ပါဘူးတဲ့။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဂိုဏ်းကြီး(၉)ဂိုဏ်းပင် ညီညွတ်ခဲ့ပြီ။ "သံဃာညီညွတ်ရေး လုပ်ရသည်မှာ 'မြင့်မိုရ်တောင်ကို မ,ရသည်ထက် ခက်သည်' ဟုပင် အဆိုရှိခဲ့သည်"။

ဒါကြောင့်မို့ စောစောကပြောခဲ့တဲ့ အခါဆိုး အခါပျက်က လွန်မြောက်ပြီးတော့ ဗုဒ္ဓုပ္ပါဒ နဝက္ခဏ ခေါ်တဲ့ (၉)ခုမြောက် အချိန်ကောင်း အခါကောင်းနဲ့လဲ ကြုံတယ်။ ပြီးတော့ အရွယ်နဲ့လဲ ပြည့်စုံတယ်။ ကျန်းမာရေးလဲကောင်းသေးတယ်။ စားရေးသောက် တာလဲ ကြောင့်ကြမစိုက်ရဘူး။ တိုင်း, ခရိုင်, ပြည်, ရွာကလဲ ငြိမ်းချမ်းပြီး တော့နေတဲ့အချိန် သံဃာတော် အရှင်မြတ်တွေကလဲ ဓမ္မ၊ အဓမ္မ၊ ဝိနယ၊ အဝိနယ စသည်မကွဲမပြား ထေရဝါဒဗုဒ္ဓသာသနာ့အရိပ်အောက်မှာ

http://www.dhammadownload.com



တည်ရှိပြီးတော့ နေတဲ့အချိန်။ ဒီအချိန်ဟာ တရားအားထုတ်လို့ ကောင်းတဲ့ အချိန်ပဲ။ ဒါကြောင့် ယခုလို အခွင့်ကောင်း အခါကောင်း ကြုံတဲ့အခါမှာ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)ကျော်က ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ၊ ယခုအနေနဲ့ပြောရင် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ ကေလာသ အရှေ့အရပ်မှာ ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာနသုတ္တန် တရားတော် ဒေသနာတော်မြတ်ကြီး။ ထိုဒေသနာတော်မြတ်ကြီးဟာ ပါဠိမာဂဓဘာသာနဲ့ မြတ်စွာဘုရား ဟောကြားပြီးတော့ထားခဲ့တယ်။ အဲလို ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်မြတ်ကြီးကို ရဟန်းငယ်၊ ရှင်ငယ်များနှင့်တကွ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ အားထုတ်နိုင်ဖို့ဆိုပြီးတော့ လွန်ခဲ့တဲ့ (၁၀၀)ကျော်နှစ် ကာလတုန်းက ကင်းဝန်မင်းကြီးရဲ့အိမ်မှာ (၃)ညဥ့်တိုင်တိုင် လယ်တီဆရာတော် ဘုရားကြီး အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောကြားတော်မူ ခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀)ကျော်ကတော့ အနာဂါမ်ဆရာသက် ကြီးကလဲ ဆရာရှာ၊ တရားနည်းလမ်း ရှာပြီးတော့ သောကတွေ ဗလဗွေနဲ့ ဆရာရှာ တရားနည်းလမ်းရှာပြီး နေတဲ့အချိန်။ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးနဲ့ တွေ့တဲ့အခါမှာ အနာဂါမ်ဆရာသက်ကြီး အားလဲပဲ ဒီနည်းကိုပဲ ပေးသနားတော်မူခဲ့တယ်။

ယောဂီသူတော်စင်များ အခု အားထုတ်ကြရမှာက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်က ပွင့်ပေါ်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရဲ့ မဟာ သတိပဋ္ဌာန သုတ္တန်ကြီးမှာ ရှေးဦးစွာဟောကြားခဲ့တဲ့ အာနာပါနပဗ္ဗလာ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ ရယူတဲ့ သမာဓိ၊ ကာယာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းကြီး။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး လွန်ခဲ့တဲ့ (၉၆)နှစ်က ကင်းဝန်မင်းကြီး အိမ်မှာ (၃)ညဥ့်တိုင်တိုင် အဲဒီ မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်ကြီးမှာလာတဲ့ ပထမဆုံး မြတ်စွာဘုရား ပေးသနားတော်မူခဲ့တဲ့ အာနာပါနပဗ္ဗ၊ ကာယာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်း။ အနာဂါမ်ဆရာသက်ကြီးအား လယ်တီ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးက ပြသခဲ့တဲ့ သတိပဋ္ဌာန်အားထုတ်နည်းကို မိမိတို့ ကြိုးစားမင်းစား အားထုတ်ခွင့်ရကြပြီ။ စောစောကပြောခဲ့တဲ့ အခါဆိုး အခါပျက်ကြီးတွေက လွန်မြောက်လို့ (၉)ခုမြောက်ဖြစ်တဲ့ အခါကောင်း ကြီး၊ အခွင့်ကောင်းကြီး ရရှိကြရုံမျှမက တရားအားထုတ်ဖို့ရာ အခွင့် အလမ်းကြီး (၅)မျိုးနဲ့လဲပဲ ပြည့်စုံနေပြီ။ ဒါကြောင့် ယခုလိုအချိန်အခါ မျိုးမှာ ကြိုးစားအားထုတ်လို့ အကောင်းဆုံးအချိန်ပဲလို့ စိတ်ထဲက အဓိဋ္ဌာန်ဆုံးဖြတ်ချက်ချပြီးတော့ တော်ရုံတန်ရုံအနှောင့်အယှက် ခြင်, မှက်စသည်ကိုက်တာ ဆာလောင်မွတ်သိပ်မှု စသည်ဖြစ်တာတွေကို ပဓာနမထားပဲနဲ့ ကြိုးစားအားထုတ်နိုင်ကြပါစေ။ ကြိုးစားအားထုတ်နိုင်ပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဘုန်းကြီးတို့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပထမနေ့ဟောစဉ်

### တောအုပ်ကြီးပမာ

ယနေ့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တန်ခူးလဆန်း (၁)ရက်၊ (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်နေကြတဲ့ ရဟန်းတော်များနဲ့ ယောဂီသူတော်စင်အားလုံး ယနေ့ တန်ခူးလဆန်း (၁)ရက်နေ့ဖြစ်တဲ့အတွက် ဒီတန်ခူးလတောအုပ်ကို ဥပမာထားပြီး ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော် များနဲ့ ပတ်သက်ပြီးတော့ သစ္စာပြုထားတဲ့ ဒေသနာတော်။ အဲဒီ ဒေသနာတော်မြတ်က အရှင်အာနန္ဒာမထေရ်မြတ်က ဒီတန်ခူးလ တောအုပ် ဥပမာထား ဓမ္မများစွာကို ဟောကြားတော်မူတတ်တဲ့ ဘုရားရှင်။ အဲဒီလို တင်စားပြီးတော့ သစ္စာပြုထားတဲ့ဒေသနာတော်။

ဂိမှာနံ= ဒေါင်းငွေ့စကြာ သူရိယာ၏ ရောင်ဝါပြင်းပြ နွေလေးလတို့တွင်၊ ပထမသ္မိံ ဂိမှေ= ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ= ရနံ့သင်းထုံ ရောင်ဆင်းစုံသည့် ဖူးငုံရွက်ချပ် ပန်းရင်ငတ်တို့ ပွင့်လတ်ခါထူး လတန်ခူး၌၊ ဖုဿိတဂ္ဂေ= စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ= ကြီးကျယ်ခန်းနား ပွင့်စုံပွား၍ မားမားမို့မို့ လေပြေတို့လျှင် ယို့ယို့လှုပ်ယိုင် ဂနိုင်ရစ်ဆီး တောအုပ်ကြီးသည်၊ သသီရိကော ယထာ= ကျက်သရေရှန်းအိ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ တထူပမံ= ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲထူးခြားလှသည့် ကလျာဏသုံးပုံ၊ သာတ္ထသ ဗျဉ္ဇန= စသည်လွှမ်းခြုံ ပန်းရနံ့ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော၊ နိဗ္ဗာနဂါမိံ= ခန္ဓာကိုယ်ကြီး လောင်စာမီးတို့ အပြီးသတ်ချုပ်ငြိမ်းရာ နိဗ္ဗူတာသို့ လျှင်စွာဆတ်ဆတ် ရောက်စေတတ်သော၊ ဓမ္မဝရံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ် အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေထောင်ဟု များမြောင်လှစွာသော တရားဒေသနာတော်မြတ်ကို၊ ဘဂဝါ= ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်းမြတ်စွာသည်၊ ပရမံ ဟိတာယ=

http://www.dhammadownload.com



ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သောလောကုတ္တရာ နိဗ္ဗာန်အလို့ငှါ၊ အဒေသယိ= ကရုဏာလှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောပြတော် မူခဲ့ပါလေပြီ။ ဧတေနသစ္စဝဇ္ဇေန= ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သောလောကုတ္တရာ နိဗ္ဗာန်လို့ငှါ ရည်ရွယ်ရင်းထား တော်မူ၍ ခန္ဓာကိုယ်ကြီး လောင်စာမီးတို့အပြီးသတ် ချုပ်ငြိမ်းရာ နိဗ္ဗူတာသို့ လျှင်စွာဆတ်ဆတ် ရောက်စေတတ်သော ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော ဗုဒ္ဓဘုရားမှန်ပါပေ၏။ ဤသို့ ဘုရားရှင်နှင့် ပတ်သက်၍ မှန်ကန်သော စကားကို ပြောဆိုရခြင်း ကြောင့် တေတုမှာကံ= လုံးစုံများစွာ (၂၉)ကြိမ် မြောက် လယ်တီဝိပဿနာ တရားစခန်း ကြိုးပမ်းအားထုတ်နေကြ ကုန်သော ယောဂီသူတော်စင် အပေါင်းတို့အား၊ သုဝတ္ထိ= ဘေးရန် ကုန်ကင်း ချမ်းသာခြင်းသည်၊ ဟောတုး မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

ဝေနေယျများစွာချမ်းသာစေဖို့ မြတ်သောလောကုတ္တရာ နိဗ္ဗာန် အကျိုးငှါ ရည်ရွယ်တော်မူပြီး ဟောကြားတော်မူတဲ့ တရားတော်ကြီး ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဒေသနာတော်တွေရှိတယ်။ အဲဒီ ဒေသနာတော်မြတ်တို့ရဲ့ အရှင်သခင်ဖြစ်တော်မူသော ဗုဒ္ဓဘုရား မှန်ပါတယ်။ ဤမှန်ကန်သောသစ္စာစကားကြောင့် ယောဂီသူတော်စင်တို့ ဘေးရန်လွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေလို့ တန်ခူးလ တောအုပ်ကို ဥပမာထားပြီးတော့ မြတ်စွာဘုရား ဂုဏ်တော်ကျေးဇူးတော် တွေကို အာရုံထား သစ္စာပြုပြီးထားတဲ့ အရှင်အာနန္ဒာမထေရ်မြတ်ရဲ့ သစ္စာပတ္ထနာဂါထာ။ ဤဂါထာကို ရွတ်ဖတ်ပူဇော်ပြီးတဲ့အခါမှာ (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဝင်ရောက်ပြီး ကျင့်ကြံပွားများအားထုတ်ကြတဲ့ ယောဂီသူတော်စင်တို့အား ပိဋကတ် သုံးပုံ နိကာယ်ငါးရပ် တရားတော်တွေထဲက သင့်လျော်ရာ သင့်လျော်ရာ

http://www.dhammadownload.com



သုတ္တန် ဒေသနာတော်များ အဘိဓမ္မာဒေသနာတော်များ ထုတ်နှုတ်ပြီး ဟောကြားကြရတယ်။

## တန်ခိုးပြ ရဟန်းတစ်ပါး ခန့်ထားရန်

ယနေ့ နိကာယ်ငါးရပ်တို့တွင် ဒီဃနိကာယ် သုံးကျမ်းအပါအဝင် သီလက္ခန္ဓဝဂ္ဂပါဠိ။ သီလက္ခန္ဓဝဂ္ဂပါဠိမှာ ပါရှိတဲ့ သုတ္တန်ဒေသနာတော်တို့တွင် ကေဝဋ္ဋသုတ္တန်။ ဒီဒေသနာတော်မြတ်ကို ဟောကြားမှာပါ။ မြတ်စွာဘုရား ဘယ်မှာသီတင်းသုံး နေသလဲဆိုတော့ နာလန္ဒာမြို့ ပါဝါရိကသူဌေးရဲ့ သရက်ဥယျာဉ်ထဲမှာ သီတင်းသုံးပြီးနေတော်မူတဲ့ အချိန်။ ရာဇဂြိုလ်နဲ့ (၁၀)မိုင် (၁၂)မိုင်လောက်ဝေးတဲ့ နာလန္ဒာမြို့၊ ဗုဒ္ဓဂယာရောက်ဖူးတဲ့ပုဂ္ဂိုလ်များ ခန့်မှန်းနိုင်ပါတယ်။ ဂိဇ္ဈကုဋ်တောင်ကနေ ဆင်းပြီးတော့ သွားတဲ့အခါ အဇာတသတ်မင်းရဲ့ ဓာတ်တော်တိုက်၊ အဲဒီကသွားတော့ ရာဇဂြိုလ် ဗိမ္ဗိသာရမင်းရဲ့ ကျောင်းတော် အဲဒီကနေ တစ်ဆင့် နာလန္ဒာမြို့။ အဲဒီ နာလန္ဒာမြို့ဟာ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဖွားမြင်တော်မူရာမြို့လည်း ဖြစ်တယ်။ မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးရဲ့ ဖွားမြင်ရာမြို့လည်း ဖြစ်တယ်။ နာလန္ဒာမြို့ ပါဝါရိကသူဌေးရဲ့ သရက်ဥယျာဉ် ရှိတယ်။ အိန္ဒိယမှာကတော့ သရက်ဥယျာဉ်ကြီးတွေ တော်တော်များများ ယခုလဲ တွေ့ရပါတယ်။ ပါဝါရိကသူဌေးရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့အချိန်မှာ ကေဝဋ္ဋဆိုတဲ့ ဒကာတစ်ယောက်ရှိတယ်။ ကုဋေ လေးဆယ်ကြွယ်ဝတဲ့ ဂဟပတိ မဟာသာလသူဌေးတစ်ယောက်ပါပဲ။ သာသနာတော်လဲ ကြည်ညိုလေးစားတော့ သူစဉ်းစားတယ်။ တစ်လ (၁)ကြိမ်၊ ၁၅ရက် (၁)ကြိမ် တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ ရဟန်းတော် အရှင်မြတ်များ မြေလျှိုးမိုးပျံတန်ခိုးချာန်တွေ ပြပြီးတော့များ နေမယ်ဆိုရင် တန်ခိုးဣဒ္ဓိပါဒ် ပြတတ်တဲ့ ရဟန်းတစ်ပါးကို ရာထူးခန့်ထားပြီး တစ်လ(၁)ကြိမ်၊ ၁၅ရက် (၁)ကြိမ် မြေလျှိုးမိုးပျံတန်ခိုးချာန်တွေ ပြစေမယ်ဆိုရင် သိပ်ကောင်းမှာပဲ။

http://www.dhammadownload.com



အဲဒီလို ကြံစည်တွေးတောပြီးတော့ မြတ်စွာဘုရားထံ ရောက်လာတယ်ဆိုပါစို့။ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး ဘာလျှောက် သလဲဆိုတော့ "မြတ်စွာဘုရား ဒီနာလန္ဒာမြို့ကြီးက စည်လည်း စည်ကား တယ်။ သာယာဝပြောမှုလည်း ရှိတယ်။ ပြည့်စုံကြွယ်ဝတဲ့မြို့ကြီးတစ်မြို့ လည်း ဖြစ်တယ်။ လူတွေကလဲပဲ တစ်ယောက်နဲ့တစ်ယောက် ပုခုံးချင်း ထိပြီးတော့ သွားနေကြတဲ့မြို့ကြီး၊ ပျားပန်းခတ်မျှ စည်ကားတဲ့ မြို့ကြီး တစ်မြို့ ဖြစ်ပါတယ်။ မြို့သူမြို့သားတွေကလဲ ဘုရားအပေါ် ကြည်ညို ကြပါတယ်။ အကယ်၍များ ရဟန်းတစ်ပါး မြေလျှိုးမိုးပျံ တန်ခိုးစျာန် တွေကို တစ်လ(၁)ကြိမ်၊ ၁၅ရက်(၁)ကြိမ် ပြပေးနိုင်မယ်ဆိုရင် မြတ်စွာ ဘုရားအပေါ်မှာ ကြည်ညိုမှုသဒ္ဓါတရားတွေ ပိုပြီးတော့ ကဲလွန်ပိုမောက် လာပါလိမ့်မယ်ဘုရား။ ဒါကြောင့် တန်ခိုးဣဒ္ဓိပါဒ် ပြတတ်တဲ့ ရဟန်း တစ်ပါးကို ခန့်ထားပေးတော်မူပါလို့" လျှောက်ထားတယ်။ အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက လက်မခံဘူး။ မြေလျှိုးမိုးပျံ တန်ခိုးစျာန်တွေပြတာကို မြတ်စွာဘုရား လက်မခံပါဘူး။ "ကေဝဋ္ဋ ငါဟာ အဝတ်ဖြူကို ဝတ်နေကြတဲ့ လူပုဂ္ဂိုလ်တို့အား တန်ခိုးဣဒ္ဓိပါဒ် ပြကြလို့ ငါမဟောပါဘူး။ တန်ခိုးဣဒ္ဓိပါဒ်ပြတာလဲ အားမပေးပါဘူး။" အဲဒီလို မြတ်စွာဘုရားက မိန့်ကြားလိုက်တော့ နှစ်ကြိမ်မြောက် နောက်ထပ် တစ်ဖန် ကေဝဋ္ဋက "အရှင်ဘုရား တပည့်တော်က အရှင်ဘုရားတို့ရဲ့ ဂုဏ်ကျေးဇူးတွေ ရဟန်းတော်များရဲ့ သီလစသည်ကို မဖျက်ဆီးပါဘူး ဘုရား။ ဤနာလန္ဒာမြို့ကြီးဟာ စောစောကလျှောက်ထားသလိုပဲ။ ဒီနာလန္ဒာမြို့ကြီးဟာ စည်လည်း စည်ကားပါတယ်။ ပြည့်လည်း ပြည့်စုံပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နာလန္ဒာမြို့ကြီးပါပဲတဲ့။ လူတွေကလဲ သိပ်ပြီးတော့များပြား၊ မြတ်စွာဘုရားသာသနာတော်ကိုလည်း ကြည်ညို ပါတယ်။ အကယ်၍ ရဟန်းတစ်ပါးများ တန်ခိုးဣဒ္ဓိပါဒ် ပြဖို့ခန့်ထား မယ်ဆိုရင် ဒီနာလန္ဒာမြို့ကြီးဟာ အလွန်အကျူး အထူးအားဖြင့် မြတ်စွာဘုရား သာသနာတော်ကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာပါ

http://www.dhammadownload.com



လိမ့်မယ် ဘုရား”လို့ နှစ်ကြိမ်မြောက် လျှောက်တယ်။ နှစ်ကြိမ်မြောက်လဲ မြတ်စွာဘုရားက ပယ်တော်မူတယ်။ ထုံးစံကတော့ နှစ်ကြိမ်လျှောက်ထားလို့ မရလို့ရှိရင် သုံးကြိမ်ထပ်ပြီး လျှောက်ရိုးထုံးစံတော့ မရှိဘူး။ ဒါပေမဲ့ ကေဝဋ္ဋကတော့ မြတ်စွာဘုရားနဲ့ အကျွမ်းဝင်တဲ့အတွက် သုံးကြိမ်လျှောက်တယ်။ လျှောက်ထားတော့-

## တန်ခိုးပြာဋိဟာသုံးမျိုး

ဘုရားရှင်က ကေဝဋ္ဋ၊ ရဟန်းတစ်ပါးဟာ တစ်ပါးထဲက တစ်ရာ တစ်ထောင် ပြုစွမ်းနိုင်တယ်။ မြေပြင်ကို ရေပြင်လို အသုံးချနိုင်တယ်။ ရေပြင်ကို မြေပြင်လို အသုံးချနိုင်တယ်။ ဗြဟ္မာ့ပြည်တိုင်အောင် မိမိရဲ့ခြေနဲ့သွားနိုင်တယ်။ လတွေ, နေတွေကိုလဲ မိမိလက်နဲ့ သုံးသပ်နိုင်တယ်။ အဲဒီလို တန်ခိုးပြာဋိဟာကတစ်မျိုး၊ အဲဒီ တန်ခိုးပြာဋိဟာကို ရဟန်းတစ်ပါးပါးကများ ဒကာ ဒကာမတွေကို ဒီတန်ခိုးပြလိုက်မယ်ဆိုရင် သဒ္ဓါတရားရှိတဲ့ ဒကာတစ်ယောက်က မြင်သွားတယ်၊ သိပ်သဘောကျတာပဲ သဒ္ဓါတရားရှိတာကိုး။ သာသနာတော်ကို ကြည်ညိုလေးစားတဲ့ ဒကာတစ်ယောက်က မြင်သွားတော့ “ဩော်- ဘယ်ကျောင်းတိုက်က ဘယ်ကိုယ်တော်ဟာဖြင့် တစ်ကိုယ်ထဲကနေပြီး တစ်ရာ, တစ်ထောင် ဖြစ်တယ်။ မြေပြင်ကျတော့လဲ ရေပြင်လို ငုတ်ချည်ပေါ်ချည်၊ ရေပြင်ကျတော့လဲ မြေပြင်မှာသွားသလိုပဲ မြေလျှိုးမိုးပျံနိုင်တယ်။ လတွေ, နေတွေကိုလဲ လက်နဲ့သုံးသပ်တယ်။ ဗြဟ္မာ့ဘုံတိုင်အောင်လဲ သွားနိုင်တယ်လို့။ သဒ္ဓါတရားရှိတဲ့လူက သဒ္ဓါတရား မရှိတဲ့လူကို ပြောလိုက်တယ်။ သိပ်သဘောကျလွန်းလို့ ကြည်ညိုလွန်းလို့ သူကတော့ပြောတာ။

သဒ္ဓါတရားမရှိတဲ့လူက ဘာပြန်ပြောသလဲဆိုတော့ “ကိုယ့်လူ လောကမှာ ဂန္ဓာရီဆိုတဲ့ အတတ်ရှိတယ်။ ဂန္ဓာရီဝိဇ္ဇာအတတ် ဂန္ဓာရတိုင်းမှာ ဖြစ်ပေါ်တဲ့အတတ်ပညာ (တစ်နည်းအားဖြင့်) ဂန္ဓာရရသေ့ စီမံထားတဲ့ အတတ်ပညာမျိုးရှိတယ်။ အဲဒီ ဂန္ဓာရီဝိဇ္ဇာ အတတ်ပညာ

http://www.dhammadownload.com



ကလဲ တစ်ရာကနေ တစ်ထောင်, တစ်သောင်း၊ မြေပြင်ကို ရေပြင်လို အသုံးချနိုင်တယ်။ ရေပြင်ကို မြေပြင်လို အသုံးချနိုင်တယ်။ လတွေ, နေတွေကိုလဲ လက်နဲ့သုံးသပ်နိုင်တယ်။ ဗြဟ္မာ့ဘုံတိုင်အောင်လဲ သွားနိုင်တာပဲ၊ ဒါဘာဆန်းလို့လဲ”လို့။သဒ္ဓါတရားမရှိတဲ့လူတစ်ယောက်က ဣဒ္ဓိဝိဓ အဘိညာဉ်ရတာကို ဂန္ဓာရီဝိဇ္ဇာအတတ်ပညာနဲ့ ရောနှော ပြီးတော့ ကဲ့ရဲ့ဖွယ်ရှိတယ်။ အဲဒီတော့ ငါ့ဘုရားရဲ့သာဝက တစ်ပါးပါးက ဣဒ္ဓိဝိဓအဘိညာဉ် တန်ခိုးပြတာကို ဂန္ဓာရီဝိဇ္ဇာနဲ့ တိုင်းတာပြီး ကဲ့ရဲ့မှာ စိုးတယ်။ ဒါကြောင့် ဒီအပြစ်အနာအဆာကို မြင်တဲ့အတွက် တန်ခိုး ဣဒ္ဓိပါဋိဟာရိယ ပြတာနဲ့ ပတ်သက်ပြီးရှက်ပါတယ်။ ငြီးငွေ့တယ်။ တန်ခိုးဣဒ္ဓိပါဋိဟာရိယ ကို အားမပေးချင်ဘူးလို့။ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာနဲ့ ပတ်သက် ပြီးတော့ အဲဒီလို မိန့်ကြားပါတယ်။

နောက်တစ်မျိုးက ဘာလဲလို့ဆိုတော့ အမြင်အကြား ပြာဋိဟာ တစ်မျိုး။ ရဟန်းတော် တစ်ပါးက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုတွေ့တော့ သင့်စိတ်ထဲ ဘယ်လို ဖြစ်နေတာပဲ။ သင်ဟာ အခုကျောင်းလာတာ ဘယ်လိုအကြံအစည်နဲ့ လာတယ်။ သင်ရဲ့စိတ်တွေမှာ သက်သာနေ တယ်။ သင့်ရဲ့စိတ်တွေမှာ မသက်မသာနှလုံးနာနေတယ်။ အဲဒီလို စသည်ပြောကြားလိုက်ပြန်တော့လဲ စောစောကပြောသလို သဒ္ဓါတရား ရှိသူ အမျိုးကောင်းသားကတော့ “ဩော် - အရှင်သူမြတ်များ တန်ခိုး ဣဒ္ဓိပါဋိဟာရိယကြီးပါပေ့၊ စိတ်အကြံကိုလဲ သိတယ်။ အမြင်အထင်တွေကို ပြောကြားနိုင်တာပဲ” အဲဒီလို ချီးမွမ်းပြီး၊ မသဒ္ဓါတဲ့ပုဂ္ဂိုလ်အား ပြောကြား လိမ့်မယ်။ မသဒ္ဓါတဲ့ပုဂ္ဂိုလ်က “ကိုယ့်လူ လောကမှာ စိန္တာမဏိ ခေါ်တဲ့ အတတ်ကို နားလည်လို့ရှိရင်လဲပဲ အမြင်အကြားတွေ ဟောတတ်တယ်” လို့ အဲဒီလို ပြောလိမ့်မယ်။ ဒီလို သူတစ်ပါးစိတ်ကိုသိတဲ့ ပရစိတ္တဝိဇာနန အဘိညာဉ်တန်ခိုးပြမယ်ဆိုလို့ရှိရင် အဲဒီ ပရစိတ္တဝိဇာနနဉာဏ်ကိုလဲ မဏိကာအတတ်ပညာနဲ့ တိုင်းတာပြီးတော့ ပြောဖွယ်ရာအကြောင်း ရှိတယ်။ ဒါကြောင့် မဏိကာအတတ်ပညာ၊ စိန္တာမဏိအတတ်ပညာနဲ့

http://www.dhammadownload.com



ရောနှောသွားမှာစိုးလို့ ဒီအာဒေသနာပါဋိဟာ ကိုလဲပဲ ငါဘုရား အားမပေးဘူး။ မချီးမွမ်းဘူး။ နောက်တစ်မျိုးက ဘာလဲလို့ဆိုတော့ ၂|**အနုသာသနီ ပါဋိဟာရိယ**"။ အနုသာသနီ ပါဋိဟာရိယဆိုတာ ဆိုဆုံးမခြင်း ပြာဋိဟာပါပဲ။ အဲဒီ ဆိုဆုံးမခြင်းကို ဘုရားရှင်များနှင့်တကွ သာဝကများ အမြဲမပြတ် အသုံးချတော်မူကြတယ်။ အဲဒီ အနုသာသနီ ပါဋိဟာရိယ ဆိုတာ ဘယ်လိုဟာမျိုးလဲ။

ဧဝံ ဝိတက္ကေထ= ဒီလိုကြံကြ နေက္ခမ္မဝိတက် ကာမမှ ထွက်မြောက်ကျောခိုင်းရန် စသည် ဝိတက် ကြံစည်ကြ၊ သူတစ်ပါးကို မသတ်ဖြတ်လိုတဲ့ အကြံကို ကြံစည်ကြ၊ ဧဝံ မာဝိတက္ကေထ= ဒီလိုတော့ မကြံကြနဲ့။ သူတစ်ပါးကို ညှင်းပန်းနှိပ်စက်လိုတဲ့အကြံအစည် စသည်ကို မကြံစည်ကြနဲ့။ ဧဝံ မနသိကရောထ= အနိစ္စအစရှိသည် နှလုံးသွင်းကြ၊ ဧဝံ မာ မနသာကတ္ထ= သတ္တာသခ်ါရ ရုပ်တရား, နာမ်တရားတွေဟာ နိစ္စစသည် ဖြစ်တယ်။ ဒီလို နှလုံးမသွင်းကြနဲ့။ ဣဒံ ပဇဟထ= တပ်နှစ်သက်တဲ့ ရာဂကိုပယ်ကြ။ ဣဒံ ဥပသမ္ပဇ္ဇ ဝိဟရထ= ဝိပဿနာ ဉာဏ်နဲ့ ပတ်သက်တဲ့တရား စသည်ကိုတော့ ပြည့်စုံအောင်ကြိုးစားကြ။ ဟောဒီလို သွန်သင်ဆုံးမခြင်းဟာ အနုသာသနိပါဋိဟာရိယ။

## အဂ္ဂသာဝကကြီး(၂)ပါး

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သီလကျင့်စဉ်, သမာဓိ ကျင့်စဉ်, ပညာကျင့်စဉ်များ အားလုံးဟာ အနုသာသနီပါဋိဟာရိယ။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကတော့ တပည့်သားသာဝကတွေကို ဆိုဆုံးမတဲ့နေရာမှာ အမြင်အထင် "အာဒေသနာပါဋိဟာရိယ" ရှေးဦးစွာ အသုံးချပြီးတော့မှ "အနုသာသနီ ပါဋိဟာရိယ" ဆိုဆုံးမခြင်းဆိုတဲ့ ပြာဋိဟာကို နောက်မှအသုံးချတယ်။ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး ကတော့ "ဣဒ္ဓိပါဋိဟာရိယ" တန်ခိုးပြာဋိဟာကို ရှေးဦးစွာ အသုံးချပြီး တော့မှ နောက်မှ "အနုသာသနီ ပါဋိဟာရိယ"ကို အသုံးချတော်မူတယ်။

http://www.dhammadownload.com



ဘုရားရှင်များကတော့ အဓိကအားဖြင့် "အနုသာသနီပါဠိဟာရိယ" ခေါ်တဲ့ သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်များကိုပဲ ဦးစားပေးပြီးတော့ ဟောကြားတော်မူတယ်။ ဘာကြောင့်လဲလို့ဆိုတော့ တန်ခိုးပြခြင်း၊ အမြင်အထင်ကိုပြောခြင်း ဆိုတဲ့ အချက်အလက်တွေဟာ အပြစ်မကင်းဘူး။ ကြာရှည်လဲ မတည်တံ့နိုင်ဘူး။ အနုသာသနီပါဠိဟာရိယခေါ်တဲ့ သွန်သင်ဆုံးမ နည်းလမ်းပြခြင်း၊ ပြာဋိဟာကတော့ ကြာရှည်လဲ တည်တံ့နိုင်တယ်။ အပြစ်လဲကင်းတယ်။ အခု ယောဂီသူတော်စင်များ အားထုတ်ပြီးတော့ နေကြရတာဟာ မြတ်စွာဘုရားရဲ့ အနုသာသနီပြာဋိဟာပါပဲ။ အနုသာသနီပြာဋိဟာ ဆိုတာ သီလကျင့်စဉ်တွေ ယောဂီများ သီလဆောက်တည်ပြီးတော့ထားကြ။ အဲဒီ သီလကျင့်စဉ်ဟာ မြတ်စွာဘုရားရဲ့ အနုသာသနီပြာဋိဟာပါပဲ။ နောက်ဆက်ပြီးတော့ မိမိရဲ့စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ချည်ပြီးတော့ ထွက်လေဝင်လေကို ရှုမှတ်ပြီးနေကြတာ။ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် စိတ်ကလေးစင်ကြယ်အောင်ဆိုပြီး ရှုမှတ်ပြီးတော့ နေကြတာ။ အဲဒီ သမထဘာဝနာလုပ်ငန်းဟာ မြတ်စွာဘုရားရဲ့ အနုသာသနီပြာဋိဟာပါပဲ။ အနုသာသနီပါဠိဟာရိယတဲ့။ နောက် သမထအခြေခံပြီးတော့ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်ပဲနဲ့ စိတ်ကလေး စင်ကြယ်ပြီးတော့ သွားတဲ့အခါ တစ်ဆင့်ပြီးတစ်ဆင့် ဝိပဿနာဉာဏ် ဝိဇ္ဇာသို့တက်လှမ်းပြီးသွားတဲ့အခါ အနုသာသနီပြာဋိဟာရိယ တစ်ဆင့်ချင်း တစ်ဆင့်ချင်း။ ပထမဈာန်ရအောင် စိတ်ကလေးတည်ကြည်ငြိမ်သက်အောင် ဒုတိယဈာန်, တတိယရဈာန်, စတုတ္ထဈာန် ရအောင် စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် ဆုံးမတာ။ အဲဒါဟာ အနုသာသနီပါဠိဟာရိယပါပဲ။ ဝိဇ္ဇာဉာဏ်အဆင့်ဆင့်။ ဝိပဿနာဉာဏ် မနောမယိဒ္ဓိဉာဏ်၊ စေတောပရိယဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိ

http://www.dhammadownload.com



ဉာဏ်၊ အာသဝက္ခယဉာဏ် ခေါ်တဲ့ ဉာဏ်ဝိဇ္ဇာအဆင့်ဆင့်တွေ ရှိတယ်။

ယောဂီသူတော်စင်များအားလုံးဟာ မြတ်စွာဘုရားရဲ့ ပြာဋိဟာ သုံးမျိုးတို့တွင် မြတ်စွာဘုရား အလိုလားဆုံး အနုသာသနီပြာဋိဟာ ဟာ အပြစ်လဲကင်းတယ်။ ကြာရှည်စွာလဲ သာသနာတည်တံ့ဖို့အရေးမှာ အရေးပါတယ်။ အဲဒီလို အနုသာသနီပြာဋိဟာကို အမြဲတမ်းသုံးစွဲပြီး သွားတော်မူတဲ့အတိုင်း။ အခု မိမိတို့ဟာလဲ မြတ်စွာဘုရားရဲ့ အလို အကြိုက်နဲ့ လျော်ညီတဲ့ အနုသာသနီပြာဋိဟာကြီး သွန်သင်ဆုံးမ နည်းလမ်းပြခြင်း။ သီလ ကျင့်စဉ်နဲ့ သွန်သင်ဆုံးမခြင်း၊ သမာဓိကျင့်စဉ် ပြပြီးတော့ သွန်သင်ဆုံးမခြင်း၊ ပညာကျင့်စဉ်ကို ပြပြီးတော့ သွန်သင် ဆုံးမခြင်းဆိုတဲ့ အနုသာသနီပြာဋိဟာရိယကို ကြိုးစားအားထုတ်ရပြီလို့ စိတ်ထဲမှာဝမ်းသာအားရ ကျေနပ်စွာဖြင့် ဆက်လက်ပြီးတော့ မိမိတို့ အားထုတ်နေကြဖြစ်တဲ့ ထွက်လေ ဝင်လေ ရှုမှတ်ပွားများခြင်းဆိုတဲ့ သမာဓိဘာဝနာ သမထကမ္မဋ္ဌာန်းကို ဆက်လက်ကြိုးပမ်းအားထုတ်နိုင်ကြ ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဒုတိယနေ့ဟောစဉ်

ယနေ့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တန်ခူးလဆန်း (၂)ရက်နေ့။ (၂၉)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား တရားဓမ္မများ အားထုတ်ရာမှာ အားဖြည့်တဲ့ အနေအားဖြင့် ဂိမှာန်= ဒေါင်းငွေ့စကြာ သူရိယာ၏ ရောင်ဝါပြင်းပြ နွေလေးလတို့တွင်၊ ပထမသို့ ဂိမှ= ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ= ရနံ့သင်းထုံ ရောင်ဆင်းစုံသည့် ဖူးငုံရွက်ချပ် ပန်းရင်ငတ်တို့ ပွင့်လတ်ခါထူး လတန်ခူး၌၊ ဖုဿိတဂ္ဂေ= စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗော= ကြီးကျယ်ခမ်းနား ပင်စုံပွား၍ မားမားမို့မို့ လေပြေတို့လျှင် ယို့ယို့လှုပ်ယိုင် ဂနိုင်ကာဆီး တောအုပ်ကြီးသည်၊ သသီရိကောယထာ= တင့်တယ်ရွှန်းအိ လှပသော အသရေတော် ရှိသကဲ့သို့၊ တထူပမံ= ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲထူးခြားလှသည့် ကလျာဏဖုံဖုံ သာတ္ထသဗျဥ္ဇနစသော ပန်းရနံ့ဂုဏ်တို့နှင့် ပြည့်စုံလှစွာသော၊ နိဗ္ဗာနဂါမိံ= ခန္ဓာကိုယ်ကြီး လောင်စာမီးတို့ အပြီးသတ်ချုပ်ငြိမ်းရာ နိဗ္ဗုတာသို့ လျှင်စွာဆတ်ဆတ်ရောက်စေတတ်သော၊ ဓမ္မဝရံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟု များမြောင်လှစွာသော တရားဒေသနာတော်မြတ်ကို၊ ဘဂဝါ= ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်းမြတ်စွာသည်၊ ပရမဟိတာယ= ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သောလောကုတ္တရာ နိဗ္ဗာန်အလို့ငှါ၊ အဒေသယိ= ကရုဏာလှုံ့ဆော် ရွှေညာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောပြတော်မူခဲ့ပါပေပြီ။ ဣဒမ္ပိ ဗုဒ္ဓေ- အယံဧဝ ဗုဒ္ဓေါ= ဤတရားဒေသနာတော်အရပ်ရပ်ကို ဟောကြားတော်မူတတ်သည့် ဘုရားရတနာသည်သာလျှင်၊ ပဏီတံ= လောကီရတနာ အဖြာဖြာတို့ထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော၊ ရတနံ= ရတနာမြတ်ကြီး ဖြစ်ပါပေသတည်း။ ဧတေန သစ္စဝဇ္ဇေန= ဤသို့

http://www.dhammadownload.com



တရားဒေသနာတော်အရပ်ရပ်ကို ဟောကြားတော်မူတတ်သည့် ဘုရားရတနာသည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော ရတနာထူး၊ ရတနာမြတ်ဖြစ်ပါ၏ဟူ၍ မှန်ကန်စွာ ပြောဆိုရခြင်းကြောင့်၊ တေတုမှာကံ= (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်း ကြိုးပမ်းအားထုတ် နေကြကုန်သော ရဟန်းရှင်လူ ယောဂီသူတော်စင်အပေါင်းတို့အား၊ သုဝတ္ထိ= ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

## ဂန္ဓာရီဝိဇ္ဇာ

ယနေ့ညဥ့်လဲပဲ မနေ့ညက ဟောထားတဲ့ ကေဝဋ္ဋသုတ္တန်ဒေသနာတော်မြတ်ကို ဆက်ပြီးတော့ ဟောကြားပါမယ်။ အဲဒီ ကေဝဋ္ဋသုတ္တန်မှာ မြတ်စွာဘုရားက "ပြာဋိဟာ"သုံးမျိုး။

(၁) ပုံသဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ တန်ခိုးပြာဋိဟာကတစ်မျိုး၊

(၂) အထင်အမြင်ကို ပြောဆိုနိုင်တဲ့ ပြာဋိဟာကတစ်မျိုး၊

(၃) သွန်သင်ဆုံးမ နည်းလမ်းပြခြင်းဆိုတဲ့ ပြာဋိဟာကတစ်မျိုး၊

အဲဒီ သုံးပါးထဲက တန်ခိုးအမျိုးမျိုးပြနိုင်ခြင်းဆိုတဲ့ ပြာဋိဟာကတစ်မျိုး၊ အထင်အမြင်ကို ပြောဟောခြင်းဆိုတဲ့ ပြာဋိဟာက တစ်မျိုး၊ အဲဒီ (၂)မျိုးဟာ သံသရာဝဲဂရက်မှ ထွက်မြောက်နိုင်တာ မဟုတ်ပါဘူး။ သွန်သင်ဆုံးမနည်းလမ်းပြခြင်း သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်နဲ့ သွန်သင်ဆုံးမ နည်းလမ်းပြခြင်းဆိုတဲ့ "အနုသာသနီ"ခေါ်တဲ့ ပြာဋိဟာတစ်မျိုးသာလျှင် သံသရာဝဋ္ဋ စက်က ထွက်မြောက်နိုင်တယ်လို့ ဟောတော်မူလိုတဲ့အတွက် ဆက်ပြီးတော့ မဟာဘုတ်လေးပါးတို့ရဲ့ ချုပ်ရာကိုရှာမှီးတတ်တဲ့ ရဟန်းတစ်ပါးရဲ့ ဝတ္ထုဇာတ်လမ်းကို မြတ်စွာဘုရား ထုတ်ပြန်ပြီး ဟောကြားတော်မူပါတယ်။ မဟာဘုတ်လေးပါးတို့ရဲ့ ချုပ်ရာကို ရှာမှီးတတ်တဲ့ ရဟန်းတစ်ပါးဝတ္ထုကို မပြောကြားမီ ဘုန်းကြီးတို့

http://www.dhammadownload.com



မနေ့က **"ကြွဒ္ဓိပါဋိဟာရိယ"** တန်ခိုးပြာဋိဟာနဲ့ ပတ်သက်ပြီးတော့ ကြွဒ္ဓိဝိဇ္ဇာဟာ သာသနာတော်မှာ ထင်ရှားရှိတဲ့ တန်ခိုးပြာဋိဟာ တစ်မျိုးပါပဲ။ အဲဒီ ကြွဒ္ဓိဝိဇ္ဇာ တန်ခိုးပြာဋိဟာကိုလဲ မြတ်စွာဘုရားက ဂန္ဓာရီဝိဇ္ဇာအတတ်ပညာနဲ့ ရောထွေးပြီးတော့ သွားမှာစိုးတဲ့အတွက် အားမပေးဘူး။ အဲဒီ ဂန္ဓာရီဝိဇ္ဇာအတတ်ပညာ ဆိုတာဟာလဲပဲ နှစ်မျိုး ရှိပါတယ်။

(၁) စူဠဂန္ဓာရီဝိဇ္ဇာ

(၂) မဟာဂန္ဓာရီဝိဇ္ဇာ

စူဠဂန္ဓာရီဝိဇ္ဇာဆိုတာ အငယ်တန်း ဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဆိုတာ အကြီးစား ဂန္ဓာရီဝိဇ္ဇာ။ စူဠဂန္ဓာရီဝိဇ္ဇာခေါ်တဲ့ ဒီဝိဇ္ဇာက သုံးနှစ်အတွင်းမှာ သေခဲ့ကျေခဲ့တဲ့ ပုဂ္ဂိုလ်များ ဒီပုဂ္ဂိုလ် ဘယ်ဘဝ ရောက်နေပြီလို့ သိနိုင်စွမ်းရှိတယ်။ သူ့ရဲ့စွမ်းအင်ကလဲ မသေးပါဘူး။ ဝိဇ္ဇာတို့ရဲ့ စွမ်းအင်က **"အာကာသစာရီစ"**= ကောင်းကင်လဲ ပျံသန်းနိုင် ပါတယ်။ **"ပရစိတ္တဝိဒူစ"**= သူတစ်ပါးစိတ်ကိုလဲ သိနိုင်တယ်။ ဒါဝိဇ္ဇာများရဲ့ စွမ်းအင်ပါပဲ။ မဟာဂန္ဓာရီဝိဇ္ဇာဆိုတာကတော့ သုံးနှစ်မကဘူး။ သုံးနှစ်ကျော်လွန်ပြီးတော့ ကွယ်လွန်သွားကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဦးခေါင်းရိုး ခေါက်ကြည့်ရုံနဲ့ ဒီပုဂ္ဂိုလ်ဘယ်ရောက်နေတယ်ဆိုတာ သိနိုင်တယ်။ အခု ဘုန်းကြီးတို့ ကြို့ပင်ကောက်က နတ်လေချွန်မေးကြသလိုပေါ့။ မိမိတို့နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်များ ဘဝတစ်ပါးပြောင်းသွားရင် ဘယ်ဘဝများ ရောက်နေသလဲလို့ သိချင်ကြတယ်။ အချို့လူမျိုးတွေကျတော့လဲ အဲဒီမှာ အိမ်တို့, တိုက်တို့ ပုံစံတွေဆောက်ပြီးတော့ ဘယ်ဘဝ ရောက်သလဲ၊ ရောက်တဲ့ဘဝမှာ အိမ်နဲ့, အစားအသောက်နဲ့, အစာရေစာနဲ့ ပြည့်စုံ သလား၊ မပြည့်စုံဘူးလား စသည်ဖြင့် နည်းမျိုးစုံနဲ့ မေးကြမြန်းကြတယ်။

ရှေးအခါတုန်းကလဲ အဲလိုပဲတဲ့ မိမိတို့နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ, ကွယ်လွန်ပြီးသွားကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်ဘဝရောက်သလဲဆိုတဲ့ မေးကြတယ်။ ဂန္ဓာရီဝိဇ္ဇာများက အဲဒီအမေးရဲ့အဖြေကို ပေးကြတယ်။

http://www.dhammadownload.com



## အရှင်ပိလိန္ဒဝစ္ဆထေရ်

အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ကြီး အလောင်းအလျာက ဘာဖြစ်သလဲလို့ဆိုတော့ ဂန္ဓာရီဝိဇ္ဇာဖြစ်ပြီးတော့နေတယ်။ ဂန္ဓာရီဝိဇ္ဇာဖြစ်နေတော့ ကောင်းကင်လဲပျံနိုင်တယ်။ မြေလျှိုးမိုးပျံပြီး သွားနိုင်တယ်။ သူတစ်ပါးစိတ်လဲ သိနိုင်တယ်။ တစ်နေ့ကျတော့ ပိလိန္ဒဝစ္ဆဂန္ဓာရီဝိဇ္ဇာနေတဲ့မြို့ကို မြတ်စွာဘုရား ရောက်သွားတယ်။ ရောက်သွားတော့ ပိလိန္ဒဝစ္ဆဝိဇ္ဇာဟာ မြတ်စွာဘုရားလဲ အဲဒီမြို့ရောက်သွားရော ကောင်းကင်လဲ မပျံနိုင်တော့ဘူး။ သူတစ်ပါးစိတ်လဲ မသိနိုင်တော့ဘူး။ အဲဒီတော့ ပိလိန္ဒဝစ္ဆဝိဇ္ဇာက စဉ်းစားတယ်။ အေး- တို့မြို့၊ တို့ရွာတော့ မဟာဂန္ဓာရီဝိဇ္ဇာ တစ်ပါးတော့ရောက်နေပြီ ထင်တယ်။ ဘယ်သူလဲ မသိဘူးဆိုပြီး လိုက်ရှာတော့ မြတ်စွာဘုရားတွေ့တယ်။ ဩော်- ဒါကြောင့်ကိုး။ ငါဟာ မြေလဲမလျှိုးနိုင်၊ မိုးလဲမပျံနိုင်၊ သူတစ်ပါးစိတ်အကြံလဲ မသိတာတော့ဘူး။ ငါ့မှာ တန်ခိုးတွေမရှိတော့ဘူး ဆိုပြီးတော့ မြတ်စွာဘုရားကို "မြတ်စွာဘုရား တပည့်တော်အား စူဠဂန္ဓာရီအဆင့်က မဟာဂန္ဓာရီဖြစ်အောင် နည်းလမ်းကောင်းများ ပေးတော်မူပါဘုရား"လို့ လျှောက်ထားတယ်။ မြတ်စွာဘုရားက ပိလိန္ဒဝစ္ဆမထေရ်အလောင်းအလျာကို ရှင်သာမဏေပြုရဟန်းပြုပေးပြီးတော့မှ ဝိပဿနာတရားဟောတယ်။ "ဒါ မဟာဂန္ဓာရီဝိဇ္ဇာဖြစ်ဖို့ပဲ။ သင်အားထုတ်ပေတော့"လို့ ဆိုပြီးနည်းပေးလိုက်တယ်။ အားထုတ်တာက မဟာဂန္ဓာရီဖြစ်ဖို့ အားထုတ်တာပဲ။ သို့သော် ရဟန္တာဖြစ်သွားတယ်။ အဲဒီလို မြတ်စွာဘုရားဆွဲဆောင်ပြီးတော့ စူဠဂန္ဓာရီဝိဇ္ဇာဖြစ်တဲ့ ပိလိန္ဒဝစ္ဆမထေရ် အလောင်းအလျာအား မဟာဂန္ဓာရီဖြစ်ဖို့ရာ နည်းကောင်းလမ်းကောင်း ပေးမယ်ဆိုပြီး ရဟန်းပြု၊ ဝိပဿနာတရား အားထုတ်ဆိုပြီး ဝိပဿနာတရားကို ဟောတာပါပဲ။ မဟာဂန္ဓာရီဝိဇ္ဇာဖြစ်ပြီဆိုတော့ ရဟန္တာဖြစ်သွားတာ။ သူအားထုတ်တာကတော့ မဟာဂန္ဓာရီဝိဇ္ဇာ လောကီနယ်ပယ်က အစွမ်းသတ္တိ လိုချင်တာကိုး။ မြတ်စွာဘုရားက တရားပေးပြီး အားထုတ်

http://www.dhammadownload.com



လိုက်တော့ အရိယာဝိဇ္ဇာ ဖြစ်သွားတယ်။

ဘယ်ဝိဇ္ဇာပဲဖြစ်ဖြစ်၊ စူဠဂန္ဓာရီဝိဇ္ဇာပဲဖြစ်ဖြစ်၊ မဟာဂန္ဓာရီဝိဇ္ဇာပဲဖြစ်ဖြစ်၊ ယခု သိပ္ပံပညာရှင်များရဲ့ဆေးလမ်း, စက်ကိရိယာလမ်းပဲဖြစ်ဖြစ် ဝိဇ္ဇာတွေချည်းပါပဲ။ သူ့အစွမ်းနဲ့သူကတော့ ရှိကြတာပါပဲ။ အဲဒီတော့ ဂန္ဓာရီဝိဇ္ဇာဖြစ်လိုတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးပဲ အသုံးချ။ အဲဒီ ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါး အသုံးချပြီးတော့ပဲ လောကီဝိဇ္ဇာ, ပြဒါး ဝိဇ္ဇာ, သံဝိဇ္ဇာ ဖြစ်ကြရတာပါပဲ။ အရိယာဝိဇ္ဇာဖြစ်လိုတဲ့ ပုဂ္ဂိုလ်များလဲပဲ ဒီမြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးကိုပဲ စနစ်တကျ မြတ်စွာဘုရား ပေးသနားတော်မူတဲ့ နည်းနာနိဿယ အတိုင်းပဲ အားထုတ်မယ်ဆိုရင် အရိယာဝိဇ္ဇာဖြစ်နိုင်တယ်။ သိပ္ပံပညာရှင်များ လျှင်မြန်တဲ့ ကိရိယာလမ်းတွေ တီထွင်တဲ့အခါမှာလဲ ဒီရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးကိုပဲ အခြေခံပြီးတော့ ထူထောင်ကြရတာပါပဲ။ အဲဒီတော့ ဓာတ်ကြီးလေးပါး ပိုင်နိုင်လို့ရှိရင် လောကီဂန္ဓာရီလဲ ဖြစ်နိုင်ပါတယ်။ လောကုတ္တရာအရိယာဝိဇ္ဇာလဲ ဖြစ်နိုင်ပါတယ်။ သိပ္ပံပညာရှင်တို့ရဲ့ ဝိဇ္ဇာလမ်းကိုလဲ ရရှိနိုင်ပါတယ်။ ဓာတ်လေးပါးကို အခြေခံပြီးတော့ ပိလိန္ဒဝစ္ဆမထေရ်မြတ်ကြီးဟာ စူဠဂန္ဓာရီကနေ မဟာဂန္ဓာရီဖြစ်အောင် မြတ်စွာဘုရားနဲ့တွေ့ ရဟန်းပြု ဝိပဿနာတရားများဆက်ပြီး အားထုတ်လိုက်တဲ့အခါ ရဟန္တာဖြစ်သွားတယ်။ ပိလိန္ဒဝစ္ဆမထေရ်မြတ်ကြီးဟာ တန်ခိုးအင်မတန်ကြီးတယ်။ ဗိမ္ဗိသာရမင်းကြီး နေထိုင်တဲ့ နန်းပြာသာဒ်ကြီးကို "သုဝဏ္ဏ မယောဟောတု" ရွှေပြာသာဒ်ကြီး ဖြစ်စေသတည်း အဓိဋ္ဌာန်ပြုလိုက်တာနဲ့ ရွှေပြာသာဒ်ကြီး ဖြစ်ခဲ့ဘူးပါတယ်။ ဒီမထေရ်မြတ်ကြီးရဲ့ စွမ်းအင်ပါပဲ။ စောစောက စူဠဂန္ဓာရီဝိဇ္ဇာဘဝနဲ့ သံသရာဝဋ်စက်က မထွက်နိုင်ဘူး။ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါကျမှ ဝိပဿနာတရား အားထုတ်ဖို့ရာ ညွှန်းပြတော်မူခဲ့တဲ့အတွက် ပိလိန္ဒဝစ္ဆမထေရ်မြတ်ကြီးဟာ အရိယာဝိဇ္ဇာ ဖြစ်သွားတယ်။ ဒါကြောင့်မို့ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ မြေလျှိုးမိုးပျံ တန်ခိုးရှင်နဲ့ ပြည့်စုံတဲ့ "ဣဒ္ဓိပါဋိဟာရိယ" ခေါ်တဲ့

http://www.dhammadownload.com



တန်ခိုးပြာဋိဟာ သံသရာဝဋ်စက်က မထွက်မြောက်နိုင်ဘူး။

အလားတူပဲ စိန္တာမဏိမန္တာန် ခေါ်တဲ့ မဏိကာအတတ်ပညာ ဟာလဲ သူတစ်ပါးစိတ်ကို သိတယ်။ သူတစ်ပါးစိတ်အကြံတွေ သိတယ်။ ဒီနည်းနဲ့လဲ သံသရာဝဋ်စက်က မထွက်မြောက်နိုင်ဘူး။

## ရေ၊ မြေ၊ လေ၊ မီး ချုပ်ရာရှာ

သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ် တရားခေါ်တဲ့ အနုသာသနီပါဋိဟာရိယ= သွန်သင်ဆုံးမ နည်းလမ်းပြခြင်း တန်ခိုး ပြာဋိဟာသာလျှင် သံသရာ ဝဋ်စက်မှ ထွက်မြောက်နိုင်တယ်လို့ ဆက်ပြီးတော့ ပြချင်တဲ့အတွက် မြတ်စွာဘုရားက ကေဝဋ္ဋသူကြွယ်လို ဘာဆက်ပြီး ဟောသလဲ ဆိုတော့ "ကေဝဋ္ဋ- ဒီရဟန်းပရိသတ်ထဲမှာပဲ ရဟန်းတစ်ပါးက အကြံအစည်ဖြစ်ခဲ့ဘူးတယ်။ ဘယ်လိုဖြစ်သလဲ ဆိုတော့-

**ကတ္ထနုခေါ၊ ဣမေ စတ္တာရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ။**

ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ဘယ်နေရာများ အကြွင်းမဲ့ ချုပ်ပါလိမ့်မလဲ။ ဘယ်နည်းနဲ့ချုပ်ပါလိမ့်မလဲ။ ဘယ်ရောက်တဲ့အခါများ ဒီဓာတ်ကြီး လေးပါး ချုပ်ပါလိမ့်မလဲ"လို့ ကြံစည်တွေးတောပြီးတော့ ဓာတ်ကြီးလေးပါး ချုပ်ရာနေရာကို ရှာဘူးတယ်။ အဲဒီလို ဓာတ်ကြီး လေးပါးချုပ်ရာကို ရှာပြီးတော့ သူက ဘယ်သွားရှာသလဲဆိုတော့ လူ့ပြည်တော့ မရှာတော့ဘူး။ နတ်ပြည်တက်ရှာမှပဲ ဆိုပြီးတော့ စောစောကပြောတဲ့ "ဣဒ္ဓိပါဋိဟာရိယ" တန်ခိုးပြာဋိဟာ ဣဒ္ဓိဝိဓ အဘိညာဉ်ရထားတော့ နတ်ပြည်တက်နိုင်ဖို့ရာ "ဒေဝယာနိယမဂ္ဂ" ခေါ်တဲ့ နတ်ပြည်ကို တက်နိုင်တဲ့ လမ်းကြောရရှိအောင် သမာပတ် ဝင်စားတယ်။ ဣဒ္ဓိဝိဓအဘိညာဉ်ကိုပဲ ဒေဝယာနိယမဂ္ဂ နတ်ပြည်သွားတဲ့ လမ်းကြောခေါ်ပါတယ်။ "ဗြဟ္မယာနိယမဂ္ဂ"= ဗြဟ္မာ့ပြည်သွားဖို့ရာ

http://www.dhammadownload.com



လမ်းကြောလမ်းပဲလို့လဲ ပြောနိုင်ပါတယ်။ "ဓမ္မသေတု"ဆိုတဲ့ တရားတည်းဟူသော တံတားကြီးဆိုတဲ့ အမည်ဟာလဲ ဣန္ဒြိယဉာဏ်ရဲ့ အမည်ပါပဲ။ "ဇေကစိတ္တက္ခဏိက အပ္ပနာ"ခေါ်တဲ့ တစ်ခုသော စိတ္တက္ခဏနဲ့ အပြီးတိုင်ရောက်ရှိခြင်းခေါ်တဲ့ ဇေကစိတ္တက္ခဏိက အပ္ပနာဆိုတဲ့အမည်ဟာလဲ ဣန္ဒြိယအဘိညာဉ်ရဲ့ နာမည်ပါပဲ။ "သန္နိဋ္ဌာနိက စေတနာ" ခေါ်တဲ့ ဆုံးခန်းတိုင်မြောက် ရောက်နိုင်တဲ့ စေတနာဆိုတဲ့ အမည်ဟာလဲပဲ ဣန္ဒြိယအဘိညာဉ်ရဲ့ အမည်ပါပဲ။ ပြီးတော့ မဟဂ္ဂုတ်စိတ်ဆိုတဲ့ အမည်ဟာလဲ ဣန္ဒြိယဉာဏ် ရဲ့အမည်ပါပဲ။ အဘိညာဉ်စိတ်ဆိုတဲ့ အမည်ဟာလဲ ဣန္ဒြိယဉာဏ်ရဲ့ အမည်ပါပဲ။ အဲဒီတော့ ရဟန်းတော်ဟာ ဒေဝယာနိယမဂ္ဂခေါ်တဲ့ နတ်ပြည်ရောက်ဖို့ လမ်းကြောလို့ခေါ်တဲ့ သမာပတ်ဝင်စားလိုက်တယ် ဆိုကြပါစို့။ စာတုမဟာရာဇ်နတ်ပြည် ရောက်သွားရော။ ရောက်သွားတော့ စတုမဟာရာဇ်နတ်တွေကို မေးတယ်။

**ကတ္ထ နု ခေါ ဘာဝုသော စတ္တရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ။**

"အို- စတုမဟာရာဇ်နတ်တို့ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးတို့ဟာ ဘယ်နေရာမျှား အကြွင်းမဲ့ချုပ်ငြိမ်းပါသလဲ ပြောစမ်းပါ"လို့ ဆိုတော့။ "စတုမဟာရာဇ်နတ်တွေက တို့ကတော့ နားမလည်ဘူး။ **မယံ ခေါ နဇာနာမ**= တို့တတွေ မဖြေနိုင်ပါဘူး။ တို့ထက် တန်ခိုးကြီးတဲ့ နတ်မင်းကြီးလေးယောက် ရှိတယ်။ အဲဒီ နတ်မင်းကြီးလေးယောက် ကတော့ တို့ထက် **အဘိက္ကန္တတရာစ**= အရာရာလွန်လဲ လွန်ကဲတယ်" ဆိုတော့ ဓာတ်ကြီးလေးပါးချုပ်ရာရှာတဲ့ ရဟန်းဟာ နတ်မင်းကြီးလေးပါးထံ ရောက်သွားတယ်။ ရောက်သွားတော့ စောစောကမေးတဲ့ အတိုင်းပဲ။ "အို- နတ်မင်းကြီးလေးပါးတို့ ဘယ်နေရာရောက်ရင် ဓာတ်ကြီးလေးပါး အကြွင်းမဲ့ချုပ်ပါသလဲ"လို့ မေးပြန်တယ်။ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြည့်မယ်ဆိုရင် မြေဓာတ်က (၂၀)ခွဲပြတယ်။ ဒီခန္ဓာကိုယ်ကြီး

http://www.dhammadownload.com



မှာ မြေဓာတ် (၂၀)- ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်လို့ မြေဓာတ်က ခက်မာတဲ့သဘောလေးနဲ့ နူးညံ့တဲ့သဘောရှိတဲ့ မြေဓာတ်က (၂၀)။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ နှပ်၊ တံတွေး၊ အစေး၊ ကျင်ငယ် ဆိုတဲ့ ယိုစီးတဲ့သဘော ဖွဲ့စည်းတဲ့ သဘောရှိတဲ့ အာပေါဓာတ်ခေါ်တဲ့ ရေဓာတ်က(၁၂)မျိုး။ ပြီးတော့ တေဇောဓာတ်က (၄)မျိုး- ဒဟနတေဇော၊ သန္တပ္ပနတေဇော၊ ပါစက တေဇော၊ ဇီရဏတေဇော ဆိုတဲ့ တေဇော (၄)မျိုး။

အကျဉ်းချုပ်ကတော့ သီတတေဇောနဲ့ ဥဏှတေဇော (၂)မျိုး။ ဝါယောဓာတ်ခေါ်တဲ့ လေဓာတ်က (၆)မျိုး- ဥဒ္ဓင်္ဂမဝါယော၊ အဓောဂမ ဝါယော၊ ကုစ္ဆိဋ္ဌဝါယော ကောဋ္ဌာ သယဝါယော၊ အင်္ဂမင်္ဂါနုသာရီ ဝါယော၊ အဿာသဝါယော၊ ပဿာသဝါယော= တွန်းကန်ခြင်း၊ လှုပ်ရှားခြင်း သဘောရှိတဲ့ ဝါယော ဓာတ်က (၆)မျိုး။ ပေါင်းလိုက်တော့ ဒီခန္ဓာကိုယ်ကြီးဟာ (၄၂)ပုံနဲ့ ဓာတ်လေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။ အခု ရှုမှတ်နေကြတဲ့ ယောဂီများက အဲဒီ (၄၂)ပုံထဲက (၄၁)ကို အသာထားပြီးတော့ (၁)ပုံထဲပဲ ရှုပွားနေကြတာပါ။ ထွက်လေ ဝင်လေ ဆိုတဲ့ ဓာတ်လေးပါးထဲက ဝါယောဓာတ်= တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ အဲဒီ ဝါယောဓာတ် (၆)မျိုးထဲကမှ (၁)မျိုး ထွက်လေ ဝင်လေ။ ဒီ (၁)မျိုးပဲ ဓာတ်(၄)ပါးထဲက အသုံးချပြီးတော့ မြတ်စွာဘုရား ညွှန်ပြတဲ့ နည်းနဲ့ အရိယာဝိဇ္ဇာဖြစ်အောင် လုပ်နေကြတာပါ။ နတ်မင်းကြီး (၄)ပါးစီ သွားမေးပြန်တော့လဲ နတ်မင်းကြီးလေးပါးတို့က “အရှင်ဘုရား တပည့်တော်တို့ နတ်မင်းကြီးတွေသာပြောတာ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးတို့ အကြွင်းမဲ့ ချုပ်တဲ့နေရာ မသိပါဘုရား၊ တာဝတိံသာ နတ်တွေများ သိကောင်းသိပါလိမ့်မယ်ဘုရားလို့ ညွှန်းလိုက်တော့

http://www.dhammadownload.com



တာဝတိံသာနတ်ပြည်တက်သွား။ တာဝတိံသာနတ်တွေ မေးပြန်တော့လဲ တာဝတိံသာနတ်တွေက မသိ။ တာဝတိံသာနတ်တွေက သူတို့တော့ မသိဘူး။ တာဝတိံသာနတ်တွေရဲ့ အကြီးအကဲဖြစ်တဲ့ သိကြားမင်းတော့ သိတန်ကောင်းရဲ့ဆိုတော့ သိကြားမင်းဆီ ရောက်သွားတယ်။ သိကြားမင်းဆီရောက်သွားတော့ သိကြားမင်းက စဉ်းစားတယ်။ "ဒီကိုယ်တော်နော် မေးမြန်းနေလိုက်တာက ဘုရားအရာ **"ဗုဒ္ဓဝိသယပဉှာ"** ဘုရားအရာဖြစ်တဲ့ မေးခွန်းကို တို့လာမေးနေတယ်"။ သိကြားမင်းကြီးက မီးကို ဖယ်ရှားပြီး ပိုးစုန်းကြူးကိုမှုတ်ပြီး မီးမွှေးနေတာနဲ့ တူလိုက်တာ။ စည်ကိုဘေးချပြီး ဝမ်းဗိုက်ကို စည်လုပ်တီးနေတဲ့လူနဲ့ တူလိုက်တာတဲ့။ ပြောလိုက်ရင် "ဘုရားဆီသွားပေတော့"လို့ ပြောရင် ဖြစ်ပါရဲ့။ ဒါပေမယ့် **"ထောကံ အာဟိဏ္ဍန္တော လိလမတု"**= နည်းနည်း ပါးပါးသွားပြီးတော့ ဒီကိုယ်တော် ပင်ပန်းပေစေဦး။ သူဟာသူ လမ်းဆုံးရင် ရှာတွေ့ပြီးတော့ သူသဘောပေါက်လိမ့်မယ်ဆိုပြီး သိကြားမင်းက ဘုရားအရာဖြစ်တဲ့ မေးခွန်းဆိုတာ သိနားလည်ပါတယ်။ သို့သော်လဲပဲ **"ထောကံ အာဟိဏ္ဍန္တော ကိလမတု"**။ ဘုရားရှိရဲ့သားနဲ့ ဘုရားကို ဖယ်ထားပြီးတော့ တို့လာမေးနေတယ်။ ဒီကိုယ်တော်တော့ လှည့်လည်ပြီး ပင်ပန်းပေစေဦး ဆိုပြီးတော့ "အရှင်ဘုရား တပည့်တော်မသိပါဘုရား။ ယာမာဘုံက နတ်တွေတော့ သိလောက်ပါတယ်။ ယာမာဘုံကြွ၍ မေးတော်မူပါ ဘုရား"လို့ လျှောက်ထားလိုက်တယ်။

ရဟန်းတော်ကလဲ ယာမာဘုံကနတ်တွေကို မေးတယ်။ ယာမာနတ်တွေကလဲ သူတို့မသိပါဘူး။ သုယာမနတ်သားများ သိတန်ကောင်းပါရဲ့လို့ဆိုပြီး သုယာမနတ်သားဆီ လွှတ်လိုက်ပြန်တယ်။ သုယာမနတ်သားက တုသိတာနတ်ပြည်ကို ညွှန်ပြလိုက်တယ်။ တုသိတာနတ်တွေကလဲ သူတို့တော့မသိပါဘူးတဲ့။ သန္တုသိတနတ်သားတော့ သိကောင်းသိတန်ပါရဲ့လို့ ဆိုပြီးတော့ အဲဒီလို ညွှန်လိုက်ပြန်တယ်။ သန္တုသိတနတ်သားက နိမ္မာနရတီနတ်ဘုံကို ညွှန်းလိုက်ပြန်တယ်။

http://www.dhammadownload.com



နိမ္မာနရတိနတ်တွေ သုနိမ္မိတနတ်သားစီ ညွှန်လိုက်တယ်။ သုနိမ္မိတနတ်သားက ပရနိမ္မိတဝသဝတ္တီနတ်တွေစီ ညွှန်းပေးလိုက်ပြန်တယ်။ ပရနိမ္မိတဝသဝတ္တီနတ်တွေကနေ ဝသဝတ္တီနတ်သားစီကို ညွှန်းလိုက်တယ်။ ဝသဝတ္တီတ်သားက ထပ်ညွှန်းလိုက်တော့ ဗြဟ္မာတွေဆီ ရောက်သွားတယ်။

## မဟာဗြဟ္မာကြီးဆီ

ဗြဟ္မာတွေဆီက မဟာဗြဟ္မာကြီးဆီ ရောက်သွားတယ်။ မဟာဗြဟ္မာကြီးဆီရောက်တဲ့အခါ မဟာဗြဟ္မာကြီးက အဲဒီ ကိုယ်တော်ကို လက်တို့ပြီးတော့ အသာခေါ်သွားတယ်။ အခြားဗြဟ္မာတွေရှေ့မှာ မပြောဘူး။ တခြားဗြဟ္မာတွေက မဟာဗြဟ္မာကြီးကို သိပ်ပြီးတော့ အထင်ကြီးနေတာကိုး။ မဟာဗြဟ္မာကြီးက မသိတာမရှိဘူး။ ထိုးထွင်း မသိတာမရှိဘူး။ မျက်မှောက်မပြုနိုင်တာ မရှိဘူး။ ဘာဖြစ်ဖြစ် သိတယ်။ ဒီမဟာဗြဟ္မာကြီးဟာ တို့ဗြဟ္မာတို့ရဲ့ ဖခင်ကြီးပဲ။ တို့တတွေကို သူဖန်ဆင်းတာပဲ။ မဟာဗြဟ္မာကြီးကို အထင်ကြီးနေကြတယ်။ အဲဒီတော့ မဟာဗြဟ္မကြီးက သူမသိဘူးလို့ ပြောရမှာ သိပ်တာဝန်ကြီးတယ်။ ဒါကြောင့် မဟာဘုတ်ချုပ်ရာကို ရှာတဲ့ရဟန်းကို လက်တို့ပြီး အသာလေးခေါ်သွားတယ်။ အခြားဗြဟ္မာတွေမရှိတဲ့နေရာရောက်မှ "အရှင်ဘုရား- မိုက်မှမိုက်လိုက်လေ။ မြတ်စွာဘုရား ရှိရဲ့သားနဲ့ မြတ်စွာဘုရားကို ချန်ထားပြီးတော့ တပည့်တော်တို့ကို လာမေးတယ်။ ဒီပြဿနာကို တပည့်တော် ဘယ်ဖြေနိုင်မလဲ ဘုရား"။ မေးတဲ့ပြဿနာကလဲ ကြည့်အုံး။

**ကတ္ထ နုခေါ စတ္တာရောမဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ။**

"ဗြဟ္မာကြီး ဘယ်နေရာမှာ မဟာဘုတ်လေးပါးတို့ အပြီးသတ်ချုပ်ငြိမ်းပါသလဲ"။ ဒီမေးခွန်းကို မေးတာကိုး။ မေးတာက ရုပ်တရားနဲ့ ပတ်သက်ပြီး မေးတဲ့မေးခွန်း။ ရုပ်တရားနဲ့ပတ်သက်တဲ့ မေးခွန်း။

http://www.dhammadownload.com



ရုပ်တရား, နာမ်တရားတွေ ခွဲခြားပြီးမသိနိုင်တဲ့ ပုထုဇဉ်ပြဟ္မာတွေ မဖြေနိုင်ကြဘူး။ မဟာပြဟ္မာကြီးကလဲ မဖြေနိုင်ဘူး။ မဖြေနိုင်တော့မှ မဟာပြဟ္မာကြီးက "အရှင်ဘုရား ဒီမေးခွန်းကို နတ်ပြည်, ပြဟ္မာပြည် လှည့်ပြီး မေးမနေပါနဲ့။ သုံးလောထွဋ်ထား မြတ်ဘုရားပွင့်နေတာပဲ။ အရှင်ဘုရားတို့ရဲ့ဆရာ မြတ်ဘုရားဆီသာ သွားပြီးတော့ ဒီမေးခွန်းကို မေးတော်မူပါ။ မြတ်စွာဘုရားက ဖြေကြားတော်မူပါလိမ့်မယ်။ ဖြေကြားတဲ့ အတိုင်း အရှင်ဘုရား မှတ်တော်မူပါ"လို့ လျှောက်ထားလိုက်တယ်။

## ဘုရားထံပြန်ရောက်

အဲဒီလို နတ်ပြည်၊ ပြဟ္မာ့ပြည်အနှံ့ မဟာဘုတ်လေးပါး ချုပ်ငြိမ်းရာ လိုက်ရှာသော်လဲ အဖြေမရလို့ ဘုရားဆီပြန်ရောက်တယ် ဆိုပါစို့။ မြတ်စွာဘုရားဆီ ရောက်တဲ့အခါ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးတော့ "ဓာတ်လေးပါးတို့ အကြွင်းမဲ့ချုပ်ရာဌာနက ဘယ်နေရာ ပါလဲဘုရား"လို့ ဒီမေးခွန်းကို မြတ်စွာဘုရားထံ မေးပါတယ်။ အဲဒီတော့ ဒီဓာတ်လေးပါးဟာ တော်တော်အရေးကြီးပါတယ်။ "ဓာတ်လေးပါး ချုပ်ရာဖြစ်တဲ့နေရာက ဘယ်နေရာလဲ"။ ဘုန်းကြီးတို့ရဲ့ ခန္ဓာကိုယ်ကို ကြည့်ကြစို့။ ဒီခန္ဓာကိုယ်ကြီးကို ကြည့်လိုက်တဲ့အခါမှာ မြေဓာတ်က (၂၀)၊ ရေဓာတ်က (၁၂)မျိုး၊ မီးဓာတ်က (၄)မျိုး၊ လေဓာတ်က (၆)မျိုးနဲ့ ဖွဲ့စည်းထားတဲ့ (၄၂)ပုံနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။ မိမိတို့ရဲ့ ခန္ဓာကိုယ် (၄၂)ပုံနဲ့ ဖွဲ့စည်းထားသလိုပဲ အခြားအခြားပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ်။ ကမ္ဘာ့လူထုကြီး သန်းပေါင်းခြောက်ထောင်သုံးရာကျော် ရှိတယ်။ ဘယ်လောက်များများ၊ လူဦးရေဘယ်လောက်များများ၊ လူမျိုးတွေ ဘယ်လောက်များများ ဒီ (၄၂)မျိုးပဲ။ အရူပပြဟ္မာများကို ချန်ထား တိရစ္ဆာန်လောက စသည်ပါမကျန်အောင် မြတ်စွာဘုရားက ခြုံမိ ငုံမိအောင် ဓာတ်လေးပါးနဲ့ ခွဲပြတယ်။ ဒီ (၄၂)မျိုးထက်ပိုတဲ့ပုဂ္ဂိုလ် မရှိပါဘူး။ သာမန်အားဖြင့်ဆိုရင် လူတွေဟာ ကွဲပြားတယ်လို့ ထင်ရ

http://www.dhammadownload.com



တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ရုပ်ချောတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ရုပ်မချောဘူး။ တစ်ချို့ပုဂ္ဂိုလ်တွေက အသက်ရှည်တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက အသက်တိုတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက တန်ခိုးအရှိန်အဝါတွေကြီးတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက မကြီးဘူး စသည်ဖြင့် ကံကနေခွဲခြားပေးထားလို့ လူ့အလွှာကတော့ အသီးအသီးရှိပါတယ်။ အဲလို လူ့အလွှာအသီးအသီး ဘယ်လောက်ပဲရှိရှိ ဆင်းရဲသားတို့ရဲ့ခန္ဓာကိုယ်၊ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ်၊ တိုင်းသူပြည်သားတွေရဲ့ခန္ဓာကိုယ်၊ တိုင်းပြည်အုပ်ချုပ်နေကြတဲ့ ရှင်ဘုရင်တို့ရဲ့ခန္ဓာကိုယ် အတူတူပဲ။ မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂)မျိုး၊ မီးဓာတ် (၄)မျိုး၊ လေဓာတ် (၆)မျိုး အဲဒီလို ဓာတ်လေးပါး (၄၂)ပုံနဲ့ ဖွဲ့စည်းထားတဲ့ခန္ဓာကိုယ်ချည်းပါပဲ။

ဘယ်သူ့ခန္ဓာကိုယ်မှ ဓာတ်(၄)ပါးမှ လွတ်တာမရှိပါဘူး။ ဓာတ်လေးပါးဟာ အချက်အချာပါ။ ဒါကြောင့် မြတ်စွာဘုရားက ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်၊ ဝိပဿနာဉာဏ်ကို ဟောတဲ့အခါမှာ ဓာတ်လေးပါးနဲ့ပြီးတဲ့ခန္ဓာကိုယ်။ တစ်ခါတစ်ရံကျတော့ မြတ်စွာဘုရား ရုပ်ထဲကဓာတ်လေးပါးရယ်, အာကာသဓာတ်ရယ်, ရုပ်ဓာတ်ငါးမျိုး ယူပြီးတော့ ဝိညာဏဓာတ်နဲ့ဆက်ပြီးတော့ ဓာတ် (၆)ပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်၊ အဲဒီလိုလဲ ဟောကြားတာရှိပါတယ်။ ဓာတုဝိဘင်းတို့မှာတော့ ဓာတ် (၆)ပါးနဲ့ ဟောပါတယ်။ မဟာသတိပဋ္ဌာန သုတ္တန်မှာလာတဲ့ ဓာတုမနသိကာရပဗ္ဗကျတော့ ဓာတ်(၄)ပါးနဲ့ ခန္ဓာကိုယ်ကို ခွဲပြပါတယ်။ အဲဒီတော့ ဓာတ်(၄)ပါး နဲ့ခွဲပြတဲ့နည်းရယ်၊ ဓာတ်(၆)ပါး နဲ့ခွဲပြတဲ့နည်းရယ် ရှိတယ်။ ဓာတ်ဆိုတာ ဘာလဲလို့ဆိုတော့ သဘောပါဘဲ။ အဲဒီတော့ ဓာတ်လေးပါးနဲ့ ဖွဲ့ထားတဲ့ခန္ဓာကိုယ် စက်ဆုပ်ရွံ့ရှာဖွယ် အနေအားဖြင့် ဓာတ်လေးပါးမှာ ပထဝီဓာတ်(၂၀)၊ အာပေါဓာတ် (၁၂)မျိုး၊ ပေါင်းတော့ (၃၂)မျိုး။ အဲဒီ (၃၂)မျိုးကို စက်ဆုပ်ရွံ့ရှာဖွယ် အနေအားဖြင့် ရှုမယ်ဆိုရင် သမထကမ္မဋ္ဌာန်းဖြစ်ပါတယ်။ အဲဒီ (၃၂)ကောဋ္ဌာသက နေပြီးတော့ တေဇောဓာတ်လေးမျိုး၊ ဝါယောဓာတ်ခြောက်မျိုးပါထည့်ပေါင်းရင်

http://www.dhammadownload.com



(၄၂)ပုံပုံ။ အဲဒီ (၄၂)ပုံ ဓာတ်တွေချည်း၊ ဓာတ်ဆိုတာ သဘော၊ သဘောဆိုတာ သတ္တဝါလို့လဲ မပြောနိုင်ဘူး။ ငါလို့လဲမပြောနိုင်ဘူး။ အဲဒီလို ဓာတ်သဘောလေးမြင်အောင် ဆိုက်အောင်၊ သုညဆိုက်အောင် ကြည့်မယ်ဆိုရင် ဝိပဿနာအဆင့်အတန်း ရောက်ရှိပြီးသွားနိုင်ပါတယ်။ အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားထုတ်နေတာက ဓာတ်ကို မြင်အောင် အားထုတ်နေတာပါပဲ။ ဘယ်ဓာတ်ကိုမြင်အောင် အားထုတ်နေသလဲဆိုတော့ အဓိကအားဖြင့် ထွက်လေ ဝင်လေဆိုတဲ့ ဝါယောဓာတ်နဲ့ အခြေခံပြီးတော့ မိမိတို့စိတ် တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင်၊ တစ်နည်းအားဖြင့် မိမိတို့ရဲ့စိတ်ကလေးဟာ အာရုံငါးပါး တပ်မက်ခြင်းဆိုတဲ့ အရောင်အမျိုးမျိုးနဲ့ ဆိုးထားတာ အရောင်အမျိုးမျိုးဆိုးထားတဲ့စိတ်ကို အရောင်တွေ ကင်းသွားအောင် အားထုတ်နေကြရတယ်။

မိမိတို့ရဲ့စိတ်ကလေးဟာ ရေခွက်ကလေးထဲကရေ လေတိုက်တော့ လှုပ်နေသလို လှိုင်းထနေသလို စိတ်ကလေးကလဲ လှိုင်းထနေတတ်တယ်။ အဲဒီ စိတ်ကလေး လှိုင်းမထအောင်၊ ရေခွက်ကလေးထဲကရေဟာ တစ်ခါတစ်ရံ ပွက်ပွက်ဆူနေသလို စိတ်ကလေးဟာ ပြန့်လွင့်ပြီးတော့ တစ်ခါတစ်ရံ မှော်တွေလွှမ်းနေသလို ဖြစ်နေတယ်။ တစ်ခါတစ်ရံကျတော့ အဲဒီ ရေခွက်ထဲက ရေကလေးဟာ ညွန့်တို့ဘာတို့နဲ့ ညစ်ပေပြီးတော့နေတော့ ရေခွက်ထဲကရေကို ကြည့်လိုက်ရင် မျက်နှာရိပ်မပေါ်ဘူး။ အဲဒီလိုပဲ မိမိတို့ရဲ့စိတ်ဟာလဲ နွံတွေလွှမ်းပြီးနေမယ်ဆိုရင်လဲ တရားမမြင်နိုင်ဘူး။ မိမိတို့ရဲ့စိတ်ကလေးကို အရောင်အမျိုးမျိုး ကင်းရလေအောင် လှိုင်းထနေတာလေး ငြိမ်ရလေအောင်၊ ပွက်ပွက်ဆူမနေအောင်၊ မှော်ကင်းအောင်၊ ညွန်ကင်းနေအောင် အခု မိမိတို့ရဲ့စိတ်ကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်ကြရမယ်။ အဲဒီလို အားထုတ်လိုက်လို့ စိတ်ကလေးဟာ အရောင်ကင်းသွားပြီ။ လှိုင်းတွေကင်းသွားပြီ။ ပွက်ပွက်ဆူမှု ကင်းသွားပြီ။ မှော်တွေရှင်းသွားပြီ။ ညွန်ကင်းသွားပြီဆိုရင် မိမိသန္တာန်မှာ ဖြစ်နေတဲ့ရုပ်ကို ဒါကရုပ်။ မိမိသန္တာန်မှာဖြစ်နေတဲ့ နာမ်ကို

http://www.dhammadownload.com



ဒါကနာမ်။ ရုပ်မှာလဲ ဒါရုပ်၊ အဲဒီရုပ်ရဲ့အနေအထားက ဘယ်လို၊ လက္ခဏာကဘယ်လို၊ သူရဲ့အမှတ်တံဆိပ်က ဘယ်လိုဆိုတာ မြင်ပြီးတော့ လာပါလိမ့်မယ်။ အဲဒီတော့ ဓာတ်လေးပါး အခြေခံပြီးတော့ ဓာတ်လေးပါး မြင်အောင်လို့ အားထုတ်နေကြတာပါပဲ။ တစ်ခါတစ်ရံကျတော့ မြတ်စွာဘုရားက တရားပေးတဲ့အခါမှာ ရုပ်ကမ္မဋ္ဌာန်း ပေးပါတယ်။ တစ်ခါတစ်ရံကျတော့ နာမ်ကမ္မဋ္ဌာန်း ပေးပါတယ်။ တစ်ချို့ တစ်ချို့ပုဂ္ဂိုလ်တွေအား ရုပ်ကမ္မဋ္ဌာန်း ပေးပြီးတော့၊ တစ်ချို့ တစ်ချို့ပုဂ္ဂိုလ်တွေအား နာမ်ကမ္မဋ္ဌာန်းပေးပါတယ်။ တစ်ချို့မှာတော့ ရုပ်ကမ္မဋ္ဌာန်း ပေါ်လွင်တယ်။ တစ်ချို့ပုဂ္ဂိုလ်မှာတော့ နာမ်ကမ္မဋ္ဌာန်း အားထုတ်မှ ပေါ်လွင်ပါတယ်။ အခုတော့ ဘုန်းကြီးတို့စပြီး ဇရာတည်လာတာက ရုပ်နဲ့ဇရာတည်ပြီး လာခဲ့ပါတယ်။ ဒါကြောင့် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းလို့ အမျိုးမျိုးရှိတယ်။ ရုပ်တွေဟာ အမြောက်အများရှိတယ်။ အဲဒီရုပ်တွေထဲမှ တစ်ခုတည်းသော ဝါယောရုပ်။ အဲဒီ ဝါယောရုပ်ကနေပြီး ဖြာထွက်လာတဲ့ ထွက်လေ ဝင်လေလို့ နှစ်မျိုးသောရုပ်ကို အာရုံထားပြီး အားထုတ်လာခဲ့ကြ။ ဓာတ်လေးပါးမှာလဲပဲ လေးပါးလုံးမြင်မှရယ်လို့ မဟုတ်ဘူး။ ဓာတ်လေးပါးထဲမှာ တစ်ပါးမြင်လို့ ရှိရင်လဲ ဓာတ်လေးပါးလုံး မြင်နိုင်တော့တာပဲ။ တစ်ပါးသဘောပေါက်ရင်လဲ တရားရောက်တော့တာပဲ။

လေးပါးလုံးရောက်မှ လေးပါးပေါက်မှ လေးပါးလုံးမြင်မှ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဓာတ်လေးပါးထဲက တစ်ပါးပါးကို မြင်ပြီးတော့ အရိယာစခန်းတက်လှမ်းပြီးသွားကြတဲ့ အရှင်တွေ, သူတော်ကောင်းကြီးတွေ မြောက်များစွာရှိခဲ့ဘူးတဲ့အတိုင်း မိမိတို့ဟာလဲ ရှေးသူတော်စင်များ အရိယာစခန်းတက်လှမ်းတဲ့ ဝါယောဓာတ်အခြေခံပြီးတော့ အားထုတ်ရတဲ့ ဓာတ်ကမ္မဋ္ဌာန်း အားထုတ်နေတာပါလား။ ထိုဓာတ်ကမ္မဋ္ဌာန်းသည် အရိယာဝိဇ္ဇာဖြစ်ကြောင်း ကောင်းမြတ်သောလမ်းစဉ်ပါလားလို့ စိတ်ထဲမှာ ယုံကြည်မြတ်နိုးစွာနဲ့ ဆက်လက်ပြီးတော့ အားထုတ်

http://www.dhammadownload.com



ကြိုးစားကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို ယနေ့နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## တတိယနေ့ဟောစဉ်

### မြေကြီးလေးကောင်

ယနေ့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တန်ခူးလဆန်း (၃)ရက်။ ဓာတ်လေးပါးချုပ်ရာကို လိုက်ရှာနေတဲ့ ရဟန်းတစ်ပါးရဲ့အကြောင်းပါဝင်တဲ့ ကေဝဋ္ဋသုတ္တန်ကို ဟောကြားပါမယ်။ ဓာတ်လေးပါးဆိုတာက ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါး။ ဒါကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကတော့ "ရေဓာတ် မြေဓာတ် မီးလေဓာတ်ဟု လေးရပ်ဘုတ်ကြီး ပွားစည်းအနက်"။ ရေဓာတ်ရယ်, မြေဓာတ်ရယ်, မီးဓာတ်ရယ်, လေဓာတ်ရယ်လို့ ဓာတ်ကြီးလေးပါး။ ဒီဓာတ်ကြီးလေးပါးတို့ရဲ့ လက္ခဏာကို ဆရာတော်ဘုရားကြီးကပဲ ဆက်ပြီးတော့ **"ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏာ"**။ ပထဝီဓာတ်က ခက်မာနူးညံ့တဲ့သဘောရှိတယ်။ အာပေါဓာတ်က ဖွဲ့စေးတဲ့သဘောရှိတယ်။ ပေါင်းစပ်ပေးတဲ့ သဘောရှိတယ်။ တေဇောဓာတ်က ပူတဲ့သဘော၊ အေးတဲ့သဘောရှိတယ်။ ဝါယောဓာတ်က တွန်းကန်လှုပ်ရှားတဲ့သဘောရှိတယ်။ အဲဒီဓာတ်ကြီးလေးပါးတို့ တည်ရှိတဲ့ဒီလောက။ ရေဓာတ်, မြေဓာတ်, မီးဓာတ်, လေဓာတ်။ ဒီဓာတ်ကြီးလေးပါး အခြေခံပြီးတော့ ယောဂီသူတော်စင်တို့ရဲ့ ခန္ဓာကိုယ်မှာပဲ ကြည့်ကြည့် အခြားပြင်ပ ဗဟိဒ္ဓကိုပဲကြည့်ကြည့် ဒီဓာတ်ကြီးလေးပါးပဲ။ မြေဓာတ်မှာလဲ အတွင်းမြေဓာတ်, အပြင်မြေဓာတ်။ ရေဓာတ်ကလဲ အတွင်းရေဓာတ်, အပြင်ရေဓာတ်။ လေဓာတ်ကလဲ အတွင်းလေဓာတ်, အပြင်လေဓာတ်။ မီးဓာတ်မှာလဲ အတွင်းမီးဓာတ်, အပြင်မီးဓာတ်လို့ (၂)မျိုး (၂)မျိုးစီ ရှိပါတယ်။ အဲဒီ ဓာတ်ကြီးလေးပါးတို့ ညီမျှပြီးတော့ နေမယ်ဆိုရင် နေလို့ကောင်းတယ်။ ထိုင်လို့ကောင်းတယ်။ ကောင်းကင်မှာ တစ်ခါတစ်ရံ ခရီးသွားကြတယ်။ ဝါယောဓာတ်ခေါ်တဲ့ လေဓာတ်က ညီမျှပြီးနေတယ်ဆိုတော့ ငြိမ်ပြီး လေဓာတ်ကလေး ဖောက်ပြန်လိုက်တာနဲ့ အိုးတိုးအင့်တင့်ဖြစ်ပြီးတော့

http://www.dhammadownload.com



မငြိမ်ကြဘူး။ အပြင်လေဓာတ်နဲ့ ပတ်သက်လို့ ပြောတာပါ။ အတွင်း လေဓာတ်နဲ့ ပတ်သက်ပြီးတော့လဲ မိမိတို့ခန္ဓာကိုယ်မှာ လေဓာတ်ရဲ့ မညီမျှမှုကြောင့် လေဓာတ် လုံးဝလျော့နည်းသွားမှုကြောင့် လေဖြတ်တယ် ဆိုတာမျိုး။ အလားတူပဲ ရေဓာတ်, မြေဓာတ်, မီးဓာတ်တွေဟာလဲ ခန္ဓာကိုယ်တွင်းမှာ ညီမျှနေရင် နေလို့ကောင်း၊ နေထိုင်လို့ သက်တောင့် သက်သာရှိ။ မညီမျှဘူးဆိုတာနဲ့ တစ်ပြိုင်နက်ထဲ ဓာတ်လေးပါး ဖောက်ပြန်တာနဲ့ ဓာတ်လေးပါးတစ်ပါးပါး ဖောက်ပြန်တာနဲ့ တစ်ခါထဲ ယိုယွင်းပြီးတော့ သွားကြတယ်။ ဒါကြောင့် ဒီဓာတ်ကြီး လေးပါးကို မြွေကြီးလေးကောင်နဲ့ ဥပမာထား ဟောတော်မူတယ်။ တစ်ချို့မြွေများ ကိုက်လိုက်ပြီဆိုရင် တစ်ခါထဲ ထင်တုံး, ကျောက်တုံးများလို မာပြီးတော့ သွားတယ်။ တစ်ချို့မြွေများ ကိုက်လိုက်လို့ရှိရင် တစ်ကိုယ်လုံး ပုပ်သွား တယ်။ တစ်ချို့မြွေများ ကိုက်လိုက်ရင် တစ်ခါထဲ ပြာကျသွားတယ်။ တစ်ချို့မြွေများ ကိုက်လိုက်လို့ရှိရင် အပိုင်းအပိုင်းပြတ်သွားသလို။ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး မညီမျှလို့ရှိရင် တစ်ခါထဲ ဒီခန္ဓာကိုယ်ဟာ ထင်းချောင်း, ကျောက်တုံးများလို မာပြီးသွားတယ်။ ပုပ်ဆွေးပြီးတော့ သွားတယ်။ တစ်ချို့ဓာတ်များ ဖောက်ပြန်ပြီဆိုရင် ခန္ဓာကိုယ်ဟာ ပြာကျမတတ်ပူလို့။ တစ်ချို့ဓာတ်များ ဖောက်ပြန်ပြီဆိုရင် ခန္ဓာကိုယ် အပိုင်းအပိုင်းပြတ်မလောက် ဖြစ်ရတယ်။ ဒါကြောင့်မို့ ဒီမဟာဘုတ် လေးပါးတို့ရှိနေတဲ့ နယ်မြေကြည့်လိုက်မယ်ဆိုရင် အိုတာရှိတယ်။ နာတာရှိတယ်။ သေတာရှိတယ်။ ဖြစ်တာရှိတယ်။ ပျက်တာ ရှိတယ်။

ဆိုကြပါစို့။ လူ့ဘဝအစ ကလလရေကြည်ကစလို့ ဖြစ်ခဲ့ကြ တယ်။ ရေကြည်ဆိုတော့ အာပေါဓာတ် လွန်ကဲပါတယ်။ အဲဒီကနေ ရေမြှုပ်ကလေးဘဝ ရောက်ပြန်တော့လဲ အာပေါဓာတ်၊ ပထဝီဓာတ် သဘောလေး နည်းနည်းလေး ထင်ရှားလာတယ်။ သွေးခဲလေးဘဝ ရောက်တဲ့အခါကျတော့ ပထဝီဓာတ်သဘောလေး နည်းနည်းလွန်ကဲလာ တယ်။ နောက် အသားတစ်လေး ဘဝရောက်တဲ့အခါကျတော့ လူ့ဘဝမှာ

http://www.dhammadownload.com



အာပေါခာတ်ကနေ တဖြည်းဖြည်း ပထဝီခာတ်ဘက် ပြောင်းလာတယ်။ ခက်မငါးဖြာ ပေါ်လာတဲ့အခါ အဲဒီ ပထဝီခာတ်က ပိုပြီးထင်ရှားလာတယ်။ အဲဒီလို ဒီခာတ်ကြီးလေးပါး ရှိနေတယ်လို့ဆိုရင် ခာတ်ကြီးလေးပါးတို့ရဲ့ ဖောက်ပြန်မှုလဲရှိ၊ ခာတ်ကြီးလေးပါးတို့ရဲ့ မညီမျှမှုလဲ ရှိနေတော့။ ဒီခာတ်ကြီးလေးပါးတို့ရဲ့ ချုပ်ရာနေရာကို လိုက်ပြီးတော့ရှာတယ်။ အဲလို ရှာရင်းရှာရင်းနဲ့ မဟာပြဟ္မာကြီးဆီ ရောက်သွားတော့ မဟာပြဟ္မာကြီးကို အခြားပြဟ္မာတွေ သိနေတာက တို့မဟာပြဟ္မာကြီးက မသိတာမရှိဘူး။ မမြင်တာမရှိဘူး။ သူမျက်မှောက် မပြုတာမရှိဘူး။ အဲဒီလို အထင်အမြင် ရှိနေကြတော့ မဟာဘုတ်လေးပါး ချုပ်ရာကို မေးတဲ့ရဟန်းကို အသာလေးလက်တို့ခေါ်ပြီးတော့ "အရှင်ဘုရား လမ်းမှားလာပြီ။ လမ်းမှားနေတယ်။ မြတ်စွာဘုရားဆီ မမေးပဲနဲ့ တပည့်တော်တို့ဆီ လျှောက်လှည့်ပတ်ပြီး မေးနေတာ။

**တုယှေ ဝေတံ ဒုက္ကဋံ၊ တုယှေ ဝေတံ အပရာခံ။**

ဒီလို လှည့်ပတ်ရှာနေတာ အရှင်ဘုရားရဲ့ အမှားပဲ။ ဒီလို လှည့်ပတ်ရှာနေတာ အရှင်ဘုရားရဲ့ အပြစ်ပဲ။ မြတ်စွာဘုရားဆီသာ သွားပြီးတော့ မေးပေတော့။ ခာတ်လေးပါးတို့ ချုပ်ရာနေရာကို မြတ်စွာဘုရားသိတယ်။ မြတ်စွာဘုရား ဖြေတဲ့အတိုင်းသာ အရှင်ဘုရား မှတ်ပေတော့"လို့ဆိုတယ်။ ဒီရဟန်းတော်ဟာ အင်အားရှိတဲ့ အမျိုးကောင်းသားတစ်ယောက် ကွေးထားတဲ့လက်ကို ဆန့်သလို၊ ဆန့်တန်းထားတဲ့လက်ကို ကွေးသလို ပြဟ္မာဘုံကနေပြီး ပြန်ဆင်းလာတယ်။

## ကမ်းခြေကြည့်ငှက်ပမာ

မြတ်စွာဘုရားထံ မှောက်ရောက် ဘုရားမြတ်စွာကို ရှိခိုးပြီး ထိုင်နေတဲ့အခါ မြတ်စွာ ဘုရားက- **"တီရဒဿီ သကုဏူပမာ"** ခေါ်တဲ့ ကမ်းခြေကြည့်တဲ့ ငှက်ဥပမာပြပြီးတော့ ဟောတော်မူတယ်။ မြတ်စွာ

http://www.dhammadownload.com



ဘုရားထံ ရောက်တော့လဲ ဒီမေးခွန်းကိုပဲ ဆက်ပြီး မေးလျှောက်ပါတယ်။

**ကတ္ထနုခေါ ဘန္တေ မဟာဘူတာ အပရိသေသာနိရုဇ္ဈန္တိ။**

မြတ်စွာဘုရား မဟာဘုတ်လေးပါးတို့ဟာ ဘယ်မှာများ အကြွင်းမဲ့ချုပ်ငြိမ်းကြပါသလဲဘုရား၊ အကြွင်းမဲ့ချုပ်ပါသလဲဘုရား။ အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားက! "ရဟန်း- သင်ဟာ ရှေးအခါ တုန်းက ပင်လယ်သမုဒ္ဒရာသွားကြတဲ့ ကူးသန်းကြတဲ့ လှေတွေ, သင်္ဘော တွေဟာ ကမ်းခြေကြည့်ငှက်ကို သင်္ဘောပေါ် လှေပေါ် ယူသွားရတယ်။ ကမ်းမမြင် လမ်းမမြင်ဖြစ်နေပြီဆိုရင် အဲဒီငှက်ကိုလွှတ်လိုက်တယ်။ လွှတ်လိုက်တဲ့အခါ အရှေ့ဘက်သွားသလား။ တောင်ဘက်သွားသလား။ အနောက်ဘက်သွားသလား။ မြောက်ဘက်သွားသလားလို့ ဒီငှက် သွားတာကြည့်ပြီး နောက်ကသင်္ဘောက လိုက်ရတယ်။ အကယ်၍ ငှက်က ကမ်းခြေ မမြင်ဘူးဆိုရင် လှေဆီ, သင်္ဘောဆီပြန်ပြီးလာတယ်။ ရဟန်း သင်ဟာလဲ အဲဒီ ဥပမာလိုပဲ။ မဟာဘုတ်လေးပါးချုပ်ရာ မေးရင်း မြန်းရင်းနဲ့ သွားလိုက်တာ။ စာတုမဟာရဇ်နတ်ဘုံ, တာဝတိံသာနတ်ဘုံ ကနေပြီး မဟာဗြဟ္မာဘုံထိအောင် သွားပြီးတော့ မဟာဘုတ်လေးပါး ချုပ်ရာကို မေးခဲ့တယ်။ မဖြေနိုင်တဲ့အခါကျမှ ကမ်းခြေကြည့်ငှက်လို ကမ်းခြေကြည့်ငှက်ဟာ လှေသင်္ဘောဆီပြန်ပြီးတော့လာသလို သင်ဟာလဲ ငါ့ဆီပြန်လာသကိုးလို့ အဲဒီလိုမိန့်တော်မူပြီးတော့-

**ကတ္ထ နုခေါ ဘန္တေ မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ။**

ဆိုတဲ့ ဒီရဟန်းရဲ့မေးခွန်းဟာ မပြည့်စုံဘူး။ အဲဒီတော့ မြတ်စွာဘုရားက မေးခွန်းဆိုတာ ပြည့်စုံအောင်မေးမှ။ မေးခွန်းမကောင်းလဲ အဖြေ မကောင်းတတ်ဘူး။ အဲဒီတော့ မေးခွန်းဟာ အရေးကြီးတယ်။

**ကတ္ထနုခေါ ဘန္တေ စတ္တာရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ၊ သေယျထိဒံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု။**

http://www.dhammadownload.com



ဘယ်နေရာမှာများ မဟာဘုတ်လေးပါး အကြွင်းမဲ့ချုပ်ပါသလဲ ဘုရား။ ရေ, မြေ, လေ, မီးဆိုတဲ့ ဓာတ်ကြီးလေးပါး။

**မေးခွန်းမှန်**

အဲဒီလို မမေးရ ဘူးတဲ့။ ဘယ်လို မေးရမှာလဲဆိုတော့-

**ကတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယောနဂါဓတိ။**

**ကတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အနုံထူလံ သုဘာသုဘံ။**

**ကတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။**

ကတ္ထ= အဘယ်အရပ်၌နည်း၊ အာပေါစ= ရုပ်များစွာကို ပေါင်းစပ်တတ်သည့် အာပေါဓာတ်သည်လည်းကောင်း၊ ပထဝီစ= ရုပ်အများတို့၏တည်ရာ ခက်မာနူးညံ့သောသဘောရှိသော ပထဝီဓာတ် သည်လည်းကောင်း၊ တေဇောစ= အငွေ့သဘော တေဇောဓာတ်သည် လည်းကောင်း၊ ဝါယောစ= တွန်းကန်လှုပ်ရှား ဝါယောဓာတ်သည်လည်း ကောင်း၊ နဂါဓတိ= မတည်ပါသနည်းဘုရား။

ဘယ်နေရာမှာ ရေ, မြေ, လေ, မီးဓာတ်ကြီးလေးပါး မတည် ပါသလဲဘုရား။

ကတ္ထ= အဘယ်အရပ်ဒေသ၌၊ ဒီဃဉ္စ ရဿဉ္စ= အရှည်အတို သဏ္ဌာန်သည်လည်းကောင်း၊ အနုံထူလံ= အသေးအကြီးသည်လည်း ကောင်း၊ သုဘာသုဘဉ္စ= တင့်တယ် မတင့်တယ် နှစ်မျိုးသည်လည်း ကောင်း၊ နဂါဓတိ= မတည်ပါသနည်း။

အဘယ်အရပ်ဒေသမှာ အရှည်အတို ၊ အတုံးအခဲ၊ အကြီး အသေး တင့်တယ်မှု မတင့်တယ်မှု မတည်ပါသလဲဘုရား။ ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးချုပ်ရာက ဘယ်နေရာပါလဲဘုရား။ ရေ, မြေ, လေ, မီးဓာတ်ကြီးလေးပါး ရှိနေခဲ့မယ်ဆိုရင် အရှည် အတို၊ အကြီးအသေး တင့်တယ်မှု မတင့်တယ်မှု ဒါတွေက ရှိနေတာကိုး။ ဒါကြောင့် အဘယ် အရပ်ဒေသမှာ အရှည်အတို၊ အကြီးအသေး တင့်တယ်မှု မတင့်တယ်မှု

http://www.dhammadownload.com



တွေ မရှိပါသလဲဘုရား။

ကတ္ထ= အဘယ်အရပ်၌၊ နာမဉ္စ= နာမ်သည်လည်းကောင်း၊ ရူပဉ္စ= ရုပ်သည်လည်းကောင်း၊ အသေသံ= အကြွင်းမဲ့၊ ဥပရုဇ္ဈတိ= လုံးဝ ချုပ်ငြိမ်း ရုပ်သိမ်းပါသနည်းဘုရား။

အဘယ်ဒေသမှာ နာမ်ရယ်, ရုပ်ရယ် အကြွင်းမဲ့ ရုပ်သိမ်းချုပ်ငြိမ်း ပါသလဲဘုရား။ အဲဒီလိုမေးပါလို့မေးခွန်းကို ပြင်ပြီးတော့ ပေးတော် မူတယ်။

## အဖြေမှန်ထွက်ပြီ

အဲဒီလိုမေးခွန်း ပြင်ပေးပြီးတဲ့အခါ-

**တတြိဒံ ဝေယျာကရဏံ ဘဝတိ။**

တတြ= ထိုမေးခွန်းပုစ္ဆာ၌၊ ဣဒံ ဝေယျာရဏံ= ဤဆိုလတ္တံ့သော အဖြေသည်၊ ဘဝတိ= ဖြစ်၏။

အဲဒီလို ပြင်ဆင်ပြီးတော့ ပေးထားတဲ့မေးခွန်းမျိုး ပေါ်လာရင် အဲဒီမေးခွန်းရဲ့အဖြေက-

- **ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။**
  **ဧတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။**
- **ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အနုထူလံ သုဘာသုဘံ။**
  **ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။**
- **ဝိညာဏဿနိရောဓေန၊ အသေသံ ဥပရုဇ္ဈတိ။**

ဟောဒီလို မြတ်စွာဘုရားက ဖြေတော်မူတယ်။ ဝိညာဏံ= အရိယာမွန် ပုဂ္ဂိုလ်ချွန်တို့ ဉာဏ်လွန်ဉာဏ်မြတ် ဉာဏ်ထူးဓာတ်ဖြင့် သိအပ်သိပိုင် သိစွမ်းနိုင်ကောင်းထသော၊ ယံနိဗ္ဗာနံ= ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် အကြောင်နိဗ္ဗာန်သည်၊ အတ္ထိ= ပရမတ်တရား ဓာတ်တစ်ပါးအနေအားဖြင့် ထင်ရှားမသွေ ရှိပါပေ၏။

http://www.dhammadownload.com



နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ အရိယာမွန် ပုဂ္ဂိုလ်ချွန်တို့ ဉာဏ်လွန်ဉာဏ်မြတ် ဉာဏ်ထူးခေတ်ဖြင့် သိအပ်သိနိုင်တာနိဗ္ဗာန်၊ အရိယာပုဂ္ဂိုလ်များရဲ့ ဉာဏ်အထူး ဉာဏ်အမြတ်နဲ့ သိအပ်တဲ့နိဗ္ဗာန်။

အနိဒဿနံ= အရာဝတ္ထုမဟုတ်မှုကြောင့် စက္ခုဖြင့်ဆိုင် မမြင်အပ် မမြင်နိုင်ကောင်းထသော၊

နိဗ္ဗာန်ဆိုတာ အရာဝတ္ထုမဟုတ်လို့ မျက်စိနဲ့တော့ မမြင်နိုင်ဘူး။ ဉာဏ်နဲ့သာမြင်နိုင်တယ်။ ဒါနဲ့ ပတ်သက်လို့ အရှင်နာဂသိန် အရှင်မြတ်ကို မိလိန္ဒမင်းကြီးက မေးဘူးတယ်။ "အရှင်ဘုရား နိဗ္ဗာန်ဆိုတာ တကယ် ရှိပါသလား"။ အဲသလို မေးလိုက်တော့ ရှိတယ်၊ ရှိလို့ရှိရင် အဲဒီနိဗ္ဗာန်ကို သဏ္ဌာန်အားဖြင့် ဘယ်လို၊ အရောင်အဆင်းအားဖြင့် ဘယ်လိုဆိုတာ ပြတော်မူပါလို့ဆိုတော့- "မင်းကြီး သင်ကိုလဲ မေးရမယ်"ဆိုပြီး ပြန်ပြီးတော့ မေးခွန်းထုတ်တယ်။ "လောကကြီးမှာ အရှေ့ကလာတော့ အရှေ့လေ၊ တောင်အရပ်က တိုက်လာတော့ တောင်လေ အစရှိသည်ဖြင့် လေတွေ ရှိတယ်။ အဲဒီလေတွေဟာ တကယ်တမ်းရှိသလား၊ မရှိဘူးလား" မေးတော့၊ "ရှိပါတယ် ဘုရား"။ "ဒါဖြင့် အဲဒီလေကို သဏ္ဌာန်အားဖြင့် အရှည်အတို ငါ့ကိုပြစမ်းပါ"လို့ဆိုတော့၊ "နိဗ္ဗာန်ရဲ့သဘော ရှင်းပါပြီ ဘုရား"တဲ့။

အနိဒဿနံ= အရာဝတ္ထု မဟုတ်မှုကြောင့် စက္ခုဖြင့်ဆိုင် မမြင်အပ် မမြင်နိုင်ကောင်းထသော၊ အနန္တံ= ဖြစ်ခြင်း ရင့်ခြင်း ပျက်ကွက်ခြင်းဟု အစွန်းသုံးပါး ပိုင်းခြားမထင် အမြဲသစ်လွင်၍နေသော၊ အနိဒဿနံ= နူးညံ့သိမ်မွေ့လှသဖြင့် လောကဉပမာ ပြစရာလဲ မရှိထသော၊

နိဗ္ဗာန်ဟာ သိမ်မွေ့နူးညံ့လှတဲ့အတွက် လောကဉပမာနဲ့ ပြဖို့ ခက်တယ်။

အနန္တံ= ဖြစ်ခြင်း ရင့်ခြင်း ပျက်ကွက်ခြင်းဟု အချင်းသုံးပါး ပိုင်းအခြားဖြင့် ပိုင်းခြားမထင် အမြဲသစ်လွင်၍နေထသော၊

http://www.dhammadownload.com



လောကမှာရှိနေတာတွေကို ကြည့်လိုက်မယ်ဆိုရင် ဖြစ်တာလဲ ရှိတယ်။ ရင့်တာလဲရှိတယ်။ ပျက်တာလဲရှိတယ်။ ဒါရုပ်နာမ် မဟာဘုတ်တို့ရဲ့ အမှတ်တံဆိပ်တွေပဲ။ ရုပ်နာမ်ရှိလာရင် ဖြစ်လာရင် အမှတ်တံဆိပ်က ခပ်ပြီးသားပဲ။ လောကမှာဖြစ်နေတဲ့ ရုပ်တွေ, နာမ်တွေ, သက်ရှိသက်မဲ့တွေအားလုံးဟာ ဥပါဒ်- ဌီ- ဘင်၊ ဖြစ်၊ ရင့်၊ ပျက် ဆိုတဲ့ ဒီအချက်သုံးချက်ကို မကျော်လွန်နိုင်ပါဘူး။ အားလုံးယောဂီ သူတော်စင်တို့ရဲ့စိတ်၊ သူတော်စင်တို့သန္တာန်မှာ ဖြစ်တဲ့ရုပ်၊ သူတော်စင်တို့ သန္တာန်မှာ ဖြစ်တဲ့နာမ် ဖြစ်တာလဲရှိတယ်။ ရင့်တာလဲရှိတယ်။ ပျက်တာလဲ ရှိတယ်။ ဒါဟာ ရုပ်တရား, နာမ်တရားတို့ရဲ့သဘာဝ။ ဒီအချက်သုံးချက်ကတော့ ရုပ်တရား, နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်မျိုး။ အဲဒီ အမှတ်တံဆိပ်ကို မြင်အောင်ကြည့်တာ ဝိပဿနာပါပဲ။ နိဗ္ဗာန်က အဲလိုဖြစ်တာရယ်၊ ရင့်တာရယ်၊ ပျက်တာရယ် မရှိတော့ဘူး။ ဒါကြောင့်-

အနန္တံ= ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ကွက်ခြင်းဟု အချင်းသုံးပါး ပိုင်းအခြားဖြင့် ကွဲပြားမထင် အမြဲသစ်လွင်လျှက်ရှိထသော၊ သဗ္ဗသောပဘံ= သမုဒ္ဒရာဆိပ်ကမ်းသာသို့ ဝင်ရာဖုံဖုံ အားလုံးစုံအောင် အဖုံဖုံကမ္မဋ္ဌာန်း ဆိပ်ကမ်းအဝင်ဝလဲ ရှိပေထသော၊

ကမ္မဋ္ဌာန်းမျိုးစုံရှိတယ်။ ဘာနဲ့တူသလဲဆိုတော့ ပင်လယ်သမုဒ္ဒရာခရီးကို ဆင်းမယ်ဆိုရင် ဘယ်နားကဆင်းဆင်း ဆိပ်ကမ်းချည်းပဲ ဖြစ်သလို ကမ္မဋ္ဌာန်း (၄၀)ထဲက ဘယ်ကမ္မဋ္ဌာန်းနဲ့ပဲသွားသွား နိဗ္ဗာန်ဆိုတဲ့ ပင်လယ်သမုဒ္ဒရာကြီး ရောက်တာပါပဲ။ တစ်နည်းအားဖြင့်-

သဗ္ဗသောပဘံ= ညစ်ကြေးမထင် သန့်ရှင်းစင်လှ၍ တောက်ပသော အရောင်ရှိပေထသော၊

အညစ်အကြေးမရှိတဲ့အတွက် အရောင်ရှိတယ်လို့ဆိုနိုင်တယ်။ ဒါကြောင့် နိဗ္ဗာန်ဟာ အရောင်ရှိတယ်။ အရောင်အလင်း ရှိတယ်ဆိုတာ တကယ့်အရောင်အလင်းတော့ မဟုတ်ဘူး။ အညစ်အကြေး ကင်းစင်တဲ့ အတွက်ကြောင့်မို့ တောက်ပတဲ့အလင်းရောင်ကြီးလိုပဲ။

http://www.dhammadownload.com



သဗ္ဗသောပဘံ= ညစ်ကြေးမထင် သန့်ရှင်းစင်၍ တောက်ပသော အရောင်အလင်းရှိသော၊ ယံ နိဗ္ဗာနံ= ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် အကြင်နိဗ္ဗာန်သည်၊ အတ္ထိ= ပရမတ်တရား ဓာတ်တစ်ပါးအနေအားဖြင့် ထင်ရှားမသွေ ရှိပါပေ၏။

## နိဗ္ဗာန်ရဲ့ဂုဏ်

နိဗ္ဗာန်ရဲ့ဂုဏ်ပုဒ်-

(၁) အရိယာပုဂ္ဂိုလ်ချွန်တွေ ပုဂ္ဂိုလ်မွန်တွေမှ သိအပ်တဲ့အတွက် နိဗ္ဗာန်၊

(၂) အရာဝတ္ထုမဟုတ်တဲ့အတွက်ကြောင့် မျက်နှာချင်းဆိုင်ပြီး တော့လဲ ကြည့်လို့မမြင်နိုင်တဲ့ နိဗ္ဗာန်၊

(၃) သိမ်မွေ့နူးညံ့တဲ့အတွက်ကြောင့် လောကဥပမာပြစရာ မရှိတဲ့ နိဗ္ဗာန်၊

(၄) လောကမှာဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားတို့လို မဟုတ်ပဲနဲ့ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း အခြင်းသုံးပါး ကင်းပြီး အမြဲသစ်လွင်ပြီးနေတဲ့ နိဗ္ဗာန်၊

(၅) သမုဒ္ဒရာကြီးများ ဘယ်နားကဆင်းဆင်း ဆိပ်ကမ်းတွေ ချည်းပဲ တွေ့ရသလို ကမ္မဋ္ဌာန်းမျိုးစုံနဲ့ သမထကမ္မဋ္ဌာန်း (၄၀)ကနေ တစ်ဆင့်တက်ပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်း ဆိုတဲ့ ဆိပ်ကမ်းအဝင်ဝလဲရှိတဲ့နိဗ္ဗာန်၊ အညစ်မကြေးမရှိတဲ့ အတွက်ကြောင့်မို့ အရောင်အလင်းကြီးများရှိသလို ဖြစ်နေတဲ့နိဗ္ဗာန်၊

အဲဒီနိဗ္ဗာန်မှာ ဧတ္ထ နိဗ္ဗာနေ= ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ဤနိဗ္ဗာန်၌၊

အဲဒီ နိဗ္ဗာန်ရောက်တဲ့အခါကျမှ ရုပ်တွေတစ်ခုနဲ့တစ်ခု ပေါင်းစပ် ပြီးတော့ ဖွဲ့စည်းတတ်တဲ့ သဘောရှိတဲ့ အာပေါဓာတ်၊ ယိုစီးတတ်တဲ့

http://www.dhammadownload.com



သဘောရှိတဲ့ အာပေါဓာတ်တို့ဟာ မရှိတော့ဘူး။

ပထဝီ= ခက်မာနူးညံ့သဘောရှိတဲ့ မြေဓာတ်သည်လည်း ကောင်း၊

အဲဒီ နိဗ္ဗာန်ရောက်တဲ့အခါကျတော့ ခက်မာနူးညံ့တဲ့သဘောရှိတဲ့ ပထဝီဓာတ်လဲမရှိ။ ဆိုကြပါစို့ အဲဒီနိဗ္ဗာန်ရောက်တဲ့အခါ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်ခေါ်တဲ့ ခက်မာနူးညံ့သဘောရှိတဲ့ မြေဓာတ် (၂၀)။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်ခေါ်တဲ့ ဖွဲ့စည်းယိုစီးတဲ့ သဘောရှိတဲ့ အာပေါ(၁၂)။ ပူအေးသဘောရှိတဲ့ တေဇောဓာတ်။ တွန်းကန်လှုပ်ရှား သဘောရှိတဲ့ ဝါယောဓာတ်။ အဲဒီဓာတ်ကြီးတွေနဲ့ ဖွဲ့စပ်ထားတဲ့ ကိုယ်လုံး ကို အထည်မရှိတဲ့နိဗ္ဗာန်။ အဲဒီ နိဗ္ဗာန်ရောက်တဲ့အခါ အဲဒီလိုမရှိတဲ့အခါ သွားနာတယ် ဆိုကြပါစို့။ ခက်မာတဲ့သဘောရှိတဲ့ သွားရှိလို့ သွားနာတာ ပါပဲ။ ခက်မာတဲ့သဘောရှိတဲ့ သွားဆိုတဲ့ ပထဝီမရှိတဲ့အတွက် သွားကြိုး တယ်၊ သွားနာတယ်ဆိုတာ နိဗ္ဗာန်မှာ မရှိတော့ဘူး။ အရိုးနာတယ်, အရိုးအက်တယ်, အရိုးကျည်းပေါင်းတက်တယ်, အရိုးကျိုးတယ်, အရိုးဆွေးတယ်။ ဒါဘာကြောင့် ခက်မာတဲ့ သဘောရှိတဲ့ ပထဝီဓာတ် ရှိနေတဲ့အတွက်ကြောင့်ပါပဲ။ အရိုးကျိုးတယ်၊ အရိုးနာတယ်၊ အရိုး ကျည်းပေါင်းတက်တယ် အစရှိသည် ရှိတယ်ဆိုတာ ပထဝီဓာတ်ရှိနေ လို့ပါပဲ။

အကယ်၍ ခက်မာတဲ့သဘောရှိတဲ့ ပထဝီလွန်ကဲတဲ့ အရိုးမရှိလို့ ရှိရင် အရိုးနာတယ်ဆိုတာ မရှိတော့ဘူး။ အဆုတ်ရှိလို့ အဆုတ်ရောဂါ၊ အသဲရှိလို့ အသဲရောဂါဖြစ်တာ၊ အသဲဆိုတာ ဘာလဲ။ နူးညံ့တဲ့သဘော ရှိတဲ့ မြေဓာတ်၊ အဆုတ်ဆိုတာလဲ နူးညံ့တဲ့ သဘောရှိတဲ့ မြေဓာတ်။ အဲဒီ နိဗ္ဗာန်ရောက်တဲ့အခါကျတော့ နူးညံ့တဲ့သဘောရှိတဲ့ မြေဓာတ်

http://www.dhammadownload.com



ပါဝင်တည်ဆောက်ထားရတဲ့ အသဲရယ်၊ အဆုတ်ရယ် မရှိတော့ဘူး။ မရှိတဲ့အတွက် အသဲရောဂါ, အဆုတ်ရောဂါ မရှိတော့ဘူး။ အသဲရောဂါ၊ အဆုတ်ရောဂါကုဆေးရုံလဲ မရှိတော့ဘူး။

**ဧတ္ထ အာပေါစ ပထဝီ တေဇော ဝါယော နဂါဓတိ။**

**ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အနုံထူလံ သုဘာသုဘံ။**

အဲဒီ နိဗ္ဗာန်ရောက်တဲ့ အခါကျတော့မှ အရှည်အတို၊ အကြီးအသေး တင့်တယ်တယ်၊ မတင့်တယ်ဘူးဆိုတာတွေလဲ မရှိတော့ဘူး။

**ဝိညာဏဿ နိရောဓေန၊ အသေသံ ဥပရုဇ္ဈတိ။**

ဝိညာဏဿ= အသစ်တစ်ဖန် ပြုစီမံသည့် ကံဟုခေါ်မှတ် ဝိညာဏမာတ်၏၊ နိရောဓေန= အရဟတ္တမဂ်ခဏ၌ လုံးဝချုပ်ငြိမ်း ရုပ်သိမ်းသည့်အတွက်ကြောင့်၊ နာမရူပံ= အိုနာသေရေး ဒုက္ခဘေးတို့ ရောထွေးပိုက်ထုပ် နာမ်နှင့်ရုပ်သည်၊ အသေသံ= အကြွင်းမဲ့၊ ဥပရုဇ္ဈတိ= ချုပ်ငြိမ်းလေတော့၏။

ဘဝအသစ်ကို စီမံပေးတတ်တဲ့ကံ၊ အဲဒီ ကံကို ကုန်ခမ်းစေတတ်တဲ့ ကမ္မက္ခယခေါ်တဲ့ အရဟတ္တမဂ်ခဏ၊ ကမ္မက္ခယခေါ်တဲ့ ကံကို ဖြတ်တောက် ကုန်ခမ်းစေတတ်တဲ့ ဉာဏ်အခိုက်မှာပဲ ရုပ်နဲ့နာမ် အကြွင်းမဲ့ ချုပ်ငြိမ်းပြီးတော့ သွားတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် **"ဝိညာဏဿ နိရောဓေန"**။ ဝိညာဏဿ= နိဗ္ဗာန်ဝင်မည့် ရဟန္တာ အရှင်မြတ်စုတိစိတ်တော်၏၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ စုတိစိတ်တော်၏၊ နိရောဓေန= ဥပါဒ် ဌီ ဘင် အစဉ်ခေ့ရောက် ကင်းပျောက်ချုပ်ငြိမ်းသဖြင့် ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စုတိစိတ်၊ အဲဒီ စုတိစိတ်ကလေး ချုပ်သွားတာနဲ့တစ်ပြိုင်နက်၊ အသေသံ= အကြွင်းမဲ့၊ နာမရူပံ= အိုနာသေရေး ဒုက္ခဘေးတို့ ရောထွေးပိုက်ထုပ် နာမ်နှင့်ရုပ်သည်၊ ဥပရုဇ္ဈတိ= မီးတောက်မီးလျှံ ချုပ်ငြိမ်းဟန်သို့ အမှန်မသွေ ချုပ်ငြိမ်းရလေသတည်း။

မြတ်စွာဘုရားက မာတ်လေးပါးတို့ရဲ့ ချုပ်ရာကိုရှာတဲ့ ရဟန်းအား အဲဒီလိုမေးခွန်း ပြင်ဆင်ပေးပြီးတော့ အဖြေပေးတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



ဒါကြောင့်-

ဝိညာဏံ= အရိယာမှန်ပုဂ္ဂိုလ်ချွန်တို့ ဉာဏ်လွန်ဉာဏ်မြတ် ဉာဏ်ထူးခါတ်ဖြင့် သိအပ်သိနိုင် သိစွမ်းနိုင်ပေထသော၊ အနိဒဿနံ= အရာဝတ္ထုမဟုတ်မှုကြောင့် စက္ခုဖြင့်ဆိုင် မမြင်အပ် မမြင်နိုင်ကောင်း ထသော၊ ဝါ= သိမ်မွေ့နူးညံ့လှသဖြင့် လောကဉပမာ ပြစရာလဲ မရှိထသော၊ အနန္တံ= ဖြစ်ခြင်း ရင့်ခြင်း ပျက်ကွက်ခြင်းဟု အချင်းသုံးပါး ပိုင်းအခြားဖြင့် ကွဲပြားမထင် အမြဲသစ်လွင်လျှက် ရှိထသော၊ သဗ္ဗသောပဘံ= သမုဒ္ဒရာဆိပ်ကမ်းသာသို့ ဝင်ရာဖုံဖုံ အားလုံးစုံအောင် အဖုံဖုံကမ္မဋ္ဌာန်း ဆိပ်ကမ်းအဝင်ဝလည်း ရှိပေ ထသော၊ ဝါ= ညစ်ကြေး မထင် သန့်ရှင်းစင်၍ တောက်ပသော အရောင်ရှိပေထသော၊ ယံ နိဗ္ဗာနံ= ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် အကြင်နိဗ္ဗာန်သည်၊ အတ္ထိ= ပရမတ်တရား ခါတ်တစ်ပါး ဖြင့် ထင်ရှားမသွေ ရှိပါပေ၏။ ဧတ္ထ= ဤနိဗ္ဗာန်၌၊ အာပေါစ= ဖွဲ့စည်းယိုစီးတတ်သော အာပေါခါတ် သည်လည်းကောင်း၊ ပထဝီစ= ခက်မာနူးညံ့သော သဘောရှိသော မြေခါတ်သည်လည်းကောင်း၊ တေဇောစ= ပူအေးနှစ်တန် တေဇောခါတ် သည်လည်းကောင်း, အငွေ့သဘော တေဇောခါတ်သည်လည်းကောင်း၊ ဝါယောစ= တွန်းကန်လှုပ်ရှားခြင်း သဘောရှိသော လေခါတ်သည် လည်းကောင်း၊ နဂါဓတိ= မတည်နိုင်ပေ။ ဧတ္ထ= ဤနိဗ္ဗာန်၌၊ ဒီဃဉ္စ ရဿဉ္စ= အရှည်အတိုသည်လည်းကောင်း၊ အနုထူလံ= အငယ်အကြီး အသေးအကြီးသည်လည်းကောင်း၊ သုဘာသုဘံ= တင့်တယ်မှု မတင့်တယ်မှုသည်လည်းကောင်း၊ ဥပရုဇ္ဈတိ= ချုပ်ငြိမ်းရလေ၏။ ဝိညာဏဿ= အသစ်တစ်ဖန် ပြုစီမံသည့် ကံဟု ခေါ်ဆိုသော ဝိညာဉ်၏၊ နိရောဓေန= အရဟတ္တမဂ်ခဏ၌ လုံးဝချုပ်ငြိမ်း ရုပ်သိမ်းသည့်အတွက်၊ အသေသံ= အကြွင်းမဲ့၊ နာမရူပံ= အိုနာသေရေး ဒုက္ခဘေးတို့ ရောထွေးပိုက်ထုပ် နာမ်နှင့်ရုပ်သည်၊ ဥပရုဇ္ဈတိ= ချုပ်ငြိမ်းရလေ၏။ ဝိညာဏဿ= ရဟန္တာရှင် နိဗ္ဗာန်ဝင်မည့် အရှင်မြတ်၏ စုတိစိတ်တော်၏၊

နိရောဓေန= ဥပါဒ် ဋီ ဘင် အစဉ်စွဲရောက် ကင်းပျောက်ချုပ်ငြိမ်းသဖြင့်၊ အသေသံ= အကြွင်းမဲ့၊ ဧတံ- နာမရူပံ= အိုနာသေရေး ဒုက္ခဘေးတို့ ရောထွေးပိုက်ထုပ် ဤနာမ်နှင့်ရုပ်သည်၊ ဥပရုဇ္ဈတိ= မီးတောက်မီးလျှံ ချုပ်ငြိမ်းဟန်သို့ ဧကန်မသွေ ချုပ်ငြိမ်းရလေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပဥ္စမနေ့ဟောစဉ်

### အရှင်ဂိရိမာနန္ဒ

ယနေ့ သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တန်ခူးလဆန်း (၅)ရက်။ (၂၉)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက် တရားစခန်း ကြိုးပမ်းအားထုတ်နေကြကုန်သော ယောဂီသူတော်စင်တို့အား ညစဉ်ဟောနေကျ တရားအစဉ်အတိုင်းပဲ တရားတစ်ခုပြီး တစ်ခု ဆက်ဆက်ပြီးတော့ ဟောပါမယ်။ မြတ်စွာဘုရား တစ်ချိန်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးပြီးတော့နေတဲ့ အချိန်မှာ **"အရှင်ဂိရိမာနန္ဒ"**ခေါ်တဲ့ ရဟန်းတော်တစ်ပါးက မကျန်းမမာ ဝေဒနာပြင်းပြင်းထန်ထန် ဖြစ်နေတယ်။ အရှင်ဂိရိမာနန္ဒ မကျန်းမမာ ဖြစ်ပြီးတော့ နေတဲ့အချိန်မှာ အရှင်အာနန္ဒာက မြတ်စွာဘုရားထံသွားပြီး တရိုတသေရှိခိုးပြီးတော့ ဘယ်လိုလျှောက်ထားသလဲလို့ဆိုတော့ "မြတ်စွာဘုရား အရှင်ဂိရိမာနန္ဒ ရဟန်းတော်မှာ ဝေဒနာပြင်းထန်လှပါတယ်ဘုရား။ မြတ်စွာဘုရား အရှင်ဂိရိမာနန္ဒ နေရာသို့ လူမမာမေးကြွတော်မူပါဘုရား။ လူမမာမေး အားပေးစကား မိန့်ကြားရင်းနဲ့ ကြွတော်မူပါအုံးဘုရား"လို့ လျှောက်တယ်။ မြတ်စွာဘုရားက အခြားစကားတွေ ဘာမှမိန့်တော်မမူပဲနဲ့ "အာနန္ဒ- ဂိရိမာနန္ဒစီ သွားပြီးတော့ တရားနဲ့ပတ်သက်တဲ့ အမှတ်သညာဆယ်မျိုးကို ဟောပါလေ။ သွားပြီးတော့ ဟောစမ်းပါ။ အဲဒီ အမှတ်သညာ (၁၀)မျိုးကို နာကြားပြီးရင် ဂိရိမာနန္ဒ ကျန်းမာလာလိမ့်မယ်"လို့ တရားနဲ့ပတ်သက်တဲ့ အမှတ်သညာ (၁၀)မျိုး မိန့်တော်မူတယ်။

အဲဒီ (၁၀)မျိုးက ဘာတွေလဲလို့ဆိုတော့-

(၁) အနိစ္စသညာ = မမြဲဘူးလို့ ရှုမှတ်ပွားများတဲ့ အမှတ်သညာတစ်ခု၊

(၂) အနတ္တသညာ = အစိုးမရဘူးလို့ ရှုမှတ်တဲ့အမှတ်သညာက တစ်ခု၊

http://www.dhammadownload.com



(၃) အသုဘသညာ = မတင့်မတယ် ရွံ့စဖွယ်တွေပဲလို့ ရှုမှတ်တဲ့ အမှတ်သညာကတစ်ခု၊
(၄) အာဒီနဝသညာ = အပြစ်တွေ အနာအဆာတွေ ပြည့်လို့ ပဲလို့ ရှုမှတ်တဲ့အမှတ်သညာကတစ်ခု၊
(၅) ပဟာနသညာ = ပယ်စွန့်မှုနဲ့ ပတ်သက်တဲ့ အမှတ်သညာကတစ်ခု၊
(၆) ဝိရာဂသညာ = နိဗ္ဗာန်ရဲ့ တွယ်တာမှုကင်းတဲ့ဂုဏ်ကို အာရုံပြုတဲ့ အမှတ်သညာတစ်ခု၊
(၇) နိရောဓသညာ = နိဗ္ဗာန်ရဲ့ ချုပ်ငြိမ်းတဲ့ဂုဏ် အာရုံပြုပြီးတော့ ရှုမှတ်တဲ့အမှတ်သညာတစ်ခု၊
(၈) သဗ္ဗလောက အနဘိရတိသညာ = လောကကြီးထဲမှာ မွေ့လျော်ပျော်ဖွယ်မရှိဘူးလို့ ပျော်ချစ်စရာမရှိဘူးလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်တဲ့အမှတ်သညာတစ်ခု၊
(၉) အနိစ္စာသညာ = ဝဋ္ဋဒုက္ခခန္ဓာကြီးကို အလိုမရှိအပ်ပုံ ရှုပွားတဲ့အမှတ်သညာတစ်ခု၊
(၁၀)အာနာပါနဿတိသညာ = ထွက်လေ ဝင်လေကိုရှုမှတ်တဲ့ အမှတ်သညာတစ်ခု၊

အဲဒီ (၁၀)မျိုးကို သွားပြီးတော့ ဂိရိမာနန္ဒထံသွားပြီးတော့ ဟောစမ်းပါလို့ အရှင်အာနန္ဒာကို မြတ်စွာဘုရားက တိုက်တွန်းတယ်။ လွန်ခဲ့တဲ့ (၇)နှစ်လောက်က သာသနာပိုင် ဆရာတော်ကြီးတစ်ပါး မကျန်းမာလို့ မင်္ဂလာဒုံဆေးရုံမှာ ဆေးရုံတက်ပြီးတော့ နေတယ်။ ဆရာတော်ဘုရားကြီးက လူမမာမေးလာကြတဲ့ ဆရာတော်တွေကို တရားတောင်းပါတယ်။ ဂိဟိမာနန္ဒသုတ္တန် နာချင်လိုက်တာ။ ဂိရိမာနန္ဒသုတ္တန်ကို နာကြားချင်လိုက်တာ ဟောကြားတော်မူပါလို့ဆိုတော့ လူမမာမေးလာကြတဲ့ ဆရာတော်များက နောင်အခါမှာ နာကြားရမှာ

http://www.dhammadownload.com



ပေါ့လို့ ဒါလောက်နဲ့နှစ်သိမ့်ခဲ့ကြတယ်။ အကြွေးမထားပဲ ချက်ခြင်း ဟောသင့်ပေမဲ့ အာဂုံမရတော့ ခက်သွားပဲ။

**ဓမ္မစွမ်းအား**

အရှင်အာနန္ဒာက အရှင်ဂိရိမာနန္ဒထံ မြတ်စွာဘုရားစီက တရားလက်ဆောင် ယူသွားတယ်။ သွားပြီးတော့ အရှင်ဂိရိမာနန္ဒအား တရားနဲ့ပတ်သက်တဲ့ ဒီအမှတ်သညာ (၁၀)မျိုးတို့ကို ဟောတော့တာကိုး။ တစ်ခါနာရ အာဂုံရနိုင်တဲ့ အရှင်မြတ်ကြီးကိုး။

(၁) အနိစ္စသညာ

အာနန္ဒာ အနိစ္စသညာဆိုတာ ဘယ်လိုဟာလဲ။

**ကတမာနန္ဒ အနိစ္စသညာ၊ ဣဓာနန္ဒ ဘိက္ခု အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရဂတောဝါ ဣတိ ပဋိသဉ္စိက္ခတိ၊ ရူပံအနိစ္စံ၊ ဝေဒနာအနိစ္စာ၊ သညာအနိစ္စာ၊ သင်္ခါရာအနိစ္စာ၊ ဝိညာဏံအနိစ္စန္တိ အယံ ဝုစ္စတာနန္ဒ အနိစ္စသညာ။**

အာနန္ဒာ မမြဲဘူးလို့ ရှုမှတ်တဲ့ အနိစ္စသညာဆိုတာ ဘယ်လိုဟာလဲ။ ဤသာသနာတော်မှ ယောဂီရဟန်း ယောဂီအမျိုးကောင်းသား အမျိုးကောင်းသမီးဟာ တောထဲ တောင်ထဲသွား၍ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ၊ ဆိမ်ငြိမ်တဲ့ နေရာလေးမှာဖြစ်စေ တစ်နေရာရာနေပြီးတော့ ဆင်ခြင်ရမယ်။

ရူပံအနိစ္စံ = ရုပ်မမြဲဘူး။ ဒီနေ့ ဝိပဿနာပိုင်းရောက်လာတာ။ ရုပ်မမြဲဘူး။ ရုပ်ဆိုတာ ဘယ်လိုဟာလဲ "ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏"။ ဖောက်ပြန်တတ်တဲ့အတွက်ကြောင့် ရုပ်၊ အဲဒီရုပ်ဟာလဲ (၂၈)မျိုးရှိတယ်။ (၂၈)မျိုး ထဲမှာ ပင်မအမာခံရုပ်ကြီးက (၄)မျိုး၊ အပေါ်တင်ရုပ်က (၂၄)မျိုး။ အခု ယောဂီသူတော်စင်များ စတင်ပြီးတော့ အမာခံရုပ်(၄)မျိုးထဲက ထွက်လေ ဝင်လေဆိုတဲ့ ဝါယော

http://www.dhammadownload.com



ရုပ်၊ တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ ထွက်လေ= တွန်းကန်ပြီးတော့ ထွက်လာတယ်၊ လှုပ်ရှားပြီးတော့ ထွက်လာတယ်။ ဝင်လေ= တွန်းကန်ပြီးတော့ ဝင်လာတယ်၊ လှုပ်ရှားပြီးတော့ ဝင်လာတယ်။ သိပ်ထင်ရှားပါတယ်။ အနိစ္စအချက်။ ထွက်လေ ဝင်လေကို အနိစ္စလက္ခဏာယာဉ်တင်ရတာ သိပ်ပြီးတော့ ပေါ်လွင်ပါတယ်။ ဓာတ်(၄)ပါး အမာခံရုပ်(၄)ပါးထဲက ဝါယောရုပ်ကို လက္ခဏာတင်ရတာ အင်မတန်ကို မြင်လွယ်ထင်လွယ်ပါတယ်။ မြင်သာ ထင်သာပါတယ်။

## အနိစ္စာနုပဿီဝါ ပဿသိဿာမီတိ သိက္ခတိ။

အနိစ္စာနုပဿီဝါ ပဿသိဿာမီတိ သိက္ခတိ= ဝါယောရုပ် ထွက်လေ ဝင်လေတို့ရဲ့ မမြဲပုံကို အဖန်ဖန်ရှုပြီး ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်ရမယ်လို့ တိုက်ရိုက် ဝိပဿနာရှုနည်း ဟောခဲ့တာပါ။

ထွက်လေ ဝင်လေ တစ်စုံပြီးတစ်စုံကို။ ဆိုကြပါစို့။ ဆံပင် ပထဝီဓာတ်ကို အနိစ္စလို့ရှုရင် ဆံပင်ရဲ့အနိစ္စသဘောဟာ ပေါ်ဖို့ အင်မတန် ခက်ပါတယ်။ အာပေါဓာတ် သည်းခြေပဲဖြစ်ဖြစ်၊ သလိပ်ပဲ ဖြစ်ဖြစ်၊ ပြည်, သွေး, ချွေး, အဆီခဲ တစ်ခုခုကို အနိစ္စလက္ခဏာယာဉ် တင်ရတာ တင်ကြည့်တဲ့အခါမှာ အင်မတန်ခက်ပါတယ်။ ဉာဏ်ထဲမှာ ဓာတ်သဘောအနေနဲ့ ကြည့်ပြန်ရင်လဲ နည်းနည်းလေးခက်တဲ့ သဘောရှိတယ်။ ဝါယောအမျိုးအစား (၆)မျိုးရှိတာထဲက "ထွက်လေ ဝင်လေ"ဆိုတဲ့ ဝါယောရုပ်။ သူ့လက္ခဏာက တွန်းကန်တဲ့ သဘောရှိတယ်။ လှုပ်ရှားတဲ့သဘောရှိတယ်။ တစ်စုံပြီးတစ်စုံ (၁)နာရီ အတောအတွင်း၊ (၅)မိနစ် အတောအတွင်း၊ (၁၀)မိနစ် အတောအတွင်း၊ (၅)မိနစ်အတောအတွင်းလဲ (၁၀၀)(၉၀)လောက် ဖြစ်ပြီးတော့နေတော့ မမြဲတဲ့သဘောလေးဟာ ထင်ရှားတယ်။ အဲဒီလိုပဲ ရုပ်အပေါင်းထဲက တစ်ခုခု ထုတ်နှုတ်ရှုပါ။

http://www.dhammadownload.com



ရူပံအနိစ္စံ= ရုပ်သည်မမြဲ။

ရူပံ= ရုပ်သည်၊ အနိစ္စံ= မမြဲပါတကား။ ရုပ်မမြဲဘူး။ ရုပ်အများကြီး ရှိတဲ့အထဲက ဝါယောရုပ်တစ်ခုထုတ်၊ ထုတ်ပြီးတော့ ဝါယောရုပ်မှာလဲပဲ အတွင်းဝါယောနဲ့ အပြင်ဝါယောလို့ (၂)မျိုးရှိတယ်။

တစ်နည်းအားဖြင့် (၆)မျိုးရှိတယ်။ အဲဒီ (၆)မျိုးထဲကမှ ထွက်လေ ဝင်လေ (၅)မိနစ်မှာ (၁၀၀)နီးပါးလောက် အသုံးပြုကြတယ်။ တစ်နာရီ ဆိုရင် တစ်ထောင်ပတ်ဝန်းကျင်လောက် အသုံးချပြီးတော့နေတော့ မမြဲတဲ့အချက်ဟာ ရှုကြည့်ရတာပေါ်လွင်ပါတယ်။

ဝေဒနာအနိစ္စာ

"ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာ ဓာတ် ခန္ဓာမှတ်လော့"။

ခံစားတယ်၊ ခံစားတယ်။ ချမ်းသာစံစားတယ်။ ဆင်းရဲခံစားတယ်။ နာကျင်တဲ့ဝေဒနာလေးပေါ်လာပြီ။ အဲဒီ ပေါ်လာတဲ့ ဝေဒနာလေးဟာ ဘယ်အမြဲတမ်းနာကျင်နေမလဲ။ နာကျင်တယ်၊ ကိုက်ခဲတယ်၊ ညောင်း တယ်၊ ညာတယ်၊ အောင့်တယ်၊ အက်တယ်၊ ဒီအသုံးအနှုန်းတွေဟာ ဝေဒနာကိုပဲ မြန်မာလိုပြောထားတဲ့အချက်တွေပါပဲ။

ဝေဒနာအနိစ္စာ = ဝေဒနာမမြဲဘူး။

သညာအနိစ္စာ = လူလို့သိတယ်။ နေလို့သိတယ်။ လလို့သိတယ်။ သညာတွေ အဲဒါတွေ မမြဲဘူး။

သင်္ခါရာအနိစ္စာ = သင်္ခါရဖြစ်တဲ့ ကြံစည်တာတွေ တွေးတောတာ တွေ ပြုလုပ်တာတွေ ဆောင်ရွက်တာတွေ၊ အဲဒီ သင်္ခါရ တွေဟာလဲ အနိစ္စပဲ။

ဝိညာဏံအနိစ္စံ = ဝိညာဉ်သည် မမြဲပါတကား။ ကြံသိတတ်တဲ့ စိတ်သည် မမြဲပါတကား။

အနိစ္စအနေနဲ့ ရှုတဲ့အခါကျတော့ စောစောကပြောတဲ့ ဝါယော ရုပ်ကို အနိစ္စလို့ ရှုရတာ မြင်လွယ်ထင်လွယ်သလိုပဲ။ ဝိဉာဏ်စိတ်ကို

http://www.dhammadownload.com



ရှုရတာလဲ ထင်လွယ် မြင်လွယ်တယ်။ ဝိညာဏ်ဆိုတာ ဘယ်လိုဟာလဲ။ "အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏"။ အာရုံကို ယူတတ်တယ်။ အသိသဘောလေးကို ဝိညာဏ်လို့ စိတ်လို့ဒီလိုခေါ်ရ တယ်။ ထွက်လေ ဝင်လေ၊ ထွက်ခိုက်မှာ ရှုမှတ်တဲ့စိတ်၊ ဝင်ခိုက်မှာ ရှုမှတ်တဲ့ စိတ်၊ ရှုတဲ့စိတ်။ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ စိတ်မမြဲ ပုံလေးဟာလဲ မြင်လွယ် ထင်လွယ်ပါတယ်။ ရှုဖို့သာ ရှုတတ်ဖို့သာ အရေးကြီးပါတယ်။

**"အယံ ဝုစ္စတာ နန္ဒ အနိစ္စသညာ"** အဲဒါကို အနိစ္စသညာလို့မှတ်။ အနတ္တသညာကျတော့လဲ ဒီလိုပဲ တောထဲတောင်ထဲ ဖြစ်စေ၊ သစ်ပင် ရင်းမှာဖြစ်စေ၊ ဆိတ်ငြိမ်ရာမှာဖြစ်စေ ယောဂီသူတော်စင်ဟာ ကပ်ရောက် ပြီးတော့ ဆင်ခြင်ရမယ်။ ဘာတွေ ဆင်ခြင်ရမလဲဆိုတော့ အတွင်း အာယတန (၆)မျိုး၊ အပြင်အာယတန(၆)မျိုး၊ အတွင်းအာယတန မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်၊ အကြည်ဓာတ် (၆)မျိုး။ "စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မနော ပသာဒ"လို့ အတွင်းအာယတန (၆)မျိုး။ အပြင်အာယတနက "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ"။ သူ့အတွဲလေးနဲ့သူ။

စက္ခုနဲ့ရူပါရုံ တစ်တွဲ၊ သောတနဲ့သဒ္ဒါရုံ တစ်တွဲ၊ ဃာနနဲ့ဂန္ဓာရုံ တစ်တွဲ၊ ဇိဝှါနဲ့ရသာရုံ တစ်တွဲ၊ ကာယနဲ့ဖောဋ္ဌဗ္ဗာရုံ တစ်တွဲ၊ မနနဲ့ဓမ္မာရုံ တစ်တွဲ။ စက္ခုပသာဒ အကြည်ဓာတ်ကလေး ရူပါရုံအဆင်းနဲ့ တစ်ခါတစ်ရံကျတော့ ဉာဏ်နဲ့ကြည့်တာထက် လက်တွေ့ မျက်တွေ့နဲ့ ကူပြီးကြည့်လိုက်တာက ပိုပြီးတော့ရှင်းတာတွေ ရှိတယ်။ လက်တွေ့ မျက်တွေ့ ဆိုသလိုပေါ့။ ဥပမာဆိုကြပါစို့။ အခု ဝိပဿနာဒီပနီ ဓမ္မာရုံဘုရားခန်းမှာ ပလ္လင်တော်ပေါ်မှာ သီတင်းသုံးနေတဲ့ ဘုရားကို ဆီမီးပူဇော်တယ် ဆိုကြပါစို့။ လျှပ်စစ်ရောင်လေးတွေဟာ ရူပါရုံ၊ အဲဒီ ရူပါရုံလေးတွေကို ကြည့်လိုက်မယ် ဆိုလို့ရှိရင် လျှပ်စစ်ရောင်လေး တွေဟာ တစ်ခုဖြစ်လာလိုက်, ပျက်လာလိုက်၊ ဖြစ်လာလိုက်, ပျက်လာ

http://www.dhammadownload.com



လိုက်။ မိမိရဲ့ စက္ခုပသာဒ မျက်စိအကြည်နဲ့ ရူပါရုံ အဆင်း ဖြစ်တာ ပျက်တာ သိပ်ပြီးတော့ ထင်ရှားသွားတယ်။ တစ်ခါတစ်ရံကျတော့ အဲဒီလို လက်တွေ့ကြည့်ကြ ရတယ်။ အဲဒီလိုကြည့်လို့ တရားမြင်ရင် "လက်တွေ့ မျက်တွေ့ပါပဲ"။ အနိစ္စသဘော မမြင်လို့ရှိရင် အသံကိုလဲ ဒီအတိုင်း ကြည့်ရမှာပါပဲ။ သောတပသာဒ= နားအကြည် ဓာတ်နဲ့အသံ။

အသံ တစ်ခါတစ်ရံ နာရီစက်သံ ဒက်ဒက် ဒက်ဒက်နဲ့ သွားနေတဲ့ အသံလေးတွေကို နားစွင့်ပြီးတော့ တစ်သံပြီးတစ်သံ မမြဲတဲ့သဘောလေး တွေ ပြနေတာပါလားလို့။ အနိစ္စသဘောထင်အောင် ကြည့်ကြရတယ်။ ပထမတော့ မမြဲတဲ့သဘောကို ကြည့်ကြရတာ။ မမြဲလို့ရှိရင် ဆင်းရဲတဲ့ သဘော။ မြဲလဲမမြဲ၊ ဆင်းရဲဆင်းရဲတယ်ဆိုရင် အနတ္တအစိုးမရတဲ့ သဘောလေးက ပိုပြီးတော့ သဘောပေါက်ပါတယ်။ ပြီးတော့ အသုဘသညာတဲ့။ အသုဘသညာ ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ် ကိုပဲ ခြေဆုံးခေါင်းဆုံး။

**ဥဒ္ဓံ ပါဒတလာ အဓောကေသမတ္ထကာ တစပရိယန္တံ**
**ပူရံနာနာ ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။**

တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်၊ ခြေဖဝါးရဲ့အထက် ဦးခေါင်း ဆံပင်ဖျားအောက် တစ်ကိုယ်လုံးကြည့်လိုက်တဲ့အခါ ဘာတွေတွေ့မလဲ ဆိုတော့ "ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်" ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ်တွေ ပါလားလို့ ခြေဆုံးခေါင်းဆုံးကြည့်ပြီးတော့ အသုဘ သညာ မတင့်မတယ် ရွံ့စဖွယ်တွေလို့ အမှတ်သညာထား ပွားရမှာပါ။

http://www.dhammadownload.com



အာဒီနဝသညာ

အပြစ်တွေ အနာအဆာတွေကိုပဲ ကြည့်ရမှာတဲ့။ ဒီခန္ဓာကိုယ်ဟာ သိပ်ပြီးတော့အပြစ်များတာပဲ။ ဒုက္ခတွေလဲ ဝိုင်းအုံ အပြစ်အနာအဆာတွေကလဲ အင်မတန်များတယ်။ ရောဂါတွေပဲကြည့်ကြစို့။ မျက်စိရောဂါ အဝေးမှုန်တယ်၊ အနီးမှုန်တယ်၊ မျက်စိကိုက်တယ်၊ မျက်စိအောင့်တယ်၊ မျက်စိကျိန်းတယ်။ နားကလဲ ဒီလိုပဲ။ နားမကြားဘူး၊ နားကိုက်တယ်။ နှာခေါင်းလဲ ဒီလိုပဲ။ လျှာကို ကြည့်ပြန်တော့လဲ ရောဂါမျိုးစုံ။ သွားတွေကျတော့ လျှာနာခွာနာတို့ ဒီလိုအသုံးတွေနဲ့လာတာ။ ဦးခေါင်းမှာ ဖြစ်တဲ့ ရောဂါ၊ ဝမ်းဗိုက်အတွင်းမှာဖြစ်တဲ့ရောဂါ၊ အရိုးမှာဖြစ်တဲ့ရောဂါ၊ အသားမှာဖြစ်တဲ့ရောဂါ၊ သွေးမှာဖြစ်တဲ့ရောဂါ၊ သည်းခြေကြောင့်ဖြစ်တဲ့ ရောဂါ။ သည်းခြေက (၂)မျိုးရှိတယ်။ အိမ်ပါတဲ့သည်းခြေက တစ်မျိုး၊ အိမ်မပါတဲ့သည်းခြေက တစ်မျိုး။ အဗဒ္ဓသည်းခြေခေါ်တဲ့ အိမ်မပါတဲ့ သည်းခြေ ပျက်ပြီဆိုဆိုရင် လူများမှာ ပွေးတို့ ညှင်းတို့ ယားယံတဲ့ရောဂါ "ဝက်ရူး၊ အိုင်းအမာ၊ နူနာ"ထဲမှာ ဝက်ရူးနာတို့က အိမ်ပါတဲ့သည်းခြေပျက်မှ ဖြစ်တယ်။ သည်းခြေကြောင့် ဖြစ်တဲ့ရောဂါ၊ သလိပ်ကြောင့်ဖြစ်တဲ့ရောဂါ၊ လေကြောင့်ဖြစ်တဲ့ရောဂါ၊ ဆာလောင်မွတ်သိပ်တဲ့ရောဂါ၊ ရောဂါမျိုးစုံ၊ ရေသောက်ချင်တယ်၊ ဒါတွေဟာ ဒီခန္ဓာကိုယ်ကြီးရဲ့ ရောဂါတွေ၊ အပြစ်အနာအဆာပဲ။ ဆာတယ်, ဆာတယ်ဆိုတာ ဒီခန္ဓာကိုယ်ကြီးရဲ့ ရောဂါပါပဲ။ အခင်းကြီး အခင်းလေး စွန့်ရတာလဲ ဒါလဲပဲ ခန္ဓာကိုယ်ရဲ့ အပြစ်အနာအဆာပဲ။ ဒီလို ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်လို့ ဒုက္ခတွေ အပြစ်အနာအဆာတွေကို ရှုမှတ်တာကို အာဒီနဝသညာ။ ခန္ဓာကိုယ်ရဲ့ အပြစ်အနာအဆာတွေများပြားပုံ၊ ဒီခန္ဓာကိုယ်ရဲ့အရေးကြောင့် အေးတယ်လို့လဲ မနေရ၊ ပူတယ်လို့လဲမနေရ ဖွေရှာပြီးတော့ နေကြရ။ တစ်နေ့ရှာလို့လဲမပြီး၊ တစ်နေ့စားလို့လဲ မပြီး၊ တစ်နေ့ လုပ်လို့လဲ မပြီး။ ဒုက္ခတွေ အစအဆုံးမရှိတဲ့ ဒီခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်တဲ့ ဒုက္ခတွေအပြစ်အနာအဆာတွေ ဉာဏ်စွမ်းရှိသလောက်

http://www.dhammadownload.com



ဖြိုဖြန့်ပြီးတော့ ကြည့်တဲ့အမှတ်သညာရှုမှတ်တဲ့ အမှတ်သညာကို အာဒီနဝသညာ။

ပဟာနသညာ

ပဟာနသညာဆိုတာကတော့ မိမိသန္တာန်မှာဖြစ်နေတဲ့၊ အာရုံငါးပါးလိုလားတဲ့ အကြံအစည်၊ ဒီအကြံအစည်တွေကို လက်မခံပဲနဲ့ ပယ်ချနိုင်အောင် ကြိုးစားတယ်။ ချုပ်ပျောက်သွားအောင် ကြိုးစားတယ်။ သူတစ်ပါးကို သတ်လိုဖြတ်လိုတဲ့ ဗျာပါဒဝိတက်၊ သူတစ်ပါးညှင်းဆဲချင်တဲ့ ဝိဟိံသဝိတက်၊ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်မှန်သမျှကို လက်မခံပဲနဲ့ ဖယ်ရှားနိုင်အောင် ဖယ်ရှားပြီးတော့ နေခြင်းဟာ ပဟာနသညာ။

ဝိရာဂသညာ

ဝိရာဂသညာ ဆိုတာ ဘယ်လိုဟာလဲဆိုတော့ ဝိရာဂသညာဆိုတာက **"ဧတံ သန္တံ၊ ဧတံ ပဏီတံ"**= အလုံးစုံသော သင်္ခါရတို့၏ ချုပ်ငြိမ်းရာ။ နိဗ္ဗာန်သည် အေးမြတယ်၊ ချမ်းသာတယ်၊ တွယ်တာမှုကင်းတယ်။ ဒါဝိရာဂသညာပါပဲ။

နိရောဓသညာ

နိရောဓသညာ ဆိုတာ ဒီလိုပဲ။ နိဗ္ဗာန်ရဲ့ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းပုံကို ရှုမှတ်တဲ့သညာကို နိရောဓသညာ။

အနဘိရတိသညာ

အနဘိရတိသညာက စွဲလမ်းစရာဖြစ်တဲ့ ခန္ဓာငါးပါးအပေါ်မှာ မမွေ့မလျော် မပျော်ပိုက်သည့်သညာ။

အနိစ္စာသညာ

အနိစ္စာသညာဆိုတာ ခန္ဓာကိုယ်ကြီး မိမိရရှိထားတဲ့ ရုပ်တရား, နာမ်တရား, ရုပ်နာမ်ခန္ဓာကိုယ်ကို ငြီးငွေ့ပြီးတော့ မလိုချင်ပဲနေတာကို အနိစ္စာသညာ။

အာနာပါနဿတိသညာ

အာနာပါနာဿတိသညာက ထွက်လေ ဝင်လေကို ရှုမှတ်တဲ့

http://www.dhammadownload.com



သတိ၊ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သညာ၊ အဲဒီသညာကို အာနာပါနဿတိသညာ။

ဒါက အခုယောဂီသူတော်စင်များ အားထုတ်လာတဲ့ နံပါတ်(၁၀) အာနာပါနဿတိသညာ။ အဲဒီ သညာ(၁၀)မျိုးကို အရှင်အာနန္ဒာက အရှင်ဂိရိမာနန္ဒ အရှင်မြတ်အား ဟောကြားလိုက်တဲ့အခါ အရှင် ဂိလိမာနန္ဒ အရှင်မြတ်ကလဲ သဘောကျပြီးတော့ အနိစ္စသညာ အစရှိတဲ့ အမှတ်သညာ(၁၀)မျိုးတို့ကို သဘောကျလက်ခံပြီး ကျင့်သုံးလိုက်တဲ့အခါ အရှင်ဂိရိမာနန္ဒဟာ ရောဂါများ ယူပြစ်သလိုပဲ ပျောက်ပြီးတော့ သွားတယ်။ အဲဒီတော့ အရှင်အာနန္ဒာကို မြတ်စွာဘုရားက အရှင် ဂိရိမာနန္ဒ လူမမာကိုယ်တိုင် လိုက်မေးဖို့ရာ ပထမအရှင်အာနန္ဒာက လျှောက်တယ်။ လျှောက်သော်လဲ မြတ်စွာဘုရားက ကိုယ်တိုင်လူမမာ လိုက်မမေးတော့ပဲ ဒီအနိစ္စသညာ အစရှိတဲ့ အမှတ်သညာ (၁၀)မျိုးတို့ကို တရားဆေးဝါးဓာတ်စာအနေနဲ့ သင်ပေးလိုက်တဲ့အခါ အရှင်အာနန္ဒာက အရှင်ဂိရိမာနန္ဒကို ဒီအမှတ်သညာ (၁၀)မျိုး ဟောတဲ့အခါ အရှင် ဂိရိမာနန္ဒဟာ တစ်ခါထဲ ရောဂါတွေယူပြစ်သလို ပျောက်သွားတယ်။ ဒီလိုပဲ မိမိတို့ တရားဘာဝနာပွားများရင်းနဲ့လဲ အချို့အချို့ ရောဂါများ ပျောက်ကြတယ်။ အဲဒီတော့ ဒီနေ့ အနိစ္စသညာ အစရှိတဲ့ ဓမ္မနဲ့ ပတ်သက်တဲ့ သညာများကို ရှုမှတ်ပွားများနေကြတဲ့ ယောဂီသူတော်စင် များလဲ မိမိတို့သန္တာန်မှာ စွဲကပ်နေတဲ့ ရောဂါကြီးငယ်များ ရှိကြမှာပဲ။ အဲဒီ ရောဂါကြီးငယ်တို့ကို မိမိတို့အားထုတ်နေတဲ့ ဓမ္မသညာဖြစ်တဲ့ အနိစ္စသညာ, အနတ္တသညာ အစရှိတဲ့ ဓမ္မစွမ်းအားတို့ဖြင့် တွန်းလှန် ဖြိုဖျက်ပြီးတော့ မိမိတို့အလိုရှိအပ် တောင်းတအပ်တဲ့ မြတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ လျှင်မြန်စွာ တက်လှမ်းနိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဆဌမနေ့ဟောစဉ်

### ရန်သူကြီးသုံးယောက်

ယနေ့ ၁၃၆၂ ခု၊ တန်ခူးလဆန်း (၆)ရက်နေ့။ လယ်တီဝိပဿနာ တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား တရားအားထုတ်တာနဲ့ ပတ်သက်ပြီးတော့ ဓမ္မကထာ တရားစကားများ ပြောကြားရ၊ ဘုန်းကြီးတို့ မြတ်စွာဘုရား ပွင့်တယ်။ တရားတော်များ ဟောကြားတယ်။ ဘာကြောင့် မြတ်စွာဘုရား ဟောရသလဲ။ ဘာကြောင့် တရားတော်များ ရှိနေရသလဲလို့ဆိုရင် အကယ်၍သာ လောကကြီးမှာ ဇာတိ= ဖြစ်ခြင်း၊ ဇရာ= ရင့်ရော်အိုမင်းခြင်း၊ မရဏ= သေကျေပျက်ဆီးခြင်း ဆိုတဲ့ ဒီဘေးကြီး (၃)မျိုး မကျရောက်ဘူးဆိုရင် ဘုရားပွင့်စရာလဲ မလိုတော့ဘူး။ ဟောကြားတော်မူတဲ့ တရားတော်တွေလဲ ထင်ရှားရှိစရာ မလိုဘူး။ ဇာတိခေါ်တဲ့ ဘေးကြီးရယ်။ ဇရာခေါ်တဲ့ ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းဆိုတဲ့ ဘေးကြီးရယ်၊ မရဏခေါ်တဲ့ သေကျေပျက်စီးခြင်း ဆိုတဲ့ ဒီဘေးဆိုးကြီးတွေ ထင်ရှားရှိနေတဲ့အတွက်ကြောင့် လောကကြီးထဲမှာ ဘုရားပွင့်တော်မူရတယ်။ ဟောကြားတော်မူတဲ့ တရား တော်များ ထင်ရှားရှိနေကြရတယ်။ အဲဒီတော့ ဒီဇာတိရယ်, ဇရာရယ်, မရဏရယ် ဆိုတာ ရန်သူကြီး (၃)ဦး။ ဘုန်းကြီးတို့ ဖြစ်တိုင်း ဖြစ်တိုင်း၊ ဘဝတိုင်း ဘဝတိုင်းမှာ ကြုံကြရတယ်။ ရန်သူ (၃)ဦးက ဘယ်လိုဆောင်ရွက် သလဲဆိုတော့ ရန်သူ(၃)ဦးက သူတို့နဲ့မတွေ့တဲ့ ပုဂ္ဂိုလ်ကို တစ်ယောက်က တောထဲရောက်အောင် လူရှင်းတဲ့နေရာ ခေါ်သွားတယ်။ ဒါဟာ သူ့ရဲ့ တာဝန်၊ တောထဲရောက်အောင် ခေါ်ဖို့ကတော့ ငါ့တာဝန်ပဲလို့တစ်ဦးက တာဝန်ယူသလိုပဲ။

နောက်တစ်ဦးက အဲဒီတောထဲရောက်လာတဲ့လူကို မထနိုင် အောင် ပုံလဲနေအောင် မပြေးနိုင်အောင် တစ်ခါထဲရိုက်နှက်ဖို့ စီမံဖို့က သူ့တာဝန်ပါပဲ။ ဒုတိယလူက တာဝန်ယူသလိုပဲ။ တတိယလူကတော့ အဲဒီလို မပြေးနိုင်, မထနိုင်, မသွားနိုင်အောင် ယိုင်လဲနေတဲ့လူကို

http://www.dhammadownload.com



အပြီးသတ်စီရင်ဖို့ကတော့ ငါ့တာဝန်ပဲလို့ တာဝန်ယူသလိုပါပဲ။ ရန်သူ (၃)ဦး။ အဲဒီလိုပဲတဲ့ ဇာတိဟာလဲ ဘဝမျိုးစုံဆိုတဲ့ တောထဲမှာ ရောက်အောင် ဇာတိကဆောင်ရွက်ပြီးတော့ ပေးတယ်။ အဲဒီ ဇာတိ ဖြစ်ဖို့ရာ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးက-

**"အပြစ်ဖုံးကာ အဝိဇ္ဇာ တဏှာညွတ်စေမှု**
**ကံသင်္ခါရ ဇနက ပြစ်ချစေဆော်မှု**
**အကြောင်းသုံးဖေါ် ညီစေသော်ဖြစ်ပေါ် သန္ဓိစု"။**

တောထဲလဲ မရောက်ချင်လို့ မဖြစ်ဘူးတဲ့။ ဘဝရဲ့အပြစ်ကို ဖုံးကွယ်တတ်တဲ့ အဝိဇ္ဇာ။ ဘဝကို သာယာတတ်တဲ့တဏှာ၊ ပြုတဲ့ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ သင်္ခါရ။ ဒီအချက် (၃)ချက်ရှိလို့ရှိရင် ဘဝဇာတိ ဖြစ်ပြီးတော့လာတာပဲ။ အဲဒီလို ဖြစ်လာတော့ တောထဲ ရောက်သလိုပဲတဲ့။ ရန်သူကနေပြီးတော့ ဘဝတောထဲခေါ်လာပြီ။ အဲလို တောထဲရောက်လာတဲ့အခါကျတော့ ဒီအတိုင်းဖြစ်ရုံလေး ရပ်နေတာ မဟုတ်ဘူး။ ဆွေးမြေ့ယိုယွင်း အိုမင်းကြီးဆိုတဲ့ ဒုတိယလူ ဇရာရန်သူက တစ်ခါထဲ ဆွေးမြေ့ယိုယွင်းအိုမင်းအောင် ဆောင်ရွက်တော့တာပဲ။ အဲဒီ နောက်တော့ မရဏဆိုတဲ့ အပြီးသတ်နှိပ်စက်မဲ့ရန်သူက အရန်သင့်ပါပဲ။ မရဏကို သေမင်းလို့ ဘာသာပြန်ကြတယ်။ သဘာဝအလွန်ကျတယ်။ သူ့ကို ဘယ်သူကမှ အနိုင်မယူနိုင်ဘူး။ ဒါကြောင့် သေတာကို သေမင်းလို့ ခေါ်ကြတယ်။ ဇာတိရယ်, ဇရာရယ်, မရဏရယ် အဲဒီရန်သူကြီးတွေဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ရန်သူကြီးတွေ ကမ္ဘာ့လူထုအားလုံး၊ (၃၁)ဘုံသား အားလုံး ဆလံသအရှုံးပေး ခေါင်းငုံ့ခံနေကြရ။ အဲဒီ ရန်သူကြီးတွေကို နိုင်အောင်တိုက်နိုင်တဲ့နည်း။ အဲဒီရန်သူကြီး (၃)ဦးတို့ရဲ့ စိန်ခေါ်မှုကို အံတုနိုင်တဲ့နည်း၊ နည်းပေးလမ်းပြက ဘုရားရှင်။ ဘုရားရှင်တို့ ပွင့်လာတာဟာ အဲဒီ ရန်သူကြီးတွေကို နှိမ်နင်းဖို့ပါပဲ။ ဒီရန်သူကြီး (၃)ဦးဟာ သတ္တဝါတိုင်း, သတ္တဝါတိုင်း နှိပ်စက်နေတဲ့ ရန်သူကြီး (၃)ဦး။ အဲဒီ ရန်သူကြီး (၃)ဦးကို နှိမ်နင်းဖို့ မြတ်စွာဘုရား

http://www.dhammadownload.com



ပွင့်တယ်။ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားဟာလဲ ထင်ရှားရှိတယ်။

## မီးပုံကြီးများလို

ပဋိသန္ဓေနေခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ သေခြင်းဆိုတဲ့ ဒီရန်သူကြီးတွေဟာ ကြီးမားသလိုပဲ။ ဇရာ-ဗျာဓိ-မရဏ ခေါ်တဲ့ ဆွေးမြေ့ယိုယွင်း အိုမင်းခြင်း၊ အနာရောဂါစွဲကပ်ခြင်း၊ သေခြင်းဆိုတဲ့ ဒီရန်သူကြီးတွေဟာလဲ မီးပုံကြီးများလိုပဲ။ သတ္တဝါတစ်ယောက်, ပုဂ္ဂိုလ်တစ်ယောက် ဘဝတစ်ခု ဖြစ်ပြီးတော့လာပြီဆိုရင် အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ရန်သူကြီးတွေဟာ တစ်ခါထဲ မီးပုံကြီးများလိုပဲ။

**အာဂစ္ဆုံ အဂ္ဂိက္ခန္ဓာဝ၊ မစ္စုဗျာဓိ ဇရာတယော။**
**ပစ္စုဂ္ဂန္တုံ ဗလံနတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။**

ဆွေးမြေ့ယိုယွင်း အိုမင်းခြင်း၊ ကျင်နာခံခက် ရောဂါ စွဲခြင်း၊ သေခြင်းဆိုတဲ့ ဒီရန်သူကြီး (၃)ဦးတို့ဟာ မီးပုံကြီး မီးတောက် ကြီးများလို လာတယ်။ ရှေ့မှာ ဒီမီးပုံကြီးတွေရှိနေလေရဲ့ ဆိုပြီးတော့ နောက်ပြန်ပြေးဖို့လဲ ခွန်အားမရှိဘူး။ ဇဝေါနတ္ထိ ပလာယိတုံ= နောက်မှာ မီးပုံကြီးတွေ လိုက်လာတယ်ဆိုပြီးတော့လဲ ရှေ့ပြေးဖို့လဲ မပြေးသာဘူး။ အဲဒါကြောင့်မို့ လောကသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးဟာ ဒီ (၃)မျိုးတို့ရဲ့ စိန်ခေါ်မှုကို အံတုရင်ဆိုင်နိုင်တဲ့ ခွန်အားမရှိကြပါဘူး။

## အံတုရင်ဆိုင်နိုင်ရန်

အဲဒီသုံးမျိုးကို အံတုရင်ဆိုင်နိုင်ဖို့အတွက် မြတ်စွာဘုရားက နည်းလမ်းပေးတော်မူတယ်။ အဲဒီနည်းလမ်း ပေးတော်မူတော့ ပထမ ပြောထားတဲ့ ရန်သူကြီး (၃)ဦး၊ ဇာတိ, ဇရာ, မရဏခေါ်တဲ့ ရန်သူကြီး (၃)ဦးကိုနိုင်တဲ့နည်းကတော့ ရာဂ, ဒေါသ, မောဟကို ပယ်နိုင်မှ ဒီရန်သူ (၃)ဦးရဲ့လက်ထဲက လွတ်နိုင်ပါတယ်။

http://www.dhammadownload.com



- ရာဂဆိုတာ အာရုံမြင်က ထင်သမျှမှာ ကပ်ငြိတွယ်တာ တတ်တဲ့ တရားဆိုး၊ တရားပျက်၊
- ဒေါသဆိုတာ လွန်ကျူးပြစ်မှားတတ်တဲ့ တရားဆိုး၊ တရားပျက်၊
- မောဟဆိုတာ အမှန်တရားတွေကို မသိတဲ့ တရားဆိုး၊ တရားပျက်၊

အဲဒီ လောဘ, ဒေါသ, မောဟတို့ကို အလွတ်တကူပယ်လို့ ရသလားဆိုတော့ **"သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ"** ဒီတရားဆိုးတွေ မပယ်နိုင်လို့ရှိရင် သတ္တဝါတို့သန္တာန်မှာ လောဘ, ဒေါသ, မောဟ မကင်းနိုင်ဘူး။ သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲဆိုတော့ ထင်ရှားရှိတဲ့ ရုပ်တရား, နာမ်တရားတို့အပေါ်မှာ ထင်ရှားမရှိတဲ့ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမလို့ အထင်မှားတာဟာ သက္ကာယဒိဋ္ဌိ။ ဝိစိကိစ္ဆာဆိုတာ သစ္စာလေးပါး၊ သံသရာရဲ့ ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်းတွေ အဲဒီလို နေရာတွေမှာ ယုံမှားသံသယဖြစ်နေတာ။ သီလဗ္ဗတ ပရာမာသဆိုတာ ခွေးအကျင့်, နွားအကျင့် အစရှိတဲ့ အကျင့်တွေကိုပဲ အကျင့်ကောင်းလို့ ထင်မြင်ယူဆတာမျိုး။ အဲဒီတော့ သက္ကာယဒိဋ္ဌိ ဆိုတာနဲ့ အတ္တဒိဋ္ဌိဆိုတာ အတူပါပဲ။

အဲဒီ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ရုပ်တရား နာမ်တရားတို့ကိုပဲ ငါပဲ သူပဲလို့ စွဲလမ်းနေတဲ့ အတ္တဒိဋ္ဌိ။ အဲဒီ အတ္တဒိဋ္ဌိကို မဖြိုဖျက်နိုင်ရင် မပယ်နိုင်ရင် သီလဗ္ဗတပရာမာသခေါ်တဲ့ မမှန်တဲ့အကျင့်တွေကို မပယ်စွန့်နိုင်ဘူးဆိုရင် မိမိတို့သန္တာန်မှာရှိတဲ့ လောဘ, ဒေါသ, မောဟ တရားတွေ ပျောက်ကွယ်မသွားဘူး။ အင်အားဖြင့် လက်နက်တွေနဲ့ ပစ်ခတ်ဖျောက်ဖျက်လို့ မရဘူး။

http://www.dhammadownload.com



## သက္ကာယဒိဋ္ဌိ ဖြုတ်ခွင်းနည်း

သက္ကာယဒိဋ္ဌိ ဘယ်လိုများ ပျောက်ကွယ်အောင် လုပ်ရမလဲ ဆိုရင်-

**နာမရူပပဝတ္တာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။**

နာမ်ရုပ်ကို ပိုင်းခြားပြီးသိရင် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကို ပယ်နိုင်တယ်။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကို မပယ်နိုင်ဘူးဆိုရင် မိမိတို့သန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ မပယ်နိုင်ဘူး။ ဆိုကြပါစို့ အဇာတသတ်မင်း ဘခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်တယ်ဆိုတာ အတ္တဒိဋ္ဌိ အခြေခံပါတယ်။ သက္ကာယဒိဋ္ဌိ အခြေခံထားလို့ပါပဲ။ ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ပေါ်ကနေပြီးတော့ ကျောက်တုံးနဲ့လှိမ့်ပြီး မြတ်စွာဘုရားကို သေကြောင်းကြံတာလဲ ဒီအတ္တဒိဋ္ဌိအခြေခံပါပဲ။ လောကဖြစ်သမျှ တိုက်ကြခိုက်ကြတာတွေဟာလဲ အတ္တဒိဋ္ဌိကို အခြေခံပါတယ်။ အဲဒီ အတ္တဒိဋ္ဌိကို ဖြုတ်ခွင်းဖို့နည်းဟာ ရုပ်နာမ်ကို ပိုင်းခြားသိရမယ်။ ရုပ်နာမ်ပိုင်းခြားသိတော့ ဘယ်နည်းနဲ့သိရမလဲ။ မြတ်စွာဘုရား ပေးတော်မူတဲ့နည်းနဲ့ သိနိုင်ပါတယ်။ အခုလမ်းစဉ် ကျင့်စဉ်အတိုင်း အားထုတ်ပြီးတော့ လာခဲ့ကြတာ ဘုရားနည်းပါပဲ။

**"စိတ်မိုက်နွားဆိုး၊ သတိကြိုးနှင့်၊ မတိုးရုန်းနိုင်၊ အာရုံတိုင်၊ ခိုင်ခိုင်ချည်ထားပါ"။**

စိတ်ကလေးဟာ မိုက်တယ်။ နွားဆိုး နွားကြမ်းများနဲ့ တူတယ်။ သတိဆိုတဲ့ကြိုးနဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်ပြီးတော့ ထားရမယ်။

**"စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ"။**

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုံးကြည့်ပါ။

ရုန်းမရပါ ချီတိုင်မှာ မောကာငြိမ်သက်စွာ"။

နွားမိုက်၊ နွားဆိုး၊ နွားကြမ်းကို ကြိုးခိုင်ခိုင်နဲ့ ချည်တိုင်မှာ ချည်ထားတယ်။ နွားဆိုးက ရုန်းမရတော့ ချည်တိုင်မှာငြိမ်ဝပ်နေသလို

http://www.dhammadownload.com



ပဲတဲ့။ နွားမိုက်, နွားရိုင်းနဲ့တူတဲ့ စိတ်ကို သတိဆိုတဲ့ကြိုးနဲ့ နှာသီးဖျားဆိုတဲ့ အာရုံတိုင်မှာ ချည်ထားမယ်။ နွားမိုက်နဲ့တူတဲ့ စိတ်ကလေးဟာ အားရှိသလောက် တောင်ရောက် မြောက်ရောက်နဲ့ ရုန်းကြည့်မယ်။ ရုန်းမရတဲ့နောက်ဆုံး အာရုံတိုင်မှာ ငြိမ်ငြိမ်လေးဝပ်နေရပါတယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို နွားကလေးလိုပဲတဲ့။ ချည်တိုင်မှာ မောပြီးငြိမ်သက်ပြီးနေတော့မှ စိတ်ကလေးဟာ ငြိမ်ပြီးတည်နေပါလိမ့်မယ်။

**"တည်ကြည်ငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီစိတ်ကလေးဟာ တည်ကြည်ငြိမ်သက်ပြီးနေတဲ့ အခါကျတော့ တည်ကြည်နေတော့ သမာဓိရတယ်လို့ ဆိုရတယ်။

**"သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"**

သမာဓိရလို့ စိတ်ကလေး တည်ကြည်လာပြီး ကြည်လင်လာခဲ့ကြပြီ။ မိမိတို့စိတ်ကလေးဟာ ရေခွက်ကလေးထဲမှာ ရေတစ်ပိဿာလောက်တည့် ရေခွက်ထဲမှာရှိတဲ့ ရေကလေးငြိမ်ပြီး ကြည်ပြီးတော့နေတဲ့အခါ ရေမှန်ကြည့်ရင် မိမိတို့ရဲ့မျက်နှာရိပ် မျက်နှာကဲကြည့်လို့ရတယ်။ အဲဒီလိုပဲ ရေခွက်ကလေးထဲက ရေလေးငြိမ်ပြီးတော့ ကြည်ပြီးတော့နေသလို မိမိတို့စိတ်ကလေးဟာလဲ ငြိမ်ပြီးတော့ ကြည်နေတယ်။ အဲလို ကြည်လင်ပြီးတော့ နေတဲ့အခါ-

**"သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"**

စိတ်ကလေး တည်ကြည်လို့ ငြိမ်သက်လို့ သမာဓိရပြီဆိုတော့ စိတ်စင်ကြယ်သွားပြီ။

**"စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ"**

စိတ်ကလေး စင်ကြယ်လာတော့ ရုပ်တွေ နာမ်တွေကို ပိုင်းခြားပြီးတော့သိနိုင်တယ်။ အဲဒီလို ပိုင်းခြားခွဲခြားသိလာတဲ့ အခါကျတော့ သက္ကာယဒိဋ္ဌိ ပယ်နိုင်ပြီ။ ဒီနည်းနဲ့ပယ်ရတာ။ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ လာခဲ့ကြတာ။ ထွက်လေဆိုတာ တွန်းကန် လှုပ်ရှားလာတဲ့

http://www.dhammadownload.com



ဝါယောရုပ်၊ ထွက်လေ ဝင်လေ တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်ဖြစ်တဲ့ ထွက်လေ ဝင်လေ အာရုံတိုင်မှာ ငြိမ်ပြီးတော့ နေတဲ့စိတ်နာမ်တရား။ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့နေတယ်။ ဒီချိန်အခါမှာ ရုပ်နဲ့နာမ် (၂)မျိုးပဲ ဖြစ်ပေါ်တယ်။ အခု ဝိပဿနာအပိုင်းမှာတော့ ပညာကို ပွားအောင်လုပ်ရတယ်။ အင်မတန်အရေးကြီးတယ်။ ပညာခွန်အား အသုံးချရတယ်။

## သူ့တာဝန် ကိုယ့်တာဝန်

သူဌေးသား(၄)ယောက် ရှင်ဘုရင်သားကတစ်ယောက် သူငယ်ချင်းတွေကိုး။ ကဲ- တို့တတွေ ပျော်ပျော်ပါးပါး သွားကြလာကြ စို့ရဲ့ဆိုပြီး သွားကြတယ်။ နက္ခတ်ပွဲသဘင်တွေ ပျော်ကြပါးကြ။ အဲဒီလိုနဲ့ ပထမသူဌေးသား အိမ်တစ်အိမ်ရောက်သွားတယ်။ ရောက်သွားတော့ အိမ်ရှင်သူဌေးသားက ပါလာတဲ့သူငယ်ချင်းလေးယောက်အတွက် စားစရာတွေပေးကြ၊ ပန်းနံ့သာတွေပေးကြ၊ ရေမိုးချိုးဖို့ စီမံပေးကြ ဆိုပြီးတော့ အိမ်ရှင်သူဌေးသားတစ်ယောက်က စီမံတယ်။ ကျန်တဲ့ သူဌေးသားသုံးယောက်နဲ့ ရှင်ဘုရင်သားတစ်ယောက်က ငြိမ်ငြိမ်ဆိမ်ဆိမ် ပဲ နေကြတယ်။ ဒုတိယအိမ်ရောက်ပြန်တော့လဲ အိမ်ရှင်သူဌေးသားက စီမံခန့်ခွဲပြန်တယ်။ တတိယအိမ်ရောက်ပြန်တော့ တတိယသူဌေးသားက စီမံတယ်။ စတုတ္ထအိမ်ရောက်ပြန်တော့ စတုတ္ထသူဌေးသားက စီမံတယ်။ ကျန်တဲ့ လေးယောက်က အေးအေးဆေးဆေးပဲ နေကြပါတယ်။

နောက်ရှင်ဘုရင်သားအလှည့် နန်းတော်ရောက်တော့ ရှင်ဘုရင် သားကပဲ စီမံခန့်ခွဲတယ်။ သူငယ်ချင်းလေးယောက်ကို ကျွေးဖို့, မွေးဖို့, စားဖို့, သောက်ဖို့ စီမံတယ်။ အဲဒီလိုစီမံကြတော့ သူ့အပိုင်းနဲ့သူပဲ။ အဲဒီလိုပဲတဲ့ မိမိတို့ ရတနာသုံးပါးကြည်ညို မှုနဲ့ပတ်သက်ပြီးတော့ သဒ္ဓါဆိုတဲ့အင်အားဟာ အင်မတန်အရေးကြီးတယ်။ နောက် သတိပဋ္ဌာန် ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းက စပြီးတော့ သတိပဋ္ဌာန်အားထုတ်

http://www.dhammadownload.com



ကြပြီ ဆိုတဲ့အခါ သတိဆိုတဲ့ အင်အားအသုံးချဖို့ အင်မတန် အရေးကြီးတယ်။ ဒီလို ကြိုးစားအားထုတ်တဲ့နေရာမှာ ဝီရိယထားပြီးတော့ အားထုတ်ကြရမယ်။ အဲဒီလိုနေရာမျိုးမှာ ဝီရိယအင်အား အင်မတန် အရေးကြီးတယ်။ အဲဒီကနေပြီး စိတ်ကလေးငြိမ်သက်လို့ သမာဓိ ရပြီးတော့နေတဲ့ အခါမျိုးကျတော့ မပြန့်လွင့်ခြင်းလက္ခဏာရှိတဲ့ သမာဓိ အင်အား အသုံးချဖို့ အင်မတန်အရေးကြီးတယ်။

ရုပ်တွေ, နာမ်တွေ ခွဲခြားပြီးတော့ သိဖို့အရေး၊ သစ္စာလေးပါး တရားကို သိဖို့အရေးကျတော့ ပညာအင်အားဟာ အင်မတန် အရေးကြီးပါတယ်။ ယခု ပညာအင်အား အသုံးချရမယ့်အချိန်။ အဲဒီ ပညာအင်အားကို အသုံးချပြီးတော့ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ကြရတာ ပါပဲ။ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ (၃)မျိုး။ အဲဒီသုံးမျိုးကို ပယ်ထုတ်ဖို့ကလဲ နည်းမှန်ဖို့လိုတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော်က ပေးခဲ့တဲ့နည်း။ လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုဟောကြားခဲ့တဲ့နည်း။ မြတ်စွာဘုရား ဟောတဲ့ နည်းနာနိဿယကို ဖောက်သယ်ချပြီးတော့ ပေးတဲ့နည်း ဆိုတော့ လမ်းဆိုး, လမ်းမှားနှလုံးသွင်းမှုကိုလဲ ရှောင်ပြီးသားဖြစ်တယ်။ ပြီးတော့ စိတ်တွန့်တိုမှုလဲ မရှိဘူး။ အဲဒီ သုံးမျိုးမရှိမှ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဆိုတဲ့ (၃)မျိုးကိုလဲ ပယ်နိုင်ပါတယ်။ ယောနိသော မနသိကာရ စတဲ့ (၃)မျိုးဖြစ်အောင်လဲ သတိလွတ်ကင်းခြင်း မရှိမှ သတိလွတ်မှုမရှိမှ သမ္ပဇဉ်ရှိမှ စိတ်ပြန့်လွင့်မှု မရှိမှသာလျှင် ယောနိသော မနသိကာရ စသည်လဲဖြစ်ပါတယ်။

## သုံးမျိုးပယ်နိုင်မှ

မုဋ္ဌဿစ္စ= သတိလွတ်နေတယ်။ အသမ္ပဇည= အသိမရှိဘူး။ စေတသောဝိက္ခေပ= စိတ်ပြန့်လွင့်မှု သုံးမျိုးကို ပယ်နိုင်ဖို့ဆိုတာ အရိယာ ဖြစ်တဲ့ ဘုရားတပည့်သား သာဝကတွေ ဖူးမျှော်ရမှ၊ တရားတော်

45(A)

http://www.dhammadownload.com



ကိုနာရမှ ပြီးတော့ ချုပ်ချယ်တဲ့စိတ်ကင်းမှ၊ ဘုရားရှင်နှင့် သာဝကများကို ဖူးမျှော်လိုတဲ့စိတ်, ဘုရားတရားတော်ကို နာကြားလိုတဲ့ စိတ်, မချုပ်ချယ် မစော်ကားလိုတဲ့စိတ် ရှိမှသာလျှင် ခုနကပြောခဲ့တဲ့ သတိ လွတ်ကင်းခြင်း အစရှိတဲ့ (၃)မျိုးကို ပယ်နိုင်ပါတယ်။ အခု ဘုရားရှင်ရဲ့ တရားတော်များ နာကြားပြီးတော့ မိမိတို့ သတိမလွတ်အောင် အားထုတ်ခဲ့တာ အဲဒီကနေ တစ်ဆင့်တက် သမ္ပဇညဖြစ်အောင်။ သမ္ပဇညဆိုတာ ရုပ်တရား, နာမ်တရားတွေကို ခွဲခြားပြီးတော့ သိနိုင်တဲ့ အသိမျိုး။ ဒါဖြင့် အရိယာ တို့ကို ဖူးမျှော်လိုခြင်း၊ တရားတော်များကို နာကြားလိုခြင်း၊ ပြီးတော့ ချုပ်ချယ်သော စိတ်ကင်းခြင်းဆိုတဲ့ အချက်တွေဟာလဲ အကြောင်း ရှိတယ်။

## အဲဒီသုံးမျိုးကလဲ

ဥဒ္ဓစ္စ= စိတ်ပျံ့လွင့်ခြင်း၊ အသံဝရ= မစောင့်စည်းခြင်း၊ ဒုဿီလျ= သီလမဲ့ခြင်း ဒီအချက်တွေ ရှိနေမယ်ဆိုလို့ရှိရင် အရိယာဖြစ်တဲ့ ဘုရား၊ ဘုရားသာဝကများကို ဖူးမျှော်လိုစိတ်လဲ မရှိဘူး။ တရားနာလိုစိတ်လဲ မရှိဘူး။ ချုပ်ချယ်တဲ့ စိတ်လဲ မကင်းနိုင်ဘူး။ ဥဒ္ဓစ္စ= စိတ်ပျံ့လွင့်မှုကင်းတဲ့ အတွက်, စောင့်စည်းမှု ရှိခဲ့တဲ့အတွက်, သီလရှိနေတဲ့အတွက်ကြောင့် အရိယာ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ ဖူးမျှော်ချင်တဲ့စိတ် ဖြစ်တယ်။ တရားနာချင်တဲ့စိတ်တွေ ဖြစ်တယ်။ ချုပ်ချယ်လိုစိတ် ကင်းတယ်။ စိတ်ပျံ့လွင့်မှုစသည်ကို ပယ်ရှားနိုင်ဖို့ကျပြန်တော့ သဒ္ဓါတရားရှိမှ မိတ်ကောင်းဆွေကောင်းရှိမှ ဒေါဝစဿတာခေါ်တဲ့ အပြောအဆိုလဲ မခက်မှ အဲဒါမှ ဥဒ္ဓစ္စ အစရှိသည်ကို ပယ်ရှားနိုင်တယ်။

## အရင်းခံအကျဆုံး အကြောင်းသုံးရပ်

အဲလို သဒ္ဓါတရားမဲ့ခြင်း၊ အပြောအဆိုခက်ခြင်း၊ ယုတ်မာသော မိတ်ဆွေရှိခြင်း ဆိုတာတွေကင်းအောင် သဒ္ဓါတရားရှိအောင် အပြော

http://www.dhammadownload.com



အဆိုလွယ်အောင် ကလျာဏမိတ်ရှိအောင် ဘာတွေပယ်ရမလဲဆိုတော့ အဟိရိက= မကောင်းမှုအကုသိုလ် ပြုရမှာရှက်ခြင်းကို ပယ်ရမယ်။ အနောတ္တပ္ပ= မကောင်းမှုပြုရမှာ ကြောက်ခြင်းကို ပယ်ရမယ်။ ပမာဒ= မေ့လျော့မှုကိုလဲ ပယ်ရမယ်။

အဲဒီ မကောင်းမှုပြုရမှာ ရှက်နေမှု၊ မကောင်းမှုပြုရမှာ ကြောက်နေမှု၊ ပြီးတော့ မေ့လျော့မှု ကင်းမှု။ အဲဒီတော့မှ မသဒ္ဓါတာကိုလဲ ဖယ်ရှားနိုင်တယ်။ အရိယာပြောတဲ့စကားကို မသိနားမလည်ခြင်းကိုလဲ ပယ်ရှားနိုင်ပြီး ပြောရဆိုရလွယ်မယ်။ ပါပမိတ္တခေါ်တဲ့ မကောင်းတဲ့ မိတ်ဆွေရှိခြင်းကိုလဲ ပယ်နိုင်မယ်။ ဒါကြောင့် အဟိရိက၊ အနောတ္တပ္ပ၊ ပမာဒ ဆိုတဲ့ တရားသုံးပါးက ပိုပြီးတော့ အရင်းခံအကျဆုံး ဖြစ်တယ်။ အကယ်၍ အဟိရိက၊ အနောတ္တပ္ပ၊ ပမာဒတို့ ရှိနေရင်တော့ဖြင့် တစီတတန်းကြီး မကောင်းမှုတွေ ဖြစ်နေတော့မှာပဲ။ တစ်ချို့ဆိုရင် မကောင်းမှုပြုရမှာ ရှက်နေတယ်။ အနောတ္တပ္ပ မကောင်းမှုပြုရမှာ ကြောက်တယ်။ မကြောက်ခြင်းကို ပယ်ရှားပြီးတော့ မကောင်းမှုပြုရမှာ ကြောက်လာပြီ။ ပမာဒ မေ့လျော့ခြင်းကို ပယ်ရှားပြီးတော့ အပ္ပမာဒ မမေ့မလျော့မှုသာလျှင် အဆင့်ဆင့်ဖယ်ရှားနိုင်ပါတယ်။ အလွယ် ပြောမယ်ဆိုရင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသကို ဖယ်ရှားနိုင်မှာ။ အဲဒီလို ဖယ်ရှားနိုင်မှလဲပဲ လောဘ, ဒေါသ, မောဟ ကင်းမှာ။ လောဘ, ဒေါသ, မောဟ ကင်းမှလဲပဲ ဇာတိ, ဇရာ, မရဏခေါ်တဲ့ ရန်သူကြီး (၃)ဦးလက်က လွတ်ကင်းမှာပါပဲ။ ဒါဖြင့် ယနေ့ အပ္ပမာဒဟာ အင်မတန်အရေးကြီးပါတယ်။ ပမာဒဆိုတာ မေ့လျော့ခြင်းပဲ။ မေ့လျော့ခြင်းဆိုတာ အာရုံငါးပါးနဲ့ ပျော်ပါးနေလို့ ရှိရင်လဲ ဒါမေ့လျော့တယ်လို့ ဒီလိုခေါ်ရတယ်။ ပြီးတော့ ကုသိုလ်ကိစ္စတွေမပြုပဲ တာဝန်မဲ့ နေလို့ရှိရင်လဲ ပမာဒလို့ ခေါ်ရတယ်။ ပမာဒရဲ့ ဆန့်ကျင် ဘက်က ဘာလဲဆိုတော့ အပ္ပမာဒ။ ကုသိုလ်တရားတွေ ပြုပြီးတော့နေရင် အပ္ပမာဒ၊ အာရုံငါးပါး ပျော်ပါးမှု ရှောင်ရှားပြီးတော့နေရင် အပ္ပမာဒ။

46(A)

http://www.dhammadownload.com



## ပြဿနာဖြေရှင်းနည်း

အဲဒီ အပ္ပမာဒ မမေ့မလျော့ပါနဲ့ဆိုတဲ့ စကားကို မြတ်စွာဘုရား အကြိမ်များစွာ မိန့်ကြားတော်မူခဲ့ပါတယ်။ အကြိမ်များစွာ ဆိုတဲ့နေရာမှာ ဒိနေဒိနေ= နေ့တိုင်း နေ့တိုင်းလို့ ဆိုတဲ့အတွက်ကြောင့်မို့ အပ္ပမာဒ ဩဝါဒကတော့ သာသနာတော်မှာ အများဆုံးဟောတဲ့ စကားတော်ပါပဲ။ ဘယ်လောက်များသလဲဆိုတော့ အကြိမ်ပေါင်း (၁၆၀၀၀)ကျော် ဒီလောက်တောင် များပါတယ်။ ဘာကြောင့် ခဏခဏမိန့်ကြားရသလဲ ဆိုရင် ဘုန်းကြီးတို့ မြန်မာစကားမှာ ပြဿနာပေါင်း (၁၆၀၀၀)လို့ ပြောကြတယ်။ ပြဿနာပေါင်း (၁၆၀၀၀)နဲ့ ရှုပ်ထွေးနေကြတာ များပါတယ်။ အဲဒီ ပြဿနာပေါင်း (၁၆၀၀၀)ထဲမှာ အဆိုးဆုံးကတော့ ဇာတိ, ဇရာ, မရဏ (၃)မျိုး။ တစ်နည်းအားဖြင့် ဇရာ, ဗျာဓိ, မရဏတဲ့။ တစ်နည်း ဇာတိ, ဇရာ, ဗျာဓိ, မရဏ (၄)မျိုး။ အဲဒါတွေကို အံတုနိုင် အောင်ဆိုရင် ပမာဒကို ဖယ်ရှားနိုင်မှ။ အဲလို ပမာဒကို ဖယ်ရှားပြီးတော့ မမေ့မလျော့နေတယ်။ မမေ့မလျော့နေတာ ဘယ်လိုဟာလဲလို့ ဆိုတော့ အာရုံငါးပါး ရှောင်ရှားပြီးတော့ ကုသိုလ်ကိစ္စများကို ကြိုးစားပြီးတော့ နေတာ အပ္ပမာဒ= မမေ့မလျော့နေခြင်းပါပဲ။ ဒီမမေ့မလျော့နေကြပါဆိုတဲ့ စကားကို မြတ်စွာဘုရားက အကြိမ်ပေါင်း (၁၆၀၀၀)မိန့်ကြားတော် မူခဲ့တယ်။ အဲဒီတော့ လူ့ဘဝမှာ ပြဿနာပေါင်း (၁၆၀၀၀)။ အဲဒီ ပြဿနာ ပေါင်း (၁၆၀၀၀)ဟာ အဓိကအားဖြင့်တော့ ဇာတိ, ဇရာ, မရဏ ဆိုတဲ့ ပြဿနာကြီးတွေပေါ့။ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ပြဿနာ။ အဲဒီပြဿနာကြီးတွေကတော့ ကမ္ဘာ့သူ ကမ္ဘာ့သား ကမ္ဘာ့သိပ္ပံပညာရှင် ကြီးတွေ မဖြေရှင်းနိုင်တဲ့ ပြဿနာကြီးတွေပါပဲ။ အဲဒီ ပြဿနာတွေကို ဖြေရှင်းပြီးတော့ ပေးနိုင်တဲ့နည်းကို မြတ်စွာဘုရားပဲ သိပါတယ်။ အဲဒီ ပြဿနာကြီးတွေ ဖြေရှင်းနိုင်ဖို့ အရင်းခံကတော့ ပမာဒကို ဖယ်ရှား ပြီးတော့ အပ္ပမာဒ တရားနဲ့ ပြည့်စုံလို့ရှိရင် ဒီပြဿနာတွေကို ဖြေရှင်း ပေးနိုင်ပါတယ်။ ဒါကြောင့် လူ့ဘဝမှာ ကြုံတွေ့ကြတဲ့ ပြဿနာပေါင်း

http://www.dhammadownload.com



(၁၆၀၀၀) ငြိမ်းအေးချင်လို့ရှိရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားခဲ့တဲ့ ပမာဒကို ဖယ်ရှားပြီးတော့ အပ္ပမာဒကို လက်ကိုင်ထားပြီး မိမိတို့ တစ်နေ့တစ်နေ့မှာဆိုရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေတဲ့ ထွက်လေ ဝင်လေ။ အဲဒီဝင်လေ ထွက်လေကို ရှုမှတ်ပွားများနေမယ်ဆိုရင် ငြိမ်းအေးနိုင်ပါတယ်။ ဒီလိုတရားစခန်းဝင်နေတာ ပမာဒကို ဖယ်ရှားပြီး အပ္ပမာဒလက်ကိုင်ထားနေတာပါပဲ။ အဲဒါကြောင့်မို့-

**ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။**

**အပ္ပမတ္တာ သဒါဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ပမာဒံ= မေ့လျော့ပေါ့ဆခြင်းကို၊ ပမာဒံ= အာရုံငါးပါးလိုက်စား၍ ကုသိုလ်ပြုရမည့်အရေး၌ မေ့လျော့ပေါ့ဆခြင်းကို၊ ဘယတော= ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်၊ ဒိသွာ ပဿန္တု= မြင်နိုင်ကြပါစေကုန်သတည်း။ အပ္ပမာဒဉ္စ= အာရုံငါးပါး ရှောင်ရှား၍ ကုသိုလ်တရားတို့၌ မမေ့မလျော့မပေါ့ဆခြင်းကို၊ ခေမတော= ဘေးဘျမ်းကင်းကွာ အေးချမ်းသာသည့် အနေအားဖြင့်၊ ဒိသွာ ပဿန္တု= မြင်နိုင်ကြပါစေကုန်သတည်း။ သဒါ= အခါခပ်သိမ်း၊ အပ္ပမတ္တာ= မမေ့မလျော့ မပေါ့ဆကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ ဧသာ= ဤပမာဒတရားကို ဖယ်ရှား၍ အပ္ပမာဒတရားကို လက်ကိုင်ထားကြပါဟု တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်၊ ဗုဒ္ဓါနံ= ဆူဆူထွဋ်ရှထား မြတ်ဘုရားတို့၏၊ အနုသာသနီ= သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေတော့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သစ္စာ ပတ္ထနာ

ပထမသို့ ဂိမှေ= ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ= ရနံ့သင်းထုံ ရောင်ဆင်းစုံသည့် ဖူးငုံရွက်ချပ် ပန်းရင်ငတ်တို့ ပွင့်လတ်ခါထူး လတန်ခူး၍၊ ဖုဿိတဂ္ဂေ= စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ= ကြီးကျယ်ခမ်းနား ပင်စုံပွား၍ မားမားမို့မို့ လေပြေတို့လျှင် ယို့ယို့လှုပ်ယိုင် ဂနိုင်ရစ်ဆီး တောအုပ်ကြီးသည်၊ သသိရိကော ယထာ= ကျက်သရေရွှန်းအိ တင့်တယ်သော၊ လှပသော အသရေရှိသကဲ့သို့၊ တထူပမံ= ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲထူးခြားလှသည့် ကလျာဏသုံးပုံ သာတ္ထသဗျဉ္ဇန စသော ပန်းရနံ့ ဂုဏ်တို့နှင့် ပြည့်စုံသော၊ နိဗ္ဗာနဂါမိံ= ခန္ဓာကိုယ်ကြီး လောင်စာမီးတို့ အငြိမ်းသတ် ချုပ်ငြိမ်းရာ နိဗ္ဗူတာသို့ လျင်စွာဆတ်ဆတ် ရောက်စေတတ်သော၊ ဓမ္မဝရံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ဟု များမြောင်လှစွာသော တရားဒေသနာတော်ကို၊ ပရမဟိတာယ= ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သော လောကုတ္တရာ နိဗ္ဗာန်အလို့ငှါ၊ ဘဂဝါ= ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်း မြတ်စွာသည်၊ အဒေသယိ= ကရုဏာ လှုံ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောပြတော်မူခဲ့ပါလေ သတည်း။ ဣဒမ္ပိဗုဒ္ဓေ- အယံဧဝဗုဒ္ဓေါ= ဤတရားဒေသနာတော် အရပ်ရပ်ကို ဟောကြားတော်မူတတ်သည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်လျှင်၊ ပဏီတံ= လောကီရတနာ အဖြာဖြာတို့ထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော ရတနံ= ခိုကိုးရာအစစ် ရတနာကြီးဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန= ဤသို့ မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့်၊ တေတုမှာကံ= (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း ကြီးပမ်းအားထုတ်နေကြကုန်သော သူတော်စင်အပေါင်းတို့အား၊ သုဝတ္ထိ= ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဒုလ္လဘတရားငါးပါး**

ယနေ့ (၂၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း စခန်းသိမ်းအောင်ပွဲ ကျင်းပကြတယ်။ အထူးအားဖြင့်တော့ မြတ်စွာဘုရား ဒုလ္လဘတရားများကို အကြိမ်ကြိမ်အခါခါ ဟောကြားတော်မူခဲ့ပါတယ်။ ဒုလ္လဘတရားတွေ၊ ဒုလ္လဘငါးပါးဆိုရင် လူတိုင်းသိပြီးနေကြပြီ။ ယနေ့တော့ ဒုလ္လဘနဲ့ပတ်သက်ပြီး နည်းနည်းပါးပါး ဟောပြီးတော့ စခန်းသိမ်းအောင်ပွဲ အပြီးသတ်ကြတောပေါ့။ ဘာကြောင့်လဲလို့ဆိုတော့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက (၉)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲမှာ ရဟန်းသာမဏေပေါင်း (၁၀၈)ပါး။ အဲဒီ (၁၀၈)ပါးရှိတာထဲက အချိန်ပြည့် တရားအားထုတ်လိုကြတဲ့ ဒုလ္လဘ ရဟန်းတော်(၂၀)ပါးက ဒီ(၂၉)ကြိမ်မြောက် တရားစခန်းဝင်ပြီးတော့ တရားအားထုတ်ကြတယ်။ ကျန်တဲ့ရဟန်း သာမဏေများလဲ အလကား တော့ မနေရပါဘူး။ ဒီမှာကတော့ (၁၁)ကြိမ် အားထုတ်ကြတယ်။ ကျောင်းတိုက်မှာ တစ်နေ့ (၅)ကြိမ် အားထုတ်တရားနာ ရှင်သာမဏေများအား ဗုဒ္ဓယဉ်ကျေးမှု သင်ပေးတယ်။ အဲဒီလိုနဲ့ ဒုလ္လဘရဟန်းတော်များ ဒီတရားပတ်နဲ့ ဆုံစည်းပြီးတော့ အားထုတ်ခွင့်ရကြတယ်။ အချိန်ပြည့် တရားအားထုတ်ကြတဲ့ ဒုလ္လဘရဟန်းတွေကပါတော့ မြတ်စွာဘုရား ဒုလ္လဘတရား ဘာကြောင့် ဟောရတာလဲ။ ဒါလေး စဉ်းစားကြည့်ကြရအောင်။ ဒုလ္လဘတရား တွေဟာ အကြောင်းအကျိုးတွေနဲ့ဆိုတော့ ဘာဟောတော်မူလိုသလဲ ဆိုတော့ "**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ**" မမေ့ကြနဲ့။ မေ့တယ် ဆိုတာ ဘာကိုခေါ်သလဲ။ အာရုံငါးပါးနဲ့ ပျော်ပါးနေတာကို မေ့တယ်လို့ ခေါ်ပါတယ်။ ကုသိုလ်ကိစ္စများမှာ သတိလက်လွတ်ဖြစ်ပြီးတော့နေရင် တာဝန်မဲ့နေလျှင် မေ့တယ်လို့ ဒီလို ခေါ်ရတယ်။ မမေ့ကြနဲ့လို့ ဘာကြောင့်ဟောရတာလဲဆိုတော့ အကြောင်းပြငါးမျိုးနဲ့ ဒုလ္လဘငါးမျိုး။ ပရိနိဗ္ဗာန် စံကာနီးမှာ မမေ့ကြနဲ့လို့ မိန့်ကြားတော်မူခြင်းရဲ့ အကြောင်း ပြကတစ်မျိုး၊ အကြောင်း(၆)မျိုးကြောင့် မြတ်စွာဘုရားက အကြိမ်ကြိမ်

http://www.dhammadownload.com



အခါခါ (၄၅)ဝါကာလပတ်လုံး တစ်နေ့မှ မပြတ်ပဲနဲ့ ဆုံးမတော်မူခဲ့ပါတယ်။ မမေ့ကြနဲ့ဆိုတဲ့ စကားတော်ဟာ ၄၅ × ၃၆၀ = ၁၆၀၀၀ ကျော်လောက် မိန့်ကြားတော်မူခဲ့တဲ့ ဩဝါဒဖြစ်တယ်။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော်တွေထဲမှာ အကြိမ်အများဆုံး ဟောကြားခဲ့တဲ့ ဆိုဆုံးမခဲ့တဲ့ စကားတော်ပါပဲ။ ဒီနောက် သစ္စာလေးပါး တရားဟောတာလဲ အကြိမ်များစွာ။ ဘာကြောင့်လဲ ဇာတ်တော်(၅၅၀) ဟောကြားတဲ့ အခါမှာ ဇာတ်တိုင်း ဇာတ်တိုင်းရဲ့နိဂုံးမှာ သစ္စာလေးပါးကို ဟောပါတယ်။ သစ္စာနဲ့ပတ်သက်ပြီး သုတ္တန်ဒေသနာပေါင်း (၁၅၀)မှာလဲ သစ္စာလေးပါးကို ဟောခဲ့တယ်။ သစ္စာအကြိမ်ပေါင်းများစွာ ဟောခဲ့ပါတယ်။ ဘာကြောင့် မမေ့ကြနဲ့လို့ အကြိမ်များစွာ မြတ်စွာဘုရား မိန့်ကြားသလဲ ဆိုတော့-

**(၁) မနုဿတ္တ ဘာဝေါ ဒုလ္လဘော**

လူကို ရခဲတာထက် လူရဲ့အဖြစ်ကို ရခဲတာတဲ့။ လူရဲ့အဖြစ်ကို ရခဲတာ။ လူရဲ့အဖြစ်ဆိုရာမှာ လူဆိုတာ ဘာလဲဆိုတော့ ကုသိုလ်, အကုသိုလ်ကို သိတတ်တဲ့အတွက် ကြောင့် လူတဲ့။ ကုသိုလ်, အကုသိုလ်ကို သိတတ်တဲ့ ဂုဏ်လေးဟာ အရေးကြီးတယ်။ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို သိတတ်လို့လူ။ အကျိုးရှိသည်၊ မရှိသည်ကို သိတတ်လို့လူ။ အဲဒီလူရဲ့ ဖြစ်ကြောင်းဖြစ်ရာဖြစ်တဲ့ ဂုဏ်ဟာ ရခဲပါတယ်။ သာမန်လူသားကိုပြောတာထက် လူရဲ့ဖြစ်ကြောင်းဖြစ်ရာ ဖြစ်တဲ့ဂုဏ်၊ လူ့ဂုဏ်နဲ့ပြည့်စုံဖို့ရခဲတယ်။ ဒါစဉ်းစားကြည့်ရအောင်။ သာမန်အားဖြင့် လူလို့ပြောရင် အိန္ဒိယနိုင်ငံကြီးဟာ သန်းတစ်ထောင် ပြည့်သွားပြီ။ တရုတ်နိုင်ငံက သန်းတစ်ထောင်ကျော်ပြီ။ လူမှန်တယ်။ လူ၏ဖြစ်ကြောင်းဖြစ်ရာဖြစ်တဲ့ ဂုဏ်ကျတော့ ရှိချင်မှရှိမယ်။ ကုသိုလ် အကုသိုလ်သိတဲ့ဂုဏ်၊ အကျိုးအကြောင်း အဆိုးအကောင်းကို သိတဲ့ဂုဏ်၊ ဒီဂုဏ်နဲ့ပြည့်စုံတဲ့သူမှ လူ။ ဒါကြောင့် မနုဿတ္တဘာဝေါ= လူ၏ ဖြစ်ကြောင်း ဖြစ်ရာဂုဏ်ကို ရခဲပါတယ်လို့ မြတ်စွာဘုရားက ဟောပါတယ်။ ဒါကြောင့် မမေ့ကြနဲ့။

http://www.dhammadownload.com



မျက်မြင်ကမ္ဘာ့လူထုနဲ့ စဉ်းစားကြည့်မယ်ဆိုရင် သန်းခြောက်ထောင်သုံးရာကျော် လူတွေတော့များပါရဲ့။ လူရဲ့ ဖြစ်ကြောင်းဖြစ်ရာ လူ့ဂုဏ်နဲ့ပြည့်စုံဖို့ ရခဲတာ အမှန်ပဲ။ ကုသိုလ်တရား အကုသိုလ်တရား သိတဲ့ဂုဏ်ရှိသူ လူရှားပါတယ်။ ဒါကြောင့် မမေ့ကြနဲ့၊ ဒါမမေ့ကြနဲ့လို့ ဩဝါဒပေးရခြင်းရဲ့ အကြောင်းတစ်မျိုး။

(၂) **ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ**

ဘုရားအဖြစ် ဘုရားပွင့်ပေါ်တော်မူခြင်းဟာ ရခဲပါတယ်။ ဒါလဲ ပြောစရာမရှိတော့ဘူး။ ဘုရားပွင့်ပေါ်တော်မူတယ် ဆိုတာ တော်ရုံတန်ရုံနဲ့ ဘုရားဖြစ်တာမဟုတ်ပဲကိုး။ ဒါကြောင့် ရခဲတယ်။ ရခဲလို့ မမေ့ကြနဲ့လို့ မိန့်တာပါ။

(၃) **ပဗ္ဗဇ္ဇိတ ဘာဝေါ ဒုလ္လဘော**

ရဟန်းဖြစ်ကြောင်းဖြစ်ရာဂုဏ်ကို ရခဲပါတယ်။

ရဟန်းရဲ့ဂုဏ်။ ရဟန်းရဲ့ဂုဏ် ဆိုတာ ဘာတွေလဲဆိုတော့ ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ရှိသေလေးစားအပ်တဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားများဟာ ရဟန်းတော်များရဲ့ဂုဏ်၊ အဲဒီလို အကြောင်းဂုဏ်တွေပြည့်စုံမှ အာဟုနေယျော, ပါဟုနေယျော အစရှိတဲ့ အကျိုးဂုဏ်တွေဟာ ရရှိတာကိုး။ အဲဒီတော့ ရဟန်းမှာလဲ သာမန်အားဖြင့် ရသေ့ရဟန်း၊ သာသနာပ ရဟန်းတွေ ရှိတယ်။ ဒီရဟန်းအဖြစ်ဆိုတာ သာမန်ရဟန်းမျိုး မဟုတ်ဘူး။ ရဟန်းရဲ့ အဖြစ်၊ ရဟန်းဖြစ် ကြောင်းဖြစ်ရာဂုဏ်၊ တကယ့်ဂုဏ်နဲ့ ပြည့်စုံတဲ့ရဟန်း အဖြစ်မျိုး ရဖို့ရာခက်တယ်။ ဒါကြောင့်မို့ မမေ့ကြနဲ့လို့ မိန့်တာပါ။

(၄) **သမ္ပတ္တိ ဒုလ္လဘာ**

ရှေးအခါ စာဟောင်း၊ ပေဟောင်းများက သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာလို့ ရှိနေတတ်ပါတယ်။ သဒ္ဓါတရားနဲ့ပြည့်စုံမှုတစ်မျိုးသာ ရခဲတာမဟုတ်ပါဘူး။ သမ္ပတ္တိ ဒုလ္လဘာ= သမ္ပတ္တိဂုဏ် အလုံးစုံနဲ့ ပြည့်စုံဖို့က ရခဲတယ်။ သဒ္ဓါတရားနဲ့ ပြည့်စုံဖို့သာ ရခဲတာမဟုတ်ဘူး။

http://www.dhammadownload.com



သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ ဆိုတဲ့ ဒီပါဋ္ဌိချို့ယွင်းနေတတ်ပါတယ်။ “သမ္ပတ္တိ” ဆိုတာ မှန်ပါတယ်။ သမ္ပတ္တိဂုဏ်နှင့် ပြည့်စုံတယ်ဆိုတာ စက္ခုန္ဒြိယသမ္ပတ္တိ၊ မျက်စိ လင်းလင်းထင်းထင်း ဖြစ်တယ်။ သောတိန္ဒြိယသမ္ပတ္တိ နားလင်းလင်းထင်းထင်း ဖြစ်တယ်။ နားမကြားဘူးဆိုရင်လဲ သမ္ပတ္တိ ပြည့်စုံတယ်လို့ ပြောလို့မဖြစ်ဘူး။ နားမှမကြားလို့ရှိရင်တော့ ပရတောဃောသ ဆိုတဲ့ ဘုရားအရိယာသူတော်ကောင်းတို့ရဲ့ အသံ၊ ရဟန်းတော်များရဲ့ တရားဟောသံ၊ ကမ္မဋ္ဌာနာစရိယများရဲ့ တရားသံ, ဟောသံ, ပြောသံ မကြားရဘူး။ အဲလိုဆိုရင်လဲ သမ္ပတ္တိချို့ပြီတဲ့။ ပြီးတော့ ကိုယ်အင်္ဂါအချက်အလက်နဲ့ ပြည့်ပြည့်စုံစုံ၊ ပြီးတော့ စားဖို့, ဝတ်ဖို့, နေဖို့ ထိုက်တန်သလောက် ပြည့်စုံဖို့လဲလိုတယ်။ သမ္ပတ္တိဆိုတာ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါတရားနဲ့ ပြည့်စုံတာ တစ်မျိုးထဲ မဟုတ်ပါဘူး။ သမ္ပတ္တိဂုဏ်များစွာနဲ့ ပြည့်စုံဖို့ ရခဲတယ်။ ဒါကြောင့် မမေ့ကြနဲ့လို့ မိန့်တာပါ။

မနေ့ကပဲ ဘွဲ့ရကလေးမလေးတစ်ယောက်က နားထဲမှာဆူဆူနဲ့ အသံတွေကြားပြီး နားမကြားပဲဖြစ်သွားတယ်တဲ့။ နားမကြားတော့ သူပုတီးတော့စိပ်ပါတယ်။ တရားအားထုတ်သေးလားဆိုတော့ လက်ဟန်နဲ့ ပြတယ်။ အားမထုတ်ဘူးတဲ့။ အားထုတ်ချင်တယ်။ ဘယ်လို အားထုတ်ရမလဲ။ ခက်ပြီ။ သို့သော် တစ်ခုတော်သေးတာက မျက်စိက ကောင်းသေးရဲ့။ မျက်စိကောင်းတော့ စာဖတ်လို့ ရပါသေးရဲ့။ နားကတော့ သုံးမဖြစ်တော့ဘူး။ နောက်တစ်ရက် ဒကာမကြီးပါ ပါလာတော့ ဒကာမကြီးကလဲ နားမကြားဘူး။ စာဖတ်တတ်ရင် တော်သေးရဲ့။ အဲဒီတော့ နားဟာတန်ဖိုးရှိပါတယ်။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ သူလဲနားနဲ့ ကိုယ်လဲနားနဲ့မို့ သိပ်ပြီးမထူးဆန်းဘူး။ တန်ဖိုးသိပ်မရှိဘူးလို့ ထင်ကြတယ်။ သိပ်ပြီး တန်ဖိုးကြီးပါတယ်။ ဒါကြောင့် ဗြဟ္မာများမှာ မျက်စိတို့, နားတို့ ရှိရတယ်။ ဘာကြောင့်လဲ ဘုရားဖူးဖို့ တရားနာဖို့။ အဲဒီတော့ သမ္ပတ္တိဂုဏ်နဲ့ ပြည့်စုံဖို့ဟာလဲ အင်မတန်အရေးကြီးပါတယ်။ ကျန်းမာရေးနဲ့ပြည့်စုံဖို့ မျက်စိကောင်းခြင်း၊

http://www.dhammadownload.com



နားကောင်းခြင်း အစရှိတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံဖို့ လိုတယ်။ ဒီသမ္ပတ္တိဂုဏ်တွေဟာ များစွာရှိတယ်။ အဲဒီ သမ္ပတ္တိဂုဏ်တွေနဲ့ ပြည့်စုံဖို့ ရခဲတဲ့အတွက်ကြောင့်မို့ မမေ့ကြနဲ့လို့ မိန့်တာပါ။

(၅) **သဒ္ဓမ္မ သဝနံ အတိဒုလ္လဘံ**

သဒ္ဓမ္မ= သူတော်ကောင်းတရား၊ သဝန= နာကြားခြင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းဟာလဲ အတိဒုလ္လဘ= ရခဲတယ်ဆိုတဲ့နေရာမှာ အတိဆိုတဲ့ စကားလေးထည့်ထားတယ်။ အလွန်ရခဲတယ်လို့။ မြတ်စွာဘုရား စကားတော်တွေက စကားလုံး လေးတစ်လုံးပိုလာရင် အဓိပ္ပါယ်ကတစ်မျိုး၊ အလွန်ရခဲတယ်တဲ့။ သူတော်ကောင်းတရား နာကြားရဖို့အလွန်ရခဲတယ်။ ဒါကြောင့် မမေ့ကြနဲ့လို့ မိန့်တာပါ။ မှန်တာပေ့ါ။ ကမ္ဘာ့လူထုကြီး သန်းပေါင်း ခြောက်ထောင်သုံးရာကျော်ရှိပါတယ်။ သူတော်ကောင်းတရား နာကြားခွင့်ရှိတဲ့ သန်း(၅၀၀) ရှိဖို့ အတော်ခက်ပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာနိုင်ငံမှာပဲ စောစောကပြောသလိုပဲ တရားဓမ္မများ နာကြားခွင့်ရတယ်၊ ရပေတယ်လို့ ခက်သေးတာပဲ။ ရသော်လဲ သိတဲ့ပုဂ္ဂိုလ်က ခက်သေးတာပဲ ရှားပြန်တယ်။ သာသနာပအခါမျိုးမှာ တစ်ချို့ပုဂ္ဂိုလ်တွေ တိရစ္ဆာန်တွေရဲ့ တရားစကားကိုပဲ ရှားရှားပါးပါး လေးလေးစားစား နာကြားကြရတယ်။ ဒါကြောင့်မို့ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ= သူတော်ကောင်း တရားနာကြားဖို့ရာ အလွန်ရခဲတယ်။ ဒါကြောင့် မြတ်စွာဘုရားက မမေ့ကြနဲ့ဆိုတဲ့ စကားလုံးကို မိန့်ကြားတော်မူပါတယ်။

## အကြောင်းတစ်မျိုး

ပရိနိဗ္ဗာန်စံကာနီးတော့ "ဝယဓမ္မာ သင်္ခါရာ" ကံ, စိတ်, ဥတု, အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးတို့ စုပေါင်းပြုပြင်ထားတာ မှန်သမျှအားလုံးဟာ ပျက်စီးခြင်း သဘောတရား ရှိတယ်။ ဒါကြောင့် မမေ့ကြနဲ့လို့ မိန့်တာပါ။

http://www.dhammadownload.com



(၁) လူအဖြစ် ရခဲတယ်။
(၂) ဘုရားဖြစ်ခြင်းကိုတွေ့ခဲ ကြုံခဲတယ်။
(၃) ရဟန်းအဖြစ် ရဟန်းဂုဏ်နဲ့ပြည့်စုံတာ ရခဲတယ်။
(၄) သမ္မတ္တိဂုဏ်အမျိုးမျိုးနဲ့ ပြည့်စုံဖို့ဟာလဲ ရခဲတယ်။
(၅) သူတော်ကောင်းတရား နာကြားဖို့ရာ အလွန့်အလွန် ရခဲတယ်။

(၆) ပြုပြင်သမျှ မြင်မြင်သမျှ သင်္ခါရတရားတွေဟာ ပျက်စီးတတ်တဲ့ သဘောတရားရှိတယ်။ဒါကြောင့် အဲဒီအကြောင်းတရား (၆)မျိုးကြောင့် မြတ်စွာဘုရားက မမေ့ကြနဲ့။ ကုသိုလ်တရား မမေ့ကြနဲ့။ မေ့လျော့ခြင်းဆိုတဲ့ ပမာဒကို ဖယ်ထားကြလို့ အဲလို ဒုလ္လဘတရား (၅)မျိုးရယ်၊ သင်္ခါရတရားတို့ရဲ့ ပျက်စီးတတ်တဲ့သဘောရယ် ဒီအကြောင်း (၆)မျိုးကြောင့် မြတ်စွာဘုရားက မမေ့ကြနဲ့လို့ မိန့်တော်မူခဲ့တာပါ။ ဒုလ္လဘတွေဖွဲ့ဆိုရာမှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ရဟန်းဖြစ်ကြောင်းဖြစ်ရာဂုဏ်ကို ရခဲတယ်။ ရဟန်းဒကာအဖြစ်လဲ ရခဲတယ်။ ရှင်ဒကာအဖြစ်လဲ ရခဲတယ်။ သင်္ကန်းဒကာအဖြစ်လဲ ရခဲတယ်။ ဆွမ်းဒကာအဖြစ်လဲ ရခဲတယ်ဆိုပြီး ဖြီဖြန့်ပြီးတော့သွားတယ်။ ဒုလ္လဘပေါင်းများစွာဖြစ်တဲ့အကြောင်း ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားချက်လဲရှိတယ်။ အထူးသဖြင့် လိစ္ဆဝီမင်းသားတွေ မြတ်စွာဘုရားဆီ ရောက်လာတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက အနီရောင်၊ တစ်ချို့က အဖြူရောင်တွေ ဝတ်လာကြတယ်။ ရောင်စုံဝတ်လာကြ။ အင်မတန်တင့်တယ်တဲ့ လိစ္ဆဝီမင်းညီမင်းသားပရိသတ် ရောက်လာတော့ မြတ်စွာဘုရားက ရခဲတဲ့အချက်တွေ ဟောပါတယ်။ ဘာတွေလဲဆိုရင်-

(၁) ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ရတနာရခဲ၊
(၂) ဘုရားရှင်တရားတော်ကို ဟောကြားတဲ့ပုဂ္ဂိုလ် ရခဲပါတယ်။
(၃) ဘုရားရှင်ဟောထားတဲ့ တရားတွေကိုသိတဲ့ပုဂ္ဂိုလ်ရခဲတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒီဟာလေးစဉ်းစားကြရအောင်။ ဘုရားပွင့်တော်မူတယ်။ ပွင့်နေတာဘဲ။ ဘုရားပွင့်တာနဲ့ တွေ့ကြုံနေပြီ ဆိုပါစို့။ တရားဟောတာလဲ တွေ့ကြုံနေပြီ။ မိမိရဲ့တာဝန်က **"ဝိညာတာ"** ဒီတရားကို သိရှိနားလည်နိုင်တဲ့ လက်ခံနိုင်တဲ့ ဉာဏ်နားရှိဖို့လိုတယ်။ မိမိက တရားတော်တွေကို နာပါရဲ့။ နာပေမဲ့ သိနိုင်တဲ့ဉာဏ်နားမရှိဘူး ဆိုရင်လဲ ခက်တာကိုး။ ဒါကြောင့် ဒီတရားတော်တွေကို သိရှိနားလည်နိုင်တဲ့ ဉာဏ်နားရှိတဲ့လူတွေအဖြစ်ကလဲ ရခဲတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ယောဂီသူတော်စင်များ စဉ်းစားပြီးတော့ ကြည့်ကြ။ မြတ်စွာဘုရား ဟောတဲ့တရားတွေကို ပါဠိတွေ ရွတ်ဖတ်နေရင် နားမလည်ဘူး ထားပါစို့။ မြန်မာဘာသာနဲ့ ဟောလိုက် ပြောလိုက်ရင် နားလည်တယ်။ နားလည်တဲ့အဖြစ်ဟာ ရခဲတယ်ဆိုတော့ ရခဲတာကို ရနေကြတယ်။ နောက်တစ်ဆင့်တက်ပြီး ကိုယ်တိုင်ကိုယ်ကျ သိနိုင်၊ မြင်နိုင်အောင် အားထုတ်ကြိုးစားနိုင်ကြပါစေသတည်းလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့သြဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတော ရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ—ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

# (၃၂)ကြိမ်မြောက် လယ်တီဝိပဿနာ

ယနေ့ သာသနာနှစ် ၂၅၄၄-နှစ် ပြည့်မြောက်တဲ့ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့မှာ (၃၂)ကြိမ်မြောက် လယ်တီဝိပဿနာစခန်း ကြိုးပမ်းကြမည့် ယောဂီသူတော်စဉ်တို့ ဒီနေ့ကို ကြည့်မယ်ဆိုရင် ကဆုန်လပြည့် ဒီကဆုန်လပြည့်ဟာ ဗုဒ္ဓနေ့ဆိုတဲ့ ဂုဏ်ထူးဝိသေသနနဲ့ ချယ်လှယ်မွမ်းမံပြီးတော့ထားပါတယ်။

ဒီဗုဒ္ဓနေ့ကို ခွဲခြမ်းစိတ်ဖြာပြီး ပြောလိုက်မယ်ဆိုရင် ဘုရားအလောင်းတော် ဒီနေ့မှာ ဗျာဒိတ်ခံယူခဲ့တဲ့အတွက် ဒီကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့လို့ ဒီလိုခေါ်ရတယ်။ ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်းမှာ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူခဲ့တယ်။ ဗျာဒိတ်ခံယူတယ်ဆိုတာ မြတ်စွာဘုရားရဲ့ **“ဓုဝံ ဗုဒ္ဓေါဘဝိဿတိ”** သင် သူတော်ကောင်းဟာ မုချဘုရားဖြစ်လိမ့်မယ်။ အဲဒီလို မိန့်ကြားတော်မူတဲ့ စကားရရှိခဲ့တယ်။ ဗျာဒိတ်ရတာနဲ့ တပြိုင်နက် ဗျာဒိတ်ရတဲ့ အချိန်ကစပြီး အင်မတန်ကောင်း

http://www.dhammadownload.com



မွန်တယ်။ ရည်ရွယ်ချက် အလိုဆန္ဒတော်က ဘယ်လိုလဲလို့ဆိုတော့ -

**ဗုဒ္ဓေါ ဗောဓေယျံ၊**

**မုတ္တော မောစေယျံ၊**

**တိဏ္ဏော တာရေယျံ၊**

မိမိသစ္စာလေးပါးသိပြီးတော့ သတ္တဝါတွေကို သိစေချင်တယ်။ မိမိသံသရာက လွတ်မြောက်ပြီးတော့ သတ္တဝါတွေကို လွတ်မြောက်စေချင်တယ်။ မိမိကိုယ်တိုင် သံသရာက ကူးမြောက်ပြီးတော့ သတ္တဝါတို့ကိုလည်း ကူးမြောက်စေချင်တယ်။ ဒီလိုရည်ရွယ်ချက် အလိုဆန္ဒတော် (၃)မျိုးထားပြီးတော့ ဘုရားဆုပန်တာကိုး၊ အဲလိုဆုပန်တဲ့အခါကပဲ ဘုရားအလောင်းတော်ဟာ ကိုယ်ကျိုးတစ်မျိုးထဲ မျှော်ကိုးတာမဟုတ်ပါ။ **"ဗုဒ္ဓေါ၊ မုတ္တော၊ တိဏ္ဏော"** ဆိုတဲ့ စကားသုံးရပ်က" မိမိသိမှ သူတစ်ပါးကို အသိပေး နိုင်မယ်၊ "မိမိလွတ်မှ သူတစ်ပါးကိုလွတ်စေနိုင်မယ်" ၊ မိမိကူးမြောက်မှ သူတစ်ပါးကိုကူးမြောက်နိုင်မယ်" ဒါကြောင့် "ဗုဒ္ဓေါ၊ မုတ္တော၊ တိဏ္ဏော" ဆိုတဲ့စကားသုံးရပ်ကတော့ မိမိအတွက် တစ်နည်းအားဖြင့် မိမိအတွက် ရရှိလိုတဲ့ ဂုဏ်ထူးဝိသေသတွေပါပဲ၊ "ဗောဓေယျံ၊မောစေယျံ၊ တာရေယျံ"ဆိုတဲ့ စကားသုံးရပ်ကတော့ သတ္တဝါအားလုံးအတွက် သစ္စာလေးပါးတရား အသိပေးမယ်၊ သံသရာမှလွတ်စေမယ်၊ သံသရာမှ ကူးမြောက်စေမယ်။ မိမိရဲ့အကျိုးစီးပွား၊ သူတပါးအကျိုးစီးပွားစုံအောင် ရည်ရွယ်ချက်ထားခဲ့တာ အဲဒီလို ရည်ရွယ်ချက်ထားပြီးတော့ ဆုတောင်းခဲ့တာ။ ဒီပင်္ကရာမြတ်စွာဘုရားက "ဓုဝံဗုဒ္ဓေါဘဝိဿတိ" သင်သူတော်ကောင်းဟာ မုချဘုရားဖြစ်လိမ့်မယ်။ အဲဒီလို ဗျာဒိတ်တော်ရခဲ့တာဟာလဲပဲ ဒီလို ကဆုန်လပြည့် ဗုဒ္ဓနေ့မှာပါပဲ။ အဲဒီတော့ မြတ်ဗုဒ္ဓရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဗျာဒိတ်ခံယူတဲ့နေ့က ကြီးကျယ်တဲ့ အသံတော်ကြီး-

**ဗုဒ္ဓေါဗောဓေယျံ၊**

**မုတ္တော မောစေယျံ၊**

**တိဏ္ဏော တာရေယျံ။**

http://www.dhammadownload.com



ကြီးကျယ်တဲ့ မှတ်တိုင်ကြီးတစ်ခု ထူပြီးတော့ထားခဲ့တယ်၊ အဲဒီလို မှတ်တိုင်ကြီးထူထားပြီးတော့- “ဒီပင်္ကရာ သမ္မာသမ္ဗုဒ္ဓ ဘုရားဗျာဒိတ် ရွှေတံဆိပ်ကို ခံနိုင်ကြည်ဖြူ ခံယူသည်မှ လူတွင်ထင်ရှားဘုရားစင်စစ် ဖြစ်သည့်တိုင်အောင် မဏ္ဍိုင်ဗဟို မြင့်မိုရ်မေရု မြေအစုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်းပူးလေသည့် သုံးထွေဆယ်လီပါရမီဟု ဝသီအထုကြီးကျယ်မှုကြောင့်။ အဲဒီလိုဘုရားဆုပန်ပြီးတော့ ပေါ့ပေါ့ဆဆ မနေတော့ဘူး။ ဘုရားလောင်းလျာ ဖြစ်ပြီဆိုတဲ့အခါ ရေထုလေပြင် မိုးကောင်းကင် ကြီးမျှမက ကြီးကျယ်လှတဲ့ မဟာကုသိုလ်ကြီးတွေ ပါရမီတရားတွေ ဖြည့်ကျင့်မယုတ်အားထုတ်တော်မူခဲ့တဲ့အတွက်ကြောင့် လူတွင်ထင်ရှား ဘုရားစင်စစ်ဖြစ်သည့်တိုင်အောင် မဏ္ဍိုင်ဗဟို မြင့်မိုရ်မေရု မြေအစုနှင့် ရေထုလေပြင်မိုးကောင်းကင်သို့ နှိုင်းယှဉ်ကြီးမား များထက်များအောင် မနားမနေ ဆည်ပူးလေသည့် သုံးထွေဆယ်လီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် ယခုဉာဏ်၌ တိုက်တစ်သောင်းလုံး သိမ့်သိမ့်ချိုးလျက် ရွှေဘုန်းတော်ရှင်တစ်ဆူ ဖြစ်တော်မူပါစေ၏” အဲလိုဖြစ်ခဲ့ခြင်းဟာ အလောင်းတော်ကြီးဟာ ဆုပန်ထားတဲ့အတိုင်း ပါရမီတရားတွေ ရေပြင် လေပြင် မိုးကောင်းကင်မျှမက အင်မတန် ကြီးကြီးကျယ်ကျယ် ခမ်းခမ်း နားနားဖြည့်ကျင့်မယုတ် အားထုတ်တော်မူခဲ့တယ်။ အဲဒီလိုဗျာဒိတ်ရလာ ပြီဆိုတဲ့ အလောင်းတော်ဟာ ငရဲဘယ်တော့မှ မကျဘူး၊ ပြိတ္တာ၊ အသူရကာယ် မဖြစ်တော့ဘူး။ အသညသတ်ဗြဟ္မာကြီးတွေ၊ အရူပ ဗြဟ္မာကြီးတွေ မဖြစ်တော့ဘူး။ အဆွံ့အအ မဖြစ်တော့ဘူး၊ မိစ္ဆာဒိဋ္ဌိ အယူအမှား အမြင်မှားလဲ မဖြစ်တော့ဘူးတဲ့ ဒီအခွင့်အလမ်းတွေပါ အလောင်းတော်ကြီးမှာ တစ်ပါတည်းရရှိတယ်။ အဲလိုရရှိခဲ့တဲ့အတွက် ဖြောင့်ဖြောင့်တန်းတန်း ပါရမီဖြည့်နိုင်တယ်။ အကယ်၍ အယူလွဲနေမယ် ကံ,ကံ၏အကျိုးကို မယုံကြည်ဘူး၊ ကုသိုလ်ကံ, အကုသိုလ်ကံတွေရဲ့ အကျိုးအပြစ် မယုံကြည်တဲ့ဘဝမျိုး ရောက်သွားမယ်ဆိုလို့ ရှိရင်တော့

http://www.dhammadownload.com



ကုသိုလ်ပြုဖို့အရေး နှေးကွေးတတ်တယ်။ အကုသိုလ်ပြုဖို့ မြန်ဆန်တတ်ပါတယ်။ ဒါကြောင့် ကမ္မဿကတဉာဏ် အလင်းဓါတ်ကြီးဟာ တစ်ခါထဲ ပါလာတာဟာ အရေးပါလှပါတယ်။ အဲဒီတော့ ဒါပထမဆုံး စိုက်ထူခဲ့တဲ့ ဗုဒ္ဓဘုရားရဲ့သမိုင်းမှာ မှတ်တိုင်ကြီး တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မြတ်စွာဘုရားရဲ့ **"ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ"** ဆိုတဲ့အသံတော်ကြီး၊ နံပါတ်(၂) ဘိုးတော် အဥ္စနမင်း ဖြိုခွင်းတဲ့သက္ကရာဇ် (၆၈)ခု ရောက်လာတဲ့အခါ ပါရမီတရားတွေ ဖြည့်ကျင့်မယုတ် အားထုတ်လို့ နောက်ဆုံးဘဝ ဘုရားအလောင်းတော် လေးဖွားမြင်၊ ဖွားမြင်ပြန်တော့လဲ အခြားပုဂ္ဂိုလ်တို့နဲ့မတူဘူး၊ ဖွားမြင်ကာစ အလောင်းတော်ဟာ မြောက်အရပ်ကို မျက်နှာမူ (၇)ဖဝါးလှမ်းကြွ၊ အခုနီပေါ လုမ္ဗိနီဉယျာဉ်တော်မှာ ဒီပုံစံလေး ကိုးကွယ်ထားတာ။ ပြီးတော့ ဘုရားအလောင်းဖွားမြင်တော်မူတဲ့ နေရာနှင့်တကွ တည်ရှိပါတယ်။ အဲဒီမှာ ကြောက်ရွံ့ခြင်းကင်း ရဲတင်းတဲ့ ရဲရဲတောက်စကား မိန့်ကြားတော်မူခဲ့တယ်။ ရွတ်ဆိုတော်မူခဲ့တယ်။

**အဂ္ဂေါဟ မသ္မိလောကဿ၊**
**ဇေဋ္ဌောဟ မသ္မိလောကဿ၊**
**သေဋ္ဌောဟ မသ္မိလောကဿ၊**
**အယမန္တိမာဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါ။**

လောကကြီးထဲမှာ ငါဟာအမြင့်ဆုံးအမြတ်ဆုံး၊ အကြီးအကဲဆုံး၊ ချီးမွန်းအပ်သောသူဖြစ်တယ်။ ဒါနောက်ဆုံးဘဝပဲ။ နောက်ထပ်ဘဝ ဖြစ်စရာမရှိတော့ဘူး။ ဒီစကား ရဲရဲတောက် မြွက်ကြားခဲ့တယ်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ ဒီဒုတိယ မှတ်တိုင်ကြီး ဟာလဲပဲ ထင်ရှားတဲ့ မှတ်တိုင်ကြီး၊ တစ်နည်းအားဖြင့် ဒီဒုတိယအသံတော် ကြီးဟာလဲ ထင်ရှားတဲ့အသံတော်၊ ဖွားမြင်တော့လဲ ကဆုန်လပြည့်၊ အဲဒီကနေ ၁၀၃-ခုနှစ် ယခုကို ကဆုန်လပြည့်နေ့မှာပဲ ပု-ဒိ-အာ ခေါ်တဲ့ ဝိဇ္ဇာဉာဏ်(၃)ပါး သမ္ဗုဒ္ဓတဉာဏ်ကြီး ဆောင်းမိုးပြီးတော့ အရဟတ္တမဂ်,

http://www.dhammadownload.com



အရဟတ္တဖိုလ်ဉာဏ်များရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့တယ်။ အဲလိုရရှိတော်မူတဲ့ အခါမှာလည်းပဲ စိတ်ထဲက ထုတ်ဖော်ပြောကြားတဲ့ မိန့်ခွန်းစကား၊ စိတ်ထဲက ကျူးရင့်ခဲ့တဲ့ စကားကတော့-

**အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံအနိဗ္ဗိသံ၊**
**ဂဟကာရကဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ၊**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံနကာဟတိ၊**
**သဗ္ဗာတေဖာသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ၊**
**ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။**

လို့ ဘဝများစွာ သံသရာမှာ ငါးပင်တိုင်ခန္ဓာအိမ် “ရုပ်, ဝေဒနာ, သညာ, သင်္ခါရ၊ ဝိညာဏ်။ လေးပင်တိုင်ခန္ဓာအိမ် ဝေဒနာ သညာသင်္ခါရ, ဝိညာဏ်။ တစ်ပင်တိုင်ခန္ဓာအိမ်၊ ရုပ်ခန္ဓာသက်သက်၊ အဲသလိုနဲ့ခန္ဓာအိမ် အကြိမ်ကြိမ်ဆောက်ပြီးတော့လာတာ မဆုံးနိုင်ဘူး။ ခန္ဓာအိမ် အကြိမ်ကြိမ်ဆောက်တတ်တဲ့ တဏှာယောက်ျားလက်သမားကို ငါမြင်ပြီ၊ တဏှာယောက်ျားလက်သမားဆောက်လုပ်ထားတဲ့ အိမ်ရဲ့အထွဋ် အဝိဇ္ဇာ ဆိုတဲ့အထွဋ်ကိုလဲ ရိုက်ချိုးပြစ်လိုက်ပြီ။ အဲဒီတဏှာယောက်ျား လက်သမား၊ ဆောက်လုပ်ထားတဲ့ အိမ်ရဲ့အချဉ်ယနယ် ကိလေသာ တို့ကိုလဲ ချိုးဖျက်အပ်ပြီ။ အိမ်ရဲ့အထွဋ်ဖြစ်တဲ့ အဝိဇ္ဇာဆိုတဲ့ အထွဋ်ကိုလဲ ရိုက်ချိုးပြစ်လိုက်ပြီ။ အဲဒီတဏှာယောက်ျားလက်သမားကိုလဲ ငါအပြီး သိပြီ၊ နိုင်နင်းပြီ။ ငါ့ရဲ့စိတ်ဟာ နိဗ္ဗာန်၌တည်ပြီး တဏှာကိုကုန်စေတတ်တဲ့ မဂ်ဉာဏ်ကိုလဲ ငါဘုရားရပြီလို့ မြတ်စွာဘုရားစိတ်ထဲက ကျူးရင့်တော်မူ ခဲ့တယ်၊ နှုတ်တော်ကနေ ထုတ်ဖော်ပြီးတော့လဲ ဟောဒီလို ကျူးရင့်တော် မူခဲ့တယ်။

၁။ **ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနောဈာယတော ဗြာဟ္မဏဿ၊**
**အထဿ ကင်္ခါဝပယန္တိသဗ္ဗာ၊**
**ယတောပဇာနာတိသဟေတုဓမ္မံ၊**

http://www.dhammadownload.com



၂။ ယဒါဟဝေပါတု ဘဝန္တိဓမ္မာ၊
အာတာပိနောဈာယတော ဗြဟ္မဏဿ၊
အထဿကင်္ခါဝပယန္တိသဗ္ဗာ၊
ယတောခယံ ပစ္စယာနံအဝေဒိ၊
၃။ ယဒါဟဝေ ပါတုဘဝန္တိဓမ္မာ
အာတာပီနော ဈာယတော ဗြဟ္မဏဿ
ဝိဓူပယံတိဋ္ဌတိမာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ

အဲဒီလို နှုတ်က ကျူးရှင့်တော်မူခဲ့တဲ့ ဒေသနာတော်တွေဟာလဲပဲ။ တရားတွေ အားလုံးမြင်ပြီ၊ သိပြီတဲ့။ မြတ်စွာဘုရားက အဲဒီလို ကျူးရင့်တော်မူခဲ့တယ်၊ အဲဒီလိုမြတ်စွာဘုရားအဖြစ် ရောက်ရှိပြီး ဥဒါန်းကျူးရင့်တာလဲပဲ ဒီကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဒီမှတ်တိုင်ဟာလဲ မြတ်စွာဘုရားရဲ့သမိုင်းကြောင်းမှာ ထင်ရှားတဲ့ မှတ်တိုင်တစ်ခု၊ ထင်ရှားတဲ့ ထူးခြားတဲ့ အသံတော်ကြီးတွေ အဲဒီကနေပြီးတော့ (၁၄၈)ခု (၄၅)ဝါ ကာလပတ်လုံး သတ္တဝါဝေနေ များဗိုလ်ချေတို့အား ပဋိပတ္တိကျင့်စဉ်ပြ ပရိယတ္တိတရား သီလသမာဓိပညာ သိက္ခာ ၃-ပါး ကျင့်စဉ်တရား အဲဒီ ကျင့်စဉ်တရားတွေနဲ့ နည်းပေးလမ်းပြပြီးတော့ (၂၄)သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေတစ်သိန်း တွက်ကိန်းများလှ ဝေနေယျသတ္တဝါတွေကို နိဗ္ဗာန် သောင်ကမ်း အမတအောင်ခမ်း နိဗ္ဗာန်နန်းသို့ ခေါ်ဆောင်ပို့ဆောင် ပြီးတော့ (၄၅)ဝါတိုင်တိုင် ပို့ဆောင်ပြီးတဲ့အခါ (၁၄၈)တိုင် ရောက်သွားတယ်။ (၁၄၈)ခုရောက်တော့ ကုသိနာရုံမလ္လာမင်းတို့ အင်ကြင်းဥယျာဉ်မှာ မြောက်အရပ်ကို ဦးခေါင်းတော်မူပြီးတော့ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းတော်မူခဲ့တယ်။ ပရိနိဗ္ဗာန်မဝင်စံမီလေးက အရေးကြီးတဲ့စကား တစ်နည်းအားဖြင့် (၄၅)ဝါ ကာလပတ်လုံး ဟောတဲ့စကားတွေအားလုံးကို ချုံပြီးတော့ စကားတစ်လုံးထဲထည့်ကာ နောက်ဆုံးစကားလေး မိန့်ကြား တော်မူခဲ့တယ်။ အဲဒီစကားကတော့ "**မမေ့ကြနဲ့**." မမေ့ကြနဲ့တဲ့။ မေ့တယ်

http://www.dhammadownload.com



ဆိုတာ ဘယ်လိုဟာလဲ။ မေ့တယ်ဆိုတာ အာရုံငါးပါးနဲ့ ပျော်ပါးနေတာကို မေ့တယ်လို့ခေါ်တယ်။ သီလသမာဓိပညာသိက္ခာသုံးပါး မဖြည့်ကျင့်ခဲ့လို့ရှိရင် မေ့တယ်လို့ခေါ်တယ်။ အဲဒီလိုမေ့တာကို ကြောက်စရာလန့်စရာလို့ မြင်ပြီးတော့ ပထမဆုံးဓမ္မစကြာတရား ဟောကတည်းက မြတ်စွာဘုရားက ကမ္ဘာကြီးတစ်ခုလုံး ကမ္ဘာ့လူသားတွေအားလုံး လူတွေရော နတ်တွေရော အားလုံးဟာ အာရုံငါးပါးနောက် တကောက်ကောက်လိုက်နေကြတယ်။ အဲဒါမမှန်တဲ့လမ်းပဲ၊ ဆိုပြီးတော့ အဲဒီလမ်းလဲ မလိုက်ကြလေနဲ့လို့ မြတ်စွာဘုရားက ရှောင်ရမယ်လမ်းတစ်မျိုးကို မိန့်ကြားခဲ့တယ်။ ဒါမမဟုတ်ရင်လဲ မိမိကိုယ်တိုင် ငြိမ်းချမ်းတဲနိဗ္ဗာန်လိုချင်ပါတယ်ဆိုပြီး မိမိခန္ဓာကိုယ်ကို နည်းမမှန်လမ်းမမှန်နဲ့ "လေးရပ်မီးဖိုနေကိုရှိခိုး အစရှိတဲ့အကျင့်တွေ၊ ဆူးကိုခင်းဆူးပေါ်အိပ် မီးခဲတွေပေါ်နင်း" အစရှိတဲ့ မမှန်မကန်တဲ့ ကျင့်စဉ်တွေနဲ့ မိမိခန္ဓာကိုယ်ကို ပင်ပန်းအောင် လုပ်ပြီးတော့လဲ နိဗ္ဗာန်ရောက်ချင်တယ်ဆိုပြီးတော့၊ မိမိခန္ဓာကိုယ်ကို ပင်ပန်းအောင် မညှင်းဆဲကြနဲ့။ အဲဒီအစွန်း (၂)ပါး လမ်းဆိုးတွေကို မလျှောက်သွားကြနဲ့။ အဲဒီ (၂)မျိုးမှ ရှောင်ပြီးတော့ အလယ်တည့်တည့် သွားရမယ်။ သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါး၊ မဂ္ဂင်(၈)ပါး တရားလမ်းကို မြတ်စွာဘုရား နည်းပေးလမ်းပြတော်မူခဲ့တယ်။ အဲဒါ မြတ်စွာဘုရားကိုယ်တော်တိုင် ဆွဲပြတဲ့ နိဗ္ဗာန် (ဂုမ်ဒ်မက်ပ်) ပါပဲ။ အဲဒီကျင့်စဉ်အတိုင်း၊ လမ်းအတိုင်း လိုက်ပြီးတော့နေမယ်ဆိုရင် မြတ်စွာဘုရား နောက်ဆုံးစကား တစ်နည်းအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၉)နှစ် ဒီလိုနေ့က ဘုရားအဖြစ်သို့ ရောက်တော်မူ ပြီးတော့ နှစ်ပေါင်း(၂၅၄၄) နှစ် ဒီနေ့လိုနေ့ မလ္လာမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတယ်။ ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲလေးမှာပဲ "**အပ္ပမာဒ**" ဩဝါဒကို မိန့်ကြားတော်မူပါတယ်။ အဲဒီ အပ္ပမာဒဩဝါဒ မိန့်ကြားတော်မူခဲ့တာလဲ ဗုဒ္ဓဘုရားရဲ့ သမိုင်းကြောင်းမှာ ထင်ရှားတဲ့ မှတ်တိုင်ကြီးတစ်ခု ထင်ရှားတဲ့ အသံတော်ကြီးတစ်ခုပါပဲ။ ယနေ့

http://www.dhammadownload.com



အားလုံးယောဂီသူတော်စင်များ ကဆုန်လပြည့် ဗုဒ္ဓနေ့နဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် ရှိလှပါတယ်။ ပြန်ပြီးတော့ စဉ်းစားမယ်ဆိုရင် အလောင်းတော်ကြီးက ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ ပါရမီတရားတွေကို ဖြည့်ကျင့်မယုတ် အားထုတ်ပြီးတော့ ရည်ရွယ်ခဲ့တဲ့အတိုင်း အောင်မြင်ပြီးမြောက်တယ်။ အဲဒါကို ကာမဘုန်းတော်အရှင်လို့ ဒီလိုခေါ်ရတယ်။ ပြီးတော့ ဖွားမြင်ပြီးလာခဲ့တယ်။ ဒါဟာ သမိုင်းမှတ်တိုင်ကြီး။ ပြီးတော့ ဘုရားအဖြစ် ရောက်တော်မူတဲ့ အခါကျတော့ သစ္စာလေးပါး သိရုံမျှမက သိသင့်သိထိုက်တဲ့ ဉေယျဓံတရားတွေ အားလုံးသိပြီးတော့ ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးအဖြစ် ရောက်ရှိတော်မူခဲ့တယ်။ အဲလို ရောက်ရှိပြီးတော့ (၄၅)ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးတော့ သက်တမ်းကို ငါးပုံ ပုံ၊ လေးပုံမျှ နေတော်မူပြီးတော့ သတ္တဝါအပေါင်းတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတဲ့ကိစ္စပြီးမြောက်အောင်မြင်တော်မူခဲ့တယ်။ အဲဒီတော့ ဤကဆုန်လပြည့် ဗုဒ္ဓနေ့မှာ အဲဒီလိုထူးခြားတဲ့ မှတ်တိုင်ကြီးတွေ ဗုဒ္ဓဘုရားရဲ့ သမိုင်းကြောင်းတလျှောက်မှာ ထူးခြားတဲ့မှတ်တိုင်ကြီးတွေ စိုက်ထူနိုင်ခဲ့တယ်။ ထူးခြားတဲ့အသံတော်ကြီးတွေလည်းပဲ ဤကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ကျူးရင့်တော်မူခဲ့တယ်။ အဲလိုထူးခြားတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၄၄) နှစ်က ယခုလို ကဆုန်လပြည့်နေ့ဗုဒ္ဓနေ့မှာ မိန့်ကြားတော်မူခဲ့တဲ့-

**"ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"**။

မမေ့ကြနဲ့။ ဘာကြောင့်မမေ့ကြနဲ့လို့ ဘုရားရှင်က တိုက်တွန်းတော်မူရသလဲ။ ရုပ်တရား, နာမ်တရား ရုပ်နာမ်အားလုံး ပျက်စီးခြင်းသဘောတရား ရှိတယ်။ ဒါကြောင့် မမေ့ကြနဲ့။ မပျက်စီးတာ လိုက်ရှာကြ၊ မပျက်စီးတာမရှိဘူး။ ကမ္ဘာကြီးတစ်ခုလုံး မပျက်တာမရှိဘူး၊ ပျက်မှာပဲ၊ ပျက်နေတာပဲ။ အဲဒီလိုပျက်မည့် မိမိဒီခန္ဓာကိုယ်ရရှိထားတယ်၊ အဲဒီခန္ဓာကိုယ်ဟာ ပျက်မှာပဲ၊ ဒါကြောင့်မို့ မမေ့နဲ့။ မမေ့နဲ့ ဆိုတဲ့

http://www.dhammadownload.com



စကားကို မြတ်စွာဘုရား မိန့်ကြားခဲ့တယ်။ အကြောင်းပြ (၆)မျိုးနဲ့ မိန့်ကြားလေ့ရှိပါတယ်။ အခု ပရိနိဗ္ဗာန် စံခါနီးမှာတော့ ယသ္မာ= အကြင့်ကြောင့်၊ သင်္ခါရာ= မြင်မြင်သမျှ သင်္ခါရတရားတို့သည်၊ ဝယဓမ္မာ= ပျက်စီးခြင်းသဘောရှိကြပေကုန်၏။ တသ္မာ= ထို့ကြောင့်၊ အပ္ပမာ ဒေန= မမေ့မလျော့မပေါ့ဆသော သတိတရားဖြင့်၊ သမ္ပာဒေထ= သိက္ခာသုံးပုံ ကုန်လုံးပြည့်ဝအောင် ကြိုးစားကြကုန်လော့။ အခု ယောဂီသူတော်စင်များ အဲဒီလိုမြတ်စွာဘုရား အထူးတလည် မိန့်ကြားတဲ့ နောက်ဆုံးစကား၊ နောက်ဆုံးစကားက "မမေ့ကြနဲ့" သိက္ခာသုံးပါး ပြည့်စုံအောင်ကြိုးစားကြ၊ မိမိတို့သီလယူပြီးပြီ၊ သီလသိက္ခာ၊ သမာဓိသိက္ခာ မြတ်စွာဘုရား ပေးတော်မူခဲ့တဲ့ နန်းနာနိဿယ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက လက်ဆင့်ကမ်းပေးတော်မူခဲ့တဲ့ နည်းနာနိဿယနဲ့ စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက်ရအောင် ကြိုးပမ်းကြရတော့မယ်။ "သမာဓိ" အဲဒီလို စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်လို့ စိတ်ကလေးဟာ ငြိမ်လာပြီဆိုရင် မိမိတို့ခန္ဓာကိုယ်ကပြောတဲ့ ခန္ဓာကိုယ် မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား၊ နာမ်တရားတွေ၊ ဓာတ်တရား၊ ပရမတ် တရားတွေကို ကြည့်ရှုတဲ့အခါ ဉာဏ်မျက်စိနဲ့ မြင့်လာနိုင်လိမ့်မယ်။

အဲသလို သီလအခြေခံပြီးတော့ သမာဓိစခန်း၊ ဝိပဿနာစခန်း တက်လှမ်းကြခြင်းဟာ မြတ်စွာဘုရားရဲ့ ဩဝါဒကိုနောက်ဆုံးဩဝါဒကို လိုက်နာပြီးတော့ ကျင့်ကြံပွားများ အားထုတ်ခြင်းပါပဲ။ အဲဒီတော့ နေ့စဉ်နေ့တိုင်း မိမိတို့ထွက်လေဝင်လေ အသုံးချနေကြတယ်။လူ့ဘဝ ရောက်လာတဲ့ အချိန်အခါကလေးက စပြီးတော့ ထွက်လေကစပြီး ဖြစ်ပေါ်လာတော့ အသုံးချနေလိုက်တာ တစ်ရက် တစ်ရက်ဆိုရင် သောင်းချီပြီးတော့ အကြိမ်ပေါင်းသောင်းချီပြီးတော့ အသုံးချပြီးလာတဲ့ ထွက်လေ ဝင်လေ၊ အဲဒီထွက်လေဝင်လေကိုပဲ တစ်နေ့မှာ ဘုန်းကြီးတို့ တရားစခန်းမှာ (၁၁)ကြိမ်တစ်နာရီမှာ (၁၀၀၀)ကြိမ်ခန့် အသုံးချနေကြ တယ်ဆိုတော့ (၁၁)ကြိမ် အကြိမ်ပေါင်း (၁၁၀၀၀)လောက်ကို မှတ်မိ

http://www.dhammadownload.com



အောင် သတိမလစ်အောင် မိမိစိတ်ကလေး ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်းမှာပဲ ငြိမ်ပြီးနေအောင် ထိမ်းရမှာကိုး၊ အဲလို ထိမ်းတဲ့နေရာမှာ (၁၁၀၀၀)လုံး မထိမ်းနိုင်ဘူးရှိပါစေတော့ နေ့စဉ်နေ့တိုင်းလည်း သောင်းချီပြီးတော့ အသုံးချလာတဲ့ ထွက်လေဝင်လေ တရားအားထုတ်တဲ့ အခါမှာ ဘယ်လောက်ထိမ်းနိုင်တယ်။ တစ်နာရီမှာ တစ်ထောင် ပတ်ဝန်းကျင်လောက် ထွက်လေဝင်လေ ထုတ်မှုတ်ပြီးတော့နေတယ်။ အဲလို ထွက်လေဝင်လေ ထုတ်မှုတ်နေတော့ တစ်နာရီမှာတစ်ထောင် ကောင်းကောင်းမွန်မွန် သတိတရဖြစ်တယ်။ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာ၊ ခြောက်ရာ၊ ခုနှစ်ရာ၊ ရှစ်ရာ အဲဒီလို ဒီသတိဆိုတဲ့ကြိုးနဲ့ ထွက်လေဝင်လေကိုပဲမှတ်ပြီး စိတ်ကိုထိမ်းရမှာပါ။ တစ်နေ့မှာ ဘုန်းကြီးတို့တရားစခန်းမှာ (၁၁)ကြိမ်၊ တစ်နာရီမှာ (၁၀၀၀)ပတ်ဝန်းကျင်လောက် ဆိုတော့ (၁၁)ကြိမ်ဆိုတော့ အကြိမ်ပေါင်း (၁၁၀၀၀)လောက်ကို သတိမလစ်အောင် မိမိစိတ်ကလေး ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်းမှာပဲ ငြိမ်ပြီးနေအောင် ထိမ်းရမှာကိုး။ အဲလို ထိန်းတဲ့နေရာမှာ (၁၁၀၀၀)လုံးမှ မထိမ်းနိုင်ဘူး ထားပါတော့။ နေ့စဉ်နေတိုင်းလည်း သောင်းချီပြီးတော့ အသုံးချလာတဲ့ ထွက်လေဝင်လေ တရားအားထုတ်တဲ့အခါ ဘယ်လောက်ထိမ်းနိုင်တယ်။ တစ်နာရီမှာ တစ်ထောင်ပတ်ဝန်းကျင်လောက် ထွက်လေဝင်လေ ထုတ်မှုတ်ပြီးတော့နေတယ်။ အဲလိုထွက်လေဝင်လေ ထုတ်မှုတ်နေတော့ တစ်နာရီမှာ တစ်ရာ ကောင်းကောင်းမွန်မွန် သတိတရဖြစ်တယ်။ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာ၊ ခြောက်ရာ၊ ခုနှစ်ရာ၊ ရှစ်ရာ အဲဒီလို ဒီသတိ ဆိုတဲ့ကြိုးနဲ့ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်းမှာ မိမိရဲ့စိတ်ကလေးကို ချည်ကြရမှာပါတဲ့။ အဲလိုတုပ်ချည်လာတဲ့အခါ အဲလိုချည်တုပ်ပြီးတော့နေခြင်းဟာ အပ္ပမာဒေန သမ္ပာဒေထဆိုတဲ့ စကားတော် အဆုံးအမစကားကို လိုက်နာခြင်းပါပဲ။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားတော်တွေထဲမှာတော့ အများဆုံးဟောမိန့်တဲ့ တရားပါပဲ။ ဒီစကားတော်ကို မြတ်စွာဘုရားက အကြိမ်ပေါင်း

http://www.dhammadownload.com



တစ်သောင်းခြောက်ထောင်ကျော် မိန့်ကြားတော်မူခဲ့တယ်။ အဲဒီလို အကြိမ်ပေါင်း တစ်သောင်းခြောက်ထောင်ကျော် မိန့်ကြားခဲ့တဲ့ ဩဝါဒကို လိုက်နာသောအားဖြင့် တစ်ရက် အကြိမ်ပေါင်းသောင်းချီပြီး ထုတ်မှုတ် နေကြတဲ့ ထွက်လေဝင်လေကို ရှုမှတ်ပွားများပြီးနေမယ်ဆိုရင် မိမိတို့ လူ့ဘဝမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်ဆိုတာရှိတယ်။ အဲဒီပြဿနာပေါင်း သောင်းခြောက်ထောင် ငြိမ်းတဲ့နည်း ဖြေရှင်းတဲ့ နည်းဟာ ဒီနည်းအကောင်းဆုံးပဲ။ ပြဿနာပေါင်း သောင်းခြောက်ထောင် ဆိုတဲ့နေရာမှာ စားရေး၊ ဝတ်ရေး၊ နေရေး၊ လူမှုရေး ပြဿနာအမျိုးမျိုး ပေါ့။ အဲဒီ ပြဿနာတွေဟာ အသေးအဖွဲတွေ။ အကြီးဆုံးပြဿနာက ဘာလဲလို့ဆိုတော့ အို၊ နာ၊ သေ ပြဿနာပါပဲ။ တစ်နည်းအားဖြင့် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်းဆိုတဲ့ ဒီဘေးကြီးတွေဟာ အကြီးဆုံး ဘေး အကြီးဆုံးပြဿနာကြီးတွေပဲ။ အဲဒီတော့ ဘုရားရှင်တို့ပွင့်လာမှ ဒီပြဿနာကြီး ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ ပြဿနာကြီးကို ရှင်းလို့ရတယ်။ ကမ္ဘာ့ပညာရှင်ကြီးတွေ အခု ပြဿနာပေါင်းများစွာကို ဖြေရှင်းပြီးနေကြ တယ်။ စားရေးပြဿနာကို ဖြေရှင်းပေးနိုင်ကြတယ်။ ဝတ်ရေးပြဿနာကို ဖြေရှင်းပေးနိုင်တယ်။ တစ်ကမ္ဘာနဲ့တစ်ကမ္ဘာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းသွားလာရေးအတွက် ယာဉ်ရထားကြီးတွေ အမျိုးမျိုးနဲ့ ဖြေရှင်းပြီးတော့ ပေးတယ်။ အဲဒါတွေကို တော်တော်များများဖြေရှင်းပြီး ပေးနိုင်ကြတယ်။ ရေဘေး မီးဘေး လေဘေး ငလျင်ဘေး စတာတွေ အထိုက်အလျောက် ဖြေရှင်းနိုင်ကြပါတယ်။ သို့သော် ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ ပြဿနာကြီးတွေကိုတော့ ဖြေရှင်းပြီးတော့ မပေးနိုင် ကြဘူး။ ဒါကြောင့်မို့ ဘုန်းကြီးတို့တစ်တွေဟာ ကမ္ဘာ့ထိပ်သီးပညာရှင် တွေပင် အာဏာရှိသူတို့ပင် တစ်ပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ ငါးပင်တိုင်ခန္ဓာအိမ် အကြိမ်ကြိမ်ဆောက်တည်ပြီးတော့ အိုမင်းကြီး လာလည်း ခေါင်းငုံ့ခံခဲ့ကြ၊ နာမင်းကြီးလာလည်း ခေါင်းငုံ့ခံခဲ့ကြ၊ သေမင်း ကြီးလာလည်း ခေါင်းငုံ့ခံခဲ့ကြရ ဘာမှမတတ်နိုင်ဘူး။ တတ်နိုင်လို့

http://www.dhammadownload.com



အုတ်တံတိုင်းကြီးတွေ (၉)ပေ၊ (၁၀)ပေ ကာရံပြီးထားလည်း အိုမင်း၊ နာမင်း၊ သေမင်းကြီးက ခုန်ကျော်ဝင်လာတာပဲ။ အဒီတော့ ဇာတိ၊ ဇရာ၊ မရဏ။ တစ်နည်းအားဖြင့် ဇာတိ-ဇရာ-ဗျာဓိ-မရဏဆိုတဲ့ **"ကမ္ဘာကျေလဲ မသေမပျောက် လူလေးယောက်"** တို့ရဲ့ ဝင်ရောက်နှောက်မွှေမှု ပြဿနာကိုတော့ မြတ်စွာဘုရားရဲ့ နည်းလမ်းစည်းကမ်းနဲ့သာ ဖြေရှင်းနိုင်ပါတယ်။ ဂေါတမဘုရားရှင်ရဲ့ နိဗ္ဗာန်ပြမြေပုံကို အသုံးချဖြေရှင်းရမှာပါပဲ။ အဲဒီပြဿနာတွေဟာ လောကမှာအကြီးဆုံးပဲ။ ဒါကြောင့် **"ပဋိသန္ဓေ အိုနာသေဟု ကမ္ဘာကျေလည်း မသေမပျောက်၊ လူလေးယောက်တို့ ဝင်ရောက်နှောက်မွှေ"**ဆိုတဲ့အတိုင်း ကမ္ဘာကြီးဟာ ရေကြောင့်၊ လေကြောင့်၊ မီးကြောင့် ပျက်စီးသွားသော်လည်း အဲဒီပဋိသန္ဓေ၊ အို၊ နာ၊ သေ ခေါ်တဲ့ လူလေးယောက်တို့ရဲ့ နှောက်ယှက်မှု၊ နှောက်မွှေမှုကတော့ မဆိပ်သုဉ်းဘူး၊ မကင်းနိုင်ဘူး။ ဒါကြောင့် အကြီးအကျယ်ဆုံးပြဿနာ၊ အဲဒီပြဿနာကြီးတွေကို ဖြေရှင်းပေးနိုင်တာကတော့ ဗုဒ္ဓဘုရားရဲ့နည်းပါပဲ။ အဲဒီပြဿနာတွေကို ဖြေရှင်းတာ ဘယ်နေ့ ဘယ်ရက်ကလည်းဆိုတော့ နေ့အနေနဲ့ ပြောရရင် ဒီကဆုန်လပြည့် ဗုဒ္ဓနေ့ပဲ။ ဒါကြောင့် ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒဩဝါဒကို လိုက်နာသောအားဖြင့် တစ်နည်းအားဖြင့် အကြိမ်ပေါင်း သောင်းခြောက်ထောင်ကျော် မိန့်ကြားတော်မူခဲ့တဲ့ ဩဝါဒစကားကို လိုက်နာတဲ့အနေအားဖြင့် မိမိတို့သန္တာန်မှာ နေ့စဉ်နေ့တိုင်း သောင်းချီပြီး ထုတ်မှုတ်နေကြတဲ့ ထွက်လေဝင်လေကို ရှုမှတ်ပွားများပြီးတော့ မိမိတို့ဖြစ်ပွားတွေ့ကြုံနေရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင် ငြိမ်းချမ်းအောင် ဖြေရှင်းနိုင်ကြပါစေ။ ငြိမ်းချမ်းအောင် ကြိုးစားမယ်လို့ အာသီသပတ္ထနာ ကိုယ်စီကိုယ်ငှ ရှိကြပြီး တော့ ငြိမ်းချမ်းအောင်အားထုတ်နိုင်ကြ ဖြေရှင်းနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ (၃၂)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းဖွင့်ပွဲဩဝါဒစကားကို နိဂုံးချုပ်အပ်ပါ သတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပထမနေ့ ဟောစဉ်

### အကြောင်းပြ (၆)မျိုး

ယနေ့ ၁၃၆၃-ခု ကဆုန်လပြည့်ကျော်(၁)ရက်၊ လယ်တီဝိပဿနာ(၇)ရက် တရားစခန်းဝင် ယောဂီသူတော်စဉ်တို့အား မနေ့က ဖွင့်ပွဲမှာ ဟောခဲ့တဲ့တရားကပဲ စကြရအောင်။ မနေ့က မှတ်တိုင်ကြီး (၄)တိုင်၊ အသံတော်ကြီး (၄)သံ။ အဲဒီမှာ စတုတ္ထမြောက်ဖြစ်တဲ့ နောက်ဆုံးအသံတော်ကြီး နောက်ဆုံးမှတ်တိုင်ကြီးက ဘာလဲ။ **"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"** ရဟန်းတို့ သတိမမေ့ကြနဲ့၊ မပေ့ါဆကြနဲ့။ ဒီစကားတော် ဒီမှတ်တိုင်ကြီး ပရိနိဗ္ဗာန်စံခါနီး အရေးတကြီး မြတ်စွာဘုရားက မိန့်မှာတော်မူတယ်။ ဘယ်လိုအကြောင်းပြပြီးတော့ မြတ်စွာဘုရား မိန့်ကြားရသလဲဆိုတော့ **"ဝယဓမ္မာသင်္ခါရာ"** တဲ့။ မြင်မြင်သမျှ သင်္ခါရစုပုံ အလုံးစုံတို့ဟာ ပျက်စီးတတ်တဲ့အတွက် ကြောင့်ပါပဲတဲ့။ အားလုံးပျက်စီးတတ်တယ်။ သာမန်လူများနှင့် ပဒေသရာဇ် ဧကရာဇ် စကြာမင်းတို့ရဲ့ ဥကျောင်းရိုးတွေအားလုံး အညစ်အကြေးစွန့်ရာ မြေကမ္ဘာမှာ မြေမှုန့်ဖြစ်ကြရမှာချည်းပဲ။ ဒါကြောင့် "သတိမမေ့ကြနဲ့၊ မပေ့ါမဆကြနဲ့" အဲဒီတော့ (၄၅)ဝါကာလပတ်လုံးလဲ တစ်နေ့မှမပြတ် တစ်ရက်မှမပြတ် ဒီဆုံးမစကားကို မြတ်စွာဘုရား အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တယ်။ နောက်ဆုံး **"အပ္ပမာဒေနသမ္ပာ ဒေထ"**ဆိုတဲ့စကားတော် မိန့်ကြားရခြင်းရဲ့ အကြောင်းရင်းက ဘာလဲ ဆိုတော့။ မြင်မြင်သမျှ သင်္ခါစုပုံအလုံးစုံတို့ဟာ ပျက်စီးတတ်တဲ့ သဘော ရှိသောကြောင့်ပါပဲ။ (၄၅)ဝါ ကာလပတ်လုံး နေ့စဉ်နေ့တိုင်းမမေ့ကြနဲ့၊ မပေ့ါဆကြပါနဲ့လို့ မိန့်ကြားရခြင်းအကြောင်းကတော့ (၅)မျိုး။

(၁) ဘုရားအဖြစ်ရခဲတယ် ဒါကြောင့်မမေ့ကြနဲ့၊

(၂) လူ့အဖြစ်ရခဲတယ် ဒါကြောင့်မမေ့ကြနဲ့၊

(၃) ရဟန်းအဖြစ်ရခဲတယ် ဒါကြောင့် မမေ့ကြနဲ့၊

http://www.dhammadownload.com



(၄) မျက်စိ နားစသည့် ပြည့်စုံမှု သမ္မတ္တိစက်နဲ့ ပြည့်စုံမှုရခဲ့တယ် ဒါကြောင့် မမေ့ကြနဲ့၊

(၅) သူတော်ကောင်းတရား ကြားနာရဖို့အင်မတန်ရခဲတယ်။

ဒါကြောင့်မမေ့ကြနဲ့လို့ အဲဒီလို (၄၅)ဝါကာလပတ်လုံး နေ့တိုင်းနေ့တိုင်း ဆုံးမတဲ့အခါမှာတော့ အကြောင်းပြချက် (၅)မျိုး ပြတော်မူပြီးတော့ ဆုံးမတော်မူခဲ့တယ်။ သူတော်ကောင်းတရား နာကြားဖို့ အလွန်ရခဲတယ်ဆိုတာ စဉ်းစားကြည့်ကြ။ တစ်ခါတစ်ရံ တိရစ္ဆာန်တွေထံကတောင် တရားတောင်းပြီး တရားနာကြားကြရတာကိုး။

**အပ္ပမာဒ ဥပမာ**

အဲဒီအပ္ပမာဒ ဩဝါဒနဲ့ပတ်သက်ပြီး တစ်နေ့သောအခါမှာ ပုဏ္ဏားတစ်ယောက် မြတ်စွာဘုရားထံမှောက် ရောက်ပြီးတော့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးသင့်တင့်လျှောက်ပတ်တဲ့ နေရာမှာ ထိုင်ပြီးတော့ ဘာလျှောက်ထားသလဲဆိုတော့- "မြတ်စွာဘုရား တစ်ခုသောတရားကို လက်ကိုင်ထားပြီးတော့ လက်သုံးပြုပြီးတော့ နေမယ်ဆိုရင် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော အကျိုးအာနိသင်များ ကောင်းစွာရနိုင်ပါတယ်။ အဲဒီတရားက ဘယ်တရားပါလဲဘုရား"လို့ လျှောက်ထားတယ်။ အဲလိုလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "အပ္ပမာဒ"ပါပဲတဲ့။ အပ္ပမာဒဆိုတာ သတိအမြဲ ရှိနေတာပါပဲ။ မေ့လျော့ ပေါ့ဆမှုမရှိခြင်းပါပဲ။ တစ်နည်းအားဖြင့် ပမာဒကို ရှောင်ရှားပြီးတော့ အပ္ပမာဒတရားကို လက်ကိုင်ထားနေခြင်းပြပါပဲ။ ဒီတရားတစ်ပါးကို လက်သုံးပြုပြီးတော့ အသုံးချပြီးတော့နေမယ်ဆိုရင် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးအာနိသင်များ ရရှိနိုင်တယ်။ ဥပမာနဲ့ပြောမယ် ဆိုလို့ရှိရင် လောကထဲမှာ ခြေရာတွေအမျိုးမျိုးရှိတယ်။ ဆင်ခြေရာ၊ မြင်းခြေရာ အစရှိသည်ဖြင့် ခြေရာတွေ အများကြီးရှိတဲ့ထဲက ဆင်ခြေရာ ဟာ အကြီးဆုံး၊ အခြားအခြား ခြေရာတွေဟာ ဆင်ခြေရာထဲမှာ

http://www.dhammadownload.com



အကျုံးဝင်ပြီးတော့ သွားသလိုပဲ၊ အပ္ပမာဒတရားတစ်ခုကို လက်ကိုင်ထားလိုက်မယ်ဆိုရင် တစ်နည်းအားဖြင့် အာရုံငါးပါးရှောင်ရှားပြီးတော့ မမေ့မလျော့ ကုသိုလ်တရားများ လုံ့လကြိုးကုတ် အားထုတ်မှု ပြုနေမယ်ဆိုရင် အခြားအခြား ကုလိုလ်တရားတွေ "ထွန်နောက်ရေပါ" သဘောမျိုး ပါပြီးတော့သွားတယ်။ နောက်တခါ မြတ်စွာဘုရားက ဥပမာတစ်မျိုး မိန့်ကြားတော်မူတယ်။ နောက်တစ်မျိုးက ဘာလဲလို့ဆိုတော့ အထွဋ်မှ တပ်ထားတဲ့ အိမ်တို့၊ ကျောင်းတို့ရှိတယ်။ အချဉ်ရနယ်တွေ အမျိုးစုံ တပ်ဆင်ပြီးတော့ အချဉ်ရနယ်တွေ ဘယ်လောက်များများ နောက်ဆုံး ကျတော့ အထွဋ်ဆီမှာပဲ အဆုံးသတ်ရတော့ အထွဋ်တင်ထားတဲ့ အိမ်ကျောင်းဟာ အရေးအကြီးဆုံးက အထွဋ်ပဲတဲ့။ အဲသလိုပါပဲ တရားဓမ္မတွေမှာလည်း အပ္ပမာဒဆိုတဲ့ သတိ မမေ့မလျော့ မပေ့ါဆခြင်း ဆိုတဲ့ တရားဟာ အိမ်ရဲ့အထွဋ်လိုပါပဲ၊ တစ်နည်းအားဖြင့် ဥပမာ ပြောမယ်ဆိုရင် မြက်ရိတ်သမားတစ်ယောက် မြက်ပင် မိမိ ရိတ်လိုတဲ့ မြက်ကိုကိုင်ပြီးတော့ အရင်းကနေပြီးတော့ ဖြတ်လိုက်မယ်ဆိုရင် မိမိလိုတဲ့မြက်များရသလိုပဲတဲ့။ ဒီအပ္ပမာဒတရား တစ်ခုတည်းကိုပဲ လက်ကိုင်ထားလိုက်လို့ရှိရင် ကောင်းတာတွေ အားလုံးပြီးပြည့်စုံပါ တယ်တဲ့။ နောက်ဥပမာတစ်မျိုးနဲ့ ပြောမယ်ဆိုရင် အရောင်ရှိတဲ့ နက္ခတ် တာရာတွေ များစွာရှိသော်လည်း လမင်းဆိုတဲ့အရောင်ဟာ နက္ခတ် တာရာအားလုံးကို လွှမ်းမိုးပြီးတော့ အရောင်အလင်း ထွန်းလင်းနိုင် သလိုပဲ။ တရားတွေထဲမှာလဲ အပ္ပမာဒခေါ်တဲ့ **"သတိအဝိပ္ပဝါသ"** " သတိမကင်းမမေ့မလျော့ မပေ့ါမဆခြင်းဆိုတဲ့ အပ္ပမာဒတရားဟာ လမင်းကြီးလိုပါပဲတဲ့ နက္ခတ်တာရာ ကြယ်တကာတို့ထက် သာလွန်တဲ့ လမင်းကြီးလိုပဲတဲ့။ အဲဒီတော့ မိမိတို့ ယခုယောဂီသူတော်စင်များ လယ်တီဝိပဿနာ(၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ပြီးတော့ နေကြတော့"အပ္ပမာဒ"ခေါ်တဲ့ "သတိအဝိပ္ပဝါသ" သတိမကင်းတဲ့ အမြဲမပြတ် ရှုမှတ်မှားများပြီးတော့ နေခြင်းဆိုတဲ့ အပ္ပမာဒတရား

http://www.dhammadownload.com



လက်ကိုင်ထားပြီးတော့ နေကြတယ်။ အဲဒီတော့ ဒီဒေသနာတော်နဲ့ အံဝင်ဂွင်ကျပဲ။

## ဝမ်းမြောက်ဝမ်းသာ

အဲဒီတော့ ဒီပုဏ္ဏားကြီးက သိပ်ပြီးတော့ သဘောကျပြီးတော့ အဘိက္ကန္တံဘန္တေ၊ အဘိက္ကန္တံဘန္တေ= မြတ်စွာဘုရား သိပ်ပြီးတော့ ကောင်းမြတ်လှပါတယ်ဘုရား၊ သေယျ- တာပိဘန္တေ နိက္ကုဇ္ဇိတံဝါ ဥက္ကုဇ္ဇေယျ= အဝဦးစောက်မှောက်ထားတဲ့ အိုးကိုလှန်ပြသကဲ့သို့ ပြဆိုတဲ့အတွက် တပည့်တော် သဘောပေါက်ပါတယ်။ ပဋိစ္ဆန္နံဝါ ဝိဝရေယျ= ကွယ်ပျောက်နေတဲ့ သာသနာတော်ကို ဖွင့်ပြလိုက်တာပါပဲ။ ကွယ်ပျောက်နေတဲ့ အရာဝတ္ထုကို အမှိုက်သရိုက် ဖုံးလွှမ်းနေတာတွေ ဖယ်ရှင်းပြီးတော့ ပြလိုက်သလိုပါပဲ။ မူဠှဿဝါ မဂ္ဂံအာစိက္ခေယျ= မျက်စေ့လည် လမ်းမှားနေတဲ့ လူတစ်ယောက်လို လက်ဆွဲပြီးတော့ ဒီကိုသွားဆိုပြီး ညွှန်ပြလိုက်သလိုပဲ ဘုရား။ အန္ဓကာရေဝါတေလပဇ္ဇောတံ ဓာရေကျ၊ ယထာစက္ခုမန္တော ရူပါနိဒက္ခန္တိ= အမိုက်မှောင်ထဲမှာ ဆီမီးညှိ ထွန်းပြီးတော့ ဆီမီးညှိထွန်းလိုက်တဲ့အခါ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်များ ရူပါရုံအလုံးစုံကို မြင်နိုင်သလို၊ ဧဝမေဝံ ဘောတာဂေါတမေန၊ အနေကပရိယာယေန ဓမ္မော ပကာသိတော၊ အဲဒီဥပမာလေးချက်အတိုင်း **"မှောက်လှန်ဖုံးဖွင့် လည်လင့်လမ်းမှန်၊ မှောင်ရုံမီးပြ၊ ဓမ္မဓာတ်တွေ၊ သိရပေ၏၊ မှောက်လှန် ဖုံးဖွင့် လည်လင့်လမ်းမှန် မှောင်ရုံမီးပြ ဓမ္မဓာတ်တွေ သိရပေ၏"**။ သိရအောင် ဟောပြတော်မူတတ်တဲ့ မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုး နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် တရားဓမ္မကို ဟောပြတော်မူတတ်ပါပေ၏။

**ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မဉ္စ သိက္ခုသံဃဉ္စ ဥပသကံမံ ဘန္တေ ဘဂဝါ ဓာရေတု**
**အဇ္ဇတဂ္ဂေပါဏုပေတံ သရဏံ ဂတံ၊**

http://www.dhammadownload.com



တပည့်တော် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့ကိုအစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်တတ်သော ဥပါသကာအရင်းအခြာ ဟူ၍ မှတ်တော်မူပါ ဘုရားလို့ ဒီဒေသနာရဲ့အဆုံးမှာ အဲဒီပုဏ္ဏား ဥပါသကာအဖြစ် ခံယူပြီးသွားပါတယ်။ အဲဒီတော့ ဒီအပ္ပမာဒခေါ်တဲ့ တရားဟာ အင်မတန် အရေးကြီးတယ်။ ဒါကြောင့် **"သတိမြဲရာပထမာ ဒုမှာရှည်တိုသိ"**လို့ ဆိုတဲ့စကားအတိုင်း သတိမြဲရာဆိုတာ အပ္ပမာဒလက်ကိုင်ထားကြပါလို့ ပြောတာပါ။ မိမိတို့နှာသီးဝကနေပြီး ထွက်လေထွက်တဲ့ အခိုက် ဝင်လေလေးဝင်တဲ့အခိုက် တခါထဲဂိတ်ကနေစောင့်ပြီးတော့ စစ်နေ သလို မိမိတို့ရဲ့ စိတ်ကလေးကိုငြိမ်အောင်ဆိုပြီးတော့ သမ္မာသတိကို အသုံးချရမှာပါ။ သမ္မာသတိဆိုတဲ့ ရှေ့ပြေးမဂ္ဂင်မရှိရင် သမ္မာသမာဓိလည်း မဖြစ်နိုင်ဘူး၊ ကောင်းစွာတည်ကြည်မှုမဖြစ်နိုင်ဘူး၊ ငြိမ်သက်မှုမဖြစ်နိုင်ဘူး။ အဲဒီ သမ္မာသမာဓိဖြစ်ဖို့ရာနဲ့ ပတ်သက်ပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝခေါ်တဲ့ သီလမဂ္ဂင်တွေကလည်း ပြည့်စုံရတယ်။ သမ္မာဝါယာမခေါ်တဲ့ ဝီရိယကြိုးစားမင်းစား အားထုတ်မှုကလည်း ရှိရတယ်။ အဲဒီလို ရှေ့ပြေးမဂ္ဂင်တွေရှိမှ သမ္မာသမာဓိ စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက် ငြိမ်သက်မှုရမယ်။ အဲလိုရမှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မှန်ကန်တဲ့အသိနဲ့ မှန်ကန်တဲ့အကြံတွေ အဆင်မြင့်တဲ့ သမ္မာဒိဋ္ဌိများ ဖြစ်ပေါ်နိုင်တယ်။

**အိုးနှစ်လုံး**

ဒါနဲ့ပတ်သက်လို့ မြတ်စွာဘုရားက တစ်နေရာမှာ အိုးဥပမာထား ဟောခဲ့တယ်။ ရဟန်းတို့ရေအိုးနှစ်လုံးရှိတယ်။ တစ်လုံးက ကရွတ်ခွေရှိတယ်။ စဉ်းစားကြည့်တဲ့၊ ကရွတ်ခွေမရှိတဲ့ရေအိုးဟာ ငြိမ်ပါမလား၊ မငြိမ်နိုင်ဘူး၊ ကရွတ်ခွေရှိတဲ့ ရေအိုးကျတော့ ငြိမ်လို့၊ ဒါကြောင့်မို့ ရေအိုးတစ်လုံး ရွက်လာတယ်။ အောက်မှာ ချထား

http://www.dhammadownload.com



တော့မယ်ဆိုတော့ ကရွတ်ရှာပါ၊ ကရွတ်ရှာပါဆိုပြီးတော့ ကရွတ်ခွေကို ရှာကြတယ်။ ရေအိုး ငြိမ်အောင်လို့။ ဒါဖြင့် မိမိတို့ရဲ့ စိတ်ကလေး ငြိမ်အောင် ကရွတ်ခွေရှာကြရမယ်။ မိမိတို့ရဲ့စိတ်ဟာ ရေအိုးနဲ့တူတယ်။ ကရွတ်ခွေမရှိရင် မငြိမ်ဘူး။ **"ကောစဘိက္ခဝေစိတ္တဿ အာဓာရော"** ရဟန်းတို့ စိတ်ရဲ့တည်ရာ ကရွတ်ခွေက ဘာလဲ။ မြတ်စွာဘုရားကိုယ်တိုင် မေးတော်မူတယ်။ စိတ်ရဲ့တည်ရာ ကရွတ်ခွေက ဘာလဲ **"အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ"** အခြားမဟုတ်ဘူးတဲ့။ မြတ်ပြီးတော့ အင်္ဂါရှစ်ပါးရှိတဲ့ ဒီလမ်းစဉ်ပဲ မဂ္ဂင်လမ်းစဉ်ပဲ။ ဒါဖြင့် လောကသားတွေ အားလုံး လူတိုင်း လူတိုင်းဟာ စိတ်တွေအမျိုးမျိုးနဲ့ နေကြထိုင်ကြတယ်။ အဲလို နေကြထိုင်ကြတဲ့အခါ အယူအဆတွေလည်း အမျိုးမျိုးနဲ့ နေကြထိုင်ကြတယ်။ အဲဒီတော့ မြတ်စွာဘုရားကတော့ "သီလသမာဓိပညာ" သိက္ခာသုံးပါး။ သီလသိက္ခာ- ကိုယ်ရယ်၊ နှုတ်ရယ် လွန်ကျူးပြစ်မှား စော်ကားမှုမဖြစ်အောင် ထိန်းသိမ်းဖို့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်၊ ကိုယ်နဲ့နှုတ်နဲ့ ရမ်းကားမှု မရှိတာတော့ မှန်ပြီ။ စိတ်ကလေးက သောင်းကျန်းနေမယ် ဆိုရင်လည်း မဖြစ်သေးဘူး။ စိတ်ကလေးက ဂနာမငြိမ်ရင်လည်း မဖြစ်သေးဘူးတဲ့။ စိတ်ကလေးက ယောက်ယက်ခတ်နေရင်လည်း မဖြစ်သေးဘူး။ အဲဒါကြောင့်မို့ သမာဓိ သိက္ခာအတွက်**"သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ"** လိုအပ်ပါတယ်။ စိတ်ကလေးတော့ ငြိမ်ပါပြီ။ အဲဒီငြိမ်နေတဲ့အခါ ဒီစိတ်ကလေးကတော့ ငြိမ်ပါရဲ့။ သို့သော်လည်း အသိထူး၊ ဉာဏ်ထူး မရရင် မဖြစ်သေးဘူး။ ဒါကြောင့် ပညာသိက္ခာအတွက် **"သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ"**ကို လိုအပ်ပါတယ်။ အဲဒီလို **"သီလသမာဓိ ပညာ"** သိက္ခာသုံးပါး ဟောတော်မူတယ်။အကျယ်ချဲ့မယ်ဆိုရင် မဂ္ဂင်(၈)ပါး။ မဂ္ဂင်(၈)ပါးကိုချုံ့ရင် သီလ, သမာဓိ, ပညာ။ အဲဒီတော့ ရဟန်းတို့ စိတ်ရဲ့တည်ရာကရွတ်ခွေဆိုတာ ဘာလဲလို့ဆိုတော့ မြတ်စွာဘုရားက မြတ်ပြီးတော့ အပြစ်ကင်းစင်ပြီးတော့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ မဂ္ဂင်(၈)ပါးပါတဲ့။ ဘုန်းကြီးတို့အခု

http://www.dhammadownload.com



မိမိတို့စိတ်ကလေးကို ကရွတ်ခွေလေး ကောင်းကောင်းပေါ်မှာ တင်ပေး နေကြတာပါပဲ။ ဒီနေ့ပဲ ဧည့်သည်တွေ ရောက်လာကြတယ်။ ရောက်လာကြတော့ အမေရိကန် ဆန်ဖရန်စစ္စကိုမှာနေတဲ့ ဒကာတစ်ယောက်က အသက်(၆၀)လောက်ရှိပြီး ဗုဒ္ဓဘာသာ၊ အခြား ပုဂ္ဂိုလ်တွေကတော့ ဗုဒ္ဓဘာသာ ဟုတ်ပုံမရဘူး။ သူက ဘာလျှောက်သလဲလို့ဆိုတော့ "တပည့်တော်တို့ သေပြီးတဲ့အချိန်မှာ နတ်ပြည်ရောက်အောင် ဘယ်လို လုပ်ရမလဲ။ ဘုရားကိုဖူးလိုက်ရုံနဲ့ နတ်ပြည်ရောက်တယ်။ ဒါမှမဟုတ်ရင် ဒီဘုရားတစ်ဆူမဟုတ်ဘူး၊ ဒုတိယဘုရားတစ်ဆူ ရှိသေးတယ်။ အဲဒီ ဘုရားတစ်ဆူ ဖူးလိုက်ရုံနဲ့ နတ်ပြည်ရောက်တယ်ဆိုတာ ဟုတ်လား"။ အဲဒီတော့ "ဒါလေးတွေကို ဒီဘုရားကို ဖူးလိုက်ရုံနဲ့ နတ်ပြည်ရောက်တယ် ဆိုရာမှာ မိမိရဲ့ သဒ္ဓါယုံကြည်မှုတရားအပေါ်မှာ မူတည်ပြီးတော့ ရောက်ပါတယ်"လို့ ပြောလိုက်ပါတယ်။ "ဒါပေမဲ့ အဓိကတော့ မြတ်စွာဘုရားက ဟောကြားတော်မူထားတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေကို ကျင့်ကြံကြိုးကုတ်အားထုတ်မှု၊ အဲဒီကျင့်ကြံကြိုးကုတ် အားထုတ်မှုရှိမှ၊ ရှိရင် နတ်ပြည်တင်မက ဗြဟ္မာပြည့်နဲ့ နိဗ္ဗာန်သို့ပင် ရောက်နိုင်တယ်"လို့ ပြောလိုက်ပါတယ်။ စကားကလဲ သူ့စကား ကိုယ့်စကား မကျွမ်းကျင်ကျတော့ အပြည့်အစုံ ဟောဖို့ရာ ခက်လှပါတယ်။

## မငြိမ်ရင် မငြိမ်းပါဘူး

အဲဒီတော့ ကမ္ဘာ့လူထုကြီးနဲ့ တိုင်းတာကြည့်ကြစို့။ ဗုဒ္ဓဘာသာဝင်များကတော့ မဂ္ဂင်လို့ပြောလိုက်တာနဲ့ မဂ္ဂင်(၈)ပါး-

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | - | သမ္မာသင်္ကပ္ပ |
| သမ္မာဝါစာ | - | သမ္မာကမ္မန္တ |
| သမ္မာအာဇီဝေါ | - | သမ္မာဝါယာမော |
| သမ္မာသတိ | - | သမ္မာသမာဓိ၊ |

http://www.dhammadownload.com



သရုပ်ကိုလည်း သိပြီလား၊ အနက်အဓိပ္ပါယ် အဟုတ်ကိုလည်းပဲ ထိုက်တန်သလောက် သဘောပေါက်ကြပြီး အခုလို ယောဂီသူတော်စဉ် များ ဒီမဂ္ဂင်(၈)ပါးကျင့်စဉ်ကို လက်တွေ့ကျင့်ပြီး နေရတယ်ဆိုတော့ ဒါသာမန်ကံနဲ့ မဖြစ်ဘူး။ ကမ္ဘာ့လူထုအများစုဟာ ယောင်လယ်လယ်နဲ့ ဟိုဘာသာဟုတ်နိုးနိုး၊ ဒီဘာသာဟုတ်နိုးနိုး၊ ဟိုဘုရားဟုတ်နိုးနိုး၊ ဒီဘုရားဟုတ်နိုးနိုးနဲ့ နေကြရတာ။ နိဗ္ဗာန်လမ်းပြနိုင်တဲ့ဘုရား၊ လမ်းမပြ နိုင်တဲ့ဘုရား မခွဲခြားနိုင်ကြဘူး။ တကယ့်လမ်းစဉ် အမှန်ကို တွေ့ခဲ့ပါ တယ်။ တွေ့ပြန်တော့လည်းပဲ တကယ်တမ်း နှစ်နှစ်ကာကာ ယုံယုံ ကြည်ကြည်နဲ့ အသုံးချလိုက်နာ အားထုတ်ဖြစ်ခဲ့ပါတယ်။ ယခု ယောဂီ အားလုံးဟာ မြတ်စွာဘုရား ပေးသနားတော်မူခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းစဉ် တွေ့နေကြရပြီ။ တွေ့တဲ့အတိုင်းလည်း လိုက်နေကြပြီ။ တစ်နည်းအားဖြင့် ထင်ရှားအောင် ပြောမယ်ဆိုရင် မိမိစိတ်ကို ကရွတ်ခွေကောင်းကောင်း လေးပေါ်မှာချပြီးတော့ ပေးနေကြပြီ။ သီလ ဆောက်တည်ထားပြီ။ သမာဓိရအောင် ထူထောင်နေဆဲ (၄)ရက်ခွဲပြီးတဲ့ အခါကျတော့ ဝိပဿနာကူးပြီး ဝိပဿနာဉာဏ်ပညာရအောင် ကြိုးစားရ တော့မှာပါပဲ။ ဒါကြောင့် **"ကောစဘိက္ခုဝေစိတ္တဿအာဓာရော"** ရဟန်းတို့စိတ်ရဲ့ တည်ရာ ကရွတ်ခွေက ဘာလဲ။ **"အယမေဝအရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"** အချက်အလက်ရှစ်ပါးနှင့် ပြည့်စုံသော ဤသီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားပင်တည်း၊ ဒီကျင့်စဉ်ဟာ အမှန်ပဲ။ အဲဒီတော့ ကမ္ဘာ့လူထုအများစု အဲဒီလမ်းလျှောက်သွားခွင့် မရကြဘူး။ ဘုန်းကြီးတို့ တစ်တွေ အဲဒီလမ်း တွေ့နေပြီ၊ လျှောက်နေပြီ။ ဘုရားပွင့်သွားတာ အတိတ်သာသနာနှစ်ပေါင်း (၂၅၄၄)နှစ် မနေ့က တင်းတင်းပြည့်သွားပြီ။ ပွင့်တော်မူတဲ့နေ့ကစပြီး ရေတွက်မယ်ဆိုရင် နှစ်ပေါင်း (၂၅၈၉)နှစ် ရှိပါပြီ။ နှစ်ပေါင်း(၂၅၈၉)နှစ်နဲ့ တစ်ရက်ဖြစ်သွားပြီ အဲဒီတော့ ပစ္စည်းတစ်ခု ဘယ်လောက်တန်ဘိုးကြီးကြီး၊ စကားတစ်ခု ဘယ်လောက်တန်ဘိုးရှိရှိ နှစ်ပေါင်း(၂၅၀၀) ကျော်အောင် ထိန်းသိမ်းလာဖို့ဆိုတာ အင်မတန်

http://www.dhammadownload.com



ခက်တယ်။ ဘုန်းကြီးတို့တစ်တွေ ကံကောင်းထောက်မလို့ နှစ်ပေါင်း (၂၅၄၄)နှစ်ကျော်သည့် ယခုဘဝတိုင်အောင်ပင် မြတ်စွာဘုရား လမ်းစဉ်ကြီးတွေ့နေရတယ်။ လမ်းမပျောက်သေးဘူး။ လမ်းမပျောက်ခင် သွားမှကိုး။ လမ်းပျောက်သွားမှဆို လမ်းရှာသွားဖို့မလွယ်ဘူး။ ဘုန်းကြီးတို့ နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီးသို့ ဒီနေ့ပဲ အငှားကား ငှားပြီးတော့ ဘုရားဖူးလာတဲ့ လူငါးခြောက်ယောက် တွေ့လိုက်တယ်။ ဘုရားအနီးအနားထိအောင် ကားကမောင်းပေးပြီးတော့ အဲဒီလူတွေကို ကားပေါ်က အဆင်းခိုင်းပြီးတော့ ကားက ပြန်မောင်းသွားတယ်။ သြော်-ဘုရားဖူးဧည့်တွေပဲလေ ဆိုပြီးတော့ ဘုန်းကြီး လမ်းလျှောက်နေတာနဲ့ တွေ့သော်လဲ စကားမပြောဖြစ်ပါဘူး။ ကားလဲပြန်သွားရော သူတို့က ကားနောက် ပြန်လိုက်သွားကြတယ်။ ဘုရားဘက် မသွားဘူး။ ပြောင်းပြန်သွားကြတယ်။ စဉ်းစားပြီးတော့ ကြည့်တယ်။ ဟိုကလာတုန်းက ဘုရားဖူးဖို့လာတာ။ ကားပေါ်က ဆင်းပြီးတော့ အနီးအနားရောက်တော့ ဘုရားပျောက်နေတော့ လာတဲ့လမ်းကို ပြန်သွားတယ်။ ကားဆရာက ပြန်လာပြီး သူတို့ ပြောင်းပြန်သွားနေတာမှန်း သိတာနဲ့ ဘုရားကိုသွားတာ မဟုတ်ဘူး၊ ပြောင်းပြန်သွားနေတယ်လို့ ပြောတယ်။ အဲဒီတော့မှ သြော်-ဒို့ပြောင်းပြန်ကြီး ပြန်သွားနေပါလား ဆိုပြီးတော့ ဘုရားဘက်ကို ပြန်ပြီးတော့ ဦးတည်ကြတယ်။ မပြောလို့ရှိရင်တော့ လာတဲ့လမ်းပြန်ပြီးတော့ ဘုရားလဲတွေ့မှာ မဟုတ်ဘူး။ လာတဲ့လမ်း ပြန်သွားနေတာကိုး။ သွားလေဝေးလေ ဖြစ်တော့မလို့ပါပဲ။ အဲဒီတော့ လမ်းမှန်ဖို့က အရေးကြီးတယ်။ လမ်းမှားပြီးတော့သွားရင် သွားလေသွားလေ ဝေးလေလေပဲ။ အဲဒီတော့ သံသရာခရီးသွားကြတဲ့ နေရာမှာ မျက်စိမမြင်တဲ့ သူ ခရီးသွားသလိုပါပဲ။ မျက်စိမမြင်တဲ့လူ ခရီးသွားတဲ့အခါမှာ-

**ဧကေဒါယာတိမဂ္ဂေန၊ ကုမ္မဂ္ဂေနာပိဧကဒါ**

တခါတရံ လမ်းမှန်ကသွားဖြစ်တယ်။ တစ်ခါတစ်ရံ လမ်းမှား။ ဒါကြောင့်မို့ ဘုန်းကြီးတို့တွေဟာ တစ်ခါတစ်ရံကုသိုလ်ပြု၊ တစ်ခါတစ်ရံ

http://www.dhammadownload.com



အကုသိုလ်ပြုပြီးတော့၊ ဒီလိုနဲ့ သံသရာလည်ပတ်ပြီးလာတော့ မျက်စိမမြင်တဲ့လူ ခရီးသွားသလိုပဲ သံသရာသွားကြတယ်။ ဒါကြောင့်မို့ လမ်းမှန်ရတဲ့အခါလေးမှာ ကြိုးစားပြီးတော့ မိမိတို့ရဲ့စိတ်ကို မဂ္ဂင် (၈)ပါး ဆိုတဲ့ကရွတ်ခွေကောင်းကောင်းနဲ့ ထားလိုက်နိုင်မယ်ဆိုရင် ငြိမ်ပြီးတော့သွားပါလိမ့်မယ်။ အဲလို ငြိမ်ပြီးသွားရင် ငြိမ်းဘို့ပါပဲ မငြိမ်ရင်မငြိမ်းပါဘူး။ ငြိမ်မှ ငြိမ်းမှာပါ။ ဒါကြောင့် မိမိတို့ရဲ့စိတ်ကို ငြိမ်အောင်တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်းမှာသတိဆိုတဲ့ကြိုးနဲ့ မိမိရဲ့စိတ်ကို သွန်သင်ဆုံးမ ချည်တုပ်ပြီးတော့မဂ္ဂင်(၈)ပါး တည်းဟူသော ကရွတ်ခွေကောင်းကောင်းအပေါ်မှာ မိမိတို့ရဲ့စိတ်ကလေး ငြိမ်သက်အောင်ထားနိုင်ပြီးတော့ လိုအပ်တဲ့ သမထဘာဝနာ ဝိပဿနာဘာဝနာတရားများ အထွဋ်အထိပ်သို့ရောက်အောင်ကြိုးစားနိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဒုတိယနေ့ဟောစဉ်

### တာကြီး (၆)မျိုး

ယနေ့ သာသနာနှစ် ၂၅၄၅ ခု၊ ၁၃၆၃ ခုနှစ် ကဆုန်လပြည့်ကျော်(၂)ရက် ဝိပဿနာတရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား တရားဓမ္မအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ရွှေနှုတ်တော်ထွက် စကားတွေများစွာထားရှိခဲ့တယ်။ အဲဒီလိုများစွာရှိတော့ မိမိတို့ အားထုတ်တဲ့ သတိပဋ္ဌာန်တရားလမ်းစဉ်ဟာ မဟာသတိပဋ္ဌာန်ထဲက ကာယာနုပဿနာသတိပဋ္ဌာန်၊ ကာယာနုပဿနာသတိပဋ္ဌာန်အပိုင်းကြီး (၁၄)ပိုင်းထဲက ပထမဆုံးဖြစ်တဲ့ အာနာပါနပဗ္ဗဟာ ထွက်လေဝင်လေကို **ရှုမှတ်ပွားများခြင်း ဆိုတဲ့အပိုင်း** ကာယာနုပဿနာ။ **"ကာယေကာယာနုပဿီ"** မှာ ကာယဆိုတာဘာလဲဆိုတော့ ရုပ်အပေါင်း၊ နာမ်အပေါင်းပါပဲ။ အထူးသဖြင့်တော့ ရုပ်အပေါင်း၊ နာမ်အပေါင်းလို့ဆိုစေကာမူ ရုပ်အပေါင်း၊ နာမ်အပေါင်းထဲက ထုတ်နုတ်ပြီးတော့ ရုပ်တစ်စိပ် နာမ်တစ်စိပ်ကိုလည်းပဲ ကာယလို့ ဒီလိုခေါ်နိုင်ပါတယ်။ ဘာကြောင့်လဲလို့ ဆိုတော့ အခုအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဟာ ထွက်လေ ဝင်လေ၊ ရုပ်တရား နာမ်တရားတို့တွင် ရုပ်။ ရုပ်မှာလည်းပဲ ပင်မရုပ်၊ အပေါ်တင် ရုပ်လို့ ရုပ်(၂၈)မျိုးကို ခွဲခြားပြီးတဲ့အခါ ပင်မရုပ်က(၄)မျိုး၊ အပေါင်တင်ရုပ်က (၂၄)မျိုး။ ပင်မရုပ်(၄)မျိုးထဲကလည်း ဝါယောရုပ်။ အဲဒီဝါယောရုပ်ကို အဓိကထားပြီးတော့ အာနာပါနသတိ သမာဓိ ကမ္မဋ္ဌာန်းကြိုးပမ်းပြီးတော့ နေကြတာပါပဲ၊ ဝါယောရုပ်ကိုပဲ ပညတ်နယ်က ထွက်လေဝင်လေလို့ ဒီလိုခေါ်ရပါတယ်။ ထင်ရှားအောင်ပြောရင်တော့ ဝါယောရုပ် ဝါယောရုပ်ရဲ့ လှုပ်ရှားပုံကို သတိပြုနေကြတာပါပဲ၊ အဲဒီ ကာယာနုပဿနာသတိပဋ္ဌာန်းကမ္မဋ္ဌာန်းကို မြတ်စွာဘုရားက တာကြီး (၆)မျိုး ချိုးနိုင်ကျော်လွန်နိုင်မှ ကာယာနုပဿနာသတိပဋ္ဌာန်း တရားကို အားထုတ်နိုင်တယ်။ အဲဒီတာကြီး (၆)မျိုးက ဘာလဲလို့ဆိုတော့-

http://www.dhammadownload.com



(၁) ကမ္မာရာမတာ- အမှုလုပ်ငန်း၌ မွေ့လျော်ပျောက်ပိုက်ခြင်း ကျောင်းလေးပြင်လိုက်၊ အဝတ်အထည်လေးချုပ်လိုက်၊ အခြားဗာဟီရ ကိစ္စလေးတွေဆောင်ရွက်လိုက် အဲလိုနေရမှ ပျော်တယ်ဆိုတဲ့ "ကမ္မာရာမတာ" အမှုလုပ်ငန်းအသေးအကြီး၌ ပျောက်ပိုက်မှုကို ကျော်လွှန်နိုင်မှ အဲဒီတာကို ချိုးဖောက်ဖျက်ဆီးနိုင်မှ ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်နိုင်ပါတယ်။

(၂) ဘဿာရာမတာ - စကားပြောဆိုမှု၌ မွေ့လျော်မှု ဆိုတဲ့တာကို ချိုးနိုင်မှ အောင်မြင်မှာပါ။ ယခုတော့ တရားစခန်းရဲ့ စည်းကမ်းကိုက လုံးဝစကားမပြောရဆိုတော့ ဒီတာကတော့ အလို အလျောက် လွန်မြောက်ပြီးသားပါပဲ ချိုးပြီးသားပါပဲ။

(၃) နိဒ္ဒါရာမတာ - အအိပ်မက်ခြင်း၊ နေ့ဖြစ်စေ ညဥ့်ဖြစ်စေ အအိပ်မက်ခြင်းဆိုတဲ့တာကို လွန်မြောက်နိုင်မှ ချိုးဖောက်နိုင်မှ ကာယာနုပဿနာ ပွားများအောင်မြင်နိုင်ပါတယ်။

(၄) သင်္ဂဏိကာရာမတာ - အပေါင်းအသင်းအဖော်မက်ခြင်း၊ အဖော်မက်လို့ရှိရင်လည်း ကာယာနုပဿနာသတိပဋ္ဌာန်ကို အားမထုတ် နိုင်ဘူး၊ အဖော်မမက်မှ။ ဒါကြောင့် အဖော်မက်ခြင်းဆိုတဲ့ ဒီတာကို ကျော်လွှန်နိုင်ဖို့ အရေးကြီးပြန်ပါတယ်။

(၅) ဣန္ဒြိယေသုအဂုတ္တဒွါရတာ - မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေ(၆)မျိုးကို စောင့်ရှောက်မှုမရှိဘူးဆိုရင် ကာယာနုပဿနာသတိပဋ္ဌာန် အလုပ်မလုပ်နိုင်ဘူး။ "မျက်စိနားမှာ လျှာကိုယ်စိတ်"ခေါ်တဲ့ ဣန္ဒြေ (၆)ပါး၊ တံခါး (၆)ပေါက်ကို သတိနဲ့ ကာဆီးပြီးတော့ စောင့်ရှောက်ထားနိုင်မှ ကာယာနုပဿနာ သတိပဋ္ဌာန် တရားကို အားထုတ်နိုင်ပါတယ်၊

(၆) ဘောဇနေအမတ္တညုတာ - အစာအဟာရအတိုင်း အရှည် မသိလို့ရှိရင်လည်းပဲ၊ ဒီကာယာနုပဿနာ သတိပဋ္ဌာန်တရား အားမထုတ် နိုင်ဘူး၊ အစာအဟာရ၌ အတိုင်းအရှည်ကိုသိမှ ကာယာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန် အားထုတ်နိုင်ပါတယ်။ ဒါကြောင့်-

(၁) အမှုလုပ်ငန်းများ၌ မွေ့လျော်ခြင်းဆိုတဲ့တာတစ်မျိုး၊
(၂) စကားပြောခြင်း၌ မွေ့လျော်ခြင်း ဆိုတဲ့တာတစ်မျိုး၊
(၃) အအိပ်မက်ခြင်းဆိုတဲ့တာတစ်မျိုး၊
(၄) အဖော်မက်ခြင်းဆိုတဲ့တာတစ်မျိုး၊
(၅) ဣန္ဒြေမစောင့်စည်းဆိုတဲ့တာ တစ်မျိုး၊
(၆) အစာအာဟာရမှာ အတိုင်းအရှည် မသိခြင်းဆိုတဲ့တာ တစ်မျိုး၊

အဲဒီတာကြီး (၆)မျိုးကို ဖယ်ရှားနိုင်ပြီဆိုမှ ချိုးဖျက်နိုင်ပြီဆိုမှ တရားအားထုတ် အောင်မြင်နိုင်ပါတယ်။ အဲဒီတာကြီး (၆)မျိုးကို မဖယ်ရှားနိုင်ရင် တရားအားထုတ်လို့ အောင်မြင်မှုမရဘူးတဲ့။

**ပင်မရှုပ် ၁-၂-၄**

ဒီတာကြီး (၆)မျိုး ဖယ်ရှားနိုင် ကြတဲ့အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို အချိန်မှန်မှန်ကြီး အားထုတ်နိုင်တယ်။ မိမိတို့ဟာ ဒီတာကြီး (၆)မျိုးကို ချိုးဖဲ့ပြစ်ပြီးတော့ လွန်မြောက် ပြီးလာတဲ့အတွက် မြတ်စွာဘုရားပေးသနားတော်မူတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန် အာနာပါနအပိုင်းကို ကြိုးစားအားထုတ် နိုင်တယ်လို့ ဝမ်းမြောက်ဖွယ် ဖြစ်ပါတယ်။ အဲဒီတော့ ကာယာနုပဿနာ သတိပဋ္ဌာန် ဆိုတဲ့နေရာမှာ ရုပ်အပေါင်း၊ နာမ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ပြီးတော့နေတဲ့ သတိပဋ္ဌာန်အလုပ်ပါပဲ။ ရုပ်ပေါင်း၊ နာမ်အပေါင်း ဆိုတဲ့နေရာမှာ ရုပ်တစ်စိပ်၊ နာမ်တစ်စိပ် အာနာပါန ပဗ္ဗကထာက ဝါယောရုပ်တစိပ်ကိုပဲ အဓိကထားပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ တစ်ခါတစ်ရံမှာ ခေါင်းလေးပါးထဲက ခေါင်းနှစ်ပါး ဆိုကြပါစို့။ ပဋိကူလမနသီကာရ ပဗ္ဗကထာ (၃၂)ကြိမ်မြောက် ဝိပဿနာတရား စခန်းဖြစ်တော့ (၃၂)ကောဋ္ဌာသအပိုင်းကျတော့ ခေါင်းက(၂)မျိုးပါပဲ၊

http://www.dhammadownload.com



ပထဝီဓာတ် ခက်မာပထဝီ နူးညံ့ပထဝီ ယိုစီးအာပေါ ဖွဲ့စည်းအာပေါ၊ ပထဝီအာပေါဓာတ်(၂)မျိုးကိုပဲ ဖြိုဖြန့်ပြီးကြည့်လိုက်တဲ့ အခါ (၃၂)မျိုး၊ ပထဝီဓါတ် အာပေါဓာတ် (၂)မျိုးကိုပဲ မြတ်စွာဘုရားက စက်ဆုပ်ရွံရှာဖွယ် အနေအားဖြင့် ရှုပွားနိုင်ရန် ဟောကြားတော်မူတယ်။ အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးကို၊ "အခေါကေသမတ္တကာ ဥဒ္ဓံပါဒတလာ" ဆံပင်ရဲ့အောက် ခြေဖဝါးရဲ့ အထက်၊ "ပူရံနာနာပကာရဿအသုစိနော" အမျိုးမျိုးအဖုံဖုံ မတင့်တယ် ရွံစဖွယ်တွေနဲ့ ပြည့်ပြီးတော့နေတဲ့ ဒီခန္ဓာကိုယ်ကို ကြည့်ရမယ်။ အဲဒီလိုကြည့်ရှုတတ်ဖို့ (၃၂)ပုံပုံပြီးတော့ မြတ်စွာဘုရားက ပြတော်မူတယ်။ (၃၂)ပုံမှာ ပထမအပုံ (၂၀)၊ နောက်ဆယ့်နှစ်မျိုး ပုံကြည့်လိုက်တဲ့အခါ ပထမအပုံ(၂၀)က ပထဝီဓာတ် ခက်မာနူးညံ့တဲ့ သဘောရှိတဲ့ အပုံ (၂၀) ဘာတွေလဲဆိုရင် ။ ဤကိုယ်ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ခန္ဓာကိုယ်ကို ဖြိုပြီးတော့ပြတယ်။ ဖြန့်ပြီးတော့ တစ်ခုချင်းတစ်ခုချင်း ဆံပင်ကစပြီး တစ်ပုံစီ ပုံပုံကြည့်တော့ အပုံ(၂၀)ရွံဖွယ်တွေပဲ၊ စက်ဆုပ်စရာတွေပဲလို့ မြင်အောင်လို့ တစ်ခါနောက်ထပ် (၁၂)မျိုး၊ (၁၂)မျိုးကျတော့ ဖွဲ့စည်းတဲ့ သဘောရှိတယ်။ ပထမတော့ ဖွဲ့စည်းတာ ယိုစီးတာကို မကြည့်နဲ့ဦး၊ စက်ဆုပ်ရွံရှာဖွယ်အားဖြင့် သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေးအဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေးနှပ်၊ အစေး၊ ကျင်ငယ်၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ရှည်တယ်၊ တိုတယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ်၊ ချောတယ်၊ လှတယ်၊ ဘယ်လိုပင်ကွဲပြားစေကာမူ ဒီ ၃၂-မျိုးနဲ့ ဖွဲ့စည်းထားတာတော့ မကွဲပြားကြဘူး၊ အတူတူပဲ။ ရွှေရုပ်လွှာပိုင်ရှင်ရဲ့ ခန္ဓာကိုယ်မှာလဲ ဒါတွေပဲ။ ကမ္ဘာ့လူသားတွေက စ, ရုပ်အပေါ်မှ စွဲလမ်းနှစ်ခြိုက်လိုက်ပြီး အနူလမ်း လိုက်နေကြလို့ ဟောတာပါပဲ။ ဒါကြောင့် သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊

http://www.dhammadownload.com



ရွံစဖွယ်ညီနံ့ဆိုး အသိုး ၊ အပုတ်၊ စက်ဆုပ်ရွံရှာဖွယ်တွေပါတကားလို့ မြတ်စွာဘုရား ကာယာနုပဿနာ ပသတိပဋ္ဌာန်မှာ ဒီ (၃၂) ကောဋ္ဌာသ ရွံစရာ စက်ဆုပ်ရွံရှာဖွယ် ဟောကြားခဲ့ပါတယ်။ ပထဝီဓါတ်နဲ့ အာပေါဓာတ် (၂)မျိုးကို ထင်ရှားအောင်ပြပြီးတော့။ အဲဒီ (၂)မျိုးကို ဒီနေရာမှာ ဓာတ်ခွဲပြီးတော့ မပြသေးဘူး။ စက်ဆုပ်ရွံရှာဖွယ်ဖြစ်တဲ့ ပထဝီဓာတ်(၂၀)နဲ့ အာပေါဓာတ် (၁၂)မျိုးကို စက်ဆုပ်ရွံရှာဖွယ်အနေနဲ့ ရှုပွားဖို့ပဲ ဟောကြားတော်မူတယ်။ ဒါလည်းပဲ ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ။ ဥပမာအားဖြင့်ပြောမယ်ဆိုရင် မျက်နှာ၀နှစ်ခုရှိတဲ့ အိတ်ကြီးတစ်အိတ် ဆန်စပါးမျိုးစုံ၊ ပဲမျိုးစုံ ထည့်ပြီး ကြည့်လိုက်တဲ့အခါ မျက်စိအမြင်ရှိတဲ့ လူတစ်ယောက်ဟာ ဒီအိတ်ထဲမှာရှိတဲ့ ပဲတွေဘဲ ပြောပါတော့၊ ဒီပဲက မတ်ပဲ၊ ဒီပဲက ပဲနောက်၊ ဒီပဲတွေက ကုလားပဲ၊ အဲဒီလိုမြင်သလိုပဲ ဉာဏ်မျက်စိနဲ့ မိမိရဲ့ခန္ဓာကိုယ် ကိုယ်ကိုလည်းပဲ ပဲအိတ်ကြီးကို ဖြိုကြည့်လိုက်သလိုပါတဲ့။ အစိတ်အပိုင်းတွေကို ဒီလို မြင်ရတယ်။ ဒါလည်း ကယာနုပဿနာသတိပဋ္ဌာန် တစ်မျိုး။ အဲဒီက နေပြီးတော့ ရုပ်နာမ်(၂)မျိုးတို့တွင် ရုပ်ကမ္မဋ္ဌာန်းပေါ့၊ ရုပ်မှာလည်း ပင်မရုပ်နဲ့မှီရာ ရုပ်ဆိုတာထဲက ပင်မရုပ်၊ ပင်မရုပ် လေးမျိုးထဲကလည်း ဒီအာနာပါနပဗ္ဗကထာမှာတော့ ဝါယောရုပ် အဓိကထားပြီးတော့ ဟောတော်မူခဲ့တယ်။ စက်ဆုပ်ရွံရှာဖွယ်အနေနဲ့ ရှုပွားတဲ့ ပဋိကူလ မနသိကာရပဗ္ဗအပိုင်းမှာတော့ ပထဝီဓာတ်နဲ့ အာပေါဓာတ် (၂)ပါးပါပဲ။ နောက်ဓာတ်(၄)ပါးကို ခွဲခြားပြီးသိမြင်ဖို့ ဓာတုမနသိကာရပဗ္ဗအပိုင်း ကာယာနုပဿနာ ဟောကြားတဲ့ အပိုင်းမှာတော့ ဓာတ်လေးပါးလုံး ဟောပါတယ်။ အဲဒီဓာတ်လေးပါးကိုလည်း မြတ်စွာဘုရားက ဥပမာနဲ့ ဒီမိမိတို့ရဲ့ ခန္ဓာကိုယ်ကြီး ကြည့်လိုက်တဲ့အခါ တွေ့လိမ့်မယ်။ ပထဝီ ဓာတ်မြေ တွေ့လိမ့်မယ်၊ ရေဓာတ် တွေ့လိမ့်မယ်၊ မီးဓာတ် တွေ့လိမ့်မယ်၊ လေဓာတ် တွေ့လိမ့်မယ်၊ ဥပမာအားဖြင့် နွားသတ်သမားတစ်ယောက် နွားတစ်ကောင်ကို သတ်ဖြတ်ပြီးတဲ့အခါ သူသတ်လို့ရရှိထားတဲ့ အသား

http://www.dhammadownload.com



တွေကို လမ်းဆုံးလေးခုမှာ ပုံတယ်၊ တစ်ပုံစီပုံကြည့်လိုက်တဲ့အခါ လေးပုံတွေ့မယ်။ အဲဒီလို့ပါပဲတဲ့ မိမိရဲ့ခန္ဓာကိုယ်လည်းပဲ မြေဓာတ်က တစ်ပုံ၊ ရေဓာတ်က တစ်ပုံ၊ မီးဓာတ်က တစ်ပုံ၊ လေဓာတ်က တစ်ပုံ၊ အဲဒီလိုပုံပြီးတော့ ကြည့်လိုက်တဲ့နည်း နှလုံးသွင်းတဲ့နည်းကို ဓာတုမနသိကာရပဗ္ဗ၊ ဓာတ်အားဖြင့် နှလုံးသွင်းတဲ့အပိုင်းပါပဲ၊ ဒါလည်း ကာယာနုပဿနာ သတိပဋ္ဌာန်ပါပဲ၊ အဲဒီတော့ ဒီကာယာနုပဿနာ သတိပဋ္ဌာန်ကို (၃၂)ကောဋ္ဌာသနဲ့ ပွားတဲ့နည်း။ ပြီးတော့ ထွက်လေဝင်လေကို ရှုမှတ်ပြီးတော့ပွားများတဲ့နည်း၊ လေးစု လေးပုံ ပုံပြီးတော့ ဓာတ်လေးပါး ခွဲခြားပြီးပွားတဲ့နည်း မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော် ကာယာနုပဿသတိပဋ္ဌာန် အပိုင်းမှာ အဲဒီလိုဟောကြားတော်မူခဲ့တယ်။ ကာယာနုပဿသိပဋ္ဌာန်အပိုင်းကိုပဲ ၁၄-ပိုင်းပြီးတော့ ဟောတဲ့နေရာမှာ ဓါတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ အာနာပါနအပိုင်း ထွက်လေဝင်လေရှုမှတ်တဲ့အပိုင်းရယ် (၃၂)ကောဋ္ဌာသ ရှုမှတ်တဲ့အပိုင်းရယ် ဓာတ်လေးပါးနှလုံးသွင်းဆင်ချင်တဲ့အပိုင်းရယ် ဓါတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ ဒီလိုခွဲခြားပြီးတော့ ဟောကြားပါတယ်။ အဲဒီတော့ ဣရိယာပထအပိုင်းမှာလည်း သွား၊ ရပ်၊ ထိုင်၊ လျောင်း ဆိုတဲ့ ဣရိယာပထမအပိုင်းမှာ အဓိကအားဖြင့်တော့ ဒီဝါယောရုပ်ကိုပဲ ဦးစားပေးပြီးတော့ ရှုမှတ်တဲ့အပိုင်းပါပဲ။ အဲဒီတော့ ကာယာနုပဿနာသတိပဋ္ဌာန်လို့ စကားလေးတစ်လုံးရဲ့ အဓိပ္ပါယ်ဟာ အများကြီးထွက်လာပါတယ်။ အဲဒီတော့ အသက်ထင်ရှားရှိစဉ်အခါမှာ ရှုမှတ်တဲ့အပိုင်းဟောသလို ကွယ်လွန်ကွယ်လွန်ပြီးတော့သွားကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်ပြီးတော့ သူ့ချင်းစာ ကိုယ်ချင်းစာ ရှုပွားနည်း ရှုမှတ်ဖို့ဆိုပြီးတော့ ကိုးမျိုးပိုင်းပြီး ဟောကြားတော်မူပါတယ်။ အခုတော့ အဓိကအားဖြင့် အားထုတ်ပြီးတော့နေကြတဲ့ ဝါယောရုပ်လို့ ဆိုတာတောင်မှ ဝိပဿနာအပိုင်းကျမှ ဝါယောရုပ်ရဲ့ သဘောသဘာဝကို ရှုမှတ်ကြရမယ်။ အခုတော့ ထွက်လေဝင်လေ၊ ထွက်လေဝင်လေဆိုတဲ့ ထွက်ခိုက်ဝင်ခိုက်ကိုပဲ ရှုမှတ်ပွားများ

http://www.dhammadownload.com



ပြီးတော့ နေကြရတယ်။ ထွက်လေ ဝင်လေလို့ ရှုမှတ်ပွားများပြီးတော့ ရုပ်နာမ် (၂)မျိုးတို့တွင် ရုပ်၊ ရုပ်မှာလည်းပဲ မဟာဘုတ်ရုပ်၊ ဥပါဒါရုပ်၊ ပင်မရုပ်အမှီရုပ် (၂)မျိုးတို့တွင် ပင်မရုပ်၊ ပင်မရုပ် (၄)မျိုးတို့တွင် ဝါယောရုပ်၊ ထွက်လေ ဝင်လေ၊ အဲဒီလိုနာမည်တပ်၊ ပညတ်အနေအားဖြင့် ဖော်ပြီးတော့ ရှုမှတ်ပြီးတော့ သမာဓိရအောင် ပွားများနေကြတာ၊ အဲလိုပွားများကြတဲ့အတွက် သာသနာတော်မှာ ရဟန်းတော်အရှင်မြတ်များသာ အရိယာစန်း တက်လှမ်းနိုင်ကြတာ မဟုတ်ဘူး။ လူဥပါသကာတွေ ဥပါသိကာတွေလည်း အရိယာစခန်းတက်လှမ်းခဲ့ကြတယ်။ သက်သေအားဖြင့်ပြောမယ်ဆိုရင် တပုဿနဲ့ဘလ္လိကတို့ကြားဖူးနေကြတယ်။ တံ့တေးမြို့ ကြဘင်းရွာဇာတိ တဖုဿနဲ့ဘလ္လိကတို့ရှေးဦးစွာ မြတ်စွာဘုရားနဲ့ ဖူးတွေ့ပြီးတော့ ဒွေဝါစိက သရဏဂုံမ်၊ ဘုရားကိုးကွယ်တယ်။ တရားကို ကိုးကွယ်တယ်၊ သံဃာမရှိသေးတော့ ဒွေဝါစိက သရဏဂုံ ပထမဆုံးတည်ခဲ့ကြတယ်။ ပထမဆုံး သရဏဂုမ် ယူလာစဉ်အခါတုံးက တပုဿနဲ့ ဘလ္လိက ဥပါသကာ (၂)ယောက်လုံးဟာ ပုထုစဉ်ဘဝနဲ့ပဲ။ နောက်ပိုင်းရောက်တော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဓမ္မများလမ်းစဉ်များ ကြိုးစားအားထုတ်ပြီးတဲ့အခါ-

**တပုဿောဘိက္ခဝေဥပါသကော အနိဋ္ဌင်္ဂတော အမေတံ**

**ဒဿော အမတံသစ္ဆိကတွာ ဣရိယတိ**

ရဟန်းတို့ တပုဿ ဥပါသကာ ဘလ္လိက ဥပါသကာ နှစ်ဦးစလုံး အတူတူပဲ။ အနိဋ္ဌင်္ဂတော ရတနာသုံးပါး အပေါ်တစ်ထစ်ချ ယုံကြည်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အမတံ ဒဿော၊ မသေရာ နိဗ္ဗာန်ကိုမြင်ပြီးကြပြီး နိဗ္ဗာန်သစ္ဆိကတွာ ဣရိယတိ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးတော့ သူတို့နှစ်ဦးစလုံး နေနိုင်ကြပြီးလို့ မြတ်စွာဘုရား ရွှေနှုတ်တော်က ဒီဥပါသကာနှစ်ယောက်ဟာ သောတာပန် ဖြစ်ကြပြီတဲ့။ ဒီဥပါသကာ နှစ်ယောက်ဟာ တရား(၆)မျိုးနဲ့ ပြည့်စုံပြီ။ ဘယ်တရားတွေလဲဆိုတော့-

http://www.dhammadownload.com



**ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော။**

ဘုရားအပေါ် ယုံကြည်မှုဟာ မတုန်မလှုပ်ဘယ်သူမှ ဖျက်ဆီးလို့ မရတဲ့ ယုံကြည်မှုမျိုး၊ တရားတော်အပေါ်မှာလည်း ယုံကြည်မှုက ခိုင်မြဲသွားပြီ၊ သံဃာတော်အပေါ်မှာလည်း ယုံကြည်မှုက ခိုင်မြဲသွားပြီ၊ သောတာပန်တို့ရဲ့ ကြည်ညိုမှုမျိုးကို ရောက်သွားပြီ။

**အရိယကန္တေန သီလေန သမန္နာဂတော။**

အရိယာများမြတ်နိုးတော်မူကြတဲ့ငါးပါးသီလ မကျိုးတော့ဘူး၊ မပေါက်တော့ဘူး၊ မပြောက်တော့ဘူး၊ မကွက်တော့ဘူး။

အရိယာကန္တငါးပါးသီလနဲ့လည်းပြည့်စုံ အရိယာဉာဏ်နဲ့လည်း ပြည့်စုံကြတယ်။ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ပြီးတော့ ပစ္စဝေက္ခဏဉာဏ်၊ ပစ္စဝေက္ခဏဉာဏ်ဆိုတာ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ မိမိသန္တာန်မှာပယ်ပြီးသားဖြစ်တဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာ တွေကိုလည်း ဆင်ခြင်တယ်။ မပယ်ရသေးတဲ့ ကိလေသာတွေ ရာဂ ဒေါသ စသည်ကိုလည်း ဆင်ခြင်တယ်။ အဲလို အရိယာဉာဏ်ရရှိပြီး ဝိမုတ္တိခေါ်တဲ့ သောတာပတ္တိဖိုလ်လည်း ရရှိတယ်၊ ဒါကြောင့် ရတနာသုံးပါးအပေါ် မတုန်မလှုပ် ခိုင်ခိုင်မြဲမြဲယုံကြည်ခြင်း ခိုင်မြဲတဲ့ သဒ္ဓါတရား ရှိခြင်း၊ အရိယကန္တခေါ်တဲ့ ငါးပါးသီလ မကျိုးမပေါက် မကွက်အောင် လုံခြုံခြင်း၊ အရိယဉာဏ်ခေါ်တဲ့ မဂ်ဉာဏ် ပစ္စဝေက္ခဏဉာဏ်လည်း ရရှိခြင်း၊ သောတာပတ္တိဖိုလ်ဉာဏ်လည်း ရရှိခြင်းဆိုတဲ့ အချက်အလက် (၆)မျိုးနဲ့ တပုဿဥပါသကာ ပြည့်စုံတယ်။ ဘလ္လိက ဥပါသကာ ပြည့်စုံတယ်လို့ မြတ်စွာဘုရား ဒေ္ဒနှုတ်တော်ထွက်ရှိတယ်။ ဥပါသကာဘဝနဲ့ သောတာပန် ဖြစ်ကြတယ်။ သာမာန်အားဖြင့် ကြည့်မယ်ဆိုရင် အများသိထင်ရှားတာကတော့ တပုဿ၊ ဘလ္လိက ဥပါသကာ (၂)ယောက် မြတ်စွာဘုရားထံမှာ ဒွေဝါစိက သရဏဂုံတည်တယ်လို့ ဒီအဆင့်တော့ အသိများကြတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ဒေ္ဒနှုတ်တော် မြွက်ပြီးတော့ သောတာပန်ကြီးတွေ၊ အရိယာကြီးတွေဖြစ်ကြပြီလို့

http://www.dhammadownload.com



ချီးကျူးထားတာကိုတော့ ဆက်ပြီး သိဖို့လိုအပ်တယ်။ ဒါကြောင့် လူ့ဘဝ ရောက်လာတဲ့အခါ ရတနာသုံးပါး အပေါ်မှာ မတုန်မလှုပ် ယုံကြည်ခြင်း ဆိုတဲ့ သဒ္ဓါဟာ အင်မတန်အရေးကြီးတယ်။ ဒီသဒ္ဓါဟာလည်း အရိယာ ဖြစ်မှသာ မတုန်မလှုပ် ယုံကြည်တဲ့သဒ္ဓါ ဖြစ်နိုင်တာကိုး။ ဘာကြောင့် လည်းဆိုတော့ နတ်ဘုံ နတ်နန်း နတ်စခန်းက စုတေကြမယ့်နတ်သား နတ်သမီးများကို အခြားအခြားနတ်တွေက အားပေးစကားသုံးခွန်း ပြောကြားတဲ့အခါမှာ သာမာန်အားဖြင့် ကြည့်မယ်ဆိုရင် လူ့ဘဝ နေပြီးတော့ လှမ်းမျှော်ပြီးတော့ နတ်ဘဝကို သုဂတိ၊ သုဂတိနဲ့ ခေါ်ဆို နေကြတယ်။ ဟော- နတ်တွေကလည်း လူ့ဘုံကိုသုဂတိလို့ ခေါ်ဆိုကြ တာ ရှိပြန်တယ်။ အဲဒီတော့ နတ်သား နတ်သမီးတစ်ဦး စုတေတော့မယ် ဆိုရင် အခြားနတ်သား နတ်သမီးတွေက စကားသုံးခွန်း အားပေးစကား ပြောကြား မှာကြားကြတယ်။

**ဣတော ဘော သုဂတိံ ဂစ္ဆ။**

ဤနတ်ဘုံ နတ်နန်း နတ်စခန်းက နေပြီးတော့ သုဂတိခေါ်ဆိုတဲ့ လူ့ဘဝကိုရောက်နိုင်ပါစေ။ နတ်ပြည့်ကနေပြီးတော့ သုဂတိလို့ လူ့ဘုံကို သုံးစွဲခေါ်ဝေါ်တာ။

**သုဂတိံ ဂန္တွာသုလဒ္ဓ လာဘံလဘ။**

သုဂတိ ခေါ်ဆိုတဲ့ လူ့ဘဝရောက်တဲ့အခါ အရတော်ပါစေ၊ အရတော်ပါစေဆိုတာ ဘာလဲဆိုတော့ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု သဒ္ဓါရရှိပါစေလို့ ဒီလိုဆုတောင်းကြတာ အားပေးကြတာ။

**သုလဒ္ဓံလာဘံလဘိတွာ သုပ္ပတိဋ္ဌိတောဘဝ။**

အရတော်ပြီးတော့ အဲဒီရထားတဲ့သဒ္ဓါတရား ခိုင်မြဲပါစေ။ ဒီတတိယ ဆုတောင်းအားပေးစကားကတော့ ရတနာသုံးရပ်အပေါ် ယုံကြည်ကိုးစားမှု မတုန်မလှုပ်ယုံကြည်မှုဆိုတော့ အရိယာစခန်း တက်လှမ်းနိုင်ပါစေလို့ ဒီလိုဆုတောင်းအားပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့် နတ်ပြည်ကနေပြီး လူ့ဘဝကိုသုဂတိ သုဂတိဘဝ ရောက်တဲ့

http://www.dhammadownload.com



အခါ အရတော်ဖို့၊ အရတော်တယ်ဆိုတာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်ကိုးစားမှု အရဟံ သမ္မာသမ္ဗုဒ္ဓ အစရှိသော ဂုဏ်တော် ကျေးဇူးတော်တွေအပေါ်မှာ ယုံကြည်ကိုးစားမှု သဒ္ဓါ၊ အဲဒီသဒ္ဓါ တရားရရှိဖို့ဆိုတာလည်း တကယ်တမ်းဆိုတော့ မလွယ်ပါဘူး။ လူဖြစ်တိုင်းလည်း ဒီသဒ္ဓါတရား မရနိုင်ပါဘူး။ ကမ္ဘာ့လူထုကြီး သန်းပေါင်း(၆၃၀၀)ကျော်ရှိတယ်။ တကယ်တမ်း အရဟံအစရှိသော ကျေးဇူးတော်ဂုဏ်တော်တို့နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားအပေါ် သွာက္ခာတ အစရှိသော ဂုဏ်တော်တို့နဲ့ ပြည့်စုံတော်မူသော တရားအပေါ်။ သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့နဲ့ ပြည့်စုံတော်မူသော သံဃာ အပေါ်ယုံကြည်ကိုးစားပြီးတော့ အားထားပြီး ကိုးကွယ်တဲ့ သဒ္ဓါမျိုး ရရှိဖို့ခက်ပါတယ်။ ကမ္ဘာ့လူထုအများစုကြီးထဲက နည်းနည်းလေးပဲ ဒီအခွင့်ရရှိကြတာပါ။ ဒါကြောင့် တဖုဿ၊ ဘလ္လိက ဥပါသကာ (၂)ယောက်ကတော့ ဒွေဝါစိက သရဏဂုံ ဆောက်တည်ပြီးတော့ ဘုရားရှင်ကိုယ်တော်တိုင် **"ဆဟိ ဓမ္မေဟိသမ္ပန္နာဂတော တပုဿ ဥပါသကော။ ဆဟိ ဓမ္မေဟိသမ္ပန္နာ ဂတော ဘလ္လိကော ဥပါသကော အမတံဒသော၊"** တရား(၆)မျိုးတို့နဲ့ ပြည့်စုံတဲ့ တပုဿ ဥပါသကာ၊ ဘလ္လိက ဥပါသကာ နှစ်ယောက်လုံးဟာ အမြိုက်နိဗ္ဗာန် "အမတံဒသော" အမြိုက်နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်တွေ၊ မသေတဲ့ နိဗ္ဗာန်ကိုမြင်ရပြီ။ အနိဋ္ဌာဂ်တော - ရတနာသုံးပါး အပေါ်မှာ ယုံကြည်ကိုးစားမှုလည်းပဲ တည်တည်တံ့တံ့ ခိုင်ခိုင်မြဲမြဲကြီးနဲ့ အမြိုက်နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရားရှင် ကိုယ်တော်တိုင်ထံပါး ဒွေဝါစိက သရဏဂုံရှင်ဖြစ်ကြတဲ့ တပုဿ၊ ဘလ္လိကတို့ကို ဂုဏ်အင်(၆)မျိုးတို့နဲ့ ချီးကျူးထောမနာပြီးတော့ အရိယာစခန်း တက်လှမ်းနိုင်ပြီလို့ မိန့်ကြား တော်မူသကဲ့သို့ ချီးမြှောက်တော်မူသကဲ့သို့ ချီးမြှောက်ခြင်းခံရအောင် ဘုရားရှင် ရွှေစိတ်တော်ကို နှစ်သက်အားရ သဘောကျဖြစ်ရလေအောင် ဆက်လက်ပြီးတော့ မိမိတို့အားထုတ်နေကြ ကာယာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်နိုင်ကြပါစေလို့ ဆုတောင်း တိုက်တွန်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## စတုတ္ထနေ့ဟောစဉ်

ကောဇာသက္ကရာဇ် ၁၆၃၆၃-ခု ကဆုန်လပြည့်ကျော်(၄)ရက်။

### အံ့ဖွယ် နန္ဒမာတာ

နန္ဒမာတာရဲ့ အံ့ဖွယ်(၇)မျိုး ဒီနေ့ညဟောမလို့ပါပဲ။ မြတ်စွာဘုရား သီတင်းဝါလကျွတ်တယ်ဆိုတော့ ဒိက္ခိဏာဂီရိ အရပ်ဆီ ဒေသစာရီ ကြွချီတော့မယ်လို့ ဇေတဝန်ကျောင်းထဲက ရဟန်းများစွာနဲ့ ထွက်တော်မူခါစ ဒီအချိန်လေးမှာပဲ ကျောင်းဒကာအနာထပိဏ်ကလဲ မြတ်စွာဘုရား ဒေသစာရီ အကြာကြီးကြွမှာစိုးလို့ ဒေသစာရီမကြွပါနဲ့လို့ မလျှောက်ထားဖြစ်ဘူး။ ဝိသာခါကျောင်းအမကြီးကလည်း မလျှောက် ဖြစ်ကြဘူး။ မလျှောက်ဝံ့ကြ၊ အဲဒီလို အခြေအနေမျိုးမှာ ကျောင်းဒကာ အနာထပိဏ်ကလည်း မျက်နှာမသာမယာရှိနေတော့ သူ့ရဲ့ ကျွန်မ ပုဏ္ဏာ ဆိုတာ ရှိတယ်။ အဲဒီပုဏ္ဏာဆိုတဲ့ ကျွန်မက သူဌေးကြီး ဒီနေ့မျက်နှာ မကောင်းပါလား၊ မျက်နှာမကြည်မသာနဲ့ပါလားလို့ဆိုတော့ အေး ဒီနေ့မြတ်စွာဘုရား သီတင်းဝါလကျွတ်တော့ ဒေသစာရီ ကြွချီတော်မူ မယ်တဲ့။ တို့အနေနဲ့တော့ တားရမှာလည်းခက်၊ ကြွလည်းမကြွစေချင် အဲဒီလိုဖြစ်နေတယ်။ အဲဒီတော့ ပုဏ္ဏာ ကျွန်မက ဘာပြောလဲဆိုတော့ ကျွန်မမြတ်စွာဘုရားကို လျှောက်ပြီးတော့ တားပါမယ့်။ အကယ်၍များ တားလို့ရလို့ရှိရင် ဘာများဆုချမလဲဆိုတော့ "ဘုဇိဿံ တံကရောမိ" သင့်ကို ကျွန်မအဖြစ်မှ ရုပ်သိမ်းပြီး ကျွန်စာရင်းပယ်ဖျက်မယ်။ အဲဒီ ဆုလာဘ်ပေးမယ်ဆိုတော့ ပုဏ္ဏာ ကျွန်မက မြတ်စွာဘုရားထံသွားပြီးတော့ "အရှင်ဘုရား ဒေသစာရီမကြွချီပါနဲ့ဘုရား"လို့ လျှောက်ထားတယ်။ လျှောက်ထားတော မြတ်စွာဘုရားက "အေး ငါတို့ ဒီနေမယ်ဆိုရင် နင်က ဘာတာဝန်ယူမလဲလို့ဆိုတော့" "တပည့်တော်မှာ ပစ္စည်းပစ္စယဆိုလို့ အရှင်ဘုရား သိတဲ့အတိုင်း ဘာမှပြည့်ပြည့်စုံစုံ မရှိပါဘူး။ သို့သော်လဲပဲ သရဏဂုံသုံးပါးမှာ တည်ပြီးတော့ ငါးပါးသီလစောင့်ထိန်းပါ့မယ့်ဘုရား

http://www.dhammadownload.com



အရှင်ဘုရားသာ ဒေသစာရီမကြွပဲနဲ့ ဤသာဝတ္ထိ ဇေတဝန်ကျောင်း တိုက်မှာပဲ ဆက်လက်ပြီးတော့ သီတင်းသုံးမယ်ဆိုရင် သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ကျင့်သုံးပါမယ့်ဘုရား။" "အေး အဲဒီလိုဆိုရင် ငါဘုရား ဒီနှစ် ဒေသစာရီ မကြွချီတော့ဘူး"လို့ မြတ်စွာဘုရားက တရားကို အလေးထား မိန့်တော်မူတယ်။ ပုဏ္ဏားဆိုတဲ့ ကျွန်မ ငါးပါးသီလ ဆောက်တည်မယ်၊ သရဏဂုံသုံးပါး တည်ပြီး ငါးပါးသီလ ဆောက်တည် မယ်ဆိုတဲ့ ဒီဂတိဝန်ခံချက်ကို ကြားသိတော်မူသည့်တွက် မြတ်စွာဘုရား အဲဒီနှစ်မှာ ဒက္ခိဏာဂီရိသို့ ဒေသစာရီ မကြွဖြစ်ဘူး။ အဲလိုမကြွဖြစ်တဲ့ အခါ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလန်တို့ ခေါင်းဆောင်ပြီးတော့ သံဃာတော်အများနှင့်တကွ ဒက္ခိဏာဂီရိ ဝေဠုကဏ္ဏာမြို့ကို ဦးတည် ပြီးတော့ ကြွချီတော်မူကြတယ်။ အဲဒီအချိန်အခါမှာ ဝေဠုကဏ္ဏက မြို့သူဖြစ်တဲ့ နန္ဒမာတာက မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြား ပြီးတော့ထားတဲ့ ဂါထာ(၂၅၀)ပါရှိတဲ့ ပါရာယနဒေသနာတော်မြတ်ကြီးကို နံနက်စောစော ရွတ်ဖတ်တယ်။ အသံပီပီသသနဲ့ ရွတ်ဖတ်ပူဇော်ပြီး နေတယ်။ အဲဒီလိုအသံပီပီနဲ့ ပါရာယနသုတ္တန် ဒေသနာတော်မြတ်ကြီးကို ပူဇော်ပြီးတော့နေတဲ့ အဲဒီအချိန်လေးမှာပဲ ဝေဿဝဏ်နတ်မင်းကြီး ကလည်းပဲ မြောက်အရပ်က တောင်အရပ် အကြောင်းတစ်ခုနဲ့သွားတော့ ကောင်းကင်ယံကနေ ဒီအသံကြားတယ်။ ကြားတဲ့အခါ ပါရာယန ဒေသနာတော်မြတ် နန္ဒမာတာ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနေတော့ ပါရာယနသုတ္တန်လည်းပြီးဆုံးရော "သာဓု သာဓု ဘဂိနိ= အမကြီး အင်မတန် ကောင်းပါပေစွ ကောင်းပါပေစွ"လို့ သာဓုခေါ်တယ်။ သာဓု ခေါ်တဲ့အခါ နန္ဒမာတာက ပြန်ပြီးတော့ မေးတယ်။ "ကောတွံဘဒြမုခ" ကောင်းသောမျက်နှာရှိသောသူ လူလား၊ နတ်လား၊ ဘယ်သူရယ်လို့တော့ မသိရဘူး။ "သင်ကဘယ်သူလဲ"လို့ မေးလိုက်တဲ့အခါ ဝေဿဝဏ် နတ်မင်းကြီးက "တို့က ဝေဿဝဏ်နတ်မင်းကြီးပါ" မြတ်စွာဘုရား ပါရာယနပုဏ္ဏား (၁၆)ယောက်တို့အား နိဗ္ဗာန်တည်းဟူသော

http://www.dhammadownload.com



တစ်ဖက်ကမ်းသို့ ရောက်စေနိုင်တဲ့ ဒေသနာတော်မြတ်။ ဟိုတုန်းက ပါရာယနကစေတီမှာ ဟောကြားပြီးတော့ထားတာနဲ့ နန္ဒမာတာ ရွတ်ဖတ်ပူဇော်ပြီးတော့ နေတာဟာ ရွှေကိုအလယ်ကနေ သားလိုက် သလိုပဲတဲ့။ မထူးဘူးလေ''တဲ့။ ဒါနဲ့ နန္ဒမာတာက ''ဒီလိုဆိုရင် ရွတ်ဆိုတဲ့ဒီတရားဟာ ညည့်သည်တို့ အတွက်ပေးတဲ့ လက်ဆောင်ပါ။ ဝေဿဝဏ်နတ်မင်းကြီးအား ဒီလက်ဆောင်ပေးပါတယ်။" အဲဒီတော့ ဝေဿဝဏ်နတ်မင်းကြီးက "ဒီတရားလက်ဆောင်ကိုလည်း ယူပါ့မယ်။ မနက်ဖြန်ကျလို့ဆိုရင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ ဦးဆောင်တဲ့ သံဃာတော်အရှင်မြတ်တွေ ဝေဠုကဏ္ဍကမြို့ကို ရောက်လာလိမ့်မယ်။ အဲလိုရောက်လာတဲ့အခါ ဆွမ်းကွမ်းဝေယျာဝစ္စ ပြုစုပြီးတော့ ပြုစုလို့ရရှိတဲ့ ပုဗ္ဗစေတနာ၊ ပုညမဟီခေါ်တဲ့ အပရစေတနာ အဖို့ဘာဂတွေကိုလည်း အကျွန်ုပ်အားလည်း ပေးပါဦး"လို့ အဲဒီလို ပြောပြီးတော့ ဝေဿဝဏ်နတ်မင်းကြီးက နန္ဒမာတာ သူကြွယ်မရဲ့ စပါးကျည်တွေကို တရားပူဇော်တဲ့ အနေအားဖြင့် အကုန်လုံးဖြည့်ပြီးတော့ သွားတာ နန္ဒမာတာသူကြွယ်မ အသက်ထက်ဆုံး နောက်ထပ်စပါး ထပ်ပြီးတော့ ကျည်ထဲထည့်စရာမလိုတော့ဘူး။ ဒါကြောင့် အဲဒီအချိန် အခါတုံးက စကားတစ်ခု ပြောစမှတ်ပြုကြတယ်။ "နန္ဒမာတာရဲ့ စပါးကျည်လိုပဲ" လို့ ဒီစကားတွင်ကျယ်ပြီးတော့ လာခဲ့တယ်။ အဲဒီလို ဝေဿဝဏ်နတ်မင်းကြီးရဲ့ ပြောကြားချက်အရ နန္ဒမာတာက ကြိုတင်ပြီး သိထားတော့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန် ဦးဆောင်တဲ့ သံဃာတော်တွေ ကြွလာရင် ဆက်ကပ်ဖို့ဆိုပြီး ချက်ပြုတ်ထား၊ နံနက် အရုဏ်တက်တဲ့ အချိန်အခါမှာ ဒကာတစ်ယောက်သွားပြီး အပင့်ခိုင်း တော့ ကြွလာဖြစ်တယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန် အရှင်မြတ်ကြီးတွေ ကြွလာပြီး ဆွမ်းဘုဉ်းပေး။ အရုဏ်ဆွမ်း ဘုန်းပေး ပြီးတဲ့အခါမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မေးတယ်၊ "နန္ဒမာတာ သံဃာတော်တွေကြွလာမယ်ဆိုတာ စောစောစီးစီး ဘယ်လို

51(A)

http://www.dhammadownload.com



လုပ်ပြီး ကြိုပြီးသိနေသလဲ” အဲဒီလိုမေးတဲ့အခါ၊ နန္ဒမာတာက “ပါရာယနသုတ္တန် ဒေသနာတော်မြတ်ကြီး ရွတ်ဖတ်သရဇ္ဈာယ်သံကြားပြီး ကောင်းကင်ယံက ဝေဿဝဏ်နတ်မင်းကြီး သာဓုခေါ်ပုံကစပြီး အကျိုး တွေ အကြောင်းတွေပြန်ပြီးတော့ လျှောက်ထားတယ်။ ဝေဿဝဏ်နတ် မင်းကြီးက ကြိုတင်ပြောလို့ သိရပါတယ်ဘုရား” လို့လျှောက်တော့ အရှင် သာရိပုတ္တရာက “အံ့ပါ့ နန္ဒမာတာရယ်၊ ထူးပါ့ နန္ဒမာတာရယ်၊ သိပ်အံ့ဩစရာကောင်းတာပဲ၊ ယခုလို တန်ခိုးအာနုဘော်ကြီးတဲ့ ဝေဿဝဏ်နတ်မင်းကြီးနဲ့ စကားလက်ဆုံပြောလိုက်ရတာ အင်မတန် ထူးတာပဲ၊ အင်မတန်အံ့ဩဖွယ် ဖြစ်ပါတယ်”လို့ အဲလို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မိန့်ကြားတဲ့အခါ၊ နန္ဒမာတာက ဘာလျှောက်သလဲ ဆိုတော့ “တပည့်တော်မှာ အဲဒီထက်ထူးခြားတဲ့အချက်တွေကို အရှင် ဘုရားအား လျှောက်ရအုံးမယ် ဘာတွေလည်းဆိုတော့ တပည့်တော်မှာ နန္ဒမည်တဲ့သားတစ်ယောက်၊ သားကလည်း တစ်ယောက်တည်း ချစ်မြတ် နိုးအပ်သောသား၊ စိတ်နှလုံးကိုပွားစေအပ်သောသား၊ အဲဒီသားလေးဟာ တစ်နေ့မှာ မင်းပြစ် မင်းဒဏ်သင့်လို့ အချီနှောင်ခံရ၊ အတုပ်အနှောင်ခံရ၊ အဖမ်းဆီးခံရတယ်။ ဆိုပါစို့ဘုရား နောက်ဆုံးအသတ်ဖြတ်ခံရပါတယ်။ အဲဒါတွေကို မျက်မြင်ကိုယ်တွေ့ပဲ တွေ့ပါတယ်။ ဒါပေမဲ့ ချစ်လှစွာသော တစ်ဦးတည်းသောသားကလေး အသတ်ခံရတာ အဖမ်းခံရတာကို ကြည့်ပြီးတော့ တပည့်တော်ရဲ့စိတ်ဟာ တစ်မျိုးတမည် မဖြစ်ဘူးဘုရား။ တစ်မျိုးတမည်ဆိုတာ ဒေါမဖြစ်ဘူးတဲ့၊ ဒေါသရဲ့အငွေ့ဖြစ်တဲ့ တအုံ နွေးနွေး ပူဆွေးမှုလည်းမဖြစ်ဘူး။ ငိုကြွေးမှုလည်း မဖြစ်ဘူးဘုရား၊ အဲဒီတော့ အရှင်သာရိပုတ္တရာက “နန္ဒမာတာ သင်ဟာ စိတ်ကို နိုင်နင်းအောင်ထိန်းပြီး သုတ်သင်ရှင်းလင်းနိုင်တယ်နော်”လို့ မိန့်တော် မူတယ်။ “ဒါတင် မကသေးပါဘူး ဘုရား။ နောက်တစ်ခု လျှောက်ထား ရအုံးမယ်တဲ့။ နောက်တစ်ခုကဘာလဲလို့ ဆိုတော့ သူ့ရဲ့အိမ်ရှင်ဟာ တစ်နေ့မှာ ကွယ်လွန်သွားပါတယ်။ ပြီးတော့ နတ်ဘီလူးမျိုးမှာ

http://www.dhammadownload.com



သွားပြီးတော့ဖြစ်ပါတယ်၊ ဖြစ်ပြီးတဲ့အခါ နဂိုတုန်းက ပုံစံအတိုင်း အိမ်မှာ လာပြီးတော့ သူအိပ်နေကျနေရာမှာ နဂိုက ပုံပန်းအသွင်သဏ္ဌာန်နဲ့ လာပြီးတပည့်တော်ကို အိပ်ပြပါတယ်ဘုရား။ အဲသလို အိမ်ရှင်ယောက်ျား ကွယ်လွန်ပြီးနောက် လာပြီး၊ လူဟန်ဖန်ဆင်းပြီး ပကတိရုပ်သွင်နဲ့ပြတာကို မြင်ရသော်လည်း တပည့်တော်ရဲ့စိတ်ဟာ တစ်မျိုးတစ်မည် မဖြစ်ပါဘူး ဘုရား၊ ဒေါသရဲ့အငွေ့အသက် သောကတွေ မဖြစ်ပါဘူးဘုရား"လို့ ဆိုတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "နန္ဒမာတာ အံ့ဩဖွယ် ပါပဲ၊ ထူးခြားပါပေ့၊ စိတ်ကို သုတ်သင်ရှင်းလင်းနိုင်တာပဲ၊" နောက်တစ်ခု လျှောက်ထားမယ်ဆိုရင်ဘုရား "တပည့်တော်တို့ ငယ်ငယ်ရွယ်ရွယ်က အိမ်ထောင်ပြုကြပါတယ်ဘုရား၊ အဲလိုအိမ်ထောင်ပြုပြီးတော့ မိမိရဲ့ အိမ်ရှင်မှတစ်ပါး အခြားယောက်ျား တစ်ဦးတစ်ယောက်အပေါ် စိတ်မရောက်ခဲ့ဖူးပါ။ တစ်နည်းအားဖြင့် မိမိရဲ့အိမ်ရှင်အပေါ်မှာ ကိုယ်နဲ့ ကျူးကျော်တယ် ဆိုတာကတော့ထားပါတော့ စိတ်ကလေးနဲ့တောင် ကျူးလွန်ပြီး မကျင့်သုံးဘူးပါဘူး ဘုရား၊" အဲဒီလိုလျှောက်ထားတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က "နန္ဒမာတာရယ် ထူးပါပေ့ အံ့ဩဖွယ် ရှိပါပေ့၊ စိတ်ကိုနိုင်နင်းအောင် သုတ်သင်နိုင်ပါပေ့ ရှင်းလင်းနိုင်ပါပေ့" "ဒါတင်မကသေးဘူး ဘုရား၊ လျှောက်ထားရမယ်ဆိုရင် တပည့်တော်ဟာ ရတနာသုံးပါးကို ကိုယ်းကွယ်တတ်တဲ့အဖြစ် ရောက်တဲ့နေ့စပြီး ဉပါသိကာမတို့ကျင့်ရမယ့် ငါးပါးသီလသိက္ခာပုဒ်တစ်ပုဒ်မှ မကျိုးပေါက် ပါဘူးဘုရား၊ မပြောက် မကွက်ရပါဘူး ဘုရား"။ "နန္ဒမာတာ ဒါလည်းပဲ ထူးပါပေ့ အံ့ဩဖွယ် ရှိပါပေ့"။ "ဆက်ပြီးလျှောက်ထားတာက ဘုရား တပည့်တော်ဟာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အဲဒီဈာန်လေးဆင့်လုံး သမာဓိအားကောင်းပြီး ဒီဈာန်တွေနဲ့ ပတ်သက်ပြီး အချိန်မရွေး အချိန်မရွေး ဒီဈာန်လေးပါးကို ဝင်စားနိုင်ပါတယ်ဘုရား၊ နောက်တစ်ခု ထူးခြားတဲ့အချက်ကတော့ တပည့်တော်ဟာ မြတ်စွာဘုရား က ဩရမ္ဘာဂိယ သံယောဇဉ်ငါးမျိုးကို ဟောခဲ့ပါတယ်။ ဩရမ္ဘာဂိယ

52(A)

http://www.dhammadownload.com



သံယောဇဉ် ဆိုတာ ဘာတွေလဲလို့ဆိုတော့ -

**သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ**

အဲဒီ ဩရမ္ဘာဂီယသံယောဇဉ်ငါးပါး။ အဲဒီငါးပါးထဲက တပည့်တော် မပယ်ရသေးတဲ့ သံယောဇဉ်ဆိုတာ မရှိပါဘူးဘုရား။ အားလုံးပယ်ပြီးပါပြီတဲ့ နန္ဒမာတာက အနာဂါမ်ကိုး။ အနာဂါမ်ဖြစ်တော့ "သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ" သီလဗ္ဗတပရာမာသ၊ ကမဆန္ဒ ဗျာပါဒ ငါးမျိုးလုံးသူ့သန္တာန်မှာ မရှိတော့ဘူး"။ အဲဒီတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "အံ့ပါ့နန္ဒမာတာရယ်၊ ထူးပါနန္ဒမာတာ"ရယ်တဲ့။

ပထမဆုံးအချက်က တန်ခိုးကြီးတဲ့ ဝေဿဝဏ်နတ်မင်းကြီးနဲ့ စကားပြောရတာ ထူးပါတယ်။ အံ့ဩဖွယ်ဖြစ်ပါတယ်။ နောက်ချစ်လှစွာသော သားကလေးတစ်ယောက် တစ်ဦးတည်းသောသားကလေး မင်းပြစ်မင်းဒဏ်သင့် သေတာတောင်မှ သောကပရိဒေဝ မဖြစ်ဘူး။ ထူးပါ့နန္ဒမာတာ။

နောက်ငယ်ရွယ်စဉ်အခါက အိမ်ထောင်ပြုပြီးထား အိမ်ရှင်ကွယ်လွယ်ပြီးတော့သွားတယ်။ တစ်ခုသောဘဝကနေပြီး နဂိုရ်ရုပ်သဏ္ဍာန်နဲ့ လာပြတာတောင်မှ သောကမဖြစ်ဘူး။ ဒါလဲထူးတဲ့အချက်ပဲ။

နောက်ငယ်ရွယ်စဉ်အခါက အိမ်ထောင်ပြုထားတဲ့ အိမ်ရှင်အပေါ်ကို ကျူးကျော်တဲ့စိတ်ရယ်လို့ မဖြစ်ဘူး၊ ကိုယ်နဲ့တော့ မပြောနဲ့တော့ စိတ်နဲ့တောင် မဖောက်ဘူး။ ဒါလည်းပဲ ထူးတဲ့အချက်ပဲ။

သာသနာတော်မှာ ဥပါသိကာ ဖြစ်တဲ့နေ့ကစပြီးတော့ ငါးပါးသီလထဲက ဘယ်သီလကိုမှ မကျူးကျော်ဘူးတဲ့၊ မဖျက်ဆီးဘူး။

ဈာန်လေးပါးတို့ကိုလည်း လိုတဲ့အချိန် လိုသလိုဝင်စားနိုင်တယ်။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ ခေါ်တဲ့ ဩရမ္ဘာဂိယ သံယောဇဉ် အောက်မဂ်သုံးပါးနဲ့ ပယ်လို့ရတဲ့ သံယောဇဉ်တွေ။ အဲဒီ သံယောဇဉ်တွေတစ်ပါးမှ မရှိတော့ပဲနဲ့ ဒီသံယောဇဉ်တွေ ကင်းတဲ့ အနာဂါမ်မကြီးဖြစ်နေတာလဲ အံ့ဩဖွယ်။ ဒါကြောင့်မို့ နန္ဒမာတာ

52(ဗ)

http://www.dhammadownload.com



မှာ ထူးခြားတဲ့ အံ့သြဖွယ်တွေရှိတယ်။ ထူးခြားတဲ့ အံ့သြဖွယ်တွေရှိတဲ့နန္ဒမာတာဟာ သာသနာတော်ကိုယုံကြည်မှုအခြေခံပြီးတော့မှ ဖြစ်ပေါ်လာတယ်။ ဒုလ္လဘတရားငါးပါး ထဲမှာလည်း သမ္မတ္တိ ဒုလ္လဘာ သဒ္ဓါတရားနဲ့ပြည့်စုံခြင်းဟာ ရခဲတယ်။ မျက်စိ၊ နား လင်းလင်းထင်းထင်းနဲ့ ဖြစ်ပြီးတော့နေတာ ရခဲတယ် ဆိုတဲ့အတိုင်း အဲဒီရခဲ့တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံမှု အခြေခံပြီးတော့ နန္ဒမာတာဟာ ဒီဂုဏ်ကျေးဇူးတွေရရှိပြီး ထူးဆန်းတဲ့ အံ့သြဖွယ်တွေနဲ့ပြည့်စုံတယ်။

အဓိကအားဖြင့်တော့ သဒ္ဓါယုံကြည်မှု အတော်အရေးကြီးတယ်။ သဒ္ဓါယုံကြည်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဆိုတာ ဘယ်လိုအကဲခတ်ရမလဲ။

**ဒဿနကာမော သီလဝတံ၊ သဒ္ဓမ္မံ သောတု မိစ္ဆတိ။**
**ဝိနယေ မစ္ဆေရ မလံ၊ သဝေသဒ္ဓေါတိ ဝုစ္စတိ။**

(၁) သီလရှိကုန်သော ဘုရားမြတ်စွာ ပစ္စေကာနှင့်အရိယာအပေါင်း သူတော်ကောင်းရဟန်းတော်တို့ကို ဖူးမျှော်လိုခြင်း၊

(၂) သူတော်ကောင်းတရား နာကြားလိုခြင်း၊

(၃) နှမြောဝန်တိုမှုဆိုတဲ့ အညစ်အကြေးကို ပယ်ဖျောက်နိုင်ခြင်း၊

အဲဒီ (၃)မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်၊ သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသား၊ သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသမီးလို့ ဒီလိုခေါ်ကြရတယ်။

အဲဒီ သဒ္ဓါတရားအခြေခံပြီးတော့မှ ယခုလို သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြတယ်။ အဲသလို အားထုတ်နိုင်တဲ့အတွက် စောစောကပြောခဲ့တဲ့ သာသနာနဲ့ ပတ်သက်တဲ့ ဂုဏ်ထူးတွေရရှိနိုင်တယ်။ အထူးအားဖြင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အစရှိတဲ့ တရားဆိုး၊ တရားပျက်တို့ မိမိတို့သန္တာန်မှာ စွဲကပ်ပြီးတော့နေတယ်။ ထင်ရှားရှိတဲ့ ရုပ်တရား၊ နာမ်တရားပေါ်မှာ ထင်ရှားမရှိတဲ့ ငါရယ်၊ သူရယ်၊ လူရယ်၊ နတ်ရယ် ထင်ရှားမရှိတဲ့

http://www.dhammadownload.com



ပညတ်တွေ ဒီလိုတင်စားပြီးတော့ ထားကြတာ။ ပညတ်ကို ခွာနိုင်ဖို့ ပရမတ်သက်သက်ကို မြင်နိုင်ဖို့လို့ ကြိုးစားမင်းစား အားထုတ်ပြီးတော့ ကြည့်နိုင်မှ မြင်နိုင်ပါတယ်။

အဲဒီလို မြင်နိုင်မှလည်း တရားရတယ်၊ တရားမြင်တယ်လို့ ခေါ်ပါတယ်။ ဒါကြောင့် အဲလို သက္ကာယအစရှိတဲ့ တရားဆိုး၊ တရားပျက်တွေကို ပယ်ရှင်းနိုင်ဖို့ရာအတွက် အခုလို (၇)ရက်စခန်းများ အားထုတ်ကြရတာပါပဲ။ ဒါကြောင့် မိမိတို့သဒ္ဓါတရား အခြေခံပြီး သဒ္ဓါတရားကို အရင်းခံထားပြီးတော့ သက္ကာယဒိဋ္ဌိ အစရှိတဲ့ တရားဆိုး၊ တရားပျက်များကို ပယ်ထုတ်နိုင်ရန် အားထုတ်ပြီးလာခဲ့တာ ဒီနေ့ (၄)ရက်မြောက်။ မနက်ဖြန်ဆိုရင် ရုပ်တရား၊ နာမ်တရားတွေ ပိုင်းခြားပြီး သိမြင်မှ သက္ကာယဒိဋ္ဌိကို ပယ်ဖျောက်နိုင်ပုံကို ဆက်ရမှာပါ။

ရုပ်တရား၊ နာမ်တရားတွေကို ပိုင်းခြားပြီးတော့ သိတယ်ဆိုတာ သင်ကြားလို့သိခြင်း၊ နာကြားလို့သိခြင်း၊ အားထုတ်လို့ သိခြင်း အမျိုးမျိုး ရှိတာထဲက အားထုတ်လို့သိမြင်တဲ့ အသိမျိုး။ အဲဒီ အားထုတ်လို့ မိမိစိတ်ကလေး တည်ကြည်ငြိမ်သက်ပြီး တည်ကြည်ပြီးတော့ ငြိမ်သက်ပြီးတော့နေတဲ့အခါ မိမိသန္တာန်မှာ ဖြစ်ပွားတဲ့ ရုပ်တရား၊ နာမ်တရားကို သိမြင်။ အဲဒီလို ပိုင်းခြားသိမြင်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဟာ သက္ကာယဒိဋ္ဌိ အစရှိတဲ့ တရားဆိုး၊တရားပျက်တွေကို ဖြေရှင်းနိုင်မှာ ပယ်ဖျောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် သက္ကာယဒိဋ္ဌိ အစရှိသော တရားဆိုး၊ တရားပျက်များကို ဖယ်ရှင်းနိုင်ဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသည့်အတိုင်း မိမိတို့အားထုတ်အပ်တဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ လမ်းစဉ်ဖြင့် သက္ကာယဒိဋ္ဌိ အစရှိသော တရားဆိုး၊ တရား ပျက်များ မိမိတို့သန္တာန်မှာ ဖယ်ရှင်းနိုင်ကြပါစေ၊ သုတ်သင်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို ရပ်နားလိုက်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပဥ္စမနေ့ဟောစဉ်

ယနေ့ သာသနာတော်နှစ် ၂၅၄၅ ခုနှစ်၊ ကောဇာသရာဇ် ၁၃၆၃ ခု၊ ကဆုန်လပြည့်ကျော် (၅)ရက်နေ့။

### ရေမြှုပ်ပမာ

ယနေ့ လယ်တီဝိပဿနာတရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တွေ ဝိပဿနာစခန်း ဝိပဿနာဘက်သို့ ကူးပြောင်းပြီးတော့ လာခဲ့ကြပြီ။ ကူးပြောင်းပြီးလာကြတဲ့အခါ ဝိပဿနာဆိုတဲ့ စကားရဲ့အဓိပ္ပါယ်က ဝိ= ထူးထူးခြားခြား၊ ပဿနာ= ရှုမြင်ခြင်း၊ ထူးထူးခြားခြား ရှုမြင်ခြင်း။ ရုပ်ထဲ ရွာထဲမှာ မြင်နေတာနဲ့ မတူဘူး။ ထူးထူးခြားခြား မြင်ရမယ်။ ထူးထူးခြားခြား ဘာတွေမြင်ရမလဲ ဝိပဿနာရဲ့အာရုံက ဘာလဲလို့ဆိုတော့ ရုပ်နာမ်ပါပဲ။ အဲဒီ ရုပ်မှာလဲပဲ ပင်မ မဟာဘုတ် ရုပ်လေးပါး မှီရာ ဥပါဒါရုပ်က (၂၄)ပါးရှိတာထဲက မြတ်စွာဘုရားက ပင်မရုပ်လေးပါးကိုပဲ များများစားစားကြီး မြင်အောင်ကြည့်ကြဖို့ ဟောကြားတော်မူချက်တွေ များစွာရှိပါတယ်။

ပင်မရုပ်ကြီးတွေ ကြည့်ပြန်တော့ ခန္ဓာငါးပါး ဟောကြားတဲ့အခါမှာဆိုရင် ရုပ်ကိုတစ်ပါး၊ နာမ်ကိုလေးပါး ခွဲပြီးတော့ ဟောပြပါတယ်။ အဲဒီတော့ အဲဒီရုပ်ဆိုတဲ့ နေရာမှာလဲပဲ ရုပ်အပေါင်းကြီးကို ရှုမြင်တဲ့နည်းနဲ့ ဟောကြားတော်မူတဲ့ ဒေသနာလဲ ရှိပါတယ်။ အစိတ်အစိတ် ခွဲခြားပြီးတော့ ရှုမြင်တဲ့နည်း၊ အဲဒီ အစိတ်အစိတ် ခွဲခြားပြီး ရှုမြင်တဲ့နည်းမှာ ဖေဏပိဏ္ဍူပမသုတ္တန်လို မိုးရာသီ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့အခါ ပိုပြီးတော့ ထင်ရှားပါတယ်။ ရေမြှုပ်ဆိုင်ကြီးတွေကို သဘောပေါက်အောင် ကြည့်ရမယ်။ ရူပံ= ရုပ်ကို၊ ဖေဏပိဏ္ဍူပမံ= ရေမြှုပ်ဆိုင်နှင့်တူ၏ဟူ၍၊ ဝုတ္တံ= ဟောကြားတော်မူအပ်ပါပေ၏။ ရုပ်ဆိုတော့ ဘာတွေလဲ။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။ တစ်နည်းအားဖြင့်ဆိုရင် ရေဓာတ်၊ မြေဓာတ်

http://www.dhammadownload.com



(၂)မျိုးနဲ့ ဖွဲ့စည်းထားတဲ့ (၃၂)ကောဋ္ဌာသရှိတဲ့ ခန္ဓာကိုယ်။ အဲဒီ ခန္ဓာကိုယ်ကြီးကို ပထမဆုံးဖြိုဖြန့်ပြီးတော့ ကြည့်မယ်ဆိုရင် "ဤကိုယ် ကာယ တစ်လံမျှ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်" ဤမြေဓာတ်လွန်ကဲတဲ့ (၂၀)သော ကောဋ္ဌာသတွေ ရွံ့စဖွယ်အနေ အားဖြင့် ရှုမြင်မယ်ဆိုရင် သမထကမ္မဋ္ဌာန်း ဖြစ်တယ်။ "သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်" ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ်တို့သာ ရှိပါကုန်သည်ကား။

ရေဓာတ်လွန်ကဲတာက သည်းခြေ၊ သလိပ် စသည် (၁၂)မျိုး။ စက်ဆုပ်ရွံ့ရှာဖွယ်နဲ့ ရှုမယ်ဆိုရင်တော့ သမထကမ္မဋ္ဌာန်း ဖြစ်တယ်။ ဓာတ်သဘောမြင်အောင် နောက်ဆုံးကျတော့ သုညဆိုက်အောင် ရှုနိုင်တဲ့ အခါ ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီရုပ်ကြီးကို မရှုမီ ဥပမာပေးပြီးထားတဲ့ ရေမြှုပ်ဆိုင်ကြီး သဘောပေါက်အောင် ကြည့်ကြ ရအောင်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုတဲ့ အချိန်အခါမှာ မြစ်အညာကနေပြီးတော့ ရေမြှုပ်ဆိုင်ငယ်လေး မျောလာတယ်။ တဖြည်းဖြည်း တဖြည်းဖြည်း ကြီးကြီး ကြီးကြီးပြီးတော့လာတယ်။ တစ်ချို့ ဖျာတစ်ချပ်စာလောက်ရှိတဲ့ ရေမြှုပ်ဆိုင်ခဲကြီးတွေ၊ တစ်ချို့လင်ပန်း ပမာဏရှိတဲ့ ရေမြှုပ်ဆိုင်တွေ၊ တစ်ချို့ကျတော့လဲ အိမ်လုံး၊ ကျောင်းလုံး လောက်ရှိတဲ့ ရေမြှုပ်ဆိုင်တွေမျောပြီးတော့ ပါလာတယ်။ အဲလိုပါလာတဲ့ အခါ ကြည့်လေ ဒီရေမြှုပ်ဆိုင်ကြီး အနှစ်သာရရှိရဲ့လားလို့ ပကတိ ရေမြှုပ်ဆိုင်ကို စဉ်းစားပြီးတော့ ကြည့်။ ကြည့်တဲ့အခါ ဒီရေမြှုပ် ဆိုင်ကြီးဟာ မြဲတယ်ဆိုတဲ့ အနှစ်သာရ ဘာမှမရှိ။ အဲဒီ ရေမြှုပ်ဆိုင် ကြီးဟာ အကြီးကြီးပဲ။ အိမ်လုံး၊ တောင်လုံးခန့် ရှိတာပဲ။ သူ့ကိုယူပြီးတော့ အိုးကလေးတွေ၊ ခွက်ကလေးတွေ လုပ်ဖို့ရာ မဖြစ်နိုင်ဘူး။ အိုးခွက်လဲ

http://www.dhammadownload.com



လုပ်လို့မဖြစ်။ ဒီရေမြှုပ်ဆိုင်ကြီး ကြည့်မယ်ဆိုရင် အိုးခွက်လဲ လုပ်လို့မဖြစ်။ အဆက်အစပ်တွေ အင်မတန်များတယ်။ အဆက်အစပ်တွေ များပြီးတော့ ပိုးများစွာတို့ရဲ့ ခိုနားရာ အိပ်ရာလဲဖြစ်၊ စားရာလဲဖြစ်၊ ဟော-ရေမြှုပ်ဆိုင်ဟာ စောစောတုန်းက ဇီးကင်းပမာဏကနေပြီး စလာတာ တဖြည်းဖြည်း တဖြည်းဖြည်း ကြီးလာတာ အိမ်လုံး တောင်လုံးပမာဏ ကြီးပြီးလာတယ်။ အဲဒီလိုကြီးလာပြီးတော့ ဒီရေမြှုပ်ဆိုင်ဟာ ဖြစ်တဲ့ နေရာမှာပဲ လှိုင်းလေတစ်ခုခုကြောင့် ပျက်စီးပြီးသွားနိုင်တယ်။ အနည်းငယ်သွားပြီးတော့လဲ ပျက်စီးနိုင်တယ်။ နောက်ဆုံးပင်လယ် သမုဒ္ဒရာထဲ ရောက်တဲ့အခါကျတော့ မှုန့်မှုန့်ညက်ညက် ဖြစ်ပြီးတော့ ပျက်စီးရတော့တာကိုး။ နောက်ဆုံးအပြီးသတ် ခရီးလမ်းက ပျက်စီးခြင်း ပါပဲ။ အလားတူပဲ ရေမြှုပ်ဆိုင်နဲ့ တူတဲ့ (၃၂)ပါးသော ကောဋ္ဌာသအဖွဲ့ အစည်းရှိနေတဲ့ ခန္ဓာကိုယ်ကိုကြည့်။ ကြည့်လိုက်တဲ့အခါကျတော့ မြဲတယ်ဆိုတဲ့ အနှစ်သာရ ရှာမရတဲ့အတွက်ကြောင့် အနှစ်ကင်းတယ်။ ဒီခန္ဓာကိုယ် အနှစ်သာရ ကင်းတယ်။ စောစောက ရေမြှုပ်ဆိုင်ကြီးကို ယူပြီးတော့ အိုးတို့၊ ခွက်တို့ တစ်စုံတစ်ခု ပြုလို့မရသလိုပဲ။ ဒီခန္ဓာကိုယ် ကြီးကို နိစ္စလို့ ယူမယ်လို့ စဉ်းစားလိုက်ပြန်တော့လဲ မမြဲတဲ့အချက်တွေ၊ ဆင်းရဲတဲ့အချက်တွေသာ တွေ့ရတယ်။

အတ္တ ငါပိုင်ပါတယ်လို့ ယူဆလိုက်မယ် ကြံပြန်တော့လဲ ဒီလိုလဲ မသင့်တော်ဘူး။ အဲဒီ ရေမြှုပ်ဆိုင်ကြီးဟာ ဇီးကင်းပမာဏကစပြီးတော့ ဖြစ်ပေါ်ပြီးတော့ ဖြစ်တဲ့နေရာမှာပဲ ပျက်စီးသွားနိုင်တယ်။ မပျက်စီးဘူး ဆိုရင် ပင်လယ်သမုဒ္ဒရာထဲမှာ မှုန့်မှုန့်ညက်ညက် ပျက်စီးသလို မိမိတို့ ခန္ဓာကိုယ်ဟာလဲပဲ ရှေးဦးစွာ ကလလရေကြည်လေးဘ၀မှာပဲ ပျက်စီး နိုင်တယ်။ အဲဒီ ကလလရေကြည် (၇)ရက်၊ အမြှုပ် ကလေးဘ၀ (၇)ရက်၊ အဲဒီကနေပြီး သွေးခဲလေးဘ၀ (၇)ရက်၊ အဲဒီက အသားတစ်ကလေး ဘ၀နဲ့ (၇)ရက်၊ အဲဒီကနေပြီး ခက်မငါးဖြာ (၇)ရက်လို့ အဲဒီလိုနဲ့ပဲ လူလုံးပေါ်လာတယ် ပြောပါတော့။ (၃၂)ကောဋ္ဌာသ ပီပီသသ

http://www.dhammadownload.com



ဖြစ်ပြီးတော့ သူရယ်၊ ကိုယ်ရယ် ဆိုပြီးတော့ ဖြစ်ပေါ်လာတော့ စတင် ဖြစ်ပေါ်လာတဲ့ ကလလရေကြည် အခိုက်အတန့်မှာလဲ ပျက်စီးနိုင်တယ်။ အကယ်၍ မပျက်စီးပါဘူးဆိုရင် အသက် (၆၀)(၇၀)ရောက်တဲ့ အခါကျတော့ စောစောက ရေမြှုပ်ဆိုင်ကြီး ပင်လယ်သမုဒ္ဒရာ ရောက်တဲ့ အခါကျတော့ မှုန်မှုန့်ညက်ညက် ပျက်စီးသွားသလိုပဲ။ နောက်ဆုံးကျတော့ သေမင်းရဲ့ခံတွင်းဝမှာ ဒီ (၃၂)ကောဋ္ဌာသခန္ဓာကိုယ်ကြီးဟာ မှုန့်မှုန့် ညက်ညက် ပျက်စီးကြရတယ်။ ရေမြှုပ်ဆိုင်ကြီးဟာ အဆက်အစပ်တွေ များတယ်။ အဲဒီလိုပဲ ဒီခန္ဓာကိုယ်ကြီးဟာလဲ ဆံပင်၊ မွေးညှင်း၊ သွား၊ အရေ ကောဋ္ဌာသတစ်ခုနဲ့တစ်ခု အဆက်အစပ်တွေ များစွာရှိတယ်။ အရိုးနဲ့ အသားအရေ အစရှိသည့် တစ်ခုနဲ့တစ်ခု အဆက်အစပ်တွေ ရှိတယ်။ ရေမြှုပ် ဆိုင်ကြီးဟာ ပိုများစွာတို့ရဲ့တည်ရာ၊ ပိုးများစွာတို့ရဲ့ အိပ်ရာနားရာ၊ ကျင်ကြီးကျင်ငယ်စွန့်ရာ ဖြစ်သလိုပါပဲ။

ဤခန္ဓာကိုယ်ဟာလဲပဲ ပိုးမျိုး(၈၀)ခိုတယ်ဆိုတဲ့ စကားအတိုင်း။ ဒီပိုးတွေဟာ ခန္ဓာကိုယ်မှာရှိနေတဲ့ ပိုးတွေဟာ စားတော့လဲ ခန္ဓာကိုယ်မှာ၊ နေတော့လဲ ဒီမှာနေတယ်။ ကျင်ကြီးကျင်ငယ် စွန့်တော့လဲ ဒီခန္ဓာကြီးမှာပဲ စွန့်တာ။ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ ပိုးများစွာတို့ရဲ့ တည်ရာမှီရာ အညစ်အကြေးစွန့်ရာ ပေါက်ဖွားရာဖြစ်တယ်လို့ ဒီရုပ်ကို ရေမြှုပ်ဆိုင်ကြီး ဥပမာနဲ့ကြည့်ပြီး ရှုပွားဆင်ခြင်ဖို့ မြတ်စွာဘုရားက ဥပမာပေးတယ်။ အဲဒီလို ရုပ်ကို ရေမြှုပ်ဆိုင်ကြီး ဥပမာထားပြီး ကြည့်ရှုမယ်ဆိုရင် အတော်အသင့် ဒီရုပ်ကို မြင်နိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ် ဆိုရင် ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ အဲဒီက နေပြီးတော့ အရေအတွက်အားဖြင့် (၂၀)ဟာ ခက်မာတဲ့သဘော ပထဝီ၊ နူးညံ့တဲ့သဘော ပထဝီ ဒီဓာတ်(၂)ပါး လွန်ကဲတယ်။ လွန်ကဲတယ် ဆိုတော့ အရိုးကြည့်ကြပါစို့။ မိမိတို့ခန္ဓာကိုယ်မှာ အရိုး၊ အရိုး ကြည့်လိုက် မယ်ဆိုရင် သူ့ကိုမေးစီစစ်ရမှာကိုး။ သူ့ကို မေးစီစစ်လိုက်တဲ့အခါ လူလား၊ နတ်လား၊ ဗြဟ္မာလား အစရှိသည်ဖြင့် မေးလိုက်ရင် သူက မေးလိုက်

http://www.dhammadownload.com



တိုင်း မဟုတ်ပါဘူးလို့ ခေါင်းရမ်းမှာပါပါပဲ။ "ဘာကောင်မှ မဟုတ်ပါဘူး"တဲ့။ ဒါဖြင့် မင်းက ဘယ်လိုဟာလဲလို့ ထပ်မေးတော့ နောက်ဆုံး အဖြေထွက်လာတာက မာတဲ့သဘော လေးသာ ရှိပါတယ်လို့ ဖြေမှာပါပဲ။ မာတဲ့ သဘောလေး ရှိတယ်။ အဲဒီ မာတဲ့သဘောလေးဟာ ဓာတ်ပါပဲ။ ဓာတ်ဆိုတာ ဘာလဲ။ သဘောပါပဲ။ သဘောဆိုတာ ဘာလဲဆိုတော့ သုည၊ ကင်းဆိတ်တတယ်။ ဘာမှ ကင်းဆိတ်သလဲ။ အဲဒီ အရိုးကို သတ္တဝါလို့ ခေါ်လို့လဲမရဘူး။ အသက်ရှိတယ်လို့ ပြောလို့လဲမရတော့ ဇီဝမဟုတ်ဘူး။ သတ္တဇီဝမှ ကင်းဆိတ်တယ်။ ပုဂ္ဂိုလ်သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်ရှိတယ်ဆိုတာမှ ကင်းဆိတ်တယ်။ အဲဒီတော့ နောက်ဆုံးကျတော့ ခက်မာတဲ့သဘောလေးသာ ရှိပါတယ်။ ခက်မာတဲ့ သဘောလေးဟာ နောက်ဆုံးအဖြေမှန်ပါပဲ။

အဲဒီ သဘောဆိုတာ ဘာလဲလို့ဆိုတော့ သုည၊ အဲဒီလို သုည ဆိုက်အောင် ကြည့်မယ်ဆိုရင် ပထဝီဓာတ်အရိုးနဲ့ ပတ်သက်ပြီးတော့ ဝိပဿနာဉာဏ် ဖြစ်တာကိုး။ အသားကျပြန်တော့ အသားကိုကြည့်၊ ကြည့်လိုက်တဲ့အခါ စောစောကပြောသလို နင်လား၊ ငါလား အစရှိ သဖြင့် မေးတဲ့အခါ မဟုတ်ဘူးပဲ ဖြေမှာပါပဲ။ နောက်ဆုံးကျတော့ နူးညံ့တဲ့သဘောလေးပဲ ရှိတယ်ဆိုတာ ဒါနောက်ဆုံး အဖြေပါပဲ။ နူးညံ့တဲ့ သဘော၊ သဘောဆိုတာ ဘာလဲဆိုတော့ ဓာတ်,ဓာတ်ဆိုတာနဲ့ သဘော အတူတူပေါ့။ အဲဒီ ဓာတ်ဆိုတာလေးက ဘာလဲဆိုတော့ သုညပါပဲ။ သုညဆိုတာ ကင်းဆိတ်တယ်။ ဘယ်မှကင်းဆိတ်သလဲ။ ပုဂ္ဂိုလ်သတ္တဝါ ရယ်လို့ ပြောလို့မရပါဘူး။ အသက်ရှိတယ်လို့ ပြောလို့မရဘူး။ နူးညံ့တဲ့ သဘောလေးပဲ နောက်ဆုံးအဖြေ။ အဲဒါ ဓာတ်ကိုရှုခြင်းပဲ။ ဓာတ်ကိုရှုရင် ဝိပဿနာဉာဏ် ဖြစ်တာပေါ့။ ဒါဖြင့် သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ ဆိုတာတွေထဲကနေ ထုတ်ပြီးကြည့်လိုက်ပြန်တော့ "ပြည်" ပြောကြပါစို့။ သွေးပဲပြောပြော၊ ပြည်ပဲပြောပြော တစ်ခုကိုထုတ်ပြီးတော့ မိမိခန္ဓာကိုယ်မှ သွေးကိုထုတ်ကြည့်လိုက်။ ကြည့်လိုက်တဲ့အခါ သင်ဟာ

http://www.dhammadownload.com



လူလားလို့မေးရင် ခေါင်းရမ်းမှာပါပဲ။ မဟုတ်ပါဘူးတဲ့။ လူလား၊ နတ်လားလို့မေးရင် မဟုတ်ဘူး။ ဒါဖြင့် ဘယ်လိုဟာလဲလို့ဆိုတော့ ယိုစီးတတ်တဲ့သဘောရှိပါတယ်။ ဖွဲ့စည်းတတ်တဲ့သဘော ရှိပါတယ်။ အဲဒီ ယိုစီးဖွဲ့စည်းဆိုတာ ဘာလဲလို့ဆိုတော့ ဓာတ်ပါပဲ။ ဓာတ်ဆိုတာ ဘာလဲလို့ ဆိုတော့ သဘောပဲ။ သဘောဆိုတာ ဘာလဲဆိုတော့ သုညပါပဲ။ သုညဆိုတာ ဘာလဲလို့ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိတ်တယ်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမမှ ကင်းဆိတ်တယ်လို့၊ အဲဒီလို တစ်ခုချင်း စိပ်ဖြာပြီးတော့ ခွဲခြားပြီးတော့ ကြည့်တာကို ဝိပဿနာနည်းလို့ ဒီလိုခေါ်ရမယ်။ သွေးလေးတစ်စက်က စလာခဲ့တဲ့ ခန္ဓာကိုယ်ကြီးကို တရားမျက်စေ့ ဉာဏ်မျက်စေ့နဲ့ မြင်အောင် ခွဲခြားကြည့်ပါ။

## တရားသိသူ (၂)မျိုး

အဲဒီတော့ မြတ်စွာဘုရားက တရားသိတဲ့ ပုဂ္ဂိုလ်ဟာ (၂)မျိုး ရှိပါတယ်။

(၁) သမ္မာသမ္ဗုဒ္ဓ ဘုရားလဲပဲ တရားသိတယ်။

(၂) ဘုရားရှင်ရဲ့ တပည့်သားသာဝကများလဲ တရားသိကြပါတယ်။

အဲလိုသိတော့ လမ်းကြောချင်းကတော့ အတူတူပဲ။ ရုပ်၊ ရုပ်ကို ကျကျနနမြင်၊ ကျကျနန မြင်ပြီးတော့ ငြီးငွေ့၊ ငြီးငွေ့ပြီးတဲ့အခါ တပ်မက်ခြင်းကင်း။ တပ်မက်ခြင်းကင်းမှ ကိလေသာမှ လွတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အပေါ်မှာလဲ ဒီအတိုင်းပဲ။ သူတို့ရဲ့ အမှတ်တံဆိပ်တွေ၊ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ရဲ့ သင်္ခတအမှတ်တံဆိပ်ကြီးတွေ၊ အဲဒီ သင်္ခတအမှတ်တံဆိပ်ကြီးတွေ မြင်လာတာကိုပဲ ယထာဘူတဉာဏ်၊ လက္ခဏာယာဉ်သုံးပါး အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်ကို

http://www.dhammadownload.com



မြင်တော့ သမ္မသနဉာဏ်၊ အဲဒီကနေ အဖြစ်အပျက်ကို မြင်မယ်ဆိုရင် ဥဒယဗ္ဗယဉာဏ်၊ အပျက်ချည်းသက်သက် မြင်တဲ့အခါ ဘင်ဉာဏ်၊ အဲဒီဉာဏ်တွေအားလုံးဟာ အဆင့်ဆင့်ဉာဏ်တွေ အားလုံးဟာ ဝိပဿနာဉာဏ်တွေချည်းပဲ။ အဲဒီကနေပြီးတော့ ဝိပဿနာဉာဏ် အဆင့်ဆင့် ကိန်းရာကနေပြီးတော့ ငြိမ်းငွေ့လာတယ်။ ငြိမ်းငွေ့ရာက နေပြီးတော့ တဖြည်းဖြည်း မဂ်ဉာဏ်ကူးတာပါပဲ။ အဲဒီတော့ ရဟန်းတို့ ငါဘုရား သမ္မာသမ္ဗုဒ္ဓ ဖြစ်တာဟာလဲ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို အမှန်အတိုင်း မြင်ပြီးတော့ ငြိမ်းငွေ့ရာက နေပြီးတော့ တပ်မက်ခြင်းကင်း မဂ်ဉာဏ်ဖြစ်ပေါ်လာတာပါပဲ။ ရဟန်းတော်တစ်ပါးပါး ဟာလဲပဲ ပညာနဲ့ကိလေသာတို့မှ လွတ်တဲ့ ရဟန်းတော်တစ်ပါးဟာလဲပဲ ဒီခန္ဓာငါးပါးတို့ရဲ့ ဖြစ်စဉ်ကို ကျကျနန သိပြီးတော့ နိဗ္ဗိဒါဉာဏ်ကနေပြီး အဆင့်ဆင့်တက်လာလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတာပါပဲ။

## ထူးတယ်

ဘာကွာသလဲ၊ ဘယ်လိုထူးသလဲလို့ဆိုတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကတော့ မဖြစ်ပေါ်သေးတဲ့လမ်းကိုလဲ ဖြစ်ပေါ်အောင် လမ်းထွင်တဲ့ပုဂ္ဂိုလ်၊ သာဝကများကတော့ လမ်းထွင်တဲ့နောက်က နေပြီးတော့ နောက်ယောင်ခံလိုက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ အဲဒီလို ထူးတယ်တဲ့။ တကယ်တမ်းကျတော့ ဒီခန္ဓာငါးပါးကိုပဲ တစ်နည်းအားဖြင့် ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်စဉ်ကို ကျကျနနသိပြီးတော့ တရား သိကြတာပါပဲ။

## ခြသေ့်မင်းကြီးလို

ဒါကြောင့် မြတ်စွာဘုရားက ဒီလိုတရားသိဖို့ရာ အတွက် နည်းအမျိုးမျိုးနဲ့ ဟောကြားတော်မူတော့ သီဟသုတ္တန်ကို ဟောကြားတဲ့ အခါမှာ ရဟန်းတို့ ခြသေ့်ဟာ လိုဏ်ဂူကနေပြီးတော့ ထွက်လာတယ်။

http://www.dhammadownload.com



ထွက်လာပြီးတော့ အရပ်လေးမျက်နှာ ကြည့်တယ်။ အရပ်လေးမျက်နှာ ကြည့်ပြီးတော့ တစ်ခါထဲ ခြင်္သေ့ဟာ အစာရှာထွက်တော့မယ်ဆိုပြီး ဟိန်းဟောက်ပြီး ထွက်တယ်။ အဲဒီလို ဟိန်းဟောက်လိုက်တဲ့အတွက် အားအင်ချိနဲ့တဲ့ သတ္တဝါလေးတွေ ပြေးဖို့ရာအချိန်ရတယ်။ လွတ်အောင် ပြေးမှပဲဟေ့။ ရေထဲမှာနေတဲ့ သတ္တဝါတွေကလဲ ရေထဲငုပ်ကြ၊ တွင်းထဲ နေတဲ့သတ္တဝါများ တွင်းထဲဝင်၊ နောက်ဆုံးကျတော့ မင်းနန်းတော်အိမ် စသည်မှာရှိနေကြတဲ့ ဆင်ကြီးတွေဆိုကြပါစို့၊ အဲဒီလို ဆင်ကြီးတွေကလဲ ခြင်္သေ့မင်းရဲ့အသံကြားတဲ့အခါ ကြောက်လန့်ပြီးတော့ အခင်းကြီး အခင်းလေးတွေသွားလို့ ဟိုဟိုဒီဒီ ပြေးကြလွှားကြလို့။ အဲလို ဆင်ကြီးတွေ တောင်မှ လန့်ပြီးတော့ ပြေးကြ၊ လွှားကြ၊ ခုန်ကြ၊ ပေါက်ကြ အဲဒီလို ဖြစ်တာကိုး။ အဲသလိုပဲတဲ့ မြတ်စွာဘုရား ပွင့်ပေါ်တော်မူလာပြီး တရားဟောကြားတဲ့အခါ ရုပ်အကြောင်း၊ နာမ်အကြောင်း ပြည့်ပြည့်စုံစုံ ဟောကြားတော်မူတယ်။ အဲဒီလို ဟောကြားတဲ့အတွက် ရှိန့်ရှိန့်သတ္တဝါတွေ မပြောပါနဲ့။ အင်မတန် တန်ခိုးကြီးပြီးတော့ အင်မတန်အသက်ရှည်ကြတဲ့ ဘုန်းနန်းဗိမာန်ကြီးတွေနဲ့ နေကြထိုင်ကြတဲ့ အဆင့်အတန်းမြင့်တဲ့ နတ်မင်းကြီးတွေ၊ ဗြဟ္မာမင်းကြီးတွေတောင်မှ "တို့က နဂိုတုန်းက မြဲတယ် လို့ထင်တာ။ အခုတော့ မမြဲပဲကိုး၊ တို့တတွေဟာ စိုးပိုင်တယ်လို့ထင်ခဲ့တာ တကယ်တမ်းကျတော့ မစိုးပိုင်ပဲကိုး"လို့၊ အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ် သတ္တဝါတွေတောင် မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ကြောင့် အသိဉာဏ်တွေ ရရှိကြတယ်။ အဲလို အသိဉာဏ်တွေရရှိကြတဲ့အခါ ဘုရားရှင်ကလဲ နည်းမျိုးစုံနဲ့ အသိဉာဏ်ရအောင် ဟောကြားတော် မူခဲ့တယ်။

## ပညာရှိ

လုံ့လဝီရိယ ပြုတာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရား သုံးမျိုး ဟောကြားတော်မူပါတယ်။ ဘာတွေလဲလို့ဆိုတော့-

http://www.dhammadownload.com



(၁) မဖြစ်ပေါ်သေးတဲ့ မကောင်းတဲ့ အကုသိုလ်တွေကို မဖြစ်အောင် လုံ့လပြုခြင်း၊
(၂) မဖြစ်ပေါ်သေးတဲ့ ကောင်းတဲ့ကုသိုလ်တွေဖြစ်အောင် လုံ့လပြုခြင်း၊
(၃) မိမိခန္ဓာကိုယ်မှာ စွဲကပ်ပြီးတော့နေတဲ့ ခါးစပ်တဲ့မနှစ်မြို့ဖွယ် ဖြစ်တဲ့ ရောဂါများ ပျောက်ကင်းအောင် ကုစားဖို့ရာ လုံ့လပြုခြင်း။

ဒီအချက်သုံးချက်ပါပဲ။ အဲဒီတော့ မကောင်းမှုအကုသိုလ်တွေ မိမိသန္တာန်မှာ မဖြစ်သေးဘူးဆိုရင် မဖြစ်အောင် လုံ့လပြုတဲ့နေ့။ မိမိသန္တာန်မှာ ကုသိုလ်တရားတွေ မဖြစ်သေးဘူး။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ မိမိတို့သန္တာန်မှာ သမထကုသိုလ်၊ ဝိပဿနာကုသိုလ် မဖြစ်သေးဘူး။ အဲဒီ ကုသိုလ်တွေ ဖြစ်ပွားအောင် ကြိုးစားမှုပဲ။ ကြိုးစားတဲ့နေ့။ မိမိသန္တာန်မှာ စွဲကပ်ပြီးတော့ နေတဲ့ ရောဂါမျိုးစုံ ပျောက်ကင်းအောင် လုံ့လပြုတဲ့နေ့။ အဲဒီအချိန်ကစပြီးတော့ အဲသလို သူတော်ကောင်းမျိုးကို သမ္မာ= ကောင်းစွာ၊ ဒုက္ခဿ= ဒုက္ခ၏၊ အန္တကိရိယာယ= နိဂုံးခပတ် အဆုံးသတ်ခြင်းငှါ၊ အာတာပီ= လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ= ခေါ်ဆိုနိုင်ပါ၏။ မကောင်းမှုအကုသိုလ်တွေ မဖြစ်သေးဘူး။ အဲဒီ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်အောင်၊ မဖြစ်သေးတဲ့ ကုသိုလ်တရားများကိုတော့ ဖြစ်ပွားအောင်၊ ခန္ဓာကိုယ်မှာ စွဲကပ်နေတဲ့ရောဂါများကိုတော့ ပျောက်ကင်းအောင် လုံ့လပြုတဲ့ အချိန်ကစပြီးတော့ ထိုပုဂ္ဂိုလ်ကို ဒုက္ခတွေ နိဂုံးချုပ်ဖို့ရာ လုံ့လဝီရိယ ပြုနေသောသူ၊ အာတာပီ= အဲဒီပုဂ္ဂိုလ်မျိုးကို နိပကပညာရှိ ခေါ်တယ်။ အဲဒီသုံးမျိုးနဲ့ ပတ်သက်ပြီးတော့ လုံ့လပြုသောပုဂ္ဂိုလ်ကို သတိရှိသူလို့ ဒီလိုခေါ်ဆိုနိုင်တဲ့အကြောင်း မြတ်စွာဘုရား မိန့်ကြားထားတာရှိတယ်။ ဒါကြောင့်မို့ ယောဂီသူတော်စင်များ မိမိတို့သန္တာန်မှာ မဖြစ်ပွားသေးတဲ့ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာ ကုသိုလ်

http://www.dhammadownload.com



များ ဖြစ်ပွားဖို့ရာအတွက် ကြိုးစားနေတယ်လို့ဆိုတော့ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ **"အာတာပီ နိပကော သတော၊ သမ္မာဒုက္ခဿ အန္တကိရိယာယ"**။ သမ္မာ= ကောင်းစွာ၊ ဒုက္ခဿ= ဆင်းရဲဒုက္ခ၏၊ အန္တကိရိယာယ= နိဂုံးခပတ် အဆုံးသတ်ခြင်းငှါ၊ အာတာပီ= လုံ့လ ကြိုးကုတ် အားထုတ်နေသောသူ ဟူ၍ ဒုက္ခတွေအားလုံး ချုပ်ငြိမ်းရန် အတွက် လုံ့လကြိုးကုတ် အားထုတ်နေသောသူလို့ ဘုရားရှင် ရွှေနှုတ် တော်ထွက်စကားနဲ့ အံကိုက်ပဲ။ အခု ယောဂီသူတော်စင်များ မိမိ သန္တာန်မှာ မဖြစ်သေးတဲ့ ကုသိုလ်ဥတရားများ ဖြစ်ပွားဖို့ရာ၊ မဖြစ်သေးတဲ့ ကုသိုလ်အကျိုးဝင်တဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပွားဖို့ရာ ကြိုးပမ်း နေတဲ့အတွက် အာတာပီ= လုံ့လဝီရိယပြုနေတဲ့ ပုဂ္ဂိုလ်၊ နိပကော= အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်၊ သတော= သတိရှိတဲ့ ပုဂ္ဂိုလ်လို့ မြတ်စွာဘုရားက ဂုဏ်ပုဒ်သုံးပုဒ် ထားပြီးတော့ ချီးကျူးစကား မိန့်ကြားတော်မူခဲ့တဲ့အတိုင်း မိမိတို့ဟာ မိမိတို့သန္တာန်မှာ မဖြစ်သေးတဲ့ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်၊ ဘာဝနာကုသိုလ် အဆင့်ဆင့်ဖြစ်ပွားဖို့ရန် အတွက် ကြိုးပမ်းနေတဲ့အတွက်ကြောင့်မို့ ဘုရားရှင်ရဲ့ ရွှေနှုတ်တော်ထွက် နဲ့အညီ အာတာပီ= ကိလေသာကို ပူပန်စေတတ်တဲ့ လုံ့လရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေပြီ။ နိပကော= အသိ အလိမ္မာ ဉာဏ်ပညာ ကြပ်ကြပ်ကိန်းဝပ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေပြီ။ သတော= သတိရှိတဲ့ပုဂ္ဂိုလ် ဖြစ်နေပြီလို့ ခေါ် ဆိုနိုင်တယ်။

မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် စကားနဲ့အညီ ဖြစ်နေပြီမို့ မြတ်စွာဘုရားရဲ့ ရွှေစိတ်တော်ကို နှစ်သက်ရွှင်လန်းစေအပ်ပြီလို့ စိတ်ထဲမှာ အားရကျေနပ်ပြီးတော့ ရှေ့ဝိပဿနာဉာဏ် အဆင့်ဆင့် ရရှိအောင် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်း တိုက် တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒတရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ သာသနာနှစ် ၂၅၄၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃ ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်နေ့။

### အက္ခရာလုံးရေ

မြတ်စွာဘုရား (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို အက္ခရာလုံးရေအားဖြင့် သတ်မှတ်ပြီးတော့ ပြောမယ်ဆိုရင် **"အောင်စံဖြိုး ဟိုးလေးကျော် ဟော်နန်းလုံးရေတော်"**တဲ့။

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ တရားတော်တွေဟာ အက္ခရာလုံးရေအားဖြင့် (၁၃၅၈၄၂၈၀)ရှိတယ်။ တစ်ချို့ပညာရှင်တွေက ပိဋကတ်သုံးပုံမှာ အက္ခရာဘယ်လောက်ပါဝင်သလဲဆိုရာမှာ "၄၁"လုံးပါပဲလို့ ဖြေကြဖူးတယ်။ **"အောင်စံဖြိုး ဟိုးလေးကျော် ဟော်နန်းလုံးရေတော်"**ဆိုတဲ့ စကားအတိုင်း (၁၃၅၈၄၂၈၀)။ အဲဒီလိုများပြားတဲ့ လုံးရေတော်တွေထဲမှာ အနှစ်သာရကောက်လိုက်တော့ စကားလုံး (၆)လုံးရတယ်။ အဲဒီ (၆)လုံးက **"ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ"**။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် စကားတော်တွေ (၁၃၅၈၄၂၈၀)ရှိတဲ့ စကားတော်တွေ အနှစ်ချုပ်လိုက်တဲ့အခါကျတော့ အနှစ်သာရအားဖြင့် စကား(၆)လုံး။ အဲဒီ စကား(၆)လုံးထဲက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ ဝိပဿနာဉာဏ်အမြင် အနိစ္စလို့မြင်ပါ၊ ဒုက္ခလို့မြင်ပါ၊ အနတ္တလို့မြင်ပါလို့ မြတ်စွာဘုရားက နည်းမျိုးစုံနဲ့ ဟောကြားတော်မူတယ်။

### ငါဘုရားနဲ့ ငြင်းခုံနေကြ

မြတ်စွာဘုရား သာဝတ္ထိပြည်မှာနေတော်မူတဲ့အခါ ထူးထူးဆန်းဆန်း ရဟန်းတို့ လောကကြီးဟာ ငါဘုရားနဲ့ငြင်းခုံနေတယ်။ ငါဘုရားကတော့ လောကကြီးနဲ့ မငြင်းခုံပါဘူး။ ရဟန်းတို့ လောကကြီး

53(A)

http://www.dhammadownload.com



ဟာ လောကလူသား သတ္တဝါအများဟာ ငါဘုရားနဲ့ ငြင်းခုံနေတယ်။ ငါဘုရားကတော့ မငြင်းခုံပါဘူး။ ဘာကြောင့် ဒီစကားမိန့်ရသလဲ လို့ဆိုတော့ ငါဘုရားက မရှိပါဘူး ဆိုတဲ့စကားကို မရှိဘူးလို့ပဲ ဟောနေ တာပါ။ ပညာရှင်များက ရှိပါတယ်ဆိုတဲ့ စကားကိုလဲ ရှိတယ်လို့ပဲ ဟောပါတယ်။

ပညာရှင်များက ဘာကိုမရှိဘူးလို့ ဟောသလဲ။ ပညာရှင်များက ရုပ်သည်မြဲတယ်ဆိုတာ မရှိဘူး။ အနှစ်သာရရှိတယ်ဆိုတာ မရှိဘူး။ မဖောက်ပြန်ဘူးဆိုတာ မရှိဘူးလို့ ပညာရှင်တွေက ပြောကြတယ်။ နောက်ပညာရှင်တွေရဲ့ စကားတစ်ခွန်းက ဘာလဲလို့ဆိုတော့ ရုပ်သည် အနိစ္စ= မမြဲဘူး။ အသာရ= အနှစ်သာရ မရှိဘူး။ ဝိပရိဏာမဓမ္မ= ဖောက်ပြန်ခြင်းရှိတယ်။ အဲဒီ မမြဲဘူး။ အနှစ်သာရကင်းတယ်။ ဖောက်ပြန် ခြင်းရှိတယ် ဆိုတဲ့စကားကိုတော့ ပညာရှင်တွေက အသိအမှတ်ပြု သတ်မှတ်တယ်။ ငါဘုရားကလဲ ဒီအတိုင်းပါဘဲ။ မရှိတာကို မရှိဘူးလို့ ဟောပါတယ်။ ရှိတာကိုလဲ ရှိတယ်လို့ပဲ ဟောပါတယ်။ မရှိတာ ဘာတွေ လဲလို့ဆိုတော့ ရုပ်မြဲခြင်း၊ ရုပ်အနှစ်သာရရှိတယ်။ ရုပ်မဖောက်ပြန်ဘူး။ အဲဒါတွေဟာ မရှိပါဘူး။ ဝေဒနာခံစားမှုမှာလဲ ဒီအတိုင်းပါပဲ။ ဝေဒနာ ခံစားမှု၊ စံစားမှုဟာလဲ မြဲတယ်။ အနှစ်သာရရှိတယ်။ ဖောက်ပြန်ခြင်း ကင်းတယ်။ ဒီအချက်တွေဟာ မရှိပါဘူးလို့ ပညာရှင်တွေက ပြောခဲ့ပါ တယ်။ ဝေဒနာသည် မမြဲ၊ အနှစ်သာရကင်းတယ်။ ဖောက်ပြန်တယ်၊ ဒါတွေကျတော့ ရှိတယ်လို့ ပညာရှင်တွေက သတ်မှတ်ပါတယ်။ သညာ၊ သင်္ခါရ၊ ဝိညာဏ်လဲ အဲဒီအတိုင်းပါပဲ။ ဝိညာဏ်= အသိသဘော စိတ်မနေသလေးဟာ ဟော မြဲခြင်း၊ အနှစ်သာရရှိခြင်း၊ ဖောက်ပြန်ခြင်း၊ ကင်းခြင်း၊ ဒါတွေဟာ မရှိဘူးလို့ ပညာရှင်တွေက သတ်မှတ်ကြတယ်။ ဒါကို ငါဘုရားကလဲ မရှိဘူးလို့ဘဲ ဟောပါတယ်။ ဟော- အသိသဘော စိတ်မနေသလေးဟာ မမြဲ၊ အနှစ်သာရကင်း၊ ဖောက်ပြန်ခြင်းရှိ ဒီသုံးမျိုး ကျတော့ ရှိတယ်လို့ ပညာရှင်တွေက ပြောတယ်။ မမြဲတဲ့သဘောရှိတယ်။

၄၅၈)

http://www.dhammadownload.com



အနှစ်သာရ ကင်းတာလဲ ရှိတယ်။ ဖောက်ပြန်ခြင်းဆိုတာလဲ ရှိတယ်။ အဲလို ငါဘုရားကလဲ ထပ်ဆင့်ပြီးတော့ ဟောပါတယ်။

ရုပ်ဟာမမြဲဘူး၊ အနှစ်သာရကင်းတယ်၊ ဖောက်ပြန်တယ်။ အဲဒီလို ဟောနေတဲ့အခါမှာ လောကလူသား ငမိုက်သားတွေက ဒါကို မြဲပါတယ်လို့ ပြောချင်ကြတယ်။ အနှစ်သာရရှိတယ်လို့လဲ ပြောချင်ကြတယ်။ ငါဘုရားနဲ့ ငြင်းခုံချင်ကြတယ်။ ဖောက်ပြန်ခြင်း ကင်းပါတယ်လို့လဲ ငြင်းခုံချင်ကြတယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်နဲ့ ပတ်သက်ပြီးတော့လဲ ဒီလိုပဲ။ မရှိကို အရှိ၊ အရှိကို မရှိ။ ဒီလိုပဲ လောကငမိုက်သားတွေက ငါဘုရားနဲ့ ငြင်းခုံချင်ကြတယ်လို့ ဒီစကား မိန့်ကြားတော်မူတယ်။

## နွားချေးတုံး

အဲလို မိန့်ကြားတော်မူပြီးတော့ တစ်နေ့ကျတော့ မြတ်စွာဘုရား မြစ်ကမ်းနားမှာ သီတင်းသုံးပြီးတော့နေတော့ နွားချေးခဲ တစ်တုံးက မျောလာတယ်ဆိုပါစို့။ မျောလာတော့ "ရဟန်းတို့ ဟိုမြစ်ထဲမှာ မျောလာတဲ့နွားချေးတုံးကို မြင်ကြရဲ့လား"။ "မြင်ပါတယ် ဘုရား"လို့ လျှောက်တော့၊ "အဲဒီ နွားချေးတုံးဟာ မြဲပါ့မလား။" "မမြဲပါဘုရား"။ "အဲဒီနွားချေးတုံးဟာ အနှစ်သာရရှိပါသလား။"၊ "မရှိပါဘုရား"။ အဲဒီလိုဘဲတဲ့ ရုပ်ဟာ အနှစ်သာရမရှိဘူး၊ မမြဲဘူး။ ခံစားချက် ဝေဒနာဟာလဲ အနှစ်သာရမရှိဘူး၊ မမြဲဘူး၊ ဖောက်ပြန်ခြင်း ရှိတယ်။ သညာ= အဖြူ အညို အစရှိသဖြင့် မှတ်သားမှု၊ သင်္ခါရ= ပြုပြင်စီစဉ်မှု၊ ဝိညာဏ= ကြံစည်တွေးတောမှု၊ အားလုံးဟာ အဲဒီ နွားချေးတုံးလိုပါပဲ။ အနှစ်သာရလဲ မရှိဘူး။ မြဲလဲမမြဲဘူးလို့ ဟောကြားတော်မူပြီးတော့ ရှေးကဖြစ်စဉ်တစ်ခုကို ဆက်ဟောတယ်။ ရဟန်းတို့ ငါဘုရားဟာ မဟာသုဒဿနစကြာမင်း ဖြစ်ခဲ့တယ်။

54(A)

http://www.dhammadownload.com



အဲဒီနေရာမှာ ကုသဝတီအစရှိတဲ့ မြို့ပေါင်းကလဲပဲ ရှစ်သောင်းနဲ့ လေးထောင်။

ဓမ္မအစရှိတဲ့ ပြာသဒ်ပေါင်းကလည်း ရှစ်သောင်းလေးထောင်၊ ပလ္လင်ပေါင်းကလည်း ရှစ်သောင်းလေးထောင်၊ စီးတော်ဆင် ရှစ်သောင်း လေးထောင်၊ စီးတော်မြင်း ရှစ်သောင်းလေးထောင်၊ မိဖုရားရတနာ ရှစ်သောင်းလေးထောင်၊ သားကြီးရတနာ ရှစ်သောင်းလေးထောင် မြောက်များစွာ ရှိခဲ့ဖူးတယ်။ ဒါပေမယ့်လို့ ရှစ်သောင်းလေးထောင်ရှိပေမဲ့ ငါဘုရားကတော့ မြို့မှာလဲ ကုသဝတီမြို့တစ်မြို့ထဲပဲ သုံးဆောင်ပါတယ်။ ပြာသဒ်မှာလည်း ဓမ္မပါသာဒ ပြာသဒ်တစ်ဆောင်ပဲ သုံးဆောင်ပါတယ်။ အဲဒီလို ဟောကြားပြီးတဲ့အခါ အဲဒီ ရှစ်သောင်းလေးထောင် သော နေပြည်တော်တွေ၊ မြို့တွေဟာ ဆိပ်သုဉ်းကုန်ကြပြီ။ ရှစ်သောင်း လေးထောင်သော ပလ္လင်တော်၊ ရှစ်သောင်းလေးထောင်သော ဆင်တော်၊ ရှစ်သောင်းလေးထောင်သော မြင်းတော်၊ ရှစ်သောင်း လေးထောင်သော မိဖုရားရတနာ၊ ရှစ်သောင်းလေးထောင်သော သားကြီးရတနာတို့ဟာ ပျက်စီးကုန်ကြပြီ။ အသုံးအဆောင်အားလုံးဟာ သင်္ခါရ ဖြစ်ပျက်သဘော ဆောင်တဲ့ သင်္ခါရအားလုံးဟာ ပျက်စီးကုန်ကြပြီ။ ဒါကြောင့်-

**အလမေဝသဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံအလံ ဝိရဇ္ဇိတုံအလံ ဝိမုစ္စိတုံ။**

ဘိက္ခဝေ= ရဟန်းတို့၊ သဗ္ဗသင်္ခါရေသု= လုံးစုံများစွာ သင်္ခါရ တရားမှန်သမျှတို့၌၊ နိဗ္ဗိန္ဒိတုံ= ဖော်မေ့ရိဖျင်း ငြီးငွေ့ခြင်းငှာ။ အလမေဝ= သင့်လှတော့သည်သာ။ သင်္ခါရတရားတွေနဲ့ ပတ်သက်လို့ ငြီးငွေ့စရာ သိပ်ကောင်း တာပဲ။ ဝိရဇ္ဇိတုံ= အာသာကုန်ကင်း စိတ်ကုန်ရှင်း၍ တပ်မက်ခြင်း ကင်းခြင်းငှာ၊ အလမေဝ= ထိုက်တော့သည်သာ။ အာသာ ကုန်ကင်း စိတ်ကုန်ရှင်းပြီး တပ်မက်ခြင်း ကင်းဖို့ရာထိုက်တော့သည်သာ။ ဝိမုစ္စိတုံ= ခယ ဝယ ဘိဇ္ဇနမို့ စိတ်ကလွတ်ကင်း လွတ်မြောက်ခြင်းငှါ၊ အလံ= ထိုက်သည်သာ။ သင်္ခါရတရားတွေဟာ အဲဒီလိုပဲ သေးငယ်တဲ့

54(B)

http://www.dhammadownload.com



နွားချေးတုံးလေးဟာလဲ မြဲတယ်။ အနှစ်သာရ ရှိတယ်ဆိုတာ ပြောမဖြစ်ဘူး။ ကြီးကျယ်လှတဲ့ မြို့ကြီးတွေ၊ ကြီးကျယ်လှတဲ့ ပြဿဒ်ဆောင်ကြီးတွေ၊ ဘုံနန်းဗိမာန်ကြီးတွေဟာလဲ အဲဒီ နွားချေးခဲလေးလိုပါပဲ။ အနှစ်သာရလည်း မရှိပါဘူး။ မြဲတယ်ဆိုတာလည်း မရှိပါဘူး။ အဲဒီလို မြတ်စွာဘုရားဟောကြားခဲ့ပါတယ်။ (၁၁)ရက် (၉)လက ကုလသမဂ္ဂ ကုန်သွယ်ရေးအဆောက်အဦးတွေ ပင်တဂွန်စစ်ဌာနချုပ်တွေ လုံခြုံရေး ထူထပ်စွာ ချထားပေမဲ့ ဖျက်ဆီးခဲ့ကြတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီသင်္ခါရတရားတွေနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် ရုပ်တရား၊ နာမ်တရား၊ တစ်နည်းအားဖြင့် ခန္ဓာငါးပါး၊ ဒီတရားတွေနဲ့ ပတ်သက်ပြီးတော့ မမြဲဘူးလို့ မြင်စေချင်တာ။ အနှစ်သာရ မရှိဘူးလို့ မြင်စေချင်တာ။ ဖောက်ပြန်ခြင်း ရှိတယ်လို့ မြင်စေချင်တာ။ အဲဒီတော့ မြင်စေချင်တဲ့အတိုင်း မြင်အောင်ကြည့်ပြီးတော့နေတာကို မြတ်စွာဘုရားနဲ့ အလျော်နေတယ် မငြင်းလုံးဖူးလို့ ခေါ်ရမှာပေါ့။ မမြဲတာတွေကို မြဲတယ်။ အနှစ်သာရမရှိတာတွေကို ရှိတယ်၊ ဖောက်ပြန်ခြင်း ရှိတာတွေကို ဖောက်ပြန်ခြင်း ကင်းတယ်လို့ မြင်နေရင် ထင်နေရင် မြတ်စွာဘုရားနဲ့ တစ်ဖက်သတ်ငြင်းခုံရာ ရောက်တယ်။ ကျားကျားမီးယပ် ဆိုတာမျိုးဖြစ်နေမယ်။ ဒါကြောင့် အခုယောဂီသူတော်စင်များ မြတ်စွာဘုရားနဲ့ မငြင်းခုံပဲနဲ့ ဘုရားရှင်က မရှိဘူးလို့ ဟောတဲ့တရားကို မရှိဘူးလို့ မြင်အောင် အားထုတ်နေတာပါပဲ။ ရှိပါတယ်လို့ ဟောတဲ့တရားကိုလည်း ရှိတဲ့အတိုင်းပဲ မြင်အောင် အားထုတ်နေတာပါပဲ။ မရှိတာက ဘာတွေ မရှိတာလဲ။ ဟော- မြဲတယ်ဆိုတာ မရှိဘူး။ အနှစ်သာရရှိတာ မရှိဘူး၊ ဖောက်ပြန်ခြင်းကင်းတယ်ဆိုတာမရှိဘူး၊ ရှိတယ်ဆိုတာ ဘာတွေရှိသလဲ ဆိုရင်တော့ မမြဲတာရှိတယ်၊ အနှစ်သာရမဲ့တာရှိတယ်၊ ဖောက်ပြန်ခြင်း သဘောတရား ရှိတယ်။ အဲဒါတွေကို အရှိအတိုင်း မြင်ရမယ်။ "တရားအားထုတ်တယ်ဆိုတာ မရှိတာကိုမရှိဘူး၊ ရှိတာကိုရှိတယ်လို့ မြင်အောင် ပြုလုပ်နေခြင်းပါပဲ။ အဲဒီတော့ မိမိတို့ဝိပဿနာပိုင်းမှာ မိမိတို့

http://www.dhammadownload.com



စိတ်ကလေးတစ်ခုဆိုကြပါစို့။ စိတ်ကလေးဟာ မြင်တာကို အကြောင်းပြု ပြီးတော့ ဖြစ်တဲ့ မြင်သိစိတ်၊ ကြားတာကို အကြောင်းပြုပြီးတော့ ဖြစ်တဲ့ ကြားသိစိတ်၊ နံတာကို အကြောင်းပြုပြီးတော့ ဖြစ်တဲ့ နံသိစိတ်၊ လျှက်တာကို အကြောင်းပြု ပြီးတော့ ဖြစ်တဲ့ စားသိစိတ်၊ ထိတာကို အကြောင်ပြုပြီးတော့ ဖြစ်တဲ့ ထိသိစိတ်၊ တွေးတောကြံတာကို အကြောင်း ပြုပြီးတော့ ဖြစ်တဲ့ တွေးကြံသိစိတ်၊ စိတ်ဟာ အာရုံကိုယူတတ်တယ်။ အသိသဘောလေး ရှိတယ်။ စောစောကပြောတဲ့ မြင်သိစိတ်၊ ကြားသိ စိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်လို့ အဲဒီစိတ်ကိုပဲ (၆)မျိုးခွဲပြီးတော့ ကြည့်ကြတဲ့အခါမှာ အဆင်းမျိုးစုံ ရူပါရုံတို့ အကြောင်းပြု ပြီးတော့ မိမိရဲ့စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးနဲ့ ထိခိုက်ရာက နေပြီးတော့ မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ အဲဒီ မြင်သိစိတ် ကလေးဟာ မြဲသလား၊ မမြဲဘူးလားလို့ စဉ်းစားပြီးကြည့်လိုက်တော့ မမြဲဘူးဆိုတဲ့ အဖြေထွက်ပါလိမ့်မယ်။ အနှစ်သာရရှိသလားလို့ ကြည့်လိုက်ပြန်တော့ အနှစ်သာရ ကင်းတယ်လို့ အဖြေထွက်ပါလိမ့်မယ်။ ဒါဖြင့် ဖောက်ပြန်ယိုယွင်းခြင်း မရှိတော့ဘူးလား။ ဒီမြင်သိစိတ်ကလေး ဟာ သိပ်ပြီးတော့ကောင်းတာပဲ ကြည့်ရတာ သိပ်ကောင်းတာပဲ ဆိုပြီး တော့ ကြာရှည်ထိန်းပြီးတော့ ထားနိုင်မလားဆိုတော့ သူ့သဘာဝ ထုံးစံအတိုင်းပဲ ဖောက်ပြန်ခြင်း သဘောရှိတယ်။ အဲဒီတော့ မမြဲတဲ့ အချက်ကိုလည်း မြင်တယ်။ အနှစ်သာရကင်းမဲ့တဲ့ အချက်အလက် ကိုလည်း မြင်တယ်။ ဖောက်ပြန်တဲ့အချက်ကိုလည်း မြင်တယ်။ တရား အားထုတ်ကြည့်တဲ့အခါမှာ မမြဲတဲ့အချက်ကိုလည်း ကျကျနန မြင်တယ်။

**အစစ်**

ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "ပရမတ်တို့ရဲ့ မမြဲတဲ့အချက်၊ ဆင်းရဲတဲ့အချက်၊ အစိုးမရတဲ့အချက်ကို မြင်မှ အနိစ္စ အစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ် မြင်တယ်လို့ ပြောဆို

http://www.dhammadownload.com



နိုင်တယ်တဲ့။ ဒါကြောင့် မိမိသန္တာန်မှာဖြစ်တဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ။ ဒီစိတ်ကလေးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေနဲ့ လက္ခဏာယာဉ်တဲ့အခါမှာ မြင်သိလာတယ်။ အဲဒီတော့ အဲဒီလိုမရှိတဲ့ တရားကို မရှိဘူး၊ ရှိတဲ့တရားကို ရှိတယ်လို့ မြင်အောင် တရားအားထုတ်ကြရတဲ့အတိုင်း အားလုံး ယောဂီသူတော်စင်များဟာ မရှိတဲ့မြဲခြင်း၊ ချမ်းသာခြင်း၊ အနှစ်သာရရှိခြင်းကို မရှိဘူးလို့ မြင်နိုင် ထင်နိုင်ကြပါစေ။ တကယ်တမ်းရှိနေတဲ့ မမြဲတဲ့အချက် ဆင်းရဲတဲ့အချက်၊ အနှစ်သာရ ကင်းတဲ့အချက် ဖောက်ပြန်ယိုယွင်းနေတဲ့ အချက်များကိုတော့ ဒီအချက်တွေဟာ ရှိပါသလားလို့ မြင်နိုင်၊ ထင်နိုင်အောင် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်း တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

### ဥပမာအမျိုးမျိုး

ယနေ့ သာသနာတော်နှစ် ၂၅၄၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၃-ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်နေ့ (၃၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းနေကြတဲ့ ယောဂီသူတော်စင်တို့ နောက်ဆုံးနေ့ဖြစ်ပါတယ်။ မိမိတို့ အားထုတ်တဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနဲ့ ဘုန်းကြီးတို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့တဲ့ ဒီဓမ္မရတနာသိုက်ကြီးထဲက နေပြီးတော့ ထုတ်နှုတ်ပြီးတော့ ဟောကြားကြရတယ်။ ယောဂီများ နားကြားရတဲ့အခါမှာ မိမိတို့ အားထုတ်ထားတဲ့ တရားဘာဝနာတွေနဲ့ အံကိုက်ချည်းဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ မြတ်စွာဘုရားဟာ နည်းအမျိုးမျိုး၊ ဥပမာအမျိုးမျိုးတွေနဲ့ တရားဒေသနာများဟောခဲ့တော့ တစ်ချိန်မှာတော့ မြတ်စွာဘုရားက အဆိပ်ပြင်းထန်တဲ့ မြွေကြီးလေးကောင် ဥပမာထားပြီးတော့ ဒေသနာတော်ကို စတင်ပါတယ်။ လူတစ်ယောက်ဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးလေးကောင်ကို စောစောကမွေးထားတယ် ဆိုပါစို့။ အဆိပ်ပြင်းထန်တဲ့ မြွေကြီးလေးကောင် မွေးထားတော တစ်ခါတစ်ရံရေချိုးပေး၊ တစ်ခါတရံ အအိပ်ခိုင်းပေါ့၊ တခါတရံ အစာကျွေးနဲ့၊ သူတို့သဘောကျ ဆောင်ရွက်ပေးနေတာက နေပြီးတော့ တစ်နေ့ကျတော့ အဲဒီမြွေကြီးလေးကောင်က စိတ်ဆိုးဒေါသထွက်တဲ့အခါ အနီးအနားမှာရှိကြတဲ့ လူတွေက ဘာပြောကြသလဲဆိုတော့ "လွှတ်အောင်သာပြေးပေတော့"လို့။ ဒါဖြင့် အဲဒီ မြွေကြီးလေးကောင်ဟာ ဘာနဲ့တူသလဲဆိုတော့ မြွေကြီးလေးကောင် ဆိုတဲ့ နာမည်ဟာ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးတို့ရဲ့ နာမည်ပါပဲ။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးတို့သည် မြွေကြီးလေးကောင်လိုပဲ။ အဆိပ်ပြင်းထန်တဲ့ မြွေကြီးလေးကောင်နဲ့ တူပါတယ်။ ဒီဓာတ်ကြီးလေးပါး ဖောက်ပြန်တဲ့အခါကတော့ မြွေကိုက်ခံရသလိုပါပဲတဲ့။ ဒါဖြင့် မြွေကြီး လေးကောင်

http://www.dhammadownload.com



စိတ်ဆိုးတော့ လွတ်ရာလွတ်ကြောင်း ပြေးကြရတယ်။ အဲသလို ပြေးရင်းလွှားရင်းနဲ့ သူဘာနဲ့ တွေ့ပြန်သလဲလို့ဆိုတော့ လူသတ်သမား (၅)ယောက်နဲ့ တွေ့ပြန်တယ်။ လူသတ်သမား (၅)ယောက်နဲ့ တွေ့တဲ့အခါ လူသတ်သမားမှန်း သိ။ သိတဲ့အခါ ဘေးကပုဂ္ဂိုလ်တွေက "မင်းလွတ်အောင်သာ ပြေးပေတော့"။ အဲဒီ လူသတ်သမား (၅)ယောက်ဆိုတာ ဘာလဲလို့ဆိုတော့ စွဲလမ်းနိုင်ရာဖြစ်တဲ့ ခန္ဓာငါးပါးတို့ရဲ့ နာမည်ပါပဲ။ စွဲလမ်းနိုင်ရာဖြစ်တဲ့ ငါးပါးသောခန္ဓာတို့ဟာ လူသတ်သမားကြီး ငါးယောက်နဲ့တူတယ်။ သတ္တဝါတွေ အိုတယ်၊ နာတယ်၊ သေတယ်ဆိုတာ အဲဒီ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဏ်တို့ နှိပ်စက်မှုကြောင့် သေကြကျေကြ၊ အိုကြ၊ နာကြရတယ်။ အဲဒီတော့ နောက်တစ်ယောက်က တွေ့ပြန်တယ်။ နောက်တစ်ယောက် ဘယ်လိုလူလဲဆိုတော့ နောက်တစ်ယောက်က မိမိကို သံလျက်မိုးပြီးတော့ သတ်ဖြတ်မယ့်သူ တစ်ယောက် လိုက်လာပြန်တယ်။ အဲဒီလို လိုက်လာတော့ ဘေးလူတွေက မင်းတော့ သံလျက်ကြီးမိုးလို့၊ ဒီလူဟာ သတ်တော့မှာပဲ "လွတ်အောင်သာ ပြေးပေတော့"လို့။ သံလျက်မိုးထားတဲ့ ရန်သူနဲ့တူတာ ဘယ်သူလဲဆိုတော့ **"နန္ဒီရာဂ သဃတံအခိဝစနံ"** ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ ဘဝမျိုးစုံ၊ အာရုံမျိုးစုံကို တပ်မက်တတ်တဲ့ "တဏှာ"ဟာ သံလျက်မိုးပြီးတော့ သတ်တော့မယ့် ရန်သူနဲ့တူတယ်။ ဒါနဲ့ စောစောတုန်းက မြွေကြီးလေးကောင်ကိုလည်း ကြောက်လို့၊ လူသတ်သမား ငါးယောက်ကိုလည်း ကြောက်လွန်းလို့၊ သံလျက်မိုးထားတဲ့ သတ်တော့မယ့်ဆဲဆဲ လူကိုလဲ ကြောက်လွန်းလို့ ဆက်ပြေးနေတယ်။ ပြေးပြန်တော့ ဘာတွေ့သလဲဆိုတော့ ရွာပျက်ကြီးတစ်ခု တွေ့တယ်။ အဲဒီ ရွာပျက်ထဲ ဝင်လိုက်တဲ့အခါကတော့ တစ်အိမ်မှလူမရှိဘူး။ သောက်ရေလေးတောင်းပြီး သောက်မယ်လို့ ကြည့်ပြန်တော့လဲ ရေမရှိဘူး။ အစားအစာလေး ကြည့်ပြန်တော့လဲ အစားအစာ ဘာမှမရှိဘူး။ ရွာပျက်ကြီးကိုး။ အဲဒီရွာပျက်ကြီးဆိုတာ ဘာလဲလို့ ဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊

http://www.dhammadownload.com



စိတ်၊ အဇ္ဈတ္တိကာယတန (၆)မျိုးတို့ရဲ့ အမည်ပါပဲ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ကြည့်မယ်ဆိုရင်လဲ ရွက်ပျက်ကြီးလိုပဲ ဆိတ်သုဉ်းပါတယ်။ မြဲတယ်ဆိုတဲ့ အချက်မရှိဘူး။ စက္ခုပသာဒ အကြည်ဓာတ်ကလေးဟာ မမြဲဘူး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကိုကြည့်ပြန်တော့ ဆိတ်သုဉ်းတယ်။ အနှစ်သာရ ဆိတ်သုဉ်းတယ်။ အဲလို ရွာပျက်ကြီးထဲ ဝင်ကြည့်ပြန်တော့ တစ်ခါ အဲဒီရွာပျက်ထဲမှာ ရိုးရိုးလူတွေကတော့ မရှိဘူး။ နောက်တော့ ရွာဆုံးကာနီးတော့ ဘာတွေ့သလဲဆိုတော့ စောရဃာတကခေါ်တဲ့ သူခိုးတွေ့ရင် သတ်ကြမဲ့ လူ(၆)ယောက်တွေ့တယ်။ အဲဒီသူခိုးတွေ့ရင် သတ်ကြမယ့် လူ(၆)ယောက်ဆိုတာ ဘယ်သူ ဘာတွေရဲ့ အမည်လဲလို့ ဆိုတော့-

(၁) အဆင်းမျိုးစုံရူပါရုံ၊
(၂) အသံမျိုးစုံသဒ္ဒါရုံ၊
(၃) အနံ့မျိုးစုံ ဂန္ဓာရုံ၊
(၄) အရသာမျိုးစုံရသာရုံ၊
(၅) အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ
(၆) တွေးကြံသိစရာ ဓမ္မာရုံတို့ရဲ့ အမည်တဲ့။

ပြင်ပအာယတနခေါ်တဲ့ ဗဟိဒ္ဓါယတန (၆)မျိုးတို့ဟာ ခိုးသူကို လိုက်ပြီးတော့ သတ်ဖြတ်တတ်တဲ့ "စောဃာတ" ခိုးသူသတ်(၆)ဦးနဲ့ တူတယ်။ အဲသလိုနဲ့ ရွာတစ်ရွာဝင်လိုက်တော့လဲ ရွာပျက်၊ ရွာဆုံးကာနီးတော့ သူခိုးလိုက်ဖို့ သတ်ရှာသတ်နေတဲ့ လူ(၆)ယောက်တွေ့ပြန်တယ်။ လန့်ဖျပ်ပြီး ပြေးရင်း၊ လွှာရင်းနဲ့ ဘာတွေ့သလဲဆိုတော့ ရေပြင်ကျယ်ကြီး တစ်ခု တွေ့တယ်။ ရေပြင်ကျယ်တော့ တွေ့ပြီ။ မိမိနေတဲ့ ဒီဘက်ကမ်းမှာ ကြည့်လိုက်လို့ရှိရင်တော့ ဒီဘက်ကမ်းဟာ ဘေးရန်အန္တရာယ်တွေ များတယ်၊ ပေါတယ်။ မြွေကြီး(၄)ကောင်၊ လူသတ်သမား(၅)ယောက်၊ သံလျက်မိုးသူ စသည်တွေပေါ့။ ဟိုဘက်ကမ်းကြည့်လိုက်တော့ ဘေးရန် အန္တရာယ် မရှိဘူး။ "ဘေးဘျမ်းကင်းကွာ အေးချမ်းသာတယ်" ဆိုတဲ့

http://www.dhammadownload.com



ဟိုမှာဘက်ကမ်းက ငြိမ်ငြိမ်သက်သက်။ ဒီဘက်ကမ်းမှာ ကြည့်လိုက်တော့ အို၊ နာ၊ သေဘေးတွေနဲ့ ရောထွေးနေတယ်။ ဟိုဘက်မှာကြည့်လိုက်တော့ ဘေးမရှိ။ အဲဒီတော့ ဒီဘက်ကမ်းကနေပြီးတော့ အားလုံးအကြပ်အတည်းတွေ ဘေးဘျမ်းတွေနဲ့ဆိုပြီး လိုက်ရှာပြန်တော့ အလွယ်တကူ လှေတို့၊ သင်္ဘောတို့ မတွေ့ဘူး။ မတွေ့ရတော့ ရတဲ့သစ်ဝါးလေးစုစည်း၊ စုစည်းပြီးတော့ ဒီဘက်ကမ်းက နေပြီးတော့ ဟိုဘက်ကမ်းကူးဖို့ပြင်ဆင်တယ်။ ဒါဖြင့် ဒီဘက်ကမ်းဆိုတဲ့ နာမည်က ဘယ်သူရဲ့နာမည်လည်းဆိုတော့ "သက္ကာယဿေတံ အဓိဝစနံ"= ထင်ရှားရှိတဲ့ ခန္ဓာငါးပါးဆိုတဲ့ သက္ကာယရဲ့အမည်၊ ဒီဘက်ကမ်း ဘေးဘျမ်းတွေများသလိုသက္ကာယခေါ်တဲ့ ခန္ဓာငါးပါးမှာလဲ ဘေးဘျမ်းတွေ အများကြီးရှိ။ ဒါဖြင့်ဟိုဘက်ကမ်းဆိုတဲ့ နာမည်က ဘယ်သူ့နာမည်လဲလို့ဆိုတော့ "နိဗ္ဗာနဿေတံ အဓိဝစနံ"= နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးရဲ့ အမည်ပဲ။ ဟိုဘက်ကမ်းကြည့်တော့ သာယာလိုက်တာ။ အိုတာ၊ နာတာ၊ သေတာမရှိဘူး။ သူအိုရုံ၊ ဘိုးဘွားရိပ်သာ မရှိဘူး။ ဆေးရုံ မရှိဘူး။ သင်္ချိုင်းမရှိဘူး။ မကောင်းတဲ့အာရုံ၊ အနိဋ္ဌာရုံတွေလဲ မတွေ့ရဘူး။ (၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၉၆)ဖြာသောအနာရောဂါ၊ (၁၆)ပါးသောဥပဒ္ဒဝေါတို့လဲ မရှိဘူး။ ဟိုဘက်ကမ်း ရွှေမြို့တော်ကြီးဆိုတာက နိဗ္ဗာန်ရဲ့နာမည်ပါပဲတဲ့။ အလွယ်တကူ ကူးခပ်ဖို့ရာ လှေတို့၊ သင်္ဘောတို့မလွယ်ဘူးတဲ့အခါ ရသမျှသစ်ဝါးလေးတွေစု ဖောင်ဖွဲ့ပြီးတော့ ကူးမှာကိုး။ ဖောင်ဆိုတဲ့ နာမည်ဟာ ဘယ်သူ့နာမည်လဲလို့ဆိုတဲ့အခါ လှေဖောင်ဆိုတဲ့နာမည်ဟာ "မဂ္ဂင်(၈)ပါး"ရဲ့နာမည်ပဲ။ ဟိုဘက်ကမ်းကူးဖို့ရာ လှေဖောင်ဆိုတာ ဘာလဲလို့ဆိုတော့ မဂ္ဂင်ရှစ်ပါးပါ။ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများဟာဟိုဘက်ကမ်း ကူးဖို့ရာ လှေဖောင်ပါပဲ။ အဲဒီကနေပြီးတော့ ဟိုဘက်ကမ်းရောက်မှ အေးမှာပဲလို့ဆိုပြီး အဲဒီလူဟာ မိမိဖွဲ့ထားတဲ့ လှေဖောင်ပေါ်တက်ပြီးတော့ လက်တွေ၊ ခြေတွေနဲ့ ဟိုဘက်ရောက်အောင် ယက်လိုက်၊

http://www.dhammadownload.com



ကန်လိုက်၊ လှော်လိုက်၊ ခပ်လိုက်။ အဲဒီလို ယက်ကန်လှော်ခပ်ခြင်းဟာ ဘာနဲ့တူသလဲဆိုတော့ ယခု ယောဂီသူတော်စင်များ (၇)ရက်တာ ကာလပတ်လုံး ကြိုးပမ်း အားထုတ်ပြီးတော့ လာခဲ့တဲ့ ဝီရိယနဲ့တူတယ်။ ကြိုးစားအားထုတ်မှုနဲ့ တူတယ်။ ဒါဖြင့် ဒီဖောင်ကို ဟိုဘက်ရောက်အောင် လှုပ်ရှားကူးခပ် ပြီးတော့ သွားခြင်းဟာ ယခု ကြိုးစားအားထုတ်နေတာနဲ့ တူပါတယ်။ အဲဒီတော့ ဒီဘက်ကနေပြီးတော့ သစ်သားတွေ၊ ဝါးတွေနဲ့ ဖောင်ဖွဲ့ လက်တွေ၊ ခြေတွေနဲ့ ကြိုးစား မင်းစား ကူးခပ်လိုက်တဲ့အခါမှာ-

**ပါရင်္ဂတော ဟောတိ တလေတိဋ္ဌတိ ဗြာဟ္မဏော။**

ဗြာဟ္မဏော= မကောင်းမှုကို အပပြုအပ်ပြီးသော ရဟန္တာ အရှင်မြတ်သည်၊ ပါရင်္ဂတော= ကမ်းတစ်ဖက်သို့ ရောက်သည်ဖြစ်၍၊ ထလေ= နိဗ္ဗာန်တည်းဟူသော ကျိုးကုန်းထက်၌၊ တိဋ္ဌတိ= ရပ်တည်နိုင်တော့၏။ ဟိုတစ်ဖက်ကမ်း ရောက်ပြီးတော့ ဘေးမဲ့နိုင်ငံ ဘေးမဲ့ နေပြည်တော်ကြီး ဘေးမဲ့နိဗ္ဗာန် ဘေးမဲ့မြို့တော်ကြီးသို့ ရောက်အောင် ဆိုပြီးတော့ အဲဒီမှာ ဝမ်းပန်းတသာနဲ့ အောင်လံစိုက်နိုင်တဲ့သူဆိုတာ ဘယ်သူလဲလို့ဆိုတော့ အဓိကအားဖြင့်တော့ ရဟန္တာအရှင်မြတ်ကြီးပါပဲ။ အဲဒီတော့ ဘုန်းကြီးတို့ တွေကြုံရရှိပြီးနေတာက မြွေကြီးလေးကောင် အဆိပ်ပြင်းတဲ့ မြွေကြီးလေးကောင်နဲ့တူတဲ့ ဓာတ်ကြီးလေးပါး၊ မြွေကြီးလေးကောင်ကလည်း ရှိ၊ ဓါတ်ကြီးလေးပါးကလဲ တွေ့။ အဲဒီက နေပြီးတော့ လူသတ်သမား (၅)ယောက်နဲ့တူတဲ့ ခန္ဓာငါးပါးကလဲ ရရှိပြီးထားကြတယ်။ တစ်ခါထဲ သံလျှက်မိုးပြီးတော့နေတဲ့ ရန်သူလို့ သတ်ဖြတ်မဲ့ တဏှာ၊ သမုဒယ၊ သစ္စာကလည်း ရှိပြီးတော့နေကြတယ်။ အဲဒီလိုနဲ့ သွားရင်း သွားရင်းနဲ့ ရွာပျက်တွေ့သလို ရွာပျက်ရောက်သလိုပဲ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ အတွင်းအာယတန (၆)ပါးလည်းရောက်ရှိနေတယ်။ ရွာဆုံးကာနီး ရောက်ပြန်တော့ ခိုး ့သတ်ယောက်ျား(၆)ယောက်တွေ့။ အဲဒါဘာလဲ ဆိုတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆိုတဲ့ ခိုးသူသတ် (၆)ယောက်။

http://www.dhammadownload.com



ဒါလဲပဲ တွေ့ကြုံပြီးနေကြရတယ်။ ဩရီမတီရခေါ်တဲ့ ဒီဘက်ကမ်းခေါ်တဲ့ သက္ကာယ ထင်ရှားရှိတဲ့ ခန္ဓာငါးပါး၊ ဒီဘက်ကမ်းက ဘေးဘျမ်းတွေနဲ့ ရန်တွေ အန္တရာယ်တွေအပြည့်၊ ဒါလည်းပဲ သက္ကာယခေါ်တဲ့ ခန္ဓာငါးပါး တွေ ကြုံပြီးတော့နေကြရတယ်။ ဟိုဘက်ကမ်းခေါ်တဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးကတော့ ဘေးမဲ့မြို့တော်။ (၂၅)ပါးသောဘေး၊ (၃၂)ပါး သောကံကြမ္မာ၊ (၁၆)ပါးသော ဥပဒ္ဒဝေါ်ဆိုတဲ့ ဘေးအန္တရာယ်တွေ လုံးဝကင်းစင်တဲ့ ဟိုဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်ရွှေမြို့တော်ကြီး အဲဒီ ရွှေမြို့တော်ကြီးသို့ ရောက်ရှိဖို့ရာအတွက် လှေဖောင်သဘောနဲ့တူတဲ့ မဂ္ဂင်(၈)ပါး။ မိမိတို့ မဂ္ဂင်(၈)ပါး သာသနာတော်ကြီးနဲ့ တွေ့နေရတယ်။ အဲဒီ လှေဖောင်ကို မိမိစွမ်းနိုင်သလောက် လက်ခြေတွေနဲ့ လှုပ်ရှား ကူးခပ်ပြီးတော့ သွားသလို၊ ယခု လှေဖောင်ပေါ် တက်စီးပြီးတော့ မဂ္ဂင်(၈)ပါးဆိုတဲ့ လှေဖောင်ပေါ်တက်စီးပြီးတော့ တရားအားထုတ်ကြ တယ်။ အဲဒီတော့ လှေဖောင်ကလဲရှိဦးမှ လှေဖောင် ပေါ်ရောက်ပြန်တော့ လှေဖောင်ကို မလှော်မခပ် မထိုးပဲနဲ့ဆိုရင် ဘယ်လိုမှ ဟိုဘက်ကမ်း ရောက်မှာ မဟုတ်တော့ဘူး။ သူ့အလိုအလျှောက် ရောက်မှာမဟုတ်ဘူး။

ဒါကြောင့်မို့ မိမိတို့ဘေးဘျမ်းတွေများလှတဲ့ သက္ကာယဒိဋ္ဌိ နိုင်ငံကြီးက နေပြီးတော့ ဘေးဘျမ်းကင်းတဲ့ နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ နိုင်ငံတော်ကြီး၊ နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ထာဝရငြိမ်းချမ်းရေးရနေတဲ့ နိုင်ငံတော်ကြီးသို့ ရောက်အောင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားဖြင့် လှေဖောင်ကိုစီးပြီးသွားမှ ရောက်ကြမှာ၊ ရောက်ကြမှာ လို့ ယုံကြည်ကြတဲ့အတိုင်း မိမိတို့ဟာ မဂ္ဂင်(၈)ပါး တည်းဟူသော ကျင့်စဉ်အတိုင်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားဆိုတဲ့ လှေဖောင်ပေါ်မှာ မိမိတို့ရဲ့ ကာယိကဝီရိယ၊ စေတသိကဝီရိယ၊ ကိုယ်ရောစိတ်ပါ ဝီရိယထားကြိုးစားပြီးတော့ လှော်မယ်၊ ကူးမယ်၊ ခပ်မယ်ဆိုရင် နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးသို့ ရောက်နိုင်တယ်လို့ ယုံကြည်ကြတဲ့အတိုင်း ကူးခပ်လှော်ခပ်ပြီးတော့လာတာ ဒီနေ့(၇)ရက်

http://www.dhammadownload.com



ပြည့်မြောက်လို့ မိမိတို့ ရရှိထားတဲ့ လှေဖောင်နဲ့ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးရောက်အောင်ကတော့ ဆက်လက် ပြီး မနေမနားကြိုးစား အခါအားလျော်စွာ ကြိုးစားအားထုတ်ကြရမှာပါပဲ။

ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ထာဝရ ငြိမ်းချမ်းတဲ့ ရွှေမြို့တော်ကြီးသို့ ရောက်ကြောင်း ကောင်းမြတ်တဲ့ မဂ္ဂင်(၈)ပါး တည်းဟူသော လှေသင်္ဘောကြီးကိုစီးပြီး သွားရောက်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## အောင်ပွဲအခမ်းအနား

ယနေ့ (၃၂)ကြိမ်မြောက် လယ်တီဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်က ကျင်းပတဲ့တရားစခန်းအောင်ပွဲ။ မိမိတို့ (၇)ရက် တရား စခန်းအားထုတ်ပြီးတော့ လာတဲ့အခါ တရားသဘော ထိုက်တန် သလောက် သဘောပေါက်ကြပြီ။ မိမိတို့ပြောရေးဆိုစဉ် ရှိကြတယ်။ ပြောရေးဆိုစဉ်က မကောင်းရင်ခံ၊ ကောင်းရင်စံတဲ့။ ဘာကိုအကြောင်း ပြုပြီး ဖြစ်ကြသလဲဆိုတော့ လောကသားတွေ အားလုံးဟာ (၃)မျိုးထဲပါပဲ။ ကောင်းရင်လဲ ဒီ(၃)မျိုးပဲ မကောင်းရင်လဲ ဒီ(၃)မျိုးပဲ။ ဘာလဲလို့ဆိုတော့ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်။ စိတ်ကောင်းရင် ကောင်းပြီ။ နှုတ်ကောင်း ရင် ကောင်းပြီ။ ကိုယ်ကောင်းရင်လဲ ကောင်းတယ်။ အဲဒီတော့ မကောင်း တာမှန်သမျှလဲ ဒီ(၃)မျိုးပါပဲ။ အဲဒီအထဲမှာ အရင်းခံပဓာနကျတာက စိတ်၊ စိတ်က ကောင်းကောင်းကြံစည်လို့ရှိရင် ကောင်းတာ ပြောမိတယ်။ ပြုမိတယ်။ စိတ်ကမကောင်းတာ ကြံစည်မိရင် မကောင်းတာပြောမိတယ်။ မကောင်းတာ ပြုမိတယ်။ အဲဒီတော့ ကောင်းကောင်းကြံပြီးတော့ ကောင်းကောင်းပြော ကောင်းကောင်းပြုကြမယ်ဆိုရင် ဒါကောင်းတာတွေ ချည်းပဲ။ ကောင်းတဲ့သုဂတိ လောကမှာချည်းပဲ ဖြစ်ကြမှာ သေချာတယ်။ သုဂတိ ခေါ်ဆိုရတဲ့ လူနတ်နိဗ္ဗာန် ဆိုတဲ့ ချမ်းသာထူး ချမ်းသာမြတ်တွေ ချည်းရရှိနိုင်ကြတယ်။

အကယ်၍ မကောင်းပါဘူး။ စိတ်လဲ မကောင်းဘူး။ ကိုယ်လဲ မကောင်းဘူး။ နှုတ်လဲ မကောင်းပါဘူး ဆိုရင်တော့ ဒုဂ္ဂတိ= လောကမှာ ကျင်လည်ကြရ။ အဲဒီတော့ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ် ဒီသုံးမျိုးထဲမှာ စိတ်ကအရင်းခံ။ ဒါကြောင့် လူကြီးသူမများ ဆုံးမကြတယ်။ စိတ်ကောင်း ထားကြ၊ မကောင်းတာ မကြံနဲ့တဲ့။ မကောင်းတာ မကြံနဲ့ဆိုပေမယ့် စိတ်က ပေါက်လွှတ်ပဲစားထားရင် ပေါက်လွှတ်ပဲစား နေတတ်တဲ့စိတ် ဆိုတော့ ကြံနေတာပဲ။ အများသိတာမှတ်လို့ မကောင်းတာကြံတာ။ အဲဒီတော့ မကောင်းတာကြံတာ အကုသလဝိတက်၊ မိစ္ဆာဝိတက်၊

http://www.dhammadownload.com



မိစ္ဆာသက်ပွ၊ ဒီလိုခေါ်တာကိုး။ မကောင်းတာကြံတဲ့ အကုသလဝိတက်က ဘယ်နှစ်မျိုးရှိ သလဲဆိုတော့ (၃)မျိုး။ မကောင်းတာကြံစည်တာနဲ့ ပတ်သက်လို့ (၃)မျိုး ရှိတယ်။

(၁) ကာမဝိတက် - အာရုံငါးပါး ရရှိခံစားဖို့ပဲ စဉ်းစားတွေးတောပြီးတော့ နေတယ်။ ဒါလဲပဲ အကုသိုလ်နဲ့သက်ဆိုင်တဲ့ အကြံအစည်တစ်မျိုးပဲ၊

(၂) ဗျာပါဒဝိတက် - သူတစ်ပါးကို သေစေချင်တဲ့ အကြံအစည်မျိုး၊ သူတစ်ပါးကို သေစေချင်တဲ့ အသက်ဆုံးရှုံး စေချင်တဲ့ အကြံအစည်၊ ပက်ပက်စက်စက် ကြံစည်တဲ့ အကြံအစည်မျိုး။

(၃) ဝိဟိံသဝိတက် - သူတစ်ပါးကို ညှဉ်းပန်းလိုတဲ့ အကြံအစည်မျိုး၊

အဲဒီအကြံအစည် ဖြစ်ပေါ်လာပြီဆိုလို့ရှိရင် ဒီအကြံအစည်တွေဟာ မကောင်းတော့ ပြောတဲ့ဟာတွေလဲ မကောင်းတဲ့ အပြောတွေ၊ မကောင်းတဲ့အပြုတွေ ဖြစ်လာတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မနောဒုစရိုက်။ သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူသက်ဇီဝေ သေစေချင်ဟူ အယူမှောက်မှား ဤသုံးပါး မှတ်သားမနောကံ။ သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု အဘိဇ္ဈာ၊ သူတစ်ပါးအသက်ကို သေစေချင်တဲ့ ဗျာပါဒ မနောဒုစရိုက်၊ နတ္ထိ ဒိန္နံ= အလှူပေးခြင်းရဲ့ အကျိုးမရှိဘူး စတဲ့ မရှိ(၁၀)မျိုးနဲ့ အယူမှောက်မှား အယူမှားခြင်းဆိုတဲ့ မိစ္ဆာဒိဋ္ဌိ။ အကုသလဝိတက်နဲ့ မနောဒုစရိုက်တွေ-

**"ကွ အပရိသေသာ နိရုဇ္ဈန္တိ"**

ကွ= အဘယ်အရပ်၌၊ အပရိသေသာ= အကြွင်းမဲ့၊ နိရုဇ္ဈန္တိ= ချုပ်ပါကုန်သနည်း။ ဒါဖြင့် မကောင်းတဲ့အကြံနဲ့ မကောင်းတဲ့အတွေးတွေ

http://www.dhammadownload.com



ဘယ်မှာများ အကြွင်းမဲ့ ချုပ်နိုင်ပါသလဲ။ တွေးပြီဆိုရင် မကောင်းတဲ့အတွေး၊ ကြံပြီဆိုရင် မကောင်းတဲ့အကြံ၊ အဲဒီ မကောင်းတဲ့အကြံအတွေးအတောတွေဟာ ဘယ်နေရာမှာ အကြွင်းမဲ့ချုပ်ငြိမ်းနိုင်ပါသလဲ။ ဘယ်ပုဂ္ဂိုလ်တွေမှာ ချုပ်ငြိမ်းနိုင်ပါသလဲလို့ ဆိုတော့ ဘုရားရှင်ကိုယ်တော်တိုင် မေးပြီး ဖြေကြားတော်မူတာက-

**စတူသု သတိပဋ္ဌာနေသု တိဋ္ဌတော။**

သတိပဋ္ဌာန်လေးပါးတို့မှာ တည်တဲ့စိတ်။ ဟော- သတိပဋ္ဌာန်လေးပါးမှာ စိတ်ဟာတည်ပြီးတော့ နေတယ်။ အဲဒီ တည်တဲ့အခါမှာ မကောင်းတဲ့အကြံအစည်၊ မကောင်းတဲ့အတွေးအတောတွေဟာ အကြွင်းမဲ့ချုပ်နိုင်တယ်။ တစ်နည်းအားဖြင့်-

**အနိမိတ္တံ ဝါ ဘာဝယတော အပရိသေသာ နိရုဇ္ဈန္တိ။**

ဝါ= တစ်နည်းကား၊ အနိမိတ္တံ= နိစ္စ နိမိတ်စသည်တို့မှ ကင်းသော ဝိပဿနာကို၊ ဘာဝယတော= ပွားများသော ပုဂ္ဂိုလ်အား၊ ဝါ= ပွားများတဲ့အခါမှာ နိစ္စနိမိတ် စသည်ကင်းတဲ့ ဝိပဿနာပွားများနေတဲ့အခါ ပွားများပြီးကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်မှာဆိုရင် မကောင်းတဲ့အကြံအစည် အတွေးအတောတွေ ကင်းစင်နိုင်တယ်လို့ မိန့်တယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်မေး ကိုယ်တော်တိုင်ဖြေကြားထားတဲ့ အချက်ရှိတဲ့အတိုင်း မကောင်းတာမကြံနဲ့၊ မကောင်းတာမတွေးနဲ့ ဆိုရာမှာ မကောင်းတဲ့အကြံတွေဆိုတာ ဘာတွေလဲ။ စောစောကပြောသလို အာရုံငါးပါး ရရှိခံစားလိုတဲ့ အကြံအစည်၊ သူတစ်ပါးကို သေစေလိုတဲ့ အကြံအစည်၊ သူတစ်ပါးကို ညှင်းဆဲလိုတဲ့ အကြံအစည်၊ သူတစ်ပါးဥစ္စာကို မိမိပိုင်သလိုတဲ့ အကြံအစည်၊ အမြင်မှားတွေ။ အဲဒီလို အချက်အလက်တွေဟာ မကောင်းတဲ့ဒုစရိုက်တွေ၊ မကောင်းတဲ့အကြံအစည်တွေ ဘယ်နားမှာ ချုပ်ပျောက်သလဲဆိုတော့ စောစောက မြတ်စွာဘုရားကိုယ်တော်တိုင် ဖြေကြားထားတဲ့ စကားရှိတဲ့အတိုင်း သတိပဋ္ဌာန်လေးပါးတို့မှာ တည်တန့်တဲ့စိတ်၊ မိမိရဲ့စိတ်ကလေးဟာ ထွက်လေဝင်လေ

http://www.dhammadownload.com



အစရှိသဖြင့် အာရုံမှာတည်တန့်နေပြီဆိုရင် မကောင်းတဲ့အကြံအစည်တွေ အတွေးအတောတွေ မကောင်းတဲ့ မနောဒုစရိုက်တွေ ပပျောက်နိုင်တယ်။ နိစ္စနိမိတ် စသည်မှကင်းတဲ့ ဝိပဿနာကို ပွားများပြီးတော့ နေလို့ရှိရင်လဲပဲ မကောင်းတဲ့အကြံအစည် အတွေးအတောတွေ ကင်းစင်နိုင်တယ်ဆိုတဲ့အတိုင်း ဘုန်းကြီးတို့ လောကသားအားလုံး မကောင်းတဲ့အကြံ၊ မကောင်းတဲ့အတွေးတွေက စတင်ပြီး မကောင်းတဲ့အပြော၊ မကောင်းတဲ့အဆို၊ မကောင်းတဲ့အမူအယာများ ဖြစ်ပေါ်ပြီးလာတတ်တော့ ဒီစိတ်ကလေးဟာ စင်စင်ကြယ်ကြယ်နဲ့ ကောင်းတဲ့အကြံအစည်၊ ကောင်းတဲ့ အတွေးအတောများ အခြေခံပြီးတော့မှ ကောင်းတဲ့ဝစီကံမှု၊ ကောင်းတဲ့ ကာယကံမှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် မိမိတို့အားထုတ်ခဲ့တဲ့ သတိပဋ္ဌာန်တရားနဲ့ ဝိပဿနာတရားတော်များသည် ကောင်းဖို့ရာအတွက် မှန်ကန်တဲ့လမ်းကြောင်း ဖြစ်တယ်လို့ မြတ်စွာဘုရားကိုယ်တော်တိုင် ညွှန်ပြထားတဲ့ လမ်းဖြစ်တယ်လို့ ဆိုတဲ့အတိုင်း ဆက်လက်ပြီးတော့ ဒီသတိပဋ္ဌာန်လမ်း၊ ဝိပဿနာလမ်း ဆက်လက်ပြီးတော့ လျှောက်လှမ်းနိုင်ကြပါစေလို့ တိုက်တွန်းဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ရန်ကုန်မြို့

နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်

လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်

ဒွိပိဋကဓရ—ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ

ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

# (၃၃)ကြိမ်မြောက် လယ်တီဝိပဿနာ

## အရှက်အကြောက်မဲ့ရင်

သာသနာနှစ် ၂၅၄၅၊ ယနေ့ ၁၃၆၃ ခုနှစ် ကဆုန်လပြည့်ကျော် (၁၅)ရက် (၃၃)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက် တရားစခန်း ကြိုးပမ်းအားထုတ်ကြမည့် ယောဂီသူတော်စင်အပေါင်းတို့ စုံတညီ ရောက်ရှိပြီးတော့ သရဏဂုံသီလများယူပြီးကြပြီ၊ အစီအစဉ်အတိုင်း (၃၃)ကြိမ်မြောက် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှုနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးကို အခြေခံကျကျ အကြောင်းအရာတွေကို ရှာပြီးကြည့်မယ်ဆိုရင် ဤလောကကြီးကိုဘယ်သူစောင့်သလဲဆိုတော့ အမျိုးမျိုးပြောကြတယ်။ အချို့ကနတ်တွေက ဤလောကကြီးကို စောင့်တယ်၊ အချို့က ဗြဟ္မာကြီးတွေက စောင့်တယ် အစရှိသဖြင့် မိမိတို့အယူဝါဒအသီးသီးအရ ပြောကြမှာပါပဲ။ မြတ်စွာဘုရားရဲ့ အယူဝါဒတော်ကတော့ ဤလောက

http://www.dhammadownload.com



ကြီးကို ဟိရီ- မကောင်းမှုကိုပြုရမှာ ရှက်ခြင်းနဲ့ ဩတ္တပ္ပ= မကောင်းမှုကို ပြုရမှာ ကြောက်ခြင်းဆိုတဲ့ တရား(၂)ပါးဟာ ဤလောကကြီးကို စောင့်ပါတယ်။ ဟိရီကင်းသွားလို့ရှိရင် အဟိရိက အရှက်မရှိတော့ဘူး။ ရွာဝက်များဟာ မစင်ကို မစက်ဆုပ်မရှက်သလိုပါပဲ။ ဟိရီကင်းပျောက်လို့ အဟိရိကခေါ်တဲ့ မကောင်းမှုမှ မရှက်ခြင်းဆိုတဲ့ တရားဆိုး တရားပျက် ဝင်ရောက်လာပြီဆိုရင် ဘယ်အကုသိုလ်မှ မကြောက်တော့ပါဘူး။ ဒါကြောင့်မို့ အဟိရိက ကင်းပြီးတော့ ဟိရိဆိုတဲ့ သူတော်ကောင်းတရား မိမိတို့သန္တာန်မှာ ရှိကြလို့သာ မကောင်းမှုကို ပြုရမှာရှက်တယ်။ အဲဒီ မကောင်းမှုကို ပြုရမှာ ရှက်ခြင်းဟာ တော်တော်လေး အဓိကကျတယ်။ ဩတ္တပ္ပမကောင်းမှုကိုပြုရမှာ ကြောက်ခြင်း၊ အကယ်၍များ ဩတ္တပ္ပ မကောင်းမှုကိုပြုရမှာ ကြောက်ခြင်း ကင်းသွားပြီးတော့ အနောတ္တပ္ပ ခေါ်တဲ့ တရားဆိုး တရားပျက်များ ဝင်လာပြီဆိုရင် ပိုးဖလံများ မီးကို တိုးသလိုပါပဲတဲ့ ဘယ်အကုသိုလ်မှ မကြောက်တော့ဘူး။ ဒါကြောင့်မို့ ဟိရီ၊ ဩတ္တပ္ပကင်းလို့ရှိရင် ဟိရီ၊ ဩတ္တပ္ပကင်းတဲ့ ပုဂ္ဂိုလ်မှာဆိုရင် ဣန္ဒြေ (၆)ပါးဟာလည်း ပျက်သွားတယ်။ ဣန္ဒြေလည်း ပျက်သွားတယ်။ ဣန္ဒြေမဲ့ပြီဆိုမှတော့ စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှု ဘယ်ရှိတော့မလဲ။ အဲဒီ သမာဓိမရှိတော့ဘူး ဆိုရင်လည်းပဲ ရုပ်တရား၊ နာမ်တရားတို့ကို အမှန်အတိုင်းမြင်နိုင်တဲ့ အသိဉာဏ်ပညာ မရှိနိုင်ဘူး။ အဲဒီ အသိဉာဏ်ပညာမရှိရင်လည်းပဲ မဂ်ဉာဏ်မရနိုင်ဘူး။ မဂ်ဉာဏ် မရရင် ဖိုလ်ဉာဏ်မရနိုင်ဘူး။ ဖိုလ်ဉာဏ်မရရင်လည်း ပစ္စဝေက္ခဏာ ဉာဏ်မရနိုင်ဘူး။ အဲဒီကနေပြီးတော့ အဆင့်ဆင့်နိဗ္ဗာန် မရောက်နိုင်ဘူး။ ဒါဖြင့် ဟိရီ၊ ဩတ္တပ္ပခေါ်တဲ့ တရား (၂)မျိုးဟာ မြတ်စွာဘုရားက သုက္ကဓမ္မဖြူစင်တဲ့ တရား(၂)မျိုး။ ဤလောကကြီးကို ဒီတရား(၂)ပါးက စောင့်တယ်။ အဲဒီ ဟိရီ၊ ဩတ္တပ္ပတရား (၂)ပါးရှိပြီဆိုရင် ဣန္ဒြေ ရတယ်ပေါ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ ဣန္ဒြေ (၆)ပါး။ တံခါး (၆)ပေါက်ကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်းထားနိုင်တယ်။ အဲဒီ

http://www.dhammadownload.com



ဣန္ဒြေ(၆)ပါး တံခါးပေါက်လုံခြုံပြီး ထိန်းသိမ်းနိုင်ပြီဆိုရင် စိတ်ရဲ့ တည်ကြည်မှု သမာဓိရနိုင်ပြီး၊ သမာဓိရလို့ရှိရင် ဝိပဿနာပညာလည်းပဲ ရနိုင်တယ်။ ဝိပဿနာပညာရနိုင်ရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတာ ရနိုင်တယ်။ ဒီလို လမ်းစဉ်ကရှိနေတယ်။ အဲဒီတော့ ဟိရီ၊ သြတ္တပ္ပ ကင်းလို့ရှိရင် ဣန္ဒြေပျက်တယ်။ ဣန္ဒြေပျက်ခဲ့လို့ရှိရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တံခါး ၆-မျိုး၊ ဣန္ဒြေ ၆-မျိုး မစောင့်သုံးဘူးဆိုရင် မာရ်နတ်အခွင့်သာပြီ၊ မာရ်နတ်အခွင့်သာပြီ။

## လိပ်နှင့်မြေခွေး

အဲဒီတော့ တစ်နေ့မှာ လိပ်တစ်ကောင်က မြစ်ကမ်းနားမှာ အစာရှာထွက်လာတယ်။ ခေါင်းလည်း ထုတ်ထားတယ်။ လက်တို့ခြေတို့ လည်း ထုတ်ထားတယ်။ သွားရင်း အစာရှာနေတယ်။ မြေခွေးတစ်ကောင် ကလည်း အဲဒီမြစ်ကမ်းနဖူးမှာပဲ အစာရှာနေတယ်။ မလှမ်းမကမ်းက မြေခွေးကလှမ်းပြီးတော့ လိပ်ကိုမြင်တယ်။ လိပ်ကလည်း မြေခွေးကို မြင်တယ်။ မြင်တော့ မြေခွေးကိုမြင်တာနဲ့ လိပ်ကတစ်ခါတည်း သူ့ရဲ့ ခေါင်းကိုခန္ဓာကိုယ်ထဲ ပြန်သွင်းလိုက်တယ်။ ခြေတွေလက်တွေလဲ ပြန်သွင်းပြီးတော့ ထိန်းထိန်းသိမ်း သိမ်းလေး နေလိုက်တယ်။ အဲဒီအခါ မြေခွေးက လာပြီးတော့ အင်း ဒီလိပ်တော့ အကယ်၍ ခေါင်းထွက် လာမယ်၊ ခြေတို့လက်တို့ ထွက်လာမယ်ဆိုရင်တော့ ကိုက်ပြီးတော့ မြေကြီးနဲ့ ကိုင်ရိုက်ပေါက်ခွဲပြီးတော့ စားလိုက်မှပဲလို့။ မြေခွေးက ထိုင်ကြည့်နေတယ်။ ထိုင်ကြည့်နေတော့ လိပ်ကသိတယ်။ ပြင်ဘက်ကို ခေါင်းထွက်ရင် ခေါင်းမသက်သာဘူး၊ ခြေထွက်ရင် ခြေမသက်သာဘူး။ လက်ထွက်လည်း လက်မသက်သာဘူး။ ဒီမြေခွေးက ငါ့ကို ခြေထွက်ရင် ခြေ၊ လက်ထွက်ရင် လက်၊ ခေါင်းထွက်ရင် ခေါင်း၊ လိုက်ဆွဲပြီး စားတော့မှာပဲလို့သိတော့ ဒီရန်ကိုသိတဲ့အခါ ခေါင်းလည်း ထိန်းထိန်း သိမ်းသိမ်း၊ ခြေတို့လက်တို့လည်း ထိန်းထိန်းသိမ်းသိမ်းနေ အချိန်ကြာကြာ

သတိရှိရှိ ထိန်းသိမ်းပြီးထားတဲ့အခါ အဲဒီမြေခွေးက စိတ်ပျက်လာတယ်။ လက်မှိုင်ချလိုက်တယ်။ အင်း ဒီလိပ်က၊ ခေါင်းလည်းမပြူဘူး။ ခြေတို့ လက်တို့လည်း မထွက်လာဘူး။ ငါမျှော်မှန်းတဲ့အတိုင်း လိပ်ကို ပေါက်ခွဲပြီးတော့ စားဖို့ရာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ စိတ်ပျက်ပြီးတော့ မြေခွေးဟာ လက်လျှော့ကာ အခြားနေရာသွားတော့တယ်။ လိပ်က မြေခွေး အခြားတစ်နေရာ သွားမှန်းသိတဲ့အခါမှ လိပ်က သူ့လက်၊ ခြေ၊ ဦးခေါင်းတွေ အပြင်ထုတ်ပြီးတော့ သူလိုတဲ့နေရာကို သွားတယ်။ ဒီဥပမာအတိုင်းပါပဲတဲ့၊ မြေခွေးနဲ့တူတဲ့ မာရ်နတ်၊ မာရ်နတ်ကလည်း သတ္တဝါတို့မျက်စိထဲကများ အစွန်းထွက်လာမလား၊ စက္ခုပသာဒနဲ့ ရူပါရုံထိခိုက်ပြီးတော့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်ပြီးတော့ သာယာတဲ့အာရုံများကျတော့ သဘောကျတဲ့ လောဘစွန်းထွက်တယ်။ သဘောမကျပြန်တော့လည်း ဒေါသအစွန်းထွက်တယ်။ အဲဒါကြောင့် မျက်စိကနေပြီးတော့ ဒီပုဂ္ဂိုလ်ဟာ၊ ဒီသတ္တဝါဟာ အစွန်းထွက်လာမလား။ နားက အစွန်းထွက်လာမလား။ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်က အစွန်းထွက်လာမလား ဆိုပြီးတော့ စောင့်ပြီးတော့နေတဲ့ မာရ်နတ်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ စက္ခုနဲ့ရူပါရုံမြင်လို့ သဘောကျတဲ့ အာရုံများတပ်မက်မယ်။ သဘောမကျတဲ့အာရုံများအပေါ် စိတ်မသက်သာ နှလုံးနာမှုဖြစ်မယ်ဆိုရင် မာရ်နတ်က အခွင့်သာသွားပြီး အဲဒီလို မျက်စိနဲ့ အဆင်မျိုးစုံ ရူပါရုံမြင်ပြီးတော့ စောင့်စည်းတယ်။ စက္ခုန္ဒြေကို စောင့်စည်းတယ်။ လောဘအစွန်း မထွက်ဘူး။ ဒေါသအစွန်းမထွက်ဘူးဆိုရင် မာရ်နတ်ဟာ စိတ်ပျက်သွားမယ်။ ဟာ- ဒီပုဂ္ဂိုလ် စောင့်စည်းတယ်။ စောစောက မြေခွေးဟာ လိပ်ကိုကိုက်ပြီး ပေါက်ခွဲစားဖို့ရာ ချောင်းနေသလို၊ မာရ်နတ်အမြဲတမ်း ရှိတယ်၊ ဒါကြောင့်မို့ မိမိတို့ရဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ဣန္ဒြေ (၆)ပါး တံခါးပေါက်ကို စောင့်ထိန်းကြရမယ်။ အဲဒီလို စောင့်ထိန်းဖို့ကလည်း ဟိရိ၊ ဩတ္တပ္ပရှိမှလည်း စောင့်ထိန်းနိုင်တယ်။ ဟိရိ၊ ဩတ္တပ္ပပျက်လို့ရှိရင်၊

http://www.dhammadownload.com



ဣန္ဒြေပျက်မယ်။ ဣန္ဒြေပျက်လို့ရှိရင် အဘိဇ္ဈာဒေါမနဿ လောဘရယ်၊ ဒေါသရယ် ဒီတရားဆိုး တရားပျက်တွေဟာ အစွန်းထွက်ပြီးတော့ မာရ်နတ်ရဲ့အလို အကြိုက်လိုက်ပြီးတော့ သွားကြတယ်။

## ဘာလုပ်ကြရမလဲ

အဲဒီတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အစွန်း မထွက်အောင် ဘာလုပ်ကြမလဲ။ ကာယာဂတာသတိ ပွားများကြရမယ်။ ကာယဂတာသတိ အပါအဝင်ဖြစ်တဲ့ ထွက်လေဝင်လေ ရှုမှတ်ပွားများ ရတဲ့ အာနပါနဿတိကမ္မဋ္ဌာန်းကို ယခုမကြာခင် သူ့စည်းကမ်းနဲ့သူ၊ သူ့နည်းလမ်းနဲ့သူ အားထုတ်ကြရမယ်။

## ဆွဲရာပါ

အဲဒီလိုပဲ မြတ်စွာဘုရားက မြေခွေးဥပမာနဲ့ ဟောကြားပြီးတဲ့ အခါ ဘာဆက်ပြီး ဟောပြန်သလဲဆိုတော့ လူတစ်ယောက်ဟာ မြွေတစ်ကောင်ကိုလည်း ကြိုးနဲ့ချီထား၊ မိကျောင်းတစ်ကောင်ကိုလဲ ဖမ်းထားတယ်၊ ကြိုးနဲ့ ငှက်တစ်ကောင်ကိုလည်း ချည်တုပ်ထားတယ်၊ အိမ်ခွေးတစ်ကောင်ကိုလည်း ချည်တုပ်ထားတယ်၊ မြေခွေးတစ်ကောင် ကိုလည်း ချည်တုပ်ထားတယ်၊ မျောက်တစ်ကောင်လည်း ချည်တုပ်ထား၊ မြွေ၊ မိကျောင်း၊ ငှက်၊ ခွေး၊ မြေခွေး၊ မျောက်ရယ်၊ သတ္တဝါ (၆)ကောင်ကို လူတစ်ယောက်က ကြိုးနဲ့ချည်တုပ်ထားတယ်။ ကြိုးနဲ့ချည်တုပ်ထားတော့ ချည်တဲ့ကြိုးက မခိုင့်တခိုင် ဖြစ်နေတယ်။ အဲဒီတော့ မြွေကလည်းပဲ တောင်ပို့ထဲသွားချင်ပြီ၊ တောင်ပို့ထဲ ရောက်တဲ့အခါမှ အသာလေး ခွေပြီးတော့ အိပ်မယ်။ မိကျောင်းကလည်း ရေထဲသွားချင်ပြီ။ ရေထဲကျမှ ဇိမ်နဲ့ အိပ်မယ်ပေါ့။ ငှက်ကလည်း ကောင်းကင်ပျံသန်းချင်ပြီ။ အိမ်ခွေးကလည်း ရွာထဲသွားချင်ပြီ။ ရွာထဲမှာသွားပြီး မီးဖိုဘေး ပြာပုံထဲ ရက်ပြီးတော့ ခွေခွေလေးအိပ်ချင်နေပြီ၊ မြေခွေးကလည်း သင်္ချိုင်း

http://www.dhammadownload.com



သွားချင်ပြီ။ သချိုင်းမှာ သူသေတွေမြှုပ်နှံထားတော့ အဲဒီလူသေကောင်တွေကို စားသောက်ပြီး အိပ်ချင်နေပြီ။ မျောက်ကလည်းပဲ တောထဲသွားပြီးတော့ သစ်ပင်ဝါးပင် ဟိုပင်ဒီပင် ကူးသန်းပြီးတော့ နေချင်ပြီ။ အဲဒီတော့ အဲဒီလူက ချည်တုပ်ထားတဲ့ ကြိုးကလည်း မခိုင့်တခိုင်ဖြစ်နေတော့ ဒီသတ္တဝါခြောက်ကောင်ဟာ ရုန်းကြတယ်။ ရုန်းတဲ့အခါ မြွေကအားသန်ရင် မြွေနောက်၊ မိကျောင်းက အားသန်ရင်လည်း မိကျောင်းနောက်၊ မျောက်က အားသန်ရင် မျောက်နောက်၊ အဲဒီလိုပါပြီးတော့သွားတော့ အဲဒီကြိုးနဲ့ ချည်ထားတဲ့လူဟာ ဘာမှမတတ်နိုင်ဘူး။ အားသန်တဲ့အကောင် ဆွဲတဲ့ နောက်ပဲ သူလည်းပါသွားတယ်။ အဲဒီလိုပဲ။ ယောဂီတွေဟာလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သတ္တဝါ(၆)ကောင် ကြိုးနဲ့ချည်ပြီးတော့ စောင့်စည်းခြင်းဆိုတဲ့ ကမ္မဋ္ဌာန်းဆိုတဲ့ကြိုးနဲ့ ချည်ပြီးမထားနိုင်တဲ့အခါ မျက်စိက ရူပါရုံသဘောကျတယ်။ နားက သဒ္ဒါရုံ သဘောကျတယ်။ နှာခေါင်းက အနံ့မျိုးစုံကို သဘောကျတယ်။ လျှာက အရသာမျိုးစုံကို သဘောကျတယ်။ ကိုယ်က အတွေ့အထိမျိုးစုံ သဘောကျတယ်။ စိတ်က ကြံစည်ဖွယ်အာရုံတွေကို သဘောကျတယ်။ အဲလို သဘောကျတဲ့အတိုင်း ကိုယ်ကြိုက်ရာ ကြိုက်ရာစီ လွန်ဆွဲသွားတော့၊ စက္ခုကဆွဲတော့ စက္ခုနောက်ပါသွားပြီးတော့ သဘောမကျတဲ့အာရုံများမှာ စိတ်မသက်သာဖြစ်၊ သဘောကျတဲ့အာရုံများမှာ တွယ်တာတယ်။ သတ္တဝါ(၆)ကောင်တို့ရဲ့ အလိုဆန္ဒကို လိုက်ပါရသလိုပဲတဲ့။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အားသန်ရာနောက် လိုက်ပါပြီးတော့ သွားတယ်။ ပွားများထားတဲ့ ကာယဂတာသတိ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ ခန္ဓာကိုယ်ပေါ်မှာထားတဲ့ သတိကလည်းပဲ အားကသေးသေး၊ အားသေးတဲ့အခါ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့ ဆွဲငင်အားအတိုင်း လိုက်ပါပြီတော့ သွားတယ်။

http://www.dhammadownload.com



## ဆွဲရာမပါတော့

အကယ်၍ လူတစ်ယောက်ဟာ ဒီသတ္တဝါ(၆)ကောင်ပဲ။ ငုတ်ကို ကျကျနန စိုက်၊ တိုင်ကိုကျကျနနစိုက်ပြီး ချည်တုပ်ထားရင် မြွေကလည်း သူသွားချင်တဲ့ တောင်ပို့၊ မိကျောင်းကလည်း သူသွားချင်တဲ့ရေထဲ၊ ငှက်လည်း သူသွားချင်တဲ့ကောင်းကင်၊ အိမ်ခွေးကလည်း သူသွားချင်တဲ့ ရွာထဲ၊ မြေခွေးကလည်း သူသွားချင်တဲ့သင်္ချိုင်း၊ မျောက်လည်း သူသွားချင်တဲ့ တောထဲဆွဲတာပဲ။ ဆွဲပေမဲ့ ငုတ်ကိုခိုင်ခိုင်စိုက်ပြီးတော့ ကြိုးနဲ့ချည်၊ တိုင်မှာလည်း ခိုင်ခိုင်စိုက်ထားတဲ့ တိုင်ကြိုးနဲ့မြဲအောင် ချည်ထားတာဆိုတော့ သတ္တဝါ(၆)ကောင်လုံး သူတို့လိုရာမဆွဲနိုင်တော့ အဲဒီတိုင်ခြေရင်း ငုတ်ခြေရင်းမှာပဲ ဝပ်ပြီးတော့နေကြရတယ်။ အဲဒီဥပမာ အတိုင်းပဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ကာယဂတာသတိဆိုတဲ့ တိုင်မှာ၊ ငုတ်မှာ ခိုင်ခိုင်မြဲမြဲမျှား စိုက်ပြီးတော့ ထားနိုင်မယ်ဆိုရင်တော့ မြင်မှုကို အကြောင်းပြုပြီးတော့လည်း လောဘ၊ ဒေါသမဖြစ်ဘူး။ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ တွေးကြံမှုကို အကြောင်းပြုပြီးတော့ လောဘအစွန်း၊ ဒေါသအစွန်း မထွက်နိုင်ဘူး။

## ခိုင်မြဲတဲ့တိုင်

အဲဒီတော့ ခိုင်မြဲတဲ့ငုတ်၊ ခိုင်မြဲတဲ့တိုင်ဆိုတာ ဘာလဲလို့ဆိုတော့ ကာယဂတာသတိပါပဲ။ ဒါကြောင့်မြတ်စွာဘုရားက ရဟန်းတို့ သင်တို့ ဥပဒေသတစ်ခု မှတ်သားထားရမယ်၊ တို့တတွေဟာ ကာယဂတာ သတိကို ထမြောက်အောင် မြင်အောင်ကြိုးစားမယ်။ ထွက်လေဝင်လေ အပါအဝင် ကာယဂတာသတိကို ထမြောက်အောင် မြင်အောင် ခိုင်မြဲအောင် ကြိုးစားမယ်လို့ ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမယ်လို့ ကျင့်ကြံကြရမယ်။ ဒါမှ သတ္တဝါ(၆)မျိုးတို့ရဲ့ ဆွဲအားနောက်မလိုက်ပဲနဲ့၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့ ဆွဲအားနောက် မလိုက်ပဲနဲ့ ငြိမ်ငြိမ်သက်သက် တည်ရှိနိုင်မယ်။ အဲဒီတော့

http://www.dhammadownload.com



ကန္ဒြေ(၆)ပါး၊ တံခါး(၆)ပေါက်၊ ကမ္ဘာလောကကြီး တစ်ခုလုံးဟာလည်း ဒီ(၆)မျိုးနဲ့ပဲ ရှုပ်နေတာပဲ။ ဒီ(၆)မျိုးနဲ့ပဲ ရှုပ်ထွေးနေတာပါပဲ။ဒီ(၆)မျိုးနဲ့ မရှုပ်ထွေးရလေအောင် ဘာကြိုးစားရမလဲလို့ဆိုတော့ ထွက်လေဝင်လေကို ရှုမှတ်ခြင်းအစရှိတဲ့ ကာယဂတာသတိကို ကြိုးစားကြရမှာ။ ဒါကြောင့် ယနေ့ (၃၃)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း ကြိုးပမ်းအားထုတ်ကြမည့် ယောဂီသူတော်စင်များဟာ သတ္တဝါ(၆)ကောင် (၁)မြွေ၊ (၂)မိကျောင်း၊ (၃)ငှက်၊ (၄)ခွေး၊ (၅)ခြေခွေး၊ (၆)မျောက်တို့နဲ့အလားတူတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့နဲ့ ဆွဲအားနောက်မလိုက်ပဲနဲ့၊ မြွေ၊ မိကျောင်း၊ ငှက်၊ ခွေး၊ မြေခွေး၊ မျောက်တို့နဲ့တူတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ထိန်းသိမ်းပြီးတော့၊ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓါတ် ရရှိနိုင်ဖို့ရာအတွက် ထွက်လေဝင်လေကို ရှုမှတ်ခြင်းအစရှိတဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်နိုင်ကြပါစေ၊ ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပထမနေ့ဟောစဉ်

ယနေ့ သာသနာတော်နှစ် ၂၅၄၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၃ ခု၊ နယုန်လဆန်း(၁)ရက်နေ့။

## ဉာဏ်အမြင်စင်ကြယ်မှု လေ့လာဆန်းစစ်

ယနေ့ (၃၃)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား "ကိံသုကောပမသုတ္တန်" ဒေသနာတော်မြတ် ဟောကြားပါမယ်။ "ကိံသုကောပမသုတ္တန်" ဆိုတာက ပေါက်ပင် ဥပမာထားပြီးတော့ ဟောကြားတဲ့ သုတ္တန် ဒေသနာတော်။ ဒီဒေသနာတော် အစပိုင်းအကြောင်းအရာကတော့ ရဟန်းတော်တစ်ပါးက စဉ်းစားတယ်။ "အဘယ်မျှလောက် တရားရှိရင် အမြင်စင်ကြယ်ပြီးတော့ အမြင်စင်ကြယ် သူတို့ရောက်ရာ နိဗ္ဗာန်ကို ရောက်နိုင်ပါသလဲ၊ အဘယ်မျှလောက်တရားရှိရင် အမြင်သန့်ရှင်း စင်ကြယ်မှု ဖြစ်ပါသလဲ"လို့ စဉ်းစားပြီးတော့ ရဟန်းတော်တစ်ပါးထံ ရောက်သွားတယ်။ ရောက်သွားတဲ့အခါ "အရှင်ဘုရား အဘယ်မျှ လောက်သော အတိုင်းအတာဖြင့် ဉာဏ်အမြင် စင်ကြယ်ပါသလဲဘုရား"။ ဉာဏ်အမြင်ဆိုတာ ဘာလဲဆိုတော့ "ဒဿနဉာဏ်"၊ အမြင်ဆိုတာက မြင်တတ်တဲ့ ဘုရား၊ မြင်တတ်တဲ့ တရားဆိုရာမှာ ရှေးဦးစွာ ကိလေသာ ဖယ်ရှားမှုပြု၊ နိဗ္ဗာန်ကိုမြင်နိုင်တဲ့အတွက်ကြောင့် "သောတာပတ္တိ မဂ်ဉာဏ်ကို" "ဒဿန"။ အဲဒီ သောတာပတ္တိမဂ်ဉာဏ်အခိုက်မှာ "စင်ကြယ်ဆဲ"၊ ဖိုလ်ဉာဏ်အခိုက်မှာ"စင်ကြယ်ပြီး"၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ်ဉာဏ်လေးပါးသည် "ဒဿန" မဂ်ဉာဏ်အားလုံးဟာ ဒဿန မည်တယ်။

http://www.dhammadownload.com



## ရုပ်တစ်စိပ်၊ နာမ်တစ်စိပ်

အဘယ်မျှလောက်သော အတိုင်းအတာဖြင့် ဒဿန-အမြင် စင်ကြယ်မှု ဖြစ်ပါသလဲဘုရားလို့ ရဟန်းတော်တစ်ပါးကို မေးလိုက်တဲ့ အခါ အဲဒီရဟန်းတော်က သူ့ရဲ့ဘဝလမ်းစဉ် ကြည့်မယ်ဆိုရင် အဲဒီ ရဟန်းတော် တရားရလာတာဟာ တွေ့ထိခြင်း ဖဿ(၆)မျိုးတို့ရဲ့ တည်ရာဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ ဖဿာယတန(၆)ပါး။ ထိုဖဿာယတန (၆)ပါးကိုပဲ (၆)ပါးတို့ရဲ့ဖြစ်ပုံ အဲဒီဖဿာယတန (၆)ပါးတို့ရဲ့ ချုပ်ငြိမ်းပုံ၊ အဲဒီတရားတွေကို ရှုမြင်ပြီးတော့မှ ရဟန္တာဖြစ်လာတယ်။ ဒါကြောင့် အဲဒီမထေရ်က ဘယ်လိုဖြေသလဲလို့ဆိုတော့-

**ဆန္နံခေါ ဖဿာယတနာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ယထာဘူတံ ပဇာနာတိ၊ ယတောခေါ အာဝုသော ဆန္နံ ဖဿယတနာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စယထာဘူတံ ပဇာနာတိ'**

ငါ့ရှင် တွေ့ထိခြင်း ဖဿ(၆)မျိုးတို့၏ တည်နေရာဖြစ်တဲ့ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန"။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အဲဒီ (၆)မျိုးတို့ရဲ့ ဖြစ်ပုံ၊ အဲဒီ (၆)မျိုးတို့ချုပ်ပုံ၊ အဲဒါတွေကို မှန်ကန်စွာသိလို့ရှိရင် သိတဲ့အခါမှာ ဉာဏ်အမြင်စင်ကြယ်မှု ဖြစ်တယ်လို့ အဲဒီလိုဖြေကြားတယ်။ အဲဒီလိုဖြေကြားတော့ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ" ဆိုတဲ့ (၅)မျိုးက ရုပ်တရား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဆိုတာက ပသာဒရုပ် (၅)ခု၊ စိတ်ဆိုတာက စိတ်အားလုံးပေါ့။ အဲဒီတော့ ရုပ်ဟာလဲ ရုပ်တစ်စိပ်တစ်ဒေသဆိုတော့ ရုပ်တရားတွေအများကြီး ကျန်ပြီးတော့နေတယ်။ အဲဒီမထေရ်မြတ်ရဲ့ ဖြေကြားတာက တွေ့ထိခြင်းဖဿတို့ရဲ့ တည်ရာဖြစ်တဲ့ အဇ္ဈတ္တိကာယတနလို့ခေါ်တဲ့ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန" (၆)မျိုးတို့ရဲ့ ဖြစ်ပုံချုပ်ငြိမ်းပုံ၊ ဖြစ်ပုံ၊ ချုပ်ပုံ၊ အဲဒါကို ဟုတ်တိုင်းမှန်စွာ သိမြင်လို့ရှိရင် ဉာဏ်အမြင် စင်ကြယ်လာတယ်။ အဲဒီတော့ မေးတဲ့အရှင်မြတ်က မကျေနပ်ဘူး။

http://www.dhammadownload.com



ဘာကြောင့်လဲ။ ဒီမထေရ် ဖြေကြားသွားပုံက ဉာဏ်အမြင် စင်ကြယ်ပုံဟာ ရုပ်တရား၊ နာမ်တရားတော်တွေထဲက ရုပ်တစ်စိပ်၊ နာမ်တစ်စိပ် ပြောတာပဲဆိုပြီး မကျေနပ်ဘူး၊ သဘောမကျဘူး။

**ခန္ဓာငါးပါး**

သဘောမကျတော့ "အရှင်ဘုရား၊ အရှင်ဘုရားလို ဉာဏ်အမြင် စင်ကြယ်တဲ့ ပုဂ္ဂိုလ်ရှိပါသေးသလား"လို့ မေးတဲ့အခါ၊ "ရှိသေးတာပေါ့ ဒို့ကျောင်းတိုက်ထဲမှာ ဘယ်ပုဂ္ဂိုလ် ဘယ်မထေရ်ပဲမေးမေး ဉာဏ်အမြင် စင်ကြယ်ပြီးသားတွေပဲ"လို့ဆိုတော့၊ ဒုတိယမထေရ်ထံ ရောက်သွားတယ်။ စောစောကမေးသလိုပဲ "အရှင်ဘုရား အဘယ်မျှလောက် တရားသိမြင်လို့ရှိရင် ဉာဏ်အမြင် စင်ကြယ်ပါသလဲဘုရား" မေးတယ်။ ဒုတိယရဟန္တာ အရှင်မြတ်ကြီးပဲ။ ရဟန္တာအရှင်မြတ်ကြီးက "စွဲလမ်းနိုင်ရာဖြစ်တဲ့ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပုံ၊ ချုပ်ပုံ၊ ဖြစ်ခြင်း၊ ချုပ်ခြင်းကို ဟုတ်တိုင်းမှန်စွာသိရင် ဉာဏ်အမြင်စင်ကြယ်ပါတယ်"။ အဲဒီ ဒုတိယမထေရ်က ရဟန္တာဖြစ်လာတာကိုက ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပုံ၊ ချုပ်ပုံတွေကို ရှုပွားပြီးတော့ ရဟန္တာဖြစ်လာတာ။ ဒါလည်းပဲ သူ့ရဲ့ဘဝလမ်းစဉ်၊ တရားရတဲ့လမ်းစဉ်ကို ပြောကြားတာဖြစ်လို့ မမှားပါဘူး။ အဲဒီတော့ ခန္ဓာငါးပါးဆိုတဲ့ အခါကျတော့ ရုပ်ရယ်၊ နာမ်ခန္ဓာလေးပါးရယ် ဆိုတော့ အတော်လေးပြည့်စုံ။ အေး- ဒီမထေရ်ကြီးကတော့ သူ့ရဲ့ဉာဏ်အမြင် စင်ကြယ်မှုဟာ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ခြင်း၊ ချုပ်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလို့ ဉာဏ်အမြင် စင်ကြယ်ပါတယ်လို့ ဖြေကြားတယ်။ ရုပ်တရား၊ နာမ်တရားတွေ ကုန်သလောက်ပဲတဲ့။ ဒုတိယမထေရ် ဖြေကြားတယ်။ ရုပ်တရား၊ နာမ်တရားတွေ ကုန်သလောက်ပဲတဲ့။ ဒုတိယမထေရ် ဖြေကြား တာကို သိပ်တော့သဘောမကျဘူး။ ပထမမထေရ်က ရုပ်တစ်စိပ်၊ နာမ်တစ်စိပ်။ ဒုတိယမထေရ်က ရုပ်နာမ်ထဲက နိဗ္ဗာန်ကလွဲရင် တော်တော်လေးတော့ ပြည့်စုံတယ်။ အဲဒီတရားတွေကို အဲဒီတရားတွေရဲ့ ဖြစ်စဉ်ပျက်စဉ်ကို

http://www.dhammadownload.com



ကြည့်ရှုပြီးမှန်ကန်စွာသိလို့ အမြင်စင်ကြယ်တယ်။ ဒါလဲ စိတ်ထဲက သိပ်မကျေနပ်လို့ တတိယရဟန္တာ အရှင်မြတ်ကြီးဆီ ရောက်သွားတယ်။ ရောက်သွားတော့လဲ စောစောက မေးတဲ့နည်းလမ်းအတိုင်း၊ "အရှင်ဘုရား အဘယ်လောက်သောတရားဖြင့် ဉာဏ်အမြင် စင်ကြယ်ပါသလဲ"လို့မေးတော့ တတိယရဟန္တာ အရှင်မြတ်ကြီးက မဟာဘုတ်လေးပါး၊ မဟာဘုတ်လေးပါးကိုပဲ မဟာဘုတ်လေးပါးတို့ရဲ့ ဖြစ်စဉ် မဟာဘုတ်လေးပါးတို့ရဲ့ ချုပ်ပုံကို ဟုတ်တိုင်းမှန်စွာ သိအောင် အားထုတ်ပြီး ရဟန္တာဖြစ်လာတာဆိုတော့ "ငါရှင့် ငါဟာ ရေ၊ မြေ၊ လေ၊ မီးဓါတ်ကြီးလေးပါးတို့ရဲ့ ဖြစ်ပုံ၊ ချုပ်ပုံတွေကို မှန်ကန်စွာသိတဲ့အတွက်၊ မဖောက်မပြန်သိတဲ့အတွက် ဉာဏ်အမြင် စင်ကြယ်ပါတယ်"။ အဲဒီ တတိယမထေရ်မြတ်ကြီးက မဟာဘုတ်လေးပါးတို့ရဲ့ ဖြစ်ပုံ၊ ပျက်ပုံ ရှုပွားတာနဲ့ ရဟန္တာဖြစ်ခဲ့တယ်။ စတုတ္ထမထေရ်ထံရောက်တော့ စတုတ္ထမထေရ်မြတ်ကြီးက တေဘူမကသင်္ခါရ ခေါ် ဘုံသုံးပါးမှာ ဖြစ်နေတဲ့ တရားတွေကို ရှုမြင်ပြီး ရဟန္တာဖြစ်ခဲ့ပုံကို မိန့်ကြားတော်မူတယ်။ ဒီလိုနဲ့ ဘုရားရှင်ထံ ရောက်သွားပြီး လျှောက်ထားတယ်။ မြတ်စွာဘုရား ပထမရဟန္တာ အရှင်မြတ်ကြီးကတော့ တွေ့ထိမှု၊ (၆)မျိုးတို့ရဲ့တည်ရာ 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန' မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ (၆)မျိုးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလို့ရှိရင် ဉာဏ်အမြင် စင်ကြယ်တယ်လို့ ဖြေပါတယ်ဘုရား။ ဒုတိယ ရဟန္တာအရှင်မြတ်ကြီးက ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလို့ရှိရင် ဉာဏ်အမြင်စင်ကြယ်တယ်လို့ ဖြေပါတယ်ဘုရား။ တတိယ ရဟန္တာ အရှင်မြတ်ကြီးကတော့ 'ရေ၊ မြေ၊ လေ၊ မီး'၊ မဟာဘုတ် ဓါတ်ကြီး လေးပါးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာသိရင် ဉာဏ်အမြင် စင်ကြယ်တယ်လို့ ဖြေပါတယ်ဘုရား။ စတုတ္ထရဟန္တာ အရှင်မြတ်ကြီး ကတော့ တေဘူမက သင်္ခါရတရားတွေအားလုံး ဖြစ်ခြင်း သဘောတရား ရှိတာတွေဟာ ဖြစ်သမျှပျက်ရခြင်း၊ သစ်သမျှဟောင်းရခြင်း ဆိုတဲ့

http://www.dhammadownload.com



စကားလိုပဲ၊ ဖြစ်သမျှပျက်ရခြင်း ဆိုတာကို မှန်မှန်ကန်ကန် သိမယ်၊ မြင်မယ်ဆိုရင် ဉာဏ်အမြင် စင်ကြယ်တယ်လို့ ဖြေကြားပါတယ် ဘုရား"လို့ဆိုလျှောက်ထားတယ်။

## ပေါက်ပွင့်

မြတ်စွာဘုရားက "သင်ဟာ ဟိုလူလေးယောက်လို ဖြစ်နေပြီ"တဲ့။ "ကိံသုကောပမ" ပေါက်ပန်းပွင့်ဥပမာ ဒီနေရာမှာထုတ်ပြီးတော့ မြတ်စွာဘုရားဟောတယ်။ အရှင်မြတ်ကြီးလေးပါးက ဖြေကြားတာတွေက အမှန်တွေ ချည်းပဲကိုး။ မိမိတို့ ထင်ခဲ့၊ မြင်ခဲ့တဲ့တရားလမ်းစဉ် မိမိတို့ ရဟန္တာဖြစ်လာတဲ့ တရားလမ်းစဉ်အတိုင်း ဖြေကြားကြတာကိုး။ အဲဒီတော့ အဲဒီမေးတဲ့ ရဟန်းကို မြတ်စွာဘုရားက "ရဟန်း သင်ဟာ ပေါက်ပင်၊ ပေါက်ပွင့်မဖြစ်ဘူးတဲ့ သူလိုပဲ။ ပေါက်ပင်၊ ပေါက်ပွင့် မမြင်ဘူးတဲ့ လူတစ်ယောက်ဟာ လူတစ်ယောက်ကိုတွေ့တော့ မေးလိုက်တယ်။ "ပေါက်ပင်ဆိုတာ ဘယ်လိုလဲ" အဲဒီလိုမေးတဲ့အခါ ဟိုတစ်ယောက် ဘယ်လိုဖြေသလဲဆိုတော့ "မီးလောင်သစ်ငုတ်လိုပါပဲ မဲကြုတ်ကြုတ်နဲ့"။ သူကပေါက်ပင် အကုန်လုံး အရွက်တွေကြွေလို့ ပေါက်ပင်ငုတ်တို မီးလောင်ထားတာကိုသာ မြင်ဖူးတာကိုး။ အဲလို မြင်တော့ သူက မီးလောင်သစ်ငုတ်လိုပါပဲ"တဲ့။ ပေါက်ပင်ဆိုတာ မဲကြုတ်ကြုတ်ပါပဲ၊ အမှန်ပဲ။ သူမြင်တဲ့အချိန်က မီးလောင်ထားတဲ့အချိန် မြင်တာကိုး။ ဒါနဲ့ မကျေနပ်သေးတော့ နောက်တစ်ယောက်ကို မေးတယ်။ နောက်တစ်ယောက်ကို "ပေါက်ပင်ဆိုတာ ဘယ်လိုဟာမျိုးလဲ"လို့ မေးတော့။ "မံသပေသိခေါ်တဲ့ သားတစ် များလိုပဲ"တဲ့။ ပေါက်ပွင့်ဆိုတာ အနီပဲတဲ့။ သူကတော့ ဟုတ်တာပေါ့။ ပေါက်ပင်ပွင့်နေတဲ့အချိန် မြင်ဖူးတာကိုး။ ဒါကြောင့် သားတစ်လိုပဲတဲ့ နီမြန်းနေတာပါပဲ ဒီလိုဖြေတယ်။ ဒါလဲပဲ သူမြင်တဲ့အချိန်က ပေါက်ပင် ပွင့်တဲ့အချိန်ဆိုတာ မှန်တာပဲ။ နောက်တစ်ယောက်ကို မေးလိုက်ပြန်တယ်။ သိပ်ပြီးတော့

http://www.dhammadownload.com



မကျေနပ်သေးလို့။ "ပေါက်ပင်ဆိုတာ ဘယ်လိုဟာမျိုးလဲ" နောက်တစ်ယောက်ကတော့ သူကပွင့်ပြီးတော့ အသီးသီးတဲ့အချိန်မှာ မြင်ထားတာကိုး။ အဲဒီတော့ ဖြေတဲ့ပုဂ္ဂိုလ်က သူမြင်တဲ့အတိုင်း ပေါက်ပင်ဆိုတာ ကုက္ကိုပင်လိုပါပဲတဲ့။ သံလျက်အိမ်သဖွယ် တွဲရရွဲကျပြီးတော့ အသီးတွေရှိတာကို ခေါ်တာပါပဲ။ သံလျက် ချွတ်ပြီးတော့ သံလျက်အိမ်ကို ဇောက်ထိုးထားသလိုပါပဲ။ ကုက္ကိုပင် အသီးတွေ သီးနေသလိုပါပဲ။ ကုက္ကိုပင်နဲ့တူတယ်လို့ ဒီလိုပြောတာ။ ဒါလဲ မှန်တာပဲ။ ပေါက်ပင်သီးနေတဲ့အချိန် သူက မြင်ဖူးတာကိုး။ ဒါနဲ့ မကျေနပ်သေးတော့ နောက်တစ်ယောက်ကို မေးပြန်တယ်။ နောက်တစ်ယောက်ကို မေးတဲ့အခါ ပေါက်ပင်အရွက်အခက်တွေနဲ့ စည်ကားနေတာကို မြင်ဖူးတဲ့လူဖြစ်နေတော့ သူကဘာပြောသလဲဆိုတော့ "ပေါက်ပင်ဆိုတာ ပညောင်ပင်ကြီးများလိုပဲ အရွက်နုတွေ အရွက်ရင့်တွေနဲ့ ထူလို့ထပ်လို့ အရိပ်အာဝါသကလည်း ကောင်းတယ်။ ပေါက်ပင်ဆိုတာ ပညောင်ပင်ကြီးလိုပဲ"။ ဒီလိုဖြေတဲ့ လူကလည်း မှန်တာပဲ။ သူကလည်းပဲ ရွက်နုတွေ ရွက်ရင့်တွေ ပေါက်ပြီး စည်စည်ကားကား ဖြစ်တဲ့အချိန် မြင်တာကိုး။ အဲဒီဥပမာလိုပါပဲတဲ့။ ဒီပုဂ္ဂိုလ်လေးယောက်တို့ရဲ့ ဖြေကြားချက်ဟာ ပေါက်ပင်ကို မေးတဲ့အခါ ဒီပုဂ္ဂိုလ်လေးယောက်က အသီးအသီး မိမိတို့မြင်ရသလို ဖြေကြားတာအမှန်ပဲ။

## အားလုံးအဖြေမှန်ချည်း

အဲသလို ဖြေကြားတာမှန်သလိုပဲ စောစောက ရဟန္တာအရှင်မြတ်ကြီး လေးပါးက တွေ့ထိမှု (၆)မျိုးတို့ရဲ့ တည်ရာဖြစ်တဲ့ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန" တို့နဲ့ ဖြစ်ခြင်း၊ ချုပ်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်လို့ရှိရင် အမြင်စင်ကြယ်တာပါပဲ။ တစ်ပါးက ခန္ဓာငါးပါး၊ တစ်ပါးက မဟာဘုတ်လေးပါး၊ တစ်ပါးက အလုံးစုံသော သင်္ခါရတရားတို့ရဲ့ ဖြစ်ခြင်း၊ ချုပ်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်ရင်

http://www.dhammadownload.com



ဉာဏ်အမြင်စင်ကြယ်တယ်။ ရဟန္တာအရှင် မြတ်ကြီးလေးပါး ဖြေကြား တာလဲအမှန်ပဲ။ ပေါက်ပင် ဥပမာလိုပါပဲတဲ့။ ကိုယ်မြင်ဖူးတာကို ကိုယ်ပြောကြတာ။ အဲဒီတော့ ပေါက်ပင်ဆိုတာ မဲကြုတ်ကြုတ်ပဲတဲ့ မီးလောင်ထားတဲ့ သစ်ငုတ်လို တစ်ယောက်ကဖြေတယ်။ ပေါက်ပင် ဆိုတာ သားတစ်လိုပဲ နီမြန်းတယ်။ ပေါက်ပင်ဆိုတာ ကုက္ကိုပင်လိုပဲ။ ပေါက်ပင်ဆိုတာ အရွက်နု၊ အရွက်ရင့်တွေနဲ့ စည်ကားပြီးနေတဲ့ ပညောင်ပင်ကြီးလိုပဲ။ အဲဒီတော့ တရားနည်းတွေဟာ စောစောက အရှင်မြတ်ကြီးလေးပါး ဉာဏ်အမြင်စင်ကြယ်ခဲ့တဲ့လမ်းစဉ်ဟာ နည်း အမျိုးမျိုးနဲ့ရှိပါတယ်။ (၆)ပါးသော တွေ့ထိမှု(၆)မျိုးတို့ရဲ့တည်ရာ၊ (၆)မျိုးအဇ္ဈတ္တိကာယတန ခေါ်တဲ့ အတွင်းအာယတန(၆)မျိုး၊ ခန္ဓာငါးပါး၊ မဟာဘုတ်လေးပါး၊ တေဘူမကသင်္ခါရတရား၊ အဲဒီလိုအစားအစား သိကြမြင်ကြအောင်၊ သိအောင်မြင်အောင်၊ ဖြစ်မှုကိုလည်း မြင်တယ်။ ပျက်မှုကိုလည်း မြင်တယ်။ အဖြစ်နဲ့အပျက် (၂)မျိုးကိုမြင်အောင် ကြည့်နိုင်ရင် "ဝိပဿနာဉာဏ်ကိုး"။ အဲဒီ ဝိပဿနာဉာဏ်ဟာ မိမိတို့စိတ်အစဉ်လေး သေသပ်သွားမှ စိတ်အညစ်အကြေးကင်းမှ၊ စိတ်အညစ်အကြေးကင်းတဲ့ အခါကျတော့ တွေ့ထိမှု (၆)မျိုးတို့ရဲ့ တည်ရာဖြစ်တဲ့ အဇ္ဈတ္တိကာယတန (၆)မျိုး၊ ခန္ဓာ (၅)ပါး၊ မဟာဘုတ် (၄)ပါး၊ အလုံးစုံတေဘူမက သင်္ခါရတရားတွေရဲ့ ဖြစ်ခြင်းကိုလဲ မြင်နိုင်တယ်။ ချုပ်ခြင်းကိုလဲ မြင်နိုင်တယ်။ အဲဒီ ဖြစ်တာနဲ့ချုပ်တာ၊ ဖြစ်တာနဲ့ပျက်တာကို မြင်နိုင်ရင် ဝိပဿနာဉာဏ်။ အဲဒီ ဝိပဿနာဉာဏ် အဆင့်ရောက်အောင် မိမိတို့ရဲ့စိတ်ကလေးကို ရှေးဦးစွာ အညစ်အကြေး ကင်းအောင်၊ အပြစ်ကင်းအောင် ဆိုပြီးတော့ ယခု သုတ်သင်နေတဲ့ အချိန်ကာလဖြစ်တယ်။

ဒါကြောင့် မိမိတို့ရဲ့ စိတ်အစဉ်ကို နီဝရဏ အညစ်အကြေး ကင်းအောင် စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အသိ အလိမ္မာ ဉာဏ်ပညာဓာတ်ကို အားနည်းအောင်ပြုတတ်တဲ့ နီဝရဏတွေ

http://www.dhammadownload.com



ကင်းအောင်၊ မဖြစ်ပေါ်သေးတဲ့ အသိဓာတ်၊ အလိမ္မာ ဓာတ်တွေကိုလဲ မဖြစ်ပေါ်အောင်၊ ဖြစ်ပေါ်ပြီးသား အသိဓာတ်၊ အလိမ္မာဓာတ်တွေကို အားနည်းအောင်ပြုတတ်တဲ့ နီဝရဏတရား အပိတ်အပင် အဆီးအတား၊ တရားတို့ မိမိတို့စိတ်အစဉ်မှာ သန့်ရှင်း စင်ကြယ်အောင် ဆိုပြီးတော့ ယခုအားထုတ်နေကြရတယ်။ ဒါကြောင့် ဆက်လက်ပြီးတော့ ဝိပဿနာ ဉာဏ်ရဲ့ အခြေခံအကြောင်းရင်း စိတ်တည်ကြည်ငြိမ်မှု သမာဓိရရှိအောင် ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

ယနေ့ သာသနာတော်နှစ် ၂၅၄၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၃ ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်နေ့။

(၃၃)ကြိမ်မြောက် လယ်တီဝိပဿ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား ဟိုနေ့က ဟောထားတဲ့ "ကိံသုကောပမသုတ်"ကိုပဲ ဆက်ပြီးဟောရမှာပါ။

ဒီကိံသုကောပမသုတ္တန်ဒေသနာတော်က ရဟန်းတော်တစ်ပါး က နေပြီးတော့ တွေ့ထိမှုတည်ရာဖြစ်တဲ့ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန"၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဒီ(၆)မျိုးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကိုပဲ ကြည့်ရှုပြီးတော့ တရားရတဲ့ ရဟန်းတော်တစ်ပါးစီသွား မေးပြန်တော့ ဘယ်နည်းနဲ့များ တရားရပါသလဲ။ အမြင်မှန် ဘယ်နည်းနဲ့ စင်ကြယ်ပါသလဲ။ ဉာဏ်အမြင် ဘယ်နည်းနဲ့ စင်ကြယ်ပါသလဲဆိုတော့- အဲဒီ ရဟန်းက သူတရားအား ထုတ်ခဲ့တဲ့ တရားလမ်းစဉ်အတိုင်း ဖဿ(၆)မျိုး၊ တွေ့ထိခြင်း(၆)မျိုးတို့ရဲ့ တည်ရာဖြစ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကိုပဲမြင်ပြီး ဉာဏ်အမြင် စင်ကြယ်ပါတယ်။

နောက်တစ်ပါးသွားမေးပြန်တော့ အဲဒီနောက်တစ်ပါးကလဲ ခန္ဓာငါးပါး ရှုပွားအားထုတ်ပြီး အရိယာစခန်း တက်လှမ်းပြီး လာတော့ သူကလဲ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကိုပဲ မြင်ပြီးတော့ ဉာဏ်အမြင် စင်ကြယ်ခဲ့ပါတယ်လို့ ဒီလိုပဲဖြေတယ်လို့ ဖြေတယ်။

သုံးပါးမြောက် ရဟန်းတော်ကလဲ မဟာဘုတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးကို မြင်ပြီးတော့ တရားရလာတာဆိုတော့ သူရလာတဲ့ တရားလမ်းစဉ်အတိုင်း ဉာဏ်အမြင်စင်ကြယ်ပုံကို ပြောကြားတယ်။

နောက်စတုတ္ထတစ်ပါးစီ ရောက်ပြန်တော့ အဲဒီတစ်ပါးကလဲ သုံးဆယ့်တစ်ပုံမှာ ဖြစ်နေကြတဲ့ တေဘူမကသင်္ခါရတရားတို့ရဲ့ ဖြစ်ပုံ၊

58(A)

http://www.dhammadownload.com



ပျက်ပုံကိုမြင်ပြီး တရားရလာတော့ သူရလာတဲ့တရားလမ်းစဉ်အတိုင်းပဲ တေဘူမကသင်္ခါရတရားတို့ရဲ့ ဖြစ်စဉ်ကို ပျက်ပုံကို မြင်လို့ရှိရင်တော့ တရားမြင်တယ်လို့ ဖြေကြားတယ်။

## ဘုရားထံရောက်

လေးပါးမေး၊ လေးမျိုးဖြေကြားကြတယ်။ အခု ယောဂီသူတော်စင်များဟာလဲ တစ်ယောက်နဲ့တစ်ယောက် ပထမဆုံး စိတ်တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် ထွက်လေဝင်လေကို ပွားများပြီးတော့ တရားယူလာတာခြင်းတော့ တူတယ်။ သို့သော်လဲ မိမိတို့ ဝိပဿနာဉာဏ်အဆင့်အတန်း ရောက်တဲ့အခါကျတော့ တစ်ယောက်နဲ့ပတစ်ယောက် ဉာဏ်အမြင်ခြင်း မတူဘူး။ ပြောကြပါစို့။ တစ်ချို့က ရုပ်တို့ရဲ့ဖြစ်ပုံ၊ ပျက်ပုံကို မြင်တယ်။ တစ်ချို့က နာမ်ရဲ့ဖြစ်ပုံ၊ ပျက်ပုံကို မြင်တယ်။ တစ်ချို့ပုဂ္ဂိုလ်က နာမ်ထဲမှာလဲ ဝေဒနာရဲ့ဖြစ်ပုံ၊ ပျက်ပုံကို မြင်တယ်။ တစ်ချို့ကလဲ ဖဿရဲ့ဖြစ်ပုံ၊ ပျက်ပုံကို မြင်လိမ့်မယ်။ တစ်ချို့က ရုပ်နဲ့နာမ်တွဲပြီး မြင်လိမ့်မယ်။

ဘယ်လိုပဲမြင်မြင် ဉာဏ်အမြင်စင်ကြယ်ဖို့သာ အဓိကဖြစ်ပါတယ်။ အားလုံးအမြင်မှန်တာတွေချည်းပါပဲ။ အဲဒီ လေးပါးလုံးလေးမျိုး မိမိတို့ရတဲ့ တရားလမ်းစဉ်အတိုင်း ပြောပြတဲ့အခါကျတော့ အရှင်ဘုရားတို့ ယခုလို အရှင်ဘုရားတို့ လေးပါး၊ တစ်ပါးက ဉာဏ်အမြင် စင်ကြယ်ပုံကို ပြောတဲ့အခါ တွေ့ထမှု (၆)မျိုးတို့ရဲ့ တည်ရာဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန တို့ရဲ့ဖြစ်စဉ်၊ ပျက်စဉ်ကို မြင်တာနဲ့ ဉာဏ်အမြင်စင်ကြယ်တယ်။ တစ်ပါးကလဲ ခန္ဓာငါးပါး၊ တစ်ပါးကလဲ မဟာဘုတ်လေးပါး၊ တစ်ပါးကလဲ တေဘူမက သင်္ခါရတရားတို့ရဲ့ ဖြစ်စဉ်၊ ပျက်စဉ်ကို မြင်ပြီး ဉာဏ်အမြင်စင်ကြယ်တယ်ဆိုတော့ အဲဒီလိုမြင်တာဟာ အရှင်ဘုရားတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြံပြီး ပင်ထွက်ဉာဏ်နဲ့ မြင်ကြတာလားလို့ မေးလိုက်တဲ့အခါကျတော့ အရှင်ဘုရား တပည့်တော်

58(B)

http://www.dhammadownload.com



တို့ ဘယ်ကလာ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြံပြီး ပင်ထွက်ဉာဏ်နဲ့ မြင်နိုင်မှာလဲဘုရား။ ဟို- မြတ်စွာ ဘုရားဆိုတာ ရှိတယ်။ အဲဒီ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အထဲက မိမိကြိုက်ရာ ကမ္မဋ္ဌာန်းကို ယူပြီးတော့ အားထုတ်လာတဲ့လမ်းစဉ်၊ ဘုရားကို အခြေခံပြီးတော့ ဒီလမ်းစဉ်သိတာပါ။ အဲလိုဆိုရင် အရှင်မြတ်တို့ရဲ့ ဖြေကြားချက်နဲ့ မကျေနပ်သေးဘူး။ ဘုရားထံသွားပြီးတော့ လျှောက်ထားမှပဲဆိုပြီး မြတ်စွာဘုရားထံသွားပြီး လျှောက်ထားတယ်။

မြတ်စွာဘုရားကလဲ ဒီကိုယ်တော်ဟာ ဟိုဟိုဒီဒီစူးစမ်းပြီးမှ ငါ့ထံလာတယ်ဆိုပြီး အပြစ်မတင်ဘူး။ "သြော်- အတ္တဂဝေသကော" ဤပုဂ္ဂိုလ်ဟာ အကျိုးတရားကို ရှားမှီးနေသူပဲ။ တရားရှာနေတဲ့ ရဟန်းဆိုတော့ တရားနဲ့ပဲ အသိပေးမှပဲ။ အသိဉာဏ်ပညာ ပေးမှပဲ ဆိုပြီးတော့ မြတ်စွာဘုရားက ပေါက်ပင်ဥပမာကို ဆောင်တော်မူ ဟောပါတယ်။

## ပေါက်ပင်ဥပမာကို ဆောင်တော်မူသည်မှာ

ပေါက်ပင်ဥပမာကို ဆောင်ရတာလဲဆိုတော့ တစ်ချိန်က ဆေးဆရာတစ်ယောက်ဟာ ဆေးကျမ်းစာတွေ အင်မတန်အာဂုံ ဆောင်ထားနိုင်တယ်။ ဗြဟ္မဏပဏ္ဍိတ် ဗိန္ဒောဆရာကြီးပါပဲ။ အဲဒီ ဆရာကြီးက မြို့ကြီးတစ်မြို့မှာနေတော့ မြို့အရှေ့ဘက်က ရွာလေး တစ်ရွာက လူတစ်ယောက်က ရောဂါစွဲနေတယ်။ အသားအရေလဲ မကောင်းဘူး။ ရှုနာရှိုက်ကုန်း ဖြစ်နေပါတယ်။ အဲဒီလိုဖြစ်နေတော့ ဒီဆရာကြီးထံ လာတယ်။ လာပြီးတော့ ဆရာကြီး ကျွန်တော့်မှာ ဒီလိုရောဂါတွေဖြစ်နေလို့ပါ ဆေးလေးဘာလေး မေးဖို့ရာလာပါတယ်။ ဆရာကြီးက လှမ်းပြီးတော့နှုတ်ဆက်။ အို- ကောင်းသောမျက်နှာရှိသော အဆွေ၊ သင်ဟာ ဘာပြုလို့လာသလဲ။ ရောဂါစွဲနေလို့ပါ ဆရာ။ ဘာရောဂါလဲ။ ဒီလိုပဲ အစားအသောက်တွေလဲ ပျက်၊ လူကလဲ ပိန်ချုံးလို့

http://www.dhammadownload.com



အသားအရေတွေလဲ ဟိုကကွက် ဒီကကွက်နဲ့ အဲဒီလို ဖြစ်နေပါတယ် ဆိုတော့။ သင်ဟာ ဒီလိုဆိုရင် ပေါက်ပင်ကိုဖြတ်၊ ဖြတ်ပြီးတော့ မီးရှို့၊ အဲဒီ မီးရှို့လို့ရတဲ့ပြာကို ဆေးလေးနဲ့ဖျော်ပြီးတော့ သောက်မယ်ဆိုရင် ဒီရောဂါ ပျောက်နိုင်တယ်ဆိုတော့ မြို့အရှေ့ရပ်က လာတဲ့လူအား ဒီဆေးနည်းပေးလိုက်တော့ ပေါက်ပင်ပျားရည်ကို ဆေးနဲ့ဖျော်ပြီး သောက်တော့ ရောဂါပျောက်တယ်။ မြို့တောင်အရပ်ကလာလူလဲ ဒီအတိုင်းပဲ။ မြို့အနောက်အရပ်ကလာတဲ့လူလဲ ဒီအတိုင်းပဲ၊ မြို့မြောက်အရပ်က လာတဲ့လူလဲ ဒီအတိုင်းပဲ ပြောတော့ ပေါက်ပင်ပျားရည်လေးနဲ့ ဆေးလေးနဲ့ဖျော်ပြီးသောက်တော့ ရောဂါများပျောက်ကြတယ်။

အဲဒီလိုရောဂါများ ပျောက်ကြတော့ ပေါက်ပင်ကိုမမြင်ဖူးတဲ့ လူတစ်ယောက်က လာတယ်။ သူလဲပဲ ရောဂါအကျိုးအကြောင်း မေးတယ်။ မေးတဲ့အခါ သူဟာပေါက်ပင်ကို မမြင်ဖူးဘူး။ မမြင်ဖူးတဲ့အခါ ရောဂါပျောက်ထားတဲ့ လူလေးယောက်ထဲက သူတို့ကတော့ ပေါက်ပင် မြင်ဖူးကြတယ်။ မြင်ဖူးပေမယ့် ပုံစံအမျိုးမျိုးနဲ့ မြင်ဖူးကြတယ်။ ပေါက်ပင် မမြင်ဖူးတဲ့လူက ပထမတစ်ယောက်ကို မေးတယ်။ ဩော် ပေါက်ပင် ကိုဖြတ်၊ ပြာချပြီး၊ အဲဒီ ပြာရေကလေးနဲ့ ဆေးရည်နဲ့ဖျော်သောက်ရမယ်။ ဒီရောဂါပျောက်လိမ့်မယ်လို့ ပြောပါတယ်။ ပေါက်ပင်ဆိုတာ ဘယ်လို အပင်မျိုးလဲလို့ဆိုတော့ ပထမလူက သူမြင်ထားတဲ့အတိုင်း ဖြေတာပေါ့။ ပေါက်ပင်ဆိုတာ မီးလောင်သစ်ငုတ်လို မဲလို့၊ မဲတဲ့အရောင်ရှိတယ်။ မီးလောင်သစ်ငုတ်လိုပဲတဲ့။ သူကလဲ မီးလောင်ထားတဲ့ ပေါက်ပင်မြင်ဖူး ထားတာကိုး။ သူမြင်တဲ့အတိုင်း ပြောတာ။ ဩော် ပေါက်ပင်ဆိုတာ မည်းနက်လို့ မီးလောင်သစ်ငုတ်လိုပဲတဲ့။ ဒါနဲ့ နောက်တစ်ယောက်ကို မေးလိုက်ပြန်တော့ ပေါက်ပင်ဆိုတာ ဘယ်ဟာမျိုးလဲလို့ မေးတော့ "ပေါက်ပင်ဆိုတာ သားတစ်များလို နီရဲနေတာပဲ"။ သူပြောတာလဲ မှန်တာပဲ။ ပွင့်တဲ့ အချိန်ကိုး။ ပေါက်ပင်ဟာ နီရဲနေတယ်။ ဒါနဲ့ မကျေနပ်သေးဘူး။ နောက်တစ်ယောက်ကို မေးပြန်တော့ "ပေါက်ပင်

http://www.dhammadownload.com



ဆိုတာ ကုက္ကိုပြင်လိုပါပဲ" အသီးတွေကလဲ သံလျှက်အိမ်သဖွယ် သံလျှက်ကိုချွတ်ပြီးတော့ အိမ်ကိုဇောက်ထိုးထားသလိုပါပဲ။ အသီးတွေလဲ တွဲရရွဲကျနေတယ်။ ကုက္ကိုပြင်လိုပါပဲလို့ တတိယတစ်ယောက်က ပြောတယ်။ သူမြင်ဖူးတဲ့ အချိန်က အဲဒီလိုအချိန်ကိုး။ နောက်တစ်ယောက်ကို မေးလိုက်တဲ့အခါကျတော့ "ပေါက်ပင်ဆိုတာ ပညောင်ပင်လိုပါပဲ။ အရွက်နုတွေ အရွက်ရင့်တွေနဲ့ ထူထပ်လို့ပဲ။ အရိပ်ကလဲ သိပ်ကောင်းတာပဲ"လို့ ပြောတယ်။ မေးတဲ့လူက အဲဒီလူလေးယောက်ပြောတဲ့ ပေါက်ပင်ပုံစံကို သဘောမကျသေးဘူး။ လေးယောက်က လေးမျိုးဖြစ်နေတာကိုး။ အေး- အဲဒီလိုဆိုရင် သင်တို့လေးယောက်ပြောတာက တစ်မျိုးစီ။ ဒီဆေးနည်းကို ဘယ်ကရသလဲဆိုတော့၊ တို့ကိုယ်တိုင်သိတာ ဘယ်ဟုတ်မလဲ။ မြို့မှာ တို့ရဲ့ဆရာပဏ္ဍိတ် ဗိန္ဒောဆရာကြီး ရှိတယ်။ အဲဒီဆရာကြီးဆီက ဒီနည်းကိုရလို့ တို့ဟာအသီးအသီးရောဂါတွေ ပျောက်ခဲ့ကြတာလို့ ပြောတော့ အဲဒီဆရာကြီးဆီ သွားမေးတယ်။ ပေါက်ပင်ဆိုတာ ဘယ်ဟာမျိုးလဲ ဆရာကြီးရယ် ကျွန်တော်မျိုး မသိလို့ပါ ဆိုတော့ စောစောက အဖြေစကားတွေလဲ အဲဒီလူက ပြန်ပြောပြတယ်။ ပြောပြတော့ ဆရာကြီးက အဲဒီလူလေးယောက် ပြောတာအမှန်ပဲ။ သူတို့ အခိုက်အတန့်အားဖြင့် အချိန်အခါ လေးမျိုး အလိုက် မြင်ဖူးတာဆိုတော့ သူတို့လေးယောက် ပြောတာမှန်တယ်။ အဲဒီတော့ မှန်တယ်လို့ ပြောပြီးတော့ ဆရာကြီးကပဲ ဒီပေါက်ပင်နဲ့ ပတ်သက်တဲ့ ဆေးဝါးဓာတ်စာကို ပြောပြတယ်။ စောစောကပြောတဲ့ ရဟန်းတော်လေးပါးဟာလဲ အကုန်လုံး မှန်ကြတာပဲ။ ပေါက်ပင် မေးလိုက်တဲ့ အခါကျတော့ ပေါက်ပင်မြင်ဖူးတဲ့ လေးယောက်တို့ရဲ့ အဖြေဟာလဲ အကုန်လုံး အမှန်ချည်းပဲ။ သူ့အခိုက်အတန့်နဲ့သူကိုး။

အဲဒီတော့ ဘုန်းကြီးတို့တတွေ ယောဂီသူတော်စင်များ တရားအားထုတ်ကြတဲ့အခါ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ၊ ရုပ်တစ်စိပ်ကို ဖြစ်စေ၊ နာမ်တစ်စိပ်ကိုဖြစ်စေ၊ ရုပ်အားလုံးကိုဖြစ်စေ၊ နာမ်အားလုံးကို

http://www.dhammadownload.com



ဖြစ်စေ၊ ဘယ်ရုပ်၊ ဘယ်နာမ်ရဲ့ဖြစ်တာကို မြင်မြင် ပျက်တာကိုမြင်မြင် မှန်တာချည်းပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက ဒီရဟန်းတော်ကို အဲဒီလို ပေါက်ပင်ဥပမာလေးမျိုးနဲ့ ထုတ်ပြပြီးတော့ ဟောကြားတော်မူတယ်။

## တရားနာရပါစေတော့

အဲဒီလို ဟောကြားပြီးတော့ ဒီပေါက်ပင်ဥပမာကို ပြောလိုက်ရုံနဲ့ ဒီရဟန်းဟာ တရားရရင်လဲ ရရော၊ မရရင်လဲ ဆက်လက်ပြီးတော့ တရားနာပါစေတော့ဆိုပြီး မြို့ကြီးတစ်မြို့ အစွန်အဖျား အနား ကျတဲ့မြို့ပေါ့။ အဲဒီ အစွန်အဖျား အနားကျတဲ့မြို့ဆိုတာ မြို့တံခါးကလဲ ခိုင်ရတယ်။ တံခါးစောင့် လူဝင်မှုကြီးကြပ်ရေးကလဲ အင်မတန် ကောင်းရတယ်။ ပြီးတော့ အဲဒီမြို့မှာ လျှင်မြန်တဲ့သံတမန်ကလဲ (၂)ယောက်ရှိတယ်။ မြို့ပိုင်လဲ ရှိတယ်။ အလယ်လမ်းဆုံလဲ ရှိတယ်။ သတင်းစကားလဲ ရှိတယ်။ လာလမ်းအတိုင်းပြန်တယ်။ အဲဒီလိုရှိတော့ ဆိုကြပါစို့။ အစွန်အဖျား အနားကျတဲ့မြို့လို့ဆိုတော့ အဲဒီမြို့နဲ့ ဒီကိုယ်ခန္ဓာကြီးနဲ့ တူပါတယ်။ အဲဒီ အစွန်အဖျား အနားကျတဲ့မြို့မှာ လာကြတာက အရှေ့အရပ်ကလူကလဲ မြို့ကိုဝင်တယ်။ တောင်အရပ်, အနောက်အရပ်, မြောက်အရပ် လေးမျက်နှာက လူတွေဟာ ဒီမြို့ လာကြတယ်။ လာကြတော့ တံခါး(၆)ပေါက်က နေလာကြ၊ ဝင်ကြတယ်။ အစွန်အဖျားမြို့နဲ့ ဘာနဲ့တူသလဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးနဲ့တူတယ်လို့ ပြောခဲ့ပါပြီ။ တံခါးခြောက်ပေါက်နဲ့ အဇ္ဈတ္တိကာယတန ခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒီ(၆)မျိုးနဲ့ တူတယ်။ တံခါး(၆)ပေါက် တံခါးစောင့်က သတိပါပဲ။ လျှင်မြန်တဲ့ သံတမန် (၂)ယောက်က သမထနဲ့ ဝိပဿနာပါပဲ။ အဲဒီမြို့ကမြို့ပိုင်က ဝိညာဏ်စိတ်နဲ့ တူပါတယ်။ မြို့ကို ဝင်လာတဲ့ အခါကျတော့ တံခါး(၆)မျိုးက နေဝင်လာတယ်။ ဝင်လာပြီး တော့ မြို့ပိုင်က ဘယ်ဟာလဲလို့ဆိုတော့ ဝိညာဏ်စိတ်။ အလယ်လမ်း ဆုံးက မဟာဘုတ်လေးပါးပဲ။ မြို့ပိုင်ဆီကိုသွားပြီးတော့ ဟုတ်မှန်

http://www.dhammadownload.com



သတင်းစကား ပြောကြားတယ်။ ဟုတ်မှန်တဲ့သတင်းစကားက ဘာလဲဆိုတော့ နိဗ္ဗာန်ပါပဲ။ အဲဒီလို သံတမန်(၂)ဦးက ပြောကြားပြီးတော့ လာလမ်းအတိုင်း ပြန်တယ်။ လာလမ်းအမှန်က ဘာလဲဆိုတော့ မဂ္ဂင်(၈)ပါးပါပဲ။ ဒါဖြင့် အစွန်အဖျား အနားကျတဲ့ မြို့အရှေ့အရပ်က ဝင်လာတယ်။ တံခါးခြောက်ပေါက်က ဝင်တယ်။ တံခါးစောင့် သတိရှိတယ်။ သမထဝိပဿနာ ခေါ်တဲ့ သံတမန်(၂)ဦး ဝင်လာတယ်။ လျှင်မြန်တဲ့ သံတမန်(၂)ယောက်က မြို့ပိုင်ဝိညာဏ်ထံ သတင်းပို့ရတယ်။ ဘယ်နေရာမှာ ထိုင်ပါသလဲဆိုတော့ မဟာဘုတ်လေးပါးနဲ့တူတဲ့ လမ်းဆုံမှာထိုင်ပါတယ်။ မြို့ပိုင်ထံ မှန်ကန်တဲ့နိဗ္ဗာန် သတင်းစကား ပို့တယ်။ သံတမန်(၂)ဦး မဂ္ဂင်(၈)ပါး တည်းဟူသော လာလမ်းအတိုင်း ပြန်ပါတယ်။ တောင်အရပ်ကလာလာ၊ အရှေ့အရပ်ကလာလာ၊ ဒီမြို့ကိုဝင်တဲ့ အရပ်လေးမျက်နှာက လာလာသမျှ သံတမန်ခြေမြန်တော်(၂)ဦးဟာ လာလမ်းအတိုင်း ပြန်တယ်။ ဒီခန္ဓာကိုယ်ဆိုတဲ့ မြို့မှာ တံခါးကခြောက်ပေါက်။ အဲဒီ တံခါးခြောက်ပေါက်ကို စောင့်နေတာက သတိ။ လျှင်မြန်တဲ့သံတမန် (၂)ဦးက သမထဝိပဿနာ။ သံတမန်(၂)ဦးက မြို့ပိုင်နဲ့တွေ့ မြို့ပိုင်က ဝိညာဏ်ပါပဲ။ မြို့ပိုင် ဝိညာဏ်က ဘယ်မှာထိုင်သလဲဆိုတော့ မဟာဘုတ်လေးပါး လမ်းဆုံ လမ်းမလမ်းလေးခွမှာထိုင်တယ်။ အဲဒီမှာ မှန်ကန်တဲ့ သတင်းစကား နိဗ္ဗာန်ကို ပြောကြားတယ်။ လာလမ်းအတိုင်းပြန်တယ် ဆိုတာက မဂ္ဂင်(၈)ပါး။ ဒီဥပမာကို မြတ်စွာဘုရားက ဆက်ပြီးတော့ အဲဒီရဟန်းအား ဟောကြားတော်မူတယ်။ ဟောကြားတဲ့အခါမှ မြတ်စွာဘုရား ဟောကြားတဲ့ တရားကို သဘောကျပြီးတော့ ဒီရဟန်းက ကျေနပ်ပြီးတော့ သွားတယ်။ အဲဒီတော့ ဒီကိံသုကောပမသုတ္တန်မှာ ရဟန်းလေးပါးထံ သွားရောက်ပြီးတော့ မေးမြန်းတဲ့အခါ နည်းမျိုးစုံနဲ့ ဉာဏ်အမြင် စင်ကြယ်နိုင်တယ်။

ဒီအသိဉာဏ်ရတယ်။ မကျေနပ်သေးလို့ ဘုရားထံမှောက်ရောက်တဲ့အခါကျတော့ ပေါက်ပင်ဥပမာကို မြတ်စွာဘုရား ထုတ်ပြ

http://www.dhammadownload.com



တယ်။ ပေါက်ပင်အမျိုးအစား (၄)မျိုးမြင်တဲ့အခိုက်အတန့်ကို ကြည့်ပြီး ပြောပြတဲ့သူတွေဟာ အသီးသီးမှန်ကန်ကြတယ်။ အဲဒီလို မှန်ကန်သလိုပဲ။ အချို့ရဟန်းတွေက တွေ့ထိမှု ဖဿ(၆)မျိုး တည်ရာဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့ရဲ့ ဖြစ်ပျက်အစဉ်ကို ကြည့်ရှုနိုင်ရင်လဲ ဉာဏ်အမြင်စင်ကြယ်တယ်ဆိုတာ မှန်တယ်။ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်စဉ်ပျက်စဉ်ကို ကြည့်နိုင်မယ်ဆိုရင် ဉာဏ်အမြင်စင်ကြယ်တယ်။ မဟာဘုတ်လေးပါး ရုပ်ချည်းသက်သက် ဖြစ်စဉ်၊ ပျက်စဉ်ကို မြင်မယ်ဆိုရင်လဲ ဉာဏ်အမြင် စင်ကြယ်နိုင်ပါတယ်။ ဉာဏ်ကကြီးလွန်းလို့ သင်္ခါရသဘောတရားတွေ ခြုံပြီးတော့ မြင်နိုင်ရင် အတိတ်သင်္ခါရ၊ အနာဂါတ်သင်္ခါရ၊ ပစ္စုပ္ပန်သင်္ခါရ၊ ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ မခွဲခြားပဲနဲ့ အားလုံးကိုမြင်နိုင်တယ်ဆိုရင်လဲပဲ ဉာဏ်အမြင်စင်ကြယ်နိုင်ပါတယ်လို့ မြတ်စွာဘုရား ပေါက်ပင်ဥပမာနဲ့ ဆိုဆုံးမပြီးတော့ အစွန်အဖျားအနားကျတဲ့ မြို့ကြီးနဲ့ ဒီခန္ဓာကိုယ်ကို ဥပမာထားပြီးတော့ တံခါး(၆)ပေါက်က ဝင်လာတဲ့လူတွေ၊ အဲဒီလူတွေဟာ ဘယ်အမျိုးအစားတွေပါလဲလို့ သိအောင် သတိကနေပြီးတော့ စီစစ်တယ်။ သတိဆိုတဲ့ (လူဝင်မှုကြီးကြပ်ရေး)က စိစစ်၊ စိစစ်ပြီးပြန်တော့ သမထဝိပဿနာနဲ့ တူတဲ့ သံတမန် ခြေမြန်များကနေပြီးတော့ ဒီသူက လူကောင်းပဲလို့ ဆိုပြီးတော့ မြို့ပိုင်ကိုသွားပြီးတော့ ပြောကြတယ်။ ဒီလိုမြင်ရင် ကောင်းတယ်။ ဒီလိုမြင်ရင် မကောင်းဘူးဆိုတာ ပြောသလိုပေါ့။ အဲဒီမြို့ပိုင် ထိုင်နေတာက မဟာဘုတ်လေးပါးနဲ့တူတဲ့ လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွမှာ အဲဒီတော့ မဟာဘုတ်လေးပါးဟာလဲ ဝိပဿနာရဲ့အာရုံ၊ မဟာဘုတ်လေးပါးအပေါ်မှာ မှီနေတဲ့ ဥပါဒါရုပ် မှီပြီးတော့နေတဲ့ ဝိညာဏ်စိတ်စေတသိက်တို့ဟာလဲပဲ ဝိပဿနာရဲ့အာရုံ၊ လာလမ်းအတိုင်း သွားတယ်ဆိုတဲ့ နေရာမှာ မဂ္ဂင်(၈)ပါး။ မဂ္ဂင်(၈)ပါးမှာ သီလ၊ သမာဓိ၊ ပညာ ချုံ့ပြောမယ်ဆိုရင် သုံးမျိုး။ ဒီ(၃)မျိုးနဲ့သွားတာဟာ လမ်းမှန်အတိုင်း ပြန်ပြီးတော့ ဒီလူဟာ ဒီမြို့ဝင်ပြန်သွားပြီ။ ဘယ်နေ့ ဘယ်ရက်က

http://www.dhammadownload.com



ရန်ကုန်ဝင်လာတယ်။ ဘယ်နေ့ ဘယ်ရက်က အစွန်အဖျား အနားကျတဲ့ လားရှိုးဝင်လာတယ်။ ဘယ်နေ့ ဘယ်ရက်က ပြန်သွားပြီ။

ကျကျနန ပြောနိုင်တယ်။ ပြောနိုင်တဲ့ သမထဝိပဿနာ ကျင့်စဉ်တရားတွေ အားထုတ်ပြီးတော့ လာခဲ့တာ ယနေ့တော့ (၇)ရက်ပြည့်မြောက်လို့ မနက်ဖြန်ဆိုရင် (၃၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲခံတော့မှာပါပဲ။ ဒါကြောင့် မိမိတို့တစ်တွေဟာ မြတ်စွာဘုရား နည်းမျိုးစုံနဲ့ ဟောကြားတော်မူတဲ့အတိုင်း၊ တစ်နည်းအားဖြင့် စောစောကဉာဏ် အမြင်စင်ကြယ်ပုံကို မေးမြန်းတဲ့ရဟန်းတော်တစ်ပါး ဉာဏ်အမြင် စင်ကြယ်ပုံနည်းလမ်း ရခဲ့သလို နည်းမျိုးစုံနဲ့ တရားဉာဏ်အမြင်ဟာ စင်ကြယ်နိုင်တယ်လို့ မိမိတို့အသိဉာဏ်ထဲမှာထားပြီး မိမိတို့အာရုံရတဲ့ ရုပ်၊ နာမ်၊ အာရုံရတဲ့ ဖဿ (၆)ပါးတို့၏ တည်ရာ၊ အာယတန ခြောက်မျိုး၊ အာရုံရတဲ့ ခန္ဓာငါးပါး။ အာရုံရတဲ့ မဟာဘုတ်လေးပါး၊ အာရုံရတဲ့ သင်္ခါရတရား အားလုံးတို့ရဲ့ ဖြစ်ပျက်အစဉ်ကို သိအောင်မြင် ကြိုးစားအားထုတ်နိုင်ကြပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ကတရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရား ကုန်းမြေကလေးဝတောရကျောင်းစာ သင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မရုံကြီး၌

ဟောကြားအပ်သော

## သင်္ကြန်တရားတော်

ယနေ့သာသနာတော်နှစ် ၂၅၄၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခု၊ နှောင်းတန်ခူးလဆန်း (၁၄)ရက်။

၁၃၆၄ ခုနှစ်ကုန်တော့မယ်။ နောက်တစ်ရက်ဆိုရင် ၁၃၆၄ ခုနှစ် စက်သံသရာရဟတ်ဟာ လည်ပတ်လို့ပြီးသွားပြီ။ ယောဂီသူတော်စင်များ အားလုံးဟာ အခု (၁၁)ရက်နေ့ ကစပြီးတော့ အားထုတ်ခဲ့တယ်။

နေ့စဉ်နေ့တိုင်း နေ့စဉ်နေ့တိုင်း (၉)ကြိမ် (၉)ကြိမ် အားထုတ် လာတော့ ဒီအချိန်တိုင်း အချိန်တိုင်းမှာ တရားထိုင်တော့မယ်ဆိုပြန်တော့ သရဏဂုံ (၁)ကြိမ်၊ ပြီးပြန်တော့ (၁)ကြိမ်၊ (၉)ကြိမ်ဆိုတော့ သရဏဂုံ ယူတာ (၁၈)ကြိမ်။

အာရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်သုံးဆောင်ချိန်ပါပေါင်းရင် သရဏဂုံ တစ်နေ့ (၂၁)ကြိမ်။

http://www.dhammadownload.com



အနန္တောအနန္တငါးပါး ရှိခိုးတာလဲ (၂၁)ကြိမ်၊ မေတ္တာပွားတာလဲ (၂၁)ကြိမ်၊ အမျှအတန်းဝေတာ အမျှအတန်းယူတာလဲ (၂၁)ကြိမ်လို့ ပြောရမှာပါပဲ။

အကြိမ်ကြိမ် ကုသိုလ်တွေချည်း ဖြစ်ပွားခဲ့တာ၊ ကုသိုလ်တွေချည်း ဖြစ်ပွားတော့ ကမ္မဋ္ဌာန်းအနေနဲ့ပြောမယ်ဆိုရင်ဖြင့် စိတ်(၁)၊ စေတသိက် (၅၂)မျိုး၊ ရုပ် (၂၈)မျိုး နိဗ္ဗာန် အားလုံး(၈၂)မျိုး။ နိုင်ငံတွေ၊ လောကကြီးတွေ၊ ကမ္ဘာကြီးတွေ၊ စကြဝဠာကြီးတွေ၊ ဘုံတွေ၊ ဘဝတွေ ဘယ်လောက် ကျယ်ဝန်းကျယ်ဝန်း စိတ်တူရာပေါင်းပြီးတော့တစ်မျိုး၊ စေတသိက် (၅၂)မျိုး၊ ရုပ် (၂၈)မျိုး၊ နိဗ္ဗာန်လို့ (၈၂)မျိုး။

ကမ္ဘာလောကရှိသမျှ ဥဿုံအလုံးစုံ ကောက်ချက်ချလိုက်လို့ရှိရင် (၈၂)မျိုးပဲ ရှိပါတယ်။ အဲဒီ (၈၂)မျိုးကို အကျယ်ဖြန့်လိုက်တော့ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ အပါယ်လောက၊ အနန္တလောကဓာတ်တွေ အားလုံးကျယ်ပြန့်သွားပါတယ်။

အဲလို ကျယ်ပြန့်သွားတော့ အခုတရားအားထုတ်တဲ့ အခါမှာတော့ ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ တစ်ခုခုကို စွဲကိုင် အသုံးချကြရပါတယ်။

(၃၁)ဘုံ ဩကာသလောကကြီးနဲ့ ကြည့်မယ်။ ပြောမယ်ဆိုရင် (၃၁)ဘုံထဲမှာ ယောဂီသူတော်စင်များ သိကြတာက (၂)ဘုံပဲ သိတယ်။ လူ့ဘုံကိုသိတယ်။ တိရစ္ဆာန်ဘုံကို သိတယ်။ လူတွေကို သိတယ်။ တိရစ္ဆာန်သတ္တဝါတွေကို သိကြတယ်။ ပြောမယ်ဆိုရင် လူသတ္တလောက၊ တိရစ္ဆာန်သတ္တလောကကို သိတယ်။

သင်္ခါရလောကကတော့ သိဖို့ခက်တယ်။ အဲဒီ သင်္ခါရလောက သိအောင် တရားအားထုတ်ရပါတယ်။ အဲဒီတော့ ဘုံ(၃၁)ဘုံထဲမှ (၂)ဘုံမျှသာ သိတယ်။ ကျန်တဲ့ဘုံတွေ မသိနိုင်ဘူး။ သတ္တလောကကြီး ကြည့်မယ်ဆိုရင်လဲ ဒီသတ္တလောကမှာ လူသတ္တလောက၊ တိရစ္ဆာန်သတ္တလောက ဒီလောက်ပဲ သိကြတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကတော့ (၃၁)ဘုံလုံးကိုလဲ သိတော်မူတယ်။ (၃၁)ဘုံသားတွေကိုလဲ သိတော်မူတယ်။ အဲဒီထဲက သင်္ခါရလောက ဆိုတာ သက်ရှိသက်မဲ့ သင်္ခါရလောက (တစ်နည်းအားဖြင့်) ရုပ်လောက၊ နာမ်လောက။ အဲဒီ ရုပ်လောက၊ နာမ်လောကကို မြင်အောင် တရားအားထုတ်၊ တရားရှုနေကြရတာပဲ။

(၃၁)ဘုံရှိ (၃၁)ဘုံသားတို့ရဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား ဖြစ်ပျက်ပွားဆုတ်၊ မြတ်ယုတ်ဆိုးကောင်း၊ ကျိုးအကြောင်းကို ကောင်းစွာ ပိုင်ပိုင် သိစွမ်းတော်မူနိုင်တဲ့ ဗုဒ္ဓဘုရား။ အဲဒီ ဗုဒ္ဓဘုရားက (၃၁)ဘုံ သြကာသလောကကိုလဲ ညွှန်းပြတော်မူတယ်။

(၃၁)ဘုံသားသတ္တလောကကိုလဲ သိတော်မူတဲ့အတိုင်း ညွှန်းပြတော်မူတယ်။ (၃၁)ဘုံမှာရှိတဲ့ (၃၁)ဘုံသားတွေရဲ့ ရုပ်နေရုပ်ထား စိတ်နေစိတ်ထားတွေအားလုံး ဖြစ်တာပျက်တာ၊ တိုးပွားတာ၊ ဆုတ်ယုတ်တာ၊ အကျိုးအကြောင်း၊ အဆိုးအကောင်းတွေကို ဝေခွဲပြီး သိတော်မူတဲ့ အတိုင်းပဲ ဟောကြားတော်မူခဲ့တယ်။

အဲဒီ (၃၁)ဘုံ သြကာသလောကထဲမှာ ဘုန်းကြီးတို့တစ်တွေ မြင်နေကြတာက (၂)ဘုံပဲ မြင်တယ်။ မြတ်စွာဘုရားက (၃၁)ဘုံ ကျကျနနမြင်ပြီး ဟောတော်မူတယ်။

မြတ်စွာဘုရားကတော့ အပါယ်လေးဘုံမှာလဲ တိရစ္ဆာန်ဘုံနှင့် တကွ ကျန်တဲ့ ငရဲ၊ ပြိတ္တာ၊ အသုရကာယ်ဘုံတွေလဲ မြင်တော်မူတယ်။ လူ့ဘုံကိုလဲ မြင်တော်မူတယ်။ နတ်ပြည် (၆)ထပ်ကိုလဲ မြင်တော်မူတယ်။ ဗြဟ္မာဘုံ (၂၀)ကိုလဲ မြင်တော်မူတယ်။

အဲဒီတော့ သတ္တဝါတွေဟာ အနန္တ၊ အဆုံးအပိုင်းအခြား မရှိဘူး။ သတ္တဝါတွေဟာ အင်မတန်များပြားတယ်။ ရေနေအနန္တ၊ ကုန်းနေအနန္တ၊ ကောင်းကင်နေအနန္တ၊ စကြာဝဠာပေါင်းများစွာမှာ လူတွေကလဲ အနန္တ များစွာရှိတယ်။

http://www.dhammadownload.com



ဒီစကြာဝဠာမှာ ပြောမယ်ဆိုရင် သန်းပေါင်း (၆၃၀၀)ကျော်၊ ဒါသက်ရှိလောက။ တိရစ္ဆာန်လောကပါ ရေတွက်မယ်ဆိုရင် ရေတွက်လို့ မရနိုင်တဲ့ သတ္တလောကကြီး။ စကြာဝဠာတစ်ခုမှာပဲ ရေတွက်လို့မလွယ်ပါဘူး။ ရန်ကုန်မြို့ကြီးမှာပဲ လူတွေသာ စာရင်းယူလို့ရတယ်။ သန်းခေါင်စာရင်းမရှိတဲ့ တိရစ္ဆာန်တွေအားလုံး စာရင်းယူမယ်ဆိုရင် အင်မတန်ခက်ပါတယ်။ အဲဒီတော့ တိရစ္ဆာန်တွေကလဲ အနန္တဆိုတော့ (၃၁)ဘုံသားတွေဟာလဲ အနန္တများစွာ ရှိပါတယ်။

## အိမ်သုံးလုံးနဲ့ပဲ

အဲဒီ (၃၁)ဘုံသားတွေ ဘယ်လောက်များများ အိမ်သုံးလုံးနဲ့ပဲ နေကြရတယ်။ လူတွေ ရှင်တွေ ဘယ်လောက်များများ အိမ်သုံးလုံးနဲ့ပဲ နေကြတယ်။ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်၊ ဒီအိမ်သုံးလုံးထဲမှာပဲ နေကြရတယ်။ ငါးပင်တိုင်အိမ်တွေကလဲ ဆောက်လုပ်ပြီး သက်တမ်းစေ့တဲ့အခါကျရင် ပြိုလဲကျသွားရတာပါပဲ။

လေးပင်တိုင်ခန္ဓာအိမ်တွေကလဲ ဒီအတိုင်းပဲ။ တစ်ပင်တိုင်ခန္ဓာအိမ်တွေကလဲ ဒီအတိုင်းပါပဲ။ တစ်ခါတစ်ရံကျတော့ သူ့ရဲ့ဆောက်လုပ်ရေးပစ္စည်း ခိုင်မာရင် ခိုင်မာသလို ကြာကြာခံတာတော့ ရှိပါတယ်။

သို့သော်လဲပဲ ဘယ်လောက်ပဲကြာကြာ ပြဟ္မာမင်းကြီးတွေ ရှစ်သောင်းလေးထောင်၊ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်တယ်ဆိုပေမယ့်လို့ တကယ်တမ်းကျတော့ စိတ်ရဲ့အသက်ဟာ ဥပါဒ်၊ ဌီ၊ ဘင်ဆိုတဲ့ ဖြစ်တည်ပျက်မှုပါပဲ။ ပြောနေတာက ကြာပါသေးတယ်။ ဒီထက်ပိုပြီးတော့ အသက်မရှည်ဘူး။

အသက်တစ်ရာရှိတဲ့ ပုဂ္ဂိုလ်တွေ အသက်ရှည်လိုက်တာ ရှည်လိုက်တာ ဆိုပေမယ့်လို့ သူ့သန္တာန်မှာ ဖြစ်နေတဲ့စိတ်က ဥပါဒ်၊ ဌီ၊ ဘင်၊ သူ့သန္တာန်မှာဖြစ်နေတဲ့ ရုပ် ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ခြင်း ရင့်ခြင်း ပျက်ကွက်

http://www.dhammadownload.com



ခြင်းမျှ အသက်ရှည်ပါတယ်။

နာမ်တရားတို့ရဲ့ သက်တမ်းထက် ရုပ်တရားကတော့ ပိုပြီးတော့ အသက်ရှည်တယ်။ ခဏကြီးနဲ့ ပြောမယ်ဆိုရင် စိတ်သက်ဟာ စိတ္တက္ခဏ တစ်ချက်ပဲ အသက်ရှည်တယ်။ အဲဒီ ခဏကြီးတစ်ချက်ကို ခဏငယ်လေးတွေနဲ့ ရေတွက်လိုက်တော့ စိတ္တက္ခဏ (၃)ချက်၊ ခဏငယ်သုံးချက် အသက် ရှည်တယ်။

ရုပ်တွေက ဒီထက်ပိုပြီးတော့ "သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ"ဆိုတဲ့အတိုင်း ရုပ်သက်က ပိုပြီးတော့ အသက်ရှည်တယ်။ ရုပ်သက်က ပိုပြီးအသက်ရှည်တော့ အသက်ရှည်ပေမယ့် ရုပ်ရဲ့သက်တမ်းဟာ ဥပါဒ်၊ ဌီ၊ ဘင်၊ စိတ္တက္ခဏအားဖြင့်ပြောရင် (၁၇)ချက် အသက်ရှည်တယ်။ ရုပ်လဲ ဒီထက်ပိုပြီးတော့ အသက်မရှည်ပါဘူး။

အဲဒီတော့ ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ သတ္တဝါတွေ ဘယ်လောက်များများ အိမ်သုံးလုံးနဲ့ နေကြတာပဲ။ ဒီထက် မပိုပါဘူး။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခေါ်တဲ့ ခန္ဓာငါးပါးနဲ့ အိမ်ဆောက်ပြီးတော့ ငါးပင်တိုင်ခန္ဓာအိမ် ခန္ဓာငါးပါးနဲ့ဆိုတဲ့ ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေတာက တစ်မျိုး။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခေါ်တဲ့ လေးပင်တိုင် ခန္ဓာအိမ်နဲ့ နေကြတဲ့သတ္တဝါတွေကတစ်မျိုး။ ရုပ်သက်သက် တစ်ပင်တိုင် ခန္ဓာအိမ်နဲ့ နေတဲ့သတ္တဝါတွေကတစ်မျိုး။

အသညသတ်သတ္တဝါတို့ကတော့ အသညသတ်ဘုံမှာနေတဲ့ ဗြဟ္မာများကတော့ တစ်ပင်တိုင်ခန္ဓာအိမ်နဲ့ နေကြတယ်။ အရူပဗြဟ္မာကြီးတွေကတော့ လေးပင်တိုင်ခန္ဓာအိမ်နဲ့ နေတယ်။ လူတွေ အခြားလူတွေ တိရစ္ဆာန်တွေအားလုံးကတော့ ငါးပင်တိုင်ခန္ဓာအိမ်နဲ့ နေကြတယ်။ အခု ယောဂီသူတော်စင်များအားလုံး ငါးပင်တိုင်ခန္ဓာအိမ်လေးနဲ့ပဲ နေကြတယ်။ အားလုံးတူပါတယ်။ အင်မတန် တူညီပါတယ်။

ကျောင်းကြီး၊ ကန်ကြီးတွေ၊ အိမ်ကြီး၊ တိုက်ကြီးတွေနဲ့ ဘယ်လိုနေနေ ဒီငါးပင်တိုင်ခန္ဓာအိမ်ကတော့ မူလတိုင်ထူပုံ ပုံစံအတူတူပဲ။ အဲဒီ

http://www.dhammadownload.com



ငါးပင်တိုင် ခန္ဓာအိမ်မှာနေတာကို သဘောပေါက်ဖို့ ယခု တရားအား ထုတ်ကြတာပါပဲ။ မိမိရဲ့ ငါးပင်တိုင်ခန္ဓာအိမ်မှာ ငါးပင်တိုင်ဆိုတာ ဘာတွေလဲ။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခေါ်တဲ့ ငါးပင်တိုင်။ အဲဒီ ငါးပင်တိုင် ခန္ဓာအိမ်မှာ နေကြရတယ်။ အဲဒီ ငါးပင်တိုင်ခန္ဓာအိမ်မှာ နေကြပြန်တော့ တူရာပေါင်း လိုက်လို့ရှိရင် (၂)မျိုးပဲ။ ရုပ်ခန္ဓာအိမ်နဲ့ နာမ်ခန္ဓာအိမ် (၂)မျိုး။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကို နာမ်ခန္ဓာအိမ်၊ ရုပ်ကို ရုပ်ခန္ဓာအိမ်၊ ရုပ်နဲ့ နာမ်နဲ့ ပြောမယ်ဆိုရင် (၂)မျိုးပဲ။ ဒီထက်မပိုဘူး။ ဘယ်လောက်အစွမ်းရှိတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဒီထက်မတတ်နိုင်ဘူး။

သတ္တဝါတိုင်း၊ သတ္တဝါတိုင်း ရရှိထားတဲ့ ခန္ဓာကိုယ်သည် ရုပ်နဲ့ နာမ်မှတစ်ပါး အခြားမရှိဘူး "မဖောက်မပြန် မှန်ကန်တိမတ် ပရမတ်" ဆိုတဲ့ စကားအတိုင်း။ ပရမတ်နဲ့စကားပြောရင် ရုပ်နဲ့နာမ် (၂)မျိုးပဲရှိတယ်။ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း (၂)မျိုးက-

**ကဿစိ ရူပကမ္မဋ္ဌာနံ ပါကဋံ။**

ကဿစိ= အချို့သောပုဂ္ဂိုလ်အား၊ ရူပကမ္မဋ္ဌာနံ= ရုပ်ကမ္မဋ္ဌာန်း သည်၊ ပါကဋံ= ထင်ရှား၏။

အချို့ပုဂ္ဂိုလ်များကတော့ ရုပ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။

**ကဿစိ အရူပကမ္မဋ္ဌာနံ ပါကဋံ။**

အချို့ပုဂ္ဂိုလ်များကတော့ နာမ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။

ဒါကြောင့်မို့ အချို့ပုဂ္ဂိုလ်တွေက ရုပ်ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး အားထုတ်မှ တရားမြင်ကြတယ်။ အချို့ပုဂ္ဂိုလ်များကတော့ နာမ် "စိတ်၊ စေတသိက်" ကမ္မဋ္ဌာန်းတွေ ရှုပွားပြီးတော့ တရားမြင်ကြတယ်။

အခုတော့ ရုပ်ကမ္မဋ္ဌာန်းနဲ့ စခဲ့ကြတယ်။ အာနာပါန ဝါယောရုပ် သိမ်းဆည်းတဲ့နည်းပေါ့။ "အာနာပါန အလျော်ကျ မောဟစိတက်သာ" လို့ဆိုတဲ့အတိုင်း အာနာပါနကမ္မဋ္ဌာန်းဟာ မောဟများတဲ့ပုဂ္ဂိုလ်တွေ၊ အကြံအစည်အတွေးအတောများတဲ့ ပုဂ္ဂိုလ်တွေနဲ့ အင်မတန်လျော်တယ်။

http://www.dhammadownload.com



ဒါကြောင့် ယေဘုယျအားဖြင့် မောဟခေါ်တဲ့ သစ္စာလေးပါးကို မသိနိုင်လောက်တဲ့ အဝိဇ္ဇာဓာတ်၊ ဝိတက် အကြံအစည်အတွေးအတော စသည် ဖယ်ရှားဖို့အတွက် အာနာပါနကမ္မဋ္ဌာန်း ဝါယောဓာတ် သိမ်းဆည်းတဲ့ ကမ္မဋ္ဌာန်းက စခဲ့ကြတယ်။

အဲဒီတော့ ဓာတ်လေးပါး ရုပ်ကမ္မဋ္ဌာန်း ပြောကြပါစို့။ ရုပ်ကမ္မဋ္ဌာန်းနဲ့ စခဲ့ကြတယ်။ ရုပ်ကမ္မဋ္ဌာန်းမှာ ရုပ်ဟာ (၂၈)ပါးရှိတယ်။ ပင်မရုပ်ကြီးက (၄)ပါး၊ အမှီရုပ်အပေါ်တင်ရုပ်က (၂၄)ပါး၊ (၂၄)မျိုး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "တစ်ကိုယ်လုံးဖြစ် ဆယ့်နှစ်အထယ်" တစ်ကိုယ်လုံးဖြစ်နေတဲ အထည်ရုပ်က ဆယ့်နှစ်မျိုး။ "အချယ်ခြောက်ဆူ" အချယ်ရုပ်က (၆)မျိုး။ "အမူရုပ်ငါး" အမူရုပ်က (၆)မျိုး။ "ရန်လေးပါးနှင့်" ရန်ရုပ် (၄)ပါး။ "အခြားရုပ်တစ် နှစ်ဆယ့်ရှစ်" ဆိုတဲ့အတိုင်း ရုပ်တစ်ခုနဲ့တစ်ခု၊ ကလာပ်တစ်ခုနဲ့တစ်ခု ခြားပေးတဲ့ ရုပ်ကတစ်မျိုး။ အဲဒီ-

| | | | |
|---|---|---|---|
| - | တစ်ကိုယ်လုံးဖြစ် ဆယ့်နှစ်အထယ် | = အထည်ရုပ် | ၁၂ |
| - | အချယ်ခြောက်ဆူ | = အချယ်ရုပ် | ၆ |
| - | အမူရုပ်ငါး | = အမူရုပ် | ၅ |
| - | ရန်လေးပါးနှင့် | = ရန်ရုပ် | ၄ |
| - | အခြားရုပ်တစ် နှစ်ဆယ့်ရှစ် | = အခြားရုပ် | ၁ |
| | | | ၂၈ |

အထယ်ရုပ်ရယ်၊ အချယ်ရုပ်ရယ်၊ အမူရုပ်ရယ်၊ အရံရုပ်ရယ်၊ အခြားရုပ်ရယ် ပေါင်းတော့ (၂၈)ပါး။ နှစ်ဆယ့်ရှစ်မျိုးထဲက အထည်ရုပ်ထဲမှာပါတဲ့ ပင်မရုပ်ကြီးလေးပါးကို မဟာဘုတ်လို့ ဒီလိုခေါ်တယ်။

အဲဒီ မဟာဘုတ်ကို ရေ၊ မြေ၊ လေ၊ မီးလို့ ဘာသာပြန်ရပါတယ်။ "ပ-အာ-တေ-ဝါ" ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။

အဲဒီ မဟာဘုတ်လေးပါးထဲက ဟော- စောစောက ငါးပင်တိုင် ခန္ဓာအိမ် တည်ဆောက်ကြတဲ့ ပုဂ္ဂိုလ်များမှာ တစ်ပင်တိုင်က ရုပ်၊ အဲဒီ

http://www.dhammadownload.com



ရုပ်နဲ့ တည်ဆောက်ထားတဲ့ခန္ဓာကိုယ်မှာ ပင်မရုပ်ကြီးလေးမျိုးပါတယ်။ တစ်နည်းအားဖြင့် မဟာဘုတ်လို့ ဒီလိုခေါ်တယ်။ အရေအတွက်အားဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောလို့ (၄)မျိုး။ အကျဉ်းချုပ်အားဖြင့် ပ-အာ-တေ-ဝါလို့ ခေါ်တယ်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးကတော့-

**"ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏ"**

ကဲ- လိုက်ဆိုကြည့် ခက်မာဖွဲ့စေး ပူအေးထောက်ကန် ဤလေးတန် မှတ်ရန်လက္ခဏ။ ဓာတ်လေးပါး ဓာတ်လေးပါးနဲ့ သိနေကြတယ်။ မဟာဘုတ်လေးပါး၊ တစ်နည်းအားဖြင့် ပင်မရုပ်ကြီးလေးပါး။ သဘောအားဖြင့် ပြောမယ်ဆိုရင် ခက်မာနူးညံ့တဲ့သဘောက မြေဓာတ်၊ မြေဓာတ်ဆိုတာ ပကတိမြေကြီးကို ကြည့်ကြည့်ပါလား။ တစ်ချို့နည်းနည်းမာတယ်။ တစ်ချို့နေရာတွေ နူးညံ့တယ်။

"ပူအေးထောက်ကန်"တဲ့။ မီးဓာတ်က ပူတယ်၊ အေးတယ်။ "ဖွဲ့စည်းတယ်" ရေဓာတ်ကြည့်ပြန်တော့ ဖုံမှုန့်လေးတွေ လုံးချင်တဲ့အခါ ရေလေးနဲ့ဖျော်လိုက်မှ ဖုံမှုန့်လေးဟာ လုံးလို့ရတယ်။ အကယ်၍ ရေခြောက်သွားလို့ရှိရင် ဖုံမှုန့်လေးဟာ ဖွာဇာကျဲပြီးတော့ သွားတယ်။

ဒီခန္ဓာကိုယ်ကြီး ယခုလို အထည်ဝတ္ထုကြီးနဲ့ဖြစ်ပေါ်နေတာ ပထဝီဓာတ်ရဲ့ အမာခံသဘောပဲ။ နောက် အာပေါဓာတ်ရဲ့သဘောက ဒီခန္ဓာကိုယ် အလုံးအထည်နှင့်တကွဖြစ်ပြီးတောနေတာ အာပေါဓာတ်က ဖွဲ့စည်းပေးထားတာ။ အဲဒီအထဲမှာ တွန်းကန်လှုပ်ရှားမှု မှန်သမျှအားလုံးဟာ ဝါယောဓာတ်ရဲ့သတ္တိပါပဲ။ ပူတယ်၊ အေးတယ်၊ နွေးတယ်၊ တေဇောဓာတ်၊ သီတတေဇောနဲ့ ဥဏှတေဇော။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးက ကြည့်လိုက်တော့ စောစောက ပြောတဲ့ ငါးပင်တိုင်ခန္ဓာအိမ်၊ အဲဒီ ငါးပင်တိုင်ခန္ဓာအိမ်မှာ ရုပ်ဆိုတဲ့

60 (A)

http://www.dhammadownload.com



တစ်ပင်ကိုပဲ သတိထားပြီးတော့ ကြည့်ကြရမယ်။ ကြည့်တဲ့အခါကျတော့ ဓာတ်လေးပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်။

မြတ်စွာဘုရားက "စာတုမဟာဘူတိကောအယံ ကာယော"။

အယံကာယော= ဤတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်သည်၊ စာတုမဟာဘူတိကော= ဓာတ်လေးပါးဖြင့် ပြီး၏။

ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါး မဟာဘုတ်ရုပ်ကြီးလေးပါး၊ ပင်မမှီရာရုပ်ကြီးလေးပါး၊ နာမည်အမျိုးမျိုးရှိပါတယ်။ အဲဒီ ဓာတ်ကြီးလေးပါးကိုပဲ ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်များက (ပဒါးလုံးတွေ၊ သံလုံးတွေ)လုပ်ပြီး ထွက်ရပ်ပေါက်စခန်းတက် ဂန္ဓာရီဝိဇ္ဇာများ ဖြစ်ကြတယ်။ ဓာတ်လေးပါး အသုံးချတာပဲ။

သိပ္ပံပညာရှင်တွေကလဲ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကိုပဲ အသုံးချပြီးတော့ လေယာဉ်ကြီးတွေ၊ စက်ပစ္စည်း ကိရိယာတွေ၊ ဂြိုလ်တုကြီးတွေ၊ ခဲယမ်းမီးကျောက်တွေအားလုံးဟာ ဒီဓာတ်လေးပါးကို အခြေခံပြီးမှ သိပ္ပံပညာရှင်များ အသုံးချတယ်။ ဒါနဲ့ပဲ ဆေးလမ်းတွေ၊ စက်ကိရိယာလမ်းတွေ အောင်မြင်တာပါပဲ။

မြတ်စွာဘုရားကတော့ အရိယာဝိဇ္ဇာလမ်း၊ အရိယာဝိဇ္ဇာ၊ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်ဖို့ မြတ်စွာဘုရားက ဒီဓာတ်လေးပါးကိုပဲ အကျယ်တဝင့် ဟောကြားထားပါတယ်။

ဓာတ်လေးပါးကို အသုံးချတဲ့နည်းဟာ သုံးနည်း။ ဂန္ဓာရီဝိဇ္ဇာများဟာလဲ ဓာတ်လေးပါးအသုံးချပြီးတော့ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီဝိဇ္ဇာများ ဖြစ်ကြတယ်။ သိပ္ပံပညာရှင်များကလဲ ဒီဓာတ်လေးပါးကိုပဲ အသုံးချပြီးတော့ ဆေးလမ်းစက်ကိရိယာလမ်းတွေ ထွင်နိုင်ကြတယ်။

မြတ်စွာဘုရားက ဒီဓာတ်လေးပါးကို အသုံးချပြီးတော့ အရိယာဝိဇ္ဇာကြီးတွေဖြစ်အောင် လမ်းပြတော်မူတာ။ အဲဒီတော့ ဘုန်းကြီးတို့ စတင်ပြီးတော့ ဒီတရားစခန်းအားထုတ်လာတဲ့နေ့ဟာ ဝါယောဓာတ်နဲ့ ပတ်သက်ပြီးတော ဝါယောဓာတ်သိမ်းဆည်းပုံ၊ ဝါယောဓာတ်ရှုပုံ၊

http://www.dhammadownload.com



ဒီနောက်ကျတော့ ယနေ့ ဝိပဿနာစခန်းရောက်တဲ့အခါကျတော့ ဒီဝါယော လေဓာတ်ရဲ့ တွန်းကန်လှုပ်ရှားသဘောရှိပုံ ဆင်ခြင်စဉ်းစား ရှုပွားမယ်ဆိုရင် တွန်းကန်လှုပ်ရှား သဘောလေးကိုမြင်အောင် ကြည့်တာ ဝိပဿနာပဲ။ တွန်းကန်လှုပ်ရှားသဘောလေး မြင်အောင်ကြည့်နိုင်တယ် ဆိုရင် ဝိပဿနာပါပဲ။

အဲဒီထဲမှာ တွဲပြီးပါတာက လေဓာတ်နဲ့မီးဓာတ်၊ လေဓာတ်နဲ့ မီးဓာတ်က တွဲမိတယ်။ လေမရှိရင် မီးမရှိဘူး။ ဖယောင်းတိုင်လေး တစ်တိုင် မီးထွန်းထားတယ်။ လေလုံတဲ့ခွက်တစ်ခုနဲ့ အုပ်လိုက်ရင် ဒီမီးဟာ သေသွားတာပဲ။ လေမရှိလို့ကိုး။ လေဓာတ်ရှုရာကနေပြီးတော့ မီးဓာတ်ပူတယ်၊ အေးတယ်ဆိုတာလဲ တစ်ခါထဲ ဝါယောဓာတ် ဝိပဿနာ ရှုရာမှ၊ တေဇောဓာတ် ဝိပဿနာပါ ရှုပွားနိုင်ပါတယ်။

ပထဝီဓာတ်နဲ့အာပေါဓာတ်ကိုတော့ သမထနည်း ဝိပဿနာ ရှုနည်း စုံအောင်ဆက်ဟောပါတယ်။ ယနေ့ ကမ္မဋ္ဌာနာစရိယများ ဝိပဿနာပြတဲ့အပိုင်းမှာ တေဇောဓာတ်နဲ့ ဝါယောဓာတ် ရှုပွားပုံ တော်တော်ပြည့်ပြည့်စုံစုံ နည်းပေးကြတယ်။

ဘုန်းကြီးတို့ တရားစခန်းမှာ ဓာတ်လေးပါးလုံးစုံအောင် ဟောချင်တယ်။ ဘုန်းကြီးက ဓာတ်လေးပါး စုံအောင်ပြောချင်တယ်။ မြတ်စွာဘုရားက ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်၊ ဓာတ်ခြောက်ပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်၊ အာကာသဓာတ်နဲ့ ဝိညာဏ်(အသိ)ဓာတ်ကို ထည့်ပြီး တော့ ဓာတ်ခြောက်ပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်ကြီးလို့ ဟောခဲ့ပါတယ်။

ဓာတ်ခြောက်ပါးဟောတော့ ပိုပြီးတော့ ပြည့်စုံပါတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဓာတ်ခြောက်ပါး လောက် ကိုယ်နဲ့ဟပ်မိပါတယ်ဆိုရင် အတော့်ကို ကျေနပ်လောက် ပါတယ်တဲ့။

ဓာတ်လေးပါးကိုကြည့်တဲ့အခါမှာ ပထဝီဓာတ် (၂၀)ရှိပါတယ်။ ခန္ဓာကိုယ်မှာ ဖွဲ့စည်းယိုစီးတတ်တဲ့ ရေဓာတ်တစ်ချို့ရေက ယိုစီးသွား

http://www.dhammadownload.com



တယ်။ အချို့ရေဓာတ်ကတော့ ဖွဲ့စည်းထားနိုင်တယ်။ ယိုစည်းဖွဲ့စည်း တတ်တဲ့ ရေဓာတ်ဟာ ခန္ဓာကိုယ်မှာ (၁၂)မျိုးရှိပါတယ်။

ခက်မာနူးညံ့တဲ့ မြေဓာတ်(၂၀)နဲ့ ဖွဲ့စည်းယိုစီးတဲ့ ရေဓာတ် (၁၂)မျိုး ပေါင်းလိုက်ရင် (၃၂)မျိုး၊ အဲဒါကို (၃၂)ကောဋ္ဌာသလို့ ဒီလို ခေါ်ပါတယ် အသိများ အကြားများပါတယ်။

စောစောကပြောတဲ့ ဝါယောဓာတ်က သာမန်အားဖြင့် ကြည့် မယ်ဆိုရင် ဝါယောဓာတ်တွေဟာ အတွင်းဝါယောနဲ့ အပြင်ဝါယောလို့ (၂)မျိုး။ အတွင်းလေဓာတ်နဲ့ အပြင်လေဓာတ်။ အတွင်းလေဓာတ်ကို ကြည့်မယ် ဆိုရင် (၆)မျိုးလောက် တွေ့ရမယ်။ မိမိခန္ဓာကိုယ်မှာ-

(၁) အောက်စုံဆင်းတဲ့လေ = အဓောဂမဝါတ

(၂) အထက်ဆန်တက်တဲ့လေ = ဥဒ္ဓင်္ဂမဝါတ

(၃) ဝမ်းတွင်းမှာဖြစ်တဲ့လေ = ကုစ္ဆိဋ္ဌလေ

(၄) ကောဋ္ဌာသအစုတွေမှာဖြစ်တဲ့လေ = ကောဋ္ဌာသယလေ

(၅) အင်္ဂါကြီးငယ်တွေမှာလျှောက်သွားလေ= အင်္ဂမင်္ဂါနုသာရီ

(၆) ထွက်လေဝင်လေ = အဿာသပဿာသလေ။

ဒီလို (၆)မျိုး။

အပူအအေး တေဇောဓာတ်ဟာလဲပဲ အကျဉ်းချုပ်အားဖြင့် (၄)မျိုး ခွဲရမယ်။

(၁) တစ်ရက်ခြား နှစ်ရက်ခြားတဲ့ ဖျားတဲ့ တေဇော = သန္တပ္ပနတေဇော

(၂) စားတဲ့အစာအာဟာရကိုကျက်စေတဲ့ = ပါစကတေဇော

(၃) ပြင်းစွာပူတဲ့ = ဒဟနတေဇော

(၄) အိုမင်းရင့်ရော်စေတဲ့ = ဇီရဏတေဇော

အဲဒီ တေဇောဟာ (၄)မျိုး။

http://www.dhammadownload.com



အကုန်လုံးပေါင်းလိုက်တဲ့အခါ-

(၁) ပထဝီဓာတ် ၂၀

(၂) အာပေါဓာတ် ၁၂

(၃) ဝါယောဓာတ် ၆

(၄) တေဇောဓာတ် ၄

ဒီခန္ဓာကိုယ်ကြီးဟာ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတော့ နည်းနည်းလေးဖြိဖြန့်ပြီးကြည့်တော့ (၄၂)ပုံ တွေ့ရတယ်။

တေဇောဓာတ် (၄)မျိုး၊ ဝါယောဓာတ် (၆)မျိုး ရိပ်မိကြပြီ။ ဒီတရားစခန်းမှာ မတွေ့ရသေးတဲ့ မဟောရသေးတဲ့ မသိရသေးတဲ့ ပထဝီဓာတ်နဲ့ အာပေါဓာတ်။ အဲဒီ ပထဝီဓာတ် (၂၀)၊ အာပေါဓာတ် (၁၂)မျိုးကို မြတ်စွာဘုရား မဟာသတိပဋ္ဌာန်ဒေသနာတော်မြတ်မှာ ကာယာနုပဿနာသတိပဋ္ဌာန်နဲ့ ပတ်သက်ပြီးတော့ အာနာပါန ထွက်လေ ဝင်လေကို ရှုမှတ်တဲ့အပိုင်း။ ဒုတိယ ဣရိယာပုတ် သွား၊ ရပ်၊ ထိုင်၊ လျောင်း ရှုမှတ်တဲ့အပိုင်း။

တတိယ စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာတွေမှာ သတိသမ္ပဇဉ်ယှဉ်ဖို့။ စတုတ္ထအပိုင်းကတော့ အဲဒီ ပထဝီဓာတ် (၂၀)နဲ့ အာပေါဓာတ် (၁၂)မျိုးကို သရုပ်ထုတ်ပြပြီးတော့ စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ရှုဆင်ခြင်ဖို့ပြတော်မူပါတယ်။ အဲဒါကိုတော့ ပဋိကူလ မနသိကာရ အပိုင်းလို့ ခေါ်ပါတယ်။

အဲဒီ အပိုင်းမှာ စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ရှုပွားတဲ့အခါ ဓာတ်လေးပါးထဲက (၂)မျိုးပဲ ပါတယ်။ အဲဒီနောက် ဓာတုမနသိကာရပဗ္ဗ လို့ခေါ်တဲ့ ဓာတ်လေးပါး ရှုပွားနည်း မြတ်စွာဘုရား ဆက်ဟောပါတယ်။ စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ရှုရန် တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်။

ဘိက္ခဝေ= ရဟန်းတို့၊ ပုန= တစ်ဖန်၊ အပရံစ= ကာယာနုပဿနာ တစ်မျိုးကိုလဲ၊ ဒေသေဿာမိ= ဟောပေအံ့။ မြတ်စွာဘုရားက ဒီကာယ ရှုတဲ့နည်းပဲ။

http://www.dhammadownload.com



အာနာပါန ရှုတဲ့နည်းက တစ်ဆင့်ချင်း တစ်ပိုင်းချင်း တစ်ပိုင်းချင်း ပိုင်းပိုင်းပြီးတော့ လာခဲ့လိုက်တာ (၄)နံပါတ်ကိုတော့-

**ပုနစာပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံပါဒတလာ၊**

**အဓောကေသမတ္ထကာ ပုရံ နာနာပကာရဿ အသုစိနော။**

ခြေဖဝါးအထက်၊ ဆံပင်အောက် တစ်လံမျှလောက်ရှိတဲ့ မစင်မကြယ် ရွံရှာဖွယ်ခန္ဓာကိုယ် ခြေဆုံးခေါင်းဆုံးပေါ့။ ခြေဆုံးခေါင်းဆုံး မစင်မကြယ် ရွံ့စဖွယ်တွေ ပြည့်နေတဲ့ ခန္ဓာကိုယ်ကိုကြည့်စမ်းပါတဲ့။

ဒီခန္ဓာကိုယ်ကို ဓာတ်လေးပါးထဲမှာ ဓာတ်နှစ်ပါးနဲ့ခွဲပြီးတော့ ပြတယ်။ ခက်မာနူးညံ့ (၂၀) ဘာတွေလဲ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

မြတ်စွာဘုရားက ခန္ဓာဗေဒပညာရှင်ကြီးဆိုတော့ ဒီခန္ဓာကိုယ်ကြီးကို ခွဲပြတယ်။ တစ်ပုံစီ ပုံထား၊ ဆံပင်လေးကို တစ်ပုံ၊ ဟော- မွေးညှင်းတစ်ပုံ၊ ခြေသည်း လက်သည်း တစ်ပုံ၊ သွားတစ်ပုံ၊ အရေကို တစ်ပုံ၊ ငါးခု တစ်ပုံစီ ပုံထားရတာ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ လိုက်ပြီးတော့ ဆိုကြ။

ဤကိုယ်ကာ၊ တစ်လံမျှဝယ်၊ ဆံပင်မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ် တို့သာ ရှိပါကုန်၏။ ဟော- ခက်မာနူးညံ့သဘောရှိတဲ့ ပထဝီဓာတ် (၂၀)ကို ငါးခုတစ်ပုံ၊ ငါးခုကို တစ်ပုံ တစ်စုထားပြီးတော့ လေးကြိမ်ပုံ။

ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ရွံ့ရှာဖွယ်တွေသာ ဖြစ်တယ်။ ဒါကို စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ရှုရင် သမထကမ္မဋ္ဌာန်းပါပဲ။

စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ရှုတယ်။ နောင် ဓာတုမနသီကာရပဗ္ဗ လာတဲ့အတိုင်း ဓာတ်ကိုရှုတဲ့အခါ ဝိပဿနာဖြစ်တယ်။ ဆံပင်၊ မွေးညှင်း၊

http://www.dhammadownload.com



ခြေသည်းလက်သည်း၊ သွား၊ အရေလို့ ပထမနှုတ်နဲ့ သရဇ္ဈာယ်ရတယ်။

နှုတ်တက်အသံထွက် ရွတ်ဆိုပြီးတဲ့နောက် စိတ်နဲ့ စိတ်ကလေးနဲ့ သရဇ္ဈာယ်တဲ့အခါ ဆံပင်ရဲ့ အနံ့အသက်နံစော်ပုံ၊ ဘယ်လောက်နံသလဲ ဆိုတော့ ဒီဆံပင်နဲ့ပတ်သက်ပြီးတော့ မွမ်းမံပြင်ဆင်ရတာတွေ အများကြီး ရှိပါတယ်။ မွမ်းမံထားလို့ လူတောတိုးလို့ ရတာ။

ပကတိအတိုင်းသာထားမယ်ဆိုရင် ဆံပင်ဟာ အလွန်အနံ့ဆိုးတဲ့ အမျိုးအစားပဲ။ ဒါကြောင့် ရှေးက တိတ္ထိဆရာကြီးများက လူ့ဆံပင်ကို အဝတ်လုပ်ပြီး ဝတ်ကြတယ်။ ဆံပင်အဝတ်ဟာ ပူတဲ့အခါပူတယ်။ အေးတဲ့အခါ အေးတယ်။ အနံ့လဲ မကောင်းဘူး။ ဆံပင်အဝတ်ဟာ အညံ့ဆုံးအဝတ်ပါပဲ။

လောကက ဒီဆံပင်လေးကို အခြေခံပြီးတော့ အမျိုးမျိုးပြုကြ ပြင်ကြ၊ မြတ်စွာဘုရားကတော့ အဲဒါကို ရှုရမှာတဲ့။ စက်ဆုပ်ရွံ့ရှာဖွယ် အနေနဲ့ ရှုတဲ့အခါ အနံ့အသက်အားဖြင့်လဲ ရှု၊ တည်ရာဌာနအားဖြင့်လဲ ရှု၊

တည်ရာဌာနအားဖြင့် ရှုမယ်ဆိုရင် အဲဒီဆံပင်ဟာ ဘယ်မှာနေ သလဲဆိုတော့ ဦးခေါင်းမှာပေါက်ရောက်နေတာ။ တောင်ပို့ပေါ်မှာ ပေါက်ရောက်တဲ့ နေဇာမြက်များလိုပဲ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ စက်ဆုပ်ရွံ့ရှာဖွယ်တွေ။

အရေထူ အရေပါးဆိုတော့ အရေပါးလေးတွေ အကုန်လုံး သဲ့ပြီး ယူလိုက်ဆိုရင် ဇီးကင်းခန့်လောက်ပဲ ရှိပါတယ်။ အနံ့အသက်အားဖြင့် ဆိုရင် ပြောစရာမလိုဘူး။ မကောင်းတဲ့အနံ့ ရွံ့စဖွယ်ပဲ။

ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့(အညှို့ဆိုတာ ကျောက်ကပ်ပါပဲ)၊ လိုက်ဆိုကြ။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့ (ကျောက်ကပ်)။ အရိုးပဲကြည့် လူရိုးလေးများ ပိုပြီးတော့ ထင်ရှားပါ တယ်။ စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ကြည့်ရမယ်။ ပထဝီဓာတ် (၂၀)ထဲက

http://www.dhammadownload.com



တစ်မျိုး မျိုးကို ယူပြီးတော့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်။

ရဟန်းတော်တစ်ပါးက အရိုးစုကမ္မဋ္ဌာန်းပဲ အမြဲတမ်း ရှုနေတယ်။ တွေ့တဲ့လူတိုင်းကို အရိုးလို့ထင်ရအောင်ပဲ ပွားများထားတယ်။

တစ်နေ့မှာ ဇနီးမောင်နှံနှစ်ယောက် ရန်ဖြစ်ပြီးတော့ အမျိုးသမီးက အပြင်ထွက်သွားတဲ့အခါ သူ့အမျိုးသားက လိုက်လာတယ်။ ဒီရဟန်းတော်က ဒီအမျိုးသမီးကို တွေ့မြင်လိုက်တယ်။ အဲဒီတော့ သူ့အမျိုးသားက ရဟန်းတော်ကို မေးတယ်။

"အရှင်ဘုရား ဒီလမ်းများ အမျိုးသမီးတစ်ယောက် သွားတာ မတွေ့မြင်မိဘူးလားဘုရား"လို့ မေးတယ်။

**"နာဘိဇာနာမိ ဣတ္ထီဝါ ပုရိသောဝါ ဣတောဂတော"**

"ယောကျာ်းရယ် မိန်းမရယ်လို့ မသိလိုက်ပါဘူး မောင်ရယ်"

**"အပိစ အဋ္ဌိသင်္ဃာတော ဂစ္ဆာတေသမဟာပထေ"**

"ငါသိလိုက်တာကတော့ အရိုးစုကြီးတစ်ခု ဒီလမ်းအတိုင်း သွားလေရဲ့ကွဲ့။"

သူက အရိုးစုကမ္မဋ္ဌာန်းပဲ ပွားများနေတာဆိုတော့ မိန်းမရယ်၊ ယောကျာ်းရယ်လို့ မသိလိုက်ပါဘူး။ "အရိုးစုကြီးတစ်ခုတော့ ဒီလမ်း အတိုင်းသွားလေရဲ့"လို့ ဒီလိုပြောလိုက်တယ်။

အဲဒီတော့ အရိုးတစ်ခုကို အကြောင်းပြုပြီးတော့ ရှုတတ်လို့ရှိရင် တရားရနိုင်ပါတယ်။ ဒါကြောင့် တစ်နေရာမှာ ရုပ်အလောင်းတစ်ခု စွန့်ပစ်ထားတာတွေ့တဲ့ ဆရာတပည့် ရဟန်း (၂)ပါး ခရီးသွားကြတယ်။ ဆရာက သွားရင်းနဲ့ အဲဒီရုပ်အလောင်းကို တွေ့တဲ့အခါ အသုဘရှုတယ်။ ရှုပြီးတော့ ကျန်တဲ့ရဟန်းငယ်ကို မင်းအဲဒီလမ်းအတိုင်း သွားလို့ ပြောတော့ ရုပ်အလောင်းသွားပြီး အသုဘရှုတယ်။ နှစ်ပါးလုံး အရိယာ စခန်း တက်လှမ်းတော်မူကြတယ်။ ဒါကြောင့် **"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"**လို့ ဆိုကြတယ်။

http://www.dhammadownload.com



အဲဒီတော့ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဥ်ဆီ၊ အညှို့(ကျောက်ကပ်) ဆယ်မျိုး ရှိသွားပြီ။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

မြတ်စွာဘုရားက ခန္ဓာကိုယ်ကို ခွဲစိပ်ပြီးပြတယ်။ လိုက်ဆိုကြ။

နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ (ခက်မာနူးညံ့ သဘောရှိသော) ရွံ့စဖွယ် ညီနှံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ်တို့သာ ရှိပါကုန်၏။

ခန္ဓာကိုယ်ကို အစိပ်အစိပ် ပုံပြီးတော့ ကြည့်တဲ့နည်း။ စက်ဆုပ် ရွံ့ရှာဖွယ်လို့ကြည့်ရင် သမထကမ္မဋ္ဌာန်း ဖြစ်တယ်။

ဖွဲ့စည်းယိုစီးတဲ့ ရေဓာတ် (၁၂)မျိုး ထည့်လိုက်မှ (၃၂) ကောဋ္ဌာသ ပြည့်မယ်။ အဲဒါက ဘာတွေလဲဆိုရင် "သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ" သူ့ကျတော့ (၆)ခု တစ်ပုံပုံ၊ (၆)ခု အုပ်စု တစ်စု၊ ကဲ လိုက်ဆိုကြ။

"သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်"။ ဖွဲ့စည်းတဲ့ ယိုစီးတဲ့ သဘောက (၁၂)မျိုး။ ခက်မာနူးညံ့တဲ့သဘောက (၂၀)၊ နှစ်ရပ်ပေါင်း လိုက်တော့ (၃၂)မျိုး။ ခန္ဓာကိုယ်ကို မြတ်စွာဘုရားက စိပ်ဖြာပြီးတော့ ပြတယ်။ ဒါဉာဏ်နဲ့ပြတာ။ ခွဲစိပ်ပြီးတော့ အကူကိရိယာနဲ့ ကြည့်မှ သိတာမဟုတ်ဘူး။ ခွဲစိပ်ပြီးကြည့်မှ သိတာမဟုတ်ဘူး။ ဘုရားရှင်က ဒီခန္ဓာကိုယ်မှာ ဒီအစုတွေရှိတယ်တဲ့။ ရွံ့စဖွယ်တွေပဲ။ ဒီလို ပဋိကူလ မနသိကာရ၊ ကာယာနုပဿနာ သတိပဋ္ဌာန် ပေးတော်မူတယ်။

ဒီကမ္မဋ္ဌာန်း ခုချိန်အခါ များများပေ များများပွားရင်တော့ ကောင်းမှာပဲ။ ဘာကြောင့်လဲလို့ဆိုတော့ အာရုံငါးပါးတို့ရဲ့ ဖိစီး လွှမ်းမိုးမှုက ကမ္ဘာလောကကြီးမှာ ကျယ်ဝန်းပြီးတော့ လာတယ်။ ကျယ်ပြန့်လာတယ်။ အားကောင်းလာတယ်။

http://www.dhammadownload.com



အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံငါးပါး ကလဲ အင်မတန်ကို စွမ်းအားရှိကြတယ်။

အရိယာအရှင်မြတ်တွေကတော့ အဲဒီ အာရုံငါးပါးကို ဒါတွေဟာ ဒုက္ခတွေပဲ၊ ဒုက္ခဖြစ်ကြောင်းတွေပဲလို့ မြင်တော်မူတယ်။ ပုထုဇဉ်များ ကတော့ အဲဒီအာရုံငါးပါးကို အမြတ်တနိုး ချမ်းသာတယ်၊ တင့်တယ် သာယာဖွယ်ကောင်းတယ်လို့ ဆိုပြီးတော့ မရအရ အငန်းမရ ရှာဖွေ ကြတယ်၊ မြတ်နိုးကြတယ်။ ဒါကြောင့်-

## အမြင်နှစ်ဝ ယှဉ်မရ

**သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။**

သဒေဝကဿ လောကဿ= နတ်နှင့်တကွသော လောကကြီး သည် (အရိယာမျက်စိမရှိတဲ့ လူ့လောက၊ နတ်လောက လောကသား များဟာ)၊ ဧတေ= ရူပသဒ္ဒ စသည့် အာရုံကာမဂုဏ်တို့ကို၊ သုခသမ္မတာ= ချမ်းသာဟုပင် အမြင်မှားလတ် သမုတ်ကြလေကုန်၏။

အရိယာမျက်စိမရှိတဲ့ လူတွေ၊ နတ်တွေကတော့ အဲဒီ အာရုံငါးပါး ကို ချမ်းသာတယ်တဲ့။

**ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။**

ယတ္ထ= အကြင် နိဗ္ဗာနဓာတ် တရားမြတ်၌၊ ဧတေ= ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ= လုံးဝချုပ်ငြိမ်း ရုပ်သိမ်းကြ ပေကုန်၏။ တံ= ထိုအငြိမ်းဓာတ်မှန် မြတ်နိဗ္ဗာန်ကို၊ ဒုက္ခသမ္မတံ= ချမ်းသာဟုပင် မှန်မမြင်ပဲ ဆင်းရဲဟု သမုတ်ကြလေကုန်၏။

အဲဒီ အာရုံတွေမရှိတဲ့ နေရာကိုတော့ ခြောက်ကပ်ကပ်ကြီးပဲလို့ ဆိုပြီးတော့ ဒုက္ခလို့သမုတ်ကြတယ်။

**ပစ္စနိက မိဒံဟောတိ၊ သဗ္ဗလောကေန ပဿတံ၊**
**သုခံ ဒိဋ္ဌမရိယေဟိ၊ သက္ကာယဿ နိရောဓနံ။**

http://www.dhammadownload.com



သက္ကာယသ= ဥပါဒါန်နယ် တွယ်ရာအပေါင်း ခန္ဓာငါးပါး အပေါင်း၏၊ နိရောဓနံ= လုံးဝချုပ်ငြိမ်း ရုပ်သိမ်းရာမှန် မြတ်နိဗ္ဗာန်ကို၊ အရိယေဟိ= အရိယာ သူတော်ကောင်းတို့သည်၊ သုခံ= ချမ်းသာအစစ် ဧကန်ဖြစ်၏ဟူ၍၊ ဒိဋ္ဌံ= မြင်တော်မူကြလေပြီ။

(သက္ကာယမရှိတဲ့ တစ်နည်းအားဖြင့် ခန္ဓာငါးပါးမရှိတဲ့၊ တစ်နည်း အားဖြင့် ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင် ခန္ဓာအိမ် မရှိတဲ့နိဗ္ဗာန်ကို အိမ်မဆောက်တော့ဘူး။ အဲဒီကျတော့ အိမ်မရှိတော့ဘူး။) ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင် တိုင်ခန္ဓာအိမ်ရှိတဲ့ နိဗ္ဗာန်ကို အရိယာအရှင်မြတ်ကြီးတွေကတော့ ချမ်းသာတယ်တဲ့။ ပုထုဇဉ်များကတော့ ဒီခန္ဓာအိမ်တွေမှ မရှိလို့ရှိရင်တော့ ဒါဒုက္ခပဲလို့ သတ်မှတ်ကြတယ်။

ဣဒံ= အငြိမ်းဓာတ်မှန် မြတ်နိဗ္ဗာန်ကို၊ ပဿတံ= မြင်ကြ ထင်ကြ တဲ့ အရိယာအရှင်မြတ်တို့အဖို့၊ သဗ္ဗလောကေန= ကိလေသာဟူ သလာတွေဖုံး တစ်လောကလုံးနှင့်၊ ပစ္စနိကံ= အမြင့်နှစ်ဝ ယှဉ်မရပဲ မုချ ဆန့်ကျင်ပြောင်းပြန်ပင်၊ ဟောတိ= အမှားအမှန် မြင်ဟန်ယူဆ မတူမျှချေ ဖြစ်ရပေသတည်း။

ပုထုဇဉ်တွေက စောစောကပြောတဲ့ (၃၂)ကောဋ္ဌာသနဲ့ပြီးတဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်၊ အဲဒီ ခန္ဓာကိုယ်ကို ကြည့်စဖွယ် ရှုစဖွယ် တင့်တယ်တယ်၊ သာယာတယ်လို့ ဒီလို မြင်ကြတယ်။ အရိယာ အရှင်မြတ် ကြီးတွေကတော့ ခွဲခြားပြီးတော့မှ ရွံ့စဖွယ်တွေပဲလို့ မြင်တော်မူကြတယ်။

ဒါကြောင့် အရိယာအရှင်မြတ်ကြီးတွေ ပွားများပြီးတော့နေတဲ့ (၃၂)ကောဋ္ဌာသ မြတ်စွာဘုရားက ရွံ့စဖွယ်အဖြစ်နဲ့ ကြည့်ကြ ရှုကြတဲ့။ ဘုန်းကြီးတို့ တစ်ခါတစ်ရံ စဉ်းစားတယ်။ ရန်ကုန်မြို့ကြီးကလဲ သာယာ ဖွယ်၊ တင့်တယ်စဖွယ်၊ မက်စရာတွေ မောစရာတွေ၊ မက်မောဆိုတဲ့ စကားလိုပဲ မက်လာလို့ရှိရင် မောတော့တာကိုး။ ဒါကြောင့် မက်မော

http://www.dhammadownload.com



ဖွယ်တွေ၊ သာယာဖွယ်တွေကလဲ အင်မတန်များပြားတဲ့ အချိန်အခါ။

အဲဒီလို မက်မောဖွယ်တွေများတဲ့ အချိန်အခါမျိုးမှာ ဒီကမ္မဋ္ဌာန်း ဦးစားပေးပြီးတော့ ရှုပွားသင့်တယ်လို့ ဒီလိုအောက်မေ့မိတယ်။ မြတ်စွာဘုရားကတော့ နည်းမျိုးစုံနဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ ခေါင်းစည်းလေးခု တပ်ပြီးတော့ မဟာသတိပဋ္ဌာန် ဒေသနာတော်ဟောတဲ့အခါ ကာယနဲ့ပတ်သက်ပြီးတော့ အပိုင်းကြီး (၁၄)ပိုင်း ထားပြီးတော့ ဟောခဲ့တာ။

ဒါကြောင့် အရိယာအရှင်မြတ်တွေ စက်ဆုပ်ရွံရှာဖွယ်လို့ မြင်ပြီးတော့နေတဲ့အတိုင်း ယောဂီတို့လဲ အရိယာအရှင်မြတ်တွေရဲ့ လမ်းစဉ်အတိုင်း ထိုက်တန်သလောက် မြင်နိုင်ကြအောင် ထပ်ပြီး (၃၂)ကောဋ္ဌာသ အားလုံးပွားကြည့်ရအောင် လိုက်ဆိုကြ။

"ဤကိုယ်ကာယ တစ်လံမျှဝယ် ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့(ကျောက်ကပ်)၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ရွံ့ရှာဖွယ်တို့သာ ရှိပါကုန်၏။"

မြတ်စွာဘုရား ဒီခန္ဓာကိုယ်ကို ခွဲစိတ်ကြည့်တာ မဟုတ်ပဲနဲ့ တစ်ခါထဲ အဲဒီမှာ အူမ၊ အူသိမ် စသည်မြင်တာ။

အူမ၊ အူသိမ်ဟာ အရှည်အတိုအားဖြင့် ဘယ်လောက်ရှိတယ်ဆိုတာကို ဖွင့်ဆိုတော်မူတယ်။ အကြောက ဘယ်လောက်ရှိတယ်။ အရိုးက ဘယ်လောက်ရှိတယ်။ ဒီလို အရေအတွက်တွေနဲ့တကွ မြတ်စွာဘုရားက ကျကျနန မြင်သိတော်မူတယ်။ ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးက ဒီ (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းကို လွယ်လွယ်လေး ပေးထားတာ ရှိတယ်။

http://www.dhammadownload.com



ဘယ်လို့လဲဆိုတော့ ဒီငါးပင်တိုင်ခန္ဓာအိမ် တည်ဆောက်ထားပုံလေးကို ကြည်စမ်းတဲ့။ အရိုးတွေက တိုင်လိုပဲ။ အဲဒီကနေပြီး ဒီတိုင်တွေကို အကြောတွေနဲ့ တုတ်ချည်လို့ထားတယ်။ မှန်တယ်။ အရိုးသာဖြုတ်လိုက်လို့ရှိရင် ပုံကျပြီးတော့သွားမှာ။ အကြောသာ အားလုံးဖြတ်လိုက်လို့ရှိရင်လဲ ဒီအရိုးစုကြီးဟာလဲ လဲပြိုသွားမှာပဲ။ အဲဒီတော့ ဆရာတော်ဘုရားရဲ့ တရားပေးတဲ့နည်းက (၃၂)ကောဋ္ဌာသထဲမှ ထုတ်နှုတ်ပြီး လွယ်လွယ်လေးပေးတဲ့နည်းပေါ့။ အဲဒီတော့-

**အရိုးများစွာ တိုင်သဘော၊** (အရိုးတွေကို တိုင်လိုပဲတဲ့)
**အကြောတွေရစ်ပတ်၊**
**အသားတွေကပ်မြှုပ်**

(ဟော- ဘုန်းကြီးတို့ ဒီကျောင်းကြီးဆောက်တဲ့အခါကျတော့ အသားတွေ ကပ်မြှုပ်သလိုပဲ)

တိုင်တွေ ထားသင့်တဲ့ ဒီအဖွဲ့အစည်းတွေ ဆောက်ပြီးတော့ ပြီးမှ အုတ်တွေလိုက်စီတာကိုး။ အဲဒီလိုပဲတဲ့ ဒီခန္ဓာအိမ် တည်ဆောက်တဲ့အခါမှာလဲ အသားတွေ ကပ်ပြီးတော့ မြှုပ်ထားတယ်။ ပြီးတော့မှ ဘေးက အချောကိုင်သလို အရေထူ၊ အရေပါးနဲ့ အုပ်ထား။ အဲဒါကိုပဲ ယောကျ်ား ရယ်၊ မိန်းမရယ်လို့ ဒီလိုခေါ်တာပဲ။

ဒါကြောင့် ဆရာတော်ဘုရားရဲ့ ပွားနည်းလေးကို လိုက်ပြီးတော့ ဆိုကြ။

**အရိုးများစွာ တိုင်သဘော၊**
**အကြောများစွာ ရစ်ပတ်၊**
**အသားများစွာ ကပ်မြှုပ်၊**
**အရေထူ အရေပါး အုပ်ထားသည်ကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆို၏။**
**အသား၊ အရိုး၊ အသွေး၊ အကြော၊ အရေမှတစ်ပါး ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိ။**

http://www.dhammadownload.com



ဒီခန္ဓာအိမ်တည်ဆောက်ပုံက အားလုံးအတူတူပဲ။ မျက်နှာကြီးငယ် မခွဲခြားဘူး။ သတ္တာအနည်းစုမှတစ်ပါး မည်သူ့ ခန္ဓာအိမ်မှ အရိုးမပါတာ၊ အကြောမပါတာ၊ အသားမပါတာ မရှိဘူး။ ဒီအတိုင်း ရှုရမှာပါပဲ။ ဘုန်းကြီးတို့ ငါးပင်တိုင်ခန္ဓာအိမ် တည်ဆောက်ပုံကို မြတ်စွာဘုရားက ဥပမာပေးတယ်။

**သေယျထာပိ ဘိက္ခဝေ ဥဘတော မုခါပုတောဠိ။**

အစရှိသဖြင့် ရဟန်းတို့ မျက်မှောက်မျက်မြင် ပုံစံတင်ပြီးတော့ နှိုင်းယှဉ်စရာ ဥပမာလေးနဲ့များ ပြောရမယ်ဆိုရင် အဝနှစ်ဖက်ရှိတဲ့ ဆာလာအိတ် ဂုံနီအိတ်ပေါ့။ အဲဒီအိတ်ထဲကို ပဲမျိုးစုံ၊ စပါးမျိုးစုံထည့်။ ထည့်ပြီးတော့ မျက်စိကောင်းတဲ့လူတစ်ယောက်က ကြည့်လိုက်တယ်။

ကြည့်လိုက်တော့ ဒါကတော့ ကောက်စပါးတွေပဲ။ ကောက်လတ်တွေပဲ။ ကောက်ရင်တွေပဲ။ ဒါကတော့ စွန်တာနီပဲ၊ ဒါကတော့ ပဲကြီးပဲ၊ ဒါကတော့ မတ်ပဲတွေလို့ သိသလိုပဲ။ အသိဉာဏ်မျက်စိရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာလဲ ခန္ဓာကိုယ်ကြီးကို (၃၂)ပုံ ပုံကြည့်လိုက်ပါတဲ့။ မြင်ပါတယ်။ (၃၂)ပုံ။

**ဥဒ္ဓံပါဒတလာ အဓောကေသ မတ္ထကာ**

**ပူရံနာနပကာရဿ အသုစိနော။**

ဆိုတဲ့အတိုင်း ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တဲ့အခါကျတော့ မစင်မကြယ် ရွံ့စဖွယ်တွေနဲ့ပဲ ပြည့်နေတာ မြင်ရလိမ့်မယ်။ လောကသားတွေကတော့ ဘယ်ဒီလိုမြင်မလဲ။ လောကသူ၊ လောကသားတွေကတော့ ဘယ်ဒီလို မြင်လိမ့်မလဲ။ ဒါက မြတ်စွာဘုရား မြင်စေချင်တဲ့အမြင်။ လောကသားတွေကတော့ အဲဒီ (၃၂)ကောဋ္ဌာသကို ဆံပင်လေးကစပြီးတော့ အတုက တစ်မျိုး၊ အစစ်ကတစ်မျိုး၊ သူ့ကိုပြင်ရတဲ့ ဆိုးရတဲ့ ဆေးကအမျိုးမျိုးပေါ့။ အမျိုးမျိုး ပြင်ကြ ဆင်ကြတယ်။

ဒီဆံပင်လေးနဲ့ ပတ်သက်ပြီးတော့ သာယာဖွယ်၊ ဘယ်ဆံပင်လေးက ကောင်းတယ်။ ဘယ်ဆံပင်က ဘယ်လို၊ ဘယ်ကနေ ဘယ်လို

http://www.dhammadownload.com



အစရှိသည်ဖြင့် ဒီဆံပင်လေးကို ပြင်လို့ပြုလို့ မဆုံးနိုင်။ မွမ်းရ မံရတာ။ သာယာဖွယ်ဖြစ်အောင် မွမ်းမံရတာ မောနေတာပါပဲ။ နဂိုအနေတိုင်း ထားရှုကြည့်ပါတဲ့။

အဲဒီကနေပြီးတော့ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ အကုန်လုံးပဲ။ ခြေသည်းလက်သည်း ဆိုလဲ ခြေသည်း လက်သည်း စက်ဆုပ်ရွံ့ရှာဖွယ်။ ဒါက မြတ်စွာဘုရားရဲ့အမြင်၊ မြင်စေချင်တဲအမြင်။ ဘုန်းကြီးတို့တစ်တွေက ခြေသည်းလက်သည်းလေး လှအောင် ပြုရ၊ ပြင်ရတာ အမောပဲ။

သွားလဲ ဒီအတိုင်းပဲ။ သွားကလေးကိုကြည့်ပြီးတော့ သွားကလေးဟာ လှတယ်။ သွားမလှဘူး။ သွားလှတယ်။ ဒီသွားကိုပဲ မလှလို့မို့။ ဘုန်းကြီးတို့ငယ်ငယ်တုန်းက ရွှေသွားတွေက သိပ်ပြီးတော့ ခေတ်စားတာပဲ။ တောရော မြို့ရောပဲ။

အဲဒီတော့ ရှိုးရှိုးပြုံးတာကို ရွှေသွားပေါ်အောင်ပြုံးတယ်။ ပြောကြဆိုကြတဲ့အသံတွေ ကလေးတုန်းက ကြားဖူးတာနော်။ ဒီသွားကိုပဲ တစ်ချို့ ကျိုးလို့ သွားစိုက်တာကို မဆိုလိုဘူး။ မကျိုးလဲ သူ့ဟာသူ ရွှေလေးနဲ့ ကွပ်ကြတယ်။ ကြည့်ကောင်းအောင်ကိုး။

အဲဒီတော့ မြတ်စွာဘုရားတော့ အဲဒီလို ဘယ်ဟုတ်မလဲ။ ဒါကို စက်ဆုပ်ရွံ့ရှာဖွယ်သဘောနဲ့ရှု။ သေချာကြည့်တဲ့အခါကျတော့ စက်ဆုပ်ရွံ့ရှာဖွယ် အမှန်ပဲ။ တစ်ခါတစ်ရံ အံကပ်အသုံးချတဲ့ ပုဂ္ဂိုလ်များက သောက်ရေအိုးနားမှာ သူ့အံကပ်ကိုဆေးနေလို့ရှိရင် အဲဒီ သောက်ရေအိုးကို ရေမသောက်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေအများကြီး။

ဆံပင်ကလဲ ဒီအတိုင်းပဲ။ တကယ်တမ်းကျတော့ စက်ဆုပ်ရွံ့ရှာဖွယ်ပဲ။ ဟင်းတွေ ထမင်းတွေထဲမှာ ဆံပင်တစ်ပင်လောက် ပါလာလို့ရှိရင် တစ်ချို့ပုဂ္ဂိုလ်တွေ ထမင်းပွဲက ထသွားတာတောင် ရှိတယ်။ ဒါကြောင့် ဘုန်းကြီးတို့ တရားစခန်းမှာ အခုသီးခံဖို့၊ သီးခံဖို့ဆိုတာ အဲဒါမျိုးတွေက စရမှာကိုး။ ရွံ့စဖွယ်တွေတွေ့လျှင်လဲ ရွံ့စဖွယ်လို့ ရှုပြီးတော့ ဒီလိုနေရမှာ။

http://www.dhammadownload.com



ဘုန်းကြီးတို့ စာသင်သားဘဝက အတူတူနေခဲ့တဲ့ ဘုန်းကြီး ဉတ္တမ ဆိုတာ အဲဒီလို တစ်ခုခုတွေ့လိုက်လို့ရှိရင် တစ်နေကုန် ဘာမှ စားမရတော့ဘူး။ သူကတော့ နှလုံးကိုက မကောင်းဘူးနဲ့တူပါတယ်။ ကြည့်ရတာ။ ဒီလို ရွံ့ရှာဖွယ် ရှုတာမဟုတ်ဘူး။ သူက ရွံ့ကို ရွံ့တတ်တဲ့ သဘော။

ဒီက မဟုတ်ဘူး။ ရွံ့ရှာဖွယ်လို့ ရှုရမယ်။ အဲဒီတော့ ဓာတ် လေးပါးထဲက ပြောမယ်ဆိုတော့ ဒါက (၃၂)ကောဋ္ဌာသဟာ ဓာတ် (၂)ပါး။ ပထဝီဓာတ်နဲ့ အာပေါဓာတ် (၂)မျိုး။

အဲဒီလိုဆိုရင် စောစောကရှုလာတဲ့ ဝါယောဓာတ် ဓာတ်အပိုင်း မှာ ထင်ထင်မြင်မြင်ရှုကြရတဲ့ တေဇောဓာတ်ပေါင်းလိုက်တော့ ဓာတ် လေးပါးလုံးတော့ စုံသွားတယ်။ အဲဒီ စုံသွားတဲ့အခါကျမှ မြတ်စွာ ဘုရားက ဆက်ပြီးတော့ ဓာတုမနသိကာရပဗ္ဗဆိုတာ ဆက်ဟောတယ်။

အဲဒီ ဓာတုမနသိကာရပဗ္ဗ- ဓာတ်သဘော စစ်ကြောဆင်ခြင်တဲ့ အပိုင်းကို ဆက်ပြီးတော့ စကားကို ပြောကြမယ်ဆိုရင် စောစောက ဓာတ်လေးပါးထဲက ပထဝီဓာတ် (၂၀)၊ မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂)မျိုးကို စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ရှု၊ ထင်ရှားတာ ရှုရမှာပေါ့။

အစာသစ် အစာဟောင်းတို့လို၊ ကျင်ငယ်တို့လို၊ တံတွေးတို့လို၊ နှပ်တို့လို၊ ပြည်တို့လို၊ သလိပ်တို့လိုဟာတော့ ရွံ့ဖွယ်အနေနဲ့ ရှုရတာ ပိုပြီးတော့ လွယ်ပါတယ်။

အဲလို စက်ဆုပ်ရွံ့ရှာဖွယ်လို့ ရှုပြီးတော့ မြတ်စွာဘုရားက ဆက်ပြီးတော့ ကမ္မဋ္ဌာန်းတစ်မျိုး ပြောင်းပြီးတော့ ပေးပြန်တယ်။ အဲဒါက အပိုင်းတစ်ပိုင်း အနေအားဖြင့် ဓာတုမနသိကာရပဗ္ဗတဲ့။

စာတုမဟာဘူတိကော ကာယော ဆိုတဲ့အတိုင်း ဒီခန္ဓာကိုယ်ဟာ ဓာတ်လေးပါးနဲ့ ပြီးတယ်။ ရေ၊ မြေ၊ လေ၊ မီး တစ်ခုခုချို့တဲ့သွားရင် ဒီခန္ဓာကိုယ်ဟာ ပြိုလဲသွားတော့တာ။ အာပေါဓာတ်ချို့တဲ့သွားရင် ဖွာစာကျဲပြီးတော့ ပြိုလဲသွားတာပဲ။

http://www.dhammadownload.com



တေဇောဓာတ်ချို့တဲ့သွားတယ်။ လူများဆုံးကာနီးကျလို့ရှိရင် "ဟဲ့ အငွေ့လေး စမ်းကြည့်စမ်းပါဦး။ စမ်းကြည့်ပါဟဲ့။ တဖြည်းဖြည်းချင်းလေး ဆုတ်ယုတ်ပြီးတော့ လာတယ်။"

အငွေ့လေးရသေးတယ်။ မရတော့ဘူး။ မရတော့ဘူး။ လုံးဝ မရတော့ဘူးဆိုရင် သေတော့တာပဲ။

ဝါယောအနေနဲ့ ကျတော့လဲ တစ်ချို့နှာခေါင်းရှေ့မှာ ဂွမ်းဖတ်ကလေးနဲ့ တို့ကြည့်ကြတယ်။ ဂွမ်းဖတ်ကလေးထားပြီး ကြည့်တယ်။ အဲဒီလိုနဲ့ ဝါယောဓာတ်ချုပ်သွားတာ သိကြတယ်။ အဲဒီတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါးကို မြတ်စွာဘုရားက ဓာတ်လို့ မြင်အောင်ကြည့်။

အဲဒီ ဓာတ်ကြီးလေးပါး ဓာတ်တွေကို စက်ဆုပ်ရွံ့ရှာဖွယ်အနေနဲ့ ကြည့်ရင် သမထကမ္မဋ္ဌာန်းဖြစ်တယ်။ ဓာတ်အနေနဲ့ မြင်အောင်ကြည့်ရင် ဝိပဿနာဖြစ်တယ်။ ဒါကြောင့် "စက်ဆုပ်ဖွယ်မြင် ဓာတ်ဉာဏ်ယှဉ် နှစ်အင်ရှုပွားနည်း"

စက်ဆုပ်ဖွယ်အနေနဲ့လဲ ရှုရမယ်။ ဓာတ်အနေနဲ့လဲ ရှုရမယ်။ ဓာတ်ဆိုတာ ဘာလဲ။ အခုပြောပြောနေကြတဲ့ "မင့်ဓာတ် ငါသိပါတယ်"။ ဓာတ်ဆိုတာ ဘာလဲ။ ဓာတ်ဆိုတာ ဓာတုကလာပါတယ်။ ဓာတုဆိုတာ ဘာလဲ။ ဓာတု= ဓာတ်လို့ ဘာသာပြန်တယ်။

**အတ္တနောသဘာဝံ ဓာတုတီတိ ဓာတု။**

မိမိသဘောကို ဆောင်တတ်သောကြောင့် ဓာတ်။

"မင့်ဓာတ် ငါသိပါတယ်" သူ့သဘော သူဆောင်တာကိုး။ ဓာတ်ဆိုတာ သဘောပဲ။ အဲဒီ သဘောလေးကို လူလို့ခေါ်မလား၊ မခေါ်နိုင်ဘူး။ နတ်လို့ခေါ်မလား၊ မခေါ်နိုင်ဘူး။ သတ္တဝါလို့ ခေါ်မလား၊ မခေါ်နိုင်ဘူး။ အသက်လိပ်ပြာလို့ ခေါ်မလား၊ မခေါ်နိုင်ဘူး။ ဥပမာ ဆိုကြစို့။

http://www.dhammadownload.com



ခတ်လေးပါးနဲ့ပတ်သက်လို့ ခတ်လို့ မရှုပွားမီ မြတ်စွာဘုရား ဥပမာပေးတာက ဘာပေးသလဲ။ ခတ်လေးပါးကို မြင်အောင်ကြည့်။ ဥပမာ- ဘယ်လိုလဲဆိုတော့ နွားသတ်သမားတစ်ယောက်ဟာ နွားတစ်ကောင် သတ်တယ်တဲ့။ နွားတစ်ကောင် သတ်ပြီးတော့ လမ်းလေးခွဆုံတဲ့နေရာမှာ တစ်ပုံစီ ပုံတယ်တဲ့။

အဲဒီနောက် အရှေ့အနောက်သွားတဲ့ လမ်းတောင်နဲ့မြောက် သွားတဲ့လမ်း၊ လမ်းလေးခုဆုံတဲ့နေရာမှာ အမဲသားလေးပုံ ပုံပြီးတော့ ကြည့်လိုက်ဦးမလား။ ကြည့်လိုက်တော့ အမဲသားလေးပုံ သူ့အပုံလေးနဲ့သူ ပုံထားတာ သိတယ်တဲ့။ အဲဒီလိုပဲ။

ဒီခန္ဓာကိုယ်ကိုလဲ ခတ်လေးပါးနဲ့ ပုံကြည့်တယ်။ ပုံကြည့်တော့ စောစောကပြောကြသလိုပဲ။ "ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်" အဲဒါတွေက မြေခတ်တွေ တစ်နေရာမှာထား။

"သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ (၁၂)မျိုးက ရေခတ်တဲ့။ ဒါတစ်နေရာမှာထား။

ထင်ရှားအောင်ပြောမယ်ဆိုရင် ပူအေးတေဇော ရုပ်တစ်နေရာ မှာထား၊ တွန်းကန်လှုပ်ရှားတဲ့ လေခတ်ကို တစ်နေရာမှာထား။ လေးပုံ ပုံပေါ့။

အဲဒီလို ပုံပြီးတော့ တစ်ပုံချင်းလေးကို မေးကြည့်။ ကြည့်ကြ၊ ခတ်အနေနဲ့ကြည့်။ တွန်းကန်လှုပ်ရှား ဝါယောခတ်ကိုပဲ ပထမဆုံး မေးစီစစ်ကြည့်လိုက်ကြတော့။

နှာသီးဖျားလေးက တွန်းကန်ပြီးတော့ လှုပ်ရှားတယ်၊ တွန်းကန် တယ်၊ တိုးဝင်တယ်။ အဲဒီ တွန်းဝင်တာလေးကိုပဲ ဝါယောလို့ ခေါ်တယ်။ အဲဒီတော့ တိုးဝင်တာလေးကို ပြန်ပြီး စိစစ်လိုက်တော့ မင်းလူလား

http://www.dhammadownload.com



မေးရင်၊ မဟုတ်ပါဘူး။ ဒါဖြင့် နတ်လားဆိုတော့လဲ မဟုတ်ဘူး။ အသက်လား၊ မဟုတ်ပါဘူး။ မရှိဘူး။ သတ္တဝါလေးလို့ ပြောမလား၊ မပြောနိုင်။ လိပ်ပြာလို့ ပြောမလား၊ မပြောနိုင်။ အမျိုးသမီးလို့ ပြောမလား၊ မပြောနိုင်။ အမျိုးသားလို့ ပြောမလား၊ မပြောနိုင်။

ဘာလို့ပြောမလဲ တကယ်တမ်း အစစ်အမှန်ကို ပြောစမ်းပါ ဆိုတော့ ငါကတော့ တွန်းကန်လှုပ်ရှားတဲ့သဘောလေးပဲ ရှိတယ်တဲ့။ ဒီပြင် ဘာမှမရှိဘူး။ အဲဒီတော့ နောက်ဆုံးကတော့ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးပဲ မြင်အောင်ကြည့်ရမယ်။

အဲဒီသဘောလေးသည် သုည။ တရားကြည့်တဲ့အခါ သုညဆိုက်အောင် ကြည့်ရမယ်။ သုညလေး သူ့ချည်းဘဲဆိုရင် ဘာမှမရှိဘူး။ ရှေ့က တစ်ထည့်လိုက်တော့ တစ်ဆယ်၊ နှစ်ကလေးထည့်လိုက်တော့ နှစ်ဆယ်၊ ဒီလိုဖြစ်တာကိုး။ အဲဒီတော့ စောစောကပြောတဲ့ တွန်းကန်လှုပ်ရှား ဝါယော ဓာတ်ကလေး၊ ရှေ့နားမှာ ငါတံဆိပ်ခပ်နှိပ်လိုက်တော့ ငါထွက်လေ ဝင်လေ။ ရှေ့နားမှာ ငါ၊ ရှေ့နားမှာ သူ၊ ရှေ့နားမှာ အသက်။

အဲဒါကိုပဲ တွန်းကန်လှုပ်ရှားတာလေးကိုပဲ။ အသက်ရှူတယ်။ ရှိုက်တယ်လို့ ခေါ်ကြရတာ။ ဒါလဲ ပညတ်နယ်ပယ်က အခေါ်ပါ။ ပရမတ်ကတော့ ပရမတ်တို့မည်သည် ပညတ်နဲ့မတူဘူး။ ပရမတ်ဟာ အပိုင်းအပိုင်း ပြတ်တယ်။ အပိုင်းအပိုင်းလဲ ပြတ်တယ်။ သဘောကို မြင်ပြီဆိုရင် ဓာတ်ကိုမြင်ရင် သုညမြင်တာပါပဲ။

**သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။**

ချစ်သား မောဃရာဇ၊ ဒီလောကကြီးကို သုညလို့ မြင်အောင် ကြည့်။

**သုညတော လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။**

လောကကြီးကို သုညလို့မြင်အောင်ကြည့်လိုက်လို့ရှိရင် သေမင်း မမြင်တော့ဘူး။ သေမင်းမမြင်တဲ့နည်းပဲ။ အဲဒီတော့ ဆံပင်တစ်ခုကို

http://www.dhammadownload.com



စစ်ဆေးကြည့်ကြရအောင်။ ဆံပင်တစ်ပင်။ ဆံပင်လေးကို ဖြိုဖြန့်ပြီးတော့ အောက်နားမှာစုစည်းပြီးတော့ ထားကြည့်ပါ။ ထားကြည့်ပြီး သူ့ကိုတစ်ခုချင်းလေး မေးကြည့်။ ဆံပင်ကို သင်ဟာလူလားလို့မေးကြည့်၊ ဟုတ်ပါတယ်လို့ ပြောရင် အတော့်ကို ရူးလို့ပါ။ မဟုတ်ဘူးလို့ ဖြေမှာပါ။

ဆံပင်ကတော့ လူလို့လဲပြောမှာ မဟုတ်ပါဘူး။ နတ်လို့လဲပြောမှာ မဟုတ်ဘူး။ သူ့မှာအသက်ရှိတယ်လို့လဲ ပြောမှာမဟုတ် ဘူး။ သူ့မှာလိပ်ပြာရှိပါတယ်လို့လဲ ပြောမှာမဟုတ်ဘူး။ သူဟာ အမျိုးသမီးလို့လဲ ပြောမှာမဟုတ်ဘူး။ အမျိုးသားလို့လဲ ပြောမှာ မဟုတ်ဘူး။ သို့သော် သူပြောမှာက ဘာလဲလို့ဆိုတော့ ခက်မာတဲ့သဘောလေးသူ့မှာတော့ ရှိတယ်။ ခက်မာတဲ့ သဘောလေး သူ့မှာတော့ရှိတယ်။ ခက်မာတဲ့သဘော ဆိုတာ ဘာလဲ။ ဒါပထဝီဓာတ်ပဲ။ ပထဝီရုပ်ပဲ။ အဲဒီတော့ ပထဝီ ခက်မာတဲ့ရုပ်ကို လူလို့သတ်မှတ်နေကြတယ်။ ခက်မာတာကို ခက်မာတဲ့ သဘောလေးကို မြင်အောင်ကြည့်ရမယ်။ အဲဒီ ဓာတ်ကလေး မြင်အောင် ကြည့်လိုက်လို့ ရှိရင် 'သုည'ဆိုက်တော့တာပါပဲ။ အဲဒီတော့ သုညတ ကမ္မဋ္ဌာန်း။

အသက် (၁၂၀)ရှိတဲ့ "သဗ္ဗကာမီ"မထေရ်ကြီးနဲ့ အသက်တစ်ရာရှိတဲ့ "အရှင်ရေဝတ"မထေရ်နှစ်ပါး ကျောင်းတိုက်တစ်ခုမှာ သီတင်းသုံးပြီးတော့နေတော့။ သက်တော် (၁၂၀)ရှိတဲ့ သဗ္ဗကာမီမထေရ်ကြီးက "ငါ့ရှင်ရေဝတ သင်ဟာ အချိန်များများ ဘယ်ကမ္မဋ္ဌာန်းနဲ့နေပါသလဲ" မေးတော့ အရှင်ရေဝတမထေရ်က "တပည့်တော်ဟာ မေတ္တာကမ္မဋ္ဌာန်းနဲ့ နေပါတယ်ဘုရား"လို့ လျှောက်တော့ "ဩော်- ငါ့ရှင်က ကလေးလို နေတာပဲ"။ ဟော- နေတာကတော့ တရားနဲ့နေတာပဲ။ မေတ္တာကမ္မဋ္ဌာန်း နဲ့ ဒါပေမယ့် ကလေးလိုပဲတဲ့။ "ဒါဖြင့် အရှင်မြတ်ကြီးတို့က အဘယ် ကမ္မဋ္ဌာန်းနဲ့ အမြဲနေပါ သလဲဘုရား"လို့ လျှောက်တော့ "ငါတို့ကတော့ သုညတကမ္မဋ္ဌာန်းနဲ့ပဲ နေတယ်"။ လောကကြီးတစ်ခုလုံး သုည၊ သတ္တဇီဝမှ ကင်းတယ်။ သတ္တဝါ မဟုတ်ဘူး။ လိပ်ပြာကောင်မရှိဘူး။

http://www.dhammadownload.com



အမျိုးသား မဟုတ်ဘူး။ အမျိုးသမီးမရှိဘူး။ ခက်မာတဲ့သဘောလေး ရှိတယ်။ နူးညံ့တဲ့သဘောလေး ရှိတယ်။ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ မရှိဘူးလို့ မြင်အောင်ရှုရမယ်။

ဟော- သည်းခြေတို့လို၊ သလိပ်တို့လိုကျတော့ ယိုစီးတဲ့သဘောလေးရှိတယ်။ ဖွဲ့စည်းတဲ့သဘောလေးပဲ ရှိတယ်။ တေဇောဓာတ်ကျတော့ ပူနွေးတဲ့သဘောလေးပဲ ရှိတယ်။ အေးတဲ့သဘောလေးပဲ ရှိတယ်။ ဝါယောဓာတ်နဲ့ ပတ်သက်ပြီးတော့ အသက်ရှူနေတာကိုလဲ တွန်းကန်လှုပ်ရှားတဲ့သဘောလေးပဲ ရှိတယ်လို့။ သတ္တဇီဝမှ ကင်းဆိတ်တဲ့ သုညတကမ္မဋ္ဌာန်းနဲ့ အမြဲနေတယ် လို့ဆိုတော့ သက်တော် (၁၀၀)ရှိတဲ့ အရှင်ရေဝတမထေရ်က "မှန်ပါတယ်ဘုရား။ အရှင်ဘုရားတို့ကတော့ လူကြီးများနေတာနဲ့ တယ်တူတာပဲဘုရား"။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေအားလုံး ယောဂီတွေအားလုံးဟာ မေတ္တာပို့ပြီးတော့နေတာ ကလေးလေးလိုပဲ။ သတ္တဝါတွေ မေတ္တာပို့ရတာ ပညတ်မပျောက်ဘူး။ သုညတကမ္မဋ္ဌာန်းနဲ့ဆိုတာကတော့ ဓာတ်ကိုရှုပြီးတော့နေတာ။ သဘောလေးကိုပဲ မြင်တယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ရဲ့ ဆံပင်၊ မွေးညှင်း အစရှိတဲ့ သရုပ်သဏ္ဌာန်တွေ ဒါတွေ မမြင်တော့ဘူး။ ခက်မာတဲ့သဘော၊ နူးညံ့တဲ့သဘော၊ ယိုစီး ဖွဲ့စည်းတဲ့သဘော၊ ပူအေးတဲ့သဘော၊ တွန်းကန်လှုပ်ရှားတဲ့သဘောလေးပဲ မြင်တယ်။ အဲဒီသဘောလေးကို ကြည့်နိုင်မှ အဲဒီကျမှ သုညဆိုက်မှာ။ ဒါကြောင့် တရားရှုတယ်ဆိုတာ သုညဆိုက်လို့ရှိရင် သုညရှေ့က တစ်မထည့်ရင် ဘာမှမဖြစ်တော့ဘူး။ သုညရှေ့က ငါလို့ ထည့်လိုက်တော့ ဆံပင်လေးဟာ ငါ့ဆံပင်ဖြစ်သွားတယ်။ သူ့ဟာသူ ခက်မာတဲ့သဘောလေး ရှိတယ်။ အဲဒီ ရှေ့နားလေးမှာ သုည တစ်ထည့်သလို၊ နှစ်ထည့်သလို ငါတံဆိပ်ခပ်နှိပ်လိုက်တဲ့အခါကျတော့ ငါ့ဆံပင်လို့ ငါ့ဆံပင်လို့ တဏှာနဲ့လဲ စွဲတယ်။ ငါသည် ဆံပင်၊ ငါဆံပင်လို့ မာနနဲ့လဲ စွဲတယ်။ ဆံပင်လေးဟာ ငါ့ရဲ့အနှစ်သာရလို့ ဒိဋ္ဌိနဲ့လဲ တွဲတယ်။

http://www.dhammadownload.com



တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတွေနဲ့ စွဲပြီးတော့နေတယ်။ အဲဒီတော့ ငါ့ဆံပင် စွဲရာက ငါ့ဆံပင်မထိနဲ့ဆိုတာ ဖြစ်လာကြတော့ တစ်ကိုယ်လုံး (၃၂) ကောဋ္ဌာသနဲ့ ဓာတ်လေးပါးနဲ့ ဖွဲ့ထားတဲ့ ခန္ဓာကိုယ် ဖြစ်ပေမယ့် ငါ့မထိနဲ့၊ ငါ့မပြောနဲ့၊ ငါ့မကြည့်နဲ့ အစရှိသဖြင့် ရှေ့ကနေပြီးတော့ ငါတစ်လုံး မပျောက်တော့ပဲနဲ့ နေတာကို သက္ကာယဒိဋ္ဌိလို့ ဒီလိုခေါ်တယ်။ အတ္တဓါဒုပါဒါန် ခေါ်တယ်။ သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲ။ ထင်ရှားရှိတဲ့ ပရမတ်ကို ထင်ရှားမရှိတဲ့ ပညတ်နယ်ပယ်ကို မရောက်ရောက်အောင် ယူပြီးတော့ စွဲလမ်းတာပဲ။ အဲဒါ သက္ကာယပါပဲ။ သက္ကာယဆိုတာ တကယ်တမ်းတော့ ထင်ရှားရှိတဲ့တရားတွေရဲ့အပေါင်း၊ ထင်ရှားရှိတဲ့ တရားတွေရဲ့အပေါင်းကို ပရမတ်တွေကို မှားယွင်းတဲ့ အမြင်နဲ့မြင်တာ။ ဘုန်းကြီးတို့ အခု တရားစခန်း တရားအားထုတ်ကြတယ်ဆိုတာ အဲဒီ သက္ကာယခေါ်တဲ့ ရုပ်တရား၊ နာမ်တရားတွေကို မှားမှားယွင်းယွင်း မြင်နေတာ မမြင်ရအောင်လို့ အမှန်အတိုင်း "ယထာဘူတကျကျ" မြင်ရအောင်လို့ အားထုတ်ကြတာပဲ။ အမှန်အတိုင်းမြင်အောင် အားထုတ်တာ။ အဲဒီတော့ ဓာတ်အနေနဲ့ ရှုတဲ့နည်း။ ဓာတ်အနေနဲ့ ရှုတဲ့အခါ သုညဆိုက်ပြီးတော့ သွားတယ်။ သဘောလေးပဲ မြင်တယ်။ နောက်ဆုံး အပြီးသတ် သုညမြင်တယ်။ ရှေးက ဒကာမကြီး တစ်ယောက်ကလဲ အသက်ကြီးပြီ။ အသက်ကြီးတော့ အရှင်နာဂသိန်အရှင်မြတ်နဲ့ တွေ့တယ်။ တွေ့တော့ "အရှင်နာဂသိန် အရှင်မြတ် ဘုရားတပည့်တော် အသက်လဲကြီးပြီ။ တပည့်တော်နဲ့ သင့်တော်တဲ့ကမ္မဋ္ဌာန်း ပေးတော်မူပါ ဆိုတော့" အရှင်နာဂသိန်က ဒီသုညတ ကမ္မဋ္ဌာန်းပေးတယ်။ တစ်နည်း အားဖြင့် ပြောမယ်ဆိုရင် ဓာတ်ကမ္မဋ္ဌာန်း ပေးတာပေါ့။ အဲဒီတော့ မြတ်စွာဘုရားက ဒီခန္ဓာကိုယ် တစ်လံမျှလောက် ခန္ဓာကိုယ်ဟာ စက်ဆုပ်ဖွယ်အနေနဲ့ မြင်စေချင်တယ်။ ရှုစေချင်တယ်။

ဟော- လောကသားတွေကတော့ တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်ကို "အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ"

http://www.dhammadownload.com



အာရုံငါးပါးနဲ့ မွမ်းမံပြီးတော့ ထားလို့မို့ တစ်လောကလုံး ဒါဒုက္ခသမုဒယ ခေါ်တဲ့ ဒုက္ခဖြစ်ခြင်းရဲ့အကြောင်း သာယာမှုဖြစ်တော့ ဒုက္ခဖြစ်ခြင်း အကြောင်းဖြစ်တာ သမုဒယသစ္စာပေါ့။ အဲဒီတော့ မြတ်စွာဘုရားက ဒုက္ခတွေမြင်အောင်ကြည့်။ ဒီခန္ဓာကိုယ်ကြီးကို သစ္စာနဲ့ဖွဲ့ပြီးတော့ ကြည့်ပြန်တော့ စောစောကပြောတဲ့ ဓာတ်လေးပါးနဲ့ပြီးတဲ့ခန္ဓာကိုယ်၊ ဓာတ်လေးပါးဆိုတာ ဘာလဲ။ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါး။ အဲဒီ ဓာတ်ကြီးလေးပါးကို သစ္စာနဲ့ပြောတော့ ဒုက္ခသစ္စာ၊ အဲဒီတော့ ဒုက္ခသစ္စာကို ပိုင်းခြား၍သိရမယ်လို့ မြတ်စွာဘုရားက ဒီလိုမိန့်တယ်။ ပိုင်းပြီးတော့ခြားပြီးတော့ သိရမယ်။ ပရိညေယျတရား ပိုင်းခြားပြီးတော့ သိရမယ်။ ဒုက္ခသစ္စာကိုပင် ပိုင်းခြားပြီးတော့ သိလို့ရှိရင် မဂ္ဂင်မှာသမ္မာဒိဋ္ဌိ ဖြစ်တာပါပဲ။

တရားရှုပွားတယ်။ ဝိပဿနာရှုပွားတယ်ဆိုတာ ရှေ့ပြေး သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပြီးတော့နေတာပါပဲ။ အဲဒီတော့ စောစောကပြောတဲ့ ဒီခန္ဓာကိုယ်ဟာ (၃၂)ကောဋ္ဌာသ အဖွဲ့အစည်း၊ နောက် ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါး အဖွဲ့အစည်းနဲ့ပြီးတဲ့ ခန္ဓာကိုယ်။ အဲဒါကို မြတ်စွာဘုရား ပေးတော်မူတဲ့တရားကို ခွဲခြမ်းစိတ်ဖြာပြီးတော့ စက်ဆုပ်ရွံ့ရှာဖွယ် ဓာတ်ဉာဏ်သွင်းပြီးတော့ မရှုနိုင်ဘူးဆိုရင်တော့ တစ်ဖက်အာရုံငါးပါးက လွှမ်းမိုးသွားလိမ့်မယ်။ ဒါကြောင့် ရှေးပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးများက ဒီအာရုံ ငါးပါးနဲ့ပတ်သက်ပြီးတော့-

**ကာမာဟိ စိတြာမဓုရာ မနော ရမာ၊**

**ဝိရူပရူပေန မထေန္တိ စိတ္တံ၊**

**အာဒီနဝံ ကာမဂုဏေသု ဒိသွာ၊**

**ဧကောစရေ ခဂ္ဂဝိသာဏ ကပ္ပေါ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ် တို့သည်၊ စိတြာ= အဝိဇ္ဇာနှင့်တဏှာချယ်လှယ် တိမ်ဖုံးကွယ်၍ တကယ် မှန်သော ဓာတ်သဘောကို ပေါ်လောမထင် ဉာဏ်မမြင်တဲ့ ပုထုဇဉ်

http://www.dhammadownload.com



အရှုးအနှွယ်တို့မှာ အထူးအဆန်းကြယ်ကြီး ထင်ကြလေကုန်၏။

အဝိဇ္ဇာနဲ့တဏှာ ချယ်လှယ်တဲ့အတွက် ပုထုဇဉ်တို့မှာ အထူးတွေ အဆန်းတွေ ဘယ်အာရုံတွေဖြင့် ဘယ်အဆင်လေးဖြင့် ကြည့်လို့ ကောင်းလိုက်တာ။ ဘယ်အသံလေးဖြင့် နားထောင်ကောင်းလိုက်တာ။ အဲဒီလို အဝိဇ္ဇာနဲ့တဏှာ ချယ်လှယ်နေတာ။ တရားအားထုတ်တယ် ဆိုတာ ဒီနှစ်မျိုးကိုပယ်ဖို့ပါ။ အမှန် မသိတာ အဝိဇ္ဇာ၊ အမှန်သိအောင် အားထုတ်လိုက်တဲ့ အခါကျတော့ အမှန်သိသွားလို့ရှိရင် တဏှာက လျှော့သွားတာပါပဲ။

စိတြာ= အဝိဇ္ဇာနဲ့တဏှာ ချယ်လှယ်တိမ်ဖုံးကွယ်၍ တကယ် မှန်သော ဓာတ်သဘောကို ပေါလောမထင် ဉာဏ်မမြင်တဲ့ ပုထုဇဉ် အရှုးအနှွယ်တို့မှာ အထူးအဆန်းကြယ်ကြီး ထင်ကြလေကုန်၏။

တကယ်မှန်တဲ့ ဓာတ်သဘော မမြင်နိုင်ဘူး။ မြတ်စွာဘုရားက ခန္ဓာကိုယ်ကို ရွံ့စဖွယ်အနေနဲ့လဲ ပြတယ်။ ဓာတ်အနေနဲ့လဲ ပြတယ်။ မဓုရာ= ခွေးငယ်ပိန် ပမာအလားကဲ့သို့ ခုံမင်သူသတ္တဝါအများတို့မှာ သကာများ ထင်ကြလေကုန်၏။ ခွေးငတ်ပိန်များ အမဲရိုးခဲသလိုပဲ။ ခုံမင်တဲ့ပုဂ္ဂိုလ်တွေက အာရုံတွေကို သကာပျားလိုပဲ ထင်ကြတယ်။

မနောရမာ= နူနာစွဲလျှင် မီးကိုခင်သို့ ပူပင်ဖွယ်ရေး ဒုက္ခဘေး တွေကို လေးလေးနက်နက် ဉာဏ်မသက်ပဲ တပ်မက်ပြင်းစွာ ကာမုပါဟု တဏှာ မျက်ကန်း သူ့လက်စွမ်းကြောင့် ပူခန်းကိုမမျှော်မြင် နူနာရှင် မီးကို တွေ့သလို ကာမဂုဏ်အာရုံငွေ့မှာ မွေ့လျော်ဖွယ်ကြီး ထင်ကြလေ ကုန်၏။ ဒါ ပုထုဇဉ်တို့ အပိုင်းကိုပြောနေတာ။ ဘုန်းကြီးတို့တစ်တွေ ပုထုဇဉ်များအပိုင်းက နူနာစွဲတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဟာ ယားယံပြီးတော့ မီးကိုခင်သလိုပဲ။ တဏှာမျက်ကန်း သူ့လက်စွမ်းကြောင့် ပူခမ်းကို မမျှော်မြင် နူနာရှင်မီးကိုတွေ့သလို ကာမဂုဏ် အာရုံငွေ့မှာ မွေ့လျော် ဖွယ်ကြီး ထင်ကြတယ်။

http://www.dhammadownload.com



ဝိရူပ ရူပေန= ပင်ကိုယ်သရုပ် ဓာတ်မှန်ထုတ်က စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျက်နဲ့ ခင်မင်ဖွယ်ရောင် ရုပ်ဆောင်ဖန်ဆင်း ဗန်းပြခြင်းသဖြင့်၊ ပင်ကိုယ်ဓာတ်မှန်သရုပ်ကို မသိကြဘူး။ ပင်ကိုယ်သရုပ် ဓာတ်မှန်ထုတ်က စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျက်နှင့် ခင်မင်ဖွယ်ရောင် ဂုဏ်ဆောင် ဖန်ဆင်း ဗန်းပြခြင်းသဖြင့် ဗန်းပြကောင်းတဲ့အတွက်ကြောင့်မို့ စိတ္တံ= ကောက်ရိုးရုပ်၌ လူရုပ်သို့ပင် တကယ်ထင်သည့် သမင်သို့နှယ် ဤကိုယ်ဝယ်တွင် လေးသွယ်ဘုတ်စု ရုပ်အထုကို ကိုယ်ဟုသဲမဲ အစွဲပြင်းထန် ပုထုဇဉ်တို့၏ စိတ်နှလုံးကို၊ စာခြောက်ရုပ်ကလေးများ အရုပ်ကလေး ခမောက်ကလေးနဲ့ လက်ကလေး ခြေကလေးနဲ့ ခေါင်းလေးနဲ့ နှာခေါင်းလေးနဲ့ သဏ္ဌာန်လုပ် ပြည့်ပြည့်စုံစုံထားတဲ့ စာခြောက်ရုပ်ကလေး သမင်က အဲဒီ လယ်ကွက်စားမယ်လို့ဟာ လူတကယ်ထင်ပြီးတော့ လူတကယ် ထင်တာကိုး။ အဲဒီလိုပါပဲ စိတ္တံ= ကောက်ရိုးရုပ်၌ လူရုပ်သို့ပင် တကယ် ထင်သည့် သမင်သို့နှယ် ဤကိုယ်ဝယ်တွင် လေးသွယ်ဘုတ်စု ရုပ်အထုကို ကိုယ်ဟုသဲမဲ အစွဲပြင်းထန် ပုထုဇဉ်တို့၏စိတ်နှလုံးကို မထေန္တိ= ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် (ငါးပင်တိုင်ခန္ဓာအိမ်ဆိုတဲ့ တိုင်းခရိုင်နိုင်ငံ အသီးသီးပေါ့) ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် ဝိပ္ပလ္လာသ မှိုင်းတွေချ၍ ငါးဝအာရုံ ကာမဂုဏ် ပုံးအမြောက်တို့ဖြင့် ကြောက်စရာ လက်နက်တွေ စိစိကျေ နိုင်ငံလုံးမှာ အသက်စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းတဲ့အောင် ချေမှုန်းပစ်ခွင်းကြလေကုန်၏။ ကာမဂုဏောသုး= အပြစ်ကိုတော့ ဖုန်းကွယ် မက်ဖွယ်ကိုတော့ ဘန်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌၊ အာဒီနဝံ= အေးဖွယ်အကျိုး အေးရနိုးနှင့် အေးရာမတွေ့ အေးငွေ့ မထင် ပူပင် ရှုပ်ထွေး အပြစ်ဘေးတွေကို၊ ဒိသွာ= ဘာဝနာမှန်ပြောင်းနဲ့ ကောင်း ကောင်းကြီးချိန်ရွယ် တကယ်မျှော်မြင် ရှုဆင်ခြင်၍၊ ဧကော= ဖေးသူမသူ ဘယ်သူမခေါ် အဖော်နှင့်ခွဲ တစ်ယောက်ထဲသာလျှင်၊ ခဂ္ဂဝိသာဏက သပ္ပေါ= ပင်တည့်ခန့်ခန့် အနေသန့်သည့် ကြံ့ချိုနှင့်တူစွာ၊

http://www.dhammadownload.com



စရေ- စရေယျ= (၃၁)ဘုံ အကုန်လောင်မြိုက် အမှိုက်မီးစာ ဤတဏှာဟု ဘာဝနာဉာဏ်မြင် စောတွေ့၍ လေးသြယရေပြင် ဝဋ်ပင်လယ်သံသရာကြီးမှ လွတ်မြောက်ရန် မဂ်ဟုန်စီး၍မို့ တသွင်တည်း ကျင့်ကြံပေရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာ
ကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌

ဟောကြားအပ်သော

# သင်္ကြန်တရားတော်

ယနေ့ ၁၃၆၅ ခု၊ မြန်မာ့နှစ်ဆန်း(၁)ရက်နေ့။ မြန်မာနှစ်ဆန်း (၁)ရက်နေ့မှစပြီးတော့ ၁၃၆၅ ခု တာထွက်လာတယ် ပြောရမှာပေါ့။ တစ်နည်းအားဖြင့်တော့ ၁၃၆၅ ခုနှစ် စက္ကန့်ပိုင်းလေးတွေ စက္ကန့်ပိုင်းလေးတွေက စပြီးတော့ မိနစ်ပိုင်းလေးတွေ အဲဒီကနေစပြီးတော့ စာရင်းဖွင့်လာကြတာ။ ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာကများမလဲ။ အသိဉာဏ်ပညာနဲ့ မသိတာ ဘယ်ဟာကများမလဲ။ ဥစ္စာဓန ပေါ်များမှုနဲ့ ဆုံးရှုံးမှု ဘယ်ဟာကများသလဲ။ သုံးမျိုးတိုင်းတာပြီးတော့ ကြည့်ကြရမယ်။ ၁၃၆၅ ခု တာတော့ ထွက်လာကြပြီ။ အဲဒီတော့ ၁၃၆၅ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့လို့ ပြောရမယ့် စက္ကန့်ပိုင်းလေးတွေ စပြီးတော့ စာရင်းဖွင့်တဲ့အခါ ကုသိုလ်နဲ့စာရင်းဖွင့်ကြတယ်။ ကုသိုလ်နဲ့ စာရင်းဖွင့်နိုင်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာအများစုဟာ ယနေ့ နှစ်ဆန်း (၁)ရက်နေ့မှာ ကိုယ်အင်အားရှိတဲ့အတိုင်း အင်အားရှိသလို

http://www.dhammadownload.com



ကုသိုလ်အမျိုးမျိုး ပြုကြတယ်။ ဒါနကုသိုလ်ပြုကြ၊ သီလကုသိုလ်ပြုကြ၊ ပညာကုသိုလ် ပြုကြတယ်။ တရားအားထုတ်ပြီးတော့ မြတ်ဘုရားရဲ့ ရွှေစိတ်တော်ကို နှစ်သိမ့်စေခဲ့ကြတယ်။

ဒီကျောင်းတိုက်ကြီးမှာ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား နံက်ပိုင်းကျတော့ တရားဟောဖို့ရာ အချိန်ရချင်မှ ရမှာ။ ယနေ့ အနည်းငယ်ဟောကြမယ်။ အဲဒီတော့ မြတ်စွာဘုရား စကားတော်တွေ (၄၅)ဝါကာလပတ်လုံး ဟောကြားတဲ့ တရားတော်တွေဟာ အများကြီးရှိပါတယ်။ အဲဒီရှိတာတွေထဲက အများဆုံးဟောတဲ့တရား၊ ခဏခဏ ထပ်ထပ်ပြီးတော့ ဟောတဲ့ တရားတစ်ခု ရှိပါတယ်။ အဲဒီတရားက ဘာတရားလဲလို့ဆိုတော့ "အပ္ပမာဒေန သမ္ပာဒေထ" မမေ့ကြနဲ့။ မမေ့ကြနဲ့။ ဒီစကားတော်ကို မြတ်စွာဘုရား ဘာကြောင့်ဟောရသလဲလို့ မမေ့ကြနဲ့စကားကို။ ဘုရားပွင့်ခဲ့တယ်။ ဘုရားပွင့်တာကို ကြုံခဲ့တယ်။ ဒါကြောင့် မမေ့ကြနဲ့။ ရဟန်းအဖြစ် ရခဲ့တယ်။ ဒါကြောင့် မမေ့ကြနဲ့။ လူအဖြစ်ရခဲ့တယ်။ ဒါကြောင့် မမေ့ကြနဲ့။ သမ္မတ္တိစက်ဂုဏ်နဲ့ သဒ္ဓါတရား အစရှိသည် မျက်စိတို့၊ နားတို့ ဣန္ဒြေနဲ့ ပြည့်စုံဖို့ ရခဲ့တယ်။ ဒါကြောင့် မမေ့ကြနဲ့။ သူတော်ကောင်းတရားကို အလွန်နာကြားရခဲ့တယ်။ ဒါကြောင့် မမေ့ကြနဲ့။ "မမေ့ကြနဲ့"လို့ ဩဝါဒပေးခြင်းရဲ့ အကြောင်းအချက်ဟာ (၅)မျိုး။

(၁) ဘုရားပွင့်ခဲ့တယ်။
(၂) လူ့အဖြစ် ရခဲ့တယ်။
(၃) ရဟန်းအဖြစ် ရခဲ့တယ်။
(၄) မျက်စိလင်းလင်း နားထင်းထင်း သဒ္ဓါတရား စသည်နဲ့ ပြည့်စုံမှု ရခဲ့တယ်။
(၅) သူတော်ကောင်းတရား နာကြားဖို့ အလွန်ရခဲ့တယ်။

အဲဒီအကြောင်း (၅)မျိုးကြောင့် မြတ်စွာဘုရား နေ့စဉ်နေ့တိုင်း ဇေတဝန်ကျောင်းတော်မှာဆိုရင် ရေတွင်းလေးတစ်တွင်း ရှိတယ်။ အဲဒီမှာ

http://www.dhammadownload.com



မြတ်စွာဘုရား ဆွမ်းခံပြန်ကြွတဲ့အခါ ခြေတော်ဆေးရင်းနဲ့-

**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တ ဘာဝေါ ဒုလ္လဘော၊ ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော၊ သမ္ပတ္တိ ဒုလ္လဘာ၊ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ**

လို့ ဒီစကားမိန့်ကြားတော်မူတယ်။ "မမေ့ကြနဲ့"လို့ မြတ်စွာဘုရား မိန့်ကြားရခြင်းအကြောင်းက (၅)မျိုး။

ကုသိနာရုံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၇ နှစ်က ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံကာနီးမှာ-

**ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊**

**ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ= ရဟန်းတို့၊ ဟန္ဒ= ကြာမြင့်မည့်ရေး မမျှော်တွေးပဲ မနေးယခု၊ ဝေါ= သင်တို့ကို၊ အာမန္တယာမိ= အမိန့်ရှိပေအံ့။ ယသ္မာ= အကြင်ကြောင့်၊ သင်္ခါရာ= မြင်မြင်သမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်၊ ဝယဓမ္မာ= ပျက်စီးခြင်းသဘောတရား ရှိကြပေကုန်၏။ တသ္မာ= ထို့ကြောင့်၊ တုမှေ= သင်တို့သည်၊ အပ္ပမာဒေန= မမေ့မလျော့ မပေါ့ဆသော သတိရားဖြင့်၊ သမ္ပာဒေထ= သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပြည့်စုံအောင် ကြိုးစားကြကုန်လော့လို့ ပရိနိဗ္ဗာန်စံကာနီးကျတော့လဲ မမေ့ကြနဲ့။ အပ္ပမာဒတရား လက်ကိုင်ထားကြ မမေ့ကြနဲ့။ အဲဒီကျတော့ အကြောင်းပြစကားက သင်္ခါရတရားတွေ။ ကံစိတ်ဥတု ဥဟာ ကြောင်းလေးဖြာ တို့ ပေါင်းကာစုမှ ဖြစ်ပေါ်ရသည့် သင်္ခါရတရားတွေ အကြောင်း အမျိုးမျိုးကြောင့် သူ့သက်ဆိုင်ရာ သက်ဆိုင်ရာအကြောင်းကြောင့် ဖြစ်ပေါ်တဲ့ သင်္ခါရတရားတွေဟာ မြဲတယ်လို့ မရှိဘူး ပျက်စီးတတ်တယ်။ ဒါကြောင့် မမေ့ကြနဲ့။

အဲဒီတော့ စောစောက နေ့စဉ် နေ့စဉ် မြတ်စွာဘုရား မမေ့ကြနဲ့လို့ မိန့်ကြားခြင်းရဲ့အကြောင်းက (၅)မျိုး။ ပရိနိဗ္ဗာန်စံကာနီး "မမေ့ကြနဲ့"

http://www.dhammadownload.com



လို့ မိန့်ကြားရခြင်းရဲ့အကြောင်းကတစ်မျိုး ပေါင်းတော့ "မမေ့ကြပါနဲ့" မေ့လျော့ပေါ့ဆမှု မရှိကြပါနဲ့လို့ မိန့်ကြားရခြင်းရဲ့အကြောင်းဟာ အားလုံးဆိုတော့ (၆)မျိုးရှိလာတယ်။ အဲဒီတော့ စောစောကအကြောင်း (၅)မျိုးနဲ့ "မမေ့ကြနဲ့"လို့ မိန့်ကြားတာဟာ (၄၅)ဝါကာလပတ်လုံး နေ့တိုင်းနေ့တိုင်း မိန့်ကြားတယ်ဆိုတော့ အကြိမ်ပေါင်း သောင်းခြောက် ထောင်ကျော်တယ်။

မေ့လျော့ပေါ့ဆမှု မရှိကြနဲ့လို့ မိန့်ကြားတော်မူတဲ့ ဩဝါဒဟာ အကြိမ်ပေါင်း (၁၆၀၀၀)ကျော်တယ်။ သိပ်ပြီးတော့ အရေးကြီးလို့ မိန့်တယ်လို့ ဒီလိုပြောရမှာပါပဲ။ အဲဒီတော့ လူ့ဘဝမှာ ပြောနေကြတဲ့ ပြဿနာပေါင်း (၁၆၀၀၀)လို့ ငြီးကြတယ်။ ပြဿနာပေါင်း (၁၆၀၀၀) ဟဲ့ ရှုပ်လို့ ထွေးလို့ စိတ်အေးရတယ်လို့ မရှိဘူးဆိုပြီးတော့ ငြီးကြ ထွားကြ တယ်။ ပြဿနာပေါင်း (၁၆၀၀၀)။

ယောဂီတွေအားလုံး မိမိတို့လဲ ဆိုင်ရာဆိုင်ရာ ပြဿနာတွေ ကတော့ ရှိနေကြပါတယ်။ ပြဿနာပေါင်း (၁၆၀၀၀) ရှိနေကြတယ်။ ပြဿနာပေါင်း (၁၆၀၀၀) ဘယ်နည်းနဲ့ ဖြေရှင်းမလဲ။ ငွေနဲ့ဖြေရှင်းလို့လဲ အကုန်မရဘူး။ ဆွေအားမျိုးအားနဲ့ ဖြေရှင်းလို့လဲ အကုန်မပြီးပေဘူး။ အဲဒီတော့ အဲဒီပြဿနာပေါင်း (၁၆၀၀၀)ဖြေရှင်းဖို့ရာအတွက် မြတ်စွာ ဘုရားရဲ့ အကြိမ်ပေါင်း (၁၆၀၀၀)မိန့်ကြားတဲ့ အပ္ပမာဒ ဩဝါဒကို လိုက်နာပြီး နေမယ်ဆိုရင်တော့ ပြဿနာပေါင်း (၁၆၀၀၀) ဖြေရှင်းနိုင် တယ်။ ဒါဖြင့် အပ္ပမာဒ= မမေ့တာ မမေ့မလျော့ မပေါ့မဆနေတာ။ ပမာဒ ဆိုတာက မေ့တာ။ ဆန့်ကျင်ဘက် တစ်ခုနဲ့တစ်ခု မတူဘူး။

ပမာဒ မေ့လျော့ပေါ့ဆတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ အဲဒီ မေ့လျော့ပေါ့ဆမှု (၃)မျိုး ရှိတယ်။

**ကာယဒုစ္စရိတေဝါ၊ ဝစီဒုစ္စရိတေဝါ၊ မနောဒုစ္စရိတေဝါ**
**ပဉ္စသုဝါ ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါ၊**
**ကုသလာနံ ဓမ္မာနံဘာဝနာယ နိက္ခိတ္တ မူရတာ။**

http://www.dhammadownload.com



ကာယဒုစ္စရိတေဝါ= သက်သတ်ခိုးမှု ကာမေသုဟု ဆိုအပ်သော ကာယဒုစ္စရိုက်၌လည်းကောင်း၊ ဝစီဒုစ္စရိတေဝါ= မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေး ခြောက်ချိန်း အပြိန်းစကား ဝစီဒုစရိုက်လေးပါး၌လည်းကောင်း၊ မနောဒုစ္စရိတေဝါ= သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူ့သက်ဇီဝေ သေစေလိုမှု အယူမှောက်မှား ဤသုံးပါး၌ လည်းကောင်း၊ ဒုစရိုက် (၁၀)ပါး။ အဲဒီ ဒုစရိုက်(၁၀)ပါးမှာ စိတ္တဿဝေါ= စိတ်ကိုလွှတ်ပြီးတော့ ထားတာ ဖြစ်စမ်းပေစေ။ ဒုစရိုက်တွေ ဖြစ်စမ်း ပေစေ။ ဖြစ်ချင်သလောက် ဖြစ်စမ်းတဲ့။

သက်သတ်ခိုးမှု၊ ကာမေသု- သူတစ်ပါးအသက်သတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါးပိုင်တဲ့ အာရုံဝတ္ထုတို့၌ လွန်ကျူးစော်ကားခြင်း ကာယဒုစရိုက်က (၃)မျိုး။ အဲဒီအပေါ်မှာ စိတ်ကိုလွှတ်ထားလိုက်တယ်။ ဖြစ်စမ်းဖြစ်ချင်သလောက်။ မုသားပြောဆိုခြင်း၊ ဂုံးချောခြင်း၊ ရန်တိုက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အကျိုးမရှိတဲ့စကားပြောခြင်းဆိုတဲ့ ဝစီဒုစရိုက် လေးပါးအပေါ်မှာ ပြောချင်တိုင်းပြော၊ မုသားပြောချင် တိုင်းပြော၊ ဂုံးတိုက်ချင်တိုင်းတိုက်၊ ရန်တိုက်ချင်တိုင်းတိုက်၊ နှုတ်မှာဖြစ်တဲ့ ဝစီဒုစရိုက် ခေါ်တဲ့ အကျင့်ဆိုးနဲ့ ပတ်သက်ပြီးတော့လဲပဲ စိတ်ကို ထိန်းထိန်းသိမ်းသိမ်း မရှိတော့ဘူး။

စိတ္တဝေါဿဂ္ဂေါ= စိတ်ကိုလွှတ်ပြီးတော့ထားတာ အဲဒီတော့ ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါး။ အဲဒီ ဒုစရိုက်(၁၀)ပါးကို ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မှု မှတ်ယူ (၄၀)ကံ ဆိုတဲ့အတိုင်း ကိုယ်တိုင်ဒုစရိုက် ကျူးလွန်တာ(၁၀)ပါး၊ သူတစ်ပါးကို ကျူးလွန်ခိုင်းတယ်၊ တိုက်တွန်းတယ် (၁၀)ပါး၊ သူတစ်ပါးပြုနေတဲ့ ဒုစရိုက်ကို ချီးမွမ်းတယ် (၁၀)ပါး၊ သူတစ်ပါးဒုစရိုက်ပြုနေတာကို သဘောတူ (၁၀)ပါး၊ ပေါင်းတော့ (၄၀)၊ ဒုစရိုက်(၄၀)။ အဲဒီ ဒုစရိုက်(၄၀)အပေါ်မှာ စိတ်ကဖြစ်စမ်း။ ဒုစရိုက်တွေ ဖြစ်ချင်သလောက် ဖြစ်စမ်း ဆိုပြီးတော့ စိတ်လွှတ်ပြီး တော့ထားတာဟာ "ပမာဒ" မေ့နေတာပါပဲ။ ဒုစရိုက်အပေါ်

http://www.dhammadownload.com



စိတ်ကို လွှတ်ပြီးတော့ထားတာ။ မထိန်းမသိမ်းပဲ လွှတ်ပြီးထားမယ်ဆိုရင် ဒါဟာ မေ့နေတာပဲ။

ပဉ္စသုဝါ ကာမဂုဏေ သုစိတ္တဿဝေါဿဂ္ဂေါ= ငါးဖြာအာရုံ ကာမဂုဏ်ကို ခံစား စံစားမှု၌ စိတ်ကိုလွှတ်ပြီးတော့ထားတာ။ ရူပါရုံ ခံစားလိုက်စမ်း။ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဒီအာရုံငါးပါး ခံစားမှုအပေါ်မှာ မထိန်းမသိမ်းပဲ စိတ်လွှတ်ပြီးတော့ထားတာ ဒါလဲပဲ မေ့လျော့ခြင်း တစ်မျိုးပဲ။

**ကုသလာနံ ဓမ္မာနံ ဘာဝနာယ နိက္ခိတ္တစ္ဆူရတာ။**

ကုသလာနံ ဓမ္မာနံ= ကုသိုလ်တရားတို့ကို ဒါန သီလ ဘာဝနာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို၊ ဘာဝနာယ= ပွားများအားထုတ်ပြုလုပ်ခြင်း၌၊ နိက္ခိတ္တစ္ဆူရတာ= ဝန်ချပြီးတော့ထားခြင်း။ ဝန်ချပြီးတော့ထားတယ်ဆိုတာ ကုသိုလ်ပြုရေး မစဉ်းစားတော့ဘူးတဲ့။ အဲဒီလိုဆိုရင်လဲ "ပမာဒ" မေ့လျော့ခြင်းတစ်မျိုးတဲ့။ အဲဒီတော့-

**အာရုံငါးပါး လိုက်စားပျော်တုံ၊ ဒုစရိုက်များ၊ ပြုငြားနယ်ကုန်။**

အာရုံငါးပါး လိုက်စားနေမယ်ဆိုလဲ မေ့လျော့နေတယ်။ ဒုစရိုက်တွေ နယ်ကုန်အောင် ပြုကျင့်နေမယ်ဆိုရင်လဲပဲ ဒါမေ့လျော့နေတာပဲ။

**ကုသိုလ်ကိစ္စ စိတ်ကသုန်မှုန်၊ သတိပေါ့ ကြည့်တော့ လူတို့ဘုံ။**

ကုသိုလ်ကိစ္စကျတော့ စိတ်ကသုန်မှုန်တွေဝေနေပြီးတော့ ကုသိုလ်ပြုရေး အလေးမပေးဘူးဆိုရင်လဲ ဒါမေ့လျော့နေတာပဲ။ အဲဒီတော့ အားလုံးယောဂီများ မေ့လျော့နေခြင်းဟာ အမျိုးအစား အားဖြင့် (၃)မျိုး။ ဘယ်နှစ်မျိုးလဲ (၃)မျိုး။ ဒုစရိုက်တရားတွေ မကောင်း ညစ်ဆိုး ဒုစရိုက်တရားဆိုးတွေ၊ အပြုအမူဆိုးတွေ၊ အပြောအဆိုဆိုးတွေ၊ အကြံဆိုးတွေကို ကြံစည်တာ ပြုမူတာ ပြောဆိုတာကို စိတ်က အလိုက် သင့် လွှတ်ထားလိုက်တာ။

အဲသလိုဆိုရင်လဲ မေ့လျော့တယ်လို့ မပြောနိုင်ဘူးလား။ ပြောနိုင်တယ်။ အာရုံငါးပါး ခံစားတာနဲ့ ပတ်သက်ပြီးတော့ စိတ်ကို

http://www.dhammadownload.com



လွှတ်ပြီးတော့ထားလိုက်မယ်ဆိုရင် မထိန်းမသိမ်းဘူးဆိုရင် ဒါလဲ မေ့လျော့တယ်လို့ မပြောနိုင်ဘူးလား။ ပြောနိုင်တယ်။ ဩော်- ကုသိုလ်ရရေးနဲ့ ပတ်သက်လို့ ဒါန သီလ ဘာဝနာကုသိုလ်၊ သီလ သမာဓိ ပညာကုသိုလ်၊ သိက္ခာသုံးပါးဆိုတဲ့ ကုသိုလ်။ အဲဒီ ကုသိုလ်ရရေးနဲ့ ပတ်သက်ပြီးတော့လဲ ဟော- လက်လွှတ်စပယ်နေတာမျိုးပေါ့။ အဲဒီလို ဆိုရင် မေ့လျော့တယ်လို့ မပြောနိုင်ဘူးလား။

**အာရုံငါးပါး လိုက်စားပျော်တုံ၊ ဒုစရိုက်များ၊ ပြပြားနယ်ကုန်။**

**ကုသိုလ်ကိစ္စ စိတ်ကသုန်မှုန်၊ သတိပေါ့ ကြည့်တော့ လူတို့ဘုံ။**

ဗုဒ္ဓဘာသာဖြစ်ရတာ အင်မတန်ကံကောင်းတယ်။ မိရိုးဖလာ အားဖြင့် ဖြစ်တာတောင်မှ နှစ်ဆန်း(၁)ရက်တို့လို သင်္ကြန်အခါကာလ တို့လို နှစ်ကုန်ခါနီးတဲ့အခါ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဦးမယ်ဆိုပြီးတော့ သင်္ကြန်တွင်းကာလလေးမှာ ဥပုသ်စောင့်ဦးမှပဲ၊ တရားထိုင်ဦးမှလို့ အာရုံ ထားလာကြတယ်။ ဟော- နှစ်ဆန်း(၁)ရက်နေ့ အခါမျိုးကျပြန်တော့လဲပဲ ၁၃၆၅ ခု စာရင်းဖွင့်မှတော့ ကုသိုလ်နဲ့စာရင်းဖွင့်မှ တော်မယ်။ အကုသိုလ်နဲ့စာရင်းဖွင့်လို့ တော်ပါ့မလား။ "မတော်ပါဘူးဘုရား"။

ကုသိုလ်နဲ့စာရင်းဖွင့်မှ ကုသိုလ်တွေများများ ကုသိုလ်အမြတ် ကျန်မှာပေါ့။ အဲဒီတော့ မေ့လျော့တယ်ဆိုတာ (၃)မျိုး။ အဲဒီ မေ့လျော့ခြင်း (၃)မျိုးနဲ့ မေ့ပြီးတော့ မနေနဲ့လို့ မြတ်စွာဘုရား ဩဝါဒအကြိမ်ပေါင်း (၁၆၀၀၀)ကျော်တယ်။ ဒီစကားကို မိန့်ကြားတယ်။ လူ့ဘဝကြီးမှာ ပြဿနာပေါင်း (၁၆၀၀၀)နဲ့ ရှုပ်ထွေးပိညပ် တန်ချိန်ဖွဲ့လို့ မရတဲ့ ဒုက္ခတွေနဲ့ ဝိုင်းအုံ။ အဲဒီလို အခြေအနေမျိုးမှာ အပ္ပမာဒဩဝါဒကို လိုက်နာမယ်ဆိုရင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတဲ့ အပ္ပမာဒဩဝါဒများ လိုက်နာမယ်ဆိုရင် ပြဿနာတွေ ငြိမ်းသွားနိုင်တယ်။ အေးသွားနိုင်တယ်။

အကြီးဆုံး ပြဿနာက အိုတဲ့ပြဿနာ၊ နာတဲ့ပြဿနာ၊ သေတဲ့ ပြဿနာ၊ အပါယ်ဝဋ်ဘေးပြဿနာ။ အိုတဲ့ပြဿနာဆိုရင်လဲ ကမ္ဘာ့လူထု

http://www.dhammadownload.com



ကြီးဖြေရှင်းလို့ကို မရဘူး။ ဖြေရှင်းလို့မရတော့ ဘယ်နှယ်လုပ်ထားသလဲ။ သူ့အိုရုံ ဆောက်ထားရတယ်။ နာတဲ့ပြဿနာကျတော့လဲ ဖြေရှင်းလို့ မရဘူး။ မရတော့ ဆေးရုံပဲ တည်ထားရတယ်။ သေတဲ့ပြဿနာလဲ ဖြေရှင်းလို့မရဘူး။ မရတော့ သုသာန်ပဲလုပ်ထားရတယ်။ အဲဒီတော့ ပရလောကမှာ အပါယ်ဘေးပြဿနာ၊ ဒီပြဿနာဟာလဲ ကြိုတင် ရှင်းထားမှ အကယ်၍ များ မေ့လျော့နေမယ်၊ ဒုစရိုက်တွေနဲ့ အာရုံငါးပါး လိုက်စားပြီးတော့ နေမယ်၊ ဒုစရိုက်တွေလဲ နယ်ကုန်အောင် ကျူးလွန် နေမယ်။ ကုသိုလ်ကိစ္စကျတော့ နောက်ဆုတ်ပြီးတော့ မလုပ်ဘူးဆိုရင် အပါယ်ဘေးဆိုတဲ့ ဒီဘေးဆိုးကြီးက လွတ်ဖို့လွယ်ပါ့မလား။ "မလွယ်ပါ ဘုရား"။

ခြုံပြီးပြောရင် မေ့လျော့ခြင်း (၃)မျိုးပေါ့။ အဲဒီ မေ့လျော့ခြင်း (၃)မျိုးကို ပယ်လိုက်လို့ရှိရင် ဟော- ဒုစရိုက်တွေ ရှောင်ရှားပြီးတော့ နေမယ်ဆိုရင် "အပ္ပမာဒ" မမေ့မလျော့တာ ဖြစ်သွားပြီ။ အာရုံငါးပါး လိုက်စားမှု လျော့လိုက်မယ်ဆိုရင် "အပ္ပမာဒ"။

ဒါန သီလ ဘာဝနာကုသိုလ်၊ သီလ သမာဓိ ပညာ သိက္ခာ (၃)ပါး ပွားများမှုအားထုတ်မှု အလေးထားမယ်ဆိုရင် "အပ္ပမာဒ"။ အခု ယောဂီသူတော်စင်များ ဒီအချိန်ခါကာလသမယဟာ "အပ္ပမာဒ" လိုက်တိုင်ထားပြီးတော့ ပမာဒကို ဘေးဖယ်ထားတဲ့အချိန်။ အဲဒီလို အချိန်မျိုးမှာ သတိပြုစရာလေးတစ်ခု ရှိတယ်။ အချို့ အချို့ ဒကာ၊ ဒကာမတွေ၊ အချို့ပုဂ္ဂိုလ်တွေက သဒ္ဓါတရား အင်မတန် ကောင်းပါတယ်။ ဘုရားလဲ တည်တယ်။ ကျောင်းလဲဆောက်တယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လိုလေသေးမရှိအောင် ထောက်ပံ့တယ်။ သို့သော်လဲပဲ သီလဆောက်တည်ရမယ်။ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ ပွားများရမယ်ဆိုရင် ဆန္ဒမရှိဘူး။ ဒကာကြီးတစ်ယောက် ရှိတယ်။ အသက် (၇၅)နှစ်ရှိပြီ။ အဲဒါ သူ့မိတ်ဆွေတွေက ဒီနေ့ ဥပုသ်စောင့်သေးလားလို့မေးရင် အလွန်စိတ်ဆိုးတာ။ "ဟာ ဘာလို့

http://www.dhammadownload.com



မေးတာတုန်း။ ဒီပြင်စကား မရှိဘူးလား" သူ့ကို ဥပုသ်စောင့်သေးလား မေးရင် မကြိုက်ဘူး။ သူဌေးပါ။

လျှုနေတာပဲ။ လျှုတာကတော့ သိန်းရာနဲ့ချီလျှုနေတာ။ သိပ်ရယ်ရတယ်။ တရားထိုင်သေးလားလို့တော့ သွားမမေးနဲ့။ ဥပုသ်စောင့်သေးလားလို့ မေးရင် အလွန်စိတ်ဆိုးတာ။ အဲဒါကြောင့်နဲ့တူတယ်။ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဟောတဲ့ စကားတစ်ခု ရှိတယ်။ အနာထပိဏ်သူဌေးလဲ စောစောကတော့ အလှူပဲဦးစားပေးတာ။ အဲဒါကြောင့် မြတ်စွာဘုရားက-

**တုမှေခေါ ဂဟတိ ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတာ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန။**

ကျောင်းဒကာကြီး သင်တို့ဟာ သံဃာတော်များကို ဆွမ်းသင်္ကန်း ကျောင်းဆေး ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးလာတာ လိုလေသေးမရှိဘူး။

**နခေါ ဂဟပတိ တတ္တကေန တုဋ္ဌိကရဏီယာ။**

"ကျောင်းဒကာကြီး အဲဒီလောက်နဲ့ ငါတို့ဟာ သံဃာတော်တွေ ဆွမ်းလှူနေတာပဲ၊ သင်္ကန်းလှူနေတာပဲ၊ ကျောင်းလှူနေတာပဲ၊ ဆေးလှူနေတာပဲဆိုပြီး အဲဒီလောက်ကလေးနဲ့တော့ မရောင့်ရဲပါနဲ့"လို့ မြတ်စွာဘုရားက ကျောင်းဒကာကြီးကို မိန့်ကြားတယ်။ ရှေ့ဆက်ပြီးတော့ တစ်ဆင့်တက်လိုက်ပါဦးတဲ့။

**ကိန္တိမယံ ကာလေနကာလံ ပဝိဝေကံ ပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမ။**

တို့ဘယ်သောအခါများ သူ့အချိန်လေးနဲ့သူ ကာလေနကာလံ= တစ်ခါတစ်လေ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်လို့ရတဲ့ ဆိတ်ငြိမ်မှုကြောင့် နီဝရဏတရားဆိုးတွေ၊ အကုသိုလ်တရားဆိုးတွေ ကင်းကွာမှုကြောင့် ရရှိတဲ့ ပီတိ။ အဲဒီ ပီတိလေး ဘယ်အချိန်အခါများ ဒို့ခံစားနိုင်မလဲလို့ ဆိုပြီးတော့ ရှေ့တစ်ဆက်တက်ပြီးတော့ ကြိုးစားစမ်းပါဦးလို့ ကျောင်းဒကာကြီးအား မိန့်တယ်။ လယ်တီဆရာတော်ကြီးက

http://www.dhammadownload.com



ကင်းဝန်မင်းကြီးအား အာနာပါနတရားအားထုတ်နည်း ဟောတော့ ကင်းဝန်မင်းကြီးက တစ်နေ့မှာ ရှိုက်ကြီးငင်ကြီးနဲ့ ငိုလျှောက်တယ်။ "တပည့်တော် ရေမြွေရှင် ပဉ္စမသင်္ဂါယနာတင်ပွဲကြီးရဲ့ သာသနာ့ဒါယကာကြီးကို သတိရလိုက်တာဘုရား။ ကျောင်းဒကာမင်းတရားကြီး ဒီလို တရားမျိုးတွေ အားထုတ်မသွားရလို့ ဝမ်းနည်းလွန်းလို့ပါဘုရား"တဲ့။

အဲဒီတော့ ဘုန်းကြီးတို့ ယောဂီတွေ လူ့နေရုံနဲ့ ကျေနပ်နေတာကို မြတ်စွာဘုရားအကြိုက် မဟုတ်သေးဘူး။ လူ့နေရုံနဲ့ မကျေနပ်နဲ့။ ဆွမ်းဒကာဖြစ်ရုံနဲ့ မကျေနပ်နဲ့။ သင်္ကန်းဒကာ ဖြစ်ရုံနဲ့ မကျေနပ်နဲ့။ ကျောင်းဒကာဖြစ်ရုံနဲ့ မကျေနပ်နဲ့။ ဆေးဒကာဖြစ်ရုံနဲ့ မကျေနပ်နဲ့ဦး။ ရှေ့ဆက်ပြီးတော့ ရှင်းရှင်းလေးပြောမယ်ဆိုရင် "တရား အားထုတ်ဦး"လို့ ဒီလိုပြောတာ။

မြတ်စွာဘုရား အခုမိန့်ကြားတဲ့ စကားအရဆိုရင် မြတ်စွာဘုရားရဲ့စကားတော်နဲ့ ခုသကြံန်ကာလအတွင်းမှာ အားထုတ်ကြတဲ့ ယောဂီများ မကိုက်ညီဘူးလား။ ကိုက်ညီတယ်။ အားရစရာကောင်းတယ်။ ကျေနပ်စရာကောင်းတယ်။ အခုလို တရားအားထုတ်တော့-

**ကုသလာနံ ဓမ္မာနံ ဘာဝနာယ အနိက္ခိတ္တဓူရတာ။**

ကုသိုလ်တရား ကုသိုလ်မှာလဲ ဒါန သီလ ဘာဝနာ အဆင့်ဆင့်။ သီလ သမာဓိ ပညာ အဆင့်ဆင့်ကုသိုလ်တွေကို ပွားများခြင်းငှာ ဝန်ချမထားဘူး။ ပစ်စလတ်ခတ်မထားဘူးလို့ ပြောတာ။ ကုသိုလ်တစ်မျိုးမျိုး ရအောင်ကြိုးစားပြီးတော့ နေတာဟာ မေ့လျော့နေတာ မဟုတ်ဘူးတဲ့။ မမေ့မလျော့တဲ့သူ။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၃၀၀ လောက်ကပေါ့။ အာသောကမင်းကြီး နိဂြောဓသာမဏေနဲ့ တွေ့တယ်။ တွေ့တော့ "အရှင်ဘုရား မြတ်စွာဘုရားရဲ့ ဒေသနာတော်တွေထဲက အကျဉ်းချုပ်တရားတစ်ပုဒ်ကို ဟောကြားပါ"ဆိုတော့။ နိဂြောဓသာမဏေက မြတ်စွာဘုရား ကိုယ်တော်တိုင် (၄၅)ဝါကာလပ်လုံး ဟောထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်တွေကို "အပ္ပမာဒ"ဆိုတဲ့ စကားတစ်ခွန်းထဲမှာ

http://www.dhammadownload.com



အကုန်ထည့်ပြီးတော့ ဟောသွားတဲ့အတိုင်း-

**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

အပ္ပမာဒေါ= မမေ့မလျော့ မပေ့ါဆခြင်းသည်၊ အပ္ပမာဒေါ= အာရုံငါးပါး ခံစားစံစားခြင်းမှ ရှောင်ရှားခြင်း ဒုစရိုက်တို့မှ ရှောင်ရှားခြင်း ကုသိုလ်တရားတို့ကို ပွားများခြင်းအပေါ်မှာ လျစ်လျူမရှုခြင်း ပြစ်မထားခြင်းဆိုတဲ့ အပ္ပမာဒတရားသည်၊ အမတံပဒံ= မအို မနာ မသေရာဖြစ်သော နိဗ္ဗာန်ရခြင်း၏အကြောင်းပေတည်း။ ပမာဒေါ= မေ့လျော့ပေါ့ဆ၍နေခြင်းသည်၊ ပမာဒေါ= အာရုံ ငါးပါးခံစားခြင်း ဒုစရိုက်တရားတို့ကို ပြုလုပ်ခြင်း၊ ကုသိုလ်တရားတို့ကို ပစ်ပယ်ထားခြင်းသည်၊ မစ္စုနောပဒံ= သေခြင်း၏အကြောင်းပေတည်း။

အပ္ပမတ္တာ= မမေ့မလျော့ကြသော ပုဂ္ဂိုလ်တို့သည်၊ နမီယန္တိ= နောင်သံသရာအဆက်ဆက်မှာ မသေနိုင်တော့ကုန်။ ယေ= အကြင်သူတို့သည်၊ ပမတ္တာ= မေ့လျော့ပေါ့ဆ၍နေကြကုန်၏။ ပမတ္တာ= အာရုံငါးပါး ခံစားခြင်း၊ ဒုစရိုက်တရားတို့ကို ကျူးကျော်၊ ကုသိုလ်တရားတို့ကို ပစ်ထားကြကုန်၏။ တေ= ထိုပုဂ္ဂိုလ်တို့သည်၊ တေ= ထိုမေ့လျော့ပေါ့ဆကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ မတာယထာ= သူသေနှင့်တူကြလေကုန်၏။

ဟောဒီ တရားလေးကို ဟောလိုက်တယ်။ ဓမ္မသောကမင်းကြီး သဘောကျပြီး မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောထားတဲ့ တရားတော်တွေကို "အပ္ပမာဒ"ဆိုတဲ့ စကားလေးတစ်လုံးထဲမှာ အကုန်ထည့်ပြီးတော့ ဟောတယ်။ အပ္ပမာဒကို မြတ်စွာဘုရား အကြိမ်ပေါင်း များစွာလဲ ဟောကြားတော်မူတယ်။ ဒီစကားအတိုင်း ကြည့်မယ်ဆိုရင် ဘယ်သူမှမသေချင်ဘူး။ သေချင်တဲ့သူရှိသလား။ ပုံမှန်စိတ်အတိုင်း ကတော့ မသေချင်တာအမှန်ပဲနော်။

ဘုန်းကြီးတို့ဆရာတော်က နီတိလေးတစ်ခု ရေးထားတယ်။ အခုခေတ်လူတွေက တစ်ယောက်ကိုပြောတယ်။ ဘယ့်နှယ် ပြောသလဲ။

http://www.dhammadownload.com



"ဟဲ့ သေခြင်းဆိုးကြီး"လို့ ဒီလိုပြောတယ်။ သေခြင်းဆိုးလို့ပြောရင် ပြုံးတာနေလိုက်တဲ့ ဘာကြောင့်လဲဆိုတော့ သေခြင်းမှန်သမျှ မဆိုးတာ မရှိဘူးတဲ့။ ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာတော်ကြီးက အဲဒီလိုပြောတယ်။ "သေခြင်းဆိုး"လို့များပြောရင် အသာလေးပြုံးတာနေလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ သေတာမှန်သမျှ မဆိုးတာမှ မရှိပဲကိုး။ ဘုန်းကြီး ဥပဇ္ဈာယ်ဆရာတော်ကြီးက အဲဒီလို "ဗမာစကားလေးတွေကို အတွေးနဲ့ သရုပ်ဖော်လေ့ရှိတယ်။ ဟဲ့ တစ်လမ်းသွားလို့ ပြောရင်း ပြုံးတာနေလိုက်ပါတဲ့။ ဘယ်သူ နှစ်လမ်းသွားမလဲ အကုန်လုံး တစ်လမ်းသွားချည်း ပါပဲတဲ့"။

ပြောရဦးမယ်။ "စည်းစိမ်"တဲ့ စည်းစိမ်ဆိုတာ စည်းနိုင်မှ စိမ်ရတာ။ ဒါကြောင့် တစ်ချို့ပုဂ္ဂိုလ်တွေက "နှမြောတယ်"ဆိုရင် "ဒီလူကြီး က ဘယ်လောက်နှမြောတယ် ပြောတယ်"။ ပြောတော့ "စည်းစိမ်" ပါတဲ့ဆို။ စည်းစိမ်ဆိုတာ မစည်းရင် မစိမ်ရဘူး။ စည်းနိုင်မှ စိမ်ရတာတဲ့။ ဥပဇ္ဈာယ် ဆရာတော်ကြီးက အနေကတော့ ရိုးရိုးပဲ စာလဲတတ်ပါတယ်။ ဟိုဒုတိယကမ္ဘာစစ် ဖြစ်နေတော့ ချောင်းဦးမြို့နား တောချောင်းဦးဆိုတဲ့ ရွာကလေးတစ်ရွာ သွားပြီးတော့ စစ်ပုန်းတယ်။ ပုန်းပြီးတော့ နေတဲ့အခါ ဆရာတော်ဘုရားက စစ်တွင်းကာလမှာ ရဟန်းတော်တွေဟာ ဖျင် သင်္ကန်းတောင်ကောင်းကောင်း မဝတ်ရဘူး။ အမျိုးသမီးတွေလဲ အပျို မလုပ်နိုင်ဘူး။

စစ်တွင်းဒုက္ခ ငိုချင်းကြီးဆိုတာ ရေးထားတာရှိတယ်။ (၂၉)ပုဒ် ရှိတယ်။ အဲဒါကို ဦးပဥ္စင်း ဦးဉာဏက အရပ်ထဲ ဒကာမကြီးတွေ စုရုံးစုရုံးနဲ့ ရှိတဲ့အခါမျိုးကျတော့ အဲဒီစစ်တွင်းဒုက္ခငိုချင်းကို သွားသွားဆိုငိုတာပေါ့။ ဒကာမကြီးတွေကလဲ လိုက်ငိုကြတယ်။ သူကလဲ အသံကောင်းကောင်းနဲ့ ဆိုတာကိုး။ (ကျေးဇူးတော်ရှင် မုံရွာမြို့ သပြေပင်တောရကျောင်း စာသင်တိုက်တည် ပဓာနနာယက ဘဒ္ဒန္တကေဝလာဘိဝံသ ရေးသား တော်မူခဲ့သော "စစ်တွင်းဒုက္ခ ညည်းချင်းကြီး"ကို သံဝေဂတရားရဖွယ် ဖြစ်လို့ ရှုစားကြည့်ပါဦး။)

http://www.dhammadownload.com



# စစ်တွင်းဒုက္ခ ညည်းချင်းလက်ာကြီး

၁။ သြော်--ဒုက္ခ--ဒုက္ခ ရှုတ်လှသည်ခုခါ၊ သံသရာအကြောင်း၊ ဖန်လာပုံ မကောင်းလိုက်ပါဘိ၊ ကံ,ကိုသာ ထောင်းလိုက်ချင်ပေ့၊ ဆိုးတောင်းသည့်ခေတ်, အပူကြွယ်အောင် လူရယ်လို့ဖြစ်လာရ၊ တစ်မိနစ် မှမအေး၊ တွေးတုံး, တွေးတုံး၊ အဆွေးလုံးတွေကြောင့်၊ လူနုံးလို့ ချိလှပေ့----။
အပေါင်းတစ်သိုက်တို့မှာ၊ အကြောင်းမဆိုက်လိုက်ပုံက၊ တစ်သောင်းတိုက် စကြာဝဠာ၊ ဤကမ္ဘာမှာ တစ်ခါဖြစ်တဲ့၊ မဟာစစ်ကြီး ဖြစ်သတဲ့---။
စစ်ဆင်လို့ထိုးကြတော့၊ ထီးကျိုးစည်ပေါက်၊ ပြည်ပျောက်သည့် ဗမာအကုန်၊ ရတနာပုံထီးနန်းပြောင်အောင်၊ မီးကျွမ်းလို့ လောင်ပါပေ့ လားကရို့---။
မြို့ရွာမကျန် ဒို့ကြမ္မာကံကြောင့်၊ ရှို့ခါနှံ့လိုက်တာ၊ အချို့သဒ္ဒါလန် အောင်မဲ့ကြပေ့၊ ဆင်းရဲသည့်ဗမာအမျိုး၊ ညှင်းဆဲမည့် ကြမ္မာဆိုးကြောင့်၊ ပြာမိုးသာရွာတော့တယ်---။
မင်းဘေးကတစ်မျိုး၊ သူခိုးဘေးတစ်ဖုံ၊ ပြာပုံပေါ်အိမ်ဆောက်ပြီး၊ ပိန်ခြောက်သည့်မြန်မာအပေါင်း၊ ကံဇာတာ မကောင်းလိုက် ပုံတော့၊ ပြန်ပြောင်းလို့ မပြောချင်၊ ဆန်ကောတွင်ဇီးဖြူလုံးလို၊ စုရုံးလို့မနေနိုင်၊ တွေမှိုင်ကာ အသာကုပ်ပြီး၊ မဟာဒုက်အတိ ဖြစ်ကြပါကလားနော်---။ ။

၂။ ဆိုးသွမ်းယုတ်မာ၊ လူ့မိစ္ဆာတို့၊ လောဘာရမက်၊ ငန်းငန်းတက်၍၊ စစ်မက်ကယ်ဆင်၊ အမြင်မှောက်မှား ဆင်းရဲသားတို့မှာ၊ ထွားထွားငဲ့ကျေ၊ သေသူကို ရှင်သူတရတဲ့၊ ဒုက္ခပင်လယ်ဝေတဲ့မှ ဒုက္ခပင်လယ်ဝေ။

၃။ အုန်းအုန်းရယ်ညံ၊ ဒုန်းဒုန်းသံနှင့်၊ ဗုန်းဆံပေါက်ကွဲ၊ အမြောက် တွေခွဲတာကြောင့်၊ ရင်သဲလှိုက်ခုန်၊ မှုန်တစီစီ၊ တုန်ရီရီနှင့်၊

http://www.dhammadownload.com



ကသီလင်တ ရောရုဝသို့ ရောက်ရသည့်နှယ်၊ ဘယ်ခါကာလ၊ ဘယ်သောင်ကျကာမှ၊ အေးရမယ်တဲ့မှ အေးရမယ်--။

၄။ စက်မောင်းငယ်ဆင်၊ ထက်ကောင်းကင်၌၊ အစဉ်ပျံသွား၊ အသံကိုကြားရုံနှင့်၊ ရင်သားလှိုက်ဖို၊ အလိုဘုရား၊ ဆိုရိုကာ မနားရယ်နှင့်၊ စိတ်အားသေးငယ်၊ သနားစဖွယ်၊ သားငယ်သမီး၊ ချစ်ဇနီးနှင့်၊ ဘကြီး, ဘလေး၊ ဦးလေး, အဒေါ်၊ ကိုကိုလေးနှင့် ဘဒွေးကိုပါခေါ်ပြီးလျှင်၊ အဖော်သားချင်း၊ ဉာတိရင်းရယ်တို့၊ အေးကျင်းကိုဆင်းရှာကြ၊ ဖျင်းလှသည့် ခုအခါ၊ ကရုဏာ ဗလာကောတာကြောင့် မောလှပြီတဲ့မှ မောလှပြီ---။

၅။ မွေတော်ကိန်းအောင်း၊ စေတီပေါင်းရယ်တို့၊ ထောင်းထောင်း ညက်ကျေ၊ ဗုန်းတွေဖြန့်ကြဲ၊ အမြောက်တွေ ခွဲတာကြောင့်၊ ကွဲအက်လို့ ပြို၊ ထိုထိုတန်ဆောင်း၊ ကျောင်းနှင့်ပြသဒ်၊ စရပ်နှင့်သိမ်၊ ထိန်ထိန်ငယ်လျှမ်း၊ မီးလောင်လို့ ကျွမ်းတာကြောင့်၊ စမ်းရှာလို့မမြင်၊ ဘဝင်မအေး၊ အစဉ်ငေးပါလို့၊ ဆွေးရအင်တဲ့မှ ဆွေးရအင်--။

၆။ သာသနာထမ်း၊ ရှင်ရဟန်းတို့၊ သင်္ကန်းကိုခွာ၊ ယရာဝါသ၊ သမ္မာဓဟုံ၊ ကိစ္စမြားမြောင်၊ လူ့ဘောင်စခန်း၊ စစ်ချီလို့မြန်းကြပေါ့၊ နွမ်းလျှညှိုးခွေ၊ သုံးတွေမည်မှတ်၊ ပိဋကတ်တို့၊ ပျောက်မတတ် ကုန်စင်၊ သင်သူကရှား၊ ပို့ချသူပါးတာကြောင့်၊ ဘုရားမြတ် သာသနာ၊ ရောင်ဝါမထိန်၊ တမှိန်မှိန်နှင့်၊ သိရ်သရေနုပ်၊ ဆန်းလဆုတ်တို့၊ ယုတ်ရချေတဲ့မှ ယုတ်ရချေ----။

၇။ သင်္ကန်းကိုယ်ရုံ၊ ချွတ်လို့ပုံ၊ တစ်စုံထောင်ဈေး၊ ဝယ်နိုင်ဖို့ ဝေးတာကြောင့်၊ ချုပ်ထေးလို့ဖာ၊ စုတ်ပြတ်ရိကွဲ၊ ချုပ်စပ်လို့ တွဲပါလို့၊ နွဲ့ရရှာတဲ့မှ နွဲ့ရရှာ--။

၈။ ရွှေနောက်မြောက်တောင်၊ ဝင်းလို့ပြောင်၊ အရောင်ယှက်သန်း၊ မီးရောင်တွေ လျှမ်းတာကြောင့်၊ ပင်ပန်းညှိုးခွေ၊ ကောင်းကင်

http://www.dhammadownload.com



စခန်း၊ မီးကျီပန်းတွေက၊ သန်းလို့ဝေတဲ့မှ သန်းလို့ဝေ---။

၉။ အောက်ကျေဒဂုန်၊ ထက်ကောင်းတုံ၊ အစုန်ဆန်သွား၊ မီးရထား မှာလ၊ ခရီးသွားရှုပ်ပွေ၊ မြေပြင်စခန်း၊ ခြေလျင်လှမ်းပါလို့၊ နွမ်းလို့ခွေတဲ့မှ နွမ်းလို့ခွေ--။

၁၀။ မြို့ရွာရဂုံ၊ ဆူးရစ်အုံ၊ မြူမှုန်ယှက်သန်း၊ ဆူးလေပန်းတွေနှင့်၊ စိမ့်စမ်းရေအိုင်၊ တမာဥသြ၊ သံစုံနှောပါတဲ့၊ တောဂနိုင်တဲ့မှ တောဂနိုင်---။

၁၁။ သမီးကပူ၊ သားကဆူ၊ လင်သူကငေါက်၊ အိုးအိမ်ရာပျောက်သနဲ့၊ ကြောက်စရာ့ခုခါ၊ ဟိုရွာမကောင်း၊ သည်မှာကောင်းတယ်လို့၊ ပြောင်းရပါတယ်မှ ပြောင်းရပါ----။

၁၂။ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ဖြစ်ကမှန်စွာ၊ သံသရာကြော၊ ဖန်ခါခါ မျောပါလို့၊ မောရရှာတဲ့မှ မောရရှာ----။

၁၃။ ဖိန့်ဖိန့်ငယ်ခုန်၊ သိမ့်သိမ့်တုန်၊ လေမှုန်ရစ်သိုင်း၊ လောကခံလှိုင်း တွေက၊ ပိတ်ဆိုင်းလို့ကာ၊ အာရုံလှိုင်းပုတ်၊ ဝဲစလုတ်မှာ၊ မြုတ်ရပါတဲ့မှ မြုတ်ရပါ----။

၁၄။ သြယလေးတန်၊ အပြန်ပြန်၊ ဖန်ဖန်ခေါက်ခေါက်၊ ကရွတ်ကင်း ရှောက်သလို၊ ထောက်မရခုခြေ၊ အဝိဇ္ဇာတုံး ပိတ်ကာလို့ဖုံးတာ ကြောင့်၊ နုံးလို့ခွေတဲ့မှ နုံးလို့ခွေ----။

၁၅။ တဏှာမြစ်ခြေ၊ ရစ်လို့နေ၊ သုံးထွေဝဋ်ထဲ၊ ကျွတ်နိုင်ပဲဟာမို့၊ ဝမ်းထဲမရွှင်၊ အိုနာသေဘေး ဘယ်ခါတွင်အေးရပ၊ ဆွေးရအင် တဲ့မှ ဆွေးရအင်---။

၁၆။ သုံးဆယ်တစ်ဖုံ ဝဋ်ရိပ်မြုံ၊ တစ်မှုန်မွှားမွှား၊ ဆုံလည်နွားနှင့် ချားရဟတ်နှယ်၊ အထက်ဘဝဂ်၊ အောက်နရက်မှာလ၊ ဆင်းတက်ရတယ်တဲ့ ဆင်းတက်ရတယ်။

၁၇။ ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာ ငါငါထပ်ကဲ၊ ငါအသွင်စွဲပါလို့၊ ငါအမြဲ မကွာ၊ အတ္တအငုတ်၊ ငါအစွဲပြုတ်ရအောင်၊ နှုတ်ကြပါတဲ့မှ

http://www.dhammadownload.com



နှုတ်ကြပါ---။

၁၈။ မနုဿတ္တ ဒုလ္လဘာ၊ ကြုံရတဲ့ခါ၊ သာသနာအတွင်း၊ အမှောင်ကို ခွင်းပါလို့၊ လင်းရမည့်အချိန်၊ အဝိဇ္ဇာမှေး၊ ပိတ်ကာလို့ ပေးတာကြောင့်၊ မှေးမှိတ်မှိန်ပါတဲ့မှ မှေးမှိတ်မှိန်---။

၁၉။ အရောင်မထိန်၊ တမှိန်မှိန် အလိမ်ရစ်သန်း၊ ဘေးဘျမ်းတွေတို့၊ လွှမ်းလို့ရယ်ခြုံ၊ စိုးရိမ်ပူဆွေး၊ အိုသေနာဘေးတွေက၊ ထွေးရစ် အုံတဲ့မှ ထွေးရစ်အုံ---။

၂၀။ မှိုင်းလိုရယ်မှုန်၊ ဝိုင်းလို့အုံ တမှုန်မွှားမွှား၊ မှတ်အမှားတွေကြောင့် တရားကိုသွေ၊ စိတ္တေမြတ်ဖျား၊ ရှောင်သွေလို့ ရှားရှာကြ၊ များလှ လေတဲ့မှ များလှလေ---။

အဲဒီတော့ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရား "သေခြင်းဆိုး" ဆိုတာနဲ့ ပတ်သက်လို့ အဲဒီလို ပြောဘူးတယ်။ စာအုပ် တစ်အုပ်ထဲမှာ ဆရာတော်ဘုရားရဲ့ မှတ်တမ်းတွေ့တယ်။ အဲဒီတော့ သေခြင်းထက် ဆိုးတာတော့ ဘာမှမရှိဘူး။ သေခြင်းဒုက္ခလောက် ကြီးတဲ့ဒုက္ခမရှိဘူး။ ပြဿနာတွေထဲမှာ သေတဲ့ပြဿနာလောက် ဆိုးတာ ရှိပါ့မလား။ မရှိပါဘုရား။

အိုတဲ့ပြဿနာက နေသာသေးတယ်။ အချို့ဒကာမကြီးတွေ (၇၀)၊ ဘုန်းကြီးတို့လဲ (၆၀)ကျော်ပါပြီ။ ဒါ အိုတဲ့ပြဿနာ နည်းနည်းတော့ နေသာသေးတယ်။ နေသာတာရှိတာပဲ။ သို့သော် နာတဲ့ပြဿနာ ဆိုရင်တော့ သူ့ကျတော့ တော်တော်ခက်သွားပြီ။ သေတဲ့ပြဿနာ ကတော့ မပြောနဲ့တော့ အခက်ဆုံးပေါ့။ သို့သော်လဲပဲ တရားသိတဲ့ အရိယာအရှင်မြတ်ကြီးများကတော့-

**နာဘိနန္ဒာမိ မရဏံ၊ နာဘိ နန္ဒာမိ ဇီဝိတံ၊**
**ကာလဉ္စပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကောယထာ။**

http://www.dhammadownload.com



အနာဂါမ်တွေ၊ ရဟန္တာအရှင်မြတ်ကြီးတွေကတော့ သေမှာ မကြောက်တော့ပါဘူး။ မကြောက်တဲ့ပုဂ္ဂိုလ်က အနာဂါမ်၊ ရဟန္တာ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ။ ဒါကြောင့် အသက်ရှင်နေတာကိုလဲ မမြတ်နိုးပါဘူး။ သေတာကိုလဲ မမြတ်နိုးပါဘူးတဲ့။ ဒါပေမယ့် လခစားများဟာ လကုန်ရင် လခထုတ်ဖို့ရာ မျှော်လင့်သလိုပဲတဲ့။ သေရမယ့်အချိန်လေးကိုတော့ မျှော်လင့်တယ်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဒီလိုမိန့်ခဲ့တယ်။ အဲဒီတော့ ဘုန်းကြီးတို့တတွေ မသေချင်ရင် မမေ့နဲ့ ဒါပဲပြောရမယ်။ သေတာကတော့ သေမှာပဲ။ ဒါကြောင့် ဒီကနေ မန္တလေးသွား မော်တော်ကားနဲ့သွား။ တောင်ငူတို့ ပျဉ်းမနားတို့ရောက်။ မြို့အဝင်က စပြီးတော့ ကြည့်မိတယ်၊ လေ့လာမိတယ်။ မြို့ဝင်တိုင်း မြို့ဝင်တိုင်း သင်္ချိုင်းအုတ်ဂူတွေ တွေ့တာချည်းပဲ။ အုတ်ဂူမတွေ့တဲ့ သင်္ချိုင်းမရှိတဲ့ မြို့ရွာရယ်လို့ မရှိဘူး။ မြို့ကြီးရင် ကြီးတဲ့အလျောက်။ ဟိုအမေရိကတို့မှာဆိုရင် မြို့တစ်မြို့ရှိတယ်။ လူဦးရေက လူနေက (၂၀၀၀၀)လောက်ရှိတယ်။ သင်္ချိုင်းဂူက တစ်သိန်းကျော် တယ်နော်။ ဟ- ဘယ်နှယ့်ဟာတုန်းဆိုတော့ ဗီယက်နမ်စစ်ပွဲတုန်းက ဟိုမှာသေတဲ့လူတွေရဲ့ အရိုးတွေယူပြီး ဒီမှာ အရိုးဂူလုပ်ထားတာတဲ့။ ဒါကြောင့် ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင် ခန္ဓာအိမ် အိမ်သုံးလုံးနဲ့ ကမ္ဘာ့လူထုကြီးနေရတာ။ အိမ်တွေအားလုံးဟာ အိမ်ဆောက်ပြီးရင် ပြိုတာပဲ။ မပြိုတဲ့အိမ်ရယ်လို့ မရှိဘူး။ မြန်မြန်ပြိုတာနဲ့ ဖြည်းဖြည်းပြိုတာပဲ ကွာတယ်။

မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်ထဲမှာ အင်္ဂလန်ထီပေါက်လို့ ဦးကျော်ဆိုတဲ့ ဒကာက သံတိုင်တွေ သံရင်းမတွေနဲ့ ဆောက်ထားတယ်။ ခေါ်တာကိုက သံကျောင်းလို့ ခေါ်တယ်။ သံကျောင်းပေါ့။ သံနဲ့ဆောက်ထားတဲ့ကျောင်း၊ အခုမရှိဘူး။ ကမ္ဘာစစ်ဖြစ်တဲ့အခါ ပါသွားတယ်။ အဲဒီတော့ သံတိုင်တွေနဲ့ ဆောက်ထားတဲ့အိမ်လဲပဲ တစ်နေ့တစ်ချိန်ကျတော့ ပြိုလဲသွားတာပဲ။ ငါးပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်နဲ့ အကြိမ်ကြိမ်ဆောက်ပြီး

http://www.dhammadownload.com



ခန္ဓာအိမ်တွေ အကြိမ်ကြိမ်ဆောက်၊ တစ်အိမ်ဆောက်လိုက် ပြန်ပြိုသွားပြန်။ တစ်ခါ ထပ်ဆောက်လိုက် ပြန်ပြိုသွားပြန်။ သံဝေဂရစရာတွေဟာ ကြည့်တတ်ရင် သံဝေဂဆိုတာ ထိတ်လန့်ဖွယ်၊ ဉာဏ်နဲ့ယှဉ်ပြီးတော့ ထိတ်လန့်တာ။ ဘုန်းကြီးတို့ရွာဆီ ရောက်သွားတယ်။ မွေးဖွားတဲ့ အရပ်ဒေသဆီ ရောက်သွားတယ်။

ကျောင်းလာပြီးတော့ ဆွမ်းပို့ကြတယ်။ ရှေးအခါတုန်းကလိုပဲ။ ဘုန်းကြီးတို့ရဲ့ သာမဏေဘဝက ဥပဇ္ဈာယ်ဆရာတော်ကြီး ရှိစဉ်တုန်းကလိုပ ဆွမ်းပို့ကြ၊ လာကြ၊ သွားကြ။ ကျောင်းသားဘဝတုန်းက လူတွေတော် တော်များများ မှတ်မိတယ်ပေါ့လေ။ ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဆရာတော်ကြီးထံမှာ သီလယူကြ၊ တရားနာကြ၊ အဲဒီလူတွေဟာ တစ်ရာ၊ ကိုးဆယ်လောက်ရှိ၊ မေးကြည့်လိုက်တော့ နှစ်ဦးလောက်ပဲကျန်တယ် နော်။ ဒါက သက်ရှိတွေ သက်ရှိတွေ။ သက်မဲ့တွေကျတော့ ဘုန်းကြီးတို့ရွာရဲ့ မြောက်ဘက်က ကျောက်လှေခါး၊ ကုန်းသာနဲ့ (၂)မိုင်လောက် သွားရတယ်။ ကြားထဲမှာ ဘုန်းကြီးတို့ ကလေးဘဝတုန်းက ဆော့ကစားနေတဲ့ နတ်စင်ကုန်းကြီးတွေရှိတယ်။ မြောင်းစင်းနတ်စင်ကုန်း၊ ဗြုလယ်နတ်စင်ကုန်းတို့ ဒီဘက်က ဖိုးတန်းတင်နတ်စင်ကုန်းတို့ အဲဒါ သစ်ပင်ကြီးတွေ (၅၀)(၆၀)နဲ့ အုံ့အုံ့ဆိုင်းဆိုင်းကြီးတွေပဲ။

သက်မဲ့ဖြစ်တဲ့ အဲဒီနတ်စင်ကုန်းကြီးတွေ သစ်ပင်အုံ့အုံ့ဆိုင်းဆိုင်းကြီးတွေဟာလဲ မရှိတော့ဘူး။ ဗြုလယ်နတ်စင်ကုန်းဆိုတာ အရိပ်တွေ အင်မတန်ကောင်းတယ်။ အဲဒါတွေလဲ ဘာမှမရှိတော့ဘူး။ မြောင်းစင်းနတ်စင်ဆိုတာလဲ မရှိတော့ဘူး။ သြော်- နှစ် (၅၀)အတွင်း ပြောင်းလဲသွားတာပါလား။ သက်မဲ့တွေလဲ ပျောက်သွားကုန်ပြီ။ သက်ရှိလောက ပုဂ္ဂိုလ်တွေကတော့ ပိုပြီးထင်ရှားတယ်။ ဒီလိုပဲ ပျောက်၊ ပျောက်၊ ပျောက်၊ ပျောက်ပြီးတော့သွားတယ်။ အဲဒီတော့ မမေ့နဲ့တဲ့ မြတ်စွာဘုရား က မေ့ရင်သေမယ်။ ဒါပဲ မေ့ရင်တော့ သေကြမှာပဲ။ အရိယာဖြစ်လို့ ရဟန္တာအရှင်မြတ်ကြီးတွေဖြစ်ပြီး အခါကျမှသာ အသေရပ်သွားတာကိုး။

http://www.dhammadownload.com



သို့သော် ဒါတောင်မှ လက်ရှိဘဝ၊ မစ္စမှာရဲ့ သေမင်းမာရ်ကို မအောင်ဘူး။ နောင်အနာဂါတ်ဘဝသစ်တွေ မဖြစ်လို့ အောင်တယ်လို့ ပြောရတယ်။ ဒါကြောင့် ရဟန္တာအရှင်မြတ်ကြီးတွေ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တ zþ Ö P £M Nyþ Hw mh]**ခီဏာဇာတိ**”၊ ဇာတိ= ဘဝအသစ် ပဋိသန္ဓေသည်၊ ခီဏာ= ကုန်ပြီ။

ဟော- ဆင်ခြင်တော်မူကြတယ်။ ဇာတိ= ဘဝအသစ်ဖြစ်ခြင်း ပဋိသန္ဓေသည်၊ ခီဏာ= ကုန်ပြီ။ ထပ်ပြီးတော့ အိမ်မဆောက် တော့ဘူး။ အိမ်ရဲ့အချဉ်၊ ယနယ်တွေ၊ ထုတ်ယောက်၊ ဒိုင်း၊ မျှားတွေ အကုန်လုံး ဖျက်ဆီးထားခဲ့ပြီ။ အဲဒီတော့ မမေ့နဲ့။ မေ့ရင် သေမယ်။

## တရားနဲ့နေနည်း

မမေ့နဲ့ဆိုတော့ ဘယ်လိုနေကြရမလဲဆိုတော့ တရားနဲ့နေရမှာပဲ။ အဲဒါကြောင့်-

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဥ္စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။**

နေ့ရော ညရော ဘုရားဂုဏ်တော်ပွားပြီးတော့နေမယ်ဆိုရင် အမြဲမပြတ် နိုးကြားပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေလို့ ပြောနိုင်တယ်။ အဲဒီလို နိုးကြီးနေလို့ရှိရင် ဒါမမေ့မလျော့နေတာပဲ။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဥ္စ၊ နိစ္စံ ဓမ္မဂတာသတိ။**

တရားဂုဏ်တော် တရားတော်တွေကို အာရုံပြုပြီးတော့ ပုတီးစိတ် ပြီးပွားများနေလို့ရှိရင် အမြဲတမ်းနိုးကြားနေတာပဲ။ ကောင်းသော နိုးကြား ခြင်းပဲ။ ဒါမမေ့မလျော့နေခြင်းပဲ။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဥ္စ၊ နိစ္စံ သံဃဂတာသတိ။**

http://www.dhammadownload.com



သံယောဇဉ်တွေ ပွားများပြီးတော့နေမယ်။ ပုတီးစိတ်နေမယ် ဆိုရင်လဲ ဒါမမေ့မလျော့နေခြင်းပဲ။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဉ္စ၊ နိစ္စံ ကာယဂတာသတိ။**

အမြဲတမ်း ဆံပင်စသည်၌ဖြစ်တဲ့ ကာယဂတာသတိကို ပွားများနေလို့ရှိရင်လဲ ဒါအမြဲတမ်း နိုးကြားနေတယ်။ ထွက်လေ ဝင်လေ ရှုမှတ်ခြင်း အစရှိတဲ့ တရားနဲ့နေလို့ရှိရင်လဲ နိုးကြားနေတယ်။ မမေ့ပဲနဲ့ နေတယ်လို့ ဒီလို ပြောနိုင်တယ်။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဉ္စ၊ အဟိံသာယ ရတော မနော။**

သတ္တဝါတွေအပေါ် ညှင်းပန်းလိုတဲ့စိတ်တွေ ပယ်ဖျောက်ပြီးတော့ မညှင်းပန်းလိုတဲ့စိတ်၊ မေတ္တာပွားပြီးတော့နေမယ်ဆိုရင်လဲ ဒါနိုးကြားပြီးတော့နေတယ်။ မမေ့မလျော့နေတယ်လို့ ပြောရမယ်။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါစရတ္တိဉ္စ၊ ဘာဝနာယရတောမနော။**

သမထဘာဝနာ ဝိပဿနာဘာဝနာ မွေ့လျော်ပျော်ပိုက်တဲ့ စိတ်ရှိလို့ရှိရင် ဒီလူဟာလဲ အမြဲတမ်းနိုးကြားနေတယ်။ သူဟာ မမေ့မလျော့နေတဲ့ပုဂ္ဂိုလ်ပဲ။ ဒါဖြင့် မေ့လျော့တယ်ဆိုတာ ဘယ်လိုလဲ။ မမေ့မလျော့တယ်ဆိုတာ ဘယ်လိုလဲ။ မေ့လျော့တယ်ဆိုတာ အာရုံငါးပါးတွေလိုက်စားပြီး ဒုစရိုက်တရားတွေနဲ့ ပျော်ပြီးနေရင် ဒါမေ့လျော့တယ်။ ကုသိုလ်ကိစ္စကျတော့ ရှောင်ဖယ်ဖယ်ဖြစ်ပြီးတော့ နေတယ်။ ဒါမေ့လျော့တာ။ မမေ့မလျော့ ဆိုတာကတော့ ကုသိုလ်တရားတွေကို စောစောကပြောတဲ့အတိုင်း အာရုံငါးပါး ရှောင်ရှားပြီး ဒုစရိုက်တရားတွေ ရှောင်ရှားလို့ ကုသိုလ်တရားနဲ့ချည်းနေလို့ရှိရင် ဒါမမေ့မလျော့နေတယ်လို့ ဒီလိုပြောရမှာပဲ။

http://www.dhammadownload.com



လူ့ဘဝမှာ ဒီတရားတွေနဲ့ချည်း နေနိုင်မလားလို့ ဆိုတဲ့အခါ ကျတော့ ဒီလိုတော့လဲ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို မိန့်သလို **"ကာလေန ကာလံ"** ရံခါရံခါမျှား တရားအားထုတ်လို့ရတဲ့ ပီတိရရှိပြီး တော့နေရရင် ကောင်းမှာပဲ။ ဒါအမြဲတမ်း စိတ်ကူးရမယ်။ လူ့ဘဝမှာ အမြဲတမ်းစိတ်ကူးရမယ်။ ရံခါရံခါ ဘယ်တော့မျှား ဒီတရားနဲ့နေနိုင်မလဲ။ ဘယ်သောအခါမျှား တရားနဲ့ နေနိုင်မလဲဆိုတဲ့ စိတ်ကလေးတော့ အမြဲထားရမယ်လို့ ဆိုပါတယ်။ အဲဒီ စိတ်ကလေးထားနိုင်ရင်လဲ ဒါမမေ့မလျော့ ဖြစ်ပြီးတော့နေတယ်။

အဲဒီတော့ **"ပမာဒနဲ့ အပမာဒ"** မေ့လျော့မှုနဲ့ မမေ့မလျော့မှု။ ဒါထိုက်တန်သလောက် သဘောပေါက်သွားကြပြီ။ မေ့လျော့ပြီးနေမယ် ဆိုရင်တော့ ဒါစောစောကပြောတဲ့အတိုင်း မေ့လျော့နေမယ်ဆိုရင် သေလက်စမသိမ်းပါဘူး။ မမေ့မလျော့နေမှ သေလက်စသိမ်းမယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် တရားမြင်မှ ဘုရားမြင်မယ်။ တရား မမြင်ရင် ဘုရားမမြင်ဘူး။ အဲဒီတော့ အားလုံး ယောဂီသူတော်စင်များ အခုတရားဘာဝနာများ အားထုတ်ပြီး လာကြတဲ့အခါ **"ပရမတ္ထသစ္စာနဲ့ သမ္မုတိသစ္စာ"**လို့ (၂)မျိုးရှိတာထဲက ပရမတ္ထသစ္စာကို မြင်ကြရမှာပါ။ လောကသားတွေ ပြောရိုးဆိုစဉ် သမ္မုတိစကားကို အချိန်မရွေး ပြောကြား နေကြပါတယ်။ ပရမတ်စကားကိုတော့ ဗုဒ္ဓပွင့်လာမှ ပြောရ ကြားရပါ တယ်။

**သမ္မုတိသစ္စာ လောကစကားများကို ဟောတော်မူရခြင်းရဲ့ ရည်ရွယ်ချက် (၈)မျိုး**

သမ္မုတိသစ္စာ ချို့ယွင်းလို့ရှိရင်တော့ မုသားဖြစ်တတ်တယ်။ သမ္မုတိသစ္စာဆိုတာက အမေ၊ အကို၊ ညီ၊ လူ၊ နတ်၊ ခွေး၊ ဝက် အစရှိတာတွေ သမ္မုတိသစ္စာ။ အဲဒီ သမုတိသစ္စာထဲမှာ အကို့ကို ညီလို့ သွားခေါ်မယ်။ အဖေကို အမေလို့ ဒီလိုသွားပြောရင်တော့ သမ္မုတိသစ္စာ ပညတ်နယ်ပယ်က အမှန်တစ်မျိုး ပျက်သွားပြီမို့ မုသားဖြစ်တယ်။ အဲဒါလဲ

65(A)

http://www.dhammadownload.com



လောကက ပြောနေဆိုနေကြတာ အမှန်ဖြစ်တဲ့အတွက် ဒါကိုသွားပြီးတော့ ချို့ယွင်းဖောက်ပြန်မှု ပြုလိုက်ရင် မုသားဖြစ်တတ်တယ်။ သမ္မုတိသစ္စာ လူ၊ နတ် စတဲ့ အသုံးအနှုန်းနဲ့ ပညတ်ကို ဘုရားဟောတော်မူတယ်။ ရည်ရွယ်ချက် (၈)မျိုးနဲ့ ဟောခဲ့တာ။ အဲဒီရှစ်မျိုးက ဘာလဲဆိုတော့ အရှက်အကြောက်တရား ထွန်းကားရန်၊ ကမ္မဿကတဉာဏ် တိုးပွားရန်၊ အသီးသီး ယောက်ျားအာဇာနည်တို့၏ စွမ်းအားပြရန်၊ ကံကြီးငါးပါးပြရန်၊ ဗြဟ္မဝိဟာရ တရားပြသရန်၊ ပုဗ္ဗေနိဝါသဉာဏ်ပြရန်၊ အလှူသန့်ရှင်းမှုပြရန်၊ လောကအသိအမှတ်ပြု အသုံးအနှုန်းမှ မယုတ်လျော့စေရန်တို့ ဖြစ်ပါတယ်။ ပရမတ္ထသစ္စာပျက်လျှင် ဒိဋ္ဌိဖြစ်တတ်တယ်။ ပရမတ္ထသစ္စာဆိုတာ ရုပ်တရား၊ နာမ်တရားတွေ၊ သတိပဋ္ဌာန်လေးပါး စသည် ပရမတ္ထသစ္စာတွေ။

အဲဒီ ပရမတ္ထသစ္စာတွေကို ငါပဲ၊ သူပဲလို့ ထင်လို့ရှိရင် ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်တတ်တယ်။ အခုတရားအားထုတ်တာဟာ သက္ကာယဒိဋ္ဌိ ပရမတ္ထသစ္စာ မပျက်အောင်လို့ အားထုတ်ကြရတာ။ ဒီပရမတ္ထ မပျက်အောင် အားထုတ်တဲ့နေရာမှာ ဟော- မြင့်မိုရ်တောင်ကြီးကို မှုန့်မှုန့်ညက်ညက်ကျေအောင် ချေရတာလွယ်တယ်။ ပင်လယ်ရေကို ခမ်းအောင်လုပ်ရတာလွယ်တယ်။ ဒီရုပ်တရား နာမ်တရားတွေကို ငါ၊ ငါ့ဥစ္စာ မဟုတ်ပါဘူးလို့ သက္ကာယဒိဋ္ဌိကို ဖြိုရတာ၊ ပယ်ရတာက ပိုခက်တယ်။ ဒါကြောင့် သက္ကာယထင်ရှားရှိတဲ့ ရုပ်တရား နာမ်တရားတွေကို သက္ကာယထင်ရှားရှိတဲ့ ရုပ်တရား နာမ်အပေါင်းကို အမြင်မမှားဖို့ရာအတွက် တရားအားထုတ်ကြတာပါပဲ။

ထိုက်တန်သလောက်လဲ တရားအားထုတ်လို့ မိမိသန္တာန်မှာ လှုပ်ရှားဝါယောတို့ တွန်းကန်ဝါယောတို့ ပြီးတော့ ပူတဲ့တေဇော၊ အေးတဲ့တေဇောတို့ နောက်ဖွဲ့စည်းအာပေါ၊ ယိုစီးအာပေါတို့ ခက်မာတဲ့ ပထဝီ၊ နူးညံ့တဲ့ပထဝီ စသည် ထိုက်သလောက်ရိပ်မိကြပြီ။ အကဲခတ်မိပြီ။ ရိပ်မိတာလေး မပျောက်အောင် ထိန်းထားဖို့လိုတယ်။ ရိပ်မိတာလေး

65(B)

http://www.dhammadownload.com



မထိန်းနိုင်လို့ရှိရင် ရိပ်တော့ရိပ်မိတယ်။ ရိပ်ခနဲ ရိပ်ခနဲ ပျောက်သွားမှာ စိုးရတယ်။ အဲဒီတော့ ဒါလေးက မိမိတို့အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ ပုဂ္ဂိုလ်များလဲပဲ သူ့အချိန် အခါလေးနဲ့သူ မိမိတို့ ဆိတ်ငြိမ်ရာ အရပ်လေးရတဲ့အခါ ဆက်လက်ပြီးတော့ ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းစကား ပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့ ဒီနေ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ကဲ အမျှဝေ အမျှယူကြဦးစို့။

အရှင်ဘုရား တပည့်တော်တို့သည် မြန်မာ့နှစ်ဆန်း (၁)ရက်နေ့၌ အသိအလိမ္မာ ဉာဏ်ပညာနှင့် ဘုန်းကံတန်ခိုး၊ ကျက်သရေ အမျိုးမျိုးတို့ ပွားတိုးပါစေရန်အကျိုးငှာလည်းကောင်း၊ ရွှေငွေပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတို့နှင့် အလားတူသော သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပဟု (၇)လီဥစ္စာ ရတနာသာရ မြတ်ခနတို့နှင့် ပြည့်စုံ နိုင်ရန် ကြွယ်ဝချမ်းသာနိုင်ရန် အကျိုးငှါလည်းကောင်း၊ မွန်မြတ်သော သမထဝိပဿနာ စိတ်ကောင်းစိတ်မြတ်တို့၏ အခြံအရံ အသိုင်းအဝိုင်း အကူအညီ အထောက်အပံ့ ဖြစ်ပါစေရန်အကျိုးငှါလည်းကောင်း၊ အာသဝက္ခယဉာဏ်ခေါ် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်ပါရန် အကျိုးငှါလည်း ကောင်း၊ ယနေ့ မြန်မာနှစ်ဆန်း (၁)ရက်နေ့၌ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ် အမျိုးမျိုးတို့ကို ပြုစုမယုတ် အားထုတ်ကြိုးစားခဲ့ပါ၏။

ပြုသမျှကုသိုလ် အဖို့အစုကို အမိအဘ အဘိုးအဘွား အစထား၍ ဤကျောင်းကန်တိုက်တာ အရံအတွင်း၌ နေထိုင်ကြသော ပုဂ္ဂိုလ်များကို အစထား၍ သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေ ပါ၏။ (၃၁)ဘုံရှိ အရိယာသမ္မုတိ ရှိရှိသမျှ သူတော်စင်အပေါင်း သူမြတ်လောင်းတို့နှင့် မိဘဘိုးဘွား၊ ဆရာတော်၊ သံဃာတော်၊ လူကြီးသူကြီး မင်းစိုးရာဇာ နတ်ဒေဝါတို့က ပို့သအပ်သော မေတ္တာ၊

http://www.dhammadownload.com



ပေးဝေသော ကုသိုလ်အဖို့အစုကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ လက်ခံရယူပါ၏။

အကျွန်ုပ်တို့၏ မြန်မာနှစ်ဆန်း(၁)ရက်နေ့၌ ပြုသမျှကုသိုလ် ရှေးရှေးကပြုသမျှကုသိုလ် အဖို့အစုကို မကြားမသိ မရှိကြပါစေနှင့်။ ကြားကြ သိကြပါစေ။ ကြားရသိရ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြပါစေ။ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြ၍ ကိုယ်စီကိုယ်ငှ ချမ်းသာသုခ ရရှိအေးမြကြပါစေ။

(အားလုံး ကြားကြားသမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)[၃]

(သာဓု - သာဓု - သာဓု)[၃]

http://www.dhammadownload.com



ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေကလေးဝတောရကျောင်းစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ–ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တဇာဂရာဘိဝံသ

### ၁၃၆၄ ခု၊ နှောင်းတန်ခူးလဆန်း (၁၄)ရက်
### (၁၅–၄–၂၀၀၃)အင်္ဂါနေ့ နံနက် (၈)နာရီအချိန်
### နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရ
### သင်္ကြန်အခါ စတုတ္ထအကြိမ် အထူးကျင်းပသော
### လယ်တီဝိပဿနာ ဝိပဿနာဘာဝနာ ကူးပြောင်းသည့်
### အခမ်းအနား

မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရစာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်ရဲ့ အေးမြသော မေတ္တာရိပ်ကို ခိုလှုံလျက် လယ်တီဝိပဿနာ သင်္ကြန်အခါ အထူးတရားစခန်းတွင် သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ ကူးပြောင်းသည့် အစီအစဉ်ကို လျှောက်ထားရန် တပည့်တော် ဓမ္မာစရိယ မောင်သန်းခင်အား ခွင့်ပြုတော်မူပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်

http://www.dhammadownload.com



## ၁။ နံပါတ်(၁) အစီအစဉ်အရ

နမောတဿ (၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားဖွင့်လှစ်ပေးတော်မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

## ၂။ နံပါတ်(၂) အစီအစဉ်အရ

တစ်သောင်းသောစကြာဝဠာတိုက်မှ နတ်ပြဟ္မာအပေါင်းတို့အားပင့်ဖိတ်ရန်ဖြစ်ပါသည်။ ဒီအစီအစဉ်ကို လယ်တီကမ္မဋ္ဌာနာစရိယသာသနဓဇ ဓမ္မာစရိယ ဆရာဦးသန်းခင်က ဆောင်ရွက်ပေးပါရန်ပန်ကြားပါသည်။

## ၃။ နံပါတ်(၃) အစီအစဉ်အရ

ရတနာတော်မြတ်သုံးပါးနှင့်တကွ အနန္တောအနန္တငါးပါးတို့အားရှိခိုးပါ။ မေတ္တာပို့သ အမျှပေးဝေတော်မူကြပါ။

## ၄။ နံပါတ်(၄) အစီအစဉ်အရ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားထံမှ (၈)ပါးသီလ ခံယူကြဖို့ဖြစ်ပါတယ်။

## ၅။ နံပါတ်(၅) အစီအစဉ်အရ

နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်အရှင်မြတ်က ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် ကောက်နုတ်ချက်များကို ဟောပြောပေးမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဆရာတော်ဘုရား ဘုရားတပည့်တော်တို့အား သနားသော အားဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဘ၀ဖြစ်စဉ် များမှ မှတ်သားဖွယ်ကောင်းနိုးရာရာများကို ကောက်နုတ်၍ ဟောကြား ပေးပါမည့်အကြောင်း ခြေတော်အစုံဦးခိုက်၍ ရိုသေစွာလျှောက်ထား ပါသည်ဘုရား။

ယနေ့ ယောဂီသူတော်စင်များ အားထုတ်ပြီးဖြစ်တဲ့ သမထ ကမ္မဋ္ဌာန်း၊ အားထုတ်ဆဲလို့လဲပြောလို့ရတဲ့ သမထကမ္မဋ္ဌာန်း၊ ရှေ့ကို တစ်လှမ်းတက်ပြီးတော့ အသိထူး ဉာဏ်ထူးဖြစ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်း။ အဲဒီလို တရားတွေကို ယနေ့ အားထုတ်ခွင့်ရတယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၉၂)နှစ်က ပွင့်တော်မူခဲ့တဲ့ သုံးလောကထွဋ်ထား မြတ်ဘုရားကြီးကို အစိကထား မှီငြမ်းပြုပြီးတော့ တစ်ဆင့် ဖောက်သယ် ချတဲ့ အနေအားဖြင့် ကမ္မဋ္ဌာနာစရိယများက ဟောကြ ပြောကြ ပြကြလို့ အားထုတ်ခွင့်ရကြတယ်။ အဲဒီ သုံးလောကထွဋ်ထား မြတ်ဘုရားကြီးရဲ့ မိန့်မှာချက်စကားတော်ဟာ မာဂဓပါဠိဘာသာနဲ့ရှိခဲ့ပါတယ်။

အဲဒီ ပါဠိဘာသာတွေကို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေရော များသောအားဖြင့် ရဟန်းတော်တွေပါ ဘာသာပြန်ဖို့ ဒီစကားတွေရဲ့ အဓိပ္ပါယ်ကို သိဖို့ခက်ခဲတယ်။ အထူးထူးသော နည်းတို့နဲ့ သိမ်မွေ့ခက်ခဲ နက်နဲလှပါတယ်။ ခြေတိုယုန်ငယ် ပင်လယ်ကူးရသလို ဖြစ်နေကြပါတယ်။ အဲဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ထူးထူးခြားခြား သာသနာ့တမန်မွန်ကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာပြန်ကျမ်းစာတွေက သိပ်မရှိသေးဘူး။ ဆရာတော်ဘုရားကြီးက ဒီတရားအားထုတ် နည်းတွေကို မြန်မာစကားနဲ့ မြန်မာစကားပြေနဲ့ ဟောလို့ ပြောလို့ တိုင်းပြည်အတွင်းမှာ ဖြန့်ဝေခဲ့တယ်။ ဆရာတော်ဘုရားကြီး အရင် စောစောက ဒီမြန်မာဘာသာနဲ့ ဒကာ၊ ဒကာမတတွေ တရားအားထုတ် တတ်အောင် ဟောတယ်၊ ပြောတယ်လို့ သာသနာ့သမိုင်းမှာ မတွေ့ရဘူး။

http://www.dhammadownload.com



ရှေးရှေးဆရာတော်ဘုရားကြီးတွေဟာ တောထွက်တရား အားထုတ်တော်မူကြတာ တွေ့ရပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးဟာ စပြီးမွေးဖွားလာကထဲက ထူးခြားတယ်။ ဘုန်းကြီးတို့ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့၊ စိုင်ပြင်ကြီးရွာမှာ ဆရာတော်ဘုရားကြီး မွေးဖွားတော့ မွေးဖွားအချိန်မှာ စို့တံတိုင်းကြီး ပေါက်လာပြီးတော့ ပေါက်တာကလဲ ဘယ်မှာပေါက်လဲ ဆိုတော့ အိမ်ခေါင်မိုးမှာ။ ဆရာတော်ဘုရားကြီး မွေးဖွားတော်မူတဲ့ အိမ်ခေါင်မိုးက နေပြီးတော့ စို့တံတိုင်းကြီး ပေါက်ပြီးတော့ အပေါ်တက်သွားတယ်။ မွေးဖွားကထဲကိုက အင်မတန်ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီး။ အဲဒါကို အစွဲပြုပြီးတော့ မောက်တက်ခေါင်လို့ နာမည်မှည့်ကြတယ်။ မွေးသက္ကရာဇ် က ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့ ဖြစ်တယ်။ ခမည်းတော်က ဦးထွန်းသာ၊ မယ်တော်က ဒေါ်ကြုံးတို့ ဖြစ်ကြတယ်။

မောင်တက်ခေါင် ဆယ်နှစ်သားအရွယ်မှာ ကျောင်းမကျောင်း ဆရာတော် ဦးနန္ဒထံ ပညာသင်ကြားဖို့ အပ်နှံခဲ့တယ်။ အသက် (၁၅)နှစ်သားအရွယ်မှာ ရှင်သာမဏေပြုခဲ့ရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇလို့ မှည့်ခဲ့ပါတယ်။ သက္ကရာဇ် ၁၂၂၈ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်နေ့မှာ ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြုပြီး စိုင်ပြင်ကြီးရွာ၊ ကျောင်းမကျောင်း ခဏ္ဍသိမ်မှာ မြင့်မြတ်တဲ့ ရဟန်းဖြစ်ခဲ့ပါတယ်။ အရှင်ဉာဏဓဇဟာ ဆရာတော်ဦးနန္ဒထံတော်ပါးမှာပဲ နေ့ဝါ ညဝါ သင်ရိုးကုန်အောင် သင်ယူခဲ့ပါတယ်။ စိုင်ပြင်ကြီးကနေ မန္တလေးသွား စာသင်တယ်လို့ ဆိုတော့ ရှင်သာမဏေလေးဘဝထဲက (၁၅)နှစ်သား၊ (၁၆)နှစ်သား။ အဲဒီအချိန်အခါမှာ စာသင်ဖို့ မန္တလေးနေပြည်တော်ကိုသွားတော့ ဆရာတော်ဘုရားကြီးလောင်းလျာ ရှင်သာမဏ ဉာဏဓဇဟာ ခြေကျင်သွားတယ်။

http://www.dhammadownload.com



ဘာပြုလို့ ခြေလျင်သွားသလဲလို့ဆိုတော့ မုံရွာမှာ ဘယ်စာကြည့်တိုက်မှာ၊ ဘယ်ပိဋကတ်တိုက်မှာ ပေစာတွေစုံတယ်။ စာအုပ်တော့ မရှိသေးဘူး။ ပေစာတွေ၊ အဲဒီ ပေစာတွေကို ရှာပြီးတော့ ရှင်ဉာဏဓဇက ဖတ်တယ်။ အဲဒီမတိုင်မီ (၁၅)နှစ်သား အရွယ်က ရေးသားထားတဲ့ "ကျေးစေရတု"တဲ့။ မဟော်သဓာကျေးစေရတုကို ရှင်ဉာဏဓဇက (၁၅)နှစ်သားက ရေးခဲ့တယ်။ မုံရွာကနေပြီး ခင်မွန်ပိဋကတ်တိုက်၊ ချောင်းဦးတို့ လမ်းမှာပေစာရှိတဲ့ ကျောင်းတိုက်တွေ ဝင်ပြီး စာတွေ ဖတ်ရင်း ဖတ်ရင်းနဲ့ မန္တလေး(ရတနာပုံ)သို့ ရောက်တယ်။ မန္တလေး (ရတနာပုံ) ရောက်တဲ့အခါ ရတနာပုံနေပြည်တော် မြောက်ပြင်မင်္ဂလာစံ ကျောင်းတိုက်မှာ ပညာဆက်သင်ပါတယ်။

စံကျောင်းတိုက် **"သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မ ရာဓိရာဇဂုရု"**ဘွဲ့တံဆိပ်တော်ရ ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးထံ၌ ဝိနည်းပါဠိတော်၊ အဋ္ဌကထာများနှင့် အဘိဓမ္မာအဋ္ဌကထာ (၃)ကျမ်းတို့ကို သင်ယူတော်မူပါတယ်။ အဲဒီအချိန်တုန်းက ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးက မန္တလေးရတနာပုံနေပြည် တော်မှာ စာချနာမည်အကျော်ကြားဆုံးဖြစ်တယ်။ စာလိုက်သံဃာတော် (၁၀၀၀) ကျော်အထိ ရှိခဲ့တယ်။ မကုဋာရာမ ဆရာတော်ဘုရားကြီးထံမှာလဲ ပညာသင်ယူခဲ့ပါတယ်။ ရှင်ဉာဏဓဇဟာ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ညွှန်ကြားချက်အရ ကဗျာ၊ လင်္ကာ၊ ရတုနှင့် ပရဝါဒ (၅၀၀)၊ သကဝါဒ (၅၀၀)ရှိတဲ့ ကထာဝတ္ထုကျမ်းကို ဇောင်းပေးလေ့လာခဲ့တယ်။ သင်ယူခဲ့ပါတယ်။ မင်းတုန်းမင်းတရားကြီးက ပဉ္စမသင်္ဂါယနာတင်ရန်အတွက် ပထမအဆင့်လုပ်ငန်း အစီအစဉ်အဖြစ် ၁၂၂၂ ခုနှစ်က စတင်ကာ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂ နှစ်မှာ အလုံးစုံပြီးစီးခဲ့ပါတယ်။

အဲဒီလို ကျောက်ထက်အက္ခရာတင်ပြီးတဲ့အခါ ပိဋကတ်တော်များကို ပဉ္စမသင်္ဂါယနာ တင်တော်မူပါတယ်။ သစ်ဆိမ့်တိုက်က ဝိနည်း

http://www.dhammadownload.com



ပိဋကတ်တော်ကို တာဝန်ယူရတယ်။ စလင်းတိုက်က သုတ္တန်ပိဋကတ်တော်ကို တာဝန်ယူရတယ်။ စံကျောင်းတိုက်က အဘိဓမ္မာ ပိဋကတ်တော်ကို တာဝန်ယူရတယ်။ စံကျောင်းတိုက်သား တစ်ပါးဖြစ်တဲ့ ရဟန်းတော် အရှင်ဉာဏဓဇဟာ ရွှေနန်းတော်ကြီးအတွင်း ပြတိုက်တော် ရာဇပလ္လင်ပေါ်၌ ကထာဝတ္ထု ပါဠိတော်ကို ပြန်ဆိုတော်မူခဲ့ပါတယ်။ ကထာဝတ္ထုကျမ်းဆိုတာ သကဝါဒ (ထေရဝါဒ) (၅၀၀)၊ ပရဝါဒ (အခြားဝါဒ) (၅၀၀) ဖြေရှင်းထားတဲ့ ကျမ်းကြီးပါပဲ။ အင်မတန် အာဂုံကျက်ရတာ ခက်ခဲပါတယ်။ ဘုန်းကြီးတို့ ရဟန်း (၁၆)ဝါရက ကထာဝတ္ထုကျမ်းကို အာဂုံဆောင်ခဲ့ဘူးပါတယ်။

အရှင်ဉာဏဓဇ ရဟန်း (၈)ဝါအရမှာ ရတနာပုံရွှေမြို့တော် စံကျောင်းတိုက်ရဲ့ ပဌမစာချအဖြစ် ချီးမြှင့်ခြင်းခံရပါတယ်။ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီးက လေးပြင်လေးရပ်မှာရှိကြတဲ့ ဆရာတော်ကြီးများကို ရည်ရွယ်ပြီးတော့ ပါရမီ(၁၀)ပါးနဲ့ ပတ်သက်ပြီး မေးခွန်းတွေထုတ်တယ်။ အမေးဂါထာတွေ ထုတ်တဲ့အခါ လေးပြင်လေးရပ်မှာရှိတဲ့ စာတော် ပေတော်ဆရာတော်တွေက မဖြေကြားကြပဲနဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားလောင်းလျာ စာချဘုန်းကြီးလေးတစ်ပါးကနေပြီးတော့ ပါရမီနဲ့ ပတ်သက်တဲ့စကားတွေ နက်နဲခက်ခဲတဲ့ သာသနာပိုင်ဆရာတော်ကြီးရဲ့အမေးကို ဖြေပြလိုက်တဲ့အခါ စီစစ်ရေးအဖွဲ့က ဒီလို သေးသေးကွေးကွေး ကိုယ်တော်လေးတွေစီက အဖြေကိုလိုချင်တာ မဟုတ်ဘူးတဲ့။ မေးခွန်း (၂၀)ပါတယ်။ ဒီလို သေးသေးကွေးကွေး စာချဘုန်းကြီးပေါက်စစီက အဖြေလိုချင်တာ မဟုတ်ဘူးတဲ့။ တကယ့် ဒိတ်ဒိတ်ကြဲဆရာတော်ကြီးတွေစီက အဖြေလိုချင်တယ်ဆိုပြီးတော့ လက်မခံဘူးတဲ့။ စီစစ်ရေးအဖွဲ့က မှင်နီတားပြီးတော့ ပြန်ပို့လိုက်တယ်။ အဲဒီ ပါရမီဒီပနီကျမ်းအဖြေကို သာသနာပိုင်ဆရာတော်ရဲ့ မေးခွန်း (၂၀)ကို ဖြေထားတဲ့အဖြေကို ပြန်ပို့တယ်။

http://www.dhammadownload.com



အဲဒီလို ပြန်ပို့လိုက်တဲ့အခါ အရှင်ဉာဏဓဇက **"ဒီထက်ကောင်းအောင် ရေးဦးမယ်"** ဆိုပြီးတော့ ဟိုတစ်ချိန်က ပါဠိ အဋ္ဌကထာစာတွေက ပေစာနဲ့ရှိတာ။ ပြန်ပြီး ဖြေကြားပြီးပို့လိုက်တော့ သာသနာပိုင်ဆရာတော်ဘုရားကြီးကလဲ သဘောကျသွားတယ်။ လေးပြင်လေးရပ်မှာရှိတဲ့ ဆရာတော် သံဃာတော်တွေလဲ သဘောကျကြတယ်။ အဲဒီအချိန်အခါတုန်းက မန္တလေးရတနာပုံ ရွှေမြို့တော်မှာ သံဃာတော် (၁၀၀၀) ရှိတဲ့ ကျောင်းတိုက်က (၁၀)တိုက်ရှိပါတယ်။ အခု နန်းဦးမှာရှိတဲ့ ကျောင်းတိုက်ကြီးတွေ အခုအခါမှာတော့ ကျောင်းတိုက်ဟောင်းကြီးတွေ အဖြစ်နဲ့ ရှိနေပါတယ်။

အင်္ဂလိပ်အစိုးရ အုပ်စိုးကာစ ၁၂၄၈ ခုနှစ်က မုံရွာမြို့အနီးက လယ်တီတောအုပ်ကြီးကို ကျောင်းတိုက်တည်ထောင်ပြီး တပည့်ရဟန်းသာမဏေများကို စာပေပညာ သင်ကြားပို့ချခဲ့ရာကစပြီးတော့ **"လယ်တီဆရာတော်"**ဟု ထင်ရှားကျော်ကြားခဲ့ပါတယ်။

အဲဒီလိုနဲ့ ဆရာတော်ဘုရားကြီးရဲ့ အစွမ်းအစတွေ ထင်ရှားလာပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သီဟိုဠ်ခေတ်က နေပြီး ပုဂံခေတ်ထိအောင် လက်ခံသင်ကြားပြီးတော့နေတဲ့ "ဋီကာကျော်" ကျမ်းဆိုတာ နာမည်ကြီးကျမ်းတစ်စောင်။ သီဟိုဠ်က ရေးတာပါ။ အဲဒီကျမ်းကို ဆရာတော်ဘုရား ငယ်ငယ်စာလိုက်စဉ်အခါထဲက ဒီကျမ်းထဲမှာ အမှားအယွင်းပေါင်း (၁၅၀)ရှိတယ်။ ဒီအချက်တွေ အချိန်ရတဲ့အခါ ကျကျနန သာဓကတွေနဲ့ ပြင်မယ်လို့ ရည်ရွယ်ထားခဲ့တဲ့အတိုင်း ဆရာတော်ဘုရားကြီးက "ပရမတ္ထဒီပနီ ဋီကာ"ဆိုပြီး ပါဠိဘာသာနဲ့ ရေးတယ်။

အဲဒီ ပရမတ္ထဒီပနီဋီကာ အပါအဝင် ပါရမီဒီပနီ ကလေးသူငယ်လေးတွေ ကျက်ဖို့ ဖတ်ဖို့ သင်ပုန်းကြီး "ကကြီးရေ က"ကစပြီး ရေးလိုက်တာ နိဗ္ဗာနမဂ္ဂဒီပနီထိအောင် ရေးလိုက်တာ ကျမ်းပေါင်း (၁၂၀)ကျော်။ ဘုန်းကြီးတို့ မြန်မာနိုင်ငံသာသနာ့သမိုင်းမှာ မိမိအာဘော်နဲ့

http://www.dhammadownload.com



ပါဠိ အဋ္ဌကထာ ဋီကာစာအုပ်ပုံကြီးနဲ့ ခပ်ခွာခွာလေးနေပြီး ရေးသားနိုင်တဲ့ ကျမ်းပြုဆရာတော်ဆိုတာ မပေါ်သေးပါဘူး။ ဒါကြောင့် မိမိတို့ ယောဂီတို့ မှီငြမ်းပြုတဲ့ မှီရာကြီးသည် မှီရာအင်မတန် ကောင်းတယ်။ ကြီးကျယ် မြင့်မားတယ်။ အားရကျေနပ်ဖွယ်ပါပဲ။ ဒါက ပရိယတ္တိအပိုင်းက။ ပဋိပတ္တိအပိုင်း ကြည့်ပြန်တော့လဲပဲ လွန်ခဲ့တဲ့နှစ်လလောက်က (၁၃၆၃ ခု၊ တပို့တွဲလ) ကျိုက်ထီးဆောင်း ဆရာတော်က ဆံတော်တွေကို ဌာပနာ ပြီးတော့ ပြုပြင်စီမံနေတော့ ပင့်တာနဲ့ ထီးတင်ပွဲရောက်သွားတယ်။ ဘီးလင်းမြို့အနီးက ကုသိနာရုံတောင်မှာ လယ်တီဆရာတော်ဘုရား ဝါဆိုဘူးပါတယ်။ အဲဒီမှာရှိတဲ့ ရသေ့တွေကိုလဲ အတ္တအမြင်ပျောက် ပြီးတော့ အနတ္တဉာဏ်ပေါက်အောင် ဆရာတော်ဘုရားကြီး ဟောကြား တော်မူခဲ့တယ်။ ဆရာတော်ဘုရားကြီး သီးတင်းသုံးပြီး အားထုတ်ခဲ့တဲ့ ကျောက်ဂူကြီးလဲ ပေသုံးဆယ်လောက် ရှိပါတယ်။ အဝင်ဝကနေပြီးတော့ ကန်တော့ခဲ့ပါတယ်။ အဲဒီ ကျောက်ဂူလဲ အခုထိ ရှိပါသေးတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး အားထုတ်ခဲ့တဲ့ ဂူတဲ့ အခြားအခြားဆရာတော်တစ်ပါး အားထုတ်တယ်လို့ သမိုင်း မတွေ့ဘူး။ အဲဒီ ကုသိနာရုံတောင်မှာ အရှင်သောဏတို့ အရှင်ဥတ္တရတို့ တစ်နေ့ထဲ ပရိနိဗ္ဗာန်စံတဲ့တောင်ပေါ့။ အဲဒီ တောထဲမှာ ဆရာတော် ဘုရားကြီး ဝါဆိုပြီးတော့ ရသေ့တွေကို အနတ္တဝါဒ အတ္တကင်းစင်ဖို့ဆိုပြီး အဲဒီမှာ သီတင်းသုံးကြတဲ့ ရသေ့ကြီးများကို ဟောကြားခဲ့တဲ့ ရေးသားခဲ့တဲ့ ဒေသနာတော်ဟာ ထင်ရှားပါတယ်။ ဆရာတော်ဘုရားကြီးက "ငါဘို့ ပြုစုတဲ့ကျမ်းတွေက ဘီဒိုစော် မနံဘူး"လို့ မိန့်တော်မူဘူးတယ်။

ကျမ်းစာပြုစုကြတယ်ဆိုတာ အများအားဖြင့်တော့ စာအုပ်ဘီဒို ကြီးနားမှာ နေရတာ။ ကိုယ်ရေးတာလေးများ မှားသွားမလားလို့ ဆိုပြီးတော့ ပါဠိအဋ္ဌကထာ ဋီကာတွေ ပြန်ကြည့်ရတဲ့ ပုဂ္ဂိုလ်တွေချည်း များပါတယ်။ ဘုန်းကြီးလိုပဲ အခြားအခြားပုဂ္ဂိုလ်တွေလဲ ရှိပါတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ဘယ်စာအုပ်ပါမလဲ။

http://www.dhammadownload.com



ဘီဒိုမရှိဘူး။ စာအုပ်မရှိဘူး။ မရှိပဲနဲ့ အဲဒီ ကုသိနာရုံတောင်မှာ တရား အားထုတ်ရင်းနဲ့ ရေးတဲ့စာ။ အခြားကျမ်းတွေလဲ ဒီအတိုင်းပါပဲ။ တစ်ခါတစ်ရံများ ဘယ်လောက်ရေး သလဲဆိုတော့ ကိုရင်တစ်ပါးက ခဲတံ ချွန်ပေးရတယ်။ ဟိုတုန်းကတော့ မင်တွေ၊ ဖောင်တိန်တွေ များများ မရှိတော့ ခဲတံလေးတွေ တစ်နေ့ (၁၂)ချောင်း (၁၂)ချောင်း ချွန်ပေး ရတယ်။

တရားလဲ အားထုတ်ဖြစ်အောင် အားထုတ်တယ်။ စာလဲ ရေးဖြစ်အောင် ရေးတယ်။ ဆရာတော်ဘုရားကြီး ရေးတဲ့စာတွေဟာ တောသံ၊ တောင်သံ ပေါက်တယ်တဲ့။ တစ်ခါတစ်ရံ ဘုန်းကြီးတို့ မုံရွာနားက ရွှေတောင်ဦးမှာ သီတင်းသုံးစဉ်အခါတုန်းက ဆရာတော်ရဲ့ တပည့်ကြီး (ဦးမောင်ကြီး) လယ်တီပဏ္ဍိတကတော့ ပစ္စာသမဏ ဥပဋ္ဌာက အဖြစ်နဲ့လိုက်တော့ ဆရာတော်ဘုရားကြီးက တရားအားထုတ် လို့ "အာဟာရဒီပနီ"ဆိုတဲ့ ကျမ်းစာကိုရေးလို့ ဦးမောင်ကြီးက နောက်က သက်သက်သာသာနေတာကိုး။ ဆရာတော် ဘုရားကြီးကတော့ ပြောင်း ဆွမ်းဘုဉ်းပေးလို့ တရားအားထုတ်တယ်။ ကျမ်းစာရေးတယ်။ ရွှေတောင်ဦးမှာ။ နောက်တစ်နေ့ကျတော့ ရွှေတောင်ဦးမှာ လမ်းလျှောက်ရင်း ရောက်သွားတော့ ဦးမောင်ကြီးက ကော်ဖီနဲ့ဘာနဲ့ ကျကျနနသုံးဆောင် ဘုဉ်းပေးနေတာကိုး။

အဲဒီတော့ ဆရာတော်ဘုရားကြီးက "မောင်ပဏ္ဍိ တို့တောထွက် လာတာ ဒီလိုအစားကောင်း အသောက်ကောင်းတွေ စားဖို့မဟုတ်ဘူး။ မင်းက ဒီလာပြီးတော့ ကော်ဖီတွေ နို့ဆီဗူးတွေနဲ့ ဒီလိုလုပ်နေလို့ ဘယ်ဖြစ်မလဲ"လို့ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ကို ငေါက်တော်မူတယ်။ ဆရာတော်ကြီးက လယ်တီပဏ္ဍိတဦးမောင်ကြီးကို မကျေနပ်တာလဲ ရှိတယ်။ ကျေနပ်တာလဲ ရှိတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးလောက် ပိဋကတ်သုံးပုံတတ်တာ ငါ့တပည့်လောက်တတ်တာ ရှားတယ်။ တရားဘာဝနာကမ္မဋ္ဌာန်း အားထုတ်မှုကျတော့ "အားနည်းတယ်"လို့

ဆရာတော်ကြီးက စာပေတတ်မြောက်မှုနဲ့ ပတ်သက်ပြီး ချီးမြှောက်တယ်။ တရားဘာဝနာ အားထုတ်မှုနဲ့ ပတ်သက်ပြီးတော့ ကဲ့ရဲ့တယ်။ အားမထုတ်လို့ပါပဲ။

အဲဒါကြောင့်မို့ စာတော့တတ်တယ်။ ခန္ဓာကိုယ်မှာ မတတ်ဘူး ဆိုလို့ရှိရင် "ဂါဟတ်ကိုက်တတ်တယ်"။ "စာကိုသာတတ်၊ ကိုယ်မတတ်၊ ဂါဟတ်ကိုက်တတ်သည်"။ စာတော့ တတ်ပါတယ်။ ခန္ဓာကိုယ်တရား သဘော မမြင်ဘူးတဲ့။ အဲဒီလိုဆိုရင် ဂါဟတ် ခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတွေ ကိုက်တတ်တယ်။ စာလဲတတ်ပြီးတော့ မိမိခန္ဓာကိုမှာလဲ မြင်မှ ဟော- ပရိယတ် ပဋိပတ်စုံတယ်။ ဒါကြောင့်မို့ ဘုန်းကြီးတို့က aeNy@aw mhr&v ;w pf:k]**ပဋိပတ္တိ သီလ သမာဓိ ပညာ ကျင့်စဉ်တရားများသည် ပရိယတ္တိ ပိဋကတ် စာပေက ပဲ့ကိုင်ပေးပါမှ ဖြောင့်မှန်မည်"** အခု ကျင့်ကြံကြိုးကုတ် အားထုတ်နေတာဟာ ပိဋကတ်တော်နှင့်ညီမှ ပိဋကတ်တော်ကနေ ပဲ့ကိုင်ပေးမှ ဖြောင့်မှန်ပါတယ်။ **"ပရိယတ္တိ ပိဋကတ်သုံးပုံ တရားတော်ဟာ ပဋိပတ္တိကျင့်စဉ်များနဲ့ အမွှမ်းတင်ပေးမှ တောက်ပမည်"**။ အမွှမ်းတင်ပေးရမယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကတော့ သူ့ရဲ့ကျင့်စဉ်ကို ပိဋကတ်တော်နဲ့လဲ လမ်းဖြောင့်ပေးတယ်။ ပြီးတော့ ဆရာတော်ဘုရားကြီး တတ်သိနားလည်ထားတဲ့ ပိဋကတ်ကျွမ်းကျင်မှုပညာကိုလဲပဲ ပဋိပတ္တိ ကျင့်စဉ်နဲ့ အမွှမ်းတင်ပြီးတော့ ပေးထားတယ်။ ဒါကြောင့်မို့ သာသနာတော်ရဲ့အမြစ်သည် ပရိယတ္တိ ပိဋကတ်သုံးပုံ၊ သာသနာတော်ရဲ့ အနှစ်သည် သီလ သမာဓိ ပညာ သိက္ခာသုံးပါး၊ ကျင့်စဉ်တရား။ အဲဒီတော့ "အမြစ်ရေလောင်းပြီးတော့ အနှစ်သာရသုံးစွဲရမယ်"လို့ ဆိုတဲ့အတိုင်း အခု ယောဂီ သူတော်စင်များက အနှစ်ကို သုံးစွဲနေတာ။ အဲဒီတော့ ရွှေတောင်ဦးမှာ ပြုစုခဲ့တဲ့ကျမ်းက "အာဟာရဒီပနီ"။

ဆရာတော်ဘုရားကြီး တရားလဲအားထုတ်တယ်။ တောထဲ တောင်ထဲမှာလဲ နေတယ်။ ဩော်- အခု တွံ့တေးနားမှာ ဆပဂံတောရ

http://www.dhammadownload.com



အဲဒီမှာဝါဆိုပြီး သမထကို စတင်အားထုတ်တော်မူတယ်။ ပထမဆုံး ဩဝါဒကသိုဏ်း ရွေးချယ်ပြီး အဖြူဝိုင်းတစ်ခုကို ရှေ့မှာချလျှက် "အဖြူ အဖြူ"လို့ စူးစိုက်ရှုပွားတဲ့အခါ ကသိုဏ်းအာရုံကို ချဲ့ထွင်နှလုံး သွင်းတော်မူတယ်။ ပထမ ဇီးဖြူသီးခန့်၊ နောက် ဂုံညင်းတစ်လုံးခန့်၊ တဖြည်းဖြည်း ဖြန့်ပြီးပွားတဲ့အခါ ပင်လယ်ပြင်ကြီးလို ကြည်လင် သန့်ရှင်းတဲ့ ပဋိဘာဂနိမိတ် ထင်ခဲ့တယ်။ အဲဒီနောက် အာနာပါန ကမ္မဋ္ဌာန်းတော်ကို ပွားများတော်မူတယ်။

တွံ့တေးတောကြီးတန်း ဆပဂံတောရမှာ ဝါဆိုပြီး မဟာမြိုင်တောရ၊ သေက္ခတောင်တောရ၊ ရွှေတောင်ဦးတောင်၊ လက်ပန်းတောင်းတောင်၊ အင်ကြင်းမြိုင်တောရ၊ စိန်ရောင်ခြည်တောရ၊ ဝိပဿနာကုန်းတောရ၊ ပက်တန်းတောရ စတဲ့ တောအထပ်ထပ် တောင်အသွယ်သွယ်မှာ ဝါဆိုပြီး သမထဝိပဿနာတရားများ အားထုတ်တော်မူလျှက် တပည့်များကိုလဲ အားထုတ်ရန် နည်းလမ်းပြပြီး ညွှန်ကြားတော်မူခဲ့ပါတယ်။ တစ်နေရာမှာ အမြဲနေတယ်လို့ သိပ်မရှိဘူး။ တစ်ခါတစ်ရံ မုံရွာကနေ အောက်မြန်မာပြည်လှည့်ပြီး တရားဟောတယ်။ တရားဟောတော့ အောက်မြန်မာနိုင်ငံမှာ လျှုဒါန်းတဲ့ပစ္စည်းများကို ဟင်္သာတမှာ ဟောရင် ဟင်္သာတ၊ တွံ့တေးမှာ ဟောရင် တွံ့တေး၊ အဲဒီမှာ လျှုဒါန်းတဲ့ ပစ္စည်းပစ္စယတွေကို အဲဒီမှာရှိတဲ့ သံဃာတွေပဲလျှုထားခဲ့တယ်။ တစ်ခါတစ်ရံ တရားဟောပြီးလို့ ပြန်ကြွတဲ့အခါကျတော့ ဆရာတော်ကြီးက အုန်းမောင်းခေါက်တယ်။ ဒီနေ့ရောက်ပြီလို့ အုန်းမောင်းခေါက်လိုက်တယ်။

ဒီအုန်းမောင်း ဘာလဲ။ သံဃာတော်တွေ လာကြတော့ မနက်ဖြန်ကစပြီး စာဝါချမယ်။ စာလဲချဖြစ်အောင် ချတယ်။ တရားလဲ ဟောဖြစ်အောင် ဟောတယ်။ တရားလဲ အားထုတ်ဖြစ်အောင် အားထုတ်တယ်။ ကျမ်းစာလဲ ရေးဖြစ်အောင် ရေးတယ်။ မန္တလေးများ သွားပြီး တရားဟောတဲ့အခါ ဟိုတုန်းကတော့ အသံချဲ့စက်တွေ

http://www.dhammadownload.com



ဘာတွေက သိပ်ပြီးတော့ ရှိမယ်မဟုတ်ဘူး။ ဆရာတော်ဘုရားကြီး တရားဟောတဲ့အခါ ပရိသတ်တစ်ထောင်၊ နှစ်ထောင် အဲဒီလို နာကြတာ။ တရားပွဲတစ်ခုမှာတော့ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး (ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး)က လယ်တီဆရာတော်ဘုရားကြီးကို တိုက်တွန်းစကား လျှောက်ခဲ့ဘူးတယ်။

"လယ်တီ. . အရှင်ဘုရား ဆက်သာဟောပါ။ တပည့်တော်တို့ မန္တလေးနေပြီးတော့ တရားဟောတာ။ ပရိသတ် တစ်ရာ၊ နှစ်ရာရှိဖို့ မလွယ်ဘူး။ အရှင်ဘုရားက အာဏာစက်ကောင်းတယ်။ ဆက်သာ ဟောပါ။"တဲ့ ဂိုဏ်းမတူသော်လဲ မုဒိတာစာတ်ကြီးစွာဖြင့် ဝိုင်းကူတော်မူပုံက အံ့သြဖွယ်ပါပေ။ လကမ္ဘာသို့ ပထမဆုံး တက်ရောက်သူက လကမ္ဘာရောက်အောင် သွားဖို့ထက် မြေပြင်ရောက်တဲ့အခါ တိုင်းသူပြည်သားက အားပေးမှုခံရတာ ပိုခက်ပါသတဲ့။

ဆရာတော်ဘုရားကြီး လှည့်လည်ပြီး တရားလဲဟောဖြစ်အောင် ဟောတယ်။ တစ်ခါတစ်ရံ ရခိုင်ပြည်နယ် သွားပြီးတော့ တရားဟောတဲ့ အခါ အမဲသားမစားဖို့လဲ ပါတာကိုး။ ပါတော့ နောက်ပိုင်းကျတော့ ရခိုင်ပြည်နယ်က လူတွေက ဆရာတော်ဘုရားကြီး ပြန်ကြွသွားတဲ့ အခါကျတော့ အမဲသားတော့ မစားကြဘူး။ ကျန်တဲ့အသားတွေ စားကြတော့ "သံချပ်"တွေ ဘာတွေတောင် ဖြစ်တယ်။ "အသား ပျောက်လို့ အခေါက်ပေါ် လယ်တီကိုယ်တော်ဟောတဲ့တရား" ဆိုပဲ။ အမဲသားတော့ မစားကြဘူး။ တစ်ခါကတော့ ပုသိမ်သွား တရား ဟောတော့ ဆရာတော် ဘုရားကြီးက အမဲသားမစားဖို့ ဟောတဲ့အခါ အခြားဆရာတော်တွေက ငေါ့ပြီးတော့ ငါးတွေ၊ ပုဇွန်တွေကိုယ်စား "လယ်တီကိုယ်တော်ရေ သူတို့ကိုတော့ စားစေတဲ့လား" ဆိုပြီးတော့ တေးထပ်တွေ ဘာတွေနဲ့ ငိုကြသတဲ့။ ဆရာတော်ကြီးက အဆင်ပြေ အောင် ပြောတယ်။

http://www.dhammadownload.com



"တပည့်တော်က နွားအတွက် ဟောနေတာပဲ။ ဟိုဘက်ကျောင်းက ဆရာတော်ကငါးအတွက်၊ ဟိုဘက်ကျောင်းက ဆရာတော်က ပုဇွန်အတွက် ဟောပါဘုရား။ အဲဒီလိုဆိုရင် အားလုံး ပြည့်စုံသွားမှာပါ"လို့ ဆရာတော်ဘုရားက ဒီအတိုင်းပဲ ပြောခဲ့တယ်။ အပြောလဲမခက် အဟောလဲမခက် အနှောခက်တယ်လို့ မိန့်တာရှိတယ်။ ရန်ကုန်မြို့၊ ပုဇွန်တောင်မှာ တရားပွဲတစ်ခုကျင်းပတော့ ဆရာတော်ကြီးက ဘာဟောသလဲဆိုတော့ "ရန်ကုန်က ဘုန်းကြီးတွေက ဒကာ၊ ဒကာမတွေကို တရားထိုင်တတ်အောင် တရားအားထုတ်တတ်အောင် မဟောကြဘူး။ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ပဲ ပြီးနေကြတယ်"လို့ ဆရာတော်ကြီးက ဒီစကားပြောလိုက်တယ်။ ရန်ကုန်က ဆရာတော်တွေက မခံမရပ်နိုင်အောင် ဖြစ်တယ်။ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ပဲ ပြီးနေကြတယ်။ အမျှဝေရေစက်ချ ဒါလောက်နဲ့ပဲ ပြီးနေတယ်။ ဒကာ၊ ဒကာမတွေကို တရားအားထုတ်တတ်အောင် မဟောဘူးလို့ ဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း (၉၀)ကျော်က ဒီစကားရဲရဲတောက်မိန့်ခဲ့တယ်။

မိန့်ခဲ့တော့ အချို့ဆရာတော်တွေ မကျေနပ်ဘူး။ ဆရာတော်ဘုရားကြီးစီ ခက်ခဲနက်နဲတဲ့ မေးခွန်းတွေ ချုပ်ချယ်လိုစိတ်နဲ့ မေးကြတဲ့အခါမှာ မဆိုင်းမတွ ဖြေလိုက်တော့မှ အားလုံးကျေနပ်ပြီးသွားတော့ ဆရာတော်ဘုရားကြီး ဆက်ပြီးဟောဖို့ လျှောက်ထားကြတယ်။ အဲဒီတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော် (၁၀၀)နီးပါးကပေါ့လေ။ ဒကာ၊ ဒကာမတွေကို တရားအားထုတ် နည်းတတ်အောင် ဟောခဲ့တာကတော့ မြန်မာပြည် သာသနာ့သမိုင်းကြောင်းမှာ လယ်တီဆရာတော် အစဆုံးလို့တောင် ပြောရမှာပါပဲ။

ဆရာတော်ဘုရားကြီးကို မှီငြမ်းပြုပြီးတော့မှ အခု မိုးညှင်းဆရာတော်တို့ ကြောင်ပန်းဆရာတော်တို့ ဆရာတော်ဘုရားကြီးရဲ့ တပည့်တွေချည်းပါပဲ။ အခြား အခြား ဆရာတော်တွေလဲ တပည့်အနေနဲ့ ဆရာတော်ကြီးစီ မနေဖူးဘူး။ သို့သော်လဲပဲ ဟိုမြန်မာပြည်မှာ နာမည်

http://www.dhammadownload.com



ကျော် ဆရာတော်ကြီးတစ်ပါး ဟောကြားထားတဲ့ တရားစာအုပ်တစ်အုပ် ဘုန်းကြီးဖတ်ကြည့်တယ်။ ဖတ်ကြည့်တဲ့ အခါကျတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ရေးသားထားတဲ့ ကျမ်းစာကြီးတစ်အုပ်လုံးကို မြန်မာစကားပြေလုပ် ဟောထားတာပါပဲ။ သို့သော် ကျမ်းစာနာမည်တော့ ပြောင်းထားပါတယ်။ အဲဒီတော့ ဆိုလိုတာက ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးက ပရိယတ်ဆိုင်ရာမှာလဲပဲ သင်ပုန်းကြီးက စပြီးတော့ နိဗ္ဗာန်တိုင်အောင် ကျမ်းစာပေါင်း (၁၂၀)ကျော် ရေးသားထား တော်မူခဲ့တယ်။

ပဋိပတ်ဆိုင်ရာမှာ ကိုယ်တိုင်ကျင့်ကြံတော်မူ့တယ်။ ကိုယ်တိုင် ကျင့်ကြံုကုတ် အားထုတ်ခဲ့တာ။ အထူးသဖြင့်တော့ တောတွေ တောင်တွေထဲမှာ တရားအားထုတ်ခဲ့တဲ့ တရားအားထုတ်ပြီးတော့မှ စာအုပ်မကြည့်ပဲနဲ့ ဘယ်စာအုပ်မှမကြည့်ပဲနဲ့ ဝိပဿနာဒီပနီ ဝိပဿနာ ပိုင်း ဆိုင်ရာစာအုပ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကျော်က ရေးသားထားတဲ့ ဆရာတော်ဘုရားကြီးရဲ့ စကားလုံးတွေဟာ စကားတော်တွေဟာ ယခုအချိန်ထိအောင် ခေတ် နောက်ကျပြီး မနေဘူး။ ဘုန်းကြီးတို့က လွန်ခဲ့တဲ့ ငါးနှစ်လောက်က စပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာတွေနဲ့ တရားအားထုတ်နည်း ပါ။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် "လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့နဲ့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်တို့ကို ဖွဲ့ခဲ့တယ်။" ဆရာတော်ဘုရားရဲ့ ရည်ရွယ်ချက်ကိုက ဆရာတော်ဘုရားကြီး ရေးသား တော်မူတဲ့ ကျမ်းတွေ၊ ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူတဲ့ ဗုဒ္ဓနည်းကျ ဝိပဿနာကျင့်စဉ်တွေကို မြို့ပြ ပြည်ရွာတွေမှာသာ မကဘူး။ လယ်စောင့် တဲ့ တဲတွေ၊ ယာစောင့်တဲ့ တဲတွေထိအောင် ရောက်စေချင်တယ်ဟဲ့။

လယ်စောင့်တဲ့လူတွေ လယ်စောင့်ရင်းနဲ့၊ ယာစောင့်တဲ့လူတွေ ယာစောင့်ရင်းနဲ့ ဖတ်လို့ရှိရင် နားလည်နိုင်တဲ့စကားတွေ ကျင့်နိုင်တဲ့ နည်းလမ်းတွေနဲ့ ဆရာတော်ဘုရားကြီးက ရေးသားခဲ့တယ်၊ ဟောညွှန်

http://www.dhammadownload.com



ပြသခဲ့တယ်။ အဲဒီအချိန်အခါက ပါဠိကျမ်းစာတွေကို အခုလို မြန်မာပြန်ထားတာ များများစားစား မရှိဘူး။ ဆရာတော်ဘုရားကြီး မတိုင်မီက ဆရာတော် ဦးဗုမ် ထိုက်တန်သလောက် ကျမ်းစာအနည်းငယ် ရှိပါတယ်။ ကျမ်းစာတစ်ချို့ ရှိတယ်။ ပဋိပတ္တိကျင့်စဉ်အနေနဲ့လဲ ကိုယ်တွေ့လက်တွေ့ တောထဲ တောင်ထဲမှာ အားထုတ်ထားတဲ့ နည်းနာနိဿယရော၊ စာလာပေလာနဲ့လဲ မဆန့်ကျင်ရဘူး။ အဲဒီတော့ ဘုန်းကြီးအပါအဝင် ဘုန်းကြီးတို့တစ်တွေအားလုံးဟာ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကြီးကို ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ ကျမ်းစာတွေ ပြန့်ပွားရေးအတွက် ဖွဲ့ပြီး ဆောင်ရွက်သလိုပဲ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပဲ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယ ဝိပဿနာ ပြန့်ပွားအောင် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီးတော့ မြန်မာပြည်အထက်ပိုင်း၊ မြန်မာပြည်အလယ်ပိုင်း၊ မြန်မာပြည်အောက်ပိုင်း နေရာပေါင်း လေးငါးဆယ်လောက်မှာ ဘုန်းကြီးရဲ့ ကမ္မဋ္ဌာနာစရိယ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်မှာ လစဉ်ကမ္မဋ္ဌာန်း ပေးနေတဲ့ ဓမ္မာစရိယ အရှင်အာဒိစ္စ၊ အရှင်တေဇနိယ၊ အရှင်ကောသလ၊ ဆရာဦးသန်းခင်၊ ဦးလှကိုတို့ အစရှိတဲ့ လယ်တီကမ္မဋ္ဌာနာစရိယများက ဆက်လက်ပြီးတော့ ဆရာတော်ဘုရားကြီး ပိဋကတ်တော်နဲ့အညီ ဘာကြောင့် ပိဋကတ်တော်နဲ့အညီလို့ ဒီစကားပြောရတာလဲ ဆိုတော့ ဘုန်းကြီးတို့ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ ကျမ်းစာတွေနှစ်ပေါင်း (၁၀၀) ကျော်တိုင်အောင် မည်သည့်လူပညာရှိ ရဟန်းပညာရှိကမှ လယ်တီဆရာတော်ဘုရား ရေးသားထားတာ လယ်တီဆရာတော်ဘုရား ဟောထားတာ ဘယ်နားလေးတော့ မှားတယ်။ ဘယ်နားလေးတော့ ချို့ယွင်းချက်ကလေး ရှိပါတယ်လို့ ထောက်ပြနိုင်တဲ့ပညာရှိ ယခုအချိန်ထိအောင် မတွေ့ရသေးပါဘူး။ မလိုလို့ ပြောတာလဲ မရှိသေးဘူး။ ဒါကြောင့်မို့ ဘုန်းကြီးတို့ မှီရာဖြစ်တဲ့ ဗုဒ္ဓဘုရား၊ ဘုန်းကြီးတို့ ဤတရား

http://www.dhammadownload.com



အားထုတ်နည်းပြ မှီရာဖြစ်တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးတည်းဟူသော မှီရာကြီးသည် အင်မတန် ကောင်းမွန်ပြီးတော့ မှီလောက်ခိုလောက်တဲ့ "ကျောက်ကြီးငါးခို" ဆိုတဲ့အတိုင်း မှီရာကျောက် တောင်ကြီးဖြစ်တယ်။

ဘုရားတည်းဟူသော ကျောက်တောင်ကြီး၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော ကျောက်တောင်ကြီး အမှီပြုပြီးတော့ ဘုန်းကြီးတို့ ဒီကမ္မဋ္ဌာန်းအားထုတ်နည်းကို အစဉ် အဆက်ပြသနေခြင်း ဖြစ်တယ်။ ဒါကြောင့် ယုံယုံကြည်ကြည် လေးလေး စားစားနဲ့ သူသိ ငါသိ ကမ္ဘာသိကို ကျော်လွှန်တဲ့ အသိထူး ဉာဏ်ထူး အတွက် ရှေ့ဝိပဿနာစခန်းနဲ့ သက်ဆိုင်တဲ့စကားတွေကို ကမ္မဋ္ဌာနာ စရိယများက ဆက်လက်ပြီးတော့ ဟောကြားပါလိမ့်မယ်။ ညွှန်ပြပါ လိမ့်မယ်။ မိမိခန္ဓာကိုယ်က ပြောတဲ့စကားတွေပေါ့။ ခန္ဓာကိုယ်က ဘာပြောသလဲ။ ရုပ်စကား နာမ်စကားပြောမှာပဲ။ အဲဒီ ရုပ်စကား နာမ်စကားပြောထားတဲ့ စကားတွေကိုပဲ ဟော ဝိပဿနာတင်ပြီးတော့ ဝိပဿနာနည်းနဲ့ ရှုကြဖို့ ခန္ဓာကိုယ်ကပြောတာပဲ။ ခန္ဓာကိုယ်က မပြောတာကို ဝိပဿနာတင်တာက တစ်မျိုး။

အခုလက်တွေ့ပြောနေတာကိုပဲ ဝိပဿနာရှုကြဖို့ အဓိကထားပြီး တော့ ဆရာတော်များက ဆက်လက်ပြီး ဝိပဿနာတစ်ဆင့်တက်ပြီးတော့ ပေးပါလိမ့်မယ်။ ဒါကြောင့် ကြိုးစားပြီးတော့ မိမိတို့ဉာဏ်အဟုန်မြှင့်ပြီး အားကောင်းဖို့ အရေးကြီးပါတယ်။ ဉာဏ်ပိုင်းရောက်လာပါပြီ။ ဒါကြောင့် ဘုန်းကြီးရဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးနဲ့ ပတ်သက် တဲ့စကား မှီရာဖြစ်တဲ့ ဗုဒ္ဓဘုရားနဲ့ပတ်သက်တဲ့ စကားတော်၊ တရားတော် တွေ လယ်တီဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်များအားလုံး သဒ္ဓါအစု မျှော်ပြီးတော့ သာဓုခေါ်ကြ။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**အစီအစဉ်နံပါတ် (၆)အရ**

မြတ်စွာဘုရားထံသို့ ရုပ်နာမ် (၂)ပါး အပ်နှင်းသည့်အစီအစဉ်ပါ။

**အစီအစဉ်နံပါတ် (၇)အရ**

မြတ်စွာဘုရားထံမှ ဝိပဿနာကမ္မဋ္ဌာန်းတရား တောင်းခံခြင်း အစီအစဉ်ပါ။ ဒီအစီအစဉ်ကိုလဲ အရှင်ကောသလမှ ဆက်လက် ဆောင်ရွက်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

**အစီအစဉ်နံပါတ် (၈)အရ**

ဒီပနီကျမ်းပေါင်း (၁၀၀)ကျော်ကို ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာခတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ဂုဏ်ကို ရည်မှန်းပြီး ကန်တော့တဲ့ အစီအစဉ်ပါ။ ဒီအစီအစဉ်ကို ဓမ္မာစရိယ၊ လယ်တီကမ္မဋ္ဌာနာစရိယ၊ ငါးထပ်ကြီး ပြဿာဒ်ကျောင်းဆရာတော် အရှင်တေဇနိယမှ ဆောင်ရွက် ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။

**အစီအစဉ်နံပါတ် (၉)အရ**

ဆရာများသို့ ဘုရားနည်းတူ ရုပ်နာမ်(၂)ပါး အပ်နှင်းလှူဒါန်း သည့် အစီအစဉ်ပါ။

**အစီအစဉ်နံပါတ် (၁၀)အရ**

ဝေနေယျသတ္တဝါများနှင့် အပြန်အလှန် တောင်းပန်တဲ့ အစီ အစဉ်ပါ။

http://www.dhammadownload.com



**အစီအစဉ်နံပါတ် (၁၁)အရ**

ဝိပဿနာ ထိုင်ပုံထိုင်နည်း၊ ကျင့်ပုံ ကျင့်နည်းများကို ဟောပြော ညွှန်ကြားရမယ့် အစီအစဉ်ပါပဲ။ ဒီအစီအစဉ်ကို လယ်တီမူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ လယ်တီ ဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်ရဲ့ ကြီးကြပ်ရေးနာယက သာသနဓဇ ဓမ္မာစရိယ၊ လယ်တီကမ္မဋ္ဌာနာစရိယ အရှင်အာဒိစ္စမှ ဆောင်ရွက်ပေးတော်မူပါရန် လေးစားစွာလျှောက်ထား အပ်ပါသည် ဘုရား။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ပဋိပတ္တိကျင့်စဉ်ဖြစ်တဲ့ ဝိပဿနာတရားတော်ကို ရက်တိုတိုနဲ့ အချိန်တိုတိုအတွင်း ယောဂီတို့ ကိုယ်တိုင် ကျင့်ပွားနိုင်အောင် လယ်တီဆရာတော်ဘုရားကြီးမှ အစပြု ပြီးတော့ အစဉ်အဆက်ကျင့်ပွားလာခဲ့ကြတဲ့အတိုင်း ယောဂီ သူတော်စင်များ ယနေ့သမထဘာဝနာက နေပြီးတော့ ဝိပဿနာဉာဏ်သို့ ရောက်အောင် ဝိပဿနာဉာဏ် ရှုပွားနိုင်အောင် ဆရာအစဉ်အဆက် ညွှန်ကြားခဲ့တဲ့ နည်းနာနိဿယအတိုင်း ကျင့်ပွားကြဖို့ ယောဂီသူတော်စင် များ တရားထိုင်တဲ့ဣရိယာပုတ် အနေအထားအတိုင်း ပြုပြင်ပေးကြပါ။ အောက်ပိုင်းခန္ဓာကိုယ် အနေအထားကိုတော့ ထက်ဝယ်ဖွဲ့ခွေ ခြေထောက်နှစ်ခု မထိမိစေပဲ ရှေ့ဆင့်နောက်ဆင့်ထားလို့ပဲဖြစ်၊ ဒါမှမဟုတ် မိမိတို့ထိုင်နေကျပုံစံအတိုင်း ပြင်ဆင်နေထိုင်ပါ။

အောက်ပိုင်းခန္ဓာကိုယ် အနေအထားမှန်အောင် ပုံစံမှန်အောင် ရယူပြီးတဲ့အခါ အပေါ်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုတော့ ခါးကလေးကို ဖြောင့်ဖြောင့် ခေါင်းကလေးကိုမတ်မတ်ထားပေးပါမယ်။ လက်နှစ်ဖက်ကို ခွဲပြီးချထားလိုက်မယ်။ ဘယ်ဘက်ပေါင်ပေါ်မှာ ဘယ်ဘက်လက်ကလေး တင်ပြီးတော့ ညာဘက်ပေါင်ပေါ်မှာ ညာဘက်လက်ကလေး တင်ထား ပေးပါမယ်။ ယခု ယောဂီတို့ ဝိပဿနာရှုပွားတယ်ဆိုတာ မိမိရဲ့ ခန္ဓာကိုယ်က ပြတဲ့တရား၊ ခန္ဓာကိုယ်မှာပဲ ရှုဆင်ခြင်ကြတဲ့အခါ မိမိ ခန္ဓာကိုယ် အစိပ်စိပ် ယောဂီတို့ကိုယ်တိုင် ရှုပွားနိုင်အောင် လက်ကလေး

http://www.dhammadownload.com



တွေ နှစ်ဖက်ခွဲထားလိုက်။ မျက်လွှာလေးချပြီး မျက်လုံးလေးတွေ မှိတ်လိုက်ပါမယ်။ မျက်လွှာလေးချ မျက်လုံးလေးမှိတ်လိုက်တယ်ဆိုရင်ပဲ မိမိတို့ကိုယ်တိုင် ကျင့်ပွားလာခဲ့တဲ့ အာနာပါနဘာဝနာ ကမ္မဋ္ဌာန်းတရား ဝင်လေ ထွက်လေရဲ့ တည်ရာမှီရာ နှာသီးဖျား နှာသီးဝ နေရာလေးကို သတိကပ်လိုက်ပါမယ်။ ရှုပွားနေကျ အာရုံလေးဖြစ်တဲ့ အတွက်ကြောင့် ရှုပွားလို့လွယ်ကူပါတယ်။

တွေးတောတဲ့စိတ်တွေ၊ ပြန့်လွင့်တဲ့စိတ်တွေ၊ ကြံစည်စိတ်ကူးမှုတွေ ဝင်လာတဲ့အခါမှာ မိမိရဲ့သဒ္ဓါ ဝီရိယနဲ့ဖယ်ရှားပေးပါမယ်။ နှာသီးဖျား နှာသီးဝလေးမှာ သတိကပ်လိုက်ပြီဆိုတာနဲ့ ရှုပွားနေကြဖြစ်တဲ့ ဝင်လေ ထွက်လေလေးတို့ဟာ ထင်ရှားပြီး လာပါလိမ့်မယ်။ ဝင်လေ ထွက်လေတို့ရဲ့ အပေါ်မှာပဲ သတိနဲ့ဉာဏ် ယှဉ်ကပ်ပြီးတော့ ဝင်လာတဲ့ လေကလေးဟာလဲပဲ တဒင်္ဂ တစ်ခဏအတွင်းမှာပဲ ချုပ်ပျောက်ပြီးတော့ ကုန်ဆုံးသွားတဲ့သဘော ဝင်လာတဲ့လေကလေးဟာလဲ မမြဲပါလား။ "ဝင်လေ အနိစ္စ"။

ထွက်လာတဲ့လေကလေးဟာလဲပဲ တဒင်္ဂ တစ်ခဏမှာ ချုပ်ပျောက်ပြီးတော့ ကုန်ဆုံးသွားတဲ့သဘော ထွက်လေဟာလဲ မမြဲပါလားလို့ "ထွက်လေ အနိစ္စ"။ သတိနဲ့ဉာဏ် ယှဉ်တွဲပြီးတော့ ရှုပွားပေးပါမယ်။ စိတ်ကိုပုံမှန်လေး အေးအေးဆေးဆေး ရှုပေးမယ်။ "ဝင်လေ အနိစ္စ၊ ထွက်လေ အနိစ္စ"။ မိမိတို့ရဲ့စိတ်ကလေး ပျံ့လွင့်နေတဲ့ စိတ်ကလေး နှာသီးဖျား နှာသီးဝလေးမှာ စုစည်းမိပြီဆိုတဲ့ ဝင်လာတဲ့ လေကလေး မမြဲတဲ့သဘော ဝင်လေအနိစ္စ၊ ထွက်လာတဲ့လေကလေးဟာလဲ မမြဲတဲ့ သဘော ထွက်လေ အနိစ္စလို့ ရှုပွားဆင်ခြင်မိတဲ့အခါ၊ မိမိတို့ရဲ့ ခန္ဓာကိုယ် ငယ်ထိပ်ဆိုတဲ့နေရာကို စူးစိုက်ပြီးတော့ ရှုမှတ် လိုက်ပါမယ်။ နှာခေါင်းမှာ မှတ်နေတဲ့ မှတ်စိတ်ကလေးကို လွှတ်ထားခဲ့မယ်။ ယခု ယောဂီတို့ရဲ့ ခန္ဓာကို ဦးခေါင်းရဲ့ငယ်ထိပ် နေရာလေးကိုပဲ ပြောင်းပြီးစူးစိုက်ပြီး ရှုမှတ်လိုက်မယ်။

http://www.dhammadownload.com



ငယ်ထိပ်နေရာလေးမှာ ဘယ်လိုခံစားချက်သဘော အမူအယာတွေ ရှိနေပါလိမ့်လို့ ယောဂီတို့ရဲ့ခန္ဓာကိုယ် ဦးခေါင်းရဲ့ ထိပ်တည့်တည့်ကနေပြီး စတင်ရှုပွားပေးပါမယ်။ မိမိတို့ရဲ့ သမာဓိစွမ်းအားတွေ ကိုယ်တိုင်ကျင့်ပွားခဲ့တဲ့ သမာဓိအားတွေ ခန္ဓာကိုယ်ရဲ့ ငယ်ထိပ်နေရာလေး စူးစိုက်ပြီး ရှုမှတ်လိုက်မယ်။ ငယ်ထိပ်နေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ရောက်တဲ့ပုဂ္ဂိုလ်များလဲ ဆက်မှတ်ထားမယ်။ မရောက်သေးတဲ့ ပုဂ္ဂိုလ်များလဲ စိတ်မပျက်နဲ့။ အားမငယ်နဲ့။ ခေါ်တဲ့နေရာလေးတွေ လိုက်မှတ်ပေးမယ်။

ခေါ်ဝေါ်ပေးနေတာက ပညတ်တရားပါပဲ။ ယောဂီတို့ သမာဓိအားနဲ့ ရှုပွားနိုင်တဲ့အခါမှာ ပူတာတွေ့မယ်။ အေးတာတွေ့မယ်။ လှုပ်တာတွေ့မယ်။ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာတွေ တစ်မျိုးမဟုတ်တစ်မျိုး ဖောက်ပြန်ဖေါ်ပြနေတဲ့ ဓာတ်ပရမတ္ထ သဘာဝတရားတွေ မိမိတို့တွေ့နေရတဲ့ သဘာဝတွေ၊ တွေ့နေရတဲ့တရားတွေဟာ တရားမှ ဟုတ်ပါ့မလားလို့ သံသယမဖြစ်ပေါ်ပါနဲ့။ သံသယဖြစ်နေရင် တရားမတက်နိုင်ဘူး။ ကိုယ်တွေ့နေရတာတွေသည်ပင် တရားသဘောချည်းပဲ။ တရားသဘော၊ သဘောတရား တွေ ကိုယ်တွေ့တဲ့အတိုင်း ဆက်မှတ်ထားမယ်။ ခန္ဓာကိုယ်ငယ်ထိပ်ဆိုတဲ့နေရာကလေးဆီကို မိမိရဲ့သမာဓိစွမ်းအားနဲ့ ရှုထားမယ်။

ငယ်ထိပ်နေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ စူးစူးစိုက်စိုက်ကလေး ရှုထားမယ်။ ခန္ဓာပြင်ဘက်စိတ်မထွက်ရအောင် မိမိရဲ့ခန္ဓာကိုယ်တွင်းမှာပဲ ဉာဏ်သွင်းပြီးတော့ ရှုပေးပါမယ်။ ငယ်ထိပ်နေရာလေးမှာ ရှုပွားလို့ ရပြီဆိုရင် ကပ်ပြီး ပြောင်းလိုက်မယ်။ ညာဘက်ပါးပြင်၊ ညာဘက်ပါးပြင်ဆိုတဲ့ နေရာလေးမှာပဲ ဘယ်လိုခံစားချက် သဘောအမူအယာ တွေရှိနေပါလိမ့်။ ရောက်တဲ့ပုဂ္ဂိုလ်များ သတ်မှတ်ထားမယ်။ မရောက်သေးတဲ့ပုဂ္ဂိုလ်များလဲ ရှုမှတ်

http://www.dhammadownload.com



နေမယ်။ စိတ်မပျက်နဲ့၊ အားမငယ်နဲ့။ အခုအချိန်မှာ မတွေ့ရင်လဲ နောက်တစ်ချိန်မှာ သမာဓိအားတွေ ရင့်တက်လာတဲ့အခါမှာ မိမိရဲ့ ခန္ဓာကိုယ်က ဖော်ပြနေတဲ့တရားတွေ။

**၂ခန္ဓာအရှိ ဉာဏ်နဲ့ကြည့် တွေ့သိသဘာဝ"**

ခန္ဓာကိုယ်မှာရှိတဲ့တရားတွေကို မိမိရဲ့ဉာဏ်နဲ့ စူးစိုက်ပြီးတော့ ရှုကြည့်ရင် သဘာဝအမှန်တွေကို သိနိုင်ပါတယ်။ ညာဘက် ပါးပြင်၊ ညာဘက်ပါးပြင်လေးမှာကော ဘယ်လိုခံစားချက်သဘော အမူအယာ တွေရှိနေပါလိမ့်။ စူးစူးစိုက်စိုက်ကလေး ရှုမှတ်ပေးပါမယ်။ သမာဓိနဲ့ဉာဏ် ယှဉ်တွဲပြီးတော့ ရှုပေးပါမယ်။ သမာဓိဆိုတာ စူးစိုက်မှုပါပဲ။ ဉာဏ်ဆိုတာ ဆင်ခြင်မှုပါပဲ။ ယောဂီတို့ ညာဘက်ပါးပြင်လေးမှာ ရှုပြီးပြီဆိုရင် ထပ်ပြီးပြောင်းလိုက်မယ်။ ဘယ်ဘက်ပါးပြင်။ ဘယ်ဘက်ပါးပြင်ဆိုတာလဲ ခေါ်ဝေါ်ပေးလိုက်တဲ့ အမည်နာမပညတ်တရားပါပဲ။ ယောဂီတို့က ဒီနေရာလေးပဲလို့ သိစေတာ၊ သိလွယ်အောင် ခေါ်ဝေါ်ပညတ်တဲ့ အမည် နာမတရား။ ယောဂီတို့ကိုယ်တိုင် သမာဓိတရားနဲ့ ရှုပွားလိုက်တဲ့အခါမှာ ပူတာတွေ့မယ်၊ အေးတာတွေ့မယ်၊ လှုပ်တာတွေ့မယ်၊ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာတွေ တွေ့မယ်။ ကိုယ်တွေ့တာသည်ပင်လျှင် တရား သဘောတွေချည်းပါပဲ။ စူးစူးစိုက်စိုက်ကလေး ရှုမှတ်ပေးမယ်။ ဘယ်ဘက် ပါးပြင်။ မိမိတို့ ထူထောင်လာခဲ့တဲ့ သမာဓိအားတွေ အသုံးချနေတယ်။ မိမိတို့ လက်နှိပ်ဓာတ်မီးများ အားရှိတယ်ဆိုရင် ဘယ်နေရာကိုပဲ ထိုးကြည့်လိုက်၊ ထိုးကြည့်လိုက် တွေ့မြင်နေရသလိုပဲ။

ကိုယ်ရဲ့သမာဓိစွမ်းအားတွေလဲ ထိုနည်းတူပဲ။ မိမိခန္ဓာကိုယ် ဘယ်နေရာကိုပဲရှုရှု၊ ရှုလိုက်တဲ့နေရာလေးတွေမှာ ထင်ရှားတဲ့ ဓာတ်သဘောအမူအရာတွေဟာ တစ်မျိုးမဟုတ်တစ်မျိုး တွေ့မြင်ရတတ် ပါတယ်။ ဘယ်ဘက်ပါးပြင် ကပ်ပြီး ပြောင်းလိုက်မယ်။ "နောက်စေ့"။ မိမိတို့ ဦးခေါင်းရဲ့ နောက်တည့်တည့်နေရာလေး နောက်စေ့နေရာလေး မှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။

http://www.dhammadownload.com



**"ခန္ဓာကိုယ်တွင်း ဉာဏ်သွင်းရှုပါ၊**
**ရှုပါများတော့ ဓာတ်သားပေါ်"**

မိမိရဲ့ခန္ဓာကိုယ်တွင်းမှာ ဉာဏ်သွင်းပြီးတော့ ရှုပေးပါမယ်။ ရှုကြည့်ပါများတော့ ဓာတ်သဘောအမူအယာတွေ ထင်ရှားပါ တယ်။ ကပ်ပြီးပြောင်းလိုက်မယ်။ "လည်ပင်း"ခေါ်တဲ့ နေရာလေးကို လိုက်မှတ်ပေးမယ်။ နှာခေါင်းမှာ မှတ်နေတဲ့ မှတ်စိတ်ကလေးကို လွှတ်ထားပါမယ်။ လည်ပင်းနေရာလေးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာ ပါလိမ့်။ လည်ပင်းဆိုတဲ့ နေရာလေးကို စူးစူးစိုက်စိုက်လေး ရှုမှတ်လိုက်မယ်။ ပူတာတွေ့မယ်။ လှုပ်တာတွေ့မယ်။ အေးတာတွေ့မယ်။ ကိုယ်တွေ့တာတွေသည်ပင် တရား သဘောချည်းပဲ။ စူးစူးစိုက်စိုက် ရှုထားမယ်။

အစိပ်အစိပ်မပိုင်းတော့ပဲ ဦးခေါင်းတစ်ပိုင်းလုံးခြုံပြီး ရှုလိုက်၊ ဦးခေါင်းတစ်ပိုင်းလုံး ငယ်ထိပ်၊ ညာဘက်ပါးပြင်၊ ဘယ်ဘက် ပါးပြင်၊ နောက်စိ၊ လည်ပင်း၊ ဦးခေါင်းတစ်ပိုင်းလုံးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ တွေ့နေပါလိမ့်။ ယောဂီတို့ ဦးခေါင်းပိုင်း ရုပ်ကြီးကို ရှုကြည့်လိုက် ဖောက်ပြန်နေတဲ့ ဓာတ်သဘောအမူအယာတွေ ဘယ်လိုအခြင်းအရာတွေ ထင်ရှားနေသလဲ။ ခန္ဓာကိုယ်မှာ ဖြစ်တဲ့ သဘာဝအတိုင်း ယောဂီတို့ သိရှိရမှာ ဖြစ်ပါတယ်။ တရားအားထုတ်တယ်ဆိုတာ အမှန်တရားတွေသိအောင် ပြုလုပ်ခြင်းပါပဲ။ မသိတာ "မောဟအဝိဇ္ဇာ" မသိမှုကိုပယ်ပြီးတော့ သိမှုတရားတွေဖြစ်အောင် ဦးခေါင်း တစ်ပိုင်းလုံးကို ခြုံပြီးတော့ ရှုလိုက်မယ်။ ဦးခေါင်းတစ်ပိုင်းလုံး ဘယ်လို ခံစားချက်သဘောအမူအယာတွေ ရှိနေပါလိမ့်။ ပြောင်းမယ်။

ညာဘက်လက်မောင်း၊ လက်ပိုင်းကိုရောက်သွားပြီ။ ညာဘက် လက်မောင်းဆိုတဲ့ နေရာလေးစီ စူးစိုက်ပြီး ရှုမှတ်လိုက်မယ်။ ယောဂီတို့ ခေါ်ဝေါ်ပေးနေတဲ့ အမည်နာမပညတ်တရားတွေ၊ ပညတ်တရားတွေကို ဖယ်ခွာပြီးတော့ ယောဂီတို့ရဲ့ သမာဓိစွမ်းအားနဲ့ ဘယ်ဘက်လက်မောင်း

http://www.dhammadownload.com



လို့ ခေါ်ဆိုရတဲ့နေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်လက်ဖြန်၊ တစ်တောင်ဆစ်နဲ့ လက်ကောက်ဝတ်ကြား၊ ညာဘက်လက်ဖြန်ဆိုတဲ့ နေရာလေးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ခေါ်တဲ့နေရာလေးတွေကို လိုက်မှတ်ပေးမယ်။ မရောက်လို့လဲ စိတ်မပျက်နဲ့။ အချို့မှာ သမာဓိအားအလျှောက် ကျော်ပြီးတော့ ရောက်နေတတ်တယ်။

ကိစ္စမရှိပါဘူး။ ကိုယ်ရဲ့သမာဓိအားလျှော်စွာ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အစိပ်အစိပ် မရှုပွားဘူးတဲ့နေရာ မရှိရလေအောင် ခေါ်ဝေါ်ပေးနေခြင်းပါပဲ။ ညာဘက်လက်ဖြန်နေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ရှုမှတ်လို့ရပြီ၊ သိရှိပြီဆိုတာနဲ့ ကပ်ပြီးတော့ ပြောင်းလိုက်မယ်။ ညာဘက်လက်ဖမိုး၊ လက်ခုံလို့လဲ ခေါ်ပါတယ်။ ညာဘက်လက်ဖမိုး နေရာလေးမှာကော ဘယ်လိုများ ခံစားနေရပါလိမ့်။ ဘယ်လိုသဘောအမူအယာတွေ ဖြစ်နေပါလိမ့်။ ကပ်ပြီးပြောင်းလိုက်မယ် ညာဘက်လက်မ လက်မလေးတစ်ချောင်းထဲကို ကပ်ပြီးရှုလိုက်မယ်။ ပူသလား၊ အေးသလား၊ တောင့်သလား၊ တင်းသလား သဘာဝအမှန်တွေ အတိုင်းသိအောင် ရှုပေးမယ်။ ကိုယ်တွေ့နေတာသည်ပင် တရားသဘောတွေချည်းပါပဲ။ စူးစူးစိုက်စိုက်ကလေး ရှုထားမယ်။ အသေးစိတ်ပို့ချပေးနေခြင်းပါပဲ။

လက်ကလေးတွေလဲ တစ်ချောင်းစီ၊ တစ်ချောင်းစီ ရှုပေးနိုင်ပါတယ်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်လက်ညှိုး၊ ညာဘက်လက်ညှိုးလေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်လက်ခလယ်၊ ညာဘက် လက်ခလယ်လေး တစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်လက်သူကြွယ်၊ ညာဘက်လက်သူကြွယ် လေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ပြောင်းမယ်။ ညာဘက်လက်သန်း၊ ညာဘက်

http://www.dhammadownload.com



လက်သန်းလေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ စူးစူးစိုက်စိုက် ရှုထားမယ်။ စူးစိုက်မှု သမာဓိအားတွေ လျှော့သွားတာနဲ့ အိပ်ငိုက်မှုတွေ ဝင်ရောက်တတ်ပါတယ်။ သမာဓိနဲ့ဉာဏ်စုံယှဉ်ပြီးတော့ ရှုပေးမယ်။

ညာဘက်လက်ဖဝါး၊ လက်ဖဝါးပြင်ဆိုတာတွေဟာ အထင်ရှားဆုံးပါပဲ။ အစိတ်အစိတ်မပိုင်းတော့ပဲ ညာဘက်လက် တစ်ချောင်းလုံး၊ ညာဘက်လက်မောင်းကနေ လက်ဖျားကျအောင် ရေနဲ့လောင်းချလိုက်သလို သနပ်ခါးလိမ်းသတ်လိုက်သလို လက်တစ်ချောင်းလုံးကို ရှုလိုက်မယ်။ မိမိတို့ သမာဓိစွမ်းအားအလျောက် တစ်ခါထဲရှုချလိုက်မယ်။ ညာဘက်လက်တစ်ချောင်းလုံးကော ဘယ်လိုခံစားချက် သဘောအမူအယာတွေပါလိမ့်။ ပြောင်းလိုက်မယ်။ ဘယ်ဘက်လက်မောင်း၊ ဘယ်ဘက်လက်ကို ရောက်သွားပြီ။ ခေါ်တဲ့နေ့ရာလေးတွေကို လိုက်မှတ်ပေးမယ်။ ရောက်တဲ့ပုဂ္ဂိုလ်များလဲ ဆက်မှတ်ထားမယ်။ မရောက်သေးတဲ့ ပုဂ္ဂိုလ်များလဲ လိုက်မှတ်နေမယ်။ စိတ်မပျက်နဲ့၊ အားမငယ်နဲ့၊ နောက်အချိန်တွေ အများကြီးရှိပါသေးတယ်။ ဘယ်ဘက်လက်မောင်း။ ကပ်ပြီး ပြောင်းလိုက်မယ်။ ဘယ်ဘက်လက်ဖြန်၊ တစ်ထောင်ဆစ်နဲ့ လက်ကောက်ဝတ်ကြား ဘယ်လက်လက်ဖြန်နေရာလေးမှာ ခံစားချက် သဘော အမူအယာတွေ ဘယ်လိုနေပါလိမ့်။ ဘယ်ဘက်လက်ဖမိုး၊ လက်ခုံလို့လဲ ခေါ်ပါတယ်။

## "ခန္ဓာအရှိ ဉာဏ်နဲ့ကြည့် သိရှိသဘာဝ"

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကလဲပဲ "ဓာတ်ပေါ်မှု နာမ်ကရှု" "ဓာတ်ပေါ်မှု ဉာဏ်ကရှု"တဲ့။ ပေါ်တဲ့ ဓာတ်သဘာဝတရားအတိုင်း ပေါ်လွင်တဲ့ထင်ရှားတဲ့ ဓာတ်သဘာဝ အတိုင်း ရှုမှတ်နေရုံပါပဲ၊ ဘယ်ဘက်လမ်မ၊ ဘယ်ဘက်လက်ညှိုး၊ ဘယ်ဘက်လက်ခလယ်၊ ဘယ်ဘက်လက်သူကြွယ်၊ ဘယ်ဘက် လက်သန်း၊ လက်ကလေးတွေမှာလဲ တစ်ချောင်းစီ၊ တစ်ချောင်းစီ ရှုပွားနိုင်ပါတယ်။ ဘယ်ဘက်လက်ဖဝါး၊ လက်ဖဝါးပြင်ဆိုတဲ့ နေရာ

http://www.dhammadownload.com



တွေကတော့ အသိသာဆုံးပါပဲ။ အစိပ်အစိပ်မပိုင်းတော့ပဲ ဘယ်ဘက် လက်တစ်ချောင်းလုံး၊ လက်မောင်းကနေ လက်ဖျားကျအောင် လက် တစ်ချောင်းလုံးကို ခြုံပြီးရှုလိုက်မယ်။ လက်ပိုင်းကို ရှုပြီးပြီဆိုတာနဲ့ မိမိတို့ရဲ့ခန္ဓာကိုယ် အလယ်ပိုင်းကို ပြောင်းရှုမယ်။ ကပ်ပြီးတော့ ရင်ပြင်ဆိုတဲ့နေရာလေးကို ပြောင်းလိုက်မယ်။ ရင်ပြင်နေရာလေးမှာကော ဘယ်လိုများခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။

**နှလုံးရောဂါရှိသူများ ရင်ပြင်ကနေကျော်ပြီးတော့ ဝမ်းပြင် နေရာကို ရှုပါ။**

ရင်ပြင်နေရာလေးမှာ ဘယ်လိုများ ခံစားချက်သဘော အမူ အယာတွေ ရှိနေပါလိမ့်။ ခန္ဓာကိုယ်ရဲ့ အလယ်ပိုင်းကို ရောက်သွားပြီ။ အလယ်ပိုင်းမှာလဲ ထင်ရှားတဲ့သဘောအမူအယာတွေ၊ ပူမှု၊ အေးမှု၊ တောင့်မှု၊ တင်းမှုတွေ၊ ဓာတ်သဘောအမူအယာတွေ တစ်မျိုးမဟုတ် တစ်မျိုး မိမိတို့သမာဓိစွမ်းအားနဲ့ ရှုပွားလိုက်တဲ့အခါမှာ တွေ့မြင်ရတဲ့ ဓာတ်သဘောအမူအယာတွေအတိုင်း ရှုမှုပေးပါ့မယ်။ ကပ်ပြီးပြောင်း လိုက်မယ်။ ဝမ်းပြင်။ ဝမ်းပြင်လေးမှာကော ဘယ်လိုခံစားချက် သဘော အမူအယာတွေ ရှိနေပါလိမ့်။ ကပ်ပြီးပြောင်းလိုက်မယ်။ ကျောပြင်၊ နောက်ကျောတစ်ပြင်လုံး ကျောပြင်ကလေးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ အစိပ်အစိပ်အပိုင်းတော့ပဲ ရင်ပြင်၊ ဝမ်းပြင်၊ ကျောပြင်၊ ခန္ဓာကိုယ်၏အလယ်တစ်ပိုင်းလုံးခြုံပြီးတော့ ရှုလိုက်မယ်။

ခန္ဓာကိုယ်အလယ်ပိုင်းမှာကော ဘယ်လိုခံစားချက် သဘော အမူအယာတွေ ထင်ရှားဖြစ်ပေါ်နေပါလိမ့်။ စူးစူးစိုက်စိုက်နဲ့ ရှုမှတ် ပေးပါမယ်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်ပေါင်၊ ခန္ဓာကိုယ် အောက်ပိုင်း အနေအထားကို ရောက်သွားပြီး ရောက်တဲ့ နေရာလိုက် မှတ်ပေးမယ်။ ခေါ်တဲ့နေရာအတိုင်းပဲ လိုက်မှတ်ထားမယ်။ ညာဘက် ပေါင်ဆိုတဲ့ နေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ

http://www.dhammadownload.com



ရှိနေပါလိမ့်။ ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ ရွတယ်၊ တောင့်တယ်၊ တင်းတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ တွေ့တဲ့အတိုင်း ဆက်မှတ်ထားမယ်။ ကပ်ပြီးပြောင်းလိုက်မယ်။ ညာဘက်ခြေသလုံး၊ ခြေသလုံးနေရာလေးမှာ ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ညာဘက်ခြေဖမိုး၊ ခြေခုံလို့လဲ ခေါ်ပါတယ်။ ညာဘက် ခြေဖမိုး နေရာလေးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ စူးစူးစိုက်စိုက်ကလေး ရှုထားမယ်။ ကပ်ပြီးပြောင်းလိုက်မယ်။

ညာဘက်ခြေမ၊ ခြေမလေးတစ်ချောင်းထဲ ဘယ်လိုများ ဖြစ်နေပါလိမ့်။ ပြောင်းလိုက်မယ်။ ညာဘက်ခြေညှိုး၊ ညာဘက် ခြေညှိုးလေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ပြောင်းလိုက်မယ်။ ညာဘက်ခြေခလယ်၊ ညာဘက်ခြေခလယ်လေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ညာဘက်ခြေသူကြွယ်၊ ညာဘက်ခြေသန်း၊ ညာဘက်ခြေဖဝါး၊ ခြေဖဝါးပြင်ဆိုတဲ့ နေရာလေးတွေဟာ ညာ, အသိသာဆုံး အထင်ရှားပါပဲ။ အစိတ်အစိတ် အပိုင်းတော့ပဲ ညာဘက် ခြေထောက်တစ်ချောင်းလုံး ရေနဲ့လောင်းချလိုက်သလိုမျိုး မိမိရဲ့သမာဓိ စွမ်းအားတွေနဲ့ တစ်ရှိန်ထိုးခြုံပြီး ရှုလိုက်မယ်။ ညာဘက်ခြေထောက် တစ်ချောင်းလုံးမှာကော ဘယ်လိုခံစားချက် သဘောအမူအယာတွေ ရှိနေပါလိမ့်။ ပြောင်းမယ်။ ဘယ်ဘက်ပေါင်၊ ဘယ်ဘက်ပေါင် ရောက်သွားပြီ။ ရောက်တဲ့ပုဂ္ဂိုလ်များကလဲ ဆက်မှတ်ထားမယ်။ မရောက်သေးတဲ့ပုဂ္ဂိုလ်များလဲ လိုက်မှတ်နေမယ်။ စိတ်မပျက်နဲ့ အားမငယ်နဲ့။ ကိုယ်ရဲ့ စိတ်ကလေးကို ပုံမှန် အနေအထားလေးထားပြီး ရှုပေးမယ်။ သဘာဝအမှန်တွေ သိနိုင်ပါတယ်။

ဘယ်ဘက်ပေါင်နေရာလေးမှာ ဘယ်လိုခံစားချက် သဘော အမူအယာတွေ ရှိနေပါလိမ့်။ ခန္ဓာကိုယ်က ပြနေတဲ့တရား သဘောတွေ သိတဲ့အတိုင်း သိတဲ့အတိုင်း ရှုထားမယ်။ ပြောင်းလိုက်မယ်။ ဘယ်ဘက် ခြေသလုံး၊ ဘယ်ဘက်ခြေဖမိုး၊ ဘယ်ဘက် ခြေမ၊ ခြေမလေးတစ်ချောင်း

http://www.dhammadownload.com



ထဲ ဘယ်လိုဖြစ်နေပါလိမ့်။

ဘယ်ဘက်ခြေညှိုး၊ ဘယ်ဘက်ခြေညှိုးလေးတစ်ချောင်းထဲ ဘယ်လိုဖြစ်နေပါလိမ့်။ ဘယ်ဘက်ခြေခလယ်၊ ဘယ်ဘက် ခြေသူကြွယ်၊ ဘယ်ဘက်ခြေသန်း၊ ဘယ်ဘက်ခြေဖဝါး၊ ခြေဖဝါးပြင်ဆိုတဲ့နေရာလေး အသိသာဆုံး အထင်ရှားဆုံး။ တရှိန်းရှိန်း တလှုပ်လှုပ် တသုတ်သုတ် တရွရွ နာနာကျင်ကျင် ကိုက်ကိုက်ခဲခဲ ဖြစ်ပေါ်နေတဲ့ ဓာတ်သဘောအမူ အယာတွေ ကိုယ်တွေ့တဲ့အတိုင်း ရှုမှတ်ထားမယ်။ အစိတ်အစိတ် အပိုင်းတော့ပဲ ဘယ်ဘက်ခြေထောက်တစ်ချောင်းလုံး ပေါင်းရင်းကနေ ခြေဖျားကျ အောင် မိမိရဲ့သမာဓိစွမ်းအားနဲ့ တရှိန်ထိုး ရှုချလိုက်မယ်။ ဘယ်ဘက် ခြေထောက်တစ်ချောင်းလုံးမှာကော ဘယ်လိုခံစားချက် သဘောအမူ အယာတွေ ရှိနေပါလိမ့်။

ယောဂီတို့ကို ခန္ဓာကိုယ် ငယ်ထိပ်ကစ ခြေဖျားကျအောင် အစိတ်အစိတ်ပို့ချခဲ့တာဖြင့် စုံသွားပါပြီ။ ယောဂီတို့ ယခုကျင့်ပွားခဲ့တဲ့ အတိုင်း ယောဂီတို့ကိုယ်တိုင် တွေ့ရှိရတဲ့သဘောအတိုင်း ယောဂီတို့က ဖြေကြားပေးပါ။ မိမိတို့ ရှုမှတ်မှုစိတ်ကလေးတွေကို လျှော့ချပြီး ဣရိယာပုတ်တွေကို ပြင်ပေးပါမယ်။ မိမိတို့ကျင့်ပွားခဲ့တဲ့ သမာဓိစွမ်းအား တွေနဲ့ မိမိတို့ရဲ့ခန္ဓာကိုယ် ငယ်ထိပ်ဆိုတဲ့ နေရာစီ ရှုမှတ်လိုက်တဲ့အခါ ငယ်ထိပ်နေရာမှာ ဆံပင်ပေါက်နေတာ တွေ့ရ သလား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ တွေ့သလား။ ယောဂီတို့ ဘယ်လို တွေ့သလဲ။ ပူတာ၊ အေးတာတွေ တွေ့ပါတယ်ဘုရား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ တွေ့မယ်။ တစ်ဦးနဲ့တစ်ဦး တွေ့တာခြင်း မတူကြဘူး။ ယောဂီတို့ရဲ့ ညာဘက်ပါးပြင်၊ ဘယ်ဘက်ပါးပြင် ရှုလိုက်ပါဆိုတဲ့အခါမှာ ညာဘက် ပါးပြင်က ဖြူဖြူကြီး၊ ဘယ်ဘက်ပါးပြင်က မဲမဲကြီးလို့ ဖြူတာ၊ မဲတာ တွေ့သလား။ ပူတာ၊ အေးတာ၊ မွတာ၊ ရွတာ တွေ့သလား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ၊ ယောဂီတို့ရဲ့ ခန္ဓာက ပြတဲ့သဘောတွေအတိုင်း တွေ့နိုင်ပါတယ်။ ယောဂီတို့ကိုယ်တိုင် ရင်ပြင်၊ ဝမ်းပြင်၊ ကျောပြင်

http://www.dhammadownload.com



ဆိုတဲ့နေရာစီ ရှုလိုက်တဲ့အခါမှာလဲ ရင်ပြင်ကြီးက ပြားပြားကြီး၊ ကျောပြင်ကြီးက ကော့ကော့ကြီးလို့ မြင်ရသလား။ ပြားနေတာတွေတော့ နေတာတွေတွေ့လား။ ပူတာ၊ အေးတာ၊ မွတာ၊ ရွတာတွေတွေ့သလား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ။

ယောဂီတို့ရဲ့ ညာဘက်လက်၊ ဘယ်ဘက်လက်၊ ညာဘက်ခြေထောက်၊ ဘယ်ဘက်ခြေထောက်လို့ ခေါ်ဝေါ်ပေးလိုက်တဲ့အခါ ယောဂီတို့ရဲ့သမာဓိစွမ်းအားနဲ့ ရှုပွားတဲ့အခါမှာ ညာဘက်ခြေထောက်က ရှည်ရှည်ကြီး ဘယ်ဘက်ခြေထောက်က တိုတိုကြီးလို့ ရှည်တာ၊ တိုတာတွေ့သလား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ တွေ့သလား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ တွေ့ပါတယ်ဘုရား။ ပူတာ၊ အေးတာ၊ လှုပ်တာတွေ၊ နာတာ၊ ကျင်တာ၊ ကိုက်တာတွေ တစ်ဦးနဲ့တစ်ဦး တွေ့ကြတာခြင်းတော့ မတူညီနိုင်ကြဘူး။

ကိုယ်တွေ့တော့ တရားမှဟုတ်ပါ့မလားလို့လဲ သံသယမဖြစ်ပေါ်ပါနဲ့။ ကိုယ်တွေ့တာတွေသည်ပင်လျှင် တရားသဘောချည်းပါပဲ။ ယောဂီတို့သိနိုင်တဲ့ ဉာဏ်အမြင်အားဖြင့် မိမိတို့တွေးတော ကြံစည်စိတ်ကူးပြီးတော့ သိရတဲ့သဘောဆိုရင် စိန္တာမယဉာဏ် လို့ခေါ်ပါတယ်။ ဉာဏ်အနေအားဖြင့် စိန္တာမယဉာဏ်၊ သုတမယဉာဏ်၊ ဘာဝနာမယဉာဏ်လို့ (၃)မျိုးရှိပါတယ်။ ယောဂီတို့ ဉာဏ်ဘယ်နှစ်မျိုးလဲ။ သုံးမျိုးပါဘုရား။ သုံးမျိုး။ စိန္တာမယဉာဏ်၊ သုတမယဉာဏ်၊ ဘာဝနာမယဉာဏ်။ ဒီသဘောကတော့ဖြင့် ဒီလိုရှိမှာပဲလို့ တွေးတောပြီးတော့ ကြံစည်ပြီးတော့ စိတ်ကူးပြီးတော့ သိရတဲ့ဉာဏ်ကို စိန္တာမယဉာဏ်လို့ ခေါ်ပါတယ်။ ယောဂီတို့ တွေးကြံပြီးသိရတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်ပါသလဲ။ စိန္တာမယဉာဏ်ပါဘုရား။ ကြားနာလို့ မှတ်သားလို့ သိတဲ့ဉာဏ်ကိုတော့ သုတမယဉာဏ်လို့ ခေါ်ပါတယ်။ ယောဂီတို့ ကြားနာမှတ်သားလို့ သိရတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်သလဲ။ သုတမယဉာဏ်ပါဘုရား။ ယောဂီတို့ကိုယ်တိုင် ကျင့်ပွားလို့ သိမြင်ရတဲ့သဘောကို ခန္ဓာကိုယ်မှာလဲပဲ

http://www.dhammadownload.com



လှုပ်လှုပ် ရွရွ မွမွ (တစ်နည်း) အေးပြီပူပြန် လောင်စာဟန်ကဲ့သို့ ဖောက်ပြန်နေတဲ့ ဓာတ်သဘောအမူအယာတွေ မိမိတို့ကိုယ်တိုင် တွေ့မြင်နေရတဲ့သဘောတွေ၊ ကိုယ်တိုင်သိပြီး ကိုယ်တိုင်ကျင့်လို့ ကိုယ်တိုင်အားထုတ်လို့ အဲဒီတော့ ကျင့်ပွားလို့သိရတဲ့ ဉာဏ်ကိုတော့ ဘာဝနာမယဉာဏ်လို့ ခေါ်ပါတယ်။

ယောဂီတို့ကိုယ်တိုင် ကျင့်ပွားလို့ သိရတဲ့ဉာဏ်ကို ဘာဉာဏ်လို့ ခေါ်ပါသလဲ။ ဘာဝနာမယဉာဏ်ပါဘုရား။ ယခု ယောဂီတို့ ကိုယ်တိုင် မိမိတို့ထူထောင်လာခဲ့တဲ့ သမာဓိစွမ်းအားတွေနဲ့ ကိုယ်တိုင်ကျင့်ကြံလို့ ကိုယ်တိုင်အားထုတ်လို့ ခန္ဓာကိုယ်က ပြတဲ့တရား ခန္ဓာကိုယ်မှာရှိနေတဲ့ သဘာဝတရားတွေ ပူမှု အေးမှု လှုပ်မှု ရွမှု တောင့်မှု တင်းမှုဆိုတဲ့ ဓာတ်သဘောအမူအယာတွေကို ကိုယ်တိုင် တွေ့မြင်လို့ ကိုယ်တိုင် ရှုမြင်ဆင်ခြင်သုံးသပ်နိုင်ကြပြီ ဖြစ်တဲ့အတွက် ယောဂီတို့တွေ့နေရတဲ့ ပူမှု၊ အေးမှု၊ လှုပ်မှု၊ ရွမှု၊ တောင့်မှု၊ တင်းမှုဆိုတဲ့ ဓာတ်သဘော အမူအယာတွေသည်ပင်လျှင် မြဲသလား၊ မမြဲဘူးလားဆိုတာ ဆန်းစစ်ပြီး ကြည့်မယ်ဆိုရင် ယောဂီတို့ရဲ့ ခန္ဓာကိုယ် ငယ်ထိပ်ကစ ခြေဖျားကျအောင် သမာဓိစွမ်းအားနဲ့ ရှုပွားလိုက်တဲ့အခါမှာ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ငြိမ်သက်နေတာ တွေ့သလား၊ လှုပ်ခါနေတာ တွေ့သလား။

လှုပ်ခါနေတာ တွေ့ပါတယ်ဘုရား။ တစ်ကိုယ်လုံးမှာ တစ်စက္ကန့် လေးမှ ငြိမ်သက်မှု မရှိဘူး။ ပူတဲ့သဘောတွေ အေးတဲ့ သဘောတွေ လှုပ်တယ်၊ ရွတယ်၊ တောင့်တယ်၊ တင်းတယ်ဆိုတဲ့ ဓာတ်သဘော အမူအယာတွေဟာ အမြဲမပြတ် ဒလစပ် လှုပ်ခါနေတယ်။ ဖောက်ပြန် နေတယ်၊ ပြောင်းလဲနေတယ်။ ဖောက်လွဲဖောက်ပြန် ဖြစ်ပေါ်နေကြတာ တွေဟာ မြဲလို့လား၊ မမြဲလို့လား ဆိုရင် မမြဲလို့ပါဘုရား။ မြဲတာကို ပါဠိက နိစ္စလို့ ခေါ်ပါတယ်။ မမြဲတာကို ပါဠိက အနိစ္စလို့ ခေါ်ပါတယ်။ ယောဂီတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ကြပြီး မမြဲတဲ့ သဘောလို့ ဆုံးဖြတ်ချက်ချနိုင်ကြတာသည်ပင် ဝိပဿနာဉာဏ်မည်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်အရ-

**ပညတ္တိံ တပေတွာ အနိစ္စာဒိဝသေန ဝိဝိ ဓေဟိ အာကာရေဟိခန္ဓေပဿတီတိ ဝိပဿနာ။**

ပညတ္တိံ= ခန္ဓာကိုယ်ငယ်ဒိတ်ကစ ခြေဖျားကျအောင် ခေါင်း၊ လက်၊ ကိုယ်၊ ခြေဆိုတဲ့ အခေါ်အဝေါ်အမည်နာမ ပညတ်တရားကို၊ ထပေတွာ= ဖယ်ခွာစေ၍ အနိစ္စာဒိဝသေန= အစရှိသည်တို့၏အစွမ်းဖြင့်၊ ဝိဝိဓေဟိ= အထူးထူးအပြားပြားကုန်သော၊ အာကာရေဟိ= ပူမှုအေးမှုလှုပ်မှု ယွမှု တောင့်မှု တင်းမှုဟု ဆိုအပ်ကုန်သော ခန္ဓပရမတ် အစစ် တရားခတ်သားအနှစ် အချင်းအရာတို့ဖြင့်၊ ပဿတိ= ရှုစား ဆင်ခြင်နိုင်ပါ၏။ ဣတိတသ္မာ= ထို့ကြောင့်၊ ဝိပဿနာ= ဝိပဿနာ မည်ပါပေတော့ သတည်း။ သာဓု - သာဓု - သာဓု

**"တရားပျောက်တော့ ကိုယ်မှာရှာ၊ တရားရှာတော့ ကိုယ်မှာတွေ့"**

မိမိတို့ကိုယ်တိုင် ရှုဆင်ခြင်ကြလို့ တရားတွေ ဖြစ်နေကြပါပြီ။ မိမိရဲ့ ခန္ဓာကိုယ်မှာ သမာဓိအားနဲ့ ရှုဆင်ခြင်လိုက်တဲ့အခါမှာ ပူမှု အေးမှု လှုပ်မှု ရွမှု တောင့်မှု တင်မှုဆိုတဲ့ ခါတ်သဘော အမူအယာတွေရဲ့ အပေါ်မှာ မမြဲတဲ့သဘောမမြဲတဲ့အချက် အနိစ္စလက္ခဏာအားဖြင့် ရှုပွားဆင်ခြင်နိုင်ပြီဖြစ်တဲ့အတွက်ကြောင့် ဝိပဿနာဉာဏ် တက်လှမ်း ပို့ချချက်ဟာလည်း ပြည့်စုံပြီးတော့ သွားပါပြီ။ ယောဂီတို့ကိုယ်တိုင် ကျင့်ပွားခဲ့တဲ့အကျင့်တရား ပဋိပတ္တိကျင့်စဉ်သည် ဘယ်ဒေသနာတော် အရ ကျင့်စဉ်ဖြစ်တယ်ဆိုတာ ပရိယတ်နဲ့ တစ်ထပ်ထဲကျပုံကို ဒေသနာ တော် ယုတ္တိအားဖြင့် သာဓကထုတ်ပြီး ပြရမယ်ဆိုရင် မြတ်စွာဘုရားရှင် သားတော်ရာဟုလာကို ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်အရ-

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်၊ ဓာတုသုတ္တန်အရ ယောဂီတို့အား ဘယ်သုတ်တဲ့လဲ။

http://www.dhammadownload.com



" ဓာတုသုတ်" မိမိတို့ကျင့်ပွားတဲ့ တရားဟာ ဘယ်ဒေသနာတော်အရ ဖြစ်တယ်ဆိုတာ ကိုယ်တိုင်သိနိုင်အောင်၊ **ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေအနာထပိဏ္ဍိကဿ အာရာမေ၊** မြန်မာလိုအားဖြင့် ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွဋ်ထား မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးသည် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်း မွေ့လျော် စံပယ်နေတော်မူစဉ် အာရုံပြုကြည်ညိုနိုင်အောင် မြတ်စွာ ဘုရားရှင်က သားတော်ရာဟုလာကို ခေါ်တော်မူပြီး- **"တံကိံ မညသိရာဟုလ"**၊ ချစ်သားရာဟုလာ တံ= တို့ငါဘုရားပေး မြန်းတော် မူမည့်စကားတော်ကို တွံ= သင်ချစ်သားသည်၊ ကိံ မညသိ= အဘယ်သို့ မှတ်ထင်သနည်း၊ ဘယ်ကဲ့သို့ ပြောကြားမည်နည်း။

သားတော်ရာဟုလာ ငါဘုရားမေးမြန်းမည့်စကားတော်ကို သင်ဘယ်ကဲ့သို့ မှတ်ထင်သနည်း။ အဘယ်ကဲ့သို့ ဖြေကြားမည်နည်း။ ပထဝီဓာတ်တဲ့ မြန်မာလိုအားဖြင့် မြေဓာတ်ပရမတ်သဘောအားဖြင့် မာသောသဘော၊ ပျော့သောသဘော၊ ယောဂီတို့ရဲ့ ခန္ဓာကိုယ်မှာ ဘာဝနာမယဉာဏ်နဲ့ တွေ့နေရတဲ့ ပထဝီဓာတ်ရဲ့သဘောကတော့ တင်းကြပ်နေတဲ့ အမူအယာတွေ မတွေ့ဘူးလား။ တွေ့နေရတယ်။ လေးတဲ့အမူအရာတွေ တွေ့နေရတာပဲနော်။ တင်းကြပ်တဲ့ အမူအယာ တွေ၊ လေးတဲ့အမူအယာတွေဟာ မြဲတယ်လို့ ပြောမှာလား။ မမြဲဘူးလို့ ပြောမှာလား။ "မမြဲပါဘူးဘုရား"။ မမြဲဘူးလို့ ကိုယ်တိုင်ဆုံးဖြတ် နိုင်ကြသလို သားတော်ရာဟုလာကလည်းပဲ **"အနိစ္စာဘန္တေ"**။ ဘန္တေ= ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ အနိစ္စာ= ပထဝီဓာတ်လို့ခေါ်တဲ့ မြေဓာတ်သည်လည်းပဲ တစ်ချက်ကလေး မျှ မမြဲပါဘူးဘုရား။ တဖန် အာပေါဓာတ် မြန်မာလိုရေဓာတ်၊ ပရမတ် သဘော အလိုအားဖြင့် ဖွဲ့စည်းသောသဘော၊ ယိုစီးသောသဘော၊ ဖွဲ့စည်းတဲ့အမူအယာ၊ ယိုစီးတဲ့သဘော အမူအယာဖြစ်တဲ့ အာပေါဓာတ်

http://www.dhammadownload.com



က ခါတ်နှုဖြစ်ပြီးတော့ ကိုင်တွယ်လို့မရတဲ့သဘော အာပေါဓာတ်ရဲ့ သဘောတရားတွေ၊ ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘော အမူအယာတွေ သည် မြဲသလား၊ မမြဲဘူးလားဆိုတော့ သားတော် ရာဟုလာက **"အနိစ္စာဘန္တေ"**။ ဘန္တေ= မြတ်စွာဘုရား၊ အနိစ္စာ= အာပေါဓာတ်သည် မမြဲပါဘူးဘုရား။

တစ်ဖန် တေဇောဓာတ်၊ မြန်မာလို မီးဓာတ်၊ ပရမတ်သဘော အားဖြင့် ပူတဲ့သဘော၊ အေးတဲ့သဘော။ ခန္ဓာကိုယ်မှာ မိမိရဲ့သမာဓိ အားတွေနဲ့ ကြည့်ရှုဆင်ခြင်လိုက်တဲ့အခါ ပူတဲ့သဘော၊ အေးတဲ့သဘော တွေ တွေ့နေရတယ်။ ပူတဲ့သဘော၊ အေးတဲ့ သဘော၊ ခန္ဓာကိုယ်မှာ တစ်နေရာမှာပူပြီးတော့ တစ်နေရာမှာ အေးနေတယ်။ တစ်ချို့မှာ ပူတဲ့သဘောတွေကနေ အေးသွားတယ်။ အေးရာကနေ ပူလာပြန်ပြီ။ ပူတဲ့သဘောလေးတွေ ပြောင်းလဲနေတယ်။ ဖောက်ပြန်နေတယ်။ အဲဒါ မြဲတယ်လို့ ပြောမှာလား။ မမြဲဘူးလို့ ပြောမှာလား။ "မမြဲပါဘုရား"။ သားတော်ရာဟုလာက **"အနိစ္စာဘန္တေ"**။ ဘန္တေ= မြတ်စွာဘုရား၊ အနိစ္စာ= မမြဲပါဘုရား။

တစ်ဖန် ဝါယောဓာတ်၊ မြန်မာလို လေဓာတ်၊ ပရမတ် သဘောအလိုက ထောက်ကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော အမူအယာတွေ။ ယောဂီတို့ ခန္ဓာကိုယ်ကြီး ငုတ်တုတ်ရှိနေတယ်။ ဝါယောဓာတ်ရဲ့ ထောက်ကန်တဲ့သတ္တိ၊ သွားလာတယ်၊ လှုပ်ရှား တယ်၊ ယိမ်းယိုင်နေတဲ့သဘောအမူအယာတွေ ယောဂီတို့ခန္ဓာကိုယ်မှာ မတွေ့ဘူးလား။ တွေ့နိုင်တယ်။ တွေ့နေရတဲ့သဘော၊ ဝါယောဓာတ်ရဲ့ လှုပ်ရှားမှုတွေ ယိမ်းယိုင်မှုတွေ မြဲတယ်လို့ ပြောမှာလား။ မမြဲဘူးလို့ ပြောမှာလား။ မမြဲဘူး။ သားတော် ရာဟုလာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ရဲ့အပေါ်မှာ မမြဲတဲ့သဘော အနိစ္စအချက်၊ အနိစ္စလက္ခဏာ စသည်ဖြင့် ရှုပွားဆင်ခြင်၍နေသော အရိယာသူတော်စင်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ပထဝီဓာတ်၌ ငြီးငွေ့လေတော့၏။

http://www.dhammadownload.com



အာပေါခာတ်၌ ငြီးငွေ့လေတော့၏။ တေဇောခာတ်၌ ငြီးငွေ့လေတော့၏။ ဝါယောခာတ်၌ ငြီးငွေ့လေတော့၏။ သားတော်ရာဟုလာကို အရှယ်နဲ့လျော်ညီစွာ နိဗ္ဗိန္ဒာဉာဏ်သို့ရောက်အောင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်ကျင့်စဉ်အရ။

ယောဂီသူတော်စင် အပေါင်းတို့သည် မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ခာတ်ကြီးလေးပါးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်း၍ ထားအပ်သော ရုပ်နာမ် တရားတို့ရဲ့အပေါ်မှာ မမြဲတဲ့သဘော အနိစ္စအချက် အနိစ္စလက္ခဏာ စသည်အားဖြင့် ဆက်လက်ခါ ကျင့်ပွားအားထုတ် နိုင်ကြသဖြင့် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော မဂ်လေးဝ၊ ဖိုလ်လေးတန် နိဗ္ဗာန်တိုင်ဉာဏ် အမြင်လင်း စေနိုင်ကြ၍ မယွင်းမသွေ ရနိုင်ကြ ရောက်နိုင်ကြ မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

**အစီအစဉ်နံပါတ် (၁၂)အရ**

ပင့်ဖိတ်ထားသော နတ်ပြဟ္မာအပေါင်းတို့ကို ပြန်ပို့တဲ့အစီအစဉ်ပါ။

**အစီအစဉ်နံပါတ် (၁၃)အရ**

ရတနာတော်မြတ်သုံးပါးနှင့်တကွ အနန္တောအနန္တငါးပါးကို ရှိခိုးခြင်း၊ မေတ္တာပို့သအမျှပေးဝေခြင်းများ ပြုလုပ်ကြပြီး အခမ်းအနား ရုပ်သိမ်းကြမည့် အစီအစဉ်ပါ။

အခမ်းအနားရုပ်သိမ်း။

http://www.dhammadownload.com



## လယ်တီစိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း ဖွင့်ပွဲ

၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်၊ (၂၃-၅-၂၀၀၃)၊ သောကြာနေ့၊ နံနက်ခင်းအချိန်။

## လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်းဖွင့်ပွဲ

သာသနာတော်နှစ် ၂၅၄၈၊ ၁၃၆၅ ခု၊ ကဆုန်လပြည့်ကျော် (၈)ရက်၊ (၂၃-၅-၂၀၀၃)နံနက် (၈း၀၀)နာရီ၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုဌာနချုပ်က ကြီးမှူးကျင်းပအပ်သော လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း "ပထမအကြိမ်ဖွင့်ပွဲ အခမ်းအနား"အစီအစဉ်ပါဘုရား။

**အစီအစဉ် (၁)အရ**

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြရန်ပါဘုရား။

"နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပေးတော်မူကြပါမည့်အကြောင်း ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** [၃]

**အစီအစဉ် (၂)အရ**

မုံရွာမြို့ မဟာလယ်တီ ပဓာနနာယက နဝမဆရာတော်၊ လယ်တီနိကာယဉက္ကဋ္ဌ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေလာသ မဟာထေရ် အရှင်မြတ်ထံမှ (၈)ပါးသီလခံယူဆောက်တည်ကြပြီး သြဝါဒတရားနာကြားကြရန် ဖြစ်ပါသည်။

http://www.dhammadownload.com



ဆရာတော်ဘုရား ဘုရားတပည့်တော်တို့အား သနားသော အားဖြင့် (၈)ပါးသီလနှင့်တကွ ဩဝါဒတရား ချီးမြှင့်တော်မူရန် ရိုသေ လေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဆရာတော်ဘုရားထံမှ (၈)ပါးသီလနှင့် ဩဝါဒတရား နာကြားကြရန်အတွက် ဩကာသချီးဖြင့် ကန်တော့ကြပါစို့။

"(၈)ပါးသီလ ခံယူကြပါသည်။"

## မုံရွာမြို့ မဟာလယ်တီတိုက် အဂ္ဂမဟာပဏ္ဍိတ နဝမလယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

**နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ၊ နမောဂန္ထကာရဿ လယ်တီမဟာထေရဿ။**

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့်တကွ ကျေးဇူး တော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး အားလုံးသော ရဟန်း ပရိတ်၊ လူပရိသတ်တို့ရဲ့ ဦးထိပ်မှာတင်ထားအပ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်စခန်းတို့ကို အာဒိကမ္မိကအစပြုကြ၍ သုံးရပ်သော ပိဋကတ်၊ ငါးရပ်သောနိကာယ်ကျမ်းတို့မှ ထုတ်ဆောင်ပြီး လမ်းညွှန်ပြသတော်မူ သွားသော ကိုယ်တိုင်လဲ ကျင့်ကြံပွားများ အားထုတ်တော်မူသွားသော အားလုံးသော ဝေနေယျအပေါင်းတို့အားလဲ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်စခန်းကို ညွှန်ကြားတော်မူသွားခဲ့သော ကျေးဇူးရှင်ဆရာတော် ဘုရားကြီးအားလဲ ရှိခိုးကန်တော့ပါတယ်။

ရတနာမြတ်သုံးပါးနှင့်တကွ အာစရိယထိပ်ခေါင်တင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအား ဝန္ဒနာပဏာမပြုပြီး တဲ့နောက် ယခု **"လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း"** ဖွင့်လှစ်ပွဲသို့ ကြွရောက် လာကြကုန်သော မဟာလယ်တီတိုက်တာကြီးမှ ကြွရောက်လာပြီး အားလုံးသော ပြည်တွင်းပြည်ပ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကို စွမ်းစွမ်း တမံ ဆောင်ရွက်တော်မူကြမည့် အာဇာနည်ဖြစ်ကြကုန်သော

http://www.dhammadownload.com



သံဃာတော်အရှင်မြတ်များ လူပုဂ္ဂိုလ်များနဲ့ ယခုလို မျက်နှာချင်းဆိုင် တွေ့ပြီးမှ ဒဿန ကောင်းသောမြင်ခြင်း၊ ကောင်းသောတွေ့ခြင်း၊ ကောင်းသောဆုံခြင်း၊ ကောင်းသောဩဝါဒ စကားပြောရခြင်း အခွင့်အလမ်းကို ရရှိပါသဖြင့် အထူးသဖြင့် ဝမ်းမြောက်ပါတယ်လို့ ပြောကြားလိုပါတယ်။

အဲဒီကနေပြီးတစ်ဆင့် ဩဝါဒစကား ပြောရမယ်ဆိုရင် မုံရွာမြို့ အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အရှင်မြတ်၊ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်တို့က ပြောလတ့်ဖြစ်တဲ့အတွက် တိုတိုကျဉ်းကျဉ်းလိုရင်းနဲ့ပဲ ဆရာတော် ပြောလိုပါတယ်။

**မာဝေါခဏံ ဝိရာဓေထ၊ ခဏာ တီတာဟိ သောစရေ၊**
**သဒတ္ထေ ဝါယာမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော၊**

အပဒါနပါဠိတော်မှာ လာရှိတဲ့အတိုင်း အဲဒီပါဠိတော်က စကားရပ်ကို အကျဉ်းချုံးပြီးမှ ခပ်တိုတိုကျဉ်းကျဉ်းနဲ့ပဲ ပြောလိုပါတယ်။

**မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ၊**
**သဒတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော၊**

အဲဒီဂါထာမှာ "မာဝေါခဏံ ဝိရာဓေထ" ပထမပါဒ၊ "ခဏာတီတာဟိ သောစရေ" ဒုတိယပါဒ၊ "သဒတ္ထေ ဝါယမေယျာထ" တတိယပါဒ၊ "ခဏော ဝေါ ပဋိပါဒိကော" စတုတ္ထပါဒ၊ လေးပါဒရှိတာကို လိုရင်းအကျဉ်းချုပ်ပြီး တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းပြောလို တာက "မာဝေါခဏံ ဝိရာဓေထ" သင်တို့သည် ဗုဒ္ဓုပ္ပါဒမြတ်ခဏကို တွေ့ရ ကြုံရ ဆုံရတဲ့အခါ ဗုဒ္ဓုပ္ပါဒ မြတ်ခဏကို ချော်လွှန်၍ များမသွားကြပါစေနဲ့။ အဲဒီလိုပဲ ပထမပါဒရဲ့ အဓိပ္ပါယ်ရရှိပါတယ်။ အဲဒီတော့ တွေ့ခဲ ကြုံခဲတဲ့ ကမ္ဘာသင်္ချေ ကုန်လွန်သော်ငြားလဲ တစ်ခါတစ်ရံမျှ တွေ့ရဖို့ ကြုံရဖို့ အလွန်တရာ ခဲယဉ်းလှစွာသော ဗုဒ္ဓုပ္ပါခဏ၊ ရနိုင်ခဲလှစွာသော မနုဿတ္တဘဝ ဒုလ္လဘခဏ၊ ရနိုင်ခဲလှစွာသော သဒ္ဓမ္မဿဝနခဏ၊ ရနိုင်ခဲလှစွာသော သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘခဏ အဲဒီ ခဏလေးနဲ့ ယခု ကမ္မဋ္ဌာနာ

http://www.dhammadownload.com



စရိယ အရှင်မြတ်များနဲ့တကွ အားလုံးကြွရောက်လာကြတဲ့ လူဒါယကာ ပုဂ္ဂိုလ်များ ကလျာဏပုထုဇဉ်သူတော်စင်ပုဂ္ဂိုလ်များမှာ တွေ့ခဲကြုံခဲတဲ့ ခဏလေးတွေ့ကြုံလာကြရပြီ။

အဲဒီလို တွေ့ကြုံလာကြတဲ့ ခဏကို ချော်လွန်၍ မသွားကြပါနဲ့။ သာသနာတော်ရဲ့ တွေ့ရ ကြုံရကျိုးနပ်အောင် ဆောင်ရွက်ကြပါလို့ ဆိုလိုပါတယ်။ ဒါက မူလသိသင့်သိထိုက်တဲ့ အဓိပ္ပါယ် အနုလောမ အားဖြင့် လျှော်ကန်လျှောက်ပတ်စွာ သိသင့်သိထိုက်တဲ့ အဓိပ္ပါယ်ကတော့ ယခုလို လယ်တီတရားစခန်းမှာ ကမ္မဋ္ဌာနာစရိယ သင်တန်းဖွင့်ပြီးမှ ဆောင်ရွက်တယ်ဆိုတာမျိုးဟာ လွန်ခဲ့တဲ့ အတိတ်ကာလတုန်းက ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ မရှိခဲ့တဲ့အလုပ်၊ မရှိခဲ့တဲ့ကိစ္စပါပဲ။ အဲဒီလို ကိစ္စမျိုးဆိုတာ ကြုံလဲမကြုံခဲ့ရဘူး။ တွေ့လဲမတွေ့ခဲ့ရဘူး။ ယခုမှ ပထမလက်ဦးဆုံး တွေ့ကြ ကြုံရ ဆုံရတာ။ အဲဒီလို ဆုံလာရတဲ့ လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ သင်တန်းကို ကြွရောက်တော်မူလာကြတဲ့ အာဇာနည်ဆရာတော်များ၊ အားလုံးလူပုဂ္ဂိုလ်များ ဆရာတော်တို့စပြီး အားလုံးဝမ်းမြောက် ဝမ်းသာနဲ့ သြော်- တို့ကမ္ဘာဦး အချိန်အခါ ကာလက ကမ္ဘာသူ ကမ္ဘာသားတွေဟာ နေ, လကို တောင့်တ၍ နေကြသလို ယခုအချိန် အခါမှာလဲပဲ ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်ဖြစ်တဲ့ ဝိပဿနာတရားကို အလုပ်စခန်းအနေနဲ့ ဖွင့်ပြီးမှ သင်တန်းဖွင့်လို့ ဒီလိုပဲ မြို့အလီလီ ပြည်အရပ်ရပ်လိုပဲ သင်တန်းဖွင့်မှ တရားအလုပ်စခန်းများ ဘယ်အချိန် များ ပေါ်လာပါလိမ့်မလဲလို့ ဆရာတော်စိတ်ကူးထဲမှာ ရှိတယ်။ စိတ်ကူးထဲမှာ ရှိခဲ့တဲ့အတိုင်းပဲ ဆရာတော်ဦးဇာဂရ ကြီးမှူး၍ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း ဖွင့်နိုင်ခဲ့တယ်။

ဒီလို အချိန်အခါမျိုးဆိုတာ ဒီလိုအခွင့်အရေးမျိုးဆိုတာ ကြုံတောင့်ကြုံခဲမျိုး အခွင့်အရေး၊ ဒုလ္လဘအခွင့်အရေးမျိုးလို့ ဆိုပါတယ်။ အဲဒီလို ဒုလ္လဘအခွင့်အရေးမျိုးမှာ လာကြုံကြတဲ့အားလုံးသော

http://www.dhammadownload.com



အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များဟာ "မာဝေါခဏံ ဝိရာဓေထ" မိမိတို့ ကြုံရတဲ့အခိုက် ကလေးကို ဒုလ္လဘခဏလေးကို ဒုလ္လဘကိစ္စလေးကို မချော်လွန်ပါစေနဲ့။ မကျော်လွန်ပါစေနဲ့။ ကြိုးကြိုးစားစား အားထုတ်လိုက်ကြပါလို့ သင်တန်း ပေးကြပါလို့။ မြို့အလီလီ ပြည်အရပ်ရပ် မိမိတို့ရဲ့ နေရာဌာနအသီးသီး တို့မှာ ရောက်ရာရောက်ရာ ဌာနမှာ ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်စခန်းဆိုတာ "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ"။

အရှင်ဘုရားတို့ တပည့်တော်တို့ ရည်ညွှန်းခဲ့ကြတဲ့ သာမဏေ ပြုစဉ်အခါက ဥပဇ္ဈာယ်ဆရာထံရင်းမှာ ရွတ်ဆိုခဲ့ကြတဲ့ စကားနဲ့ လျော်ညီစွာ သံသရာမှ လွတ်မြောက်စေတတ်တဲ့ ထွက်မြောက်စေ တတ်တဲ့ တရားကောင်းစစ်စစ် ဧကန်ဖြစ်တဲ့အတွက် အဲဒီ ခဏလေးကို မလွတ်ပဲနဲ့ မိမိတို့တတ်စွမ်းသမျှ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကို ဆောင်ရွက်ကြပါ။ သွန်သင်တော်မူကြပါ။ ဟောကြား တော်မူကြပါ။ သင်တန်းပေးတော်မူကြပါ။ အဲဒီလို လျှောက်ထားလိုပါတယ်ဘုရား။

"ခဏာတီတာဟိ သောစရေ" စကားကျယ်သွားမှာစိုးလို့ ခပ်ကျဉ်းကျဉ်းပဲ ပြောကြပါစို့။ ဗုဒ္ဓုပ္ပါဒ ခဏကို ကျော်လွန်သွား ကြတဲ့ ပုဂ္ဂိုလ်များဟာ ချော်လွန်သွားကြတဲ့ပုဂ္ဂိုလ်များဟာ ဩော်- တို့ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကြီးနဲ့ တွေ့လျှက်နဲ့ ရှင်တော်ဗုဒ္ဓရဲ့ အလိုကျဖြစ်တဲ့ အခုကိစ္စတွေ ကို မဆောင်ရွက်ခဲ့လို့ လွဲရလေခြင်းလို့ တောက်ခေါက် နောင်တ ပူပန်စိုးရိမ်ရတတ်တယ်။ နောင်ကျလို့ရှိရင် တောက်ခေါက် နောင်တ စိုးရိမ်ရတတ်တယ်။ အဲဒီလို ဆိုလိုပါတယ်။ အဲဒါကို အနုလောမအားဖြင့် အလျှော်အားဖြင့် ပြောရမယ်ဆိုရင် ယခုလို ကမ္မဋ္ဌာနာစရိယသင်တန်း ကြီးဖွင့်မှ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော် ဘုရားကြီး ဝိပဿနာတရားတော်မြတ်ကို အားထုတ်ပုံ အားထုတ်နည်း သင်တန်း ဖွင့်လှစ်လိုက်တဲ့အချိန်မှာ ငါတို့တတွေ ချော်လွန်သွားခဲ့လို့ရှိရင်

http://www.dhammadownload.com



ဂရုမစိုက်ပဲနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ဖွတ်မေ့ ပဒတ်မေ့ အရပ်ခလေ့နဲ့ နေခဲ့လို့ရှိရင် နောင်တစ်နေ့ကျရင် မပြုလုပ်ခဲ့မိလေခြင်း၊ မလေ့လာခဲ့မိလေခြင်း၊ မပွားများခဲ့မိလေခြင်းလို့ တောက်ခေါက် နောင်တတစ်ဖန် ပူပန်စိုးရိမ်ရလိမ့်မယ်လို့ ဆိုလိုပါတယ်။

"သဒတ္ထေ ဝါယမေယျာထ" တွေ့ဆဲ ကြုံဆဲ ဆုံဆဲအခါကာလ ဗုဒ္ဓုပ္ပါဒမြတ်ခဏကြီးနဲ့ တွေ့ရတဲ့အခါမှာ မိမိရဲ့ကိုယ်ကျိုး စီးပွားဖြစ်တဲ့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ သဒတ္ထ= မိမိရဲ့ကိုယ်ကျိုးစီးပွား ဒါနမှု၊ သီလမှု၊ ဘာဝနာမှု။ **"အဲဒီ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ဆိုတာကလဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ အလိုတော်ကျဆိုရင် ဒါနအလုပ်ပြီးရင်လဲ ဝိပဿနာနဲ့ ခေါင်းကချုပ်ရမယ်။ သီလကို ကျင့်ရင်လဲပဲ ဝိပဿနာနဲ့ ခေါင်းကချုပ်ရမယ်။ ထွက်လေ ဝင်လေ အာနာပါနစသော သမထ ကမ္မဋ္ဌာန်းကို စီးဖြန်းရင်လဲပဲ ဝိပဿနာနဲ့ ခေါင်ကချုပ်ရမယ်။"** ကိုယ်ကျိုးကိုယ်စီးပွားဖြစ်တဲ့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ ဘာဝနာထဲမှာ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာလို့ ရှိတယ်။ သမထဘာဝနာဆိုတာ နီဝရဏတရားကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်နိုင်တယ်။ သမုစ္ဆေဒ ပဟာန်အားဖြင့် မပယ်နိုင်ဘူး။ ဝိပဿနာဘာဝနာမှသာလျှင် တဒင်္ဂပဟာန်ပေါင်းများစွာ လေ့လာပွားများအားထုတ်တဲ့ အခါကျတော့ သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာအောက်တန်းဖြစ်တဲ့ အောက်သံသရာကို လည်စေတတ်တဲ့ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတည်းဟူသော ကိလေသာတရားကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပါခုတ်ထွင် ပယ်ဖျက်နိုင်တဲ့အတွက် ကြောင့်မို့ ဝိပဿနာဘာဝနာ အထူးအားဖြင့် အလွန်အရေးလှပါတယ်။

အဲလို အလွန်အရေးကြီးတဲ့ ဝိပဿနာဘာဝနာတရားကို အခုလယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း ဖွင့်လှစ်လိုက်တဲ့ အချိန် အခါကာလမှာ မိမိတို့ရဲ့ အလိုရှိအပ်သော ထိပ်ဆုံးဖြစ်တဲ့ အကျိုးစီးပွားက ဝိပဿနာတရားဟာ ထိပ်ဆုံးဖြစ်တဲ့ အကျိုးစီးပွား ဖြစ်ပါတယ်။ အဲဒါ ထိပ်တန်းဖြစ်တဲ့ ထိပ်ခေါင်ဖြစ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်း တည်းဟူသော

http://www.dhammadownload.com



သင်တန်းတည်းဟူသော မိမိတို့ရဲ့ အကျိုးစီးပွား "သဒတ္ထ"ကို အားထုတ်တော်မူကြပါ။ အားလုံးသော သူတော်စင်များ၊ လူပုဂ္ဂိုလ်များ၊ လူယောဂီများကလဲ မိမိတို့တတ်အားသမျှ ကိုယ်အား ဉာဏ်အားဖြင့် ဆောင်ရွက်ပံ့ပိုးပြီးတော့ ကိုယ်တိုင်လဲပဲ ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော အောက်သံသရာ ကြီးပြတ်အောင် ဖြတ်မယ်ဆိုတဲ့ စေတနာနဲ့ မိမိရဲ့ ကိုယ်ကျိုးကိုယ့်စီးပွားကို ဆောင်ရွက်ကြပါ။ အဲဒါကြောင့် "သဒတ္ထေ ဝါယမမေယျာထ"၊ "ခဏော ဝေါ ပဋိပါဒိကော"။

အားလုံးသော ကမ္မဋ္ဌာနာစရိယများ သင်တန်းသားများဖြစ်တဲ့ အာဇာနည်ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သာသနာပြုကြမည့် ဆရာတော်များ၊ ပြည်တွင်းပြည်ပ သာသနာပြုကြမယ့် ဆရာတော်များ ဗုဒ္ဓုပ္ပါဒက္ခဏကို "ခဏော ဝေါ ပဋိပါဒိကော" ရင်ဆိုင်တွေ့နေရပါပြီ။ အခု လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ သင်တန်းဌာနမှာ ရင်ဆိုင်တွေ့ကြုံကာ အားထုတ်၍နေကြရပါပြီ။ အဲဒါကို မမေ့ မလျော့ပဲနဲ့ မိမိတို့ကိုယ်ကျိုးကိုယ်စီးပွားကို ပျက်စီးမချော်လွန်ရအောင် အားလုံး သာသနာတော်ကြီးရဲ့ အကျိုးစီးပွား ထွန်းကားလာအောင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်စခန်းများကို ကြီးပမ်းလို့လ ထွန်းကားလာအောင် ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပါလို့ ဆရာတော်က ဩဝါဒပေးရင်း နိဂုံးချုပ်အပ်ပါတယ်။

သာဓု - သာဓု - သာဓု

## အစီအစဉ် (၄)အရ

မုံရွာမြို့ အရှေ့လယ်တီတိုက် ပဓာနနာယကဆရာတော် လယ်တီနိကာယအဖွဲ့ အကျိုးတော်ဆောင် လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုဌာနချုပ် ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်က ဩဝါဒကထာ ချီးမြှင့်မည့် အစီအစဉ်ပါ။

http://www.dhammadownload.com



ဆရာတော် အရှင်မြတ်ဘုရား ဩဝါဒဒေသနာ ချီးမြှင့်တော်မူပါမည့်အကြောင်း ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒအဆုံးအမ လမ်းညွှန်ချက်ကို ဦးလည်မသုံ လိုက်နာ၍ မြတ်စွာဘုရား၏ ပဋိပတ္တိ သာသနာတော်ကြီး ဖြောင့်ဖြောင့်တန်းတန်းဖြစ်သော လမ်းမှန်ချက်ကို ဖော်ဆောင်မည့် ကမ္မဋ္ဌာနာစရိယ အရှင်မြတ်တို့ကို ယနေ့ကစပြီးတော့ သင်တန်းတက် သာသနာပြုလုပ်ငန်းကြီးကို စကြရတော့မည်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဆုံးမဩဝါဒအတိုင်း ပဋိပတ္တိလမ်းစဉ်ကို တပည့်တော်တို့ ကျင့်သုံးခြင်းသည် ဆရာတော်ဘုရားကြီးရဲ့ သာသနာတော်မှာ အတုမရှိဖြစ်သော လမ်းညွှန်ချက်၊ ပုဂ္ဂိုလ် သူမြတ်ကြီးဖြစ်တဲ့အတွက် တပည့်တော်တို့ လုံးဝသဒ္ဓါတရား ယုံကြည်ချက်ထားပြီးတော့ ကျင့်ရမည့်လမ်းစဉ် ဖြစ်တယ်ဆိုတာ တပည့်တော် လျှောက်ထားလိုပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ လမ်းစဉ်ကို ယခုရက်ပိုင်း သုံးပတ်(၂၁)ရက် ကာလပတ်လုံး တိတိကျကျ အရှင်ဘုရားတို့ အချိန်သတ်မှတ်ချက်အတိုင်း ပြည့်ပြည့်စုံစုံ ကျင့်ဆောင်ပြီးတော့ သွားမယ်ဆိုရင် **"မိမိကိုယ်တိုင် ကျကျနနသိသွားမယ်။ ကျကျနန ထိုးထွင်း သိသွားတဲ့ပုဂ္ဂိုလ်၏ညွှန်ကြားချက်သည်သာလျှင် တပည့်တော်တို့ ခိုင်မြဲပါတယ်။ မိမိတို့ ကျင့်ကြံတဲ့ ပဋိပတ္တိလမ်းစဉ်ကို ဝိုးဝိုးဝါးဝါး ဖြစ်နေတဲ့ပုဂ္ဂိုလ်၏ သင်ကြားချက်သည် အဓိပ္ပါယ်အပြည့်အဝ မရှိပါဘုရား။"** ဒါကြောင့် ယခု(၂၁)ရက်သော အချိန်အတွင်းမှာ တိတိကျကျ လုပ်ဆောင်သွားဖို့က အင်မတန်**အရေးကြီး**ပါတယ်ဘုရား။ တပည့်တော်တို့ ပရိယတ္တိလုပ်ငန်းက ပြောမယ်ဆိုရင် ပထမအခြေခံဖြစ်တဲ့ ကျမ်းဂန်တွေကို သင်ကြားပြီးတော့ အဲဒီ သင်ကြားရင်းကနေ တပည့်တော်တို့ သက်ဆိုင်တဲ့ စာမေးပွဲကို ဝင်ရပါတယ်။ သက်ဆိုင်တဲ့ စာမေးပွဲကို အရည်အချင်းပြည့်ပြည့်နဲ့ **အားထုတ်သွားမယ်ဆိုရင် ဓမ္မာစရိယ အောင်တယ်ဆိုရင် "ဓမ္မာစရိယ"နဲ့**

http://www.dhammadownload.com



တူညီတဲ့ အရည်အသွေးရှိသွားတယ်။

ပရိယတ္တိဘက်က သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဘွဲ့ပေးတာ ဟာလဲ အင်မတန် လိုက်လျောညီထွေရှိတဲ့ဘွဲ့ ဖြစ်သွားပါတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာကမ္မဋ္ဌာန်း (၂)ပိုင်းခွဲပြီးတော့ ဆရာတော်ဘုရားကိုယ်တိုင် ကျင့်သုံးပြီး ဆရာတော် ဘုရားကိုယ်တိုင် ထိုးထွင်းသိ၍ ဆရာတော်ဘုရားကိုယ်တိုင် နည်းညွှန် ကြားချက်တို့မှ ဆက်သွယ်ရရှိဖို့ လိုလာပါတယ်။ ဒုတိယလယ်တီ ဆရာတော်ဘုရားကြီး၊ အရှေ့လယ်တီ ဆရာတော်ဘုရား၊ မုံရွာမြို့ သပြေပင်တောရဆရာတော် ဘုရားကြီး၊ ၎င်းမှ ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်သူမြတ်သည် အစဉ်အဆက် စင်ကြယ်သော ပဘဝဖြစ်သော လယ်တီဆရာတော် ဘုရားကြီးမှ အစဉ်မပျက် ဆင်းသက်လာသော လယ်တီမူကမ္မဋ္ဌာန်းကြီးကို သိစွမ်းသောပုဂ္ဂိုလ်ဖြစ်ပါတယ်။ မဟာလယ်တီ ဒုတိယ ဆရာတော်ဘုရားကြီးကတော့ ပထမဆရာတော်မှတစ်ဆင့် ဒုတိယဆရာတော်၊ ဒုတိယဆရာတော်မှ တစ်ဆင့် အဆက်ဆက်ဖြစ်တဲ့ ဆရာတော်ဘုရားများကနေ ယခု နဝမမြောက် နာယကဆရာတော် ဖြစ်တဲ့ အချိန်မှာလဲပဲ အစဉ်အဆက်အားဖြင့် စင်ကြယ်တဲ့လမ်းလိုက် နေတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်တယ်။ ဒါကြောင့် ပထမအာနာပါန ကမ္မဋ္ဌာန်းကနေ စိတ်တည်ငြိမ်မှုသမာဓိကို တပည့်တော်တို့ အခိုင်အမာ ယူပါတယ်။ သမာဓိ ခိုင်မာပြီးသွားတဲ့အခါ-

**သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ မဟာနိသံသာ ဟောတိ။**

သမာဓိပရိဘာဝိတာ= သမာဓိဖြင့် ထုံမွှန်းထားအပ်သော၊ ပညာ မဟပ္ဖလာ မဟာနိသံသာ= အလွန်ကျေးဇူးများ၍ အလွန် ထက်သန် ထက်မြက်သော ပညာအဖြစ်သို့ရောက်ရတယ်။

တပည့်တော်တို့ အာနာပါနကမ္မဋ္ဌာန်း သမာဓိသည် အခိုင်အမာ ယူထားတဲ့ သမာဓိရှိတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဝိပဿနာမှာ အင်မတန်

http://www.dhammadownload.com



ထက်တယ်။ ခန္ဓာကိုယ်ထဲက မိမိတို့စိတ်ကမှန်းလိုက်တဲ့ရုပ်၊ စိတ်ကမှန်းလိုက်တဲ့နာမ်၊ ထင်ထင်ရှားရှားပေါ်တယ်။ သမာဓိတန်ခိုးကြောင့် ဝိပဿနာအင်မတန် ထက်တယ်၊ မြက်တယ်။ ဒါကြောင့် ဝိပဿနာအမြင် ထက်မြက်ခြင်းကို လယ်တီဆရာတော်ဘုရား တွေ့ပါတယ်။ အဲဒီ ထက်မြက်တဲ့ဝိပဿနာကို အဆင့်ဆင့်ကြိုးစား အားထုတ်သွားတဲ့ အချိန်အခါကာလမှာ တပည့်တော်တို့ ရအပ် ရသင့် ရထိုက်သော ပဋိဝေဓ မဂ်ဖိုလ်နိဗ္ဗာန်။

သမာဓိခိုင်မာပြီး ပညာထက်မြက်သော ပုဂ္ဂိုလ်များ လက်တစ်ကမ်းပဲ ရှိတယ်ဘုရား။ သမာဓိ မခိုင်မာပဲ ပညာအားမရှိတဲ့ ပုဂ္ဂိုလ်များ ဘယ်လောက်ပဲ သာသနာတော်ကြီးနဲ့တွေ့တွေ့ နီးနီးလေးနဲ့ နိဗ္ဗာန်နဲ့ အင်မတန် ဝေးတယ်ဘုရား။ ဤအချက်ကို သုံးသပ် ဆင်ခြင်ပြီးတော့ အရှင်ဘုရားတို့ လယ်တီဆရာတော်ကြီးရဲ့ ပထမသမာဓိခိုင်မာအောင် လုပ်တဲ့ အာနာပါနကမ္မဋ္ဌာန်းတရားတော်ကို ရှုမှတ်ရပါတယ် ဘုရား။ ထိုမှတစ်ဆင့် ဝိပဿနာကမ္မဋ္ဌာန်းတရားတော်ကြီးကို ဆက်လက်ပြီး ကြိုးစားရပါတယ် ဘုရား။ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်းကို စတုတ္ထဈာန်ရသည်အထိ အားထုတ်ပါတယ်ဘုရား။ စတုတ္ထဈာန်ဝင်စားပြီး စတုတ္ထဈာန်ကထပြီး ဝိပဿနာကူးပါတယ်ဘုရား။ ဘုရားနည်းနဲ့ လယ်တီဆရာတော်ဘုရားဟာ မြတ်စွာဘုရားရဲ့ ခြေရာတော်နောက် ဦးထိပ်ရွက်ပန်ဆင် လက်အုပ်ချီလိုက်လာတဲ့ လယ်တီဆရာတော်နည်း ပါဠိတော်လာဖြစ်တယ်။ မြတ်စွာဘုရားနည်း၊ လယ်တီဆရာတော်နည်း ဖြစ်တယ်။ စတုတ္ထဈာန်ရပြီးသွားတဲ့အခါကျတော့ ပု-ဒိ-အာတဲ့။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်။ ပစ္ဆိမယာမ်ကျတော့ ဒီဘက်မှာ ဝိပဿနာအားထုတ်တယ်။

စကြာဝဠာကုဋေတစ်သိန်း၌ရှိသော သတ္တဝါတို့၏ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (၁၂)ပါး။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊

http://www.dhammadownload.com



သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဇာတိ၊ ဇရာ၊ မရဏ။ အဲဒီ တရားတော်ကြီး (၁၂)ပါးကို ကုဋေတစ်သိန်းဆိုတော့ (၁၂)ပါး မြှောက်လိုက်တော့ ကုဋေတစ်သန်းနှစ်သိန်း ရှိသွားတယ်။ အဲဒီ ကုဋေ တစ်သန်းနှစ်သိန်းကို အရှုခံ၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မြတ်စွာဘုရား အနိစ္စလို့ ရှုမှတ်တယ်။ တစ်သန်းနှစ်သိန်း ရှိတယ်။ တစ်ခါ ဒုက္ခ ဝိပဿနာတော်ကြီးက တစ်သန်းနှစ်သိန်း ရှိတယ်။ အနတ္တဝိပဿနာ တရားတော်ကြီးကလဲ တစ်သန်းနှစ်သိန်း ရှိတယ်။ မြတ်စွာဘုရားသည် သာလျှင် ဒုက္ခရှုနိုင်တယ်။ အနတ္တရှုနိုင်တယ်။ တပည့်တော်တို့က "အနိစ္စသညိနော မေဃိယ ဒုက္ခသညာ သဏ္ဌာတိ"၊ "အနတ္တသညာ သဏ္ဌာတိ"။ အနိစ္စမြင်ရင် ဒုက္ခ၊ အနတ္တ မြင်သွားလိမ့်မယ်။ အနိစ္စပဲ ရှုမှတ်ရမယ်။ အနိစ္စရှုတဲ့အခါမှာ တပည့်တော်တို့ ဒီကနေ တစ်မိုင်ခရီး လောက်သွားတယ် ဆိုပါတော့။ တစ်မိုင်ခရီးလောက် သွားတဲ့အခါ တောင်ဝှေးထောက်သွား၊ တောင်ဝှေးထောက်တဲ့အတွက်ကို မတ်စိကွက် တစ်ခု ဒေါက်၊ ဒေါက်၊ ဒေါက်နဲ့ ခေါက်သွားတဲ့အခါ တစ်မိုင်လောက် ရောက်သောအခါ၌ တောင်ဝှေးထိတဲ့နေရာနဲ့ တောင်ဝှေးလွတ်တဲ့နေရာ ဘယ်နေရာက များသလဲ။ တစ်မိုင်အတွင်း တောင်ဝှေးထောက်တဲ့ မတ်စေ့ကွက်မြေကနည်းနည်းလေး၊ မထိလိုက်ရတဲ့မြေကွက်ကများတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့ ဝိပဿနာရှုသွားတယ်ဆိုတာ မတ်စေ့ တစ်စေ့စာ၊ တစ်စေ့စာလောက်ပါ။ ခဲတန်တစ်လုံးစာ တစ်လုံးစာ လောက်ပါ။ လွတ်တဲ့နေရာတွေ အများကြီးကျန်တယ်။ သို့သော် ထိတဲ့အလွန်အနည်းငယ်ဖြစ်တဲ့ အနိစ္စအချက်တည်ရာဖြစ်သော ရုပ်သေးသေးလေး၊ နာမ်ထိချက်သေးသေးလေးကို အာရုံပြုလိုက်စမ်းပါ။ ဒါလဲပဲ ဒီတစ်ကွက်ရဲ့ အနိစ္စမြင်လို့ရှိရင် ကျန်တဲ့တရား အားလုံး အနိစ္စတစ်ခါထဲ မြင်ပြီးသားပဲ။ သူသူငါငါ ပုထုဇဉ် ရဟန္တာဖြစ်အောင် ဝိပဿနာရှုတာ ခဲတန်တစ်ဝိုင်းစာလောက် တစ်ဝိုင်းစာလောက် မြေတစ်မိုင်အတွင်းမှာ ဒါလောက်ပဲ ရှုနိုင်တယ်။ ဘယ်လောက်ပဲ ရှုနိုင်

http://www.dhammadownload.com



ရှုနိုင် အနိစ္စအချက်ထင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ စတုတ္ထဈာန်တိုင်အောင် ဟုတ်လား။ သမာဓိ ရှုပွားခဲ့တယ်။ စတုတ္ထဈာန်ပြီး မြောက်သောအခါ၌ ညဉ့်(၁၂)နာရီ ကျော်ကျော်ကစပြီး အာရုံတက်တဲ့အချိန်ထိ ခုနတုန်းကပြောခဲ့တဲ့ မဟာဝိဝဇ္ဇီရဝိပဿနာ သုံးသန်း ခြောက်သိန်း မြတ်စွာဘုရား ပွားခဲ့တယ်။ ဒီစကြာဝဠာက အဝိဇ္ဇာ၊ ဒုတိယစကြာဝဠာက အဝိဇ္ဇာတစ်ရစ် တစ်ရစ် တိုးလိုက်တဲ့အခါ ကုဋေတစ်သိန်း။ အဲဒီ ကုဋေတစ်သိန်းမှာ နောက်တစ်ခါ သင်္ခါရလဲ ကုဋေတစ်သိန်း။ အဲဒီအချိန်မှာ မြတ်စွာဘုရားက စတုတ္ထဈာန် ဘယ်လောက်ပွားရသလဲလို့ဆိုတာ အင်မတန်ထင်ရှားတယ်။ လယ်တီ ဆရာတော်ဘုရားကြီးကလဲ ပထမအာနာပါနကမ္မဋ္ဌာန်း အစချီပြီးတော့ ဒုတိယဝိပဿနာသို့ ကူးတဲ့နည်းလမ်း။

အဲလို သုံးသန်းခြောက်သိန်း အတိုင်းအရှည်ရှိသော ဝိပဿနာ ဉာဏ်ဖြစ်ပြီးတော့ ဘုရားဖြစ်တော်မူတယ်။

(၁) အာနာပါနကမ္မဋ္ဌာန်းဖြင့် သမာဓိယူ၏။

(၂) ဝိပဿနာသို့ ကူး၏။

ဤနည်းလမ်းသို့ လိုက်ခြင်းသည် လယ်တီဆရာတော်ဘုရားကြီး အင်မတန်မှ ပိဋကတ်သုံးပုံ ချောက်ချားပြီး ရှာလိုက်တဲ့အခါ ဒီအချက် အင်မတန် ထင်ရှားတယ်။ ဒါကြောင့် လယ်တီဝိပဿနာကမ္မဋ္ဌာန်း တရားတော်ကြီးကို မဟာလယ်တီဆရာတော်၊ ဒုတိယဆရာတော်၊ အရှေ့ လယ်တီ၊ သပြေပင်တောရ အခုမဟာလယ်တီတိုက်က ဆရာတော် အဆက်ဆက်တို့ ဒီလယ်တီဆရာတော် ဘုရားကြီးရဲ့ ဝိပဿနာနည်းစနစ် "မူ"ကို အင်မတန်ကျွမ်းကျင်ပါတယ်။ ကျင့်ကြံကြိုးကုန် အားထုတ်တော်မူ ကြတဲ့ အရှင်သူမြတ်တို့ ဖြစ်တယ်။ အရှင်သူမြတ်တို့လဲ အဲဒီအာနာပါန ကမ္မဋ္ဌာန်းက ဝိပဿနာကမ္မဋ္ဌာန်းသို့ ကူးတဲ့နည်းလမ်း လွယ်လွယ်လေးနဲ့ ကြိုးစား အားထုတ်တော်မူကြပါ။ အားထုတ်သွားကြမယ်ဆိုရင် ဒီကမ္မဋ္ဌာန်းရဲ့ အနှစ်သာရသိသွားမယ်။ ခိုင်ခိုင်မာမာသိသွားမှ ပြတ်ပြတ်

http://www.dhammadownload.com



သားသားသိသွားမှ၊ တိတိကျကျ သိသွားမှ၊ မိမိတို့လဲ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ပြသနိုင်ပါတယ်။ ဤလောကကြီး၌ လူတိုင်း လူတိုင်းသည် ပါရမီမရှိလို့သာ သောတာပန်၊ သကဒါဂါမ် မဖြစ်ဘူးလို့ ထင်နေကြတာ မဟုတ်ဘူး။ မဟာဓနေ သူဌေးသားကြီး၊ သူဌေးသားကြီးက အနာဂါမ်ဖြစ်တယ်။ သူဌေးကတော်ကလေးက သကဒါဂါမ် ဖြစ်တယ်။ အနာဂါမ် ဖြစ်သလား၊ မဖြစ်ဘူးလား။ အားမထုတ်ခဲ့လို့။

အစရိတ္ဘာ ဗြဟ္မစရိယံ= ကမ္ဘဋ္ဌာန်းတရားကို လုံး၀ အားမထုတ်ခဲ့ဘူး။ အလဒ္ဓါ ယောဗ္ဗနေ ဓနံ= နောင်ရေးအတွက် ပစ္စည်းလဲ ဘာမှ မဖြစ်ဘူး။ အဲဒီတော့ နှစ်(၆၀)ကျော်တဲ့အခါ ဇိဏ္ဏာ ကောဉ္စာ၀ ဈာယန္တိ ခီဏ မစ္ဆေ၀ ပလ္လလေ= ငါတစ်ကောင်မှ မရှိသော ညွန့်အိုင်ကြီးထဲမှာ ကျနေသော အတောင်ကျိုးသော ကြိုးကြာငှက်ကြီးကဲ့သို့ တစ်ခါထဲ မှိုင်တွေသွားရမယ်။ လောက လူ့အဖြစ်လဲရှုံး၊ လောကုတ္တရာ ဓမ္မဖြစ်တဲ့ မြတ်စွာဘုရားရဲ့ ဗုဒ္ဓုပ္ပါဒနာမခေတ်ကြီးရဲ့ အနှစ်သာရလဲမရ၊ နှစ်ဖက် ရှုံးပြီးတော့ ကြံမှိုင်ပြီးတော့ နေရတယ်။ အနာဂါမ်ဖြစ်မယ့် ပုဂ္ဂိုလ်သည် ဖြစ်လောက်ရဲ့သားနဲ့ မရဘူး။ ဘာကြောင့်လဲ ဝိပဿနာမရှုလို့ပဲ။ အဲဒီ အချက်ကို အရှင်မြတ်တို့ ပိုပြီးတော့ ရင်ထဲမှာ နှလုံးသားထဲမှာထား။ ဩော်- မင်္ဂဖိုလ်နိဗ္ဗာန် ရနိုင်လောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်သည် ရနိုင်လို့ရှိရင် ရမှာပဲလို့ မထင်ပါနဲ့ ကြိုးစားအားထုတ်မှ ရမှာပါဘုရား။ ဒါကြောင့် ယောဂီရဟန်းများ ကျင့်ရမယ့်တရား (၆)ပါး။ အက္ခရာ (၆)လုံးပဲ မှတ်ထားရမှာပါ။

**သံ၊ ယော၊ သတိ၊ အာ၊ ကိ၊ သဒတ်၊**

**ဤ (၆)ရပ် ပြုအပ် ရဟန်းတော်။**

ပဋိပတ္တိ သာသနာ့ဝန်ထမ်းရဟန်းတော်များ ကျင့်ရမယ့် (၆)ရပ် ဖြစ်ပါတယ်။

(၁) သံ = သမ္မသနသင်္ခါရာနံ = သင်္ခါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြင့် အမြဲတမ်း သုံးသပ်ပါ။ ဝိပဿနာရှုပါလို့ ဆိုလိုရင်းပါပဲ။

71(B)

http://www.dhammadownload.com



အဲဒါကို အရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို ညွှန်ကြားတဲ့စကား (၆)မျိုး။ သံ = သမ္မသနသင်္ခါရာနံ = သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုပါ။ အရှင်ဘုရားတို့ မကြာမီမှာပဲ ရှုရတော့မှာ။

(၂) ယော = ယောနိသောမနသိကာရော= အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း၊ နည်းမှန်လမ်းကျ နှလုံးသွင်းခြင်း၊

ကမ္မဋ္ဌာန်းအားထုတ်တော့မယ့် ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းရမယ်။ ကျန်တဲ့နှလုံးသွင်းချက်သည် ယောနိသော မနသိကာရ မဟုတ်ဘူး။ စာသင်တဲ့ပုဂ္ဂိုလ်သည် စာသင်ဖို့အတွက်ပဲ နှလုံးသွင်းရမယ်။ စာသင်ဖို့ ပရိယတ္တိအတွက်ကို ဇောက်ချထားခြင်းသည် ယောနိသော မနသိကာရတဲ့။ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်သည် ပဋိပတ်ကိုသာ ဇောက်ချထားရမယ်။ အဲဒါ ယောနိသော မနသိကာရပါပဲ။ အခု တရားအားထုတ်လတ့်ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည် ဘာအရေးကြီးသလဲ။ ယောနိသော မနသိကာရ။ ဒီကမ္မဋ္ဌာန်း အားထုတ်ခြင်းကိုပဲ ဦးစောက်ထားရမယ်လို့ ဆိုလိုတယ်။

(၃) သတိ = သတိပဋ္ဌာနာနုပဿနာ = တရားကိုချည်း အမြဲရှုမှတ်ပါ။

ခြေကျင်နေတယ်၊ ကျင်တယ်လို့ မှတ်လိုက်ပါ။ ဟုတ်လား။ ထွက်လေ ဝင်လေကို မှတ်ပါ အစရှိသည်ဖြင့် သတိပဋ္ဌာန်တရားကို အမြဲလက်ကိုင်ထားရမယ်။

(၄) အာ = အာရမ္မဏသာရဂ္ဂါဟော = အာရုံကောင်းကို တစ်ခါထဲ ဆုပ်ကိုင်ထားပါ။

ကမ္မဋ္ဌာန်းအားထုတ်တဲ့ အရှင်သူမြတ်တို့သည် ကမ္မဋ္ဌာန်းအာရုံကိုပဲ ဆုပ်ထားပါ။ ကမ္မဋ္ဌာန်းအာရုံကလွဲတာကို ဘာမှမဆုပ်ပါနဲ့။ ဘာမှမကိုင်ပါနဲ့။ ဘာမှ မတို့ပါနဲ့။ ဘာမှ မထိပါနဲ့။ ဒါကြောင့် မင်းတုန်းမင်းကြီးလက်ထက်က စစ်ကိုင်းတောင်မှာ ဆရာတော်ကြီး (၂)ပါး တရားအားထုတ်ကြ။ တရားအားထုတ်ချိန် တစ်ပါးက မရောက်လာဘူး။

http://www.dhammadownload.com



"အရှင်ဘုရား ဘာလုပ်တာလဲ"။ "တပည့်တော် ဘုရားကျောင်းမှာ ခရေပန်းလေးတွေ ကြွေနေလို့ အဲဒီ ခရေပန်းလေးတွေကို တပည့်တော် ကောက်နေတယ်ဘုရား"တဲ့။ "ဘယ်လို အမိပ္ပါယ်တုန်း အရှင်ဘုရား"။ "ကမ္မဋ္ဌာန်းအားထုတ်တဲ့နေရာမှာ ကမ္မဋ္ဌာန်းပဲ အားထုတ်စမ်းပါ။ ဗုဒ္ဓပူဇော်တာ ကုသိုလ်မရလို့ မဟုတ်ပါဘူး။ မလုပ်ပါနဲ့။ ခရေပန်း ကောက်နေတဲ့ အချိန်လေးမှာ တပည့်တော်တို့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်တဲ့ အစွမ်းသတ္တိရှိသနော်။ အဲဒါ အရေးကြီးတယ်"။

အာရမ္မဏသာရဂ္ဂါဟော ကမ္မဋ္ဌာန်းအာရုံကလွဲပြီး ဘယ်ဘက်မှ မချော်စေနဲ့ဘုရား။ ဒါကိုပဲ ဦးခိုက်လျှောက်ပါ။

(၅) ကိ = ကိလေသယုဒ္ဓ = ကိလေသာကို အမြဲစစ်ထိုးပါ။

အရှင်ဘုရားတို့ တပည့်တော်တို့ ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အခြားသောပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ် ကိလေသာက အမြဲတမ်း နှိပ်စက်နေတယ်။ မျက်လုံးနဲ့ကြည့်တယ်။ ငါထင်လာတယ်။ နားထဲ အသံကြားလာတယ်။ ဒါ ငါ့အသံပဲ၊ သူ့အသံပဲ၊ ငါသူ ပါလာတယ်။ အစရှိသည်ဖြင့် သာမညအာရုံလေးမှာ ဖြစ်နေတဲ့ တရားကိုပဲ ဥပါဒါန်ကိလေသာက အမြဲတမ်းရှိတယ်။ အဲဒီ ကိလေသာကို ခွာတဲ့နည်းက ဘာလဲဆိုရင် တရားအားထုတ်ခြင်းပဲနော်။ ဝိပဿနာ တရားလမ်းကြောင်းသို့ ရောက်လာသောအချိန်အခါကာလမှာ အရှင်ဘုရားတို့ ဦးခေါင်းမှာ၊ ငယ်ထိပ်မှာ၊ လက်မောင်းမှာ၊ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခုမှာ ကွက်ပြီးတော့ ရှုလိုက်တဲ့အခါ အချိန်အခါ ကာလ ဒီနေရာပဲ ဦးဖောက်ချပြီးရှုပါ။ အနိစ္စမြင်သွားလို့ရှိရင် ဥပါဒါန် ကိလေသာ တစ်ခါထဲ ပြုတ်ထွက်သွားတယ်။ ကိလေသယုဒ္ဓ= ကိလေသာ ကို စစ်ထိုးခြင်းဆိုတဲ့ သူရဲကောင်းကြီးများဟာ အရှင်ဘုရားတို့ ဖြစ်နေပါတယ်။

(၆) သဒတ္ထမနုယုဥ္စနာ = သ ၊ အတ္ထ၊ အနုယုဥ္စနာ = မိမိ၏ အကျိုးကို တစ်ခါထဲ လုံးပန်းကြိုးကုတ်အားထုတ်ပါ။

http://www.dhammadownload.com



သာမည်= အရဟတ္တဖိုလ်၊ ဖိုလ်လေးပါးတရားသည် သာမည၊ သာမညသည် မိမိအကျိုး။ ရဟန်းမှန်လို့ရှိရင် မိမိအတွက် အကျိုးဟာ ဘာလဲ။ ဖိုလ်လေးပါး။ နိဗ္ဗာန်ထည့်လိုက်ပါ။ နိဗ္ဗာန်။ နောက်ပြီးတော့ ပရိယာယ်အားဖြင့် ထည့်လိုက်ပါ။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ လောကုတ္တရာတရားတွေသည်သာလျှင် မိမိအကျိုးဖြစ်တယ်။ အခြား တစ်ပါးသော အကျိုးသည် တပည့်တော်တို့ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်နဲ့ ဘာမှမဆိုင်ဘူး။ ဆွမ်း အရေးမလုပ်ဘူး။ ကျောင်း အရေး မလုပ်ဘူး။ ကျောင်းက ကျောတစ်ချပ်စာ အိပ်လို့ရရင် ပြီးတာပဲ။ တစ်ထိုင်စာရလို့ရှိရင် ပြီးတာပဲ။ ကျောင်းအကြီးကြီး အခန်းကျယ်ကျယ် မလိုပါဘူး။ ဒါကြောင့် သဒတ္ထမနုယုဥ္စနာက မိမိအကျိုးဆိုတော့ ကမ္မဋ္ဌာန်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သည်သာလျှင် အရေး အကြီးဆုံးပဲ။ မိနစ်တိုင်း၊ မိနစ်တိုင်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အရေးကြီးတယ်။ ငါးမိနစ်ဆို ငါးမိနစ်၊ ဆယ်မိနစ်ဆို ဆယ်မိနစ်၊ တစ်နာရီဆို တစ်နာရီ အချိန်တွေ "သဒတ္ထမနုယုဥ္စနာ" ဖြစ်ဖို့ အရေးကြီးတယ်။ အဲဒီ (၆)ပါး အရှင်ဘုရားတို့ အားထုတ်ရမယ့် တရား (၆)ပါး။ မိလိန္ဒမင်း တရားကြီးကို အရှင်နာဂသိန် မဟာထေရ်မြတ်ကြီးက-

**နဟေတံ မဟာရာဇ ဇိနပုတ္တာနံ၊**

မင်းတရားကြီး ဘုရားပူဇော်နေတဲ့လုပ်ငန်းတွေကို ဘုရား သားတော်ရဲ့ အလုပ်မဟုတ်ဘူး။ ပန်းတင်တာတို့၊ ဘုရားပွဲ ကျင်းပတာတို့၊ ဟိုဒီပွဲကြီးတွေ ကျင်းပတာတို့၊ ဘာတို့ ညာတို့ဆိုတာ မဆိုင်ဘူး။ ဆိုင်တာတွေက ဘာလဲ-

(၁) သမ္မသနာသင်္ခါရာနံ

(၂) ယောနိသောမနသိကာရော

(၃) သတိပဋ္ဌာနာနုပဿနာ

(၄) အာရမ္မဏသာရဂ္ဂါဟော

(၅) ကိလေသယုဒ္ဓိ

http://www.dhammadownload.com



(၆) သဒ္ဒတ္ထမနုယုဉ္စန၊ ခတံ ဇိနပုတ္တနာနံ ကရဏီယံ၊

အဲဒီ (၆)ချက်က မင်းတရားကြီး ပဋိပတ္တိ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ရဲ့ အလုပ်ဖြစ်တယ်။

**ပူဇာတဿ ဂိဟိ ကရဏီယာ**

ပူဇော်ခြင်းအလုပ်ဆိုတာ ဒကာ၊ ဒကာမတွေရဲ့ အလုပ်ပါပဲ။ ကောင်းမြတ်လှပါဘိ ဘုရားလို့ မိလိန္ဒမင်းကြီးက လျှောက်ထားသွားတယ်။ အခုအားလုံး အကုန်လုံးခြုံလိုက်တဲ့အခါကျတော့ အရှင်ဘုရားတို့ "သံ၊ ယော၊ သတိ၊ အာ၊ ကိ၊ သဒတ်" ဒီမြတ်စွာဘုရားသည် အာနပါန ကမ္မဋ္ဌာန်းကနေ ဝိပဿနာကူးသည်ကို လယ်တီဆရာတော်ဘုရားကြီး ကလဲ ထွက်သက် ဝင်သက်ကို အာရုံပြုတဲ့ အာနာပါနကမ္မဋ္ဌာန်းတော်ကြီး ကနေ ဝိပဿနာကူးတဲ့နည်းကို မြတ်စွာဘုရားနည်းကို တစ်ထပ်ထဲ ယူထားလိုက်တယ်။

တစ်ထပ်ထဲ နှစ်သက်ပြီးတော့ မိမိကိုယ်တိုင် ကျင့်တော်မူပြီး မိမိရဲ့တပည့်သားတွေ ညွှန်ကြားခဲ့တယ်။ အဲဒီ နည်းလမ်းကို အရှင်ဘုရားတို့ မရအရ ယူတော်မူကြပါဘုရား။ ပိုင်ပိုင်နိုင်နိုင် အားထုတ်တော်မူကြပါဘုရား။ သမာဓိကို အင်မတန် အလေးထား ပြီး ဒီလို ဒီလို အားထုတ်ရင် ဒီလို ဒီလို ရတယ်ဆိုတာကို တစ်ခါထဲ စွဲမြဲသွားအောင် မှတ်တော်မူကြပါဘုရား။ ထိုမှတစ်ဆင့် ဝိပဿနာ ကူးတဲ့အခါမှာလဲပဲ သမာဓိရဲ့တန်ခိုးကြောင့်-

**သမာဓိ ဘာဝိတာ ပညာမဟပ္ဖလာ မဟာနိသံသာ ဟောတိ။**

ဆိုသောကြောင့် ဝိပဿနာကူးရင် ဒီလို ဒီလို ဖြစ်တယ်လို့ဆိုတာ ကိုယ်တော်တိုင်သိပြီးတော့ ကိုယ်တော်တိုင် ကမ္မဋ္ဌာန်းကို ပြသတော်မူကြပါ။ ဤသို့ပြသခြင်းသည် လယ်တီဆရာတော်ဘုရားကြီးရဲ့နည်းကို ပြသခြင်းပင်ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးရဲ့နည်းကို ပြသခြင်းသည် မြတ်စွာဘုရား နိဗ္ဗာန်သို့ကူးသွားသော လမ်းကြောင်းကြီးကို တိတိကျကျ ညွှန်ပြသော ဆရာတော်များ ဖြစ်သွားကြပါလိမ့်မယ်

http://www.dhammadownload.com



ဘုရား။ ဒါကြောင့် ယနေ့ အားထုတ်တဲ့ သင်တန်းပွဲမှာ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ကြပါဘုရား။ ဉာဏ်နဲ့စွဲမြဲစွာ ဆုပ်ကိုင်ထားတော်မူကြပါ။ အဲဒီအတိုင်းလဲပဲ နည်းမှန် လမ်းမှန် ညွှန်ကြားပြီးတော့ ဝိပဿနာ အရည် မဝသေးသော အင်မတန်မှ ပညာမျက်စိမရှိသေးသူများကို ပညာမျက်စိ ဖွင့်တဲ့ကုသိုလ်ကြီး အရှင်ဘုရားတို့ နောင်အခါမှ ရလာပါလိမ့်မယ်။

အရှင်ဘုရားတို့ သင်တန်းသားတစ်ရာ ရှိတယ် ဆိုကြပါစို့။ ထိုတစ်ရာကို အရှင်ဘုရားတို့က ဉာဏ် (၁၀၀)ပေးရာ ရောက်ပါတယ်။ ဒါကြောင့် ယနေ့ပြုတဲ့ကုသိုလ်သည် အင်မတန်မှ အဖိုးတန်တယ်။ သိအောင် ကြိုးစားအားထုတ်ခြင်းသည် အင်မတန် အဖိုးတန်တယ်။ သိတဲ့အတိုင်း ညွှန်ကြားခြင်းသည် အင်မတန် အဖိုးတန်တယ်။ အရှင်ဘုရားတို့ ညွှန်ကြားလိုက်ခြင်းကြောင့် တရားဓမ္မ ရရှိသွားသော သူတော်ကောင်းတို့လဲ အင်မတန်အကျိုးများပါတယ်ဘုရား။ ဒါကြောင့် ယနေ့သင်တန်းဖွင့်တဲ့နေ့ကစပြီးတော့ (၂၁)ရက် တိုင်တိုင် တိတိကျကျ ပိုင်ပိုင်နိုင်နိုင် မြင်အောင်ကြိုးစားတော်မူပါ အရှင်သူမြတ်တို့ဘုရား။

သာဓု - သာဓု - သာဓု

**အစီအစဉ် (၅)အရ**

ရန်ကုန်မြို့ ဤလယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ် အရှင်မြတ်ထံက ဩဝါဒတရား နာကြားကြဖို့ ဖြစ်ပါတယ်။ ဆရာတော်ဘုရား ကမ္မဋ္ဌာနာစရိယသင်တန်းသို့ တက်ရောက်တော်မူကြကုန်သော ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့အား ဩဝါဒချီးမြှင့်တော်မူပါမည့်အကြောင်း ဘုရားတပည့်တော် ဗဟိုအဖွဲ့ချုပ်အတွင်းရေးမှူး

http://www.dhammadownload.com



"မျိုးတင့်အောင်" ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့ သာသနာတော် သက္ကရာဇ် ၂၅၄၈ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၅ ခု၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့။

ယနေ့ "လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်း" တက်ရောက်ဖို့နဲ့ ဩဝါဒစကား မိန့်ကြားတော်မူဖို့ရာ ကြွလာတော်မူကြတဲ့ ဆရာတော်များ၊ မုံရွာမြို့ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်မှ ဒကာများရော၊ ဒီလယ်တီပြန့်ပွားရေးအဖွဲ့ချုပ်က ဒကာများရော ကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ကြမည့် သင်တန်းသား ဆရာတော်၊ သံဃာတော်များ၊ ကမ္မဋ္ဌာနာစရိယ သင်တန်းပေးကြမည့် ဆရာတော် အရှင်မြတ်များလဲ စုံစုံညီညီ ရောက်ကြပါပြီ။ လယ်တီ ဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်းကို ပြန်ကြည့်မယ်ဆိုရင် အခု အများအားဖြင့် သက်တန်းတက်တော်မူကြမည့် ဆရာတော် သံဃာတော် အရှင်မြတ်များဟာ မိမိတို့ ကျောင်းကန်အသီးအသီးမှာ ကျောင်းထိုင် ပြီးတော့နေကြတဲ့ အရှင်မြတ်တွေတော်တော်များများ ပါပါတယ်။

အဲလို ပါဝင်ကြတော့ ပထမဆုံး "အာဝါသောစ ကုလလာဘော" စတဲ့ ပလိဗောဓကြီးတွေ ဖြတ်ပြီးတော့ လာခဲ့ကြရတယ်။ အဲဒီ ပလိဗောဓကို ဖြတ်ဖို့က အတော်မလွယ်တဲ့ အလုပ်ပါပဲ။ ဒီပလိဗောဓကို ရက်ပေါင်း (၂၀)ကျော် မိမိတို့ "အာဝါသ ပလိဗောဓ" ဖြတ်ပြီးတော့ လာနိုင်တာ ဒါကိုက တရားသင်တန်းအောင်မြင်ဖို့ရာ ပထမအချက်ပါပဲ။ အဲဒီတော့ ဒီသင်တန်းကတော့ ပြောမယ် ဆိုရင် ပရိယတ္တိလွန် သင်တန်း ပါပဲ။ အရှင်မြတ်တို့အားလုံးဟာ စာပေအသီးအသီး စာပေပညာများ သင်ကြားဖူးကြတဲ့ ပုဂ္ဂိုလ်တွေ ချည်းပဲ ဖြစ်ပါတယ်။ ဒီသင်တန်းကျတော့ အဲဒီ စာပေပညာသင်ကြားတာကတစ်မျိုး၊ အခုဟာကတော့ လက်တွေ့ မျက်မှောက် တရားအားထုတ်ပြီးတော့ ဟော- မိမိကိုယ်တိုင်လဲအားထုတ် အခြားရဟန်းရှင်လူများကိုလဲ ဒီအားထုတ်နည်းကို လက်ဆင့်ကမ်း ဖြန့်ဖြူး နိုင်ဖို့အတွက် သင်တန်းတက်ကြတာလို့ ဆိုတော့ ပရိယတ္တိလွန်သင်တန်း

http://www.dhammadownload.com



လို့ ဒီလိုခေါ်နိုင်ပါတယ်။ တပည့်တော်တို့ ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ဘုရားကြီးနဲ့ ပတ်သက်ပြီးတော့ ပထမဆုံး အခု မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ နဝမလယ်တီဆရာတော်ဘုရား။ မုံရွာမြို့ အရှေ့လယ်တီဆရာတော် ဘုရားအစရှိတဲ့ ဆရာတော်ကြီးတွေ ဦးဆောင် ပြီးတော့ ရှေးဦးစွာ လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့ချုပ်ဖွဲ့ပြီး ဆရာတော်ဘုရားကြီး ရေးသားထားခဲ့တဲ့ ခြေရာလက်ရာများ မပျောက် ပျက်အောင် ပထမလယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ချုပ်ဖွဲ့ပြီး ဆရာတော် ဘုရားကြီးရဲ့ ကျမ်းဂန်များ ဖြန့်ဖြူးနိုင်အောင် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ ကျမ်းစာများလဲ ပုံနှိပ်နိုင်ဖို့ ပုံနှိပ်ပြီးသား ကျမ်းစာများလဲ မူကောင်းမူသန့် ရရှိဖို့ စသည်များကို ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ အဲဒီ ဆောင်ရွက်မှု လုပ်ငန်းကတော့-

သာသနာတော်သက္ကရာဇ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့။ ယနေ့ လယ်တီကမ္မဋ္ဌာနာ စရိယသင်တန်း တက်ရောက်ဖို့အတွက် ဩဝါဒစကား မိန့်ကြားတော်မူ ဖို့ရာ ကြွလာတော်မူကြတဲ့ ဆရာတော်များ၊ မုံရွာမြို့၊ လယ်တီမူဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်မှ ဒကာများရော၊ ဤလယ်တီမူဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဒကာများရော၊ ကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ကြမည့် သံဃာတော်များ၊ ကမ္မဋ္ဌာနာစရိယသင်တန်းမှာ သင်တန်းပေးကြမယ့် ဆရာတော်အရှင်မြတ်များလည်းပဲ စုံညီရောက်ရှိ ကြ၊ သင်တန်းကို ပြန်ကြည့်မယ်ဆိုရင် အခုအများအားဖြင့် သင်တန်း တက်တော်ကြမည့် ဆရာတော် သံဃာတော် အရှင်မြတ်များဟာ မိမိတို့ ကျောင်းကန်အသီးသီးမှာ ကျောင်းထိုင်ပြီးတော့နေကြတဲ့ အရှင်မြတ်တွေ တော်တော်များများ ပါတယ်။ အဲဒီလိုပါဝင်ကြတော့ ပထမဆုံး အာဝါသောစ ကုလာလာဘော ဆိုတဲ့ ဒီဗလိဗောဓကြီးကို ဖြတ်ပြီးတော့ လာခဲ့ကြတယ်။ အဲဒီ ဗလိဗောဓဖြတ်ဖို့ဟာကိုက အတော်မလွယ်တဲ့ အလုပ်ပါပဲ။ ဒီဗလိဗောဓ ရက်ပေါင်း (၂၀)ကျော် မိမိတို့ အာဝါသ

http://www.dhammadownload.com



ဗလိဗောကြေီး ဖြတ်ပြီးတော့လာနိုင်တာ ဒါကိုက တရားသင်တန်း အောင်မြင်ဖို့ရာ ပထမအချက်ပါပဲ။ အဲဒီတော့ ဒီသင်တန်းကတော့ ပြောမယ်ဆိုရင်တော့ ပရိယတ္တိလုပ်ငန်းသင်တန်းပါပဲ။ အရှင်မြတ်တို့ အားလုံးဟာ စာပေတွေအသီးသီး စာပေပညာ ရှာဖွေထားပြီးကြတဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ ဖြစ်ပါတယ်။

ဒီသင်တန်းကြတော့ အဲဒီစာပေသင်ကြားတာကတစ်မျိုး၊ အခုဟာကတော့ လက်တွေ့ မျက်တွေ့ တရားအားထုတ်ပြီးတော့ မိမိတို့ ကိုယ်တိုင်လည်း အားထုတ်၊ အခြားရဟန်းရှင်လူများကိုလည်း ဒီ အားထုတ်နည်းကို လက်ဆင့်ကမ်း ဖြန့်ဖြူးနိုင်ဖို့အတွက် သင်တန်း တက်ကြတာဆိုတော့ ပရိယတ္တိလွန်သင်တန်းလို့ ဒီလိုခေါ်နိုင်ပါ တယ်။ အဲဒီတော့ တပည့်တော်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးနဲ့ ပတ်သက်ပြီးတော့ ပထမဆုံး အခု မုံရွာမြို့၊ အဂ္ဂမဟာ ပဏ္ဍိတ နဝမလယ်တီဆရာတော်ဘုရား၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော်ဘုရား အစရှိတဲ့ ဆရာတော်ကြီးတွေ ဦးဆောင်ပြီးတော့ ရှေးဦးစွာ လယ်တီဒီပနီ ပြန့်ပွားရေးအဖွဲ့ချုပ်လို့ ဆိုပြီးတော့ ဖွဲ့ပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းပေါင်း တစ်ရာကျော် ရေးသားပြီးတော့ ထားခဲ့တဲ့ ခြေရာလက်ရာများ မပျောက်ပျက်အောင် ဆိုပြီးတော့ ပထမဆုံး လယ်တီဒီပနီပြန့်ပွားရေး အဖွဲ့ချုပ်တာဝန် ဖွဲ့ပြီးတော့မှ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းဂန်များ ဖြန့်ဖြူးနိုင်အောင် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့၊ ပုံနှိပ်နိုင်ဖို့ ပုံနှိပ်ပြီးသား ကျမ်းစာများလည်း မူကောင်းမူသန့် ရရှိဖို့ စသည်များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီ ဆောင်ရွက်တဲ့လုပ်ငန်းကတော့ အတော်လေး ကျယ်ပြီး တော့ တော်တော်လေး အောင်မြင်ပြီလို့ ဆိုရမှာပါပဲ။ အဲဒီတော့ ဒုတိယပဋိပတ္တိနဲ့ ပတ်သက်ပြီးတော့ လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ကို မုံရွာမြို့မှာ ဖွဲ့ပြီးတော့ ဒီမှာလည်းပဲ လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ ဖွဲ့ပြီးတော့ အခြားအခြားနေရာလေး

http://www.dhammadownload.com



တွေမှာလည်း အဖွဲ့များ ဖွဲ့ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့ နေရာမှာ ဘာခက်ခဲလာသလဲဆိုတော့ ဒီလယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ အဖွဲ့လေးတွေတော့ အတော်များများ ရှိတယ်။ ပြီးတော့လည်းပဲ ဒီဆရာတော်ဘုရားကြီးရဲ့ အသံ၊ လယ်တီဆိုတဲ့ အသံကြားတာနဲ့ပဲ အချို့ အချို့ပုဂ္ဂိုလ်များက လယ်တီဆိုရင်တော့ အားထုတ်ကြည့်ဦးမှပဲ၊ တရားစခန်း ဖွင့်လိုတဲ့ ဆန္ဒတွေလည်း တော်တော်များများ ရှိပြီးတော့နေတော့ လာရောက်ပြီးတော့ တရားစခန်းဖွင့်ဖို့ ကမ္မဋ္ဌာနာစရိယတောင်းတဲ့ အခါကျတော့ တပည့်တော်များ ပြည့်စုံအောင် မပေးနိုင်ခဲ့ဘူး။ အဲလို မပေးနိုင်တဲ့ အခါကျတော့ ကမ္မဋ္ဌာနာစရိယများစွာ လိုအပ်နေတယ်။ ဒီလို အသိဉာဏ်ထဲမှာ ပေါ်ပေါက်လာတဲ့အတိုင်း မုံရွာမြို့ ဗဟိုအဖွဲ့ချုပ်က ဩဝါဒစရိယ ဆရာတော်ကြီးများရော အဖွဲ့ဝင်ပုဂ္ဂိုလ်များရော တိုင်ပင်နှီးနှောပြီးတော့ မုံရွာမြို့မှာ ဒီသင်တန်း စောစောက ဖွဲ့ဖို့ပါပဲ။

သို့သော်လည်းပဲ ကဆုန်၊ နယုန် ဆိုတော့ မိုးမရွာလို့ရှိရင် ဥတုရာသီပြင်းတဲ့အတွက် မုံရွာမြို့မှာ ဖွင့်မယ့်အစား ဒီလယ်တီမူကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ခုနစ်ရက်တရားစခန်း ပိတ်ချိန်ကြားကာလလေးမှာ မနေ့ကမှပဲ (၅၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားသိမ်းသွားပြီး လာမည့်နယုန်လပြည့်ကျတော့ အကြိမ် (၆၀)မြောက် တရားစခန်းရှိတော့ ဒီတရားစခန်းနှစ်ခုရဲ့ ကြားမှာ အချိန်လေးလည်း ရတယ်။ ဆရာတော်တွေလည်းပဲ ဝါဆိုကာလနဲ့ လွတ်ကင်းတယ်ဆိုပြီး တော့ ဒီရက်ရွေးပြီးတော့ ဒီနေရာမှာ လယ်တီကမ္မဋ္ဌာနာစရိယသင်တန်း ဖွင့်ရတာပါပဲ။ အဲဒီလို စောစောက တပည့်တော်လျှောက်ထားသလိုပဲ ဒီသင်တန်းကတော့ ပရိယတ္တိလွန်သင်တန်းလို့ ဒီလိုပဲ စကားပျိုးကြရမှာ ပါပဲ။ အဲဒီတော့ ဒီကမ္မဋ္ဌာနာစရိယသင်တန်းမှာ စခန်းတစ်ခုမှာ ပရိကံထားပုံ၊ စည်းမျဉ်းစည်းကမ်းတို့ အစရှိတဲ့ အချက်အလက်တွေ ဒါတွေကတော့ ကမ္မဋ္ဌာနာစရိယသင်တန်း ပေးကြမည့် ဆရာတော်တွေက မူချ

http://www.dhammadownload.com



ပြီးတော့ ပြပြီဆိုရင် အရှင်မြတ်တွေ တစ်ခါတည်း ဒီစည်းကမ်းလေးတွေ ပရိကံလေးတွေ ယူပုံယူနည်းတွေ စာရွက်နဲ့ပေးရမည့်အခါကျတော့ အကုန်လုံးရိုက်ပြီးတော့ ဒါပေးကြပါလိမ့်မယ်။

ဒါကြောင့်မို့ ကျန်တာတွေကတော့ သိပ်ပြီးတော့ မှတ်စရာ မလိုပါဘူး။ ပထမပိုင်းမှာတော့ သင်တန်းပြတရားပြပုဂ္ဂိုလ်များက သမထကမ္မဋ္ဌာန်း အားထုတ်ခိုင်းမှာပါပဲ။ အားထုတ်ခိုင်းပြီးတော့ နောက်တော့ ဝိပဿနာကူး၊ နောက်ပိုင်းကျတော့ အချင်းချင်း ဆွေးနွေးတာတို့ နှီးနှောတာတို့ တိုင်ပင်တာတို့ အဲဒါမျိုးတွေ အဲဒီရောက်တဲ့ အခါကျတော့ မှတ်တမ်းပြုစရာ မှတ်စုလုပ်စရာလေးတွေလည်း ရှိကောင်း ရှိပါလိမ့်မယ်။ အဲဒီကျတော့မှ မှတ်စု မှတ်တိုင်းဆိုတာ လိုပါလိမ့်မယ်။ ရှေးပိုင်း သမထကမ္မဋ္ဌာန်း အားထုတ်တဲ့ အခါမှာတော့ သင်တန်းပြဆရာများက ပြောကြားပါလိမ့်မယ်။ အဲလို သင်တန်းပြောကြားကြတဲ့အခါမှာ ခုနကမေးကြည့်တော့ သင်တန်းတက်မည့် ဆရာတော်များက ဝါတော် (၃၀)လောက်အထိ ရှိကြတယ်။ သင်တန်းပို့ချမယ့် ဆရာတော်များက ဝါ(၂၀)၊ ဝါ(၂၅) နည်းနည်းပါးပါး ငယ်တာလေးတွေ ရှိပါတယ်။

အဲဒီတော့ ဒါလေးတွေနဲ့ ပတ်သက်လို့လည်းပဲ ဝိနယဓရ ဧတဒဂ်ရ အရှင်ဉပါလိ ဝိနည်းကျမ်းဂန်တွေ ပို့ချတဲ့အခါ စာချတဲ့ ပို့ချသင်ကြားရမည့် အရှင်ဉပါလိက ငယ်ပြီးတော့နေတော့ သင်တန်း တက်ကြမည့် ဆရာတော်တွေက အရွယ်ကနည်းနည်းလေး ကြီးပြီးတော့ နေတဲ့အခါ ဘုရားရှင်က အရှင်ဉပါလိ မြင့်တဲ့နေရာကနေ နေပြီးတော့ ပို့ချဖို့ ခွင့်ပြုပါတယ်။ အဲဒီအတိုင်းပဲ အကယ်၍များ ငယ်ရွယ်တဲ့ပုဂ္ဂိုလ် များက သင်ကြားပို့ချတဲ့ ပုဂ္ဂိုလ်များက ငယ်နေမယ်ဆိုရင်လည်းပဲ အဲသလို မြင့်တဲ့နေရာကနေ ပို့ချနိုင်ပါတယ်။ ခွင့်ပြုသော်လည်းပဲ ဝါ (၂၀)ကျော်၊ ဝါ(၂၀)အထက် ဆရာတော်တွေကတော့ သံဃာစင်ပေါ်ကနေပြီးတော့ အားထုတ်လျှင်လည်း အဆင်ပြေပါတယ်။ ပြီးတော့ ဒီသင်တန်းတက်ဖို့ ဆိုပြီးတော့ တပည့်တော်တို့ တိုင်ပင်ကြ နှီးနှောကြ ပြောကြဆိုကြနဲ့

http://www.dhammadownload.com



သင်တန်းနီးကပ်လာတဲ့ အခါကျတော့ ဟိုကနေ ဖုန်းဆက်၊ ဒီကနေ ဖုန်းဆက် စာရင်းပေးကြ သင်တန်းကို ဘယ်လိုဖွင့်မလဲ စသည် ဒီသင်တန်းပဲ အာရုံရောက်ပြီးတော့ လွန်ခဲ့တဲ့ (၁၅)ရက်လောက်က သင်တန်းကိစ္စနဲ့ ပတ်သက်ပြီးတော့ပဲ စိတ်ကူးလေးနဲ့ပဲ အိပ်ပျော်သွားတယ် ဆိုပါတော့။

## ကောင်းစွာနေသည်မည်

အဲဒီလို အိပ်ပျော်သွားတဲ့ အခါကျတော့ အိပ်မက်ထဲမှာ ပါဠိတော်တစ်ခုကို လာပြီးရွတ်ပြတယ်။ အဲဒီ ပါဠိတော်က **"အသုညော လောကော အရဟန္တေဟိ အသဿ အသုညော လောကော အရဟန္တေဟိ အသဿ"**လို့ အိပ်မက်ထဲမှာ ကြားပြီးတော့နေတော့ ဒီပါဠိက ရလည်းရဖူး ပါတယ်။ အသုညော လောကော အရဟန္တေဟိ အသဿ= လောကကြီးမှာ ရဟန္တာမဆိတ်သုဉ်းဘူးဆိုတော့ ဩော်- ဒါကတော့ သင်တန်းနဲ့ပတ်သက် တဲ့ အိပ်မက်ပဲလို့ ဆိုပြီးတော့ ရှေ့ဝါကျပါ တစ်ခါပြန်ပြီးတော့ ကြည့်ရတယ်။ ရှေ့က ဝါကျကြည့်လိုက်တော့ **"ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အသဿ"**လို့။ ရှေ့က ဝါကျပါ ပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ သုဘဒ္ဒ= သုဘဒ်၊ ဣမေ ဘိက္ခူ= ဤတစ်ဆယ့်နှစ်ပါးသော ရဟန်းတော်တို့သည်၊ သမ္မာ= ကောင်းစွာ၊ ဝိဟရေယျုံ= နေကုန်ငြားအံ့။

ရဟန်းတော် တစ်ဆယ့်နှစ်ပါးတို့ဟာ ကောင်းကောင်းမွန်မွန် နေကြလို့ရှိရင် အသုညော လောကော အရဟန္တေဟိ အသဿ= လောက ကြီးမှာ ရဟန္တာ မဆိတ်သုဉ်းဘူး။ ဒါနဲ့ ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ကို ဖွင့်ဆိုတဲ့ အဋ္ဌကထာကို ပြန်ပြီး တော့ ကြည့်ရတယ်။ ပြန်ကြည့်ရင်းလည်း စဉ်းစားပါတယ်။ စဉ်းစားတော့ ရဟန်းဆယ့်နှစ်ပါး ဆယ့်နှစ်မျိုးဟာ ကောင်းကောင်းမွန်မွန်နေရင် လောကကြီးမှာ ရဟန္တာမဆိတ်သုဉ်းဘူး ဆိုတော့ မဂ္ဂဋ္ဌာန် (၄)ယောက်၊

http://www.dhammadownload.com



ဖလဋ္ဌာန် (၄)ယောက်၊ ရဟန်း (၈)ပါးကတော့ ရှေးဦးစွာ ပေါ်ပါတယ်။ နောက် ရဟန်းလေးမျိုးကတော့ ပျောက်ပြီးတော့နေတော့ အဋ္ဌကထာ အဖွင့်က သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ- သမ္မာ ဝိဟရေယျု ဟူသောစကား၌၊ ဝိနိစ္ဆယော= အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော= သိအပ်၏။ ဘယ်လို သိရမလဲဆိုတော့-

**သောတာပန္နော အတ္တနော အဓိဂတဓမ္မံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။**

သမ္မာ ဝိဟရေယျုကို ဖွင့်လိုက်တာ ရဟန်းတော်တွေ ကောင်းစွာ နေတယ်ဆိုတာ ရဟန်းဆယ့်နှစ်မျိုးတို့ ကောင်းစွာနေတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ သောတာပန် ရဟန်းတော်တစ်ပါးဟာ မိမိရရှိထားတဲ့ လမ်းစဉ်ကို အခြားတစ်ပါးအား ပြောဆိုပြီးတော့ နောက်တစ်ပါးကိုလည်း သောတာပန်ဖြစ်အောင် ပြုခြင်းဟာ သောတာပန်ဖြစ်အောင် ပြု၍ နေခြင်းဟာ သမ္မာ ဝိဟရတိ နာမ- ကောင်းစွာနေခြင်း မည်ပါတယ်။

မိမိ သောတာပန်ဖြစ်တဲ့ လမ်းကြောကို အခြားတစ်ပါးကို ဟောပြီးတော့ အခြားတစ်ပါးကိုလည်း သောတာပန်ဖြစ်အောင်ပြု၊ အဲဒါ သမ္မာ ဝိဟရတိ= ကောင်းစွာနေခြင်းပဲ။ ဧသနယော= အခြား သကဒါဂါမ်၊ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များကျတော့လည်း ဒီအတိုင်းပါပဲလို့ အဋ္ဌကထာ ဆရာက ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက် ကောင်းစွာနေခြင်းကို ဖွင့်ပြီးတော့ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက် ကျပြန်တော့လည်းပဲ **"သောတာပတ္တိ မဂ္ဂဋ္ဌော အညမ္ပိ သောတာပတ္တိ မဂ္ဂဋ္ဌံ ကရောန္တော သမ္မာဝိဟရတိ နာမ"** သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကလည်းပဲ သူသောတာပတ္တိ မဂ္ဂဋ္ဌာန်ရပုံ လမ်းကြောကိုပြပြီးတော့ အခြားပုဂ္ဂိုလ်တစ်ပါးကိုလည်း သောတာပတ္တိမဂ် တည်အောင် ပြုမယ်ဆိုရင် သမ္မာဝိဟရတိနာမ= ကောင်းစွာနေခြင်းပဲ။

ဧသနယော သေသမဂ္ဂေပိ= ကျန်တဲ့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့မှာလည်းပဲ ဒီအတိုင်းပါပဲ။ အဲဒီတော့

http://www.dhammadownload.com



(၈)ယောက် ပြည့်သွားပြီ။ ဆိုလိုတာက ဘာလဲလို့ဆိုတော့ အရိယာပုဂ္ဂိုလ် (၈)ယောက်ဟာ သူတို့ရရှိတဲ့ လမ်းကြောကို အခြားပုဂ္ဂိုလ်အားပြောပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေ အရိယာဖြစ်အောင် ပြုခြင်းသည် သမ္မာဝိဟရတိ= ကောင်းစွာနေခြင်း၊ ကောင်းစွာနေတယ်လို့ ခေါ်ရပါတယ်။ အဲဒီတော့ နောက် (၄)မျိုး ဘာလဲဆိုတော့ **"သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ"**လို့ ဖွင့်ပါတယ်။ ဒီစကားက အခု တပည့်တော်တို့ သင်တန်းနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။

သောတာပတ္တိ မဂ္ဂတ္ထာယ= သောတာပတ္တိ မဂ်အလို့ငှာ၊ အာရဒ္ဓဝိပဿကော= အားထုတ်ကြိုးစား၍ ဝိပဿနာရှုနေတဲ့ ရဟန်းသည်၊ အတ္တနော= မိမိ၏၊ ပဂုဏံ= သင့်တင့်ရှာမှီး လေ့လာပြီးသော၊ ကမ္မဋ္ဌာနံ= ကမ္မဋ္ဌာန်းကို၊ ကထေတွာ= သူတစ်ပါးကို ဟောပြီးတော့၊ အညမ္ပိ= အခြားပုဂ္ဂိုလ်ကိုလည်း၊ သောတာပတ္တိမဂ္ဂတ္ထာယ= သောတာပတ္တိမဂ် အကျိုးငှါ၊ အာရဒ္ဓ ဝိပဿကံ ကရောန္တော= အားထုတ်ကြိုးစားတဲ့ ဝိပဿနာအရှင်မြတ်များဖြစ်အောင် ပြုနိုင်မယ်ဆိုရင်၊ သမ္မာ ဝိဟရတိ နာမ= ကောင်းစွာနေခြင်း မည်ပါတယ်။ သောတာပတ္တိ မဂ္ဂတ္ထံ= သောတာပတ္တိမဂ် ရောက်ဖို့ရာအတွက် ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ အခြားပုဂ္ဂိုလ်ကိုလည်း သောတာပတ္တိမဂ်ဉာဏ် ရရှိအောင် ဆောင်ရွက်ပြီးတော့ ဟောပြောပြီးတော့ ပေးမယ်ဆိုရင်၊ သမ္မာဝိဟရတိ နာမ= ကောင်းစွာနေခြင်း မည်ပါတယ်။

**အန္တမသော တိသရဏဂတောပိ သောတာပန္နတ္ထာယ ပဋိပန္နောယေဝ=** သရဏဂုံသုံးပါး ဆောက်တည်ပြီး သူဟာ သောတာပတ္တိမဂ် ရဖို့ရာအတွက် ကျင့်နေတာပါပဲ။ အဲဒီတော့ ဝိပဿနာ ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ရဟန်းတော်တစ်ပါးက သောတာပတ္တိမဂ်ဉာဏ်ရဖို့ အားထုတ်တာဖြစ်လို့ မိမိအားထုတ်တဲ့လမ်းစဉ်ကို သူတစ်ပါး

http://www.dhammadownload.com



အား သောတာပတ္တိမဂ်ရခြင်းအကြောင်း ကောင်းမြတ်တဲ့ ဝိပဿနာ ပညာကို ပြောဟောနေမယ်ဆိုရင် သမ္မာဝိဟာရတိ နာမ= ကောင်းစွာ နေသည် မည်ပါတယ်။

**အာရဒ္ဓဝိပဿ ကေသု သကဒါဂါမ် အနာဂါမ် ရဟန္တာ=** ဖြစ်ဖို့ ဝိပဿနာတရား အားထုတ်ကြိုးစားကြတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ဣဒံ သန္ဓာယ သမ္မာ ဝိဟရေယျုန္တိ ဝုတ္တံ၊ ဒီအချက်အလက် တွေကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက သမ္မာ ဝိဟရေယျုံလို့ ဟောတာပါပဲ။ အဲဒီတော့ သမ္မာ ဝိဟရေယျုံ ဆိုတဲ့အဖွင့်မှာ အခု သင်တန်းတက်ကြတဲ့ သံဃာတော် အရှင်မြတ်တွေဟာ သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိမဂ်ဉာဏ် ရဖို့ရာအတွက် ဝိပဿနာတရားများ အားထုတ်ကြ။ အားထုတ်နည်းတွေ သင်ကြ။ ကိုယ်တိုင်လည်း အားထုတ် ကြတယ်။ အဲဒီ အားထုတ်နည်းကို လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ ရဟန်းရှင်လူ အများကို ပြသကြမယ်ဆိုတော့ သမ္မာ ဝိဟရေယျုံ အဖွင့်တိုင်း ကောင်းစွာ နေသည်မည်ပါတယ်။

ဒီအဖွင့်နဲ့အညီပဲ တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာတော် မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးက ဒီစကားနဲ့ပတ်သက်ပြီးတော့ မိန့်ဖူးတယ်။ အသုညော လောကော အရဟန္တေဟိ အဿ= လောက ကြီးမှာ ရဟန္တာ မဆိတ်သုဉ်းဘူးဆိုတဲ့ အချက်ဟာ ရှိတယ်။ ဒီအချက် ထက် ပိုပြီးတော့ခက်တာက သမ္မာဝိဟရေယျုံ ဖြစ်ဖို့ရာ ပိုပြီးတော့ခက် ပါတယ်။ သမ္မာ ဝိဟရေယျုံ ဖြစ်ရန် ခက်ယဉ်းလှ၏လို့ ဆရာတော်ကြီးက မိန့်ဖူးတယ်။ အဲဒီတော့ တပည့်တော်တို့ရဲ့ အခုသင်တန်းဟာ သမ္မာ ဝိဟရေယျုံ ပါပဲ။ သမ္မာ ဝိဟရေယျုံ ဖြစ်ဖို့ရန်အတွက် သင်တန်းပို့ချ တက်ရောက်ကြခြင်းပါပဲ။ အဲဒီတော့ အဲဒီလို သမ္မာ ဝိဟရေယျုံ ဖြစ်လို့ရှိရင် အသုညော လောကော အရဟန္တေဟိ အဿ= ကျူတော ဝါးတောကြီးများလိုပဲ လောကကြီးမှာ ရဟန္တာ မဆိတ်သုဉ်းဘူး။ သောတာပန်တွေလည်း မဆိတ်သုဉ်းဘူး။ သကဒါဂါမ်၊ အနာဂါမ်တွေ

http://www.dhammadownload.com



လည်း မဆိတ်သုဉ်းဘူး။ ဘာကြောင့် မဆိတ်သုဉ်းသလဲဆိုရင် သမ္မာဝိဟာရေယျ ဖြစ်လို့ပါပဲ။ ကောင်းမွန်စွာ နေကြလို့ပါပဲ။ ကောင်းမွန်စွာ နေတယ်ဆိုတာ လက်ဆင့်ကမ်း ပခုံးပြောင်းပြီးတော့ လမ်းကြောပြပေးနေကြလို့ပါပဲ။

အဲဒီတော့ ဒါက မြတ်စွာဘုရားရဲ့ အလိုဆန္ဒတော်။ အဲဒီတော့ မြတ်စွာဘုရား အလိုဆန္ဒတော်တွေကတော့ ဒီတရားတော်တွေ ပွင့်လင်းစည်ပင်မှု ပွင့်လင်းစည်ပင်ဖို့အရေးကို မြတ်စွာဘုရား လိုလားတော်မူတယ်။ ဒါကြောင့် ပွင့်လင်းစည်ပင်မှု တင့်တယ်တာ သုံးမျိုးရှိတယ်။ ပွင့်လင်းစည်ပင်မှု တင်တယ်တာ သုံးမျိုးဆိုတာက လဝန်းကြီးရယ်၊ နေဝန်းကြီးရယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ၊ အဲဒီ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာန်တရားတော်တွေကို အနှစ်သာရထုတ်လိုက်မယ်ဆိုရင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး။ ကျင့်စဉ်တရားများ ပွင့်လင်းစည်ပင်မှု တင့်တယ်တယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ မြတ်စွာဘုရား အလိုဆန္ဒတော်နဲ့ အံကိုက်ဖြစ်ပါတယ်။ အဲဒီ အံကိုက်ဖြစ်တဲ့တရားကို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၉၂) နှစ်က ပွင့်တော်မူတဲ့ ဗုဒ္ဓဘုရား၊ အထူးအားဖြင့် ပြောမယ်ဆိုရင် အခု ကုရုတိုင်း၊ ကမ္မာသဒမ္မရွာမှာ ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန် တရားတော်၊ အခုအနေနဲ့ ပြောမယ်ဆိုရင် အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသ အရှေ့အရပ်မှာ ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန် သုတ္တန်ဒေသနာတော်မြတ်ကြီး ရှိတယ်။ အဲဒီ သုတ္တန်ဒေသနာတော်မြတ်ကြီးဟာ ပါဠိဘာသာ ယခင်က မာဂဓဘာသာနဲ့ ရှိလာကြတယ်။ အဲဒီလို ရှိလာကြတဲ့ အခါကျတော့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မန္တလေးမြို့ ကင်းဝန်မင်းကြီးရဲ့ အိမ်တော်မှာ ကင်းဝန်မင်းကြီး အမှူးထားပြီးတော့ တရားနာကြတဲ့ ပရိသတ်တို့အား သုံးညဉ့်တိုင်တိုင် ဒီမဟာသတိပဋ္ဌာန်ဒေသနာတော်မှာ ဟောထားတဲ့ သတိပဋ္ဌာန်လေးပါး

http://www.dhammadownload.com



ထဲမှ ကာယာနုပဿနာသတိ ပဋ္ဌာန်၊ အဲဒီ ကာယာနုပဿနာသတိပဋ္ဌာန် အပိုင်းကြီးလေးပိုင်းထဲမှာ ပထမဆုံးအပိုင်းဖြစ်တဲ့ အာနာပါနပဗ္ဗကထာ အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံကို အကျယ်တဝင့် ဆရာတော်ဘုရား ဟောကြားတော်မူခဲ့တယ်။

အဲဒီလို ကင်းဝန်မင်းကြီးကို အမှူးပြုပြီးတော့ ပရိသတ်တို့အား ဟောကြားတော်မူခဲ့တဲ့ တရားအားထုတ်နည်းပဲ ယခု အဓိကအားဖြင့် ပြသအားထုတ်ကြမှာ။ ဒီနောက် နှစ်ပေါင်း (၆၀)ကျော်က အနာဂါမ် ဆရာသက်ကြီးလို့ ဖြစ်လတ္တံ့ဖြစ်တဲ့ ဒါယကာဦးဖိုးသက်၊ သောကငြောင့် စူးနေတဲ့ အခါကျတော့ ဒီသောကငြောင့်ကို နှုတ်ဖို့ရာ ဆရာရှာတဲ့အခါ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးနဲ့တွေ့လို့ ဆရာတော် ဘုရားကြီးက ဒီမဟာသတိပဋ္ဌာန်ဒေသနာတော်ထဲက အာနာပါနပဗ္ဗ ကထာကို ဦးစားပေးပြီးတော့ ဆရာတော်ဘုရားကြီး ပြသလိုက်တော့ ဒါယကာကြီး ဦးဖိုးသက် သောကငြောင့်နှုတ်နိုင်တဲ့ အဆင့်ရောက်ပြီး တော့ အနာဂါမ်ဆရာသက်ကြီးလို့ လူသူတော်စင်ကြီးဖြစ်ခဲ့၊ အဲဒီ လူသူတော်စင်ကြီး ဖြစ်ခဲ့တဲ့ အနာဂါမ်ဆရာသက်ကြီးက နေပြီးတော့ တစ်ခါ ဒကာကြီး ဦးဘခင်တို့ ဦးဂိုအင်ဂါတို့ ဆက်ပြီးတော့ သွားတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)ကျော်၊ လူမျိုးပေါင်းလည်း (၅၀)ကျော်၊ နိုင်ငံပေါင်းလည်း (၅၀)ကျော်လောက်ထိအောင် ဒီအားထုတ်နည်းနဲ့ အားထုတ်နိုင်ကြ၊ ပြည်တွင်းမှာတော့ ဆရာတော်ဘုရားကြီးရဲ့ လယ်တီ ဝိပဿနာဆိုတဲ့ နာမည်တော်နဲ့ အားထုတ်မှုက နည်းနည်း နည်းပါတယ်။ အဲဒီလို နည်းပါးနေတဲ့အတွက် တရားစခန်းအကြိမ်ကြိမ် ဖွင့်ကြည့်တဲ့အခါ တော့ ကမ္မဋ္ဌာနာစရိယများ များစွာလိုအပ်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် ဆရာတော် ဘုရားကြီးရဲ့ နည်းနာနိဿယ၊ ဗုဒ္ဓဘုရားရဲ့ ဒေသနာတော်နှင့်အညီ ပြသပြီးတော့ ထားခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယကို တပည့်တော်တို့ သင်တန်းဖွင့် ပို့ချကြရတာပါပဲ။

(၁၆)

http://www.dhammadownload.com



ဗုဒ္ဓဘုရားရဲ့ ဒေသနာတော်၊ အဲဒီ ဒေသနာတော်နဲ့ တစ်ခါတည်း အံဝင်ခွင်ကျဖြစ်တဲ့နည်း၊ အဲဒီတော့ စောစောကပြောသလိုပဲ။ မြတ်စွာဘုရားဟောခဲ့တာ ပါဠိ၊ မာဂဓ ဒီလိုဟောခဲ့။ ဟောခဲ့တော့ ဆရာတော်ဘုရားကြီးက မာဂဓပါဠိဘာသာတွေကို မြန်မာဘာသာ ပေါ်လွင်အောင် ကင်းဝန်မင်းကြီး အစရှိတဲ့ တရားနာပရိသတ်တို့အား ဟောထားတဲ့နည်း။ ဒီထက် ထင်ရှားအောင် ပြောမယ်ဆိုရင်တော့ ဟိုတောင်တွင်းကြီးမြို့ ခင်ကြီးဖျော်တို့လက်ထက် ဒကာတစ်ယောက် ရွှေပေလွှာတစ်ခုရတယ်။ အဲဒီ ရွှေပေလွှာမှာ ဘယ့်နဲ့ရေးထားသလဲ ဆိုတော့ "အသုခ"လို့ ရေးထားတော့ ဒါယကာကြီးက အဲဒီ ရွှေပေလွှာလေး ယူပြီးတော့ အရှေ့ကျောင်းသွားမေးလိုက်၊ အနောက်ကျောင်း သွားမေးလိုက်၊ တောင်ကျောင်း သွားမေးလိုက်၊ မြောက်ကျောင်း သွားမေးလိုက်၊ သွားမေးလိုက်တဲ့ အခါကျတော့ "အသုခ"ဆိုတဲ့ စကားလုံးကြည့်ပြီး ဆရာတော်တွေက အရှေ့ကျောင်းဆရာတော်က "ဟေ့ကောင် အဲဒီ ရွှေပေလွှာ လွှင့်ပစ်လိုက်၊ အသုခဆိုတာ မင်းမချမ်းသာဘူး"လို့ ပြောတယ်၊ ရွှေပေလွှာလေး ပိုက်ပြီးတော့ ပြန်ခဲ့။ ဒါယကာကြီးက "အင်း - ငါရထား တဲ့ ရွှေပေလွှာ ရတော့ရတယ် ဒါပေမယ့် မချမ်းသာဘူး ဆိုပဲ။ မြောက်ကျောင်းသွားလည်း ဒါပဲ။ ဟို အနောက်ကျောင်း ဘုန်းကြီး ပညာတတ်တယ်။ ရွှေပေလွှာလေး ကိုင်ပြီး သွားမေးကြည့် မရ။ "အသုခ= မင်းချမ်းသာစရာအကြောင်း မရှိဘူး" ဒီတိုင်းပြော။ တစ်နေ့ကျတော့ ခင်ကြီးဖျော် ဆရာတော်ဆီ သွားတယ်။ "ဆရာတော် တပည့်တော် ရွှေပေလွှာလေးတစ်ခု ရထားလို့ ဆရာတော်ဆီလာပြီးတော့ အဖြေလေး များ ရမလားဆိုပြီးတော့ လာပါတယ်။ "အသုခ" ပြလိုက်တော့ အ= အမ္ဗ၊ ဟဲ့ ဒကာ မင်းအိမ်နားမှာ သရက်ပင်ရှိလား။ မှန်ပါ ရှိပါတယ်ဘုရား။ အဲလိုဆိုတော့ နီးစပ်ပြီကွာ။ အ- အမ္ဗရုက္ခသ= မူလေ ရေးကွာ။ သု- သုဝဏ္ဏံ၊ ခ= ခဏာဟိ= တူးလော့။ အဲ မင်းသရက်ပင်ရင်းမှာ ရွှေအိုးကို တူးလော့လို့ ပြောတာကွ။

74(A)

http://www.dhammadownload.com



အဲဒီဟာ သွားတူးလိုက်စမ်းဆိုတော့ ခင်ကြီးဖျော် ရွှေပေလွှာ မြန်မာပြန်ပေးလိုက်တာ အမှန်ဖြစ်။ သရက်ပင်ရင်း သွားပြီးတော့ ရွှေအိုး တူးလိုက်တာ အဲဒီဒကာ ရသွားတယ်။ ရွှေအိုးလည်း ရတယ်။ ရွှေပေလွှာ လည်း ရတယ်။ အဲဒီတော့ မြတ်ဘုရား ဟောထားတဲ့ မာဂဓပါဠိဘာသာ တွေဆိုတဲ့ ရွှေပေလွှာတွေတော့ ရထားတယ်။ အယူအဆ မှားမယ်။ ဘာသာပြန်မှားမယ်။ အရကောက် မှားမယ်။ မှားမယ်ဆိုရင် အင်မတန် ခက်တယ်။ မှိုင်ပြီးတော့ နေရုံမယ်ပဲ ရှိမယ်။ ပိဋကတ်သုံးပုံ ပြတိုက်ထဲ ထည့် အလှပြ အလှကြည့်နေရသူတွေ အများကြီးပဲ။ စောစောက ရွှေပေလွှာ ရထားပေမယ်လို့ ဝမ်းမသာရတဲ့လူ၊ အမှန်တိုင်း ပြောနိုင်တဲ့ ခင်ကြီးဖျော် ဆရာတော်နဲ့ တွေ့တော့မှ အ- အမ္ဗရုက္ခဿ= မူလေ၊ သု- သုဝဏ္ဏံ၊ ခ- ခဏာဟိ= သရက်ပင်ရင်းမှာ သွားပြီးတော့ ရွှေအိုး တူးလော့ ဆိုတဲ့အခါကျမှ ဝမ်းပန်းတသာနဲ့ ရွှေပေလွှာပိုင်ရှင်ဟာ ဝမ်းပန်းတသာနဲ့ ရွှေအိုးရရှိသလိုပဲ။ ဘုရားတရားတော် စကားတော်တွေဟာ မာဂဓ ပါဠိဘာသာနဲ့ ဟောကြားပြီးတော့ထားတာ။ ထားတဲ့အခါကျတော့ နက်နဲမှုအမျိုးမျိုးနဲ့ နက်နဲတယ်။ နည်းနာနိဿယ အမျိုးမျိုးနဲ့ ခက်ခဲတယ်။ ဒါကြောင့်မို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ခင်ကြီးဖျော် ဆရာတော်က “အသုခ”ကို ဘာသာပြန်ပေးသလိုပဲ။ ဗုဒ္ဓဘုရားရဲ့ ရွှေပေလွှာတွေလည်းပဲ မချွတ်မယွင်းအောင် ဥပမာအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ကျမ်းပေါင်းတစ်ရာကျော်။ ဒီကျမ်းပေါင်းတစ်ရာကျော် ရေးသားပြန်တော့လည်းပဲ ဒီနေရာမှာ စပ်ပြီးတော့ ပြောမယ်ဆိုရင် ဆရာတော်ဘုရားကြီးက တပည့်တော်တို့ အခုကျမ်းပြုသလိုမျိုး မဟုတ်ဘူး။ တပည့်တော်တို့ တစ်ခါတစ်ရံ ကျမ်းပြုမယ်ဆိုရင် ရှာလိုက် ရတဲ့မှီငြမ်းစာအုပ်၊ ဆရာတော်ဘုရားကြီးက ဘယ်ဒီလိုဟုတ်မလဲ။ စာအုပ်လည်း မကြည့်ဘူး။ ဘီဒိုများလည်း ဖွင့်ကြည့်စရာ မလိုဘူး။ မကြာသေးခင်က ဘီးလင်းမှာ ဆရာတော်ဘုရားကြီး တရားအားထုတ် တော်မူခဲ့ ကုသိနာရုံတောင် ကျောက်ဂူကြီးကို ရောက်ခဲ့ပါတယ်။

74(B)

http://www.dhammadownload.com



အဲဒီတုန်းက ရေးထားတဲ့ လက္ခဏာဒီပနီဆိုရင် အဲဒီတောင်မှာရှိတဲ့ ရသေ့တွေကို လက္ခဏာဉာဏ် ပေါက်အောင် တစ်ခါတည်း ဆရာတော်ဘုရားကြီးက ပြောရင်းနဲ့ အဲဒီ ရသေ့တွေကို အနတ္တဉာဏ်ပေါက်အောင် ဟောကြားရင်းနဲ့ ကျမ်းပြုတော်မူခဲ့တယ်။

လက်ပဒေါင်းတောင်မှာ နေရင်းနဲ့ အာဟာရဒီပနီ ဆိုပြီးတော့ တရားအားထုတ်ရင်း ရေးထားတာ။ အဲဒီတော့ ဆရာတော်ဘုရားကြီး ရေးသားတဲ့ကျမ်းစာတွေဟာ တောသံ၊ တောင်သံ ပေါက်တယ်။ ဘီဒိုစော် မနံဘူး ဆိုတာ မှန်တယ်။ ဆရာတော်ဘုရားကြီး ရေးသားတဲ့ ကျမ်းတွေကို ဖတ်ပြီးတော့ အားထုတ်မယ်ဆိုရင်လည်း အားထုတ်နိုင်ပါတယ်။ အရှင်ဘုရားတို့ ဟောကြားတဲ့နေရာမှာလဲ မှီငြမ်းပြုတဲ့နေရာမှာ ပါဠိ အဋ္ဌကထာ ဋီကာတွေဆိုတော့ အယူအဆတွေ တွေးစရာ၊ တောစရာ တွေ အများကြီးရှိတယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီးက တွေးပြီးသား။ အဆင်ပြေအောင် ဘာသာပြန်ပြီးသား။ အဲဒီတော့ ဒီကျမ်းတွေဟာ လည်းပဲ မှီခိုလောက်တဲ့ကျမ်းတွေ၊ အဲဒီတော့ တရားပြကြတဲ့အခါမှာ ဟောစရာ၊ ပြစရာဆိုတာကတော့ မိမိတို့ ဒီပနီကျမ်းစာအသီးသီးကို ကြည့်ရှုပြီးတော့ ဟောမယ်၊ ပြောမယ်ဆိုရင် အခက်အခဲမရှိပါဘူး။ အဲဒီတော့ မန္တလေးမှာ ယခင်က စာချနာမည်ကြီးတဲ့ တောင်သမန်ဆရာတော် ဦးကေသဝါဘိဝံသတဲ့။ အသက်ကြီးပါပြီ။ မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက်၊ တပည့်တော်တို့ဆရာ ဆရာတော် ဦးပညာဝံသနဲ့ တစ်နှစ်ကျတော့ ဓမ္မာစရိယပုစ္ဆာ မေးခွန်းထုတ်ကြ။ ထုတ်ကြတော့ အဲဒီတောင်သမန်ဆရာတော်က ဆရာတော် ဦးပညာကို လယ်တီဆရာလေးလို့ခေါ်တော့ လယ်တီဆရာတော်လေး ပြောရဦးမယ်ဆိုပြီးတော့ "ဒို့ဆရာ ဦးဝိမလဆရာတော်က ပြောတယ်တဲ့။ ဦးဇင်းလယ်တီရေးတာတွေ ဘယ်တော့မှမကြည့်နဲ့။ အမှားချည်းပဲလို့ ပြောတာတဲ့။ အဲဒါနဲ့ တပည့်တော်လည်း ယုံပြီးတော့ ကိုယ်တော် ဆရာတော်ဘုရားကြီးရဲ့ စာအုပ်တွေမကြည့်ဖြစ်ဘူး။ တစ်နေ့ ဂျပန်ခေတ်

http://www.dhammadownload.com



ဆိုတော့ ဟိုပြေး ဒီပြေးနဲ့ တောရွာတစ်ရွာမှာ ရောက်သွားတော့ ဆရာတော်ဘုရားကြီးရဲ့ စာအုပ်လေးတွေ အဲဒီမှာတွေ့တယ်။ တွေ့တော့ စာတတ်၊ ပေတတ် ဆရာတော်ဆိုတော့ ဒါတွေကြည့်။ ကြည့်ပြီးတော့မှ ငါ့ဆရာက ပြောတယ်။ လယ်တီရေးတာတွေများ မကြည့်လေနဲ့ အမှားချည်းတည်းပဲလို့ ပြောတယ်။ ဘယ်မှားလို့ ဘုရားလို့ ဆိုပြီးတော့ တစ်အုပ်ပြီးတစ်အုပ် လှည့်ပြီးတော့ကြည့်။ အဲဒီလို ကြည့်ပြီးတော့ ဘာပြောသလဲလို့ဆိုတော့ ကိုယ်တော်တို့ လယ်တီက ကိုယ်တော်တွေက ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကို တစ်နှစ်မှတစ်ကြိမ်၊ နှစ်ကြိမ် ပူဇော်ကြ၊ ချီးကျူးကြတာ။ တပည့်တော်က မန္တလေးစာချရင်းနဲ့ နေ့တိုင်း ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးရတယ်"တဲ့။ ဒါဆရာတော် ဦးကေသဝါဘိဝံသ၊ အနောက်ပြင်ကျားလို့ နာမည်ကြီးတဲ့ စာချဆရာတော်ကြီးက အရှေ့လယ်တီဆရာတော် ဦးပညာဝံသကို ဒီစကားပြောဖူးခဲ့တယ်။ ဆရာတော် ဦးပညာဝံသက တပည့်တော်များကို ဖောက်သည်ချလို့ ဒါလေးမှတ်မိတယ်။ အဲဒီတော့ တပည့်တော်တို့ အရှင်ဘုရား တို့ လယ်တီဝိပဿနာ တရားစခန်း သင်တန်းပို့ချကြမယ်။ သင်တန်းတက်ကြမယ်။ မှီရာကြီးလည်း အင်မတန်ကြီးကျယ်ပါတယ်။ တရားအားထုတ်နည်းကျတော့လည်း မြန်မာနိုင်ငံမှာ ဆရာတော်ဘုရားကြီး တော်တော့်ကိုစောပါတယ်။ ဒါကြောင့်မို့ တပည့်တော်တို့ ရန်ကုန်မြို့ တရားပွဲတစ်ခုမှာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာလောက်က ပြောရမှာပါ။ ရန်ကုန်မြို့၊ တရားပွဲ တစ်ခုမှာ ဘာမိန့်သလဲဆိုတော့ လယ်တီဆရာတော်ဘုရားက "ရန်ကုန်က ဘုန်းကြီးတွေက ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ပဲ ပြီးနေကြတယ်။ လူတွေကို တရားအားထုတ်တတ်အောင် မဟောကြ မပြောကြဘူး"။ ဒီစကားကို တရားပွဲမှာ ထည့်ဟောလိုက်တယ်။ ဟောလိုက်တဲ့အခါကျတော့ ရန်ကုန်က နာမည်ကြီးတဲ့ ဆရာတော်တွေက မခံမရပ်နိုင်ဖြစ်ကြတော့ ဆရာတော်ဘုရားကြီးကို တရားပေစာနဲ့ ပတ်သက်ပြီးတော့ စမ်းကြ၊ ဒီလိုကျင့်စဉ်နဲ့ ပတ်သက်ပြီး

http://www.dhammadownload.com



တော့ စမ်းကြ၊ မေးမြန်းကြတဲ့အခါ အားလုံးကျေနပ်ပြီးတော့ ဆရာတော်ဘုရားကြီး သဘောကျဟောတော်မူပါ။

ရန်ကုန်မြို့မှာ ဆရာတော်ဘုရားကြီး သဘောကျ ပြောတော်မူပါလို့ အဲဒီလို ဖြစ်ခဲ့ဖူးတဲ့ ဖြစ်စဉ်လေးတွေလည်း ရှိ၊ ဒါကြောင့်မို့ တပည့်တော်တို့ ယနေ့ သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ ဒေသနာတော်နဲ့အညီ မတိမ်းမစောင်းပဲ။ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယ နည်းကောင်း၊ နိဿကောင်းများကို မှီငြမ်းပြုရတဲ့အတွက် ရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို လျှောက်ထားသလိုပဲ။ "တပည့်တော်များ ဘုရားတို့လို အရှင်မြတ်တို့လို ပုဂ္ဂိုလ်များ အမှီပြုပြီးတော့ ရှင်အဖြစ် ရဟန်းအဖြစ် ရကြတာ လူ့ဘဝရကျိုး နပ်ပေစွဘုရား"လို့ လျှောက်ထားသလိုပဲ တပည့်တော်တို့လည်းပဲ သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ ဒေသနာတော်များနဲ့အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသားပြီးတော့ ဤကမ္ဘာ့လူထုကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင်ကြီးကို ပေးတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်ဖြစ်ရခြင်း၊ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယကို မှတ်သားနာယူ ကျင့်ကြံလိုက်နာပြီးတော့ အားထုတ်ပြီးတော့ နေရခြင်း၊ ဒီနည်းနာနိဿကိုပဲ ဖြန့်ဖြူးပြီးတော့ နေရခြင်းသည် တပည့်တော်တို့ အရှင်မြတ်တို့ ရကျိုးနပ်ပေစွာ့လို့ နောင်သောအခါမှာ ဒီစကားမျိုး ဥဒါန်းကျူးနိုင်ပါလိမ့်မယ်။ အဲဒီလို ကျူးနိုင်လောက်အောင်လည်းပဲ ကြိုးစားပြီး အားထုတ်ကြ၊ သင်ယူကြ၊ ပြတော်မူကြပါလို့ တိုက်တွန်းနှိုးဆော်ရင်းနဲ့ တပည့်တော်ရဲ့ ဩဝါဒစကားကို ဒီတွင်ပဲ နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဓမ္မဝိဟာရီ တရားဖြင့်နေလေ့ရှိသူ

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ ကဆုန်လကွယ်နေ့။

တပည့်တော်တို့ ယနေ့ပြောမည့် စကားကတော့ ခြုံပြီးတော့ ပြောမယ်ဆိုရင် လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ပြီးတော့ အားထုတ်ကြတဲ့ ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့အား အနုဗလပဒါနကထာခေါ်တဲ့ အားပေးစကား ပြောကြားလိုပါတယ်။ အဓိကအားဖြင့် အားပေးစကားပြောကြားရမှာပေါ့။ တစ်ချိန်က ရဟန်းတော်တစ်ပါး မြတ်စွာဘုရားထံ သွားပြီးတော့ ရိုသေစွာ ရှိခိုးတယ်။ အဲလို ရှိခိုးပြီး ရိုသေစွာထိုင်ပြီးတော့ ဘာလျှောက်ထားသလဲဆိုတော့-

**ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ခေါ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ ဓမ္မဝိဟာရီ ဟောတီတိ။**

ရဟန်းတော်က မြတ်စွာဘုရားထံမှာ ရိုရိုသေသေ ရှိခိုးပြီးတော့ ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို မြတ်စွာဘုရား၊ တရားဖြင့်နေလေ့ရှိသူ၊ တရားနဲ့နေလေ့ရှိသူလို့ ဆိုကြပါတယ်ဘုရား။ အဘယ်မျှလောက်သော အတိုင်းအတာအားဖြင့် အဘယ်ပုဂ္ဂိုလ်မျိုးကို တရားဖြင့်နေလေ့ရှိသူ၊ တရားနဲ့နေလေ့ရှိသူဟူ၍ ခေါ်ဆိုနိုင်ပါသလဲဘုရားလို့ မေးခွန်းထုတ်တယ်။ မြတ်စွာဘုရားထံ မေးခွန်းထုတ်တဲ့အနေအားဖြင့် လျှောက်ထားတယ်။

အဲဒီလို လျှောက်ထားတဲ့အခါကျတော့ မြတ်စွာဘုရားက ရဟန်းငါးမျိုးကို ထုတ်ပြီးတော့ဟောပါတယ်။ ရှေးဦးစွာ-

**က္ကဓ ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ**

**သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထာဥဒါနံ၊**

**က္ကတိ ဝုတ္တက ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ။**

ရဟန်း ဤသာသနာတော်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတစ်ပါးဟာ အင်္ဂါကိုးတန်နဲ့ ပြည့်စုံတဲ့ ပရိယတ္တိတရားတော်ကို သင်ယူ

http://www.dhammadownload.com



တယ်။ သုတ်၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန်၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတ၊ ဝေဒလ္လ၊ ဒီအင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့တရားကို သင်ယူတယ်။

**သောဇတောယ ပရိယတ္တိယာ ဒိဝသံ အတိက္ကာမေတိ။**

သော= ထိုအင်္ဂါ (၉)တန်နှင့်ပြည့်စုံတဲ့ ပရိယတ်တရားတော်မြတ်ကို သင်ယူတဲ့ ရဟန်းသည်၊ ဇတောယ ပရိယတ္တိယာ= ဤအင်္ဂါ (၉)တန်နှင့် ပြည့်စုံသော ပရိယတ်တရားကို သင်ယူခြင်းဖြင့်၊ ဒိဝသံ ဝီတိနာမေတိ= နေ့ကို ကုန်စေတယ်၊ တစ်နေ့ကုန်စာချည်းပဲ သင်နေတာ စာကလဲ သာမန်စာတော့ မဟုတ်ဘူး။ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ ပရိယတ်တရားတွေကို သင်ယူလိုက်တာ တစ်နေ့ကုန်ရော။

**ရိဉ္စတိ ပဋိသလ္လာနံ။**

ပဋိသလ္လာနံ= သင့်ရာရည်မှန်း ကမ္မဋ္ဌာန်း၌ စီးဖြန်းအားထုတ်၍ တစ်ယောက်ထီးတည်းကိန်းနေခြင်းကို၊ ရိဉ္စတိ= ဆိတ်သုဉ်းစေ၏။ တရားအာရုံတစ်ခုခုနဲ့ တစ်ပါးထဲ နေထိုင်ခြင်းတော့ မပြုဘူး။

**နာနုယုဥ္စတိ အဇ္ဈတ္တံ စေတော သမာထံ။**

မိမိ အဇ္ဈတ္တသန္တာန်မှာ သမာဓိရဖို့ရာ အားမထုတ်ဘူး။ ပထမရဟန်း။ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ ပရိယတ္တိတရားတော်ကို သင်ယူတယ်။ အဲဒီလို သင်ယူခြင်းနဲ့ပဲ တစ်နေ့ကုန်တယ်။ တစ်ပါးထဲလဲ နေထိုင်မှု မပြုဘူး။ သမာဓိရအောင်လဲ အားမထုတ်ဘူး။

**ဇဝံ ခေါ ဘိက္ခဝေ ဘိက္ခု ပရိယတ္တိ ဗဟုလော ဟောတိ။**

အဲဒီလိုနေနည်းနဲ့ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့တရားကို သင်ယူပြီး နေတယ်။ တစ်နေ့တာကုန်စေတယ်။ တစ်ပါးထီးတည်း ကိန်းအောင်းမှု မပြု၊ သမာဓိရအောင် အားမထုတ်တဲ့ ရဟန်းဟာ "ပရိယတ္တိ ဗဟုလ"= အသင်အကြားများတဲ့ ပုဂ္ဂိုလ်တော့မှန်တယ်တဲ့။ "နောဓမ္မ ဝိဟာရီ"= တရားဖြင့်နေလေ့ရှိသူ တရားနဲ့နေသူလို့တော့ မခေါ်ဆိုနိုင်ဘူး။ စာတော့ သင်တာပဲတဲ့။ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့တရားတော်တွေကို သင်တာပဲ။

http://www.dhammadownload.com



သို့သော်လဲပဲ တစ်နေ့တာ သင်ကြားမှုနဲ့ပဲ အချိန်ကုန်တယ်။ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုလဲ မပြုဘူး။ စိတ်တည်ငြိမ်မှု သမာဓိရအောင်လဲ အားမထုတ်ဘူးတဲ့။ အဲဒီပုဂ္ဂိုလ်ကို တရားနဲ့နေလေ့ရှိသူလို့ မပြောသင့်ဘူး။ နံပါတ် (၁)

နံပါတ်(၂)ကျတော့-

**ပုန စ ပရံ ဘိက္ခဝေ၊ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ၊ ပရေသံ ဝိတ္ထာရေန ဓမ္မံ ဒေသေတိ။ သော တာယဓမ္မ ပညတ္တိယာ ဒိဝသံ အတိက္ကာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဥ္စတိ၊ အဇ္ဈတ္တံ စေတောသမတံ။**

ဒုတိယရဟန်းတစ်ပါးကတော့ မိမိသင်ထားပြီးထားဖြစ်တဲ့ အင်္ဂါ (၉)တန်ပြည့်စုံတဲ့တရားကို သူတစ်ပါးတို့အား အကျယ်တဝင့် ဟောတယ်။ အဲဒီ ဟောမှု ပြောမှုနဲ့ပဲ တစ်နေ့တာ ကုန်ခဲ့တယ်။ တစ်ယောက်ထီးတည်း ကိန်းအောင်းမှု ဆိတ်သုဉ်းတယ်။ ဆုတ်ယုတ်စေတယ်။

"နာနုယုဥ္စတိ အဇ္ဈတ္တံ စေတောသမထံ"= မိမိသန္တာန်မှာ ကိလေသာငြိမ်းအောင် သမာဓိရအောင် အားထုတ်မှုမပြုဘူးတဲ့။ အဲဒီ ပုဂ္ဂိုလ်ကိုလဲ "ပညတ္တိ ဗဟုလ"= သူတစ်ပါးတို့အား အဟောအပြော အားကောင်းတဲ့ပုဂ္ဂိုလ်လို့တော့ ခေါ်နိုင်ပါရဲ့။

**နောဓမ္မ ဝိဟာရီ။**

ဟောတာကတော့ တရားတွေဟောနေတာပါပဲ။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဒီဓမ္မဝိဟာရီသုတ္တန် ဒေသနာတော်များ မဟောခဲ့ဘူး ဆိုရင်တော့ တရားနဲ့နေတဲ့ပုဂ္ဂိုလ်လို့ပဲ ပြောရမှာပဲ။ ဘုရားရှင် ရွှေနှုတ်တော်ထွက် ဓမ္မစက်ဒေသနာရှိနေတာက "နော ဓမ္မဝိဟာရီ" အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့တရားကို တစ်နေကုန်ဟောပြောပြီးတော့ တစ်ယောက်ထီးလဲ ကိန်းအောင်းမှုမပြု၊ သမာဓိရအောင်လဲ အားမထုတ်ဘူးဆိုရင် "နောဓမ္မဝိဟာရီ" တရားနဲ့ နေလေ့ရှိသူလို့ မဆိုထိုက်ဘူးတဲ့။

http://www.dhammadownload.com



နံပါတ် (၃)-

**ပုနစ ပရံ ဘိက္ခု ဘိက္ခုယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံ ကရောတိ။**

နံပါတ်သုံးကိုယ်တော်ကတော့ မိမိသင်ကြားထားတဲ့ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ တရားတော်တွေပဲ။ အဲဒီတရားတော်တွေကို အကျယ်တဝင့် သရဇ္ဈာယ်နေလိုက်တာ။

**သော တေန သဇ္ဈာယေန ဒိဝသံ ဝီတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတော သမထံ။**

အဲလို သရဇ္ဈာယ်ခြင်းဖြင့် တစ်နေ့တာကုန်ရော။ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုလဲမပြုဘူး။ သမာဓိရအောင်လဲ အားမထုတ်ဘူး။ အဲဒီလိုနေတဲ့ ရဟန်းမျိုးကိုလဲပဲ "သဇ္ဈာယဗဟုလ" သရဇ္ဈာယ်ခြင်း များတဲ့ ရဟန်းလို့ ပြောဆိုနိုင်တယ်။ "နော ဓမ္မဝိဟာရီ" တစ်နေကုန် ပိဋကတ်တော်တွေကို အကျယ်တဝင့် ရွတ်ဖတ်နေသော်လဲပဲ "နော ဓမ္မဝိဟာရီ" တရားဖြင့်နေလေ့ရှိသူ၊ တရားဖြင့်နေလေ့ရှိတဲ့ ဆရာတော်လို့၊ တရားဖြင့် နေလေ့ရှိတဲ့ ဦးပဥ္စင်းလို့ မခေါ်နိုင်ဘူးတဲ့။

နံပါတ် (၄)က-

**ပုနစပရံ ဘိက္ခု၊ ဘိက္ခု ယထာသုတံ ယထာ ပရိယတ္တံ မနသာ အနုဝိတက္ကေတိ၊ အနုဝိစာရေတိ မနသာနုပက္ခတိ။**

စတုတ္ထရဟန်းတော်ကတော့ မိမိသင်ယူပြီးသား အင်္ဂါ (၉)တန် အကျင့်မှန်ပြတရားတွေကိုပဲ ကြံစည်တယ်၊ တွေးတောတယ်၊ စိတ်ထဲက နှလုံးသွင်းတယ်။ စာကြံတယ်ပေါ့။ မိမိသင်ကြားလာတဲ့ ပိဋကတ်သုံးပုံ တရားတော်တွေကို ကြံစည်တယ်၊ တွေးတောတယ်။

**သော တေဟိ ဝိတက္ကေဟိ ဒိဝသံ ဝီတိနာမေတိ။**

အဲဒီလို ကြံစည်တွေးတောပြီးတော့ အဲဒီ အကြံအစည်အတွေး တွေနဲ့ပဲ နေ့ကိုလွန်စေတယ်။ "ရိဉ္စတိ ပဋိသလ္လာနံ" တစ်ယောက်ထီးတည်း ကိန်းအောင်းမှုကို ဆိတ်သုဉ်းစေပြီးတော့၊ "နာနုယုဉ္ဇတိ အဇ္ဈတ္တံ

http://www.dhammadownload.com



စေတောသမထံ" စိတ်ငြိမ်းချမ်းအောင် စိတ်ငြိမ်အောင် အားမထုတ်ဘူး။ ပိဋကတ်တရားတော်တွေကိုသာ ကြံစည်နေတာ၊ တွေးတောနေတာပဲ။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဒီတရားတွေကို တွေးတောနေတာ တရားနဲ့နေတဲ့ပုဂ္ဂိုလ်လို့ ပြောနိုင်ရမှာပဲ။ သို့သော်လဲ -

**ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု၊ ဝိတက္က ဗဟုလော ဟောတိ၊ နောဓမ္မဝိဟာရီ။**

အဲဒီလို တရားတွေကို ကြံစည်တွေးတောနေတဲ့ ပုဂ္ဂိုလ်ဟာ "ဝိတက္က ဗဟုလ" တရားတော်တွေကို အကြံအစည် အတွေးအတောများတဲ့ ပုဂ္ဂိုလ်လို့ ပြောဆိုနိုင်ပါတယ်။ "နော ဓမ္မဝိဟာရီ" တရားဖြင့်နေလေ့ရှိတဲ့ ရဟန်း၊ တရားဖြင့်နေလေ့ရှိတဲ့ ဘုန်းတော်ကြီး၊ တရားဖြင့်နေလေ့ရှိတဲ့ ဦးပဥ္စင်းလို့တော့ မခေါ်ဆိုနိုင်ပါဘူး။

နံပါတ် (၅)

**ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ယထာသုတံ ယထာ ပရိယာပတ္တံ၊ ဓမ္မံ ပရိယာ ပုဏ္ဏိ တွာ ဒိဝသံ နဝီတိက္ကာမေတိ။**

နံပါတ် (၅) ရဟန်းတော်ကတော့ အင်္ဂါ(၉)တန်နဲ့ ပြည့်စုံတဲ့ တရားတော်တွေကို သင်ယူတယ်၊ သိတယ်။ သင်ယူပြီးတော့ အဲဒီသင်ယူခြင်းဖြင့် နေ့ကို အကုန်မခံဘူး။ "နရိဥ္စတိ ပဋိသလ္လာနံ" တစ်ယောက်ထီးတည်း ကိန်းအောင်းမှုကို မစွန့်လွှတ်။ "အနုယုဥ္စတိ အဇ္ဈတ္တံ စေတော သမထံ" မိမိရဲ့သန္တာန်မှာ ကိလေသာတွေကို ငြိမ်းအောင်၊ သမာဓိရအောင် အားထုတ်တယ်။

**ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတိ။**

အဲဒီလို တရားတော်ကို သင်ယူပြီးတော့ ရပ်တန့်မနေဘူး။ တစ်ယောက်ထဲတည်း ကိန်းအောင်းပြီးတော့ သမာဓိရအောင် အားထုတ်ပြီးတော့ နေတဲ့ရဟန်း "ဓမ္မဝိဟာရီ"တရားဖြင့်နေလေ့ရှိတဲ့ရဟန်း၊ တရားဖြင့်နေလေ့ရှိတဲ့ ဆရာတော်၊ တရားဖြင့်နေလေ့ရှိတဲ့ ဘုန်းကြီး၊ တရားဖြင့်နေလေ့ရှိတဲ့ ရဟန်းလို့ ဒီလိုခေါ် ဆိုရပါတယ်။

http://www.dhammadownload.com



ဒါ မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက်ဖြစ်ပါတယ်။ ဒီနောက် နိဂုံးချုပ်အနေအားဖြင့် **"ဧသောခေါ်ဘိက္ခု ပရိယတ္တိဗဟုလော၊ မယာဒေသိတော"**၊

ရဟန်း အဲဒီလိုငါဘုရားဟာ အသင်အကြားအမြင်များတဲ့ ပုဂ္ဂိုလ်ကိုလည်း ငါဟောခဲ့ပြီ၊ မိမိသင်ပြီးသား တရားတွေကို အကျယ်တဝင့် သရဇ္ဈာယ်တဲ့ ရဟန်းကိုလည်း ဟောခဲ့ပြီ၊ ဟောပြောတဲ့ ရဟန်းကိုလည်း ဟောခဲ့ပြီ။ သင်ပြီးသား တရားတော်တွေနဲ့ ပတ်သက်ပြီးတော့ ကြံစည်းတွေတောပြီးနေတဲ့ ရဟန်းလဲဟောခဲ့ပြီ၊ နံပါတ်(၅)ဖြစ်တဲ့ တရားဖြင့်နေလေ့ရှိသော ရဟန်းကိုလည်း ငါဟောခဲ့ပြီ။

**ယံဝေါမယာ ဟတေသိနာနုကမ္ပကေနသတ္ထုကိစ္စံကတံ အနုကမ္ပံဥပါဒါယ။**

ဒါ ငါဘုရားအလုပ်တော့ပြီးပြီ ငါဘုရာအလုပ်ကဘာလဲဆိုတော့ "အဝိပရိတ ဓမ္မဒေသနာ" ချွတ်ယွင်းဖောက်ပြန်မှုမရှိတဲ့၊ မချွတ်ယွင်းတဲ့ တရားကိုဟောကြားခြင်းဟာ ငါဘုရားရဲ့အလုပ်ပဲ၊ အကျိုးလိုလားတဲ့ ငါဘုရားရဲ့ကိစ္စက "အဝိပရိတဓမ္မဒေသနာ" မချွတ်မယွင်း မှန်ကန်တိမတ်တိကျတဲ့ တရားတော်ကို ဟောခြင်းသည် ဒါ ငါဘုရားရဲ့လုပ်ငန်းပဲ။

**ပဋိပတ္တိ ပန သာဝကာနံ ကိစ္စံ။**

လိုက်နာပြီးတော့ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ဘို့ရာက သင်တို့ တပည့်သာဝကတို့ရဲ့ကိစ္စပဲ။

**ဧတာနိ ဘိက္ခု ရုက္ခမူလာနိသုညာဂါရာနိ။**

ဘိက္ခု= ရဟန်း၊ ဧတာနိ= ဤအရပ်ဒေသတို့ကား ရုက္ခမူလာနိ= သစ်ပင်ရင်းတို့တည်း၊ သုညာဂါရာနိ= ဆိတ်ငြိမ်သောအရပ်တို့တည်း။ ဒီနေရာတွေဟာ ဆိတ်ငြိမ်တဲ့ ဒေသတွေသစ်ပင်ရင်းတွေ။

**ဈာယထဘိက္ခုမာ ပမာဒတ္ထ။**

ဘိက္ခု= ရဟန်း၊ တုမှေ ဈာယထ= ရှုစားကြကုန်လော့။ မာပဒတ္ထ= မမေ့မလျော့ကြကုန်လင့်၊ မာပစ္ဆာဝိပဋိသာရိနော အဟုဝတ္ထ= နောက်မှ

http://www.dhammadownload.com



နောက်မှ နောင်တမရကြနဲ့။ ဒီစကားလေးနဲ့ပဲ မြတ်စွာဘုရား အပြီးသတ် နိဂုံးချုပ်တော်မူတယ်။

## ရှုစားခြင်း

ရှုစားခြင်းဟာ ၂-မျိုးရှိပါတယ်။ အားလုံးအရှင်မြတ်တွေလည်း စာပေပညာသင်ကြားပြီးထားကြတော့ ဈာန်(၂)မျိုး။ အာရမ္မဏူပ နိဇ္ဈာန်၊ လက္ခဏူပ နိဇ္ဈာန်။ ဟိုတုန်းကတော့ စာမေးပွဲဖြေဖို့ကြည့် စာမေးပွဲဖြေဖို့ စာကြည့် စာကျက်တယ်။ အခုတော့ လက်တွေ့အသုံးချဖို့ကြည့်ကြတယ်။ လက်တွေ့အသုံးချဖို့ ဟောကြတယ်။

အာရမ္မဏူပ နိစ္စျာန်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတော့ သမထ ကမ္မဋ္ဌာန်း ၃၈-ပါး၊ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း (၄၀)တို့ထဲက တစ်ခုခုရွေးထုတ်ယူ ရှုစားရှုပွားပြီးတော့ နေမယ်ဆိုရင် ဒါဟာ အာရမ္မဏူ ပနိဇ္ဈာန်။ ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက "စိုက်စိုက်စူးစူး အထူးမြဲမြန် ရှုအားသန် ဈာန်ဟုခေါ်သတတ်။"

အရှင်မြတ်များ အားထုတ်လာကြတဲ့ ထွက်လေဝင်လေကို ရှုမှတ်ခြင်း အာနာပါနဿတိ ကမ္မဋ္ဌာန်းအရင်းခံပြီးတော့ ရှုမှတ် လာကြတာ သမာဓိယူခဲ့ကြတာ၊ သမာဓိရဘို့ဆိုပြီးတော့ အားထုတ်ခဲ့ ကြတာ ယနေ့နောက်ဆုံးနေ့။ သမာဓိ သမထကမ္မဋ္ဌာန်း (၈)ရက်၊ ဝိပဿနာကမ္မဋ္ဌာန်း(၈)ရက် ဆွေးနွေးကြတာ တိုင်ပင်ကြတာ နှီးနှော ကြတာ (၅)ရက်။ ဒီလိုသတ်မှတ်ပြီးတော့ ထားကြတယ်။ ဟိုတစ်ချိန်က စာသင်ကြတာ **"နီဝရဏ ဓမ္မေသမေတီတိသမထော"** နိဝရဏတရား တို့ကို ငြိမ်းစေတတ်သောကြောင့် သမထ။

နီဝရဏ တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ စာမေးပွဲများ မေးလို့ရှိရင် အဆင်ပြေအောင် ကျက်ကြရတယ်။ အခု အချိန်ကျတော့ အဲဒီလိုမဟုတ်တော့ဘူး၊ နီဝရဏတရားကို ငြိမ်းစေ တတ်တဲ့အတွက်ကြောင့်မို့ သမထ၊ နီဝရဏကို ငြိမ်းကို ငြိမ်းစေရမယ်

http://www.dhammadownload.com



ငြိမ်းအောင်ကိုလုပ်နေရမယ်။

တပည့်တော်တို့ရဲ့ ကျေးဇူးရှင်ဖြစ်တော်မူတဲ့ နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တကုဏ္ဍလ မိုးညှင်းတိုက်သစ်ဆရာတော်ဘုရားက အမိန့်ရှိတယ်။ "ဇာဂရ မင်းကတော့ စာမေးပွဲဖြေဆိုဖို့ဆိုပြီးတော့ ပါဠိတွေ အဋ္ဌကထာတွေ ဋီကာတွေ ကြည့်လိုက်ရတာ၊ ငါလည်းကြည့်နေရတာပဲတဲ့။ ဒါပေမယ်လို့ ငါကြည့်တဲ့နည်းနဲ့ မင်းကြည့်တဲ့နည်း မတူဘူး။ မင်းက ပိဋကသုံးပုံစာမေးပွဲမှာ ဘာတွေမေးမလဲဆိုပြီး မေးရင်ဘာတွေဖြေမယ်ဆိုပြီး ကြည့်တာ။ ငါကတော့ ယောဂီတွေကို ဘယ်လိုဟောရမလဲ ငါဘယ်လို ကျင့်ရမလဲလို့ ဒီစိတ်ကူးနဲ့ ကြည့်တာ။ မှန်တယ် အရှင်မြတ်များ ဒီသင်တန်းတတ်ပြီးတာနဲ့တပြိုင်နက် နဂိုက စာကြည့်တာနဲ့လည်း တူမှာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မြတ်စွာဘုရားရဲ့ "ဓမ္မဝိဟာရီ" တရားနဲ့ နေလေ့ရှိသူလို့ စာကိုကြည့်ပြီးတော့ တရားတော်ကို ကြည်ပြီးတော့ တရားတော်ဖြင့် နေလေ့ရှိအောင် ကြိုးစားလာကြမယ်။

ဒါကြောင့် ဒီအပိုင်းက အာရမ္မဏူပနိဇ္ဈာန် ဈာန် ၂-မျိုးထဲမှာ အာရမ္မဏူပနိဇ္ဈာန်နဲ့ ၃၈-ဖြာသောအာရုံ၊ တစ်နည်းအားဖြင့် အာရုံပေါင်း (၄၀)ထဲက တစ်ခုခုအာရုံကိုကပ်ပြီးတော့ ရှုကြကြည့်ကြ ရှုကြည့်ကြတဲ့ အချိန်တဲ့။ အာရမ္မဏူပနိဇ္ဈာန်အပိုင်းမှာပဲ။ လက္ခဏာယာဥ်တင် ရှုစားတဲ့ လက္ခဏူပနိဇ္ဈာန်အပိုင်းကတော့ နောက်(၈)ရက်ကြာမှ ရောက်မှာ။ ဒါကြောင့် **"ဈာယထ ဘိက္ခု"**။ ဘိက္ခု= ရဟန်း၊ တုမှေ= သင်တို့သည်၊ ဈာယထ= ရှုကြ၊ ကြည့်ကြ၊ ရှုကြည့်ကြကုန်လော့။

သင်တို့ကြည့်ကြ။ မာပမာဒတ္ထ= မေ့လျော့ပေါ့ဆပြီးတော့ မနေကြနဲ့။ မာပစ္ဆာဝိပရိသာရိနော အဟုဝတ္ထ= ဒီအချိန်ဟာ အချိန်ကောင်းလေးပဲတဲ့။ နောင်သောအခါကျမှ နောင်တရတာမျိုး မဖြစ်ကြစေနဲ့။ အရှင်ဘုရားတို့ တပည့်တော်တို့အနေနဲ့ ကြည့်မယ်ဆိုရင် ဒီအချိန်ဟာ အချိန်ကောင်းပဲ။ ဘာကြောင့် အချိန်ကောင်းလို့ ပြောသလဲ ဆိုရင် "ပဋိမောဘိက္ခဝေသမယာ ပဓာနာယ= ကမ္မဋ္ဌာန်း အားထုတ်လို့

http://www.dhammadownload.com



ကောင်းတဲ့ အချိန်(၅)မျိုး"။ အကျဉ်းချုပ်ပြောမယ်ဆိုရင်တော့-

**အချိန်ကောင်း**

- နေပျိုခန့်ကျမ်း၊ ရလွယ်ဆွမ်းနှင့်၊ ငြိမ်းချမ်းပြည်ရွာ၊ များသံယာ၊ ညီညာခါကောင်းပေ။
- အရွယ်နုပျိုတဲ့အခါ တရားအားထုတ်လို့ကောင်းတယ်၊ သိပ်ပြီးတော့ ကြီးရင့်သွားလို့ရှိရင်တော့ တရားအားထုတ်လို့ မကောင်းဘူး။ ကျန်းမာမှ မကျန်းမာရင် တရားအားမထုတ်နိုင်ဘူး။
- ဆွမ်းကွမ်းယျောဝေစ္စများပြည့်စုံတဲ့အခါ တရားအားထုတ်လို့ ကောင်းတယ်။

ယခု လယ်တီကမ္မဋ္ဌာနာစရိယသင်တန်း မြတ်စွာဘုရားသာသနာတော်ရဲ့ တန်ခိုးတော်၊ တရားတော်ရဲ့ တန်ခိုးတော် အရှင်မြတ်များရဲ့ ဘုန်းကံပါရမီ တန်ခိုးတော်ကြောင့် တပည့်တော်များ "လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်" ဆွမ်းကွမ်းဝေယျာဝစ္စပြုတဲ့ပုဂ္ဂိုလ်များ အနေအားဖြင့် သင်တန်း (၂၁)ရက် ဖွင့်သော်လဲပဲ မပင်ပန်းကြပါဘူး။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည် သူ့နေ့လေးနဲ့သူ။ ဒီလိုအခါမျိုး ကြုံတဲ့အချိန်အခါ ဖြစ်နေပါတယ်။

ငြိမ်းချမ်းပြည်ရွာ တိုင်းခရိုင် နိုင်ငံ အေးဆေးတဲ့အခါမျိုး တရားအားထုတ်လို့ကောင်းတယ်။ ခေတ်ပျက်တဲ့အခါတုန်းက လယ်တီ ပထမကျော် ဦးကောဝိဒ အရှင်မြတ်က ခေတ်တော့ပျက်ပြီ။ ပျက်တဲ့အခါမှာ သူ့တုန်းကတော့ ပုံစံတစ်မျိုးပေါ့။ ခေတ်ကောင်းနေတဲ့အခါ ဒကာ၊ ဒကာမနဲ့ ကိစ္စတွေကများ၊ ခေတ်ပျက်တဲ့အခါကျမှ အခွင့်ကောင်းလေးယူပြီးတော့ တရားအားထုတ်ဦးမှပဲလို့ ဂါထာလေးတွေ ရေးစီကုံးထားတာ တွေ့ရတယ်။ တကယ်တမ်းကျတော့ ခေတ်ပျက်တဲ့အခါ တရားအားထုတ်ဖို့ အင်မတန် ခက်ပါတယ်။ အားလုံးအရှင်မြတ်များ

http://www.dhammadownload.com



ကြုံဖူးကြတဲ့အတိုင်းပဲ။ (၈၈)အရေးအခင်းကာလမှာ ဘယ်တရား အားထုတ်လို့ ရမလဲ။ စာချတဲ့ဆရာတော်တွေကလဲ စာချလို့မရ။ စာသင်တဲ့ပုဂ္ဂိုလ်တွေကလဲပဲ စာသင်လို့ မဖြောင့်ကြ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များလဲ တရား အားထုတ်လို့ အဆင်မပြေကြ။ အဲဒါကြောင့် တိုင်း၊ ခရိုင်၊ နိုင်ငံ ငြိမ်းချမ်းတဲ့အခါကျမှ တရားအားထုတ်လို့ ကောင်းတယ်။

သံဃာတော်များ ညီညွတ်တဲ့အခါ တရားအားထုတ်လို့ ကောင်းတယ်။ သံဃာတော်များ ဓမ္မ၊ အဓမ္မ၊ ဝိနယ၊ အဝိနယ အစရှိသည်ဖြင့် အငြင်းပွားလို့ မညီမညွတ်ဖြစ်နေတဲ့အခါမျိုးမှာ တရားအားထုတ်လို့ မကောင်းဘူးတဲ့။ ဒါကြောင့်မို့ ဒီအချိန်အခါလေးဟာ အချိန်ကောင်း အခါကောင်း။ အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ မိမိတို့ တရားအားထုတ်လို့ အကောင်းဆုံးအချိန် ဖြစ်တဲ့အတွက် ဒီအချိန် အခါမျိုးကို ရွေးပြီးတော့ မိမိတို့ရဲ့သက်ဆိုင်တဲ့ တပည့်တပန်းများကို သာမဏေ၊ ဒကာ၊ ဒကာမ များကို ဒီအတိုင်းပဲ တရားပြပြီးတော့ ဟောပြီးတော့ အားထုတ်အောင် တိုက်တွန်းပြီးတော့ သွားကြရတယ်။

ဒါကြောင့်မို့ ဒီအချိန်ဟာ အချိန်ကောင်းပဲ။ အဲလို အချိန်အခါ မဟုတ်ပဲနဲ့ ပြောင်းပြန်အားဖြင့် သက်ကြီးရွယ်အိုဖြစ်ပြီဆိုတဲ့ အခါကျမှ ဟော- သက်ကြီးရွယ်အိုဖြစ်တဲ့အခါမျိုး၊ မကျန်းမမာဖြစ်တဲ့ အခါမျိုး၊ ဆွမ်းကွမ်းခက်ခဲတဲ့အခါမျိုး၊ အစာရေစာရှားပါးတဲ့ အခါမျိုး၊ တိုင်း ခရိုင် နိုင်ငံ မငြိမ်မသက်ဖြစ်နေတဲ့အခါမျိုး၊ သံဃာတော်များ မညီညွတ်တဲ့ အခါမျိုးကျမှ ဟိုတုန်းက နုပျိုတဲ့အချိန်၊ ကျန်းမာတဲ့အချိန်၊ ဆွမ်းကွမ်း ပေါတဲ့အချိန်၊ တိုင်း ခရိုင် နိုင်ငံကြီး ငြိမ်သက်နေတဲ့အချိန်၊ သံဃာတော် များ ညီညွတ်မှုရှိ ဓမ္မ၊ အဓမ္မ၊ ဝိနယ၊ အဝိနယ အငြင်းမပွားတဲ့ ဟိုတုန်းက အားမထုတ်ခဲ့ရလေခြင်းလို့ နောင်တဖြစ်တတ်ပါ တယ်။ "မာ ပစ္ဆာဝိပရိ သာရိနော အဟုဝတ္ထ"လို့ နောင်မှတရတဲ့ဟာမျိုး နောင်တမျိုးမဖြစ်ကြပါ စေနဲ့လို့ ဆိုပြီးတော့ ဓမ္မဝိဟာရီ သုတ္တန်ဒေသနာတော်မှာ မြတ်စွာဘုရား နိဂုံးချုပ်တော်မူတယ်။ ဒီ "ဓမ္မဝိဟာရီ" သုတ္တန်ဒေသနာတော်မြတ်မှာ

http://www.dhammadownload.com



သင်တော့ ပိဋကတ်သုံးပုံ သင်တာပဲ။ ဟောတော့လဲ ပိဋကတ်သုံးပုံပဲ။ သရဇ္ဈာယ်တော့လဲ ပိဋကတ်သုံးပုံပဲ။ ကြံစည်တော့လဲ ပိဋကတ်သုံးပုံပဲ။ နိကာယ်ငါးရပ် တရားတော်တွေပဲ ကြံစည်တာပဲ။

သို့သော်လဲပဲ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုလဲမရှိဘူး။ စိတ်ငြိမ်မှု သမာဓိရအောင်လဲ အားမထုတ်ဘူးလို့ဆိုရင် "ဓမ္မဝိဟာရီ" တရားဖြင့်နေလေ့ရှိသူ မဟုတ်ဘူးတဲ့။ ဒီလို မိန့်ကြားတော်မူတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ တပည့်တော်တို့ မြန်မာနိုင်ငံမှာ အင်မတန် ထင်ရှား ကျော်ကြားလှတဲ့ ကျောင်းတိုက်ကြီးတစ်တိုက်။ အဲဒီ ဆရာတော် ဘုရားကြီးက အင်မတန်စူးစမ်းတော်မူတယ်။ စူးစမ်းပြီးတော့ ပထမဆုံး သံဃာလက်ခံတယ်။ ဘယ်လို လက်ခံသလဲ။ (၁၀)ဝါကျော်တဲ့ပုဂ္ဂိုလ်တွေမှ လက်ခံတယ်။ ဘာကြောင့်လဲလို့ဆိုတော့ အသက်ကြီးတော့ ပြောလို့ဆိုလို့ ကောင်းတယ်တဲ့။ အဲဒီလို (၁၀)ဝါကျော်တဲ့ ကိုယ်တော်တွေ လက်ခံထား ပြန်တော့ အဲဒီအထဲကနေပြီး သူ့ကျောင်းတိုက် ဘွဲ့နဲ့ပြောရင်တော့ သိပ်မကောင်းဘူးပေါ့လေ။ ဓမ္မာစရိယအောင်ပြီးမှ ဆရာတော်တစ်ပါးက ရောက်လာတယ်။ ရောက်လာတော့ အဲဒီကျောင်းတိုက်ကြီး ပျက်စီးရာ ပျက်စီးကြောင်း စာအုပ်ဖြန့်ဝေတယ်။ အဲဒီအခါကျတော့ အေး- အသက် ကြီးမှ စာသင်သားလက်ခံတာလဲ မကောင်းဘူးဆိုပြီးတော့ တစ်ခါပြောင်း ပြီးတော့ လက်ခံတော်မူတယ်။ (၁၀)နှစ်၊ (၁၂)နှစ်သား ကိုရင်လေးတွေ ကစ လက်ခံမယ်။ ပုံစံပြောင်းလိုက်တယ်။ အဲဒီလိုနဲ့ နှစ်ပေါင်း (၃၀) လောက် ကြာသွားတော့လဲပဲ အဲဒီကိုရင်လေးတွေက တော်တော်လေး စာတော် ပေတော် ကိုယ်တော်လေးတွေ ဖြစ်ပြီးတော့လာတော့ နောက်ပိုင်းကျတော့ ပြောကြပါစို့။ "ဆရာတော်ကစ အနှောင့်အယှက်" အသံမျိုးတွေ ထွက်ပြီးလာတော့ ဟော- ဒါလဲ မကောင်းသေး ဘူးတဲ့။

ကြီးတဲ့ကိုယ်တော်တွေ စလက်ခံတာလဲ မကောင်းဘူး။ ငယ်ငယ် လေးတွေက စလက်ခံပြန်တော့လဲ မကောင်းဘူးတဲ့။ အဲဒီတော့ စာချ လုပ်ငန်းချည်းထဲ ဒီစာသင်တိုက်ကြီးကို စာချလုပ်ငန်းတစ်ခုထဲနဲ့ပဲ

75(B)

http://www.dhammadownload.com



စာသင်စာချအလုပ်နဲ့ပဲ အဲဒီကျောင်းတိုက်ကြီးကို ထားမယ်ဆိုရင် ရေရှည်သာသနာတည်တန့်ရေးမှာ ခက်မယ်လို့ဆိုပြီးတော့ ကျောင်းတိုက်ထဲမှာရှိကြတဲ့ ရဟန်း၊ သာမဏေများကို တရားထိုင်တဲ့စနစ်ကို ပြောင်းလိုက်တယ်။ နောက်ဆုံး ပျံလွန်တော်မူခါနီး (၁၅)နှစ်ကာလက ငြိမ်လို့။ သံဃာတော်တွေက စာလဲချတယ်။ စာလဲသင်တယ်။ တရားလဲ အားထုတ်တယ်။ အဲဒီတော့ အဲဒီ ဆရာတော်ကြီး နောက်ဆုံးတွေ့သွားတဲ့ နည်းလမ်း။ တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင်ရဲ့ "ဓမ္မဝိဟာရီ" ဒေသနာတော်နဲ့ အံကိုက်စီမံပြီးတော့ သွားရတဲ့အတွက် ကျေနပ်တော်မူခဲ့တယ်။ အားရတော်မူတယ်။ ဒီနည်းအတိုင်း တပည့်တော်တို့ စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ အဖိတ်၊ ဥပုသ်နေ့မှာ မိနစ် (၃၀)ခန့် တရားထိုင်ခိုင်းပါတယ်။

ရန်ကုန်နယ်တစ်ဝိုက်မှာလဲ နာမည်ကြီးစာသင်တိုက်တစ်ခု လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)နှစ်ခန့်က စာသင်တိုက် တည်ပါတယ်။ အဲဒီ စာသင်တိုက် တည်တဲ့အခါမှာ ဒီစာသင်တိုက်ဖွင့်တဲ့အကြောင်း သတင်းဆောင်းပါးတွေ ဘာတွေဖတ်ရတယ်။ ဖတ်ရတဲ့အခါ ဒီစာသင်တိုက်ကို တည်တဲ့အခါ ပရိယတ်တစ်မျိုးသာ ဦးစားပေးမယ်။ ပဋိပတ်မလာနဲ့လို့ ကန့်တယ်။ ပရိယတ်သာ ပဋိပတ်မလာနဲ့ ဆိုပြီးတော့ လက်ာတွေ ဘာတွေနဲ့ ရေးလို့ပါပဲ။ "ပရိယတ်သာ လာခဲ့။ ပဋိပတ် မလာနဲ့"တဲ့။ အဲဒီလို ကျုံးဝါးပြီးတော့ ပရိယတ်သက်သက် စာပေပို့ချပြီးတော့ လာလိုက်တာ အင်မတန်အောင်မြင်တဲ့ စာသင်တိုက်ကြီး ဖြစ်ပြီး လာပါတယ်။ လွန်ခဲ့တဲ့ (၅)လလောက်က အဲဒီ စာသင်တိုက်ကြီးကို ဦးဆောင်တဲ့ ဆရာတော်က စာချလုပ်ငန်းနဲ့ပဲ နှစ်ပေါင်းများစွာ (၃၅)နှစ် စာချလုပ်ငန်းနဲ့ပဲ စခန်းသွားခဲ့တာ။ တကယ်တမ်းကျတော့ ပဋိပတ် အားမထုတ်ရင် မပြည့်စုံသေးဘူးဆိုတာ သူ့အမြင် ဖြစ်ပေါ်လာတယ်။

ဒီစာချဆရာတော်ကြီး စောစောက "ပရိယတ်တစ်မျိုးသာ ပဋိပတ် မလာနဲ့" ဆိုပြီးတော့ စာသင်တိုက်ကြီးဖွင့်ခဲ့တယ်။ နှစ်ပေါင်း

http://www.dhammadownload.com



(၃၀)ကြာအောင် ဖွင့်ခဲ့တဲ့ဆရာတော်ကြီး သံဝေဂရပြီးတော့ စာချလုပ်ငန်း တစ်ခါထဲ ရပ်ပြစ်လိုက်တယ်။ တော်ပြီတဲ့၊ စာသင်သားတွေက မျှော်ရှာကြ တယ်။ ဒီဆရာတော်ကြီးက အင်မတန်စာချလဲ ကောင်းတယ်။ တပည့်တော်တို့နဲ့လဲ အင်မတန်ရင်းတယ်။ ပရိယတ္တိ သာသနာအတွက် အင်မတန် နှမြောစရာကောင်းတယ်။ အင်မတန် နှမြောစရာကောင်းတဲ့ ဆရာတော်ကြီးပဲ။ သို့သော်လဲပဲ စောစောက စာသင်တိုက်ဖွင့်ကာစက "ပရိပတ်သာ ပဋိပတ်မလာနဲ့" ကျုံးဝါးပြီးတော့ ဖွင့်ခဲ့တာ။ ခုတော့ "ပရိယတ်သာ" မဟုတ်တော့ပဲနဲ့။ "ပရိယတ်အခြေခံပြီးတော့ ပဋိပတ်လဲ အရေးကြီးသကိုး"လို့ ဆိုပြီးတော့ တရားအားထုတ်နေပါတယ်။ အင်မတန်ကြီးကျယ်တဲ့ စာဝါကြီးတွေ ရပ်ဆိုင်းထား၊ စာလိုက်သံဃာ တော်က မျှော်။ လွန်ခဲ့တဲ့ (၂၅)ရက်နေ့က (၅၅)ကြိမ်မြောက် ပိဋကတ် သုံးပုံအောင်မြင်တော်မူကြတဲ့ "သာသနဇ္ဇအာဇာနည်"များ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မင်းခမ်းမင်းနားနဲ့ ပူဇော်ကြတယ်။ အဲလို ပူဇော် ကြတဲ့နေရာမှာ နိုင်ငံတော်သံဃာမဟာနာယက အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးရဲ့မိန့်ခွန်း။ တစ်နည်းအားဖြင့် နိုင်ငံတော် သံဃာမဟာ နာယကဆရာတော်များရဲ့ မိန့်ခွန်းမှာ ဘာပါလာသလဲ။ စာလုံးကြီးကြီးနဲ့ **"သာသနာတော် အရှည်တည်တန့်၍ တိုးတက်ထွန်း တောက်ဖို့ရာဟာ ပရိယတ်တစ်ခုတည်းသာမဟုတ်ပဲ ပဋိပတ်ကိုလည်း ဖြည့်ကျင့်ရန်လို"** ဆိုပြီးတော့ ခေါင်းစည်းနဲ့ ခေါင်းစည်းထားပြီးတော့ "သာသနာတော်မှာ သာသနာကွယ်ခြင်းအကြောင်းတွေ 'သဒ္ဓမ္မ ပဋိရူပက' သုတ္တန်မြတ်ကြီး ထုတ်ပြပြီးတော့ ဘုရားအပေါ် မရိုသေခြင်း၊ တရားအပေါ် မရိုသေခြင်း၊ သံဃာအပေါ် မရိုသေခြင်း၊ သိက္ခာ ပညတ်တော်အပေါ်မှာ မရိုသေခြင်း၊ သမာဓိအပေါ်မှာ မရိုသေခြင်းလို့ ဆိုပြီးတော့ သာသနာကွယ်ခြင်း အကြောင်း (၅)မျိုး ထုတ်ပြပြီးတော့ နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်ကြီးများက ပရိယတ်တစ်ခုတည်းသာမဟုတ်ပဲ ပဋိပတ်ကိုလဲ ဖြည့်ကျင့်ရန် လိုတဲ့အကြောင်း တိုင်းသိ ပြည်သိ မိန့်ခွန်းပြောပါတယ်။

http://www.dhammadownload.com



အဲဒီတော့ ဒကာကြီး ဦးလှကို (သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ငြိမ်း)က ဘာပြောသလဲ။ "ဆရာတော် ကမ္ဘာအေး လိုဏ်ဂူကြီးထဲက ဒီစကားမျိုးပြောခဲ့တယ်။ ဒီတစ်ခါပြောပုံလေးက ပြောင်းသွားတယ်။ တော်တော့်ကို အရေးကြီးလို့ပဲ။ တော်တော့်ကို အားရစရာ ကောင်းတယ်"လို့ ပြောပါတယ်။ ဒကာကြီး ဒါကတော့ စာနဲ့ပေနဲ့အညီ ပြောတာပဲ။ စာကတော့ အသစ်မဟုတ်ပါဘူး။ စာဟောင်း ပေဟောင်းပါပဲ။ သို့သော် ဒီလို တိတိကျကျ အသံကျယ်ကျယ် တိုင်းသိပြည်သိ ပြောလာဖို့ရာ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာ တပည့်တော်တို့ စာချစာသင်အားလုံး သံဃာတော် သုံးသိန်းကျော် သံဃာတော်တွေ၊ ရဟန်းသာမဏေများရှိပြီးနေတော့ တကယ်တမ်းကျတော့ ပရိယတ္တိဝန်ထမ်း ရဟန်းသာမဏေများ များပြားသော်လည်းပဲ ပဋိပတ္တိ တရားအားထုတ်တဲ့ ရဟန်း၊ သာမဏေ နည်းနည်းပဲ ရှိတယ်ပြောပါတော့။ သို့သော် ပဋိပတ္တိဆိုတဲ့နေရာမှာ သီလကစပြီးတော့ ပဋိပတ္တိ သာသနာယူရတာဆိုတော့ သီလပဋိပတ္တိ သာသနာ ဖြည့်ကျင့်မှုအား ကောင်းပါတယ်။ သမာဓိ၊ ပညာ၊ သမထ၊ ဝိပဿနာ ပဋိပတ္တိသာသနာ ဖြည့်ကျင့်ဖို့ အချိန်ယူထားတာ အားနည်း နေသေးတယ်လို့ ဒီလိုပြောရမယ်။ ဒါကြောင့် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများရဲ့ အပတ်စဉ်အစည်းအဝေးတွေမှာ အခုပြန်ပြီးကြည့်လိုက်တော့ တစ်နေ့က ဗုဒ္ဓဟူး အစည်းအဝေးမှာ ဆရာတော်တွေ ခရီးသွားနေတာနဲ့ အလှည့်မဟုတ်ပေမယ့် သွားထိုင် ရတယ်။ ထိုင်တဲ့အခါမှာ ဒုတိယဥက္ကဋ္ဌ ဆရာတော် "အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အရှင်မြတ်"က အဘာဝိတစိတ်၊ ဘာဝိတစိတ် (၂)မျိုး အကြောင်းကို မိန့်ခွန်းပြောပါတယ်။

"အဘာဝိတစိတ်ဆိုတာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနဲ့ ပွားများထားတဲ့စိတ်မဟုတ်ပဲနဲ့ ပကတိအတိုင်း ထားတဲ့စိတ်မျိုး၊ ဘာဝိတ စိတ်ဖြစ်ဖို့ လိုပါတယ်။ တပည့်တော်တို့ ရဟန်းသာမဏေ အရှင်မြတ်

http://www.dhammadownload.com



များဟာ ဘာဝိတစိတ်၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာနဲ့ ပွားများတဲ့ စိတ်မျိုးတွေ ဖြစ်လာဖို့ရာ ရှေ့ကို တစ်ဆင့်တက်ဖို့တော့ လိုအပ်ပါလိမ့်မယ်” လို့ မိန့်ခွန်းပြောပါတယ်။

အဲဒီ လွန်ခဲ့တဲ့ (၃)ပတ်ကျော် ဗုဒ္ဓဟူးနေ့မှာ ဆရာတော်ပဲ မိန့်ခွန်းပြောတယ်။ အောင်မြေဘုံစံဆရာတော်ကပဲ ဘာမိန့်သလဲ လို့ဆိုတော့ “မြတ်စွာဘုရားစီမှာ တရားယူကြ၊ တရားယူပြီးတဲ့အခါမှာ အရှင်မြတ်တစ်ပါးက မြတ်စွာဘုရားကတော့ ဘယ်လို ဘယ်လို ကမ္မဋ္ဌာန်းပေးတယ်။ အရှင်ဘုရားတို့ အားထုတ်ကြပါလို့ ဆိုပြီးတော့ သူတစ်ပါးကို တိုက်တွန်းဖို့ စပြီးတော့ မိန့်ခွန်း ပြောပါတယ်။ အဲဒီတော့ ဒီပဋိပတ္တိ သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး ကျင့်စဉ်တရားများဟာ တပည့်တော်တို့ လက်တွေ့ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့်တရားတော်တွေ၊ တပည့်တော်တို့ရဲ့ ကျေးဇူးရှင် ဉပဇ္ဈာယ် မုံရွာမြို့ သပြေပင်တောရဆရာတော် ဘုရားကြီးက တရားအားထုတ်လိုသော ပုဂ္ဂိုလ်များ လာကြ၊ လာလျှောက်ကြ။ သံဃာ (၅၀)လောက်ရှိ၊ ရဟန်းတော်တွေလဲ (၂၀)လောက်ရှိ၊ လာလျှောက်ရင် နည်းပေးမယ်။ နည်းပေးတဲ့အခါမှာ တော့ ဆိတ်ငြိမ်တဲ့နေရာလေးမှာ နည်းပေးပြီးတော့ အားထုတ် ခိုင်းမယ်လို့ ဆရာတော်က ဖိတ်မန္တကပြုတယ်။ ဖိတ်မန္တကပြုတော့ (၂)ပါးလောက် သွားတယ်။ သံဃာကတော့ (၅၀)လောက်ရှိတယ်။

အဲဒီမှာ ဆရာတော်ဘုရားကြီးရဲ့ မှတ်လောက်သားလောက် စကားတော်တစ်ခုက ဘာလဲလို့ဆိုတော့ “ဖြဟ္မစရိယနဲ့ အဖြဟ္မစရိယ” ဒါကတော့ သတိပြုစရာပေါ့လေ။ ဖြဟ္မရိယ မွန်မြတ်တဲ့အကျင့်ဟာ အဖြဟ္မစရိယလိုပဲတဲ့။ လူသူလေးပါး မသိအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တာက ပိုကောင်းတယ်။ နောင်သောအခါ မိမိတို့ အားထုတ်ကြိုးစားကြတဲ့အခါ ဒါလေးကလဲ အရေးကြီးတဲ့အချက်ပါပဲ။ အဲဒီတော့ တပည့်တော်တို့ စောစောက ဆရာတော်ကြီးတွေ စာသင်တိုက်ကြီးတွေ တည်ထောင်ကြတာ၊ နိုင်ငံတော်သံဃမဟာနာယက

http://www.dhammadownload.com



ဆရာတော်ကြီးများ မိန့်ခွန်းပြောကြဆိုကြတာတွေဟာ ပရိယတ္တိ တစ်ခုထဲသာ မဟုတ်ပဲနဲ့ ပဋိပတ္တိကိုလဲ ဖြည့်ကျင့်ရန်လိုအပ်ကြောင်း တိုင်းသိ ပြည်သိတော်တော်လေး ကျယ်ကျယ်လောင်လောင် ထင်ထင် ရှားရှား ပီပီသသလေး မိန့်ခွန်းတွေ မြွက်ကြားပြီးတော့ လာခဲ့ပြီ၊ ဝမ်းသာစရာလို့ ပြောရမှာပေါ့။

အဲဒီတော့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲ။ "တပည့်တော်တို့ ဘောဂသမ္ပတ္တိ၊ ဘဝသမ္ပတ္တိ"။ ဘဝသမ္ပတ္တိဆိုတာက လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ။ ဘောဂသမ္ပတ္တိ ဆိုတာကတော့ ရာထူး ဂုဏ်သိရ် စည်းစိမ်ချမ်းသာ သက်ရှိသက်မဲ့ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံမှုကို ဘောဂသမ္ပတ္တိ။ ဒါနဲ့ ပတ်သက်ပြီး ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲလို့ဆိုတော့ **"ဘောဂသမ္ပတ္တိ နောက်ကိုလိုက်နေလျှင် လူ့ခန္ဓာပဒေသာပင် အညွန့် မပေါက် မတ်တတ်သေ၊ မတ်တတ် ခြောက်လိမ့်မည်"**။ ဆရာတော်ကြီး စကားက အင်မတန်ရင့်သီးတယ်။ စဉ်းစားကြည့်လိုက်တဲ့အခါ တပည့်တော်တို့ မတ်တတ်မသေ၊ မတ်တတ်မခြောက်ဖို့ အရေးကြီးတယ်။ **"ဘောဂသမ္ပတ္တိကို စွန့်ခွာ၍ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့ကျက်ခဲ့လျှင် ဘဝပဒေသာပင် ပွားစီး၍ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းအဖြစ်သာမက ဗောဓိဉာဏ် ဆုထူးရှင်များပင် ဖြစ်နိုင်ကြပေလိမ့်မည်တဲ့"**။ ဒါကတော့ လယ်တီ ဆရာတော်ဘုရားကြီးရဲ့ အမှာစာပေါ့။ တရားအားထုတ်ရေးနဲ့ ပတ်သက်ပြီး ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့ကျက်ကြဖို့ ဆရာတော် ဘုရားကြီးကတော့ နှစ်ပေါင်းများစွာ နှစ်ပေါင်းများစွာ ဟိုတောထဲ တစ်ဝါဆို၊ ဒီတောင်မှာ တစ်ဝါဆို၊ ဟိုဂူမှာ တစ်ဝါဆို။ ဝါဆိုရင်း ဝါဆိုရင်း ကျမ်းစာတွေလဲ ပြုစုရေးသား၊ တရားလဲအားထုတ်၊ တရားလဲပြ။ အဲဒီတော့ စောစောကပြောတဲ့ ထူးခြားတဲ့ စာသင်တိုက် ကြီး (၂)တိုက်ကို တည်ထောင်တော်မူကြတဲ့ ဆရာတော်ကြီးများ ဆောင်ရွက်သွားခဲ့ပုံ။ တပည့်တော်တို့ရဲ့ ကျေးဇူးရှင် သပြေပင် တောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com



မိန့်ကြားတော်မူပုံ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မှာတမ်းတော်၊ ဒါတွေကတော့ ဆရာတော်ကြီးတွေ သာမန်အားဖြင့် ပြောနေကြ ဆိုနေကြ စကားတွေပဲလို့တောင် ပြောနိုင်ပါတယ်။ ဘာကြောင့်လဲလို့ဆိုတော့ ပိဋကတ်တော်မှာ မြတ်စွာဘုရား ဟောတော်မူတာ။ ထင်ထင်ရှားရှား ရှိနေတယ်။ ဘုရားစကားတော်တွေလဲ လေးစားနေကြတာ။ ထူးဆန်းတာက ယနေ့ထုတ် မြန်မာတိုင်း(မ်)သတင်းစာ။ အဲဒီမှာ သိပ်ပြီးတော့ ထူးခြားတဲ့စကားဆောင်းပါးတစ်ခု ပါလာတယ်။

တမင်ကြည့်တာလဲ မဟုတ်ဘူး။ အဲဒါ တိုင်း(မ်)သတင်းလဲ ဝယ်ဖတ်နေကြ မဟုတ်ပါဘူး။ နယူးဇီလန်မှာ ကလေးတစ်ယောက် နေမကောင်းလို့ ပရိတ်ရွတ်ပေးဖို့ လာလျှောက်ရာကနေပြီးတော့ ဒီစာစောင်ကို တပည့်တော် စာကြည့်တဲ့နေရာမှာ လာလျှောက်တဲ့ ဒကာများက ချထားခဲ့တယ်။ ဒါလေးများ အသိပေးချင်လို့လားတောင် မသိပါဘူး။ အဲဒါနဲ့ ဒီဟာလေးက သိပ်ပြီးတော့ အရေးကြီးလို့ပါ။ ဘာကြောင့်လဲလို့ဆိုတော့ စောစောကပြောတဲ့ စာသင်တိုက်ကြီးတွေ တည်ထောင်တော်မူကြတဲ့ ဆရာတော်ကြီးတွေတို့ နိုင်ငံတော်သံဃ မဟာနာယကဆရာ တော်ကြီးတွေဆိုတာ ဗုဒ္ဓဘုရားရဲ့ဩဝါဒ "ဓမ္မဝိဟာရီ" သုတ္တန်ဒေသနာ အစရှိသည်တို့ကို ထောက်ထားပြီးတော့ မိန့်ကြတယ်။ အခုရေးသားတဲ့ ပုဂ္ဂိုလ်ကတော့ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဘာသာခြားပါပဲ။ အဲဒီ ဘာသာခြားက ဘာပြောသလဲလို့ဆိုတော့ "**ဗုဒ္ဓတရားတော်က ချမ်းသာစစ် ချမ်းသာမြတ် ချမ်းသာမှန်ကို ပေးနိုင်သည်**"လို့ ခေါင်းစည်း ထားပြီးတော့ ဆောင်းပါးတစ်ပုဒ် ရေးပါတယ်။ အဲဒီ ဆောင်းပါးလေးကို နည်းနည်းလေးလိုရင်းလေးတွေ ပြောရရင် "**ကမ္ဘာ့ဌာန်းအားထုတ်သူ ဗုဒ္ဓဘာသာဝင်များသည် ချမ်းသာမှု အစစ်အမှန်ကို ခံစားရန်နှင့် အကုသိုလ်စိတ်များကို ထိန်းချုပ်ရန် ဦးနှောက်ကို လေ့ကျင့်ပေးနိုင်စွမ်း ရှိကြောင်း**"ဟု သုတေသနများအရ သိရှိရသည်တဲ့။

http://www.dhammadownload.com



ဒါအခြားဘာသာဝင်က ရေးတာ၊ တပည့်တော်တို့ ဗုဒ္ဓဘာသာများ ဘယ်လောက်အားရစရာကောင်းသလဲ။ အခု အရှင်မြတ်များ လက်တွေ့အားထုတ်နေတာဆိုတော့ "ကမ္မဋ္ဌာန်းအားထုတ်သူ ဗုဒ္ဓဘာသာဝင်များသည် ချမ်းသာမှု အစစ်အမှန်ကို ခံစားရန်၊ အကုသိုလ်စိတ်များကို ထိန်းချုပ်ရန်" ဒါအရေးကြီးတဲ့အချက်ပါပဲ။ စွမ်းနိုင်တယ်။ ပြီးတော့ မြောက်ကာရိုလိုင်းနားရှိဒါခ်တက္ကသိုလ်မှ ဒဿနိကပါမောက္ခ အိုင်ဝင် ပလင်န်၏အဆိုအရ **"ကမ္မဋ္ဌာန်းအားထုတ်သူ ဗုဒ္ဓဘာသာဝင်များသည် နှစ်ဖူးနောက်ဖက်ရှိ ဦးနှောက် လက်ဝဲဘက်ရှေ့ပိုင်းကို စေ့ဆော်ပေးနိုင်ပုံရသဖြင့် ထိုကုသိုလ်စိတ်များနှင့် ချမ်းသာမှုများ ဖြစ်ပေါ်စေနိုင်ပုံရကြောင်း သိရသည်။"** ဒါကတော့ သူခန့်မှန်းတာ။ အဲဒီတော့ ဒါအင်မတန်အရေးကြီးတဲ့စကားလို့ ပြောရမှာပေါ့။ ဘာကြောင့်လဲလို့ ဆိုတော့ ဗုဒ္ဓဘာသာနဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်က ပြောတဲ့စကား။ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်က ဗုဒ္ဓဘာသာအတွက် အကောင်းပြောခဲ့တယ်။ နောက်တစ်ခုက "ဗုဒ္ဓဘာသာဝင်များသည် မွေးကထဲက အလိုလိုစိတ်ချမ်းသာလာသူ များချည်း မဟုတ်ကြောင်း။ ဗုဒ္ဓဘာသာဝင်များဟာ မွေးကထဲက အလိုလိုစိတ်ချမ်းသာလာတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ တိဘက်ဗုဒ္ဓဘာသာဝင်တို့သည် စိတ်ချမ်းသာပြီး မျိုးဗီဇနဲ့မွေးလာကြတဲ့ သူများသာဖြစ်သည်ဟု ယူဆလျှင် သဘာဝကျမည်မဟုတ်ကြောင်း။ တိဘက်ဗုဒ္ဓဘာသာကတော့ သူတို့ဗုဒ္ဓဘာသာတွေဟာ စိတ်ချမ်းသာဖို့ မျိုးဗီဇပါတယ်လို့။ အဲဒါ သူတို့အယူအဆ။ အဲဒါတော့ ဟုတ်လိမ့်မယ် မဟုတ်ဘူးတဲ့။ နောက်ပြီးတော့ ကာလီဖိုးနီးယား တက္ကသိုလ်က သိပ္ပံပညာရှင်များ လေ့လာချက်တစ်ခုအရကတော့ ဒေါသနှင့်သောကတို့ကို ဖြစ်စေတတ်သော အမီဂတလ်ခေါ် ဦးနှောက်အစိတ်အပိုင်းကိုလဲ တရားအားထုတ်ခြင်းဖြင့် နူးညံ့သိမ်မွေ့စေနိုင်ကြောင်း တွေ့ခဲ့ကြပါတယ်။ သိပ္ပံပညာရှင်တွေက စမ်းသပ်တော့လဲ ဒီအတိုင်းပဲ တွေ့တယ်။ အဲဒီတော့ စိတ်ဓာတ်ကျဆင်းမှုများနဲ့ စိတ်မချမ်းသာမှုများကို သက်သာစေရန်

http://www.dhammadownload.com



ပရိဇက်ကဲ့သို့သော ဆေးမျိုးသည် စိတ်ကျဝေဒနာကို ,သက်သာစေသော်လဲ ပရိဇက်ဆိုတဲ့ဆေးများကတော့ စိတ်ကျဝေဒနာကိုသာ သက်သာစေပါတယ်။ စိတ်ချမ်းသာမှုကို မပေးနိုင်ပါ။ **လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ထွန်းသော ဗုဒ္ဓ၏ကမ္မဋ္ဌာန်းနှင့် သတိပဋ္ဌာန်တို့ကသာ ချမ်းသာမှု အစစ်အမှန်ကို ပေးစွမ်းနိုင်ကြောင်း"** ဆိုပြီးတော့ ပါမောက္ခတစ်ယောက်က ရေးသားထားတဲ့ စာတွေ့ရတော့ ပိုပြီးတော့ ဝမ်းသာဖို့ ကောင်းတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ထုတ်တဲ့ "မြန်မာတိုင်း(မ်)သတင်းစာ"ပါပဲ။ ယနေ့ကစ၍ လကွယ်နေ့ထုတ်တဲ့ နေ့စွဲနဲ့ (၃၀-၅-၂၀၀၃)ထုတ်တဲ့ သတင်းစာပါပဲ။ ဒါကြောင့် ရှေးအခါက ခရစ်ယာန်တစ်ယောက် သတိပဋ္ဌာန်တရားအားထုတ်တယ်တဲ့။ အားထုတ်တဲ့အခါ သူက ဘာပြောသလဲဆိုတော့ "တို့ခရစ်ယာန်ကျမ်းမှာ ဒီသတိပဋ္ဌာန်အားထုတ်နည်းတွေပါရင် သိပ်ကောင်းမှာပဲ"တဲ့။ အဲဒီတော့ သူတို့ခရစ်ယာန်ဘာသာမှာ မပါတာသေချာတယ်။ အခြားဘာသာတွေလဲ ပါဖို့သိပ်မလွယ်ဘူး။ သူတို့က ဘုရားမျှော်နေကြတုန်းပဲ။ တပည့်တော်တို့က ဘုရားပွင့်ပြီ၊ ဘုရားကိုယ်စား တရားတွေ နာကြားကျင့်ကြံနေကြရပြီ။ မကွာခြားဘူးလား။ မနက်ကပဲ ထိုင်းက ဘာသာရေးခေါင်းဆောင်အမျိုးသမီးတစ်ယောက် ခေါင်းဆောင်ပြီးတော့ ဧည့်လေးငါးဆယ်လောက် ရောက်လာတယ်။ သူတို့ တရားအားထုတ်တဲ့ ပုံလေးတွေ ဘာလေးတွေ ပြတယ်။ သူတို့ရဲ့ ကိုးကွယ်ရာတွေကို ပြတယ်။ သူတို့ကိုးကွယ်တဲ့ပုဂ္ဂိုလ်များအပေါ် ယုံကြည်မှုကတော့ တော်တော်ပြင်းပြင်းထန်ထန်ပါပဲ။ ဘုရားလို့ သတ်မှတ်ပြီးကိုးနေတာ မြန်မာပြည်က ရိုးရာနတ်အဆင့်လောက်ပဲ ရှိမည်ထင်ပါတယ်။ အကယ်၍များ လမ်းမှန်လိုက်မယ်ဆိုရင် တပည့်တော်တို့ အရှင်ဘုရားတို့ တွေ့ကြုံနေတဲ့ ဘုရားရှင်ရဲ့ သတိပဋ္ဌာန် လမ်းစဉ်ကိုများ တွေ့ရလို့ရှိရင် ဒီပုဂ္ဂိုလ်တွေဟာ တရားထူးရလောက်တယ်လို့တောင် ခန့်မှန်းရတယ်။ ဘာကြောင့်လဲလို့ဆိုတော့ သဒ္ဓါတရားက တယ်ပြီးတော့အားကောင်းတာပဲ။ ပညာအားနှင့်

http://www.dhammadownload.com



မျှပေးမှု မရှိကြပါဘူး။ သူတို့လိုက်စားနေတဲ့ ဘာသာရေးအပေါ်မှာ အင်မတန်ကို လေးနက်တဲ့ သဘောရှိပါတယ်။ အရှင်မြတ်များ ယခု လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း တက်ပြီးတော့ လက်တွေ့ သမထကမ္မဋ္ဌာန်းများ အားထုတ်ပြီးတော့လာတာ (၈)ရက်မြောက်တဲ့ နေ့ဆိုတော့ တော်တော်လေး အောင်ပွဲခံပြီ ပြောရမှာပေါ့။

ဘာကြောင့်လဲလို့ဆိုတော့ သမထပိုင်းမှာ သတိနဲ့ဝီရိယအခြေခံ ရတာကိုး။ ဝိပဿနာပိုင်းတော့ ဉာဏ်ပညာ အခြေခံပြီးတော့ သွားကြ ရတော့ သမထပိုင်းမှာ အရှိန်ယူရတာ။ တော်တော်လေး ယူရပါတယ်။ အဲဒီတော့ အခုအချို့ဆရာတော်တွေလဲပဲ ဆရာတော် ဦးပဏ္ဍိစ္စတို့လို အရှင်မြတ်တွေဆိုရင် သက်တော်တွေ (၆၀)အနည်းငယ်စွန်းကြပြီ။ အဲလို အနည်းငယ် (၆၀)ကျော် ဆရာတော်တွေပါလာသော်လဲ (၈)ရက်တိုင်တိုင် မပျက်မကွက် ကြိုးစားမင်းစား အားထုတ်တယ်ဆိုတဲ့ သတင်းကောင်းများ ကြားရတဲ့အတွက် တပည့်တော်များ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယများရဲ့ကိုယ်စား အင်မတန် ဝမ်းမြောက် ပါတယ်။ အဲဒီတော့ ပြောမယ်ဆိုရင် သုံးပုံ နှစ်ပုံလောက်ကို ကျော်လာ တယ်လို့ ပြောရမယ်။ ကျန်းမာရေးအရ စောစောကပြောသလို မိမိစိတ်က အားထုတ်ချင်တယ်ဆိုသော်လဲပဲ ကျန်းမာရေးအားနည်းနေမယ်ဆိုရင်လဲ အားထုတ်ဖို့ မလွယ်ဘူး။ အဲဒါကြောင့်မို့ ယခု သမထပိုင်း အားထုတ် လာတာ (၈)ရက်ဆိုတဲ့အခါကျတော့ ဒီလယ်တီဝိပဿနာ ကမ္မဋ္ဌာနာ စရိယ သင်တန်းဟာ သုံးချိုးနှစ်ချိုးလောက်ထိ အောင်မြင်သွားပါပြီ။ အဲလို အောင်မြင်အောင် ဖွဲ့လုံ့လထားပြီးတော့ အားထုတ်ကြတဲ့အတွက် ဝမ်းသာဖွယ်ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့ ဝိပဿနာ(၈)ရက်စခန်းကို တက်လှမ်းပြီးတော့ ကြိုးပမ်းအားထုတ် လေ့လာဆည်းပူးနိုင်ကြပါစေ သော်လို့ ဆုတောင်း မေတ္တာပို့ရင်း တပည့်တော်ရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*********************

http://www.dhammadownload.com



# သတင်းနှင့်စီးပွားရေးဂျာနယ်
# မြန်မာတိုင်း(မ်)
# The Myanmar Times

**ဗုဒ္ဓတရားတော်က ချမ်းသာစစ်၊ ချမ်းသာမှန်ကို ပေးနိုင်**

ကမ္မဋ္ဌာန်းအားထုတ်သူ ဗုဒ္ဓဘာသာဝင်များသည် ချမ်းသာမှု အစစ်အမှန်ကို ခံစားရန်နှင့် အကုသိုလ်စိတ်များကို ထိန်းချုပ်ရန် ဦးနှောက်ကို လေ့ကျင့်ပေးနိုင်စွမ်း ရှိနိုင်ကောင်းသည်ဟု သုတေသနများ အရ သိရှိရသည်။

မြောက်ကာရိုလိုင်းနားရှိ Duke တက္ကသိုလ်မှ ဒဿနိက ပါမောက္ခ အိုဝင်ဖလင်နဂန်၏ အဆိုအရ ကမ္မဋ္ဌာန်း အားထုတ်သူ ဗုဒ္ဓ ဘာသာဝင်များသည် နဖူးနောက်ဘက်ရှိ ဦးနှောက်၏လက်ဝဲဘက် ရှေ့ပိုင်းကို စေ့ဆော်ပေးနိုင်ပုံရသဖြင့် ထိုကမှကုသိုလ်စိတ်များနှင့် ချမ်းသာမှုများ ဖြစ်ပေါ်စေနိုင်ပုံရကြောင်း သိရသည်။

စကင်နားကို သုံးပြီး ကမ္မဋ္ဌာန်းအားထုတ်သူ ဗုဒ္ဓဘာသာဝင် တစ်ဦး၏ ဦးနှောက်၏အဆိုပါအပိုင်းကို သရုပ်ခွဲကြည့်ခဲ့သည့် ဝင်စကွန်ဆင်တက္ကသိုလ်မှ ရစ်ချိတ်ဒေးဗစ်ဆန်၏ စောစောပိုင်းတွေ့ရှိ ချက်များကို ကိုးကား၍ပါမောက္ခဖလင်နဂန်၏ New Screntist စာစောင် တွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။

ပါမောက္ခဖလင်နဂန်က တွေ့ရှိချက်များသည် 'လက်တွေ့တွင် မဖြစ်နိုင်သော်ငြား သဘောတရားအရ ယုံကြည်နိုင်ဖွယ်'ကောင်းကြောင်း၊ အကြောင်းမှာ ဗုဒ္ဓဘာသာဝင်ကမ္မဋ္ဌာန်းအားထုတ်သူများ၏ ဦးနှောက်၏ လက်ဝဲဘက်ရှေ့ပိုင်းသည် တရားအားထုတ်နေစဉ် ကာလအတွင်းမှာ သာမကပဲ အခြားသော စေ့ဆော်မှုများ ရရှိပါကလည်း လူများကို ပျော်ရွှင်စေနိုင်ကြောင်း ဖော်ပြထားသည်။

http://www.dhammadownload.com



"ဤအချက်မှာ အရေးပါလှသည်။ အကြောင်းမှာ ဦးနှောက်၏ လက်ဝဲဘက်ရှေ့ပိုင်းကို အချိန်ပြည့်စေ့ဆော်ပေးခြင်းဖြင့် ကုသိုလ်စိတ်များဖြင့် ထုံမွမ်းနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ဒေးဗစ်ဆန်ယခင်က လေ့လာခဲ့ဖူးသူများနှင့်စာလျှင် ဗုဒ္ဓဘာသာဝင် ကမ္မဋ္ဌာန်း အားထုတ်သူတွင် အဆိုပါနေရာကို စေ့ဆော်ပေးမှုပိုများသည်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရကြောင်း" ပါမောက္ခဖလင်နဂန်က ရေးသားထားသည်။

"ဗုဒ္ဓဘာသာဝင်များသည် မွေးကတည်းက အလိုလိုစိတ်ချမ်းသာလာသူများချည်း မဟုတ်ကြောင်း၊ တိဘက်ဗုဒ္ဓဘာသာဝင်တို့သည် 'စိတ်ချမ်းသာသည့်မျိုးဗီဇ'နှင့် မွေးလာကြသူများသာဖြစ်သည်ဟု ယူဆလျှင် သဘာဝကျမည်မဟုတ်ကြောင်း၊ ကြောင်းကျိုးအဆီလျော်ဆုံး ဖြစ်နိုင်သည့် အနုမာန အယူအဆမှာ ကျွန်ုပ်တို့အားလုံး ရှာဖွေနေကြသည့် ချမ်းသာမှုမျိုးကို ရရန်အတွက် ဗုဒ္ဓ၏အဆုံးအမအတိုင်း တရားအားထုတ်ခြင်းသာဖြစ်ကြောင်း" ၎င်းက ရေးသားထားသည်။

ကာလီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ခုအရလည်း ဒေါသနှင့်သောကတို့ကို ဖြစ်စေတတ်သော amygdala ခေါ် ဦးနှောက်အစိတ်အပိုင်းကိုလည်း တရားအားထုတ်ခြင်းဖြင့် နူးညံ့သိမ်မွေ့စေနိုင်ကြောင်း တွေ့ခဲ့ကြရသည်။

"စိတ်ဓာတ်ကျဆင်းမှုများနှင့် စိတ်မချမ်းသာမှုများကို သက်သာစေရန် ပရိုဇက်ကဲ့သို့သောဆေးမျိုးသည် စိတ်ကျဝေဒနာကို သက်သာစေသော်လည်း စိတ်ချမ်းသာမှုကိုမူ မပေးနိုင်ကြောင်း လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ကျော်က ပေါ်ထွန်းခဲ့သော ဗုဒ္ဓ၏ကမ္မဋ္ဌာန်းနှင့် သတိပဋ္ဌာန်တို့ကသာ ချမ်းသာမှုအစစ်အမှန်ကို ပေးစွမ်းနိုင်ကြောင်း" ပါမောက္ခဖလင်နဂန်က ရေးသားဖော်ပြထားသည်။

ကမ္မဋ္ဌာန်းအားထုတ်သူတစ်ဦး၏ ဦးနှောက်၏အဆိုပါအပိုင်းကို ဝင်စကွန်ဆင်တက္ကသိုလ်မှ ရစ်ချတ် အစောပိုင်းတွေ့ရှိချက်များကို

http://www.dhammadownload.com



ကိုးကား၍ ဟင်နဂန်က New Scientist စာစောင် ဖော်ပြထားခြင်း ဖြစ်သည်။

*********************

## ဝိပဿနာကူးပြီး ညတရား

ယနေ့ သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇)ရက်နေ့။

လယ်တီကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ပြီးတော့ လက်တွေ့မျက်တွေ့ ရှုပွားကြဖို့ သမထပိုင်းကနေပြီး ဝိပဿနာပိုင်း ကူးလာတာလဲ ရက်တွေတော်တော်များများရကြပြီ။

### ပဋိပတ္တိသာရ မိဒံ သာသနံ။

ဣဒံသာသနံ= ဤသာသနာတော်မြတ်ကြီးသည်၊ ပဋိပတ္တိသာရံ= သီလ သမာဓိ ပညာ သိက္ခာ (၃)ပါး အကျင့်တရားလျှင် အနှစ်ရှိ၏။ ပရိယတ္တိက သာသနာတော်ရဲ့အမြစ်၊ အမြစ်ကလဲ ရေလောင်းကြရမှာပါပဲ။

### ပရိယတ္တိ သာသနဿ မူလံ။

ပရိယတ္တိ= ပါဠိ အဋ္ဌကထာ ဋီကာ ပိဋကတ်သုံးပုံတရားတော်မြတ်သည်၊ သာသနဿ= သာသနာတော်မြတ်ကြီး၊ မူလံ= အမြစ်အရင်း ဖြစ်ပါပေ၏။ အဲဒီတော့ အမြစ်ရေလောင်းပြီးတော့ အနှစ်သုံးစွဲနိုင်ဖို့ အရေးကြီးပါတယ်။ အမြစ်ကလဲ ရေလောင်းရမှာပါပဲ။ အနှစ်သာရလဲ သုံးစွဲမိဖို့။ ယခု အရှင်မြတ်များ မိမိကိုယ်တိုင် ပဋိပတ္တိ သီလ သမာဓိ ပညာ သိက္ခာသုံးပါးလုံးစုံအောင် ပဋိပတ္တိ အနှစ်သာရကို သုံးစွဲပြီးတော့ နေတဲ့အချိန်ဖြစ်ပါတယ်။

http://www.dhammadownload.com



## တောကလာတာ တောပို့

မိမိကိုယ်တိုင် သုံးစွဲတာကလဲ မိမိတစ်ကိုယ်ရေ တစ်ကာယ အတွက် သုံးစွဲတာမဟုတ်ဘူး။ တပည့်တော်တို့ ပြန်ပြီးတော့ စဉ်းစားမယ် ဆိုရင် မြတ်စွာဘုရားရဲ့ လမ်းစဉ်များ ကြည့်လိုက်မယ်ဆိုရင် "ဝနေယေဝ ဇာတော"= တောထဲမှာပဲ မွေးဖွားတော်မူ၊ "ဝနေယေဝ အဘိသမ္ဗုဒ္ဓေါ"= တောထဲမှာပဲ ဘုရားဖြစ်တော်မူ၊ "ဝနေယေဝ ပရိနိဗ္ဗုတော"= တောထဲ မှာပဲ ပရိနိဗ္ဗာန်ပြုတော်မူ။ အဲဒီတော့ ဘုရားအလောင်း ဖွားတော့လဲ တောထဲမှာ၊ ဘုရားဖြစ်တော်မူတော့လဲ တောထဲ၊ ပရိနိဗ္ဗာန်စံတော် မူတော့လဲ တောထဲ၊ တရားတွေ ဟောပြန်တော့လဲ ယေဘုယျအားဖြင့် တောထဲမှာဟောတဲ့တရားတွေက များပါတယ်။ တောထဲမှာ ဟောတဲ့ တရားတွေပါပဲ။ တပည့်တော်တို့ စဉ်းစားပြီးတော့ ကြည့်မယ်ဆိုရင် ရှေ့နှစ်ပေါင်း (၆၀)ကျော်လောက်က စပြီးတော့ မြန်မာနိုင်ငံမှာ ရိပ်သာကြီးတွေ၊ ရိပ်သာကြီးတွေ ပေါ်ပေါက်ပြီးတော့လာတယ်။ ရိပ်သာကြီးတွေ ပေါ်ပေါက်လာပြန်တော့လဲပဲ တောရွာတွေ ကျေးလက် ဒေသတွေမှာ ရိပ်သာဆိုတာ အင်မတန်နည်းပါတယ်။ ရိပ်သာ (၁၀)ခုမှ (၁)ခုလောက် ကျေးလက်ဒေသမှာ ရှိမှာပါပဲ။ (၁၀)ရာခိုင်နှုန်းတောင်မှ လွန်ရောကျွံရော ပြောပါတော့။ တကယ်တမ်းကျတော့ အဲဒီ မြို့ပြ ပြည်ရွာ ရိပ်သာကြီးတွေ ရောက်ပြီးတော့ တရားပြနေကြတဲ့ တရား ဟောနေကြတဲ့ ဆရာတော်တွေက ကျေးလက်ဒေသက ဆရာတော်တွေ။

ကျေးလက်ဒေသမှာ ဖွားလို့၊ ကျေးလက်ဒေသမှာ ရှင်သာမဏေ ဖြစ်လို့၊ ကျေးလက်ဒေသမှာ ယေဘုယျအားဖြင့် ရဟန်း ဖြစ်ပြီးတော့မှ မြို့ကြီးပြကြီးတွေမှာ ရိပ်သာကြီးတွေ တည်ကြထောင်ကြ။ အဲဒီလို လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော် (၇၀)က ရိပ်သာကြီးတွေ မြို့ထဲပြထဲမှာ တည်လာတဲ့အခါ တပည့်တော်တို့ ကျေးဇူးရှင် ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ မုံရွာမြို့ သပြေပင်တောရ ဆရာတော်ကြီးက သာသနာတော် (၂၅၀၀) ပြည့်က ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ဆဋ္ဌသင်္ဂါယနာ

http://www.dhammadownload.com



တင်တော့ ထူးခြားတဲ့ ဖြစ်စဉ်လေးတစ်ခု ပြောခဲ့ဖူးတယ်။ မိန့်ခဲ့ဖူးတယ်။ အဲဒီ ဖြစ်စဉ်က ဘာလဲလို့ဆိုတော့ ကျောင်းဆောင်ကြီးတွေမှာ နေကြရတယ်။ အဲလိုနေကြတော့ ကျောင်းခန်းထဲလဲ မဝင်ဘူး။ တံခါးပေါက်က နေပြီးတော့ အခန်းတံခါးပေါက်ကနေပြီးတော့ ရဟန်းတော်တစ်ပါးပဲ။ အဲဒီရဟန်းတော်က ဘာပြောသလဲဆိုတော့ "အရှင်ဘုရားတို့ အရှင်ဘုရားတို့ သတိထားကြ၊ သတိထားကြ၊ တောကောင်များ မြို့ဝင်လို့ရှိရင် မြို့ပျက်တယ်မဟုတ်လား"လို့ အဲဒီလိုလေး ပြောပြီးတော့ ထွက်သွားတယ်။ အဲဒီ ရဟန်းတော်က ကြည့်ပါလား။ တောကောင်တွေ မြို့ဝင်နေတယ်နေ၁်တဲ့။ သတိထားကြ ဆိုပြီးတော့။ သူက မြို့ထဲ ပြထဲမှာ ရိပ်သာတွေရှိနေတာကို မကြိုက်လို့ ဒီစကားပြောတယ်။ ပြောတော့ ဆရာတော်တွေ တော်တော်များများရှိတဲ့နေရာ သူက ပြောပြောပြီးတော့ သူကထွက်သွား။ ဘယ်ကကိုယ်တော်လဲ။ ဘယ်ကဆရာတော်လဲလို့ လိုက်ကြည့်ပြန်တော့ ဘယ်ကမှန်းလဲ မသိဘူး။ (၂၅၀၀)သံဂါယနာတင်ပွဲလာတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဒီဆရာတော်ကို လိုက်ကြည့်ပြန်တော့လဲ မတွေ့ဘူး။ ပြောသွားတောတော့ အမှန်ပဲ။ ဒါကြောင့် ဒီစကားနဲ့ ပတ်သက်ပြီးတော့ တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ်ဆရာတော်ဘုရားကတော့ ရက္ခစိုးတို့ ဘာတို့ကနေပြီးတော့ အသွင်သဏ္ဌာန် ပြောင်းပြီးတော့ သတိပေးစကားပြောတာနဲ့တူတယ်။ အဲဒီလို မိန့်ဖူးပါတယ်။

အဲဒီတော့ ထားပါတော့လေ။ ဆိုလိုတာကတော့ မြို့ကြီးပြကြီးတွေမှာ ရိပ်သာတွေအသီးအသီး ရှိကြသော်လဲပဲ တပည့်တော်တို့ ကျေးလက်ဒေသတွေမှာ ရိပ်သာဆိုတာက အနည်းငယ်မျှပဲ ရှိတယ်။ ဒါကြောင့် တပည့်တော်တို့ တွေ့ခဲ့ ကြုံခဲ့ရတာကို ပြောမယ်ဆိုရင် ကလေးဘဝက တပည့်တော်တို့ သာမဏေဥပဇ္ဈာယ်ဆရာတော်ကြီးက ကနီဆရာတော်ဘုရားကြီးရဲ့နည်းနာနိဿယနဲ့ နှစ်ပေါင်းများစွာ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ပြီးလာတော့ ဥပုသ်သည်တွေ ဟောလိုက်တာ။ မနက်ပိုင်း တစ်ကြိမ်ဟောတယ်။ နေ့လည်ပိုင်း တစ်ကြိမ်

http://www.dhammadownload.com



ဟောတယ်။ ညနေပိုင်း တစ်ကြိမ်ဟောတယ်။ ဟောတော့ ဟောနေတာပဲ။ ဒါပေမယ်လို့ ဥပုသ်သည် ဒကာ၊ ဒကာမတွေ တရားထိုင်တာ၊ တရားထိုင်တဲ့ ဒကာ၊ ဒကာမတွေ သိပ်ပြီးတော့ မတွေ့ရဘူး။ တရားနာတော့ နာကြတာပဲ။ အဲဒီလိုနဲ့ ပြောကြပါစို့။ မြို့တွေ ပြတွေမှာ ရိပ်သာကြီးတွေရှိတော့ မြို့ထဲမှာနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ မြို့မှာနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ တရားအားထုတ်တဲ့ အလေ့အထလေးတွေ ရှိကြတယ်။ အခု ဝမ်းသာစရာကောင်းတာက တပည့်တော်တို့ လွန်ခဲ့တဲ့ (၅)နှစ်တာ ကာလကစပြီး ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံပြီးတော့ လယ်တီဝိပဿနာ ပြန့်ပွားရေးအတွက် ကြိုးပမ်းပြီးတော့ လာခဲ့တဲ့အခါ တပည့်တော်တို့ လယ်တီဝိပဿနာတရားစခန်း ကျေးလက်ဒေသတွေက မြို့ပြတွေထက်တောင် ပိုပြီးတော့ တောင်းဆိုလာတာ တရားပြဖို့တွေ လျှောက်ထားတာ များလာတယ်။ စောစောကတော့ ဒီအချက်ကို မစဉ်းစားမိဘူး။ အခု စဉ်းစားလိုက်တဲ့အခါကျတော့ သိပ်ပြီးတော့ ဝမ်းသာဖို့ကောင်းတယ်။ နိုင်ငံတော် တနံတလျား ပြန်ကြည့်မယ် ဆိုရင် ကျေးလက်ဒေသတွေဟာ အစစအရာရာ လူမှုရေး၊ ပညာရေး၊ လောကီရေး၊ လောကုတ္တရာရေးတွေ ဖွံ့ဖြိုးမှု အားနည်းကြတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွေ၊ ဖွံ့ဖြိုးရေးစီမံကိန်း (၅)ရပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း (၅)မျိုးဆိုပြီးတော့ ဆောင်ရွက်ပြီးတော့ နေတာပဲ။

သို့သော်လဲပဲ မြို့ပြတွေမှာ မြို့ပြတွေနဲ့ ပြောမယ်ဆိုရင် (၁၀%) ဆောင်ရွက်နိုင်ဖို့တောင် အင်မတန်ကြိုးစားရမှာပါ။ ဒါက လောကဘက်က။ တပည့်တော်တို့ ဓမ္မနယ်ပယ်က ကြည့်လိုက်တဲ့အခါကျတော့ အခု လယ်တီဝိပဿနာတရားစခန်းကို အခြားဒေသတွေ အသာထားပါတော့။ တပည့်တော်တို့ မွေးဖွားရာဇာတိဖြစ်တဲ့ ကနီမြို့နယ်၊ ကုန်းသာရွာ၊ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကုန်းသာရွာမှာလဲ တရားစခန်း

http://www.dhammadownload.com



ဖွင့်ဖြစ်တာ (၅)ကြိမ်။ တစ်နှစ်၊ တစ်နှစ်လျှင် ယောဂီပေါင်း (၁၅၀)လောက် အားထုတ်ကြတယ်။ ပြန်ပြီးတော့ စဉ်းစားကြည့်မိတယ်။ ရှေးအခါက တပည့်တော်တို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ အာပေါက်အောင် ဟောကြား ပြီးနေသော်လဲပဲ အားထုတ်တဲ့အလေ့အထ သိပ်မရှိကြဘူး။ အလေ့အထနည်းကြတယ်။ အခုအခါမှာ ကျေးလက်ဒေသတွေမှာ အခု ဒီက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးအာဒိစ္စတို့၊ မုံရွာက ဦးပညာဝံသတို့၊ ဓမ္မာစရိယ ဦးသန်းခင်တို့ ဦးဆောင်ပြီးတော့ ကျေးလက်ဒေသ တော်တော်များများ တရားစခန်းတွေ ဖွင့်ဖြစ်လို့ "တောကလာတဲ့တရားကို တောပို့နိုင်ခဲ့ပြီ"လို့ ပြောရမှာပါပဲ။

ဘုရားတောထဲမှာ ဖွားတယ်။ တောထဲမှာ ဘုရားဖြစ်တယ်။ တောထဲမှာ ပရိနိဗ္ဗာန်စံတယ်။ တောထဲမှာ ဟောတယ်။ အခု ဝမ်းသာ စရာကောင်းတာက ကျေးလက်ဒေသအေသီးအသီးမှာ ကျောင်းထိုင်နေကြ ဆရာတော်တွေ ဤလယ်တီဝိပဿနာကမ္မဋ္ဌာနာ စရိယသင်တန်းမှာ တက်ရောက်လာကြတော့ မိမိတို့လဲအားထုတ်ဖြစ်တယ်။ မိမိတို့ရဲ့ လက်လှမ်းမှီတဲ့ ကျေးလက်ဒေသ နယ်ပယ်အသီးသီးမှာ ဒီလယ်တီ ပဋိပတ္တိ စခန်းကြီးကို အောင်မြင်အောင် ပွင့်လင်းအောင် သာသနာတော် နဲ့ တွေ့ရကျိုးနပ်အောင် ဆောင်ရွက်တော်မူနိုင်ကြတော့မှာ။ ဒီနေရာမှာ မြတ်စွာဘုရားက ပရိသတ်နှစ်မျိုးကို ဟောပုံကို သတိပြုသင့်ပါတယ်။

## ပရိသတ်

ဒွေမာဘိက္ခဝေ ပရိသာ= ရဟန်းတို့ ပရိသတ် (၂)မျိုး ရှိတယ်။

**အဂ္ဂဝတီစ အနဂ္ဂဝတီစ။**

အဂ္ဂဝတီစ= မြတ်သောပုဂ္ဂိုလ်ရှိတဲ့ ပရိသတ်ကတစ်မျိုး။ အနဂ္ဂဝတီစ= မြတ်သောပုဂ္ဂိုလ်မရှိတဲ့ ပရိသတ်ကတစ်မျိုး။

အဂ္ဂဝတီစ= မြတ်သောပုဂ္ဂိုလ်ရှိတဲ့ ပရိသတ်၊ တစ်နည်းအားဖြင့် "အဂ္ဂါယ ပဋိပတ္တိယာ သမ္ပန္နာဂတာ"လို့ ဆိုတဲ့အတိုင်း မြတ်တဲ့အကျင့်နဲ့

77(B)

http://www.dhammadownload.com



ပြည့်စုံတဲ့ မြတ်တဲ့အကျင့်ရှိတဲ့ ပရိသတ်ကတစ်မျိုး။ မပြတ်တဲ့အကျင့်ရှိတဲ့ ပရိသတ်ကတစ်မျိုး။ အဂ္ဂဝတီပရိသာ= မြတ်တဲ့ပရိသတ်၊ မြတ်တဲ့အကျင့်ရှိတဲ့ ပရိသတ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။

**ဣဓ ဘိက္ခဝေ ထေရာ ဘိက္ခူနဗာဟုလိကာဟောန္တိ၊ နသိထိကာ၊ ဩက္ကမနေ အနိက္ခတ္တဓူရာ၊ ပဝိဝေကေ ပုဗ္ဗင်္ဂမာ၊ ဝီရိယံ အာရဘန္တိအနဓိဂတဿ အဓိဂမာယ၊ အပ္ပတ္တဿ ပတ္တိယာ၊ အသစ္ဆိက တဿ သစ္ဆိကိရိယာယ။**

ရဟန်းတို့ ဤသာသနာတော်မှာ သာသနာ့ဝန်ထမ်း ရဟန်းတွေထဲက သာသနာ့ဝန်ထမ်းဖြစ်တဲ့ ထေရ်ကြီးဝါကြီး အရှင်မြတ်တွေဟာ ဆွမ်းသင်္ကန်း ကျောင်းဆေးအတွက် ကြောင့်ကြစိုက်တော်မမူကြဘူး။ ပညတ်တော်မူတဲ့ စကားတွေကို လျှော့လျှော့ပေါ့ပေါ့ မယူဆကြဘူး။ ဩက္ကမနေ= အောက်သို့ ရောက်စေတတ်တဲ့ သက်စေတတ်တဲ့ နီဝရဏ တရားတွေကို ပယ်ရှားဖို့ရာနဲ့ ပတ်သက်ပြီးတော့၊ အနိက္ခိတ္တဓူရ= ချထားအပ်တဲ့ ဝန်မရှိကြဘူး။ ပဝိဝေကေ ပုဗ္ဗင်္ဂမာ= ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက သုံးပါးကင်းဆိတ်ပြီးတော့ နေမှုမှာ ရှေ့သွား ခေါင်းဆောင် ဖြစ်တယ်။

**ဝီရိယံ အာရဘန္တိ အနဓိဂတဿ အဓိဂမာယ အပတ္တဿ ပတ္တိယာ၊ အသစ္ဆိကဿ သစ္ဆိကိရိယာယ။**

မရသေးတဲ့ ဈာန်သမာဓိတရား၊ မရသေးတဲ့ ဝိပဿနာတရား၊ မရသေးတဲ့ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိဖို့ရာအတွက်၊ ရောက်ရှိဖို့ရာ အတွက်၊ မျက်မှောက်ပြုဖို့ရာအတွက် ကြိုးစားအားထုတ်တော်မူကြတယ်။ ဒါက တပည့်တော်တို့ ဆရာတော်ကြီးတွေရော၊ ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင် ဆရာတော်တွေရော ဒီအပိုင်းကြည့်လိုက်တဲ့အခါ ဒီဆရာတော် အရှင်မြတ်တွေက ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင် ဆရာတော်အရှင်မြတ်တွေ ထေရ်ကြီးဝါကြီးတွေ၊ ဒီဆရာတော် အရှင်မြတ်ကြီးတွေက မရရှိသေးတဲ့ သမာဓိရရှိအောင်၊ မရောက်သေးတဲ့

78(A)

http://www.dhammadownload.com



ဈာန်သမာဓိတွေ ရရှိအောင်၊ မရရှိသေးတဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိအောင်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသေးတာရရှိအာင် ကြိုးစားတော်မူကြတယ်။ အဲဒီတော့ အခု အရှင်မြတ်တွေ ဒီစကားတော်အတိုင်း အဲဒီလို ကြိုးစားပြီးတော့နေရင်၊ အဂ္ဂဝတီပရိသာ= မြတ်တဲ့ပုဂ္ဂိုလ်ရှိတဲ့ ပရိသတ်၊ မြတ်တဲ့အကျင့်နဲ့ ပြည့်စုံတဲ့ ပရိသတ်လို့ ဒီလိုခေါ်နိုင်ပါတယ်။ အနဂ္ဂဝတီ ပရိသတ်ဆိုတာ အဲဒီလို ကောင်းတဲ့အကျင့်မရှိတဲ့ ပရိသတ်ပါပဲ။

**တေသံ မေ ဘိက္ခဝေ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇန္တိ။**

အဲဒီ ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင် ကျောင်းပိုင် အရှင်မြတ်တို့ရဲ့ တပည့်ရဟန်းသာမဏေ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့က အတုလိုက်ပြီးတော့ ပစ္စည်းလေးပါးများအောင် ကြောင့်ကြ မစိုက်တော့ဘူး။ သိက္ခာပုဒ်တွေလဲ လျှော့လျှော့ပေါ့ပေါ့ မကျင့်ကြပဲနဲ့ လေးလေးစားစား ကျင့်ကြတယ်။ အောက်သို့သက်စေတတ်တဲ့ နီဝရဏတရားတို့ကို ပယ်ရှားခြင်းငှာလဲ ဝန်ချမထားပဲနဲ့ ပယ်ရှားဖို့ရာ ကြိုးစားတယ်။

ပဝိဝေကေ ပုဗ္ဗင်္ဂမာ= ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက ခေါ်တဲ့ ဝိဝေကသုံးပါးနဲ့ ပတ်သက်ပြီးတော့လဲ ရှေ့သွားခေါင်းဆောင် တပည့်တွေကလဲ လိုက်ကြလို့ ရွာသူရွာသားတွေ လိုက်ကြ၊ မြို့သူ မြို့သားတွေလိုက်ကြ၊ ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ။ ရဟန်းငယ် ရှင်ငယ်များ လိုက်ပြီးတော့ အားထုတ်ကြမယ်ဆိုရင် မရသေးတဲ့ ဈာန်သမာဓိများ၊ ဝိပဿနာဉာဏ်များ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ တရားများကို ရရှိအောင် မျက်မှောက်ပြုနိုင်အောင် တပည့်တွေက လိုက်ပြီးအားထုတ်ကြမယ်ဆိုရင် အဲဒီပရိသတ်ဟာ အဂ္ဂဝတီပရိသတ်၊ မြတ်တဲ့ပုဂ္ဂိုလ်ရှိတဲ့ ပရိသတ်၊ ကိုယ်တစ်ယောက်ထဲ မြတ်နေလို့တော့ မဖြစ်ဘူး။ နောက်လိုက်နောက်ပါတွေကလဲ မြတ်ဦးမှ။ ကိုယ်တစ်ယောက်ထဲ မြတ်တဲ့အကျင့်ရှိရုံနဲ့ မပြီးဘူး။

http://www.dhammadownload.com



ကျောင်းနေ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်တွေ မိမိ ဆိုရင်လဲ မိမိကိုယ်တိုင် စောစောကပြောတဲ့ မရသေးတဲ့စျာန် သမာဓိတွေ ရရှိ၊ မရသေးတဲ့ ဝိပဿနာဉာဏ်အဆင့်၊ ဒီအဆင့်တွေရရှိအောင် မိမိကိုယ်တိုင် ကြိုးစားသလိုပဲ ရပ်သူရွာသား ဒကာ၊ ဒကာမတွေ၊ မြို့သူ မြို့သား ဒကာ၊ ဒကာမတွေလဲ ကြိုးစားအောင် ဆောင်ရွက်ပြီးတော့ ပေးရင် အဂ္ဂဝတီပရိသတ်။ ပြောမယ်ဆိုရင် တပည့်တော်တို့ အခု နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ တောင်တန်းဒေသ နယ်စပ်ဒေသက လာပြီးတော့နေကြတဲ့ ရဟန်းသာမဏေလေးတွေ သီလရှင်လေးတွေ ရှိတယ်။ အဖိတ်နေ့ ဥပုသ်နေ့ ဆိုရင်တော့ မိနစ်(၃၀)လောက် တရားထိုင် ရပါတယ်။ အားလုံးပဲ ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်ရှိတာ အားလုံးပဲ တရားထိုင်ကြရတယ်။ တစ်ပတ်ကို နှစ်ရက်တော့ ထိုင်ဖြစ် ပါတယ်။ အရှင်မြတ်များလဲပဲ မိမိတို့ကိုယ်တိုင် အားထုတ်ပြီးတဲ့ အခါကျတော့ ကလေးတစ်ယောက်ဖြစ်စေ၊ လူငယ်လူရွယ်တစ်ယောက် ဖြစ်စေ၊ သက်ကြီးရွယ်အိုတစ်ယောက်ကိုဖြစ်စေ၊ ဒကာ၊ ဒကာမ တစ်ယောက်ကိုဖြစ်စေ၊ နှစ်ယောက်ကိုဖြစ်စေ ရသလောက်စည်းရုံး ပြီးတော့ အားထုတ်ခိုင်းသွားမယ်ဆိုရင် "အဂ္ဂဝတီပရိသတ်" မြတ်တဲ့ ပုဂ္ဂိုလ်ရှိတဲ့ပရိသတ် ဖြစ်ပါလိမ့်မယ်။ ဒါသာသနာပြုတာ အစစ်ပဲ။

## အမြတ်ဆုံးပရိသတ်

မြတ်စွာဘုရားက **"ဧတ ဒဂ္ဂံ ဘိက္ခဝေ ပရိသာနံ ယဒိဒံ အဂ္ဂဝတီပရိသာ"**

ရဟန်းတို့ အဂ္ဂဝတီပရိသတ်၊ အနဂ္ဂဝတီပရိသတ်လို့ (၂)မျိုးရှိတဲ့ အထဲက အဂ္ဂဝတီပရိသတ်ဟာ အမြတ်ဆုံးပဲ။ ဒါကြောင့် ယခု သင်တန်း ကာလမှာ ကိုယ်တိုင်ကိုယ်ကျ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းများ စီးဖြန်းပြီးတော့နေတာသည် မိမိတို့ရဲ့ တပည့်တွေ ဒကာ၊ ဒကာမတွေပါ တစ်ခါထဲ နောက်လိုက်နောက်ပါတွေနဲ့တကွ သမထ

http://www.dhammadownload.com



ကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတွေကို အားထုတ်ဖို့ရာ အားထုတ်စေဖို့ရာအတွက် အခြေခံလုပ်ငန်း ဇရာတည်ပြီးတော့ နေခြင်းပဲ။

အဲဒီတော့ ဝိပဿနာတရားစခန်းမှာ တပည့်တော်တို့ ဉာဏ်စဉ်အဆင့်ဆင့်တွေရှိ၊ အဲဒီလို အဆင့်ဆင့်တွေရှိတော့ ကျောင်းမှာ စောစောကတော့ ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်စဉ် (၁၀)ပါး လင်္ကာလေးတွေ အရိုက်ခိုင်းထားပါတယ်။ ဒီမှာတော့ ခုနှစ်မပါဘူး။ ဆရာတော်ဘုရားကြီး ရေးတာ (၁၂၆၅-၆၆) ခုလောက်က ရေးပါတယ်။ ဝိပဿနာဉာဏ်စဉ် (၁၀)ပါးလင်္ကာ။ "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"။ အဲဒီတော့ ဒီဉာဏ်စဉ် (၁၀)ပါးကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့နှစ်(၁၀၀)က ရေးထားတဲ့ ဉာဏ်စဉ် (၁၀)ပါး။ မူလအရင်းခံကတော့ အရှင်ဘုရားတို့ တပည့်တော်တို့ ရှင်သာမဏေလေးဘဝထဲက ရ၊ သိ၊ ပို့ချပြီးတော့လာတဲ့ သင်္ဂြိုဟ် အခြေခံပြီးတော့မှ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဒီဉာဏ်စဉ် (၁၀)ပါးကို ရေးထားတာပါ။

အဲဒီတော့ ဒကာ၊ ဒကာမတွေဟောတဲ့ ပြောတဲ့အခါ အသိဉာဏ် ပေးတဲ့ အခါကျတော့ ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးတွေက သိပ်ပြီးတော့အဆင်ပြေပါတယ်။ ပြောလို့ ဆိုလို့ ရွတ်လို့ ဖတ်လို့ ချောတယ်။ အဆင်ပြေတယ်။ ဒါကြောင့် အရှင်မြတ်များ တကယ်တမ်း ဟောရမှာကတော့ ဉာဏ်စဉ် (၁၀)ပါး။ ဒါ ဟောကြရတာ။ ဉာဏ်စဉ် (၁၀)ပါးကတော့ အရိပ်အမြွက် ကလေးလောက်ပြောပြီးတော့ တပည့်တော်တို့ တစ်နေ့ကတုန်းက စကားတစ်ခု စပ်ထားခဲ့တာရှိတယ်။ ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်။ "ဓာတ်လေးပါး"။ နောက် ဓာတုဝိဘင်း ကျတော့ မြတ်စွာဘုရားက "ဆဓာတုယော" ဓာတ် (၆)ပါး။ မိမိတို့ရဲ့ ခန္ဓာကိုယ် ဓာတ်လေးပါးနဲ့ ပိုင်းခြားသိမ်းဆည်းနိုင်ရင်လဲပဲ တရားအမြင် ပေါက်နိုင်တာပါပဲ။ ဓာတ် (၆)ပါးမှာ မဟာဘုတ်လေးပါး၊ အာကာသ ဓာတ်၊ ဝိညာဏဓာတ်။ အဲဒီလို ဓာတ် (၆)ပါးနဲ့ ပိုင်းခြားသိမ်းဆည်းမယ်

http://www.dhammadownload.com



ဆိုရင်လဲပဲ သမထပိုင်းရော၊ ဝိပဿနာပိုင်းရော အကုန်လုံး ပြည့်စုံပါတယ်။ ပြီးစုံတော့ ဒီစာအုပ်ကလေးမှာ-

**စက္ခုရူပါရုံ (၂)ပါးဆုံလျှင် စက္ခုဝိညာဉ်၊**

**ပေါ်မြဲပင် ပေါ်လျှင်မလွဲ ချုပ်ပျက်မြဲတည်း။**

မဟာဘုတ်လေးပါးအကြောင်းကတော့ ဟောခဲ့ပြီ။ အာကာသဓာတ်နဲ့ ပတ်သက်ပြီးတော့ ရုပ်တစ်ခုနဲ့တစ်ခု ပိုင်းခြားပေးတဲ့ဓာတ်ကို ပရိစ္ဆေဒ အာကာသဓာတ်။ နောက် ဝိညာဏဓာတ်၊ ဝိညာဏဓာတ်ကိုတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက-

**အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏။**

တပည့်တော်တို့ ဝိညာဏက္ခန္ဓာမှာ "ဝိညာဏ"ကို "ဝိညာဉ်"လို့ ပြန်လိုက်တယ်။ မြန်မာစကားက ပါဠိတစ်ခုရဲ့ အဓိပ္ပါယ်ကို လုံလောက်အောင် ခြုံမိအောင် ပြန်ဖို့ခက်တယ်။ အဲဒါကို ဆရာတော်ဘုရားကြီးက-

**အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏။**

အာရုံကို ယူတတ်တယ်။ အသိသဘောလေး မနောလေး အဲဒါကို ဝိညာဏ်၊ ဝိညာဉ်လို့ ခေါ်ပါ။ စက္ခုဝိညာဉ် ဘယ်လိုဖြစ်သလဲဆိုတော့ အရှင်ဘုရားများ သိကြပြီးတဲ့အတိုင်း။

**စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာတံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။**

စက္ခုပသာဒ မျက်စေ့အကြည်ဓာတ်ကို အခြေခံပြီးတော့ စက္ခုဝိညာဉ် မြင်သိစိတ် ဖြစ်လာတယ်။ သူ့ချည်းပဲလားလို့ဆိုတော့ "ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"တဲ့။ ဒါကြောင့်မို့ "စက္ခု ရူပါရုံ"။ စက္ခုပသာဒ မျက်စေ့အကြည်နဲ့ ရူပါရုံနှစ်ပါးဆုံလို့ရှိရင် စက္ခုဝိညာဏ် ပေါ်ပါတယ်။ စာအနေနဲ့တော့ သိနေတာ။

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။**

စက္ခုပသာဒနဲ့ ရူပါရုံကို အခြေခံပြီး မြင်သိစိတ် ဖြစ်လာတာ။

http://www.dhammadownload.com



## ဘုရားဖူး ဝိပဿနာ

တပည့်တော်တို့ လယ်တီဝိပဿနာဒီပနီ ဓမ္မာရုံကြီးမှာ ကိုးကွယ်ထားတဲ့ ဗုဒ္ဓဘုရား ဝဲဘက်ယာဘက်မှာ "အဂ္ဂသာဝကကြီးနှစ်ပါး"။ လမ်းမျှော်ပြီးတော့ ဘုရားရှင်ရဲ့ ရုပါရုံအဆင်းတော် မိမိတို့ရဲ့ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကလေးနဲ့ တွေ့ဆုံပြီးတော့ မြင်သိစိတ်ကလေး၊ ဖူးသိစိတ်ကလေး လာပေါ်တယ်။ ပြီးတဲ့အခါကျတော့ လက်ျာမှာ သီတင်းသုံးတော်မူတဲ့ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို အာရုံပြောင်းပြီးတော့ ဖူးလိုက်တဲ့အခါကျတော့ ဒါလဲပဲ စက္ခုပသာဒနဲ့ ရူပါရုံပေါင်းဆုံလို့မို့ မြင်သိစိတ် ဖြစ်ပေါ်တာ။ ဒီနောက် လက်ဝဲတော်ရံဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးကို အာရုံပြောင်းပြီးတော့ ဖူးလိုက်ပြန်တော့လဲ မြင်သိစိတ်ကလေး ဖြစ်ပေါ်လာတယ်။

ဓာတ်ပေါ်မှု နာမ်ကရူ။ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာတာ။ အဲဒီတော့ အလယ်မှာသီတင်းသုံးပြီးတော့ ပလ္လင်ပေါ်သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို ဖူးမြင်လို့ မြင်သိစိတ်ကလေး ဖြစ်တယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဖူးမျှော်လို့ မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို ဖူးမျှော်လို့ မြင်သိစိတ် ဖြစ်ပေါ်တယ်။ မြင်သိစိတ်တစ်ခုနဲ့တစ်ခုဟာ တစ်ခြားစီပဲ။ စက္ခုပသာဒက အတူတူလို့ အောက်မေ့ရပေမယ်လို့ ဘုရားဖူးစဉ်က မျက်စေ့အကြည်တော့ မဟုတ်တော့ဘူး။ ရူပါရုံကတော့ ပိုပြီးသိသာတယ်။ ပြောင်းသွားတယ်။ ဒါကြောင့် ဘုရားရယ်၊ အဂ္ဂသာဝကကြီးနှစ်ပါးရယ် ဒီသုံးပါးလုံးကို ဖူးမျှော်တဲ့အခါဖြစ်တဲ့ မြင်သိစိတ်ကလေးပဲ။ ဟော သောင်ကမ်းစပ် သဲပြုသလိုပဲတဲ့။ မြင်သိစိတ်။

**ကေသဂ္ဂမတ္တမ္ပိ**= ဆံချည်လေးတစ်မျှင်စာမျှ နေရာမရွေ့ပဲနဲ့ ပျက်စီးသွားတယ်။ ဖြစ်တာလဲ သိတယ်။ ပျက်တာလဲ သိတယ်။ မိုးတိမ်လိှုင်းများလို မိုးတိမ်လှိုင်းတို့ ရေလှိုင်းတို့ ကြည့်လိုက်တဲ့အခါ

http://www.dhammadownload.com



မိုးတိမ်လိုင်းကြည့်ပြီးတော့လဲ မိုးတိမ်လိုင်းဥပမာနဲ့ ထားပြီးတော့ ကြည့်မယ်ဆိုရင် မိုးတိမ်လိုင်းများ ဖြစ်ပြီးတော့ ပျက်နေတာ။ မြစ်ရေ၊ ချောင်းရေများ လှိုင်းကလေးတွေထပြီးတော့ ပျက်သွားတဲ့ဥပမာ။ သောင်ကမ်းစပ် သဲပြိုတဲ့ဥပမာ။ လျှပ်စစ်ရောင်ကလေး ဖြစ်ပြီးတော့ ပျက်သွားတဲ့ဥပမာ၊ ဒီလို ရှုကြရတယ်။ အဲဒီ မြင်သိစိတ်တွေဟာ မမြင်ရာအရပ်က လာတယ်။ အကြောင်းတိုက်ဆိုင်လို့ဖြစ်လာသော်လည်း အစုအပုံကြီး မရှိပုံ ဖြစ်ပျက်ပုံကို ရှုစားရပါတယ်။ ဒါက ဘုရားနဲ့ အဂ္ဂသာဝကကြီးနှစ်ပါးမှာ ရှုစားပုံဝိပဿနာ။

## ရောင်ခြည်တော်စက်ဝိုင်း

နောက်တစ်နည်းကို သွားမယ်ဆိုရင် ရောင်ခြည်တော်စက်ဝိုင်း "ညို၊ ရွှေ၊ ဖြူ၊ နီ၊ မောင်းရီ၊ ပြိုးပြက်" ရောင်ခြည်တော် (၆)ပါး။ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် (၆)ပါး ပုံသဏ္ဍာန်တွေဟာ အခုခေတ်မှာတော့ အင်မတန် ရှုဖို့ကောင်း။ ရောင်ခြည်တော်စက်ဝိုင်းကို ကြည့်လိုက်တဲ့အခါကျတော့ ညိုတယ်၊ ညိုတဲ့အရောင်၊ ဖြူတဲ့အရောင်၊ ရွှေတဲ့အရောင်၊ အရောင်လေးတွေဟာ တစ်ခုချင်းတစ်ခုချင်း ခပ်မြန်မြန်ဖြစ်ပြီးတော့ ခပ်မြန်မြန်ပျက်သွားတယ်။

မိမိက အရောင် (၆)ပါးလုံး စုံအောင် တဖြည်းဖြည်းချင်းလေး ဖူးမယ်ဆိုရင်လဲ မိမိစိတ်ထဲက စိတ်ထဲ အာရုံထဲကနေပြီးတော့ စိတ်နဲ့ ဖူးမျှော်တာထက် ပကတိမျက်စေ့နဲ့ ဖူးမျှော်တာက ပိုကောင်းပါတယ်။ အဲဒီတော့ "ညို၊ ရွှေ၊ ဖြူ၊ နီ၊ မောင်းရီ၊ ပြိုးပြက်" ဒီရောင်ခြည်တော် (၆)သွယ်ကို ဖူးတဲ့အခါ ညိုတဲ့အရောင်၊ ရွှေတဲ့အရောင်၊ ဖြူတဲ့အရောင်၊ မြင်သိစိတ်ကလေးတွေဟာ တစ်ခြားစီ၊ တစ်ခြားစီ။ ဒါမှမဟုတ်လို့ရှိရင် စစ်ကိုင်းတောင်တို့မှာ တပည့်တော်တို့ ရထားတို့ မော်တော်ကားတို့နဲ့ သွားကြတယ်။ သွားကြတဲ့အခါ တောင်ပေါ်မှာ တန်းစီပြီး တည်ထား ကိုးကွယ်ပူဇော်ထားတဲ့ စေတီတော်တွေရှိတယ်။ အမြင့်ထင်ရှားတဲ့

http://www.dhammadownload.com



စေတီတော်တွေ တစ်ဆူပြီးတစ်ဆူ ဖူးမျှော်သွားတဲ့အခါ နှစ်ကျိပ်ရှစ်ဆူ ကိုးကွယ်ထားတဲ့နေရာမျိုး ရောက်တဲ့ အခါ တဏှင်္ကရာ၊ မေဓင်္ကရာ၊ ဒီပင်္ကရာ တစ်ဆူချင်း ဖူးမျှော်မြင်သိစိတ်ကလေးတွေဟာ တစ်မျိုးစီ တစ်မျိုးစီ ဖြစ်တာ ပျက်တာတွေ တွေ့လာ။ အမှတ်တမဲ့ ဖူးမျှော်တဲ့အခါ ဒီမြင်သိစိတ်ရဲ့ ဖြစ်တာ ပျက်တာကို ဥပ္ပါဒနဲ့ဝယ၊ ဥဒယဝယကို သဘောပေါက်ဖို့ သိပ်မလွယ်ဘူး။ သတိထားတဲ့အခါကျမှ မြင်သိစိတ်ကလေးရဲ့ တစ်ဆူ တစ်ဆူမှာ ဖြစ်ပျက်၊ တစ်ဆူတစ်ဆူမှာ ဖြစ်ပျက် သဘောပေါက်အောင်။ အလားတူပါပဲ။ တပည့်တော်တို့ သောတဝိညာဉ်စိတ်။ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ (စားသိစိတ်)၊ လျှက်သိစိတ် ဆိုရင်လဲ အရသာ (၆)ပါးနဲ့။ အရသာ (၆)ပါးကတော့ ထမင်းပွဲ ဟင်းပွဲမှာ စုံခဲပါတယ်။ "ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါး" ချိုတဲ့အစာအာဟာရကို စားပြီးတဲ့အခါကျတော့ ချဉ်တဲ့အရသာကို စားကြည့်။ သူ့ဟာလေးနဲ့သူ လျှက်သိစိတ်ကလေးရဲ့ ဖြစ်ပြီးတော့ ပျက်သွားတာ အင်မတန်ထင်ရှားပါတယ်။ သတိထားတဲ့အခါကျတော့ အဲဒီလို သိတယ်။ ထိတာ သိတာ ကြံတာ၊ တွေးတော တာတွေနဲ့ ပတ်သက်ရင်လဲပဲ ဒီအတိုင်းပါပဲ။ အဲဒါ ဝိညာဏဓာတ်တွေ။

ဓာတ်ဆိုတာ ဘာလဲ။ သဘောပဲ။ အဲဒါကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက -

**"သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် မလိုက်မစား မငဲ့ငြားပဲ၊ အကြောင်းအားလျော်စွာ သူ့ချင်းရာနှင့် သူ့သဘာဝ သူ့ကိစ္စကို ဆောင်ထသမှု အကြောင်းပြု၍ ဓာတ်ဟုသညာ အစဉ်လာ၏။"**

ဆရာတော်ဘုရားကြီးက ဓာတ်ကိုဖွင့်တယ်။ ဓာတ်ဆိုတာ ဘယ်လိုဟာလဲ။ ဓာတ်ဆိုတာ သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက်လဲ မလိုက်ပါဘူး၊ မငဲ့ဘူးတဲ့။ အကြောင်းအားလျော်စွာ သူ့အချင်းအရာနဲ့သူ သူ့သဘာဝနဲ့သူ သူ့ကိစ္စကို ဆောင်ကြတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ဓာတ်လို့အမည်သညာ ဒီလိုခေါ်ပါတယ်။ မြင်သိစိတ်ကလေး

http://www.dhammadownload.com



သူ့သဘာဝ သူ့ကိစ္စ သူ့အချင်းအရာနဲ့ မြင်သိစိတ်ကလေး။ မြင်သိစိတ်ကလေးဟာ စက္ခုပသာဒနဲ့ ရူပါရုံဆုံရင် မြင်သိစိတ်ကလေးပဲဖြစ်မှာ ကြားသိစိတ် မဖြစ်ဘူး။ ကြားသိစိတ် ဖြစ်ပေါ်ပြီးတော့ မလာဘူး။ အဲဒီတော့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က အစိုးရပြီးတော့ ဒီမြင်သိစိတ်ကလေး ဖြစ်ပေါ်အောင် ပြုတာမဟုတ်ဘူးဆိုတာ အင်မတန်ထင်ရှားတယ်။ အဲဒီ စိတ်ကလေးကလဲ ကြည့်လို့ကောင်းလွန်းလို့၊ ကြားလို့ကောင်းလွန်းလို့၊ နံလို့ကောင်းလွန်းလို့၊ လျှက်လို့၊ စားလို့ကောင်းလွန်းလို့၊ တွေ့ထိလို့ ကောင်းလွန်းလို့၊ တွေးကြံလို့ကောင်းလွန်းလို့ မပျက်စေနဲ့လို့။ ဒီလို တားလို့ ဆီးလို့ ကိုယ်စိုးကိုယ်ပိုင် ဆောင်ရွက်လို့ မဖြစ်ဘူး။ ဒါကြောင့် **"နေတံ မမ နေသော ဟမသ္မိ၊ နမေ သော အတ္တာ"**။

ဒါငါရဲ့ မြင်သိစိတ်လို့ သွားပြီး စွဲလမ်းထားလို့ မရဘူး။ "နေတံ မမ"။ "နေသော ဟမသ္မိ" မြင်သိစိတ်ကလေးဟာ ငါ၊ "နမေ သော အတ္တာ" မြင်သိစိတ်ကလေးဟာ ငါရဲ့အတ္တပဲလို့ ဒီလိုမယူဆသင့်ဘူး။ ဒါတဖြည်းဖြည်းလေး ဉာဏ်နဲ့ကြည့်မှ မြင်ရတာ။ ဉာဏ်နဲ့ကြည့်မှ။ အဲဒီတော့ ဒီဉာဏ်စဉ် (၁၀)ပါးဆိုတဲ့နေရာမှာ တပည့်တော်တို့ အနတ္တလက္ခဏသုတ္တန်ဟာ မြတ်စွာဘုရားက တရားကိုယ်တော်တိုင်ပေးပြီးတော့ ကိုယ်တိုင်တရားစစ်တဲ့နည်းပါပဲ။ အဲဒီကနေပြီးတော့ အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ် ရပြီဆိုတော့ ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်မှာတော့ အရေးကြီးတဲ့ဉာဏ်ပေါ့။ အမှန်အတိုင်း သိတဲ့ဉာဏ်။ အဲဒီ ယထာဘူတဉာဏ်က နေပြီးတော့ နိဗ္ဗိန္ဒဉာဏ် ကူးပြီးတော့ ငြီးငွေ့ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒီလိုသွားတာပေါ့။ အဲဒီတော့ ဒီဒေသနာတော်ကို ကြည့်မယ်ဆိုရင်တော့ ဝိပဿနာဉာဏ်က (၂)ပါးထဲနဲ့ သွားတယ်။ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ်။ ဝိပဿနာဉာဏ် (၂)ဆင့်နဲ့ပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပို့လိုက်တာပါ။

အဆင့်မြင့်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များပါ။ ဉာဏ်အလတ်စားရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဝိပဿနာဉာဏ် (၆)မျိုးနဲ့ မြတ်စွာဘုရား ဟောတော်

http://www.dhammadownload.com



မူတယ်။ ဉာဏ် (၆)ပါးက-

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်
(၂) ပစ္စယပရိဂ္ဂဟဉာဏ်
(၃) အနိစ္စဉာဏ်
(၄) ဒုက္ခဉာဏ်
(၅) အနတ္တဉာဏ်
(၆) နိဗ္ဗိန္ဒဉာဏ်

ဉာဏ် (၆)ပါးနဲ့ မဂ်ဖိုလ်ကူးပါတယ်။ ဉာဏ်နုတဲ့ ပုဂ္ဂိုလ်များကျတော့ ဉာဏ်စဉ် (၁၀)ပါးနဲ့ ဒီလိုသွားတယ်။ဒီလို အာရုံထားရမှာပါပဲ။ အဲဒီတော့ တပည့်တော်တို့ ဒီဝိပဿနာပိုင်းမှာ စောစောက အရိပ်အမြွက်လေးပေ့ါ။ ခန္ဓာကိုယ်ကြီးသည် ဓာတ်လေးပါးနဲ့ ပြီး၏။ ဓာတ်လေးပါးကို သမထနည်း၊ ဝိပဿနာနည်းနဲ့ သွားတယ်။ နောက် ဓာတ်(၆)ပါး၊ ဓာတ်(၆)ပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်။ ဓာတ် (၆)ပါးလောက် ရှုနိုင်ရင် ဓာတ်(၆)ပါးလောက် ရှုဖို့ပြနိုင်ရင်ပဲ ဆရာတော်ဘုရားကြီးက ဒါလောက် ဆိုရင်ပဲ ကျေနပ်လောက်ပါတယ်တဲ့။

တစ်ခါတစ်ရံမှာ ရှင်ရာဟုလာကို မြတ်စွာဘုရားက ဓာတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ အဲဒီမှာကတော့ တောက်လျှောက်တန်းပြီးတော့ ဝိပဿနာကို ဟောတယ်။ သမထပိုင်းတောင် ဟောမနေတော့ဘူး။ ရှင်ရာဟုလာကို မြတ်စွာဘုရား ဟောတဲ့အခါမှာ ဒါပထဝီဓာတ်၊ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ"လို ဒီလိုသိရမယ်ဆိုပြီးတော့ ရှင်ရာဟုလာကို မြတ်စွာဘုရား ဟောတဲ့နည်းကတော့ ဓာတ်လေးပါး ထဲမှာ ဓာတ်ကမ္မဋ္ဌာန်းနဲ့ ဝိပဿနာတန်းတက်ပြီးတော့ ဟောတာလဲ ရှိပါတယ်။ အဲဒါကြောင့်မို့ အရှင်မြတ်များ ဒါလောက်ဆိုရင်တော့ ဓာတ်လေးပါးနဲ့ ပြီးတဲ့ ခန္ဓာကိုယ်၊ ဓာတ်ခြောက်ပါးနဲ့ပြီးတဲ့ခန္ဓာကိုယ် ဆိုတဲ့အတိုင်း နှစ်ပိုင်း ဝိပဿနာပိုင်းမှာ ထိုက်တန်သလောက် စုံသွားပြီ။

http://www.dhammadownload.com



နောက် ဆွေးနွေးတဲ့အပိုင်း ရောက်တဲ့အခါကျမှ တပည့်တော်တို့ ထပ်မံပြီးတော့ သိသင့်သိထိုက်တဲ့ စကားလေးတွေ ထပ်မံပြီး ပြောပါမယ်။ ယနေ့တော့ အကျဉ်းချုပ် အရိပ်အမြွက်မျှဟောတဲ့ ဒီဝိပဿနာတရားစခန်း ဝိပဿနာတရားနဲ့ပဲ နိဂုံးချုပ်ပါတော့မယ်။

သာဓု - သာဓု - သာဓု

******************

## ဂေါသိင်္ဂအင်ကြင်းတောက တရားဆွေးနွေးပွဲ

ယနေ့ သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ (၇-၆-၂၀၀၃) စနေနေ့။

လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ပြီးတော့ လက်တွေ့မျက်တွေ့ အားထုတ်နေကြတဲ့ အရှင်မြတ်များ တဖြည်းဖြည်းနဲ့ သမထပိုင်းကနေ ဝိပဿနာပိုင်း၊ အဲဒီ ဝိပဿနာပိုင်းကနေပြီးတော့ တဖြည်းဖြည်း ဆွေးနွေးကြတဲ့အပိုင်းတွေ ရောက်ရှိလာကြတော့မှာပဲ။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဂေါသိင်္ဂအင်ကြင်းတောကြီးမှာ သာသနာတော်မှာ ထင်ရှားလှတဲ့ မထေရ်ကြီး (၆)ပါးနှင့်တကွ ရဟန်းတော် သုံးထောင်တို့နှင့်အတူ သီတင်းသုံးတော်မူတယ်။ အဲဒီ အချိန်အခါမှာ တစ်နေ့ကျတော့ အဲဒီမထေရ်မြတ်ကြီး (၆)ပါးထဲမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၊ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးလဲ ပါတယ်။ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာတို့ မထေရ်မြတ်ကြီး (၆)ပါး။ အဲလို သီတင်းသုံးပြီးတော့ နေကြတဲ့အခါ တစ်နေ့ကျတော့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက အရှင်မဟာကဿပစီ သွားပြီးတော့ "ငါ့ရှင် မဟာကဿပ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးစီ သွားကြစို့"။ "ဘာကိစ္စပါလဲဘုရား"ဆိုတော့ "ဓမ္မသဝနာယ"တရားနာဖို့။ အဲဒီလိုနဲ့

http://www.dhammadownload.com



အရှင် အနုရုဒ္ဓါမထေရ်မြတ်ကြီးပါ ခေါ်ပြီးတော့ သွားကြတယ်။ အရှင်အာနန္ဒမထေရ်မြတ်က အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်တို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ကြွသွားတာကို မြင်လိုက်တဲ့အခါကျတော့ အရှင်ရေဝတ မထေရ်ကို ခေါ်ပြီးတော့ အရှင်သာရိပုတ္တရာစီ လိုက်သွားကြတယ်။

အဲလို သွားတဲ့အခါမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က လာရောက်တဲ့ အရှင်မဟာမောဂ္ဂလန် အစရှိတဲ့ မထေရ်မြတ်ကြီးတွေကို တရားတန်းပြီးတော့ မဟောသေးပဲ ဆွေးနွေးပွဲကျင်းပတယ်လို့ ဆိုကြပါစို့။ အဲဒီတော့ ပထမဆုံးဆွေးနွေးတာက အရှင်အာနန္ဒာနဲ့ အရင်ဆုံးဆွေးနွေးပါတယ်။

**ဧတုခေါ အာယသ္မာ အာနန္ဒော။**

အာယသ္မာ အာနန္ဒော = အရှင်အာနန္ဒာသည်၊ ဧတုခေါ = လာပါလေ့။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အာနန္ဒာ လာပါ။

**သွာဂတံ အာဝုသော အာယသ္မတော အာနန္ဒဿ ဘဂဝတော သန္တိကာ ဝစရဿ။**

မြတ်စွာဘုရားအနားမှာ နေလေ့ရှိတဲ့ ငါရှင်အာနန္ဒာရဲ့ လာခြင်းဟာ ကောင်းသောလာခြင်းပဲ။ ဒီလို သွာဂတံ ဆိုတဲ့ပုဒ်နဲ့ ကောင်းသောလာခြင်းဆိုတဲ့ ပုဒ်နဲ့ဟောတဲ့နေရာတွေမှာ လေးမျိုးဋီကာဆရာများက ခွဲပြီးတော့ ညွှန်ပြတယ်။ တချို့ပုဂ္ဂိုလ်တွေ "အာဂမနနန္ဒ" လာတဲ့အခါ ဝမ်းသာတယ်။ "ဂမနသောစန" ပြန်သွားတဲ့အခါကျတော့ စိတ်မကောင်းဖြစ်ပြီးတော့နေတယ်။

တစ်ချို့ပုဂ္ဂိုလ်များကျတော့ "အာဂမနသောစန" လာတော့ စိတ်မကောင်းဘူး။ "ဂမနနန္ဒ" ပြန်သွားရင် သဘောကျလို့။ တစ်ချို့ပုဂ္ဂိုလ်များကျတော့ လာတဲ့အခါလည်း သဘောကျတယ်။ ပြန်တဲ့အခါလဲ သဘောကျတယ်။ အချို့ပုဂ္ဂိုလ်များကျတော့ လာတဲ့အခါလဲ သဘော

http://www.dhammadownload.com



မကျဘူး။ ပြန်တဲ့အခါကျတော့လည်း မနှစ်မျို့ဘူး။

အဲဒီလိုလေးမျိုးရှိတာထဲက အခု အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးက အရှင်အာနန္ဒာကို ကောင်းသောလာခြင်းပါပဲလို့ ပြောတဲ့ နေရာမှာ လာတော့လဲ ဝမ်းသာတယ်။ ပြန်ကြွတော့လဲ သဘောမကျဘူး။ အရှင်အာနန္ဒာ ပြန်သွားမှာစိုးရိမ်တယ်။ စိုးရိမ်တယ် ဆိုတာကတော့ အရပ်သုံးပါပဲ။ ရဟန္တာမထေရ်မြတ်ကြီးဆိုတော့ ပြန်သွားတာကို သဘောမကျဘူး။ အဲလို နှုတ်ဆက်စကားပြောပြီးတော့ ဘာပြောသလဲ လို့ဆိုတော့ "ရမဏီယံသာလဝနံ"= ဂေါသိင်္ဂအင်ကြင်း တောကြီးဟာ အင်မတန်မွေ့လျော်ဖွယ် ကောင်းတယ်။ "ဒေါသိနာရတ္တိ"= ညဥ့်အခါ ဆိုတော့ ဒီညဥ့်ကလဲ "ဆီး၊နှင်း၊မြူခိုး၊ ရာဟု၊ မိုး" ဆိုတဲ့အပြစ်ဒေါသ ကင်းစင်တယ်။ "သဗ္ဗပါလိဖုလ္လာသာလာ"= အင်ကြင်းပင်ကြီးကလည်း ပင်လုံးညွတ်ပွင့်ပြီးတော့ နေတယ်။ "ဒိဗ္ဗာမညေဂန္ဓာသမ္ပဝန္တိ"= နတ်၌ ဖြစ်တဲ့ အနံ့တွေ ထုံမွှမ်းနေသလိုပဲတဲ့။

**ကထံရူပေန အာဝုသော အာနန္ဒဘိက္ခုနာ ဂေါသိင်္ဂ သာလဝနံ သောဘေယျ။**

ငါ့ရှင် အာနန္ဒာ ဘယ်လိုရဟန်းမျိုးဟာ ဤဂေါသိင်္ဂအင်ကြင်း တောကြီးကို တင့်တယ်စေနိုင်ပါသလဲ။ ဒီမေးခွန်းကို မေးတယ်။ ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ မွေ့လျော်ဖွယ်ကောင်းတယ်ဆိုတဲ့ နေရာမှာ မွေ့လျော်ဖွယ်က (၂)မျိုးရှိတယ်။ မွေ့လျော်ဖွယ် (၂)မျိုးက ဘာလဲဆိုတော့။

၁။ ဝနရမဏီယ = မွေ့လျော်ဖွယ်ကောင်းတဲ့ တောကတစ်မျိုး၊

မွေ့လျော်ဖွယ်ကောင်းတဲ့ တောဆိုတာ အရိယာပုဂ္ဂိုလ်များ ပျော်မွေ့ပြီးတော့ သာမာန်ပုဂ္ဂိုလ်များတရားနဲ့နေဖို့ဆိုတာ အင်မတန် ခက်တဲ့နေရာမျိုးကိုး။ အဲဒီတော့ ရဟန္တာအရှင်မြတ်ကြီးတွေအဖို့တော့ မွေ့လျော်ဖွယ်တောလဲ ဖြစ်တယ်။ "ရမဏီယဘူမိ"= မွေ့လျော်ဖွယ်မြေ လည်း ဖြစ်တယ်။ မွေ့လျော်ဖွယ်မြေဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတော့-

http://www.dhammadownload.com



**ဂါမေဝါယဒိဝါမညေ၊ နိန္နေဝါယဒိဒါထလေ**
**ယတ္ထအရဟန္တောဝိဟရန္တိ၊ တံဘူမိရာမဏေယကံ။**

ရွာထဲမှာပဲဖြစ်ဖြစ်၊ ကုန်းပိုင်းဖြစ်ဖြစ်၊ ကျင်းပိုင်းမှာပဲဖြစ်ဖြစ် ရဟန္တာအရှင်မြတ်ကြီးတွေ နေတဲ့နေရာဟာမွေ့လျော်ဖွယ် မြေအရပ် ဖြစ်တယ်လို့ဆိုတော့ ဒီနေရာ ဂေါသိင်္ဂအင်ကြင်းတောကြီး ကတော့ မွေ့လျော်ဖွယ်တောလဲ ဖြစ်တယ်။ မွေ့လျော်ဖွယ်မြေလဲ ဖြစ်တယ်။ အဲဒီတော့ အရှင်အာနန္ဒာကို ဒီအချက်မေးလိုက်တယ်။ ကြွလာတာက (၆)ပါး၊ (၆)ပါးထဲမှာ အရှင်အာနန္ဒကို ဦးစားပေးပြီးတော့ မေးတယ်။ ဘာကြောင့်လဲလို့ဆိုတော့ အရှင်သာရိပုတ္တရမထေရ်မြတ်ကြီးက အရှင်အာနန္ဒာကို ကျေးဇူးတင်တဲ့ အနေအားဖြင့် မြတ်နိုးတယ်။

ဘာလို့လဲဆိုတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အာနန္ဒာကို ကျေးဇူးတင်တဲ့အနေအားဖြင့် မြတ်နိုးတယ်။ မြတ်စွာဘုရားကို ငါပြုစုရမှာ။ အဲလိုငါပြုစုရမည့်ဝတ္တရားကို ဒီအရှင် အာနန္ဒာ ပြုစုဖေါ်ရတယ်ဆိုပြီးတော့ အရှင်သာရိပုတ္တရာက မြတ်နိုးတယ်။ အရှင်အာနန္ဒာကလဲ မြတ်စွာဘုရားရဲ့ တပည့်သားသာဝကတွေထဲမှာ အမြင့်ဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ပဲ ဆိုပြီးတော့ ဒီလိုမြတ်နိုးတယ်။ အချင်းချင်း မြတ်နိုးတော်မူကြတယ်။ အဲလို မြတ်နိုးတော်မူတဲ့အတွက် (၆)ပါး လာတာထဲက ရှေးဦးစွာ အရှင်အာနန္ဒာကို စပြီးတော့မေးတယ်။ "ဘယ်လိုရဟန်းမျိုးဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲ"။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "အနုမတိပုစ္ဆာနာမ ခုဒ္ဒကတော ပဌာယ ပုစ္ဆိတဗ္ဗာ။" မေးခွန်းတွေ မေးတဲ့အခါ "အနုမတိပုစ္ဆာ" မိမိရဲ့အလိုဆန္ဒကို အမေးခံရတဲ့ပုဂ္ဂိုလ်အား ခွင့်ပေးလိုတဲ့အတွက် မေးမြန်းတဲ့နေရာမှာတော့ လာရောက်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အငယ်ဆုံးကစပြီးတော့ မေးသင့်တယ်။

အခုလောကမှာ အမှုအခင်း၊ သာသနာတော်မှာ အမှုအခင်း တစ်ခုဖြစ်တယ်ဆိုရင် ရပ်ကွက်နာယက၊ မြို့နယ်နာယက၊ တိုင်းနာယက၊

http://www.dhammadownload.com



နိုင်ငံတော်နာယက ဆိုပြီးတော့ ဒီလိုသွားသလို လောကမှာလည်းပဲ ရပ်ကျေးမြို့နယ် ရှေးအခါတုန်းကတော့ စစ်သူကြီး၊ တရားသူကြီး၊ အိမ်ရှေ့မင်း၊ ရှင်ဘုရင် အဆင့်ဆင့် ကိစ္စဝိစ္စတွေ အမှုအခင်းတွေ ဒီလိုဆုံးဖြတ်ကြတယ်။ အဲဒီလို အနေအားဖြင့် ကြည့်မယ်ဆိုရင်လည်းပဲ အရှင်အာနန္ဒာက အငယ်ဆုံးဖြစ်လို့မို့ အရှင်အာနန္ဒာမထေရ်မြတ်ကို စပြီးတော့ မေးတယ်။

**"ကထံရူပေန အာဝုသော အာနန္ဒ ဘိက္ခုနာ ဂေါသိင် သာလဝနံ သောဘေယျ"**

ငါ့ရှင်အာနန္ဒာ အဘယ်သို့သော ရဟန်းမျိုးဟာဂေါသိင်္ဂအင်ကြင်း တောကြီးကို တင့်တယ်စေနိုင်ပါသလဲ။ ဒီမေးခွန်းမေးလိုက်တာ။ မေးတော့ အရှင်အာနန္ဒာက ဘာဖြေသလဲဆိုတော့ -

**"ဣဓ အာဝုသော ဗဟုဿုတော သုတဓရော သုတ သန္နိစယော၊**

**ယေတေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသာနကလျာဏာ သတ္ထာသဗျဥ္ဇနာ၊ တထာရူပဿ ဓမ္မာဗဟုဿုတာ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာသုပဋိဝိဒ္ဓါ"**

အရှင်အာနန္ဒာက ဘယ်လိုဖြေသလဲဆိုတော့ အရှင်ဘုရား ဤသာသနာတော်မှာ ရဟန်းတော်တစ်ပါးဟာ အသင်အကြား အမြင် လည်းများပါတယ်။ မြတ်စွာဘုရားဟောကြားထားတဲ့ စကားတော်တွေကိုလဲ အနှစ် (၂၀)၊ (၃၀) မမေ့အောင် ဆောင်ထားနိုင်တဲ့ စွမ်းရည် ရှိတယ်။ ပြီးတော့ သုတသန္နိစယ၊ ဘုရားစကားတော်တွေကို နှလုံးသား တည်းဟူသော သေတ္တာထဲမှာ ကျောက်ဖျာမှာရေးတဲ့ ကျောက်စာလို၊ ရွှေခွက်မှာထည့်ထားတဲ့ ခြင်္သေ့ဆီလို မယိုမဖိတ် မပျက်မစီးအောင် သိမ်းဆည်းပြီးတော့ ထားနိုင်တယ်။

http://www.dhammadownload.com



အစ အလယ် အဆုံး ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့တရားတော်တွေ၊ အနက်သဒ္ဒါနဲ့ ပြည့်စုံပြီးတော့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ အကျင့်တွေကို ပြနိုင်တဲ့တရားတော်တွေကို နှုတ်နဲ့လည်း ဆောင်ထားနိုင်တယ်။ စိတ်ထဲမှာလည်း ဆောင်ထားနိုင်တယ်။ အကျိုးတွေ အကြောင်းတွေလည်းပဲ ဉာဏ်ပညာနဲ့ ဆောင်ထားနိုင်တယ်။ အကျိုးတွေ အကြောင်းတွေလည်းပဲ ဉာဏ်ပညာနဲ့ ထိုးထွင်းပြီးတော့ သိနိုင်တယ်။

**"သော စတဿန္နံ ပရိသာနံ ဓမ္မံဒေသေတိ၊ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ အနုပဗန္ဓေဟိ၊ အနုသယာနံ သမုဂ္ဃါတာယ"**

အဲဒီလို အသင်အကြား အမြင်များတဲ့ ရဟန်းဟာ ပရိသတ်လေးပါးတို့အား ပြည့်ပြည့်စုံစုံ မြစ်ရေအယဉ်များလို ကြားမှာမပြတ်ပဲနဲ့ ပုဒ်သဒ္ဒါတွေနဲ့ အတ္တဝါသန္တာန်မှာ ကိန်းဝပ်ပြီးတော့နေတဲ့ အနုသယတရားဆိုး တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့ရာအတွက် သူဟာ တရားဟောနိုင်တယ်။ အဲဒီရဟန်းမျိုး၊

**ဧဝ ရူပေန ဘိက္ခုနာ ဂေါသိင် သာလနံ သောဘေယျ။**

အဲလို တရားတော်တွေကို အသင်အကြားအမြင်များပြီးတော့ တရားတော်တွေကို ဆောင်ထားပြီးတော့ အနုသယ ကင်းရေးအတွက် တရားဟောနိုင်တဲ့ ရဟန်းတော်များရှိမယ်ဆိုရင် ဤဂေါသိင်္ဂအင်ကြင်းတောကြီး တင့်တယ်မှာပါဘုရား။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဲသလို ရဟန်းမျိုးတွေ တစ်ရာ၊ တစ်ထောင်၊ တစ်ပါးနဲ့တစ်ပါး သက်န်းစွန်းခြင်းထိလို့၊ တစ်ပါးနဲ့တစ်ပါး တင်ပလ္လင်ချင်းထိလို့ သီတင်းသုံးနေထိုင်မယ်ဆိုရင် ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်ပါလိမ့်မယ်ဘုရားလို့ လျှောက်ထားတယ်။

## ပေတဂ္ဂိ ဓမ္မကထိက

အဲဒီနေရာမှာ တရားပေစာတွေကို တတ်သိနားလည်ပြီးတော့ တရားဟောတဲ့နေရာမှာ ဒီနေရာမှာ ဗဟုသုတလေးတစ်ခုက ပြည့်ပြည့်စုံစုံ ပုဒ်ဗျည်းတွေလဲ ပြည့်ပြည့်စုံစုံ တရားဟောတယ် ဆိုတဲ့နေရာမှာ "ပေတဂ္ဂိ ဓမ္မကထိက"မျိုး မဖြစ်ဖို့ အရေးကြီးတယ်။ "ပေတဂ္ဂိ ဓမ္မကထိက" ပြိတ္တာမီးလိုဟောတဲ့ ဓမ္မကထိကမျိုး။ ပြိတ္တာမီးဆိုတာ တပည့်တော်တို့ ကျောင်းသားဘဝတုန်းက တွေ့ဖူးတဲ့ မီးမျိုး ဖြစ်ပါလိမ့်မယ်။ ကျောင်းသားဘဝတုန်းက တစ်ခါတစ်ရံ ညဥ့်ပိုင်း ကျောင်းသားတွေ စာအံပြီးတော့နေကြ။ စာအံနေကြတဲ့ ကျောင်းသားတွေရဲ့ မနီးမဝေးမှာ ကျောင်းပေါက်ဝလောက်က တစ်ခါတစ်ရံ ကျောင်းစီးရိုးလောက်က စုံးတောက်တယ်ဆိုတာ မြင်ဖူးတယ်။ အဲဒီ စုံးတောက်တာဟာ တစ်ခါတစ်ရံ အပေါ်တက်သွားလိုက်၊ တစ်ခါတစ်ရံ အောက်ဆင်းလိုက်၊ တစ်ခါတစ်ရံ လေးငါးပေလောက် တက်သွားလိုက်၊ အောက်ဆင်းလိုက်၊ အဲသလို အရောင်ကလဲပဲ တစ်ခါတစ်ရံ ပေါ်လာတယ်။ တစ်ခါတစ်ရံ ပျောက်သွားတယ်။

အဲဒီတော့ ကျောင်းသားလေးတွေပြောကြတာကိုး။ ဟာ- စုံးတောက်ပြီဟေ့။ စုံးတောက်ပြီဟေ့ဆိုရင် ထကြည့်ကြတယ်။ မြင်လဲ မြင်ဖူးပါတယ်။ တောက်ချီတစ်လှည့်၊ မှိန်ချီတစ်လှည့်။ အဲဒီလို ပြိတ္တာများရဲ့ မီးဟာလဲပဲ ပြိတ္တာတွေ တစ်ခါတစ်ရံ လွှတ်တဲ့မီးဟာလဲ အဲဒီအတိုင်းပဲတဲ့။ တစ်ခါတစ်ရံ ပေါ်လာတယ်။ တစ်ခါတစ်ရံ ပျောက်သွားတယ်။ အဲဒီ ပေတဂ္ဂိ ပြိတ္တာမီးလိုဟောတဲ့ ဓမ္မကထိကမျိုး မဖြစ်ပါစေနဲ့တဲ့။ ပြိတ္တာမီးလို ဟောတဲ့ ဓမ္မကထိကမျိုးဆိုတာ ဘယ်လိုဟာလဲ။ တစ်ခါတစ်ရံ အသံက တိုးသွားလိုက် မကြားရဘူး။ တစ်ခါတစ်ရံကျတော့ အသံကကျယ်လာလိုက်၊ တစ်ခါတစ်ရံကျတော့ နှေးသွားလိုက်၊ တစ်ခါတစ်ရံကျတော့ မြန်သွားလိုက် အဲဒါမျိုး ဟောတဲ့ ဓမ္မကထိကကို "ပေတဂ္ဂိ ဓမ္မကထိက"လို့ ခေါ်တယ်။ အဲဒီလို

http://www.dhammadownload.com



ဟောတဲ့နည်းမျိုးနဲ့ မဟောပဲနဲ့ ပြည့်ပြည့်စုံစုံ မြစ်ရေအလျဉ်များလို ရှေ့စကားနဲ့ နောက်စကားစပ်ပြီးတော့ ကောင်းကင်က ကျလာတဲ့ မိုးရေများလိုပဲ ဆက်စပ်ပြီးတော့ ဟောတဲ့ ရဟန်းမျိုး။ အဲသလို ရဟန်းမျိုး တစ်ရာ၊ တစ်ထောင်နဲ့ သက်န်းစွန်းချင်း ထိလို့၊ တင်ပလ္လင်ချင်းထိပြီးတော့ နေမယ်ဆိုရင် ဤဂေါသိင်္ဂအင်ကြင်း တောကြီးဟာ တင့်တယ်မှာပါ ဘုရားလို့ အရှင်အာနန္ဒာ လျှောက်ထားတယ်။ အရှင်အာနန္ဒာရဲ့သဘော သဘာဝတော့သိရပါပြီ။

ဒုတိယ အရှင်ရေဝတ အလှည့်ရောက်။ "အရှင်ရေဝတ အဘယ်သို့ သဘောရှိတဲ့ ရဟန်းမျိုးဟာ ဂေါသိင်္ဂအင်ကြင်းတောကြီး ကို တင့်တယ်စေနိုင်ပါသလဲ။" အဲလို မေးမြန်းတဲ့အခါ အရှင်ရေဝတက-

**ဣဓ ဝုသော ဘိက္ခု ပဋိသလ္လာနာ ရာမော ဟောတိ၊ ပဋိသလ္လာနရတော။**

ဤသာသနာတော်မှာ ရဟန်းတော်တစ်ပါး သင့်ရာရည်မှန်း ကမ္မဋ္ဌာန်းအာရုံမှာပဲ ပျော်မွေ့ပြီးတော့နေတယ်။

**အဇ္ဈတ္တံ စေတော သမထ မနုယုတ္တော။**

စိတ်ငြိမ်အောင် သမထကမ္မဋ္ဌာန်းလဲ အားထုတ်တယ်။ သမထ ကမ္မဋ္ဌာန်းအားထုတ်လို့ သမာဓိရတယ်။

**ဝိပဿနာ ပညာယ သမန္နာဂတော။**

ဝိပဿနာပညာနဲ့လဲ ပြည့်စုံတယ်။

**အနိရာ ကတဇ္ဈာနော။**

မဆိတ်သုဉ်းတဲ့စျာန်လဲ ရှိတယ်။

**ဗျူဟေတာ သုညာဂါရာနံ။**

ဆိတ်ငြိမ်တဲ့နေရာအရပ်တွေလဲ ပွားစေတယ်။ ဆိတ်ငြိမ်တဲ့နေရာ အရပ်တွေလဲ ပွားစေတယ်။ ဆိတ်ငြိမ်ရာအရပ်ကိုလဲ ခိုကပ်နေ တတ်တယ်။

http://www.dhammadownload.com



အဲဒီလို ရဟန်းမျိုးများရှိမယ်ဆိုရင် ဘုရား ဤဂေါသိင်္ဂအင်ကြင်းတောကြီးဟာ အဲဒီလို စျာန်ရရဟန်းမျိုး၊ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းတဲ့ရဟန်းမျိုး ရှိမယ်ဆိုရင်တော့ ဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါတယ် ဘုရား။ ဒါက အရှင်ရေဝတရဲ့ သဘောထား ဆွေးနွေးချက်ကိုး။

ဒါနဲ့ တတိယ အရှင်အနုရုဒ္ဓါနဲ့ ဆွေးနွေးတော်မူတယ်။ အရှင်သာရိပုတ္တရာက "အရှင်အနုရုဒ္ဓါ အဘယ်သို့သဘောရှိတဲ့ ရဟန်းမျိုးဆိုလို့ရှိရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်နိုင်ပါသလဲ"လို့ ဆိုတော့ အရှင်အနုရုဒ္ဓါက "နတ်မျက်စိကဲ့သို့ အဝေး၊ အကာအကွယ်ရှိတဲ့နေရာ အဝေးမှာရှိတဲ့ ရူပါရုံတွေ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် စုတေခါနီး သတ္တဝါတွေကို သိတယ်။ ဘဝအသစ် ကံအသစ်ကြောင့် ပဋိသန္ဓေတည်နေမယ့်သတ္တဝါတွေကိုလဲ မြင်တယ်။ အဲလို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ရှင်များ ရှိမယ်ဆိုရင်တော့ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါဘုရား"လို့ အရှင်အနုရုဒ္ဓါက လျှောက်ထားတယ်။ သူ့သဘော ဆွေးနွေးတာကိုး။

## အရှင်မဟာကဿပ

ဒါနဲ့ ဆေးနွေးဖို့ အလှည့်ကျလာတာက အရှင်မဟာကဿပမထေရ်မြတ်ကြီး အလှည့်ကျတယ်။ "အရှင်မဟာကဿပ မထေရ်မြတ်ကြီး "အရှင်ဘုရား အဘယ်သို့သော ရဟန်းမျိုးဟာ ဤဂေါသိင်္ဂအင်ကြင်းတောကို တင့်တယ်စေနိုင်ပါသလဲ"လို့ ဆိုတော့ အရှင်မဟာကဿပမထေရ်မြတ်ကြီးက (၁၃)မျိုး ဆွေးနွေးတယ်။

(၁) ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းတော်တစ်ပါးဟာ မိမိကိုယ်တိုင်လဲ တောထဲမှာနေတယ်။ သူတစ်ပါး တောထဲနေတာကိုလဲ ချီးမွမ်းတယ်။

http://www.dhammadownload.com



(၂) မိမိကိုယ်တိုင်လဲ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တယ်။ သူတစ်ပါး ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တာကိုလဲ ချီးကျူးတယ်။

(၃) မိမိကိုယ်တိုင် ပံ့သုကူသင်္ကန်း ဝတ်တယ်။ သူတစ်ပါး ပံ့သုကူသင်္ကန်းဝတ်တာကိုလဲ ချီးကျူးတယ်။

(၄) မိမိကိုယ်တိုင်လဲ တိစီဝရိတ် ဓုတင်ကို ဆောက်တည်တယ်။ သူတစ်ပါး တိစီဝရိတ်ဓုတင် ဆောက်တာကိုလဲ ချီးကျူးတယ်။

(၅) မိမိကိုယ်တိုင်လဲ ရောင့်ရဲတယ်။ သူတစ်ပါးရောင့်ရဲတာကိုလဲ ချီးကျူးတယ်။

(၆) မိမိကိုယ်တိုင်လဲ ဆိတ်ငြိမ်ရာအရပ်မှာ နေတယ်။ သူတစ်ပါး ဆိတ်ငြိမ်ရာအရပ်မှာ နေရင်လဲ သဘောကျတယ်။

(၇) မိမိကိုယ်တိုင်လဲ ရဟန်းရှင်လူတွေနဲ့ မရောနှောဘူး။ သူတစ်ပါး မရောနှောတာကိုလဲ ချီးမွမ်းတယ်။

(၈) မိမိကိုယ်တိုင်လဲ အားထုတ်ကြိုးစားတယ်။ သူတစ်ပါး အားထုတ်တာကိုလဲ ချီးမွမ်းတယ်။

(၉) မိမိကိုယ်တိုင်လဲ သီလ သမာဓိ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးလဲ ကြိုးစားတယ်။ အခြားပုဂ္ဂိုလ်တွေ သိက္ခာသုံးပါး အားထုတ်ကြိုးစားတာကိုလဲ ချီးမွမ်းတယ်။

(၁၀) မိမိကိုယ်တိုင်လဲ မဂ်ဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး မဂ်ဉာဏ်နဲ့ ပြည့်စုံတာကိုလဲ ချီးမွမ်းတယ်။

(၁၁) မိမိကိုယ်တိုင်လဲ ဖိုလ်ဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး ဖိုလ်ဉာဏ်နဲ့ ပြည့်စုံတာကိုလဲ ချီးမွမ်းတယ်။

(၁၂) မိမိကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နဲ့ ပြည့်စုံတယ်။ သူတစ်ပါး ပစ္စဝေက္ခာဉာဏ်နဲ့ပြည့်စုံတာလည်း ချီးကျူးတယ်။

http://www.dhammadownload.com



အဲဒီလို ပုဂ္ဂိုလ်မျိုးတွေရှိရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီး တင့်တယ်မှာပါဘုရားလို့ ဆွေးနွေးလျှောက်ထားတယ်။ "ဒါနဲ့ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကကောတဲ့ အရှင်ဘုရားလည်း ဆွေးနွေးပါအုံး"ဆိုတော့။ အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီးက ရဟန်းတော်နှစ်ပါးဟာ အဘိဓမ္မာစကားတွေ ပြောကြတယ်။ တစ်ပါးနဲ့ တစ်ပါး မေးမြန်းတဲ့နေရာမှာ အကြောင်းတွေအကျိုးတွေ ဘယ်နားမှ အဖုအထစ်မရှိပဲနဲ့ တရားသဖြင့်ပဲ ပြောနိုင်ဆိုနိုင်ကြတယ်။ အဲဒီလို အဘိဓမ္မာဆောင် ရဟန်းတော်များရှိမယ်ဆိုရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်တယ်။ အဲဒါနဲ့ ငါးပါးလည်း မေးပြီးရော ပထမဆုံးစပြီးတော့မေးတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို မေးတယ်။

"ကဲ တပည့်တော်တို့ရဲ့ သဘောထားတွေတော့ အသီးအသီး တင်ပြလို့ ဆွေးနွေးလို့ပြီးပြီ။ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးရဲ့ သဘောကကောဘုရား၊ အဘယ်သို့သော ရဟန်းမျိုးရှိလို့ရှိရင် ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါသလဲ"လို့ မေးလျှောက်တဲ့အခါ အကျဉ်းချုပ်အားဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "စိတ်အလိုမလိုက်တဲ့ ရဟန်းမျိုးဆိုရင် ရဟန်းမျိုးဟာ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်တယ်။ နံနက်ခင်းမှာ သမာပတ်ဝင်စားမယ်ဆိုရင် နံနက်ခင်းမှာ ဝင်စားနိုင်တယ်။ နေ့လည်ခင်းမှာ ဈာန်သမာပတ်ဝင်စားမယ်ဆိုရင် ဝင်စားနိုင်တယ်။ အလိုရှိတဲ့အခါ ညနေခင်းမှာ ဈာန်သမာပတ်ဝင်စားနိုင်တယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် ရောင်စုံအဝတ်တွေ ထည့်ထားတဲ့ သေတ္တာရှိတဲ့ မင်း၊ မင်းအမတ်ကြီးတွေဟာ သူတို့ဝတ်လိုတဲ့ အဝတ်ပုဆိုး၊ သူတို့ ဝတ်လိုတဲ့အရောင်ကို အလွယ်တကူ ထုတ်ထုတ် ထုတ်ထုတ်ပြီးတော့ ဝတ်သလို စိတ်ကိုအစိုးရပြီးတော့ စိတ်အလိုမလိုက်တဲ့ ရဟန်းမျိုးများ၊ အချိန်မရွေး ဈာန်ဝင်စားနိုင်၊ အချိန်မရွေး သမာပတ်ဝင်စားနိုင်တဲ့ ရဟန်းမျိုးများရှိမယ် ဆိုရင်တော့ဖြင့် ဒီဂေါသိင်္ဂ

http://www.dhammadownload.com



အင်ကြင်းတောကြီးဟာ တင့်တယ်နိုင်ပါတယ်”လို့ ဒီလိုအရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကပါ ဆွေးနွေးတယ်။ အဲဒီတော့(၆)ပါးလုံး ဆွေးနွေးလို့ ပြီးသွားကြတဲ့အခါ “အေး- တို့တတွေ ဆွေးနွေးလို့ပြီးကြပြီ။ ပြီးကြတော့ ကဲ- နောက်ဆုံးတော့ ဘုရင်မင်းမြတ်ကြီးနဲ့တူတဲ့ တရားရှင်ဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားထံ သွားကြစို့”ဆိုပြီးတော့ ဘုရားရှင်ထံရောက်တဲ့အခါ “ကဿနုခေါဘန္တေသုဘာသိတံ” အရှင်ဘုရား တပည့်တော်တို့ အဘယ်သို့သော ရဟန်းမျိုးသည် ဤဂေါသိင်္ဂအင်ကြင်းတောကြီးကို တင့်တယ်စေနိုင်ပါသလဲဆိုတဲ့ မေးခွန်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကစပြီးတော့ မေးလို့ (၆)ပါးလုံးရဲ့သဘောထားတွေ ဒီလိုဒီလို အချက်အလက်တွေ လျှောက်ထားခဲ့ကြပါတယ်ဘုရား။ အဲဒီ ဆွေးနွေးချက်အားတွေထဲက “ကဿနုခေါဘန္တေသုဘာသိတံ”တဲ့။

## ဘုရားရှင်၏ဆုံးဖြတ်ချက်

အဘယ်ရဟန်းရဲ့ ပြောဆိုဆွေးနွေးချက်ဟာ “သုဘာသိတ”= အကောင်းဆုံးဆွေးနွေးချက်ဖြစ်ပါသလဲလို့ ဘုရားရှင်အား လျှောက်ထားကြတဲ့အခါ ဘုရားရှင်က “သဗ္ဗေသံ ဝေါသာရိပုတ္တသုဘာသိတံ ပရိယာယေန”= ချစ်သားသာရိပုတ္တရာ သင်တို့ (၆)ပါးလုံး ဆွေးနွေးထားတဲ့ ဆွေးနွေးချက်တွေဟာ သူ့နည်းသူ့ဟန်နဲ့သူ အားလုံး၊ သုဘာသိတ= စကားကောင်းတွေချည်းပဲ၊ အယူအဆကောင်းတွေချည်းပဲ။

**“အပိစ မမပိ သုဏာထ”**

အပိစ= ဒါပေမယ့်၊ မမပိ= ငါဘုရား၏ အယူအဆဩဝါဒကိုလည်းပဲ၊ သုဏာထ= နာကြားကြကုန်လော့။ သင်တို့(၆)ပါးလုံးရဲ့ ပြောဆိုဆွေးနွေးချက်တွေဟာ ကောင်းပါတယ်။ ဒါပေမယ့် ငါဘုရား ဆွေးနွေးလိုက်အုံးမယ်။ ဒီနေရာမှာ ဘုရားရှင်က ဆွေးနွေးတော်မူတယ်။ အဲဒီတော့ ဘုရားရှင်ကတော့ ဘယ်လိုဆွေးနွေးလဲလို့ဆိုတော့ “ချစ်သားတို့ သံဃာ့အရာမ်မည်သည် သံဃာတော်များရဲ့ နေထိုင်ရာကျောင်းတို့

http://www.dhammadownload.com



မည်သည့် အချို့ကျောင်းတိုက်တွေဟာ အသင်အကြားအမြင်များပြီး တော့ အနုသယကင်းဖို့ ဟောကြားနေတဲ့ ရဟန်းတို့ရှိရင်လဲပဲ တင့်တယ် ခြင်းရဲ့ အကြောင်းဖြစ်နိုင်ပါတယ်။

နောက် အရှင်ရေဝတ ပြောသလို သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းတွေ စီးဖြန်းပြီးတော့ ချာန်ရတဲ့ရဟန်းတွေ ရှိလို့ရှိရင်လည်းပဲ ကျောင်းတိုက်ကြီးတွေဟာ တင့်တယ်နိုင်ပါတယ် အစရှိသဖြင့် (၆)ပါး လုံးရဲ့ စကားတွေကို မြတ်စွာဘုရားက သူ့နည်းသူ့ဟန် သူ့ဟာနဲ့သူ အားလုံးဟာ "သဗ္ဗေသံ သုဘာသိတံ"= အားလုံးစကားကောင်းတွေချည်း ပါပဲလို့ မြတ်စွာဘုရားက မိန့်တော်မူပြီး-

**မုချစကား**

နိပ္ပရိယာယ မုချစကားကို မိန့်တော်မူတယ်။ မုချစကား မြတ်စွာ ဘုရား ဘယ်နှယ်မိန့်သလဲဆိုတော့-

**"ဣဓ ဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ"**

ရဟန်းတော်တစ်ပါးဟာ ဆွမ်းခံပြန်လာလို့ ဆွမ်းလေးဘုဉ်းပေး ပြီးတော့ တင်ပလ္လင်ခွေထိုင်ပြီး ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား "ပရိမုခံသတိံ ဥပဋ္ဌပေတွာ"= ထွက်လေ ဝင်လေလေး ရှုမှတ်ပြီးတော့ ထိုင်နေတယ်တဲ့။ အဲလို ထိုင်တဲ့အခါ သူ့ရဲ့အဓိဋ္ဌာန်က ဘယ်လိုလဲ ဆိုတော့-

**"နတာဝါဟံ ပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝ မေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိဿ"**

ငါ့သန္တာန်မှာ အာသဝေါတရားတွေ မကုန်မချင်း ဒီတင်ပလ္လင် မဖြုတ်ဘူး။ ဒီတင်ပလ္လင်မဖြုတ်ဘူးလို့ အဲလို အဓိဋ္ဌာန်မျိုးနဲ့ ထိုင်မည့် ပုဂ္ဂိုလ်များရှိမယ်ဆိုရင် ဒါမုချ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်နိုင်တယ်။ အဲဒီတော့ လာတော်မူတဲ့လမ်းကို ကြည့်မယ်

http://www.dhammadownload.com



ဆိုရင်လဲ-

အသမ္ဘိန္နခတ္တိယဟု သမ္မတမင်းရိုး၊ အမျိုးသာကီ ပြည်ကပ္ပိမှ၊ လေးလီနိမိတ် သံဝေစိတ်ကြောင့်၊ တောရိပ်ခိုစံ ကျင့်ခြိုးခြံလျှက်၊ မြလျှံရွှက်စိပ် ရွှေညောင်ရိပ်ဝယ်၊ ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက်၊ ငါးအင်မာရ်စစ် ရန်အညစ်ကို၊ ခေတ်ဇာတိလုံး ပွဲတင်ခြိုးလျှက် ဘုန်းဖြင့်လွှမ်းကူ၊ အောင်တော်မူ၍ လူမင်းတကာတို့ရဲ့ဥက္ကဋ္ဌ်၊ နတ်မင်းတကာတို့၏မကိုက်၊ အမြိုက်ခေါင်များ သောင်းထိုက်သားတို့၏၊ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ ဖြစ်တော်မူခဲ့တယ်။ ဖြစ်တော်မူခဲ့တဲ့လမ်းစဉ်ကို ကြည့်လိုက်တဲ့အခါ အဲဒီနည်းနဲ့လာတာကိုး။ အသမ္ဘိန္န ခတ္တိယမင်းမျိုးက ရဟန်းပြုတောထွက်ပြီးတဲ့အခါ ဒုက္ကရစရိယာတွေကျင့် "အပရာဇိတ" အောင်ပလ္လင်မှာ-

**"နပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝ်ါမေ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိသု"**

အာသဝေါတရားတွေမှ စိတ်မလွတ်မချင်း တင်ပလ္လင်မဖြုတ်ဘူး။ တစ်နည်းအားဖြင့် ဘုရားမဖြစ်မချင်း တင်ပလ္လင်မဖြုတ်ဘူး။ အဲဒီလို ရဟန်းမျိုးများ၊ အဲဒီလိုပုဂ္ဂိုလ်မျိုးများရှိရင် ဝေါသိဂ်အင်ကြင်းတောကြီးဟာ ပိုပြီးတော့တင့်တယ်တယ်။ စောစောကပြောတဲ့-

**"ဣဓဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ၊ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံပဏိဓာယ၊ ပရိမုခံ သတိ ဥပဋ္ဌပေတွာ"**

အဲဒါဟာ မြတ်စွာဘုရားရဲ့အလို နိပ္ပရိယာယစကား၊ မုချစကားပါပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "ပစ္ဆိမာ ဇနတာ အနုကမ္ပမာနောပိ" နောင်လာမည့် ရဟန်းတော်များကို သနားတော်မူသဖြင့်၊ ပဋိပတ္တိသာရံ= သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ဆိုတဲ့ ပဋိပတ္တိအနှစ်သာရရှိသော၊ ပုထုဇ္ဇနကလျာဏံ= ကလျာဏပုထုဇဉ်ကို၊ ဒဿေန္တော= ပြတော်မူလိုသည်ဖြစ်၍၊ အာဟ= နောက်ဆုံး မုချစကားကို မိန့်တော်မူတယ်။

http://www.dhammadownload.com



စောစောကပြောတဲ့အတိုင်း ဆွမ်းလေးဘုဉ်းပေးပြီးတော့ တရားအာရုံလေးနဲ့ တင်ပလ္လင်ခွေပြီး “ငါ့စိတ်တွေ အာသဝေါတရားမှ မလွတ်မချင်း တင်ပလ္လင်ခွေထိုင်ရာမှ မထဘူး”လို့ အားထုတ်တဲ့ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်မျိုးဟာ ပဋိပတ္တိသာရ= သမထ ဝိပဿနာကမ္မဋ္ဌာန်း အနှစ်သာရရှိတဲ့ ကလျာဏပုထုဇဉ်၊ အဲဒီ ကလျာဏပုထုဇဉ်မျိုးများ ပဋိပတ္တိသာရ သီလ သမာဓိ ပညာ အနှစ်သာရ၊ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းဆိုတဲ့ အနှစ်သာရရရှိတဲ့ ကလျာဏပုထုဇဉ်ဟာ ဤဂေါသိင်္ဂအင်ကြင်းတောကြီးကို ပိုပြီးတော့ တင့်တယ်စေနိုင်တယ်လို့ ဒါနောက်ဆုံး မြတ်စွာဘုရားက နိပ္ပရိယာယမုချစကား မိန့်တော်မူတယ်။ အဲဒီတော့ အာသဝေါတရား မကုန်မချင်း တင်ပလ္လင်မဖြုတ်ဘူးလို့ ဆိုပြီးတော့ တစ်ခါထဲ စတုရင်္ဂဝီရိယနဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်ကို လိုချင်တယ်။ မြတ်စွာဘုရား လိုလားတော်မူတယ်။ အဲဒါကြောင့် တပည့်တော်တို့ ဗုဒ္ဓဘာသာများဟာ ကုသိုလ်ပြုတိုင်းပြုတိုင်း မျှော်မှန်းကြတာ “**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု**” ဆုတောင်းကြတယ်။

ဤကုသိုလ်ဟာ အာသဝေါတရားတွေ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အာသဝေါတရားတွေ ကုန်စေတတ်တဲ့ မဂ်ဉာဏ်၊ ကုန်ပြီးဖြစ်တဲ့ ဖိုလ်ဉာဏ် ကုန်ရာဖြစ်တဲ့နိဗ္ဗာန်သို့ မရောက်ရောက်အောင် ရွက်ဆောင်နိုင်တဲ့ ကုသိုလ် ဖြစ်ပါစေသားလို့ ဆုတောင်းကြတဲ့အတိုင်း ပြည့်စုံကြရပါစေလို့ ဆုတောင်းရင်း တပည့်တော်ရဲ့ တရားဆွေးနွေးချက်စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

******************

http://www.dhammadownload.com



## မုံရွာမြို့ လယ်တီကမ္မဋ္ဌာနာစရိယ ဦးပညာဝံသက ဆက်ဟောပါတယ်

ကိုယ်တိုင်ကိုယ်ကျ အားထုတ်၊ အားထုတ်လိုက်တဲ့အတွက်ကြောင့် ဓမ္မရသ ဓမ္မပီတိ တရားထူး တရားမြတ်တွေ ခံစား စံစား သုံးဆောင်ရရှိ သွားကြတယ်။ ဒါကြောင့်မို့ မိမိတို့လဲပဲ အနာဂါမ် ဆရာသက်ကြီးတို့ တရားထူး တရားမြတ်ရသလိုပဲ။ လယ်တီဆရာတော်ဘုရားကြီးရဲ့ ရည်ရွယ်ချက် ဝိဇ္ဇာဓာတ်အလင်းရစေဖို့ ဝိဇ္ဇာဓာတ်အလင်း ရအောင် တရားအားထုတ်ခဲ့တာ အချိန်အားဖြင့်တော့ (၆)ကြိမ်ရှိပြီ။ ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးရဲ့ ဆုံးမသြဝါဒနဲ့ပဲ နိဂုံးချုပ်ရမယ် ဆိုရင် မိမိတို့ အင်မတန်မှ ကံကောင်းတဲ့ပုဂ္ဂိုလ်တွေပါ။

လူ့ဘောင် လူ့ရွာ သာသနာဝယ် ကြမ္မာတော်၍ ယခုတွေ့လည်း သာသနာတော်နဲ့ တွေ့ဖို့ဆိုတာ မလွယ်ဘူး။ အင်မတန်မှ ကံကောင်းတယ်။ အလေ့မလွဲ အများနည်းလျှင် မိုက်မြဲနှင့်နှင့် မိုက်စရှင်၏။ (သာသနာနဲ့တွေ့တဲ့အခါမှာ သူများမိုက်တိုင်း မိုက်နေလို့ မဖြစ်ဘူး။ သူများမေ့တိုင်း မေ့နေလို့မဖြစ်ဘူး။ သူများပျော်ပါးတိုင်း ကိုယ်က ပျော်နေလို့ မဖြစ်ဘူးနော်။) အဲဒါကြောင့်မို့ သာသနာနဲ့ တွေ့တဲ့အချိန် အခါမှာ လိမ္မာဖို့ လိုအပ်လာပြီနော်။ မိုက်ဖို့ထက် လိမ္မာဖို့ လိုအပ်လာပြီ။ အမှောင်ကို ပယ်ခွင်းပြီးတော့ အလင်းရောင်ကို ရဖို့လိုအပ်လာပြီ။ လောကလူသားတွေ စားရေး သောက်ရေး နေရေး ထိုင်ရေး အရေး ရေးသော အကြောင်းတွေကြောင့် မိမိတို့မှာ မေ့နေတတ်တယ်။ အဲဒီတော့ ပစ္စည်းဉစ္စာတွေဆိုတာ ဘဝများစွာ ရှာခဲ့ပေါင်းလဲများခဲ့ပါပြီ။ ပစ္စည်းဉစ္စာ အရှာများသော်လဲပဲ ပစ္စည်းဉစ္စာတွေဆိုတာ ကိုယ်မပိုင်တာ ကိုယ်မဆိုင် တာ အားလုံးသိပြီးသား။

အဲ- တစ်နေ့ကျတော့ ပစ္စည်းဉစ္စာတွေက မိမိကို စွန့်သွားတယ်။ မိမိကလဲ ပစ္စည်းဉစ္စာတွေကို စွန့်ပြီးသွားတယ်။ ပစ္စည်း ဉစ္စာတွေဆိုတာ် ယူသွားလို့မရဘူး။ **"အာရုံဝတ္ထု မီးစာစုကို ပုပုရွရွ နင်အားကျလည်း**

http://www.dhammadownload.com



**ခားပြသေမင်း သူ့တင်နင်းက မငြင်းဆန်သာ နင့်ခန္ဓာသည် ပြာပုံအပြီး ဖြစ်လုနီးပြီ**”။ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲစုစု ကိုယ်မပိုင်ဘူးနော်။ မိမိတစ်သက်တာလောက်ပဲ မိမိတို့ ယူသွားလို့မရဘူး။ မိမိတို့ ယူသွားလို့ ရတဲ့ တရားကိုပါအောင်ယူရမယ်။ ယူသွားလို့မရတဲ့ပစ္စည်းကို မိမိတို့ မတောင့်မတ မကြောင့်မကြ စားဝတ်နေရရင် တော်ပြီ။ အဓိကအားဖြင့် ယူသွားလို့ရတဲ့တရားကိုပဲ ကိုယ်ပြုလုပ်တဲ့ကုသိုလ်ကံ၊ မိမိပြုလုပ်တဲ့ တရားတွေနော်။ ဒါကြောင့်မို့ “အာရုံဝတ္ထု မီးစာစုကို ပုပ္ပုရွှရွ နင်အားကျ လည်း ခားပြသေမင်း သူ့တပ်နင်းက မငြင်းဆန်သာ နင့်ခန္ဓာသည် ပြာပုံအတိ ဖြစ်လုနီးပြီ၊ ရိုးတိုးရားတား သေ၍သွားသည်း တရားမကြွယ် အထုပ်ငယ်လျှက်”

မိမိတို့အားလုံး သေကြရမှာပဲ။ သေသွားတဲ့အခါမှာ တရား အထုပ်ကြီးက ကြီးကြီးမားမား ပါသွားမှ မိမိဘဝနောင်ရေး စိတ်အေးရ မယ်နော်။ အကယ်၍ အထုပ်ကလေးက ငယ်နေမယ်။ ဒါနထုပ်ပဲဖြစ်ဖြစ်၊ သီလထုပ်ပဲ ဖြစ်ဖြစ် အထူးအားဖြင့် ဘာဝနာ။ တရားစခန်း တို့အားထုတ် ပြီးပြီ ဆိုပြီးတော့ တင်းတိမ်နေလို့၊ အားရနေလို့၊ ကျေနပ်နေလို့ မဖြစ်သေးဘူး။ တရားအားထုတ်တာ များလေကောင်းလေပဲ။ ဒါကြောင့်မို့ အထုပ် မငယ်ပဲနဲ့ အထုပ်ကြီးဖို့လိုတယ်။ “**တရားမကြွယ် အထုပ်ငယ်လျှက်**” အထုပ်ငယ်မယ်ဆိုရင် သုဂတိလမ်းလဲ စိတ်မချရဘူး။ ဒါကြောင့် “**အပါယ်စခန်း သွားမြဲလမ်း၌ တပန်းဟိုက်ဟိုက် တရှိုက်ငင်ငင် တညင်ညို့ညို့ ဆင်းရဲပို့လျှက် ထိုထိုဘဝ အနန္တလျှင် အစမဆုံး အများထုံးတည်း။ အနှုန်းမပျက် အောက်နရက်ဝယ် တစ်သက်နွယ်နွယ် အမြစ်တွယ်လျှက် အပါယ်ထိုထို ဥပဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်း**”။

ဆရာတော်ဘုရားကြီး ဆုံးမတဲ့ဩဝါဒ။ ဒါကြောင့်မို့ ဒီအပါယ် သွားကြတယ်။ ရောက်ကြတယ်ဆိုတာ တရားအထုပ်မပါတဲ့ ပုဂ္ဂိုလ် တွေနော်။ ဘဝအာမခံချက်မရှိတဲ့ ပုဂ္ဂိုလ်တွေ အပါယ်ရောက်ကြတာပါ။

http://www.dhammadownload.com



မိမိတို့ တရားအထုပ်ကြီးကြီး ထုပ်ထားမယ်။ အောက်တစ်ဆုံး စူဠသောတာပန်အဆင့်ထိ ရောက်နိုင်မယ်ဆိုရင် သာသနာနဲ့တွေ့တဲ့ အခါမှာ မဆိုးသေးဘူးပေါ့။ စူဠသောတာပန် အဆင့်၊ မဟာသောတာပန် ဆိုရင် ပြောစရာမလိုတော့ဘူး။ ဘဝအာမခံချက် အပါယ်လေးပါး စိတ်အေးရပြီ။ အပါယ်လဲ မရောက်တော့ဘူး။ မိမိတို့ အာမခံချက်ရပြီး သား ဖြစ်သွားပြီ။ ဒါကြောင့် အသက်နဲ့ခန္ဓာရှိသမျှ ကာလပတ်လုံး မိမိတို့ ကြိုးစားအားထုတ်မယ်ဆိုတဲ့ စိတ်ကိုထားရမယ်။

**"လမ်းဆုံးမရောက် လက်မမြှောက် တောက်လျှောက်ကျင့်ရမည်"**

ကိုယ်လိုအပ်တဲ့ ပန်းတိုင်မရောက်သေးဘူး။ ကိုယ်စိတ်ချရတဲ့ တရားမရသေးဘူးဆိုရင် မိမိတို့အနေနဲ့ တာဝန်ချမထားရဘူး။ မေ့မနေ ရဘူး။ ပေါ့ဆမနေရဘူး။ မိမိတို့ အသက်ခန္ဓာရှိသမျှ ကာလပတ်လုံး တရားကို အားထုတ်ရမယ်နော်။ "ဓမ္မဒီပါ ဘိက္ခဝေ" မြတ်စွာဘုရားကလဲ တရားကိုအားကိုးကြ။ တရားကိုအားကိုးမှ တရားကကယ်မယ်။ တရားက စောင့်ရှောက်လိမ့်မယ်။ တရားက ဆောင်လိမ့်မယ်။ မိမိက တရား အားမကိုးဘူး ဆိုရင်တော့ ပစ္စည်းအားကိုးရင် ပစ္စည်းက ပြိတ္တာ ဖြစ်ချင် ဖြစ်သွားမယ်။ မြတ်စွာဘုရားက "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" မမေ့မလျော့ မပေါ့မဆ မှန်ကန်သော သတိတရားနဲ့ ဆက်လက် နေကြ ထိုင်ကြ အားထုတ်ကြလို့ ဟောတော်မူတဲ့အတိုင်း ယောဂီသူတော်စင်များ မမေ့မလျော့ မပေါ့မဆ မှန်ကန်သော အပ္ပမာဒ သတိပဋ္ဌာန်တရားနှင့် ပြည့်စုံကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

******************

http://www.dhammadownload.com



# လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်းအောင်ပွဲ

**အစီအစဉ် (၁)အရ**

ဆရာတော်ဘုရားထံမှ အာဇီဝဋ္ဌမကသီလ ခံယူဆောက်တည်ကြရန်။

မုံရွာမြို့ အရှေ့လယ်တီတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလမဟာထေရ် အရှင်မြတ်ထံမှ အာဇီဝဋ္ဌမက သီလနှင့် ဩဝါဒတရားနာကြပါသည်။

**အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာပစာယိနော၊**

**စတ္တာရောဓမ္မာ ဝမုန္တိ၊ အာယုဝဏ္ဏော သုခံဗလံ။**

ဟူ၍ ကျမ်းဂန်ပါဠိ ဒေသနာလာရှိသည်နှင့်အညီ ရှိခိုးခြင်း၏တည်ရာ မြတ်နိုးခြင်း၏တည်ရာ အရိုအသေပြုခြင်း၏တည်ရာ ဖြစ်တော်မူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရကုန်သော ရတနတ္တယ ပဏာမဂါရဝ နိဝါတကုသိုလ်ကံ စေတနာတို့ကြောင့် အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း ဆင်းရဲခပ်သိမ်း ရောဂါခပ်သိမ်း သောကခပ်သိမ်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း အစရှိသော ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန်စွာ ရလွယ် ရောက်လွယ် နိုင်ကြသည်ဖြစ်စေ။

အာဇီဝဋ္ဌမကသီလံ ခံယူကြ၍ ပြီးတဲ့အခါ၊ စမရီနာမ= စမရီ အမည်ရှိသော (ဝါ) စာမရီအမည်ရှိသော၊ မိဂေါ= သားကောင်သည်၊ အတ္တာနော= မိမိ၏၊ ဝါလဓိံ= အမြီးကို၊ အာယုသမံ= အသက်နှင့်ထပ်တူ၊

http://www.dhammadownload.com



အနုရက္ခတိက္ကဝ= အစဉ်အားဖြင့် စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ကိကီ= ယစ်မသည်၊ ဝါ= တစ်တီတူးမသည်၊ အတြဇံ= မိမိမှပေါက်ဖွားသော၊ အဏ္ဍံ= သားငယ်ဟု ဆိုအပ်သောဥကို၊ အယုသမံ= အသက်နှင့် ထပ်တူ= အနုရက္ခတိက္ကဝ= အစဉ်အားဖြင့် စောင့်ရှောက်ဘိသကဲ့သို့ လည်းကောင်း၊ ဧကစက္ခု= မျက်စိတစ်လုံးသာရှိသော၊ ပုဂ္ဂလော= ပုဂ္ဂိုလ်သည်၊ တံစက္ခုံ= ထိုစက္ခုကို၊ အာယုသမံ= အသက်နှင့်ထပ်တူ၊ အနုရက္ခတိက္ကဝ= အစဉ်အားဖြင့် စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ဧကပုတ္တော= တစ်ဦးတည်းသော သားရှိသော အမိအဘဟုဆိုအပ်သော၊ ပုဂ္ဂလော= ပုဂ္ဂိုလ်သည်၊ တံပုတ္တံ= ထိုချစ်အပ်လှစွာသော တစ်ဦးတည်း သောသားကို၊ အာပုသမံ= မိမိအသက်နှင့်ထပ်တူ၊ အနုရက္ခတိက္ကတ= အစဉ်အားဖြင့် စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ဧဝမေဝ= ဤအတူသာလျှင်၊ ဒါနိ= ယခုအခါ၌၊ တုမှေဟိ= သင်ဒကာ ဒကာမ ယောဂီသူတော်စင်အပေါင်းတို့သည်၊ သမာဒိန္နံ= ကောင်းစွာဆောက် တည်၍ထားအပ်သော၊ တိသရဏေန= သရဏဂုံ သုံးပါးနှင့်၊ သဟ= တကွ၊ အဋ္ဌင်္ဂသမန္နာဂတံ= အင်္ဂါ(၈)ပါးနှင့်ပြည့်စုံသော၊ အာဇီဝဋ္ဌမကသီလံ= အာဇီဝဋ္ဌမကသီလတည်းဟူသော၊ ဓမ္မံ= ကိုယ်ကျင့်တရားကို၊ အာယုသမံ= မိမိအသက်နှင့်ထပ်တူ၊ အနုရက္ခိတ္ဗာ= အစဉ်စောင့်ရှောက်နိုင်ကြကုန် သည်ဖြစ်၍၊ သမ္မာ= မကြိုးမပေါက် မပြောက်မကြားရလေအောင် ကောင်းမွန်စွာ၊ ကတ္ဗာ= ပြု၍ အပ္ပမာဒေန= မမေ့မလျော့ မပေါ့ဆသော သတိတရားနှင့်၊ သမ္ပာဒေထ= မိမိတို့စောင့်ထိန်းအပ်သော သီလတရား တော်မြတ်ကြီးကို ပြည့်စုံအောင် ကောင်းစွာထိန်းနိုင်ကြပါစေ။

"အာမဘန္တေပါ အရှင်ဘုရား"

http://www.dhammadownload.com



## ဩဝါဒကထာ

၁၃၆၅ ခု၊ နယုန်လဆန်း (၅)ရက်၊ ကောင်းမြတ်သော မင်္ဂလာပြက္ခဒိန်အချိန်ကာလ။

ရန်ကုန်မြို့ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး အတွင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူး၍ ကမ္မဋ္ဌာနာစရိယ ဆရာတို့၏စောင့်ရှောက်ခြင်းကို ခံယူပြီးလျှင် **"လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း"**ပွဲကြီး ပြီးမြောက် အောင်မြင်တဲ့နေ့အချိန်အခါ ကာလရောက်လို့ အောင်မြင်ခြင်းအထိမ်းအမှတ်၊ ထိုအောင်မြင်ခြင်း အထိမ်းအမှတ်နှင့်တကွ မှတ်သားဖွယ် ဩဝါဒတွေကို ဘုန်းကြီးတို့ အားလုံးသော ဒကာ ဒကာမတွေ မှတ်မှတ်သားသားဖြစ်အောင် ကြည်ညို ဖွယ်ဖြစ်အောင် ဘုန်းကြီးပြောရမယ့်တာဝန်ကို ရွက်ဆောင်ပါ့မယ်။

အခုလို မင်္ဂလာရှိသော လယ်တီဆရာတော်ဘုရားကြီး နှစ်သက် တော်မူအပ်သော ပါဠိတော်နည်းကျ ဝိပဿနာလမ်းစဉ်တော်ကြီးကို မိမိတို့လဲ ပေါက်မြောက်အောင် (၂၁)ရက်တာကာလပတ်လုံး ကိုယ်တိုင် ကိုယ်ကျ အားထုတ်တော်မူ၍ တစ်ပါးသော ပုဂ္ဂိုလ်တို့အားလည်း ဤနည်းအတိုင်း သင်ကြားပြသ ပို့ချနိုင်အောင် ကြိုးစားအားထုတ်လို့ အောင်မြင်တဲ့ အထိမ်းအမှတ်မင်္ဂလာ အရှိဆုံး အချိန်အခါကာလမှာ ဩဝါဒစကားပြောကြားရလို့ ဂုဏ်ယူမဆုံး ဖြစ်ခဲ့တယ်။ သာမညဖြစ်တဲ့ သုမင်္ဂလ ဒုမင်္ဂလ တရားပွဲတွေမှာတော့ ထိုပုဂ္ဂိုလ်တို့နဲ့ အကြောင်း အားလျော်စွာ သင့်လျော်ရုံ သင့်လျော်ရုံတရားကို ဟောကြားရတယ်။ ဘာမှမထူးခြားပါဘူး။ အခု ဝိပဿနာတရားတော်ကြီးသည် သာသန ကိစ္စမှာ ပဓာနအချက်အချာ ဖြစ်တယ်။

ဝိပဿနာဓူရ တရားတော်ကြီးကို မြတ်စွာဘုရား လိုလားတော် မူတယ်။ ဂန္ထဓူရလဲ သာသနာတော်မှာ မရှိမဖြစ်တဲ့ လုပ်ငန်းတော်ကြီး ကိစ္စဖြစ်တယ်။ ဝိပဿနာဓူရပြီးမြောက်၍ ဓမ္မာစရိယရရှိတဲ့ စာချဆရာ တော်များ၊ စာချဆရာတော်လောင်းများ ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တို့သည်

၈၁(၂)

http://www.dhammadownload.com



ကမ္မဋ္ဌာန်းဘက်ကို ကူးပြီးတော့ ကမ္မဋ္ဌာန်းနည်းကျ လယ်တီဆရာတော်ဘုရားကြီးရဲ့ အဆုံးအမအတိုင်းပဲ ဝိပဿနာနည်းလမ်းစခန်းတို့ကို ကျကျနန မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးပြီး၍ ဤနည်းအတိုင်း အားလုံးသော ယောဂီသူတော်စင်တို့ အားလည်း မြင်ထားတဲ့အတိုင်း မိမိသွားထားတဲ့ လမ်းအတိုင်းပဲ ညွှန်ကြားပြသပြီးတော့ ပဋိပတ္တိသာသနာတော်ကြီးကို ပြုစုပျိုးထောင်ကြမည့် အရှင်သူမြတ်များဟာ အင်မတန်ဂုဏ်ကျက်သရေ ရှိတယ်။ အင်မတန်ထူးတယ်။ **"ဒီပွဲဟာ အထူးမြတ်ဆုံးသော သာသနာပြုပွဲကြီး"** ဖြစ်တယ်။

ဒါကြောင့် သာသနာပြုပွဲမှာ သာသနာတော်မှာ အချက်အချာပဓာနဖြစ်တဲ့ အောင်ပွဲကြီးမှာ ထိုအောင်ပွဲနှင့်လျော်သော ဩဝါဒဘုန်းကြီးပြောကြားရလို့ ခုနကပြောခဲ့တဲ့အတိုင်း ဂုဏ်ယူမဆုံးဖြစ်တယ်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းတော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်ထားကြတဲ့ အရှင်မြတ်တို့အား လယ်တီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်ထားကြတဲ့ ဘုန်းကြီးတို့ ဩဝါဒါစရိယများနှင့် အင်မတန်လိုက်လျောညီထွေ ရှိတယ်။ အရှင် သာရိပုတ္တရာ၏ဂုဏ်ကို မြတ်စွာဘုရားက ချီးကျူးတော့မယ်ဆိုလို့ရှိရင် ထိုဂုဏ်ကိုလက်ခံမည့် ပုဂ္ဂိုလ်ကို ဓမ္မပရိဂ္ဂါဟက ပုဂ္ဂိုလ်ကို မြတ်စွာဘုရား ရွေးတော်မူတယ်။ ထိုစဉ် အချိန်ကာလ မြတ်စွာဘုရားလက်ထက်တော်မှာ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ အရိယာသံဃာတော်၊ ပုထုဇဉ်သံဃာတော်တို့၏ အရာအထောင်အသောင်းတို့၏အလယ်မှာ "ဓမ္မပရိဂ္ဂါဟက" ပုဂ္ဂိုလ်ကို ရှာလိုက်တဲ့အခါကျတော့ အရှင်အာနန္ဒာကို တွေ့တယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ဂုဏ်ကို ပြောဆိုသည်ရှိသော် ထိုဂုဏ်ကို မနှစ်သက်သော ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်တို့သည် ကန့်ကွက်တတ်တယ်။ ထိုပုဂ္ဂိုလ်ကို အလွန်အကဲ မကြည်ညိုမူ၍ သာမညကြည်ညိုတဲ့ ထိုပုဂ္ဂိုလ်ရဲ့ဂုဏ်ကို စေ့စေ့စပ်စပ် သေသေချာချာ

http://www.dhammadownload.com



နားလည်ခြင်းငှာ မစွမ်းနိုင်ဘူး။ ဒါကြောင့် အကြည်ညိုဆုံး အရှင်သာရိပုတ္တရာကို အလေးနက်ဆုံး အရိုသေဆုံး ထိုဂုဏ်မှန်သမျှတို့ကို တစ်ခုမကျန် နှုတ်တိုက်အာဂုံရမည့် ပုဂ္ဂိုလ်သူမြတ် ရှာလိုက်တဲ့အခါမှာ ပရိသတ်က ဘယ်သူလဲ။ အရှင်အာနန္ဒာ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မိမိရှေ့၌ ပရိနိဗ္ဗာန်စံရမြဲ ဓမ္မတာရှိသည်အားလျှော်စွာ အရှင်သာရိပုတ္တရာ မဟာထေရ်မြတ် ပရိနိဗ္ဗာန်စံလို့ ဓာတ်တော်များကို ရေစစ်နဲ့ထည့်ပြီးတော့ မြတ်ဘုရားကို ဆက်ကပ်တယ်။ အဲဒီရေစစ်နဲ့ ဆက်ကပ် တဲ့အခါကျတော့ ဓာတ်တော်ကို မြတ်စွာဘုရားကိုင်ပြီးတော့ အရှင်အာနန္ဒာအား အရှင်သာရိပုတ္တရာ၏ ဇဝန၊ ပုထုပညာ၊ ဟာသပညာ အစရှိတဲ့ အရှင်သာရိပုတ္တရာရဲ့ ပညာဂုဏ်တွေကို မြတ်စွာဘုရား ချီးမြှောက်တော်မူတယ်။ ဟောကြားတော်မူတယ်။ ထိုဂုဏ်တို့ကို အရှင်အာနန္ဒာက ဦးလည်မသုံ ယုံကြည်စွာဖြင့် အကုန်မှတ်သားတယ်။ အဋ္ဌကထာမှာ ဒီလိုလာတယ်။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီး ဩဝါဒကို ဘုန်းကြီးတို့ အကျယ်တဝင့် ဟောလို့ရှိရင် ထိုဂုဏ်ကိုလက်ခံနိုင်မယ့် ပရိသတ်ကို ရှာလိုက်တဲ့အခါကျတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ လယ်တီဝိပဿနာလမ်းစဉ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ အားထုတ်တော်မူထားကြတဲ့ ပါရဂူမြောက် ကမ္မဋ္ဌာနာစရိယအဖြစ် ရောက်ရှိသွားတော်မူကြတဲ့ ပရိသတ်အား တပည့်တော် ဟောရခြင်းအတွက် ခုနကပြောခဲ့တဲ့ အလွန်အကဲဖြစ်သော ဥပမာနဲ့နှိုင်းယှဉ်မိတယ်။ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို အရှင်အာနန္ဒာအား မြတ်စွာဘုရား ရွေးချယ်ပြီးတော့ ဟောသကဲ့သို့ လယ်တီဝိပဿနာနဲ့ သက်ဆိုင်တဲ့ဩဝါဒကို လယ်တီဝိပဿနာ အားထုတ်ထားတဲ့ အရှင်သူမြတ်တို့ရှေ့မှာဆိုတော့ တပည့်တော် ဘာမှ အထူးရွေးချယ်စရာမလိုပဲနဲ့ လွယ်လင့်တကူ ဒီနေရာမှာ တပည့်တော် ဟောရပါတယ်။ ကိုင်း- ရှိစေတော့။

http://www.dhammadownload.com



ဒါကြောင့် ယနေ့ အရှင်သူမြတ်တို့ လယ်တီဝိပဿနာကို စောစောစီးစီးက အင်မတန်လေးနက်တဲ့ ပုဂ္ဂိုလ်သူမြတ်များ ဖြစ်ကြသောကြောင့် လယ်တီဝိပဿနာနည်းကို (၂၁)ရက် ကာလပတ်လုံး အားထုတ်တော်မူကြတယ်။ အဲဒီလို အားထုတ်တော်မူကြတော့ မြတ်စွာဘုရားရဲ့ မဟာဗုဒ္ဓဝင် ဖြစ်တော်စဉ် မှတ်တိုင်ကြီးလေးခု စကားတော်ကြီးလေးခွန်းနဲ့ ဘုန်းကြီးတို့ ဆက်စပ်ပြီး ဟောမယ်။ ဘာကြောင့်လဲလို့ဆိုရင် တစ်နံပါတ် ဘုရားလောင်းအဖြစ် နိယတဗျာဒိပ်ပန်းဆင်ဖို့ဟာ အင်မတန်ခဲယဉ်းပါတယ်။ လယ်တီဝိပဿနာတရား အားထုတ်ဖို့အတွက် သဒ္ဓါတရား ခိုင်မြဲစွာဖြင့် ဤကျောင်းတိုက်ကြီးသို့ ရောက်ရှိလာဖို့ ခဲယဉ်းသလိုပါပဲ။ မြတ်စွာဘုရားသည် နိယတဗျာဒိပ်ပန်းဆင်ဘိသကဲ့သို့ အရှင်သူမြတ်တို့သည် ဤလယ်တီမူဝိပဿနာတရားနည်းကို အားထုတ်ပေအံ့ဟု ရောက်ရှိလာခြင်းဖြင့် နိယတဗျာဒိပ်ပန်းကို ပန်ဆင်တာနဲ့ တူပါတယ်ဘုရား။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ပါရမီပြည့်မြောက်၍ မြတ်စွာဘုရား ဖွားတော်မူသော ဗုဒ္ဓဝင်မဟာမှတ်တိုင် ဒုတိယစကားတော် မိန့်မြွက်ပါတယ်။ အဲဒီအချိန်အခါကာလနဲ့ အရှင်ဘုရားတို့ (၂၁)ရက် ပြည့်မြောက်၍ ဝင့်ကြွားစွာ ပြောနိုင်သောအချိန်နဲ့ တူနေတယ်ဘုရား။

ထို့နောက် မြတ်စွာဘုရားသည် ပါရမီရင့်မာ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါမှာ ဝမ်းပန်းတသာ ဥဒါန်းကျူးတော်မူပါတယ်။ ဝမ်းပန်းတသာစကားကို မြွက်ကြားတော်မူပါတယ်။ ထို့ကြောင့် အရှင်ဘုရားတို့သည်လည်း (၂၁)ရက် မိမိတို့ တာဝန်ကို ကောင်းမွန်စွာ ဉာဏ်၌သက်ရောက်စေ၍ မိမိခန္ဓာကိုယ်၏ အဖြစ်အပျက် အနိစ္စအချက်ကို ပြတ်ပြတ်ထင်ထင် မြင်နိုင်သော ဝိပဿနာဉာဏ်တရားတော်၊ ဝိပဿနာလုပ်ငန်းတော်ကြီးကို အောင်မြင်ပြီးမြောက်၍ "ကမ္မဋ္ဌာနာစရိယ" အဖြစ်သို့ ရောက်ရှိတာနဲ့ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတာနဲ့ တယ်တူသဘုရာ့။ ထို့နောက် မြတ်စွာဘုရားသည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ

http://www.dhammadownload.com



ဖြည့်ရခြင်းသည် အဘယ်ကြောင့်လဲ။

လူနတ်ဗြဟ္မာ သတ္တဝါတို့ကို တရားဟောရန်အတွက် ဓမ္မဒေသနာပွဲကြီး ဆင်နွှဲရန်အတွက် ပါရမီဖြည့်ခြင်းသာဖြစ်ပါတယ် ဘုရား။ ဒီတရားဟောနိုင်အောင် ခေါင်းတွေဖြတ်လှူခဲ့ရပါတယ်ဘုရား။ မျက်လုံးတွေဖောက်ပြီးတော့ လှူခဲ့ရပါတယ်ဘုရား။ လက်တွေ ခြေတွေ ဖြတ်ပြီး လှူဒါန်းခဲ့ရပါတယ်ဘုရား။ ထိုအချိန်မှာလဲပဲ ယသော်ဓရာ ထေရီမအလောင်းအလျာကြီးကလဲပဲ ဘရိယပရိစ္စာဂ ဖြစ်အောင် မယားအဖြစ်လှူတဲ့အခါမှာ သူကလဲ တစ်ဘက်တစ်လမ်းက ပါရမီဖြည့်လို့ ဘရိယပရိစ္စာဂကို ဘဝပေါင်းများစွာ အစတေးခံပြီး ဒုက္ခခံပြီးတော့ ပါရမီဖြစ်မြောက်အောင် အားထုတ်တော်မူခဲ့ပါတယ်။ အားထုတ်တော်မူလို့ ဘုရားအဖြစ်ကို ရောက်ပြီးတော့ တရားဟောကြားခြင်း အရေးအကြီးဆုံးဖြစ်သော သာသနာတော်၏ပဓာနကိစ္စကို မြတ်စွာဘုရား ဆောင်ရွက်တော်မူပါတယ်။ ထိုဆောင်ရွက်တော်မူသကဲ့သို့ အရှင်ဘုရားတို့သည် ကမ္မဋ္ဌာနာစရိယဖြစ်ပြီးတော့ နောက်။ အာနာပါနဆိုတာ ဒီလိုကျင့်ရတယ်။ ဘယ်နှစ်ရက် အားထုတ်ရတယ်။ ထိုအချိန်အခါမှာ ဘယ်လိုဖြစ်လာတတ်တယ်။ ဘယ်လိုပေါ်လာတတ်တယ်။ ဘယ်လို နိမိတ်တွေ ထင်လာတတ်တယ်။ ထို့နောက် ဝိပဿနာကူးတဲ့အခါ ရုပ်နာမ်တရားကို မိမိခန္ဓာကိုယ် ပစ္စုပ္ပန်ကျကျ ဘယ်လိုရှုရတယ်။ ဘယ်လို ချုပ်ကိုင်ရတယ်။ ဘယ်လိုအနိစ္စမြင်အောင် အားထုတ်ရတယ်လို့ ဟောခြင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားဟောခြင်းဟာ အင်မတန် တူနေပါတယ်။ ဒါကြောင့် မဟာဗုဒ္ဓဝင် ဖြစ်တော်စဉ်ကြီးလေးခုကို ဘုန်းကြီးတို့ ကြည်ညိုကြစို့။

**ပထမ(၁)နံပါတ်**

သုမေဓာရှင်ရသေ့ နိယတဗျာဒိပ်ပန်းကို ပန်ဆင်သော ဗုဒ္ဓဝင် အခန်းသည် ပထမမှတ်တိုင်ဖြစ်ပါတယ်ဘုရား။ ထိုပထမ မှတ်တိုင်၌

http://www.dhammadownload.com



မြတ်စွာဘုရား အလောင်းတော် သုမေဓာရှင်ရသေ့သည် "ကိံမေ ဧကေန တိဏ္ဏေန" အစရှိသော ဂါထာကို ရွတ်ပြီးတော့ နှလုံးသွင်းတော်မူတာက-

**ဗုဒ္ဓေါ ဗောဓေယျံ၊**

**မုတ္တော မောစေယျံ၊**

**တိဏ္ဏော တာရေယျံ၊**

ဗုဒ္ဓေါ= ငါသည် သစ္စာလေးပါးကို သိရသည်ရှိသော်၊ ဗောဓေယျံ= ဝေနေယျသတ္တဝါတို့ကိုလဲ သိစေအောင် ငါဘုရား စွမ်းဆောင်မည်။

- ငါသိသလို သိစေရမည်။
- ငါသည် ကိလေသာမှ လွတ်သလို လွတ်စေရမည်။
- ငါသည် သံသရာမှ ကူးမြောက်သလို ကူးမြောက်စေရမည်

လို့ဆိုတဲ့ အဲဒီ ပထမစကားသည် မြတ်စွာဘုရားရဲ့ မဟာကရုဏာ ပွဲတင်သံကြီးကို ထပ်စေသောအသံ ဖြစ်ပါတယ်ဘုရား။ ထိုမြတ်စွာဘုရားရဲ့ အလောင်းတော် ရှင်သုမေဓာသည် ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ခြေတော်ဦး၌ ခြေစုံရပ်နေသော အခါကာလတရားဒေသနာ တစ်ပုဒ် တစ်ပါဒ မျှော်ကိုးနာ၍ အကျွတ်တရားကို ရနိုင်တယ်။ အဲဒီတရားကို လက်လွှတ်ပြီးတော့ ငါသည် သာမညအနေနဲ့ တစ်ယောက်တည်းတည်း သံသရာမကူးသေးဘူး။

- ငါသိသလို သိစေမည်။
- ငါလွတ်သလို လွတ်စေမည်။
- ငါကူးသလို ကူးစေမည် လို့ မြတ်စွာဘုရား ရည်ရွယ်ချက်နဲ့ မိန့်တော်မူတဲ့စကားသည် မဟာကရုဏာ အပြည့်အဝပါသည့် မဟာကရုဏာတော်ရဲ့ ပွဲတင်သံ ဖြစ်ပါတယ်။ ယခု အရှင်မြတ်တို့သည် ဤလယ်တီဝိပဿနာသင်တန်းစခန်းသို့ ရောက်လာသော အရှင်မြတ်တို့သည် ဤပထမစကားတော်ကို တပည့်တော်တို့ ဘယ်လိုလုပ်ပြီးတော့ အတုပြီးတော့ လေ့ကျင့်သုံးကြမလဲ။ ဗုဒ္ဓမြတ်စွာသည် ငါသိအောင် အားထုတ်၍ သတ္တဝါတို့သိစေမည်။ ထို့အတူ အရှင်မြတ်တို့သည်

http://www.dhammadownload.com



ငါတို့သိထားသလို နောက်ထပ် ယောဂီသူတော်စင်တို့ကိုလဲ သိစေမည်။ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာလမ်းကြောင်းကြီးကို ရရှိ၍ ငါတို့ထိုက်သည့်အားလျော်စွာ ကိလေသာမှ လွတ်သလို၊ ငါတို့ထိုက်သည့်အားလျော်စွာ သံသရာခရီးက ဖြတ်ကျော်ရသလို ဖြတ်ကျော်စေရမည်။ ကူးစေရမည်။ လွတ်စေရမည် ဆိုတဲ့ အဲဒီနှလုံးသွင်းချက်ထားပြီးတော့ အရှင်ဘုရားတို့ ဤနေ့ကစပြီးတော့ ရောက်လာသမျှ ရောက်လာသမျှ အကြောင်းတိုက်ဆိုင် သမျှ တိုက်ဆိုင်သမျှ ဝိပဿနာစခန်းသို့သွားအောင် ဆွဲဆောင်တော်မူမည်။ ဆွဲဆောင်ကြမည် ဆိုတဲ့ အဓိဋ္ဌာန်ချက်ပြုပြီးတော့ ဆောင်ရွက်တော်မူကြပါဘုရား။ ဒါက ပထမ မဟာဗုဒ္ဓဝင် ပထမမှတ်တိုင်နဲ့ ပထမစကားတော်ဖြစ်ပါတယ်။ အဲဒီလိုနဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတော့ စရိယသုံးပါးကို ကျင့်တော်မူပြီးတော့ ပါရမီအပြည့် မြောက် ကိစ္စပြီးမြောက်သောအခါ ပစ္ဆိမဘဝိက ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူလာတယ်။ အဲဒါ ဖွားတော်မူခန်း ဒုတိယမှတ်တိုင်ပါပဲဘုရား။

အဲဒီဖွားတော်မူခန်း ဒုတိယမှတ်တိုင်မှာ ပြောတဲ့စကားက **"အဂ္ဂေါဟမသ္မိ လောကဿ"** (၇)ဖဝါး လှမ်း။ လောကကြီးကို အကုန်လှမ်းကြည့်တယ်။ အဲဒီအခါ နတ်တွေ၊ ဗြဟ္မာတွေက အရှင်နှင့် တူသောသူ မရှိပါဘုရား။ အားလုံး သောင်းသောင်းဖျဖျ လျှောက်ထားတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားအလောင်းတို့သည် ဓမ္မတာ (၃၀) ထဲမှာ တစ်ပါးအပါအဝင် ဖြစ်တယ်။ ဖွားတော်မူစ အချိန်အခါကာလ၌ **"အဂ္ဂေါဟမသ္မိ လောကဿ"** စသည်တို့ကို မြွက်ကြားတော်မူတယ်လို့ ဓမ္မတာရှိတဲ့အတိုင်း-

အဂ္ဂေါဟမသ္မိ လောကဿ = လောက၌ ငါအမြတ်ဆုံးဖြစ်တယ်။

ဇေဋ္ဌောဟမသ္မိ လောကဿ = လောက၌ ငါသည်အကြီးအမှူးဖြစ်တယ်။

http://www.dhammadownload.com



သေဋ္ဌောဟမသ္မိ လောကဿ = လောက၌ ငါသည် ပုဂ္ဂိုလ်
ရည်ချွန် ဖြစ်တယ်လို့ မိန့်
ကြားတော်မူတယ်။

**အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ** =ဒါ နောက်ဆုံးဘဝ။

ငါသည် နောက်ထပ်မဖြစ်တော့ဘူး။ အဲဒီလို ကြုံးဝါးတယ်။ ဒုတိယစကားသည် ကိစ္စကြီးတစ်ခု ပြီးသောအခါ၌ "ငါအောင်ပြီ" "ငါအောင်ပြီ" လို့ ကျူးရင့်စမြဲ ဖြစ်တယ်။ ဘုရင်ဖြစ်လိုသောပုဂ္ဂိုလ်သည် ဘုရင်ဖြစ်၍ ဘိသိက်မြောက်သောအချိန်၌ ရဲတင်းစွာ စကားပြော နိုင်တယ်။ သူဌေး ဖြစ်လိုသော ပုဂ္ဂိုလ်သည် သူဌေးဖြစ်သောအခါ၌ "ငါသူဌေးဖြစ်ပြီ"လို့ ကြွားဝင့်နိုင်တယ်။ မည်သည့်ကိစ္စမဆို ပြီးမြောက် သောအချိန်အခါ ကာလ၌ ရဲတင်းသောစကားကို မိန့်ကြားစမြဲဖြစ်တယ်။

ယခု ဒုတိယမြတ်စွာဘုရား၏အား အသံတော်ကြီးကို ကြားနာကြရ ကုန်သော နှလုံးပျော့ပြောင်း သူတော်ကောင်း ရဟန်းတော်များနှင့်တကွ ယောဂီသူတော်စင်အပေါင်းတို့သည် မြတ်စွာဘုရား ပါရမီကိစ္စကြီးပြီး၍ ရဲတင်းစွာ ကြွားဝင့်စွာ ပြောဆိုနိုင်သကဲ့သို့ ငါတို့သည် အားထုတ် အပ်သော တရားကို ပြီးမြောက်သော အချိန်အခါကာလ၌ ဤကဲ့သို့ မိမိနဲ့ထိုက်တန်တဲ့-

- ငါသည် ထူးသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်။
- ငါသည် အကြီးအမျုးဖြစ်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက် လာပြီ။
- ငါသည် အမြတ်ဆုံးဖြစ်သော အထူးဆုံးဖြစ်သော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာပြီ။

ကြွားဝင့်အောင် ပြောဆိုနိုင်အောင် အားထုတ်တော်မူဖို့ အင်မတန် သင့်ပါတယ်ဘုရား။

တတိယ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်မှာ တဖြည်းဖြည်း တဖြည်း ဖြည်း မြင့်တက်လာတယ်။

http://www.dhammadownload.com



- နိယတဗျာဒိပ်ခန်း
- ဒုတိယဖွားတော်မူခန်း
- တတိယ ဘုရားဖြစ်တော်မူခန်း၊ ဘုရားပွင့်တော်မူခန်း

အဲဒီအချိန်အခါတုန်းက အဲဒါတော့ အထူးပြောစရာမလိုတော့ဘူး။ မြတ်စွာဘုရားသည် ဘုရားဖြစ်အောင် ကြိုးစားအားထုတ်ပြီးတော့ လာတဲ့အချိန်အခါကာလမှာ ပါရမီရင့်မာ ပြည့်မြောက်သော အချိန်အခါကာလ၊ ပွင့်တော်မူသော အချိန်အခါကာလ ရောက်တဲ့အခါမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အလွန်ကျက်သရေအရှိဆုံးဖြစ်သော ဗုဒ္ဓဝင်မှတ်တိုင်ကြီးကို ပွင့်တော်မူသော မှတ်တိုင်ကြီးဖြစ်ပါတယ်ဘုရား။ အဲဒီ တတိယမှတ်တိုင်နဲ့ မိန့်တော်မူအပ်သော စကားက **"အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ"**အစရှိသော ဘုန်းကြီးတို့ မြတ်စွာဘုရား ဝမ်းသာလုံးကြီး ပေါ်ပေါက်ပြီးတော့ ပြောတဲ့စကား။ စိတ်ထဲမှာမထားနိုင်အောင် နှုတ်ကထွက်လာတဲ့စကားကို ဥဒါန်းလို့ ခေါ်ပါတယ်ဘုရား။

မြတ်စွာဘုရားစိတ်ထဲမှာ ဝမ်းသာရုံ ပီတိဖြစ်ရုံ မကပဲ စိတ်ထဲမှာ စိတ်၌ရွှတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဤဂါထာတော်ကြီးကို စိတ်ထဲ၌ တုန်ခါပြီးတော့ ရိုက်ခတ်ပြီးတော့ ရှိန်ဖိန်းပြီးတော့ ဝမ်းသာစကား မြွက်ကြားတော်မူခဲ့ပါတယ်။ ကိစ္စတစ်ခုကို ပြုလုပ်သော ပုဂ္ဂိုလ်သည် ကိစ္စပြီးမြောက်၍ အထွဋ်အထိပ်သို့ ရောက်သောအခါ၌ ဝမ်းသာစမြဲဖြစ်တယ်။ မိမိဒီဂရီ "ဘွဲ့"တစ်ခုခုကို ရလိုသောပုဂ္ဂိုလ်တို့သည် ကျောင်းမှာနေလို့ ကြိုးစားလို့ ဒီဂရီ "ဘွဲ့"ရလာသောအခါ၌ အင်မတန် ဝမ်းသာတယ်။ ဘယ်ဂုဏ်ထူးရ၊ ဘယ်ဝိသေသကို ရတယ် အစရှိသဖြင့် မိမိတို့ရရှိတဲ့အခါမှာ ဝမ်းသာစမြဲ ဖြစ်သကဲ့သို့ မြတ်စွာဘုရား အားရဝမ်းသာတဲ့စကား မြွက်ကြားတော်မူတယ်။

ဤတတိယဥဒါန်းစကားတော်ကို ကြားနာမှတ်သားကြရကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည် ယောဂီသူတော်စင်တို့သည်

http://www.dhammadownload.com



ငါတို့သည် ယနေ့ ငါတို့အလိုရှိအပ်သော အံ့ရာဌာနသို့ ရောက်အောင် ကြိုးစားမည်။ ရောက်သောအချိန်အခါ ကာလမှာလဲ ဤကဲ့သို့ ဝမ်းပန်းတသာ နှစ်လိုအားရ ဝမ်းသာသောစကားကို ပြောနိုင်အောင် ကြိုးစားအားထုတ်မည်လို့ အဓိဋ္ဌာန်ပြုပြီးတော့ အရှင်ဘုရားတို့ တတိယစကားကိုလဲ အတုလိုက်ပြီးတော့ ကျင့်သုံးဖို့ အဓိဋ္ဌာန်ပြုတော်မူကြပါဘုရား။

စတုတ္ထမြောက် ဗျာဒိပ်ခန်း၊ ဖွားတော်မူခန်း၊ ပွင့်တော်မူခန်း၊ နောက်ပိတ်ဆုံးကျတော့ တရားဟောတော်မူခန်းသို့ ရောက်တဲ့ အခါမှာ မြတ်စွာဘုရားရဲ့ ဗုဒ္ဓကိစ္စ အထွဋ်အထိပ်သို့ ရောက်ပြီးတော့သွားတယ်။ ဓမ္မစကြာတရားတော်က စပြီးတော့ နိဗ္ဗာန်သို့ ရောက်စေနိုင်တဲ့တရားတော်တွေကို ပြည့်ပြည့်ဝဝကြီး ဟောကြားတော်မူခဲ့ပါတယ်။ ဘုရားတည်တဲ့အခါ နောက်ဆုံး စိန်ဖူးတော် တင်တာဟာ အထဋ်အထိပ်ပါပဲ။ နောက်ဆုံးအခမ်းအနား။ ဒါကြောင့် မြတ်စွာဘုရားက နောက်ဆုံးအခမ်းအနားအနေနဲ့ စိန်ဖူးတော်တင်တဲ့ ဓမ္မဒေသနာအခမ်း မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ် စတုတ္ထမှတ်တိုင်ကြီးမှာ အမြတ်ဆုံးဖြစ်သော ထီးတော်တင် စိန်ဖူးတော်တင်တဲ့ စကားကို နောက်ဆုံးစကား ပြောကြားခဲ့မယ်။

ဝယ ဓမ္မာ သင်္ခါရာ = အားလုံးအားလုံး ပျက်နေတယ်။

ရုပ်နာမ်တို့ သင်္ခါရတို့က မြဲနေတယ်လို့ ထင်တယ်။ ခိုင်နေတယ်လို့ ထင်တယ်။ စွဲမြဲနေတယ်လို့ ထင်တယ်။ ချမ်းသာတယ်လို့ ထင်တယ်။ အတ္တအနှစ်သာရရှိတယ်လို့ ထင်တယ်။ တင့်တယ်တယ်လို့ ထင်နေတယ်။ အဲဒါတွေ ဘာမှမဟုတ်ဘူး။ အကုန်ပျက်လိမ့်မယ်။ တင့်တယ်တာမှန်သမျှ အကုန်ပျက်မှာပဲ။ ဝမ်းသာတာမှန်သမျှ အကုန်ပျက်မှာပဲ။ အထင်ကြီးတာမှန်သမျှ အကုန်ပျက်မှာပဲ။ ခြေဖျားထောက်သမျှ အကုန်ပျက်မှာပဲ။ ရင်ကော့သမျှ အကုန်ပျက်မှာပဲ။ ကြွားသမျှ ဝါသမျှ အကုန်ပျက်လိမ့်မယ်။ ဟုတ်လား။ တစ်ပါးသောပုဂ္ဂိုလ် လွှမ်းတာမှန်သမျှ သူလဲပျက်လိမ့်မယ်။ ဒါကြောင့် သိကြားမင်းကြီးအနေနဲ့၊ ဗြဟ္မာမင်းကြီး အနေနဲ့၊ စကြာမင်း

http://www.dhammadownload.com



ကြီးအနေနဲ့ ရင်ကော့လက်မထောင်တဲ့ပုဂ္ဂိုလ်တွေ ဘာဖြစ်သွားသလဲ။ စကြာမင်းတို့သည် အားလုံးသော မိမိတို့ခြေနင်းတဲ့ မြေကြီးထဲမှာ မြေစာဖြစ်ကုန်ပြီ။ စကြာမင်းကြီး ဦးကျောင်းရိုးတို့သည် ကျေမွ၍ မြေကြီးဖြစ်သွားပြီ။ ဧကရာဇ် သီရိဓမ္မာသောကမင်းကြီး ဦးခေါင်းအရိုးတို့သည် ကျေမွ၍ မြေကြီးမြေမှုန်ဖြစ်သွားပြီ။ ဘာများ ကြွားစရာ၊ ဝါစရာ၊ ဝင့်စရာ မြဲတယ်လို့ ထင်စရာ၊ ချမ်းသာတယ်လို့ထင်စရာ၊ တင့်တယ်တယ်လို့ ထင်စရာ ရှိသေးသလဲ။ မြတ်စွာဘုရား သတိပေးတယ်။ အားလုံး အားလုံး ပျက်နေတယ်တဲ့။

အခု ဩဝါဒါစရိယဆရာတော်တွေ တစ်ခနဲ့သောအချိန်အခါကာလမှာ ဘုန်းကြီးတို့ မမြင်ရတော့ဘူး။ အခု တရားနာနေတဲ့ ပုဂ္ဂိုလ်သူမြတ်တွေ တစ်နေ့သောအချိန်အခါကာလမှာ ကိုယ့်အချိန်လေးနဲ့ကိုယ်၊ ကိုယ့်နာရီလေးနဲ့ကိုယ်၊ ကိုယ့်မိနစ်လေးနဲ့ကိုယ် အကုန်လုံး မျက်စိမှိတ်မည့်သူတွေပဲ။ အဲဒီ မျက်စိမှိတ်မည့်သူရဲ့ ပုံသဏ္ဌာန်တွေအကုန်လုံး ပျောက်ကွယ်သွားမယ်။ အရိုးကျန်လိမ့်မယ်။ အရိုးဆွေးရင် မြေပုံသာ ဖြစ်လိမ့်မယ် ဆိုတာကို မြတ်စွာဘုရားက သတိပေးတယ်။ အသိဉာဏ် ရှိနေတဲ့အခါမှာ ကြိုးစားပါ။ ကျန်းမာနေတဲ့အခါမှာ ကြိုးစားပါ။ ဗုဒ္ဓဘာသာဖြစ်နေတဲ့အချိန်အခါမှာ ကြိုးစားပါ။ မျက်စိမှိတ်တဲ့အခါမှာ ဘယ်ကမ်းသို့ရောက်မယ်။ ဘယ်ဘက်ကမ်းသို့ဆိုက်မယ်ဆိုတာ မသိနိုင်ဘူး။ မြတ်စွာဘုရား သတိပေးနေတာ။ "အားလုံး အားလုံး ပျက်နေတယ်" သင်္ခါရာ= မြင်မြင်သမျှ သင်္ခါရတို့သည်၊ ဝယဓမ္မာ= ပျက်ခြင်းသဘော ရှိကြပေကုန်၏။ "အားလုံး အားလုံး ပျက်နေတယ်။"

အားလုံး အားလုံး ပျက်နေတယ်ဆိုရင် ဘာလုပ်ကြမလဲ။ "အပ္ပမာဒေန သမ္ပာဒေထ" သတိတရားနဲ့ သီလပြည့်စုံအောင်၊ သမာဓိပြည့်စုံအောင်၊ ပညာပြည့်စုံအောင် ကြိုးစားအားထုတ်ရမယ်။ ဒါကြောင့် စတုတ္ထမဟာဗုဒ္ဓဝင်မှတ်တိုင် ဓမ္မဒေသနာအခန်း၌ စိန်ဖူးတော်တင် နောက်ဆုံးဓမ္မဒေသနာဟာ "အပ္ပမာဒေန သမ္ပာဒေထ" ဖြစ်ပါတယ်။

http://www.dhammadownload.com



အရှင်မြတ်တို့သည် (၂၁)ရက်ကာလ အပ္ပမာဒ တရားလက်ကိုင်ထား၊ ဝိပဿနာအချက်ပေါင်း ကုဋေပေါင်းများစွာ အရှင်ဘုရားတို့ ရခဲ့ကြပြီ။

- အင်မတန် ကံကောင်းလေစွတကား။
- အင်မတန် ထူးလေစွတကား။
- အင်မတန် လူ့ဘဝကို ရကျိုးနပ်ပေစွတကား။

ရဟန်းဘဝနဲ့ ပီပီပြင်ပြင် **"ရဟန်းကိစ္စ နှစ်ခုရှ၍ လုံ့လသိပ်သည်း ဟိတ်ဟန်နည်း၍ ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း"**လို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမသြဝါဒထဲမှာလဲပဲ ဝိပဿနာဓုရ အရေးကြီးဆုံး ဖြစ်တယ်။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်းအစောင်စောင်တွေထဲမှာလဲပဲ ဒီအပ္ပမာဒတရားကို မူတည်ပြီးတော့ ကြိုးစားအားထုတ်ဖို့ အရှင်မြတ်ကြီးက မိန့်တော်မူခဲ့တယ်။ အခု တစ်ရာတန်း၊ အနှစ်ငါးဆယ်သို့ ရောက်လာသော ပုဂ္ဂိုလ်တို့သည် ဆင်ခြေဆင်လက်တွေ မပေးကြပါနဲ့။ တရားဘက်သို့ ကူးကြပါ။ တရားဘက်သို့ သွားကြပါ။ ရဟန်းတော်မှန်ရင်လဲပဲ ပဋိပတ္တိစခန်းသို့ ဖြောင့်ဖြောင့်တန်းတန်းသွားဖို့ အချိန်ကျပြီလို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက မှာတယ်။ အဲဒါ "အပ္ပမာဒေန သမ္ပာဒေထ"ပဲ။ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပြောတာလဲပဲ။ "အပ္ပမာဒေန သမ္ပာဒေထ" ပဲ။ သတိ= သတိရှိရမယ်။ သီလပြည့်စုံအောင် သတိရှိတော်မူကြ။ သမာဓိရှိအောင် သတိပြည့်စုံရမယ်။ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ နိဗ္ဗာန်ကို ရောက်အောင် ရအောင် သတိရှိရမယ်ဆိုတဲ့ အဲဒီ စတုတ္ထစကားတော်ကို ကြားနာမှတ်သားကြကုန်သော ဤကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်တို့နှင့်တကွ ယောဂီသူတော်စင်အပေါင်း သူတော်ကောင်းတို့သည် ဗုဒ္ဓမြတ်စွာမိန့်တော်မူတဲ့အတိုင်း အားလုံးပျက်မှာပါတကား။ အားလုံး ကျေမွပြုန်းတီးပျက်စီးမှာပါတကား။ ထိုသို့ ပျက်စီးမည့် အတူတူ အရေးအကြီးဆုံးဖြစ်တဲ့ သီလ သမာဓိ ပညာ ပြည့်စုံအောင် အပ္ပမာဒ

http://www.dhammadownload.com



တရား လက်ကိုင်ထားတော်မူကြပါ။ လက်ကိုင်ထားမယ်။ ထား၍ ကြိုးစားမယ်ဆိုတဲ့ အဓိဋ္ဌာန်ပြုတော်မူကြ ပါ။ ဒါအတုလိုက်ခြင်း လေးမျိုးပါပဲ။

(၁) ဗျာဒိပ်တော်ခန်း၊

(၂) ဖွားတော်မူခန်း၊

(၃) ပွင့်တော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊

(၄) ဓမ္မဒေသနာအခန်း၊ တရားဟောတော်မူခန်း၊ နောက်ပိတ်ဆုံးအနေနဲ့ စိန်ဖူးတော်တင်ဒေသနာအခန်း၊

အဲဒီ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်ကြီး (၄)ရပ်နဲ့ စကားတော်ကြီး၊ အသံတော်ကြီး (၄)ဆူတို့ကို အာရုံယူ၍ နောက်ပိတ်ဆုံး "သတိ-သတိရှိရမယ်"ဆိုတဲ့အတိုင်း အပ္ပမာဒတရားလက်ကိုင်ထား၍ အားလုံးသော ယခုရောက်ရှိလာကြကုန်သော ပုဂ္ဂိုလ်တို့သည် "သဟောတ္တပ္ပ" သံဝေဂဉာဏ်ရ၍ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသော ဗုဒ္ဓဘာသာပညာနဲ့ အသိအလိမ္မာပညာရရှိသည် အားလျော်စွာ ကြိုးစားတော်မူကြရန် ဘုန်းကြီးနောက်ပိတ်ဆုံး တိုက်တွန်းအပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**အစီအစဉ် (၂)အရ**

လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ ဤလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ် အရှင်မြတ်မှ ဩဝါဒတရားချီးမြှင့်တော်မူရန် ဖြစ်ပါတယ်။

ဆရာတော်ဘုရား ဘုရားတပည့်တော်တို့အား သနားညှာတာ ထောက်ထားပြီး ဩဝါဒတရား ချီးမြှင့်တော်မူပါမည့်အကြောင်း တပည့်တော် မောင်သန်းခင် ခြေတော်စုံဦးခိုက်၍ ရိုသေစွာလျှောက်ပါသည်ဘုရား။

http://www.dhammadownload.com



ယနေ့ သာသနာတော်သက္ကရာဇ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်နေ့။

လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်များ လယ်တီကမ္မဋ္ဌာနာစရိယ ဆရာတော်များအဖွဲ့က ကြီးမှူးပြီးကျင်းပတဲ့ လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယသင်တန်း ယနေ့အောင်မြင်ပြီးမြောက်လို့ အောင်ပွဲခံတဲ့နေ့။ လာရောက်ပြီး တော့ကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ကြတဲ့ အရှင်မြတ်တွေကလဲများသောအားဖြင့် ကျောင်းထိုင်ဆရာတော် ကျောင်းပိုင် ဆရာတော်တွေဖြစ်ပါတယ်။ အဲဒီလို ကျောင်းထိုင်ဆရာတော်တွေ ကျောင်းပိုင်ဆရာတော်တွေဖြစ်တော့ ရက်ပေါင်း (၂၀)ကျော် မိမိတို့ကျောင်းကနေပြီးတော့သာရေး၊ နာရေးကိစ္စတွေ အသာထားပြီး ယခုလို ကြွရောက်ပြီးတော့ကိုယ်တိုင်ကိုယ်ကျ တရားအားထုတ်ပြီးတော့မှ တပည့်ဒကာ၊ ဒကာမတွေ၊ တပည့် ရဟန်းရှင်လူများအားလုံးကို တစ်ဆင့် ဖြန့်ဝေနိုင်အောင်လို့ဆိုတဲ့ ရည်မှန်းချက်နဲ့ သင်တန်းတက်ကြတာ ယနေ့ပြီးမြောက်အောင်မြင်ခဲ့ကြပြီ။

အဲလို အောင်မြင်ခဲ့ကြတော့ တပည့်တော်တို့ မြတ်စွာဘုရားစကားတော်တွေကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ပွင့်လင်း စည်ပင်မှတင့်တယ်တာ သုံးမျိုး မြတ်စွာဘုရား ဟောပါတယ်။

**တီဏိမာနိ ဘိက္ခဝေ၊ ဝိဝဋာနိ ဝိရောစန္တိ၊ နော ပဋိစ္ဆန္နာနိ။**

အရာဝတ္ထုသုံးမျိုး၊ အချက်အလက်သုံးမျိုးဟာ ပွင့်လင်းစည်ပင်လို့ရှိရင် တင့်တယ်တယ်။ မပွင့်လင်းဘဲ မစည်ပင်ဘဲ သေးသိမ် နေမယ်၊ မှေးမှိန်နေမယ်ဆိုရင် မတင့်တယ်ဘူး။ အဲဒါက ဘာတွေလဲလို့ဆိုတော့-

**စန္ဒ မဏ္ဍလံ ဘိက္ခဝေ ဝိဝဋံ ဝိရောစတိ၊ နော ပဋိစ္ဆန္နံ။**

လဝန်းကြီးဟာ "ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မိုး" ညစ်မျိုးငါးပါးနဲ့ ပိတ်ဆို့နေမယ်ဆိုရင် လဝန်းကြီးဟာ မတင့်တယ်ဘူး။ အဲဒီတော့ လဝန်းကြီးဟာ "ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မိုး"လို့ခေါ်တဲ့ အပြစ်မျိုးငါးဝ

http://www.dhammadownload.com



ကင်းစင်ပြီးတော့နေမှ လဝန်းကြီးဟာ တင့်တယ်တယ်။ အလားတူပဲ နေဝန်းကြီးဟာလဲပဲ-

**သူရိယ မဏ္ဍလံ ဘိက္ခဝေ ဝိဝဋ္ဋံ ဝိရောစတိ၊ နော ပဋိစ္ဆန္နံ။**

နေဝန်းကြီးဟာလဲ ဒီအတိုင်းပဲ။ အပြစ်မျိုးတွေ ကင်းစင်ပြီး ပွင့်လင်းစည်ပင်ပြီး အရောင်အလင်းတွေ တောက်ပပြီးတော့ နေလို့ရှိရင် တင့်တယ်တယ်။ အကယ်၍များ အညစ်ကြေးတွေ လွှမ်းမိုးဖို့ မပွင့်လင်း လို့ရှိရင် မတင့်တယ်ဘူး။

တတိယကတော့-

**တထာဂတ ပဝေဒိတော ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နော။**

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဓမ္မဝိနယတရားသဖြင့် ဆုံးမတော်မူအပ်တဲ့ အဆုံးအမသာသနာ ဓမ္မဝိနယ။ ဒီအဆုံးအမ ဓမ္မဝိနယ (၂)မျိုးဟာ "ဝိဝဋော" ပွင့်လင်းစည်ပင်မှ တင့်တယ်တယ် "နော ပဋိစ္ဆန္နော" အကယ်၍များ မှေးမှိန်နေမယ် သေးသိမ်နေမယ် ဆိုရင် မတင့်တယ်ဘူး။

တပည့်တော်တို့ ဒီ"လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ" သင်တန်းကြီးကို ကြည့်မယ်ဆိုရင် သြော်- မြတ်စွာဘုရား မိန့်ကြား တော်မူတဲ့စကားတော်တွေနဲ့လဲ ကိုက်ညီတယ်။ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူတဲ့စကားတော်တွေနဲ့လဲ ကိုက်ညီ တယ်။ ရှေးကဆရာတွေ မိန့်ကြားတော်မူတဲ့ စကားတွေနဲ့လဲ ကိုက်ညီ တယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက ဤမြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ ဓမ္မဝိနယ သာသနာတော်ကြီးကို ပြည်တွင်း ပြည်ပ ပြန့်ပွားအောင် ဆရာတော်ဘုရားကြီးဟာ ကြိုးစားတော်မူခဲ့တယ်။ တစ်ချိန်က နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးမှာ ဆရာတော် ဘုရားကြီးရဲ့ မိန့်ခွန်းကိုကြည့်မယ်ဆိုရင် ဒီအချက်သိသာပါတယ်။ ဆရာတော်ဘုရားကြီးက နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး

http://www.dhammadownload.com



မှာ ဆရာတော်ဘုရားကြီးက ဩဝါဒပေးထားတာ တစ်ခုရှိတယ်။ ဆရာတော်ဘုရားကြီး ပေးတဲ့ဩဝါဒက-

ရှေးအခါကတော့ သာသနာပြုရဟန်းတွေဟာ ကမ္ဘာ့နိုင်ငံအသီးသီးကို ကြွတော်မူကြတယ်။ အဲလို သွားကြတဲ့အခါကျတော့ ကိုယ်တော်သွားလို့ရှိရင် တရားတွေကလဲ တစ်ပါတည်း ပါပြီးတော့ သွားတယ်။ ဒီလို ဆရာတော်ကြီးက မိန့်တယ်။ မှန်ပါတယ်။ တပည့်တော်တို့ အိန္ဒိယ မဇ္ဈိမဒေသကနေပြီးတော့ သာသနာပြုကြွလာကြတဲ့ အရှင်သောဏ၊ အရှင်ဥတ္တရတို့ မြန်မာပြည် သုဝဏ္ဏဘူမိ သထုံကို သာသနာပြုကြွလာကြတယ်။ ကြွလာကြတဲ့အခါ ရောက်လျှင်ရောက်ချင်း ဘာဟောသလဲ ဆိုတော့ ဗြဟ္မဇာလသုတ္တန်ကြီးကို ဟောတော်မူကြတယ်။

**သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊**
**ပိသာစေ နိဒ္ဓ မိတ္တွာန၊ ဗြဟ္မဇာလ မဒေသယုံ။**

ဆိုတဲ့အတိုင်း ဒီမှတ်တမ်း ရှိတယ်။ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်ကြီး စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ၊ ဒိဋ္ဌိ(၆၂)မျိုး။ အဲဒါတွေကို ရှင်းလင်းပြီးတော့ မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း အရှင်မြတ်ကြီး (၂)ပါးဟာ ဗြဟ္မဇာလသုတ္တန် ဒေသနာ တော်မြတ်ကြီးကို ဟောခဲ့တာ။ ဘယ်စာအုပ်ပါမလဲ။ အဲဒီတုန်းက စာအုပ်လဲမရှိသေးဘူး။ ပေစာလဲ မရှိသေးဘူး။ အဲဒီတော့ သာသနာပြုဆရာတော်ကြီးတွေ ကြွသွားတာနဲ့ တရားတော်က တစ်ခါထဲပါလာတယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ရှေးအခါက သာသနာပြုဆရာတော်တွေက ဆရာတော်တွေ ကြွသွားတာနဲ့ တရားလဲ တစ်ခါထဲ တစ်ပါထဲပါပြီးတော့သွားတယ်။ ယခုအချိန်အခါမှာတော့ အဲဒီလို ဆရာတော်တွေ ကြွသွားတဲ့နောက်ကို တရားက တစ်ပါးတည်း ပါပြီးတော့ မသွားနိုင်တော့ ဘာသာအမျိုးမျိုးနဲ့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေကို ရိုက်နှိပ်ပြီးတော့ ဖြန့်ဝေလို့ရှိရင် ပိုပြီးတော့ အောင်မြင်နိုင်မယ်လို့ ဆရာတော်ကြီးက မိန့်တော်မူတယ်။

http://www.dhammadownload.com



အဲဒီတော့ ဆရာတော်ဘုရားကြီး ဤဗုဒ္ဓဘုရား ဟောကြားတဲ့ တရားတော် ဒေသနာတော်တွေ ကမ္ဘာပြန့်စေချင်တာ။ မြတ်စွာဘုရား ကလဲ ကမ္ဘာပြန့်စေချင်တာပဲ။ လောကသား အားလုံးအတွက် တရား ဟောတယ်။ တရားပြတယ်လို့ဆိုတော့ လူ့လောကတင်မကဘူး။ နတ်လောက၊ ဗြဟ္မာ့လောက၊ ဒီလို လောကသားအားလုံးတို့အတွက် ဟောတာဆိုတော့ မြတ်စွာဘုရားရဲ့ အဆုံးအမကြီးဟာ ကမ္ဘာပြန့်စေ ချင်တယ်။ ဒါမြတ်စွာ ဘုရားရဲ့ဆန္ဒ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကလဲ ကမ္ဘာ ပြန့်စေချတယ်။ ပြန့်စေချင်တဲ့အတိုင်း လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော် (၇၀)လောက်ကစပြီးတော့ ဒါယကာကြီး ဦးဘခင်တို့ ဦးဂိုအင်ကာတို့က ဒီတရားအားထုတ်နည်းတွေကို အနာဂါမ်ဆရာသက်ကြီးစီက ယူ။ အနာဂါမ်ဆရာသက်ကြီးက ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရား ကြီးစီက ယူ။ အဲဒီလို ယူပြီးတော့ ဖြန့်တာ ဒါယကာတွေ အပိုင်းကဖြန့်တာ အင်မတန်အောင်မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံပေါင်း (၅၀)ကျော်မှာ လယ်တီဝိပဿနာတွေ ပြန့်နှံ့ပြီးဖြစ်နေလို့ပါပဲ။ ပြည်တွင်း မှာ ရန်ကုန်မြို့မှာဆိုရင် အခုလေးဌာနလောက်ရှိပါပြီ။ အခြား အခြား မြို့တွေမှာ တရားဌာနတွေ ရှိနေပါတယ်။ အဲဒီတော့ ပြည်တွင်းမှာ ပြန့်နှံ့မှုအင်မတန် နည်းပါးနေပါတယ်။ အဲဒီတော့ ဆရာတော် ဘုရားကြီးက ပြည်တွင်းပြည်ပ ပြန့်နှံ့ဖို့ရာအတွက် ဒီပနီကျမ်းပေါင်း တစ်ရာကျော်ကျမ်းလဲ ရေးတယ်။ စာလဲချတယ်။ တရားလဲ အားထုတ် တယ်။ တရားအားထုတ်နည်းကိုလဲ ပြတယ်။ နယ်ပေါင်းစုံလှည့်ပြီး တော့လဲ တစ်နိုင်ငံလုံးနှံ့အောင် ဟောပြောခဲ့တယ်။ အဲဒီလို လုပ်ငန်းစဉ် ကြီးတွေ မနေမနားကြိုးစားပြီးတော့ အားထုတ်တော်မူခဲ့တယ်။ ကြိုးစား ပြီးတော့ သာသနာပြုလုပ်ငန်းကြီးတွေ ဆောင်ရွက်တော်မူခဲ့တယ်။

ပြည်ပမှာ ပဋိပတ္တိသာသနာတော်ကြီး ဗုဒ္ဓဘုရားရဲ့ ပဋိပတ္တိ သာသနာတော်ကြီး ပြန့်သလို လယ်တီဆရာတော်ဘုရားကြီးရဲ့

http://www.dhammadownload.com



ဩဝါဒခံပြီးတော့ ပဋိပတ္တိသာသနာတော်ကြီး ပြန့်သလို ပြည်တွင်းမှာ ပြန့်နှံ့မှုမရှိပဲ အားနည်းနေပါတယ်။ အဲဒါကြောင့် တပည့်တော်တို့ လွန်ခဲ့တဲ့(၅)နှစ်တာ ကာလကစပြီးတော့ လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့၊ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်တို့ကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီးဖွဲ့စည်းကာ တရားစခန်းတွေ ဖွင့်ပြီးလာတာ အခုဆိုရင် လယ်တီဝိပဿနာ တရားစခန်းဖွင့်ဘူးတဲ့နေရာ (၅၀)ကျော်လောက်မှာ ဖွင့်နိုင်ခဲ့ပါပြီလို့ ဒီလိုပြောရမှာပါပဲ။ အခု လယ်တီ ဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း ဖွင့်ပြီးတော့ အပါး (၈၅)ပါးတို့အား ကမ္မဋ္ဌာနာစရိယသင်တန်းတွေ ပေးပြီးတော့ ဆရာတော်အရှင်မြတ်တွေ ကလဲ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြပြီး ဒီနည်းနိဿယကို ဖြန့်ဖြူး သွားမယ်ဆိုရင်တော့-

**တထာဂတ ပဝေဒိတော ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ**

ဆိုတဲ့အတိုင်းမြတ်စွာဘုရားရဲ့ ဓမ္မဝိနယသာသနာတော်မြတ်ကြီးဟာ "ပွင့်လင်းစည်ပင်မှ တင့်တယ်တယ်"ဆိုတဲ့အတိုင်း ပွင့်လင်းစည်ပင်အောင် အရှင်မြတ်များ ဆောင်ရွက်ကြမယ်။ အဲဒီလို ဆောင်ရွက်ကြတဲ့နေရာမှာ မိမိတို့အားထုတ်ထားတဲ့နည်းလမ်း စည်းကမ်းတွေ၊ ပါဠိ အဋ္ဌကထာ ဋီကာ တရားတော်တွေ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထားတဲ့ တရားတော်တွေဟာလဲပဲ မှီငြမ်းပြုစရာကြီးတွေ အားကိုးစရာ။ မိမိတို့ရဲ့ အမှီသဟဲကြီးတွေ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ ပါဠိ အဋ္ဌကထာ ဋီကာဆိုတဲ့ အမှီသဟဲကြီးတွေ၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ အာနာပါနဒီပနီ အစရှိတဲ့ အမှီသဟဲကြီးတွေကို မှီငြမ်းပြုပြီးတော့ စာလာ ပေလာ ဒေသနာတော်နဲ့ လျော်ညီတဲ့ ဤတရားအားထုတ်နည်းကို ပြန့်ပွားအောင် ကြိုးစားခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါ။ မြတ်စွာဘုရားစကားတော်ကို နားထောင် ကြပါ။ ဒါကြောင့် အားလုံး ဒကာ၊ ဒကာမတွေ ဘုန်းကြီးရဲ့စကားလေး နိဂုံးချုပ်ချင်လို့ လိုက်ပြီးတော့ ဆိုလိုက်ကြပါဦးနော်။

33(ဗ)

http://www.dhammadownload.com



* ဗုဒ္ဓရောင်ခြည်၊ ကွန့်မြူးလည်၍၊
ဥဒည်တောင်စွန်း၊ နေစက်ဝန်းသို့၊
တင့်ရွှန်းဝေဆာ၊ တံခိုးဖြာလျှက်၊
ကောင်းစွာမသွေ၊ တည်တန့်ပါစေသတည်း။

* ဓမ္မရောင်ခြည်၊ ကွန့်မြူးလည်၍၊
ဥဒည်တောင်စွန်း၊ နေစက်ဝန်းသို့၊
တင့်ရွှန်းဝေဆာ၊ တံခိုးဖြာလျှက်၊
ကောင်းစွာမသွေ၊ တည်တန့်ပါစေသတည်း။

* သံဃာ့ရောင်ခြည်၊ ကွန့်မြူးလည်၍၊
ဥဒည်တောင်စွန်း၊ နေစက်ဝန်းသို့၊
တင့်ရွှန်းဝေဆာ၊ တံခိုးဖြာလျှက်၊
ကောင်းစွာမသွေ၊ တည်တန့်ပါစေသတည်း။

* သာသနာ့ရောင်ခြည်၊ ကွန့်မြူးလည်၍၊
ဥဒည်တောင်စွန်း၊ နေစက်ဝန်းသို့၊
တင့်ရွှန်းဝေဆာ၊ တံခိုးဖြာလျှက်၊
ကောင်းစွာမသွေ၊ တည်တန့်ပါစေသတည်း။

သာဓု - သာဓု - သာဓု

*****************

## ကြားဖြတ်အစီအစဉ်အရ

ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား ကြားဖြတ် အစီအစဉ်အရ ပလ္လင်ပေါ်တွင် သီတင်းသုံးတော်မူလျှက် ရှိတော်မူသော ကျေးဇူးတော်ရှင် ကမ္မာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ပုံတော်တူဓာတ်ပုံကြီးကို ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ အမှတ် (၁၅)နေ ဦးအုန်းသိန်း-ဒေါ်လှမြင့်တို့က အကျိုးဆောင်ပြီးတော့

http://www.dhammadownload.com



ဗိုလ်မှူးအေးမောင် (အငြိမ်းစား) - ဒေါ်မြင့်မြင့်ထူး (မုံရွာ)၊ သား မောင်ရန်နိုင်၊ မအေးအေးသန်း မိသားစု။

အမှတ်(၆၄)၊ ပထမထပ်၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်က မုံရွာမြို့၊ ရှုပါရုံသုဓမ္မာစာရီဇိမာန်တော်တွင် တည်ရှိသော လယ်တီဝိပဿနာ ပြန့်ပွားရေးဇဟိုအဖွဲ့ချုပ်၌ အပူဇော်ခံရန် လှူဒါန်းမည်ဖြစ်ပါသောကြောင့် ဩဝါဒစရိယ ဆရာတော်ကြီး (၂)ပါးက အလှူခံတော်မူပါရန် ခြေတော်စုံဦးခိုက်၍ ရိုသေစွာလျှောက်ထား ဝံ့ပါသည် ဘုရား။ **"ဓာတ်ပုံ လှူဒါန်းကြသည်"**

**အစီအစဉ် (၃)အရ**

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌမှ ဝမ်းမြောက် စကား လျှောက်ထားရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ဦးနန်းနွယ်က ဝမ်းမြောက်စကား လျှောက်ထားပေးပါရန် လေးစားစွာပန်ကြား အပ်ပါသည်။

## ဥက္ကဋ္ဌ၏ဝမ်းမြောက်စကား

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ကနေပြီးတော့ ပထမဆုံးအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း ပြီးဆုံးတဲ့ အောင်ပွဲနေ့အခမ်းအနားမှာ ဘုရားတပည့်တော်အား ကြုံတောင့်ကြုံခဲ ဤအချိန်ကာလကြီးမှာ လျှောက်ထားခွင့်ပြုပါ ဘုရား။ တပည့်တော်တို့ ဒီအဖွဲ့ချုပ်ဟာ စောစောက ဆရာတော်ဘုရားများ မိန့်ကြားသွားတဲ့ အတိုင်း လွန်ခဲ့တဲ့ (၅)နှစ်လောက်က စပြီး တည်ထောင်ဆောင်ရွက်ခဲ့တာ တပည့်တော်တို့အနေနဲ့ လျှောက်ထားရရင် ဇဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများရဲ့ ဩဝါဒတော် နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နဲ့ ဤလယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်တို့ရဲ့ ပဓာနနာယကဆရာတော်ဘုရားကြီးရဲ့ အနီးကပ်

http://www.dhammadownload.com



ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့တာ အင်မတန်အောင်မြင်ပြီးတော့ တစ်ပြည်လုံး အနှံ့အပြား တပည့်တော်တို့ ရိပ်သာတွေ ဖွင့်ပြီးတော့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းတွေ ဖွင့်လှစ်နိုင်ခဲ့ပါတယ်ဘုရား။ ဒီအချိန်မှာ တပည့်တော်အနေနဲ့ ဝမ်းမြောက်စကားတင်မကပါဘူးဘုရား။ အင်မတန်မှ ပီတိလဲဖြစ်ရပါတယ်။ ဒါလောက် ဆောင်ရွက် နိုင်တဲ့ အခြေအနေကိုလဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်လို့သာ ဖြစ်နိုင်တယ်လို့ တပည့်တော် ဒီအတိုင်းပဲမြင်ပြီးတော့ ယူဆပြီးတော့ အများကလဲ အားရကျေနပ်သဘောပေါက်ကြပါတယ်ဘုရား။ ဒီနေ့ဆိုရင် ဘုရားတပည့်တော် ကြားသိရတာက ကမ္မဋ္ဌာနာစရိယများရဲ့ ဟောပြော သွန်သင်ပြသမှုဟာ အင်မတန်မှကောင်းလွန်းလို့ဆိုပြီးတော့ သင်တန်း သားများစီက ကြားရပါတယ် ဘုရား။ ဒါကြောင့် ဝမ်းမြောက်ရပါတယ်။ ယခု (၂၁)ရက် သင်တန်းကနေ အောင်ပွဲခံဆင်းသွားကြတဲ့ ဆရာတော် သံဃာတော်များကို စုံစုံညီညီ ဖူးတွေ့ရ၍ အထူးဝမ်းသာမိပါတယ်ဘုရား။

ဒီသင်တန်းမှာ နယ်အသီးသီးက ဆရာတော်ကြီးများကိုယ်တိုင် ကြွရောက်တော်မူကြပြီး ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီး ကိုယ်တိုင်ပဲ ဒီကမ္မဋ္ဌာနာစရိယအဖြစ်နဲ့ ဘယ်လိုလုပ်သင့် လုပ်ထိုက်တယ်ဆိုတာကိုလဲ ကိုယ်တိုင်ဆုံးဖြတ်ပြီး ဆောင်ရွက်တော်မူကြပါ ဘုရား။ မရှင်းမလင်းသော အချက်အလက်များရှိခဲ့ပါလျှင် ဩဝါဒါစရိယဆရာတော်ကြီးများနဲ့ ကမ္မဋ္ဌာနာစရိယ သင်တန်းပြဆရာတော်များ ဆရာများနှင့်ညှိနှိုင်း ဆောင်ရွက်တော်မူကြပါဘုရား။ နယ်အသီးသီးက ဆရာတော်များ ကိုယ်တိုင် ကြွရောက်တော်မူ ကြသည့်အတွက် ပို၍ဝမ်းသာမိပါသည် ဘုရား။ ဘာကြောင့်ဆိုပါလျှင် တရားစခန်းများမှာ လူပုဂ္ဂိုလ်ဦးဆောင် သည်ထက် ဆရာတော်ကြီးများကိုယ်တိုင် ဦးဆောင်ခြင်းက ပို၍ အနှစ်သာရရှိသောကြောင့် ဖြစ်ပါတယ်ဘုရား။ ဆရာတော်ကြီးများရဲ့ စကားတော်များကို ဒကာ၊ ဒကာမများကပင် ကိုယ်ကပင်လျှင် ရိုသေ လေးစားပြီးသား ဖြစ်ပါတယ်ဘုရား။ တပည့်တော်တို့ ပထမအကြိမ်

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယသင်တန်းက အောင်ပွဲနဲ့အတူ ဆင်းတော်မူကြတဲ့ ဆရာတော်များ ထူးမြတ်တဲ့လုံ့လ၊ ကြည်လင်တဲ့ သဒ္ဓါစိတ်တို့ဖြင့် သာသနာတော်အကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်ဘုရား။

သာဓု - သာဓု - သာဓု

***************

http://www.dhammadownload.com



သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊
တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်)
ဗုဒ္ဓဟူးနေ့တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊
တွဲဖက်အကျိုးတော်ဆောင်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊
နာဂလိုဏ်ဂူ ကလေးဝတောရကျောင်း
ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကရေ၊ ဒွိပိဋကကောဝိဒ
ဟောကြားတော်မူအပ်သော

## တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်

ဘုန်းကြီး ယနေ့ တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်ကို ဟောပါ့မယ်။ "ပုပု ရှုရှု ဟူသမျှသည် ချမ်းသာဖို့ချည်း စိတ်အားသည်း၏" ဆိုသလို သတ္တဝါ အားလုံး ချမ်းသာလိုကြပါတယ်။ ချမ်းသာချင်ကြပါတယ်။ ချမ်းသာဖို့ နည်းလမ်းညွှန်ပြနိုင်သည့် ပုဂ္ဂိုလ်လဲရှိပါမှ၊ ချမ်းသာဖို့နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့လည်း ဖြစ်ပါမှ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိနိုင် ကြပါတယ်။

http://www.dhammadownload.com



**စိတ်ရဲ့ကရွတ်ခွေ**

ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးနဲ့ ကရွတ်ခွေမပါတဲ့ ရေအိုး (၂)လုံးကို ကြည့်ပါ။ ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးဟာငြိမ်နေပါတယ်။ ကရွတ်ခွေမပါတဲ့ ရေအိုးကတော့ မငြိမ်ပါဘူး။ အဲဒီလိုပါပဲ။ စိတ်တည်ငြိမ်ရေးအတွက် ကရွတ်ခွေ လိုအပ်ပါတယ်။ ကရွတ်ခွေမရှိတဲ့ စိတ်က မငြိမ်ပါ။ စိတ်မငြိမ်ရင် မငြိမ်းချမ်းနိုင်ပါဘူး။ ကရွတ်ခွေရှိတဲ့စိတ်က ငြိမ်ပါတယ်။ ငြိမ်တော့ ငြိမ်းချမ်းနိုင်ပါတယ်။ အဲဒီစိတ်ရဲ့ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ပါပဲ။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သွားမယ်ဆိုရင် စိတ်ဟာငြိမ်ပြီး ငြိမ်းချမ်းနိုင်ပါတယ်။ စိတ်မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ စိတ်ငြိမ်တယ်ဆိုတာ စိတ်ကို အစိုးရခြင်းပါပဲ။ စိတ်ကို အစိုးရအောင်ကျင့်နည်း၊ နေနည်း၊ ထိုင်နည်းကို လေ့ကျင့်ပျိုးထောင်ပြီး အမြင်မှန်ရဖို့ရန် ဘုရားရှင်က ပေးတော်မူလိုတဲ့ အတွက် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ ယခု အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသ အရှေ့အရပ်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောခဲ့ပါတယ်။ အဲဒီ သုတ္တန်မှာ လူတို့မွေးဖွားလာကထဲက အိပ်ပျော်နေစဉ်မှာပင် မရပ်မနား အသုံးချနေကြတဲ့အတွက် ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်း နည်းဖြင့် စိတ်ကိုအစိုးရအောင် ထိန်းသိမ်းနည်း ဟောတော်မူခဲ့ပါတယ်။ လူ့ဘဝ ဘဝပဒေသာပင်ကြီး ရခိုက် စိတ်ရဲ့တည်ကြည်မှု၊ စိတ်ကိုအစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာဓာတ်အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိပြီး ချမ်းပြီးတော့ ဝိဇ္ဇာဓာတ်အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိပြီး ချမ်းသာထူး ချမ်းသာမြတ် ရရှိလိုက်ကြဖို့ အရေးကြီးပါတယ်။

ဝိဇ္ဇာဓာတ် အလင်းရောင်ဆိုတာ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ပင် ဖြစ်ပါတယ်။ သုသိ ငါသိ ကမ္ဘာသိ အကုက္ကိရိယာဖြင့် သိမှုကို ကျော်လွန်တဲ့အသိပါပဲ။ အဲဒီ ဉာဏ်အမြင်ထူးမရပဲ ဒီဘဝ ဘဝပဒေသာပင်ကြီး အပိုင်းမခံရဖို့ အရေးကြီးလှပါတယ်။

http://www.dhammadownload.com



ဒီလိုစိတ်ကို အစိုးမရ အသိဉာဏ်မရပဲနဲ့ ကြားကာလမှာ အိုဘေးဆိုးကြီးတွေ ပိုင်းသွားတာ။ နာဘေးဆိုးကြီးတွေ ပိုင်းသွားတာ။ သေဘေးဆိုးကြီးတွေ ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုသင့်လှကြပါတယ်။ အရပ်စကားတစ်ခု ရှိပါတယ်။ ဒီလူ ငါ့သွားပိုင်းတာတဲ့။ ပိုင်းသွားတယ်ဆိုတာ ကိုယ်က အရှုံးပေးလိုက်ရတာပါပဲ။ အဲဒီတော့ မိမိတို့ ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။ စိတ်ကို အစိုးရအောင် ပထမဆုံး လေ့ကျင့်ပျိုးထောင်အားထုတ်ရမှာပါ။ ဘာကြောင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင်ရသလဲဆိုတော့ စိတ်ကို အစိုးရပြီး အမြင်မှန်ရဖို့ပါပဲ။ စိတ်ကို အစိုးမရသူအား ထမင်းကျွေးတော့ တစ်လုပ်၊ နှစ်လုပ်စားလိုက် ထသွားလိုက်နဲ့။ ထမင်းတစ်ပန်းကန် ဖြောင့်ဖြောင့်မစားနိုင်ဘူး။ အခြားသူ ထပ်ပြောနိုင်မှ ထပ်စားတယ်။ ထမင်းတစ်ပွဲစားဖို့ကိုပဲ စိတ်ကို အစိုးမရရှာပါဘူး။ အဲဒီလိုကိစ္စမျိုး အစိုးမရပေမဲ့ ကမ္မဋ္ဌာန်းပွားများမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရအောင် ကြိုးစားရပြန်ပါတယ်။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကို အစိုးမရရင် ပြုဖို့ခက်တယ်။ ခြေနဲ့ပြုတဲ့အမှု ခြေကိုအစိုးမရရင် ပြုဖို့ခက်တယ်။ စိတ်နဲ့ပြုရတဲ့အမှု စိတ်ကို အစိုးမရရင် အင်မတန် ခက်လှပါတယ်။ ယခုလုပ်ငန်းက စိတ်နဲ့ပြုရမဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုအစိုးရဖို့ ဦးစွာပြုလုပ်ရပါတယ်။ ထွက်လေဝင်လေကို နှာသီးဖျားမှ တိုးထွက်ခိုက် တိုးဝင်ခိုက် သတိမပြတ် ရှုမှတ်ခြင်း စသည်ဖြင့် စိတ်ကို အစိုးရတာမဟုတ်ပဲ ပကတိအားဖြင့် တို့က စိတ်ကိုအစိုးရတယ်လို့ ပြောနေကြတာလဲ တကယ်အစိုးရတာ မဟုတ်သေးပါဘူး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဣန္ဒြိယသံဝရသီလနဲ့ ထိန်းနိုင်သူတွေဟာ အစိုးရမှုရကြတယ်။ မက်မောမှု၊ နှလုံးမသာယာမှုတွေ မဝင်နိုင်အောင် ထိန်းနိုင်ကြပါတယ်။ သို့သော် မခိုင်ခံ့သေးပါဘူး။ "တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့အတိုင်း ထွက်လေ ဝင်လေကို ရှုမှတ်ပွားများခြင်း အစရှိတဲ့ တရား

http://www.dhammadownload.com



အခြေခံပြီးတော့ ရရှိတဲ့စိတ်ရဲ့ တည်ကြည်မှု သမာဓိရလို့ စိတ်ကို အစိုးရမှု ကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။ အဲဒီကတစ်ဆင့် စိတ်ကို အစိုးရမှု အားကောင်းလာတော့ ဈာန်သမာပတ် အဆင့်ဆင့်ရရှိပြီး စိတ်ကို အစိုးရမှုမြင့်မားလာတော့ အသိဉာဏ်ဆိုတာ ရရှိတယ်။ အသိဉာဏ်ဆိုတာ လက်ရောက်ရပြီဆိုရင်တော့ စိတ်ကိုအစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီလို့ ဆိုနိုင်ပတယ်။ အဲဒီလို စိတ်ကို အစိုးရအောင် လေ့ကျင့်ပျိုးထောင်ရန်နည်းလမ်းမှာ-

(၁) အေးဆေးငြိမ်သက်တဲ့နေရာမှာ နေထိုင်ပါ။

(၂) သရဏဂုံယူပါ။

(၃) သီလဆောက်တည်ပါ။

(၄) မေတ္တာပွားပါ။

(၅) အမျှဝေ အမျှယူပါ။

အဲဒီလို ရှေးဦးပြုဖွယ်တွေထဲက နေရာမှန်မှန်ရယူထားဖို့က အရေးကြီးပါတယ်။ အိမ်ရာမြေကြံအတတ်ကို တတ်သိနားလည်သော ဆရာကြီးကဲ့သို့သော် မြတ်ဘုရားသည် နေရာ(၃)နေရာ ကြိုက်ရာရွေးပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

(၁) တောတောင်စခန်း၊

(၂) သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်၊

(၃) နန်း၊ အိမ်၊ ဗိမာန်၊ အိမ်၊ ကျောင်း၊ ဆိတ်ငြိမ်ရာအရပ်တို့ ပါပဲ။

မဟာသုဒဿနမင်းကြီး ဓမ္မပါသာဒတရား ပြဿဒ်ပေါ်မှာတင် တရားအားထုတ်ပြီး လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဈာန်ရသည့်တိုင်အောင်ပါပဲ။ ရာဇဂြိုဟ်ဘုရင်က ရွှေပေလွှာပေါ် ထွက်လေ ဝင်လေ ရှုမှတ်ပွားပုံ၊ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ကျင့်ပျိုးထောင်ပုံ အစီအစဉ်ရေးပြီး ပေးပို့လိုက်တော့ ပက္ကုသာတိမင်းဟာ နန်းအိမ်၊ ဘုံနန်းပေါ်မှာပဲ လေ့ကျင့်ပျိုးထောင် တရားအားထုတ်လိုက်တာ စတုတ္ထဈာန်အထိ ရရှိခဲ့ပါတယ်။

http://www.dhammadownload.com



## လေ့ကျင့်ပျိုးထောင် အားထုတ်နည်း

လွန်စွာအကျိုးများသည့် မိမိတို့သန္တာန်၌ အဖန်ဖန် ဖြစ်စေထိုက်သော တရားသည် ဘာဝနာမည်ပါတယ်။ မြတ်စွာဘုရားက လောကီကုသိုလ်ကြိယာ၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်သည် စွမ်းအားရှိပါတယ်။ အဲဒီစွမ်းအားကို ယူလိုက်နိုင်က မကောင်းစိတ်အညစ်အကြေးတွေကို ဖယ်ထုတ်နိုင်ပါတယ်။ မဟာကုသိုလ် မဟာကြိယာ၌ယှဉ်သော ဉာဏ်စိတ်စွမ်းအားကို ရယူနိုင်ပါက ဘုံသုံးပါးရှိ ရုပ်နာမ်တရားတွေကို မမြဲဆင်းရဲ အစိုးမရပုံ သိမြင်နိုင်ပါတယ်။ ထို့ကြောင့် ထွက်လေဝင်လေ ရှုမှတ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကို အစိုးရအောင်၊ သမာဓိရအောင် အားထုတ်တဲ့နည်းကို (၃၂)ပါးသော အခြင်းအရာနဲ့ ပြတော်မူခဲ့ပါတယ်။ အဲဒီနည်းတွေထဲက အနည်းငယ် ထုတ်ဟောပါ့မယ်။ နှာသီးဝ၌ ဖြစ်ပေါ်နေသော ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကိုခိုင်မြဲအောင် ချည်ထားပါ။ သတိမပြတ် ရှုမှတ်ပါ။ အဲဒီလိုနည်းနဲ့ စိတ်ကိုအစိုးရအောင် ငြိမ်သက်အောင် အားထုတ်လေ့ကျင့်တဲ့အခါ ယခင်က မိမိရဲ့စိတ်ကို အကဲခတ်ကြည့်ရင် စိတ်ဆိုးစိတ်သွမ်း စိတ်သရမ်းဖြစ်ပုံ စိတ်မိုက် စိတ်တေလေ စိတ်လေဗွေဖြစ်ပုံကို တွေ့ရပါမယ်။ ယခုနဲ့မတူပါ။ နွားဆိုး နွားကြမ်း ဆုံးမသလို စိတ်ဆိုး စိတ်မိုက်ဆိုတဲ့ နွားဆိုး နွားကြမ်းကို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်တုပ်ထားပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ပါ။ သတိမပြတ် ရှုမှတ်ပါ။

အဲဒီလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်တုပ်ထားတဲ့ စိတ်ကလေးဟာ နွားမိုက်လိုပဲ။ ကြုံဖူးတဲ့အာရုံများစွာဆီ ပြေးသွားဖို့ ရုန်းကန်လိုက်၊ ခုန်ပေါက်လိုက် လုပ်ပေမဲ့ ရုန်းမရ၊ ကန်မရဖြစ်လာပြီး နွားလေးမောပြီး ငြိမ်ငြိမ်သက်သက် ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ စိတ်ကလေး ငြိမသ်က်လာပါလိမ့်မယ်။ ငါးမိနစ်မှာ အကြိမ်ပေါင်း (၁၀၀)ခန့်လောက် ထုတ်မှုတ်ရှုရှိုက်ပြီး ထွက်လေ

http://www.dhammadownload.com



ဝင်လေကို လူတိုင်း အသုံးချနေပါတယ်။ တစ်နာရီဆိုလျှင် အကြိမ် (၁၀၀၀)လောက် ထုတ်ကြ မှုတ်ကြ ရှူကြ ရှိုက်ကြတယ်။ နှာသီးဖျားမှာ ထွက်လေ ထိုးထွက်နေတဲ့အချိန်၊ ထုတ်မှုတ်နေတဲ့အချိန်၊ တစ်ဖန် ရှူလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန် တံခါးဝက သတိနဲ့စောင့်ပြီး ရှုမှတ်နေရမှာပါ။ အဲဒီလို ရှုမှတ်ရင်း စိတ်ကလေးဟာ နွားလေးမောပြီး ငြိမ်သက်ပြီး တိုင်ခြေမှာ ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်ခြေမှာ ငြိမ်နေပြီ၊ တည်ကြည်နေပြီ၊ သမာဓိရလာပြီ၊ စိတ်အစိုးတရ ရှိလာပြီ။ အဲဒီလိုဆိုရင် ပထမဦးစွာ လေ့ကျင့်ပျိုးထောင်မှု အောင်မြင်ပြီ။ တစ်ဆင့်တက်ပြီး လေ့ကျင့်ပျိုးထောင်ဖို့ နည်းလမ်းက ထွက်လေ ဝင်လေ ထုတ်မှုတ် ရှူရှိုက်မှုတို့ရဲ့ လမ်းကြောအရှည်အတိုကို ရှုမှတ်ရမှာပါ။

နောက်တစ်ဆင့် ရှုမှတ်တဲ့နည်းက ဝင်လေရဲ့အစ ခရီးစဉ်က နှာသီးဖျား၊ အလယ်စခန်းက ရင်ဘတ်၊ ခရီးအဆုံး ဘူတာက ချက်တိုင်။ ထွက်လေရဲ့အစ ခရီးစဉ်က ချက်တိုင်၊ အလယ်ခရီးစဉ်က ရင်ဘတ်၊ ခရီးဆုံးဘူတာက နှာသီးဖျားပါပဲ။ အဲဒီလို ထွက်လေ ဝင်လေတို့ရဲ့ အစ, အလယ်, အဆုံး ခရီးစဉ်ကို ရှုမှတ်ရပါတယ်။

နောက်တစ်ဆင့်ကတော့ ထွက်လေ ဝင်လေတို့ရဲ့ ငြင်ငြင်သာသာ ရှူရှိုက်ထုတ်မှုတ်နေပုံကို ဆင်ခြင်ရှုမှတ်ရမှာပါ။ ဒီလေးနည်းလောက်နဲ့ လေ့ကျင့်ပျိုးထောင်နိုင်မယ်ဆိုရင် စိတ်ကို အစိုးရနိုင်ပြီ။ စိတ်တည်ငြိမ်နိုင်ပါပြီ။ စိတ်ငြိမ်တာနဲ့ အချို့မကောင်းဆိုးဝါး အညစ်အကြေးတွေ ပျောက်ကင်းသွားနိုင်ပါတယ်။

## ချမ်းသာထူး ချမ်းသာမြတ်

အဲဒီလိုနဲ့ စိတ်ကိုအစိုးရအောင် တည်ကြည်ငြိမ်သက်အောင် လေ့ကျင့်ပျိုးထောင်ပြီးတဲ့အခါ နှာသီးဖျား နှာခေါင်းဖုနဲ့ ထွက်လေ ဝင်လေတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ကို ရှုကြည့်လိုက်စမ်းပါ။ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်ပုံကို ဉာဏ်ဖြင့်

http://www.dhammadownload.com



ရှုကြည့်ပါ။ တွေ့မြင်ပါလိမ့်မယ်။ တွန်းကန်လှုပ်ရှားနေတဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောရုပ်ရဲ့ဖြစ်ပုံ ပျက်ပုံကိုလဲ ရှုကြည့်ပါ။ အဲဒီ ထိသိစိတ်နဲ့ ဝါယောရုပ်တို့ သူ၊ ငါ၊ လူ၊ နနတ်၊ အသက်၊ ဝိညာဉ် မဟုတ်တာ သဘောပေါက်လာပါလိမ့်မယ်။ ဒီနည်းက ရုပ်နာမ်အမျှားစုကြီးထဲမှ ဝါယောဓာတ်တစ်လုံး အသုံးချရှုပွားပုံပါပဲ။ "ပရမတ်မမြင် တရားမမြင်"၊ "ပရမတ်မြင်မှ တရားမြင်"၊ "ပရမတ်မဝ တရားမရ"၊ "ပရမတ်ဝမှ တရားရ" သည် ဆိုသည့်အတိုင်း အရိပ်အမြွက်လေးမျှ အခုဝါယော လေရုပ်နဲ့ ထိသိစိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ သူ-ငါ မရှိပုံတွေကို ပြသခဲ့ပါ တယ်။ အခြားရုပ်နာမ်တွေကိုလဲ ဒီအတိုင်း ရှုမြင်ရမှာပါ။ ဒီနည်းနဲ့ လောကတစ်ခွင်မှာ အစွဲအလမ်းတွေ လျော့နည်းပြီး စိတ်ရဲ့ ငြိမ်းချမ်းမှု၊ စိတ်ရဲ့အေးမြချမ်းသာမှု မုချရကြပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒီသတိပဋ္ဌာန်တရား အားထုတ်လေ့ကျင့်ပျိုးထောင်နည်း အတိုင်း (၇)ရက်မျှ အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းတော်မူခဲ့ပါတယ်။ ဒီလို နည်းအတိုင်း တရားအားထုတ် လေ့ကျင့်ပျိုးထောင်သူတို့အတွက် ဗုဒ္ဓဘုရားက တာဝန်ယူထားတဲ့ ကြေငြာချက်တွေက (၇)မျိုးပါ။

* စိတ်စင်ကြယ်နိုင်ပါလိမ့်မည်။
* စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတွေကို လွန်မြောက်နိုင်လိမ့်မည်။
* ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ပျောက်ပါလိမ့်မည်။
* ကိလေသာ အပူဓာတ်တွေ ပြတ်စေနိုင်တဲ့ မဂ်ဉာဏ်ရပါလိမ့်မည်။
* (၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၉၆)ဖြာသော အနာရောဂါ၊ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတွေ ငြိမ်းရာနိဗ္ဗာန် ရောက်ရပါလိမ့်မယ်။

http://www.dhammadownload.com



ထပ်မံပြီး ဘုရားရှင်က ထွက်လေ ဝင်လေကို သတိမပြတ် ရှုမှတ် ပွားများနေပါလျှင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။ သတိပဋ္ဌာန်လေးပါး ကြိမ်ဖန်များစွာ ပွားများရာရောက်တော့ ဗောဇ္ဈင် (၇)ပါး ပွားများပြီးသား ဖြစ်တယ်။ ဗောဇ္ဈင် (၇)ပါး ကြိမ်ဖန်များစွာ ပွားများလိုက်တော့ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ် (၄)ပါး ပြီးပြည့်စုံစေနိုင်တယ်ဆိုတဲ့ ဟောကြားချက်ကလဲ အားတက်ဖွယ်ဖြစ်ပါတယ်. ။

ထို့ပြင် ဘုရားရှင်က ထွက်လေ ဝင်လေကို ရှုမှတ်တဲ့သတိကြောင့် ရရှိတဲ့စိတ်ကို အစိုးရမူ စိတ်ရဲ့တည်ကြည်မှုဟာ ငြိမ်သက်တယ်။ မွန်မြတ်တယ်။ ချမ်းသာတစ်ခု ဖြည့်စွက်စရာ မလိုဘူး။ မကောင်းမှု အဆိုးဟူသမျှ ခဏချင်း ပပျောက်စေနိုင်ပါတယ်လို့ ဘုရားရှင်က ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ ဟောကြားချက်များဟာ အားရစရာ ကောင်းလှပါတယ်။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒ သတိမမေ့ကြနဲ့ဆိုတဲ့ ဘုရားရှင်၏ဩဝါဒတော်ကို ဦးထိပ်ရွက်ဆင် ပန်ဆင်လျှက် တစ်ရက်လျှင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေ ဝင်လေထုတ်မှု ရှူရှိုက်နေမှုကို သတိမပြတ် ရှုမှတ်လေ့ကျင့်ပျိုးထောင်နိုင်ကြပြီး အိုမှု၊ နာမှု၊ သေမှု စသော လူ့ဘဝ ပြဿနာပေါင်း (၁၆၀၀၀)တို့ကို ဖြေရှင်းနိုင်ကြပါစေ။ ဘုရားရှင်၏ နည်းကောင်း လမ်းကောင်းဖြင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ တန်ချိန်ဖွဲ့လို့ မရနိုင်တဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုး ဘဝဇာတ်ငြိမ်းရာ ချမ်းသာထူး ချမ်းသာမြတ်ကို ရှာဖွေရရှိနိုင်ကြပါစေကုန်သတည်း။

********************

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

သဗ္ဗံ ရသံ ဓမ္မရသော ဇိနာတိ။

အမတံ ဒဒေါ စ သော ဟောတိ

ယော ဓမ္မံ အနုသာသတိ။

တရားအလှူ ပေးလှူသူသည်

အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏။

ရန်ကုန်မြို့

နာဂလှိုဏ်ဂူဘုရားကုန်းမြေ

ကလေးဝတောရ စာသင်တိုက်နှင့် နာဂလှိုဏ်ဂူ

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်ပုဒ်

**စာကြိုးစား**

**စကားနားထောင်**

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်**
**အဂ္ဂမဟာပဏ္ဍိတ ဓာဂရာဘိဝံသမထေရ်၏ ထွက်ရှိပြီး ကျမ်းမြတ်များ**

၁။ လယ်တီဝိပဿနာ အမှတ် (၁) ------ ၂၀၀၂ခုနှစ်၊ စက်တင်ဘာလ

၂။ လယ်တီဝိပဿနာ အမှတ် (၂) ------ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ

၃။ လယ်တီဝိပဿနာ အမှတ် (၃) ------ ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ

http://www.dhammadownload.com

# လမင်းပုံနှယ် ဂုဏ်ဖြိုးကြွယ်စေ

စန္ဒူပမာ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ သံယုတ္တနိကာယ်ကျမ်းဝယ်- အလာ ဟောမိန့်မှာတိုင်း မဆိုင်းရှုမျှော် လမင်းပေါ်ထွက် လဆန်းပက်၌ ဖြိုးလျှက်တိုးတက် လင်းရောင်ထွက်ဖြာ ပုံပမာသို့ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဝေသီ မြတ်ယောဂီသည်

(၁) ကျင့် 'သီ' သွယ်သွယ် ဝတ်ကြီးငယ်နှင့် သင်ဖွယ်ပါဠိ အထူးသိရာ သတိပဋ္ဌာန် ခြောက်တန်ဣန္ဒြေ ငြိမ်းစေစားရာ နိုးကြားရာ၌ ကောင်းစွာ စိတ်ထား လွန်တိုးပွား၏။

(၂) လ၏ဝယ်ရာ ကြယ်တာရာပေါင်း ခညောင်းအထူး လွန်ကြီးမှူးသို့ ထူးကဲနှစ်ခြိုက် အားအင်စိုက်လျက်၊

(၃) ညည့်၌လှည့်လည် လမင်းနှယ်သို့ သုံးသွယ်ဆိတ်ငြိမ် ပူမရှိန်တည့်၊

(၄) လအိမ်မိမာန် တံခွန်ဖန်သို့ တံခွန်သီလ လွှင့်ထူမှလျှင်၊

(၅) တောင့်တတောင်းပန် ဆန္ဒမှန်ကြောင့် အလျှံရောင်ဖြာ လမင်းသာသို့ ဒကာတောင့်တ ပင့်ခေါ်မှလျှင် အိမ်သို့ဝင်လျှက်၊ ငါးအင် လ နှယ် ဂုဏ်ဖြိုးကြွယ် တင့်တယ်ရောင်ဝါ လင်းစေသော်။

(မိလိန္ဒပဉှာ)